ရွှေဘိုမြို့

ပခန်းကျောင်းတိုက်၊ ပဓာန နာယက

နိုင်ငံတော်သံဃမဟာနာယက (အဖွဲ့ဝင်)

## ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ သာသနဓဇဓမ္မာစရိယ

ဒီဃနိကာယပါဠိပါရဂူအရှင်မြတ်

စီစဉ်ရေးသားသော

# အမျိုးသားဆိုင်ရာ ဓမ္မပဒဝတ္ထုများ

(ဒုတိယတွဲ)




(သာသနာ ၂၅၄၉၊ ကောဇာ ၁၃၆၇၊ ခရစ် ၂၀၀၆ခုနှစ်)

ရွှေဘိုမြို့

ပုခန်းကျောင်းတိုက်၊ ပဓာန နာယက

နိုင်ငံတော်သံဃမဟာနာယက (အဖွဲ့ဝင်)

**ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ**

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ သာသနဓဇဓမ္မာစရိယ

ဒီဃနိကာယပါဠိပါရဂူအရှင်မြတ်

စီစဉ်ရေးသားအပ်သော

# အမျိုးသားဆိုင်ရာ ဓမ္မပဒ ဝတ္ထုများ
# ဒုတိယတွဲ

( သာသနာ ၂၅၄၉။ ကောဇာ ၁၃၆၇၊ ခရစ် ၂၀၀၆ ခုနှစ် )

ဒုတိယအကြိမ်

အုပ်ရေ ၁၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဦးစီးဌာနအတွက်
ဦးရဲမြင့် (မြ-၀၆၁၀၃) "ချမ်းသာ" ရောင်စုံပုံနှိပ်တိုက်၊
အမှတ် ၅၃/၆၊ ၅၅-လမ်း၊ ပုဇွန်တောင်မြို့နယ်တွင် ရိုက်နှိပ်၍
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း၊
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က ထုတ်ဝေသည်။

# ဤကျမ်းစာရိုက်နှိပ်ရာတွင် ပါဝင်သော ကုသိုလ်ရှင်များ

၁။ ဗိုလ်မှူးကြီးစိုးမြင့် (ငြိမ်း) ဒေါ်ချိုချိုဆန်းမိသားစု ရန်ကုန်။

၂။ ဗိုလ်မှူးကြီးမင်းစိန် (ငြိမ်း) ဒေါ်ကြည်ကြည်ဝင်း
သား သူရမောင်၊ သမီး မင်းမင်းသူဇာဝင်း၊ ရန်ကုန်။

၃။ ဗိုလ်မှူးချုပ်သန်းဌေး + ဒေါ်စိုးဝတ်ရည်၊ ဒုတိယဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်။

၄။ စိုးစပါယ်မိသားစု၊ ၃၅၊ ၁၂၆၀၊ ကျောင်းလမ်း၊ မြောက်ဒဂုံ၊ ရန်ကုန်။

၅။ ဦးကြည်ဝင်း + ဒေါ်သန္တာစိုး၊ ရန်ကုန်။

၆။ ဦးယု + ဒေါ်ညိမ်းမိသားစု၊ ၃၀၄၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။

၇။ ဒေါက်တာမြင့်စိုး + ဒေါက်တာမြမြစိုး၊ သား မောင်အောင်ခန့်၊ မောင်ဇော်ရှင်း
၅၂ (က)၊ မြိုင်ဟေဝန်အိမ်ရာ၊ (၈) မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။

၈။ မိခင်ကြီး ဒေါ်ရီရီအား အမှူးထား၍ နတ်သုဒ္ဓါမိသားစု
အမှတ်-၁၃၁၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်း၊ ရန်ကုန်။

၉။ ဒေါ်ညွန့်ညွန့်ဆွေ၊ ဒေါ်ကြည်ကြည်မွန် အမှတ် - ၈၉၊ (၃) လွှာ၊ ၅၂-လမ်း၊ ရန်ကုန်။

၁၀။ ဦးအုန်းခိုင် + ဒေါ်စုစုမေ၊ သား ခိုင်ခန့်လင်း၊ ညီသန့်ထွန်းမိသားစု၊ ရန်ကုန်။

၁၁။ မောင်စိန်ရွှေ + မမော်စီ၊ သား အောင်ချစ်စိန်၊ မောင်ဗမာအီလက်ထရောနစ်ပြုပြင်ရေးနှင့်
လျှပ်စစ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး၊ မင်္ဂလာဒုံဈေး၊ ရန်ကုန်။

၁၂။ ပါမောက္ခ ဒေါက်တာမြင့်မောင်မောင် + ဇနီး ဒေါက်တာခင်ဆွေတင်
သမီးများ ပပစန္ဒီ၊ ရူပကလျာ၊ ရန်ကုန်။

၁၃။ ဦးမျိုးတင့် + ဒေါ်ဝင်းဝင်းဆွေ
သားများ ခိုင်ဇေယျာမျိုးဆွေ၊ လှိုင်နေဇာမျိုးဆွေ၊ ခိုင်ရာဇာမျိုးဆွေ
အမှတ် - ၂၇၊ မဥ္ဇူလမ်းသွယ် (၂)၊ ပါရမီရိပ်သာ၊ ရန်ကုန်။

# ဓမ္မပဒအဋ္ဌကထာ ဒုတိယတွဲ
# အမျိုးသားဆိုင်ရာ ဝတ္ထုများ
# မာတိကာ

## ၉။ ပါပဝဂ်


၁။ စူဠေကသာဋကဗြာဟ္မဏ ဝတ္ထု
အပေါ်ရုံအဝတ်တစ်ထည်ရှိ ပုဏ္ဏားဧ်အကြောင်း
ပေးလှူလိုမှု သဒ္ဓါတရားနှင့် တွန့်တိုမှု မစ္ဆရိယ-တစ်ပြန်စီဖြစ်
ညဉ့်သုံးယံတွင် နောက်ဆုံးယံမှ လှူနိုင်သဖြင့် အကျိုးပေးနည်းရခြင်း
သဗ္ဗစတုက္ကဆု-ပစ္စည်းအမျိုးအမည်တစ်ရာတွင် တစ်မျိုးမျိုးလျှင် လေးခု လေးခုစီ
ရအပ်သောဆု၊ လှူဒါန်းလိုသော စိတ်ဖြစ်လာလျှင် အချိန်မဆွဲဘဲ
လှူဒါန်းရမည်၊ အချိန်ဆွဲနေလျှင် လှူဒါန်းမှု ပျက်သွားတတ်သည်။
၂။ သေယျသကတ္ထေရ ဝတ္ထု
သေယျသကထေရ်အကြောင်း
ယုတ်မာမှုသည် ယခုဘဝနှင့် နောက်ဘဝ နှစ်ခုလုံးမှာ ဒုက္ခဖြစ်စေသည်။
၃။ အနာထပိဏ္ဍိကသေဋ္ဌိ ဝတ္ထု
အနာထပိဏ်သူဌေးအကြောင်း
အတုယူထိုက်သော သူဌေးကြီး၏ စိတ်ထား
မကောင်းကြံစည်တိုက်တွန်းသူ မကောင်းကျိုး လက်ငင်းရ
နတ်ကိုလူက နှင်ထုတ်
ဘုရား၊ တရား၊ သံဃာနှင့် ဆက်စပ်၍ ကုန်ကျသမျှပြန်ရ။
၄။ အသညတ ပရိက္ခာရဘိက္ခု ဝတ္ထု ၁၁
ပစ္စည်းအသုံးအဆောင်ကို မထိန်းသိမ်း မစောင့်ရှောက်သော ရဟန်းအကြောင်း
အသေးအဖွဲပင်ဖြစ်သော်လည်း မကောင်းမှုကို အထင်မသေးသင့်
၅။ ဗိဠာလပါဒကသေဋ္ဌိ ဝတ္ထု ၁၃
ကြောင်ခြေရာမျှရှိ လှူဖွယ်ကို လှူသော သူဌေးအကြောင်း
ဘောဂသမ္ပဒါ ကိုသာရ၍ ပရိဝါရသမ္ပဒါကို မရသောအမှု
ပရိဝါရသမ္ပဒါကို သာရ၍ ဘောဂသမ္ပဒါကို မရသောအမှု
ဘောဂသမ္ပဒါကိုလည်းမရ ပရိဝါရသမ္ပဒါကိုလည်း မရသောအမှု
ဘောဂသမ္ပဒါကိုလည်းရ ပရိဝါရသမ္ပဒါကိုလည်း ရသောအမှု
ရေဖြည့်ခံအိုးကြီးပမာ ဖြည့်ဖန်များက ကောင်းမှုပြည့်

၆။ မဟာခနေ ဝါဏိဇ္ဇ ဝတ္ထု ၁၆
ကုန်သည်သူဌေးကြီးအကြောင်း
ဘဝသုံးပါးတို့သည် ခိုးသူဓားပြတို့ ထကြွသောင်းကြမ်းနေရာ လမ်းခရီးနှင့်တူကုန်၏။
၇။ ကုက္ကုဋမိတ္တ နေသာဒ ဝတ္ထု ၁၉
သားကောင်လိုက်ခွေးရှိသော မုဆိုးအကြောင်း
စေတီတော်ကို ပြုစုစောင့်ရှောက်ရခြင်းအကျိုး
သောတာပန်အမျိုးသမီးနှင့် မုဆိုးအမျိုးသား
စိတ်တူကိုယ်တူ ကုသိုလ်ယူ ကြည်ဖြူပေါင်းဆုံကြ
ဖခင်ရင်းစစ် ဘုရားဖြစ်
၈။ ကောကသုနခလုဒ္ဒက ဝတ္ထု ၂၆
ကောကအမည်ရှိသော ခွေးမုဆိုးအကြောင်း
မပြစ်မှားသင့်သူ၊ ပြစ်မှားမူ၊ ထိုသူ သေဘေးတွေ့
လေညာလွင့်ထူ၊ ထိုသည့်မြူ လွင့်သူထံပြန်လာဖွေ့
၉။ မဏိကာရကုလူ ပကတိဿတ္ထေရ ဝတ္ထု ၂၉
ပတ္တမြားထွင်းသမား၏ အိမ်သို့ကပ်တတ်သော တိဿထေရ်အကြောင်း
တကယ့်ပုဂ္ဂိုလ် ပြစ်မှားမိက တောင်းပန်သော်လည်း ပြစ်ဒဏ်မလွတ်
ဆွမ်းခံကြွသော်၊ ထိုင်ကိုယ်တော်၊ ရှုမြော်သင်ခန်းစာ
၁၀။ တယောဇန ဝတ္ထု ၃၂
သတ္တဝါသုံးမျိုးအကြောင်း
ရှေးကဝဋ်ကြွေး ပြေးမလွတ်
ကောင်းကင်ပေါ်တက်၊ ရေနက်ဆင်းအောင်း၊ တောင်ခေါင်းဝင်လျှိုး၊
မကောင်းကျိုး တွေ့ရိုးဓမ္မတာ၊
၁၁။ သုပ္ပဗုဒ္ဓသကျ ဝတ္ထု ၃၇
သုပ္ပဗုဒ္ဓသာကီဝင်အကြောင်း
ဘုရားယောက္ခမ မြေမျိုခံရ

## ၁၀။ ဒဏ္ဍဝဂ်

၁၂။ ဆဗ္ဗဂ္ဂိယဘိက္ခု ဝတ္ထု ၄၀
ရဟန်းခြောက်ပါးအစုအကြောင်း
ကိုယ့်ကိုယ်အရင်း၊ စာနာသွင်း၊ မညှင်းဆဲကြရာ
၁၃။ ဆဗ္ဗဂ္ဂိယ ဘိက္ခု ဝတ္ထု ၄၂
ခြောက်ပါးအစုရှိသော ရဟန်းတို့အကြောင်း
ကိုယ့်ကိုအဟုတ်၊ ပမာထုတ်၊ ရိုက်ပုတ်မပြုရာ၊

၁၄။ သမ္ဗဟုလ ကုမာရက ဝတ္ထု ၄၃
သူငယ်များစွာတို့အကြောင်း
ကိုယ့်ချမ်းသာစွဲ၊ သူ့ညှင်းဆဲ၊ ကိုယ်လည်းဆင်းရဲမှာ
ကိုယ့်ချမ်းသာစွဲ၊ သူ့လည်းတွဲ၊ ကိုယ်လည်းချမ်းသာမှာ
၁၅။ ကောဏ္ဍဓာနထေရ ဝတ္ထု ၄၄
ကောဏ္ဍဓာနထေရ်အကြောင်း
အတုံးတည်ရာ၊ ထိုသူမှာ၊ ရှေးခါဝဋ်ကြွေးပ
မိန်းမရိပ်က၊ သူနောက်မှ၊ တကွ လိုက်၍ပြ
အဝီစိငရဲ၊ ကျခဲ့လည်း၊ လိုက်ဆဲဝဋ်ဘေးက
ဗုဒ္ဓေါဝါဒ၊ လိုက်နာပြ ဒုက္ခငြိမ်းရာရ၊
စာရေးတံမဲ၊ ဦးစွာပဲ၊ မလွဲခံယူရ။
၁၆။ အဇာတရပေတ ဝတ္ထု ၅၀
စပါးကြီးမြွေပြိတ္တာအကြောင်း
ဆိုးသူလူမိုက်၊ တွေ့မြင်ခိုက်၊ သွယ်ဝိုက်မပြောနဲ့
၁၇။ မဟာမောဂ္ဂလာနထေရ ဝတ္ထု ၅၄
မဟာမောဂ္ဂလာန်ထေရ်အကြောင်း
မိန်းမပြောသမျှ၊ ယုံမိက၊ မိဘကိုပင် သတ်လိုက်ပြီ။
ဝဋ်ဒုက္ခမျိုး၊ မကောင်းကျိုး၊ တန်ခိုးမကယ်ပြီ။
၁၈။ ဗဟုဘဏ္ဍိကဘိက္ခု ဝတ္ထု ၆၀
ပစ္စည်းပေါပြွမ်း ရဟန်းအကြောင်း
ဘုရားရှေ့ကြုံ၊ လူလည်ပုံ၊ ကိုယ်ရုံချွတ်၍ပြ။
ဒေဝသုက္က၊ ထိုဓမ္မ၊ သိကြကျင့်ကုန်ကြ။
၁၉။ သန္တတိမဟာမတ္တ ဝတ္ထု ၆၆
သန္တတိအမတ်ကြီးအကြောင်း
ကောင်းမှုပြုရန်၊ တိုက်တွန်းသံ၊ နိဗ္ဗာန်ဆော်အစစ်။
နိဗ္ဗာန်ဆော်သံ၊ စစ်ခဲ့မှန်၊ နိဗ္ဗာန်ရောက်ကြောင်းစစ်။
၂၀။ ပိလောတိက တိဿတ္ထေရ ဝတ္ထု ၇၁
ပုဆိုးနွမ်းဝတ်ခဲ့သော တိဿထေရ်အကြောင်း
မကောင်းသော်လည်း၊ စိတ်ကစွဲ၊ ဖြိုခွဲခက်လှသည်၊
ဖြိုခွဲနိုင်က၊ ဤဘဝ၊ သုခတွေ့ရမည်

၂၁။ သုခသာမဏေရ ဝတ္ထု ၃၄
သုခသာမဏေအကြောင်း
ဆင်းရဲခံ၍ ရသောဆွမ်းကို လျှုဒါန်းနိုင်ခြင်း
သမ္ဗဒါလေးပါး
သမ္ဗဒါလေးပါးနှင့် ပြည့်စုံလျှင် နေ့ချင်းသူဌေးဖြစ်
အန္တတ္တသညာ

## ၁၁။ ဇရာဝဂ်

၂၂။ သမ္ဗဟုလ အဓိမာနိကဘိက္ခု ဝတ္ထု ၈၅
မိမိတို့ကိုယ်ကို ရဟန္တာဖြစ်ပြီဟု ထင်မှတ်ကြသော ရဟန်းများအကြောင်း
ကိလေသာဖြစ်မလာ၍ ရဟန်းကိစ္စပြီးပြီဟု ထင်မှတ်နေကြသည်
ကိလေသာဖြစ်စရာ အာရုံနှင့်တွေ့တော့ မဟုတ်မှန်းသိ
၂၃။ လာဠုဒါယိတ္ထေရ ဝတ္ထု ၈၇
လာဠုဒါယီထေရ်အကြောင်း
ဟောသင့်ရာတခြား ဟောတာတခြား
လွန်လွန်းအောင်ညံ့လှသည်။
ဝမ်းဗိုက်ကား နွားလားနှင့် တူသူ
၂၄။ ဥဒါန ဝတ္ထု ၉၀
ဥဒါန်းကျူးရင့်သော ဂါထာအကြောင်း
၂၅။ မဟာဓနသေဋ္ဌိပုတ္တ ဝတ္ထု ၉၃
ပစ္စည်းရှိသူဌေးကြီး၏သားအကြောင်း
မည်မျှပင် ချမ်းသာစေကာမူ အသုံးမတတ်တော့ သူတောင်းစားဖြစ်ရ

## ၁၂။ အတ္တဝဂ်

၂၆။ ဗောဓိရာဇကုမာရ ဝတ္ထု ၉၇
သတို့သား ဗောဓိမင်းအကြောင်း
ယုတ်မာကြမ်းတမ်းသော စိတ်ထား
သားသမီးမရသူများ သတိပြုဖွယ်
ကိုယ့်အတတ်ပညာဖြင့် ကိုယ့်သေဘေးကို ကာကွယ်
၂၇။ ဥပနန္ဒသကျ ပုတ္တထေရ ဝတ္ထု ၁၀၂
သာကီဝင်မင်းသား ဥပနန္ဒထေရ်အကြောင်း
အလိုကြီးသောရဟန်း
အလည်သားကို ဆရာစားယူခဲ့

၂၈။ ပဓာနိကတိဿထေရ ဝတ္ထု ၁၀၅
ကမ္မဋ္ဌာန်းအားထုတ်သည်ဆိုသော တိဿထေရ်အကြောင်း
ဆရာဟန်ဆောင်သူ လိမ်ညာမှုပေါ်
မိဘနှင့် မကြီးခဲ့ရသော ကြက်ပမာ
၂၉။ မဟာကာလဥပါသကာ ဝတ္ထု ၁၀၇
သောတာပန်ဥပါသကာ မဟာကာလအကြောင်း
ပစ္စုပ္ပန်ကောင်းသော်လည်း အတိတ်မကောင်းသဖြင့် မကောင်းခံရ
၃၀။ ဒေဝဒတ္တ ဝတ္ထု ၁၁၀
ဒေဝဒတ်အကြောင်း
မာလောနွယ်၊ ငွေးတောက်နွယ် ပမာတဏှာ
၃၁။ သံဃဘေဒ ပရိသက္ကန ဝတ္ထု ၁၁၁
သံဃာကွဲပြားအောင် အားထုတ်ခြင်းအကြောင်း
သူတော်ကောင်းသည် ကောင်းမှုပြုလွယ်၊ ယုတ်မာသူသည် မကောင်းမှုပြုလွယ်
၃၂။ ကာလတ္ထေရ ဝတ္ထု ၁၁၃
ကာလထေရ်အကြောင်း
မိမိကိုယ်ကို အကြည်ညိုပျက်မည် စိုး၍ ဘုရားထံ တရားမနာစေလို
မင်ပေါက်ဖိုလ်ဝင် တရားကို မဟောရန် လျှောက်ထားရဲ
ငှက်ပျောဖူးသည် ငှက်ပျောပင်သတ်ဖို့၊ ဝါးသီးသည် ဝါးပင်သတ်ဖို့
အဿတိုရ်မြင်းကိုယ်ဝန်သည် မိခင်မြင်းမကို သတ်ဖို့ပေါ်လာ
၃၃။ စူဠကာလဥပါသက ဝတ္ထု ၁၁၆
ဥပါသကာ ကာလငယ်အကြောင်း
ကုမ္ဘဒါသီ (ရေအိုးရွက် ကျွန်မ) တို့ကြောင့် အသက်ချမ်းသာရ-
ကိုယ်ပြုကိုယ်စံ၊ ကိုယ်ခံ
၃၄။ အတ္တဒတ္ထထေရ ဝတ္ထု ၁၁၈
မိမိကိုယ်ကျိုး အားကိုးသူအကြောင်း
တရားကျင့်သူကို ဘုရားချီးမွမ်း

# ၁၃။ လောကဝင်


၃၅။ ဒဟရဘိက္ခု ဝတ္ထု ၁၂၀

ရဟန်းငယ်အကြောင်း

အရယ်ချင်းဆို မယုံစရာ

ဖြတ်အပ်သောဆံပင်၊ ခြေသည်းလက်သည်းရှိသူ ဖြတ်အပ်သော

သင်းပိုင်ကိုယ်ဝတ်ရှိသူ၊ အလည်၌ ပြတ်သော ခွက်ကိုကိုင် ဆွမ်းခံလှည့်သူ

၃၆။ သုဒ္ဓေါဒန ဝတ္ထု ၁၂၂

စိတ်ထားနှင့် ကိုယ်ကောင်းသော်လည်း နှုတ်မကောင်းတတ်

ဆွမ်းခံအကျင့်ချမ်းသာခွင့်

၃၇။ ပဉ္စသတ ဝိပဿကဘိက္ခု ဝတ္ထု ၁၂၄

ဝိပဿနာရှုပွား ရဟန်းငါးရာအကြောင်း

သေမင်းမမြင်နိုင်သူ

၃၈။ အဘယရာဇကုမာရ ဝတ္ထု ၁၂၅

အဘယမင်းသားအကြောင်း

စွဲလမ်းအပ်သူ သေ၍ ငိုရခြင်းသည် လူမိုက်တို့ နစ်မွန်းရာဖြစ်သည်

၃၉။ သမ္မဇ္ဇနတ္ထေရ ဝတ္ထု ၁၂၇

တံမြက်စည်းလှည်းထေရ်အကြောင်း

အချိန်ရှိတိုင်း တံမြက်စည်းလှဲမှုကို မချီးမွမ်းထိုက်

၄၀။ အင်္ဂုလိမာလတ္ထေရ ဝတ္ထု ၁၂၉

အင်္ဂုလိမာလထေရ်အကြောင်း

ကလျာဏမိတ်ကို မရခဲ့၍ မိုက်ခဲ့သည်

၄၁။ တိံသဘိက္ခု ဝတ္ထု ၁၃၁

ရဟန်းသုံးကျိပ်အကြောင်း

ဣဒ္ဓိပါဒ်လေးပါး ပွားပြီးသူသည် ဟင်္သာကဲ့သို့ ကောင်းကင်ဖြင့်သွားသည်။

၄၂။ အသဒိသဒါန ဝတ္ထု ၁၃၃

အတူမရှိသောအလှူအကြောင်း

တိုင်းသူပြည်သားတို့နှင့် ရှင်ဘုရင်အလှူ ခွင်ပြိုင်ကြ

စိတ်ကောင်းရှိသူနှင့်မရှိသူ

ဘုရားတစ်ဆူမှာ တစ်ကြိမ်သာဖြစ်

၄၃။ အနာထပိဏ္ဍိက ပုတ္တကာလ ဝတ္ထု ၁၃၉

အနာထပိဏ်သူဌေးသားကာလအကြောင်း

ပိုက်ဆံလိုချင်၍ ဥပုသ်စောင့်တရားနာ

ပိုက်ဆံပေးသော်လည်းမယူတော့

၄၄။ ဒေဝေါရောဟဏ ဝတ္ထု ၁၄

နတ်ပြည်မှ သက်ဆင်းခြင်းအကြောင်း

ရဟန္တာရှိမရှိ စုံစမ်းသူ

ကဏ္ဍာသရက်ပင်

လူကလည်း နတ်ကိုမြင် နတ်ကလည်း လူကိုမြင်

ဘုရားအဖြစ် ဆုမတောင်းသူမရှိ

မိုးရေပေါက်တို့ကို ရေတွက်နိုင်သည်

အလျှုခံမြတ်မှ ဒါနမြတ်

၄၅။ ဧရကပတ္တ နာဂရာဇ ဝတ္ထု ၁၇၁

ပြိန်းရွက်နဂါးမင်းအကြောင်း

ဘုရားမြော်လာ၊ တွေ့ကြုံပါ ခန္ဓာယုတ်လတ်၊ တွေ့ကျိုးမနပ်

နာဂမယ်နှင့် ဥတ္တရလုလင်တို့အမေးအဖြေ

၄၆။ အာနန္ဒတ္ထေရပဉှ ဝတ္ထု ၁၇၆

အာနန္ဒာထေရ် အမေးပြဿနာအကြောင်း

ဘုရားရှင်အားလုံးတို့၏ ဥပုသ်

၄၇။ အနဘိရတဘိက္ခု ဝတ္ထု ၁၇၉

သာသနာဘောင်၌ မမွေ့လျော်သော ရဟန်းအကြောင်း

ပိုက်ဆံသည် ရဟန်းဘဝကို တုန်လှုပ်စေသည်

နတ်ပြည်ကာမဂုဏ်၌သော်လည်း အားမရနိုင်

၄၈။ အဂ္ဂိဒတ္တပြာဟ္မဏ ဝတ္ထု ၁၈၂

အဂ္ဂိဒတ္တပုဏ္ဏားအကြောင်း

မဟုတ်မမှန်ရာကို အဟုတ်အမှန်ထင်၍ ညွှန်ကြား

၄၉။ အာနန္ဒတ္ထေရပဉှ ဝတ္ထု ၁၈၈

အာနန္ဒာထေရ်မေးခြင်းအကြောင်း

အာဇာနည်တို့ဖြစ်ထွန်းပေါ်ပေါက်ရာ

၅၀။ သမ္ဗဟုလဘိက္ခု ဝတ္ထု ၁၉၀

များစွာသော ရဟန်းအကြောင်း

ဝင်္ခန်းရဲ၌ အကျိုးဝင်သောချမ်းသာ

စစ်မှန်သော ချမ်းသာ

၅၁။ ကဿပဒ သဗလဿ သုဝဏ္ဏစေတိယ ဝတ္ထု ၁၉၁

ကဿပမြတ်စွာဘုရား၏ ရွှေစေတီအကြောင်း

စေတီသုံးမျိုး

ဘုရားပစ္စေကဗုဒ္ဓါ တပည့်သား သံဃာတို့ကို ရှိခိုးပူဇော်ရခြင်း

အကျိုးသည် ဤမျှရှိ၏ဟု ရေတွက်မပြနိုင်အောင် များလှသည်

## ၁၅။ သုခဝဂ်


၅၂။ ဉာတိကလဟ ဝူပသမဏ ဝတ္ထု ၁၉၄
ဆွေတော်မျိုးတော်တို့ ခိုက်ရန်ကို ငြိမ်းစေခြင်းအကြောင်း
ရန်မရှိမှ ချမ်းသာရ
ရေနှင့်မင်းမျိုး ဘယ်ဟာ တန်ဖိုးထိုက်

၅၃။ မာရ ဝတ္ထု ၁၉၇
မာရ်နတ်နှောင့်ယှက်ခြင်းအကြောင်း
ယုတ်မာသည့် မာရ်နတ်
ပီတိအစာဖြင့်နေကြမည်

၅၄။ ကောသလရညောပ ရာဇယ ဝတ္ထု ၁၉၈
ကောသလမင်း စစ်ရှုံးခြင်းအကြောင်း
နိုင်သူရန်ပွား ရှုံးသူဆင်းရဲ

၅၅။ အညတရကုလဒါရိကာ ဝတ္ထု ၁၉၉
မထင်ရှားသော အမျိုးသမီးငယ်အကြောင်း
တပ်မက်မှုအားကြီးတော့ ဘုရားရှေ့ပင်မရှောင်

၅၆။ ဧကဉပါသက ဝတ္ထု ၂၀၀
ဉပါသကာ တစ်ယောက်အကြောင်း
အကြွင်းအကျန်စားဖွယ်ကို ဘုရားကိုယ်တိုင်က ကျွေးခိုင်းသည့်အရာ
ဆာလောင်ခြင်းနှင့်တူသော ရောဂါမရှိ

၅၇။ ပသေနဒိကောသလ ဝတ္ထု ၂၀၂
ပသေနဒိကောသလမင်းအကြောင်း
နောက်ဆုံးထမင်းလုတ်၏ ထမင်းလုံးနှင့်အမျှ ဆံလုံးလျော့လျော့ ချက်ကျွေး
တစ်စလယ်ချက်သာ စားတော့သည်
စားသောက်ဖွယ်၌ အတိုင်းအတာထား၍ စားသောက်လျှင်
အသက်ရှည်မည်၊ တဖြည်းဖြည်းသာ အိုမည်၊

၅၈။ တိဿတ္ထေရ ဝတ္ထု ၂၀၆
တိဿထေရ်အကြောင်း
မြတ်စွာဘုရား သက်တော်ရှိတုန်း တရားအားထုတ်သူကို
မြတ်စွာဘုရား သာခုခေါ်

၅၉။ သက္က ဝတ္ထု ၂၀၈
သိကြားမင်းအကြောင်း
လူနံ့သည် နတ်များကို ယူဇနာတစ်ရာ ဝေးကွာရာက နံစေသော်လည်း
မစင်အိုးကို နံ့သာအိုးကဲ့သို့ ရွက်သောသိကြား
ကျေးဇူးကိုသိ၍လည်း ဤမျှ ပြုစုသည်။

## ၁၆။ ပိယဝဂ်


၆၀။ တယောဇန ပဗ္ဗဇိတ ဝတ္ထု ၂၁၁

ရဟန်းပြုသူ လူသုံးယောက်အကြောင်း

ကင်းကွာမနေနိုင်ကြသော သားနှင့်ဇနီး မောင်နှံသုံးယောက်

ချစ်သူကို မမြင်ရတော့ ဆင်းရဲ၊ မချစ်သူကို မြင်ရတော့လည်း ဆင်းရဲ

၆၁။ အညတရ ကုဋုမ္ဗိက ဝတ္ထု ၂၁၄

မထင်ရှားသော သူကြွယ်တစ်ယောက်အကြောင်း

သားသေ၍ ငိုကြွေးသူ

သေခြင်းသဘောရှိလျှင်သေ၊ ပျက်ခြင်းသဘောရှိလျှင်ပျက်

၆၂။ လိစ္ဆဝီ ဝတ္ထု ၂၁၇

လိစ္ဆဝီမင်းသားတို့အကြောင်း

နတ်ကိုမမြင်ဘူးလျှင် လိစ္ဆဝီမင်းသားတို့ကိုကြည့်

မိန်းမအတွက် သွေးသံထွက် နှိပ်စက်ကြသာကြောင့်

၆၃။ အနိတ္ထိဂန္ဓကုမာရ ဝတ္ထု ၂၁၉

မိန်းမအနံ့မခံလိုသော သတို့သားအကြောင်း

အကြားနှင့်စွဲ၊ လွန်ဆင်းရဲ၊ ပူးတွဲသောကမီး

၆၄။ အညတရဗြာဟ္မဏ ဝတ္ထု ၂၂၂

မထင်ရှားသော ပုဏ္ဏားတစ်ယောက်အကြောင်း

ကရုဏာကြီးမား၊ မြတ်ဘုရား၊ ပုဏ္ဏားမိတ်ဆွေဖွဲ့

တဏှာကြောင့် သောကဘယဖြစ်ရ

၆၅။ ပဉ္စသတဒါရက ဝတ္ထု ၂၂၅

သူငယ်ငါးရာတို့အကြောင်း

ဘုရားကိုလည်းမလှူ၊ သံဃာကိုလည်းမလှူ၊ ကိုယ်နှစ်သက်ရာလှူကြသည်။

သီလလည်းရှိ၊ သစ္စာသိ၍၊ တည်ရှိတရား၊ ထိုသူအား၊ အများချစ်ခင်သည်၊

၆၆။ ဧကအနာဂါမိကတ္ထေရ ဝတ္ထု ၂၂၇

အနာဂါမ်ထေရ်တစ်ပါးအကြောင်း

အနာဂါမ်လောက်ကို ပြောရမှာရှက်

ဥဒ္ဓံသောတော အထက်တက်ပုဂ္ဂိုလ်

၆၇။ နန္ဒိယ ဝတ္ထု ၂၂၉

အသွင်မတူ အိမ်သူဖြစ်

လူ့ပြည်တွင် ကုသိုလ်ရှင်ရှိနေစဉ် နတ်ပြည်မှာ ဗိမာန်ပေါက်နေပြီ

ကုသိုလ်ရှင်ကို ဆီးလို့ကြို

## ၁၇။ ကောဓဝဂ်


၆၈။ အညတရဘိက္ခု ဝတ္ထု ၂၃၂
မထင်ရှားသော ရဟန်းတစ်ပါးအကြောင်း
မြတ်ဘုရားကို ထောက်ထားသူ
တကယ့်ရထားထိန်း

၆၉။ မဟာမောဂ္ဂလ္လာနတ္ထေရပဉှ ဝတ္ထု ၂၃၄
မဟာမောဂ္ဂလာန်ထေရ်ပြဿနာအကြောင်း
အမှန်ကို ပြော၊ ဒေါသမထွက်၊ နည်းနည်းပေးလျက်၊ နတ်ပြည်တက်၊

၇၀။ ဗုဒ္ဓပိတုဗြာဟ္မဏ ဝတ္ထု ၂၃၆
မြတ်စွာဘုရား၏ ခမည်းတော်ဖြစ်ခဲ့ဖူးသော ပုဏ္ဏားအကြောင်း
ဘဝများစွာ ကြုံခဲ့တာ ခေါ်ရှာချစ်သားသူ့နှုတ်ဖျား၊
ချစ်ခင်ခြင်းအကြောင်းနှစ်မျိုး၊ နိဗ္ဗာန်ရောက်ကြောင်းနှစ်မျိုး

၇၁။ အတုလ ဥပါသက ဝတ္ထု ၂၄၀
အတုလ ဥပါသကာအကြောင်း
စကားမပြော၊ များများဟော၊ သဘောမျှပြောစေ
ရှေးကမတွေ့၊ ယခုရွှဲ့၊ ကဲ့ရဲ့မလွတ်ချေ။

၇၂။ ဆဗ္ဗဂ္ဂိယ ဝတ္ထု ၂၄၃
ခြောက်ပါးအစုရှိသော ရဟန်းတို့အကြောင်း
ကိုယ်နှုတ်စိတ်ထား၊ ဤသုံးပါး၊ ရှောင်ရှားဒုစရိုက်


## ၁၈။ မလဝဂ်


၇၃။ ဂေါဃာတက ပုတ္တ ဝတ္ထု ၂၄၅
နွားသတ်သမား၏သားအကြောင်း
ရက်စက်ကြမ်းကြုတ်လွန်းသဖြင့် နွားအော်သလိုအော်၍ သေ၊ အဝီစိငရဲရောက်
ရေလည်ကျွန်းပမာ၊ ဆောက်တည်ရာ၊ ပြုပါမသေမီ၊
အဖေအတွက် ကုသိုလ်ပြုချက်

၇၄။ အညတရ ဗြာဟ္မဏ ဝတ္ထု ၂၅၀
မထင်ရှားသော ပုဏ္ဏားတစ်ယောက်အကြောင်း
ကောင်းရာစိတ်ကူး၊ ကောင်းတာလူး၊ ဖြစ်ဖူးသောတာပန်

၇၅။ တိဿတ္ထေရ ဝတ္ထု ၂၅၂
တိဿထေရ်အကြောင်း
စွဲလမ်း၍ သန်းဖြစ်ရ၊ ခုနစ်ရက်တွင်သေ၊ တာဝတိံသာရောက်

၇၆။ လာလုဒါယိတ္ထေရ ဝတ္ထု ၂၃၃
လာလုဒါယိထေရ်အကြောင်း
မတူလျှင်မတုနှင့်၊ ရှေးဘဝက မစင်လူး၊ ယခုဘဝမစင်တွင်းကျ
၇၇။ အညတြကုလပုတ္တ ဝတ္ထု ၂၃၈
မထင်ရှားသောအမျိုးသားတစ်ယောက်အကြောင်း
လင်ကိုကျော်လွန်ကျင့်သောမိန်းမ
အညစ်အကြေးအမျိုးမျိုး သာလွန်ထူးကဲသောအညစ်အကြေး
၇၈။ စူဠသာရိ ဝတ္ထု ၂၆၁
စူဠသာရိရဟန်းအကြောင်း
အရှက်မရှိသောရဟန်း၊ ချမ်းသာစွာ အသက်မွေးရ၊
အရှက်ရှိသော ရဟန်းခေါင်းပါး၊ ငြိုငြင်စွာ အသက်မွေးရ
၇၉။ ပဉ္စဥပါသက ဝတ္ထု ၂၆၄
ဥပါသကာ ငါးယောက်အကြောင်း
ကိုယ့်ကိုယ်ကို အဟုတ်ထင်၊ ကံငါးပါးလုံး စောင့်ရှောက်သင့်
၈၀။ တိဿဒဟရ ဝတ္ထု ၂၆၆
တိဿရဟန်းငယ်အကြောင်း
နည်းနည်းလှူလည်းကဲ့ရဲ့၊ များများလှူလည်း ကဲ့ရဲ့၊ အခြေအမြစ်မရှိသူ
၈၁။ ပဉ္စဥပါသက ဝတ္ထု ၂၆၉
ဥပါသကာငါးယောက်အကြောင်း
အယုတ်အလတ်အမြတ်မရွေး တရားဟောတော်မူ
အတိတ်ဝါသနာ၊ ယခုပါ၊ ထင်ရာပြုနေကြ
ကမ္ဘာဖျက်မီးထက် ပို၍ လောင်မြိုက်သည်၊
၈၂။ မေဏ္ဍကသေဋ္ဌိ ဝတ္ထု ၂၇၂
မေဏ္ဍက သူဌေးအကြောင်း
ဝိသာခါတို့မိသားစု
ဆုတောင်းမမှားရန် သတိပြု
သူ့အပြစ်ကိုမြင်၊ ကိုယ့်အပြစ်ကို မမြင်
လေညာလွင့်မြူ ရှေးရှုမျက်မှောက်၊ ကိုယ့်ထံရောက်
၈၃။ ဥဇ္ဈာနသညိတ္ထေရ ဝတ္ထု ၂၈၂
အမှတ်အသားဖြင့် ကဲ့ရဲ့တတ်သော ထေရ်အကြောင်း
သူ့အပြစ်ရှုမြင်သူ အာသဝေါတိုးပွား၊ အာသဝေါကုန်ရာနှင့်ဝေး၊
၈၄။ သုဘဒ္ဒပရိဗ္ဗာဇက ဝတ္ထု ၂၈၃
သုဘဒ္ဒပရိဗိုဇ်အကြောင်း
ဦးဦးဖျားဖျား လှူသူနှင့် နောက်မှလှူသူကွာခြားချက်
ကောင်းကင်၌ ခြေရာမထင်သကဲ့သို့ ဗုဒ္ဓသာသနာမှ ပြင်ပ၌ ကိလေသာငြိမ်းသူမရှိ၊

# ၁၉။ ဓမ္မဋ္ဌဝဂ်


၈၅။ ဝိနိစ္ဆယ မဟာမတ္တ ဝတ္ထု ၂၈၅

တရားစီရင်ကြသော အမတ်ကြီးများအကြောင်း

အမှားအမှန်၊ ဝေဖန်ဆုံးဖြတ်

၈၆။ ဆဗ္ဗဂ္ဂိယ ဝတ္ထု ၂၈၇

ခြောက်ယောက်အစုရှိသော ရဟန်းတို့အကြောင်း

စကားများများ ပြောလျက် တခြားသူကို ညှင်းဆဲသူသည် ပဏ္ဍိတမဟုတ်

ကိုယ်တိုင်ငြိမ်းအေး၊ ရန်ကင်း၊ ဘေးရှင်းလျက်၊ တခြားသူကိုလည်း ငြိမ်းအေး

ရန်ကင်း၊ ဘေးရှင်းစေသူသည် ပဏ္ဍိတ၊

၈၇။ ဧကုဒါနတ္ထေရခီဏာသဝ ဝတ္ထု ၂၈၈

ဥဒါန်း တစ်ဂါထာကိုသာ ဟောရွတ်လေ့ရှိသော ရဟန္တာအကြောင်း

နတ်များက မျက်နှာလိုက် သာခုခေါ်ဟုဆိုကြ

တိပိဋကဓရ ဖြစ်သော်လည်း သစ္စာတရားကို မမြင်သော် ဓမ္မဓရ မဟုတ်

၈၈။ လကုဏ္ဍက ဘဒ္ဒိယတ္ထေရ ဝတ္ထု ၂၉၀

ခန္ဓာကိုယ်ပုသေးသော ဘဒ္ဒိယထေရ်အကြောင်း

အသက်ခန္ဓာကြီးသော်လည်းထေရာသန၌ နေသော်လည်း ထေရ်မခေါ်၊

သစ္စာမြင်၍ ရှင်လူ အပေါင်းကို မညှင်းဆဲ မနှိပ်စက်သူကိုသာ ထေရ်ခေါ်

၈၉။ သမ္ဗဟုလဘိက္ခု ဝတ္ထု ၂၉၃

များစွာသောရဟန်းတို့အကြောင်း

လျှောက်ဆိုသည့်အတိုင်း၊ ပြောဆိုသင့်သော်လည်း လာဘသက္ကာရ

ငဲ့ကွက်မှုကြောင့် ကောင်းသောသဘောရှိသူမဟုတ်

၉၀။ ဟတ္ထက ဝတ္ထု ၂၉၅

ဟတ္ထကရဟန်းအကြောင်း

ဦးပြည်းထားရုံဖြင့် သမဏမဟုတ်၊ အကျင့်မှုကင်း၊ ချွတ်ယွင်းပြောကြား၊

မရှိလိုချင် ရှိပြီးတပ်မက် သူလည်း သမဏမဟုတ်၊

၉၁။ အညတရဗြာဟ္မဏ ဝတ္ထု ၂၉၇

မထင်ရှားသော ပုဏ္ဏားတစ်ယောက်အကြောင်း၊

ဘိက္ခတီတိဘိက္ခု ဆွမ်းခံလှည့်စားရုံဖြင့် ဘိက္ခုမခေါ်၊

၉၂။ တိတ္ထိယ ဝတ္ထု ၂၉၉

တိတ္ထိတို့အကြောင်း

တိတ္ထိတို့၏ မင်္ဂလာရွတ်ပုံ၊ ဗုဒ္ဓသာဝကတို့၏ အနုမောဒနာပြုပုံ

၉၃။ ဗာလိသိက ဝတ္ထု ၃၀၁

ငါးမျှားနေသူအကြောင်း

နာမည်ကအရိယ၊ အလုပ်ကငါးမျှား၊

၉၄။ သမ္ပဟုလ သီလာဒိသမ္ပန္နဘိက္ခု ဝတ္ထု ၁၀၂
သီလအစရှိသည်တို့နှင့် ပြည့်စုံသောရဟန်းများအကြောင်း
အရဟတ္တဖိုလ်သို့ မရောက်မချင်း အားမကိုးလောက်သေး

## ၂၀။ မဂ္ဂဝဂ်

၉၅။ ပဉ္စသတဘိက္ခု ဝတ္ထု ၁၀၄
ရဟန်းငါးရာအကြောင်း
ပကတိခရီးလမ်း ကောင်းမကောင်း ကိုယ်နှင့်မဆိုင်၊ အရိယာတို့သွားရာလမ်းကြောင်း
ခရီးကောင်း၍သွားပါ -
၉၆။ အနိစ္စ လက္ခဏ ဝတ္ထု ၁၀၆
အနိစ္စ လက္ခဏာကို ဟောရခြင်းအကြောင်း
၉၇။ ဒုက္ခ လက္ခဏ ဝတ္ထု ၁၀၇
ဒုက္ခ လက္ခဏာကို ဟောရခြင်းအကြောင်း
၉၈။ အနတ္တ လက္ခဏ ဝတ္ထု ၁၀၈
အနတ္တ လက္ခဏာကို ဟောရခြင်းအကြောင်း

၉၉။ ပဓာန ကမ္မိက တိဿတ္ထေရ ဝတ္ထု ၁၀၉
တရားအားထုတ်သော တိဿထေရ်အကြောင်း
ရှေ့ပြုဖွယ်မှန်၊ နောက်မှကြံ၊ ပူပန်ရလေသည်
၁၀၀။ သူကရပေတ ဝတ္ထု ၁၁၁
ဝက်ပြိတ္တာအကြောင်း
ဂုံးချောစကား၊ ယုံမိငြား၊ အမှားတွေ့ကြရှာ
မကောင်းမှုကံ၊ မိမိထံ၊ စီမံလေတော့တာ၊
ကိုယ်နှုတ်စိတ်ထား၊ ဤသုံးပါး၊ မမှားကြစေရာ
၁၀၁။ ပေါဋ္ဌိလတ္ထေရ ဝတ္ထု ၁၁၆
ပေါဋ္ဌိလထေရ်အကြောင်း
မာနချိုးနှိမ်၊ သုခမိန်၊ စိတ်ငြိမ်ချမ်းသာ၏။
၁၀၂။ ပဥ္စမ ဟလ္လကတ္ထေရ ဝတ္ထု ၁၂၀
သက်ကြီးထေရ်ငါးပါးအကြောင်း၊
ဘယ်လိုစွဲစွဲ၊ ထိုအစွဲ၊ ဖြတ်ခဲနိုင်တော့သည်၊
ပကတိတော၊ ကိုယ်တွင်းတော၊ ဘယ်တောရှင်းသင့်သည်။
၁၀၃။ သုဝဏ္ဏကာရတ္ထေရ ဝတ္ထု ၁၂၃
ရွှေပန်းထိမ်ထေရ်အကြောင်း
အာသယာနုသယ၊ မသိက၊ မှန်းဆကမ္မဋ္ဌာန်း၊ မစွမ်းဆောင်နိုင်

၁၀၄။ မဟာခနေ ဝါဏိဇ ဝတ္ထု ၃၂၆
ပစ္စည်းပေါကုန်သည်အကြောင်း
ယနေ့သေမည်၊ နက်ဖြန်သေမည်မသိ၊ စိတ်ကူးသာရှိ၊ အန္တရယ်မသိ၊

## ၂၁။ ပကိဏ္ဏကဝဂ်

၁၀၅။ အတ္တနော ပုဗ္ဗကမ္မ ဝတ္ထု ၃၂၉
မြတ်စွာဘုရား၏ ရှေးကောင်းမှုအကြောင်း
ပရိတ်အစွမ်း၊ အံ့မခန်း၊ ငြိမ်းချမ်းကြလေသည်
အနည်းငယ်မျှ၊ ပေးလှူက၊ များလှကောင်းကျိုးတွေ။
၁၀၆။ ကုက္ကုဋ္ဌအဏ္ဍ ခါဒိကာ ဝတ္ထု ၃၃၈
ကြက်ဥကိုစားသောအမျိုးသမီးအကြောင်း
အပြန်အလှန်၊ စားကြပြန်၊ ညှိုးရန် မငြိမ်းလေ၊
ကိုယ့်ချမ်းသာအတွက်၊ တခြားသူကိုဆင်းရဲစေက၊ ကိုယ်လည်းဆင်းရဲရလေ၏။
၁၀၇။ ဘဒ္ဒိယဘိက္ခု ဝတ္ထု ၃၄၀
ဘဒ္ဒိယရဟန်းတို့အကြောင်း
ရည်ရွယ်ချက်တစ်မျိုး အလုပ်တစ်မျိုး
ကိုယ့်အလုပ် ကိုယ်လုပ်ပါ။
၁၀၈။ လကုဏ္ဍကဘဒ္ဒိယတ္ထေရ ဝတ္ထု ၃၄၂
လကုဏ္ဍကဘဒ္ဒိယထေရ်အကြောင်း
မိဘကိုသတ်၍၊ ရဟန္တာဖြစ်
၁၀၉။ ဒါရုသာကဋိက ပုတ္တ ဝတ္ထု ၃၄၄
ထင်းလှည်းသမား၏သားအကြောင်း
ဘုရားတန်ခိုး၊ ဂုဏ်ညှင်းထိုး၊ နိုင်ကျိုးရလေသည်၊
နမောဗုဒ္ဓဿ၊ အစွမ်းပြ၊ ပြုကြမြဲမကွာ၊
ကောင်းစွာနိုးကြား၊
ထိုလူများ၊ ကျင့်ကားအဘယ်နည်း၊
မန္တာန်မန္တရား၊ ဆေးအစား၊ တရားအဘယ်နည်း
၁၁၀။ ဝဇ္ဇိပုတ္တကဘိက္ခု ဝတ္ထု ၃၄၈
ဝဇ္ဇီတိုင်းသား ရဟန်းအကြောင်း
မဟုတ်ရာကို စွဲလမ်း တမ်းတသူ
အိမ်ရာတည်ထောင် လူတို့ဘောင်၌ ဆင်းရဲ ၅-မျိုး
၁၁၁။ စိတ္တဂဟပတိ ဝတ္ထု ၃၅၁
စိတ္တသူကြွယ်အကြောင်း
သဒ္ဓါသီလ၊ ယသဘောဂါ၊ ရှိသူမှာ၊ ရောက်ရာပူဇော်ခံ

၁၁၂။ ဧကဝိဟာရိတ္ထေရ ဝတ္ထု ၃၅၂
တစ်ပါးတည်းနေသော ထေရ်အကြောင်း
တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းစား၊ တစ်ယောက်တည်းအိပ်
တစ်ယောက်တည်းကျင့်

## ၂၂။ နိရယဝဂ်

၁၁၃။ ဒုစ္စရိတဖလ ပီဠိတ ဝတ္ထု ၃၅၃
ဒုစရိုက်အကျိုး နှိပ်စက်ခံရသူများအကြောင်း
ဒုစရိုက်အကျိုး၊ ကိုယ်တိုင်တိုး၊ ဖြစ်ရိုးဓမ္မတာ
၁၁၄။ ဝဂ္ဂုမုဒါတီရိယဘိက္ခု ဝတ္ထု ၃၅၄
ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများအကြောင်း
ရဋ္ဌပိဏ္ဍ၊ ဒုဿီလ၊ စားရမီးခဲသာ
၁၁၅။ ခေမကသေဋ္ဌိ ပုတ္တ ဝတ္ထု ၃၅၅
သူဌေးသား ခေမကအကြောင်း
ပရဒါရ၊ မှီဝဲက၊ တွေ့ရလေးမျိုး မကောင်းကျိုး၊
၁၁၆။ ဒုဗ္ဗစဘိက္ခု ဝတ္ထု ၃၅၇
ဆုံးမ ခက်သော ရဟန်းအကြောင်း
အကိုင်မတတ်က၊ သမန်းမြက်က၊ ကိုယ့်ကိုရှ၊
စွဲစွဲမြဲမြဲ၊ တရားထဲ၊ အားခဲပြုကျင့်ပါ။
၁၁၇။ သမ္ဗဟုလဘိက္ခု ဝတ္ထု ၃၅၉
များစွာသောရဟန်းတို့အကြောင်း
အခါခပ်သိမ်း ချမ်းချမ်းသာသာမနေရ
ရွာ လူတို့ ရွာကို လုံခြုံအောင် စောင့်ရှောက်သကဲ့သို့
မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ပါ
၁၁၈။ နိဂဏ္ဌ ဝတ္ထု ၃၆၁
နိဂဏ္ဌတို့အကြောင်း
မြူမှုန်ကိုပင် အသက်ရှိဟုထင်၊
မရှက်ထိုက်သည်ကို ရှက်၊ ရှက်ထိုက်သည်ကို မရှက်၊
၁၁၉။ တိတ္ထိယ သာဝက ဝတ္ထု ၃၆၃
တိတ္ထိတို့တပည့်များအကြောင်း
သားသမီးများ လိမ္မာချင်လျက် မိဘတွေကဖျက်
အပြစ်မရှိတာကို အပြစ်ရှိဟုယူ၊ အပြစ်ရှိတာကို အပြစ်မရှိဟုမြင်၊
အမှားကျင့်ကုန်၊ ငရဲဘုံရောက်

## ၂၃။ နာဂဝဂ်

၁၂၀။ အတ္တဒန္တ ဝတ္ထု ၃၆၅
မိမိကိုယ်ကို ဆုံးမခြင်းအကြောင်း
ဖြစ်လာသည့် အခိကရုဏ်းကို၊ ဖြစ်ရာမှာသာ ငြိမ်းအောင်လုပ်
ဒုဿီလများ၊ ပြောစကား၊ ဖယ်ရှားသည်းခံလိုက်၊
၁၂၁။ ဟတ္ထာစရိယ ပုဗ္ဗက ဝတ္ထု ၃၆၈
ဆင်ဆရာဖြစ်ဖူးသော ရဟန်းအကြောင်း
ဆင်ယာဉ် မြင်းယာဉ်စီး၍ နိဗ္ဗာန်မရောက်
ယဉ်ကျေးအောင် ဆုံးမခြင်းဖြင့် နိဗ္ဗာန်ရောက်
၁၂၂။ ပရိဇိဏ္ဏ ဗြာဟ္မဏပုတ္တ ဝတ္ထု ၃၇၀
ပုဏ္ဏားအို၏သားများအကြောင်း
အမွေမရမီ မိဘကို ပြုစု၊ အမွေရတော့၊ ဂရုမပြု
ပြစ်ဒဏ်ကြောက်လို့ ကျွေးမွေးကြ
၁၂၃။ ပသေနဒိကောသလ ဝတ္ထု ၃၇၆
ပသေနဒိကောသလ မင်းအကြောင်း
အစားကြီးသော ပုဏ္ဏားများ
တစ်စိတ်ချက်မှ တစ်ပြည်ချက်
အတိုင်းအတာဖြင့် စားလျှင်ဖြည်းဖြည်းအိုမည်
၁၂၄။ သာနုသာမဏေရ ဝတ္ထု ၃၇၈
သာနုသာမဏေအကြောင်း
မိဘမေတ္တာ၊ ရှေးဘဝမိခင်ဘီလူးမ ကယ်
၁၂၅။ ပါဝေယျက ဟတ္ထိ ဝတ္ထု ၃၈၅
ပါဝေယျက ဆင်အကြောင်း
ဇာတိမာန်ကြောင့် လွတ်မြောက်၊
ကိလေသာ ညွှန်မှ ထုတ်ကယ်ကြ
၁၂၆။ သမ္ဗဟု လဘိက္ခု ဝတ္ထု ၃၈၆
များစွာသော ရဟန်းတို့အကြောင်း
အဖော်ကောင်း ရရန်ခက်ခဲ
အဖော်ကောင်း မရလျှင် တစ်ယောက်တည်းနေ
၁၂၇။ မာရ ဝတ္ထု ၃၈၉
မာရ်နတ်အကြောင်း
ချမ်းသာကြောင်း လေးမျိုး

## ၂၄။ တဏှာဝဂ်


၁၂၈။ ကပိလမစ္ဆ ဝတ္ထု ၃၉၄

ကပိလ ငါးအကြောင်း

ပရိယတ်မာန်၊ မကောင်းကြံ၊ ခံလေတော့ဆင်းရဲ

မကောင်းသဘောတူ ပြုသူအတူခံ

၁၂၉။ သူကရပေါတိကာ ဝတ္ထု ၃၉၉

ဝက်မ ငယ်အကြောင်း

ဘဝတဏှာ၊ ပြစ်များစွာ၊ ဖြတ်ပါထိုတဏှာ၊

တဏှာပြတ်မှ၊ ချမ်းသာရ

၁၃၀။ ဝိဗ္ဘန္တဘိက္ခု ဝတ္ထု ၄၀၃

ရဟန်းလူထွက်အကြောင်း

ဈာန်ပင်ရသော်လည်း ဝိသဘာဂကြောင့် ဒုက္ခတွေ့၊

နှောင်အိမ်မှထွက်ပြီး၊ နှောင်အိမ်ပြန်ဝင်

၁၃၁။ ဗန္ဓနာဂါရ ဝတ္ထု ၄၀၅

နှောင်အိမ်အကြောင်း

ပကတိအနှောင်အဖွဲ့ထက်၊ တဏှာအနှောင်အဖွဲ့က ပို၍ ခိုင်မြဲသည်။

၁၃၂။ ဥဂ္ဂသေန ဝတ္ထု ၄၀၈

သူဌေးသားဥဂ္ဂသေနအကြောင်း

ပညာမတတ်သူကို ဇနီးဖြစ်သူက အထင်သေး၊

ကချေသည်ဖြစ်မည်ပြောခဲ့ကြ၍ ကချေသည်များ ဖြစ်ကြရသည်။

၁၃၃။ စူဠဓနုဂ္ဂဟ ပဏ္ဍိတ ဝတ္ထု ၄၁၄

ပညာရှိ လေးသမားငယ်အကြောင်း

မိန်းမပရိယာယ်၊ အသွယ်သွယ်၊ လွှဲဖယ်ရှောင်နိုင်မှ

၁၃၄။ မာရ ဝတ္ထု ၄၁၉

မာရ်နတ်အကြောင်း

မာရ်နတ် ယုတ်ယုတ်မာမာနှောင့်ယှက်

ရဟန္တာမို့သာ မသေရှာ။

၁၃၅။ ဥပကာ ဇီဝက ဝတ္ထု ၄၂၁

ဥပက တက္ကတွန်းအကြောင်း

ဘုရားနှင့်တွေ့သော်လည်း ဘုရားမှန်းမသိ။

၁၃၆။ သက္ကပဉှ ဝတ္ထု ၄၂၂
သိကြားမင်း မေးခွန်းအကြောင်း
အဘယ်ဒါနနှင့် အရသာ မွေ့လျော်ဖွယ်သည် ကြီးမြတ်သနည်း၊
အရဟတ္တဖိုလ်သည် အဘယ့်ကြောင့် ကြီးမြတ်သနည်း၊
တရားပြော တရားဟောပြီး သတ္တဝါအားလုံးတို့အား အမျှဝေပါ
၁၃၇။ အပုတ္တကသေဋ္ဌိ ဝတ္ထု ၄၂၇
အမွေခံသားသမီးမရှိသော သူဌေးအကြောင်း
ရှေးကုသိုလ်ကုန်၊ နောက်ကုသိုလ်မထုံ၊ ငရဲဘုံရောက်
၁၃၈။ အင်္ကုရ ဝတ္ထု ၄၃၀
အင်္ကုရနတ်သားအကြောင်း
သာသနာပ လှူဒါနနှင့် သာသနာတွင်း ဒါနအကျိုးပေး ကွာခြားပုံ

## ၂၅။ ဘိက္ခုဝဂ်

၁၃၉။ ပဉ္စဘိက္ခု ဝတ္ထု ၄၃၁
ရဟန်းငါးပါးအကြောင်း
ဒွါရအားလုံး စောင့်ရှောက်ရခက်၊
ဒွါရရှစ်မျိုး
၁၄၀။ ဟံသဃာတက ဘိက္ခု ဝတ္ထု ၄၃၅
ဟင်္သာသတ် ရဟန်းအကြောင်း
နိယျာနိက သာသနာ၌ ရဟန်းပြုပါလျက် ကုက္ကုစ္စမျှကိုပင်မပြု
ကုရုမွေ ငါးပါးသီလကို စင်ကြယ်အောင် စောင့်ရှောက်သူ (၁၁) ဦး
၁၄၁။ ကောကာလိက ဝတ္ထု ၄၄၀
ကောကာလိက ရဟန်းအကြောင်း
နှုတ်ကိုမစောင့်စည်း၍ အသက်သေခဲ့ရ၊ ပဒုမငရဲ၌ကျ
၁၄၂။ ဓမ္မာရာမတ္ထေရ ဝတ္ထု ၄၄၃
တရား၌ မွေ့လျော်သော ထေရ်အကြောင်း
ဘုရားကို ချစ်လျှင် တရား၌ မွေ့လျော်ပါ
၁၄၃။ ဝိပက္ခသေဝက ဘိက္ခု ဝတ္ထု ၄၄၅
ဆန့်ကျင်ဘက်အသင်း၌ ဆည်းကပ်မှီဝဲသော ရဟန်းအကြောင်း
မကောင်းစကား၊ ကြားရဖြား၊ ဖြစ်လာမကောင်းတာ၊
စကားကောင်းများ၊ ကြားရဖြား၊ ဖြစ်လာကောင်းတာသာ

၁၄၄။ ပဉ္စဂ္ဂဒါယက ဗြာဟ္မဏ ဝတ္ထု ၄၄၈
အဦးအဖျား ငါးပါးပေးလှူသော ပုဏ္ဏားအကြောင်း
မိန်းမပရိယာယ်၊ ဘယ်လိုကွယ်၊ မြင်ဖွယ်မြင်ရသည်၊
သူတပါးပေးတာကို အမှီပြုအသက်မွေးရသူ၊
ဘိက္ခုခေါ် ထိုက်သူ
၁၄၅။ သမ္ဗဟုလဘိက္ခု ဝတ္ထု ၄၅၁
များစွာသော ရဟန်းတို့အကြောင်း
တရားကို တကယ်အားကိုး၍ တရားက ပြန်စောင့်ရှောက်
၁၄၆။ ပဉ္စသတဘိက္ခု ဝတ္ထု ၄၅၉
ရဟန်းငါးရာအကြောင်း
အညာမှ ကြွေကျသော ပန်းပွင့်ကဲ့သို့
၁၄၇။ သန္တကာယတ္ထေရ ဝတ္ထု ၄၆၀
ငြိမ်းအေးသော ကိုယ်ရှိသောထေရ်အကြောင်း
ခြင်္သေ့မျိုးမှ ဖြစ်လာသူအလေ့
ကိုယ်ရော နှုတ်ရော စိတ်ရော ငြိမ်သက်ပါစေ
၁၄၈။ နင်္ဂလ ကုလတ္ထေရ ဝတ္ထု ၄၆၂
ထွန်တုံးထမ်း အမျိုးမှဖြစ်သော ထေရ်အကြောင်း
ဆင်းရဲနေချိန်နှင့် ချမ်းသာနေချိန် စိတ်မငြိမ်
ဆရာ့ထံသွားပါသည်၊ မသွားတော့ပါ၊
မိမိကိုယ်သာ ကိုးကွယ်ရာ
၁၄၉။ ဝက္ကလိတ္ထေရ ဝတ္ထု ၄၆၅
ဝက္ကလိထေရ်အကြောင်း
မြတ်စွာဘုရား၏ ရုပ်တော်၌ ကြည်ညိုလွန်းသူ
တရားကို မြင်လျှင် ဘုရားကိုမြင်၊ ဘုရားမြင်လျှင် တရားမြင်
၁၅၀။ သုမနသာမဏေရ ဝတ္ထု ၄၆၈
သုမနသာမဏေအကြောင်း
အရှင်အနုရုဒ္ဓါအလောင်း
ဒိဗ္ဗစက္ခု၏အခြေခံပါရမီ၊
ဆုတောင်းအတိုင်းဖြစ်
သုမနသာမဏေနှင့် သောပါက သာမဏေ ဤနှစ်ပါး
ခုနစ်နှစ်အရွယ် ရဟန်းအဖြစ်ကိုရ၊

## ၂၆။ ဗြာဟ္မဏဝဂ်


၁၅၁။ ပသာဒ ဗဟုလဗြာဟ္မဏ ဝတ္ထု ၄၈၃
ကြည်ညိုမှုများသော ပုဏ္ဏားအကြောင်း
ကြည်ညို၍ ခေါ်ပြောရာ၌အပြစ်မရှိ

၁၅၂။ သမ္ဗဟုလဘိက္ခု ဝတ္ထု ၄၈၅
များစွာသော ရဟန်းတို့အကြောင်း
သမထနှင့် ဝိပဿနာတရားနှစ်ပါး တစ်ဖက်ကမ်းရောက်
ပိုင်းခြားသိလျှင် ယောဂအားလုံးချုပ် ငြိမ်းသည်

၁၅၃။ မာရ ဝတ္ထု ၄၈၆
မာရ်နတ်အကြောင်း
ရာဂကင်းကွာ ရဟန္တာသည် တစ်ဖက်ကမ်းသို့ရောက်ပြီ

၁၅၄။ အညတရဗြာဟ္မဏ ဝတ္ထု ၄၈၇
မထင်ရှားသော ပုဏ္ဏားတစ်ယောက်အကြောင်း
ဗြာဟ္မဏမျိုးဖြစ်၍ ဗြာဟ္မဏဟု ငါမဆို အရဟတ္တဖိုလ်ရောက်သူကိုသာ
ဗြာဟ္မဏဟုဆိုသည်

၁၅၅။ အာနန္ဒတ္ထေရ ဝတ္ထု ၄၈၈
အာနန္ဒာထေရ်အကြောင်း
မြတ်စွာဘုရားသည် တန်ခိုးငါးမျိုးဖြင့် နေ့ညဥ့်တစ်လျှောက်
တောက်ပ တင့်တယ်သည်

၁၅၆။ အညတရဗြာဟ္မဏ ပဗ္ဗဇိတ ဝတ္ထု ၄၉၀
မထင်ရှားသော ပုဏ္ဏားရဟန်းအကြောင်း
ကိလေသာအညစ်အကြေးတို့ကို နှင်ထုတ်တတ်သူကို ပဗ္ဗဇိတခေါ်

၁၅၇။ သာရိပုတ္တတ္ထေရ ဝတ္ထု ၄၉၁
သာရိပုတ္တထေရ်အကြောင်း
အကဲခတ် လွန်၍ ပူလောင်မှုဖြစ်
တောင်းပန်သည်းခံ ခွင့်လွှတ်အပြစ်လွတ်

၁၅၈။ သာရိပုတ္တတ္ထေရ ဝတ္ထု ၄၉၄
သာရိပုတ္တထေရ်အကြောင်း
တရားတော်ဖြင့် ကျေးဇူးပြုပေးသူကို မမေ့ထိုက်

၁၅၉။ ဇဋိလဗြာဟ္မဏ ဝတ္ထု ၄၉၅
ဇဋိလပုဏ္ဏားအကြောင်း
ဆံကျစ်ရှိကာမျှဖြင့် ဗြာဟ္မဏမခေါ်

၁၆၀။ ကုဟာက ဗြာဟ္မဏ ဝတ္ထု ၄၉၆
ပလ္လားတတ်သော အံ့ဖွယ်ကိုဖြစ်စေတတ်သော ပုဏ္ဏားအကြောင်း
လင်းဆွဲငှက်သို့ သစ်ကိုင်း၌ ဦးခေါင်း စောက်ထိုး သစ်ကိုင်းကို
ခြေဖြင့် ချိတ်ဆွဲတတ်သူ
အသိဉာဏ်ရှိသူကို မလှည့်စားနိုင်
၁၆၁။ ဧကဗြာဟ္မဏ ဝတ္ထု ၅၀၀
ပုဏ္ဏားတစ်ယောက်အကြောင်း
ပုဏ္ဏားမျိုးဖြစ်၍ ဗြာဟ္မဏခေါ်သည်မဟုတ်
ကြောင့်ကြစွဲကင်း၊ ဤနှစ်ခင်း၊ ခေါ်ခြင်းဗြာဟ္မဏ
၁၆၂။ ဥဂ္ဂသေနသေဋ္ဌိပုတ္တ ဝတ္ထု ၅၀၁
ဥဂ္ဂသေန သူဌေးသားအကြောင်း
သံယောဇဉ်ဖြတ်ပြီးသူ မကြောက်တတ်
၁၆၃။ ဒွေဗြာဟ္မဏ ဝတ္ထု ၅၀၂
ပုဏ္ဏားနှစ်ယောက်တို့အကြောင်း
ဒေါသလှည်းဦး ပွတ်ကြိုးနှင့်တဏှာတုပ်ချည်ကြိုး
ဖြတ်ဖို့ပြတ်ဖို့ခက်၊
၁၆၄။ အက္ကောသက ဘာရဒွါဇ ဝတ္ထု ၅၀၃
ဆဲတတ်သော ဘာရဒွါဇ ပုဏ္ဏားအကြောင်း
အသွင်မတူသော်လည်း အိမ်သူဖြစ်နေရရှာ
တကယ်မေး၍ တကယ်ဖြေတော့ ကျေနပ် ရဟန္တာဖြစ်၊
၁၆၅။ သာရိပုတ္တတ္ထေရ ဝတ္ထု ၅၀၆
သာရိပုတ္တထေရ်အကြောင်း
မိခင်သာရီက သား သာရိပုတ္တကို ဆဲရေးပြစ်တင်
၁၆၆။ အညတရ ဗြာဟ္မဏ ဝတ္ထု ၅၀၈
မထင်ရှားသောပုဏ္ဏားတစ်ယောက်အကြောင်း
ခန္ဓာဝန်ကို အစစ်အမှန်ချထားသူ
၁၆၇။ ပဗ္ဘာရဝါသီ တိဿတ္ထေရ ဝတ္ထု ၅၀၉
တောင်လှိုဏ်ဝမ်းနေ တိဿထေရ်အကြောင်း
အပြစ်မဟုတ်သည်ကို အပြစ်လုပ်၍ စွပ်စွဲသည့်နတ်
တောမှနှင်ထုတ်ခံရ
၁၆၈။ အညတရဘိက္ခု ဝတ္ထု ၅၁၃
မထင်ရှားသော ရဟန်းတစ်ပါးအကြောင်း
မ,အတွက်ကြောင့် မိုက်ဖက်လွှန်
ဒေါသကင်းကွာရဟန္တာ

၁၆၉။ သာမဏေရာန် ဝတ္ထု ၅၁၅
သာမဏေလေးပါးတို့အကြောင်း
သံကိစ္စ သာမဏေ၊ ပဏ္ဍိတ သာမဏေ၊ သောပါက သာမဏေ
ရေဝတ သာမဏေ၊ ရဟန္တာများမို့သာ
၁၇၀။ မဟာပန္ထကတ္ထေရ ဝတ္ထု ၅၁၉
မဟာပန္ထကထေရ်အကြောင်း
အကျိုးစီးပွားနှင့် တရားတော်ကို ရှေးရှုနှင်ထုတ်ခြင်းဖြစ်
၁၇၁။ ပိလိန္ဒ ဝစ္ဆတ္ထေရ ဝတ္ထု ၅၂၀
ပိလိန္ဒဝစ္ဆထေရ်အကြောင်း
ဝါသနာဘာဂီ ဆက်တိုင်းမှီ
၁၇၂။ အညတရတ္ထေရ ဝတ္ထု ၅၂၁
မထင်ရှားသောထေရ်တစ်ပါးအကြောင်း
ပံသကူကောက် မြန်လွန်း၍ စွပ်စွဲခံရ
၁၇၃။ သာရိပုတ္တတ္ထေရ ဝတ္ထု ၅၂၃
သာရိပုတ္တထေရ်အကြောင်း
ကောင်းရာစီမံသော်လည်း အထင်လွဲကြသည်
အာသာကင်းကွာ ရဟန္တာ
၁၇၄။ မဟာမောဂ္ဂလာနတ္ထေရ ဝတ္ထု ၅၂၄
မဟာမောဂ္ဂလာန်ထေရ်အကြောင်း
တွယ်တာကင်းကွာ ရဟန္တာ
၁၇၅။ ရေဝတတ္ထေရ ဝတ္ထု ၅၂၅
ရေဝတထေရ်အကြောင်း
ကောင်းမှုမကောင်းမှု၊ နှစ်ခုစွန့်ပစ်၊ မကပ်ငြိ၊ မှတ်သိရဟန္တာ။
၁၇၆။ စန္ဒာဘတ္ထေရ ဝတ္ထု ၅၂၆
စန္ဒာဘထေရ်အကြောင်း
ချစ်ခင်စေလိုလျှင်၊ နာမည်ကို သိအောင်အလျဉ်လုပ်
တစ်စိတ်ကုသိုလ် တစ်စိတ်အကျိုးပေး
၁၇၇။ သီဝလိတ္ထေရ ဝတ္ထု ၅၃၀
သီဝလိထေရ်အကြောင်း
အကြံပေးသူပါ ဝင့်ခံရ
ရတနာသုံးပါးကို အောက်မေ့ပုံ (မှတ်ယူသင့်သည်)
၁၇၈။ သုန္ဒရသမုဒ္ဒတ္ထေရ ဝတ္ထု ၅၃၂
သုန္ဒရသမုဒ္ဒထေရ်အကြောင်း
မာတုဂါမတို့ မာယာ
မာယာလေးဆယ် (၄၀)

၁၇၉။ ဇင်္ဂိလတ္ထေရ ဝတ္ထု ၃၄၈
ဇင်္ဂိလထေရ်အကြောင်း
(ပထမပိုင်း၌ ဇောတိကသူဌေးအကြောင်းပါ၏)
ဝစီဘေး ထိတိုင်းရှ
မိမိဥစ္စာကို ရေမီး မဖျက်ဆီး မင်းတို့မသိမ်းနိုင်အောင်
ကုသိုလ်ပြုနည်း။
၁၈၀။ ဇောတိကတ္ထေရ ဝတ္ထု ၃၅၈
ဇောတိကထေရ်အကြောင်း
သူတစ်ပါးကို ကိုယ်လိုထင်
လိုချင်သူ အရှက်မရှိ
ကိုယ့်ပစ္စည်းကို ကိုယ်ပေးမှ သူရ
ပိုင်ရှင်က မလိုတော့လို့ ပစ္စည်းအားလုံး ပျောက်ကွယ်
၁၈၁။ နဋပုတ္တကတ္ထေရ ဝတ္ထု ၃၆၁
ကချေသည်သား ထေရ်တစ်ပါးအကြောင်း
ကချေသည်ရဟန်းပြု ရဟန္တာဖြစ်
၁၈၂။ နဋပုတ္တကတ္ထေရ ဝတ္ထု ၃၆၂
ကချေသည်သား ထေရ်တစ်ပါးအကြောင်း
ပျင်းမှုပျော်မှု ထိုနှစ်ခု၊ စွန့်ပြုရဟန္တာ
၁၈၃။ ဝင်္ဂီသတ္ထေရ ဝတ္ထု ၃၆၃
ဝင်္ဂီသထေရ်အကြောင်း
သေသူ၏ဦးခေါင်းရိုးကို ခေါက်၍ ဖြစ်ရာဘဝကို သိသူ
ရဟန္တာကွယ်လွန်ပြီးသော် ခေါက်မေး၍မရတော့ပြီ
၁၈၄။ အင်္ဂုလိမာလတ္ထေရ ဝတ္ထု ၃၆၆
အင်္ဂုလိမာလထေရ်အကြောင်း
တကယ်မကြောက်သူ ရဟန္တာ
၁၈၅။ ဒေဝဟိတ ဗြာဟ္မဏ ဝတ္ထု ၃၆၇
ဒေဝဟိတပုဏ္ဏားအကြောင်း
အဘယ်ပုဂ္ဂိုလ်၌ ပေးလှူလျှင် အကျိုးကြီးမြတ်သနည်း။


အမျိုးသားဆိုင်ရာ ဓမ္မပဒဝတ္ထု ဒုတိယတွဲ မာတိကာပြီး၏

# အမျိုးသားဆိုင်ရာဓမ္မပဒဝတ္ထုများ

## ၉။ ပါပဝဂ်

### ၁။ စူဠေကသာဋကဗြာဟ္မဏဝတ္ထု
### အပေါ်ရုံအဝတ်တစ်ထည်ရှိ ပုဏ္ဏားယော်အကြောင်း

ဝိပဿီ မြတ်စွာဘုရားလက်ထက်တော်၌ မဟာကေသာဋက - အပေါ်ရုံအဝတ်တစ်ထည်သာ ရှိသော ပုဏ္ဏားကြီးတစ်ယောက်ရှိခဲ့၏။

ယခု ဂေါတမ မြတ်စွာဘုရားလက်ထက်တော်ဝယ် သာဝတ္ထိမြို့၌ စူဠေကသာဋက အမည်ဖြင့် အပေါ်ရုံ အဝတ်တစ်ထည်သာရှိသော ပုဏ္ဏားငယ်တစ်ယောက်ရှိ၏။

ထိုပုဏ္ဏား၏ ခါးဝတ်အထည်သည် တစ်ထည်သာဖြစ်၏။ ပုဏ္ဏေးမ၏လည်း ခါးဝတ်အထည် သည် တစ်ထည်သာဖြစ်၏။ ဇနီးမောင်နှံ နှစ်ယောက်လုံး၏ အပေါ်ရုံအဝတ်သည် တစ်ထည်သာဖြစ်၏။ သူတို့အိမ်မှ ပြင်ဘက် မြို့တွင်းသို့ ပုဏ္ဏားသည်သော်လည်းကောင်း ပုဏ္ဏေးမသည်သော်လည်းကောင်း သွားရာအခါ၌ တစ်ထည်တည်းသာဖြစ်သော ထိုအပေါ်ရုံအဝတ်ကို တစ်လှည့်စီရုံ၍ သွားရလေ၏။

နေ့တစ်နေ့တွင် သာဝတ္ထိကျောင်းတော်၌ တရားနာရန် ကြွေးကြော်သံကို ကြားရသော ထိုပုဏ္ဏားသည် ပုဏ္ဏေးမအား ဤသို့ပြော၏။

အို. . . အိမ်ရှင်မ တရားနာရန် ကြွေးကြော်အပ်၏။ သင်နေ့အချိန်၌ တရားနာသွားမည်လော။ (သို့မဟုတ်) ညအချိန်၌ တရားနာသွားမည်လော။ အပေါ်ရုံအဝတ်ကိုယ်စီ မရှိသည့်အတွက် ငါတို့ နှစ်ဦးလုံး အတူမသွားနိုင်။

အို. . . အိမ့်ရှင် ကျွန်တော်မ နေ့အချိန်၌ တရားနာသွားပါမည်ဟု ပုဏ္ဏေးမက ပြော၍ဆိုကာ အပေါ်ရုံ အဝတ်ကို ရုံ၍ တရားနာသွားလေ၏။

ဧကသာဋကပုဏ္ဏားသည် နေ့အဖို့အချိန်ကို အိမ်အတွင်း၌ ကုန်လွန်စေကာ ညအချိန်၌သွား၍ မြတ်စွာဘုရား ရှေ့တော်၌ ထိုင်လျက်သာ တရားနာနေလေ၏။

တရားနာနေစဉ် ပုဏ္ဏား၏ တစ်ကိုယ်လုံးကို ပျံ့နှံ့လျက် ငါးမျိုးသော ပီတိဖြစ်ပေါ်လေ၏။

ပုဏ္ဏားသည် မြတ်စွာဘုရားကို ပူဇော်လို၍ -

အကယ်၍ ဤအပေါ်ရုံအဝတ်ကို ငါလှူခဲ့သော် ပုဏ္ဏေးမမှာရော ငါ့မှာပါ အပေါ်ရုံအဝတ် ရှိတော့မည် မဟုတ်ဟု ကြံမိလေ၏။ ထိုသို့ ကြံမိချိန်၌ ပုဏ္ဏား၏ အထောင်မကသော မစ္ဆေရစိတ်ဖြစ် လေပြီ။ နောက်တစ်ဖန် သဒ္ဓါစိတ်တစ်ခု ဖြစ်လာပြန်လေပြီ။ ထိုသဒ္ဓါစိတ်ကို လွှမ်းမိုး၍ တစ်ဖန်မစ္ဆေရ စိတ်အထောင် ဖြစ်ပြန်လေပြီ။ ဤသို့လျှင် ပုဏ္ဏား၏ အားကောင်းသော မစ္ဆေရစိတ်သည် သဒ္ဓါစိတ်ကို ဖမ်းချုပ်လိုက်သကဲ့သို့ တားမြစ်လိုက်သည်သာဖြစ်၏။ ပုဏ္ဏား၏ ပေးလှူမည် မလှူမည်ဟု ကြံစည်နေစဉ်

မှာပင် ပဌမယာမ်အချိန်သည် ကုန်သွား၍ မဇ္ဈိမယာမ်အချိန်သို့ ရောက်လေ၏။ ထိုမဇ္ဈိမယာမ်အချိန်၌လည်းပေးလှူရန် မစွမ်းနိုင်သေးချေ။ ပစ္ဆိမယာမ် ရောက်လတ်သော် ပုဏ္ဏားသည် ဤသို့ ကြံစည်မိလေ၏။ ငါ၏ သဒ္ဓါစိတ်နှင့် မစ္ဆေရစိတ် အပြိုင်အဆိုင် တိုက်ခိုက်နေစဉ်မှာပင် ပဌမယာမ် မဇ္ဈိမယာမ်တို့ ကျော်လွန်သွားကုန်ပြီ။

ငါ၏ ဤမျှလောက် တိုးပွားလာသော ဤမစ္ဆေရစိတ်သည် ငါ၏ဦးခေါင်းကို အပယ်လေးပါးတို့မှ အထက်သို့ ပေါ်တက်ခွင့်ပေးမည်မဟုတ်၊ ဤအပေါ်ရုံအဝတ်ကို ငါပေးလှူပေတော့မည်။

ပုဏ္ဏားသည် ဤသို့ ကြံစည်ပြီး မစ္ဆေရစိတ်အထောင်ကို လွှမ်းမိုး၍ သဒ္ဓါစိတ်ကို ရှေ့သွားပြုကာ အပေါ်ရုံ အဝတ်ကို ကိုင်ယူ၍ မြတ်စွာဘုရား ခြေတော်ရင်း၌ လှူထားပြီးသော် မေ - ငါသည်၊ ဇိတံ - အောင်အပ်ပြီ၊ မေ - ငါသည်၊ ဇိတံ - အောင်အပ်ပြီဟု သုံးကြိမ်တိုင်အောင် ကျယ်စွာသော အသံကိုပြုလေ၏။

ပသေနဒီ ကောသလမင်းကြီးသည် တရားနာနေစဉ် "ဇိတံမေ ဇိတံမေ" ဟူသော ထိုအသံကို ကြားရလေသော် ထိုသူသည် အောင်အပ်ပြီဟု အော်ဟစ်သည် အဘယ်ကို အောင်လေသနည်း။ ထိုသူကို မေးကြဟု မိန့်လေ၏။

ဧကသာဋကပုဏ္ဏားသည် မင်းချင်းယောကျ်ားတို့ မေးမြန်းအပ်လေသော် အော်ဟစ်ခြင်း အကြောင်းကို ပြောဆိုလေ၏။

ကောသလမင်းကြီးသည် ဧကသာဋက ပုဏ္ဏား၏ ပြောလိုက်သော ထိုစကားကို ကြားရလေသော် ပုဏ္ဏားသည် ပြုနိုင်ခဲက်သော အမှုကို ပြုအပ်ပေပြီ။ ထိုပုဏ္ဏားအား ငါချီးမြှောက်မည်ဟု အဝတ်စုံ တစ်စုံကို ပေးစေ၏။ ပုဏ္ဏားသည် မင်းပေးအပ်သော ထိုအဝတ်စုံကိုလည်း မြတ်စွာဘုရားအားသာ ပေးလှူလေ၏။

ကောသလမင်းကြီးသည် နောက်ထပ်အဝတ်နှစ်စုံတို့ကို၊ အဝတ်လေးစုံတို့ကို၊ အဝတ်ရှစ်စုံတို့ကို၊ အဝတ်တစ်ဆယ့်ခြောက်စုံတို့ကို ဤသို့အားဖြင့် နှစ်ဆတက်ပြု၍ ပေးစေ၏။

ဧကသာဋက ပုဏ္ဏားသည် ထိုအဝတ်စုံတို့ကိုလည်း မြတ်စွာဘုရားအားသာ ပေးလှူလေ၏။

ထိုအခါ ကောသလမင်းကြီးသည် ဧကသာဋက ပုဏ္ဏားအား အဝတ်သုံးဆယ့်နှစ်စုံတို့ကို ပေးစေ၏။

ဧကသာဋက ပုဏ္ဏားသည် မိမိအတွက် မယူဘဲ ရတိုင်း ရတိုင်းကို စွန့်လှူနေသည်သာဟု တစ်ပါးသူတို့ အပြောအဆို ကင်းလွတ်စေရန် အဝတ်သုံးဆယ့်နှစ်စုံနဲ့ မိမိအတွက်တစ်စုံ၊ ပုဏ္ဏေးမအတွက် တစ်စုံအားဖြင့် အဝတ်နှစ်စုံတို့ကို ယူထားပြီး အဝတ်အစုံသုံးဆယ်တို့ကို မြတ်စွာဘုရားအားသာ ပေးလှူလေ၏။

ကောသလမင်းကြီးသည် ဧကသာဋကပုဏ္ဏားသည် အကြိမ်တစ်ရာတိုင်အောင် မြတ်စွာဘုရား အား ပေးလှူနေသော်လည်း နောက်ထပ်ပေးလိုသည်သာဖြစ်၏။

ရှေးဖြစ်သော ဝိပဿီမြတ်စွာဘုရားလက်ထက်တော်က မဟာဧကသာဋက ပုဏ္ဏားသည် ဝတ်စုံ ခြောက်ဆယ့်လေးစုံတို့တွင် နှစ်စုံကို ယူထားလေ၏။ ယခုဧကသာဋက ပုဏ္ဏားသည်ကား ဝတ်စုံသုံးဆယ့်

နှစ်စုံရ ရာအချိန်၌ ၀တ်စုံနှစ်စုံကို ယူထားလေ၏။

ကောသလမင်းကြီးသည် အိုအချင်းတို့ ဧကသာဋကပုဏ္ဏားသည် ပြုနိုင်ခက်သော အမှုကို ပြုအပ်ပေ၏။ ငါ၏ နန်းတော်အတွင်း၌ ကမ္ဗလာနှစ်ထည်တို့ကို ဆောင်ယူစေကြကုန်လော့ဟု မင်းချင်းယောကျ်ားတို့ကို စေခိုင်းလေ၏။

မင်းချင်းယောကျ်ားတို့သည် မင်းကြီးစေခိုင်းသည့်အတိုင်း ပြုကြကုန်၏။

ကောသလမင်းကြီးသည် အသပြာတစ်သိန်းစီ ထိုက်တန်သော ကမ္ဗလာနှစ်ထည်တို့ကို ပုဏ္ဏားအားပေးစေ၏။

ဧကသာဋက ပုဏ္ဏားသည် ဤကမ္ဗလာ အ၀တ်ထည်တို့သည် ငါ၏ ကိုယ်၌ သုံးစွဲထိုက်သည် မဟုတ်ကုန်။ ဤကမ္ဗလာအထည်တို့သည် မြတ်စွာဘုရားသာသနာတော်အားသာ သင့်လျော်ကုန်၏ဟု ကြံရွယ်၍ ကမ္ဗလာတစ်ထည်ကို ဂန္ဓကုဋိတိုက်အတွင်း၌ မြတ်စွာဘုရား နေရာတော်၏ အထက်၌ မျက်နှာကျက်ပြုထားလေ၏။ တစ်ထည်ကို မိမိအိမ်၌ မပြတ်ဆွမ်းဘုဉ်းပေးသော ရဟန်းတော်၏ ဆွမ်းဘုဉ်းပေးရာနေရာအထက်၌ မျက်နှာ ကျက်ပြုထားလေ၏။

ကောသလမင်းကြီးသည် ညနေချမ်းအချိန် မြတ်စွာဘုရားထံ သွားရောက်၍ ဧကသာဋကပုဏ္ဏား မျက်နှာ ကျက်ပြုလုပ်ထားသော ထိုကမ္ဗလာအ၀တ်ထည်ကို မှတ်မိသဖြင့် -

မြတ်စွာဘုရား အဘယ်သူသည် ပူဇော်ထားအပ်ပါသနည်းဟု မေးလျှောက်လေလျှင် ဒကာတော်မင်းကြီး ဧကသာဋကပုဏ္ဏား ပူဇော်ထားအပ်သည်ဟု မိန့်အပ်လေသော် ဧကသာဋက ပုဏ္ဏားသည် ငါကြည်ညိုရာဌာနန၌ပင် ကြည်ညိုသူဖြစ်၏ဟု ပြောဆိုပြီး -

ဆင်လေးစီး၊ မြင်းလေးစီး၊ အသပြာငွေလေးထောင် အမျိုးသမီးလေးယောက်၊ ကျွန်မိန်းမလေးယောက် ကျွန်ယောကျ်ားလေးယောက်၊ ရွာမြတ်လေးရွာအားဖြင့် ခုနစ်မျိုးတို့ကို လေးခုလေးခုစီပြု၍ သဗ္ဗစတုက္ကမည်သော ဆုကို ပုဏ္ဏားအားပေးစေ၏။

ရဟန်းတို့သည် ဓမ္မသဘင်၌ စကားကို ဖြစ်စေကြကုန်၏။

ဧကသာဋက ပုဏ္ဏားငယ်၏ အလုပ်သည် အံ့ဩလောက်ပါပေ၏။ အချိန်တစ်မုဟုတ်၌ပင် သဗ္ဗစတုက္ကဆု ကိုရလေ၏။ ယခုပြုအပ်သော ကောင်းမှုကံသည် ယနေ့၌ပင် အကျိုးကို ပေးအပ်သည်ဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရား ကြွလာ၍ အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူလျှင် ဤမည်သောစကား ဖြင့် စုဝေးနေကြပါသည်ဟု ရဟန်းတော်တို့က လျှောက်ထားအပ်လေသော် -

ရဟန်းတို့ ဤဧကသာဋက ပုဏ္ဏားသည် ပထမယာမ်အချိန်၌ ငါဘုရားအား ပေးလှူရန်စွမ်းနိုင်ခဲ့လျှင် သဗ္ဗသောဠသက (ခုနစ်မျိုးတစ်ဆယ့်ခြောက်ခုစီရှိသော) ဆုကို ရလေရာ၏။ မဇ္ဈိမယာမ်၌ စွမ်းနိုင်ခဲ့လျှင် သဗ္ဗဋ္ဌက (ခုနစ်မျိုးလုံး ရှစ်ခုစီရှိသော) ဆုကို ရလေရာ၏။ သို့သော်လည်း လင်းအားကြီး ပစ္ဆိမယာမ်အချိန်၌ ပေးလှူရသောကြောင့် ဤပုဏ္ဏားသည် သဗ္ဗစတုက္က (ခုနစ်မျိုးလုံး လေးခုစီရှိသောဆု) ကို ရခဲ့လေပြီ။ မှန်လှပေ၏။ ကောင်းမှုကံကို ပြုလုပ်သူသည် ဖြစ်ပေါ်လာသော ပြုလုပ်လိုစိတ်ကို လျှော့မသွားစေဘဲ ပြုလုပ်လိုသော ထိုခဏ၌ပင် ကောင်းမှုကံကို ပြုလုပ်ထိုက်ပေသည်။ အဘယ့်ကြောင့်

ဆိုသော် နေ့းကွေးစွာပြုလုပ်အပ်သော ကုသိုလ်သည် စည်းစိမ်ချမ်းသာအကျိုးကို ပေးလတ်သော် နှေးကွေးစွာသာ ပေးလေ၏။ ထို့ကြောင့် ကုသိုလ်ပြုလုပ်လိုစိတ် ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက်သာ (ဖြစ်ပေါ်လာသော ကုသိုလ်ပြုလုပ်လိုစိတ်၏ အခြားမဲ့တစ်ဆက်တည်း၌သာ) ကောင်းမှုကံကို ပြုလုပ်ထိုက်သည်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောလိုတော်မူသော မြတ်စွာဘုရားသည် ဆိုလတ္တံ့သော ဤဂါထာကို ဟောပြလေသည်။

"အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံနိဝါရယေ။

ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတီ မနော"

ဟိ ယသ္မာ - အကြင်ကြောင့်၊ ဒန္ဓံ - နှေးနှေးကွေးကွေး၊ ပုညံ - ကုသိုလ်ကို၊ ကရောတော - ပြုလုပ်မည့် သူ၏၊ မနော - စိတ်သည်၊ ပါပသ္မိံ - မကောင်းမှု၌၊ ရမတိ - ကိုင်းညွတ်မွေ့လျော်သွားနိုင်၏။

တသ္မာ - ထို့ကြောင့်၊ ကလျာဏေ - ကောင်းမှုကုသိုလ်တို့ကို၊ အဘိတ္ထရေထ - လျင်လျင်မြန်မြန် ပြုရာ၏။ စိတ္တံ - စိတ်ကို၊ ပါပါ - ကာယဒုစရိုက်စသော မကောင်းမှုနှင့် အကုသိုလ်စိတ်ဖြစ်ခြင်းမှ၊ နိဝါရယေ - စွမ်းအားအသစ်ဖြင့် တားမြစ်ရာသတည်း။

ထိုဂါထာ၏ အဓိပ္ပာယ်ကား၊ လူဖြစ်သူသည်လည်း စာရေးတံဆွမ်း လှူဒါန်းခြင်းစသည်တို့တွင် တစ်စုံ တစ်ခုသော ကုသိုလ်ကို ပြုလုပ်မည်ဟူသော စိတ်ဖြစ်ခဲ့သော် အခြားသူပြုခွင့်မရနိုင်အောင် "ငါအလျင်ပြုမည်၊ ငါအလျင်ပြုမည်" ဟု အလွန်လျင်မြန်စွာသာ ပြုသင့်သည်။

ဥပဇ္ဈာယ်၌ ပြုသင့်သော ကျင့်ဝတ်တို့ကို ပြုလုပ်သော ရှင်ရဟန်းသည်လည်း အခြားသူအား ပြုခွင့်မပေးမူ ၍ "ငါအလျင်ပြုမည်၊ ငါအလျင်ပြုမည်" ဟု အလွန်လျင်မြန်စွာသာ ပြုသင့်သည်။

ကာယဒုစရိုက်အစရှိသော မကောင်းမှုမှလည်းကောင်း၊ အကုသိုလ်စိတ်ဖြစ်ခြင်းမှလည်းကောင်း အစွမ်း ကုန် စိတ်ကို တားမြစ်ရာ၏။

အကြင်သူသည် ပေးလှူအံ့၊ မပေးလှူအံ့ ငါအား ပြည့်စုံမည်လော မပြည့်စုံမည်လောဟု ရှုံ့ညွန်ခရီးဖြင့် သွားသူကဲ့သို့ ကုသိုလ်ကောင်းမှုကို နှန့်နှေးစွာပြု၏။ စေကသာဋကပုဏ္ဏား၏ မစ္ဆေရသည် ဖြစ်ပေါ်ခွင့်ကို ရသကဲ့သို့ ထိုသူ၏ မကောင်းမှု မစ္ဆေရအထောင်သည် ဖြစ်ပေါ်ခွင့်ကို ရလေ၏။ ထိုအခါ ထိုသူ၏စိတ်သည် မကောင်းမှု၌ မွေ့လျော်လေတော့သည်။

မှန်လှပေ၏။ စိတ်သည် ကုသိုလ်ကံကို ပြုလုပ်ချိန်၌သာ ကုသိုလ်၌ မွေ့လျော်နေမည်။ ကုသိုလ်ပြုချိန်မှ လွတ်ခဲ့သော် မကောင်းမှု၌ ကိုင်းညွတ်လေတော့သတည်း။

တရား ဒေသနာ ဂါထာအဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေ ကုန်၏။

**စူဠေကသာဋကဗြာဟ္မဏဝတ္ထု ပြီး၏။**

## ၂။ သေယျသကတ္ထေရဝတ္ထု
## သေယျသကထေရ်အကြောင်း

မြတ်စွာဘုရားလက်ထက်တော်၌ လာဠုဒါယီထေရ်၏ အတူနေ တပည့် သေယျသက အမည်ရှိထေရ် တစ်ပါးရှိ၏။

ထိုထေရ်သည် မိမိ၌ဖြစ်ပေါ်လာသော မမွေ့လျော်မှုကို လာဠုဒါယီထေရ်အား ပြောကြားသဖြင့် လာဠု ဒါယီထေရ်က ပထမသံဃာဒိသိသ်အာပတ်သင့်ကြောင်းအမှု၌ ဆောက်တည်စေအပ်သည်ဖြစ်၍ မမွေ့လျော်မှု ဖြစ်ပေါ်လာတိုင်း ထိုအမှုကို ပြုလေပြီ။

မြတ်စွာဘုရားသည် သေယျသကထေရ်၏ ပြုမူပုံကို ကြားသိရ၍ သေယျသကထေရ်ကို အခေါ်လွှတ်ပြီး သင် ဤသို့ပြုသည်မှာ မှန်သလောဟု မေးတော်မူသဖြင့် မြတ်စွာဘုရား. . . မှန်ပါ ကြောင်းဟု လျှောက်ထားအပ်သော် မြတ်စွာဘုရားသည် မင်ဖိုလ်မမှီး အချည်းနှီးသော အိုယောက်ျား အဘယ့်ကြောင့် ဝန်လေးသောအမှုကို ပြုရသနည်း။ သင်ပြုအပ်သော အမှုသည် ရဟန်းတို့အား မလျောက်ပတ်သော အမှုဖြစ်သည်အစရှိသော အမျိုးမျိုးအစားစား စကားတော်တို့ဖြင့် ကဲ့ရဲ့တော်မူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင် ဤသို့သဘောရှိသော ပြုလုပ်မှုသည် မျက်မှောက်ဘဝ၌ လည်းကောင်း တမလွန်ဘဝ၌လည်းကောင်း ဆင်းရဲကို ဖြစ်စေသည်သာ ဖြစ်၏ဟု မိန့်တော်မူကာ အနုသန္ဓေကို စပ်၍ တရားဟောတော်မူလိုရကား ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

"ပါပဥ္စေ ပုရိသော ကယိရာ၊ န နံ ကယိရာ ပုနပ္ပုနံ။
နတမှိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော"

ပုရိသော - တစ်စုံတစ်ယောက်သောသူသည် ပါပံ - မကောင်းမှုကို (သကိံ) တစ်ကြိမ်၊ စေ ကယိရာ - အကယ်၍ ပြုငြားအံ့၊ (တခံဏေယော) ပြုပြီး ထိုခဏ၌ပင် ဣဒံ - ဤအမှုသည်၊ အပ္ပဋိရူပံ - မလျောက်ပတ်၊ ဩဠာရိကံ - ကြမ်းတမ်း၏။ ဣတိ - ဤသို့ (ပစ္စဝေက္ခိတွာ - ဆင်ခြင်၍)၊ နံ - ထိုအမှုကို၊ ပုနပ္ပုနံ - အဖန်ဖန်၊ နကယိရာ - မပြုလုပ်ရာ၊ တမှိ - တစ်ကြိမ်တစ်ခါ - ပြုလုပ်မိသော ထိုမကောင်းမှု၌၊ ဆန္ဒံ - ပြုလုပ်လိုသော ဆန္ဒနှင့် နှစ်သက်မှုကို ဝိနောဒေတွာ - ပယ်ဖျောက်၍၊ တမှိ - ထိုမကောင်းမှုကိုလည်း၊ နကယိရာထ - မပြုရာသည်သာ၊ ကသ္မာ - အဘယ်ကြောင့် နည်းဟူမူ၊ ပါပဿ မကောင်းမှု၏ ဥစ္စယော - ထိုပွားခြင်းသည်၊ ဒုက္ခော - ဆင်းရဲကြောင်းဖြစ်၏။ (တသ္မာ - ထို့ကြောင့် ပေတည်း)။

ဒေသနာတော် အဆုံး၌ စုဝေးရောက်လာသူ ရဟန်းရှင်လူတို့သည် သောတာပတ္တိဖိုလ်စသည် တို့သို့ ရောက်ကြလေကုန်၏။

သေယျသကတ္ထေရဝတ္ထု ပြီး၏။

## ၃။ အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု
## အနာထပိဏ် သူဌေးအကြောင်း

သာဝတ္ထိမြို့နေ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကျောင်းတော်ကိုသာ ရည်ရွယ်၍ ငါးဆယ်လေး ကုဋေဥစ္စာငွေကို မြတ်စွာဘုရားသာသနာတော်၌ ဖြန့်ကျဲလှူဒါန်းပြီးသော ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် နေ့စဉ်နေ့တိုင်း သုံးကြိမ်တိုင်အောင် မြတ်စွာဘုရားထံ ဆည်းကပ်ရန် သွားလေ၏။

သွားစဉ်မှာလည်း ကျောင်းဒါယကာကြီးသည် အဘယ်ပစ္စည်းကိုယူ၍ ကျောင်းသို့လာလေသနည်းဟု သာမဏေတို့သည်လည်းကောင်း ရဟန်းငယ်တို့သည်လည်းကောင်း ငါ၏လက်ကိုလည်း ကြည့်ကြကုန်ရာ၏ဟု ဆင်ခြင်စဉ်းစား၍ အချီးနှီးသော လက်ရှိလျက် မသွားဘူးချေ။

နံနက်စောစော သွားစဉ် ယာဂုကို ယူစေ၍သာ သွား၏။ နံနက်စာစားပြီးချိန်၌ သွားစဉ် ထောပတ် ဆီဦး အစရှိသော ဆေးတို့ကို ယူစေ၍သာ သွား၏။ ညနေချမ်း အချိန်၌သွားစဉ် ပန်းနံ့သာ အမွှေးတိုင် အဝတ်သင်္ကန်း စသည်တို့ကို ယူစေ၍သာသွား၏။

ဤသို့အားဖြင့် အမြဲမပြတ်သာ နေ့တိုင်းနေ့တိုင်း လှူဖွယ်ပစ္စည်းကို လှူ၍ သီလကို စောင့်ရှောက်၏။ နောက်အဖို့ဖြစ်သောအချိန်၌ သူဌေးကြီး၏ ဥစ္စာငွေသည် ကုန်ခန်းခြင်းသို့ ရောက်လေ၏။

ရောင်းဝယ်မှုဖြင့် အသက်မွေးသူ ကုန်သည်တို့သည်လည်း သူဌေးကြီး၏ လက်မှ တစ်ဆယ့်ရှစ် ကုဋေ ဥစ္စာငွေကို ကြွေးမြီအဖြစ် ယူထားကြကုန်၏။

မြစ်ကမ်းအနီး၌ မြှုပ်၍ ထားအပ်ကုန်သော သူဌေးကြီး၏ အမျိုးဥစ္စာ ငွေတစ်ဆယ့်ရှစ်ကုဋေ တို့သည်လည်း ရေကြောင့် မြစ်ကမ်းပြိုပျက်လေသော် မဟာသမုဒ္ဒရာတွင်းသို့ ဝင်ရောက်ကြလေကုန်၏။

အစဉ်အတိုင်းဖြစ်သော ဤနည်းဖြင့် သူဌေးကြီး၏ ဥစ္စာငွေသည် ကုန်ခန်းခြင်းသို့ ရောက်လေ၏။

ဤသို့ပင်ဖြစ်သော်လည်း သူဌေးကြီးသည် သံဃာတော်အား လှူဖွယ်ပစ္စည်းကို ပေးလှူသည်သာ ဖြစ်၏။ သို့ပေးလှူသော်လည်း မွန်မွန်မြတ်မြတ်ပြု၍ ပေးလှူရန် မတတ်နိုင်ပါချေ။

တစ်နေ့သ၌ မြတ်စွာဘုရားက သူဌေးကြီးကို အို. . . အိမ့်ရှင် သင်၏ အိမ်၌ သင်သည် လှူဖွယ် ပစ္စည်းကို ပေးလှူအပ်သလောဟု မိန့်အပ်လေသော် သူဌေးကြီးက မြတ်စွာဘုရား တပည့်တော်သည် လှူဖွယ်ပစ္စည်းကို ပေးလှူအပ်ပါ၏။ ပေးလှူအပ်သော ထိုပစ္စည်းမှာမူ စင်စစ်အားဖြင့် ပအုံးရည်လျှင် နှစ်ခုမြောက်ဖြစ်သော ဆန်ကွဲဆွမ်းဖြစ်ပါသည်ဟု လျှောက်ထားလေ၏။

(ထိုသို့လျှောက်ထားသောအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို ဤသို့ မိန့်တော်မူ၏)

အိမ်ရှင် ဒါယကာ ငါသည် ခေါင်းပါးသော (တန်ဖိုးနည်းသော) လှူဖွယ်ပစ္စည်းကို ပေးလှူရ၏ဟု မအောက်မေ့ပါနှင့်။ စင်စစ်သော်ကား စိတ်ထားမွန်မြတ်ခဲ့သော် ဘုရားအစရှိသည်တို့အား ပေးလှူအပ်သော လှူဖွယ်ပစ္စည်းမည်သည် ခေါင်းပါးသည်။ (တန်ဖိုးနည်းသည်) ဟု မရှိပါ။ စင်စစ်ကား သင်သည်

အရိယာရှစ်ဦးတို့အား လှူဖွယ်ပစ္စည်းကို ပေးလှူနေရသူဖြစ်၏။

ငါဘုရားသည် ဝေလာမပုဏ္ဏားဖြစ်ခဲ့ချိန်က ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို လယ်ထွန်ခြင်းကိစ္စပြတ်အောင်ပြု၍ (ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ လူကို လယ်မလုပ်စေဘဲ) ကြီးကျယ်သော လှူဖွယ်ပစ္စည်း ပေးလှူမှုကို ဖြစ်စေသော်လည်း သုံးပါးအစုံ သရဏဂုံတည်သူတစ်ယောက်ကိုသော်လည်း မရမကြုံခဲ့။ အလှူခံပုဂ္ဂိုလ်တို့မည်သည် ဤသို့ပင် ရခဲကုန်၏။ ထို့ကြောင့် ငါသည် ခေါင်းပါးသော (တန်ဖိုးနည်းသော) လှူဖွယ်ပစ္စည်းကို ပေးလှူအပ်၏ဟု ငါ၏ လှူဖွယ်ပစ္စည်းသည် တန်ဖိုးနည်း၏ဟု မကြံစည် မအောက်မေ့ပါနှင့်ဟု မိန့်တော်မူကာ အနာထပိဏ်သူဌေးအား ဝေလာမသုတ်တော်ကို ထုတ်ဖော်ဟောပြတော်မူပြီ။

ထိုအချိန်မှ နောက်ဖြစ်သော အချိန်၌ သူဌေးကြီး၏ အိမ်ဝိုင်းတံခါးမုခ်၌နေသော နတ်သည် မြတ်စွာဘုရားနှင့် တပည့်သာဝကသံဃာတော်တို့ သူဌေးကြီးအိမ်သို့ ဝင်ကြကုန်သော် မြတ်စွာဘုရားနှင့် တပည့်သံဃာတို့၏ တန်ခိုးအရှိန်ဖြင့် ရပ်တည်မနေနိုင်၍ ဤရဟန်းဂေါတမနှင့် တပည့်သာဝကတို့၏ သူဌေးအိမ်သို့ မဝင်နိုင်အောင် သူဌေးကြီးကို ဖျက်ဆီးမည်ဟု ကြံရွယ်၍ သူဌေးကြီးကို ပြောလိုသော်လည်း သူဌေးကြီး၏ စည်းစိမ်ဥစ္စာကို အုပ်စိုးနေချိန်၌ စကားတစ်စုံတစ်ရာကို မပြောရဲခဲ့။

ယခုအချိန်မှာမူ ဆင်းရဲနေသော ဤသူဌေးကြီးသည် ငါ၏ စကားကို လိုက်နာလိမ့်မည် အထင်ဖြင့် ညအချိန်ဝယ် သူဌေးကြီး၏ ကျက်သရေရှိသော အိပ်ခန်းသို့ဝင်၍ ကောင်းကင်၌ ရပ်တည်နေလေ၏။

ထိုအခါ သူဌေးကြီးသည် ထိုနတ်ကိုမြင်၍ အဘယ်သူနည်းဟု ပြောလေ၏။

သူဌေးကြီး ကျွန်ုပ်သည် သူဌေးကြီး၏ လေးခုမြောက်တံခါးမုခ်၌ စောင့်နေသော နတ်ဖြစ်ပါသည်။ အရှင်သူဌေးအား ဩဝါဒပေးရန် လာခဲ့ပါသည်ဟု ပြောလေလျှင် ဩဝါဒပေးရန် လာခဲ့သည်ဖြစ်လျှင် ဆုံးမစကား ပြောဆိုပါဟု သူဌေးကြီးက ပြောလေ၏။

အို. . . သူဌေးကြီး သင်သည် နောက်ပိုင်းအချိန်ကို မျှော်မကြည့်ဘဲသော ရဟန်းဂေါတမ၏ သာသနာတော်၌ များစွာသော ဥစ္စာကို ဖြန့်ကြဲအပ်၏။ ယခုဆင်းရဲသူဖြစ်နေသော်လည်း ဖြန့်ကြဲမှုကို လက်မလွှတ်သေးသူသာ ဖြစ်၏။ ဤသို့ ဖြစ်နေခဲ့သော် နှစ်ရက်သုံးရက်ဖြင့်သာ စားရရုံဝတ်ရရုံကိုသော်လည်း ရတော့မည်မဟုတ်၊ သင်သူဌေး ကြီးအား ရဟန်းဂေါတမဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အလွန်စွန့်ကြဲခြင်းမှ ရှောင်ကြဉ်၍ စီးပွားရေးအလုပ်၌ အားထုတ်လျက် ပစ္စည်းဥစ္စာကို ဖြစ်ပေါ်တည်နေပါစေဟု နတ်က ပြောဆိုလေ၏။

ဤဩဝါဒသည် ငါ့အား သင်ပေးအပ်သော ဩဝါဒပေလော။

ဟုတ်ပါသည် သူဌေးကြီး။

ပြန်သွားပေတော့ ငါသည် သင်လိုနတ်တို့၏ အရာသည်လည်းကောင်း၊ အထောင်သည်လည်းကောင်း၊ အသိန်းသည်လည်းကောင်း၊ တုန်လှုပ်စေနိုင်သူမဟုတ်။ သင်သည် ငါ့အား မသင့်တော်သော စကားကို ပြောဆိုအပ်၏။ ငါ့အိမ်၌နေသော သင်ဖြင့် ဘာအကျိုးရှိမည်နည်း။ သင်သည် ငါ့အိမ်မှ အမြန်ထွက်သွားပေတော့ဟု သူဌေးကြီးက ပြောဆိုလေ၏။

ထိုနတ်သည် သောတာပန်အရိယ သာဝက၏ စကားကို ကြားရ၍ ရပ်တည်နေရန်

မစွမ်းနိုင်သူဖြစ်ရကား သားသူငယ်တို့ကို ခေါ်ယူ၍ တံခါးမုခ်မှ ထွက်သွားလေ၏။ တံခါးမုခ်မှ ထွက်လာသော်လည်း အခြားအရပ်၌ နေစရာ နေရာကို မရ၍ သူဌေးကြီးကို တောင်းပန်ပြီး လေးခုမြောက် တံခါးမုခ်၌ပင် နေတော့မည်အကြံဖြင့် မြို့စောင့်နတ်ထံ ချဉ်းကပ်၍ မိမိပြုခဲ့သော အပြစ်ကို ပြောပြပြီး လာပါ ကျွန်ုပ်ကို သူဌေးကြီးထံခေါ်ဆောင်၍ သည်းခံစေပြီး နေစရာနေရာကို ပေးပါစေဟု ပြောလေ၏။

မြို့စောင့်နတ်သည် သင်သည်မသင့်တော်သော စကားကို ပြောဆိုအပ်၏။ ငါသည် သူဌေးကြီးထံ မသွားဝံ့ပါဟု တံခါးမုခ်စောင့်နတ်ကို တားမြစ်ဖယ်ရှားလေ၏။

တံခါးမုခ်စောင့်နတ်သည် နတ်မင်းကြီးလေးဦးတို့ထံ သွားပြန်၍ နတ်မင်းကြီးလေးဦးတို့ကလည်း တားမြစ် ဖယ်ရှားအပ်ရကား သိကြားနတ်မင်းထံချဉ်းကပ်၍ ထိုအကြောင်းကို ပြောဆိုကာ -

အရှင်သိကြားမင်း ကျွန်ုပ်သည် နေစရာနေရာကို မရပါ၍သား သူငယ်တို့ကို လက်ဖြင့် ကိုင်ယူ၍ ကိုးကွယ် ရာမဲ့ဖြစ်နေပါသည်။ ကျွန်ုပ်အား အသင်သိကြားမင်းက အနာထပိဏ်သူဌေးကို နေစရာနေရာ ပေးပါစေဟု အလွန်ကောင်းမွန်စွာ တောင်းဆိုလေ၏။

ထိုအခါ ထိုနတ်ကို သိကြားမင်းက ငါသိကြားသည်လည်း သင့်အကြောင်းကြောင့် သူဌေးကို ပြောရဲသူမဟုတ်။ သို့သော်လည်း သင့်အား နည်းဥပါယ်တစ်ခုကို ပြောပြမည်ဟု မိန့်ဆိုလေ၏။

အရှင်သိကြားမင်း ကောင်းပါ၏။ ပြောပြပါ။

သင်သွားချေ။ သူဌေးကြီး၏ အမှုဆောင် လူအသွင်ကို ယူ၍ (ဖန်ဆင်း၍) သူဌေးကြီး၏ လက်မှ စာရင်းတင်၍ ကုန်သည်တို့ ယူထားအပ်သော တစ်ဆယ့်ရှစ်ကုဋေ အသပြာငွေကို မိမိ၏ တန်ခိုး အာနုဘော်ဖြင့် သုတ်သင်ရှင်းလင်း၍ သူဌေးကြီး၏ အချည်းနှီးဖြစ်နေသော ဘဏ္ဍာတိုက်၌ ပြည့်စေပြီး မဟာသမုဒ္ဒရာသို့ ဝင်နေသော တစ်ဆယ့်ရှစ်ကုဋေ ဥစ္စာငွေသည် ရှိနေ၏။ ထိုမှ အခြားလည်းဖြစ်သော ဤမည်သော နေရာ၌ ပိုင်ရှင်မဲ့ တစ်ဆယ့်ရှစ်ကုဋေဥစ္စာငွေသည် ရှိလေ၏။ ထိုဥစ္စာငွေ အားလုံးကို ကောင်းစွာ ယူဆောင်၍ သူဌေးကြီး၏ အချည်းနှီးဖြစ်နေသော ဘဏ္ဍာတိုက်၌ ပြည့်စေပြီး ဒဏ်ဆောင်မှုကို ပြု၍ တောင်းပန်ပါချေဟု မိန့်ဆိုလေ၏။

တံခါးစောင့်နတ်သည် အရှင်သိကြားမင်းကောင်းပါပြီဟု ဝန်ခံပြီး သိကြားမင်းပြောဆိုအပ်သော နည်းဖြင့်ပင် အားလုံးကို ပြု၍ နောက်ထပ် အနာထပိဏ်သူဌေး၏ ကျက်သရေအိပ်ခန်းကို ကိုယ်ရောင်ဖြင့် ထွန်းလင်း တောက်ပစေလျက် ကောင်းကင်၌ ရပ်၍ သူဌေးကြီးက ဤသူသည် အဘယ်သူနည်းဟု ပြောဆိုအပ်သော် ကျွန်ုပ်သည် အရှင်သူဌေး၏ စတုတ္ထမြောက်တံခါးမုခ်၌ စောင့်ရှောက်နေသော နတ်ကန်းနတ်မိုက်ဖြစ်ပါသည်။ ကျွန်ုပ်သည် ကန်းမိုက်သူဖြစ်ခြင်းကြောင့် အရှင်သူဌေးတို့ထံ၌ ပြောဆိုမိသော ကျွန်ုပ်၏စကားကို သည်းခံတော် မူကြပါ။

မှန်ပါသည် အရှင်သူဌေး၊ ကျွန်ုပ်သည် သိကြားမင်း၏ နည်းပေးစကားဖြင့် ငါးဆယ့်လေးကုဋေ အသပြာငွေကို ပေါင်းစု၍ အရှင်သူဌေး၏ အချည်းနှီးဖြစ်နေသော ဘဏ္ဍာတိုက်ကို ပြည့်စေခြင်းအားဖြင့် ဒဏ်ဆောင်မှုကို ပြုအပ်ပါပြီ။ ကျွန်ုပ်သည် နေစရာနေရာကို မရသူဖြစ်နေ၍ ပင်ပန်းလှပါ၏ဟု တောင်းပန်လေ၏။

အနာထပိဏ်သူဌေးသည် ဤနတ်သည် ငါ့အား ဒဏ်ဆောင်မှုကိုလည်း ပြုအပ်ပါပြီဟု

ပြောဆိုသည်။ မိမိ၏အပြစ်ကိုလည်း ဝန်ခံသည်။ ဤနတ်ကို မြတ်စွာဘုရားအား ပြမည်ဟု စဉ်းစားကြံစည်၍ တံခါးစောင့်နတ်ကို မြတ်စွာဘုရားထံခေါ်ခဲ့ပြီး ထိုနတ်သည် ပြုအပ်သမျှအားလုံးကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ တံခါးစောင့်နတ်သည် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခေါင်းဖြင့် တုပ်ဝပ်၍ -

မြတ်စွာဘုရား တပည့်တော်သည် ကန်းမိုက်သူအဖြစ်ကြောင့် အရှင်ဘုရားတို့၏ ဂုဏ်ကျေးဇူးတို့ကို မသိပါ၍ ပြောဆိုအပ်သော တပည့်တော်၏ ယုတ်မာသောစကားကို သည်းခံတော်မူပါဟု မြတ်စွာဘုရားကို သည်းခံစေ၍ (တောင်းပန်၍) သူဌေးကြီးကို သည်းခံစေပြီ (တောင်းပန်လေပြီ)

မြတ်စွာဘုရားသည် ကောင်းမှုကံ မကောင်းမှုကံတို့၏ ကောင်းကျိုး မကောင်းကျိုး အလိုအားဖြင့် သူဌေးကိုလည်းကောင်း တံခါးမုခ်စောင့်နတ်ကိုလည်းကောင်း ဆုံးမလို၍ -

အိမ်ရှင်ဒါယကာ သူဌေး ဤလောက၌ ယုတ်မာသော ပုဂ္ဂိုလ်သည်လည်း မကောင်းမှုသည် အကျိုးမပေးသေးသမျှ ကာလပတ်လုံး အကောင်းကိုလည်း မြင်နေတတ်သည်။ ထိုသူ၏ မကောင်းမှု အကျိုးပေးသောအခါ မကောင်းကျိုးကိုသာ မြင်ရလေ၏။

ကောင်းမြတ်သော ပုဂ္ဂိုလ်သည်လည်း ကောင်းကျိုးမပေးသမျှ ကာလပတ်လုံး မကောင်းမှုတို့ကို မြင်နေတတ်သည်။ ထိုသူ၏ ကောင်းကျိုးပေးသောအခါ အကောင်းကိုသာ မြင်တွေ့ရလေ၏ဟု မိန့်တော်မူကာ အနုသန္ဓေကို စပ်၍ တရားဟောပြလိုတော်မူသော မြတ်စွာဘုရားသည် ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူသည်။

"ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

ပါပေါပိ - ကာယဒုစရိုက်အစရှိသော ယုတ်မာသော အမှုကို ပြုလုပ်သူသည်လည်း၊ ယာဝ - အကြင်မျှလောက်၊ ပါပံ - မကောင်းမှုသည်၊ နပစ္စတိ - မျက်မှောက်ဘဝ၌သော်လည်းကောင်း၊ တမလွန်ဘဝ၌သော်လည်း ကောင်း၊ အကျိုးမပေးသေး။ (တာဝ) - အကျိုးမပေးသေးသမျှ ကာလပတ်လုံး၊ ဘဒြံ - ရှေးဘဝ၌ ပြုအပ်သော သုစရိုက်တရား၏ အစွမ်းအာနုဘော်ကြောင့် ဖြစ်ပေါ်နေသော ချမ်းသာကို ခံစားလျက် အကောင်းကိုလည်း၊ ပဿတိ - မြင်တွေ့ရလေ၏။ ယဒါစ - အကြင်အခါ၌မူကား၊ ပါပံ - ကာယဒုစရိုက်အစရှိသော မကောင်းမှုကံသည်၊ ပစ္စတိ - မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌သော်လည်းကောင်း အကျိုးပေးလေ၏။ အထ - ထိုသို့ အကျိုးပေးရာအခါ၌၊ ပါပေါ - ကာယဒုစရိုက်အစရှိသော မကောင်းမှုနှင့် ယှဉ်သောပုဂ္ဂိုလ်သည် (ဝါ) မကောင်းမှုကို ပြုလုပ်သူသည်၊ ပါပါနိ-မျက်မှောက်ဘဝ၌ အမျိုးမျိုးသော ကံကြမ္မာ၊ တမလွန်၌ အပယ်ဆင်းရဲဟူသော မကောင်း

ကျိုးတို့ကို၊ ပဿတိ - မြင်တွေ့ရလေ၏။

ဘဒြောပိ - ကာယသုစရိုက်အစရှိသော ကောင်းသောကံနှင့် ယှဉ်သူသည်လည်း၊ ယာဝ - အကြင်မျှ လောက်၊ ဘဒြံ - ကောင်းမှုကံသည်၊ နပစ္စတိ - အကျိုးမပေးသေး။ (တာဝ - ထိုမျှလောက်) ကာလပတ်လုံး၊ ပါပံ - ရှေးဘဝ၌ ပြုအပ်ခဲ့သော ဒုစရိုက်ကံ၏ မကောင်းကျိုးကို၊ ပဿတိ - မြင်တွေ့ ရပေ၏။ ယဒါစ - အကြင်အခါ၌ကား၊ ဘဒြံ - ကောင်းမှုကံသည်၊ ပစ္စတိ - မျက်မှောက်ဘဝ၌သော် လည်းကောင်း၊ တမလွန်ဘဝ၌သော်လည်းကောင်း အကျိုးပေးလေ၏။ အထ - ထိုအခါ၌၊ ဘဒြော - ကာယသုစရိုက်အစရှိသော ကောင်းမှုကံရှိ သူသည်၊ ဘဒြာနိ - မျက်မှောက်ဘဝ၌ လာဘ်ရခြင်း၊ ပူဇော်ခံရခြင်းအစရှိသော အကျိုး၊ တမလွန်၌လည်း နတ်ပြည်၌ စည်းစိမ်းချမ်းသာဟူသော ကောင်းကျိုး တို့ကို၊ ပဿတိ - မြင်တွေ့ရလေ၏။

ဒေသနာတော်အဆုံး၌ အနာထပိဏ်သူဌေးကြီး၏ စတုတ္ထတံခါးမုခ်စောင့်သော နတ်သည် သောတာပတ္တိ ဖိုလ်၌ တည်လေပြီ။ ရောက်လာသော ပရိသတ်၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

**အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု ပြီး၏။**

## ၄။ အသညတ ပရိက္ခာရ ဘိက္ခုဝတ္ထု
## ပစ္စည်းအသုံးအဆောင်ကို မထိန်းသိမ်း မစောင့်ရှောက်သော ရဟန်းအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ညောင်စောင်း အင်းပျဉ်စသော အမျိုးမျိုးအစားစားရှိသော ပရိက္ခရာ တစ်ခုခုကို ကျောင်းပြင်ဘက်၌ အသုံးပြုပြီး အသုံးပြုရာနေရာ၌ပင် စွန့်ပစ်ထားခဲ့သည်။ ပရိက္ခရာသည် မိုးရေကြောင့်လည်းကောင်း၊ နေပူကြောင့်လည်းကောင်း ခြအစရှိသည် တို့ကြောင့်လည်းကောင်း ပျက်စီးလေ၏။

ငါ့ရှင်အသုံးအဆောင် ပရိက္ခရာ မည်သည်ကို သိုမှီးသိမ်းဆည်းသင့်သည် မဟုတ်ပါလောဟု ရဟန်းတို့ က ပြောဆိုအပ်သော် သုံးဆောင်သူ ထိုရဟန်းသည် -

ငါ့ရှင်တို့ တပည့်တော်သည် အနည်းငယ်သော ထိုပစ္စည်းကို အသုံးပြုအပ်ပါ၏။ ထိုပစ္စည်းမှာ စိတ်မရှိ သည်းချေမရှိပါဟု ပြန်ပြောပြီး ရှေးနည်းအတိုင်းသာ ပြုနေလေ၏။

ရဟန်းတို့သည် ထိုရဟန်း၏ ပြုမူပြောဆိုပုံကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်စေပြီး - ရဟန်းသင်သည် ဤသို့ပြုမူပြောဆိုသည်ဟု ကြားရသော စကားသည် မှန်သလောဟု မေးတော်မူသည်။

ထိုရဟန်းသည် မြတ်စွာဘုရားက မေးအပ်သော်လည်း -

မြတ်စွာဘုရား ထိုအရာသည် အဘယ်ပါနည်း။ တပည့်တော်သည် အနည်းငယ်ကို ပြုအပ်ပါသည်။ ထိုပြုအပ်သော အရာဝတ္ထုအား စိတ်မရှိပါ။ သည်းခြေမရှိပါဟု ရှေးနည်းတူပင် မထေမဲ့မြင်သူဖြစ်၍ (ဝါ) မလေးစားသူဖြစ်၍ ပြောဆို၏။ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် -

ရဟန်း ဤသို့ပြုခြင်းငှာ မသင့်။ မကောင်းမှုမည်သည်ကို အနည်းငယ်ပါဟု အထင်မသေးထိုက်။ လွင်တီးခေါင်၌ ထားအပ်သော မျက်နှာဝဖွင့်ထားသော အိုးသည် မိုးရွာလတ်သော် မိုးရေပေါက်ဖြင့် မပြည့်နိုင်သည် မှန်သော်လည်း အဖန်ဖန် မိုးရေပေါက်ကျလတ်သော်ကား ရေဖြင့်ပြည့်သည်သာဖြစ်၏။ ဤအတူပင် မကောင်းမှုပြုသော ပုဂ္ဂိုလ်သည် အစဉ်အားဖြင့် ကြီးစွာသော မကောင်းမှုကို ပြုလေ၏ဟု မိန့်တော်မူကာ ပဋိသန္ဓေကို စပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာကို မိန့်တော်မူလေ၏။

"မာဝမညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန ဥဒကုမ္ဘောပိ ပူရတိ။
ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိ အာစိနံ။

မန္တံ - အနည်းငယ်သော မကောင်းမှုသည်၊ န အဂမိဿတိ - အကျိုးပေးသောအားဖြင့် ရောက်လာမည်မဟုတ်၊ (ဣတိ - ဤသို့)၊ ပါပဿ - မကောင်းမှုကို၊ မာဝမညေထ - အထင်မသေးရာ၊

၁၂ * **အမျိုးသားဆိုင်ရာစမ္မပဒဝတ္ထုများ**

ဥဒပိန္ဒုနိပါတေန - မိုးရေ တစ်ပေါက် တစ်ပေါက်ကျရောက်ခြင်းကြောင့်၊ ဥဒကုမ္ဘောပိ - ရေအိုးကြီး သည်လည်း၊ ပူရတိ (ယထာ) - ရေဖြင့် ပြည့်သကဲ့သို့၊ (ဧဝံ - ဤအတူ)၊ ဗာလော - မိုက်သူသည်၊ ပါပံ - မကောင်းမှုကို၊ ထောကံ ထောကမ္ပိ - အနည်းငယ် အနည်းငယ်ကိုလည်း၊ အာစိနံ - အာစိနန္တော - ပြုလုပ်ဆည်းပူးသည်ဖြစ်၍၊ ပါပဿ - မကောင်းမှု ဖြင့်၊ ပူရတိ - ပြည့်လေ၏။

ဒေသနာတော်အဆုံး၌ များစွာသော ရဟန်းရှင်လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြ လေကုန်၏။

မြတ်စွာဘုရားသည် လွင်တီးခေါင်၌ ညောင်စောင်းအင်းပျဉ်စသော အိပ်ရာနေရာကို ခင်းပြီးသော် တဖန် ပကတိအတိုင်းရှိသည်ကို မပြုသောရဟန်းသည် ဤမည်သော အာပတ်ကို သင့်ရောက်၏ဟု သိက္ခာပုဒ်ကို ပညတ်တော်မူသည်။

**အသညတ ပရိက္ခာရ ဘိက္ခုဝတ္ထု ပြီး၏။**

## ၅။ ဗိဋ္ဌာလပါဒကသေဋ္ဌိဝတ္ထု
## ကြောင်ခြေရာမျှရှိ လှူဖွယ်ကိုလှူသော သူဌေးအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ခုသော အချိန်၌ သာဝတ္ထိမြို့သူ မြို့သားတို့သည် အသင်းအဖွဲ့ဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဖွယ်ဝတ္ထုကို ပေးလှူကြကုန်၏။

ထိုအခါ တစ်နေ့သ၌ မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူစဉ် ဤသို့ ဟောတော်မူသည်။

ဥပါသကာတို့ ဤလောက၌ လူအချို့သည် ကိုယ်တိုင်သာ ပေးလှူ၏။ သူတစ်ပါးကို မဆောက်တည်စေတတ် (ဝါ) လှူရန်မတိုက်တွန်း။ ထိုသူသည် ဖြစ်ရာဖြစ်ရာဌာန၌ ဘောဂသမ္ပဒါကို (စည်းစိမ်ဉစ္စာနှင့် ပြည့်စုံမှုကို) ရ၏။ ပရိဝါရ သမ္ပဒါကို (အခြံအရံနှင့်ပြည့်စုံမှုကို) မရ။

အချို့လူသည် ကိုယ်တိုင်မပေးမလှူ သူတစ်ပါးကို ဆောက်တည်စေ၏။ ပေးလှူရန်တိုက်တွန်း၏။ ထိုလူသည် ဖြစ်ရာဖြစ်ရာ ဌာန၌ ပရိဝါရ သမ္ပဒါကိုရ၏။ ဘောဂသမ္ပဒါကို မရ။

အချို့လူသည် ကိုယ်တိုင်လည်းမပေးလှူ ပေးလှူရန်လည်း မတိုက်တွန်းတတ်၊ ထိုလူသည် ဖြစ်ရာဖြစ်ရာ ဌာန၌ ဘောဂသမ္ပဒါကိုလည်းမရ။ ပရိဝါရ သမ္ပဒါကိုလည်းမရ။ စားကြွင်းစား သူတောင်းစားဖြစ်၍ ကျင်လည်ရ၏။

အချို့လူသည် ကိုယ်တိုင်လည်းပေးလှူ၏။ သူတစ်ပါးကိုလည်း ဆောက်တည်စေ၏။ ပေးလှူရန်လည်း တိုက်တွန်း၏။ ထိုလူသည် ဖြစ်ရာဖြစ်ရာ ဌာန၌ ဘောဂသမ္ပဒါကိုလည်းရ၏။ ပရိဝါရသမ္ပဒါကိုလည်းရ၏ဟု ဟောတော်မူ၏။ ထိုအခါ ပညာရှိ ယောကျ်ားတစ်ယောက်သည် မြတ်စွာဘုရား၏ ထိုဓမ္မဒေသနာကို ကြားနာရ၍ ဤအကြောင်းသည် အံ့ဩဖွယ်ရှိပေစွ။ ငါသည် ယခု သမ္ပတ္တိ - နှစ်မျိုးလုံးကို ဖြစ်စေတတ်သော ကုသိုလ်ကံကို ပြုအံ့ဟု ကြံစည်ပြီး မြတ်စွာဘုရားကို နေရာမှထတော်မူ၍ ကြွတော်မူသောအခါ - မြတ်စွာဘုရား အရှင်မြတ်တို့သည် နက်ဖန် တပည့်တော်တို့၏ ဆွမ်းကို ခံယူတော်မူကြပါဟု လျှောက်ထားလေ၏။

သင့်အား အဘယ်မျှသော ရဟန်းတို့ဖြင့် အလိုရှိသနည်း။

မြတ်စွာဘုရား ရဟန်းအားလုံးတို့ဖြင့် အလိုရှိပါသည်ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူသည်။

ပညာရှိယောကျ်ားလည်း ရွာတွင်းသို့ဝင်ပြီး၊ အမိတို့ အမောင်တို့ နက်ဖန်အလို့ငှာ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ကျွေပ်ပင့်ထားအပ်ပါသည်။ လှူဒါန်းနိုင်သလောက် ရဟန်းတော်တို့၏ ယာဂုအစရှိသည်တို့အလို့ငှာ ဆွမ်းဆန်စသည်တို့ကို ပေးလှည့်ပါ။ တစ်ဌာနတည်း၌ ချက်စေ၍ လှူဖွယ်ဝတ္ထုကို လှူကြကုန်အံ့ဟု ကြွေးကြော်လျက် လှည့်လည်လေ၏။ ထိုအခါ သူဌေးတစ်ဦးသည် မိမိအိမ် ဈေးတံခါးဝသို့ ရောက်လာသော ထိုလူကို တွေ့မြင်၍ -

ဤယောကျ်ားသည် မိမိတတ်နိုင်လောက်သော ရဟန်းတို့ကို မပင့်မူ၍ တစ်ရွာလုံးကို

ဆောက်တည်စေလျက် (တိုက်တွန်းလျက်) လှည့်လည်နေ၏ဟု အမျက်ထွက်၍ -

အို. . . နိဗ္ဗာန်ဆော်ယောကျ်ား သင်ကိုင်ဆောင်အပ်သော ခွက်ကို ယူခဲ့ပါဟု ပြောဆိုကာ လက်သုံးချောင်းတို့ဖြင့်ယူ၍ အနည်းငယ်သော ဆန်လုံးတို့ကို လှူလေ၏။ ထို့အတူ ပဲနောက်၊ မာသ်ပဲတို့ကို လှူလေ၏။ ထိုသူဌေးသည် ထိုအချိန်မှ စ၍ ဗိဠာလပါဒက သူဌေးဟု အမည်တွင်လေ၏။

ထောပတ်၊ တင်းလဲ စသည်တို့ကို ပေးလှူစဉ်မှာလည်း ချင့်ခွက်ကို အိုး၌ထည့်၍ တစ်ပြိုင်နက် ထောင့်စွန်းပြု၍ အပေါက်အပေါက် စီးကျစေလျက် အနည်းငယ်မျှကိုသာ ပေးလှူလေ၏။ အသိအလိမ္မာရှိသော ဥပါသကာ ယောကျ်ားသည် ကျန်ရှိသော လူတို့ ပေးလှူအပ်သော ပစ္စည်းကို တစ်ပေါင်းတည်းပြု၍ ဗိဠာလပါဒကသူဌေး လှူအပ်သောပစ္စည်းကို သီးခြားပြု၍သာ ယူလေ၏။

ထိုသူဌေးသည် ထိုဥပါသကာ ယောကျ်ား၏ ပြုမူပုံကို မြင်ရ၍ ဤလူသည် အဘယ့်ကြောင့် ငါလှူအပ် သော ပစ္စည်းကို သီးခြားပြု၍ ယူလေသနည်းဟု စဉ်းစား၍ ထိုဥပါသကာ၏ နောက်မှ အလုပ်အကျွေးငယ်တစ် ယောက်ကို သင်လိုက်သွား။ ထိုဥပါသကာပြုလုပ်သည်ကို သိအောင်ပြုခဲ့ဟု အမှာစကားပြော၍ စေလွှတ်လိုက်၏။

အလုပ်အကျွေးငယ်သည် လိုက်သွားပြီး -

သူဌေးအား များစွာသော အကျိုးဖြစ်ပါစေဟု ဆို၍ ယာဂုဆွမ်း မုန့်အလို့ငှာ တစ်စေ့နှစ်စေ့သော ဆန်တို့ကိုထည့်၍ ပဲနှောက်၊ မာသ်ပဲတို့ကိုလည်းကောင်း၊ ဆီပေါက်၊ တင်းလဲပေါက် စသည်တို့ကို လည်းကောင်း အိုးအားလုံးတို့၌ ထည့်လေ၏။ အလုပ်အကျွေးငယ်သည် သွား၍ သူဌေးအား ပြောလေ၏။ သူဌေးသည် အလုပ်အကျွေးငယ် ပြောစကားကို ကြား၍ ထိုဥပါသကာသည် ပရိသတ်အလယ်၌ ငါ၏ ကျေးဇူးမဲ့စကားကို ပြောသည်ဖြစ်အံ့၊ ငါ၏ နာမည်ကို ယူအပ်ခါမျှ၌ပင် ထိုဥပါသကာကို ထိုးသတ်မည်ဟု ကြံစည်ပြီး ခါးဝတ်အတွင်း၌ ဓားငယ်ကို ဝှက်ချီ၍ နောက်တစ်နေ့တွင် ဇေတဝန်ကျောင်းသို့သွား၍ ဆွမ်းစားကျောင်း၌ ရပ်တည်နေလေ၏။

ပညာရှိယောကျ်ားသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ကျွေးမွေးဆက်ကပ်ပြီးသော် မြတ်စွာဘုရား ကို ဤသို့ လျှောက်ထားလေ၏။

မြတ်စွာဘုရား တပည့်တော်သည် လူများစွာကို ဆောက်တည်စေ၍ (နှိုးဆော်တိုက်တွန်း၍) ဤဒါနကို ပေးလှူအပ်ပါ၏။ ထိုသို့ပေးလှူရာ၌ ဆောက်တည်စေအပ်သူ (တိုက်တွန်းခံရသူ) လူတို့သည် မိမိ၊ မိမိ၏ ဥစ္စာအင်အားဖြင့် များစွာလည်း ဖြစ်ကုန်သော အနည်းငယ်လည်း ဖြစ်ကုန်သော ဆွမ်းဆန် စသည်တို့ကို ပေးလှူကြပါသည်။ လှူသူအားလုံးတို့၏ ကြီးမြတ်သော အကျိုးဖြစ်ပါစေဘုရား။

မြတ်စွာဘုရားကို လျှောက်ထားအပ်သော ထိုစကားကို ကြားရ၍ ဗိဠာလပါဒကသူဌေးသည် ဤသို့စဉ်းစားမိလေ၏။

ငါသည် ဤမည်သောသူက လက်ဖျားဖြင့် ယူ၍ ဆွမ်းဆန်စသည်တို့ကို ပေးလှူအပ်၏ဟု ငါ၏အမည် ကို ယူ၍ ရွတ်အပ်ခါမျှ၌ ဝေယျာဝစ္စပြုသူ ဤလူကို သတ်မည်ဟု လာခဲ့၏။ ဤလူသည်ကား အနည်းအများ လှူသူအားလုံးကို စုပေါင်း၍ ပြည်တောင်းစသည်တို့ဖြင့် ချင့်၍ လှူသူ လက်ဖျားဖြင့် (လက်ချောင်းဖျားဖြင့်) လှူသူအားလုံး၏ ကြီးမြတ်သောအကျိုး ဖြစ်ပါစေဟု ပြောဆို၏။

အကယ်၍ ငါသည် ဤသို့ သဘောရှိသော လူကို မတောင်းပန်ခဲ့လျှင် ငါ၏ ဦးခေါင်း၌ နတ်ဒဏ် (မိုးကြိုး) ကျလိမ့်မည် (ကျတော့မည်)။

ဗိဠာလပါဒကသူဌေးသည် ထိုသို့စဉ်းစားပြီး ဝေယျာဝစ္စပြုသူ ထိုလူ၏ခြေရင်း၌ ဝပ်စင်း၍ အရှင်ကျုပ်၏ အပြစ်ကို သည်းခံပါလော့ဟု ပြောဆိုတောင်းပန်လေ၏။

အဘယ်ကို ရည်ရွယ်၍ ဤစကားကို ပြောဆိုပါသနည်းဟု ဝေယျာဝစ္စပြုသူက မေးမြန်းပြောဆိုအပ်သော် သူဌေးသည် အကြောင်းအချင်းအရာအားလုံးကို ပြောဆိုလေ၏။

မြတ်စွာဘုရားသည် ထိုသူတို့၏ ထိုပြုမူပုံကို မြင်တော်မူ၍ ဤသည်ကား အဘယ်နည်းဟု အလှူ၌ ဝေယျာဝစ္စပြုသူကို မေးတော်မူ၏။

ဝေယျာဝစ္စပြုသူသည် လွန်ခဲ့သော နေ့မှစ၍ ဖြစ်ခဲ့ပုံအားလုံးကို လျှောက်ထားလေ၏။ ထိုအခါ ဗိဠာလပါဒကသူဌေးကို မြတ်စွာဘုရားသည် အို. . . သူဌေး ဤလူလျှောက်ထားသော စကားသည် အမှန်ပင်လောဟု မေးတော်မူ၍ သူဌေးက မြတ်စွာဘုရား. . . ဟုတ်မှန်ပါသည် ဘုရားဟု လျှောက်ထားအပ်လေသော် -

အို. . . ဥပါသကာ ကောင်းမှုမည်သည်ကို အနည်းငယ်ပါဟု အထင်မသေးထိုက်၊ ငါသို့သော ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူဝတ္ထုကို ပေးလှူပြီးသော် အနည်းငယ်ပါဟု အထင်မသေးထိုက်။ မှန်လှပေ၏။ ပညာရှိသူ လူတို့သည် ကုသိုလ်ကောင်းမှုပြုကြလျှင် ဖွင့်ထားအပ်သော အိုးကြီးသည် မိုးရေဖြင့် တဖြည်းဖြည်းပြည့်သကဲ့သို့ အစဉ်အားဖြင့် ကုသိုလ်ကောင်းမှုဖြင့် ပြည့်ကြကုန်သည်သာဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဆိုလတ္တံ့သော ဤဂါထာကို ဟောပြတော်မူ သည်။

"မာဝမညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိအာစိနံ"

(ပဏ္ဍိတမနုဿော - ပညာရှိသူလူသည်၊ ပုညံ - ကောင်းမှုကို၊ ကတွာ - ပြုလုပ်ပြီးသော်၊ အပ္ပကမတ္တံ - အနည်းငယ်မျှသော ကုသိုလ်သည်)၊ မန္တံ - နှုန်.နှေးစွာ (ဝါ) နှေးနှေးကွေးကွေး၊ နအာဂမိဿတိ - အကျိုးအဖြစ်ဖြင့် ရောက်လာမည်မဟုတ်။ ဇဝံ - ဤသို့၊ ပုညံ - ကောင်းမှုကို၊ မာဝမညေထ - အထင်မသေးရာ၊ ဥဒဗိန္ဒု နိပါတေန - မိုးရေတစ်ပေါက်တစ်ပေါက်ကျရောက်ခြင်းကြောင့်၊ ဥဒကုမ္ဘောပိ - ရေအိုးကြီးသည်လည်း၊ ပူရတိ ယထာ - ရေဖြင့် ပြည့်သကဲ့သို့၊ ဇဝံ - ဤအတူ၊ ဓီရော - ပညာရှိသည်၊ ထောကံ ထောကမ္ပိ - အနည်းငယ် လည်းဖြစ်သော။ ပုညံ - ကုသိုလ်ကောင်းမှုကို၊ အာစိနံ - အာစိနန္တော - ဆည်းပူးဖြည့်ကျင့်လျက်၊ ပုညဿ - ကောင်းမှုကုသိုလ်ဖြင့်၊ ပူရတိ - ပြည့်လေ၏။

ဒေသနာတော်အဆုံး၌ ဗိဠာလပါဒက သူဌေးသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ မြတ်စွာဘုရား ရှေ့တော်မှောက်၌ ရောက်လာသူတို့၏ အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေ၏။

ဗိဠာလပါဒကသေဋ္ဌိဝတ္ထု ပြီး၏။

## ၆။ မဟာဓနဝါဏိဇ္ဇဝတ္ထု
## ကုန်သည်သူဌေးကြီးအကြောင်း

သာဝတ္ထိမြို့၌ ကုန်သည်သူဌေးကြီးတစ်ဦးရှိ၏။ ခိုးသားငါးရာတို့သည် ထိုသူဌေးကြီး၏အိမ်၌ ခိုးယူနိုင်ခွင့်ကို စဉ်းစားရှာဖွေကြသော်လည်း ခိုးယူခွင့်မရ ဖြစ်နေကြ၏။

နောက်ဖြစ်သော အချိန်တစ်ခု၌ ကုန်သည်သည် လှည်းငါးရာတို့ကို ပစ္စည်းဖြင့် ပြည့်စေ၍ ရဟန်းတို့အား လျှောက်ထားစေ၏။

တပည့်တော်သည် ဤအမည်ရှိသော အရပ်သို့ ကုန်ရောင်းရန် သွားမည် ဖြစ်ပါသည်။ တပည့်တော်သွား မည့်အရပ်သို့ အတူသွားလိုသော ရဟန်းတို့သည် ထွက်ကြွတော်မူကြပါ။ လမ်းခရီး၌ ဆွမ်းဖြင့် ပင်ပန်းကြမည့် မဟုတ်ပါ။

ထိုစကားကို ကြားကုန်၍ ရဟန်းငါးရာတို့သည် ထိုကုန်သည်နှင့်အတူ ခရီးသွားကြကုန်၏။

ထိုခိုးသူတို့သည်လည်း ထိုကုန်သည်သည် ခရီးထွက်လာသတဲ့ဟု ကြားကြပြီး တောအုပ်၌ သွား၍ စောင့်နေကြကုန်၏။

ကုန်သည်သည်လည်း ခရီးသွား၍ တောအုပ်ဝအနီး ရွာတစ်ရွာ၌နေလျက် နှစ်ရက်သုံးရက် တို့ပတ်လုံး နွားလှည်းစသည်တို့ကို စီစဉ်နေ၏။ အတူလိုက်ပါလာသော ရဟန်းတို့အား နေ့စဉ်မပြတ် ဆွမ်းကို ကပ်လှူသည်သာဖြစ်၏။

ခိုးသူတို့သည် ကုန်သည်သည် အချိန်အလွန်ကြာမြင့်နေသော် ယောကျ်ားတစ်ယောက်ကို "သင်သွားချေ" ကုန်သည်ထွက်လာမည့်နေ့ကို သိအောင် ပြုပြီးပြန်လာခဲ့ဟု ပြောဆိုစေလွှတ်ကြသည်။

ထိုယောကျ်ားသည် ထိုရွာသို့သွား၍ ကုန်သည်သည် အဘယ်အချိန်၌ ခရီးထွက်မည်နည်းဟု မိတ်ဆွေ တစ်ယောက်ကို မေးလေ၏။ ထိုမိတ်ဆွေသည် ကုန်သည်သည် နှစ်ရက်သုံးရက် လွန်ချိန်၌ ခရီးထွက်လိမ့်မည်ဟု ပြောပြီး ဘာအတွက် မေးသနည်းဟု ပြန်မေးလေ၏။

ထိုအခါ ထိုရွာနေ မိတ်ဆွေအား ခိုးသူတို့ထံမှ လာသောယောကျ်ားသည် ငါနှင့်အတူ ခိုးသူငါးရာတို့သည် ထိုကုန်သည်ထံမှ ပစ္စည်းလုယူရန် တောအုပ်၌ စောင့်နေကြသည်ဟု ပြောဆိုလေ၏.

ရွာနေလူသည် မိတ်ဆွေ ထိုသို့ဖြစ်လျှင် ပြန်သွားပါ။ လျှင်မြန်စွာ ထွက်လာပါလိမ့်မည်ဟု ခိုးသူယောကျ်ားကို ပြန်လွှတ်လိုက်ပြီး -

ဘယ်လိုလဲ ငါသည် ခိုးသူတို့ကို တားမြစ်ရမည်လော (သို့မဟုတ်) ကုန်သည်ကို တားမြစ်ရမည် လောဟု စဉ်းစားကာ ခိုးသူတို့ကို တားမြစ်ခြင်းဖြင့် ငါ့အားအကျိုးမရှိ။ ကုန်သည်ကို အမှီပြု၍ ရဟန်း ငါးရာတို့ အသက်ရှင်နေကြသည်။ ကုန်သည်အား အသိပေးမည်ဟု ကြံရွယ်လျက် ကုန်သည်ထံသွား၍ သင်သည် အဘယ်အခါ၌ ခရီးဆက်မည်နည်းဟု မေးလျှင် သုံးရက်မြောက်သောနေ့၌ ခရီးဆက်မည်ဟု ပြောအပ်သော် ကျုပ်၏စကားကို နားထောင်ပါ။ သင်တို့ထံမှ ပစ္စည်းကို တိုက်ယူရန် ခိုးသူငါးရာတို့သည် တောအုပ်၌ စောင့်နေကြသည်။ မသွားကြနှင့်ဦးဟု ပြောလေ၏။

သင် အဘယ်သို့ သိသနည်း။ ခိုးသူတို့အတွင်း၌ ကျုပ်၏ မိတ်ဆွေရှိသည်။ ထိုမိတ်ဆွေစကားဖြင့် ကျုပ်သိရသည်ဟု ပြောလေ၏။

ထိုသို့ဖြစ်လျှင် ငါ့အား ဤရွာမှ ထွက်ခွာသွားခြင်းဖြင့် အကျိုးမရှိ ပြန်လှည့်ပြီး ငါ့အိမ်သို့သာ သွားတော့မည်ဟု ကုန်သည်က ပြောလေ၏။

ထိုကုန်သည် အချိန်ကြာလာပြန်သော် ခိုးသူတို့က နောက်ထပ်စေလွှတ်လိုက်သော ယောကျ်ားသည် ရွာသို့လာ၍ မိတ်ဆွေဖြစ်သူကို မေး၍ အကြောင်းကို ကြားသိပြီးသော် ကုန်သည်သည် နောက်သို့ပြန်၍ သူ့အိမ်သို့သာ သွားမည်တဲ့ဟု ခိုးသူတို့ထံလာ၍ အကြောင်းကြားလေ၏။

ခိုးသူတို့သည် အကြောင်းစကားကို ကြားကြကုန်သော် ထိုတောအုပ်မှ ထွက်ခဲ့ကြကာ အပြန်လမ်းခရီး၌ စောင့်နေကြပြန်၏။ ထိုကုန်သည် အချိန်ကြာနေပြန်သော် ထိုခိုးသူတို့သည် နောက်ထပ်တဖန် ရွာနေမိတ်ဆွေထံ ယောကျ်ားတစ်ယောက်ကို စေလွှတ်ကြပြန်၏။ ရွာနေ မိတ်ဆွေသည် ထိုခိုးသူတို့သည် အပြန်လမ်းခရီး၌ စောင့်နေကြကြောင်းကို သိပြန်၍ ကုန်သည်အား နောက်ထပ် အကြောင်းကြားပြန်၏။ ကုန်သည်သည် ငါ့အဖို့ ဤရွာ၌လည်း ချို့တဲ့မှုမရှိ မှုလရည်ရွယ်သော ခရီးမှလည်း မသွားတော့အံ့။ နောက်ရည်ရွယ်သော အပြန်ခရီးမှလည်း မသွားတော့အံ့။ ခေတ္တနားနေရာ ဤရွာ၌သာ နေမှုဖြစ်တော့မည်ဟု ကြံရွယ်ကာ ရဟန်းတို့ထံသွား၍ -

အရှင်ဘုရားတို့ ခိုးသူတို့သည် တပည့်တော်ကို လုယက်လိုကြ၍ လမ်းခရီး၌ စောင့်ကြိုနေကြပါသတဲ့။ နောက်ထပ် တပည့်တော် နေရပ်ပြန်လိမ့်မည်ဟု ကြားကြပြန်၍ တပည့်တော် ပြန်မည့်လမ်း၌ စောင့်တည်နေကြပါသတဲ့။ တပည့်တော်သည် တောလမ်းခရီးမှလည်းကောင်း၊ အပြန်လမ်းခရီးမှလည်းကောင်း၊ မသွားတော့ဘဲ အချိန်အနည်းငယ် ဤရွာ၌သာ နေဖြစ်ပါတော့မည် အရှင်ကောင်းတို့သည် ဤရွာ၌သာနေလိုက နေတော်မူကြပါ။ ပြန်ကြွလိုကြလျှင် မိမိဆန္ဒအတိုင်း ပြုတော်မူကြပါဟု လျှောက်ထားလေ၏။

ရဟန်းတို့သည် ဤသို့ဖြစ်နေခဲ့သော် ငါတို့ ပြန်ကြတော့မည်ဟု ကုန်သည်ကို ပန်ကြားကြကာ သာဝတ္ထိမြို့သို့ ပြန်လာကြပြီး မြတ်စွာဘုရားကို ရှိခိုး၍နေကြလေ၏။

မြတ်စွာဘုရားသည် ရဟန်းတို့ အသို့နည်း ကုန်သည်သူဌေးကြီးနှင့်အတူ မသွားကြသလောဟု မေးတော်မူ၍ မှန်ပါ မြတ်စွာဘုရား ကုန်သည်သူဌေးကြီးအား တိုက်ခိုက်လုယက်ရန် လမ်းခရီးနှစ်ခုလုံး၌ ခိုးသူတို့ ထကြွနေကြပါသည်။ ထို့ကြောင့် ကုန်သည်သူဌေးကြီးသည် ရောက်ရာထိုရွာ၌သာ တည်နေပါသည်။ တပည့်တော်တို့ကား ကုန်သည်သူဌေးကြီးကို ပန်ကြား၍ ပြန်လာကြပါသည်ဟု လျှောက်ထားအပ်လေသော် -

ရဟန်းတို့ ကုန်သည်သူဌေးကြီးသည် ခိုးသူတွေရှိနေသောကြောင့် လမ်းခရီးကို ရှောင်လွဲလေ၏။ အသက်ရှင်လိုသူ ယောကျ်ားသည် လတ်တလော သေစေနိုင်သော အဆိပ်ကို ရှောင်ရှားသကဲ့သို့ ရဟန်းသည် လည်း ဘဝသုံးမျိုးတို့သည် ခိုးသူတို့ ထကြွသောင်းကျန်းရာ လမ်းခရီးနှင့် တူသည်ဟု သိမြင်ပြီး မကောင်းမှုကို ရှောင်လွဲသင့်သည်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော် ဂါထာကို ဟောတော်မူသည်။

"ဝါဏိဇောဝ ဘယံမဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော
ဝိသံ ဇီဝိတု ကာမောဝ၊ ပါပါနိ ပရိဝဇ္ဇယေ"

အပ္ပသတ္ထော - နည်းသော ကုန်သည်အပေါင်းအဖော်ရှိသော၊ မဟဒ္ဓနော - များသောပစ္စည်းရှိသော၊ ဝါဏိဇော - ကုန်သည်သည်၊ ဘယံ - ခိုးသူဘေးရှိသော၊ မဂ္ဂံ - လမ်းခရီးကို၊ ပရိဝဇ္ဇေတိ ဣဝ - ရှောင်လွှဲသကဲ့သို့လည်းကောင်း၊ ဇီဝိတုကာမော - အသက်ရှင်လိုသူသည်၊ ဝိသံ - လတ်တလော သေစေနိုင်သော အဆိပ်ကို၊ ပရိဝဇ္ဇေတိ ဣဝ - ရှောင်ကြဉ်သကဲ့သို့ လည်းကောင်း၊ ဧဝံ - ဤအတူ၊ ပဏ္ဍိတော - ပညာရှိသော၊ ဘိက္ခု - ရဟန်းသည်၊ အပ္ပမတ္တကာနိပိ - အနည်းငယ်မျှလည်း ဖြစ်ကုန်သော၊ ပါပါနိ - မကောင်းမှုတို့ကို၊ ပရိဝဇ္ဇယေ = ပရိဝဇ္ဇေယျရှောင်ကြဉ်ရာ၏။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့်အတူဖြစ်သော အရဟတ္တဖိုလ်ကို ရောက်ကုန်၏။ ရှေ့တော်ရောက်သော ရဟန်းရှင်လူများစွာ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်ခဲ့လေပြီ။

**မဟာဓနဝါဏိဇဝတ္ထု ပြီး၏။**

## ၇။ ကုက္ကုဋမိတ္တနေသာဝတ္ထု
## သားကောင်လိုက် ခွေးရှိသော မုဆိုးအကြောင်း

ရာဇဂြိုဟ်မြို့၌ အရွယ်ရောက်နေသူ သူဌေးသမီးတစ်ယောက်ရှိ၏။ သူသည် မိဘတို့က သူ့ကို စောင့်ရှောက်ရန် အလုပ်အကျွေး မိန်းမတစ်ယောက်ကို ပေးထားပြီး၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အထက် ကျက်သရေရှိသော တိုက်ခန်း၌ နေရသူဖြစ်၏။

သူဌေးသမီးသည် တစ်နေ့သ၌ ညနေချမ်းအချိန်တွင် လေသာတံခါးပေါက်ဖြင့် မြို့တွင်းလမ်းကို လှမ်းမျှော်ကြည့်စဉ် ကုက္ကုဋမိတ္တအမည်ရှိ မုဆိုးတစ်ယောက်ကို မြင်လေ၏။

ထိုမုဆိုးသည် ကျော့ကွင်းငါးရာနှင့် တံကျင်ငါးရာတို့ကို ယူဆောင်၍ သားကောင်တို့ကို သတ်၍ အသက်မွေးသူဖြစ်၏။

သူသည် သူဌေးသမီးမြင်နေချိန်တွင် သားကောင်ငါးရာတို့ကို သတ်၍ ထိုသားကောင်တို့၏ အသားဖြင့် လှည်းကြီးတစ်ခုလုံး၌ ပြည့်စေကာ လှည်းဦး၌ ထိုင်၍ အသားတို့ကို ရောင်းချရန် မြို့တွင်းသို့ ဝင်လာသူဖြစ်၏။

သူဌေးသမီးသည် ထိုမုဆိုး၌ တပ်မက်စိတ်ရှိရကား အလုပ်အကျွေးမိန်းမ၏ လက်၌ လက်ဆောင်ပစ္စည်းကို ပေးပြီး -

သင်သွားပြီး လက်ဆောင်ပစ္စည်းကိုပေး၍ မြို့တွင်းမှ ထွက်သွားမည့်အချိန်ကို သိအောင်ပြု ပြန်လာခဲ့ဟု ပြောဆိုစေခိုင်းလိုက်၏။

ထိုအလုပ်အကျွေးမိန်းမသည် မုဆိုးထံသွား၍ မုဆိုးအား လက်ဆောင်ပစ္စည်းကိုပေး၍ ဘယ်အချိန်၌ မြို့တွင်းမှ ထွက်သွားမည်နည်းဟု မေးလေ၏။

မုဆိုးက ယနေ့အသားများကို ရောင်းချပြီး နံနက်စောစောအချိန် ဤအမည်ရှိသော တံခါးဖြင့် ထွက်၍ သွားမည်ဟု ပြော၏။

အလုပ်အကျွေးမိန်းမသည် မုဆိုးပြောစကားကို နားထောင်မှတ်သား၍ ပြန်လာပြီး သူဌေး သမီးအား ပြောလေ၏။

သူဌေးသမီးသည် မိမိကိုင်ယူသင့်သော အဝတ်တန်ဆာအပေါင်းကို စီရင်၍ နံနက်စောစော၌ပင် ညစ်နွမ်းသော အဝတ်ကို ဝတ်ဆင်၍ ရေအိုးကို ကိုင်ယူပြီး၊ ကျွန်မိန်းမတို့နှင့်အတူ ရေဆိပ်သို့သွားသကဲ့သို့ အိမ်မှထွက်ခဲ့ပြီး မုဆိုးကို မြင်ရာ ထိုအရပ်သို့သွား၍ မုဆိုးအလာကို မျှော်ကြည့်နေလေ၏။

မုဆိုးသည်လည်း နံနက်စောစော၌ပင် လှည်းကိုမောင်းနှင်လျက် ထွက်ခဲ့ပြီ။

သူဌေးသမီးသည် မုဆိုးလှည်းနောက်မှ တကောက်ကောက် လိုက်သွားလေ၏။

မုဆိုးသည် မိမိနောက်မှ လိုက်လာသော သူဌေးသမီးကို ကြည့်၍ အို. . . အမျိုးသမီး ကျုပ်က သင့်ကို ဤအမည်ရှိသူ၏ သမီးပဲဟု မသိရပါ။ ကျုပ်နောက် တကောက်ကောက် မလိုက်ပါနှင့်ဟု ပြောလေ၏။

ရှင်က ကျွန်မကို မခေါ်ပါ။ ကျွန်မက ကျွန်မသဘောအတိုင်း လာပါသည်။ ရှင် တိတ်တိတ်နေ၍ ကိုယ့် လှည်းကို မောင်းပါဟု ပြောလေ၏။

မုဆိုးသည် အကြိမ်ကြိမ် သူဌေးသမီးကို တားမြစ်သည်သာဖြစ်၏။ ထိုအခါ မုဆိုးကို သူဌေးသမီးက အို. . . အရှင် မိမိထံ ကျက်သရေရှိရှိ လာနေသူကို တားမြစ်ရန် မသင့်ပါဟု ပြောလေ၏။

မုဆိုးသည် သူဌေးသမီး၏ လာခြင်းအကြောင်းကို ယုံမှားကင်းစွာ သိပြီး၊ သူဌေးသမီးကို လှည်းပေါ်တင်ဆောင်သွားလေ၏။

သူဌေးသမီး၏ မိဘတို့သည် ဤအရပ် ဟိုအရပ်သို့ လှည့်လည်ရှာဖွေစေ၍ မတွေ့မမြင်ကုန်ရကား သေသူဖြစ်လိမ့်မည်ဟု ထင်ကြကာ သေသူကို ရည်မှန်း၍ ဆွမ်းလှူဒါန်းကြကုန်၏။

သူဌေးသမီးသည်လည်း မုဆိုးနှင့်အတူ ဆက်ဆံပေါင်းသင်းမှုကို အစွဲပြု၍ အစဉ်အားဖြင့် သားခုနစ်ယောက်တို့ကို ဖွားမြင်ပြီးသော် အရွယ်ရောက်သော ထိုသားတို့ကို အိမ်ထောင်အနှောင်အဖွဲ့ဖြင့် ဖွဲ့ချည်ထားလေ၏။

ထိုအချိန်မှနောက် နေ့တစ်နေ့တွင် မြတ်စွာဘုရားသည် မိုးသောက်ခါနီး၊ လင်းအားကြီး အချိန်ဝယ် သတ္တလောကကို ကြည့်တော်မူလတ်သော် ကိုယ်တော်၏ ဉာဏ်ကွန်ယက်အတွင်းဝင်လာသော ကုက္ကုဋမိတ္တမုဆိုးကို သားခုနစ်ယောက်၊ ချွေးမခုနစ်ယောက်နှင့်အတူ မြင်တော်မူ၍ ဤသို့ ထင်မြင်လာသူသည် အဘယ်သို့ ဖြစ်မည်နည်းဟု စူးစမ်းဆင်ခြင်လေသော် မုဆိုးနှင့်တကွ တစ်ဆယ့်ငါးယောက်လုံး၏ သောတာပတ္တိမဂ်၏ အားကောင်းသော မှီရာ အကြောင်းကုသိုလ်ကို မြင်တော်မူ၍ နံနက်စောစော၌ပင် သပိတ်သင်္ကန်းကို ယူပြီး မုဆိုး၏ ကျော့ကွင်းထောင်ထားရာ အရပ်သို့ ကြွတော်မူလေ၏။

ထိုနေ့တွင် ကျော့ကွင်း၌ သားကောင်တစ်ကောင်မျှ မမိပါချေ။ မြတ်စွာဘုရားသည် မုဆိုး၏ ကျော့ကွင်း အနီး၌ ခြေရာတော်ကို ပြတော်မူခဲ့ပြီး ကျော့ကွင်းရှေ့၌ရှိသော ခြုံတစ်ခြုံ၏အောက် အရိပ်၌ ထိုင်နေတော်မူ၏။

ကုက္ကုဋမိတ္တသည် နံနက်စောစော၌ပင် လေးကို ကိုင်ယူ၍ ကျော့ကွင်းထောင်ထားရာ အရပ်သို့ သွားရောက်ပြီး အစမှစ၍ ကျော့ကွင်းတို့ကို ကြည့်ရှုလတ်သော် ကျော့ကွင်း၌မိနေသော သားကောင် တစ်ကောင်ကိုသော်လည်း မမြင်မူ၍ မြတ်စွာဘုရား၏ ခြေတော်ရာကို မြင်တွေ့လေပြီ။ ထိုအခါ ကုက္ကုဋမိတ္တ၏ ဘယ်သူသည် ငါ၏ ကျော့ကွင်း၌ မိနေသော သားကောင်တို့ကို လွှတ်၍ သွားသနည်းဟု စဉ်းစားလေ၏။ ကုက္ကုဋမိတ္တသည် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၍ သွားစဉ် ခြုံအနီး၌ ထိုင်နေသော မြတ်စွာဘုရားကို တွေ့မြင်လေသော် ဤသူသည် ငါ၏ သားကောင်တို့ကို လွှတ်သူဖြစ်လိမ့်မည်။ ဤသူကို သတ်မည်ဟု လေးညို့ကို ဆွဲတင်လေ၏။

မြတ်စွာဘုရားသည် လေးညို့ကို ဆွဲတင်ရန် အခွင့်ပေး၍ မြားလွှတ်ရန် အခွင့်မပေးပါချေ။ ကုက္ကုဋမိတ္တသည် မြားကို လွှတ်ခြင်းငှာလည်းကောင်း၊ လေးကိုချခြင်းငှာလည်းကောင်း၊ မတတ်နိုင်သည် ဖြစ်၍ ကျိုးကုန်သကဲ့ သို့သော နံရိုးတို့ဖြင့် ခံတွင်းမှ ယိုစီးသော တံတွေးဖြင့် ပင်ပန်းသောသဘောရှိလျက် ရပ်တည်နေလေ၏။

ထိုအချိန်တွင် ကုက္ကုဋမိတ္တ၏သားတို့သည် ဖခင်အိမ်သို့သွား၍ မိခင်အား ကျွန်တော်တို့ ဖခင်သည်

အချိန်ကြာမြင့်နေပါ၏။ အချိန်ကြာမြင့်ခြင်းသည် အဘယ်အကြောင်းရှိပါမည်နည်းဟု ပြောကြလေသော် မိခင်က သားမောင်တို့ သင်တို့ဖခင်ထံ သွားကြကုန်လော့ဟု စေခိုင်းအပ်ကုန်သည်ဖြစ်၍ လေးတို့ကို အသီးသီးကိုင်ယူ၍ သွားကြလေသော် ဈေးတင်လျက် ရပ်တည်နေသော ဖခင်ကို မြင်ကြ၍ ဤသူသည် ငါတို့ဖခင်၏ ရန်သူဖြစ် လိမ့်မည်ဟု သားခုနစ်ယောက်တို့သည် လေးညှို့တို့ကို ဆွဲတင်၍ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ဖြင့် ထိုသားတို့၏ အဖတည်နေသကဲ့သို့ တည်နေကြကုန်၏။

ထိုအချိန်တွင် သားခုနစ်ယောက်တို့၏ မိခင်သည် အကြောင်းအသို့နည်း။ ငါ၏ သားခုနစ်ယောက်တို့လည်း အချိန်ကြာမြင့်ကုန်ပြီဟု ပြောဆိုကာ ချွေးမခုနစ်ယောက်တို့နှင့်အတူ သွား၍ အသီးအသီး ညှို့တင်ထားအပ်သော လေးတို့ကို ကိုင်လျက် ရပ်တည်နေသူ လင်ယောက်ျားနှင့်သားတို့ကို တွေ့မြင်လေသော် လက်မောင်းတို့ကို မြှောက်၍ ငါ၏ဖခင်ကို မဖျက်ဆီးကြနှင့်။ ငါ၏ ဖခင်ကို မဖျက်ဆီးကြနှင့်ဟူသော ကျယ်စွာသော အသံကိုပြုလေ၏။

ကုက္ကုဋမိတ္တသည် ဇနီးဖြစ်သူ၏ ထိုအသံကို ကြားရလေသော် ငါသည် စင်စစ် ပျက်စီးသူဖြစ်၏။ ဤသူသည် ငါ၏ယောက္ခမတဲ့ အံ့ဩဖွယ်ရှိပေစွ။ ငါသည် ဝန်လေးသောအမှုကို ပြုအပ်ပြီဟု စဉ်းစားလေ၏။ ကုက္ကုဋမိတ္တ၏ သားတို့သည်လည်း ဤသူသည် ငါတို့၏ အဖိုးဖြစ်သတဲ့။ အံ့ဩဖွယ်ရှိ ပေစွ။ ငါတို့သည် ဝန်လေးသောအမှုကို ပြုအပ်ပြီဟု စဉ်းစားကြကုန်၏။

ကုက္ကုဋမိတ္တသည် ဤသူသည် ငါ၏ယောက္ခမတည်းဟု မေတ္တာစိတ်ကို ဖြစ်စေပြီး ကုက္ကုဋမိတ္တ၏ သားတို့သည်လည်း ဤသူသည် ငါတို့၏အဖိုးဟု မေတ္တာစိတ်ကို ဖြစ်စေကုန်၏။

ထိုအချိန်၌ ထိုသားတို့၏ မိခင်ဖြစ်သူ သူဌေးသမီးသည် သားခုနစ်ယောက်တို့ကို သင်တို့သည် လျင်မြန်စွာ လေးတို့ကို စွန့်ပစ်၍ ငါ၏ ဖခင်ကို တောင်းပန်ကြဟု ပြောလေ၏။

မြတ်စွာဘုရားသည် မုဆိုးနှင့်သားခုနစ်ယောက်တို့၏ နူးညံ့ပျော့ပြောင်းသော စိတ် (ရှိသူတို့၏အဖြစ်) ကို သိတော်မူ၍ လေးကိုချခွင့်ပေးတော်မူသည်။ ဖခင်နှင့် သားအားလုံးတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရား တပည့်တော်တို့၏ အပြစ်ကို သည်းခံခွင့်လွှတ်တော်မူကြပါဟု တောင်းပန်ကြပြီး တစ်နေရာ၌ ထိုင်နေကြကုန်၏။

ထိုအခါ ထိုသူတို့အား မြတ်စွာဘုရားသည် တရားစကားအစဉ်ကို ဟောပြတော်မူ၏။

ဒေသနာတော်အဆုံး၌ ကုက္ကုဋမိတ္တသည် သားခုနစ်ယောက်၊ ချွေးမခုနစ်ယောက်တို့နှင့်အတူ မိမိလျှင် ဆယ့်ငါးယောက်မြောက်ရှိသူဖြစ်၍ သောတာပတ္တိဖိုလ်၌ တည်လေပြီ။

မြတ်စွာဘုရားသည် ဆွမ်းခံလှည့်၍ ဆွမ်းစားပြီးနောက် ကျောင်းသို့ ကြွရောက်တော်မူသည်။

ထိုအခါ အာနန္ဒာထေရ်သည် မြတ်စွာဘုရားကို မြတ်စွာဘုရား အဘယ်အရပ်၌ ကြွတော်မူခဲ့ပါသနည်းဟု မေးလျှောက်၏။

အာနန္ဒာ ငါဘုရားသည် ကုက္ကုဋမိတ္တ မုဆိုးထံ ကြွခဲ့သည်။

မြတ်စွာဘုရား အရှင်ဘုရားတို့သည် ပါဏာတိပါတကံကို မပြုသူဖြစ်အောင် ပြုတော်မူအပ်ပါသည်ဟု လျှောက်ထားလေ၏။

အာနန္ဒာ ဟုတ်ပေသည်။ ကုက္ကုဋမိတ္တသည် မိမိလျှင် ဆယ့်ငါးယောက်မြောက်ရှိသူဖြစ်၍

ခိုင်မြဲသော သဒ္ဓါတရားဌ် ရပ်တည်ကာ ရတနာသုံးပါးတို့၌ ယုံမှားကင်းသူဖြစ်၍ ပါဏာတိပါတကံကို မပြုသူဖြစ်လေပြီဟု မိန့်တော်မူ၏။

ရဟန်းတို့သည် ဤသို့ လျှောက်ထားကြကုန်၏။

မြတ်စွာဘုရား ကုက္ကုဋမိတ္တ၏ဇနီးလည်း ရှိပါသလော။

ရဟန်းတို့ရှိသည်မှန်၏။ ကုက္ကုဋမိတ္တ၏ ဇနီးသည် မိဘအိမ်၌ သတို့သမီးဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့သည်ဟု မိန့်တော်မူ၏။

ရဟန်းတို့သည် စကားကို ဖြစ်စေကြကုန်၏။

ကုက္ကုဋမိတ္တမုဆိုး၏ဇနီးသည် သတို့သမီးအရွယ်ဖြစ်ခဲ့ချိန်ကပင် သောတာပတ္တိဖိုလ်သို့ရောက်ခဲ့ပြီး ကုက္ကုဋမိတ္တမုဆိုး၏ အိမ်သို့ရောက်၍ သားခုနစ်ယောက်တို့ကို ရခဲ့သတဲ့။ မုဆိုး၏ဇနီးသည် ဤမျှလောက်သော အချိန်ပတ်လုံး လင်ဖြစ်သူ မုဆိုးက လေးကိုယူခဲ့လော့။ မြားတို့ကို ယူခဲ့လော့။ လှံကို ယူခဲ့လော့။ တံကျင်ကို ယူခဲ့လော့။ ပိုက်ကွန်ကို ယူခဲ့လော့ဟု ပြောဆိုအပ်သော် လေးအစရှိသည်တို့ကို လင်မုဆိုးအားပေးခဲ့ပြီ။

လင်မုဆိုးကလည်း ဇနီးပေးအပ်သော လေးစသည်တို့ကို ကိုင်ယူကာ သွား၍ ပါဏာတိပါတကိုပြု၏။

အဘယ်သို့နည်း သောတာပန်တို့လည်း ပါဏာတိပါတကို ပြုကြကုန်သလော။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ စုဝေးနေကြောင်း စကားကို မေးတော်မူ၍ ရဟန်းတော်တို့က လျှောက်ထားအပ်လေသော် -

ရဟန်းတို့ သောတာပန်တို့သည် ပါဏာတိပါတကို မပြုကြ။ သို့သော်လည်း မုဆိုး၏ဇနီးသည် လင်မုဆိုး၏ စကားကို လိုက်နာမည်ဟူသော စိတ်ဖြင့် မုဆိုးခိုင်းအပ်သော လေးအစရှိသည်တို့ကို ပေးခြင်းကို ပြုခဲ့ပြီ။

ဤလေး စသည်ကို ကိုင်ယူ၍ ငါ၏လင် ဤမုဆိုးသည် တောသို့သွား၍ ပါဏာတိပါတကို ပြုပါစေဟူသော စိတ်ထားသည် မုဆိုးဇနီးအား မရှိပါချေ။

မှန်လှပေ၏။ လက်ဖဝါးအပြင်၌ အနာမရှိခဲ့သော် အဆိပ်ကို ကိုင်သော သူအား ထိုအဆိပ်သည် အစဉ်လောင်ကျွမ်းခြင်းငှာ မတတ်နိုင်သကဲ့သို့ ဤအတူပင် အကုသိုလ် စေတနာ မရှိသဖြင့် မကောင်းမှုကို မပြုသူ၏ လေးအစရှိသည်တို့ကို ထုတ်ဆောင်ပေးသော်လည်း မကောင်းမှုမည်သည် မဖြစ်ပါချေဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာဝိသံ။
နာဗ္ဗဏံ ဝိသမန္ဝေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော"

ပါဏိမှိ - လက်ဝါးပြင်၌၊ ဝဏော - အနာသည်၊ စေ နဿ - မဖြစ်မရှိငြားအံ့။

ပါဏိနာ - ထိုလက်ဖြင့်၊ ဝိသံ - အဆိပ်ကို၊ ဟရေယျ - ကိုင်ဆောင်နိုင်ရာ၏။ ဝိသံ - အဆိပ်သည်၊ အဗ္ဗဏံ - အနာမရှိသောလက်သို့၊ နအန္ဝေတိ - အစဉ်မလိုက်နိုင် (နဝိသံ အန္ဝေတိ - အဆိပ်မတက်နိုင်)။

(ဧဝ မေဝ - ဤအတူသာလျှင် အကုသလစေတနာယ အကုသိုလ်စေတနာ၏၊ အဘာဝေန - မရှိခြင်း ကြောင့်)၊ ပါပံ - မကောင်းမှုကို အကုဗ္ဗတော - မပြုသူအား၊ ပါပံနာမ - မကောင်းမှုမည်သည်၊ နတ္ထိ - မရှိလေ။

အနာမရှိသော လက်ကို အဆိပ်မတက်နိုင်သကဲ့သို့ အကုသိုလ်စေတနာမရှိသူ၏ စိတ်ကို မကောင်းမှုသည် မလိုက်နိုင်။ မကောင်းမှုဟူသော အဆိပ်မတက်နိုင်ဟု ဆိုလိုသည်။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူ များစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

နောက်ဖြစ်သော အချိန်၌ ရဟန်းတို့သည် ဤဆိုလတ္တံ့သော စကားကို ဖြစ်စေကြကုန်၏။

သားခုနစ်ယောက် ချွေးမခုနစ်ယောက်နှင့်အတူဖြစ်သော ကုက္ကုဋမိတ္တ၏ သောတာပတ္တိမဂ်၏ အားကြီးသောမှီရာအကြောင်း ကောင်းမှုသည် အဘယ်ပါနည်း။ ကုက္ကုဋမိတ္တသည် အဘယ်အကြောင်း ကြောင့် မုဆိုးမျိုး၌ ဖြစ်ရလေသနည်း။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့စုဝေးနေကြောင်း စကားကို မေးတော်မူသဖြင့် ရဟန်းတော်တို့က လျှောက်ထားအပ်လေသော် မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူလေပြီ။

ရဟန်းတို့ လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ ဓာတုစေတီတည်ရန် စိစဉ်သူ တို့သည် -

ဤဓာတုစေတီ၏ အင်္ဂတေမြေသည် အဘယ်မြေ ဖြစ်မည်နည်း။ ရေသည် အဘယ်ရေ ဖြစ်မည်နည်းဟု အချင်းချင်းပြောဆိုကြကုန်၏။ ထိုသို့ပြောဆိုကြပြီးနောက် ထိုလူတို့၏ ဆေးဒန်းမြင်းသိလာသည် အင်္ဂတေမြေညက် ဖြစ်လိမ့်မည်။ နှမ်းဆီသည် ရေဖြစ်လိမ့်မည်ဟူသော အကြံဖြစ်လေပြီ။

ထိုလူတို့သည် ဆေးဒန်းမြင်းသိလာ ကျောက်တို့ကို အမှုန့်ထောင်း၍ နှမ်းဆီနှင့် နှီးနှောမွှေနှောက်၍ အုတ်ချပ်နှင့်ဆက်စပ်ပြီး အတွင်း၌ ရွှေဖြင့် စီခြယ်ကြကုန်၏။ မုခ်ပြင်ပ၌ တစ်ခဲနက် ရွှေအတိပြီးသော အုတ်တို့သာ ဖြစ်ကုန်၏။ ရွှေအုတ်တစ်ချပ်တစ်ချပ်သည် တန်ဖိုးတစ်သိန်းထိုက်၏။ ထိုလူတို့သည် ဓာတ်တော်ဌာပနာသည့်တိုင်အောင် စေတီပြီးဆုံးလတ်သော် ဓာတ်တော် ဌာပနာချိန်၌ ဥစ္စာများစွာလို၏။ အဘယ်သူကို အကြီးအကဲ ပြုကြမည်နည်းဟု စဉ်းစားကြကုန်၏။

ထိုအချိန်တွင် တောရွာနေ သူဌေးတစ်ယောက်သည် ကျွန်တော်အကြီးအကဲ ဖြစ်လိုပါ၏ဟု ဓာတ်တော်ဌာပနာရာ၌ ငွေတစ်ကုဋေထည့်သွင်းလေ၏။ ထိုသို့ ထည့်သွင်းသည်ကို မြင်ကြ၍ တိုင်းနေလူတို့သည် ဤမြို့နေသူဌေးသည် ဥစ္စာကိုသာ စုဆောင်း၍ ဤသို့သဘောရှိသော စေတီ၌ အကြီးအကဲဖြစ်ရန် မတတ်နိုင်။ ရွာနေသူဌေးသည်ကား တစ်ကုဋေဥစ္စာကို ထည့်သွင်း၍ အကြီးအကဲ ဖြစ်လေ၏ဟု ကဲ့ရဲ့ကြကုန်၏။ မြို့နေသူဌေးသည် တိုင်းနေလူတို့၏ စကားကို ကြားရသော် ကျွန်တော်သည် အသပြာငွေကျပ်နှစ်ကုဋေတို့ကို လှူ၍ အကြီးအကဲဖြစ်လိုပါ၏ဟုဆိုကာ နှစ်ကုဋေတို့ကို

လှူလေ၏။ ရွာနေသူဌေးသည် ကျွန်တော်သာ အကြီးကဲဖြစ်လိုပါ၏ဟု ပြောဆိုကာ သုံးကုဋေတို့ကို လှူလေ၏။

ဤသို့ ထည့်ဝင်ငွေ တိုးပွား၍ မြို့နေသူဌေးသည် ရှစ်ကုဋေတို့ကို လှူလေ၏။ ရွာနေသူဌေး၏ အိမ်မှာမူ ကိုးကုဋေဥစ္စာသာရှိ၏။ မြို့နေသူဌေးအိမ်၌ ကုဋေလေးဆယ်ဥစ္စာရှိ၏။

ထို့ကြောင့် ရွာနေသူဌေးသည် အကယ်၍ ငါသည် ကိုးကုဋေဥစ္စာကို ပေးလှူလိုက်အံ့ ဤမြို့နေသူဌေးသည် ဆယ်ကုဋေတို့ကို လှူပါမည်ဟု ပြောလိမ့်မည်။ ထိုသို့ ပြောလိုက်လျှင် ငါ၏ ဥစ္စာမရှိတော့ သူ၏အဖြစ်သည် ပေါ်လွင်ထင်ရှားတော့မည်ဟု ကြံမိလေ၏။

ရွာနေသူဌေးသည် ကျွန်တော်သည် ဤမျှလောက်သော ဥစ္စာကိုလည်း လှူပါမည်။ သားမယားတို့နှင့်အတူ စေတီ၏ ကျွန်သည်လည်းဖြစ်ရပါလို၏ဟု ပြောဆိုကာ သားခုနစ်ယောက် ချွေးမခုနစ်ယောက် မယားကိုပါ ကိုင်ယူ၍ မိမိနှင့်အတူ စေတီတော်အား အပ်နှင်းလေ၏။

တိုင်းနေလူတို့သည် ပစ္စည်းဆိုသည်မှာ ဖြစ်ပေါ်လာအောင် တတ်နိုင်သည်။ ဤရွာသူဌေးသည်ကား စေတီတော်အား သားမယားတို့နှင့်အတူ မိမိကိုယ်ကို အပ်နှင်းလေပြီ။ ဤရွာသူဌေးသာ အကြီးအကဲ ဖြစ်ပါစေဟု ပြောဆိုကြပြီး ရွာသူဌေးကို အကြီးအကဲပြုထားကြကုန်၏။ ဤသို့လျှင် ထိုတစ်ကျိပ်ခြောက်ယောက်သော လူတို့သည် စေတီတော်၏ ကျွန်များဖြစ်ကြကုန်၏။ သို့ဖြစ်ကြသော်လည်း တိုင်းနေသူတို့သည် ထိုတစ်ကျိပ်ခြောက်ယောက်သော လူတို့ကို ဘုရားကျွန်အဖြစ် ကင်းလွတ်သူအဖြစ်မှ ကင်းလွတ်သူတို့ကို (ဝါ) ကင်းလွတ်သူတို့၏အဖြစ်ကို ပြုပေးကြကုန်၏။ ဘုရားကျွန်အဖြစ်မှ ကင်းလွတ်သော်လည်း စေတီတော်မြတ်ကိုသာ သုတ်သင်ပြုစု၍ အသက်ထက်ဆုံး တည်နေကြပြီး ထိုဘဝမှ စုတေကြကာ နတ်ပြည်၌ဖြစ်ကြကုန်၏။

ထိုလူတို့သည် ဘုရားတစ်ဆူအကြား ကာလပတ်လုံး နတ်ပြည်၌ နေကြလေကုန်သော် ဤဂေါတမမြတ်စွာဘုရား ပွင့်တော်မူရာအချိန်၌ ဇနီးဖြစ်သူသည် နတ်ပြည်မှစုတေ၍ ရာဇဂြိုလ်သူဌေး၏ သမီးဖြစ်လေပြီ။ ထိုသူဌေးသမီးသည် သတို့သမီး (အပျိုအရွယ်ရှိသူသာ) ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်လေပြီ။

သံဝေဂဖြစ်ဖွယ်ကား သစ္စာလေးရပ်တရားမြတ်ကို အဟုတ်အဟပ် မသိသေးသူ၏ ပဋိသန္ဓေမည်သည် ဝန်လေး၏ဟူသော သဘောနှင့်အညီ ထိုအမျိုးသမီး၏ အရှင်သခင်လင်သည် ဘဝအတန်တန် တပြောင်းပြန်ပြန် ကျင်လည်လျက် မုဆိုးအမျိုး၌ ဖြစ်လေပြီ။

ထိုမုဆိုးကို မြင်ခြင်းနှင့်အတူသာ (မြင်လျှင်မြင်ခြင်း) ရှေး၌ဖြစ်ခဲ့ဖူးသော ချစ်ခင်မှု မေတ္တာအစေးသည် သူဌေးသမီးကို လွှမ်းမိုးဖြစ်ပေါ်လေ၏။

ထိုစကားအမှန်ပင်ဖြစ်၏။

"ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိ တေနဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။"

ဟူသော ဤတရားဒေသနာဂါထာကို ဟောတော်မူအပ်သည်သာဖြစ်၏။

ပုဗ္ဗေဝ - ရှေးအတိတ်ကာလ လွန်ခဲ့သောဘဝကပင်၊ သန္နိဝါသေနဝါ - အတူတကွ နေခဲ့ဖူးခြင်းကြောင့် လည်းကောင်း၊ ပစ္စုပ္ပန္နဟိတေနဝါ ယခုဘဝ ပစ္စုပ္ပန်ကာလ၌ အပြန်အလှန်ပြုအပ်သော အစီးအပွားကြောင့်လည်းကောင်း၊ ဧဝံ - ဤအကြောင်းကြောင့်၊ တံပေမံ - မြင်လျှင်မြင်ခြင်း ချစ်ခင်မြတ်နိုးခြင်းသည်၊ ဇာယတေ - စင်စစ် မသွေဖြစ်ပေါ်လာလေ၏။

ကိမိဝ - ဥပမာဆို ဘယ်လိုနည်းဟူမူကား၊ ဥဒကေ - ရေ၌ ဥပ္ပလံ ကြာမျိုးစုံသည်၊ ဇာယတေ ဣဝ - ရွံ့ညွန်နှင့်ရေ ပေါင်းမိလေ၍ မသွေမကွာ ပေါက်ရောက်ဖြစ်ပေါ်လာသကဲ့သို့တည်း။

ထိုသူဌေးသမီးသည် ရှေးအတိတ်ဘဝက ဖြစ်ခဲ့ဖူးသော ချစ်ခင်မြတ်နိုးမှု မေတ္တာအစေး စပ်ထေးမှုကြောင့်သာလျှင် မုဆိုးအိမ်သို့ ရောက်သွားရလေပြီ။ ထိုဘုရားအမ၏ သားတို့သည်လည်း နတ်ပြည်မှ စုတေကြပြီး ထိုသူဌေးသမီး မုဆိုးကတော်၏ ဝမ်းတိုက်၌သာ ပဋိသန္ဓေကို ယူခဲ့ကြကုန်ပြီ။ ထိုဘုရားအမ၏ ချွေးမတို့သည်လည်း ထိုထိုအမျိုးအိမ်တို့၌ ဖြစ်ကုန်၍ အရွယ်ရောက်လတ်ကုန်သော် ထိုမုဆိုးဇနီးမောင်နှံတို့၏ အိမ်သို့သာ ရောက်လာကြကုန်ပြီ။ ဤသို့လျှင် ထိုတစ်ကျိပ်ခြောက်ယောက်လုံးတို့သည် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု ပြီးချိန်၌ စေတီတော်ကို သုတ်သင်ပြုစုခဲ့ကြ၍ ထိုကောင်းမှုကံ၏ အာနုဘော်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ကြလေကုန်သတည်း။

ကုက္ကုဠမိတ္တခနေသာခဝတ္ထု ပြီး၏။

## ၈။ ကောကသုနခလုဒ္ဒကဝတ္ထု
## ကောကအမည်ရှိသော ခွေးမုဆိုးအကြောင်း

သာဝတ္ထိမြို့၌ ကောကအမည်ရှိ ခွေးမုဆိုးတစ်ဦးရှိ၏။

သူသည် တစ်နေ့သ၌ နံနက်အချိန်တွင် လေးကိုကိုင်ယူ၍ ခွေးအပေါင်းခြံရံလျက် တောအရပ်သို့ သွားနေစဉ် လမ်းခရီးအကြား၌ ဆွမ်းခံဝင်ရန် ကြွလာသော ရဟန်းတစ်ပါးကို မြင်လေသော် အမျက်ထွက်ပြီး -

သူယုတ်မာကို တွေ့မြင်အပ်ပြီ ယနေ့ ငါဘာကိုမျှ ရမည်မဟုတ်ဟု စိတ်ကူး၍ ရှေ့သို့ထွက်သွားလေ၏။ ထေရ်ရဟန်းသည်လည်း ရွာတွင်း၌ ဆွမ်းခံလှည့်၍ ဆွမ်းကိုစွပြီးလတ်သော်တဖန် ကျောင်းသို့ ပြန်လာလေ၏။ မုဆိုးသည်လည်း တောအရပ်၌ သားကောင်ကို လှည့်လည်ရှာဖွေ၍ တစ်စုံတစ်ခုကို မရသဖြင့် ပြန်လာစဉ် တဖန် ထေရ်ရဟန်းကို မြင်ပြန်၍ -

ယနေ့ ငါသည် ဤသူယုတ်မာကို မြင်၍ တောသို့သွားသည် ဖြစ်သောကြောင့် တစ်စုံတစ်ခုကို မရခဲ့။ ယခုတဖန် သူယုတ်မာသည် ငါ့အား မျက်နှာရှေးရှု (မျက်နှာချင်းဆိုင်) ဖြစ်ပြန်ပြီ။ ထိုသူယုတ်မာကို ခွေးတို့ကို ကိုက်စားစေမည်ဟူသော အကြံဖြင့် အမှတ်သညာကိုပေး၍ ခွေးတို့ကို လွှတ်လိုက်လေ၏။

ထေရ်ရဟန်းသည်လည်း ဥပါသကာ သင်ဤသို့ မပြုနှင့်ဟု တောင်းပန်ရှာ၏။

မုဆိုးသည် ယနေ့ငါသည် သင်၏ မျက်နှာထင်ရှားရှိသူဖြစ်ခဲ့သောကြောင့် (သင်နှင့်မျက်နှာချင်းဆိုင် တွေ့ခဲ့သောကြောင့်) တစ်စုံတစ်ခုကို မရခဲ့။ တဖန်လည်း ငါ၏ မျက်နှာရှေးရှုရှိသူအဖြစ်သို့ ရောက်လာပြန်သည်။ သင့်ကို ကိုက်ခဲစေမည်သာဟု ပြော၍ ခွေးတို့ကို အကိုက်ခိုင်းလေ၏။

ထေရ်ရဟန်းသည် လျှင်မြန်စွာ သစ်ပင်တစ်ပင်ပေါ်သို့ တက်၍ တစ်သူပမာဏမြင့်သော (လက်ခုပ်တဖောင် မြင့်သော) နေရာ၌ ထိုင်နေ၏။

ခွေးတို့သည် သစ်ပင်ကို ဝန်းရံနေကြသည်။ မုဆိုးသည် ရဟန်းရှိရာသို့ သွား၍ သင့်အဖို့ သစ်ပင်ပေါ်တက်နေသော်လည်း လွတ်ခွင့်မရှိဟုဆိုကာ ထေရ်ရဟန်းကို မြားချွန်ဖြင့် ခြေဖဝါးအပြင်၌ ထိုးလေ၏။ ထေရ်ရဟန်းသည် မုဆိုးကို ဤသို့မပြုပါနှင့်ဟု တောင်းပန်ရှာသည်သာ ဖြစ်၏။

မုဆိုးသည် ထေရ်ရဟန်း၏ တောင်းပန်စကားကို မနာယူဘဲ အကြိမ်ကြိမ်ထိုးသည်သာဖြစ်၏။

ထေရ်ရဟန်းသည် ခြေဖဝါးပြင်တစ်ခုကို ထိုးလျှင် ထိုခြေဖဝါးကို မြှောက်လေ၏။ နှစ်ခုမြှောက် ခြေဖဝါး ကိုချ၍ ထိုခြေဖဝါကို ထိုးအပ်သော် ထိုခြေဖဝါးကိုလည်း မြှောက်ထားလေ၏။ မုဆိုးသည် ဤသို့လျှင် တောင်းပန်စကားကို မနာယူဘဲ ထေရ်ရဟန်း၏ ဖဝါးပြင်နှစ်ခုလုံးကို ထိုးသည်သာ ဖြစ်၏။

ထေရ်ရဟန်း၏ ကိုယ်သည် မီးရှူးတို့ဖြင့် တောက်လောင်အပ်သကဲ့သို့ ဖြစ်လေ၏။

ထေရ်ရဟန်းသည် ဝေဒနာသည် အစဉ်လိုက်သည် ဖြစ်၍ (ပြင်းထန်သော ဝေဒနာကို ခံစားရ၍) သတိကို ရှေးရှုထင်စေရန် မတတ်နိုင်တော့ပြီ။ ရုံထားသော သင်္ကန်းလျှောကျသည်ကိုလည်း မမှတ်နိုင်

တော့ပြီ။ လျှောကျလာသော ထိုသက်န်းသည် ကောကမုဆိုးကို ဦးခေါင်းမှစ၍ ဝန်းရံလျက်သာ ကျလေပြီ။ ခွေးတို့သည် ထေရ်ရဟန်းကျလာသည်ဟူသော အမှတ်ဖြင့် သက်န်းတွင်းသို့ဝင်၍ မိမိတို့ သခင်မုဆိုးကို လုယက်ကိုက်စားကုန်လျက် အရိုးမျှ ကြွင်းကျန်အောင် ပြုကြကုန်၏၊ ခွေးတို့သည် သက်န်းအတွင်းမှ ထွက်ကုန်၍ ပြင်ပ၌ ရပ်နေကြကုန်၏။

ထိုအခါ ထေရ်ရဟန်းသည် သစ်ကိုင်းခြောက်တစ်ခုကို ချိုး၍ ခွေးတို့ထံ ပစ်လိုက်လေ၏၊ ခွေးတို့သည် ထေရ်ရဟန်းကို မြင်ကြသော် ငါတို့သည် ငါတို့သခင်ကိုသာ ခဲစားအပ်ပြီးဟု သိကြပြီး တောတွင်းသို့ ဝင်သွားကြလေကုန်၏။

ထေရ်ရဟန်းသည် ခွေးတို့သည် ငါ၏ သက်န်းတွင်းသို့ ဝင်၍ မုဆိုးကို ဖျက်ဆီးအပ်၏၊ ငါ၏ သီလအနာတင်းလေသလောဟု ကုက္ကုစ္စ (သို့လောသို့လော) ကို ဖြစ်စေ၏။

ထေရ်ရဟန်းသည် သစ်ပင်ပေါ်မှဆင်း၍ မြတ်စွာဘုရားထံ သွားပြီး အစမှစ၍ ဖြစ်ခဲ့ပုံ အားလုံးကို လျှောက်ထားပြီး -

မြတ်စွာဘုရား တပည့်တော်၏ သက်န်းကို အမှီပြု၍ ထိုမုဆိုးဥပါသကာသည် ပျက်စီးရပါသည်၊ မည်သို့ပါနည်း တပည့်တော်၏ သီလသည် အနာကင်းပါ၏လော။ မေးလျှောက်လေ၏၊ မြတ်စွာဘုရား သည် ထိုထေရ်ရဟန်း၏စကားကို ကြားတော်မူ၍ ရဟန်း သင်၏သီလသည် အနာမရှိ၊ သင်၏ ရဟန်းအဖြစ်သည် ရှိနေသည်၊ ထိုမုဆိုးသည် မပြစ်မှားသင့်သော သူအား ပြစ်မှား၍ ပျက်စီးခြင်းသို့ ရောက်ရသည်။ သက်သက်သော်ကား ယခုဘဝ ယခုအချိန်၌သာ ရောက်သည်မဟုတ်သေး အတိတ် ကာလ အတိတ်ဘဝ၌လည်း မပြစ်မှားထိုက်သော သူအား ပြစ်မှား၍ ပျက်စီးခြင်းသို့ ရောက်ခဲ့ဖူးသည်သာ ဖြစ်၏ဟု မိန့်တော်မူကာ ထိုအကြောင်းကို ထင်ရှား ပြတော်မူလိုသော မြတ်စွာဘုရားသည် အတိတ်ဖြစ်ရပ် အတ္တုပ္ပတ်ကို ဆောင်ပြတော်မူပြီ -

လွန်လေပြီးသောအခါ ဆေးသမားတစ်ယောက်သည် ဆေးကုရန် ရွာကို လှည့်လည်သော် တစ်စုံတစ်ခု ဆေးကုသမှုကို မရ၍ ဝမ်းတွင်း၌ ဆာလောင်သည်ဖြစ်ရကား ရွာမှ ထွက်ခဲ့ပြီး ရွာတံခါးအနီး၌ ကစားနေကြသော များစွာသော သူငယ်တို့ကို တွေ့မြင်ရသော် ဤသူငယ်တို့ကို မြွေကိုက်စေပြီး ဆေးကု၍ စားဖွယ်ကို ရလိမ့်မည်ဟူသော အကြံဖြင့်သစ်ခေါင်းတစ်ခု၌ ဦးခေါင်းကို ထုတ်၍ အိပ်နေသော မြွေကို ပြပြီး -

အို. . .. သူငယ်တို့ ဤအကောင်ငယ်သည် သာလိကာ တစ်ကောင်ဖြစ်သည်။ ထိုသာလိကာ ငယ်ကို ကိုင်ဖမ်းကြဟု ပြောလေ၏။ ထိုအခါ သူငယ်တစ်ယောက်သည် မြွေကိုလည်ပင်း၌ မြဲစွာကိုင်၍ ဆွဲထုတ်လေသော် ထိုအကောင်၏ မြွေအဖြစ်ကိုသိပြီး ကြောက်လန့်အော်ဟစ်လျက် အနီး၌ ရပ်နေသော ဆေးဆရာ၏ဦးခေါင်း၌ ပစ်တင်လိုက်လေ၏။

မြွေသည် ဆေးဆရာ၏ ပခုံးရိုးကို ပတ်ပြီး ပြင်းထန်စွာ ကိုက်ခဲ၍ ထိုနေရာ၌ပင် အသက်ကုန် ခြင်းသို့ ရောက်စေပြီ။

ဤသို့လျှင် ဤကောက ခွေးမုဆိုးသည် ရှေးအခါ၌လည်း မပြစ်မှားထိုက်သူအား ပြစ်မှား၍ ပျက်စီးခြင်းသို့ ရောက်ခဲ့သည်သာ ဖြစ်သည်။ မြတ်စွာဘုရားသည် ဤအတိတ်ဖြစ်ရပ်ကို ဆောင်တော်မူ၍

အနုသန္ဓေစပ်ပြီး တရားဟောလိုရကား ဤဆိုလတ္တံ့သော ဂါထာကိုဟောတော်မူသည်။

“ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော”

ယော - အကြင်သူသည်၊ အပ္ပဒုဋ္ဌဿ - မပြစ်မှားထိုက်သော၊ သုဒ္ဓဿ - အပြစ်ကင်းသော၊ အနင်္ဂဏဿ - ကိလေသာကင်းသော၊ နရဿ ပေါသဿ - ပုဂ္ဂိုလ်သတ္တဝါအား၊ ဒုဿတိ - ပြစ်မှား၏။ ပဋိဝါတံ - လေညာ သို့၊ ခိတ္တော - လွှင့်အပ်သော၊ သုခုမော - သိမ်မွေ့သော။ ရဇော - မြူသည်၊ ပစ္စေတိ ပတိဧတိက္ကံ - ပစ်သူထံ ပြန်လာသကဲ့သို့ (ဧဝံ - ဤအတူ) ပါပံ - မကောင်းမှုသည်၊ တမေဝ ဗာလံ - ထိုသူမိုက်ကိုသာ၊ ပစ္စေတိ - မကောင်းကျိုးကို ဖြစ်စေသည်၏ အစွမ်းဖြင့် တဖန်ပြန်၍ လာလေ၏။

ဒေသနာတော်အဆုံး၌ ထိုထေရ်ရဟန်းသည် ရဟန္တာအဖြစ်၌ တည်လေ၏။ ရောက်လာသူ ရဟန်းရှင်လူ ပရိသတ်၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

**ကောကသုနခလုဒ္ဒကဝတ္ထု ပြီး၏။**

## ၉။ မဏိကာရကုလူပက တိဿတ္ထေရဝတ္ထု
## ပတ္တမြားထွင်းသမား၏ အိမ်သို့ ကပ်တတ်သော တိဿထေရ်အကြောင်း

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တိဿထေရ်သည် ပတ္တမြားထွင်း သမားတစ်ယောက်၏ အိမ်၌ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး ဆွမ်းဘုဉ်းပေးလေပြီ။

ပတ္တမြားထွင်းသမားအိမ်၌ လင်မယားနှစ်ယောက်တို့သည် မိဖအရာ၌ တည်ကြပြီး တိဿထေရ်ကို ကျွေးမွေးပြုစုကြကုန်၏။

တစ်နေ့သ၌ ပတ္တမြားတွင်းသမားသည် မထေရ်၏ ရှေ့၌ ဟင်းလျာအသားကို လှီးဖြတ်လျက် ထိုင်နေ၏။

ထိုခဏ၌ ကောသလမင်းကြီးသည် ပတ္တမြားရတနာတစ်ခုကို ဤပတ္တမြားကို စင်ကြယ်အောင် ဆေး၍ ထွင်းဖောက်ပြီး ပြန်ပို့ရမည်ဟု ပတ္တမြားထွင်းသမားထံ ပို့စေ၏။

ပတ္တမြားထွင်းသမားသည် သွေးလိမ်းကပ်နေသော လက်ဖြင့် ထိုပတ္တမြားကို ခံယူ၍ ဒေသတ္တာပေါ်၌ ထားခဲ့ပြီး လက်ကိုဆေးကြောရန် အိမ်တွင်းသို့ဝင်လေ၏။

ထိုအိမ်၌ မွေးထားအပ်သော ကြိုးကြာငှက်တစ်ကောင်ရှိ၏။ ထိုကြိုးကြာငှက်သည် သွေးအနံ့ကြောင့် အသားတုံးဟူသော အမှတ်ဖြင့် ထိုပတ္တမြားကို မထေရ်မြင်နေစဉ်မှာပင် မျိုချလေ၏။ ပတ္တမြားထွင်းသမားသည် ပြန်လာ၍ ပတ္တမြားကို မမြင်ရသော် ပတ္တမြားကို မည်သူယူထားအပ်သနည်းဟု ဇနီးနှင့် သားသမီးတို့ကို မေး၍ ဇနီးနှင့် သားသမီးတို့က ကျွပ်တို့မယူကြပါဟု ပြောဆိုအပ်သော် တိဿထေရ် ယူထားအပ်သည် ဖြစ်လိမ့်မည်ဟု စဉ်းစား၍ အို. . . ရှင်မ ပတ္တမြားကို တိဿထေရ် ယူထားအပ်သည် ဖြစ်လိမ့်မည်ဟု ဇနီးနှင့် တိုင်ပင်ပြောဆိုလေ၏။

ဇနီးဖြစ်သူက အို. . . အိမ့်ရှင် ဤသို့ မပြောပါနှင့် ဆယ့်နှစ်နှစ်ကာပတ်လုံး မထေရ်၏ အပြစ်တစ်စုံတစ်ခုကို ကျွန်မ မမြင်ဘူးပါ။ မထေရ်သည် ပတ္တမြားကို မယူပါဟု ပြောလေ၏။

ပတ္တမြားထွင်းသမားသည် အရှင်ဘုရား ဤနေရာ၌ ပတ္တမြားရတနာကို အရှင်ဘုရားတို့ ယူအပ်ပါသလောဟု မထေရ်ကို မေးလေ၏။

ဥပါသကာ ပတ္တမြားကို ငါမယူပါ။

အရှင်ဘုရား ဤနေရာ၌ အရှင်ဘုရားမှတစ်ပါး အခြားသူမရှိပါ။ အရှင်ဘုရားတို့သာ ယူထားအပ်သည် ဖြစ်လိမ့်မည်။ တပည့်တော်အား ပတ္တမြားရတနာကို ပေးပါဟု လျှောက်ထားလေ၏။

ပတ္တမြားထွင်းသမားသည် မထေရ်က ဝန်မခံလေသော် တဖန် မထေရ်သည်ပင် ပတ္တမြားကို ယူထားအပ်သည် မထေရ်ကို နှိပ်စက်ပြီး မေးဦးမည်ဟု ဇနီးကို ပြောပြန်၏။

ဇနီးဖြစ်သူက အို. . . အိမ့်ရှင် ကျွန်မတို့ကို မဖျက်ဆီးပါနှင့်။ ကျွန်မတို့သည် ကျွန်အဖြစ် ကပ်ရောက်ရခြင်းက မြတ်ပါသည်။ မထေရ်ကို ဤသို့ ပြောဆိုခြင်းက မမြတ်ပါဟု ပြောလေ၏။

ပတ္တမြားထွင်းသမားသည် ငါတို့အားလုံး ကျွန်အဖြစ် ကပ်ရောက်ကြကုန်သော် ပတ္တမြားတန်ဖိုး

လောက် တန်ဖိုးမထိုက်တန်ဟု ပြောဆိုကာ ကြိုးကိုယူ၍ မထေရ်၏ ဦးခေါင်းကို ရစ်ပတ်၍ တုတ်ဖြင့် ရိုက်လေ၏။ မထေရ်၏ ဦးခေါင်းမှလည်းကောင်း၊ နားနှာခေါင်းတို့မှလည်းကောင်း သွေးယိုစီးကျလေ၏။ မျက်လုံးတို့သည် ကျွတ်ထွက်မည့်အခြေသို့ ရောက်ကုန်၏။ မထေရ်သည် ဆင်းရဲဝေဒနာကြောင့် မှူးမေ့လျက် မြေ၌လဲကျလေ၏။

ကြိုးကြာသည် သွေးနံ့ကြောင့် လာ၍ မထေရ်၏သွေးကို သောက်လေ၏။ ထိုအခါ ပတ္တမြား ထွင်းသမားသည် ကြိုးကြာကို မထေရ်အပေါ်၌ဖြစ်နေသော အမျက်ဒေါသအဟုန်ဖြင့် နင်က ဘာကို ပြုသနည်းဟုဆိုကာ ခြေဖြင့် ခတ်ပစ်လိုက်လေ၏။ ကြိုးကြာသည် တစ်ချက်တည်းဖြင့်ပင် သေ၍ ပက်လက်ဖြစ်နေလေ၏။ ထေရ်ရဟန်းသည် သေနေသော ကြိုးကြာကို မြင်၍ ဥပါသကာ ရှေးဦးစွာ ငါ၏ ဦးခေါင်း၌ ရစ်ထားသော ကြိုးကို လျှော့ပေးပြီး ဤကြိုးကြာ သေမသေကို ကြည့်ပါဦးဟု ပြော၏။

ထိုအခါ ထေရ်ရဟန်းကို ပတ္တမြားထွင်းသမားက ဤကြိုးကြာကဲ့သို့ သင်လည်း သေရမည်ဟု ပြန်ပြော၏။

ဥပါသကာ ဤကြိုးကြာသည် သင်ထားခဲ့သော ပတ္တမြားကို မျိုအပ်ပြီ ဤကြိုးကြာ မသေခဲ့လျှင် သင့်အား ငါသေသော်လည်း ပတ္တမြားကို ပြောမည်မဟုတ်ဟု ထေရ်ရဟန်းက ပြောပြန်သည်။

ပတ္တမြားထွင်းသမားသည် ကြိုးကြာ၏ရင်ကိုခွဲပြီး ပတ္တမြားကို မြင်တွေ့လေသော် တုန်လှုပ်လျက် ထိတ်လန့်သော စိတ်ရှိသည်ဖြစ်၍ မထေရ်၏ခြေရင်း၌ ဝပ်စင်းပြီး အရှင်ဘုရားတပည့်တော်အား သည်းခံတော်မူပါ။ တပည့်တော် မသိသဖြင့် ပြုအပ်ပါပြီဟု လျှောက်ထားလေ၏။

ဥပါသကာ သင့်မှာ အပြစ်မရှိ။ ငါ့မှာလည်း အပြစ်မရှိ။ ဤအပြစ်သည် ဝဋ်၏အပြစ်သာဖြစ်၏။ သင့်အား ငါသည်းခံပါ၏။

အရှင်ဘုရား တပည့်တော်အား သည်းခံခဲ့လျှင် ရှေးနည်းဖြင့်သာ တပည့်တော်၏ အိမ်၌ ထိုင်၍ ဆွမ်းကို ခံယူတော်မူပါ။

ဥပါသကာ ယခုအချိန် ငါသည် ဤနေ့မှစ၍ သူတစ်ပါးတို့၏ အိမ်မိုးအတွင်းသို့ ဝင်တော့ မည်မဟုတ်။

မှန်ပေ၏။ ယခုအပြစ်သည် အိမ်တွင်းဝင်ခြင်း၏ အပြစ်သာဖြစ်သည်။ ဤနေ့မှစ၍ ငါ၏ ခြေတို့သည် ရပ်နိုင်သွားနိုင်စွမ်းအားကို ဆောင်ကြကုန်သော် အိမ်တံခါးဝ၌ ရပ်လျက်သာ ဆွမ်းကို ခံယူတော့မည်ဟု မိန့်ဆိုပြီး ဓုတင်ကို ဆောက်တည်၍ -

"ပစ္စတိ မုနိနော ဘတ္တံ၊ ထောကံ ထောကံ ကုလေ ကုလေ။
ပိဏ္ဍိကာယ စရိဿာမိ၊ အတ္ထိ ဇင်္ဃဗလံ မမ" ဟူသော

ဤဂါထာကို မိန့်တော်မူ၏။

မုနိနော - ရဟန်း၏ (ရဟန်းအဖို့) ကုလေ ကုလေ - အိမ်တိုင်း အိမ်တိုင်း၌ ထောကံ ထောကံ အနည်းငယ် အနည်းငယ်သော ဘတ္တံ - ဆွမ်းကို (ဂေဟဇနာ - အိမ်နေသူတို့သည်) ပစ္စတိ - ချက်အပ်၏။

မမ - ငါ၏၊ ဝယ်ဗလံ - သလုံးမြင်းခေါင်း၏အားသည်၊ အတ္တိ - ရှိ၏၊ ပိဏ္ဍိကာယ - ဆွမ်းအလို့ငှာ၊ စရိဿာမိ-လှည့်လည်သွားလာပေတော့အံ့။

ဆက်လက်၍ အထူးကို ဆိုဦးအံ့။ ထေရ်ရဟန်းသည် ဤဂါထာစကားကို ပြောဆို၍ ရိုက်နှက်အပ်သော ထိုအနာဖြင့်ပင် မကြာမှီသာ၊ ပရိနိဗ္ဗာန်ပြုလေပြီ။

ကြိုးကြာသည် ပတ္တမြားထွင်းသမား၏ ဇနီးဝမ်းကိုက်၌ ပဋိသန္ဓေကို ယူလေပြီ -

ပတ္တမြားထွင်းသမားသည် ကွယ်လွန်ပြီး ငရဲ၌ ဖြစ်လေ၏။

ပတ္တမြားထွင်းသမား၏ ဇနီးသည် ထေရ်ရဟန်း၌ နူးညံ့သော စိတ်ထားရှိသူဖြစ်သောကြောင့် ကွယ်လွန်ပြီး နတ်ပြည်၌ဖြစ်လေပြီ။ ရဟန်းတို့သည် မြတ်စွာဘုရားကို ထိုလူတိရစ္ဆာန်တို့၏ လားရာဘဝကို မေးလျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ဤလောကတွင် အချို့လူတို့သည် အမိဝမ်း၌ ဖြစ်ကြကုန်၏။ မကောင်းမှုပြု သူ အချို့လူတို့သည် ငရဲ၌ဖြစ်ကြကုန်၏။ ကောင်းမှုပြုသူ အချို့လူတို့သည် နတ်ပြည်၌ ဖြစ်ကြကုန်၏။ အာသဝေါ ခန်းကွာ ရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုကြကုန်၏ဟု မိန့်တော်မူကာ အနုသန္ဓေကို စပ်၍ တရားကိုဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာကို မိန့်တော်မူသည်။

"ဂဗ္ဘမေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။
သဂ္ဂံသုဂတိနော ယန္တိ ပရိနိဗ္ဗန္တိ အနာသဝါ"

ဧကေ - အချို့လူတို့သည်၊ ဂဗ္ဘံ - လူမိခင်ဝမ်းသို့၊ ဥပ္ပဇ္ဇန္တိ - ချဉ်းကပ်ကုန်၏။

တနည်း - ဂဗ္ဘေ - လူမိခင်ဝမ်းတိုက်၌၊ ဥပဇ္ဇန္တိ - ဖြစ်ကုန်၏။

ပါပကမ္မိနော - မကောင်းမှုကံရှိသူတို့သည်၊ နိရယံ - ငရဲသို့၊ ဥပ္ပဇ္ဇန္တိ - ချဉ်းကပ်ကုန်၏။

တနည်း၊ နိရယေ - ငရဲ၌၊ ဥပ္ပဇ္ဇန္တိ - ဖြစ်ကုန်၏။

သုဂတိနော - ကောင်းသောလားရာ ရှိသူတို့သည်။

သဂ္ဂံ - နတ်ပြည်သို့၊ ယန္တိ - လားရောက်ကုန်၏။

အနာသဝါ - အာသဝေါခန်းကွာ ရဟန္တာတို့သည် ပရိနိဗ္ဗန္တိ - ဒုက္ခခပ်သိမ်းငြိမ်းကြကုန်၏။

ဒေသနာ ဂါထာအဆုံး၌ ရဟန်းရှင်လူ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

မဏိကာရကုလူပက တိဿတ္ထေရဝတ္ထု ပြီး၏။

မမ - ငါ၏၊ ဃယ်ဗလံ - သလုံးမြင်းခေါင်း၏အားသည်၊ အတ္တိ - ရှိ၏၊ ပိဏ္ဍိကာယ - ဆွမ်းအလို့ငှာ၊ စရိဿာမိ-လှည့်လည်သွားလာပေတော့အံ့။

ဆက်လက်၍ အထူးကို ဆိုဦးအံ့။ ထေရ်ရဟန်းသည် ဤဂါထာစကားကို ပြောဆို၍ ရိုက်နှက်အပ်သော ထိုအနာဖြင့်ပင် မကြာမီ့သာ၊ ပရိနိဗ္ဗာန်ပြုလေပြီ။

ကြိုးကြာသည် ပတ္တမြားထွင်းသမား၏ ဇနီးဝမ်းကိုက်၌ ပဋိသန္ဓေကို ယူလေပြီ -

ပတ္တမြားထွင်းသမားသည် ကွယ်လွန်ပြီး ငရဲ၌ ဖြစ်လေ၏။

ပတ္တမြားထွင်းသမား၏ ဇနီးသည် ထေရ်ရဟန်း၌ နူးညံ့သော စိတ်ထားရှိသူဖြစ်သောကြောင့် ကွယ်လွန်ပြီး နတ်ပြည်၌ဖြစ်လေပြီ။ ရဟန်းတို့သည် မြတ်စွာဘုရားကို ထိုလူတိရစ္ဆာန်တို့၏ လားရာဘဝကို မေးလျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ဤလောကတွင် အချို့လူတို့သည် အမိဝမ်း၌ ဖြစ်ကြကုန်၏။ မကောင်းမှုပြု သူ အချို့လူတို့သည် ငရဲ၌ဖြစ်ကြကုန်၏။ ကောင်းမှုပြုသူ အချို့လူတို့သည် နတ်ပြည်၌ ဖြစ်ကြကုန်၏။ အာသဝေါ ခန်းကွာ ရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုကြကုန်၏ဟု မိန့်တော်မူကာ အနုသန္ဓေကို စပ်၍ တရားကိုဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာကို မိန့်တော်မူသည်။

"ဂဗ္ဘမေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။
သဂ္ဂံ သုဂတိနော ယန္တိ ပရိနိဗ္ဗန္တိ အနာသဝါ"

ဧကေ - အချို့လူတို့သည်၊ ဂဗ္ဘံ - လူမိခင်ဝမ်းသို့၊ ဥပ္ပဇ္ဇန္တိ - ချဉ်းကပ်ကုန်၏။
တနည်း - ဂဗ္ဘ - လူမိခင်ဝမ်းတိုက်၌၊ ဥပဇ္ဇန္တိ - ဖြစ်ကုန်၏။
ပါပကမ္မိနော - မကောင်းမှုကံရှိသူတို့သည်၊ နိရယံ - ငရဲသို့၊ ဥပ္ပဇ္ဇန္တိ - ချဉ်းကပ်ကုန်၏။
တနည်း၊ နိရယေ - ငရဲ၌၊ ဥပ္ပဇ္ဇန္တိ - ဖြစ်ကုန်၏။
သုဂတိနော - ကောင်းသောလားရာ ရှိသူတို့သည်။
သဂ္ဂံ - နတ်ပြည်သို့၊ ယန္တိ - လားရောက်ကုန်၏။
အနာသဝါ - အာသဝေါခန်းကွာ ရဟန္တာတို့သည် ပရိနိဗ္ဗန္တိ - ဒုက္ခခပ်သိမ်းငြိမ်းကြကုန်၏။

ဒေသနာ ဂါထာအဆုံး၌ ရဟန်းရှင်လူ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

မဏိကာရကုလူပက တိဿဝတ္ထုရဝတ္ထု ပြီး၏။

တစ်ခုကို ဝတ်စေကာ ထိုမိန်းမကို စွန့်ပစ်ကြပါ။ ငါသည်ကား ရေပြင်ပေါ်၌ ပေါ်နေသော ထိုမိန်းမကို မကြည့်ဝံ့ပါ။ ထို့ကြောင့် ထိုမိန်းမကို ငါမမြင်ရအောင် သဲအိုးကို လည်ပင်း၌ ချည်၍ သမုဒ္ဒရာ၌ ပစ်ချကြပါဟု ပြောလေ၏။ လူတို့သည် သင်္ဘောသူကြီးပြောသည့်အတိုင်း ပြုကြကုန်၏။ ထိုမိန်းမကိုလည်း သမုဒ္ဒရာအတွင်း ကျသွားရာ နေရာ၌ပင် ငါးလိပ်တို့သည် လုယက်ကိုက်ခဲစားကြကုန်၏။

ရဟန်းတို့သည် ထိုဖြစ်ပုံကို သိခဲ့ကြ၍ မြတ်စွာဘုရားမှတစ်ပါး အဘယ်သူသည် ထိုမိန်းမ၏ ပြုခဲ့သော ကံတရားကို သိနိုင်မည်နည်း။ မြတ်စွာဘုရားကို ထိုမိန်းမ၏ ကံတရားကို မေးလျှောက်ကြကုန်အံ့ဟု တိုင်ပင်ကြပြီး ရောက်လိုရာအရပ်သို့ ရောက်လျှင် လှေသင်္ဘောပေါ်မှ ဆင်း၍ ဖဲခွာသွားကြကုန်ပြီ။

တစ်ခြားလည်း ဖြစ်ကုန်သော ရဟန်းခုနစ်ပါးတို့သည် မြတ်စွာဘုရားအား ဖူးမြင်ရန် လာကြစဉ် ညချမ်းအချိန်အခါ၌ ကျောင်းတစ်ကျောင်းသို့ ဝင်၍ နေရန်ဌာနကို မေးကြကုန်၏။ လိုဏ်ဂူတစ်ခု၌ ညောင်စောင်းခုနစ်ခုတို့ ရှိကုန်၏။ ထိုလိုဏ်ဂူတွင်းနေရာကိုသာ ရကြ၍ ထိုလိုဏ်ဂူတွင်း ညောင်စောင်းတို့၌ ကျိန်းစက်ကုန်သော ထိုရဟန်းတို့၏ ညအချိန်၌ အိမ်အထွတ်ပမာဏရှိသော ကျောက်တုံးသည် လိမ့်လာပြီး လိုဏ်ဂူတံခါးကို ပိတ်လေပြီ။ ကျောင်းနေရဟန်းတို့သည် ငါတို့သည် ဤလိုဏ်ဂူကို အာဂန္တုရဟန်းတို့အား ရောက်စေကြသည်။ ဤကျောက်တုံးကြီးသည်လည်း လိုဏ်တံခါးကို ပိတ်လျက်တည်နေသည်။ ကျောက်တုံးကြီးကို တွန်းဖယ်ကြမည်ဟု ထက်ဝန်းကျင်ခုနစ်ရွာမှ လူတို့ကို စုဝေးစေပြီး ကျောက်တုံး လိမ့်အောင် လုံ့လစိုက်ကြကုန်သော်လည်း ဤနေရာမှ လှုပ်စေရန် မတတ်နိုင်ကြကုန်။ အတွင်း၌ဝင်နေသော ရဟန်းတို့သည်လည်း လုံ့လထုတ်ကြကုန်သည်သာဖြစ်၏။ ဤသို့ လုံ့လထုတ်သော်လည်း ခုနစ်ရက်ပတ်လုံး ကျောက်တုံးကို နေရာမှရွေ့အောင် မတတ်နိုင်ကြကုန်။ အာဂန္တုရဟန်းတို့သည် ခုနစ်ရက်ပတ်လုံး မွတ်သိပ်ဆာလောင်ကုန်၍ ကြီးစွာသော ဆင်းရဲကို ခံစားကြရကုန်၏။

ခုနစ်ရက်မြောက်သောနေ့၌ ကျောက်တုံးသည် အလိုလိုသာ လိမ့်၍ ဖယ်သွားလေ၏။

ရဟန်းတို့သည် လိုဏ်ဂူအတွင်းမှ ထွက်ခဲ့ကြပြီး ငါတို့၏ ဤမကောင်းမှုကို ဘုရားမှတစ်ပါး ဘယ်သူသိနိုင်မည်နည်း။ မြတ်စွာဘုရားကို မေးကြကုန်အံ့ဟု တိုင်ပင်ကြပြီး ထိုအရပ်မှ ဖယ်ခွာသွားကြကုန်၏။

ထိုရဟန်းတို့သည် ရှေ့ဖြစ်သော ရဟန်းတို့နှင့်အတူ လမ်းခရီးအကြား၌ တွေ့ဆုံကြ၍ ရဟန်းအားလုံး တစ်ပေါင်းတည်းသာ မြတ်စွာဘုရားထံချဉ်းကပ်ရှိခိုး၍ သင့်လျော်သောနေရာ၌ ထိုင်နေကြပြီး မြတ်စွာဘုရားသည် နှုတ်ခွန်းဆက်မှုကို ပြုအပ်ပြီး ဖြစ်ကုန်၍ မိမိ မိမိတို့တွေ့ကြုံခံစားအပ်သော အကြောင်းတို့ကို အစဉ်အတိုင်း မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသည်လည်း ထိုရဟန်းတို့၏ အမေးကို အစဉ်အားဖြင့် ဤသို့ ထင်ရှားစွာ မိန့်တော်မူသည်။

ရဟန်းတို့ အခြားလူနှင့်ရဟန်းတို့၏ ရှေးဦးစွာ ထိုကျီးသည် မိမိပြုအပ်သော ကံတရား၏ အကျိုးကိုသာ ခံစားရလေ၏။ အကျယ်ကို မိန့်ဆိုဦးအံ့။ အတိတ်ကာလ၌ ဗာရာဏသီပြည်ဝယ် လယ်သမားတစ်ယောက်သည် မိမိ၏နွားကို ဆုံးမလေသော် ယဉ်ကျေးအောင် မတတ်နိုင်ချေ။

မှန်၏။ ထိုလယ်သမား၏ ထိုနွားသည် မောင်းနှင်ရာသို့ အနည်းငယ်သွား၍ အိပ်လေ၏။ ရိုက်နှက်၍ ထစေအပ်သော်လည်း အနည်းငယ်သွား၍ ရှေးနည်းတူ တဖန် အိပ်ပြန်၏။ လယ်သမားသည် လှံ့လစိုက်ထုတ်၍ ထိုနွားကို ယဉ်ကျေးစေရန် မတတ်နိုင်ရကား ဒေါသတရားလွှမ်းမိုးထားသည်ဖြစ်၍ ယခုအခါ၌ ဤအချိန်မှ စ၍ သင်နွားသည် ချမ်းသာစွာ အိပ်ရပေတော့မည်ဟု ပြောဆိုကာ ကောက်ရိုးပုံကို ပုံသကဲ့သို့ ကောက်ရိုးဖြင့် ထိုနွား၏လည်ပင်းကို ရစ်ပတ်၍ မီးရှို့လေ၏။ နွားသည် ထိုနေရာ၌ပင် မီးလောင်၍ သေလေပြီ။

ရဟန်းတို့ ထိုအချိန်အခါ၌ ထိုကျီးသည် ထိုမကောင်းမှုကံကို ပြုအပ်ခဲ့ပြီ။ ထိုကျီးသည် ထိုမကောင်းမှုကံ၏ အကျိုးအဖြစ်ဖြင့် ရှည်စွာသောနေ့ညည့်ပတ်လုံး ငရဲ၌ ကျက်ခဲ့၏။ ကြွင်းကျန်သေးသော အကျိုး၏အဖြစ်ဖြင့် ခုနစ်ကြိမ်တိုင်အောင် ကျီးမျိုး၌ဖြစ်၍ ဤအတူသာ ကောင်းကင်၌ မီးလောင်၍သာ သေခဲ့လေပြီဟု ဖြေကြားတော်မူပြီ။

ရဟန်းတို့ လှေသူကြီးကတော် ထိုမိန်းမသည်လည်း မိမိပြုအပ်ခဲ့သော ကံတရား၏အကျိုးကိုသာ ခံစားရလေပြီ။

အကျယ်ကို မိန့်ဆိုဦးအံ့၊ ထိုမိန်းမသည် အတိတ်ကာလ၌ ဗာရာဏသီပြည်တွင် အိမ်ရှင်တစ်ယောက်၏ ဇနီးဖြစ်၍ ရေခပ်ခြင်း၊ စပါးထောင်းခြင်း၊ ထမင်းချက်ခြင်း အစရှိသော ပြုဖွယ်အားလုံးကို မိမိလက်ဖြင့်သာ ပြုလေ၏။

ထိုမိန်းမ၏ ခွေးတစ်ကောင်သည် အိမ်၌ ပြုဖွယ်အားလုံးကို ပြုနေသော ထိုမိန်းမကို ကြည့်လျက်သာနေလေ၏။ လယ်ကွင်း၌ အလုပ်လုပ်သူတို့အတွက် ထမင်းပို့သွားစဉ်၌လည်းကောင်း၊ ထင်းနှင့် ဟင်းရွက်စသည်တို့ အလို့ငှာ တောသို့သွားစဉ်၌လည်းကောင်း၊ ထိုမိန်းမနှင့်အတူသာ သွားလေ၏။ ထိုသို့သွားသော မိန်းမကို မြင်ကြ၍ လူငယ်တို့သည် ငါ့လူတို့ ခွေးမုဆိုးထွက်လာပြီး ယနေ့ ငါတို့ အသားဟင်းဖြင့် ထမင်းစားကြမည်ဟု ပျက်ရယ်ပြောင် လှောင်ကြကုန်၏။

ထိုမိန်းမသည် ထိုလူငယ်တို့၏ ပျက်ရယ်ပြောင်လှောင်စကားကြောင့် နှလုံးမသာမယာဖြစ်၍ ခွေးကို ကျောက်ခဲတုပ်စသည်တို့ဖြင့် ရိုက်ပုတ်၍ ပြေးစေ၏။ ခွေးသည် ပြန်လှည့်ခဲ့ပြီး တဖန်လိုက်လေ၏။

ထိုခွေးသည် ထိုမိန်းမ၏ သုံးခုမြောက်ဘဝ၌ လင်ယောကျ်ားဖြစ်ခဲ့သတတ်။ ထို့ကြောင့် ချစ်ခင်မှုကို မဖြတ်နိုင်ရှာ။ မှန်ပေသည် အစကို မသိနိုင်သော သံသရာ၌ မယားသည်သော်လည်းကောင်း၊ လင်သည်သော်လည်းကောင်း မဖြစ်ဘူးသူမည်သည် မရှိသည်ကား မှန်ပေ၏။ သို့သော်လည်း အနီးဖြစ်သော ကိုယ်၏အဖြစ်၌ တော်စပ်ခဲ့သော ဆွေမျိုးတို့၌ လွန်ကဲသော ချစ်ခင်ခြင်းသည် ဖြစ်၏။ (လွန်လွန်ကဲကဲချစ်တတ်၏) ထို့ကြောင့် ထိုခွေးသည် ထိုမိန်းမကို မစွန့်ခွာနိုင်လေ။

ထိုမိန်းမသည် ထိုခွေးအား အမျက်ထွက်၍ လယ်တောသို့ လင်ယောကျ်ားအတွက် ယာဂုပို့သွားစဉ် ကြိုးတစ်ချောင်းကို ခါးပိုက်၌ထား၍ သွားလေပြီ။

ခွေးသည် ထိုမိန်းမနှင့်အတူသာ သွားလေ၏။ ထိုမိန်းမသည် လင်ယောကျ်ားအား ယာဂုကို ပေးခဲ့ပြီး အိုးသက်သက်ယူခဲ့၍ ရေရှိရာ တစ်နေရာသို့သွား၍ အိုးကို သဲဖြင့် ပြည့်စေပြီး၊ အနီး၌ ကြည့်၍နေသော ခွေးအား အသံပြုလေ၏။ (ခေါ်လေ၏)

ခွေးသည် ကြာမြင့်လေစွ။ ငါသည် ယနေ့ ချိုသာသော စကားကို ရအပ်သည်ဟု အမြီးကို လှုပ်၍(နှံ၍) ထိုမိန်းမထံ ချဉ်းကပ်လေ၏။

ထိုမိန်းမသည် ထိုခွေးကိုလည်ပင်း၌ မြဲမြဲကိုင်ပြီး ကြိုးဖျားတစ်ဖက်ဖြင့် အိုးကိုချည်၍ ကြိုးဖျားတစ်ခုကို ခွေး၏ လည်ပင်း၌ ချည်ပြီး အိုးကို ရေသို့ ရှေးရှုလှိမ့်ချလေ၏။ ခွေးသည် အိုးကို အစဉ်လိုက်လျက် ရေထဲ၌ ကျ၍ ရေထဲ၌ပင် ကွယ်လွန်လေ၏။

ထိုမိန်းမသည် ထိုမကောင်းမှုကံ၏ အကျိုး၏အဖြစ်ဖြင့် ရှည်စွာသော နေ့ညဥ့်ပတ်လုံး ငရဲ၌ ကျက်ခဲ့ပြီး ကြွင်းကျန်သော အကျိုး၏အဖြစ်ဖြင့် ဘဝတစ်ရာ၌ သဲအိုးကို လည်၌ ချည်၍ ရေ၌ ပစ်ချအပ်သည်ဖြစ်၍ (ပစ်ချခံရပြီး) ကွယ်လွန်ခဲ့လေပြီဟု ဖြေကြားတော်မူသည်။

ရဟန်းတို့ သင်တို့သည်လည်း မိမိပြုအပ်ခဲ့သော ကံတရား၏ အကျိုးကိုသာ ခံစားအပ်ပေသည်။ အကျယ်ကို မိန့်ဆိုဦးအံ့။ ဗာရာဏသီပြည်၌နေကြသော နွားကျောင်းသားခုနစ်ယောက်တို့သည် တစ်ခုသော တောအုပ်အရပ်၌ ခုနစ်ရက်တစ်ကြိမ်အားဖြင့် နွားတို့ကို လှည့်လည်ထိန်းကျောင်းကြသည်။ တစ်နေ့သ၌ နွားတို့ကို လှည့်လည်ထိန်းကျောင်းပြီး ပြန်ခဲ့ကြရာ ဖွတ်ကြီးတစ်ကောင်ကို တွေ့မြင်၍ လိုက်ကြကုန်၏။ ဖွတ်ကြီးသည် ပြေး၍ တောင်ဘို့တစ်ခု အတွင်းသို့ ဝင်သွားလေပြီ။

ထိုတောင်ဘို့၏ အပေါက်တို့သည် ခုနစ်ခုရှိကုန်၏။ နွားကျောင်းသားတို့သည် ငါတို့ ယခုဖွတ်ကြီးကို ဖမ်းယူရန် မစွမ်းနိုင်ကြ။ နက်ဖန်၌လာ၍ ဖမ်းယူကြမည်ဟု တိုင်ပင်ကြပြီး နွားကျောင်းသား တစ်ယောက်တစ်ယောက်သည် တစ်ခုတစ်ခုစီသော ချုံးပြီးသော သစ်ခက်စည်းတို့ကို ယူ၍ ခုနစ်ယောက်လုံးတို့သည် တောင်ဘို့အပေါက် ခုနစ်ပေါက်တို့ကို ပိတ်ပြီး ဖဲခွာသွားကြသည်။

ထိုနွားကျောင်းသားတို့သည် နောက်နေ့၌ ထိုဖွတ်ကို နှလုံးမသွင်းမိကြဘဲ (အမှတ်မရကြဘဲ) အခြားအရပ်၌ နွားတို့ကို လှည့်လည်ထိန်းကျောင်း၍ ခုနစ်ရက်မြောက်သောနေ့၌ နွားတို့ကို မောင်းနှင်ယူဆောင်၍သွားကြရာ ထိုတောင်ဘို့ကို မြင်ကြ၍ သတိတဖန်ရကြပြီး ထိုဖွတ်ကြီး၏ ဖြစ်ပုံသည် အဘယ်သို့နည်းဟူသော အကြံဖြင့် မိမိ မိမိပိတ်ထားအပ်သော တောင်ဘို့ပေါက်တို့ကို ဖွင့်လိုက်ကြကုန်၏။

ဖွတ်ကြီးသည် သူ၏အသက်၌ တွယ်တာမှုကင်းကွာသည်ဖြစ်၍ အရိုးနှင့်အရေသာ ကျန်တော့ကာ တုန်လှုပ်လျက် ထွက်ခဲ့လေပြီ။ နွားကျောင်းသားတို့သည် ထိုဖွတ်ကို မြင်ကြသော် သနားစောင့်ရှောက်မှုကိုပြု၍ ဤဖွတ်ကို မသတ်ကြပါနှင့်။ ခုနစ်ရက်ပတ်လုံး အစာပြတ်ခဲ့ရှာသည်ဟု ပြောဆိုကြကာ ဖွတ်ကြီး၏ကျောကို လက်ဖြင့် သပ်ပေးပြီး ချမ်းချမ်းသာသာ သွားပေတော့ဟု ပြော၍ လွှတ်လိုက်ကြကုန်၏။

နွားကျောင်းသားတို့သည် ဖွတ်မသေခဲ့သောကြောင့် ငရဲ၌ မကျက်ကုန်သေး။ သို့သော်လည်း ထိုနွားကျောင်းသား ခုနစ်ယောက်လုံး တစ်စုတစ်ပေါင်းတည်းဖြစ်၍ တစ်ဆယ့်လေးဘဝတို့၌ ခုနစ်ရက် ခုနစ်ရက်ပတ်လုံး ထမင်းအစာပြတ်ခဲ့ကြကုန်ပြီ။

ရဟန်းတို့ ထိုအချိန်အခါ၌ သင်တို့သည် နွားကျောင်းသား ခုနစ်ယောက်ဖြစ်ခဲ့ပြီး ထိုမကောင်းမှုကို ပြုအပ်ခဲ့လေပြီဟု မိန့်တော်မူ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ထိုရဟန်းတို့ မေးအပ်သမျှ အမေးပြဿနာကို ဖြေကြား

တော်မူသည်။

ထိုအချိန်အခါ၌ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားသည်။

မြတ်စွာဘုရား မည်သို့ပါနည်း။ မကောင်းမှုကံကို ပြုခဲ့သော် ကောင်းကင်၌ ပျံတတ်နေသူ၏လည်းကောင်း၊ သမုဒ္ဒရာအတွင်းသို့ ပြေးဝင်နေသူ၏လည်းကောင်း၊ တောင်အကြားတောင်ခေါင်းအတွင်းသို့ ပြေးဝင်နေသူ၏လည်းကောင်း၊ လွတ်မြောက်ခွင့်မရှိပါလား ဘုရားဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ရဟန်းလျှောက်ထားအပ်သော စကားသည် အမှန်ပင်ဖြစ်ပေသည်။ အကြင်အရပ်ဒေသ၌ တည်ရှိသူသည် မကောင်းမှုကံတရား၏ မကောင်းကျိုးမှ ကင်းလွတ်နိုင်ရာ၏။ ကောင်းကင်အရပ် အစရှိသည်တို့တွင် တစ်ခုခုသော ထိုအရပ်သည်လည်း မရှိပါချေ။ ဤသို့မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောလိုသော မြတ်စွာဘုရားသည် ဆိုလတ္တံ့သော ဤဂါထာကိုဟောပြတော်မူသည်။

"န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတီသော ဇဂတိပ္ပ ဒေသော၊
ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ"

အန္တလိက္ခေ - ကောင်းကင်၌၊ နိသိန္နောပိ - နေသူသည်လည်း၊ ပါပကမ္မာ - မကောင်းမှုကံတရား၏ မကောင်းကျိုးမှ၊ နမုစ္စေယျ - မလွတ်ရာ။

သမုဒ္ဒမဇ္ဈေ - ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အနက်ဆောင်သော မဟာသမုဒ္ဒရာအလယ်၌ ပဝိသမာနောပိ - ဝင်ရောက်နေသူသည်လည်း၊ ပါပကမ္မာ - မှ၊ နမုစ္စေယျ - မလွတ်ရာ၊ ပဗ္ဗတာနံ - တောင်တို့၏၊ ဝိဝရံ - လိုဏ်ခေါင်းတွင်းသို့ ပဝိဿ - ဝင်၍၊ နိသိန္နောပိ - နေသူသည်လည်း၊ ပါပကမ္မာ - မှ၊ နမုစ္စေယျ - မလွတ်ရာ။

ယတ္ထ - အကြင်မြေအရပ်၌၊ ဋ္ဌိတော - တည်ရှိသူသည်၊ ပါပကမ္မာ - မကောင်းမှုကံ၏ မကောင်းကျိုးမှ မုစ္စေယျ - ကင်းလွတ်ရာ၏။

သော ဇဂတိပ္ပဒေသော - ထိုမြေအရပ်သည်၊ နဝိဇ္ဇတိ - မရှိချေ။

ဒေသနာဂါထာအဆုံး၌ ထိုရဟန်းတို့သည် သောတာပတ္တိ - ဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။ ရောက်လာသူ ရဟန်းရှင်လူ အများ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်ခဲ့လေပြီ။

**တယောဇနဝတ္ထု ပြီး၏။**

## ၁၁။ သုပ္ပဗုဒ္ဓသကျဝဍ္ဍော သုပ္ပဗုဒ္ဓသာကီဝင်အကြောင်း

ကပိလဝတ်ပြည်၌ သုပ္ပဗုဒ္ဓအမည်ဖြင့် သာကီဝင်တစ်ဦးရှိလေ၏။

သုပ္ပဗုဒ္ဓသည် ဤဘုရားသိဒ္ဓတ္ထသည် ငါ၏သမီး ယသောဓရာကို စွန့်ပစ်၍ ထွက်သွားသူလည်း ဖြစ်၏။ ငါ၏သား ဒေဝဒတ်ကို ရဟန်းပြုစေပြီး ငါ့သား၏ ရန်သူနေရာ၌ တည်နေသူလည်းဖြစ်၏။ ဤအကြောင်းနှစ်မျိုးတို့ဖြင့် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ထားပြီး တစ်နေ့သ၌ -

ယနေ့ ယခု ထိုသိဒ္ဓတ္ထအား ပင့်ဖိတ်ရာအရပ်သို့ သွား၍ ဆွမ်းစားခြင်းငှာ ပေးမည်မဟုတ်ဟူသော အကြံဖြင့် မြတ်စွာဘုရားသွားမည့်လမ်းကို ပိတ်ပြီးလမ်းအလယ်၌ သေရည်သောက်လျက် ထိုင်နေလေ၏။

ထိုသို့ထိုင်နေစဉ် မြတ်စွာဘုရားသည် ရဟန်းသံဃာခြံရံလျက် ထိုအရပ်သို့ ကြွလာလေသော် သုပ္ပဗုဒ္ဓအား မြတ်စွာဘုရားကြွလာပြီဟု ပြောကြကုန်၏။

ထိုသိဒ္ဓတ္ထအား တခြားလမ်းမှသွားပါဟု ပြောကြပါ။ သိဒ္ဓတ္ထသည် ငါ့ထက် အသက်ကြီးသူမဟုတ်။ သိဒ္ဓတ္ထအား ငါကလမ်းဖယ်မပေးနိုင်ဟု သုပ္ပဗုဒ္ဓက ပြောနေ၏။

သုပ္ပဗုဒ္ဓသည် တခြားသူတို့က မြတ်စွာဘုရား ကြွလာကြောင်း အကြိမ်ကြိမ် ပြောဆိုအပ်သော်လည်း ထိုစကားကိုသာ ပြန်ပြောကာ ထိုင်နေလေ၏။

မြတ်စွာဘုရားသည် ဦးရီးတော် သုပ္ပဗုဒ္ဓထံမှ သွားမည့်လမ်းကို ရတော်မမူ၍ ထိုနေရာမှ ပြန်လှည့်ကြွလေပြီ။

သုပ္ပဗုဒ္ဓသည်လည်း သူလျှိုယောကျ်ားတစ်ယောက်ကို သင်လိုက်သွား သိဒ္ဓတ္ထ၏စကား၌ နားထောင်ပြီး ပြန်ခဲ့ဟု ပြော၍ စေလွှတ်လိုက်၏။

မြတ်စွာဘုရားသည်လည်း ပြန်လှည့်လာစဉ် ပြုံးတော်မူသဖြင့် အာနန္ဒာထေရ်က မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်ပါနည်းဟု မေးလျှောက်အပ်သည် ဖြစ်၍ -

အာနန္ဒာ သင်သုပ္ပဗုဒ္ဓကို မြင်ရဲ့လား။

မြတ်စွာဘုရား မြင်ပါ၏ဘုရား။

ငါသို့သော မြတ်စွာဘုရားအား သွားလမ်းမပေးသူ ထိုသုပ္ပဗုဒ္ဓသည် ဝန်လေးသော မကောင်းမှုကံကို ပြုအပ်ပြီ။ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ပြဿဒ်အောက်၊ စောင်းတန်းလှေခါး ခြေရင်း၌ မြေကြီးတွင်းသို့ ဝင်လိမ့်မည်ဟု မိန့်တော်မူသည်။

လူလျှိုယောကျ်ားသည် မြတ်စွာဘုရား မိန့်ကြားအပ်သော ထိုစကားကို ကြားရပြီး၊ သုပ္ပဗုဒ္ဓထံ သွား၍ သုပ္ပဗုဒ္ဓက မည်သို့နည်း နောက်ဆုတ်ပြန်သွားသော ငါ့တူ သိဒ္ဓတ္ထက ဘာကို ပြောသနည်းဟု မေးအပ်လေသော် ကြားခဲ့သော စကားကို ပြောပြလေ၏။

သုပ္ပဗုဒ္ဓသည် သူလျှို၏စကားကို ကြားရ၍ ယခု ငါ့တူသိဒ္ဓတ္ထ၏ စကား၌ အပြစ်မရှိ။ ငါ့တူ ပြောသော စကားသည် အမှန်စင်စစ် ပြောတိုင်းသာ ဖြစ်၏။ သို့ဖြစ်သော်လည်း သိဒ္ဓတ္ထကို ယခုအခါ

မုသာဝါဒဖြင့် ငါနှိပ်မည်။

မှန်၏။ သိဒ္ဓတ္ထသည် ငါ့ကို ခုနစ်ရက်မြောက်သော နေ့၌ မြေကြီးတွင်းသို့ ဝင်လိမ့်မည်ဟု အမှတ်အသားမထားဘဲ မဆိုမူ၍ ပြဿဒ်အောက် စောင်းတန်းလှေခါးရင်း၌ မြေကြီးတွင်းသို့ ဝင်လိမ့်မည်ဟု နေရာအမှတ်အသား နှင့် ပြောဆိုသည်။ ယခု ဤနေ့မှစ၍ ငါသည် ထိုနေရာသို့ သွားမည်မဟုတ်။ မသွားခဲ့သော် ထိုနေရာ၌ မြေကြီးတွင်းသို့ ငါမဝင်ရသောကြောင့် သိဒ္ဓတ္ထကို မုသာဝါဒဖြင့် နှိပ်ရပေတော့မည်ဟု ကြံ၍ မိမိ၏ အသုံးအဆောင် ပစ္စည်းအားလုံးကို ဘုံခုနစ်ဆင့်ရှိသော ပြဿဒ်၏အထက်၌ တင်ထားစေပြီး စောင်းတန်းလှေကားကို ဖယ်ရှား တံခါးကို ပိတ်စေကာ တစ်ခုတစ်ခုသော တံခါး၌ လက်ပမ်းသည် နှစ်ယောက်နှစ်ယောက်တို့ကို ထား၍ အကယ်၍ ငါသည် မေ့လျော့ခြင်းဖြင့် ပြဿဒ်အောက်၌ ဆင်းလိုသည် ဖြစ်အံ့ ငါ့ကိုတားဆီးကြကုန်ဟု မှာထားပြောဆိုပြီး ခုနစ်ခုမြောက်ပြဿဒ်အပြင် ကျက်သရေတိုက်ခန်း၌ ထိုင်နေလေ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားတော်မူ၍ ရဟန်းတို့ သုပ္ပဗုဒ္ဓသည် ပြဿဒ်အပြင် သက်သက်၌သာ နေသည်မဟုတ် ကောင်းကင်သို့ ပျံတက်ပြီး ကောင်းကင်၌သော်လည်းနေစေ၊ လှေဖြင့် သမုဒ္ဒရာသို့မူလည်း ပြေးဝင်စေ၊ တောင်နှစ်လုံးကြား တောင်လှိုင်ခေါင်းသို့မူလည်း ပြေးဝင်နေစေ၊ ဘုရားရှင်တို့ စကားတော်၏ နှစ်မျိုးနှစ်စားဖြစ်ခြင်းမည်သည် မရှိပါချေ။ ငါဘုရား မိန့်အပ်သော နေရာ၌သာ ပုပ္ပဗုဒ္ဓသည် မြေကြီးတွင်းသို့ ဝင်လိမ့်မည်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာကိုဟောပြတော်မူသည်။

"န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတိသော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု။"

အန္တလိက္ခေ - ကောင်းကင်၌၊ နိသိန္နောပိ - နေသူသည်လည်း၊ မစ္စုနာ - မရဏာတော - သေဘေးမှ၊ နမုစ္စေယျ - မလွတ်ရာ။

သမုဒ္ဒမဇ္ဈေ - သမုဒ္ဒရာအလယ်၌၊ နိသိန္နောပိ - နေသူသည်လည်း၊ မစ္စုနာ မရဏာတော - သေဘေးမှ၊ နမုစ္စေယျ - မလွတ်ရာ။

ပဗ္ဗတာနံ -တောင်တို့၏၊ ဝိဝရံ - အပေါက်လိုဏ်ခေါင်းသို့၊ ပဝိဿ - ဝင်၍၊ နိသိန္နောပိ - နေသော်လည်း၊ မစ္စုနာ မရဏာတော - သေဘေးမှ၊ နမုစ္စေယျ - မလွတ်ရာ။

ယတ္ထ - အကြင်မြေအရပ်၌၊ ဋ္ဌိတံ - တည်နေသူကို၊ မစ္စု - သေမင်းသည်၊ နပ္ပသဟေယျ - မညှင်းဆဲလေရာ။

သောဇဂတိပဒေသော - ထိုမြေအရပ်သည်၊ နဝိဇ္ဇတိ - ဆံချည်ဖျားမျှလည်း မရှိချေ။

ဒေသနာဂါထာ၏ အဆုံး၌ ရဟန်းရှင်လူ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ခုနစ်ရက်မြောက်သောနေ့ ယခင်က မြတ်စွာဘုရား၏ဆွမ်းခံလမ်းကို ပိတ်ဆို့ထားချိန်၌ ပြဿဒ်အောက်၌ သုပ္ပဗုဒ္ဓ၏ မင်္ဂလာမြင်းသည် မြည်ဟီးလျက် ထိုထိုနံရံကို တိုးဝှေ့တိုက်ခိုက်လေ၏။

သုပ္ပဗုဒ္ဓသည် အထက်ဆုံးပြဿဒ်အဆင့်၌ ထိုင်နေလျက်သာ သူ၏ မြင်းသံကို ကြား၍ ထိုအသံက အဘယ်နည်းဟု မေးလေ၏။

မင်္ဂလာမြင်းသည် မြည်ဟီးတိုးဝှေ့နေပါသည်။

မင်္ဂလာမြင်းသည် ထိန့်လန့်တုန်လှုပ်နေပါသည်ဟု ပြောကြသည်။

သုပ္ပဗုဒ္ဓ၏ ထိုမြင်းသည်ကား သုပ္ပဗုဒ္ဓကို မြင်တွေ့မှသာ ငြိမ်သက်လေ့ရှိ၏။

ထိုအခါ သုပ္ပဗုဒ္ဓသည် ထိုမြင်းကို ဖမ်းယူလို၍ ထိုင်နေရာမှထကာ တံခါးပေါက်သို့ မျက်နှာမူလေ၏။ တံခါးပေါက်တို့သည် အလိုလိုသာ ပွင့်ကုန်၏။ စောင်းတန်းလှေခါးသည် သူ၏တည်နေရာ၌သာ တည်ရှိနေ၏။ တံခါး၌ ရပ်တည်နေကြသော လက်ပမ်းသည်တို့သည် သုပ္ပဗုဒ္ဓကို လည်ပင်း၌ကိုင်၍ အောက်သို့ မျက်နှာရှေးရှုပြု၍ ပစ်ချကြကုန်၏။ ဤနည်းဖြင့် ပြဿဒ်အပြင် ခုနစ်ခုတို့၌လည်း တံခါးတို့သည် အလိုလိုသာ ပွင့်ကုန်၏။ စောင်းတန်းလှေခါးတို့သည် တည်မြဲနေရာ၌ တည်နေကုန်၏။ ထိုပြဿဒ်တံခါးတို့၌ ရပ်တည်နေကြသော လက်ပမ်းသည်တို့သည် သုပ္ပဗုဒ္ဓကို လည်ပင်း၌သာ ကိုင်၍ အောက်သို့ မျက်နှာရှေးရှုပြု၍ တွန်းချကြကုန်၏။

ထိုအခါ ပြဿဒ်အောက်၌ စောင်းတန်းလှေခါးခြေရင်းသို့ ရောက်သည်သာဖြစ်သော သုပ္ပဗုဒ္ဓကို မဟာပထဝီမြေကြီးသည် မြည်ဟီးလျက် ကွဲ၍ခံယူလေ၏။

သုပ္ပဗုဒ္ဓသည် အလိုအလျောက်သွား၍ အဝီစိငရဲ၌ ဖြစ်လေပြီ။

သုပ္ပဗုဒ္ဓသက္ကျဝတ္ထု ပြီး၏။

## ၁၀။ ဒဏ္ဍဝဂ်
## ၁၂။ ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု
## ရဟန်းခြောက်ပါးအစုအကြောင်း

မြတ်စွာဘုရားလက်ထက်တော်ဝယ် တစ်ခုသောအချိန်၌ တစ်ကျိပ်ခုနစ်ယောက်အစုရှိသော ရဟန်းတို့သည် ကျောင်းအိပ်ရာနေရာကို သုတ်သင်စီရင်အပ်လေသော် ခြောက်ပါးအစုရှိသော ရဟန်းတို့သည် သင်တို့ ထွက်သွားကြ။ ငါတို့က အရွယ်ကြီးကြသည်။ ဤနေရာသည် ငါတို့အား ရောက်သည်ဟု ပြောဆိုကြလေလျှင် တစ်ကျိပ်ခုနစ်ပါးအစု ရဟန်းတို့က ငါတို့မပေးနိုင်။ ငါတို့က ရှေးဦးစွာ နေရာကို သုတ်သင်စီရင်အပ်သည်ဟု ပြောကြလေသော် တစ်ကျိပ်ခုနစ်ပါးအစုရှိသော ရဟန်းတို့ကို ရိုက်ပုတ်ကြကုန်၏။

တစ်ကျိပ်ခုနစ်ပါးအစုရှိသော ရဟန်းတို့သည် သေဘေးသည် ခြိမ်းခြောက်အပ်ကုန်၍ ကျယ်လောင်စွာ အော်ဟစ်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အသံကို ကြားတော်မူ၍ ဤအသံကား အဘယ်နည်းဟု မေးတော်မူသဖြင့် ဤမည်သော အသံပါဟု ရဟန်းတို့က လျှောက်ထားအပ်သော် -

ရဟန်းတို့ ဤအချိန်မှစ၍ ရဟန်းမည်သည် ဤသို့မပြုသင့် အကြင်ရဟန်းသည် ပြုခဲ့အံ့။ ထိုရဟန်းသည် ဤအမည်ရှိသော အာပတ်တို့ သင့်ရောက်၏ဟု ပဟာရဒါနသိက္ခာပုဒ်ကို ပညတ်၍ -

ရဟန်းတို့ ရဟန်းမည်သည် ငါသည် ညှင်းဆဲမှုဒဏ်ကို ထိတ်လန့်သကဲ့သို့ အခြားသူတို့လည်း ထိတ်လန့်ကြသည်။ ငါသည်သေဘေးမှ ကြောက်သကဲ့သို့ အခြားသူတို့လည်း ကြောက်ကြသည်ဟု သိမြင်ပြီး၊ တစ်ပါးသူကို မပုတ်ခတ်သင့်။ ညှင်းဆဲသတ်ဖြတ်ခြင်း မပြုသင့်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေဘာ ယန္တိ မစ္စုနော။
အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ"

သဗ္ဗေ - သတ္တဝါအားလုံးတို့သည်၊ ဒဏ္ဍဿ - မိမိ၌ ကျရောက်လာသော ညှင်းဆဲမှုဒဏ်မှ၊ တသန္တိ - ထိတ်လန့်ကြကုန်၏။ သဗ္ဗေ - သတ္တဝါအားလုံးတို့သည်၊ မစ္စုနော - သေခြင်းမှ၊ ဘာယန္တိ - ကြောက်ကြကုန်၏။

အတ္တာနံ - မိမိကိုယ်ကို၊ ဥပမံ - နှိုင်းယှဉ်မှုကို၊ ကတွာ - ပြု၍၊ ပရံ - တစ်ပါးသူကို၊ နဟနေယျ ကိုယ်တိုင်လည်း မညှင်းဆဲ၊ သူတစ်ပါးကိုလည်း မညှင်းဆဲစေရာ။ နဃာတယေ - ကိုယ်တိုင်လည်း မသတ်ဖြတ်၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေရာ။

ဒေသနာဂါထာအဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဖော်ပြပါ ဂါထာတွင် သဗ္ဗေတသန္တိ - သဗ္ဗေဘာယန္တိဟု သဗ္ဗသဒ္ဒါနှင့် မိန့်ဆိုထားသဖြင့် သဒ္ဒါအားဖြင့် အကြွင်းအကျန်မရှိသော်လည်း အနက်အားဖြင့် အကြွင်းအကျန်ရှိနေသည် -

ရှိပုံကား ဥပမာအားဖြင့် မင်းဖြစ်သူက သဗ္ဗေသန္နိပတန္တုအားလုံး စုဝေးကြဟု စည်ကိုလှည့်စေအပ်သော်လည်း မင်းနှင့်အမတ်ကြီးတို့ကို ချန်လှပ်၍ ကျန်သူအားလုံး စုဝေးကြကုန်သကဲ့သို့ ဤနည်းအတူ သဗ္ဗေတသန္တိ - သဗ္ဗေဘာယန္တိ သတ္တဝါအားလုံး ထိတ်လန့်ကြသည်။ ကြောက်ကြသည်ဟု ဆိုသော်လည်း ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ဥသဘအာဇာနည်၊ ရဟန္တာ ဤလေးဦးကို ချန်လှပ်၍ ကျန်သူအားလုံးတို့သာ ထိတ်လန့်ကြသည်။ ကြောက်ကြသည်ဟု သိထိုက်၏။

မှန်၏။ ဤပုဂ္ဂိုလ်လေးဦးတို့တွင် ရဟန္တာသည် သက္ကာယဒိဋ္ဌိကို ပယ်ပြီးဖြစ်သောကြောင့် မသေသောသတ္တဝါကို မတွေ့မြင်၍ ထိတ်လန့်ခြင်း၊ ကြောက်ခြင်းမရှိ၊ ကျန်အာဇာနည် သုံးယောက်တို့သည် သက္ကာယဒိဋ္ဌိအားကြီးကြရကား မိမိ၏ ဆန့်ကျင်ဘက် သတ္တဝါကို မတွေ့မြင်ကြသောကြောင့် ထိတ်လန့်ခြင်း၊ ကြောက်ခြင်းမရှိကြကုန်။ ဤအဓိပ္ပာယ်ကို မှတ်ယူသင့်သည်။

အဋ္ဌကထာ၌ မရဏကသတ္တံ၊ အမရဏသတ္တံ အပဿန္တော - နဘာယတိဟု ပါဌ်နှစ်မျိုးရှိရာ အဘယ်ပါဌ် ဖြစ်သင့်သည်ကို ဆင်ခြင်သင့်သည်။ (ပါဠိပညာရှင်များအတွက်)

ဆဗ္ဗဂဠိယဘိက္ခုဝတ္ထု ပြီး၏။

## ၁၃။ ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု
## ခြောက်ပါးအစုရှိသော ရဟန်းတို့အကြောင်း

ဖော်ပြခဲ့ပြီးဝတ္ထု၌ ကျောင်းအိပ်ရာနေရာ စီစဉ်မှုနှင့် ဆက်စပ်၍ ခြောက်ပါးအစုရှိသော ရဟန်းတို့က တစ်ကျိပ်ခုနစ်ပါးအစုရှိသော ရဟန်းတို့ကို ပုတ်ခတ်ညှင်းဆဲမှုကြောင့် မြတ်စွာဘုရားသည် မဟာရဒါနသိက္ခာပုဒ်ကို ပညတ်တော်မူသည်။ ဤဝတ္ထုမှာမူ ကျောင်းအိပ်ရာနေရာအကြောင်းကြောင့်ပင် ခြောက်ပါးအစုရှိသော ရဟန်းတို့က တစ်ကျိပ်ခုနစ်ပါးအစုရှိသော ရဟန်းတို့၏ ဦးခေါင်း၌ လက်ဝါးပြင်ကို မိုးကြကုန်၏။ (ရိုက်ပုတ်မည်ကဲ့သို့ ပြုကြကုန်၏)

ထိုအကြောင်းကြောင့် မြတ်စွာဘုရားသည် တလသတ္တိကာသိက္ခာပုဒ် ပညတ်တော်မူ၍ -

ရဟန်းတို့ ရဟန်းမည်သည် ငါသည် ညှင်းဆဲမှုဒဏ်မှ ထိတ်လန့်သကဲ့သို့ အခြားသူတို့သည် ထိတ်လန့်ကြသည်။

ငါသည် ငါ၏ အသက်ကို ချစ်ခင်မြတ်နိုးအပ်သကဲ့သို့ အခြားသူတို့လည်း အသက်ကို ချစ်ခင်မြတ်နိုးကြသည်ဟု သိမြင်ပြီး အခြားသူကို မပုတ်ခတ်သင့်။ ညှင်းဆဲသတ်ဖြတ်ခြင်းမပြုသင့်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဖော်ပြလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

"သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေသံ ဇီဝိတံ ပိယံ။
အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ"

သဗ္ဗေ - ရဟန္တာပုဂ္ဂိုလ်ကို ချန်လှပ်၍ ကျန်သတ္တဝါအားလုံးတို့သည်၊ ဒဏ္ဍဿ - မိမိ၌ကျရောက်လာသော ညှင်းဆဲမှုဒဏ်မှ၊ တသန္တိ - ထိတ်လန့်ကြကုန်၏။

သဗ္ဗေသံ - ရဟန္တာပုဂ္ဂိုလ်ကို ချန်လှပ်၍ ကျန်သတ္တဝါအားလုံးတို့သည်၊ ဇီဝိတံ - မိမိအသက်ကို၊ ပိယံ - ချစ်ခင်မြတ်နိုးအပ်၏။

အတ္တာနံ - မိမိကိုယ်ကို၊ ဥပမံ - နှိုင်းယှဉ်ထောက်ဆမှုကို၊ ကတွာ - ပြု၍၊ န ဟနေယျ - ကိုယ်တိုင်လည်း မညှင်းဆဲ၊ သူတစ်ပါးကိုလည်း မညှင်းဆဲစေရာ။ နဃာကလေ - ကိုယ်တိုင်လည်း မသတ်ဖြတ်၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေရာ။

ဒေသနာဂါထာအဆုံး၌ ရဟန်းရှင်လူ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

မှတ်ချက်။ ။ရဟန္တာပုဂ္ဂိုလ်ကို ချန်လှပ်၍ ကျန်သတ္တဝါအားလုံးတို့သည် မိမိအသက်ကို ချစ်ခင်မြတ်နိုးအပ်၏။ ရဟန္တာပုဂ္ဂိုလ်သည်ကား မိမိအသက်ရှင်ရမည်၌လည်းကောင်း၊ သေရမည်၌လည်းကောင်း၊ လျစ်လျူရှုသည်သာ ဖြစ်၏။ (အဋ္ဌကထာ)

**ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု ပြီး၏။**

## ၁၄။ သမ္ဗဟုလကုမာရကဝတ္ထု
## သူငယ်များစွာတို့အကြောင်း

တစ်ခုသောအချိန်၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့သို့ ဆွမ်းခံဝင်တော်မူစဉ် လမ်းခရီးအကြား၌ ထန်းမြွေဇာတ်ဖြတ်သော မြွေတစ်ကောင်ကို တုတ်ဖြင့် ရိုက်နေကြသော သူငယ်များစွာကို မြင်တော်မူ၍ မေးတော်မူသည်။

သူငယ်တို့ ဘာကို ပြုနေကြသနည်း။

အရှင်ဘုရား မြွေကိုတုတ်ဖြင့် ရိုက်နေကြပါသည်။

ဘာကြောင့် ရိုက်ကြသနည်း။

အရှင်ဘုရား ကိုက်မှာကြောက်၍ ရိုက်ကြပါသည်။

သင်တို့သည် မိမိ၏ချမ်းသာမှုကို ပြုကြမည်အကြံဖြင့် ဤမြွေကို ရိုက်ကြသည်ဖြစ်၍ ဖြစ်တိုင်း ဖြစ်တိုင်းသော နေရာ၌ ချမ်းသာရသူများ ဖြစ်လိမ့်မည် မဟုတ်ကြ။ မှန်၏။ မိမိ၏ ချမ်းသာကို လိုလား တောင့်တသူသည် တစ်ပါးသူကို ရိုက်နှက်ပုတ်ခတ်ရန် မသင့်ဟု မိန့်တော်မူကာ အနုသန္ဓိကိုစပ်၍ တရားဟောတော်မူသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောတော်မူလေ၏။

၁။ "သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခမေသာနော၊ ပေစ္စသော နလဘတေ သုခံ
၂။ "သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန နဟိံသတိ။
အတ္တနော သုခ မေသာနော၊ ပေစ္စသော လဘတေ သုခံ"

၁။ ဘူတာနိ - သတ္တဝါတို့သည်၊ သုခကာမာနိ - ချမ်းသာကို လိုလားကြကုန်၏။ ယော - အကြင်သူသည်၊ အတ္တနော - မိမိ၏၊ သုခံ - ချမ်းသာကို၊ ဧသာနော - ရှာမှီးသည်ဖြစ်၍၊ ပရံ - တစ်ပါးသူကို၊ ဒဏ္ဍေန - တုတ်ဖြင့်၊ ကျောက်ခဲစသည်ဖြင့်၊ ဝိဟိံသတိ - ညှင်းဆဲနှိပ်စက်၏။ သော - ထိုသူသည်၊ ပေစ္စ - တမလွန်လောက ထိုဘဝ၌ သုခံ - ချမ်းသာကို နလဘတေ - နလဘတိ - မရနိုင်။

၂။ ဘူတာနိ - သတ္တဝါတို့သည်၊ သုခကာမာနိ - ချမ်းသာကိုလိုလားကြကုန်၏။ ယော အကြင်သူသည်၊ အတ္တနော - မိမိ၏။ သုခံ - ချမ်းသာကို၊ ဧသာနော - ရှာမှီးသည်ဖြစ်၍၊ ပရံ - တစ်ပါးသူကို (ဒဏ္ဍေန - တုတ်ဖြင့် ကျောက်ခဲစသည်ဖြင့်) နဟိံသတိ - မညှင်းဆဲ မနှိပ်စက်။ သော - ထိုသူသည်၊ ပေစ္စ - တမလွန်လောကဘုံဘဝ၌၊ သုခံ - လူချမ်းသာ၊ နတ်ချမ်းသာ၊ ပရမတ္ထဖြစ်သော နိဗ္ဗာန်ချမ်း သာကို၊ လဘတေ ရနိုင်ပေ၏။

ဒေသနာဂါထာတို့၏ အဆုံး၌ သူငယ်ငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်ပြီ။

သမ္ဗဟုလကုမာရကဝတ္ထု ပြီး၏။

## ၁၅။ ကောဏ္ဍဓာနထေရဝတ္ထု
## ကောဏ္ဍဓာနထေရ်အကြောင်း

မြတ်စွာဘုရားလက်ထက်တော်၌ ကောဏ္ဍဓာန အမည်ရှိ ထေရ်တစ်ပါးရှိ၏။

ထိုထေရ်၏ ရဟန်းဖြစ်ရာနေ့မှစ၍ တစ်ယောက်သော မိန်းမအသွင်သည် ထေရ်နှင့် အတူသာ လိုက်ပါနေ၏။

ထိုမိန်းမအသွင် (မိန်းမရုပ်ကို) ထေရ်သည် မမြင်ရ။ များစွာသော လူသည်ကား မြင်ရ၏။

ရွာတွင်းသို့ ဆွမ်းခံလှည့်သော မထေရ်အား လူတို့သည် ဆွမ်းတစ်ဇွန်းကို ပေးလှူပြီး အရှင်ဘုရား ဤဆွမ်းသည် အရှင်ဘုရားတို့အဖို့ ဖြစ်ပါစေ။ ဤဆွမ်းသည်ကား အရှင်ဘုရားတို့၏ အတူနေ မိတ်ဆွေမ အဖို့ ဖြစ်ပါစေဟု လျှောက်ထား၍ နှစ်ခုမြောက် ဆွမ်းတစ်ဇွန်းကိုလည်း လောင်းလှူကြလေ၏။

ထိုမထေရ်၏ ရှေးအတိတ်ကံကား အဘယ်ပါနည်း။ ဤကားအမေးတည်း အဖြေကား ဤသို့ ဖြစ်၏။

ကဿပမြတ်စွာဘုရား လက်ထက်တော်၌ အတူနေမိတ်ဆွေရဟန်းနှစ်ပါးတို့သည် တစ်အူထုံ့ဆင်း တစ်မိဝမ်းတွင်းမှ ထွက်လာကြကာ ညီရင်းအစ်ကိုပမာ လွန်စွာ ညီညွတ်ကြကုန်၏။

သက်တော်ရှည်ဘုရားရှင်တို့၏ လက်ထက်၌ တစ်နှစ်တစ်ကြိမ်သော်လည်းကောင်း ခြောက်လ တစ်ကြိမ်သော်လည်းကောင်း ရဟန်းတို့သည် ဥပုသ်ပြုရန် စုဝေးကြကုန်၏။

ထို့ကြောင့် ထိုရဟန်းနှစ်ပါးတို့သည်လည်း ဥပုသ်အိမ်သို့ (ပါတိမောက်ပြရာ သိမ်ကျောင်းသို့) သွားကြမည်ဟု တိုင်ပင်၍ နေရာအရပ်မှ ထွက်ခဲ့ကြသည်။

ထိုရဟန်းနှစ်ပါးကို တာဝတိံသာနတ်ပြည်၌ဖြစ်သော နတ်သားတစ်ယောက်သည် မြင်ရလေသော် ဤရဟန်းတို့သည် အလွန်ညီညွတ်ကြကုန်၏။ ဤရဟန်းတို့ကို ကွဲပြားအောင်ပြုခြင်းငှာ စွမ်းနိုင်မည်လောဟု ကြံစည်၍ မိမိ၏ မိုက်မဲသူအဖြစ်ကြောင့် ကြံမိသည်နှင့်အခြားမရှိ တစ်ပြိုင်နက်သာ ရဟန်းတို့ထံလာ၍ ရဟန်းနှစ်ပါးတို့တွင် တစ်ပါးက ငါ့ရှင်တစ်မုဟုတ်မျှ ဆိုင်းငံ့ပါဦး၊ ကိုယ်ကို သုတ်သင်ခြင်းကိစ္စဖြင့် အလိုရှိနေပါ၏ဟု ပြောဆိုအပ်သော် ထိုနတ်သည် လူမိန်းမတစ်ယောက်အသွင်ကို ဖန်ဆင်း၍ မထေရ်၏ခြုံတွင်းသို့ဝင်၍ ထွက်လာချိန်၌ လက်တစ်ဖက်ဖြင့် ဆံပင်အစည်းကို (ဆံထုံးကို) လက်တစ်ဖက်ဖြင့် ခါးဝတ်လုံချည်ကို မူလအတိုင်း တည်စေလျက် (ဆံပင်ပြန်ထုံးဟန်၊ လုံချည်ပြန်ဝတ်ဟန်ပြုလျက်) ထိုရဟန်း၏နောက်မှ ထွက်လာလေ၏။ ထိုရဟန်းသည် ထိုမိန်းမအသွင်ကို မမြင်ပါချေ။ ထိုရဟန်းကို ဆိုင်းငံ့လျက် ရှေ့၌ရပ်တည်နေသော ရဟန်းသည် ပြန်လှည့်၍ ကြည့်ရှုလတ်သော် ဖော်ပြပါအမူအရာကို ပြု၍ထွက်လာသော ထိုရဟန်းကို မြင်လေပြီ။ တာဝတိံသာနတ်သည် အဖော်ရဟန်း မြင်သွားမှန်းသိပြီး ပျောက်ကွယ်လေ၏။

အဖော်ရဟန်းသည် ခြုံအတွင်းသို့ ဝင်သောရဟန်းကို မိမိထံပြန်ရောက်လာသောအခါ "ငါ့ရှင် သင်၏သီလပျက်စီးပြီ" ဟုပြော၏။ "ငါ့ရှင် ငါ့အားသီလပျက်စီးနိုင်သော သဘောမရှိပါ" ဟုပြန်ပြော လေ၏။

ယခုအခါ၌ပင် (ယခုလောလောဆယ်) ငါသည် သင်၏နောက်မှ ထွက်လိုက်လာသော ဤသို့ပြုသော မိန်းမပျိုကို မြင်အပ်၏။ သင်သည် ငါ့အား သီလပျက်စီးစေနိုင်သော သဘောမရှိဟု အဘယ့်ကြောင့် ပြောသနည်း ဟုပြောလေ၏။

ခြုံတွင်းဝင်မိသောရဟန်းသည် ဦးခေါင်းထက်၌ မိုးကြိုးကျသကဲ့သို့ဖြစ်ပြီး "ငါ့ရှင် ငါ့ကို မဖျက်ဆီးပါနှင့် ငါ့အားသီလပျက်နိုင်သော သဘောမရှိပါ" ဟုပြော၏။ အဖော်ရဟန်းသည် "ငါသည် ကိုယ်တိုင်မျက်စိတို့ဖြင့် မြင်အပ်ပြီ၊ သင်၏စကားကို အဘယ့်ကြောင့်ယုံရမည်နည်း၊ အဘယ်မှာ ယုံနိုင်မည်နည်း" ဟု ညီညွတ်မှုကွဲပျက်၍ ဖယ်ခွာသွားလေ၏။

ဉပုသ်အိမ် သိမ်အတွင်း၌လည်း "ငါသည် ဤရဟန်းနှင့် အတူဉပုသ်ပြုမည်မဟုတ်" ဟု ပြောကာ ထိုင်နေ၏။ ခြုံအတွင်းဝင်မိသောရဟန်းသည် "အရှင်ဘုရားတို့ တပည့်တော်၏သီလ၌ မှုန့်မျှလောက်သော် လည်းဖြစ်သော အပေါက်အစွန်းအမဲကွက်မရှိပါ" ဟုရဟန်းတို့အားပြောဆို၏။ အဖော်ရဟန်း သည်လည်း "ငါကိုယ်တိုင်မြင်အပ်သည်" ဟု ပြောပြန်၏။

တာဝတိံသာနတ်သည် ခြုံတွင်းဝင်ရဟန်းနှင့်အတူ ဉပုသ်မပြုလိုသော ထိုအဖော်ရဟန်းကို မြင်ရသော် ငါသည် ဝန်လေးသော အမှုကို ပြုအပ်ပြီဟု ဆင်ခြင်၍ -

အရှင်ဘုရား တပည့်တော်၏ အရှင်ကောင်း၏ သီလပျက်စီးခြင်းမရှိပါ။ စင်စစ်အားဖြင့် တပည့်တော်သည် စုံစမ်းလိုသဖြင့် အရှင်ဘုရားမြင်အပ်သော အမှုကို ပြုအပ်ပါပြီ၊ ခြုံတွင်းဝင်မိသော ထိုရဟန်းနှင့်အတူ ဉပုသ်ပြုတော်မူကြပါဟု လျှောက်ထားလေ၏။

အဖော်ရဟန်းသည် ကောင်းကင်၌ ရပ်တည်၍ ပြောဆိုသော ထိုနတ်၏စကားကို ယုံကြည်၍ ဉပုသ်ကို ပြုလေပြီ၊ သို့သော်လည်း ခြုံတွင်းဝင်မိသော ရဟန်း၌ ရှေးကကဲ့သို့ နူးညံ့သော စိတ်ထား မဖြစ်တော့ပြီ။

ဤမျှလောက်သော အပြစ်သည် တာဝတိံသာနတ်၏ ရှေးအတိတ်ဘဝက ပြုခဲ့ဖူးသော မကောင်းမှုကံပင်တည်း။

ထိုမိတ်ဆွေ ထေရ်နှစ်ပါးတို့သည် အသက်၏ အဆုံး၌ ချမ်းသာသည့်အားလျော်စွာ နတ်ပြည်၌ ဖြစ်ကြကုန်ပြီ။

တာဝတိံသာနတ်သည် အဝီစိငရဲ၌ ဖြစ်၍ တစ်ခုသော ဘုရားနှစ်ဆူအကြား ကာလပတ်လုံး အဝီစိငရဲ၌ ကျက်ခဲ့၍ ဤမြတ်စွာဘုရားပွင့်တော်မူရာ အချိန်၌ သာဝတ္ထိမြို့၌ဖြစ်၍ အရွယ်ကြီးရင့်မှုကို အစွဲပြု၍ သာသနာတော်၌ ရှင်သာမဏေပြုပြီး ရဟန်းအဖြစ်ကို ရလေ၏။ ထိုရဟန်း၏ ရဟန်းဖြစ်ရာ နေ့မှစ၍ ထိုမိန်းမအသွင်သည် (ထိုမိန်းမရုပ်သည်) ရှေးဘဝက ပြုခဲ့သည်နှင့်အတူသာ ထင်နေလေပြီ။ ထို့ကြောင့်ပင် ထိုရဟန်း၏ ကောဏ္ဍဓာနထေရ်ဟူသော အမည်ကို ပြုကြကုန်၏။

နောက်မှ မိန်းမအသွင် မိန်းမရုပ်ထင်ကာ သွားလာနေထိုင်သော ကောဏ္ဍဓာနထေရ်ကို မြင်ကြ၍ ရဟန်းတို့သည် အနာထပိဏ်ကျောင်းဒကာကို -

သူဌေးကြီး ဤဒုဿီလရဟန်းကို သူဌေးကြီး၏ ကျောင်းတိုက်မှ နှင်ထုတ်ပေးပါ။ အကြောင်းမှာ

ဤရဟန်းကို အမှီပြု၍ ဤရဟန်းတော်တို့၏ အရှိန်အဝါ အကျော်အစော အခြံအရံမဲ့ ဖြစ်ပါလိမ့်မည်ဟု ပြောဆိုကြကုန်၏။

အရှင်ဘုရားတို့ မည်သို့ပါနည်း။ မြတ်စွာဘုရားသည် ကျောင်းတော်၌ မရှိပါသလော။

ဥပါသကာသူဌေးကြီး မြတ်စွာဘုရားကျောင်းတော်၌ ရှိပါသည်။

အရှင်ဘုရားတို့ မြတ်စွာဘုရား ကျောင်းတော်၌ ရှိနေလျှင် မြတ်စွာဘုရားသိပါလိမ့်မည်ဟု ပြန်လျှောက်ထားလေ၏။

ရဟန်းတို့သည် သွားကြ၍ ဝိသာခါကျောင်းအစ်မအားလည်း ထိုစကားကိုပင် ပြောဆိုကြလေ၏။

ဝိသာခါကျောင်းအစ်မသည်လည်း ထိုရဟန်းတို့အား အနာထပိဏ်ကျောင်းဒကာနှင့်အတူသာ တုံ့ပြန်စကားကို ပေးလေ၏။

ရဟန်းတို့သည်လည်း အနာထပိဏ်ကျောင်းဒကာ ဝိသာခါကျောင်းအစ်မတို့က မိမိတို့ ပြောစကားကို လက်မခံကြလေသော် ကောသလမင်းကြီးအား -

မင်းကြီး ကောဏ္ဍဓာနထေရ်သည် မိန်းမတစ်ယောက်ကိုခေါ်၍ သွားလာနေထိုင်လျက် အရှိန်အဝါ၊ အကျော်အစော၊ အခြံအရံမဲ့ကို ဖြစ်စေပါသည်။ ထိုထေရ်ကို သင်မင်းကြီးတို့ နိုင်ငံမှ နှင်ထုတ်ပေးကြပါဟု ပြောကြကုန်၏။

အရှင်ဘုရားတို့ ကောဏ္ဍဓာနထေရ် အဘယ်၌ နေပါသနည်း။

မင်းကြီးကျောင်း၌နေပါသည်။

အဘယ်ကျောင်းနေရာ၌ နေပါသနည်း။

ဤအမည်ရှိသော ကျောင်းနေရာ၌နေပါသည်။

ထိုသို့ဖြစ်လျှင် အရှင်ဘုရားတို့ ပြန်ကြွကြပါ။ တပည့်တော် ကောဏ္ဍဓာနထေရ်ကို (ထိုမိန်းမရုပ်ကို) အမိဖမ်းပါမည်ဟု လျှောက်ထားလေ၏။

ကောသလမင်းကြီးသည် ညနေချမ်းအချိန်၌ ဇေတဝန်ကျောင်းသို့သွား၍ ကောဏ္ဍဓာနထေရ် နေထိုင်ရာကျောင်းကို မင်းချင်းယောကျ်ားတို့ဖြင့် ဝိုင်းရံစေ၍ ကောဏ္ဍဓာနထေရ်နေထိုင်ရာ နေရာသို့ ရှေ့ရှုသွားလေ၏။ ကောဏ္ဍဓာနထေရ်သည် ကျယ်လောင်သောအသံကို ကြား၍ ကျောင်းမှထွက်ပြီး ကျောင်းမုခ်ဦး၌ ရပ်နေလေ၏။

မင်းကြီးသည် ကောဏ္ဍဓာနထေရ် ကျောဘေး၌ ရပ်နေသော ထိုမိန်းမအသွင်ကိုလည်း (ထိုမိန်းမရုပ်ကိုလည်း) မြင်ရလေ၏။

ကောဏ္ဍဓာနထေရ်သည် ကောသလမင်း လာနေကြောင်းကို သိ၍ ကျောင်းပေါ်တက်၍ ထိုင်နေလေ၏။ ကောသလမင်းကြီးသည် ကောဏ္ဍဓာနထေရ်ကို ရှိမခိုးပါလေ။ ထိုမိန်းမကိုလည်း မမြင်ပါချေ။

ကောသလမင်းကြီးသည် တံခါးရွက်ကြား၌လည်းကောင်း၊ ညောင်စောင်းအောက်၌လည်းကောင်း ကြည့်ရှုလေသော် ထိုမိန်းမရုပ်ကို မမြင်မူ၍သာ (မမြင်သောကြောင့်သာ)

ကောဏ္ဍဓာနထေရ်ကို အရှင်ဘုရား ဤနေရာ၌ မိန်းမတစ်ယောက် မြင်ရပါသည်။ ထိုမိန်းမ

အဘယ်၌ ရှိပါသနည်းဟု လျှောက်ထား၏။

မင်းကြီး သင်ပြောသော မိန်းမကို ငါမမြင်ပါ။

ယခုပင် အရှင်ဘုရားတို့၏ ကျောဘေး၌ ရပ်နေသည်ကို တပည့်တော်မြင်ရပါသည်ဟု မင်းကြီးက လျှောက်ထားအပ်သော်လည်း မင်းကြီး သင်ပြောဆိုသော မိန်းမကို ငါမမြင်ပါဟုသာ ပြောလေ၏။

ကောသလမင်းကြီးသည် ဤသည်ကား အဘယ်နည်းဟု စဉ်းစားပြီး အရှင်ဘုရား ဤနေရာမှ ထွက်နှင့်ပါဟု လျှောက်ထား၏။

ကောသလမင်းကြီးသည် ကျောင်းဘေးမှထွက်၍ ကျောင်းမုခ်ဦး၌ ရပ်နေသော် တဖန် ထိုမိန်းမသည် မထေရ်၏ ကျောဘေး၌ ရပ်နေလေ၏။ ကောသလမင်းကြီးသည် ထိုမိန်းမကို မြင်၍ တဖန် ကျောင်းအထက် ထပ်သို့ တက်လေ၏။ မင်းကြီးရောက်လာကြောင်းသိ၍ မထေရ်သည် ထိုင်နေ၏။ တဖန် မင်းကြီးသည် အားလုံးသော နေရာတို့၌ ကြည့်ရှုသော်လည်း ထိုမိန်းမကို မမြင်ရ၍ အရှင်ဘုရား ထိုမိန်းမ အဘယ်၌ ရှိပါသနည်းဟု တဖန် ကောဏ္ဍဓာနထေရ်ကို မေးပြန်သည်။

မင်းကြီး သင်မြင်ရသည်ဆိုသော ထိုမိန်းမကို ငါမမြင်ရပါ။

အရှင်ဘုရား ဘယ်လို မိန့်လိုက်ပါသနည်း။ ယခု၌ပင် (ယခုလောလောဆယ်) အရှင်ဘုရားတို့၏ နောက်ကျော၌ ရပ်နေသော မိန်းမကို တပည့်တော် မြင်အပ်ပါသည်ဟု လျှောက်ထားလေ၏။

မင်းကြီး ဟုတ်ပေ၏ လူအများကလည်း ငါ၏ နောက်က ကပ်လိုက်နေပါသည်ဟု ပြောသည်။ ငါသည်ကား မိန်းမကို မမြင်ပါဟု မိန့်လေ၏။

ကောသလမင်းကြီးသည် မိန်းမရုပ်တု ဖြစ်ထိုက်သည်ဟု ကောင်းစွာ မှတ်ယူ၍ တဖန် မထေရ်ကို အရှင်ဘုရား ဤနေရာမှ သက်ဆင်းနှင့်ပါဟု လျှောက်ထားသောကြောင့် မထေရ်သည် ကျောင်းမှ သက်ဆင်း၍ ကျောင်းမုခ်ဦး၌ ရပ်နေလေသော် မထေရ်၏ကျောဘေး၌ ရပ်နေသော ထိုမိန်းမကို တဖန် မြင်ပြန်၍ ကျောင်းအပေါ် ထပ်သို့ တက်လေ၏။ တဖန် မိန်းမရုပ်ကို မမြင်ရပြီ။

ကောသလမင်းကြီးသည် တဖန် မထေရ်ကို မေး၍ မထေရ်သည် ငါမမြင်ပါဟူ၍သာ မိန့်အပ်လေသော် ကောသလမင်းကြီးသည် ဤအရာသည် မိန်းမရုပ်တုသာတည်းဟု ဆုံးဖြတ်ပြီး မထေရ်ကို လျှောက်ထားလေ၏။

အရှင်ဘုရား ဤသို့သဘောရှိသော သိက္ခာညစ်နွမ်းကြောင်း မိန်းမရုပ်တုသည် အရှင်ဘုရားတို့၏ နောက်မှ သွားလာနေလျှင် တပည့်တော်မှ အခြားဖြစ်သော တစ်ဦးတစ်ယောက်သည် အရှင်ဘုရားတို့အား ဆွမ်းကို လောင်းလှူမည်မဟုတ်ပါ။ တပည့်တော်၏ နန်းတော်သို့ မပြတ်ဝင်တော်မူပါ။ တပည့်တော်ကပင် ပစ္စည်းလေးပါး တို့ဖြင့် ပြုစုလုပ်ကျွေးပါမည်ဟု ကောဏ္ဍဓာနထေရ်ကို ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားပြီး ကျောင်းမှ ထွက်ခွာသွားလေ၏။

ရဟန်းတို့သည် ငါ့ရှင်တို့ ကောသလမင်း၏ ယုတ်မာသော အပြုအမူကို ကြည့်ကြကုန်လော့။ ကောဏ္ဍဓာနထေရ်ကို တိုင်းပြည်မှ နှင်ထုတ်ပါဟု ငါတို့က ဆိုအပ်သော် ကျောင်းသို့ လာ၍ ကောဏ္ဍဓာနထေရ်ကို ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြား၍ ပြန်သွားလေ၏ဟု ကဲ့ရဲ့ကြကုန်၏။

ကောဏ္ဍဓာနထေရ်ကိုလည်း အို. . . ဒုဿီလ သီလပျက်စီးပြီးသူ ယခုအခါ သင်သည် လူစဟုံး

သူ ကောသလမင်းလည်း မင်းစတုံးသူဖြစ်ပြီဟု ဆိုကြကုန်၏။

ကောဏ္ဍဓာနမထေရ်ကလည်း ရှေးအခါက စကားတစ်ခွန်းတလေကိုမျှ ပြောဆိုနိုင်စွမ်းမရှိခဲ့၍ ယခုအခါမှာမူ သင်တို့ ဒုဿီလ သီလမရှိသူများဖြစ်သည်။ သင်တို့သည် ငတုံးတို့တည်း။ သင်တို့သည် မိန်းမကိုခေါ်၍ သွားလာနေထိုင်ကြသည်ဟု ပြောလေ၏။

ထိုရဟန်းတို့သည် သွားကြ၍ မြတ်စွာဘုရားအား -

ကောဏ္ဍဓာနထေရ်သည် တပည့်တော်တို့က ပြောဆိုအပ်သော် တပည့်တော်တို့ကို ဒုဿီလ သီလမရှိသူများ အစရှိသော စကားတို့ကို ပြောဆိုဆဲရေးပါသည်ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ကောဏ္ဍဓာနထေရ်ကို အခေါ်ခိုင်း၍ မေးတော်မူသည်။

ရဟန်းသည် ဤသို့ပြောသတဲ့။ မှန်၏လော။

မြတ်စွာဘုရား မှန်ပါသည်။

အဘယ်အကြောင်းကြောင့် ပြောသနည်း။

တပည့်တော်နှင့်အတူ ပြောဆိုအပ်သော အကြောင်းကြောင့် ပြောပါသည်ဘုရား။

ရဟန်းတို့ သင်တို့သည် ဤကောဏ္ဍဓာနနှင့်အတူ အဘယ့်ကြောင့် ပြောဆိုကြသနည်း။

ဤကောဏ္ဍဓာန၏ နောက်က မိန်းမလိုက်နေသည်ကို မြင့်ကြပြီး ပြောကြပါသည်ဘုရား။

အို . . . ကောဏ္ဍဓာန ဤရဟန်းတို့သည် သင်နှင့်အတူ မိန်းမလိုက်နေသည်ကို မြင်ကြသော ကြောင့် ပြောကြသတဲ့။ သင်ကား အဘယ့်ကြောင့် ပြောရသနည်း။

ဤရဟန်းတို့သည် ဦးစွာမြင်ကြ၍ ပြောဆိုကြသည်။ သင်သည် မမြင်ပါဘဲ ဤရဟန်းတို့နှင့်အတူ အဘယ်ကြောင့် ပြောဆိုရသနည်း။ ရှေးအခါက သင်၏သာ ယုတ်မာသော အယူကို အမှီပြု၍ ဤပြဿနာဖြစ်ရသည် မဟုတ်လော။ ယခုအခါ အဘယ့်ကြောင့် တဖန်ယုတ်မာသော အယူကို ယူရသနည်းဟု မိန့်တော်မူ၏။

ရဟန်းတို့သည် မြတ်စွာဘုရား ဤကောဏ္ဍဓာနသည် ရှေးအခါက ပြုအပ်သော ယုတ်မာသော အယူက အဘယ်ပါနည်းဟု မေးလျှောက်ကြကုန်၏။

ထိုအခါ ထိုရဟန်းတို့အား မြတ်စွာဘုရားသည် ကောဏ္ဍဓာနထေရ်၏ ရှေးအတိတ်က ပြုအပ်သောကံကို မိန့်တော်မူ၍ -

ကောဏ္ဍဓာနရဟန်း ဤယုတ်မာသောအယူကို အမှီပြု၍ သင်သည် ဤဖောက်ပြန်မှုသို့ ရောက်ခဲ့ပြီ။ ယခုအခါ သင့်အား နောက်ထပ် ထိုသို့သဘောရှိသော ယုတ်မာသော အယူကို ယူရန် မသင့်တော့ပြီ။ နောက်ထပ် ရဟန်းတို့အား ဘာစကားကိုမျှ မပြောပါနှင့် မျက်နှာဝအနားရေး၌ ပြတ်သော ကြေးခွက်နှင့်အတူ အသံမရှိသူ ဖြစ်ပေလော။ ဤသို့ပြုသော် နိဗ္ဗာန်ရောက်သူမည်သည် ဖြစ်လတ္တံ့ဟု မိန့်တော်မူကာ အနုသန္ဓေကို စပ်၍ တရား ဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောတော်မူပြီ။

၁။ "မာဝေါစ ဖရုသံ ကဉ္စိ၊ ဝုတ္တာ ပဋိဝဒေယျုတံ။
ဒုက္ခာဟိ သာရမ္ဘကထာ၊ ပဋိဒဏ္ဍာဖုသေယျုတံ။

၂။ သစေ နေရေသိ အတ္တာနံ၊ ကံသော ဥပဟတော ယထာ။
ဧသ ပတ္တောသိ နိဗ္ဗာနံ၊ သာရမ္ဘော တေ န ဝိဇ္ဇတိ။

၁။ ကဉ္စိ - တစ်စုံတစ်ယောက်သောသူကိုလည်း၊ ဖရုသံ - ကြမ်းတမ်းသော စကားကို၊ မာဝေါစ- မာအဝေါစ မပြောနှင့်၊ ဝုတ္တာ - သင်က ဒုဿီလတွေဟု ပြောဆိုအပ်ကုန်သော (ပြောဆိုခံရကုန်သော) တစ်ပါး သောသူတို့က၊ တံ-တံပိ-သင့်ကိုလည်း၊ ပဋိဝဒေယျုံ - သင်ပြောသကဲ့သို့ပင် ပြန်၍ ပြောဆိုကုန်ရာ၏။ ဟိ - မှန်၏။ သာရမ္ဘကထာ - အလွန်ကိုပြု၍ ပြောဆိုကြောင်း လက္ခဏာရှိသော အပြိုင်အဆိုင် ပြောဆိုခြင်းသည်၊ ဒုက္ခာ - ဆင်းရဲကြောင်းဖြစ်၏။

တံ - ကိုယ်ဖြင့်ညှဉ်းဆဲခြင်း စသည်ဖြင့် သူတစ်ပါးကို ညှဉ်းဆဲသော သင့်ကို၊ ပဋိဒဏ္ဍာ - အတုံ့အပြန် ညှဉ်းဆဲမှုတို့သည်၊ ဖုသေယျုံ - ရောက်လာကုန် တွေ့ထိကုန်ရာ၏။

၂။ ဥပဟတော - အနားလည်ရစ် ဖြတ်ထားအပ်သော၊ ကံသော - ကြေးခွက်သည်၊ နိဿဒ္ဒေါယထာ - အသံမထွက်သကဲ့သို့၊ အတ္တာနံ - မိမိကိုယ်ကို၊ သစေနေရေသိ - အကယ်၍ မတုန်လှုပ်စေသည်ဖြစ်အံ့၊ ဧဝံသတိ ဤသို့ဖြစ်သော် ဧသ ဧသော - တွံ - ထိုသင်သည်၊ နိဗ္ဗာနံ - နိဗ္ဗာန်သို့၊ ပတ္တော - ရောက်မည့်သူသည်၊ အသိဖြစ်၏။ တေ - သင့်အား၊ သာရမ္ဘော - အပြိုင်အဆိုင်ပြောဆိုခြင်းသည်၊ နဝိဇ္ဇတိ - မရှိတော့ချေ။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ကောဏ္ဍဓာနထေရ်သည်လည်း မြတ်စွာဘုရားပေးအပ်သော အဆုံးအမဩဝါဒ၌ ရပ်တည်၍ အရဟတ္တဖိုလ်သို့ ရောက်လေပြီ။ အချိန်မကြာမြင့်မီမှာပင် ကောင်းကင်၌ ပျံတက်၍ ရှေးဦးစွာ စာရေးတံကို ယူလေပြီ။

ကောဏ္ဍဓာနထေရဝတ္ထု ပြီး၏။

## ၁၆။ အဇဂရပေတဝတ္ထု
## စပါးကြီးမြွေပြိတ္တာအကြောင်း

မြတ်စွာဘုရားသက်တော်ထင်ရှားရှိရာ တစ်ခုသောအချိန်၌ မဟာမောဂ္ဂလာန်ထေရ်သည် လက္ခဏထေရ်နှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ သက်ဆင်းလာစဉ် ဒိဗ္ဗစက္ခုဖြင့် နှစ်ဆယ့်ငါးယူဇနာ ရှည်လျားသော စပါးကြီးမြွေပြိတ္တာကို မြင်လေပြီ။

ထိုပြိတ္တာ၏ ဦးခေါင်းမှ မီးအလျှံတို့သည် အထက်သို့တက်၍ အမြီးအဆုံးသို့သွားကုန်၏။ အမြီးအဆုံးမှ မီးအလျှံတို့သည် အထက်သို့တက်၍ ဦးခေါင်းသို့သွားကုန်၏။ ဘေးနှစ်ဖက်မှ မီးလျှံတို့သည် အထက်သို့တက်၍ အလယ်၌ကျကုန်၏။

မဟာမောဂ္ဂလာန် ထေရ်သည် ထိုမြွေပြိတ္တာကို မြင်တော်မူ၍ ပြုံးတော်မူသည်။

လက္ခဏထေရ်သည် ပြုံးခြင်းအကြောင်းကို မေးအပ်သော် ငါ့ရှင် ဤပြဿနာကို ဖြေဆိုရာ အချိန်မဟုတ်သေး မြတ်စွာဘုရားထံတော်၌ ငါ့ကိုမေးပါဟု ပြောဆို၍ ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံ လှည့်လည်ပြီး မြတ်စွာဘုရားထံ ရောက်ချိန်၌ လက္ခဏထေရ်သည် မေးအပ်သည်ဖြစ်၍ ဤသို့ ဖြေဆိုတော်မူသည်။

ငါ့ရှင် လက္ခဏသင်မေးမြန်းချိန်က ငါသည် ပြိတ္တာတစ်ကောင်ကို မြင်ရပြီ ထိုပြိတ္တာ၏ အတ္တဘော (ခန္ဓာကိုယ်) သည် ဤသို့သဘောရှိ၏။ ငါသည် ထိုပြိတ္တာကို မြင်ရသော် ငါသည် ဤသို့သဘောရှိသော အတ္တဘောကို (ခန္ဓာကိုယ်ကို) စင်စစ် မမြင်ဘူးချေဟု ပြုံးခဲ့ပေပြီ။

မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရား၏ တပည့်တို့သည် စင်စစ် မျက်စိအမြင် ရှိကုန်သည် ဖြစ်၍ နေကြကုန်၏။ ဤသို့အစရှိသော စကားတို့ကို မိန့်တော်မူလျက် မဟာမောဂ္ဂလာန်ထေရ်၏ စကားကို တည်စေ၍ (ခိုင်မြဲစေ၍ ထောက်ခံ၍) -

ရဟန်းတို့ ငါဘုရားသည်လည်း ထိုမြွေပြိတ္တာကို ဗောဓိမဏ္ဍိုင်၌ပင် မြင်အပ်ခဲ့ပြီ။ သို့မြင်အပ်ခဲ့ သော်လည်း အကြင်သူတို့သည် ငါဘုရား၏ စကားကို မယုံကြည်ကြကုန်။ ထိုမယုံကြည်ခြင်းသည် ထိုမယုံကြည်သူ၏ စီးပွားမဲ့ခြင်းငှာ မြင်ရာ၏ဟု နှလုံးပြု၍ မပြောခဲ့ပြီး ယခုအချိန်၌ မောဂ္ဂလာန်ဟူသော သက်သေကိုရ၍ ပြောပေအံ့ဟု မိန့်တော်မူကာ ရဟန်းတို့သည် ထိုမြွေပြိတ္တာ၏ ရှေးဘဝ၌ ပြုအပ်သော မကောင်းမှုကံကို မေးလျှောက်အပ်သည် ဖြစ်၍ ထင်ရှားမိန့်တော်မူပြီ။

ကဿပမြတ်စွာဘုရားလက်ထက်၌ သုမင်္ဂလာအမည်ရှိသော သူဌေးသည် ရွှေအုတ်ချပ်တို့ဖြင့် မြေကို ခင်း၍ ဥဿဘနှစ်ဆယ် ကျယ်သောအရပ်၌ ထိုမျှလောက်ပင်ဖြစ်သော ဥစ္စာငွေဖြင့် ကျောင်းကို ဆောက်လုပ်စေ၍ ထိုမျှလောက်ပင်ဖြစ်သော ဥစ္စာငွေဖြင့် ကျောင်းပူဇော်မှုကို ပြုလေပြီ။

ထိုသူဌေးသည် တစ်နေ့သ၌ နံနက်စောစော၌ပင် မြတ်စွာဘုရားထံသွားစဉ် မြို့တံခါးအနီး ဇရပ်တစ်ခု၌ ဦးခေါင်းနှင့်တကွ ဖန်ရေဆိုးအဝတ်ကို ခြုံ၍ ရွှံ့ညွန်လိမ်းကပ်နေသော ခြေတို့ဖြင့် အိပ်နေသော သူခိုးတစ်ယောက်ကို မြင်လေသော် ရွှံ့ညွှန်လိမ်းသော ခြေရှိသော ဤလူသည် ညအခါ

လှည့်လည်၍ နေ့အခါ အိပ်သူဖြစ်လိမ့်မည်ဟု ပြောဆို၏။

သူခိုးသည် မျက်နှာကို ဖွင့်၍ သူဌေးကိုမြင်လျှင် ပြောသည် ဖြစ်စေဦး သင့်အား ပြုထိုက်သည်ကို သိရပေတော့အံ့ဟု သူဌေး၌ ရန်ငြိုးဖွဲ့၍ သူဌေး၏လယ်ကွက်ကို ခုနစ်ကြိမ် မီးရှို့လေပြီ။ နွားခြံ၌ နွားတို့၏ ခြေတို့ကို ခုနစ်ကြိမ်ခုတ်ဖြတ်လေပြီ၊ အိမ်ကို ခုနစ်ကြိမ်မီးရှို့ပြီ။

သူခိုးသည် ဤမျှလောက်ဖြင့်လည်း အမျက်ဒေါသကို ငြိမ်းစေခြင်းငှာ မတတ်နိုင်သေး၍ သူဌေး၏ အလုပ်အကျွေးငယ်ဖြစ်သူနှင့်အတူ မိတ်ဆွေဖွဲ့၍ -

အသို့နည်း သင်၏သူဌေးသည် အဘယ်ကို မြတ်နိုးအပ်သနည်းဟု မေးအပ်သော် ဂန္ဓကုဋီမှ တစ်ပါးသော မြတ်နိုးဖွယ်သည် သူဌေးအား မရှိပြီဟူသော စကားကို ကြား၍ -

ဟုတ်စေဦးလော့။ ဂန္ဓကုဋီကို မီးရှို့၍ ငါ၏ အမျက်ဒေါသကို ငြိမ်းစေမည်ဟူသော အကြံဖြင့် မြတ်စွာဘုရား ဆွမ်းခံဝင်နေစဉ် သောက်ရေအိုး သုံးဆောင်ရေအိုးတို့ကို ရိုက်ခွဲ၍ ဂန္ဓကုဋီ၌ မီးကို ပေးလေပြီ။

သူဌေးသည် ဂန္ဓကုဋီကို မီးလောင်အပ်သတဲ့ဟု ကြား၍ လာခဲ့သော် မီးလောင်ပြီးချိန်၌ ရောက်လာ၍ မီးလောင်ပြီးဖြစ်သော ဂန္ဓကုဋီကို ကြည့်ရှုလျက် သားမြီးမှျင်ဖျားမျှသော်လည်းဖြစ်သော နှလုံးမသာမှုကို မပြုမူ၍ လက်ဝဲဘက် လက်ရုံးကို ခွေ၍ လက်ယာဘက်လက်ဖြင့် လွန်စွာ လက်ခမောင်း ခတ်လေပြီ။

ထိုအခါ သူဌေးကို အနီး၌ တည်နေသူတို့သည် -

အို. . . အရှင် ဤမျှလောက်သာ ဥစ္စာငွေကို စွန့်ကြဲ၍ ဆောက်လုပ်အပ်သော ဂန္ဓကုဋီ မီးလောင်သွားချိန်၌ အဘယ့်ကြောင့် လက်ခမောင်း ခတ်ပါနည်းဟု မေးကြကုန်၏။

သူဌေးသည် ဤသို့ ပြန်ပြောလေ၏။

အမောင်တို့ ငါသည် မီးဘေးအစရှိသည်တို့နှင့် မဆက်ဆံသော မြတ်စွာဘုရား သာသနာတော်၌ ဤမျှလောက်သော ဥစ္စာငွေကို သိုမှီးမြှုပ်နှံခွင့်ကို ရအပ်ခဲ့ပြီ။ နောက်ထပ်လည်း ဤမျှလောက်သော ဥစ္စာငွေကို စွန့်ကြဲ၍ မြတ်စွာဘုရား ဂန္ဓကုဋီကိုပြုခွင့်ရတော့သည်ဟု နှစ်သက်ဝမ်းသာသော စိတ်ရှိ၍ လက်ခမောင်းခတ်ခဲ့ပြီဟု ပြောလေ၏။ သူဌေးသည် နောက်ထပ် ထိုမျှလောက်သော ဥစ္စာကို စွန့်ကြဲ၍ ဂန္ဓကုဋီကို ဆောက်လုပ်စေ၍ ရဟန်းနှစ်သောင်း အခြံအရံရှိသော ကဿပမြတ်စွာဘုရားအား လှူဖွယ်ဝတ္ထုကို ပေးလှူလေ၏။

သူခိုးသည် သူဌေးကို မြင်၍ -

ငါသည် ဤသူဌေးကို မသတ်ဘဲ ငါ၏ မျက်နှာသာယာအောင် ပြုခြင်းငှာ စွမ်းနိုင်မည်မဟုတ်။ ဟုတ်စေဦး သူဌေးကို ငါသတ်မည်ဟု ကြံစည်၍ ခါးဝတ်လုံချည်အတွင်း၌ ဓားမြှောင်ကို ချည်၍ ခုနစ်ရက်ပတ်လုံးကျောင်း၌ လှည့်လည်ကြံစည်သော်လည်း သတ်ခွင့်ကို မရလေပြီ။

သူဌေးကြီးသည်လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူဝတ္ထု ပေးလှူ၍ မြတ်စွာဘုရားကို ရှိခိုးပြီး ဤသို့ လျှောက်ထားလေ၏။

မြတ်စွာဘုရား ယောက်ျားတစ်ယောက်သည် တပည့်တော်၏လယ်ကို ခုနစ်ကြိမ်တိုင်အောင်

မီးရှို့ဖျက်ဆီးအပ်ပြီ တပည့်တော်၏ နွားတို့၏ခြေတို့ကို ခုနစ်ကြိမ်တိုင်အောင် ခုတ်ဖြတ်အပ်ကုန်ပြီ။ တပည့်တော်၏ အိမ်ကို ခုနစ်ကြိမ်တိုင်အောင် မီးရှို့ဖျက်ဆီးအပ်ပြီ ယခုအခါ ဂန္ဓကုဋီကိုလည်း ထိုယောကျ်ားသည်ပင် မီးရှို့ဖျက်ဆီးအပ်သည် ဖြစ်ပါလိမ့်မည်။ တပည့်တော်သည် ဤအလှူ၌ ထိုယောကျ်ားအား ရှေးဦးစွာ အလှူအဖို့ကို ပေးပါ၏ဘုရား။

သူခိုးသည် သူဌေး၏စကားကို ကြားရလေသော် ငါပြုအပ်သော အမှုသည် ဝန်လေးပေစွတကား။ ဤသို့ အပြစ်ကိုပြုတတ်သော ငါ့အပေါ်၌ ဤသူဌေးအား အမျက်ထွက်ရုံမျှလည်းမရှိ။ ဤအလှူ၌လည်း ငါ့အားသာ ရှေးဦးစွာ အမျှပေးဝေ၏။ ငါသည် ဤသူဌေး၌ ပြစ်မှားမိ၏။ ဤသို့သဘောရှိသော ယောကျ်ားကို မတောင်းပန်သော ငါ့အား နတ်ဒဏ်သည်လည်း ငါ၏ ဦးခေါင်းထက် ကျလေရာ၏ဟု ကြံ၍သွားပြီး သူဌေး၏ ခြေရင်း၌ ဝပ်စင်း၍ အရှင်သူဌေး ကျွန်တော့်အား သည်းခံပါလော့ဟု ပြောလေသော် ဤသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟု သူဌေးက ဆိုအပ်သော် အရှင်သူဌေး ဤသို့ မပြုသင့်သောအမှုကို ကျွန်တော်ပြုအပ်ပါသည်။ ကျွန်တော်အား သည်းခံပါလော့ဟု ပြောလေ၏။

ထိုအခါ သူခိုးကို သူဌေးသည် သင်သည် ငါ၏ ဤသို့ ဤသို့သော ဖျက်စီးမှုကို ပြုအပ်သည် မှန်သလောဟု အားလုံးကို မေး၍ ကျွန်တော် ပြုအပ်သည်မှာ မှန်ပါသည်ဟု ပြောဆိုအပ်သော် ငါသည် သင့်ကို မမြင်ဘူးချေ။ အဘယ့်ကြောင့် ငါ့အား အမျက်ထွက်၍ ဤသို့ပြုရသနည်းဟု သူဌေးကမေး၏။

သူခိုးသည် တစ်နေ့သ၌ သူဌေးသည် မြို့တွင်းမှ ထွက်လာစဉ် ပြောဆိုအပ်သော စကားကို စဉ်းစား၍ ဤအကြောင်းသည် ကျွန်တော်၏ အမျက်ဒေါသကို ဖြစ်စေအပ်ပါသည်ဟု ပြောလေ၏။

သူဌေးသည် မိမိပြောခဲ့သောစကားကို အမှတ်ရ၍ -

အမောင် ဟုတ်ပေ၏။ ငါ ပြောဆိုအပ်၏။ ငါ၏ ပြောဆိုအပ်သော ထိုစကားကို သည်းခံပါဟု သူခိုးကို သည်းခံစေ၍ (တောင်းပန်၍) အမောင်ထပါတော့ သင့်အား ငါသည်းခံ၏ အမောင်သွားပါ တော့ဟု သူဌေးက ပြော၏။

အရှင်သူဌေး ကျွန်တော့်အားသည်းခံခဲ့လျှင် ကျွန်တော့်ကို သားမယားနှင့်အတူ အရှင်သူဌေးအိမ်၌ ကျွန်အဖြစ် ပြုပေးထားပါဟု သူခိုးက ပြော၏။

အမောင် သင်သည် ငါက ဤမျှလောက် စကားကို ပြောဆိုအပ်သော် ဤသို့သဘောရှိသော လျက်ဆီးမှုကို ပြုခဲ့ပြီ။ ငါ့အိမ်၌ နေသော သင်နှင့်အတူ အနည်းငယ်သော စကားကို ပြောဆိုရန် တတ်နိုင်မည်မဟုတ်။

ငါ၏ အိမ်၌နေသော သင်သည် ပြုဖွယ်ကိစ္စမရှိ။

ငါ့အိမ်၌သင်နေသဖြင့် ပြုဖွယ်ကိစ္စမရှိ။ သင့်အား ငါသည်းခံ၏။ အမောင်သွားပေတော့ဟု သူဌေးက နောက်ဆုံးစကား ပြောကြားလိုက်လေ၏။

ခိုးသူသည် ဆိုအပ်ခဲ့သော ထိုမကောင်းမှုအစုံကို ပြုလုပ်၍ အသက်၏အဆုံး၌ အဝီစိငရဲ၌ ဖြစ်လျက်ရှည် လျားစွာသော နေ့ညဥ့်ပတ်လုံး အဝီစိငရဲ၌ ကျက်ခဲ့ပြီး ကြွင်းကျန်သေးသော အကျိုး၏ အဖြစ်ဖြင့် ယခုအခါ ဂဇ္ဈကုဋ်တောင်၌ မကောင်းကျိုးကို ခံစားနေရ၏ဟု ဟောတော်မူပြီ။

မြတ်စွာဘုရားသည် ဤသို့ ထိုစပါးကြီးမြွေ ပြိတ္တာ၏ ရှေးအတိတ်ဘဝ၌ ပြုအပ်သော မကောင်းမှုကံကို ဟောပြတော်မူ၍ -

ရဟန်းတို့ လူမိုက်တို့မည်သည် ယုတ်မာမှုတို့ကို ပြုနေကြစဉ် အသိမဝင်ကြလေကုန်။ နောက်အခါ၌ မိမိပြုအပ်သော ကံတရားတို့သည် လောင်မြိုက်အပ်ကုန်သည်ဖြစ်၍ မိမိသည်သာ မိမိ၏ တောသမီးသဖွယ် ဖြစ်ကုန်၏ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာကို မိန့်တော်မူသည်။

"အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ။

သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဍဍောဝ တပ္ပတိ"

ပါပါနိ - ယုတ်မာကုန်သော၊ ကမ္မာနိ - မကောင်းမှုတို့ကို၊ ကရံ - ကရောန္တော - ပြုလုပ်သော၊ ဗာလော - သူမိုက်သည်၊ အထတသ္မိံကာလေ - ထိုသို့ပြုသောအခါ၌၊ နဗုဇ္ဈတိ - မကောင်းကျိုးကို ခံစားရမည်ဟုမသိ၊ ပစ္ဆာ - နောက်ကာလ၌၊ သေဟိ - မိမိဥစ္စာဖြစ်ကုန်သော၊ ကမ္မေဟိ - မကောင်းမှုတို့ဖြင့် ဒုမ္မေဓော - ပညာမဲ့သော လူမိုက်သည်၊ အဂ္ဂိဍဍော - ငရဲမီးလောင်သည်ဖြစ်၍၊ အစတပ္ပတိ - ပူပန်ရလေ၏။

တနည်း - အဂ္ဂိဍဍော ဣဝ - မီးလောင်ခံရသောသူကဲ့သို့၊ တပ္ပတိ - ပူပန်ရ၏။

(အဂ္ဂိဍဍောအဝ တပ္ပတိ၊ အဂ္ဂိဍဍောဣဝ တပ္ပတိ နှစ်မျိုးပုဒ်ဖြတ်၍ အနက်ပေး)။

ဒေသနာတော်၏အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**အဒဂေရုခပဒေဝတ္ထု ပြီး၏။**

## ၁၃။ မဟာမောဂ္ဂလာနထေရဝတ္ထု
## မဟာမောဂ္ဂလာန်ထေရ်အကြောင်း

မြတ်စွာဘုရားလက်ထက်တော်တစ်ခုသောအချိန်၌ မြတ်စွာဘုရား သာသနာတော်မှ ပြင်ပအယူရှိ တိတ္ထိတို့သည် စည်းဝေးတိုင်ပင်ကြကုန်၏။

ငါ့ရှင်တို့ အဘယ်ကြောင်းကြောင့် ရဟန်းဂေါတမ၏လာဘ်လာဘ ပူဇော်မှု ကြီးကျယ်စွာဖြစ်သည်ကို သိကြသနည်း။

ငါတို့မသိကုန် သင်တို့ကော သိကြသလော။

ငါတို့ သိကြသည်။

မဟာမောဂ္ဂလာန်တစ်ယောက်ကို အမှီပြု၍ လာဘ်လာဘပူဇော်ဖွယ် ကြီးကျယ်စွာ ဖြစ်နေသည်။

မှန်၏ မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့ သွား၍ နတ်သား နတ်သမီးတို့ ပြုခဲ့ဖူးသော ကောင်းမှုကံကို မေး၍ လူ့ပြည်ပြန်လာပြီး။

ဤမည်သော ကောင်းမှုကို ပြုသောကြောင့် ဤသို့သဘောရှိသော စည်းစိမ်ကို ရရှိခံစားနေကြသည်ဟု လူတို့အား ဟောပြသည်။

ငရဲ၌ ဖြစ်နေသူတို့၏ မကောင်းမှုကံကို မေး၍ လူ့ပြည်ပြန်လာပြီး၊ ဤမည်သော မကောင်းမှုကို ပြုခဲ့သောကြောင့် ဤသို့သဘောရှိသော ဆင်းရဲကို ခံစားနေကြသည်ဟု လူတို့အား ဟောပြသည်။

လူတို့သည် မဟာမောဂ္ဂလာန်၏ တရားစကားကို ကြားနာကြပြီး များစွာသော လာဘ်ပူဇော်ဖွယ်ကို ရှေးရှုပို့ဆောင်ကြသည်။ အကယ်၍ သူ့ကို သတ်နိုင်လျှင် ထိုလာဘ်ပူဇော်ဖွယ်သည် ငါတို့ထံ ဖြစ်လာလိမ့်မည်ဟု ပြောဆိုကြကုန်၏။

တိတ္ထိတို့သည် အကြောင်းတစ်ခုရှိ၏ဟု အားလုံး သဘောဆန္ဒတူကြပြီး တစ်စုံတစ်ခုကို ပြု၍ မဟာမောဂ္ဂလာန်ကို သတ်စေကြမည်ဟု တိုင်ပင်ကြပြီး မိမိတို့၏ အလုပ်အကျွေး လူတို့ကို ဆောက်တည်စေ၍ (နှိုးဆော်တိုက်တွန်း၍) အသပြာတစ်ထောင်ကို ရကြလျှင် လူသတ်မှုပြုကာ လှည့်လည်နေကြသော လူဆိုးတို့ကို ခေါ်စေ၍ မဟာမောဂ္ဂလာန်အမည်ရှိ ထေရ်သည် ရာဇဂြိုဟ်မြို့အနီး ကျောက်ဖျာနက်၌ နေသည်။ ထိုအရပ်၌ သွား၍ မဟာမောဂ္ဂလာန်ကို သတ်ကြဟု ပြောဆိုကာ လူဆိုးတို့အား အသပြာတို့ကို ပေးကြကုန်၏။ လူဆိုးတို့သည် ဓနလောဘငွေကို လိုချင်မက်မောမှုကြောင့် ဝန်ခံကြ၍ မထေရ်ကို သတ်ကြမည်ဟု သွားပြီး မထေရ်၏ သီတင်းသုံးရာကျောင်းကို ဝိုင်းရံကြကုန်၏။

မဟာမောဂ္ဂလာန်ထေရ်သည် လူဆိုးတို့ ဝိုင်းရံထားကြောင်းကို သိ၍ သံကောက် (သော့) ပေါက်မှ ထွက်၍ ရှောင်သွားတော်မူသည်။ လူဆိုးတို့သည် ထိုနေ့၌ မထေရ်ကိုမတွေ့မြင်ကြ၍ နောက်တစ်နေ့ လာပြီး ဝိုင်းကြပြန်သည်။

မထေရ်သည် သိ၍ ကျောင်း၏ အထွက်ချက်ဝန်းကို ခွဲထုတ်၍ ကောင်းကင်သို့ ပျံကြွတော်မူသည်။

ဤသို့လျှင် လူဆိုးတို့သည် ပထမလ၌လည်းကောင်း အလယ်လ၌လည်းကောင်း မထေရ်ကို ဖမ်းယူခြင်းငှာ မတတ်နိုင်ကြကုန်။ နောက်ဖြစ်သော လအချိန်ရောက်လာသော် မထေရ်သည် မိမိပြုခဲ့သော မကောင်းမှုကံတရား၏ ဆွဲငင်နေကြောင်းကို မြင်သိတော်မူ၍ နေရာကျောင်းမှ ထွက်ခွာမသွားတော့ပြီ။

လူဆိုးတို့သည် သွား၍ မထေရ်ကို ခေါ်ခဲ့ကြပြီး မထေရ်၏ ခန္ဓာကိုယ်အရိုးတို့ကို ဆန်လုံးမျှ ဆန်ကွဲမျှလောက် ဖြစ်အောင် ရိုက်နှက်ထုချေကြကုန်၏။

ထို့နောက် မထေရ်ကို သေပြီ အမှတ်ဖြင့် ခြုံတစ်ခုပေါ်၌ ပစ်တင်ထားခဲ့ပြီး ထွက်သွားကြကုန်၏။

မဟာမောဂ္ဂလာန်ထေရ်သည် မြတ်စွာဘုရားကို ဖူးမြင်ပြီးမှသာ ပရိနိဗ္ဗာန်ပြုမည်အကြံဖြင့် မိမိကိုယ်ကို ဈာန်ကြိုးဖြင့် ရစ်ပတ်ကာ ခိုင်ခံ့အောင်ပြု၍ ကောင်းကင်ဖြင့် မြတ်စွာဘုရားထံသွားပြီး၊ မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရား တပည့်တော် ပရိနိဗ္ဗာန်ပြုပါတော့မည် (ဒုက္ခခပ်သိမ်းငြိမ်းပါတော့မည်) ဟု လျှောက်ထားလေ၏။

မောဂ္ဂလာန်သင်သည် ပရိနိဗ္ဗာန်ပြုတော့မည်လော။

မြတ်စွာဘုရား မှန်ပါသည်ဘုရား။

အဘယ်အရပ်၌ သွား၍ ပရိနိဗ္ဗာန်ပြုမည်နည်း။

မြတ်စွာဘုရား ကျောက်ဖျာနက်ရှိရာ အရပ်သို့သွား၍ ပြုပါမည်ဘုရား။

အို. . . မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်လျှင် ငါဘုရားအား တရားဟောပြီးမှ သွားပါ။ ငါဘုရားအား သင်ကဲ့သို့သော သာဝကကို ယခုအခါမှ နောက်တွေ့မြင်ရခြင်း မရှိတော့ပြီဟု မိန့်တော်မူ၏။

မဟာမောဂ္ဂလာန်ထေရ်သည် မြတ်စွာဘုရားကောင်းပါပြီ။ အမိန့်တော်ကို လိုက်နာပါမည်ဟု မြတ်စွာဘုရားကို ရှိခိုး၍ ကောင်းကင်သို့ ပျံတက်ပြီး သာရိပုတ္တာထေရ်သည် ပရိနိဗ္ဗာန်ပြုရာ နေ့၌ အမျိုးမျိုးသော တန်ခိုးတို့ကိုပြ၍ တရားဟောသကဲ့သို့ အမျိုးမျိုးသော တန်ခိုးတို့ကိုပြ၍ တရားဟောပြီး မြတ်စွာဘုရားကို ရှိခိုးကာ ကျောက်ဖျာနက်ရှိရာ တောအုပ်သို့ ကြွပြီး ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

မဟာမောဂ္ဂလာန်ကို လူဆိုးတို့ လုပ်ကြံကုန်သတဲ့ဟူသော ဤသတင်းစကားသည်လည်း ဇမ္ဗူဒိပ်တစ်ခုလုံး၌ ပျံ့နှံ့လေပြီ။

အဇာတသတ်မင်းသည် လူဆိုးတို့ကို စုံစမ်းရှာဖွေရန် သူလျှိုယောကျ်ားတို့ကို စေလွှတ်လေ၏။

သေတင်းကုတ်၌ လူဆိုးတို့ သေရည်သောက်နေကြစဉ် လူဆိုးတစ်ယောက်သည် လူဆိုးတစ်ယောက်၏ ကျောကို လက်ဝါးဖြင့် ရိုက်လေ၏။ အရိုက်ခံရသူ လူဆိုးသည် ရိုက်သူ လူဆိုးကို ခြိမ်းခြောက်၍ အို. . . ဆုံးမ ခက်သူ၊ လူပျက်၊ အဘယ့်ကြောင့် သင်ငါ့ကျောကို ရိုက်ရသနည်း။

ဟေ့. . . ပျက်စီးသူ လူဆိုး၊ အသို့နည်း။ သင်သည် မဟာမောဂ္ဂလာန်ထေရ်ကို စစဦး ရိုက်အပ်သလော။

အသို့နည်း ငါရိုက်အပ်ကြောင်းကို သင်မသိသလော။

ဤသို့လျှင် ငါရိုက်အပ်သည် ငါရိုက်အပ်သည်ဟု ပြောဆိုနေကြသော လူဆိုးတို့၏စကားကို ကြားကြ၍ သူလျှိုယောကျ်ားတို့သည် လူဆိုးအားလုံးကို ဖမ်းချုပ်၍ အဇာတသတ်မင်းအား သံကော်ဦး

တင်ကြကုန်၏။

အဇာတသတ်မင်းသည် လူဆိုးတို့ကို ခေါ်စေပြီး မေးလေ၏။

သင်တို့သည် မဟာမောဂ္ဂလာန်ထေရ်ကို သတ်အပ်သလော။

အရှင်မင်းကြီး ဟုတ်ပါ၏။ မဟာမောဂ္ဂလာန်ထေရ်ကို သတ်ကြပါသည်။

အဘယ်သူသည် သင်တို့ကို အသတ်ခိုင်းသနည်း။

အရှင်မင်းကြီး အဝတ်မဝတ်သော အချည်းနှီးသော ရဟန်းတု ရဟန်းယုတ်တို့က ခိုင်း၍ သတ်ကြပါသည်။

အဇာတသတ်မင်းသည် အဝတ်မဝတ်သော အချည်းနှီးသော ရဟန်းတု၊ ရဟန်းယုတ် ငါးရာတို့ကို ဖမ်းယူစေ၍ လူဆိုးငါးရာတို့နှင့်အတူ မင်းရင်ပြင်၌ ချက်ဝန်းအထိ နက်သောတွင်းတို့၌ မြှုပ်စေ၍ ကောက်ရိုးတို့ဖြင့် ဖုံးအုပ်စေကာ မီးရှို့စေပြီ။

ထို့နောက် ထိုသူအားလုံး မီးလောင်ကျွမ်းကြောင်းကိုသိ၍ သံထွန်တို့ဖြင့် ထွန်စေကာ အားလုံးကို အပိုင်းအပိုင်းပြုစေပြီ။

ရဟန်းတို့သည် ဓမ္မသဘင်၌ မဟာမောဂ္ဂလာန်ထေရ်သည် မိမိနှင့် မလျော်သည်သာဖြစ်သော သေခြင်းသို့ ရောက်လေပြီဟူသော စကားကို ပြောဆိုကြကုန်၏။ မြတ်စွာဘုရား ကြွလာ၍ မေးတော်မူသဖြင့် စကားကို လျှောက်ထားအပ်လေသော် -

ရဟန်းတို့ မောဂ္ဂလာန်သည် ဤဘဝ ဤကိုယ် ဤအတ္တဘော၏သာ မလျှောက်ပတ်သော သေခြင်းသို့ ရောက်လေသည်။ ရှေး၌ သူပြုအပ်သော ကံတရားအား (ကံတရားနှင့်) လျော်သည်သာ ဖြစ်သော သေခြင်းသို့ ရောက်ရလေသည်ဟု မိန့်တော်မူကာ မြတ်စွာဘုရား ရှင်မဟာမောဂ္ဂလာန်၏ ရှေးအတိတ်၌ ပြုအပ်သော ကံကား အဘယ်ပါနည်းဟု ရဟန်းတော်တို့က မေးလျှောက်အပ်သည် ဖြစ်၍ အကျယ်ချဲ့၍ ဟောပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ နေသော အမျိုးသားတစ်ယောက်သည် မိမိ ကိုယ်တိုင်သာ စပါးထောင်းခြင်း၊ ဆန်ဖွတ်ခြင်း၊ ထမင်းချက်ခြင်းအစရှိသော အလုပ်တို့ကို လုပ်လျက် မိဘတို့ကို ကျွေးမွေးပြုစုနေလေပြီ။

ထိုအခါ ထိုအမျိုးသား၏ မိဘတို့က ထိုအမျိုးသားကို ဤသို့ပြောကြသည်။

ချစ်သား သင်သည် တစ်ယောက်တည်းသာ အိမ်၌လည်းကောင်း၊ တော၌လည်းကောင်း အလုပ်လုပ်ရ၍ ပင်ပန်းသည်။ ချစ်သားအဖို့ အမျိုးသမီးတစ်ယောက်ကို ခေါ်ဆောင်ပေးကြမည်။

မိခင်ဖခင်တို့ ကျွန်တော်အား အမျိုးသမီးဖြင့် အကျိုးမရှိပါ။ ကျွန်တော်သည် မိခင်ဖခင်တို့ အသက်ရှင်နေသမျှပတ်လုံး မိခင်ဖခင်တို့အား ကျွန်တော်၏လက်ဖြင့် လုပ်ကျွေးပြုစုပါမည်။

အမျိုးသားသည် ဤသို့ တားမြစ်ဖယ်ရှားအပ်လေသော် မိဘတို့သည် သားဖြစ်သူကို အကြိမ်ကြိမ်ပြောဆိုကြကာ သတို့သမီးကို ခေါ်ဆောင်ပေးထားကြလေ၏။ ထိုသတို့သမီးသည် နှစ်ရက်သုံးရက်မျှသာ ယောကျာ်း၏ မိဘတို့ကို ပြုစုလုပ်ကျွေးပြီး နောက်၌ ယောကျာ်း၏မိဘတို့အား မမြင်လိုသည်ဖြစ်၍ သင်၏ မိဘတို့နှင့်အတူ တစ်နေရာတည်း၌ ကျွန်မ မနေလိုပါဟု ပြစ်တင်ပြောဆို၍ လင်ယောကျာ်း

ဖြစ်သူက သူ၏စကားကို မလိုက်နာလေသော် လင်ယောက်ျား ပြင်ပသွားချိန်၌ သင်ပေါင်းမှျင်ပိုင်းတို့ကိုလည်းကောင်း ယာဂုမြုပ်ကိုလည်းကောင်း ကိုင်ယူ၍ နေရာအနှံ့ ဖြန့်ကြဲသွန်းလောင်းထားပြီး လင်ယောက်ျားပြန်လာ၍ ဤသည်ကား အဘယ်နည်းဟု မေးအပ်သော် မိန်းမဖြစ်သူက ဤအကန်းကြီးတို့၏ အလုပ်ဖြစ်သည်။ အိမ်တစ်ခုလုံးကို ညစ်ညူးအောင် ပြုလုပ်နေကြသည်။ ဤအကန်းကြီးတို့နှင့်အတူ တစ်နေရာတည်း၌ မနေနိုင်ပါ။

ဤသို့လျှင် ထိုအမျိုးသမီးသည် ထိုအမျိုးသားကို အကြိမ်ကြိမ်ပြောဆိုအပ်လေသော် ဤသို့သဘော ရှိသည်လည်းဖြစ်သော ဖြည့်အပ်ပြီးသော ပါရမီရှိသော သတ္တဝါသည် မိဘတို့နှင့်အတူ မေတ္တာပျက်၍ စိတ်ဝမ်းကွဲလေ၏။

ထိုအမျိုးသားသည် ဖြစ်စေဦး၊ ထိုသူတို့အား ပြုသင့်သည်ကို သိရတော့မည်ဟု ကြံစည်၍ မိဘနှစ်ဦးတို့ကို ထမင်းကျွေးပြီးသော် - မေမေ ဖေဖေတို့ ဤအမည်ရှိသော အရပ်၌ မေမေ ဖေဖေတို့၏ ဆွေမျိုးတို့သည် လာရောက်ခြင်းကို မျှော်လင့်တောင့်တကြကုန်၏။ ထိုအရပ်၌ သွားကြပါမည်ဟု ပြောဆိုကာ မိဘတို့ကို လှည်းယာဉ်ပေါ်တင်၍ ခေါ်ဆောင်သွားစဉ် တောအုပ်အလယ်သို့ ရောက်ရာအချိန်၌ အို. . . ဖခင် နွားချည်ကြိုးတို့ကို ကိုင်ထားပါ။ နွားတို့သည် နှင်တံအမှတ်ဖြင့် သွားကြလိမ့်မည်။ ဤအရပ်၌ လူဆိုးတို့နေကြသည် ကျွန်တော် လှည်းအောက်ဆင်းပါဦးမည်ဟု ပြောဆိုကာ ဖခင်၏လက်၌ နွားချည်ကြိုးတို့ကိုပေး၍ လှည်းပေါ်မှ သက်ဆင်းသွားလျက် သူ၏အသံကို ဖျက်၍ လူဆိုးတို့ အော်ဟစ်သံကို ပြုလေ၏။

မိဘနှစ်ဦးတို့သည် အသံကိုကြားရသော် ခိုးသူတို့ တက်လာကြပြီ ဝိုင်းလာကြပြီ အမှတ်ဖြင့် -

ချစ်သား ငါတို့က အသက်ကြီးကြပြီ၊ သင်သာ မိမိကိုယ်ကို စောင့်ရှောက်ပါဟု ပြောဆိုကြကုန်၏။ ထိုအမျိုးသားသည် မိဘတို့က ထိုသို့ မြည်တမ်းပြောဆိုသော်လည်း၊ လူဆိုးအသံကို ပြုလျက် ထောင်းထုရိုက်နှက် သတ်ဖြတ်၍ တောအုပ်၌ ပစ်ထားခဲ့ပြီး အိမ်ပြန်လာလေ၏။

မြတ်စွာဘုရားသည် မဟာမောဂ္ဂလာန်ထေရ်၏ ရှေး၌ ပြုအပ်သော ဤမကောင်းမှုကို မိန့်တော်မူကာ -

ရဟန်းတို့ မောဂ္ဂလာန်သည် ဤမျှလောက်သော မကောင်းမှုကို ပြုခဲ့၍ များစွာသော နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ကျက်ခဲ့ပြီး၊ ကြွင်းကျန်သော အကျိုး၏အဖြစ်ဖြင့် ဘဝအရာ၌ ဤသို့သာ ထောင်းထုရိုက်နှက်ခံရ၍ မှုန့်မှုန့်ညက်ညက်ဖြစ်လျက် သေခြင်းသို့ ရောက်ခဲ့လေပြီ။

ဤသို့ မောဂ္ဂလာန်သည် မိမိပြုအပ်သော ကံအားလျော်စွာသာဖြစ်သော သေခြင်းကို ရအပ်လေပြီ။

လူဆိုးငါးရာတို့နှင့်အတူ တိတ္ထိငါးရာတို့လည်း မဖျက်ဆီးသင့် မပြစ်မှားထိုက်သော ငါဘုရား၏ သားတော် မောဂ္ဂလာန်၌ ဖျက်ဆီးပစ်မှားကြ၍ သင့်လျော်သည်သာဖြစ်သော သေခြင်းကို ရကြလေကုန်ပြီ။

မှန်၏။ မဖျက်ဆီးသင့်။ မပြစ်မှားထိုက်သော သူတို့၌ ဖျက်ဆီးပြစ်မှားသူသည် ဆယ်မျိုးသော အကြောင်းတို့ဖြင့် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ရသည်သာတည်းဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍

တရားဟောတော်မူလို သော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သောဂါထာတို့ကို ဟောပြတော်မူသည်။

၁။"ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမည တရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

၂။ ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ ဝ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တ က္ခေပံဝ ပါပုဏေ။

၃။ ရာဇတောဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနံ ၁ ဒါရုဏံ။
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝပဘင်္ဂုရံ။

၄။ အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ"

၁။ ယော - အကြင်သူသည်၊ အပ္ပဒုဋ္ဌေသု - အပြစ်ကင်းကုန်သော၊ အဒဏ္ဍေသု - ကိုယ်ဖြင့်ညှင်းဆဲခြင်း၊ ကာယဒဏ် စသည်တို့မှ ကင်းသော ရဟန္တာတို့၌၊ ဒုဿတိ - ပြစ်မှားဖျက်ဆီး၏။ သော - ထိုသူသည်၊ ဒသန္န - ဒုက္ခဖြစ်ကြောင်း ဆယ်မျိုးတို့တွင်၊ အညတရံဌာနံ - တစ်မျိုးမျိုးသော အကြောင်းသို့၊ ခိပ္ပမေဝ - လျှင်မြန်စွာသာ၊ နိဂစ္ဆတိ - ရောက်လေ၏။

၂။ ဖရုသံ - ကြမ်းတမ်းသော၊ ဝေဒနံ - ဦးခေါင်းရောဂါ စသည်သို့သော်လည်းကောင်း၊ ဇာနိံဝါ - ဥစ္စာပစ္စည်းဆုံးရှုံးပျက်စီးခြင်းသို့သော်လည်းကောင်း၊ သရီရဿ - ခန္ဓာကိုယ်၏။ ဘေဒနံဝါ - လက်ပြတ်ခြင်းအစရှိသော ပျက်စီးခြင်းသို့သော်လည်းကောင်း၊ ဂရုကံ - ကြီးလေးသော၊ အာဗာဓံဝါပိ - မျက်စိကွယ်ခြင်း၊ ဆွံ့အခြင်း၊ ခြေလက်ကောက်ခြင်း၊ နူနာစွဲကပ်ခြင်းအစရှိသော အနာသို့သော်လည်းကောင်း၊ စိတ္တက္ခေပံဝါ - စိတ်ပျံ့လွင့်ရူးသွပ်ခြင်းသို့သော်လည်းကောင်း၊ ပါပုဏေ - ရောက်လေ၏။

၃။ ရာဇတော - မင်းထံမှ၊ ဥပသဂ္ဂံဝါ - အခြံအရံပျက်စီးခြင်း၊ ရာထူးချခြင်းအစရှိသော ဒဏ်သင့်ခြင်းသို့သော်လည်းကောင်း၊ ဒါရုဏံ - ကြမ်းတမ်းသော၊ အဗ္ဘက္ခာနံဝါ - မမြင်ဘူး၊ မကြားဘူး၊ မကြံစည်ဘူးသော ဖောက်တွင်းမှု စသည်ကို သင်ပြုသည်ဟု စွပ်စွဲခြင်းသို့သော်လည်းကောင်း၊ ဉာတီနံ - မိမိအားကိုးထိုက်သော ဆွေမျိုးတို့၏။ ပရိက္ခယံဝါ - ကုန်ဆုံးပျက်စီးခြင်းသို့သော်လည်းကောင်း၊ ဘောဂါနံ - သက်မဲ့ပစ္စည်း၊ သက်ရှိပစ္စည်းတို့၏၊ ပဘင်္ဂုရံဝါ - ပဲစပါးစသည်တို့၏ ပုပ်ခြင်း၊ ပိုးထိုးခြင်း၊ ရွှေ၏ မီးသွေးဖြစ်ခြင်း၊ ပုလဲ၏ ဝါစေ့ဖြစ်ခြင်း၊ ငွေ၏ အိုးခြမ်းကွဲဖြစ်ခြင်း၊ ခြေနှစ်ချောင်းရှိသော သတ္တဝါ၊ ခြေလေးချောင်းရှိသော သတ္တဝါတို့၏ မျက်စိကွယ်ခြင်း၊ ခြေကျိုးခြင်း၊ စသည်သို့သော်လည်းကောင်း၊ ပါပုဏေ - ရောက်လေ၏။

၄။ အထ - ကိုမှတစ်ပါး၊ အဿ - မပြစ်မှားထိုက်သူကို ပြစ်မှားသူ၏ အဂါရာ နိအိမ်တို့ကို၊

အဂ္ဂိဝါ - ပကတိ မီး မိုးကြိုးမီးသည်လည်းကောင်း၊ ပါဝကောဝါ - လောင်မီးသည်လည်းကောင်း၊ ဍဟတိ - စွဲလောင်လေ၏။ ဒုပ္ပညော - ပညာမဲ့သော၊ သော - ထိုသူသည်၊ ကာယဿ - ခန္ဓာကိုယ်၏၊ ဘေဒါ - ပျက်စီးခြင်းမှ၊ ပရံ - နောက် ၌၊ နိရယံ - ငရဲ၌၊ ဥပပဇ္ဇတိ -ဖြစ်ရလေ၏။ (တနည်း) နိရယံ - ငရဲသို့၊ ဥပပဇ္ဇတိ - ကပ်ရောက်ရလေ၏။

တရားဒေသနာတော်၏ အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

မဟာဓမ္မာဂ္ဂလာနဓေဓရဝတ္ထု ပြီး၏။

## ၁၈။ ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု
## ပစ္စည်းပေါပြွမ်း ရဟန်းအကြောင်း

သာဝတ္ထိမြို့နေ သူကြွယ်တစ်ဦးသည် အိမ်ရှင်မဇနီးကွယ်လွန်ပြီးသော် ရဟန်းပြုလေ၏။

ထိုသူကြွယ်သည် ရဟန်းပြုရန် စီမံစဉ် မိမိနေရန် ကျောင်းပရိဝုန် မီးတင်းကုတ်၊ ဘဏ္ဍာတိုက်တို့ကို ဆောက်လုပ်စေ၍ ဘဏ္ဍာတိုက်တစ်ခုလုံးကို ထောပတ်ပျားဆီ စသည်တို့ဖြင့် အပြည့်ထည့်ပြီးမှ ရဟန်းပြုလေ၏။

ရဟန်းပြုပြီးလည်း လူဘဝအဖြစ်ဖြင့် နေစဉ် မိမိ၏ကျွန်တို့ကို ခေါ်စေပြီး၊ ကြိုက်နှစ်သက်သော စားဖွယ်အာဟာရကို ချက်စေပြီ၊ ဘုဉ်းပေးသုံးဆောင်သည်။

များသော ပစ္စည်းဘဏ္ဍာ အသုံးအဆောင်၊ ပရိက္ခရာလည်း ရှိသည်။

ညအချိန်၌ သင်းပိုင်ကိုယ်ရုံ တစ်ခုစီ ဝတ်ရုံသည် နေ့အခါ၌ တခြားသင်းပိုင်ကိုယ်ရုံကို ဝတ်ရုံသည်။ နေ့အခါ၌ ကျောင်းအစွန်တစ်နေရာ၌နေသည်။

တစ်နေ့သ၌ ထိုရဟန်း၏ သင်္ကန်း၊ အိပ်ရာခင်းတို့ကို နေလှန်းထားစဉ် ကျောင်းစဉ်ဒေသစာရီ လှည့်လည်ကြသော ရဟန်းတို့ မြင်ကြ၍ -

ငါ့ရှင် ဤသင်္ကန်း ဤအခင်းတို့သည် မည်သူ၏ပစ္စည်းတို့နည်းဟု မေးကြ၍ တပည့်တော်၏ ပစ္စည်းတို့ပါဟု လျှောက်ထားအပ်သော် -

ငါ့ရှင့် မြတ်စွာဘုရားသည် သုံးထည်သော သင်္ကန်းတို့ကို ခွင့်ပြုအပ်ကုန်၏။ သင်သည်ကား ဤသို့ အလိုနည်းသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုပြီး ဤသို့ပရိက္ခရာများသည်ဟု ပြောဆိုကာ ထိုရဟန်းကို မြတ်စွာဘုရားထံသို့ ခေါ်ခဲ့ကြပြီး၊ မြတ်စွာဘုရား ဤရဟန်းသည် အလွန်များသော ပစ္စည်းဘဏ္ဍာရှိသူ ဖြစ်ပါသည်ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်း ထိုသို့လျှောက်ထားသောစကားသည် မှန်၏လောဟု မေးတော်မူ၍ မှန်ပါသည်ဘုရားဟု လျှောက်ထားအပ်လေသော် -

ရဟန်း၊ သင်သည် အဘယ်ကြောင့် ငါဘုရားက အလိုနည်းရန် တရားဟောအပ်ပါလျက် ဤသို့ များသောပစ္စည်း ဘဏ္ဍာရှိသူ ဖြစ်ရသနည်းဟု မိန့်တော်မူ၏။

ထိုရဟန်းသည် မိန့်အပ်သော ထိုစကားမျှဖြင့်ပင် စိတ်ဆိုးပြီး ယခု ဤနည်း ဤပုံစံဖြင့် တပည့် တော်ကျင့်နေပါမည်ဟု ဆိုကာ ကိုယ်ရုံကေသီကို စွန့်ပစ်ပြီး ပရိသတ်အလယ်၌ သင်္ကန်းတစ်ထည်တည်း ရှိလျက်နေလေ၏။

ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ထောက်ခံအားပေးလိုသည်ဖြစ်၍ ရဟန်း ရှေးအခါ၌ ဟိရိဩတ္တပ္ပကို ရှာဖွေသောသင်သည် ရေစောင့်ဘီလူးဖြစ်ခဲ့ချိန်၌လည်း ဟိရိဩတ္တပ္ပကို ရှာဖွေလျက် တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံးနေခဲ့လေပြီ။

ယခုအခါ အဘယ်ကြောင့် ဤသို့လေးစားထိုက်သော ငါဘုရားသာသနာတော်၌ ရဟန်းပြုပြီး

ပရိသတ် လေးပါးတို့ အလယ်၌ ကိုယ်ရုံကေသီကို စွန့်ပစ်၍ ဟီရိဩတ္တပ္ပကို ဖယ်ခွာနေရသနည်း ဟု မိန့်တော်မူ၏။ ထိုရဟန်းသည် မြတ်စွာဘုရား၏ စကားတော်ကို ကြားရလေသော် ဟီရိဩတ္တပ္ပကို တဖန်တည်စေပြီး စွန့်ပစ်လိုက်သော ထိုသင်္ကန်းကို ရုံ၍ မြတ်စွာဘုရားကို ရှိခိုးကာ တစ်နေရာ၌ ထိုင်နေပြီ။

ရဟန်းတို့သည် ထိုအကြောင်းကို ထင်ရှားဖော်ပြတော်မူရန် မြတ်စွာဘုရားကို တောင်းပန်လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် အတိတ်ကို ဆောင်၍ ဟောပြတော်မူပြီ။

## အတိတ်ဇာတ်ကြောင်း

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ မိဖုရားခေါင်ကြီး ဝမ်းတိုက်၌ ဘုရားအလောင်းတော်သည် ပဋိသန္ဓေစွဲယူ၍ အချိန်စေ့ရောက်သောအခါ ဖွားမြင်ခဲ့လေ၏။

ဘုရားလောင်း၏ နာမဂ္ဂဟဏ မင်္ဂလာနေ့၌ မဟိံသ သတို့သားဟူသော အမည်ကို မှည့်ကြကုန်၏။ မဟိံသ သတို့သား၏ ညီငယ်သည် စန္ဒသတို့သားအမည်ရှိ၏။

မဟိံသနှင့် စန္ဒသတို့သားတို့၏ မယ်တော်ကွယ်လွန်လေသော် ဗာရာဏသီမင်းသည် အခြားမိန်းမကို မိဖုရားခေါင်ကြီးအရာ၌ထားလေ၏။ ထိုမိဖုရားခေါင်သည်လည်း သားကို ဖွားမြင်လေ၏။ သား၏အမည်ကို သူရိယသတို့သားဟု မှည့်ခေါ်ကြလေ၏။

ဗာရာဏသီမင်းသည် သားတော်သူရိယ သတို့သားကိုမြင်ရသော် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ အို. . . မိဖုရား ငါသည် သင့်သားအား ဆုပေးမည်ဟုဆို၏။ မိဖုရားသည်လည်း အရှင်မင်းကြီး အလိုရှိသောအချိန်၌ ဆုယူပါမည်ဟု ပြောဆိုထားပြီးသားဖြစ်သူ သူရိယကုမာရအရွယ်ရောက်လာချိန်၌ မင်းကြီးကို ဤသို့တင်လျှောက်လေ၏။

အရှင်မင်းကြီးသည် ကျွန်တော်မသား ဖွားမြင်ချိန်က ဆုကိုပေးအပ်ပါပြီ။ ယခု ကျွန်တော်မသားအား မင်းအဖြစ် စည်းစိမ်ကိုပေးတော်မူပါ။

ဗာရာဏသီမင်းသည် ငါ့သားတော်ကြီးနှစ်ပါးတို့သည် မီးပုံကြီးကဲ့သို့ တောက်ပကုန်လျက်နေကြကုန်၏။ သူရိယကုမာရအား မင်းအဖြစ်ကို ပေးခြင်းငှာမတတ်ကောင်း၊ (မင်းအဖြစ်ကို မပေးနိုင်) ဤသို့ ဖယ်ရှားတားမြစ်သော်လည်း မိဖုရား၏ အကြိမ်ကြိမ်တောင်းဆိုသည်ကိုသာ တွေ့ရ၍ ဤမိဖုရားသည် ငါ့သားတော်ကြီးတို့၏ အကျိုးမဲ့ကိုလည်း ပြုလေရာ၏ဟု ကြံမိပြီး သားတော်ကြီးတို့ကို ခေါ်စေကာ -

ချစ်သားတို့ ငါ၏မည်းတော်သည် သူရိယကုမာရဖွားမြင်ချိန်က ဆုပေးခဲ့ဖူးပြီ။ ယခုသူ၏ မယ်တော်က မင်းအဖြစ်ကို တောင်းဆိုနေသည်။ ငါ၏မည်းတော်သည် သူရိယကုမာရအား မင်းအဖြစ်ကို မပေးလို "သူ၏ မယ်တော်က သင်သားတို့၏ အကျိုးမဲ့ကိုလည်း ပြုလေရာ၏ သင်တို့သွားကြ ဝေးရာအရပ်၌ နေထိုင်ကြကာ ခမည်းတော်မင်းကြီး ကွယ်လွန်ချိန်ရောက်မှ နေပြည်တော်သို့ ပြန်လာ၍ မင်းအဖြစ်ကို ယူကြပေတော့"ဟု ပြောဆို စေလွှတ်လေ၏။

ခမည်းတော်ကို ရှိခိုး၍ နန်းပြသာဒ်မှ ဆင်းသက်လာသော မင်းသားတို့ကို မင်းရင်ပြင်၌ ကစားနေသော သူရိယကုမာရသည်မြင်၍ ထိုအကြောင်းကိုသိပြီး နောင်တော်မင်းသားတို့နှင့်အတူ

မြို့တော်မှ ထွက်ခဲ့လေပြီ။ ထိုမင်းသားတို့ ဟိမဝန္တာတောသို့ ဝင်ချိန်၌ ဘုရားအလောင်းတော်သည် လမ်းခရီးမှ ဖယ်ခွာသက်ဆင်း၍ သစ်ပင်ရင်းတစ်ခု၌ ထိုင်ပြီး သူရိယကုမာရကို ဤသို့ပြော၏။

ညီငယ် ထိုရေအိုင်သို့သွား၍ ရေလည်းချိုး၊ သောက်လည်းသောက်ပြီး ငါတို့အဖို့လည်း၊ ပဒုမ္မာကြာရွက်တို့ဖြင့် ရေကို ထုတ်ယူခဲ့ပါ။

ထိုရေအိုင်သည်ကား ဝေဿဝဏ် နတ်မင်းထံမှ ရေစောင့်ဘီလူးတစ်ယောက်သည် ရထားအပ်သော ရေအိုင်ဖြစ်သည်။

ဝေဿဝဏ် နတ်မင်းသည်လည်း ရေစောင့်ဘီလူးကို ဤသို့ပြောဆို မှာထားသည်။

ဒေဝဓမ္မကို သိသူတို့ကို ချန်လှပ်၍ ဤရေအိုင်သို့ သက်ဆင်းသော အခြားသူတို့ကို စားခွင့်ရ၏။ (စားစေ)

ထိုအချိန်မှစ၍ ရေစောင့်ဘီလူးသည် ရေအိုင်သို့ သက်ဆင်းသူတို့ကို ဒေဝဓမ္မကို မေး၍ မသိသူတို့ကို စားလေ၏။ သူရိယကုမာရသည်လည်း ထိုရေအိုင်သို့ မစူးမစမ်း မဆင်ခြင်ဘဲသာ သက်ဆင်းလေ၏။

ရေစောင့်ဘီလူးက ဒေဝဓမ္မတို့ကို သိ၏လောဟု မေးအပ်သော် လနှင့်နေတို့သည် ဒေဝဓမ္မ မည်ကုန်၏ဟု ပြောလေ၏။ ထိုအခါ ရေစောင့်ဘီလူးသည် သူရိယကုမာရကို သင်သည် ဒေဝဓမ္မတို့ကို မသိသူဖြစ်၏ဟု ပြောဆိုကာ ရေအိုင်တွင်းသို့ သွင်း၍ မိမိ၏ဗိမာန်၌ ထားလေ၏။

ဘုရားအလောင်း မဟိံသကုမာရသည်လည်း သူရိယကုမာရ အချိန်ကြာမြင့်နေသည်ကို စိတ်ဖြင့် သိမြင်၍ စန္ဒကုမာရကို စေခိုင်းလိုက်ပြန်သည်။ စန္ဒကုမာရသည်လည်း ရေစောင့်ဘီးလူးက ဒေဝဓမ္မတို့ကို သိ၏လောဟု မေးအပ်သော် အရပ်လေးမျက်နှာတို့သည် ဒေဝဓမ္မတို့မည်ကုန်၏ဟု ဖြေဆိုလေ၏။

ရေစောင့်ဘီလူးသည် စန္ဒကုမာရကိုလည်း ရေအိုင်အတွင်းသို့ သွင်း၍ မိမိဗိမာန်၌ပင် ထားလေ၏။

ဘုရားလောင်းသည် စန္ဒကုမာရမင်းသားလည်း အချိန်ကြာမြင့်လေသော် အန္တရာယ်ဖြစ်ရာ၏ဟု စဉ်းစားမိပြီး ကိုယ်တိုင်သွား၍ နှစ်ယောက်လုံးတို့၏ သက်ဆင်းရာ ခြေရာကိုသာ တွေ့မြင်၍ ဤရေအိုင်သည် ရေစောင့် ဘီလူးသိမ်းဆည်းအပ်သော ရေအိုင်တည်းဟု အတပ်သိပြီး သံလျက်ကိုလွယ်၊ လေးကိုကိုင်၍ ရပ်နေလေ၏။

ရေစောင့်ဘီလူးသည် ရေကန်တွင်းသို့ မသက်ဆင်းသော ဘုရားလောင်းကိုမြင်၍ တောအလုပ်သမား ယောကျ်ားအသွင်ဖြင့် လာလတ်၍ ဤသို့ပြောဆိုလေ၏။

အိုး . . ယောကျ်ား သင်သည် ခရီးပမ်းသူဖြစ်၏။ အဘယ်ကြောင့် ဤရေအိုင်တွင်းသို့ သက်ဆင်း၍ ရေလည်းချိုး၊ သောက်လည်းသောက်ပြီး၊ ကြာစွယ်ကြာရင်းတို့ကို စား, ကြာပွင့်တို့ကို ပန်ဆင်၍ မသွားလေသနည်း။

ဘုရားအလောင်းသည် ရေစောင့်ဘီလူးကို မြင်လျှင်ပင် ဤသူသည် ရေစောင့်ဘီလူးတည်းဟု သိ၍ သင်သည် ငါ၏ ညီတို့ကို ဖမ်းယူအပ်သည်မဟုတ်လောဟုပြော၏။ ဟုတ်၏။ ငါသည် သင့်ညီတို့ကို ဖမ်းယူအပ်ကုန်၏။

အဘယ်ကြောင့် ဖမ်းယူအပ်သနည်း။

ငါသည် ဤရေအိုင်တွင်းသို့ သက်ဆင်းသူတို့ကို ရ၏။
အသို့နည်း သက်ဆင်းသူတိုင်းကိုပင် ရသလော။
ဒေဝဓမ္မတို့ကို သိသူတို့ကို ဖယ်ထားပြီး ကျန်မသိသူတို့ကို ငါရ၏။
သင့်အား ဒေဝဓမ္မတို့ဖြင့် အလိုရှိသလော။
အလိုရှိသူ မှန်ပါ၏။
ငါသည် သင့်အား ဒေဝဓမ္မတို့ကို ဟောပြမည်။
ဟောပြမည်ဖြစ်လျှင် ဟောပြပါ။
ညစ်နွမ်းသောကိုယ်ဖြင့် ဟောပြရန် မတတ်နိုင်ပါဟု ပြောလေ၏။

ရေစောင့်ဘီလူးသည် ဘုရားလောင်းကို ရေချိုးစေ သောက်ရေကို သောက်စေပြီး အဝတ်တန်ဆာ ဆင်ယင်၍ တန်ဆာဆင်အပ်သော မဏ္ဍပ်အလယ်၌ တရားပလ္လင်ထက်သို့ တက်စေပြီး မိမိကမူ ဘုရားလောင်း၏ ခြေရင်း၌ပင် ထိုင်လေ၏။

ထိုအခါ ရေစောင့်ဘီလူးကို ဘုရားလောင်းသည် ရိုသေစွာ နာလော့ဟု ဆိုကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောပြလေ၏။

"ဟိရိဩတ္တပ္ပ သမ္ပန္နာ၊ သုက္ကဓမ္မ သမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မတိ ဝုစ္စရေ"

လောကေ - သတ္တလောက၌၊ ဟိရိဩတ္တပ္ပ သမ္ပန္နာ - ကာယဒုစရိုက်စသည်တို့ကို ရှက်တတ်၊ စက်ဆုပ်တတ်သော ဟိရိတရား၊ ကာယဒုစရိုက်စသည်တို့မှ ထိတ်လန့်ကြောက်ရွံ့တတ်သော ဩတ္တပ္ပ တရားနှင့် ပြည့်စုံကုန်သော၊ သုက္ကဓမ္မသမာဟိတာ - ဟိရိဩတ္တပ္ပတရားကို အရင်းထား၍ လေးစားပြု ကျင့်အပ်သော၊ သုက္ကဓမ္မဟု ဆိုအပ်သော စင်ကြယ်သောကုသိုလ်တရားတို့နှင့် ပြည့်စုံကုန်သော၊ သန္တော - ကိုယ်နှုတ် နှလုံးသုံးပါးလုံးဖြင့် ငြိမ်သက်သိမ်မွေ့ကုန်သော၊ သပ္ပုရိသာ - သူတထူး၏ ပြုဖူးကျေးဇူး အထူးသိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ တင့်တယ်သော ယောက်ျားမြတ်တို့ကို ဒေဝဓမ္မာတိ နတ်တို့၏ အကျင့်တည်းဟူသော ဒေဝဓမ္မတရား မမှားမစောင်း ကိန်းအောင်းသူတို့ဟူ၍၊ ဝုစ္စရေ -ဘုရားစသား အရိယာများ လေးစားပြောဆိုအပ်ကုန်၏။

ရေစောင့်ဘီလူးသည် ဤတရားဒေသနာတော်ကို ကြားနာရ၍ ဘုရားအလောင်းကို ကြည်ညိုရကား -

အိုပညာရှိ ကျုပ်သည် အရှင်နှင့် အရှင့်တရားအား ကြည်ညိုပါ၏။ ညီတစ်ယောက်ကို ပေးပါမည်။ မည်သူ့ကို ယူမည်နည်းဟု ပြောလေ၏။

ညီငယ်သူရိယကုမာရကို ခေါ်ပေးပါ။

အို ပညာရှိသင်သည် သက်သက် ဒေဝဓမ္မတို့ကို သိသူသာ ဖြစ်၏။ ထိုတရားတို့၌ ကျင့်သူ ကား မဟုတ်။

အဘယ်ကြောင့် ဤသို့ပြောရသနည်း။

ကြီးသူကို ချန်ထား၍ ငယ်သူကို ခေါ်ဆောင်စေလိုသော သင်သည် ဇေဋ္ဌာပစာယိကကမ္မ, ကြီးသောသူတို့အား လေးစားရိုသေမှုကို မပြုသူဖြစ်၏။

အို . . . ရေစောင့်ဘီလူး ငါသည် ဒေဝဓမ္မတို့ကိုလည်း သိပါ၏။ ဒေဝဓမ္မတို့၌လည်း လိုက်နာကျင့်သုံးပါ၏။ မှန်၏။ ငါတို့သည် သူရိယကုမာရကို အကြောင်းပြု၍ ဤတောအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ အကြောင်းသော်ကား သူရိယကုမာရ၏ မယ်တော်သည် သူရိယကုမာရ အကျိုးငှာ ငါတို့၏ ခမည်းတော်ကို မင်းအဖြစ် ထီးနန်းစည်းစိမ်ကို တောင်းဆိုခဲ့ပြီ။ ငါတို့၏ ခမည်းတော်သည်ကား တောင်းဆိုအပ်သော ထိုဆုကို မပေးမူ၍ ငါတို့အား အစဉ်စောင့်ရှောက်ခြင်းအကျိုးငှာ တောအရပ်၌ နေခြင်းကို ခွင့်ပြုခဲ့သည်။ သူရိယကုမာရသည် မနေရစ်ဘဲ ငါတို့နှင့်အတူ လိုက်လာခဲ့သည်။ သူရိယကုမာရကို တောအတွင်း၌ ဘီလူးတစ်ကောင်က စားလိုက်ပြီဟု ပြောဆိုအပ်သော်လည်း ယုံကြည်သူ တစ်ဦးတစ်ယောက် ရှိမည်မဟုတ်။ ထို့ကြောင့် ငါသည် ကဲ့ရဲ့မည့်ဘေးမှ ကြောက်သူဖြစ်၍ သူရိယကုမာရကိုသာ ခေါ်ဆောင်စေ၏ဟု ပြောလေ၏။

ရေစောင့်ဘီလူးသည် ဘုရားအလောင်းတော်အား ကြည်ညိုလှ၍ အိုပညာရှိ ကောင်းပါပေစွ။ သင်သည်သာ ဒေဝဓမ္မတို့ကို သိပါပေ၏။ ဒေဝဓမ္မတို့၌လည်း လိုက်နာကျင့်သုံးပါပေ၏ဟု ပြောဆိုကာ ညီနှစ်ယောက်တို့ကို ခေါ်ဆောင်ပေးလေ၏။

ထို့နောက် ရေစောင့်ဘီလူးကို ဘုရားအလောင်းသည် ဘီလူးအဖြစ်၌ အပြစ်ကိုပြောပြ၍ ငါးပါးသီလ၌ တည်စေပြီ။

ဘုရားအလောင်းသည် ရေစောင့်ဘီလူးကောင်းစွာ စီရင်အပ်သော အစောင့်အရှောက်ရှိသူဖြစ်၍ ဟိမဝန္တာတောအရပ်၌ နေပြီး၊ ခမည်းတော် နတ်ရွာစံလေသော် ရေစောင့်ဘီလူးကို ခေါ်ယူ၍ ဗာရာဏသီပြည်သို့ သွားပြီး မင်းအဖြစ်ကိုယူကာ ညီတော်စန္ဒကုမာရအား အိမ်ရှေ့မင်းအဖြစ်ကိုပေးပြီး ညီတော်သူရိယကုမာရအား စစ်သူကြီးအရာကိုပေး၍ ရေစောင့်ဘီလူးအား မွေ့လျော်ဖွယ်ကောင်းသော အရပ်၌ နေရာနတ်ကွန်းကို ဆောက်လုပ်စေ၍ မွန်မြတ်သော လာဘ်ရသူဖြစ်အောင် ပြုပေးလေ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍ -

ယခုအခါ များသော ပစ္စည်းဘဏ္ဍာရှိသော ရဟန်းသည် ထိုအချိန်က ရေစောင့်ဘီလူးဖြစ်ခဲ့ပြီ။ ယခုအခါ အာနန္ဒာသည် ထိုအချိန်က သူရိယကုမာရ ဖြစ်ခဲ့ပြီ။ ယခုအခါ သာရိပုတ္တာသည် ထိုအချိန်က စန္ဒကုမာရ ဖြစ်ခဲ့ပြီ။ ယခုအခါ ငါဘုရားသည်ပင် ထိုအချိန်က မဟိံသကုမာရ ဖြစ်ခဲ့ပြီဟု ဇာတ်တော်ကို ပေါင်းပြတော်မူသည်။

မြတ်စွာဘုရားသည် ဤသို့ဇာတ်တော်ကို ဟောပြ၍ -

ရဟန်းသင်သည် ရှေးအခါက ဤသို့ဤပုံ ဒေဝဓမ္မတို့ကို ရှာမှီးကာ ဟီရိဩတ္တပ္ပနှင့် ပြည့်စုံသူအဖြစ်ဖြင့် ကျင်လည်ခဲ့ပြီး၊ ယခုအခါ ပရိသတ်လေးပါးတို့အလယ်၌ ဤနည်းဖြင့် ရပ်တည်၍ ငါဘုရား၏ ရှေ့တော်၌ တပည့်တော်သည် အလိုနည်းသူ ဖြစ်ပါ၏ဟု ပြောဆိုလျက် မပြုသင့်သည်ကို ပြုလေပြီ။

မှန်ပေသည် အဝတ်ကို ပယ်စွန့်ခြင်းစသည်မျှဖြင့် ကိလေသာငြိမ်းသူ, သမဏမည်သူဖြစ်သည် မဟုတ်ဟု မိန့်တော်မူကာ အနုသန္ဓေစ၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

န နဂ္ဂစရိယာ နဇဋာနပင်္ကာ၊
နာနာသကာ ထဏ္ဍိလသာယိကာဝါ၊
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ၊
သောဓေန္တိ မစ္စံ အဝိတိဏ္ဏ ကင်္ခံ၊

အဝိတိဏ္ဏကင်္ခံ - သို့လောသို့လော တွေးတောခြင်းကင်္ခါကို မလွန်မြောက်နိုင်သေးသော၊ မစ္စံ - သတ္တဝါကို၊ နဂ္ဂစရိယာ - အဝတ်မဝတ်သော အကျင့်တို့သည်၊ နသောဓေန္တိ - မစင်ကြယ်စေကုန်၊ ဇဋာဆန်ကျစ်တို့သည်၊ နသောဓေန္တိ - မစင်ကြယ်စေကုန်။ ပင်္ကာ - ခန္ဓာကိုယ်၌ လိမ်းကျံအပ်သော ရွှံ့ညွှန်တို့သည်၊ နသောဓေန္တိ - မစင်ကြယ်စေကုန်။

အနာသကာ - အစာမစားဘဲ ကျင့်ခြင်းတို့သည်၊ နသောဓေန္တိ - မစင်ကြယ်စေကုန်။

(နနာသကာ ကိုန အနာသကာဟုပုဒ်ဖြတ်)

ထဏ္ဍိလသာယိကာဝါ - မြေ၌အိပ်ခြင်းတို့သည်လည်း၊ နသောဓေန္တိ - မစင်ကြယ်စေကုန်။ ရဇောဇလ္လံ - ကိုယ်၌စုဝေးတည်နေသော မြူသည်နသောဓေတိ - မစင်ကြယ်စေ။ ဥက္ကုဋိကပ္ပဓာနံ - ဆောင့်ကြောင့်ထိုင် အားထုတ်ခြင်းသည်၊ နသောဓေတိ - မစင်ကြယ်စေ။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည့်တို့ကို ရောက် ကြလေကုန်ပြီ။

ဖော်ပြပါ ဂါထာ၏ အဋ္ဌကထာလာ အဓိပ္ပာယ်ကား အကြင်သူသည် ငါသည် ဤသို့ကျင့်လျှင် လောကမှ ထွက်မြောက်ရာ ဟုဆိုအပ်သော စင်ကြယ်သော နိဗ္ဗာန်သို့ ရောက်လိမ့်မည် အကြံဖြင့် အဝတ်မဝတ်သောအကျင့် စသည်တို့တွင် တစ်ခုခုသော အကျင့်ကို ဆောက်တည်၍ ကျင့်ငြားအံ့-

ထိုသူသည် စင်စစ် မိစ္ဆာအယူကို တိုးပွားစေသူလည်းဖြစ်၏။ ပင်ပန်းခြင်း၏ အဖို့ရှိသူလည်း ဖြစ်၏။

စင်စစ်သော်ကား အဝတ်မဝတ်သော အကျင့်စသည်တို့သည် အကြောင်းရှစ်မျိုးရှိသော ယုံမှားခြင်းကို မကူးမြောက်နိုင်သည်၏ အဖြစ်ကြောင့် ယုံမှားခြင်းကို မကူးမြောက်နိုင်သေးသော သတ္တဝါကို မစင်ကြယ်စေနိုင်ကုန်။

ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု ပြီး၏။

## ၁၉။ သန္တတိမဟာမတ္တဝတ္ထု
## သန္တတိအမတ်ကြီးအကြောင်း

ကောသလမင်းကြီး၏ သန္တတိအမည်ရှိ အမတ်ကြီးသည် တစ်ချိန်က ကောသလမင်းကြီး၏ သူပုန်ဘေးကြောင့် ပျက်စီးသော တိုင်းစွန်ပြည်ဖျား ရွာတစ်ရွာကို ငြိမ်သက်စေပြီး ပြန်လာခဲ့၏။

ထိုအခါ အမတ်ကြီးအား၊ ကောသလမင်းကြီးသည် နှစ်သက်အားရသည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ်ကိုပေး၍ ကခုန်သီဆိုမှု၌ ကျွမ်းကျင်လိမ္မာသော ကချေသည်မ တစ်ယောက်ကိုပေးထား၏။

အမတ်ကြီးသည် ခုနစ်ရက်ပတ်လုံး သေရည်ယစ်မူးနေပြီး ခုနစ်ရက်မြောက်သောနေ့၌ အဝတ်အဆင်တန်ဆာအားလုံးတို့ဖြင့် မိမိကိုယ်ကို တန်ဆာဆင်ကာ မြတ်သောဆင်ကျောကုန်းပေါ်၌နေလျက် ရေချိုးဆိပ်သို့ သွားစဉ် ဆွမ်းခံဝင်လာသော မြတ်စွာဘုရားကို မြို့တံခါးအတွင်း၌ ဖူးမြင်ရလျှင် ဆင်ကျောပေါ်၌နေလျက်သာ ဦးခေါင်းကို လှုပ်၍ ရှိခိုးပြီးထွက်ခွာသွားလေ၏။

မြတ်စွာဘုရားသခင်သည် ပြုံးတော်မူ၍ အဘယ်အကြောင်းကြောင့် ပြုံးတော်မူပါသနည်းဟု အာနန္ဒာထေရ်က မေးလျှောက်အပ်သည်ဖြစ်၍ ပြုံးတော်မူခြင်းအကြောင်းကို ဤသို့ မိန့်ကြားတော်မူသည်။

အာနန္ဒာ သန္တတိအမတ်ကြီးကို ကြည့်ပါ။ ယနေ့အဆင်တန်ဆာ အားလုံး ဝတ်ဆင်လျက်သာ ငါဘုရားထံလာ၍ လေးပါဒရှိသောတရားဂါထာအဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်၍ ထန်းပင်ခုနစ်ပင်စာမျှလောက်မြင့်သော အထက်ကောင်းကင်၌ နေ၍ ပရိနိဗ္ဗာန်ပြုလိမ့်မည်။

များစွာသော လူသည် အာနန္ဒာထေရ်နှင့်အတူ မိန့်ကြားတော်မူသော မြတ်စွာဘုရား၏ စကားတော်ကို ကြားသိလေပြီ။ များစွာသော ထိုလူတို့တွင် မိစ္ဆာဒိဋ္ဌိ အယူများရှိသူတို့သည် ဤသို့တိုင်ပင်ကြကုန်၏။

ရဟန်းဂေါတမ၏ အပြုအမူကို ကြည့်ထားကြ။ ပါးစပ်ထဲ ရောက်လာသည်ကိုသာ ပြောဆို၏။

ယနေ့သေရည်ယစ်မူးနေသော ထိုသန္တတိ အမတ်ကြီးသည် အဝတ်အဆင်တန်ဆာအားလုံးဝတ်ဆင်လျက်သာ ရဟန်းဂေါတမထံ၌ တရားတော်ကို ကြားနာ၍ ယနေ့ပင် ပရိနိဗ္ဗာန်ပြုလိမ့်မည်တဲ့။

ယနေ့ ထိုရဟန်း ဂေါတမကို မုသာဝါဒဖြင့် နှိပ်ကြကုန်အံ့ဟု တိုင်ပင်ကြကုန်၏။

သမ္မာဒိဋ္ဌိ = အယူမှန်ရှိသူတို့သည်

ဘုရားရှင်တို့၏ အစွမ်းအာနုဘော်ကြီးတော်မူသည်၏ အဖြစ်သည်အံ့ဩလောက်ပါ၏။ ယနေ့မြတ်စွာ ဘုရား၏ တင့်တယ်စံပယ်ခြင်းကိုလည်းကောင်း၊ သန္တတိအမတ်ကြီး၏ တင့်တယ်စံပယ်ခြင်းကိုလည်းကောင်း မြင်ကြရလိမ့်မည်ဟု တိုင်ပင်ပြောဆိုကြကုန်၏။

သန္တတိ အမတ်ကြီးသည်လည်း ရေချိုးဆိပ်၌ နေ့အဖို့ပတ်လုံး ရေကစားပြီး၍ ဥယျာဉ်တွင်းသို့ သွားရောက်ကာ သေရည်သောက်မည့် မြေနေရာ၌ ထိုင်နေလေ၏။

ကချေသည် အမျိုးသမီးသည်လည်း ပွဲလယ်ခေါင်သို့ ဝင်၍ ကခုန်သီဆိုလေပြီ။ ခန္ဓာကိုယ်၏

တင့်တယ်မှုကို ပြနိုင်ရန် ခုနစ်ရက်ပတ်လုံးအစားနည်းလျက် ထိုနေ့၌ ကခုန်သီဆိုမှုကို ပြ၍ ပြနေသော ကချေသည် အမျိုးသမီး၏ ဝမ်းတွင်း၌ သတ္တကဝါတာ အမည်ရှိသောလေ သင်ခုန်းတို့သည် ဖြစ်ပေါ်ထကြွလာပြီး နှလုံးသားကို ဖြတ်၍သွားကုန်၏။

ကချေသည် အမျိုးသမီးသည် ထိုခဏ၌ပင် ခံတွင်းနှင့် မျက်လုံးတို့ ဟင်းလင်းပွင့်ပြူးထွက်ကုန်လျက် ကွယ်လွန်လေ၏။

သန္တတိအမတ်ကြီးသည် ကချေသည် အမျိုးသမီးကို စုံစမ်းကြပါဟု ပြော၍ "အရှင်" ကချေသည် အမျိုးသမီးကား ချုပ်လေပြီဟု ပြောအပ်ခါမျှပင် အားကောင်းသော စိုးရိမ်သောကတရားသည် လွှမ်းမိုးနှိပ်စက်အပ်ရကား ထိုခဏ၌ပင် အမတ်ကြီး၏ ခုနစ်ရက်ပတ်လုံး သောက်ထားသော သေရည်သည် ပူလောင်သော အိုး၌ ရေပေါက်ကဲ့သို့ ကုန်ခြင်းသို့ ရောက်လေပြီ။

အမတ်ကြီးသည် ငါ၏ စိုးရိမ်ပူပန်မှုသောကကို မြတ်စွာဘုရားမှတပါး အခြားသူတို့ ငြိမ်းစေနိုင်မည်မဟုတ်ဟု သိမြင်၍ ဗိုလ်ပါအပေါင်းခြံရံလျက် ညနေချိန်၌ မြတ်စွာဘုရားထံသွား၍ ရှိခိုးပြီး -

မြတ်စွာဘုရားတပည့်တော်၏ ဤသို့ သဘောရှိသော သောကတရားသည် ဖြစ်ပေါ်နေပါသည်။ တပည့်တော်၏ ဤသောကတရားကို အရှင်ဘုရားတို့ ငြိမ်းစေနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်၍လာခဲ့ပါသည်။ တပည့်တော်၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူပါဟုလျှောက်ထားလေ၏။

ထိုအခါ အမတ်ကြီးကို မြတ်စွာဘုရားသည် သောကတရားကို ငြိမ်းစေရန် စွမ်းနိုင်သူထံသို့သာ သင်လာခဲ့ပေသည်။ မှန်ပေသည် ဤမိန်းမ၏ ဤသို့သော အချင်းအရာဖြင့်သာ သေခဲ့ရာ အချိန်က မျက်ရည်စီးယိုငိုခဲ့သော သင်၏ ယိုစီးသောမျက်ရည်တို့သည် သမုဒ္ဒရာလေးစင်းတို့၏ ရေထက်အလွန်အလွန် ပိုလေကုန်၏ဟုမိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"ယံ ပုဗ္ဗေတံ ဝိသောသေဟိ၊ ပစ္ဆာတေ မာဟု ကိဉ္စနံ။
မဇ္ဈေစေ နောဂဟေဿသိ၊ ဥပသန္တော စရိဿသိ"

ဘော အမစ္စ - အိုအမတ်ကြီး၊ တေ - သင်၏ ပုဗ္ဗေ ရှေးဖြစ်သော အတိတ်၌၊ ယံကိဉ္စနံ - အကြင်ကြောင့်ကြခြင်းသည်၊ ဥပ္ပန္နံ - ဖြစ်ခဲ့ပြီ၊ တံကိဉ္စနံ - ထိုကြောင့်ကြခြင်းကို ဝိသောသေဟိ - မပေါ်မပေါက် သွေ့ခြောက်ပါစေလော့။

ပစ္ဆာ -နောက်ဖြစ်သော အနာဂါတ်ကာလ၌၊ ကိဉ္စနံ - တစ်စုံတစ်ခုကြောင့်ကြမှုကို၊ မာဟု - မာအဟု - မဖြစ်ပါစေနှင့်။ မဇ္ဈေ - အလယ်ဖြစ်သော ပစ္စုပ္ပန်ကာလ၌၊ စေနော ဂဟေဿတိ - သာယာဖွယ်အဖုံဖုံ အာရုံမှန်းတမ်း အကယ်၍ မစွဲလန်းသည်ဖြစ်အံ့။

ဧဝံသတိ - ဤသို့ မစွဲလန်းသည်ရှိသော်၊ တွံ - သင်သည် ဥပသန္တော - ကိလေသဟူအပူခပ်သိမ်းအငြိမ်းကြီး ငြိမ်းလျက်၊ စရိဿသိ - ချမ်းသာစွာနေရလတ္တံ့ (နေရလိမ့်မည်)

ဂါထာ၏ အဆုံး၌ သန္တတိ အမတ်ကြီးသည် အရဟတ္တဖိုလ်သို့ရောက်ပြီး မိမိ၏ အာယုသင်္ခါရကို (အသက် ကို ပြုပြင်တတ်သော အင်အားကို) ရှုကြည့်လတ်သော် အာယုသင်္ခါရဖြစ်တော့မည် မဟုတ်

သည်ကို သိ၍ -

မြတ်စွာဘုရား တပည့်တော်အား ပရိနိဗ္ဗာန်ကို (ဒုက္ခခပ်သိမ်းငြိမ်းမှုကို) ခွင့်ပြုတော်မူပါ ဘုရားဟု မြတ်စွာဘုရားကို လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် သန္တတိအမတ်ကြီးပြုခဲ့သော ကံတရားကို သိတော်မူသော်လည်း မုသာဝါဒဖြင့် နှိပ်ရန်စုဝေးကြသော မိစ္ဆာဒိဋ္ဌိတို့ မတရားစွပ်စွဲရန် အခွင့်ရလိမ့်မည်မဟုတ် ဘုရား၏ တင့်တယ် စံပယ်ခြင်း၊ သန္တတိအမတ်ကြီး၏ တင့်တယ်စံပယ်ခြင်းကို ကြည့်ရှုကြမည်ဟု စုဝေးကြသော သမ္မာဒိဋ္ဌိတို့သည် ဤအမတ်ကြီးပြုခဲ့သော ကံတရားကို ကြားကြသော် ကောင်းမှုတို့၌ ရိုသေစွာ ပြုကြလိမ့်မည်ဟု မှတ်ယူ၍

အမတ်ကြီး သင်ပရိနိဗ္ဗာန်ပြုမည်ဖြစ်လျှင် သင်ပြုခဲ့သော ကံတရားကို ငါဘုရားအား လျှောက်ထား လေဦး၊ လျှောက်ထားလျှင်လည်း မြေကြီးပေါ်၌ ရပ်တည်၍ မလျှောက်ထားဘဲ ထန်းခုနစ်ဆင့်မျှ မြင့်သော ကောင်းကင်၌ ရပ်တည်လျက် လျှောက်ထားပါဟု မိန့်တော်မူ၏။

အမတ်ကြီးသည် မြတ်စွာဘုရား ကောင်းပါပြီဟု လျှောက်ထားပြီး မြတ်စွာဘုရားကို ရှိခိုး၍ ထန်းတစ်ပင် ပမာဏရှိသော ကောင်းကင်သို့တက်၍ သက်ဆင်းခဲ့ပြီး တဖန် မြတ်စွာဘုရားကို ရှိခိုး၍ ကောင်းကင်သို့ ပျံတက်လျက် အစဉ်အားဖြင့် ထန်းခုနစ်ဆင့် ပမာဏရှိသော ကောင်းကင်၌ ထက်ဝယ်ဖွဲ့ ခွေနေပြီး၊ မြတ်စွာဘုရား တပည့်တော်၏ ရှေးက ပြုခဲ့သော ကံတရားကို နာယူပါဘုရားဟု လျှောက်ထား ၍ ဤသို့လျှောက်ထားလေ၏။

မြတ်စွာဘုရားတပည့်တော်သည် ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော ဝိပဿီမြတ်စွာဘုရားလက်ထက် ဗန္ဓုမတီမြို့တွင် တစ်ခုသော အမျိုး၌ဖြစ်၍ သူတစ်ပါးတို့အား သတ်ဖြတ်ခြင်း နှိပ်စက်ခြင်း မပြုရသောအလုပ်သည် အဘယ်အလုပ်နည်းဟု ဆင်ခြင်လတ်သော် ဓမ္မဃောသက (ကုသိုလ်တရားကို နိုးဆော်တိုက်တွန်းမှု) အလုပ်ကိုမြင်၍ စဉ်းစားမိချိန်မှ စပြီး၊ ထိုအလုပ်ကိုလုပ်လျက် လူအပေါင်းကို ဆောက်တည်စေ၍ ကောင်းမှုတို့ကို ပြုကြပါ။ ဥပုသ်နေ့တို့၌ ဥပုသ်ကို ဆောက်တည်ကြပါ။ အလှူပေးကြပါ။ တရားနာကြပါ။ ဘုရား၊ ရတနာ စသည်တို့နှင့် တူညီ သော အခြားရတနာ မည်သည်မရှိတော့ပါ။ ရတနာသုံးပါးတို့အား ပူဇော်မှုကို ပြုကြပါဟု ကြွေးကြော် လျက် လှည့်လည်ပါ၏။

ထိုသို့ လှည့်လည်သော တပည့်တော်၏ အသံကို ကြား၍ ဘုရား၏ ခမည်းတော် ဗန္ဓုမတီမင်းကြီး သည် တပည့်တော်ကို ခေါ်စေ၍ -

အမောင် ဘာကိုပြုလျက် လှည့်လည်သနည်းဟု မေးတော်မူသော် -

အရှင်မင်းကြီး ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ဖော်ပြပြောဆို၍ လူအပေါင်းကို ကောင်းမှုတို့၌ ဆောက်တည်စေလျက် လှည့်လည်ပါ၏ဟု တင်လျှောက်အပ်သော် အဘယ်၌နေလျက် လှည့်လည် သနည်းဟု တပည့်တော်ကို မေး၍ အရှင်မင်းကြီး ခြေဖြင့်သာ လှည့်လည်ပါ၏ဟု တပည့်တော်က တင်လျှောက်အပ်သော် အမောင်သင်သည် ဤသို့မလှည့်လည်ထိုက်၊ ဤပန်းကုံးကို ပန်ဆင်ပြီး မြင်းကျောပေါ်၌ ထိုင်လျက်သာ လှည့်လည်ပါဟုပြောကာ တပည့်တော်အား ပုလဲကုံးနှင့်တူသော ပန်းကုံး

ကိုပေး၍ ယဉ်ကျေးသော မြင်တစ်စီးကို ပေးပါသည်။ ထိုမှ နောက်၌ မင်းကြီးပေးအပ်သော အဆောင်အယောင်ဖြင့် ရှေးနည်းအတိုင်း ကြွေးကြော်၍ လှည့်လည်သော တပည့်တော်ကို နောက်ထပ်တဖန်မင်းကြီးသည် အခေါ်ခိုင်းပြီး -

အမောင် ဘာကိုပြုလျက် လှည့်လည်သနည်းဟု မေးပြန်၍ အရှင်မင်းကြီး ကောင်းမှုတို့၌ ဆောက်တည်စေမှုကို ကြွေးကြော်လျက်သာ လှည့်လည်ပါ၏ဟု တင်လျှောက်အပ်သော် အမောင်မြင်းသည်လည်း သင့်အား မလျှောက်ပတ်။ ဤနေရာ၌ ထိုင်၍ လှည့်လည်ပါဟု ဆိုကာ သိန္ဓောမြင်းလေးကောင်းကသော ရထားကို ပေးခဲ့ပါပြီ။

တတိယအကြိမ်၌လည်း မင်းကြီးသည် တပည့်တော်၏အသံကို ကြားပြန်၍ အခေါ်လွှတ်ပြီး၊ ရှေးနည်းအတိုင်း မေးမြန်းပြောဆို၍ တပည့်တော်အား စည်းစိမ်ဥစ္စာအစုကိုလည်းကောင်း၊ မြတ်သောအဆင်တန်ဆာကိုလည်းကောင်း ပေး၍ ဆင်တစ်စီးကိုလည်း ပေးထားပါပြီ။

တပည့်တော်သည် အဆင်တန်ဆာအားလုံးတို့ဖြင့် တန်ဆာဆင်အပ်သူဖြစ်၍ ဆင်ကျောက်ကုန်း၌ ထိုင်လျက် နှစ်ပေါင်းရှစ်သောင်းပတ်လုံး ဓမ္မယောသက အလုပ်ကို လုပ်ခဲ့ပါပြီ။ ဤမှလောက်အချိန်ပတ်လုံး တပည့်တော်၏ ခန္ဓာကိုယ်မှ စန္ဒကူးနံ့ ပျံ့နှံ့လှိုင်ပါသည်။ ခံတွင်းမှ ကြာညိုနံ့ပျံ့လှိုင်ပါသည်။ ဤသည်ပင် တပည့်တော် ရှေးကပြုခဲ့သော ကောင်းမှုဖြစ်ပါတော့သည်ဘုရား။

သန္တတိ အမတ်ကြီးသည် ဤသို့ မိမိ၏ ရှေးကပြုခဲ့သော ကံတရားကို လျှောက်ထားပြောဆိုပြီး ကောင်းကင်၌ ထိုင်လျက်သာ တေဇောဓာတ်အကြောင်းအရင်းရှိသော ဈာန်ကို ဝင်စား၍ ပရိနိဗ္ဗာန်ပြုလေပြီ (ငြိမ်းလေပြီ)

ခန္ဓာကိုယ်၌ မီးအလျှံသည် ထ၍ အသားအသွေးကို လောင်ကျွမ်းစေပြီး မြတ်လေးပန်းပွင့်တို့နှင့်တူသော ဓာတ်တော်တို့ ကျန်ရစ်ကုန်၏။

မြတ်စွာဘုရားသည် စင်ကြယ်သော အဝတ်ကို ဖြန့်ခင်းတော်မူ၏။ ထိုအဝတ်၌ ဓာတ်တော်တို့သည် ကျလာကုန်၏။ ထိုဓာတ်တော်တို့ကို သပိတ်၌ထည့်၍ လူအပေါင်းသည် ရှိခိုး၍ ကောင်းမှုအဖို့ရှိသူဖြစ်လိမ့်မည်ဟု မိန့်တော်မူကာ လမ်းလေးခုဆုံရာ အရပ်၌ စေတီတည်ထားစေတော်မူသည်။

ရဟန်းတို့သည် ဓမ္မသဘင်၌ စကားကို ဖြစ်စေကြကုန်၏။ အဘယ်သို့ဖြစ်စေကြကုန်သနည်းဟူမူ ငါ့ရှင်တို့ သန္တတိအမတ်ကြီးကို သမဏဟု ဆိုသင့်သလော။ ထိုသို့မဟုတ် ဗြာဟ္မဏဟု ဆိုသင့်သလော။ ဤသို့သော စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ယခုအခါ အဘယ်စကားဖြင့် စုဝေးနေကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့်စုဝေးနေကြပါကြောင်း လျှောက်ထားအပ်လေသော် ရဟန်းတို့ ငါဘုရား၏ သားတော်သန္တတိကိုသမဏဟုလည်း ဆိုသင့်၏။ ဗြာဟ္မဏဟု လည်းဆိုသင့်သည်သာဟု မိန့်တော်မူကာ တရားဟောတော်မူလိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာကို ဟောပြတော်မူသည်။

"အလင်္ကတော စေပိ သမံ စရေယျ၊

သန္တော ဒန္တော နိယတော ဗြဟ္မစာရီ၊

သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏောသဘိက္ခု"

ယော ပုလော - အကြင်ပုဂ္ဂိုလ်သည်၊ သန္တော -ရာဂ စသည်တို့ ငြိမ်းသည်ဖြစ်၍၊ ဒန္တော - ဣန္ဒြေကို ဆုံးမသည်ဖြစ်၍၊ နိယတော မဂ်လေးပါးဖြင့် မြဲသည်ဖြစ်၍၊ ဗြဟ္မစာရီ - မြတ်သော အကျင့်ရှိသည်ဖြစ်၍ သဗ္ဗေသုဘူတေသု - အလုံးစုံသော သတ္တဝါတို့၌၊ ဒဏ္ဍံ - ကာယဒဏ် (ကိုယ်ဖြင့်ညှင်းဆဲခြင်း) စသည်ကို နိဓာယချထား၍ သမံ - ကိုယ်အစရှိသည်တို့ဖြင့် ညီမျှစွာ၊ စရေယျ - ကျင့်ငြားအံ့။

သောပုဂ္ဂလော - ထိုပုဂ္ဂိုလ်သည် အလင်္ကတော အဝတ်တန်ဆာ စသည်တို့ဖြင့် တန်ဆာဆင် အပ်သူသည် စေပိ ဟောတိ - အကယ်၍ ဖြစ်စေကာမူ၊ ဗြာဟ္မဏော - ကိလေသာကို အပပြုပြီး ဖြစ်သောကြောင့်၊ ဗြာဟ္မဏလည်း မည်၏။ သော ပုဂ္ဂလော - ထိုပုဂ္ဂိုလ်သည် သမဏော မကောင်းမှု ခပ်သိမ်း ငြိမ်းပြီးဖြစ်သောကြောင့် သမဏလည်း မည်၏။ သသော ပုဂ္ဂလော - ထိုပုဂ္ဂိုလ်သည်။ ဘိက္ခု - ကိလေသာကို ဖျက်ဆီးပြီးဖြစ်သောကြောင့် ဘိက္ခုလည်း မည်၏။

ဒေသနာတော်အဆုံးရှင်ရဟန်း၊ ရှင်လူများစွာသော သူတို့သည် သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**သန္တတိမဟာမတ္တဝတ္ထု ပြီး၏။**

## ၂၀။ ပိလောတိကတိဿတ္ထေရဝတ္ထု
## ပုဆိုးနွမ်းဝတ်ခဲ့သော တိဿထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ခုသော အချိန်၌ အာနန္ဒာထေရ်သည် ပုဆိုးနွမ်းပိုင်းကို ဝတ်၍ ခွက်ကို ကိုင်ကာ ထမင်းလှည့်ရှာနေသော သူငယ်တစ်ယောက်ကိုမြင်၍ -

အသို့နည်း။ သင့်အား ဤသို့ လှည့်လည်တောင်းစား၍ အသက်ရှင်ရခြင်းထက် ရှင်အဖြစ်သည် ပို၍ မမြတ်သလောဟု မိန့်တော်မူသော် -

အရှင်ဘုရား တပည့်တော်ကို အဘယ်ပုဂ္ဂိုလ်က ရှင်ပြုပေးပါမည်နည်း ဟု မေးလျှောက်လေသော် သင့်ကို ငါရှင်ပြုပေးမည်ဟု ပြောဆိုကာ ထိုသူငယ်ကို ခေါ်၍ ကျောင်းသို့ သွားပြီး မိမိလက်ဖြင့် ရေချိုးပေးကာ ကမ္မဋ္ဌာန်းကိုပေး၍ ရှင်ဖြစ်စေပြီ။

အထူးအားဖြင့်ကား ထိုသူငယ် ဝတ်ဆင်အပ်သော ပုဆိုးနွမ်းပိုင်းကို ဖြန့်၍ ကြည့်လတ်သော် ရေစစ်ပြုရုံမျှလည်းဖြစ်သော ယူအပ်သည်သို့ ကပ်ရောက်သော၊ ဝါ - ယူချင်စရာကောင်းသော၊ အနည်းငယ်မျှသော နေရာကို မမြင်သောကြောင့် ခွက်နှင့်အတူ သစ်ခက်တစ်ခုပေါ်၌ တင်ထားလေ၏။

ထိုသူငယ်သည် ရှင်ဖြစ်ပြီးနောက်၊ ရဟန်းအဖြစ်ကို ရ၍၊ ဘုရားရှင်တို့အား ဖြစ်ပေါ်လာသော လာဘ်ပူဇော်ဖွယ်ကိုစားသုံး အဖိုးများထိုက်သော သင်္ကန်းတို့ကို ဝတ်ရုံနေထိုင်ရသော်၊ ဆူဖြိုးသော . ကိုယ်ရှိသူဖြစ်၍ သင်္ကန်းဝတ်၌ ငြီးငွေ့ပြီး -

ငါ့အား လူတို့သဒ္ဓါ၍ ပေးအပ်သော အဝတ်ကို ဝတ်၍ နေထိုင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါ၏ ပုဆိုးနွမ်းကိုသာ ဝတ်တော့မည်အကြံဖြင့် ပုဆိုးနွမ်းထားရာ ထိုအရပ်သို့ သွား၍ ပုဆိုးနွမ်းကို ကိုင်ပြီးသော် -

အို အရှက် မရှိသူ ဤသို့သဘောရှိကုန်သော အဖိုးများသော အဝတ်တို့ကို ဝတ်ရုံရာဌာနကို - ပယ်စွန့်၍ ဤပုဆိုးနွမ်းကို ဝတ်၍ ခွက်လက်စွဲလျက် ထမင်းတောင်းခံရန် သွားမည်လောဟု ပုဆိုးနွမ်းပိုင်းကို အာရုံပြု၍ မိမိသည်ပင်လျှင် မိမိကိုယ်ကို ဆုံးမလေပြီ။

ဆုံးမဆဲသာဖြစ်သော ထိုရဟန်း၏ စိတ်သည် ကောင်းစွာကြည်လင်လေ၏။

ထိုရဟန်းသည် နှစ်ရက်သုံးရက်လွန်သောအခါ၌ တဖန် ငြီးငွေ့ပြန်၍ ဆိုခဲ့သော စကားနှင့်အတူသာ ဖြစ်သောစကားကို ပြောဆို၍ ပြန်ခဲ့ပြန်လေပြီ။ နောက်ထပ်လည်း ထိုနည်းတူပင် ပြန်ခဲ့ပြန်လေသည်။

ဤသို့အဆက်ဆက်သွား၍ ပြန်လာသော ထိုရဟန်းကို မြင်ကြသော ရဟန်းတို့သည် အဘယ်အရပ်၌ နေသနည်းဟု မေးကြကုန်၏။

ထိုရဟန်းသည် ငါ့ရှင်တို့ ဆရာ၏ ထံသို့သွားပါ၏ဟု ပြောဆို၍ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် မိမိ၏ ပုဆိုး နွမ်းပိုင်းကိုသာ အာရုံပြု၍ မိမိကိုယ်ကို ပိတ်ပင်တားမြစ်၍ နှစ်ရက်သုံးရက်ဖြင့်သာ ရဟန္တာအဖြစ်သို့

ရောက်လေ၏။

ရဟန်းတို့သည် ဤသို့ ပြောဆိုကြကုန်၏။ သင်သည် ယခု ဆရာ့ထံမသွားပြီလော။ ဤလမ်းခရီးသည် သင်၏ သင့်ဆရာထံသွားရာ မဟုတ်ပါလော။

ငါ့ရှင်တို့ ငါသည် ဆရာနှင့်အတူ သံသဂ္ဂ = ရောနှော ဆက်ဆံမှု ရှိခဲ့သော် သွားခဲ့၏။ ယခုမှာမူ ငါသည် သံသဂ္ဂကို ဖြတ်အပ်ပြီ။ ထို့ကြောင့် ဆရာ့ထံ မသွားတော့အံ့ဟု ပြန်ပြောလေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား

မြတ်စွာဘုရား ပိလောတိကထေရ်သည် အရဟတ္တဖိုလ်ကို ပြောဆိုနေပါသည်ဟု လျှောက်ထားကြလေ၏။

ရဟန်းတို့ ပိလောတိကသည် အဘယ်စကားကို ပြောဆိုပါသည်။

မြတ်စွာဘုရားသည် ရဟန်းတို့ လျှောက်ထားအပ်သော စကားကို ကြားတော်မူ၍ ရဟန်းတို့ မှန်ပေ၏။ ငါ၏သားတော်သည် သံသဂ္ဂရှိသော် ဆရာ့ထံသွား၏။ ယခုအခါမှာမူ မိမိကိုယ်ကို တားမြစ်ပိတ်ပင်၍ ရဟန္တာအဖြစ်သို့ ရောက်လေပြီဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဂါထာတို့ကို ဟောပြတော်မူသည်။

၁။ "ဟိရီနိသေဓော ပုရိသော၊ ကောစိလောကသ္မိံ ဝိဇ္ဇတိ။
ယောနိဒ္ဒံ အပ ဗောဓေတိ၊ အဿော ဘဒြောကသာမိဝ။

၂။ အဿော ယထာ ဘဒြော ကသာ နိဝိဋ္ဌော၊
အာတာပိနော သံဝေဂိနော ဘဝါထ။
သဒ္ဓါယ သီလေန စ ဝီရိယေနစ၊
သမာဓိနာ ဓမ္မဝိ နိစ္ဆယေနစ၊
သမ္ပန္နဝိဇ္ဇာစရဏာ ပတိဿတာ၊
ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ၊

၁။ ဘိက္ခဝေ - ရဟန်းတို့၊ ဘဒြော - အပြေးကောင်းသော၊ အဿော - မြင်းသည်၊ ကသံ - မိမိအပေါ်၌ ကျရောက်မည့် ကြိမ်လုံးကို၊ အပဟရတိက္ကဝ - အကျမခံ ဖယ်ရှားသကဲ့သို့၊ ဧဝံ - ဤအတူ၊ ယောပုရိသော အကြင်ပုဂ္ဂိုလ်သည်၊ ဟိရီနိသေဓော - မိမိကိုယ်တွင်း၌ ဖြစ်ပေါ်လာသော အကုသလ ဝိတက်ကို ဟိရီဖြင့် တားမြစ်၏။ အပ္ပမတ္တော - မမေ့မလျော့၊ သမဏဓမ္မံ - ရဟန်းတရားကို ကရောန္တော ပြုလျက်၊ နိဒ္ဒံ - အိပ်ပျော်ခြင်းကို၊ အပဗောဓေတိ - ဖယ်ရှားလျက် နိုးကြား၏။ ကောစိ - တစ်စုံတစ်ယောက်သော ပုရိသော - ထိုပုဂ္ဂိုလ်သည်၊ လောကသ္မိံ - လောက၌၊ ဝိဇ္ဇတိ - ရှိ၏။

(ဧဝမပိ - ဤသို့ရှိသော်လည်း သောပုဂ္ဂလော - ထိုပုဂ္ဂိုလ်သည် ဒုလ္လဘော - ရခဲ၏။ ရခဲသူဖြစ်၏)

၂။ ဘိက္ခဝေ ရဟန်းတို့ ဘဒြော - ကောင်းသော၊ အဿော - မြင်းသည် - ကသာယ ပဟဋ္ဌော

- ကြိမ်လုံးဖြင့် ပုတ်ခတ်အပ်သည်ဖြစ်၍၊ အာတပ္ပံ - လုံ့လကို၊ ကရောတိယထာ - ပြုသကဲ့သို့၊ ဧဝံ - ဤအတူ၊ တုမှေပိ၊ သင်တို့သည်လည်း၊ အာတာပိနော - ကိလေသာကို ပူပန်စေတတ် ခြောက်ခန်းစေတတ်သော ဝီရိယရှိကြကုန်သည်၊ သံဝေဂိနော - ထိတ်လန့်တတ်သော သံဝေဂရှိကုန်သည်၊ ဘဝါထ - ဘဝထ - ဖြစ်ကြကုန်လော့။

(ဘန္တာနုရက္ခဏာ အကျိုးငှာ ဘဝါထဟု ဒီဃ ပြုထားသည်) သဒ္ဓါယစ -လောကီလောကုတ္တရာ နှစ်ဖြာ ထင်ရှား သဒ္ဓါတရားနှင့်လည်းကောင်း၊ သီလေနစ - စတုပါရိသုဒ္ဓိ - သီလနှင့်လည်းကောင်း၊ ဝီရိယေနစ - ကိုယ်၌ဖြစ်သော ဝီရိယ၊ စိတ်၌ ဖြစ်သော ဝီရိယနှင့်လည်းကောင်း၊ သမာဓိနာစ -သမာပါတ် ရှစ်ပါးနှင့်ယှဉ်သော သမာဓိနှင့်လည်းကောင်း၊ ဓမ္မဝိနိစ္ဆယေနစ ဓမ္မကို ဟုတ်မဟုတ်အားဖြင့် ဆုံးဖြတ်တတ်သော အသိဉာဏ်နှင့်လည်းကောင်း သမန္နာဂတာ - ပြည့်စုံကြကုန်သည်။ သမ္ပန္နဝိဇ္ဇာစရဏာ - ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံကြကုန်သည်၊ ပတိဿတာ - အမြဲထင်သော သတိရှိကြကုန်သည်ဟု တွာ - ဖြစ်ကြကုန်၍ - ဝါ - ဖြစ်ကြကုန်သော်၊ အနပ္ပကံ - တစ်ပါးမက များလှကုန်သော၊ ဣဒံ ဒုက္ခံ - ဤဝဋ်ဆင်းရဲကို၊ ဇဟိဿထ - စွန့်နိုင် ကြကုန်လတ္တံ့။ (စွန့်နိုင်ကြလိမ့်မည်၊ စွန့်ကြကုန်လော့)

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ ရောက်ကြကုန်ပြီ

ပိဋကတ်သုံးပုံ ဝိနည်း မဟာဝဂ္ဂ ပါဠိတော် ပြီး၏။

## ၂၁။ သုခသာမဏေရဝတ္ထု
## သုခသာမဏေအကြောင်း

လွန်လေပြီးသောအခါ၌ ဗာရာဏသီသူဌေး၏ ဂန္ဓကုမာရ အမည်ရှိသော သားတစ်ယောက် ရှိလေ၏။

ဗာရာဏသီမင်းသည် ဂန္ဓကုမာရ၏ ဖခင်သူဌေးကွယ်လွန်လေသော် ဂန္ဓကုမာရကို ခေါ်စေ၍ သက်သာရာ ရစေကာ (အားပေးစကား ပြောကြားကာ) များစွာသော ပူဇော်ခြင်းဖြင့် ဂန္ဓကုမာရအား သူဌေးရာထူးကို ပေးထားလေပြီ။

ဂန္ဓကုမာရသည် ထိုအချိန်မှစ၍ ဂန္ဓသူဌေးဟု ထင်ရှားကျော်ကြားလေ၏။

ထိုအခါ ဂန္ဓသူဌေး၏ ဘဏ္ဍာစိုးသည် ဥစ္စာတိုက်ခန်းတံခါးကို ဖွင့်၍-

အရှင်သား ဤမျှလောက်သော ဥစ္စာသည် အရှင်သား၏ အဖဥစ္စာဖြစ်၏။ ဤမျှလောက်သော ဥစ္စာသည်အဖိုး စသူတို့၏ ဥစ္စာဖြစ်၏ ဟုပြောဆို၍ ထုတ်ပြလေ၏။

ဂန္ဓသူဌေးသည် ထိုဥစ္စာအစုကို ကြည့်ရှုပြီး

အသို့နည်း, မိဘဘိုးဘွားတို့သည် ဤဥစ္စာကို ယူ၍ မသွားကုန်ပြီလောဟု ပြော၏။

အရှင်သူဌေး ဥစ္စာကို ယူဆောင်၍ သွားသူတို့ဆိုသည်မှာ မရှိကြပါ။ မိမိပြုထားအပ်သော ကုသိုလ်၊ အကုသိုလ်ကိုသာ သတ္တဝါတို့ - ယူဆောင်သွားကြပါသည်ဟု ပြန်ပြော၏ = ဂန္ဓသူဌေးသည် ဤသို့စိတ်ကူးလေ၏။ မိဘဘိုးဘွားတို့သည် မသိနားမလည်ကြ၍ ဥစ္စာကို ကောင်းစွာ တည်စေ၍ ရှာဖွေစုဆောင်းပြီး စွန့်လွှတ်သွားကြသည်။ ငါသည်ကား ယူဆောင်၍သာ သွားမည်။

ဂန္ဓသူဌေးသည် ဤသို့ စဉ်းစားလျက် အလှူကိုသော်လည်း ပေးမည်။ ပူဇော်ခြင်းကိုမူလည်း ပြုမည် မကြံစည်ဘဲ ဤဥစ္စာအားလုံးကိုစား၍သာ သွားမည်ဟု ကြံစည်လေ၏။

ဂန္ဓေ သူဌေးသည် ငွေတစ်သိန်း အကုန်ခံ၍ ဖလ်ဖြင့် ပြီးသော ရေချိုးအိမ်ကို ပြုစေ၏။ ငွေတစ်သိန်း ပေး၍ ဖလ်ဖြင့် ပြီးသည်သာဖြစ်သော နင်း၍ ရေချိုးစရာ အင်ပျဉ် (ရေချိုးခုံ) ကိုပြုစေ၏။ ငွေတစ်သိန်းကို ပေး၍ ထိုင်စရာပလ္လင်ကို ပြုစေ၏။ ငွေတစ်သိန်းကို ပေး၍ ထမင်းစားခွက်ကိုပြုစေ၏။

ငွေတစ်သိန်းကိုပင် ပေး၍ ထမင်းစားမည့်နေရာ၌ မဏ္ဍပ်ကို ဆောက်စေ၏။ ငွေတစ်သိန်းကို ပေး၍ ထမင်းခွက်တင်ထားစရာ ဆန်းကြယ်စွာ ပြုအပ်သော ခုံနှင့် ငွေတစ်သိန်းဖြင့်ပင် နေအိမ်၌ ခြသေ့်ခံသော လေသာပြူတင်းကို တပ်ဆင်စေ၏။ မိမိ၏ နံနက်စာအတွက် ငွေတစ်ထောင်ကို ပေး၏။ ညနေစာအတွက်လည်း ငွေတစ်ထောင်ကိုပင်ပေး၏။ လပြည့်နေ့၌ကား စားရန်အတွက် ငွေတစ်သိန်း ကိုပေးစေ၏။ ထိုထမင်းကို စားမည့်နေ့၌ ငွေတစ်သိန်းကို စွန့်လွှတ်၍ မြို့ကို တန်ဆာဆင်ပြီး ဂန္ဓသူဌေး ၏ ထမင်းစားပုံကို လာကြည့်ကြပါကုန်ဟု စည်ကိုတီး၍ လှည့်လည်စေ၏။

များစွာသော လူအပေါင်းသည် ညောင်စောင်းအဆင့်ဆင့်ခင်း၍ စုဝေးလေ၏။

ဂန္ဓေသူဌေးသည်လည်း တန်ဖိုးတစ်သိန်းထိုက်သော ရေချိုးအိမ်တွင် တန်ဖိုးတစ်သိန်းထိုက်သော

ရေချိုးခုံ၌ ထိုင်၍ နံ့သာရေအိုးတစ်ဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုး၍ ခြုံသေ့ခံသော လေသာပြူတင်းကို ဖွင့်၍ တန်ဖိုးတစ်သိန်းထိုက်သော ပလ္လင်၌ ထိုင်လေ၏။

ထိုအခါ ဂန္ဓသူဌေး၏ တန်ဖိုးတစ်သိန်းထိုက်သော ထမင်းထည့်စရာ ခွက်ထားရာ ဆန်းကြယ်စွာ ပြုအပ်သော ခုံ၌ ထမင်းခွက်ကို ထား၍ တန်ဖိုးတစ်သိန်းထိုက်သော ဘောဇဉ်စားဖွယ်ကို ထည့်စေကုန်၏။ ဂန္ဓသူဌေးသည် ကချေသည် ဝန်းရံလျက် ဤသို့သဘောရှိသော ထိုဘောဇဉ်ကို သုံးဆောင်လေ၏။

အခါတစ်ပါး၌ ရွာနေ လူတစ်ယောက်သည် မိမိ၏ ရိက္ခာဝယ်ယူရန်အလို့ငှာ သစ်သားစသည်တို့ကို ယာဉ်၌ ထည့်၍ မြို့ပေါ်သို့သွားပြီး မိတ်ဆွေအိမ်၌နေလေ၏။ ထိုနေ့သည်ကား လပြည့်နေ့ဖြစ်၏။ ဂန္ဓသူဌေး၏ တင့်တယ်သော ထမင်းစားမှုကို လာကြည့်ပါဟု မြို့ပေါ်၌ စည်ကို တီး၍ လှည့်လည်စေ၏။ ထိုအခါ ရွာနေလူကို မြို့နေမိတ်ဆွေသည် မိတ်ဆွေ သင်သည် ဂန္ဓသူဌေး၏ ထမင်းစားမှု တင့်တယ်ပုံကို မြင်ဖူးသလောဟု မေး၏။

မိတ်ဆွေ ငါမမြင်ဘူးပါဟု ပြော၏။ မမြင်ဘူးလျှင် လာသွားကြစို့၊ မြို့ပေါ်၌ အကြောင်းကြားစည် လှည့်လည်နေသည်။ ဂန္ဓသူဌေး၏ ကြီးကျယ်သော စည်းစိမ်ကို ကြည့်ကြကုန်စို့ဟု ပြောကာ မြို့နေမိတ်ဆွေသည် ရွာနေမိတ်ဆွေကို ခေါ်၍ သွားလေ၏။ များစွာသော လူသည်လည်း အဆင့်ဆင့်သော ညောင်စောင်း၌ တက်၍ ကြည့်၏။ ရွာနေ မိတ်ဆွေသည် ဂန္ဓသူဌေး၏ ထမင်းနံ့ကို နမ်းရှူပြီးလျှင် မြို့နေမိတ်ဆွေကို -

ငါ့အား ထိုထမင်းခွက်ဝယ် ထမင်းခဲ၌ စားသောက်လိုခြင်းဖြစ်၏ ဟုပြော၏။

မိတ်ဆွေ ဂန္ဓသူဌေး၏ ထမင်းကို မတောင့်တပါနှင့် ရဖို့မလွယ်ပါ။

မိတ်ဆွေမရလျှင် ငါအသက်ရှင်မည် မဟုတ်ဟုပြော၏။

ရွာနေမိတ်ဆွေသည် ဂန္ဓသူဌေး၏ ထမင်းကို စားသောက်လိုမှုကို ဖယ်ရှားတားမြစ်ခြင်းငှာမတတ်နိုင် တော့၍ ပရိသတ်အစွန်၌ရပ်၍ -

အို . . . အရှင်သူဌေး၊ အရှင်သူဌေးအား ရှိခိုးပါ၏ဟု သုံးကြိမ်တိုင်အောင် ကျယ်စွာသောအသံကို ပြုလေသော် -

ဤသူသည် အဘယ်သူနည်းဟု ဆိုအပ်သော် အရှင်သူဌေး ကျွန်တော်ပါ (မြို့နေမိတ်ဆွေပါ)

ထိုအသံကား အဘယ်နည်းဟု မေး၏။

ရွာနေသူ လူတစ်ယောက်သည် အရှင်သူဌေးတို့၏ ထမင်းခွက်ဝယ် ထမင်းခဲ၌ မွတ်သိပ်ဆာလောင်မှုကို ဖြစ်စေသည်။ ထမင်းတစ်ခဲကို ပေးကြပါစေဟု တောင်းဆိုရာ မရနိုင်ဟုပြောဆိုပါသည်။

မိတ်ဆွေသင်သည် ရွာနေလူ ပြောစကားကို ကြားရသလော။

ကျွန်တော်ကြားရပါသည်။ စင်စင်သော်ကား ထမင်းခဲကိုရသော် ကျွန်တော်အသက်ရှင်ပါလိမ့်မည်။ မရခဲ့သော် ကျွန်တော်သေပါလိမ့်မည်ဟု ပြောဆိုပါသည်ဟု ပြောလေ၏။

မြို့နေမိတ်ဆွေသည် နောက်ထပ်လည်း အရှင်သူဌေး ဤသူသည် ထမင်းခဲကို မရသော် သေပါမည်တဲ့ ရွာနေလူအား သူ့အသက်ကို ပေးလိုက်ပါဟု ပြောလေ၏။

အို . . . မိတ်ဆွေ ကျွန်ုပ်၏ ထမင်းခဲဆိုသည်မှာ ငွေတစ်ရာလည်းထိုက်၏။ ငွေနှစ်ရာလည်း

ထိုက်၏။ တောင်းတိုင်း တောင်းတိုင်း သူ့အားပေးခဲ့သော် ကျွန်ုပ် ဘာကိုစားမည်နည်း။

အရှင်သူဌေး ဤရှာနေလူသည် ထမင်းခဲကို မရသော် သေပါလိမ့်မည်။ ထိုသူအား အသက်ကိုပေးလိုက်ပါ။

အချည်းနှီး (အလကား) ရရန် မတောင်းကောင်းသည်သာ၊ မရသော် အသက်ရှင်မည် မဟုတ်ခဲ့လျှင် ငါ၏ အိမ်၌ သုံးနှစ်ပတ်လုံး လက်ခစားအလုပ်ကို လုပ်ပါစေ။ ဤသို့ လုပ်နိုင်လျှင် ရှာနေလူအား ထမင်းခွက်ကို ငါပေးမည်ဟု ပြောလေ၏။

ရှာနေလူသည် ထိုစကားကို ကြားရသော် မိတ်ဆွေ ဤသို့ဖြစ်ပါစေ (ငါဖြစ်အောင်လုပ်မည်) ဟု မြို့နေ မိတ်ဆွေကို ပြောဆိုပြီး သားမယားကိုစွန့်ပစ်၍ ဂန္ဓသူဌေး၏ ထမင်းခွက်ကို ရရန် သုံးနှစ်ပတ်လုံး လက်ခစား အလုပ်လုပ်မည်ဟု သူဌေးအိမ်သို့ ဝင်လေ၏။

ရှာနေလူသည် လက်ခစားအလုပ်ကို ပြုလုပ်စဉ် ပြုဖွယ်အားလုံးကို ရိုရိုသေသေ ပြု၍ အိမ်၌သော်လည်းကောင်း၊ တော၌သော်လည်းကောင်း၊ ညအခါ၌သော်လည်းကောင်း၊ ပြုဖွယ်အားလုံးတို့သည် ပြုပြီးဖြစ်ကုန်၍သာ ထင်ရှားကုန်၏။ ဘတ္တပတိကော (ထမင်းအတွက် လက်ခစားလုပ်သူ) ဟုပြောလျှင် တစ်မြို့လုံး၌ သိပြီးထင်ရှား ပြီးဖြစ်၏။

ထမင်းအတွက် လက်ခစားလုပ်သူ၏ လုပ်ရက်ပြည့်လေသော် ဂန္ဓသူဌေး၏ ထမင်းအတွက် ဆောင်ရွက် သူက ဂန္ဓသူဌေးအား အရှင်သူဌေး ထမင်းအတွက် လက်ခစားလုပ်သူ၏ လုပ်ရက်ပြည့်ပါပြီ။ သုံးနှစ်ပတ်လုံး လက်ခစားအလုပ်ကို လုပ်သူထိုလူသည် ပြုခက်သည်ကို (ပင်ပင်ပန်းပန်း) ပြုအပ်ပါပြီ။ အလုပ်တစ်ခုကိုသော်လည်း မပျက်ဖူးပါဟု ပြောဆိုလေ၏။

ထိုအခါ ဝေယျာဝစ္စပြုသူအား သူဌေးသည် မိမိ၏ညနေစာနှင့် နံနက်စာအလို့ငှာ ငွေနှစ်ထောင်၊ လက်ခစားလုပ်သူ၏ နံနက်စာ အလို့ငှာ ငွေတစ်ထောင်အားဖြင့် ငွေသုံးထောင်ကို ပေးစေပြီး -

ယနေ့ ငါ့အားပြုရမည့် အဆောင်အယောင်ကို လက်ခစားလုပ်သူအားသာ ပြုကြဟု ပြောလေ၏။ ပြောဆိုပြီး စန္ဒာမဏိအမည်ရှိသော ချစ်ဇနီးတစ်ယောက်ကို ချန်လှပ်၍ ကျန်လူအားလုံးကိုလည်း ယနေ့လက်ခ စားလုပ်သူကိုသာ ခြံရံကြဟုပြောဆိုကာ စည်းစိမ်အားလုံးကို လက်ခစားလုပ်သူအား အပ်နှင်းလေ၏။

လက်ခစားလုပ်သူ ရှာနေလူသည် ဂန္ဓသူဌေး၏ ချီးရေဖြင့် သူဌေး၏ ရေချိုးအိမ်၌ပင် ထိုရေချိုးခုံ၌ ထိုင်လျက် ရေချိုးပြီး ဂန္ဓသူဌေး၏ အဝတ်အထည်တို့ကိုသာ ဝတ်၍ ဂန္ဓသူဌေးထိုင်ရာ ပလ္လင်၌ပင် ထိုင်နေလေ၏။

ဂန္ဓသူဌေးသည်လည်း ထမင်းအတွက် လက်ခစားလုပ်သူသည် ဂန္ဓသူဌေးအိမ်၌ သုံးနှစ်ပတ်လုံး လက်ခစား အလုပ်ကို လုပ်၍ ထမင်းခွက်ကို ရလေပြီ။ ထိုသူ၏ ထမင်းစား စည်းစိမ်ကို လာကြည့်ကြကုန်ဟု ဗာရာဏသီမြို့ စည်ကိုတီး၍ လှည့်လည်စေ၏။

များစွာသောလူသည် ညောင်းစောင်းအဆင့်ဆင့်၌ တက်၍ကြည့်နေ၏။ ရှာနေလူ၏ ကြည့်တိုင်း ကြည့်တိုင်းသော အရပ်သည် တုန်လှုပ်မည့်အချင်းအရာသို့ ရောက်လေ၏။

ကချေသည်အမျိုးသမီးတို့သည် ခြံရံ၍ ရပ်နေကုန်၏။ ရှာနေလူ၏ ရှေ့၌ ထမင်းခွက်ကို

ထမင်းထည့်၍ ထားကြကုန်ပြီ။ ထိုအခါ ရွာနေလူ၏ ထမင်းစားရန် လက်ဆေးနေချိန်၌ ဂန္ဓမာဒနတောင်၌ ပစ္စေကဗုဒ္ဓါတစ်ဆူသည် ခုနစ်ရက်မြောက်သောနေ့၌ နိရောဓသမာပတ်မှ ထပြီး ယနေ့ငါသည် အဘယ်အရပ်၌ ဆွမ်းခံရန် သွားရမည်နည်းဟု စူးစမ်းဆင်ခြင်လတ်သော် ထမင်းအတွက် လက်ခစားလုပ်သူ ရွာနေလူကို မြင်တော်မူပြီ။

ထိုသို့ မြင်ပြီးနောက် ပစ္စေက ဗုဒ္ဓါသည် ဤလူသည် သုံးနှစ်ပတ်လုံး လက်ခစားအလုပ်ကို လုပ်၍ ထမင်းခွက်ကိုရခဲ့ပြီ။ ဤလူအားသဒ္ဓါတရားရှိမည် လောမရှိမည်လော စူးစမ်းဆင်ခြင်ပြန်သော် သဒ္ဓါတရားရှိ၏ဟု သိပြီးလျှင် တစ်ချို့လူတို့သည် သဒ္ဓါတရားပင် ရှိသော်လည်း လှူဒါန်းချီးမြောက်မှုကို မပြုနိုင်ကြ။ ဤသူသည် ငါ့အား လှူဒါန်းချီးမြောက်မှုကို ပြုစွမ်းနိုင်မည်လော ဟု ဆင်ခြင်ပြန်သည်။ "ငါ့အား လှူဒါန်းချီးမြောက်နိုင်လိမ့် မည်။ လှူဒါန်းချီးမြောက်ခြင်းကို မှီရာ အကြောင်းပြု၍ ကြီးကျယ်သော စည်းစိမ်ကိုလည်း ရလိမ့်မည်ဟု သိပြီးသော် သက်န်းကို ရုံ သပိတ်ကို ပိုက်၍ ကောင်းကင်သို့ ပျံတက်ပြီး ပရိသတ်အလယ်အကြားဖြင့် သွား၍ လက်ခစားလုပ်သူ ရွာနေလူ၏ ရှေ့၌ရပ်လျက်သာ မိမိကိုယ်ကို ပြလေပြီ။

ထမင်းခွက်ရှင် ရွာနေလူသည် ပစ္စေက ဗုဒ္ဓါကို မြင်လေသော် ဤသို့စဉ်းစားလေပြီ။

ငါသည် ရှေးအတိတ်က မပေးလှူခဲ့ခြင်းကြောင့် ထမင်းတစ်ခွက်ရဖို့ရန် သုံးနှစ်ပတ်လုံး သူတစ်ပါးအိမ်၌ လက်ခစားအလုပ်ကို လုပ်ခဲ့ရလေပြီ။ ယခုအခါ ငါ၏ ဤထမင်းသည် ငါ့အားတစ်ည တစ်နေ့သာ စောင့်ရှောက်လေရာ၏။ အကယ်၍ ဤထမင်းခွက်ကို အရှင်မြတ်အားပေးလှူလျှင် များစွာသော ကမ္ဘာကုဋေအထောင်တို့ပတ်လုံး ငါ့အားစောင့်ရှောက်လိမ့်မည်။ ဤထမင်းခွက်ကို အရှင်မြတ်အားသာ ပေးလှူတော့မည်။

လက်ခစားအလုပ်ကို လုပ်သူ ထိုရွာနေလူသည် သုံးနှစ်ပတ်လုံး လက်ခစားအလုပ်ကို လုပ်၍ ရရှိအပ် သော ထမင်းခွက်မှ ထမင်းတစ်လုံးကို သော်လည်း ခံတွင်း၌ ထည့်မထားမူ၍ စားလိုသော တဏှာကို ပယ်ဖျောက် ၍ ကိုယ်တိုင်သာ ထမင်းခွက်ကို မြောက်ချီ၍ ပစ္စေက ဗုဒ္ဓါထံသွားပြီး ထမင်းခွက်ကို အခြားလူတစ်ယောက်၏ လက်၌ ခေတ္တပေးထားကာ ငါးမျိုးသော တည်ခြင်းရှိသော ရှိခိုးခြင်းဖြင့် ရှိခိုး၍ ထမင်းခွက်ကို လက်ဝဲလက်ဖြင့် ကိုင်၍ လက်ယာလက်ဖြင့် ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ ထမင်းကို လောင်းထည့်လေ၏။

ပစ္စေက ဗုဒ္ဓါသည် ထမင်းတစ်ဝက်ကျန်သောအခါ သပိတ်ကို လက်ဖြင့် ပိတ်လေပြီ။

ထိုအခါ ပစ္စေကဗုဒ္ဓါကို ထမင်းရှင်ရွာနေလူသည် အရှင်ဘုရား ထမင်းသည် တစ်ယောက်စာ သာဖြစ်ပါ၏။ နှစ်ယောက်စာ မခွဲနိုင်ပါ။ တပည့်တော်ကို ဤဘဝ ဤလောကဖြင့် ချီးမြောက်တော်မမူပါနှင့် တစ်ပါးလောကဖြင့် ချီးမြောက်တော်မူပါ။ အကြွင်းအကျန်မရှိသည်ကိုသာ ပြု၍ လှူပါမည်။ (ချန်မထားဘဲ အားလုံးကို လှူပါမည်) ဟု လျှောက်ထားလေ၏။

မှန်၏ မိမိအဖို့ အနည်းငယ်ကိုသော်လည်း မကြွင်းစေဘဲ ပေးလှူအပ်သောဒါနသည် နိရဝသေသဒါနမည်၏။ ထိုဒါနသည် ကြီးကျယ်သော အကျိုးရှိ၏။

လက်ခစားလုပ်သူ ရွာနေလူသည် အကြွင်းအကျန်မရှိအောင်ပြု၍ ထမင်းခွက်ရှိ ထမင်း

အားလုံးကို ပေးလှူပြီး တဖန်ရှိခိုးကာ ဤသို့လျှောက်ထားပြန်၏။ အရှင်မြတ်ဘုရား ထမင်းခွက်တစ်ခုကို မှီရာ အကြောင်းပြု၍ သုံးနှစ်ပတ်လုံး သူတစ်ပါးအိမ်၌ လက်ခစားအလုပ်ကို လုပ်ခဲ့သော တပည့်တော်သည် ဆင်းရဲကို တွေ့ရှိခံစား အပ်ခဲ့ပါပြီ။ ယခုအခါ တပည့်တော်အားဖြစ်ရာ ဖြစ်ရာဌာန၌ ချမ်းသာသည်သာ ဖြစ်ပါစေ။ အရှင်မြတ်တို့သည် သိမြင်အပ်သော တရား၏အဖို့ ရှိသူသာ ဖြစ်ရပါလို၏။

ပစ္စေကဗုဒ္ဓါသည် ဖြစ်လိုသည့်အတိုင်း ဖြစ်ပါစေ။

စိန္တာမဏိ ပတ္တမြားသည် လိုရာအားလုံးကို ပေးနိုင်သကဲ့သို့ သင်၏ စိတ်အကြံတို့သည် လပြည့်ဝန်းကဲ့သို့ ပြည့်စေကုန်သတည်း ဟု အနုမောဒနာပြုလိုသည်ဖြစ်၍ -

၁။ ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။
၂။ ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ" ဟု

မိန့်ဆိုတော်မူ၍ ဤလူအပေါင်းသည် ဂန္ဓမာဒနတောင် ရောက်သည်တိုင်အောင် ငါ့ကိုမြင်လျက်တည်နေစေသတည်းဟု အဓိဋ္ဌာန်၍ ကောင်းကင်ဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူလေသည်။

ဂါထာအနက်

၁။ တုယှံ - သင်၏၊ သဗ္ဗမေဝ - အလုံးစုံသာလျှင်ဖြစ်သော၊ ဣစ္ဆိတံ - အလိုရှိအပ်သော၊ ပတ္ထိတံ - တောင်းတအပ်သော။ (ဝရံ - ဆုသည်) သမိဇ္ဈတု - ပြည့်စေသတည်း။

ပန္နရသော - တစ်ဆယ့်ငါးရက်၌ ထွက်ပေါ်သော၊ စန္ဒော - လသည်၊ ပူရတိယထာ - ဝိုင်းဝိုင်းစက်စက် ပြည့်ဝသကဲ့သို့၊ တုံယှံ - သင်၏၊ သဗ္ဗေ - ခပ်သိမ်းကုန်သော၊ သင်္ကပ္ပါ - အကြံအစည်တို့သည်၊ ပူရေန္တု - ပြည့်စေကုန်သတည်း။

၂။ တုယှံ - သင်၏။ ဣစ္ဆိတံ - အလိုရှိအပ်သော၊ ပတ္ထိတံ - တောင်းတအပ်သော (ဝရံ - ဆုသည်)၊ ခိပ္ပမေဝ - မနှေးမကြာဆောလျင်စွာသာ၊ သမိဇ္ဈတု - ပြည့်စေသတည်း။

ဇောတိရသော - ဇောတိရသ အမည်ရှိသော မဏိပတ္တမြားကျောက်သည်၊ ပူရတိ ယထာ - ပြည့်သကဲ့သို့ တုယှံသင်၏။ သဗ္ဗေ - ခပ်သိမ်းကုန်သော၊ သင်္ကပ္ပါ - အကြံအစည်တို့သည်၊ ပူရေန္တု ပြည့်စေကုန်သတည်း။

များစွာသော လူသည်လည်း ပစ္စေက ဗုဒ္ဓါကို ကြည့်လျက်သော ရပ်နေလေ၏။

ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒနတောင်၌ သွား၍ လှူလိုက်သော ထိုဆွမ်းကို ပစ္စေက ဗုဒ္ဓါငါးရာတို့အား ခွဲဝေ၍ ပေးလေပြီ။ ပစ္စေက ဗုဒ္ဓါအားလုံးတို့သည် မိမိအား မျှလောက်ရုံဆွမ်းကို ယူကြကုန်၏။

အနည်းငယ်သော ဆွမ်းသည် ပစ္စေက ဗုဒ္ဓါငါးရာတို့အား အဘယ်သို့ ဘုဉ်းပေးလောက်မည်နည်းဟု မကြံဆသင့်။

မှန်၏။ အစိန္တေယျ - မကြံအပ်ရာ လေးမျိုးတို့ကို မြတ်စွာဘုရားဟောအပ်ကုန်၏။ ထိုလေးမျိုးတွင်

ဤသည်ကား ပစ္စေက ဗုဒ္ဓဝိသယ - ပစ္စေက ဗုဒ္ဓါတို့၏ အရာပေတည်း။

များစွာသော လူသည် ပစ္စေက ဗုဒ္ဓါတို့အား ဆွမ်းကို ခွဲဝေ၍ ပေးအပ်သည်ကို မြင်လေသော် ကောင်းချီးသံ အထောင်တို့ကို ဖြစ်စေ၏။ မိုးကြိုးအရာမက ကျသံကဲ့သို့ ဖြစ်လေ၏။

ဂန္ဓသူဌေးသည် ထိုအသံကိုကြား၍ ဤသို့ စဉ်းစားလေ၏။

ထမင်းအတွက် အခစားလုပ်သူ ရွာနေလူသည် ငါ၏ စည်းစိမ်ကို ခံယူနိုင်စွမ်းရှိမည်မထင်။ ထိုကြောင့် ဤလူအပေါင်းသည် ပျက်ရယ်ပြုလျက် စုဝေးကာ ဟစ်အော်၏။

ဂန္ဓသူဌေးသည် ထိုဖြစ်ပုံကို သိနိုင်ရန် လူတို့ကို စေလွှတ်လေ၏။

ထိုလူတို့သည်သွား၍ အို အရှင် စည်းစိမ်ခံယူသူတို့ မည်သည် ဤသို့ ဖြစ်ကုန်၏ဟု ပြောဆို၍ ထိုအကြောင်းကို ဂန္ဓသူဌေးအားပြောဆိုကြသည်။

ဂန္ဓသူဌေးသည် ထိုအကြောင်းကို ကြားရလျှင် ငါးမျိုးသော ပီတိဖြင့် တွေ့ထိအပ်သော ကိုယ်ရှိ၍ အံ့ဩ ဖွယ်ရှိပါပေစွ။ ထမင်းအတွက် လက်ခစားလုပ်သူ ထိုရွာနေလူသည် ပြုနိုင်ခက်သည်ကို ပြုအပ်ပါပေ၏။ ငါသည် ဤမျှလောက်သော ကာလပတ်လုံး ဤသို့ သဘောရှိသော စည်းစိမ်ရှိသူအဖြစ်၌ ရပ်တည်လျက် တစ်စုံတစ်ခုကို ပေးလှူရန် မစွမ်းနိုင်ခဲ့ပြီဟု စဉ်းစား၍ ရွာနေလူကို ခေါ်စေပြီး သင်သည် ဤမည်သော အလှူကို ပြုအပ်သည် မှန်သလောဟုမေး၍ အရှင်သူဌေး ဟုတ်မှန်ပါ၏ ဟု ပြောဆိုအပ်သော် ယခုငွေတစ်ထောင်ကို ယူ၍ သင်၏အလှူ၌ ငါ့အားလည်း အဖို့အစု ပေးပါဟုပြော၏။ ရွာနေလူသည် သူဌေးပြောသည့်အတိုင်း ပြုလေ၏။

ဂန္ဓသူဌေးသည်လည်း မိမိ၏ ပစ္စည်းအားလုံးကို တစ်ဝက်ခွဲ၍ ပေးလေ၏။

သမ္ပဒါလေးမျိုး

ဝတ္ထုသမ္ပဒါ၊

ပစ္စယသမ္ပဒါ၊

စေတနာသမ္ပဒါ၊

ဂုဏာတိရေက သမ္ပဒါ ဟူ၍ သမ္ပဒါအမည် လေးမျိုးဖြစ်ကုန်၏။

ထိုလေးမျိုးတို့တွင် နိရောဓ သမာပါတ် ဝင်စားခြင်းငှာ ထိုက်သော ရဟန္တာသော်လည်းကောင်း၊ အနာဂါမ်သော်လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်သည် ဝတ္ထုသမ္ပဒါမည်ကုန်၏။

လှူဒါန်းအပ်သော ပစ္စည်းတို့၏ တရားနှင့်အညီ ဖြစ်ပေါ် ရရှိထားခြင်းတို့သည် ပစ္စယသမ္ပဒါ မည်၏။

ပေးလှူသည်မှ ရှေး၌လည်းကောင်း၊ ပေးလှူဆဲကာလ၌လည်းကောင်း၊ ပေးလှူပြီးနောက် အဖို့၌ လည်းကောင်း၊ အချိန်ကာလ သုံးမျိုးတို့၌ စေတနာ၏ သောမနဿသဟဂုတ်ဉာဏ သမ္ပယုတ်အဖြစ် သည် စေတနာ သမ္ပဒါမည်၏။

အလှူခံပုဂ္ဂိုလ်၏ နိရောဓ သမာပါတ်မှ ထပြီး သူအဖြစ်သည် ဂုဏာတိရေက သမ္ပဒါမည်၏။

ထမင်းအတွက် လက်ခစားလုပ်သူ ဤရွာနေလူသည် အာသဝေါ ကုန်ပြီးသော ပစ္စေက

ဗုဒ္ဓါဟူသော အလှူခံပုဂ္ဂိုလ် -

လက်ခစားအလုပ်ကို လုပ်၍ ရအပ်သည်၏ အဖြစ်ဖြင့် တရားနှင့်အညီ ဖြစ်ပေါ် ရရှိသောပစ္စည်း။

ရှေ့အချိန်၊ ပေးလှူဆဲအချိန်၊ ပေးလှူပြီးနောက်အချိန်ဟူသော အချိန်သုံးခုတို့၌ စင်ကြယ်သော စေတနာ။

နိရောဓသမာပါတ်မှ ထပြီးကာစဖြစ်သော ပစ္စေကဗုဒ္ဓါဟူသော ဂုဏာတိရေကသမ္ပဒါ အားဖြင့် သမ္ပဒါလေးမျိုးလုံး ပြီးပြည့်စုံကုန်၏။

ဤသမ္ပဒါလေးမျိုးတို့၏ အာနုဘော်ကြောင့် မျက်မှောက်ဘဝ၌ပင် များစွာသော စည်းစိမ်ရှိသူအဖြစ်သို့ ရောက်ကြကုန်၏။

ထို့ကြောင့် ရွာနေလူသည် ဂန္ဓသူဌေးထံမှ စည်းစိမ်ကို ရရှိလေပြီ။

နောက်အဖို့ ဖြစ်သော အချိန်၌ ဗာရာဏသီမင်းသည်လည်း ဤရွာနေလူသည် ပြုအပ်သော အလုပ်ကိုကြား၍ ထိုလူကို ခေါ်စေပြီး ငွေတစ်ထောင်ကိုပေး၍ ကုသိုလ်အဖို့ကို ယူပြီး နှစ်သက် ဝမ်းသာစိတ်ရှိသဖြင့် များစွာသော စည်းစိမ်အစုကို ပေးပြီး သူဌေးရာထူးကိုပေးလေပြီ။ သူဌေး၏ အမည်ကို "ဘတ္တဘတိက" သူဌေးဟု ပြုလေပြီ။

ဘတ္တဘတိက သူဌေးသည် ဂန္ဓသူဌေးနှင့်အတူ အဖက်ဖြစ်၍ အတူစား၊ အတူသောက်လျက် အသက်ထက်ဆုံး တည်၍ လူ့ပြည်မှစုတေလေသော် နတ်ပြည်၌ ဖြစ်၍ ဘုရားနှစ်ဆူတို့၏ တစ်ခုသော ကြားကာလပတ်လုံး နတ်စည်းစိမ်ကို ခံစား၍ ဤမြတ်စွာဘုရားပွင့်တော်မူရာ အခါ၌ သာဝတ္ထိမြို့ဝယ် သာရိပုတ္တထေရ်၏ အလုပ်အကျွေး ဒကာအိမ်၌ ပဋိသန္ဓေကို ယူလေပြီ။

ထို့နောက် ထိုသူငယ်၏ မိခင်သည် ကိုယ်ဝန်အဆောင်အယောင်ရရှိပြီး နှစ်ရက်သုံးရက်လွန် ချိန်၌ -

ငါသည် ရဟန်းငါးရာတို့နှင့်အတူ သာရိပုတ္တထေရ်အား အရာမကသော အရသာရှိသော ဘောဇဉ်ကို ပေးလှူ၍ ဖန်ရေဆိုးသော အဝတ်ကို ဝတ်၍ ရွှေခွက်ကိုကိုင်ပြီး ရဟန်းတို့၏နေရာ အဆုံး၌ ထိုင်နေလျက် ရဟန်းတို့၏ စား၍ကျန်သော ဆွမ်းကို စားရလျှင် ကောင်းလေစွ ဟု ချင်ခြင်းတပ်သည်ဖြစ်၍ ချင်ခြင်းဖြစ်သည့် အတိုင်းသာပြု၍ ချင်ခြင်းကို ပယ်ဖျောက်လိုက်လေပြီ။

ထိုအမျိုးသမီးသည် ကျန်သော မင်္ဂလာတို့၌လည်း ထိုသို့သဘောရှိသည်သာဖြစ်သော အလှူဝတ္ထုကို ပေးလှူခဲ့၍ သားကိုဖွားမြင်ပြီး နာမဂ္ဂဟဏ မင်္ဂလာပြုရာနေ့၌ -

အရှင်ဘုရား တပည့်တော်မ၏ သားအား သိက္ခာပုဒ်တို့ကို ပေးတော်မူကြပါဟု သာရိပုတ္တ ထေရ်ကို လျှောက်ထားလေ၏။

သာရိပုတ္တထေရ်သည် သူငယ်၏အမည်ကား အဘယ်နည်းဟု မေးတော်မူသည်။

အရှင်ဘုရား တပည့်မ၏ သားငယ်၏ ပဋိသန္ဓေယူချိန်မှစ၍ ဤအိမ်၌တစ်ယောက်ယောက်၏ ဆင်းရဲမည်သည် မဖြစ်ဖူးပါ။

ထို့ကြောင့် တပည့်မ၏ သား၏ သုခကုမာရဟူသော အမည်ဖြစ်ပါလိမ့်မည်ဟု လျှောက်ထားအပ် လေသော် သူငယ်၏သုခကုမာရ ဟူသောအမည်ကိုယူ၍ သိက္ခာပုဒ်တို့ကို ပေးတော်မူသည်။

ထိုအခါ၌ သူငယ့်မိခင်၏ ငါသည် ငါ့သား၏ အလွှာသယအလိုဆန္ဒကို မဖျက်အံ့ဟူသော စိတ်ဖြစ်လေပြီ။

မိခင်ဖြစ်သူသည် သူငယ်၏ နားထွင်းမင်္ဂလာစသည်တို့၌လည်း ယခင်အတိုင်းသာ အလှူဝတ္ထုကို ပေးလှူလေ၏။

သုခသတိုးသားသည်လည်း ခုနစ်နှစ်ရှိရာ အချိန်၌ မိခင်ကျွန်တော်သည် သာရိပုတ္တထေရ်ထံ၌ ရှင်ပြုလိုပါသည်ဟုပြော၏။

မိခင်သည် ချစ်သားကောင်းပေစွ ငါသည် သား၏ အလိုဆန္ဒကိုမဖျက်အံ့ဟု ဆိုကာ သာရိပုတ္တထေရ်ကို ပင့်၍ ဆွမ်းကျွေးပြီး အရှင်ဘုရား တပည့်မ၏ သားသည် ရှင်အဖြစ်ကို အလိုရှိပါ၏။ တပည့်မသည် ဤသားကို ညနေချမ်းအချိန်၌ ကျောင်းသို့ ခေါ်ခဲ့ပါမည်ဟု လျှောက်ထားပြီး မထေရ်ကိုကျောင်းသို့ ပြန်ကြွစေကာ ဆွေမျိုးတို့ကို စုဝေးစေပြီး ကျွန်မ၏ သားအတွက် လူအဖြစ်ဖြင့် နေချိန်၌ ပြုဖွယ်ကိစ္စကို ယနေ့ပင် ပြုပါမည်ဟုပြောဆို၍ သားကို အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်၍ ကြီးကျယ်မြင့်မြတ်သော ကျက်သရေတင့်တယ်မှုဖြင့် ကျောင်းသို့ခေါ်ဆောင်၍ မထေရ်အား အပ်နှံလေ၏။

သာရိပုတ္တထေရ်သည်လည်း သုခသတို့သားကို အမောင်သုခ ရှင်အဖြစ်မည်သည်ပြုဖို့ ခက်သည် မွေ့လျော်ရန် စွမ်းနိုင်ပါမည်လောဟု မိန့်တော်မူလျှင် သုခသတို့သားက အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့၏ ဩဝါဒကို လိုက်နာပြုလုပ်ပါမည်ဟု လျှောက်ထားအပ်လေသော် ကမ္မဋ္ဌာန်းကိုပေး၍ ရှင်ပြုပေးလေပြီ။

သုခသာမဏေ၏ အမိအဖတို့သည်လည်း ရှင်အဖြစ်အား ပူဇော်ကြကာ ကျောင်းတွင်း၌ပင် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား သတရသဘောဇဉ်ကို (အရာမကသော အရသာရှိသော ဆွမ်းကို) ပေးလှူ၍ ညချမ်းအချိန်၌ မိမိတို့အိမ်သို့ ပြန်ကြကုန်၏။

ရှစ်ရက်မြောက်သောနေ့၌ သာရိပုတ္တထေရ်သည် ရွာတွင်းသို့ ရဟန်းသံဃာဆွမ်းခံဝင်လတ်သော် ကျောင်းအတွင်း၌ ပြုဖွယ်ကိစ္စကိုပြုပြီး သုခသာမဏေကို သပိတ်သင်္ကန်းကိုင်ယူစေကာ ရွာတွင်းသို့ ဆွမ်းခံဝင်လေ၏။

သာမဏေသည် လမ်းခရီးအကြား၌ ရေမြောင်းစသည်တို့ကို မြင်၍ ပဏ္ဍိတသာမဏေ မေးသကဲ့သို့ မေးလေ၏။

သာရိပုတ္တထေရ်သည်လည်း သုခသာမဏေအား ပဏ္ဍိတသာမဏေအား ဖြေဆိုခဲ့သည်နှင့်အတူ ဖြေဆိုလေ၏။

သုခသာမဏေသည် သာရိပုတ္တထေရ် ဖြေဆိုအပ်သော ထိုအကြောင်းတို့ကို ကြားရသော် -

အရှင်ဘုရား အရှင်ဘုရားတို့သည် မိမိ၏ သပိတ်သင်္ကန်းကို ကိုင်ယူကြပါလျှင် တပည့်တော် ကျောင်းသို့ ပြန်ပါမည်ဟု လျှောက်ထားလေသော် သာရိပုတ္တထေရ်သည် သာမဏေ၏ အလိုဆန္ဒကို မပျက်စေမူ၍ သာမဏေ ငါ၏သပိတ်သင်္ကန်းကို ပေးလော့ဟုဆိုကာ သပိတ်သင်္ကန်းကို ယူအပ်လေသော် မထေရ်ကို ရှိခိုး၍ ပြန်လှည့်စဉ် -

အရှင်ဘုရား တပည့်တော်အတွက် အာဟာရကို ဆောင်ယူခဲ့သော် သတရသဘောဇဉ်ကို

ဆောင်ယူခဲ့ပါဟု လျှောက်ထားလေ၏။

သတရသဘောဇဉ်ကို အဘယ်မှ ရမည်နည်းဟု မထေရ်က မိန့်အပ်သော် အရှင်ဘုရား၏ ကောင်းမှုဘုန်းကံဖြင့် မရခဲ့သော် တပည့်တော်၏ ကောင်းမှုဘုန်းကံဖြင့် ရပါလိမ့်မည်ဟု လျှောက်ထား လေ၏။

ထိုအခါ သာရိပုတ္တထေရ်သည် သုခသာမဏေ အား သံကောက် (သော့)ကို ပေးခဲ့ပြီး ရွာတွင်းသို့ ဆွမ်းခံဝင်လေ၏။

သုခသာမဏေသည်လည်း ကျောင်းသို့ ပြန်လာကာ သာရိပုတ္တထေရ်၏ နေရာတိုက်ခန်းကို ဖွင့်ဝင်ပြီး တံခါးပိတ်၍ မိမိ၏ကိုယ်ကာယ၌ အသိဉာဏ်ကို သက်ဝင်စေပြီး ထိုင်နေလေ၏။

သာမဏေ၏ ဂုဏ်အရှိန်ကြောင့် သိကြားမင်း၏နေရာသည် ပူနွေးသော အချင်းအရာကို ပြလေ၏။ သိကြားမင်းသည် ဤသည်ကား အဘယ်သို့နည်းဟု ကြည့်ရှုလေသော် သာမဏေကိုမြင်၍ သုခသာမဏေသည် မိမိ၏ ဥပဇ္ဈာယ် ဆရာအား သပိတ်သက်န်းကို ပေးခဲ့ပြီး၊ ရဟန်းတရားကို ပြုလုပ်အားထုတ်မည်အကြံဖြင့် ကျောင်းသို့ ပြန်ခဲ့လေ၏။ ငါသည် ထိုကျောင်း၌သွားရန် သင့်၏ဟု စိတ်ကူး၍ နတ်မင်းကြီးလေးပါးတို့ကို ခေါ်စေကာ အမောင်တို့သွားကြပါ။ ဇေတဝန်ကျောင်းအကွေ့၌ အသံဆိုးငှက်တို့ကို ပြေးကြစေဟု ပြောဆိုစေလွှတ်၏။

နတ်မင်းကြီးလေးဦးတို့သည် သိကြားမင်းအမိန့်အတိုင်းပြုကြပြီး၊ ကျောင်းတိုက်ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ယူကြကုန်၏။

လနတ်သား၊ နေနတ်သားတို့ကို မိမိ၏ ဗိမာန်တို့ကို ကိုင်ယူ၍ ရပ်နေကြဟု ခိုင်းစေလေ၏။ လနတ်သား၊ နေနတ်သား တို့လည်း ခိုင်းအပ်သည်ကို ပြုကြကုန်၏။

သိကြားမင်းကိုယ်တိုင်ကလည်း ဆွဲငင်စရာ ကြိုးတန်းထားရာ အရပ်၌ တံခါးကိုဝင်ရာအရပ်၌ အစောင့်အရှောက်ကို ယူလေ၏။ ကျောင်းသည် ငြိမ်သက်လျက် အသံဆိတ်နေလေ၏။ သာမဏေသည် တည်ကြည်သော စိတ်ဖြင့် ဝိပဿနာကို ပွားစေ၍ မဂ်ဖိုလ်သုံးခုတို့ကို ရောက်လေပြီ။

သာရိပုတ္တထေရ်သည် သာမဏေသည် သတရသဘောဇဉ်ကို ဆောင်ယူခဲ့ပါဟု လျှောက်ထား အပ်၏။ အဘယ်သူ၏ အိမ်၌ ရနိုင်မည်နည်းဟု ကြည့်ရှုလတ်သော် ကောင်းသော အဖွာသယ ဓာတ်ခံနှင့် ပြည့်စုံသော မိမိ၏ အလုပ်အကျွေးဒကာတစ်ဦးကို မြင်တော်မူ၍ ထိုဒကာအိမ်၌ ကြွသွား၍ -

အရှင်ဘုရား ယနေ့ဤအိမ်၌ ကြွလာတော်မူသော အရှင်မြတ်တို့သည် ကောင်းသည်ကို ပြုအပ်ပါ ပေ၏ဟု လျှောက်ထား၍ နှစ်သက်ဝမ်းသာစိတ်ရှိကုန်သော ထိုဒကာတို့သည် သပိတ်ကိုယူ၍ သီတင်းသုံး စေကာ ယာဂုခဲဖွယ်ကို ကပ်လှူ၍ ဆွမ်းဘုဉ်းပေးချိန်တိုင်အောင် တရားဟောရန် တောင်းပန်အပ်သည် ဖြစ်၍ အလုပ်အကျွေး ဒါယကာတို့အား သာရဏီယ ဓမ္မကထာကို (အသက်ထက်ဆုံး အမှတ်ရထိုက် မမေ့ထိုက်သော တရားစကားကို) ဟောတော်မူ၍ အချိန်အခါကို မှတ်သား၍ ဟောပြောမှုကို အပြီးသတ် တော်မူသည်။

ထိုအခါ သာရိပုတ္တထေရ်အား သတရသဘောဇဉ်ကို ကပ်လှူ၍ ထိုဘောဇဉ်ကို ခံယူကာ ပြန်ကြွ လိုသော သာရိပုတ္တထေရ်ကို မြင်ကြ၍ အရှင်ဘုရား ဘုဉ်းပေးတော်မူပါ။ အရှင်ဘုရားအား နောက်ထပ်

လည်း ကပ်လှူကြပါမည်ဟု လျှောက်ထား၍ မထေရ်ကို ဆွမ်းကပ်လှူပြီးနောက်ထပ် သပိတ်အပြည့် ဘောဇဉ်ကို ကပ်လှူကြကုန်၏။

သာရိပုတ္တထေရ်သည် ထိုဘောဇဉ်ကိုယူ၍ ငါ၏သာမဏေသည် ဆွမ်းဆာလေပြီဟု အဆောတလျှင် ကျောင်းသို့ ပြန်ကြွလာတော်မူပြီ။

ထိုနေ့၌ မြတ်စွာဘုရားသည် စောစော၌ပင် ဂန္ဓကုဋိ၌ ထိုင်လျက်သာ ဆင်ခြင်တော်မူပြီ

ယနေ့ သုခသာမဏေသည် ဥပဇ္ဈာယ် ဆရာအား သပိတ်သက်န်းကို ပေးခဲ့ပြီး ရဟန်းတရားကို ပြုလုပ် အားထုတ်မည်ဟု ပြန်လာခဲ့သည်။ ထိုသာမဏေ၏ ပြုဖွယ်ကိစ္စသည် ပြည့်စုံမည်လောဆင်ခြင်လေသော် သာမဏေသည် မဂ်ဖိုလ်သုံးခုတို့ကိုသာ ရောက်ပြီးဖြစ်သည်ကို မြင်၍ ထို့ထက်အလွန်ကိုလည်း စူးစမ်းဆင်ခြင်ပြန်သော် -

ဤသာမဏေသည် ယနေ့အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ စွမ်းနိုင်သူဖြစ်၏။ သာရိပုတ္တထေရ်သည်ကား ငါ၏ သာမဏေသည် ဆွမ်းဆာလေပြီဟူသော အကြံဖြင့် လျင်မြန်စွာ ဆွမ်းကိုယူ၍ ထွက်လာ၏။ ဤသာမဏေ အရဟတ္တဖိုလ်မရောက်မီ ဆွမ်းကိုဆောင်ခဲ့လျှင် (သာမဏေအား ဆွမ်းကိုပေးခဲ့လျှင်) ဤသာမဏေ၏အဖို့ အန္တရာယ်ဖြစ်တော့မည်။ ငါဘုရားသည် ကြွသွား၍ တံခါးမုခ်၌ အစောင့်အရှောက်ကို ယူသင့်သည်ဟု ဆင်ခြင်တော်မူ၍ ဂန္ဓကုဋိမှ ထွက်ကြွလာပြီး တံခါးမုခ်၌ ရပ်တော်မူကာ အစောင့်ရှောက်ကို ယူလေပြီ။

သာရိပုတ္တထေရ်သည်လည်း ဆွမ်းကို ဆောင်လာလေပြီ။ ထိုအခါ သာရိပုတ္တထေရ်ကို မြတ်စွာဘုရားသည် အောက်ဖြစ်သော ပဏ္ဍိတ သာမဏေဝတ္ထု၌ ဆိုအပ်ခဲ့သော နည်းဖြင့်ပင် လေးရပ်သော အမေးတို့ကို မေးတော်မူပြီ။ အမေးအဖြေပြီးဆုံးချိန်၌ သုခသာမဏေသည် အရဟတ္တဖိုလ်သို့ ရောက်လေပြီ။

မြတ်စွာဘုရားသည် သာရိပုတ္တထေရ်ကို မိန့်ခေါ်ကာ သာရိပုတ္တထေရ်သွားပေတော့ သင့်သာမဏေအား ဆွမ်းကို ပေးချေလော့ဟု မိန့်တော်မူ၏။ သာရိပုတ္တထေရ်သည် ကြွသွား၍ တံခါးကို ခေါက်လေ၏။ သာမဏေသည်လည်း ကျောင်းမှထွက်ခဲ့ပြီး ဥပဇ္ဈာယ်ဆရာအား ဝတ်ပြု၍ ဆွမ်းကိစ္စကို ပြုပေတော့ဟု ဥပဇ္ဈာယ်ဆရာက မိန့်အပ်သော် သာရိပုတ္တထေရ်၏ ဆွမ်းဖြင့် အလိုမရှိတော့ကြောင်းကို သိ၍ အသက်ခုနစ်နှစ်ရှိသော သာမဏေသည် ထိုခဏ၌သာ အရဟတ္တဖိုလ်သို့ ရောက်လျက် နိမ့်သော နေရာ၌ ဆင်ခြင်ကာ ဆွမ်းကိစ္စကိုပြု၍ သပိတ်ကို ဆေးလေ၏။ ထိုအချိန်၌ နတ်မင်းကြီးလေးဦးတို့သည် အစောင့်အရှောက်ကို စွန့်လွှတ်ကြပြီး လနတ်သား၊ နေနတ်သားတို့လည်း ဗိမာန်တို့ကို လက်မှလွှတ်လိုက်ကြပြီ သိကြားမင်းသည်လည်း ကျောင်းတွင်းဝင်ရာအရပ်၌ အစောင့်အရှောက်ကို လွှတ်လိုက်ပြီ။ နေမင်းသည် ကောင်းကင်အလယ်အရပ်ကို ကျော်လွန်၍သာ ထင်ရှားတည်လေပြီ။ ရဟန်းတို့သည် ညနေချိန်သည် ထင်ရှားနေ၏။ သုခသာမဏေသည်လည်း ယခုပင် ဆွမ်း ကိစ္စကိုပြုအပ်ပြီ။ အသို့နည်း ယနေ့ နံနက်ပိုင်း အချိန်အားကောင်း၍ ညနေပိုင်းအချိန်အားနည်းလေသလောဟု ဆိုကြကုန်၏။

(နံနက်ပိုင်းအချိန်ရှည်ကြာပြီး ညနေပိုင်းအချိန်တိုသည်ဟု ဆိုလိုသည်)

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ အညီအညွတ် စည်းဝေးပြောဆိုကြောင်းစကားကို

မေးတော်မူလေသော်-

မြတ်စွာဘုရားယနေ့ နံနက်ပိုင်း အချိန်သည် အားကောင်းပါသည်။ ညနေပိုင်းအချိန်သည် အားနည်းပါသည် သာမဏေသည်လည်း ယခုပင်ဆွမ်းကိစ္စကို ပြုအပ်ပါပြီ။ ထိုသို့ဖြစ်လျက် နေမင်းသည် ကောင်းကင်အလယ်ကို ကျော်လွန်လျက်သာ ထင်ရှားတည်နေပါသည်ဟု လျှောက်ထားအပ်လေသော် -

ရဟန်းတို့ ကောင်းမှုရှင်ဘုန်းကံရှိသူတို့၏ ရဟန်းတရားကို အားထုတ်ရာ အချိန်၌ ဤသို့ပင်ဖြစ်တော့သည်။

မှန်၏။ ယနေ့နတ်မင်းကြီးလေးဦးတို့သည် ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ယူကြပြီ။ လနတ်သား၊ နေနတ်သားတို့သည် ဗိမာန်တို့ကို ကိုင်၍ ရပ်နေကြသည်။ သိကြားမင်းသည် ကျောင်းတွင်းဝင်ရာ အရပ်၌ အစောင့်အရှောက်ကို ယူထားပြီ။ ငါဘုရားသည်လည်း တံခါးမုခ်၌ အစောင့်အရှောက်ကို ယူခဲ့ပြီ။

ယနေ့သုခသာမဏေသည် ရေမြောင်းဖြင့် ရေကို ယူဆောင်သူတို့ကို မြားကိုဖြောင့်အောင်ပြုနေသော လေးသမားတို့ကို လှည်းဘီးစက် စသည်တို့ကို ပြုနေသော သစ်ရွေသမား၊ လက်သမားတို့ကို တွေ့မြင်ရ၍ မိမိကိုယ်ကို ဆုံးမပြီး၊ အရဟတ္တဖိုလ်သို့ ရောက်လေပြီဟူ မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

“ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ သုဗ္ဗတာ”

နေတ္တိကာ- ရေဆောင်လုပ်အား လယ်သမားတို့သည်၊ ဥဒကံ - ရေကို၊ နမယန္တိ - ရေမြောင်းစသည်ဖြင့် လိုအပ်သော အရပ်သို့ ဆောင်ယူကြကုန်၏။ ဥသုကာရော - မြားပစ်သမား၊ လေးသမားတို့သည်၊ တေဇနံ - မြားကို၊ နမယန္တိ - မီး၌ကင်ကာ ဖြောင့်အောင်ပြုကြကုန်၏။ တစ္ဆကာ - သစ်ရွေသမားတို့သည်၊ ဒါရုံ - အကောက်တစ်မျိုး အဖုတစ်မျိုး၊ အမျိုးမျိုးအစားစား သစ်သားကို၊ နမယန္တိ - အလိုအားလျော်စွာ ကောက်သည်ကို အဖြောင့်၊ အဖြောင့်ကို အကောက်၊ အဖုကိုဖျောက်လိုရာရောက်အောင် ပြုကြကုန်၏။ သုဗ္ဗတာ - ဆုံးမ လွယ်သူတို့သည်၊ အတ္တာနံ - မိမိကိုယ်ကို၊ ဒမယန္တိ - ယဉ်ကျေးမှုစခန်း အရဟတ္တဖိုလ် မြန်းသည်တိုင်အောင် ရှင်လန်းစွာ အသုံးပြုကာ ဆုံးမကြလေကုန်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာ သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**သုခသာမဏေရဝတ္ထု ပြီး၏။**

## ၁၁။ ဇရာဝဂ်

### ၂၂။ သမ္မဟုလအာဝိမာနိကဘိက္ခုဝတ္ထု

### မိမိကိုယ်ကို ရဟန္တာဖြစ်ပြီဟု ထင်မှတ်ကြသော ရဟန်းများအကြောင်း

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းကို သင်ယူ၍ တောအရပ်သို့ ဝင်ကြကာ လုံ့လကြီးကုတ်အားထုတ်ကြသဖြင့် ဈာန်တရားကို ဖြစ်စေကြပြီးသော် (ဈာန်ကို ရကြပြီးသော်) ကိလေသာတို့ ဖြစ်ပေါ်မလာခြင်း (ဝါ) ဖြစ်ပေါ်မလာသောကြောင့် ငါတို့၏ ရဟန်းကိစ္စ ပြီးဆုံးပြီ မိမိရအပ်သော ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားအား လျှောက်ထားကြစို့ဟု တိုင်ပင်ကြကာ မြတ်စွာဘုရားထံ လာကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့ တံခါးမုခ် ပြင်ပသို့ ရောက်ရာအချိန်၌ပင် အာနန္ဒာထေရ်ကို-

အာနန္ဒာ ထိုရဟန်းတို့ ဝင်ရောက်၍ ဖူးမြင်အပ်သော ငါဘုရားသည် ပြုဖွယ်မရှိ အစိမ်းကောင်မြှုပ်ရာ သုသာန်သို့သွား၍ ထိုသုသာန်မှလာ၍ ငါဘုရားကို ဖူးမြင်ကြစေဟု မိန့်တော်မူ၏။

အာနန္ဒာထေရ်သည် သွား၍ ထိုရဟန်းတို့အား မြတ်စွာဘုရား မိန့်တော်မူသော အကြောင်းကို ပြောကြားလေ၏။

ရဟန်းငါးရာတို့သည် ငါတို့အား အစိမ်းကောင်မြှုပ်နှံရာ သုသာန်ဖြင့် ဘာလုပ်မည်နည်းဟု မပြောကြဘဲ အရှည်ကို မြင်တော်မူတတ်သော မြတ်စွာဘုရားသည် အကြောင်းကို မြင်အပ်သည် ဖြစ်လိမ့်မည်ဟု အစိမ်းကောင်မြှုပ်နှံရာ သုသာန်သို့ သွား၍ ထိုသုသာန်၌ အလောင်းကောင်တို့ကို မြင်ကြကုန်၍ တစ်ရက်နှစ်ရက် ကြာပစ်ချထားအပ်သောအလောင်းကောင်တို့၌ စိတ်မသက်မသာ ဒေါမနဿဝေဒနာကိုရ၍ ထိုခဏ၌ ပစ်ချထားအပ်ကုန်သော ရွှန်းစိုသော ကိုယ်ရှိသူ အလောင်းကောင်တို့၌ တပ်မက်မှု ရာဂကို ဖြစ်စေကြကုန်၏။ ထိုခဏ၌ ထိုရဟန်းတို့သည် မိမိ၏ကိလေသာရှိသူ အဖြစ်ကို သိကြကုန်ပြီ မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်တော်၌ ထိုင်တော်မူလျက်သာ အရောင်အလင်းကို ဖြန့်၍ ထိုရဟန်းတို့၏ ရှေးရှုမျက်မှောက်၌ ဟောပြနေတော်မူသကဲ့သို့ -

ရဟန်းတို့ သင်တို့အား ဤသို့သဘောရှိသော အရိုးစုကို မြင်၍ ရာဂဖြင့် မွေ့လျော်ခြင်းကို ဖြစ်စေရန် မသင့်လျော်သည်မဟုတ် ပါလောဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကိုဟော တော်မူပြီ -

"ယာနိမာနိ အပတ္ထာနိ၊ အလာဗူနေဝ သာရဒေ။
ကာပေါ တကာနိ၊ အဋ္ဌိနိ၊ တာနိ ဒိသွာန ကာရတိ"

ဘိက္ခဝေ - ရဟန်းတို့၊ သာရဒေ - တန်ဆောင်မုန်းလအချိန်၌၊ အလာဗူနိက္ခ ဝ - လေနေပူတို့

နှိပ်စက်အပ်ကုန်သည် ဖြစ်၍ ထိုထိုအရပ်၌ ဖရိုဖရဲကြဲလျက်ရှိကုန်သော ဗူးသီးတို့ကဲ့သို့၊ အပတ္ထာနိ - စွန့်ပစ်ထားအပ်ကုန်သော၊ ကာပေါတကာနိ - ခိုအဆင်းနှင့်တူသော အဆင်းရှိကုန်သော၊ ယာနိမာနိ- ယာနိဣမာနိ - အဋ္ဌိနိ - အကြင်အရိုးတို့သည်၊ အတ္ထိ - ရှိကုန်၏။ တာနိ - ထိုအရိုးတို့ကို ၊ ဒိသွာန - မြင်ကုန်၍ (ဝါ) မြင်ကုန်သောကြောင့်၊ ရတိ - ကာမရတိသည် (ဝါ) ကာမရာဂ၏ မွေ့လျော်မှုသည်၊ ကာ - အဘယ်မှာနည်း။ ဝါ - ကာ - ယုတ်မာပေစွ၊

(အပ္ပမတ္တကမ္ပိ - အနည်းငယ်မျှလည်း ဖြစ်သော၊ ကာမရတိံ - ကာမရတိကို၊ ကာတုံ - ပြုခြင်းငှာ၊ နနု - စင်စစ်၊ နဝဋ္ဋတိယေဝ မသင့်တော်သည်သာတည်း။)

ဒေသနာတော်အဆုံး၌ ထိုရဟန်းငါးရာတို့သည် ရပ်တည်ကုန်လျက်သာ အရဟတ္တဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားကို လွန်စွာချီးမွမ်းကြကုန်လျက် လာရောက်ရှိခိုးကြကုန်ပြီ။

**သမ္ဗဟုလအဓိမာနိကဘိက္ခုဝတ္ထု ပြီး၏။**

## ၂၃။ လာဠုဒါယိတ္ထေရဝတ္ထု
## လာဠုဒါယိထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လာဠုဒါယိထေရ်သည် မင်္ဂလာပြု ကုန်သူတို့၏ အိမ်သို့သွား၍ တိရောကုဋ္ဋေသုတိဋ္ဌန္တိ = နံရံတစ်ဖက်တို့၌ တည်ကုန်၏အစရှိသော နည်းဖြင့် အဝမင်္ဂလာကိုဟောပြော၏။

အဝမင်္ဂလာပြုသူတို့ အိမ်သို့သွား၍ တိရောကုဋ္ဋစသည်တို့ကို ဟောသင့်ရာ၌ "ဒါနဉ္စဓမ္မစရိယာစ" အစရှိသော်နည်းဖြင့် မင်္ဂလာဂါထာတို့ကိုလည်းကောင်း၊

"ယံကိဉ္စိဝိတ္တံ ဣဓဝါ ဟုရံဝါ " အစရှိသော ရတနာသုတ်ကို သော်လည်းကောင်း ဟောလေ၏။

ဤသို့လျှင် ထိုထိုနေရာတို့၌ ငါတစ်မျိုးပြောမည်ဟုကြံကာ တစ်မျိုးကို ပြောသော်လည်း ငါတစ်မျိုးကို ပြောနေ၏ဟု မသိချေ။

ရဟန်းတို့သည် လာဠုဒါယိ၏ ဟောစကားကို ကြားကြ၍ မြတ်စွာဘုရားအား -

မြတ်စွာဘုရား လာဠုဒါယိ၏ မင်္ဂလာပြုရာဌာန၊ အမင်္ဂလာပြုရာဌာနတို့၌ သွားခြင်းဖြင့် အဘယ်အကျိုးရှိပါမည်နည်း။ တရားတစ်မျိုးကို ပြောဆိုသင့်သော် အခြားတရားတစ်မျိုးကိုသာ ပြောဆိုပါသည်ဘုရားဟု လျှောက်ထားကြလေ၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ဥဒါယိသည် ယခုအခါ၌သာ သင်တို့ပြောသလို ပြောသည်မဟုတ် ရှေးအခါ၌လည်း၊ အခြားစကားတစ်မျိုးကိုပြောဆိုသင့်သော် ပြောဆိုသင့်သည်မှ တစ်ခြားဖြစ်သော စကားကိုသာ ပြောဆိုခဲ့လေပြီဟု မိန့်တော်မူကာ အတိတ်ဖြစ်ရပ် အတ္ထုပ္ပတ်ကို ဆောင်ပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ အဂ္ဂိဒတ္တအမည်ရှိသော ပုဏ္ဏား၏သားဖြစ်သူ သောမဒတ္တသည် ဗာရာဏသီမင်းကို ဆည်းကပ်ပြုစုလေ၏။

သောမဒတ္တသည် ဗာရာဏသီမင်း၏ ချစ်အပ်သူ၊ နှလုံးကို ပွားစေတတ်သူဖြစ်၏။

ဖခင်အဂ္ဂိဒတ္တပုဏ္ဏားသည်ကား လယ်လုပ်ငန်းကို အမှီပြု၍ အသက်မွေးသူဖြစ်၏။ အဂ္ဂိဒတ္တ ပုဏ္ဏား၏ နွားတို့သည် နှစ်ကောင်တို့သာ ဖြစ်ကုန်၏။

ထိုနွားတို့တွင် နွားတစ်ကောင်သည် သေသွား၏။ ပုဏ္ဏားသည် သားဖြစ်သူကို ချစ်သား သောမဒတ္တ ငါ့အဖို့ မင်းကြီးထံ နွားတစ်ကောင်ကိုတောင်း၍ ယူခဲ့ပါဟုပြော၏။

သောမဒတ္တသည် ငါသည်အကယ်၍ မင်းကြီးကို တောင်းဆိုအံ့။ ငါ၏ မလေးစားသူ ပေါ့ဆသူ အဖြစ် ထင်ရှားလိမ့်မည်ဟု ဆင်ခြင်စဉ်းစား၍ ဖခင်တို့သာ မင်းကြီးကို တောင်းကြပါဟု ပြောလေသော် ချစ်သား ငါကိုယ်တိုင် တောင်းရမည်ဖြစ်လျှင် ငါ့ကိုခေါ်၍ မင်းကြီးထံသွားပါဟု ပြောဆိုလေသော် သားသောမဒတ္တသည် -

ငါ၏ဖခင် ဤပုဏ္ဏားသည် နုန့်နှေးသော ပညာရှိသူဖြစ်၏။ ရှေ့တိုးပါ အစရှိသော စကားမျှကို သော်လည်းမသိ၊ စကားတစ်မျိုးကိုပြောဆိုသင့်သော် ပြောဆိုသင့်သော စကားမှ တစ်မျိုးတစ်ခြားဖြစ်သော

စကားကိုသာ ပြောဆိုသည်။ သို့သော်လည်း ဖခင်ပုဏ္ဏားကို မင်းကြီးထံခေါ်သွားမည်ဟု ကြံစည်လေ၏။

သောမဒတ္တသည် ဖခင်အဂ္ဂိဒတ္တကိုခေါ်၍ ဗီရဏတ္ထမ္ဘက အမည်ရှိသော သုသာန်သို့သွား၍ မြက်ပင်တို့ကို စည်းထုံး၍ ဤမြက်ထုံးသည် မင်းကြီး၊ ဤမြက်ထုံးသည် အိမ်ရှေ့မင်း ဤမြက်ထုံးသည် စစ်သူကြီးဟု အမည်တို့ကို အမှတ်အသားပြု၍ အစဉ်အားဖြင့် ဖခင်အား ပြောပြ၍ ဖခင်တို့သည် မင်းနန်းတော်သို့သွားလျှင် ဤသို့ရှေ့တိုးသွားရမည်၊ ဤသို့ နောက်ဆုတ်ရမည်၊ ဤသို့မင်းကြီးကို ပြောရမည်။ ဤသို့ အိမ်ရှေ့မင်းကိုပြောရမည်။ မင်းကြီးထံချဉ်းကပ်၍ မြတ်သောမင်းကြီး အရှင်မင်းကြီးသည် ရန်အပေါင်းကို အောင်မြင်သူဖြစ်ပါစေဟု ရွတ်ဆို၍ ဤသို့ရပ်ပြီး ဤဂါထာကို ရွတ်ဆို၍ နွားကို တောင်းပါဟု သင်ပေးပြီး ဂါထာကို သင်ယူစေ၏။

"ဒွေ မေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကသာ မသေ။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဒေဟိ ခတ္တိယ"

မဟာရာဇ - မင်းမြတ်၊ မယံ - ကျွန်တော်မျိုးတို့သည်၊ ယေဟိ - အကြင်နွားတို့ဖြင့်၊ ခေတ္တံ - လယ်မြေ ကို၊ ကသာ မသေ - ထွန်ကြပါကုန်၏။ မေ- ကျွန်တော်မျိုး၏၊ တေ - ဂေါဏာ - ထိုနွားတို့သည် ဒွေ = နှစ်ကောင်တို့ပါတည်း။

တနည်း။

မဟာရာဇ - မင်းမြတ်၊ မေ - ကျွန်တော်မျိုး၏၊ ဂေါဏာ - နွားတို့သည်၊ ဒွေ - နှစ်ကောင် တို့ပါတည်း။

ယေဟိ - ယင်းနွားတို့ဖြင့် မယံ - ကျွန်တော်မျိုးတို့သည် ခေတ္တံ - လယ်မြေကို၊ ကသာမသေ - ထွန်ကြပါကုန်၏။

ဒေဝ - အရှင်မင်းမြတ်၊ မေ - ကျွန်တော်မျိုး၏၊ တေသု - ထိုနွားနှစ်ကောင်တို့တွင်၊ ဧကော - နွားတစ်ကောင်သည်၊ မတော - သေပါပြီ။

ခတ္တိယ - ရေမြေကိုအစိုးရသော မင်းမြတ်၊ မေ - ကျွန်တော်အား၊ ဒုတိယံ - နှစ်ကောင် မြောက်နွားကို ၊ (ဝါ) အဖော်နွားကို၊ ဒေဟိ - ပေးတော်မူပါ။

ထိုပုဏ္ဏားသည် တစ်နှစ်ကာလအချိန်မျှဖြင့် ထိုဂါထာကို အလေ့အလာပြု၍ လေ့လာပြီးဖြစ် ကြောင်းကို သားသောမဒတ္တအား ပြောလေလျှင် -

အို - ဖခင် ဂါထာကို လေ့လာပြီးဖြစ်လျှင် လက်ဆောင်တစ်စုံတစ်ခုကို ယူ၍ လာခဲ့ပါ။ ကျွန်တော် ရှေးဦးစွာ သွားနှင့်ပြီး ဗာရာဏသီမင်း၏အနီး၌ နေပါမည်ဟု သားသောမဒတ္တက ပြောဆိုအပ်သော် -

ချစ်သား ကောင်းပြီဟု ပြောဆိုပြီး လက်ဆောင်ကိုယူ၍ မင်း၏အနီး၌ သား သောမဒတ္တနေမိရာ အချိန်၌ စွမ်းအားထုတ်ပြီး၊ မင်းနန်းတော်သို့သွား၍ မင်းသည် နှစ်သက်သော စိတ်ဖြင့် တုံ့ပြန်ဝမ်းမြောက်မှု ကို ပြုလျက် အို - ဖခင်စင်စစ် အလွန်ကြာမြင့်စွာလာကြပါသည်။ (မလာသည်မှာ ကြာပြီ အချိန်ကြာမှ လာသည်) ဤနေရာ၌ ထိုင်၍ အလိုရှိရာကို ပြောပါဟု ပြောဆိုအပ်သော် ဤဆိုလတ္တံ့သော ဂါထာကို

ရွတ်ဆိုလေ၏။

"ဒွေ မေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကသာမသေ။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဂဏှ ခတ္တိယ"

မဟာရာဇ - မင်းမြတ်၊ မေ - ကျွန်ုပ်၏၊ ဒွေ = နှစ်ကောင်ကုန်သော၊ ဂေါဏာ - နွားတို့သည်၊ သန္တိ - ရှိကုန်၏၊ မယံ - ကျွန်ုပ်တို့သည် ယေဟိ - ယင်းနွားတို့ဖြင့်၊ ခေတ္တံ - လယ်မြေကို ကသာ မသေ - ထွန်ယက် ကြကုန်၏။ ဒေဝ - အရှင်မင်းကြီး၊ တေသု - ထိုနွားတို့တွင်၊ ဧကော - နွားတစ်ကောင်သည်၊ မတော - သေပါပြီ၊ ခတ္တိယ - ရေမြေကိုအစိုးရသော မင်းမြတ်၊ ဒုတိယံ - အဖော်ဖြစ်သောနွားကို၊ ဂဏှ - ယူတော်မူပါ။

ဗာရာဏသီမင်းသည် အိုဖခင် အဘယ်သို့ ပြောဘိသနည်း နောက်ထပ်ပြောပါဦးဟု မိန့်ဆိုအပ်သော်လည်း ထိုဂါထာကိုသာ ရွတ်ဆိုလေ၏။

ဗာရာဏသီမင်းသည် ပုဏ္ဏားကြီး ချွတ်ချော်၍ ပြောဆိုအပ်သည်၏ အဖြစ်ကိုသိ၍ ပြုံးရယ်ပြီး -

အို . . . သောမဒတ္တ သင်တို့အိမ်၌ နွားတို့သည် များကုန်မည်ထင်၏ဟု ပြော၍ သောမဒတ္တက၊ အရှင်မင်းကြီး အရှင်မင်းကြီးတို့သည် ပေးအပ်သော နွားတို့သည် များပါကုန်လိမ့်မည်ဟု တင်လျှောက်အပ်သော် ဘုရားလောင်း သောမဒတ္တ၏ စကားကို နှစ်သက်၍ ပုဏ္ဏားကြီးအား တစ်ဆယ့်ခြောက်ကောင်သော နွားတို့ကိုလည်းကောင်း၊ တန်ဆာဆင်ရန် ရွှေစလွယ်ကိုလည်းကောင်း၊ နေစရာရွာကိုလည်းကောင်း၊ မြတ်သောပေးခြင်းကို ပေး၍ များစွာသော စည်းစိမ်အခြံအရံဖြင့် ပုဏ္ဏားကြီးကို ပြန်လွှတ်လိုက်လေ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအချိန်အခါ၌ မင်းဖြစ်ခဲ့ပြီ။ ယခုအခါ လာဠုဒါယီသည် ထိုအချိန်အခါ၌ ဖခင်ပုဏ္ဏားကြီးဖြစ်ခဲ့ပြီ။ ယခုအခါ ငါဘုရားသည်သာ ထိုအချိန်အခါ၌ သားသောမဒတ္တဖြစ်ခဲ့ပြီဟု ဇာတ်တော်ကို ပေါင်းပြတော်မူပြီး -

ရဟန်းတို့ လာဠုဒါယီသည် ယခုအခါ၌သာ မဟုတ်သေး ရှေးအခါ၌လည်း မိမိ၏ သုတနည်းသည်၏ အဖြစ်ကြောင့် အခြားစကားကို ဆိုသင့်သော် ဆိုသင့်သည်မှ တစ်ခြားဖြစ်သော စကားကိုသာ ပြောဆို၏။

မှန်၏။ အကြားအမြင်နည်းသော ယောက်ျားသည် -

ဝမ်းပိုက်ကားကား နွားလားနှင့်တူသူဖြစ်၏ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"အပ္ပဿုတာယံ ပုရိသော၊ ဗလိဗဒ္ဒေါဝ ဇီရတိ။
မံသာနိတဿ ဝဍ္ဎန္တိ၊ ပညာ တဿန ဝဍ္ဎတိ"

အယံပုရိသော - ဤယောကျ်ားသည်၊ ဝါဤလူသည် အပ္ပသုတော- နည်းသော အကြား အမြင်ရှိ၏။ ဗလိဗဒ္ဒေါဝ - ဝမ်းဗိုက်ကားကား နွားလားကဲ့သို့၊ ဇီရတိ - အသက်ကြီးရင့်လေ၏။ တဿ - နည်းသောအကြား အမြင်ရှိသော ထိုယောကျ်ား၏၊ မံသာနိ - အသားတို့သည်၊ ဝဍ္ဎန္တိ - တိုးပွားကုန်၏။ တဿ - အကြားအမြင်နည်းသော ထိုယောကျ်ား၏ ပညာ - အသိဉာဏ်ပညာသည်၊ နဝဍ္ဎတိ - မတိုးပွားလေ။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေ၏။

ဖော်ပြပါ ဂါထာ၏ အဋ္ဌအထာဖွင့် အဓိပ္ပာယ်ကား -

ဝမ်းဗိုက်ကားကား နွားလားသည် ကြီးရင့်အိုမင်းလာသော် အမိအတွက်၊ အဖအတွက်၊ ကျန်ဆွေမျိုးအတွက် ကြီးပွားသည်မဟုတ်၊ စင်စစ်အကျိုးမရှိဘဲ ကြီးပွားလာလေ၏။ ထမ်းပိုးထွန်တို့ကို ရွက်ဆောင်နိုင်စွမ်းမရှိဟု တောအရပ်၌ စွန့်လွှတ်ထားအပ်သော် တောအရပ်၌သာ လှည့်လည် စားသောက်၍ အသားတို့သည် တိုးပွားကုန်သကဲ့သို့ တရားစာပဏ္ဏာသတစ်ခုနှစ်ခု (သို့မဟုတ်) အယုတ်ဆုံးအားဖြင့် တစ်သုတ်နှစ်သုတ်၊ အလေ့အလာ အရအမိမရှိသဖြင့် အကြားအမြင်နည်းသော ရဟန်းသည် ဖော်ပြခဲ့သော ဝမ်းဗိုက်ကားကား နွားလားကဲ့သို့ပ ဥပဇ္ဈာယ်ဝတ်၊ အာစရိယဝတ်၊ အာဂန္တုကဝတ် စသည်တို့ကို မပြု၊ ဘာဝနာ၌ မွေ့လျော်အားထုတ်မှုမရှိ၊ အကျိုးမဲ့ သက်သက်သာ အသက်ကြီးရင့်လေ၏။ ဆရာဥပဇ္ဈာယ်စသည်တို့က စွန့်လွှတ်ထားအပ်သူဖြစ်၍ သံဃာကို အမှီပြု၍ တနည်းအားဖြင့် မိမိခြေသလုံးကို အမှီပြု၍ ပစ္စည်းလေးပါးတို့ကို ရသဖြင့် အထက်၌ အန်ခြင်း၊ အောက်သို့ ဝမ်းသက်ခြင်း စသည်တို့ကို ပြုကာ မိမိကိုယ်ကို ပြုစုကျွေးမွေးသဖြင့် အသားတိုးပွားဆူဖြိုးသော ခန္ဓာကိုယ်ဖြင့် သွားလာနေထိုင်သည်။ လောကီလောကုတ္တရာ ပညာသည်ကား လက်တစ်လုံးမျှ မတိုးပွား တော၌ပေါက်ရောက်သော ခြုံနွယ်စသည်တို့ကဲ့သို့ ဒွါရခြောက်ပါးကို အမှီပြု၍ တဏှာနှင့်မာန်ကိုးပါးတို့သာ တိုးပွားလေသတည်း။

**လာဠုဒါယိတ္ထေရဝတ္ထု ပြီး၏။**

## ၂၄။ ဥဒါနဝတ္ထု
## ဥဒါန်းကျူးရင့်သော ဂါထာအကြောင်း

မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌နေတော်မူစဉ် "အနေကဇာတိသံသာရံ" အစရှိသော ဤတရားဒေသနာတော်ကို ဥဒါန်း၏ အဖြစ်ဖြင့် ကျူးရင့်ခဲ့၍ နောက်အဖို့ဖြစ်သောအချိန်၌ ရှင်အာနန္ဒာသည် မေးလျှောက်အပ်သည်ဖြစ်၍ ပြန်လည်ဟောပြတော်မူသည်။

အကျယ်ကို ဆိုဦးအံ့။

မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ နေတော်မူလျက် နေမဝင်မီမှာပင် မာရ်စစ်သည် အပေါင်းကို ဖျက်ဆီး၍ ပထမယာမ်၌ ပုဗ္ဗေနိဝါသကို ဖုံးကွယ်တတ်သော အမိုက်မှောင်ကို ဖောက်ခွဲ၍ မဇ္ဈိမယာမ် အချိန်၌ သတ္တဝါတို့၌ သနားခြင်းကရုဏာကို အစွဲပြု၍ ပဋိစ္စသမုပ္ပါဒ် ဉာဏ်ကို သက်ဆင်းစေ၍ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံ အစုန်အဆန်အားဖြင့် သုံးသပ်ဆင်ခြင်တော်မူလျက် အရုဏ်တက်ချိန်တွင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တည်းဟူသော သမ္မာသမ္ဗောဓိကို ထိုးထွင်းသိတော်မူပြီးသော် အသိန်းမက များလှကုန်သော ဘုရားရှင်တို့သည် မစွန့်ပယ်အပ်သော ဥဒါန်းကို ကျူးရင့်လိုတော်မူသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာတို့ကို ရွတ်ဆိုတော်မူသည်။

> ၁။ "အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
> ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
> ၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ န ကာဟသိ။
> သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
> ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ"

၁။ ယသ္မာ - အကြင်ကြောင့်၊ ဇာတိယာ - ပဋိသန္ဓေနေရခြင်း၏၊ ဇရာဗျာဓိမရဏမိဿိတာယ - အိုနာသေရေး ဒုက္ခဘေးတို့နှင့် ရောထွေးသည်၏ အဖြစ်ကြောင့်၊ ပုနပ္ပုနံ - အဖန်ဖန်အထပ်ထပ်၊ ဇာတိပဋိသန္ဓေနေရခြင်းသည်၊ ဒုက္ခာ - ဆင်းရဲ၏။ ဝါ - ဆင်းရဲကြောင်းဖြစ်၏။

သာစဇာတိ - ထိုပဋိသန္ဓေတည်နေရခြင်းသည်လည်း၊ ယသ္မိံဂဟကာရကေ - ခန္ဓာအိမ်ကို ဆောက်လုပ် တတ်သော အကြင်တဏှာ ယောကျ်ားလက်သမားကို၊ အဒိဋ္ဌေ - မတွေ့မြင်အပ်သော်၊ နနိဝတ္တတိ - မဆုတ်နစ် ခဲ့၊ တသ္မာ - ထို့ကြောင့်၊ တံဂဟကာရံ - ထိုတဏှာယောကျ်ား လက်သမားကို၊ ယေန ဗောဓိဉာဏေန - အကြင် ဗောဓိဉာဏ်မြင့်၊ ဒဋ္ဌုံ - မြင်ခြင်းငှာ၊ သက္ကာ - တပ်ကောင်း၏။

တဿဗောဓိဉာဏဿ - ထိုဗောဓိဉာဏ်၏၊ အတ္ထာယ - အကျိုးငှာ၊ ဒီပင်္ကရပါဒမူလေ - ဒီပင်္ကရာ မြတ်စွာဘုရားခြေတော်ရင်း၌၊ ကတာဘိနီဟာရော - ပြုအပ်သောဆုတောင်းခြင်းရှိသည်ဖြစ်၍၊ တံဂဟကာရံ - ခန္ဓာကိုယ်တည်းဟူသော အိမ်ကိုဆောက်လုပ်တတ်သော ထိုတဏှာယောကျ်ား

လက်သမားကို၊ ဂဝေသန္တော - ရှားမှီးတော်မူသော၊ အဟံ - ငါဘုရားသည်၊ တံဉာဏံ - ထိုဗောဓိဉာဏ်ကို၊ အနိဗ္ဗိသံ - အဝိန္ဒန္တော - မရနိုင်သည် ဖြစ်၍၊ အနေက - ဇာတိသံသာရံ - အသိန်းမက များစွာသော ဘဝတည်းဟူသော သံသရာပတ်လုံး၊ သန္ဓာဝိသံ - ကြင်လည်ခဲ့ရပြီ။

၂။ ဘောဂဟကာရက - ခန္ဓာကိုယ်တည်းဟူသော အိမ်ကို ဆောက်လုပ်တတ်သော အိုတဏှာ ယောက်ျားလက်သမား၊ ဒ္ဒာနိ - ယခုအခါ၌၊ မယာ - ငါဘုရားသည်၊ တွံ - သင် တဏှာယောက်ျားလက်သမားကို၊ ဒိဋ္ဌော - တွေ့မြင်အပ်သည်၊ အသိ - ဖြစ်ပြီ။

တွံ - သင်တဏှာ ယောက်ျား လက်သမားသည်၊ မေ - ငါ၏၊ ဂေဟံ - ခန္ဓာကိုယ် အတ္တဘော တည်းဟူသော အိမ်ကို၊ နကာဟသိ - ဆောက်လုပ်ရတော့မည် မဟုတ်၊ ကသ္မာ - အဘယ်ကြောင့်၊ နကာဟသိ- ဆောက်လုပ်ရတော့မည် မဟုတ်သနည်း၊ မယာ - ငါသည်၊ တေ - သင်တဏှာ ယောက်ျား လက်သမား၏၊ သဗ္ဗာ - အဝိဇ္ဇာချန်လှပ်၍ အားလုံးကုန်သော၊ ဖာသုကာ - ကိလေသာတည်းဟူသော အိမ်အခြင်တို့ကို ဘဂ္ဂါ - ချိုးဖဲ့ဖျက်ဆီးအပ်ကုန်ပြီ။

ဂဟကူဋံ - အဝိဇ္ဇာတည်းဟူသော အိမ်၏ အထွဋ်ကို၊ ဝိသင်္ခတံ - ဖြိုချဖျက်ဆီးအပ်လေပြီ။ တသ္မာ - ထိုကြောင့်၊ နကာဟသိ - ဆောက်လုပ်ရတော့မည်မဟုတ်။

မေ - ငါ၏၊ စိတ္တံ - အရဟတ္တမဂ် အရဟတ္တဖိုလ်စိတ်သည်၊ ဝိသင်္ခါရ ဂတံ - သင်္ခါရ ကင်းရာ ဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်ပြီ။ အဟံ - ငါသည်၊ တဏှာနံ - တပ်မက်တွယ်တာ တဏှာတို့၏၊ ခယံ - ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို အဇ္ဈဂါ - ရလေပြီ။

**ဥဒါနဝတ္ထု ပြီး၏။**

## ၂၅။ မဟာနေသေန္ဒိပုဏ္ဏဝတ္ထု
## ပစ္စည်းရှိသူဌေးကြီး၏ သားအကြောင်း

ဗာရာဏသီပြည်ဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော အိမ်၌ သူဌေးသားတစ်ယောက်ရှိ၏။ သူဌေးသား၏ မိဘတို့သည် ငါတို့၏ အိမ်၌များစွာသော စည်းစိမ်ဥစ္စာရှိ၏။ ထိုစည်းစိမ်ဥစ္စာကို ငါတို့၏သားလက်ထဲ၌ ထားပြီး ချမ်းချမ်းသာသာ သုံးဆောင်ကြမည်။ အခြားသော အလုပ်ဟူသော ပြုဖွယ်မရှိဟု စိတ်ကူးကြကုန်၏။

ထိုသို့ စိတ်ကူးကြပြီး သားဖြစ်သူကို ကခြင်း၊ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်းမျှကိုသာ သင်ယူစေကြသည်။

ထိုဗာရာဏသီမြို့၌ပင် အခြားသော ကုဋေရှစ်ဆယ်ကြွယ်ဝသော အိမ်၌လည်း သူဌေးသမီး တစ်ယောက်ရှိ၏။ ထိုသူဌေးသမီး၏ မိဘတို့သည်လည်း ယခင်သူဌေးသား၏ မိဘများ စိတ်ကူးနှင့် အတူပင် စိတ်ကူးကြပြီး သူဌေးသမီးကို ကခြင်း၊ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်းမျှကိုသာ သင်ယူစေကြသည်။ အရွယ်ရောက်လာကြသော် သူဌေးသား သူဌေးသမီးတို့၏ ထိမ်းမြားလက်ထပ်ခြင်းကို ပြုထားကြလေ၏။ နောက်အဖို့ဖြစ်သောအချိန်၌ ထိုသူဌေးသား၊ သူဌေးသမီးတို့၏ မိဘတို့သည် ကွယ်လွန်ကြကုန်၏။ ကုဋေတစ်ရာ့ခြောက်ဆယ်သော ပစ္စည်းသည် တစ်အိမ်တည်း၌သာ ဖြစ်လေ၏။

သူဌေးသားသည် တစ်နေ့လျှင် သုံးကြိမ်မင်းကြီးအား ဆည်းကပ်ရာ အရပ်သို့ သွားလေ၏။ ထိုအခါ ဗာရာဏသီမြို့၌ အရက်သမားတို့သည် -

ဤသူဌေးသားသည် အရက်သောက်သူဖြစ်လာလျှင် ငါတို့ ချမ်းသာလိမ့်မည်။ သူ့ကို အရက် သောက် အတတ်သင်ပေးကြကုန်အံ့ဟု ကြံစည်ထားကြသည်။

အရက်သမားတို့သည် အရက်ကိုယူ၍ အရက်မြည်းစရာ အသားနှင့်ဆား၊ သကြားတို့ကို ပုဆိုးအဖျား၌ ထုပ်ချည်၍ သစ်မြစ်၊ သစ်ဥတို့ကို ကိုင်ယူကြပြီး မင်းနန်းတော်မှ သူဌေးသား ပြန်လာ မည့်လမ်းကို စောင့်မျှော်နေကြ၍ သူဌေးသားလာနေသည်ကို မြင်ကြလျှင် အရက်ကိုသောက် ဆား၊ သကြားကို ခံတွင်း၌ထည့် သစ်မြစ်၊ သစ်ဥတို့ကို ကိုက်ခဲကြကာ အရှင်သူဌေးသား၊ အရှင်သူဌေးသားသည် နှစ်တစ်ရာပတ်လုံး အသက်ရှည်ပါစေ။ အရှင်သူဌေးသားကို မှီခိုကြကာ ကျွုပ်တို့ စားနိုင်သောက်နိုင် သူများဖြစ်ကြရပါမည်ဟု ပြောဆိုကြသည်။

သူဌေးသားသည် အရက်သမားတို့၏ စကားကိုကြားလျှင် နောက်မှလိုက်လာသော အလုပ် အကျွေး ငယ်လူကို ထိုသူတို့သည် ဘာကိုသောက်ကြသနည်းဟု မေးလေ၏။

အရှင့်သား အဖျော်ရည်တစ်မျိုးကို သောက်ကြပါသည်။

ထိုဖျော်ရည်သည် နှစ်လိုဖွယ်ရှိလေသလော။

အရှင်သူဌေးသား ဤသက်ရှိလောက၌ ဤအဖျော်ရည်နှင့်တူသော သောက်စရာကောင်းသော အဖျော်ရည်ဆိုသည်မှာ မရှိတော့ပါဟုပြော၏။

သူဌေးသားသည် ဤသို့ဖြစ်လျှင် ငါလည်းသောက်သင့်သည်ဟု ပြောဆိုကာ အနည်းငယ်၊ အနည်းငယ်ကို ယူစေ၍ သောက်လေ၏။ ထိုအခါ မကြာမြင့်မီပင် သူဌေးသား၊ အရက်သောက်တတ်သူ ဖြစ်လာကြောင်းကို အရက်သမားတို့ သိကြပြီး သူဌေးသားကို လာရောက်ခြံရံကြကုန်၏။ အချိန်ကြာလာသော် အခြံအရံသည် များလာ၏။ သူဌေးသားသည် ငွေတစ်ရာဖြင့်လည်းကောင်း၊ ငွေနှစ်ရာဖြင့်လည်းကောင်း၊ အရက်ကိုဝယ်ယူစေ၍ သောက်လျက် ဤနည်းဖြင့် ထိုင်နေရာစသည်တို့၌ အသပြာအစုအပုံထား၍ အရက်ကိုသောက်လျက်

ဤငွေဖြင့် ပန်းတို့ကို ဝယ်ယူကြ၊ ဤ ငွေဖြင့် နံ့သာတို့ကို ဝယ်ယူကြ၊ ဤလူသည် ကြွေအံကစားခြင်း၌ ကျွမ်းကျင်သည်။ ဤလူသည် ကခြင်း၌ ကျွမ်းကျင်သည်။ ဤလူသည်သီဆိုခြင်း၌ ကျွမ်းကျင်သည်။ ဤလူသည် တီးမှုတ်ခြင်း၌ ကျွမ်းကျင်သည် -

ဤလူအား ငွေတစ်ထောင်ကိုပေးလိုက်ကြ။ ဤလူအား ငွေနှစ်ထောင်ကိုပေးလိုက်ကြ၊ ဤသို့လျှင် ပေးကမ်းဖြန့်ဖြူးလျက် နေထိုင်စဉ် အချိန်မကြာမီပင် မိမိ၏ ဥစ္စာဖြစ်သော ကုဋေရှစ်ဆယ်ကို ကုန်စေပြီးသော် -

အရှင်သား၊ အရှင့်သား ဥစ္စာငွေကုန်ပါပြီဟု ပြောဆိုအပ်သော် အဘယ်သို့နည်း။ ငါ့ဇနီး၏ ဥစ္စာမရှိသလော။

အရှင်ရှိပါ၏။

ရှိလျှင် ထိုဥစ္စာငွေကို ယူခဲ့ကြဟု သူဌေးသားက ပြောလေ၏။

ထိုဥစ္စာငွေကိုလည်း ရှေးနည်းအတူပင် ကုန်စေပြီး၊ အစဉ်အားဖြင့် လယ်မြေ၊ အိမ်ရာဥယျာဉ်၊ မြင်းယာဉ်၊ နွားလှည်းယာဉ် အယုတ်ဆုံးအားဖြင့် အိုးခွက်ဘဏ္ဍာ အခင်းထည်၊ ခြုံထည်၊ ထိုင်စရာ အဝတ်စသည်ဖြင့် မိမိပစ္စည်းအားလုံးကို ရောင်း၍ စားသောက်လေ၏။

ထိုမှနောက် အသက်အရွယ်ကြီးလာချိန်၌ သူဌေးသား၏ မိဘဥစ္စာအိမ်ဂေဟာကို ဝယ်ယူသူတို့က သူဌေးသားကို အိမ်မှထုတ်ကြကုန်၏။ သူဌေးသားသည် ဇနီးကိုခေါ်ယူ၍ သူတစ်ပါး၏အိမ်နောက် တစ်ဖက်နံရံကို အမှီပြုနေကာ အိုးခြမ်းကွဲကို ကိုင်၍ ထမင်းအတွက် လှည့်လည်တောင်းခံ၍ လူအများ၏ စားကြွင်း၊ စားကျန်ကို စားနေရလေ၏။ ထိုအချိန်တွင်

တစ်နေ့သ၌ မြတ်စွာဘုရားသည် ဆွမ်းစားကျောင်းဝင်းတံခါးအနီး၌ ရပ်၍ သာမဏေငယ်တို့ ပေးအပ်သော အစာစားကြွင်းကို ခံယူနေသော သူဌေးသားကို မြင်တော်မူလေသော် ပြုံးတော်မူလေ၏။

ထိုအခါ အာနန္ဒာထေရ်သည် မြတ်စွာဘုရားကို ပြုံးတော်မူခြင်းအကြောင်းကို မေးလျှောက်လေ၏။

မြတ်စွာဘုရားသည်သည် ပြုံးခြင်းအကြောင်းကို မိန့်တော်မူလိုသည်ဖြစ်၍ -

အာနန္ဒာ . . . ဤဗာရာဏသီမြို့၌ပင် ကုဋေရှစ်ဆယ် နှစ်လီ စည်းစိမ်ဥစ္စာကို ကုန်ဆုံးစေပြီး ဇနီးကို ခေါ်ယူ၍ ထမင်းအတွက် လှည့်လည်နေသော ဤသူဌေးသားကိုကြည့်လော။

ဤသူဌေးသားသည် အကယ်၍ ပထမအရွယ်၌ စည်းစိမ်ဥစ္စာတို့ကို မကုန်စေဘဲ စီးပွားရေး အလုပ်၌ အသုံးချခဲ့လျှင် ဤဗာရာဏသီမြို့၌ ထိပ်တန်းသူဌေးဖြစ်ရာပြီ။

အကယ်၍အိမ်မှထွက်ပြီး ရဟန်းပြုခဲ့ပါမူ ရဟန္တာအဖြစ်သို့ ရောက်လေရာပြီ။ သူ၏ဇနီးသည်လည်း အနာဂါမိဖိုလ်၌ တည်လေရာပြီ။

အကယ်၍ မဇ္ဈိမ အရွယ်၌ ဥစ္စာပစ္စည်းတို့ကို မကုန်စေဘဲ စီးပွားရေးအလုပ်၌ အသုံးချခဲ့လျှင် ဒုတိယ တန်းစားသူဌေးဖြစ်ရာပြီ။ အိမ်မှထွက်၍ ရဟန်းပြုခဲ့သော် အနာဂါမ်ဖြစ်ရာပြီ။ သူ၏ ဇနီးသည်လည်း သကဒါဂါမိဖိုလ်၌ တည်လေရာပြီ။

အကယ်၍ ပစ္ဆိမအရွယ်၌ ဥစ္စာပစ္စည်းတို့ကို မကုန်စေဘဲ စီးပွားရေးအလုပ်၌ အသုံးချခဲ့လျှင် တတိယတန်းစား သူဌေးဖြစ်ရာပြီ။ အိမ်မှထွက်၍ ရဟန်းပြုခဲ့သော် သကဒါဂါမ်ဖြစ်ရာပြီ။ သူ၏ဇနီးသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေရာပြီ။

ယခုအခါ၌ကား ဤသူဌေးသားသည် လူ့စည်းစိမ်မှလည်း ဆုံးရှုံး၍ ရဟန်းစည်းစိမ်မှလည်း ဆုံးရှုံးခဲ့လေပြီ။

ဆုံးရှုံးပြီးသော်လည်း ရွှံ့ညွန်အခြောက်၌ ကြိုးကြာငှက်ကဲ့သို့ ဖြစ်နေပြီဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောပြတော်မူသည်။

၁။ "အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။

၂။ အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
သေန္တိ စာပါတိ ခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ"

၁။ ဗာလာ - သူမိုက်တို့သည်၊ ယောဗ္ဗနေ - အရွယ်ကောင်းစဉ်၌၊ ဗြဟ္မစရိယံ - မြတ်သောအကျင့်ကို၊ အစရိတွာ - မကျင့်ခဲ့သောကြောင့် ဓနံ - ပစ္စည်းဥစ္စာကို ၊ အလဒ္ဓါ - ရှာဖွေမပြုမရခဲ့မှုကြောင့် ခီဏမစ္ဆေ - ခီဏမစ္ဆေဝေ - ကုန်ပြီးသော ငါးရှိသည်သာဖြစ်သော၊ ပလ္လလေ - ရွှံ့ညွန်၌၊ ဇိဏ္ဏကောဉ္စာ - အတောင်ကျိုးပျက် ကြိုးကြာငှက်အိုတို့သည် ဈာယန္တိ ဣဝ - ငါးကိုရရေး ဖန်ဖန်တွေးကာ ငိုင်မှေးလေကြကုန်သကဲ့သို့ ဈာယန္တိ - စားဖွယ်ရရေး ကြံဖန်တွေးကာ ငိုင်မှေးလေကြကုန်သတည်း။

၂။ ဗာလာ - သူမိုက်တို့သည်၊ ယောဗ္ဗနေ - အရွယ်ကောင်းချိန်၌၊ ဗြဟ္မစရိယံ - မြတ်သောအကျင့်ကို၊ အစရိတွာ - မကျင့်ခဲ့သောကြောင့်၊ ဓနံ - ပစ္စည်းဥစ္စာကို၊ အလဒ္ဓါ - ရှာဖွေမပြုမရခဲ့မှုကြောင့်၊ စာပါတိခီဏာ - လေးမှလွတ်ပြီး အရှိန်ကုန်လေပြီးသော မြှားတို့သည်၊ ပတိတာဣဝ - မြေ၌ ကျရောက်ကုန်သကဲ့သို့၊ ပုရာဏာနိ ရှေးက ပြုခဲ့ဖူးသော စားဖွယ်သောက်ဖွယ် ကခြင်း၊ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း စသည်တို့ကို၊ အနုတ္ထုနံ - အနုတ္ထုနန္တာ - တစိမ့်စိမ့်တွေးကာ စိုးရိမ်စွာဖြင့် စိတ်မှာ မီးပွား၊ ညည်းတွားကြကုန်လျက်၊ သေန္တိ - ဆင်းရဲဝေဒနာ ခံစားကာဖြင့် စိတ်မှာမချမ်းပင်ပန်း နေထိုင်ကြရလေကုန်သတည်း။

၁။ ဂါထာအဓိပ္ပာယ်

ဘဝကောင်းစားရေးကို မြော်တွေးဆင်ခြင် ဉာဏ်အမြင်မရှိသူ လူမိုက်တို့သည် ငယ်ရွယ်စဉ်ကာလ

တရားကို မကျင့်ခဲ့၍ တရားကိုလည်း မရခဲ့။ မရသေးသော စည်းစိမ်ဥစ္စာကို ရအောင်လည်း မပြုရပြီးရှိပြီး ဥစ္စာကိုလည်း ထိန်းသိမ်းစောင့်ရှောက်မှု မပြုခဲ့၍ အရွယ်ကြီးရင့်လာချိန်၌ တရားဘက်စီးပွားရေးဘက် နှစ်ဘက်လုံး ဆုံးရှုံးကာ ရေခန်းခြောက်၍ ငါးမရနိုင်ရာ အိုင်ပေါက်ချောင်းဝ၌ ငေးမှိုင်နေသော ကြိုးကြာအိုတို့ကဲ့သို့ တရားမကယ် စားဖွယ်မရှိ ညှိုးနွမ်း ပိန်ချုံး ချိနဲ့သော ခန္ဓာကိုယ်ဖြင့် ပင်ပန်းဆင်းရဲစွာ နေကြရလေသည်။

ဥပမာဥပမေယျ - နှီးနှောချက် -

ရွံ့ညွန်အတွင်း၌ ရေမရှိသကဲ့သို့ လူမိုက်တို့မှာနေစရာမရှိ၊

ရွံ့ညွန်အတွင်း၌ ရေမရှိမှုနှင့် လူမိုက်တို့မှာ နေစရာမရှိမှုတူသည်။

ငါးများကုန်နေသကဲ့သို့ လူမိုက်တို့၏ စည်းစိမ်ဥစ္စာကုန်ခန်းတော့သည်။

ငါးမရှိမှုနှင့် လူမိုက်တို့မှာ စည်းစိမ်ဥစ္စာကုန်ခန်းနေမှုတူသည်။

ငါးကုန်နေသော်လည်း အတောင်အင်အား ကုန်နေသဖြင့် ကြိုးကြာငှက်တို့ တခြားအရပ်သို့ ပြန်မသွားနိုင်သကဲ့သို့ အိုမင်းရွယ်ဆိုက် လူမိုက်တို့၏ ရေကြောင်းကုန်းကြောင်း ခရီးတို့၌ သွားလာလှုပ်ရှားလျက် စည်းစိမ်ဥစ္စာ မရှာနိုင်တော့သဖြင့် ငေးမှိုင်နေသည့် ကြိုးကြာငှက်ပမာ - လူမိုက်တို့သည် အရေးမပိုင် အရိုးဖြာထွက် အင်အားပျက်လျက် နေကြရလေကုန်သတည်း။

၂။ ဂါထာအဓိပ္ပာယ်

တရားမရ - ဥစ္စာကွယ်ပလူဗာလတို့သည် - လေးလက်နက်မှ - ပစ်လွှင့်လိုက်သော မြားတို့သည် အရှိန်ကုန်၍ ကျရောက်ရာမြေပေါ်၌ ခြပုံး ပိုးရွစား၍ ကွယ်ပျောက်သွားကုန်သကဲ့သို့ - အရွယ်သုံးမျိုးကို လွန်မြောက်လာကာ အိုမင်းရင့်ရော်အရွယ်သို့ ရောက်နေကြ၍ လောကီလောကုတ္တရာ ဆင်းရဲတွင်းမှ မိမိကိုယ်ကို မထုတ်ဆောင်နိုင်ကြတော့ဘဲ သေကြရတော့သည် -

မသေမီအချိန်၌လည်း ငါတို့ ဤသို့ စားခဲ့ရ - သောက်ခဲ့ရ သုံးစွဲခဲ့ရပြီ စသည်ဖြင့် ရှေးက အတွေ့အကြုံတို့ကို (ငယ်ငယ်က ရွှေထီးဆောင်းခဲ့ရသည်ကို) တမြုံမြုံစဉ်းစားမိတိုင်း တောင့်တပူဆွေးမှုတို့ဖြင့် အချိန်ကုန်နေကြလေသည်။

**မဟာနေသေဋ္ဌိပုတ္တဝတ္ထု ပြီး၏။**

# ၁၂။ အတ္တာဝဂ်
## ၂၆၊ ဗောဓိရာဇ ကုမာရဝတ္ထု
## သတို့သားဗောဓိမင်းအကြောင်း

မြတ်စွာဘုရားပဲစဉ်းငုံတောအ် သီတင်းသုံးနေတော်မူစဉ် ဗောဓိမင်းသားသည် မြေအပြင်၌ အခြားသော ပြာသာဒ်တို့နှင့် မတူသော ပုံသဏ္ဍာန်ရှိသော ကောင်းကင်၌ ပျံတက်တော့မည်ကဲ့သို့သော တောကနုဒ်မည်သော ပြာသာဒ်ကို ပြုစေ၍ လက်သမားဆရာကို မေးလေ၏။ အို . . . လက်သမားဆရာ သင်သည်အခြားအရပ်၌လည်း ဤသို့သဘောရှိသော ပြာသာဒ်ကို ပြုခဲ့ဖူးသလော (သို့မဟုတ်) ဤပြာသာဒ်သည် သင်၏ ရှေးဦးစွာ ပြုပြုအပ်သော ပညာစွမ်းပေလော။

ဤသို့မေးရာ လက်သမားဆရာက အရှင်မင်းကြီး ဤပြာသာဒ်သည် ကျွန်တော်၏ ရှေးဦးစွာ ပြုပြုအပ်သော ပညာစွမ်းဖြစ်ပါသည်ဟု ပြောဆိုအပ်သော် ဗောဓိမင်းသားသည် ဤသို့ကြံစည်လေ၏။

ဤလက်သမားဆရာသည် အကယ်၍ အခြားသူတစ်ယောက်၏လည်း ဤသို့သဘောရှိသော ပြာသာဒ်ကို ပြုပေးခဲ့လျှင် ငါ၏ဤပြာသာဒ်သည် အံ့ဩဖွယ်ဖြစ်တော့မည်မဟုတ်။

ငါသည် ဤလက်သမားဆရာကို သတ်ပစ်ရန်သော်လည်း သင့်၏။ သို့မဟုတ် သူ၏ လက်ခြေတို့ကို ဖြတ်ပစ်ရန်သော်လည်းသင့်၏။ သို့မဟုတ် သူ၏ မျက်လုံးတို့ကို ထုတ်ပစ်ရန်သော်လည်း သင့်၏။

ဤသို့ပြုခဲ့သော် ဤလက်သမားဆရာသည် အခြားသူတစ်ယောက်၏ ပြာသာဒ်ကို ပြုပေးနိုင်မည်မဟုတ်။

ဗောဓိမင်းသားသည် မိမိ၏ ထိုအကြံအစည်ကို မိမိ၏ ချစ်မိတ်ဆွေ သဉ္ဇိကပုတ္တ အမည်ရှိသော လုလင် အားပြောလေ၏။

သဉ္ဇိကပုတ္တသည် ဤမင်းသည် သေချာပေါက်လက်သမားကို ဖျက်ဆီးတော့မည်။ အတတ်ပညာရှင် လက်သမားသည် တန်ဖိုးမရှိဖြစ်တော့မည်။ ထိုအတတ်ပညာရှင်သည် ငါမြင်နေရစဉ် မပျက်စီးပါစေနှင့်။ အတတ်ပညာရှင်အား အမှတ်အသားကိုပေးမည်ဟု ကြံစည်လေ၏။

သဉ္ဇိကပုတ္တသည် ထိုသို့ကြံပြီး လက်သမားဆရာထံချဉ်းကပ်၍ ပြာသာဒ်၌ သင်ပြုဖွယ်ကိုစွပြီးပြီလော။ မပြီးသေးပြီလောဟု မေးလေရာ ပြီးပါပြီဟု ပြောဆိုအပ်သော် ဗောဓိမင်းသားသည် သင့်ကို ဖျက်ဆီးပစ်လိုက်မည်။ မိမိကိုယ်ကို စောင့်ရှောက်ပါလောဟု ပြောလေ၏။

လက်သမားဆရာသည်လည်း အို . . . အရှင် ကျွန်တော်အားပြောပြလာသော အရှင်သည် ကောင်းမွန်သည်ကို ပြုအပ်ပါပေ၏။ ဤကိစ္စ၌ ကျွန်တော်ပြုသင့်သည်ကို သိပါမည်ဟုပြောဆိုပြီးသော်

ဗောဓိမင်းသားသည် အို . . . လက်သမားဆရာ အသို့နည်း၊ ငါတို့၏ ပြာသာဒ်၌ ပြုလုပ်ဖွယ်ပြီးစီး ပြည့်စုံပြီးလောဟု မေးအပ်သော်၊ အမေးခံရသော လက်သမားဆရာက အရှင်မင်းမြတ် မပြီးသေးပါ ပြုစရာများစွာ ကျန်ပါသေးသည်ဟု ပြောလေ၏။

ကျန်သေးသော ပြုစရာကား အဘယ်နည်း။

အရှင်မင်းမြတ်နောက်၌ ပြောပြပါမည် "ယခုသစ်သားတို့ကို ပို့ပေးပါစေဦး"

မည်သို့သော သစ်သားတို့ကို ပို့စေရမည်နည်း။

အရှင်မင်းမြတ် အနှစ်မရှိ သစ်သားခြောက်တို့ကို ပို့ပါစေ။

ဗောဓိမင်းသားသည် အနှစ်မဲ့ သစ်သားခြောက်တို့ကိုဆောင်ယူစေ၍ ပေးလေ၏။

ထိုအခါ လက်သမားဆရာသည် ဗောဓိမင်းသားကို ဤသို့ပြော၏။

အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ဤနေ့မှစ၍ ကျွန်တော်ထံမလာထိုက် (မလာပါနှင့်) အဘယ်ကြောင့် ဆိုသော် သိမ်မွေ့သော အလုပ်ကိုပြုလုပ်နေစဉ် အခြားသူတို့နှင့် အတူ စကားပြောဆိုသော ကျွန်တော်အဖို့ အလုပ်ပျက်ပါသည်။ ထမင်းစားချိန်၌ ကျွန်တော်၏ဇနီးသည်သာ စားဖွယ်ကိုလာပို့ပါလိမ့်မည်။

ဗောဓိမင်းသားသည်လည်း ကောင်းပါပြီဟု ဝန်ခံလေ၏။

လက်သမားဆရာသည်လည်း ပြာသာဒ်၏ အခန်းတစ်ခု၌ နေပြီးအနှစ်မဲ့သော ထိုသစ်သားခြောက်တို့ကို ရွေ၍ မိမိ၏သားမယားအတွင်း၌ ထိုင်နေလောက်သော ဂဠုန်ငှက်ရုပ်ကို ပြု၍ ထမင်းစားချိန်၌ ထမင်းလာပို့ သော ဇနီးကို ဤသို့ပြော၏။

ရှင်မ ငါတို့အိမ်၌ ရှိသမျှပစ္စည်းအားလုံးကို ရောင်းချပြီး ငွေ၊ ရွှေကိုသာ ယူခဲ့ပါ။

ဗောဓိမင်းသားသည်လည်း လက်သမားဆရာ ထွက်မပြေးနိုင်စေရန် ပြာသာဒ်ကို ဝိုင်းရံ၍ အစောင့်အရှောက်ကို ထားလေ၏။

လက်သမားဆရာသည်လည်း ငှက်ရုပ်ပြီးစီးသောအခါ ယနေ့သားသူငယ်အားလုံးတို့ကို ခေါ်၍ လာခဲ့ပါဟု ဇနီးကိုပြောဆို၏။ နံနက်စာစားပြီးသော် သားမယားကို ဂဠုန်ငှက်ရုပ်၏ ဝမ်းတွင်း၌ နေစေပြီး လေသာပြတင်းပေါက်မှ ထွက်၍ပြေးလေ၏။

လက်သမားဆရာသည် အစောင့်အရှောက်တို့က အရှင်မင်းကြီး လက်သမားဆရာ ထွက်ပြေးပါ၏ဟု မြည်တမ်းပြောဆိုနေစဉ်မှာပင် သွား၍ ဟိမဝန္တာတော၌ သက်ဆင်းကာ မြို့တစ်မြို့ကို တည်ထောင်ဖန်ဆင်း၍ ကဋ္ဌဝါဟနမင်း (သစ်သားယာဉ်မင်း) အမည်ရှိသော မင်းဖြစ်လေပြီ။

ဗောဓိမင်းသားသည်လည်း ပြာသာဒ် ပူဇော်ပွဲကို ပြုအံ့ဟု မြတ်စွာဘုရားကို ပင့်လျှောက်ပြီးသော် ပြာသာဒ်၌ နံ့သာမျိုးလေးပါးတို့ဖြင့် ပက်ဖြန်း၍ ရှေးဦးစွာသော တံခါးခုံမှစ၍ အဝတ်အခင်းကို ဖြန့်ခင်းထားလေ၏။ ထိုဗောဓိမင်းသည် သားသမီးမရှိသူဖြစ်သတဲ့။ ထို့ကြောင့် အကယ်၍ ငါသည်သားကိုသော်လည်းကောင်း၊ သမီးကိုသော်လည်းကောင်း ရမည်ဖြစ်လျှင် မြတ်စွာဘုရားသည် ဤဝတ်ထည်အခင်းကို နင်းကြွလိမ့်မည်ဟု ကြံစည်၍ ခင်းထားလေပြီ။

ဗောဓိမင်းသားသည် မြတ်စွာဘုရားကြွလာတော်မူသော် မြတ်စွာဘုရားကို တည်ခြင်းငါးမျိုးရှိသောရှိခိုးခြင်းဖြင့် ရှိခိုး၍ မြတ်စွာဘုရား၏ သပိတ်ကို ကိုင်ယူပြီး၊ မြတ်စွာဘုရားပြာသာဒ်တွင်းသို့ ကြွဝင်တော်မူပါဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ကြွဝင်တော်မမူပါချေ။ ဗောဓိမင်းသားသည် နှစ်ကြိမ်မြောက်လည်း

ဝင်ရန်လျှောက်ထားသည်။ သုံးကြိမ်မြောက်လည်း ဝင်ရန်လျှောက်ထားသည်။ မြတ်စွာဘုရားသည် ကြွဝင်တော်မမူဘဲသာ အာနန္ဒာထေရ်ကို ကြည့်တော်မူသည်။ အာနန္ဒာထေရ်သည် မြတ်စွာဘုရားကြည့်တော်မူအပ်သော အမှတ်သညာဖြင့်ပင် မြတ်စွာဘုရားအဝတ်တို့အပေါ် နင်းမည်မဟုတ်သည်ကို သိ၍ ဗောဓိမင်းသားကို မင်းသားအဝတ်အခင်းတို့ကို ဖယ်ရှားလိုက်ပါ။ မြတ်စွာဘုရားသည် အဝတ်အခင်းပေါ်ကို နင်းမည်မဟုတ်၊ မြတ်စွာဘုရားသည် နောင်လာလူအပေါင်းကို ကြည့်တော်မူသည်ဟု ပြောဆိုကာ အဝတ်အခင်းတို့ကို ဖယ်ရှားစေ၏။ (ရုပ်သိမ်းစေ၏။)

ဗောဓိမင်းသားသည် အဝတ်အခင်းတို့ကို ဖယ်ရှားရုပ်သိမ်း၍ မြတ်စွာဘုရားကို ပြာသာဒ်အတွင်းသို့ ကြွဝင်စေပြီး ယာဂုခဲဖွယ်ဖြင့် ကောင်းစွာမြတ်နိုးစေ၍ (မြတ်မြတ်နိုးနိုးဆက်ကပ်၍) တစ်ခုသောနေရာ၌ ထိုင်လျက် ရှိခိုးပြီး ဤသို့လျှောက်ထားလေ၏။

မြတ်စွာဘုရား တပည့်တော်သည် အရှင်ဘုရားတို့၏ ကျေးဇူးတို့ပြုတတ်သော သုံးကြိမ်သရဏဂုံဆောက်တည်သူဖြစ်ပါ၏။ တပည့်တော်သည် မိခင်ဝမ်းတွင်း၌ ကိန်းအောင်းနေစဉ် တစ်ကြိမ်၊ သရဏဂုံဆောက်တည်ပါ၏။ သူငယ်ဖြစ်ချိန်၌ ဒုတိယအကြိမ် သရဏဂုံ ဆောက်တည်ပါ၏ သိကြားနားလည်သည့်အရွယ်၌ တတိယအကြိမ် သရဏဂုံ ဆောက်တည်ပါ၏။ ထိုသို့ သဘောရှိသော တပည့်တော်၏အဝတ်အခင်းကို အဘယ်ကြောင့် နင်းမကြွကြပါသနည်း။

မင်းသား သင်သည် အဘယ်ကို ကြံရွယ်၍ အဝတ်အခင်းတို့ကို ခင်းထားသနည်း။

အကယ်၍ ငါသည်သားကိုသော်လည်းကောင်း၊ သမီးကိုသော်လည်းရမည်ဖြစ်လျှင် မြတ်စွာဘုရားသည် ငါ၏ အဝတ်အခင်းကို နင်းကြွလိမ့်မည်ဟူသော ဤအကြံကို ကြံစည်၍ ခင်းထားပါသည်ဘုရား။

ဗောဓိမင်းသား သင်ထိုသို့ကြံရွယ်၍ ခင်းထားသောကြောင့်သာ ငါဘုရားသည် ထိုအဝတ်အခင်းကို မနင်းခဲ့။

မြတ်စွာဘုရား အသို့ပါနည်း။ တပည့်တော်သည် သားကိုသော်လည်းကောင်း၊ သမီးကိုသော်လည်းကောင်း၊ မရတော့ပြီလား ဘုရား။

ဗောဓိသတို့သား ဟုတ်၏။ မရတော့ပြီ။

အဘယ်အကြောင်းကြောင့် မရပါမည်နည်းဘုရား။ သင်၏ရှေး၌ဖြစ်သော အတ္တဘော၌ဇနီးနှင့်အတူ မေ့လျော့ခြင်းသို့ ရောက်ခဲ့သောကြောင့် ရတော့မည်မဟုတ်။

မြတ်စွာဘုရား တပည့်တော်သည် အဘယ်အချိန်၌ ဇနီးနှင့်အတူ မေ့လျော့ခြင်းသို့ ရောက်ခဲ့ပါသနည်းဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဗောဓိမင်းသားအား အတိတ်ဖြစ်ရပ် အတ္ထုပ္ပတ်ကို ဆောင်၍ပြတော်မူသည်။

လွန်လေပြီးသောအခါ အရာမက များစွာသော လူတို့သည် ကြီးစွာသော လှေသင်္ဘောဖြင့်သမုဒ္ဒရာကို ကူးသွားကြကုန်၏။ လှေသင်္ဘောသည် သမုဒ္ဒရာ အလယ်၌ ကွဲပျက်လေ၏။ ဇနီးခင်ပွန်းနှစ်ယောက်တို့သည် ပျဉ်ချပ်ငယ်တစ်ခုကို ကိုင်ယူ၍ သမုဒ္ဒရာအတွင်း ကျွန်းငယ်သို့ ဝင်မိကြကုန်၏။

ကျန်လူအားလုံးတို့သည် သမုဒ္ဒရာအလယ်၌သာ သေကြကုန်၏။ ထိုကျွန်းငယ်၌ များစွာသော ငှက်အပေါင်းသည် နေလေ၏။ ထိုဇနီးခင်ပွန်းတို့သည် အခြားသော စားစရာကို မတွေ့မြင်ကြ၍ ဆာလောင်ကြသောကြောင့် ငှက်ဥတို့ကို မီးကျည်းခဲတို့၌ ဖုတ်၍ စားကြကုန်၏။ ငှက်ဥတို့ကုန်၍စားစရာမရှိပြန်သော် ငှက်ငယ်တို့ကို ယူ၍ စားကြသည်။ ပထမအရွယ်၌လည်းကောင်း၊ မဇ္ဈိမအရွယ်၌လည်းကောင်း၊ ပစ္ဆိမအရွယ်၌လည်းကောင်း၊ ဤသို့ပင်စားကြကုန်သည်သာ တစ်ခုသောအရွယ်၌သော်လည်း အပ္ပမာဒသို့ (မမေ့မလျော့ခြင်းသို့) မရောက်ကြကုန်၊ ထိုဇနီးခင်ပွန်းနှစ်ယောက်တို့တွင် တစ်ယောက်သော်လည်း အပ္ပမာဒသို့ မရောက်ခဲ့ပြီ။

မြတ်စွာဘုရားသည် ဗောဓိမင်းသား၏ ရှေး၌ပြုခဲ့ဖူးသော ဤမကောင်းမှုကံကို ဖော်ပြ၍ ဗောဓိမင်းသား သင်သည် ထိုအချိန်အခါက တစ်ခုသောအရွယ်၌သော်လည်း ဇနီးဖြစ်သူနှင့်အတူ အကယ်၍ အပ္ပမာဒသို့ ရောက်ခဲ့ပါမူ တစ်ခုသော အရွယ်၌သော်လည်း သားသော်လည်းကောင်း၊ သမီးသော်လည်းကောင်း ဖြစ်ပေါ်လေရာ၏။ အကယ်၍ သင်တို့နှစ်ယောက်တွင် တစ်ယောက်သည် သော်လည်း မမေ့မလျော့သူဖြစ်ခဲ့ပါမူ ထိုသူကို အစွဲပြု၍ သားသော်လည်းကောင်း၊ သမီးသော်လည်းကောင်း ဖြစ်လေရာပြီ။

မှန်၏။ ဗောဓိမင်းသား မိမိကိုယ်ကို ချစ်အပ်သူဟု မှတ်ထင်သူသည် အရွယ်သုံးပါးလုံး၌ မမေ့မလျော့သူအဖြစ်ဖြင့် မိမိကိုယ်ကို စောင့်ရှောက်သင့်သည်။ အရွယ်သုံးပါးလုံး၌ မိမိကိုယ်ကို မစောင့်ရှောက်နိုင်သူသည် အရွယ်တစ်ခု၌သော်လည်း စောင့်ရှောက်သင့်သည်သာဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

"အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော"

ပဏ္ဍိတော - အသိအလိမ္မာရှိသူသည်၊ အတ္တာနံ - မိမိကိုယ်ကို၊ ပိယံ - ပိယံဉ္စတိ - ချစ်အပ်သူဟု၊ စေဇညာ - ဝေဇာနေယျ - အကယ်၍သိငြားအံ့၊ ဧဝံသတိ - ဤသို့ သိသည်ရှိသော်၊ သုရက္ခိတံ - ကောင်းစွာ စောင့်ရှောက်အပ်သော၊ နံ - ထိုမိမိကိုယ်ကို၊ ရက္ခေယျ - စောင့်ရှောက်ရာ၏။ တိဏ္ဏံ - ပထမအရွယ်၊ မဇ္ဈိမအရွယ်၊ ပစ္ဆိမအရွယ်ဟူသော သုံးပါးသော အရွယ်တို့တွင်၊ အညတရံ - တစ်ခုခုသော၊ ယာမံ - အရွယ်၌၊ အတ္တာနံ - မိမိကိုယ်ကို၊ ပဋိဇဂ္ဂေယျ - မပေ့မပြင်း အပြစ်ကင်းအောင် ရှင်းလင်းသုတ်သင်ရာသတည်း။

(မြတ်စွာဘုရား၏ ဓမ္မိဿရ ဖြစ်တော်မူခြင်း၊ ဒေသနာတော်၌ ကျွမ်းကျင်လိမ္မာတော်မူခြင်းကြောင့် ဝယံ ဟု ဟောရမည်ကို ယာမံဟု ဟောထားကြောင်း အဋ္ဌကထာဖွင့်သည်။

အညတရံ ယာမံ၌ ဒုတိယာဝိဘတ်ကို သတ္တမီအနက်၌ သက်)

ဖော်ပြပါ ဂါထာ၏ အဓိပ္ပာယ်ကား - လူဖြစ်သူသည် မိမိကိုယ်ကို စောင့်ရှောက်မည်အကြံဖြင့် အထက်ပြာသာဒ်အပြင်၌ အစောင့်အရှောက်ရှိသော အခန်းတွင်းသို့ ဝင်၍ အစောင့်အရှောက်ပြည့်စုံစွာ

ဖြင့် နေသော်လည်း မိမိကိုယ်ကို စောင့်ရှောက်တတ်သူမဟုတ်။ စောင့်ရှောက်သူမမည်။ စွမ်းအားရှိသလောက် ဒါနသီလအစရှိသော ကောင်းမှုတို့ကို ပြုလုပ်သူမှ မိမိကိုယ်ကို စောင့်ရှောက်သည်မည်၏။

ရဟန်းဖြစ်သူသည် ကောင်းစွာ စီစဉ်ထားအပ်သော တံခါးပေါက်လေသာပြူတင်းရှိသော လိုဏ်ဂူ၌ နေသော်လည်း မိမိကိုယ်ကို စောင့်ရှောက်သည်မမည်။ စောင့်ရှောက်ရာမရောက်။ ဝင်္ငကြီးဝင်္ငယ်ပြုခြင်း၊ စာပေပရိယတ္တိ သင်ယူခြင်း၊ နှလုံးသွင်း ဆင်ခြင်ခြင်းတို့၌ ကြောင့်ကြစိုက် အားထုတ်နေမှ မိမိကိုယ်ကို စောင့်ရှောက်သူမည်၏။

အရွယ်သုံးပါးလုံး၌ ဤသို့မစောင့်ရှောက်နိုင်လျှင် အသိလိမ္မာရှိသူသည် တစ်ခုခုသော အရွယ်၌ မိမိကိုယ်ကို စောင့်ရှောက်သည်သာဖြစ်၏။

လူဖြစ်သူသည် ပထမအရွယ်၌ မြူးထူးပျော်ပါးနေမှုကြောင့် ကုသိုလ်မပြုနိုင်ခဲ့လျှင် မဇ္ဈိမအရွယ်၌ မမေ့မလျော့သူဖြစ်၍ ကုသိုလ်ကို ပြုရမည်။ အကယ်၍ မဇ္ဈိမအရွယ်၌ သားမယားတို့ကို ရှာဖွေကျွေးမွေး စောင့်ရှောက်နေရသဖြင့် ကုသိုလ်မပြုနိုင်ခဲ့လျှင် ပစ္ဆိမအရွယ်၌ ဧကန်ပြုရမည်သာဖြစ်၏။ ဤသို့ပြုသောသူသည်လည်း မိမိကိုယ်ကို ရှင်းလင်းသုတ်သင်သူပင်ဖြစ်၏။ ဤသို့မပြုသောသူသည် မိမိကိုယ်ကို ချစ်သူမဟုတ်တော့ပြီ။ မိမိကိုယ်ကို အပယ်လားအောင် ပြုသူသာဖြစ်တော့သည်။

ရဟန်းဖြစ်သူသည် အကယ်၍ ပထမအရွယ်၌ စာပေရွတ်အံ သရဇ္ဈာယ်ခြင်း၊ နှုတ်တက် အာဂုံဆောင်ခြင်း၊ ပို့ချခြင်းကို ပြုနေ၍ ဝတ်ကြီးဝတ်ငယ်ကို ပြုနေ၍ ပမာဒသို့ ရောက်နေခဲ့လျှင် မဇ္ဈိမအရွယ်၌ မမေ့မလျော့သူအဖြစ်ဖြင့် ရဟန်းတရားကို အားထုတ်ပြုလုပ်ရမည်။

အကယ်၍ ပထမအရွယ်က သင်ယူခဲ့သော စာပေကျမ်းဂန်၏အဖွင့် အဋ္ဌကထာကိုသော်လည်းကောင်း၊ အဆုံးအဖြတ်ကိုသော်လည်းကောင်း အကြောင်းဟုတ်သည် မဟုတ်သည်ကိုလည်းကောင်း မေးမြန်းစီစစ်နေရ၍ မဇ္ဈိမအရွယ်၌ ပမာဒသို့ ရောက်နေသည်ရှိသော် ပစ္ဆိမအရွယ်၌ မမေ့မလျော့သူအဖြစ်ဖြင့် ရဟန်းတရားကို စင်စစ်အားထုတ်ပြုလုပ်ရမည်သာဖြစ်၏။ ဤသို့ပြုသော ရဟန်းသည်လည်း မိမိကိုယ်ကို စောင့်ရှောက်အပ်သည်သာ ဖြစ်၏။ ဤသို့မပြုသော ရဟန်းသည် မိမိကိုယ်ကို ချစ်သူမဟုတ်တော့ပြီ။

မိမိကိုယ်ကို နောက်၌ အစဉ်ပူပန်စေခြင်းဖြင့်သာ ပူပန်စေသူ ဖြစ်တော့သည်။

ဤကား ပါဠိတော်ဂါထာ၏ အဋ္ဌကထာ ဖွင့်ပြသော အဓိပ္ပာယ်တည်း။

ဒေသနာတော်အဆုံး၌ ဗောဓိမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာသော ပရိသတ်၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေ၏။

ဗောဓိရာဇ ကုမာရဝတ္ထု ပြီး၏။

## ၂၇။ ဥပနန္ဒသကျပုတ္တထေရဝတ္ထု
## သာကီဝင်မင်းသား ဥပနန္ဒထေရ်အကြောင်း

ဥပနန္ဒထေရ်သည် တရားစကား၊ ဟောပြောခြင်း၌ လိမ္မာသူဖြစ်၏။ ထိုဥပနန္ဒထေရ်၏ ရောင့်ရဲလွယ်ခြင်း အစရှိသည်နှင့် စပ်ယှဉ်သော တရားစကားကို ကြားနာကြရသောကြောင့် များစွာသောရဟန်းတို့သည် ဥပနန္ဒထေရ်ကို တိစီဝရိတ် (သင်္ကန်းသုံးထည်) တို့ဖြင့် ပူဇော်၍ ဓုတင်တို့ကို ဆောက်တည်ကျင့်သုံးကြကုန်၏။

ဓုတင်ဆောက်တည် ကျင့်သုံးသော ရဟန်းတို့သည် စွန့်အပ်သော ပရိက္ခရာ၊ အသုံးအဆောင် တို့ကို ထိုမထေရ်သည်ပင် ခံယူထားလိုက်သည်။

ဥပနန္ဒထေရ်သည် ဝါဝင်ကာလ အချိန်တစ်ခု နီးကပ်လာသော် ဇနပုဒ်သို့ သွားလေ၏။

ထိုအခါ ဥပနန္ဒထေရ်ကို ကျောင်းတစ်ကျောင်း၌ သာမဏေငယ်တို့သည် ဓမ္မကထိက ပုဂ္ဂိုလ်ကို မြတ်နိုးခြင်းဖြင့် အရှင်ဘုရား ဤကျောင်း၌ ဝါကပ်တော်မူပါဟု လျှောက်ထားကြသည်။

ဤကျောင်း၌ အဘယ်မျှလောက်သော ဝါဆိုသင်္ကန်းကို ရအပ်သနည်းဟု မေးသဖြင့် သာမဏေ ငယ်တို့က တစ်ထည်တစ်ထည်သော သင်္ကန်းလျာအဝတ်ကို ရအပ်ပါ၏ဟု လျှောက်ထားအပ်သော် ထိုကျောင်း၌ ဖိနပ်တို့ကို ထားခဲ့ပြီး အခြားကျောင်းသို့ သွားပြန်သည်။

ဒုတိယကျောင်းသို့ သွား၍ ဤကျောင်း၌ ဝါဆိုသင်္ကန်းအဘယ်မျှကို ရအပ်သနည်းဟုမေး၍ သင်္ကန်းလျာအဝတ်နှစ်ထည်တို့ကို ရအပ်ပါ၏ဟု သာမဏေငယ်တို့က လျှောက်ထားအပ်သော် - တောင်ဝှေးကို ထားခဲ့လေ၏။ တတိယကျောင်းသို့ သွား၍ ဤကျောင်း၌ဝါဆိုသင်္ကန်း အဘယ်မျှရအပ် သနည်းဟု မေး၍ သင်္ကန်းလျာအဝတ် သုံးထည်တို့ကို ရအပ်ပါ၏ဟု လျှောက်ထားအပ်သော်၊ ထိုကျောင်း၌ ရေဗူးကိုထားခဲ့လေ၏။

စတုတ္ထကျောင်းသို့သွား၍ ဤကျောင်း၌ ဝါဆိုသင်္ကန်းအဘယ်မျှကို ရအပ်သနည်းဟု မေး၍ သင်္ကန်းလျာ အဝတ်လေးထည်တို့ကို ရအပ်ပါ၏ဟု လျှောက်ထားအပ်သော် ကောင်းပြီ ဤကျောင်း၌ ငါဝါဆိုမည်ဟုပြောကာ ထိုကျောင်း၌ ဝါကပ်ပြီးလျှင် လူတို့အားလည်းကောင်း၊ ရဟန်းတို့အားလည်း ကောင်း။ တရားစကားကို ဟောပြလေ၏။ ထိုလူရဟန်းတို့သည် ဥပနန္ဒထေရ်ကို များစွာသော အဝတ် အထည်သင်္ကန်းတို့ဖြင့် ပူဇော်ကြသည်။ ဥပနန္ဒထေရ်သည် ဝါကျွတ်လတ်သော် ဝါဆိုရာကျောင်းမှ တစ်ပါးသော ကျောင်းတို့၌လည်း သတင်းစကားကို ပို့ဆောင်၍ ငါသည်ပရိက္ခရာ အသုံးအဆောင်ကို ထားခဲ့သောကြောင့် ဝါဆိုသင်္ကန်းကိုရထိုက်သည်၊ ထိုဝါဆိုသင်္ကန်းကို ငါ့ထံပို့လာကြဟု သတင်းပို့ပြီး ရသင့်သမျှအားလုံးကို ယူဆောင်စေ၍ ယာဉ်ကိုပစ္စည်းဖြင့် ပြည့်စေပြီး သွားလေ၏။

ထိုမှတစ်ပါး ကျောင်းတစ်ကျောင်း၌ ရဟန်းငယ်နှစ်ပါးတို့သည် အဝတ်နှစ်ထည်နှင့် ကမ္ဗလာ တစ်ထည်ကို ရကြ၍ သင့်အား အဝတ်နှစ်ထည်တို့ ဖြစ်စေကုန်၊ ငါ့အား ကမ္ဗလာတစ်ထည် ဖြစ်စေဟု ခွဲဝေခြင်း၌ မတတ်နိုင်ကြ၍ လမ်းခရီးအနီး၌ ထိုင်ကြပြီး ငြင်းခုန်နေကြ၏။ ထိုရဟန်းငယ်နှစ်ပါးတို့သည်

ကြွလာသော ဥပနန္ဒထေရ်ကို တွေ့မြင်ကြ၍ -

အရှင်ဘုရား အရှင်ဘုရားတို့သည် တပည့်တော်တို့အား ခွဲဝေပေးတော်မူကြပါဟု လျှောက်ထားကြကုန်၏။

သင်တို့သာ ခွဲဝေကြပါ။

အရှင်ဘုရား တပည့်တော်တို့ ခွဲဝေရန် မတတ်နိုင်ကြပါ။ အရှင်ဘုရားတို့သာ တပည့်တော်တို့အား ခွဲဝေပေးတော်မူကြပါ။

ခွဲဝေပေးရမည်ဖြစ်လျှင် ငါ့စကား၌ တည်ကြမည်လော။

တည်ကြပါမည် ဘုရား။

တည်ကြမည်ဖြစ်လျှင် ကောင်းပါ၏ဟု ပြောဆိုကာ ရဟန်းငယ်နှစ်ပါးတို့အား အဝတ်နှစ်ထည်ကိုပေး၍ ဤအထည်သည် ဓမ္မကထာကို ဟောပြသော ငါတို့အား ရုံထိုက်သော အထည်ဖြစ်သည်ဟု ပြောပြီး အဖိုးများစွာ ထိုက်သော ကမ္ဗလာအထည်ကို ယူ၍ ဖယ်ခွာသွားလေ၏။

ရဟန်းငယ်တို့သည် နှလုံးမသာမယာ ဖြစ်ကြကာ မြတ်စွာဘုရားထံသွား၍ ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ဥပနန္ဒသည် ယခုအခါ၌သာ သင်တို့၏ ပစ္စည်းကိုယူ၍ သင်တို့ကို နှလုံးမသာမယာသူများဖြစ်အောင် ပြုသည်မဟုတ်သေး။ ရှေးအခါ၌လည်း ပြုခဲ့ဖူးသည်သာဟု မိန့်တော်မူကာ အတိတ်ဖြစ်ရပ် အတ္ထုပ္ပတ္တိကို ဆောင်ပြတော်မူသည်။

လွန်လေပြီးသောအခါ ရေတိမ်ရာ မြစ်ကမ်း၌ အစဉ်လိုက်၍ ကျက်စားတတ်သောကြောင့် အနုတီရစာရီ အမည်ရှိသော ဖျံနှင့် ရေနက်ရာ၌ ကျက်စားတတ်သောကြောင့် ဂမ္ဘီရစာရီ အမည်ရှိသော ဖျံနှစ်ကောင်တို့သည် ငါးကြင်းကြီးတစ်ကောင်ကို ရ၍ ငါ့အဖို့ဦးခေါင်းပိုင်းဖြစ်စေ၊ သင့်အဖို့ အမြီးပိုင်းဖြစ်စေဟု ငြင်းခုန်ကြကာ ခွဲဝေရန်မတတ်နိုင်ကြ၍ မြေခွေးတစ်ကောင်ကို တွေ့မြင်ကြသော် - ဦးရီး ဤငါးကိုကျုပ်တို့အား ခွဲဝေပေးပါဟု ပြောကြသည်။

ငါ့ကို ရှင်ဘုရင်က တရားဆုံးဖြတ်ရာ တရားသဘင်၌ ထားအပ်၏။ တရားသဘင်၌ ကြာရှည်စွာ ထိုင်ရ၍ အညောင်းပြေလမ်းလျှောက်ရန်လာခဲ့သည်။ ယခုအခါ ငါ့အား တရားဆုံးဖြတ်ခွင့်မရှိဟု မြေခွေးက ပြောဆိုလေသော် ဦးရီး ဤသို့မပြုပါနှင့်။ ကျုပ်တို့အား ခွဲဝေ၍သာ ပေးပါ။

ငါ့စကား၌ တည်နိုင်ကြမည်လော။

ဦးရီးတည်နိုင်ကြပါမည်။

တည်နိုင်ကြလျှင် ကောင်းပြီဟုပြောဆိုကာ မြေခွေးသည် ငါးဦးခေါင်းကို ဖြတ်၍ တစ်နေရာ၌ ထားသည်။ ငါးအမြီးကို ဖြတ်၍ တစ်နေရာ၌ထားသည် ထားပြီးသော် အမောင်တို့ ရေတိမ်ရာ မြစ်ကမ်းအနီး၌ ကျက်စားသော အနုတီရစာရီ ဖျံသည် အမြီးပိုင်းကိုယူစေ။ ရေနက်ရာ၌ ကျက်စားသော ဂမ္ဘီရစာရီဖျံသည် ငါး၏ ဦးခေါင်းပိုင်းကို ယူစေ - ဤအလယ်ပိုင်းသည်ကား အဆုံးအဖြတ်တရား၌ တည်သော ငါမြေခွေးအဖို့ ဖြစ်လိမ့်မည်ဟု ဖျံနှစ်ကောင်တို့ကို အသိပေးလိုသည်ဖြစ်၍

"အနုတီရစာရိ နင်္ဂုဋ္ဌံ၊ သီသံ ဂမ္ဘီရစာရိနော။
အစ္စာယံ မဇ္ဈိမော ခဏ္ဍော၊ ဓမ္မဋ္ဌဿ ဘဝိဿတိ"

ဟူသော ဤဂါထာကို ရွတ်ဆို၍ ငါးကြင်းအလယ်ပိုင်းကို ယူ၍ ထွက်ပြေးလေ၏။ ထိုဖျံတို့သည်လည်း နှလုံးမသာမယာဖြစ်ကြပြီး မြေခွေးကို လှမ်းမျှော်ကြည့်လျက် နေရစ်ကြကုန်၏။

အနုတီရစာရိ - အနုတီရစာရိနော - အနုတီရစာရိ ဖျံအား ဝါ - ဖျံ၏ ဝါ - ဖျံအတွက်၊ နင်္ဂုဋ္ဌံ - ငါးကြင်းအမြီးပိုင်းသည်၊ ဘဝိဿတိ - ဖြစ်လတ္တံ့။

ဂမ္ဘီရစာရိနော - ဂမ္ဘီရစာရီဖျံအား ဝါ - ဖျံ၏ ဝါ - ဖျံအတွက်၊ သီသံ - ငါးဦးခေါင်းပိုင်းသည်၊ ဘဝိဿတိ - ဖြစ်လတ္တံ့။

အထ - ထိုမှတစ်ပါး မဇ္ဈိမော - အလယ်ဖြစ်သော၊ အယံ ခဏ္ဍော - ဤငါးကြင်းပိုင်းသည်၊ ဓမ္မဋ္ဌဿ - အဆုံးအဖြတ်တရား၌တည်သော ငါ့အား ဝါ - ငါ၏၊ ဝါ- ငါ့အတွက် ဘဝိဿတိ - ဖြစ်လတ္တံ့။

(အစ္စာယံ ၌ - အထာယံဟု အချို့စာရှိသည့်အတိုင်းအနက်ပေးသည်။)

မြတ်စွာဘုရားသည် အတိတ်ဖြစ်ရပ် ဤအတ္ထုပ္ပတ်ကို ပြတော်မူ၍ ဤဥပနန္ဒသည် ဤသို့ပင် အတိတ်ဘဝ၌လည်း သင်တို့ကို နှလုံးမသာမယာသူများဖြစ်အောင် ပြုခဲ့ဖူးသည်သာဟု ထိုရဟန်းတို့ကို သိစေပြီးလျှင် ဥပနန္ဒကို ကဲ့ရဲ့တော်မူလျက် -

ရဟန်းတို့ သူတစ်ပါးကို ဆုံးမသူမည်သည် မိမိကိုယ်ကို ရှေးဦးစွာသာ သင့်လျော်ရာ၌ တည်စေအပ်၏။ တည်စေရမည်ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောပြတော်မူသည်။

"အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညအနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော"

အတ္တာဂနမေဝ - မိမိကိုယ်ကိုသာလျှင်၊ ပဌမံ - ရှေးဦးစွာ၊ ပတိရူပေ - သင့်လျော်သော ဂုဏ်အကျင့်၌၊ နိဝေသယေ - သက်ဝင်စေရာ၏။ ဝါ - တည်စေရာ၏။

အထ - ပစ္ဆာ - ထိုမှနောက်၌၊ အညံ - တစ်ပါးသောသူကို၊ အနုသာသေယျ - ထိုဂုဏ်အကျင့်တို့ဖြင့် ဆုံးမရာ၏။

ပဏ္ဍိတော - ပညာရှိသည်၊ ဧဝံကရောန္တော - ဤသို့ပြုလျက် နကိလိဿေယျ - မညစ်နွမ်းစေရာ။

ဒေသနာတော်အဆုံး၌ ထိုရဟန်းငယ်နှစ်ပါးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြပြီ။ ရဟန်းရှင်လူ များစွာသော သူ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

**ဥပနန္ဒသကျပုတ္တတ္ထေရဝတ္ထု ပြီး၏။**

## ၂၈။ ပဓာနိကတိဿထေရဝတ္ထု
## ကမ္မဋ္ဌာန်းအားထုတ်သည်ဆိုသော, တိဿထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပဓာနိကတိဿထေရ်သည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကိုတောင်းယူပြီး ရဟန်းငါးရာတို့ကို ခေါ်၍ တော၌ဝါကပ်ပြီးသော်-

ငါ့ရှင်တို့ သင်တို့သည် သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကို ယူအပ်၏။ မမေ့မလျော့သူများဖြစ်ကြ၍သာ ရဟန်းတရားကို အားထုတ်ကြပါဟု ကျန်ရဟန်းတို့ကို ဆုံးမ၍ မိမိကိုယ်တိုင် မူသွား၍ အိပ်နေလေ၏။

ထိုရဟန်းတို့သည် ပဌမယာမ်၌ စင်္ကြံသွား၍ မဇ္ဈိမယာမ်၌ ကျောင်းတွင်းသို့ ဝင်ကြကုန်၏။

ပဓာနိကတိဿထေရ်သည် အိပ်ပျော်ပြီး၍ နိုးလာသောအခါ ထိုရဟန်းတို့ထံသွားပြီး အသို့နည်း။ သင်တို့သည် အိပ်ပြီး၍ အိပ်ကြဦးမည်ဟု လာကြကုန်သလော။ လျင်မြန်စွာကျောင်းမှထွက်၍ ရဟန်းတရားကို အားထုတ်ကြဟုပြောပြီး မိမိကိုယ်တိုင်ကမူ ရှေးနည်းအတိုင်းသွား၍ အိပ်နေလေ၏။ ထိုထေရ်မှ တစ်ပါးသော ရဟန်းတို့သည် မဇ္ဈိမယာမ်၌ ကျောင်းပြင်ပ၌ စင်္ကြံသွားကြပြီး ပစ္ဆိမယာမ်၌ ကျောင်းတွင်းသို့ ဝင်ကြကုန်၏။

ပဓာနိကတိဿထေရ်သည် နောက်ထပ်တဖန် အိပ်ရာမှ နိုးပြန်၍ ရဟန်းတို့ထံသို့ သွားပြီး ထိုရဟန်းတို့ကို ကျောင်းမှ ပြင်ပ၌ ထုတ်၍ မိမိကမူ ရှေးနည်းတူ တဖန်သွား၍ အိပ်နေပြန်၏။

ထိုပဓာနိကတိဿထေရ်သည် အမြဲမပြတ် ဤသို့ပြုလုပ်နေလေသော် ရွတ်အံ၊ သရဇ္ဈာယ်ခြင်းငှာ လည်းကောင်း၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းငှာ လည်းကောင်း၊ ထိုရဟန်းတို့၏ စိတ်သည် မတည်မတံ့ ပျံ့လွင့်လေ၏။

ထိုရဟန်းတို့သည် ငါတို့၏ ဆရာသည် လွန်လွန်ကဲကဲအားထုတ်အပ်သော ဝီရိယရှိ၏။ ဆရာကို စုံစမ်းအကဲခတ်ကြစို့ဟု တိုင်ပင်ကြကာ စုံစမ်းအကဲခတ်ကြလေကုန်သော် ဆရာရှင်ရဟန်း၏ အပြုအမူကို တွေ့မြင် ကြ၍ ငါ့ရှင်တို့ ငါတို့ ပျက်စီးကုန်ပြီ ငါတို့ ဆရာသည် အချည်းနှီးသော အသံကိုမြည်နေသည်ဟု ပြောဆိုကြကုန်၏။ အိပ်လိုခြင်းဖြင့် အလွန်ပင်ပန်းကုန်သော ထိုရဟန်းတို့တွင် ရဟန်းတစ်ပါးသည် သော်လည်း တရားအထူးကို ဖြစ်ပေါ်စေရန် မတတ်နိုင်ချေ။ ထိုရဟန်းတို့သည် ဝါကျွတ်ကုန်ပြီဖြစ်၍ - မြတ်စွာဘုရားထံသွား၍ မြတ်စွာဘုရားသည် ပြုအပ်သော နှုတ်ခွန်းဆက်ခြင်း ရှိကြကာ၊ ရဟန်းတို့ အသို့နည်း မမေ့မလျော့ကုန်ဘဲ ရဟန်းတရားကို အားထုတ်ခဲ့ကြ ကုန်သလောဟု မေးအပ်ကုန်သော် ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားက ရဟန်းတို့ ယခုအခါ၌သာ မဟုတ်သေး ရှေးအခါ၌လည်း ပဓာနိကတိဿသည် သင်တို့၏ အန္တရာယ်ကို ပြုဖူးသည်သာ ဟု မိန့်တော်မူကာ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍-

"အမာတာပိတရ သံဝဍ္ဎော၊ အနာစေရ ကုလေ ဝသံ။
နာယံ ကာလံ အကာလံ ဝါ၊ အဘိဇာနာတိ ကုက္ကုဋော"

ဟူသော တွန်ချိန်မဟုတ်ရာ၌ တွန်သော ကြက်ဖတ်ကို အကျယ်ချဲ့၍ ဟောတော်မူသည်။

အမာတာပိတရသံဝဍ္ဍော - မိဖတို့ထံ၌ မကြီးသော၊ အနာစေရကုလေ - ဆရာမရှိသောအမျိုး၌၊ ဝသံ - ဝသန္တော - နေထိုင်သော၊ အယံ ကုက္ကုဋော - ဤကြက်သည်၊ ကာလံ ဝါ - တွန်ရမည့်အချိန်ကို လည်းကောင်း၊ အကာလံဝါ - မတွန်ရမည့်အချိန်ကိုလည်းကောင်း၊ နအဘိဇာနာတိ - မသိ။

မှန်၏။ ယခုအခါ ပဓာနိကတိဿထေရ်သည် ထိုအချိန်အခါ၌ ထိုကြက်ဖြစ်ခဲ့ပြီး၊ ဤရဟန်းငါးရာတို့သည် ထိုအချိန်အခါ၌ ထိုလုလင်တို့ ဖြစ်ခဲ့ကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာ ထိုအချိန်အခါ၌ ဒိသာပါမောက္ခဆရာ ဖြစ်ခဲ့ပြီဟု မြတ်စွာဘုရားသည် ဤဇာတ်ကို အကျယ်ဟောပြပြီး ရဟန်းတို့ သူတစ်ပါးကို ဆုံးမသူမည်သည် မိမိကိုယ်ကို ကောင်းစွာဆုံးမပြီးသူ ယဉ်ကျေးသူဖြစ်အောင် ပြုအပ်သည်။ ပြုသင့်သည်၊ ပြုထိုက်သည်။

မှန်၏ ဤသို့ဆုံးမသူသည် မိမိကိုယ်တိုင် ယဉ်ကျေးသည် ဖြစ်၍ ဆုံးမသည်မည်၏ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"အတ္တာနဉ္စေ တထာ ကယိရာ၊ ယထာညမနုသာသတိ။

သုဒန္တော ဝတ ဒမေထ၊ အတ္တာဟိ ကိရဒုဒ္ဒမော"

ယထာ - ယေန - အာစာရေန - အကြင်သို့သောအကျင့်ဖြင့် အညံ - မိမိမှတစ်ပါး အခြားသူကို စေအနုသာသတိ - အကယ်၍ဆုံးမသည် ဖြစ်အံ့ (ဇဝံသတိ) တထာ - တေန - အာစာရေန - ထိုသို့သော အကျင့်ဖြင့် အတ္တာနံ - မိမိကိုယ်ကို၊ ကယိရာပြုရာ၏။

ဝတ - စင်စစ်၊ သုဒန္တော - မိမိကိုယ်တိုင် ယဉ်ကျေးသူသည် ဟုတ္တာ - ဖြစ်၍၊ အညံ - မိမိမှတစ်ပါး အခြားသူကို ၊ ဒမေထ - ဆုံးမရာ၏။

ဟိ - မှန်၏။ အတ္တာ - မိမိကိုယ်သည်၊ ကိရ - စင်စစ်၊ ဒုဒ္ဒမော - ဆုံးမခက်၏။

(တနည်း)

ဟိ - ဒယသ္မာ - အကြင်ကြောင့်၊ အတ္တာ - မိမိကိုယ်သည်၊ ကိရ - စင်စစ်၊ ဒုဒ္ဒမော - ဆုံးမခက်၏။

တသ္မာ - ထို့ကြောင့် သုဒန္တော - မိမိကိုယ်တိုင်ယဉ်ကျေးသူသည်၊ ဝတ - စင်စစ် (ဟုတ္တာဖြစ်၍) အညံ - မိမိမှတစ်ပါး အခြားသူကို၊ ဒမေထ - ဆုံးမရာ၏။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်ပြီ။

**ပဓာနိကတိဿထေရဝတ္ထု ပြီး၏။**

## ၂၉။ မဟာကာလဥပါသကာဝတ္ထု
## သောတာပန် ဥပါသကာ မဟာကာလအကြောင်း

မဟာကာလဥပါသကာသည် လတစ်လ၏ ရှစ်ရက်တို့၌ ဥပုသ်စောင့်၍ ဇေတဝန်ကျောင်း၌ တစ်ညလုံး တရားနာယူနေ၏။ ထိုအခါတွင် ညအချိန်၌ ခိုးသူတို့သည် အိမ်တစ်အိမ်၌ ခြံစည်းရိုးကို ဖျက်ဆီး၍ ဥစ္စာထုပ်ကို ယူကြလေသော် ကြေးအိုးခွက်သံကြောင့် အိပ်ရာမှနိုးကုန်သော ဥစ္စာရှင်တို့သည် ထက်ကြပ်မကွာ လိုက်အပ်ကုန်သည်ဖြစ်၍ ယူပြီးသော ဥစ္စာအချို့ကို စွန့်ပစ်၍ ပြေးကြကုန်၏။

ဥစ္စာရှင်တို့လည်း ခိုးသူတို့ကို လိုက်မြဲလိုက်ကြကုန်၏။ ခိုးသူတို့သည် အရပ်မျက်နှာတို့သို့ ပြေးသွားကြကုန်၏။ ခိုးသူတစ်ယောက်သည်ကား ဇေတဝန်ကျောင်းသို့ သွားရာလမ်းကို ယူပြီးသော် ညအခါတရားနာ၍ နံနက်စောစော ရေကန်ကမ်းအနီး၌ မျက်နှာသစ်နေသော မဟာကာလ ဥပါသကာ၏ ရှေ့၌ ဥစ္စာထုပ်ကို စွန့်ပစ်၍ ပြေးလေ၏။ ခိုးသူတို့ကို လိုက်၍ ရောက်လာသော လူတို့သည် ဥစ္စာထုပ်ကိုမြင်ကြလေသော် သင်သည် ငါတို့ အိမ်ဝင်းခြံကို ဖျက်ဆီး၍ ဥစ္စာထုပ်ကို ခိုးယူပြီး တရားနာနေသူကဲ့သို့ ပြုနေသည်ဟု ပြောကြကာ မဟာကာလ ဥပါသကာကို ဖမ်းချုပ်ရိုက်နှက်သတ်ပြီး စွန့်ပစ်သွားကြကုန်၏။

ထိုအခါ နံနက်စောစော ရေအိုးကိုယူ၍ သွားကြသော သာမဏေငယ်တို့သည် မဟာကာလဥပါသကာ၏ ရုပ်အလောင်းကို တွေ့မြင်ကြသော်ကျောင်း၌ တရားနာ၍ အိပ်လေ့ရှိသော ဥပါသကာသည် မသင့်လျော်သော သေခြင်းကို ရလေ၏ဟု ပြောကြကာ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ဤအတ္တဘော၌ ကာလသည် မသင့်လျော်သော သေခြင်းကို ရအပ်သည် မှန်သော်လည်း ကာလသည် ရှေး၌ ပြုအပ်သော ကံအား သင့်လျော်သည်သာဖြစ်သော သေခြင်းကို ရအပ်သည်ဟု မိန့်တော်မူ၍ ရဟန်းတို့သည် လျှောက်ထားတောင်းပန်အပ်သော မြတ်စွာဘုရားသည် မဟာကာလ ဥပါသကာ၏ ရှေးအတိတ်က ပြုခဲ့သော ကံကို ဟောပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ နိုင်ငံတွင် တိုင်းပြည်အစွန်အဖျားဖြစ်သော ရွာတစ်ရွာ၏ တောအုပ်ဝ၌ ခိုးသူတို့သည် နေထိုင်ကြကုန်၏။

ဗာရာဏသီမင်းသည် တောအုပ်အဝ၌ မင်းခစားတစ်ယောက်ကိုထားလေ၏။ မင်းခစားသည် အဖိုးအခကို ယူ၍ လူတို့ကို တောအုပ်ဤမှာဘက်မှ ထိုမှာဘက်သို့ ပို့ပေး၏။ ထိုမှာဘက်မှ ဤမှာဘက်သို့ ယူဆောင်၏။

ထိုအချိန်တွင် လူတစ်ယောက်သည် မိမိ၏ အဆင်းလှသောမယားကို ယာဉ်ငယ်ပေါ်တင်၍ ထိုအရပ်သို့သွားလေ၏။ မင်းခစားယောကျာ်းသည် ထိုမိန်းမကို မြင်၍သာ (မြင်လျှင်မြင်ခြင်းပင်) ချစ်ခင်သူဖြစ်၍ မိန်းမ၏ ယောကျာ်းသည် အို . . . အရှင်ကျွပ်တို့ကို တောအုပ်ကို လွန်မြောက်ပေးပါဟု ပြောဆိုအပ်သော်လည်း ယခုအချိန် မရှိတော့ပြီ။ နံနက်စောစော၌ လွန်မြောက်ပေးမည်ဟု (လွန်အောင်

ပို့ပေးမည်ဟု) ပြော၏။ မိန်းမ၏ ယောကျ်ားသည် အိုအရှင်အချိန်ရှိပါသေးသည် ယခုပင် ကျုပ်တို့ကို ပို့ဆောင်ပေးပါ။

အို. . . မိတ်ဆွေ ပြန်လှည့်ပါ။ ကျုပ်တို့၏ အိမ်၌သာစားဖွယ်နှင့် နေစရာဖြစ်ပါလိမ့်မည်ဟုပြော၏။

တောအုပ်ကို ကူးလိုသော လူသည် ပြန်ဆုတ်ရန်အလိုမရှိပါချေ။

မင်းခစားသည် သူ၏အဖွဲ့သား ယောကျ်ားတို့အား အမှတ်သညာကို ပေး၍ ယာဉ်ကို ပြန်လှည့်စေပြီး ကူးလိုသူ၏အလိုမရှိဘဲ တံခါးမုခ်၌ နေစရာကိုပေး၍ စားသောက်ဖွယ်ကို စီရင်စေ၏။ မင်းခစား၏အိမ်၌ ပတ္တမြား ရတနာတစ်ခုရှိ၏။ မင်းခစားသည် ပတ္တမြားရတနာကို တောအုပ်ကူးလိုသူ ခရီးသွားလူ၏ လှည်းယာဉ်အတွင်း၌ ထည့်ထားစေပြီး လင်းအားကြီးအချိန်၌ ခိုးသူတို့၏ ဝင်လာဟန် အသံကို ပြုစေ၏။ ထိုအခါ မင်းခစား၏ ယောကျ်ားတို့သည်, အို အရှင် ပတ္တမြားရတနာကို ခိုးသူတို့ ခိုးအပ်ပါပြီဟု ပြောဆိုကြကုန်၏။ မင်းခစားသည် ရွာတံခါးဝတို့၌ အစောင့်အရှောက်ကိုထား၍ ရွာတွင်းမှ ထွက်သူတို့ကို စုံစမ်းရှာဖွေကြဟု ပြော၏။

တောအုပ်ကို ကူးလိုသူ လူသည်လည်း နံနက်စောစော၌ပင် လှည်းယာဉ်ကို နွားက၍ မောင်းနှင်သွားလေ၏။ ထိုအခါ ကူးလိုသူ၏ လှည်းယာဉ်ကို ရှာဖွေသုတ်သင်ကြစဉ် မိမိထားအပ်သော ပတ္တမြားရတနာကို မြင်၍ ခြိမ်းခြောက်ပြီး သင်သည် ပတ္တမြားကို ယူ၍ ထွက်ပြေးသည်ဟု ရိုက်နှက်၍ အို . . . အရှင်ရွာစားကြီး ကျုပ်တို့ ခိုးသူကို ဖမ်းယူအပ်ပါသည်ဟု ရွာစားအားပြကြကုန်၏။

ရွာစားသည် ငါ့လူဖြစ်သော မင်းခစား၏ အိမ်၌နေရာကို ပေး၍ ထမင်းကို ကျွေးအပ်ပြီ ပတ္တမြားကို ယူ၍ သွား၏။ ထိုယောကျ်ားယုတ်ကို ဖမ်းဆီးကြဟု ပြောဆိုကာ ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်စေပြီး စွန့်ပစ်စေ၏။

ဤသည်ကား ကာလဥပသကာ၏ ရှေး၌ပြုအပ်သော မကောင်းမှုကံတည်း။ မဟာရွာစားသည် ထိုဘဝမှစုတေလေသော် အဝီစိငရဲ၌ ဖြစ်၍ အဝီစိငရဲ၌ ရှည်လျားစွာသော နေ့ညပတ်လုံးကျက်ပြီးလျှင် ကြွင်းကျန် သောအကျိုး၏ အဖြစ်ဖြင့် ဘဝအရာ၌ ထိုနည်းအတူ ရိုက်နှက်ပုတ်ခတ်အပ်သည်ဖြစ်၍ သေခြင်းသို့ ရောက်ခဲ့ လေပြီ။

မြတ်စွာဘုရားသည် ဤသို့လျှင် မဟာကာလ၏ ရှေးအတိတ်ကံကို ပြတော်မူပြီး ရဟန်းတို့ ဤသို့လျှင် ဤသတ္တဝါတို့ကို မိမိပြုခဲ့သော မကောင်းမှုကံကသာ အပယ်လေးပါးတို့၌ပျက်စီးစေ၏ဟု ဟောတော်မူကာ၊ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"အတ္တာနာဝ ကတံပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ။
အဘိမတ္ထတိ ဒုမ္မေဓံ၊ ဝဇိရံဝသ္မမယံ မဏိံ"

အသ္မမယံ - ကျောက်မှဖြစ်သော၊ ဝဇိရံ - ဝရဇိန်ကျောက်သည်၊ မဏိံ - မိမိဖြစ်ရာကျောက်ကို၊ အဘိ မတ္ထတိက္ကဝ - ထွင်းဖောက်ဖျက်ဆီးသကဲ့သို့၊ အတ္တနာ - မိမိသည်၊ ကတံ - ပြုအပ်သော၊ အတ္တဇံ

- မိမိမှုဖြစ်သော၊ အတ္တသမ္ဘဝံ - မိမိလျှင်ဖြစ်ကြောင်းရှိသော၊ ပါပံ - မကောင်းမှုကံသည်၊ ဒုမ္မေဓံ မိမိတည်ရာ ပညာမဲ့သူကို၊ အဘိမတ္ထတိဟိ - အဘိမတ္ထတိဧဝ - လွှမ်းမိုးဖျက်ဆီးသည်သာတည်း။

ဒေသနာတော်အဆုံး၌ ရောက်လာကြသော ရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကြလေကုန်ပြီ။

မဟာကာလဉပါသကာဝတ္ထု ပြီး၏။

## ၃၀။ ဒေဝဒတ္တဝတ္ထု
## ဒေဝဒတ်အကြောင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ ရဟန်းတို့သည် ဓမ္မသဘင်၌ စကားကိုဖြစ်စေကြကုန်၏။

ငါ့ရှင်တို့ ဒေဝဒတ်သည် သီလမရှိ၊ ယုတ်မာသော သဘောရှိ၏။ သီလမရှိသူ၏ အဖြစ်တည်းဟူသော အကြောင်းတရားသည် တိုးပွားစေအပ်သော တဏှာကြောင့် အဇာတသတ်မင်းကို အားပေးချီးမြှောက်၍ များစွာသော လာဘ်ပူဇော်ဖွယ်ကို ဖြစ်စေကာ အဇာတသတ်မင်းကို ခမည်းတော်ကို သတ်ခြင်း၌ ဆောက်တည်စေ၍ အဇာတသတ်မင်းနှင့်အတူတပေါင်းတည်းဖြစ်၍ အမျိုးမျိုးသော အကြောင်းဖြင့် မြတ်စွာဘုရားကိုသတ်ရန် လုံ့လပြုသူဖြစ်၏ဟူသော ဤစကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ စည်းဝေးကြကြောင်း စကားကို မေးတော်မူပြီးသော် ရဟန်းတို့ ယခုအခါ၌သာ မဟုတ်သေး ရှေးအခါ၌လည်း ဒေဝဒတ်သည် အမျိုးမျိုးသော အကြောင်းဖြင့် ငါဘုရားကိုသတ်ရန် အားထုတ်သူ ဖြစ်၏ဟု မိန့်တော်မူကာ ကုရုင်္ဂမိဂဇာတ် စသည်တို့ကို ဟောတော်မူပြီး -

ရဟန်းတို့ မာလောနွယ်သည် အင်ကြင်းပင်ကို မြေးယှက် ဖုံးလွှမ်း၍ ချိုးဖွဲ့ဖျက်ဆီးလျက် လဲကျစေသကဲ့သို့ စင်စစ် သီလမရှိသော ပုဂ္ဂိုလ်ကို သီလမရှိသူ၏ အဖြစ်တည်းဟူသော အကြောင်းကြောင့် ဖြစ်သော တဏှာသည် ငရဲ စသည်တို့၌ ပစ်ချလေ၏ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"ယဿ အစ္စန္တဒုဿီလျံ၊ မာလုဝါ သာလမိဝေါတ္ထတံ။
ကရောတိသော တထတ္တာနံ၊ ယထာနံ ဣစ္ဆတီဒိသော"

မာလုဝါ - မာလောနွယ်သည်။ သာလံ - အင်ကြင်းပင်ကို ၊ (တနည်း) မာလုဝါ - ဝွေးတောက်နွယ်သည်၊ သာလံ - မိမိမှီရာ သစ်ပင်ကို၊ ဩတ္ထတံ ဣဝ - တစ်ပင်လုံးကို မြေးယှက်လွှမ်းဖုံးသကဲ့သို့၊

ယဿ - အကြင်ပုဂ္ဂိုလ်၏၊ အစ္စန္တဒုဿီလျံ - စင်စစ်သီလမရှိသူ၏ အဖြစ်သည်၊ ဩတ္ထတံ - မြေးယှက် လွှမ်းဖုံးလေ၏။ ဒိသော - အကျိုးမဲ့ကို လိုလားသူ ရန်သူသည်၊ နံ - မလိုလားအပ်သူ ထိုလူကို၊ ဣစ္ဆတိယထာ - မကောင်းပြုလိုသကဲ့သို့၊ တထာ - ထို့အတူ၊ သော - သီလမရှိသူ ထိုလူသည်၊ အတ္တာနံ - မိမိကိုယ်ကို၊ ကရော တိ - မကောင်းပြုလေ၏။

ဒေသနာတော်အဆုံး၌ များစွာသောသူ ရဟန်းရှင်လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ဒေဝဒတ္တဝတ္ထု ပြီး၏။**

## ၃၁။ သံဃာဘေဒပရိသက္ကနဝတ္ထု
## သံဃာကွဲပြားအောင် အားထုတ်ခြင်းအကြောင်း

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ ဒေဝဒတ်သည် သံဃာကွဲပြားရန် အားထုတ်နေစဉ် ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံလှည့်နေသော အရှင်အာနန္ဒာကို မြင်တွေ့ရ၍ မိမိ၏ သဘောထားကို ပြောကြား၏။

အာနန္ဒာထေရ်သည် ဒေဝဒတ်၏ စကားကိုကြားပြီး၊ မြတ်စွာဘုရားထံသို့သွား၍ ဤသို့ လျှောက်ထားလေ၏။

မြတ်စွာဘုရားတပည့်တော် ယနေ့နံနက် သင်္ကန်းကို ဝတ်ရုံ၍ သပိတ်သင်္ကန်းကို ကိုင်ယူ၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းအလို့ငှာ ဝင်ခဲ့ပါပြီ။ မြတ်စွာဘုရား ဒေဝဒတ်သည် ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းအလို့ငှာ လှည့်လည်နေသော တပည့်တော်ကို မြင်ပါလေပြီ။ မြင်ပြီးသော် တပည့်တော်ရှိရာသို့ ချဉ်းကပ်၍ တပည့်တော်ကို ဤစကားကိုပြောဆိုပါသည်။

ငါ့ရှင်အာနန္ဒာ ငါသည် ယနေ့ကို အစပြု၍ မြတ်စွာဘုရားမှ ကျင်၍သာ၊ ရဟန်းသံဃာမှ ကျင်၍သာ ဥပုသ်ကိုလည်းကောင်း၊ အခြားသံဃာကံကိုလည်းကောင်း ပြုတော့မည်ဟု ပြောပါသည်။

မြတ်စွာဘုရား ဒေဝဒတ်သည် ယနေ့သံဃာကို ခွဲပါလိမ့်မည်။ သံဃာကို ခွဲပြီး ဥပုသ်ကို လည်းကောင်း၊ အခြားသံဃာ့ကံတို့ကိုလည်းကောင်း ပြုပါလိမ့်မည်။

ဤသို့ လျှောက်ထားအပ်သော် မြတ်စွာဘုရားသည် -

၁။ "သုကရံ သာဓုနာ သာဓု၊ သာဓု ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါပမရိယေဟိ ဒုက္ကရံ"

ဟူသော ဤဥဒါန်းစကားကို ကျူးရင့်တော်မူပြီး -

အာနန္ဒာ မိမိ၏ စီးပွားမဲ့အလုပ်မည်သည် ပြုလွယ်၏။ မိမိ၏ စီးပွားဖြစ်ကြောင်းအလုပ်သည်သာ အပြုခက်၏ ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

၂။ "သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိစ
ယံဝေ ဟိတဉ္စ သာဓုဉ္စ၊ တံ ဝေ ပရမဒုက္ကရံ"

၁။ သာဓုနာ - သူတော်ကောင်းသည်၊ သာဓု - သုဂတိဘဝသို့ ရောက်ကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်းအမှုကို သုကရံ - ပြုလွယ်၏။

ပါပေန - ယုတ်မာသူသည်၊ သာဓု - သုဂတိဘဝသို့ ရောက်ကြောင်း နိဗ္ဗာန်သို့ရောက်ကြောင်း

ကောင်းမှုကို ဒုက္ကရံ - ပြုနိုင်ခဲ၏။

ပါပေန - ယုတ်မာသူသည်၊ ပါပံ - မကောင်းမှုကို၊ သုကရံ ပြုလွယ်၏။

အရိယေဟိ - သူတော်ကောင်းတို့သည်။ ပါပံ - မကောင်းမှုကို ဒုက္ကရံ - ပြုနိုင်ခဲ၏။

၂။ အတ္တနော - မိမိ၏ အသာဓူနိစ အပြစ်သောင်းပြောင်း မကောင်းကုန်သော အမှုတို့ကိုလည်းကောင်း၊ အဟိတာနိစ - စီးပွားမဲ့ကြောင်းအပယ်လားကြောင်း မကောင်းမှုတို့ကိုလည်းကောင်း၊ သုကရာနိ - ပြုလွယ်ကုန်၏။ ယံ - အကြင်အမှုသည်၊ ဝေ -စင်စစ်၊ ဟိတဉ္စ - သုဂတိဘဝသို့ ရောက်ကြောင်းဖြစ်၍ မိမိ၏ အစီးအပွားလည်း ဖြစ်၏။ သာဓုစ - သုဂတိဘဝသို့ ရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ ကောင်းလည်းကောင်း၏။ တံ - ထိုအမှုသည်၊ ဝေ - စင်စစ်။ ပရမဒုက္ကရံ - ပြုရန်တကယ်မလွယ် အချက်အပြု ခက်လှပေသည်။

ဒေသနာတော်အဆုံး၌ များစွာသောသူ ရဟန်းရှင်လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့ကို ရောက်ကြလေကုန်ပြီ။

**သံဃဘေဒပရိသက္ကနဝတ္ထု ပြီး၏။**

## ၃၂။ ကာလဧတ္ထေရဝတ္ထု
## ကာလထေရ်အကြောင်း

သာဝတ္ထိမြို့၌ အမျိုးသမီးတစ်ယောက်သည် အမိအရာ၌တည်၍ ကာလထေရ်ကို ပြုစုလုပ်ကျွေး၏။ ထိုအမျိုးသမီး၏ အိမ်နားနီးချင်းတို့သည် မြတ်စွာဘုရားထံတော်၌ တရားတော်ကို ကြားနာ၍ ပြန်လာကြပြီး ဘုရားရှင်တို့ မည်သည်ချီးမွမ်းအံ့ဩလောက်ပါပေကုန်၏။ တရားဒေသနာတော်သည် အံ့ဩလောက်အောင် ချိုမြိန်ကောင်းမွန်ပါလှ၏ဟု ချီးမွမ်းကြကုန်၏။

ထိုအမျိုးသမီးသည် အိမ်နားနီးချင်း လူတို့၏ ချီးမွမ်းစကားကိုကြားရ၍ ကာလထေရ်အား အရှင်ဘုရား တပည့်တော်မလည်း မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာလိုပါ၏ဟု လျှောက်ထားလေ၏။

ကာလထေရ်သည် ထိုအမျိုးသမီးကို မြတ်စွာဘုရား တရားဟောရာ အရပ်၌ မသွားနှင့်ဟု တားမြစ်လေ၏။ ထိုအမျိုးသမီးသည် နောက်နေ့၌လည်း ထိုနည်းတူ လျှောက်ထား၏။ ကာလထေရ်ကလည်း ထိုနည်းတူတားမြစ်၏။ နောက်နေ့၌လည်း ထိုနည်းတူ လျှောက်ထား၏။ ကာလထေရ်ကလည်း ထိုနည်းတူ တားမြစ်၏။ ဤသို့သုံးကြိမ်တိုင်အောင် ကာလထေရ်သည် တားမြစ်အပ်သော်လည်း ထိုအမျိုးသမီးသည် တရားနာယူလို သူသာဖြစ်၏။

အဘယ်ကြောင့် ကာလထေရ်သည် မိမိကို ပြုစုလုပ်ကျွေးနေသော ထိုအမျိုးသမီးကို တားမြစ်လေသနည်း။ ဤကား အမေးတည်း။

မြတ်စွာဘုရားထံ၌ တရားကို ကြားနာ၍ (ကြားနာရလျှင်) ငါ့အပေါ်၌ အကြည်ညို ပျက်လိမ့်မည် ဟူသော မှားယွင်းသော အယူသည် ကာလထေရ်အား ဖြစ်နေသတတ်။ ထို့ကြောင့် တားမြစ်သည်၊ ဤကား အဖြေတည်း။

ထိုအမျိုးသမီးသည် တစ်နေ့သ၌ နံနက်စောစောကပင် နံနက်စာစား၍ ဥပုသ်သီလ ဆောက်တည်ပြီး -

ချစ်သမီး အရှင်မြတ်ကာလထေရ်ကို ကောင်းမွန်စွာ ဆွမ်းဆက်ကပ်ရစ်ပါဟု သမီးကို ခိုင်းထားခဲ့ပြီးကျောင်းသို့ သွားလေ၏။ ထိုအမျိုးသမီး၏ သမီးသည်လည်း ကာလထေရ်ကို ကြွလာသောအခါ၌ ဆွမ်းဆက်ကပ်၍ ဥပါသိကာမကြီး အဘယ်မှာနည်းဟု မေးအပ်သော်တရားနာရန် ဘုရားကျောင်းတော်သို့ သွားပါသည်ဟု လျှောက်ထားလေ၏။

ကာလထေရ်သည် ထိုစကားကို ကြား၍ပင် ဝမ်းတွင်း၌ ဖြစ်ပေါ်လာသော ပူလောင်ခြင်းဖြင့် ပူလောင်သည်ဖြစ်၍ ယခုအခါ၌ ဥပါသိကာမကြီးသည် ငါ့အပေါ်၌ အကြည်ညိုပျက်တော့မည်ဟု လျင်မြန်စွာ သွား၍ မြတ်စွာဘုရားထံ၌ တရားနာယူနေသော ဥပါသိကာမကြီးကို တွေ့မြင်ရလေသော်-

မြတ်စွာဘုရား ဤမိန်းမသည် အသိဉာဏ်နုန့်နှေးသူဖြစ်၍ သိမ်မွေ့သော တရားစကားကို နားမလည်ပါ။ ဤမိန်းမအား ခန္ဓာအစရှိသည်တို့နှင့် ဆက်စပ်သော သိမ်မွေ့သောတရားစကားကို

ဟောတော်မမူဘဲ ဒါနတရားကိုသော်လည်းကောင်း သီလတရားကိုသော်လည်းကောင်း ဟောသင့်ပါ၏ဟု မြတ်စွာဘုရားကို လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ကာလထေရ်၏ အလိုဆန္ဒကို သိမြင်တော်မူ၍ -

သင်သည် ပညာမရှိသူဖြစ်၍ ယုတ်မာသော အယူကို မှီရာအကြောင်းပြု၍ ဘုရားရှင်တို့၏ တရားတော်ဟူသော သာသနာကို ပိတ်ပင်တားမြစ်သည် မိမိကိုယ်ကို ဖျက်ဆီးရန်သာ အားထုတ်သူဖြစ်၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

"ယောသာသနံ အရဟတံ၊ အရိယာနံ ဓမ္မဇီဝိနံ။
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိံ နိဿာယ ပါပိကံ။
ဖလာနိ ကဋ္ဌကဿေဝ၊ အတ္တဃာတာယ ဖလ္လတိ"

ဒုမ္မေဓော - ပညာမဲ့သော၊ ယောနရော - အကြင်လူသည်၊ အရိယာနံ - စင်ကြယ်ကုန်သော၊ ဝါ - မြတ်ကုန်သော၊ ဓမ္မဇီဝိနံ - တရားဖြင့် အသက်ရှင်ကုန်သော ၊ အရဟတံ - အရဟန္တာနံဘုရားရဟန္တာတို့၏၊ သာသနံ - တရားတော်တည်းဟူသော အဆုံးအမ သာသနာတော်ကို၊ ပါပိကံ - ယုတ်မာသော၊ ဒိဋ္ဌိံ - အမြင်အယူကို၊ နိဿာယ - မှီရာအကြောင်းပြု၍၊ ပဋိက္ကောသတိ - တားမြစ်ပိတ်ပင်၏။

တဿနရဿ - ထိုလူ၏၊ တံပဋိက္ကောသနံစ - ထိုတားမြစ်ပိတ်ပင်ခြင်းသည်လည်းကောင်း၊ ပါပိကာ - ယုတ်မာသော၊ သာစဒိဋ္ဌိ - ထိုအမြင်အယူသည်လည်းကောင်း၊ အတ္တဃာတာယ - မိမိကိုယ်ကို ဖျက်ဆီးခြင်းငှာ၊ ဖလ္လတိ - ဖြစ်လေ၏။

ကိမိဝ - ဥပမာ အဘယ်သို့နည်းဟူမူ၊ ကဋ္ဌကဿ - ဝါးပင်၏ ဖလာနိ - အသီးတို့သည်၊ အတ္တဃာတာယ - မိမိတည်းဟူသော ဝါးပင်ကို ဖျက်ဆီးခြင်းငှာ၊ ဖလ္လတိဣဝ - သီးသကဲ့သို့တည်း။

"ဖလံဝေ ကဒလိံ ဟန္တိ၊ ဖလံ ဝေဠုံ ဖလံနဠံ။
သက္ကာရော ကာပုရိသံ ဟန္တိ၊ ဂဗ္ဘော အဿတရိံ ယထာ"

ဟူသော ဤ ဂါထာစကားကိုလည်းကောင်း ဟောအပ်သည်သာဖြစ်၏။

ဖလံ ကဒလိံ ဖလံ - ငှက်ပျောသီးသည်၊ ဝေ - စင်စစ်၊ ကဒလိံ မိမိတည်ရာ ငှက်ပျောပင်ကို၊ ဟန္တိ - ဟနတိယထာ - သတ်လေသကဲ့သို့

ဖလံ ဝေဠုံ ဖလံ - ဝါးသီးသည်၊ ဝေဠုံ - ဝါးပင်ကို၊ ဟန္တိ - ဟနတိ - ယထာ - သတ်လေသကဲ့သို့ ဖလံ နဠံ ဖလံ ကျူသီးသည်။ နဠံ - ကျူပင်ကို၊ ဟန္တိဟနတိယထာ - သတ်လေသကဲ့သို့

ဂဗ္ဘော - အဿတိုရ်မြင်းမ၏ ကိုယ်ဝန်သည်၊ အဿတရိံ - အဿတိုရ် မြင်းမကို၊ ဟန္တိ - ဟနတိယထာ - သတ်လေသကဲ့သို့၊ သက္ကာရော - လာဘ်ပူဇော်ဖွယ်သည်၊ ကာပုရိသံ - ယုတ်မာသော

ယောက်ျားကို၊ ဟန္တိ - ဟနတိ - သတ်လေ၏။

ဒေသနာတော်အဆုံး၌ ဥပါသိကာမသည် သောတပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာသော ပရိသတ်၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

ကာလဇ္ဇေရဝတ္ထု ပြီး၏။

## ၃၃။ စူဠကာလ ဥပါသကာဝတ္ထု
## ဥပါသကာ ကာလငယ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီးတင်းသုံးနေတော်မူစဉ် တစ်ခုသောနေ့၌ မဟာကာလဝတ္ထု၌ ဆိုအပ်ခဲ့သောနည်းဖြင့်ပင် ဥမင်္ဂစောရ = ဥမင်လိုဏ်တူး၍ ခိုးသော သူခိုးတို့သည် ဥစ္စာရှင်တို့သည် အစဉ်လိုက်အပ်ကုန်သည်ဖြစ်၍ ညအခါ ဇေတဝန်ကျောင်းတော်၌ တရားနာပြီး နံနက်စောစော ကျောင်းမှထွက်၍ သာဝတ္ထိမြို့တွင်းသို့လာသော စူဠကာလ ဥပါသကာ၏ ရှေ့၌ ဥစ္စာထုပ်ကို စွန့်ပစ်၍ သွားကြကုန်၏။

လူတို့သည် ဥစ္စာထုပ်ကို တွေ့မြင်ကြသော် ဤသူသည် ညအခါ ခိုးမှုကို ပြု၍ တရားနာသူကဲ့သို့ သွားနေသူဖြစ်၏။ ထိုသူကို ဖမ်းဆီးကြဟု ပြောဆိုကြကာ စူဠကာလ ဥပါသကာကို ဖမ်းဆီး၍ ရိုက်နှက်ကြကုန်၏။

ရေအိုးဖြင့် ရေခပ်ကြသော ကျွန်မတို့သည် (ကုမ္ဘဒါသီတို့သည်) ရေဆိပ်သို့ သွားကြစဉ် တိုစူဠကာလ ဥပါသကာကို တွေ့မြင်ကြ၍ အရှင်တို့ ဖယ်ခွာကြပါ။ ရှောင်ရှားကြပါ။ ဤသူသည် ဤသို့ သဘောရှိသော ခိုးမှုကို ပြုသူမဟုတ်ပါဟု ပြောဆိုကြကာ စူဠကာလဥပါသကာကို လွှတ်ပစ်စေကုန်၏။

စူဠကာလဥပါသကာသည် ကျောင်းသို့သွား၍ -

အရှင်ဘုရားတို့ တပည့်တော်ကို လူတို့သည် ဖျက်ဆီးအပ်ပါ၏။ ကုမ္ဘဒါသီတို့ကို အမှီပြု၍ တပည့်တော်သည် အသက်ကို ရအပ်ပါပြီဟု ရဟန်းတို့အား လျှောက်ထားလေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူ၍ -

ရဟန်းတို့ စူဠကာလဥပါသကာသည် ကုမ္ဘဒါသီတို့ကို အမှီရသောကြောင့်လည်းကောင်း၊ မိမိ၏ ခိုးသူမဟုတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အသက်ကို ရခဲ့သည်။

ဤသတ္တဝါတို့ မည်သည် မိမိသည်မကောင်းမှု အကုသိုလ်ကို ပြု၍ ငရဲအစရှိသည်တို့၌ မိမိသည် သာ ညစ်ညူးကြကုန်၏။ ကောင်းမှုကုသိုလ်ကို ပြု၍ကောင်းရာသုဂတိသို့ လည်းကောင်း၊ နိဗ္ဗာန်သို့ လည်းကောင်း၊ သွားကြကုန်၍ မိမိသည်သာ စင်ကြယ်ကုန်၏ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူ၏။

"အတ္တနာဟိ ကတံ ပါပံ၊ အတ္တနာသံ ကိလိဿတိ။
အတ္တနာ အကတံပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓိအသုဒ္ဓိ ပစ္စတ္တံ၊ အညော အညံဝိသောဓယေ"

အတ္တနာဟိ - အတ္တနာဧဝ - မိမိသည်သာလျှင်၊ ပါပံ - မကောင်းမှုကို၊ ကတံ - ပြုအပ်သည်ဖြစ်အံ့၊

အတ္တနာ အတ္တနာဧဝ - မိမိသည်သာ၊ သံကိလိဿတိ - ပူပန်အထူးညစ်ညူးရလေ၏။

အတ္တနာ - မိမိသည်၊ ပါပံ - မကောင်းမှုကို၊ အကတံ - မပြုအပ်သည်ဖြစ်အံ့၊ အတ္တနာဝ- မိမိသည်သာလျှင်၊ ဝိသုဇ္ဈတိ - အပူမဝင် စင်ကြယ်လေ၏။ သုဒ္ဓိ - စင်ကြယ်သော ကုသိုလ်ကံသည်လည်းကောင်း၊ အသုဒ္ဓိ - မစင်ကြယ်သော ကုသိုလ်ကံသည်လည်းကောင်း၊ ပစ္စတ္တံ - ပြုသူသတ္တဝါတို့၏ အသီးအသီးဖြစ်သော ကိုယ်၌၊ ဝိပစ္စတိ - အကျိုးကို ဖြစ်စေ၏။

အညော - အခြားသူတစ်ယောက်သည်၊ အညံ - အခြားသူတစ်ယောက်ကို၊ နဝိသောဓယေ - မသုတ်သင် မစင်ကြယ်စေရာ။

ဒေသနာတော်အဆုံး၌ စူဠကာလသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာသူ ပရိသတ်၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

စူဠကာလ ဥပါသကာဝတ္ထု ပြီး၏။

## ၃၄။ အတ္တဒတ္ထထေရဝတ္ထု
## မိမိကိုယ်ကျိုး အားကိုးသူအကြောင်း

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံခါနီး အချိန်၌ -

ရဟန်းတို့ ငါဘုရားသည် ဤနေ့မှလေးလကျော်လွန်ရာ အချိန်၌ ပရိနိဗ္ဗာန်ပြုပေးအံ့ဟု မိန့်တော်မူအပ်လေသော် သံဝေဂဖြစ်ကုန်သော ပုထုဇဉ် ရဟန်းခုနစ်ရာတို့သည် မြတ်စွာဘုရား၏ အနီးကို မစွန့်ကုန်မူ၍ (အနီးက မခွာကြဘဲ) -

ငါ့ရှင်တို့ ငါတို့အဘယ်သို့ ပြုကြမည်နည်းဟု တိုင်ပင်ကြလျက် နေထိုင်ကြလေ၏။

အတ္တဒတ္ထထေရ်သည်ကား -

မြတ်စွာဘုရားသည် လေးလလွန်ရာ အချိန်၌ ပရိနိဗ္ဗာန်ပြုမည်တဲ့ ငါသည်လည်း ရာဂမကင်းသေးသည် ဖြစ်၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိနေစဉ်မှာပင် အရဟတ္တဖိုလ်အကျိုးငှာ ကျင့်ကြံကြိုးကုတ်အားထုတ်မည်ဟု ကြံစည်ထားလေ၏။

အတ္တဒတ္ထထေရ်သည် ရဟန်းတို့၏ အနီးသို့ မသွားချေ။ ထိုအခါ အတ္တဒတ္ထထေရ်ကို ရဟန်းတို့သည် ငါ့ရှင်သင်သည် အဘယ့်ကြောင့် ငါတို့ထံ မလာသနည်း။ ဘာတစ်ခုကိုမျှ မတိုင်ပင်မပြောဆိုသနည်းဟု ပြောဆိုကြကာ မြတ်စွာဘုရားထံခေါ်၍-

မြတ်စွာဘုရား ဤရဟန်းသည် ဤသို့ပြုနေပါသည်ဟု လျှောက်ထားကြကုန်၏။

ဒတ္တဒတ္ထထေရ်သည် မြတ်စွာဘုရားကလည်း အဘယ်ကြောင့် ဤသို့ပြုသနည်းဟု မေးတော်မူအပ်သော် -

မြတ်စွာဘုရား အရှင်ဘုရားတို့သည် လေးလလွန်ရာအချိန်၌ ပရိနိဗ္ဗာန်ပြုကြကုန်မည်တဲ့ တပည့်တော် သည် အရှင်ဘုရားတို့ သက်တော်ထင်ရှားရှိနေကုန်စဉ်ပင် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ ကျင့်ကြံကြိုးကုတ် အားထုတ်ပါမည်ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အတ္တဒတ္ထထေရ်အား ကောင်းချီးပေးတော်မူကာ -

ရဟန်းတို့ အကြင်ရဟန်းအား ငါဘုရား၌ ချစ်ခင်ခြင်း ရှိသည်ဖြစ်အံ့၊ ထိုရဟန်းသည် အတ္တဒတ္ထထေရ်ကဲ့သို့ ဖြစ်သင့်သည်။

မှန်၏ နံ့သာအစရှိသည်တို့ဖြင့် ပူဇော်သူတို့သည် ငါဘုရားကို ပူဇော်သူမဟုတ်ကြ။ ဓမ္မာနုဓမ္မာပဋိပတ် ဖြင့် ပူဇော်သူတို့သာ ငါဘုရားကို ပူဇော်ကြသူတို့ ဖြစ်ကုန်၏။ ထို့ကြောင့် အခြားသော ရဟန်းသည်လည်း အတ္တဒတ္ထထေရ်နှင့် တူစွာသာ ဖြစ်သင့်သည်ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူ၏။

"အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္ထံ အဘိညာယ၊ သဒတ္ထပသုတောသိယာ"

ဗဟုနာပိ - များစွာလည်း ဖြစ်သော၊ ပရတ္ထေန - သူတစ်ပါးအကျိုး သူတစ်ပါးကိစ္စကြောင့်၊ အတ္တဒတ္ထံ - မိမိအကျိုး မိမိကိစ္စကို၊ နဘာပယေ - မဆုတ်ယုတ်စေရာ။

အတ္တဒတ္ထံ - မိမိအကျိုး မိမိကိစ္စကို၊ အဘိညာယ - အထူးသိ၍ သဒတ္ထပသုတော သကတ္ထပသုတော - မိမိအကျိုး မိမိကိစ္စ၌လေ့လာအားထုတ်သူသည်၊ သိယာ - ဖြစ်ရာ၏။

ဒေသနာတော်အဆုံး၌ အတ္တဒတ္ထထေရ်သည် အရဟတ္တဖိုလ်၌ တည်လေပြီ၊ ရောက်လာသော ရဟန်းတို့၏လည်း အကျိုးရှိသောဓမ္မ ဒေသနာတော် ဖြစ်လေပြီ။

အတ္တဒတ္ထဧရဝတ္ထု ပြီး၏။

# ၁၃။ လောကဝဂ်
## ၃၅။ ဒဟရဘိက္ခုဝတ္ထု
## ရဟန်းငယ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ထေရ်တစ်ပါးသည် ရဟန်းငယ်တစ်ပါးနှင့်အတူ နံနက်စောစောအချိန် ဝိသာခါကျောင်းအမကြီးအိမ်သို့ ကြွလေ၏။

ဝိသာခါကျောင်း အမကြီးအိမ်၌ ရဟန်းငါးရာတို့အား ကပ်လှူရန် ယာဂုကို အမြဲစီစဉ်ထားသည်။

ထိုမထေရ်သည် ဝိသာခါကျောင်းအမကြီးအိမ်၌ ယာဂုကိုသောက်ပြီး ရဟန်းငယ်ကို ထိုင်နေရစ်စေပြီး မိမိကမူ အခြားအိမ်သို့ ကြွလေ၏။

ထိုအချိန်အခါ၌ ဝိသာခါ၏ သား၏သမီးသည် (ဝိသာခါ၏ မြေးမိန်းကလေး) သည် အဖွား၏ အရာ၌တည်၍ (အဖွားကိုယ်စား) ရဟန်းတို့၏ ဝေယျာဝစ္စကို ပြုနေ၏။ မြေးမိန်းကလေးသည် ရဟန်းငယ်အတွက် ရေကို ရေစစ်ဖြင့် စစ်နေစဉ် ရေအိုးကြီးထဲ၌ မိမိ၏ မျက်နှာရိပ်ကိုမြင်၍ ပြုံးရယ်လေ၏။ ရဟန်းငယ်သည်လည်း ထိုမိန်းကလေးကို ကြည့်၍ ပြုံးရယ်လေ၏။

မိန်းကလေးသည် ပြုံးရယ်နေသော ထိုရဟန်းကိုမြင်၍ ဦးခေါင်းပြတ်သူသည် ပြုံးရယ်၏ဟုပြော၏။ ထိုအခါ ထိုမိန်းကလေးကို ရဟန်းငယ်သည် သင်သည်ဦးခေါင်းပြတ်သူဖြစ်၏။ **သင်၏** အမိအဖတို့သည်လည်း ဦးခေါင်းပြတ်သူများပင်ဖြစ်၏ဟု ဆဲရေးလေ၏။

မိန်းကလေးသည် ငိုလျက် မီးဖိုဆောင်၌နေသော အဖွားဝိသာခါ ထံသွား၍ ငါ့မြေးဘာကြောင့် ငိုသနည်းဟု ပြောဆိုအပ်သော် ထိုအကြောင်းကို ပြန်ပြောလေ၏။

ဝိသာခါသည် ရဟန်းငယ်ထံလာ၍ အရှင်ဘုရားစိတ်မဆိုးပါနှင့် ဤသတို့သမီးငယ်သည် ဖြတ်အပ်သော ဆံပင်ခြေသည်းလက်သည်းရှိသော၊ ဖြတ်အပ်သော သင်းပိုင်ကိုယ်ဝတ်ရှိသော၊ အလယ်၌ပြတ်သော ခွက်ကို ကိုင်၍ ဆွမ်းခံလှည့်သော အရှင်မြတ်အား မလေးစားသည် မဟုတ်ပါဟု လျှောက်ထား၏။

ရဟန်းငယ်သည် ဒါယိကာမကြီး အော်ဟုတ်ပါပေ၏။ ဒါယိကာမကြီးသည် ဦးပဉ္စင်း၏ ဖြတ်အပ်သော ဆံပင်စသည်ရှိသည်၏အဖြစ်ကို သိပါပေ၏။ ဤသတို့သမီးငယ်၏ ဦးပဉ္စင်းကို ဦးခေါင်းပြတ်သူဟုပြော၍ ဆဲရေးရန်သင့်ပါသလောဟုပြော၏။

ဝိသာခါသည် ရဟန်းငယ်ကို အသိညဏ်ဖြစ်စေရန် ဝါ - သက်သာရာရစေရန် မစွမ်းနိုင်ချေ။ သတို့သမီး ငယ်ကိုလည်း အသိညဏ်ဖြစ်စေရန်၊ ဝါ - သက်သာရာရစေရန် မစွမ်းနိုင်ချေ။

ထိုခဏ၌ ထေရ်ရဟန်းသည် ကြွလာ၍ ဒါယိကာမကြီး အဘယ့်ကြောင့် ဤသို့ဖြစ်သနည်းဟု မေး၍ ထိုအကြောင်းကို ကြားသိပြီး ရဟန်းငယ်ကို ဆုံးမလို၍ -

ငါ့ရှင်ဖယ်ခွာလေလော့ ဤသူငယ်မသည် ဖြတ်အပ်သော ဆံပင်၊ ခြေသည်း၊ အဝတ်ရှိသော

အလယ်၌ပြတ်သော ခွက်ကို ကိုင်၍ ဆွမ်းခံလှည့်သူအား ဆဲရေးသူမဟုတ် ဆိတ်ဆိတ်နေပါဟု ပြော၏။

အရှင်ဘုရား အော်ဟုတ်ပါပေ၏။ အရှင်ဘုရားတို့သည် အဘယ်ကြောင့် မိမိ၏ အလုပ် အကျွေးဖြစ်သူ ဒါယိကာမကို မခြိမ်းခြောက်၊ မငေါက်ငန်းပါဘဲ တပည့်တော်ကို ခြိမ်းခြောက်ငေါက် ငမ်းပါသနည်း။ တပည့်တော်ကို ဦးခေါင်းပြတ်သူဟု ဆဲရေးရန် သင့်ပါသလောဟု ပြန်လျှောက်ထား၏။ ထိုခဏ၌ မြတ်စွာဘုရား ကြွလာတော်မူ၍ အဘယ်ကိစ္စနည်းဟု မေးတော်မူလျှင် ဝိသာခါသည် အစမှစ၍ ထိုအကြောင်းကို လျှောက်လေ၏။ မြတ်စွာဘုရားသည် ထိုရဟန်းငယ်၏ သောတာပတ္တိဖိုလ်၏ အားကောင်းသော မှီရာအကြောင်းကို မြင်တော်မူ၍ ငါဘုရားသည် ဤရဟန်းငယ်၏ အလိုသို့လိုက်ပါ သင့်၏ဟု ဆင်ခြင်တော်မူ၍ ဝိသာခါကို ဤသို့မိန့်တော်မူသည်။ အိုဝိသာခါ သင့်မြေးသူငယ်မ၏ ဖြတ်အပ်သော ဆံပင်ပင်ရှိကာမျှဖြင့်သာ ငါဘုရား၏ တပည့်တို့ကို ဦခေါင်းပြတ်သူ အဖြစ်ပြု၍ ဆဲရေးရန် သင့်လေသလော။

ထိုသို့ မြတ်စွာဘုရား မိန့်တော်မူလိုက်ရာခဏ၌ပင် ရဟန်းငယ်သည် နေရာမှထ၍ လက်အုပ်ချီ ပြီး -

မြတ်စွာဘုရား ဤပြဿနာကို မြတ်စွာဘုရားတို့သာ ကောင်းစွာသိတော်မူကြပါသည်။ တပည့်တော်တို့ ဥပဇ္ဈာယ်ဆရာသည် လည်းကောင်း၊ ဝိသာခါသည်လည်းကောင်း၊ ကောင်းစွာ မသိကြပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ရဟန်းငယ်၏ သူအား သင့်လျော်သည်၏ အဖြစ်ကို သိတော်မူ၍ ကာမဂုဏ်ကို အကြောင်းပြု၍ ရယ်ရွှင်ခြင်း မည်သည်ယုတ်ညံ့သောတရား ဖြစ်၏။ ယုတ်ညံ့သော တရားမည်သည် မှီဝဲရန်မသင့်။ မေ့လျော့ခြင်းနှင့်အတူ ပေါင်းဖော်ရန်လည်း မသင့်ဟု မိန့်တော်မူကာ, ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူ၏။

> "ဟီနံ ဓမ္မံ နသေ ဝေယျ၊ ပမာဒေန နသံဝသေ။
> မိစ္ဆာဒိဋ္ဌိံ န သေဝေယျ၊ နသိယာလောကဝဍ္ဍနော"

ဟီနံ - ယုတ်ညံ့သော ကုလားအုပ် နွား စသည်တို့လည်း၊ မှီဝဲအပ်သောကြောင့် လည်းကောင်း၊ ယုတ်ညံ့ သော ငရဲစသည်တို့၌ ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ ယုတ်ညံ့သော ဓမ္မံ ကာမဂုဏ် တရားငါးပါးကို နသေဝေယျ - မမှီဝဲရာ၊ ပမာဒေန - မေ့လျော့ခြင်းနှင့်၊ နသံဝသေ - မပေါင်းဖော်ရာ၊ ဝါ - အတူမနေရာ၊ မိစ္ဆာဒိဋ္ဌိံ - မှားသောအယူကို နသေဝေယျ - မယူရာ။

ဇဝံ အကရဏေန ဤသို့ ယုတ်ညံ့သော ကာမဂုဏ်တရားကို မှီဝဲခြင်း စသည်ကို မပြုခြင်းကြောင့်၊ လောဝဍ္ဍနေ လောကကို တိုးပွားစေသူသည်၊ နသိယာ - မဖြစ်ရာ။

ဒေသနာတော်အဆုံး၌ ထိုရဟန်းငယ်သည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာသူတို့ ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

ဓဟာရဘိက္ခုဝတ္ထု ပြီး၏။

## ၃၆။ သုဒ္ဓေါဒနဝတ္ထု

တစ်ခုသောအချိန်၌ မြတ်စွာဘုရားသည် ရှေးဦးစွာ ကြွတော်မူခြင်းဖြင့် ကပိလမြို့သို့ ကြွတော်မူ၍ ဆွေမျိုး တို့သည် ခရီးဦးကြိုဆိုလျက် နိဂြောဓါရုံကျောင်းသို့ ရောက်တော်မူကာ ဆွေတော်မျိုးတော်တို့၏ ဝင့်ဝါမောက်ကြွား မာနတရားကို ချိုးဖျက်ရန် ကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်း၍ ထိုစင်္ကြံ၌ စင်္ကြံသွားလျက် တရားဟောတော်မူသည်။ ဆွေတော်မျိုးတော်တို့သည် ကြည်ညိုစိတ်ရှိကြကုန်၍ သုဒ္ဓေါဒနမင်းကြီးကို အစပြုကာ ရှိခိုးကြကုန်၏။ ဆွေတော်မျိုးတော်၏ ပေါင်းဆုံမိရာ ထိုအစုအဝေး၌ ပေါက္ခရဝဿ မိုးရွာလေ၏။ ထိုမိုးရွာခြင်းကို အကြောင်းပြု၍ များစွာသော လူသည်စကားကိုဖြစ်စေအပ်ရကား -

ရဟန်းတို့ ယခုအခါ၌သာ မဟုတ်သေး ရှေးအခါ၌လည်း ငါဘုရား၏ ဆွေတော်မျိုးတော်တို့ ပေါင်းဆုံ မိရာ အစုအဝေး၌ ပေါက္ခရဝဿ မိုးရွာဖူးသည်သာဟု မိန့်တော်မူကာ ဝေဿန္တရ ဇာတ်တော်ကို ဟောတော်မူသည်။

တရားဒေသနာတော်ကို ကြားနာပြီး ပြန်သွားကြသော ဆွေမျိုးတို့တွင် တစ်ယောက်သည်သော်လည်း မြတ်စွာဘုရားကို ဆွမ်းဖြင့် မဖိတ်ခဲ့။ သုဒ္ဓေါဒနမင်းသည်လည်း ငါ၏ သားတော်သည် ငါနန်းတော်သို့ မလာဘဲ ဘယ်သို့သွားမည်နည်းဟူသော စိတ်ထားဖြင့် မဖိတ်ကြားဘဲသာ ပြန်သွားလေ၏။ သို့သော်လည်း နန်းတော်သို့သွား၍ ရဟန်းနှစ်သောင်းတို့အတွက် ယာဂုအစရှိသည်တို့ကို စီရင်စေကာ နေရာတို့ကို ခင်းထားစေ၏။

နောက်နေ့၌ မြတ်စွာဘုရားသည် ဆွမ်းခံဝင်လေသော် -

အသို့နည်း။ အတိတ်ကာလဘုရားရှင်တို့သည် ခမည်းတော် နေထိုင်ရာမြို့သို့ ရောက်လျှင် ဖြောင့်ဖြောင့်သာ ဆွေမျိုးအိမ်သို့ ဝင်လေကုန်သလော။ ထိုသို့မဟုတ် အိမ်စဉ်အားဖြင့် ဆွမ်းခံကြကုန်သလောဟု ဆင်ခြင်တော်မူလေသော် အိမ်စဉ်အားဖြင့် ဆွမ်းခံကြွကြသည်ဟု မြင်တော်မူ၍ အစဦးအိမ်မှစ၍ ဆွမ်းခံလှည့်လျက် ကြွတော်မူလေပြီ။

ရာဟုလာ မိခင် ယသောဓရာသည် ပြာသာဒ်အပြင်၌ နေလျက်သာ မြတ်စွာဘုရား ဆွမ်းခံကြွနေသည်ကို မြင်၍ ထိုအကြောင်းကို ခမည်းတော်မင်းကြီးအား ပြောကြားလေ၏။

ခမည်းတော်မင်းကြီးသည် အဝတ်ပုဆိုးကို ကောင်းစွာတည်စေလျက် (မြဲမြဲစွာဝတ်လျက်) လျင်မြန်စွာ နန်းတော်မှထွက်၍ မြတ်စွာဘုရားကို ရှိခိုးပြီး -

ချစ်သား အဘယ့်ကြောင့် ခမည်းတော်ကို ဖျက်ဆီးရသနည်း။ ဆွမ်းခံလှည့်နေသော ချစ်သားသည် ခမည်းတော်၏ လွန်စွာရှက်ဖွယ်ကို ဖြစ်စေအပ်၏။ ဤမြို့၌ပင် ရွှေထမ်းစင်စသည်တို့ဖြင့် လှည့်လည်ခဲ့ပြီး ဆွမ်းခံလှည့်ရန် သင့်ပါမည်လော။ အဘယ့်ကြောင့် ခမည်းတော်ကို ရှက်စေပါသနည်း။ (အရှက်ခွဲရသနည်း) ဟု လျှောက်ထားလေ၏။

ခမည်းတော်မင်းကြီး ငါဘုရားသည် ခမည်းတော်ကို ရှက်စေသူမဟုတ်ပါ။ (အရှက်မခွဲပါ) မိမိ၏ အမျိုးအနွယ်ကို အစဉ်လိုက်၍ကျင့်ပါ၏ ဟုမိန့်တော်မူသည်။

ချစ်သား အသို့နည်း။ ဆွမ်းခံလှည့်၍ အသက်မွေးမှုအနွယ်သည် ခမည်းတော်၏ အနွယ် ပေလော။

ခမည်းတော်မင်းကြီး ဆွမ်းခံလှည့်၍ အသက်မွေးမှုအနွယ်သည် ခမည်းတော်၏ အနွယ်မဟုတ်ပါ။ ငါဘုရား၏ အနွယ်ဖြစ်သည်။ အထောင်မက များလှကုန်သော ဘုရားရှင်တို့သည် ဆွမ်းခံလှည့်၍သာ အသက်မွေးကြကုန်ပြီဟု မိန့်တော်မူကာ တရားဟောလိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောပြတော်မူပြီ။

၁။ ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိစ။
၂။ ဓမ္မံစရေ သုစရိတံ၊ နနံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ၊ ပရမှိစ။

၁။ ဥတ္တိဋ္ဌေ - သူတစ်ပါးအိမ်တံခါး၌ ရပ်၍ ခံယူအပ်သော ဆွမ်း၌၊ ဝါ - ဆွမ်းခံကျင့်ဝတ်၌၊ နပ္ပမဇ္ဇေယျ - မမေ့လျော့ရာ။ သုစရိတံ - ကောင်းစွာကျင့်အပ်သော ဝါ - မရှာမှီးသင့်သည်ကို ပယ်စွန့်၍ အိမ်စဉ် လှည့်ခြင်းဟူသော ကောင်းစွာကျင့်အပ်သော၊ ဓမ္မံ - ဆွမ်းခံအကျင့်တရားကို၊ စရေ - ကျင့်ရာ၏။ ဓမ္မစာရီ - ဆွမ်းခံအကျင့် တရားကို ကျင့်သောသူသည်။ အသ္မိံလောကေစ - ဤမျက်မှောက်လောက၌ လည်းကောင်း၊ ပရမှိစ - တမလွန် လောက၌လည်းကောင်း၊ သုခံ - ချမ်းသာစွာ၊ သေတိ - အိပ်ရလေ၏။

(တစ်နည်း)

သုခံ - ဣရိယာပုတ်လေးမျိုးတို့ဖြင့် ချမ်းချမ်းသာသာ သေတိ - နေရလေ၏။

၂။ သုစရိတံ - ပြည်တန်ဆာမအိမ် စသည်အပြားရှိသော မကျက်စားသင့်သော၊ ဝါ - ဆွမ်းမခံသင့် သောနေရာတို့ကို ရှောင်ကြဉ်ခြင်းဖြင့် ကောင်းစွာကျင့်အပ်သော၊ ဓမ္မံ - ဆွမ်းခံအကျင့်တရားကို၊ စရေ - ကျင့်ရာ၏။ ဒုစ္စရိတံ - ပြည်တန်ဆာမအိမ် စသည့်အပြားရှိသော ဆွမ်းမခံသင့်သော နေရာ၌ ဆွမ်းခံခြင်းဟူသော မကောင်းသဖြင့် ကျင့်အပ်သော၊ နံ - ထိုဆွမ်းခံအကျင့်ကို နစရေ - မကျင့်ရာ။ ဓမ္မစာရီ - တရားနှင့်ညီသော ဆွမ်းခံအကျင့်ကို ကျင့်လေ့ရှိသူသည်၊ အသ္မိံလောကေစ - ဤမျက်မှောက် လောက၌ လည်းကောင်း၊ ပရမှိစ - တမလွန်လောက၌လည်းကောင်း၊ သုခံ - ချမ်းသာစွာ၊ သေတိ - အိပ်ရ၏။

(တစ်နည်းကား)

(သုခံ - ဣရိယာ ပုတ်လေးပါးတို့ဖြင့် ချမ်းသာစွာ၊ သေတိ နေရလေ၏။)

ဒေသနာတော်အဆုံး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာသူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

**သုဒ္ဓေါဒနဝတ္ထု ပြီး၏။**

## ၃၇။ ပဥ္စသတဝိပဿက ဘိက္ခုဝတ္ထု
## ဝိပဿနာရှုပွား ရဟန်းငါးရာအကြောင်း

ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းကို သင်ယူ၍ တောသို့ဝင်ပြီး ပြင်းပြင်းထန်ထန် တရားအားထုတ်ကြလေသော် တရားအထူးသို့ မရောက်နိုင်ကြ၍ ငါတို့သည် အထူးပြု၍ ကမ္မဋ္ဌာန်းကို သင်ယူကြတုန်ဦးအံ့ဟု မြတ်စွာဘုရားထံ ပြန်လာကြစဉ် လမ်းခရီးအကြား၌ တံလှပ်ကမ္မဋ္ဌာန်းကို ပွားကြ၍သာ လာကြကုန်၏။

ထိုရဟန်းတို့ ကျောင်းတိုက်အတွင်းသို့ ဝင်ဆဲခဏ၌ပင် မိုးရွာချလေ၏။ ထိုရဟန်းတို့သည် ထိုကျောင်းမုခ်ဦးတို့၌ ရပ်နေကြပြီး မိုးရေပေါက်အဟုန်ကြောင့် ပေါ်ထွက်၍ ပျက်သွားကုန်သော ရေပွက်တို့ကို မြင်ကြ၍ ဤခန္ဓာကိုယ် အတ္တဘောသည်လည်း ဖြစ်ပေါ်ပြီး ပျက်စီးခြင်းသဘော ရှိသောကြောင့် ရေပွက်နှင့်တူသည်သာဟု အာရုံကို ယူကြကုန်၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၌ ထိုင်နေတော်မူလျက်ပင် ထိုရဟန်းတို့ကို ရှုကြည့်တော်မူ၍ ထိုရဟန်းတို့နှင့်အတူ စကားပြောဆိုတော်မူသကဲ့သို့ အရောင်အလင်းကို ဖြန့်၍ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူ၏။

"ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ"

ပုဗ္ဗုဠကံ - ရေပွက်ရေမြှုပ်ကို၊ ပဿေ ယထာ - ဖြစ်ပေါ်ပြီး ပျက်စီးခြင်းကြောင့် အချည်းအနှီး အဖြစ်ဖြင့် ရှုမြင်သကဲ့သို့ မရီစိကံ - တံလှပ်ကို၊ ပဿေ ယထာအဝေးမှ၊ အိမ်သဏ္ဍာန် စသည်ဖြင့် ထင်ရသော်လည်း အနီးကပ်ရောက်သူတို့၏ ကိုင်ယူစရာမရှိ အချည်းအနှီးသာဟု ရှုမြင်သကဲ့သို့၊ ဧဝံ - ရေပွက် တံလှပ်နှင့်တူစွာ၊ လောကံ - ဖြစ်တတ်ပျက်တတ်သော ခန္ဓာအစရှိသော လောကကို၊ အဝေက္ခန္တံ - ဖြစ်ပေါ်ပြီးနောက် ကွယ်လွန်သွားသောကြောင့် သုဘသုခ နိစ္စ အတ္တမဟုတ်၊ အချည်းအနှီးသာဟု ရှုမြင်သူကို မစ္စုရာဇာ - သေမင်းသည်၊ န ပဿတိ - မမြင်ရလေ။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် ရပ်နေရာ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်ပြီ။

**ပဥ္စသတဝိပဿက ဘိက္ခုဝတ္ထု ပြီး၏။**

## ၃၈။ အဘယရာဇကုမာရဝတ္ထု
## အဘယမင်းသားအကြောင်း

တစ်ခုသော အချိန်၌ ဗိမ္ဗိသာရမင်း၏သားတော် အဘယမင်းသားသည် တိုင်းပြည်အစွန်၌ ထကြွသောင်းကျန်းမှုကို ငြိမ်သက်အောင်ပြု၍ မြို့တော်သို့ ပြန်လာလေ၏။ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးသည် သားတော်အား နှစ်သက်အားရတော်မူ၍ ကခုန်သီဆိုမှု၌ တတ်ကျွမ်းလိမ္မာသော ကချေသည် မိန်းမကိုပေး၍ ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ်ကို ပေးထားလေပြီ။

အဘယမင်းသားသည် ခုနစ်ရက်ပတ်လုံး၊ အိမ်မှ ပြင်ပသို့ မထွက်မူ၍သာ မင်းစည်းစိမ်ကျက်သရေကို ခံစား၍ ရှစ်ရက်မြောက်သောနေ့၌ မြစ်ဆိပ်သို့သွား၊ ရေချိုးဥယျာဉ်သို့ ဝင်ပြီး၊ သန္တတိအမတ်ကြီးကဲ့သို့ ကချေသည် မိန်းမ၏ ကခုန်သီဆိုမှုကို ကြည့်လျက်နေလေ၏။ ကချေသည်မိန်းမသည်လည်း ထိုခဏ၌ပင် သန္တတိအမတ်ကြီး၏ ကချေသည် မိန်းမကဲ့သို့ သတ္တကဝါတာ = ဓားနှင့်ဖြတ်သကဲ့သို့ အသက်ကိုဖြတ်တတ်သော လေတို့၏ အစွမ်းဖြင့် (လေဖြတ်ရောဂါဖြင့်) ကွယ်လွန်လေ၏။

အဘယမင်းသားသည် ကွယ်လွန်သော ကချေသည်မိန်းမကြောင့် စိုးရိမ်ပူပန်မှု ဖြစ်နေရကား ငါ၏ ဤစိုးရိမ်ပူပန်မှုကို မြတ်စွာဘုရားမှတစ်ပါး အခြားသူသည် ငြိမ်းအေးစေရန် စွမ်းနိုင်မည်မဟုတ်ဟု ဆင်ခြင်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မြတ်စွာဘုရားတပည့်တော်၏ စိုးရိမ်ပူပန်မှုသောကကို ငြိမ်းအေးပေးတော်မူပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အဘယမင်းသားကို နှစ်သိမ့်စေပြီး၊ (သက်သာရာ ရစေပြီး) မင်းသားသင်သည် ဤမိန်းမ၏ ဤသို့ပင် ကွယ်လွန်ခဲ့ရာ အချိန်၌ ငိုကြွေးရခြင်းကြောင့် ဖြစ်ပေါ်ခဲ့သော မျက်ရည်တို့၏ အစမထင် သံသရာခွင်၌ အချင့်ပမာဏသည် မရှိလေပြီဟု မိန့်တော်မူကာ ထိုဒေသနာဖြင့် သောကတရား၊ ကျဲပါးသွားသည်ကို သိမြင်တော်မူပြီး မင်းသားမစိုးရိမ် မပူဆွေးလေနှင့်၊ စိုးရိမ်ပူဆွေးမှုသည် ပညာမဲ့သူ လူမိုက်တို့၏ နစ်မွန်းရာဌာန ဖြစ်ပေသည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

"ဧထ ပဿထိမံ လောကံ၊ စိတ္တံ ရာဇရထူပမံ။
ယတ္ထ ဗာလာ ဝိသီဒန္တိ၊ နတ္ထိ သင်္ဂေါ ဝိဇာနတံ။

ရာဇကုမာရ = အဘယမင်းသား၊ ဧထ - သင်တို့လာခဲ့ကြ၊ ရာဇရထူပမံ - ရတနာခုနစ်ပါး စသည်တို့ဖြင့် ဆန်းကြယ်သော မင်း၏ ရထားနှင့်တူသော၊ စိတ္တံ - အဝတ်အဆင်တန်ဆာစသည်တို့ဖြင့် ဆန်းကြယ်သော၊ ဣမံလောကံ - ခန္ဓာလောက စသည်ဖြင့် ခေါ်ဆိုအပ်သော ဤအတ္တဘောကို၊ ပဿထ - ရှုကြည့်ကြကုန်လော့။ ယတ္ထ - ခန္ဓာလောက စသည်ဖြင့် ခေါ်ဆိုအပ်သော အကြင်အတ္တဘော၌ ဗာလာ - ပညာမဲ့သူလူမိုက်တို့သည်၊ ဝိသီဒန္တိ - ရာဂစသည်တို့ဖြင့် ကပ်ငြိတပ်စွန်း နစ်မွန်းကြကုန်၏။

ဇတ္ထ - ပညာမဲ့သူ လူမိုက်တို့ ရာဂစသည်ဖြင့် ကပ်ငြိတပ်စွန်း နစ်မွန်းကြရာ ဤခန္ဓာကိုယ် အတ္တဘော၌၊ ဝိဇာနတံ - သဘောမှန်ကို ကောန်သိမြင်ပညာရှင်တို့၏၊ သင်္ဂေါ - ရာဂစတင် ကပ်ငြိများစွာတို့တွင် တစ်စုံတစ်ခု ကပ်ငြိမှုသည်လည်း၊ နတ္ထိ ကောန်တိတိမရှိပါချေ။

ဒေသနာတော်အဆုံး၌ အဘယမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာကြသူ ရဟန်းရှင်လူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

**အဘယရာဇကုမာရဝတ္ထု ပြီး၏။**

## ၃၉။ သမ္ဗုဒ္ဓနထေရ်ဝတ္ထု
## တံမြက်စည်းလှည်းထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သမ္ဗုဒ္ဓနထေရ်သည် နံနက်ချိန်ဟူ၍ လည်းကောင်း၊ ညနေချိန်ဟူ၍ လည်းကောင်း၊ အချိန်ကို ပမာဏမပြုဘဲ မပြတ်တံမြက် လှည်းလျက်သာ သွားလာနေထိုင်၏။

ထိုထေရ်သည် တစ်နေ့သ၌ တံမြက်စည်းကို ကိုင်၍ နေ့သန့်ရာ နေရာ၌ ထိုင်နေသော ရေဝတထေရ်၏ အနီးသို့သွားပြီး ဤလူပျင်းကြီးသည် လူအများ၏ သဒ္ဓါ၍ လှူအပ်သောဆွမ်းကို စားပြီး ဤနေရာ၌လာ၍ ထိုင်နေ၏။ ဤလူပျင်းကြီးအား တံမြက်စည်းကို ကိုင်၍ တစ်ခုသော နေရာကို တံမြက်စည်းလှည်းရန် မအပ်လေသလောဟု (မသင့်လေသလောဟု) ဟု ပြော၏။ ရေဝတထေရ်သည် သမ္ဗုဒ္ဓနထေရ်အား အဆုံးအမကို ပေးမည်ဟု ကြံကာ -

ငါ့ရှင် သမ္ဗုဒ္ဓန လာပါဦး။

အရှင်ဘုရား ဘာကိစ္စပါနည်း။

ငါ့ရှင်သွားပါဦး။ ရေချိုးပြီးမှ လာခဲ့ပါ။

သမ္ဗုဒ္ဓနထေရ်သည် ရေဝတထေရ်၏ အမိန့်အတိုင်း ပြုခဲ့လေပြီ။

ထို့နောက် ရေဝတထေရ်သည် သူထံရောက်လာသော သမ္ဗုဒ္ဓနထေရ် ကို တစ်နေရာ၌ ထိုင်စေပြီး ဤသို့ ဩဝါဒပေးလေ၏။

ငါ့ရှင် ရဟန်းမည်သည် အခါခပ်သိမ်း တံမြက်စည်းလှည်းလျက် နေထိုင်ရန်မသင့်၊ နံနက်အခါ၌သာ တံမြက်လှည်းပြီး ဆွမ်းခံသွား၍ ဆွမ်းခံရွာမှ ထွက်ခွာလာကာ ညသန့်ရာနေရာ၌သော်လည်းကောင်း နေ့သန့်ရာနေရာ၌ သော်လည်းကောင်းနေလျက် ဒွတ္တိံသာကာရ = သုံးဆယ့်နှစ်မျိုးသော အချင်းအရာကို (အစုအဝေးကို) ရွတ်အံ သရဇ္ဈာယ်၍ မိမိ၏ခန္ဓာကိုယ် အတ္တဘော၌ ကုန်ခြင်း၊ ပျက်ခြင်းကို ရှေးရှုထင်စေ၍ ညနေချိန်၌ နေရာမှထပြီး တံမြက်လှည်းရန်သင့်၏။ အမြဲမပြတ် တံမြက်မလှည်းမူ၍ မိမိ၏ တရားအား ထုတ်ခွင့်မည်သည်ကိုလည်း ပြုအပ်ပြုသင့်ပေသည်။

သမ္ဗုဒ္ဓနထေရ်သည် ရေဝတထေရ်၏ ဩဝါဒ၌ တည်၍ အချိန်မကြာမြင့်မီမှာပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုထိုနေရာသည်၊ ဝါ - နေရာတိုင်း အမှိုက်သရိုက် များနေလေ၏။ ထိုအခါ သမ္ဗုဒ္ဓနထေရ် အမှိုက်ရှုပ် နေသော ထိုထိုနေရာကို အဘယ်ကြောင့် တံမြက်မလှည်းသနည်းဟု ပြောကြသည်။

အရှင်ဘုရားတို့ တပည့်တော်သည် မေ့လျော့နေချိန်၌ နေရာတိုင်း တံမြက်လှည်းခြင်းကို ပြုအပ်ပါပြီ။ ယခု အခါတပည့်တော်သည် မမေ့လျော့သူ ဖြစ်ပါ၏ဟု လျှောက်ထားလေ၏။

ရဟန်းတို့သည် ဤသမ္ဗုဒ္ဓနထေရ်သည် အရဟတ္တဖိုလ်ကို ပြောဆိုသူဖြစ်၏ဟု မြတ်စွာဘုရားအား လျှောက်ထားကြသည်။

မြွတ်စွာဘုရားသည် ရဟန်းတို့ ဟုတ်ပါပေ၏။ ငါ၏သားတော်သမ္ဗုဇ္ဇနသည် ရှေ့ဖြစ်သော မေ့လျော့နေချိန်၌ တံမြက်လှည်းလျက်နေခဲ့သည်။ ယခုအခါမှာမူ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေသူဖြစ်၍ တံမြက်မလှည်းတော့ချေဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"ယောစ ပုဗ္ဗေ ပမဇ္ဇိတွာ၊ ပစ္ဆာသော နပ္ပမဇ္ဇတိ။
သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ"

ယော - အကြင်သူသည်၊ (တစ်နည်း) ယော ဘိက္ခု အကြင်ရဟန်းသည်၊ ပုဗ္ဗေ - ရှေးကာလ၌၊ ပမဇ္ဇိတွာ - ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်းဖြင့်သော်လည်းကောင်း၊ စာပေကျမ်းဂန်ကို ရွတ်အံ့သရဇ္ဈာယ်ခြင်း စသည်တို့ဖြင့် လည်းကောင်း၊ မေ့လျော့၍၊ ဝါ - မေ့မေ့လျော့လျော့နေခဲ့ပြီး၊ ပစ္ဆာ-နောက်ကာလ၌သော ထိုသူသည် (တစ်နည်း)သော ဘိက္ခု - ထိုရဟန်းသည် နပ္ပမဇ္ဇတိ - မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေခြင်းဖြင့် မမေ့မလျော့ချေ။

အဗ္ဘာ - တိမ်တိုက်မှ၊ မုတ္တော - လွတ်သော၊ စန္ဒိမာ ဣဝ - လကဲ့သို့ (တစ်နည်း) စန္ဒိမာ - လသည်၊ ဩကာသလောကံ - သတ္တဝါတို့၏ တည်ရာ ဩကာသ လောကကို၊ ပဘာယ - အရောင် အလင်းဖြင့် ပဘာသေတိ ဣဝ - အမှောင်ပယ်ခွင်း တဝင်းဝင်းဖြင့် ထွန်းလင်းတောက်ပစေသကဲ့သို့၊ သော - ထိုသူသည်၊ ဝါ - သောဘိက္ခု - ထိုရဟန်းသည်၊ ဣမံလောကံ - ခန္ဓာအစရှိသော ဤလောကကို၊ မဂ္ဂညာဏေန - မဂ်ဉာဏ်ဖြင့်၊ ပဘာသေတိ - ထွန်းလင်းတောက်ပစေ၏။ ဝါ - တစ်ခဲနက်အရောင် အလင်းကို ပြုလေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**သမ္မဇ္ဇနတ္ထေရဝတ္ထု ပြီး၏။**

## ၄၀။ အင်္ဂုလိမာလဓမ္မရတနာ
## အင်္ဂုလိမာလထေရ်အကြောင်း

အင်္ဂုလိမာလထေရ်သည် မြတ်စွာဘုရားထံတော်၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူသည်။ တစ်ခုသောအချိန်၌ အရှင်အင်္ဂုလိမာလသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် တစ်ယောက်ထီးတည်း ကိန်းအောင်းကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူပြီ။

ထိုအချိန်၌ -

"ယောစ ပုဗ္ဗေ ပမဇ္ဇိတွာ၊ ပစ္ဆသော နပ္ပမဇ္ဇတိ
သောမံ လောကံ ပဘာသေတိ အဗ္ဘာ မုတ္တောဝ စန္ဒိမာ"

အစရှိသောနည်းဖြင့် ဥဒါန်းကျူးရင့်၍ ဝိပါက်နာ မက္ခန္ဓာ ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာန စိတ်ဖြင့် ငြိမ်းတော်မူလေပြီ။

ရဟန်းတို့သည် ငါ့ရှင်တို့ အင်္ဂုလိမာလထေရ်သည် အဘယ်ဘဝ ဘုံဌာန၌ ဖြစ်လေသနည်းဟု ဓမ္မသဘင်၌ စကားကို ဖြစ်စေကြသည်။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ ယခုအခါ သင်တို့သည် အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူသဖြင့် မြတ်စွာဘုရား၊ အင်္ဂုလိမာလထေရ်၏ ဖြစ်ရာဌာနနှင့် စပ်ယှဉ်သော စကားဖြင့် စုဝေးနေကြပါသည်ဟု ရဟန်းတို့က လျှောက်ထားအပ်လေသော် -

ရဟန်းတို့ ငါဘုရား၏ သားတော် အင်္ဂုလိမာလသည် ပရိနိဗ္ဗုတော - ဒုက္ခခပ်သိမ်းငြိမ်းလေပြီ။

မြတ်စွာဘုရား ဤမျှလောက်သော လူတို့ကို သတ်ပြီး ဒုက္ခခပ်သိမ်းငြိမ်းရော့လား ဘုရား။

ရဟန်းတို့ ဒုက္ခခပ်သိမ်းငြိမ်းသည်မှာ အမှန်ဖြစ်ပေသည်။

အင်္ဂုလိမာလသည် ရှေ့ပိုင်းအချိန်၌ ကလျာဏမိတ်တစ်ဦးတစ်ယောက်ကို မရခဲ့သောကြောင်း ဤမျှ လောက်သော မကောင်းမှုကို ပြုခဲ့လေပြီ။ နောက်ပိုင်း အချိန်၌မူ ကလျာဏမိတ်ဟူသော အထောက်အကူကို ဝါ - ကလျာဏမိတ်ဟူသော အကျိုးပြုပေးသူကို ရခဲ့သောကြောင့် မမေ့မလျော့သူ ဖြစ်ပြီ။

ထို့ကြောင့် အင်္ဂုလိမာလ၏ ထိုမကောင်းမှုကံကို အရဟတ္တမဂ်ကုသိုလ်သည် မကောင်းကျိုး မပေးနိုင်အောင် ပိတ်အပ်လေပြီဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓိယတိ၊
သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တောဝ စန္ဒိမာ"

ယဿယေန ပုဂ္ဂလေန - အကြင်ပုဂ္ဂိုလ်သည်၊ ကတံ - ပြုအပ်သော၊ ပါပံ - ယုတ်မာသော၊ ကမ္မံ - အကုသိုလ်ကံကို၊ ကုသလေန - အရဟတ္တမဂ်ကုသိုလ်သည်၊ ပိဓိယတိ မကောင်းကျိုးကို မပေးနိုင်အောင် ပိတ်ထားအပ်လေ၏။

အဗ္ဘာ - တိမ်တိုက်မှ၊ မုတ္တော - လွတ်သော၊ စန္ဒိမာ - လသည်၊ ဩကာသလောကံ - သတ္တဝါတို့၏ တည်ရာ ဩကာသလောကကို - ပဘာယ အရောင်အလင်းဖြင့် ပဘာသေတိဣဝ - အမှောင်ပယ်ခွင်း တဝင်း ဝင်းဖြင့် ထွန်းလင်းတောက်ပစေသကဲ့သို့ သောထိုပုဂ္ဂိုလ်သည်၊ ဣမံလောကံ - ခန္ဓာအစရှိသော ဤလောကကို မဂ္ဂဉာဏေန - အရဟတ္တမဂ်ဉာဏ်ဖြင့်၊ ပဘာသေတိ - ထွန်းလင်းတောက်ပစေ၏။ ဝါ - တစ်ခဲနက် အရောင်အလင်းကို ပြုလေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကြလေကုန်ပြီ။

**အင်္ဂုလိမာလတ္ထေရဝတ္ထု ပြီး၏။**

## ၄၁။ တိံသဘိက္ခုဝတ္ထု
## ရဟန်းသုံးကျိပ်အကြောင်း

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရပ်မျက်နှာ၌နေကြသော ရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကို လာရောက်ဆည်းကပ်ကြကုန်၏။

အာနန္ဒာထေရ်သည် မြတ်စွာဘုရားထံ ဝတ်ပြုချိန်၌ လာခဲ့လေသော် ထိုရဟန်းတို့ကို မြင်၍ မြတ်စွာဘုရားသည် ဤရဟန်းတို့နှင့်အတူ အဆက်အစပ်ပြုအပ်ပြီးသော် (စကားပြောဆိုပြီးမှ) ဝတ်ပြုအံ့ဟု ရည်ရွယ်၍ တံခါးမုခ်၌ ရပ်နေလေ၏။ မြတ်စွာဘုရားသည်လည်း ထိုရဟန်းတို့နှင့်အတူ အဆက်အစပ်ကိုပြုပြီး (မေးမြန်းပြောဆို ပြီး) ထိုရဟန်းတို့အား အသက်ထက်ဆုံး အမှတ်ရထိုက်သော တရားကို ဟောတော်မူ၏။ ထိုတရားကို ကြားနာကြ၍ ရဟန်းသုံးကျိပ်လုံး အရဟတ္တဖိုလ်သို့ ရောက်၍ ကောင်းကင်သို့ ပျံတက်ကြပြီး ကောင်းကင်ခရီးဖြင့် ပျံသွားကြကုန်ပြီ။

အာနန္ဒာထေရ်သည် ထိုရဟန်းတို့ အချိန်ကြာလတ်ကုန်သော် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား ယခုပင် ရဟန်းသုံးကျိပ်တို့ မြတ်စွာဘုရားထံလာကြပါသည်။ ထိုရဟန်းများ အဘယ်၌ နေကြပါသနည်းဟု မေးလျှောက်၏။ အာနန္ဒာ သင်မေးသော ရဟန်းတို့ ပြန်သွားကြပြီ။

မြတ်စွာဘုရား - အဘယ်ခရီးဖြင့် ပြန်သွားကြပါသနည်း။

အာနန္ဒာ - ကောင်းကင်ခရီးဖြင့် ပျံသွားကြပြီ။

မြတ်စွာဘုရား - ထိုရဟန်းတို့သည် အာသဝေါကုန်ခန်း ရဟန္တာတို့ ဖြစ်ကြပါသလား။

အာနန္ဒာ - ဟုတ်၏။ ငါဘုရားထံ၌ တရားနာကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြပြီဟု မိန့်တော်မူသည်။

ထိုခဏ၌ ဟင်္သာတို့သည် ကောင်းကင်ခရီးဖြင့် ပြန်လာကြသည်။

မြတ်စွာဘုရားသည် အာနန္ဒာ အကြင်ရဟန်းသည် ဣဒ္ဓိပါဒ် လေးပါးတို့ကို ကောင်းစွာ ပွားအပ်ကုန်ပြီ။ ထိုရဟန်းသည် ဟင်္သာတို့ကဲ့သို့ ကောင်းကင်ခရီးဖြင့် သွားလေ၏ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သောဂါထာကို ဟောတော်မူသည်။

"ဟံသာ ဒိစ္စပထေ ယန္တိ၊ အာကာသေ ယန္တိ ဣဒ္ဓိယာ။
နီယန္တိ ဓီရာ လောကမှာ၊ ဇေတွာ မာရံ သဝါဟိနိံ"

ဟံသာ - ဟင်္သာငှက်တို့သည်၊ အာဒိစ္စပထေ - နေသွားလမ်းကြောင်း ကောင်းကင်၌၊ ယန္တိ သွားကြကုန်၏။

ယေသံ - အကြင်ပုဂ္ဂိုလ်တို့သည်၊ ဣဒ္ဓိပါဒါ - လေးပါးသော ဣဒ္ဓိပါဒ်တို့ကို၊ သုဘာဝိတာ - ကောင်း စွာပွားအပ်ကုန်၏။ တေပိ - ပွားအပ်ပြီးသော ဣဒ္ဓိပါဒ်ရှိကုန်သော ထိုပုဂ္ဂိုလ်တို့သည်လည်း၊

က္ကဒ္ဒိယာ - တန်ခိုးဖြင့်၊ အာကာသေ - ကောင်းကင်၌၊ ယန္တိ - သွားကြကုန်၏။ ဓိရာ - ပညာရှိတို့သည်၊ သဝါဟိနီ - စစ်သည်နှင့်တကွဖြစ်သော၊ မာရံ - မာရ်မင်းကို၊ ဇေတွာ - အောင်မြင်၍၊ လောကမှာ - ဝဋ်ဆင်းရဲလောကမှ၊ နီယန္တိ - ထွက်မြောက်ကြကုန်၏။ (နိဗ္ဗာန်ရောက်ကြသည်ဟူလို)

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့ကို ရောက်ကြလေကုန်ပြီ။

**တိံသဘိက္ခုဝတ္ထု ပြီး၏။**

## ၄၂။ အသဒိသဒါနဝတ္ထု
## အတုမရှိသော အလှူအကြောင်း

တစ်ခုသောအချိန်၌ မြတ်စွာဘုရားသည် ရဟန်းငါးရာ ခြံရံလျက်ဒေသစာရီ လှည့်လည်ခဲ့ပြီး ဇေတဝန်ကျောင်းတော်သို့ ကြွဝင်တော်မူ၏။

ကောသလမင်းကြီးသည် ဘုရားကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကို အလှူခံရန် ပင့်လျှောက်ခဲ့ပြီး နောက်နေ့ အာဂန္တုက ဒါန = ဧည့်သည် ရဟန်းတို့အား လှူဖွယ်ဝတ္ထုကို ၊ ဝါ - ကြွရောက်လာသော ရဟန်းတို့အား လှူဖွယ်ဝတ္ထုကို စီရင်၍ ငါ၏အလှူကို ကြည့်လှည့်ကြဟု မြို့သူမြို့သားတို့ကို ဖိတ်ခေါ်လေ၏။

မြို့သူမြို့သားတို့သည် လာကြ၍ မင်း၏ အလှူကို ကြည့်ရှုကြပြီး နောက်နေ့၌ မြတ်စွာဘုရားကို အလှူခံကြွရန် ပင့်လျှောက်ကြကာ အလှူကိုစီစဉ်၍ အရှင်မင်းကြီးသည် ကျွန်တော်တို့၏ အလှူကိုလည်း ရှုကြည့်တော်မူလှည့်ပါဟု မင်းကြီးထံ ဖိတ်ကြားကြကုန်၏။

ကောသလမင်းကြီးသည် မြို့သူမြို့သားတို့၏အလှူကို ကြည့်ရှုခဲ့ပြီး မြို့သူမြို့သားတို့သည် ငါ့ထက်သာလွန်သော အလှူကို ပြုအပ်ပြီ ငါသည် နောက်ထပ်အလှူပြုလုပ်ဦးမည်ဟု နောက်နေ့၌ လည်းအလှူကို စီရင်လေ၏။

မြို့သူမြို့သားတို့သည်လည်း မင်းကြီးအလှူကို ကြည့်ရှုခဲ့ကြပြီး နောက်နေ့၌အလှူကို စီရင်ကြလေကြကုန်၏။

ဤသို့လျှင် ကောသလမင်းကြီးသည် မြို့သူမြို့သားတို့ကို အနိုင်မယူနိုင်။ မြို့သူမြို့သားတို့ကလည်း မင်းကြီးကို အနိုင်မယူနိုင်ကြ။

ထို့နောက် ခြောက်ကြိမ်မြောက်အလှူပွဲ၌ မြို့သူမြို့သားတို့သည် အဆတစ်ရာ၊ အဆတစ်ထောင် တိုးပွားစေကြပြီး ဤသူတို့၏ အလှူ၌ ဤမည်သော အလှူဝတ္ထု မပါမရှိဟု၊ မပြောနိုင်အောင် အလှူကို စီရင်ကြကုန်၏။

ကောသလမင်းကြီးသည် မြို့သူမြို့သားတို့၏ အလှူကို ကြည့်ရှုခဲ့ပြီး မြို့သူမြို့သားတို့၏ အလှူထက်သာလွန်အောင် ငါမပြုနိုင်ခဲ့လျှင် ငါ၏ အသက်ရှင်ခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်းဟု အကြောင်းကို စိတ်ကူးစဉ်းစားလျက် အိပ်နေလေ၏။ ထိုအခါ မလ္လိကာ မိဖုရားသည် မင်းကြီးထံချဉ်းကပ်၍ အရှင်မင်းကြီး အဘယ့်ကြောင့် ဤသို့အိပ်နေပါသနည်း။ အဘယ်အကြောင်းကြောင့် အရှင်မင်းကြီး၏ စက္ခုအစရှိသော ဣန္ဒြေတို့သည် ပင်ပန်းကုန်သကဲ့သို့ ဖြစ်ကုန်သနည်းဟု မေးလေ၏။

မိဖုရားကြီး ယခုသင်ငါ့အကြောင်းကို မသိသလော။

အရှင်မင်းကြီး မသိပါဟုပြော၏။

ကောသလမင်းကြီးသည် မလ္လိကာ မိဖုရားအား ထိုအကြောင်းကို ပြောပြလေ၏။

ထိုအခါ ကောသလမင်းကြီးကို မလ္လိကာ မိဖုရားသည် ဤသို့ပြောလေ၏။

အရှင်မင်းကြီး မစိုးရိမ်ပါနှင့်။

မြို့သူမြို့သားတို့က ရှုံးစေအပ်သော (တစ်နည်း) မြို့သူမြို့သားတို့က အနိုင်ယူအပ်သော မြေကြီးကို အစိုးရသောမင်းကို သင်မင်းကြီးသည် အဘယ်အရပ်၌ မြင်ဖူးကြားဖူးပါသနည်း ကျွန်တော်မသည် အရှင်မင်းကြီး၏ အလှူကို စီရင်ပါမည်။

ဤသို့လျှင် မလ္လိကာမိဖုရားသည် ကောသလမင်းကြီး၏ အတုမရှိအလှူကို စီရင်လိုသူဖြစ်၍ ဤသို့ပြောဆိုပြီ အရှင်မင်းကြီး သာလကလျာဏီ သစ်သားပျဉ်တို့ဖြင့် ရဟန်းငါးရာတို့အတွင်း၌ လှည့်ပတ်ထိုင်နေလောက်အောင် မဏ္ဍပ်ကို ဆောက်လုပ်ပါစေ။ ရဟန်းတို့မှ ကျန်လူတို့သည် အပြင်အဝိုင်း၌ ထိုင်ကြပါလိမ့်မည်။ ထီးဖြူငါးရာတို့ကို ပြုပါစေ။ ထိုထီးဖြူတို့ကို ကိုင်၍ ဆင်အစီးငါးရာတို့သည် ရဟန်းငါးရာတို့၏ ဦးခေါင်းပေါ်၌ ထီးမိုးလျက် ရပ်တည်ကြပါလိမ့်မည်။ ရှစ်ဇင်း (သို့မဟုတ်) ဆယ်ဇင်းသော ရွှေနီတို့ဖြင့် ပြုအပ်သော ရွှေနီလှေတို့ကို ပြုပါစေ။ ထိုလှေတို့သည် မဏ္ဍပ်အလယ်၌ ဖြစ်ကြပါလိမ့်မည်။ ရဟန်းတော်နှစ်ပါးနှစ်ပါးတို့၏ အကြား၌ မင်းသမီးတစ်ယောက်တစ်ယောက်ထိုင်၍ နံ့သာတို့ကို သွေးပါလိမ့်မည်။ တစ်ယောက်တစ်ယောက်သော မင်းသမီးသည် သားမြီးယပ်ကို ကိုင်၍ နှစ်ပါးနှစ်ပါးသော ရဟန်းတို့ကို ယပ်လေခပ်လျက် တည်နေပါလိမ့်မည်။ ကျန်မင်းသမီးတို့သည် သွေးပြီးသွေးပြီး နံ့သာတို့ကို ယူ၍ ရွှေလှေတို့၌ ထည့်ကြပါလိမ့်မည်။ ထိုမင်းသမီးတို့တွင် အချို့သော မင်းသမီးတို့သည် ကြာညိုအစည်းတို့ကို ကိုင်၍ ရွှေလှေတို့၌ ထည့်ပြီး နံ့သာတို့ကို မွှေနှောက်၍ အနံ့လှိုင်ခြင်းကို ယူစေကြပါလိမ့်မည်။

မြို့သူမြို့သားတို့အား မင်းသမီးတို့ မရှိလေကုန်။ ထီးဖြူတို့လည်း မရှိကြ။ ဆင်တို့လည်း မရှိကြပါ။ ဤအကြောင်းတို့ကြောင့် မြို့သူမြို့သားတို့သည် ရှုံးနိမ့်ကြပါလိမ့်မည်။ အရှင်မင်းကြီး ကျွန်တော်မတင်လျှောက်သည့်အတိုင်း ပြုတော်မူပါဟု ပြောလေ၏။

ကောသလမင်းကြီးသည် အို . . . မိဖုရားကောင်းလှပါပြီ။ သင်သည် ကောင်းမွန်သည်ကို ပြောအပ်ပါ၏ ဟု ပြောပြီး၊ မလ္လိကာသည် ပြောဆိုအပ်သောနည်းဖြင့် (အမှတ်အသားဖြင့်) အားလုံးကို ပြုစေ၏။

သို့သော်လည်း ရဟန်းတစ်ပါးအတွက် ဆင်တစ်ကောင်လိုနေသည် ထိုအခါမင်းကြီးသည် မလ္လိကာကို ရှင်မမလ္လိကာ ရဟန်းတစ်ပါးအတွက် ဆင်တစ်ကောင်လိုနေသည်။ မည်သို့ပြုကြမည်နည်း ဟုပြော၏။

အရှင်မင်းကြီး ဆင်အစီးငါးရာ မရှိပြီလော။

အို . . မိဖုရား၊ ဆင်အစီးငါးရာရှိပါ၏။ ကျန်ဆင်တို့သည် ဆင်ဆိုးများ ဖြစ်ကုန်၏။ ထိုဆင်တို့သည် ရဟန်းတို့ကို မြင်ကြလျှင် ဝေရမ္ဘလေတို့ကဲ့သို့ ကြမ်းတမ်းကုန်၏။

အရှင်မင်းကြီး ကျွန်တော်မသည် ဆင်းဆိုးငယ်တစ်ကောင်၏ ထီးကိုကိုင်၍ ရပ်မည့်နေရာကို သိပါသည်။

အဘယ်နေရာ၌ ဆင်ဆိုးငယ်ကို ရပ်စေကြမည်နည်း။

အရှင်မြတ် အင်္ဂုလိမာလ၏ အနီး၌ ဆင်ဆိုးငယ်ကို ရပ်စေကြပါမည်ဟု တင်လျှောက်လေ၏။

ကောသလမင်းကြီးသည် မလ္လိကာ တင်လျှောက်သည့်အတိုင်းပြုစေ၏။

ဆင်ဆိုးငယ်သည် အမြီးကို သိုအိမ်အကြား၌ ထည့်ပြီး နားရွက်နှစ်ဖက်ကို ကုတ်၍ မျက်လုံးတို့ကို မှိတ်၍ ရပ်တည်နေလေ၏။

များစွာသော လူသည် ဤသို့သဘောရှိသော ဆင်ကြမ်း၏ အမူအရာကား ဤသို့တည်းဟု ဆင်ကိုသာ ကြည့်နေလေ၏။

ကောသလမင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်း၊ သံဃာကို ဆက်ကပ်လှူဒါန်း ပြုစုပြီး မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရား ဤအလှူတင်းကုတ်၌ (အလှူမဏ္ဍပ်၌) အပ်စပ်သော ပစ္စည်းဥစ္စာ မအပ်စပ်သော ပစ္စည်းဥစ္စာအလုံးကို အရှင်ဘုရားတို့အားသာ ပေးလှူပါ၏ဟု လျှောက်ထားလေ၏။

အထူးသဖြင့် ထိုအလှူပွဲ၌ တစ်ရက်တည်းဖြင့် စွန့်ကြဲလှူဒါန်းအပ်သော ငွေသည်တစ်ဆယ့်လေး ကုဋေဖြစ်၏။

မြတ်စွာဘုရား၏ ထီးဖြူတော်၊ ထိုင်နေတော်မူရာ ပလ္လင် သပိတ်ခြေ၊ ခြေဆေးအင်ပျဉ် ဤလေးမျိုးတို့သည် တန်ဖိုးမဖြတ်နိုင်အောင် ထိုက်တန်ကုန်၏။

နောက်ထပ် ဤသို့ပြု၍ ဘုရားရှင်တို့အား အလှူဒါနကို ပေးလှူရန် စွမ်းနိုင်သူမရှိတော့ပြီ။ ထို့ကြောင့်ပင် ထိုအလှူသည် အသဒိသဒါန = အတူမရှိသော အလှူဟု ကျော်ကြားခဲ့လေပြီ။ ထိုအလှူမျိုးသည် ဘုရားရှင် အားလုံးတို့အား (အားလုံးတို့မှာ) တစ်ကြိမ်သာ ဖြစ်သည်၊ ပြုလုပ်သင့်ရာ အားလုံးကို အမျိုးသမီးတို့သာ ပြုလုပ်စီရင်လေ၏။

ဆက်၍ ဆိုဦးအံ့။ ကောသလမင်းကြီး၏ ကာဠအမတ်နှင့် ဇုဏှအမတ်ဟု အမတ်နှစ်ယောက်ရှိလေ၏။ ထိုနှစ်ယောက်တို့တွင် ကာဠအမတ်သည် ဤသို့စိတ်ကူးနေ၏။

မင်းမျိုး၏ ဆုတ်ယုတ်မှုသည် အံ့ဩလောက်ပါပေ၏။ တစ်ရက်တည်းဖြင့် ဆယ့်လေးကုဋေဥစ္စာသည် ကုန်ခန်းသွားလေ၏။ ဤအလှူခံပုဂ္ဂိုလ်တို့သည် ဤအလှူကို သုံးဆောင်ကြပြီး နေရာကျောင်းသို့ သွား၍ လဲလျောင်းကုန်လျက် အိပ်ကြလိမ့်မည်။ မင်းမျိုးသည် အံ့ဩလောက်အောင် ပျက်စီးလေစွ။

ဇုဏှအမတ်သည် ဤသို့စိတ်ကူးနေ၏။ မင်း၏ ပေးလှူသော ဒါနသည် အံ့ဩဖွယ်ရှိပါပေ၏။ မှန်လှပါပေ၏။ မင်းအဖြစ်၌ မတည်သောသူသည် (မင်းမဟုတ်သူသည်) ဤသို့သဘောရှိသော ခမ်းနားကြီးကျယ်သော အလှူကို ပေးလှူရန် မတတ်နိုင်။ သတ္တဝါအားလုံးတို့အား ကုသိုလ်အဖို့ကို မပေးသူမည်သည်မရှိ။ ငါသည်ကား မင်းကြီး၏ ဤဒါနကို ဝမ်းမြောက်နှမော်သာဓုခေါ်ပါ၏။

မြတ်စွာဘုရား ဆွမ်းကိစ္စပြီးသောအခါ ကောသလမင်းကြီးသည် အနုမောဒနာတရားဟောစေရန် မြတ်စွာဘုရား၏ သပိတ်တော်ကို ကိုင်ယူထားလေ၏။

မြတ်စွာဘုရားသည် ကောသလမင်းကြီးသည် ကြီးစွာသောရေအလျဉ်ကို ဖြစ်စေသကဲ့သို့ ကြီးကျယ်သော အလှူကိုပေးလှူအပ်ပေသည်။ လူအပေါင်းသည် စိတ်ကို ကြည်လင်စေရန် စွမ်းနိုင်မည်လော (သို့မဟုတ်) မစွမ်းနိုင်လေသလောဟု ဆင်ခြင်တော်မူပြီ။

မြတ်စွာဘုရားသည် အမတ်နှစ်ဦးတို့၏ စိတ်ဖြစ်နေပုံကို သိတော်မူ၍ အကယ်၍ မင်းကြီးအားဒါန နှင့် သင့်လျော်သော အနုမောဒနာကို ငါဘုရားပြုခဲ့လျှင် ကာဠအမတ်၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲ

လိမ့်မည်၊ ဇဏှအမတ်သည် သောတာပတ္တိဖိုလ်၌ တည်လိမ့်မည်ဟု သိမြင်တော်မူကာ ကာဠအမတ်၌ သနားစောင့်ရှောက်မှုကို အစွဲပြု၍ ဤမျှလောက်ကြီးကျယ်သော အလှူကိုပေးလှူကာ ရှေ့တော်၌ တည်နေသော မင်းကြီးအားလေးပါဒရှိသော ဂါထာကိုသာ ဟော၍နေရာမှ ထတော်မူ ပြီးကျောင်းသို့ ကြွသွားလေ၏။

ရဟန်းတို့သည် အင်္ဂုလိမာလထေရ်ကို ငါ့ရှင်သင့်ကို ထီးမိုး၍ ရပ်တည်နေသော ဆင်ဆိုးကို မကြောက်လေသလော (မကြောက်ဘူးလား) ဟုမေးကြသည်။ ငါ့ရှင်တို့ ငါမကြောက်ပါဟု အင်္ဂုလိမာလ ထေရ်က ပြန်ပြောသည်။

ထိုရဟန်းတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား အင်္ဂုလိမာလသည် အရဟတ္တ ဖိုလ်ကို ပြောဆိုပါသည်ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ အင်္ဂုလိမာလသည် ကြောက်သူမဟုတ်။ မှန်ပေ၏။ ရဟန္တာနှင့် ဥသဘတို့ အကြား၌ အကြီးဆုံး၊ အမြတ်ဆုံး ဥသဘဖြစ်သော ငါဘုရား၏သားတော် အင်္ဂုလိမာလနှင့် တူကုန်သော ရဟန်းတို့သည် မကြောက်ကြကုန်ဟု မိန့်တော်မူကာ ဗြာဟ္မဏဝဂ်၌ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

"ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ"

ဘိက္ခဝေ - ရဟန်းတို့၊ ဥသဘံ - တုန်လှုပ်ကြောက်ရွံ့မှုမရှိသောကြောင့်၊ ဥသဘနှင့်တူသော၊ ပဝရံမြတ်သော၊ ဝီရံ - ဝီရိယနှင့် ပြည့်စုံသော၊ မဟေသိံ - မြတ်သော - သီလက္ခန္ဓ စသည်တို့ကို ရှာမှီးပြီးသော၊ ဝိဇိတာဝိနံ - သုံးမျိုးသောမာရ်တို့ကို အောင်မြင်ပြီးသော၊ အနေဇံ - တဏှာကင်းပြီးသော၊ နှာတကံ - ကိလေသာတို့ကို ဆေးကြောပြီးသော၊ ဗုဒ္ဓံ - သစ္စာလေးပါးကို သိပြီးသော၊ တံ - တာဒိသံ - ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏံ - ကိလေသာတို့ကို အပပြုပြီး သူရဟန္တာဟု၊ အဟံ - ငါဘုရားသည်၊ ဗြူမိ - ဟောတော်မူ၏။

ကောသလမင်းကြီးသည်လည်း နှလုံးမသာမယာဖြစ်ရကား မြတ်စွာဘုရားသည် ဤသို့သဘော ရှိသော ပရိသတ်အား အလှူဝတ္ထုကိုပေးလှူ၍ ရှေ့တော်၌ တည်နေသော ငါ့အား အနုမောဒနာကို မပြုမူ၍ တစ်ဂါထာမျှကိုသာ ဟော၍ နေရာမှ ထတော်မူကာပြန်ကြွတော်မူသည်။

ငါသည် မြတ်စွာဘုရားအား လျှောက်ပတ်သောဒါနကိုမပြုမူ၍ မလျှောက်ပတ်သော ဒါနကို ပြုအပ်သည် ဖြစ်လိမ့်မည်။ အပ်စပ်သော ပစ္စည်းကို မလှူမူ၍ မအပ်စပ်သောပစ္စည်းကို သော်လည်း ပေးလှူသည် ဖြစ်လိမ့်မည်။ မြတ်စွာဘုရားသည် ငါ့အားအမျက်ထွက်လိမ့်မည်။ မှန်၏။ ငါ၏ ဤအလှူသည် အသဒိသဒါနမည်၏။ ဒါနအားသင့်လျော်သော အနုမောဒနာကို ပြုသင့်၏ဟူသော စိတ်ဖြင့် ဇေတဝန်ကျောင်းတော်သို့ သွား၍ ရှိခိုးပြီး ဤစကားကို လျှောက်ထားလေ၏။

မြတ်စွာဘုရား မည်သို့ပါနည်း။ တပည့်တော်သည် ပေးလှူသင့်သော ဒါနကို မပေးလှူအပ်လေ သလော။ (သို့မဟုတ်) ဒါနနှင့် လျော်သော ကပ္ပိယ ပစ္စည်းကို မလှူမူ၍ အကပ္ပိယ ပစ္စည်းကိုသာ

လှူအပ်လေသလော။

မင်းမြတ်အဘယ်ကို ရည်ရွယ်၍ ဤစကားကို လျှောက်ထားသနည်းဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

မြတ်စွာဘုရားအရှင် ဘုရားတို့သည် တပည့်တော်အား ဒါနနှင့်သင့်လျော်သော အနုမောဒနာကို မပြုခဲ့ပါ။ ဤသည်ကို ရည်ရွယ်၍ လျှောက်ထားပါသည်ဘုရား။

မင်းမြတ် သင်သည် လျှောက်ပတ်သည်သာဖြစ်သော ဒါနကို ပေးလှူအပ်ပေ၏။ မှန်၏။ သင်၏ ဤဒါနသည် အသဒိသဒါနမည်၏။ ဘုရားတစ်ဆူအား တစ်ကြိမ်သာ ပေးလှူရန်တတ်နိုင်၏။ နောက်ထပ် ဤသို့သဘောရှိသော ဒါနမျိုးကို ပေးလှူရန် ခက်ခဲ၏ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် တပည့်တော်အား ဒါနနှင့် လျော်သော အနုမောဒနာကို ပြုတော်မမူပါသနည်း။

မင်းမြတ် ပရိသတ်၏ မစင်ကြယ်သောကြောင့် အနုမောဒနာကို ငါဘုရားမပြုခဲ့။ မြတ်စွာဘုရား ပရိသတ်၏အဖြစ်သည် အဘယ်ပါနည်းဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကောသလမင်းကြီးအား အမတ်နှစ်ဦးတို့၏ စိတ်နေစိတ်ထား ဖြစ်ပုံကို မိန့်တော်မူ၍ ကာဠအမတ်၌ သနားစောင့်ရှောက်မှုကို အစွဲပြု၍ အနုမောဒနာ မပြုခဲ့ကြောင်းကို မိန့်တော်မူလေပြီ။

ကောသလမင်းကြီးသည် အိုကာဠအမတ် သင်ဤသို့ စိတ်ကူးကြံစည်သည်ဆိုသည်မှာ မှန်သလောဟု မေး၍ မှန်ပါ၏ဟု ကာဠအမတ်က တင်လျှောက်အပ်သော် သင်၏ပစ္စည်းကို မယူပါဘဲ ငါ၏သားမယားတို့နှင့်အတူ ငါ၏ပစ္စည်းကို ငါပေးလှူသော် သင်၏ ပင်ပန်းမှုကား အဘယ်နည်း၊ အို . . . အမတ်သွားပေတော့ သင်အား ငါပေးပြီးသောပစ္စည်းသည် ပေးပြီးသားဖြစ်စေတော့ ငါ၏ တိုင်းပြည်မှ ထွက်သွားပေတော့ဟု ကာဠအမတ်ကို တိုင်းပြည်မှ နှင်ထုတ်ပြီး ဇုဏှအမတ်ကို အခေါ်ခိုင်း၍ သင်သည် ဤသို့စိတ်ကူးကြံစည်၏ ဆိုသည်မှာ မှန်သလောဟု မေး၍ မှန်ပါ၏ဟု ဇုဏှအမတ်က တင်လျှောက်အပ်သော် ဦးရီးကောင်းပေစွ ဦးရီးကို ကျေပ်ကြည်ညိုပါ၏။ ဦးရီးသည် ကျေပ်၏ ပရိသတ်ကို ယူ၍ ကျေပ်ပေးလှူအပ်သော နည်းဖြင့်သာ ခုနစ်ရက်ပတ်လုံး အလှူကိုပေးလှူပါ ဟုပြောဆိုကာ ခုနစ်ရက်ပတ်လုံးမင်းစည်းစိမ်ကို အပ်နှင်းပြီး မြတ်စွာဘုရားကို မြတ်စွာဘုရား လူမိုက်၏ အပြုအမူကို ကြည့်တော်မူကြပါ။ တပည့်တော်သည် ဤသို့ပေးလှူအပ်သော ဒါန၌ ပုတ်ခတ်ပြောဆို၏ဟု လျှောက် ထားလေ၏။

မြတ်စွာဘုရားသည် မင်းမြတ်ဟုတ်ပါပေ၏။ လူမိုက်တို့မည်သည် သူတစ်ပါးလှူဒါန်းမှုကို မနှစ်သက်ကြ သောကြောင့် ဒုဂ္ဂတိဘဝသို့ လားရောက်ကြသည်။ ပညာရှိတို့သည်ကား သူတစ်ပါးတို့၏ အလှူကိုလည်း ဝမ်းမြောက်ကြသောကြောင့် နတ်ပြည်သို့ လားရောက်ကြသည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

"န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
ဓီရောစ ဒါနံ အနုမောဒမာနော၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ"

ကဒရိယာ - သဘောယုတ်လတ် - နှမျောကုတ်ကတ်သူတို့သည်၊ ဝေ - စင်စစ်၊ ဒေဝလောကံ - နတ်ပြည်သို့၊ နဝဇန္တိ - မရောက်ကြကုန်၊ ဗာလာ - လူမိုက်တို့သည်၊ ဟဝေ - စင်စစ်၊ ဒါနံ - လှူဒါန်းမှုကို၊ နပ္ပသံသန္တိ - မချီးမွမ်းကြကုန်။ ဓီရောစ - ပညာရှိသူသည်ကား၊ ဒါနံ - အလှူကို၊ အနုမောဒမာနော - ကြည်သာ ရွှင်လန်းဝမ်းမြောက်လေ၏။ တေနေဝ - ထို့ကြောင့်ပင်၊ သော - ထိုပညာရှိသည်၊ ပရတ္ထ - တမလွန်လောက၌ သုခီ - ကိုယ်စိတ်မနွမ်းချမ်းသာရှိသူသည်၊ ဟောတိ - စင်စစ်မသွေ ဖြစ်ရလေ၏။

ဒေသနာတော်အဆုံး၌ ဇုဏှအမတ်သည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လေသော ပရိသတ် ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

ဇုဏှအမတ်သည်လည်း သောတာပန်ဖြစ်၍ ခုနစ်ရက်ပတ်လုံး ကောသလမင်းကြီး ပေးလှူအပ်သော နည်းဖြင့်ပင် အလှူကိုပေးလှူလေပြီ။

**အသဒိသဒါနဝတ္ထု ပြီး၏။**

# ၄၃။ အနာထပိဏ္ဍိက ဗုဒ္ဓကာလဝတ္ထု
# အနာထပိဏ်သူဌေး၏ သားကာလအကြောင်း

သာဝတ္ထိမြို့ အနာထပိဏ်သူဌေးသည် ဘုရား၏ ကျောင်းဒကာလည်း ဟုတ်၏။ ရတနာသုံးပါး၌ မတုန်မလှုပ်ခိုင်မြဲသော သဒ္ဓါတရားရှိသူလည်း ဖြစ်၏။

သူဌေးကြီး၏ သားကာလသည်ကား မြတ်စွာဘုရားထံသို့သွားခြင်းငှာ အလိုမရှိ၊ အိမ်သို့ကြွလာသော မြတ်စွာဘုရားထံသို့ ဖူးမြင်ရန် အလိုမရှိ။ တရားကို နာယူရန် သံဃာ၏ ဝေယျာဝစ္စကို ပြုလုပ်ရန်လည်း အလိုမရှိ။

ဖခင်သူဌေးကြီးက ချစ်သား ဤသို့မပြုနှင့် ဟုပြောဆိုဆုံးမအပ်သော်လည်း ဖခင်၏ စကားကို နားမထောင်။

ထိုအခါ ကာလ၏ ဖခင်သူဌေးကြီးသည် ဤသို့ကြံမိလေ၏။ ငါ့သားကာလသည် ဤအယူမျိုးကို ယူ၍ နေထိုင်ခဲ့သော် အဝီစိငရဲသို့ လားရလိမ့်မည်။ ငါလို ဖခင်သက်ရှိထင်ထင်မြင်နေရလျက် ငါ့သားကာလငရဲကျရန် မသင့်တော် မလျှောက်ပတ် -

ဤသတ္တလောက၌ ပစ္စည်းဥစ္စာကိုပေးခြင်းဖြင့် ရှိရင်းစွဲ အယူအဆသဘောထား မပြိုကွဲ မပျက်စီးသည့် သတ္တဝါမည်သည်မရှိပါချေ။ ကာလကို ပစ္စည်းဖြင့် ဖြိုခွဲဖျက်ဆီးအံ့ ဟု ကြံမိလေ၏။

ထိုသို့ ကြံမိပြီးနောက် သူဌေးကြီးသည် သားဖြစ်သူ ကာလကို ချစ်သား သင်သည် ဥပုသ်စောင့်၊ ကျောင်းသို့ သွားတရားနာပြီး အိမ်ကိုပြန်ခဲ့။ သင့်အား ငါငွေတစ်ရာပေးမည်ဟု ပြောလေ၏။

ဖခင် တကယ်ပေးမှာလား။

ချစ်သား တကယ်ပေးမှာပါ။

ကာလသည် သုံးကြိမ်တိုင်အောင် ဖခင်ထံမှ ပေးပါမည်ဟူသော ဝန်ခံချက်ကိုယူ၍ ဥပုသ်ဆောက်တည်ကာ ကျောင်းသို့ သွားလေ၏။

ကာလအဖို့ တရားနာခြင်းဖြင့် ပြုဖွယ်ကိစ္စမရှိ၊ ကိုယ်စိတ်ချမ်းသာမည့်နေရာ၌ အိပ်၍ နံနက်စောစော အိမ်သို့ပြန်သွားလေ၏။ ထိုအခါ ကာလ၏ ဖခင်သူဌေးကြီးသည် ငါ့သားဥပုသ် စောင့်လာခဲ့ပြီ။ ငါ့သားအတွက် ယာဂုအစရှိသည်တို့ကိုလျှင် မြန်စွာယူခဲ့ကြဟု ပြောဆိုကာ ယာဂုအစ ရှိသည်တို့ကို ပေးစေ၏။

ကာလသည် ငွေတို့ကို မယူဘဲ၊ ဝါ - မရဘဲ ငါမစားသေးဟူသော စိတ်ထားဖြင့် သူ့ထံပို့အပ်သမျှ စားသောက်ဖွယ်ကို တားမြစ်ဖယ်ရှားလေပြီ။ ထိုအခါ ကာလ၏ ဖခင်သူဌေးကြီးသည် သား၏ ပင်ပန်းနှိပ်စက်မှုကို သည်းမခံနိုင်၍ ငွေတစ်ရာကိုပေးစေ၏။

ကာလသည် ထိုငွေကို လက်ဖြင့် ကိုင်လျက်သာ စားသောက်ဖွယ်ကို စားသောက်လေ၏။

နောက်တစ်နေ့၌ သူဌေးကြီးသည် သားကာလကို ချစ်သား သင့်အားငွေတစ်ထောင်ပေးမည်။ မြတ်စွာဘုရား၏ ရှေ့၌နေ၍ တရားတစ်ပုဒ်ကို ကြားနာသင်ယူ၍ ပြန်လာခဲ့ပါဟု ပြောဆို၍ ကျောင်း

သို့စေလွှတ်လိုက်၏။

သားကာလသည်လည်း ကျောင်းသို့သွား၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ထိုင်လျက် တည်နေ၍ သာ တရားတစ်ပုဒ်ကိုသာ ကြားနာသင်ယူပြီး ပြန်ပြေးလိုသူဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ကာလ၏ တရားကိုမမှတ်သားနိုင်အောင် ပြုထားလေပြီ။ ကာလ သည် မမှတ်မိလိုက်သော ထိုတရားပုဒ်ကို ပြန်လည်မမှတ်မူ၍ အဆက်ဖြစ်သော တရားပုဒ်ကို သင်ယူမည် ဟူသော စိတ်ဖြင့် ကြားနာနေသည်သာဖြစ်၏။ မှတ်မိအောင်၊ ရအောင်သင်ယူမည်ဟူသော စိတ်ဖြင့် ကြားနာသူသည်သာ စင်စစ် ရိုသေစွာ ကြားနာသူမည်၏။ ဤသို့ကြားနာသူတို့အား တရားတော်သည် သောတာပတ္တိမဂ် စသည်တို့ကို စင်စစ်ပေးလေ၏။

ကာလသည်လည်း မှတ်မိအောင်၊ ရအောင် သင်ယူမည်ဟူသော စိတ်ဖြင့် တရားကို ကြားနာနေ ၏။ မြတ်စွာဘုရားသည်လည်း ကာလ၏ ကြားနာအပ်သော တရားကို မမှတ်သားနိုင်အောင် ပြုတော်မူ ၏။ ကာလသည် အထက်ဖြစ်သော (နာယူပြီးသည်မှ နောက်ဖြစ်သော) တရားပုဒ်ကို မှတ်မိအောင်၊ ပြန်ရွတ်နိုင်အောင် ကြားနာသင်ယူမည်ဟု မြတ်စွာဘုရားရှေ့တော်၌ ထိုင်လျက် တည်နေ၍ တရားတော် ကို ကြားနာနေစဉ်မှာပင် သောတာပတ္တိဖိုလ်၌ တည်လေပြီ။

ကာလသည် နောက်နေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာနှင့်အတူ သာဝတ္ထိမြို့တွင်းသို့ ဝင်လေပြီ။

သူဌေးကြီးသည် ကာလကို မြင်ရသော် ယနေ့ငါ့သား၏ ဟန်အမူအရာသည် နှစ်သက်ဖွယ် ဖြစ်၏ဟု စိတ်ကူးမိလေ၏။

ကာလ၏လည်း ငါ၏ဖခင်သည် ယနေ့မြတ်စွာဘုရားအနီး၌ ငါ့အားငွေတို့ကို မပေးခဲ့လျှင်၊ ငွေဟူသော အကြောင်းကြောင့် ငါ၏ ဥပုသ်စောင့်သူအဖြစ်ကို ဖုံးကွယ်ပေးလျှင် ကောင်းလေစွဟု စိတ်ကူး ထားလေ၏။

မြတ်စွာဘုရားသည်ကား ကာလ၏ မနေ့ကပင် ငွေဟူသော အကြောင်းကြောင့်ငွေကို ရလို၍ ဥပုသ်စောင့်သူအဖြစ်ကိုသိပြီး ဖြစ်တော်မူပြီ။

ကာလသည် နေရာ၌ ထိုင်ပြီး ဆိတ်ဆိတ်နေသူဖြစ်၍သာ ယာဂုကိုသောက်လေပြီ ခဲဖွယ်ကို ခဲလေပြီ။ ထမင်းကို စားလေပြီ။

သူဌေးကြီးသည် မြတ်စွာဘုရား ဆွမ်းကိစ္စပြီးသောအခါ သား၏ရှေ့၌ ငွေတစ်ထောင်ထုပ်ကို ထားစေပြီး ချစ်သားငါသည်သင့်အား ငွေတစ်ထောင်ပေးမည်ဟု ပြောပြီး ဥပုသ်ကို ဆောက်တည်စေ၍ ကျောင်းသို့ စေလွှတ်ခဲ့၏။ ဤသည်ကား သင်၏ငွေတစ်ထောင် ဖြစ်သည်ဟု ပြောလေ၏။

ကာလသည် မြတ်စွာဘုရား၏ ရှေ့တော်၌ ငွေပေးအပ်သည်ကို မြင်၍ ရှက်လျက်၊ ကျွန်တော့်အား ငွေတို့ဖြင့် တော်ပါပြီ အလိုမရှိပါဟု ပြောလေသော် ချစ်သား ငွေကိုယူပါဟု ပြောဆိုအပ်သော်လည်း ငွေကိုမယူလေပြီ။ ထိုအခါ ကာလ၏ ဖခင်သူဌေးကြီးသည် မြတ်စွာဘုရားကို ရှိခိုး၍ -

မြတ်စွာဘုရား ယနေ့တပည့်တော်သည် သားကာလ၏ အသွင်အပြင်၊ အမူအရာကို နှစ်သက် အပ်ပါ၏ဟု လျှောက်ထားလေသော် -

သူဌေးကြီးအဘယ်နည်း

တပည့်တော်သည် ရှေ့တစ်ရက်က သင့်အားငွေတစ်ရာပေးမည်ဟု ပြောပြီး သားကာလကို ကျောင်းသို့ လွှတ်အပ်ပါသည်။ နောက်နေ့၌ ငွေတို့ကို မယူရသေးသော် ထမင်းမစားလိုပါ။ ယနေ့မှာကား ငွေကိုပေးပါလျက် လိုချင်သည် မဟုတ်ပါ။

မြတ်စွာဘုရားသည် သူဌေးကြီး ဟုတ်ပေသည် ယနေ့ သင့်သား၏ သောတာပတ္တိဖိုလ်ကသာ စကြာမင်းစည်းစိမ်ထက် လည်းကောင်း၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၌ရှိသော စည်းစိမ်တို့ထက်လည်းကောင်း မြတ်လှပေသည်ဟု ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

"ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ၊
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ"

ပထဗျာ - ကမ္ဘာမြေအပြင်၌၊ ဧကရဇ္ဇေန - တစ်ဦးတည်းသော မင်းအဖြစ်ဟူသော စကြာမင်း စည်းစိမ်ထက်လည်းကောင်း၊ သဂ္ဂဿ - နတ်ပြည်ဗြဟ္မာ့ပြည်သို့၊ ဂမနေနဝါ - ရောက်ရခြင်းထက် လည်းကောင်း။

(တစ်နည်း)

သဂ္ဂဿ - နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်ကို ဂမနေနဝါ - ရရှိခြင်းထက် လည်းကောင်း၊ သဗ္ဗလောကဝိပစ္စေန - နဂါး၊ ဂဠုန်၊ ဝေမာနိက - လောကအားလုံး၌ အစိုးရခြင်းထက်လည်းကောင်း၊ သောတာပတ္တိဖလံ - သောတာပတ္တိဖိုလ်သည်၊ ဝရံ - တုယှဉ်မရ မြတ်လှပေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကြလေကုန်သတည်း။

အနာထပိဏ္ဍိက ပုတ္တကာလဝတ္ထု ပြီး၏။

# ၁၄။ ဗုဒ္ဓဝဂ်
## ၄၄။ ဧရကပတ္တနဂါးမင်းဝတ္ထု
## နတ်ပြည်မှသက်ဆင်းခြင်းအကြောင်း

တစ်ခုသောအချိန်၌ ရာဇဂြိုဟ်သူဌေးသည် ဘေးရန်ကင်းလွတ်ခြင်းနှင့် မေ့လျော့သဖြင့် လျော့ကျသော အဆင်တန်ဆာစသည်တို့ကို စောင့်ရှောက်ခြင်းအကျိုးငှာ ပိုက်ကွန် (ပခြုပ်) ကို ဝန်းရံစေပြီး ဂင်္ဂါမြစ်၌ ရေကစားလေ၏။ ထိုအခါ ဂင်္ဂါမြစ်၏ အထက်ပိုင်းကမ်းအနီး၌ ပေါက်ရောက်နေသော စန္ဒကူး နီသစ်ပင်တစ်ပင်သည် ဂင်္ဂါမြစ်ရေ တိုက်စားသဖြင့် အမြစ်ကျွတ်လဲပြီး ထိုထိုကျောက်ပြင်ကျောက်တုံးတို့၌ ထိခိုက်ရိုက်ချိုးလျက် ဖရိုဖရဲဖြစ်လေပြီ။

ထိုသစ်ပင်မှ ရွက်အိုးပမာဏရှိသော သစ်သားပိုင်းတစ်ခုသည် ကျောက်တို့ဖြင့် ပွတ်တိုက်အပ်၊ ရေလှိုင်း တို့ဖြင့် ပုတ်ခတ်အပ်သည်ဖြစ်၍ ပြေပြစ်ချောမွေ့ပြီး အစဉ်အတိုင်း မျောလျက် ရေမှော်တို့ဖြင့် မေးယှက်ဖုံးလွှမ်း အပ်သည်ဖြစ်၍ ရာဇဂြိုဟ်သူဌေး၏ ပိုက်ကွန်၌ ရောက်လာကပ်ငြိလေ၏။

သူဌေးသည် ဤအရာသည် အဘယ်နည်းဟုပြော၍ သစ်တုံးအပိုင်းဟု ကြားရလျှင် ထိုသစ်တုံး ပိုင်းကို ယူစေ၍ အဘယ်အမည်ရှိသော အရာဝတ္ထုဖြစ်မည်နည်း ဟုစုံစမ်းရန် ပဲကွပ်သွားဖြင့် ရွေကြည့် စေ၏။ ထိုအခါ၌ပင် ချိပ်အဆင်းရှိသော စန္ဒကူးနီသည် ထင်ရှားပေါ်လာပြီ။

သူဌေးသည်ကား သမ္မာဒိဋ္ဌိလည်းမဟုတ်။ မိစ္ဆာဒိဋ္ဌိလည်းမဟုတ်။ အလယ်ကြားသဘော ရှိသူဖြစ်၏။ သူဌေးသည် ငါ၏ အိမ်၌ စန္ဒကူးနီသည် များစွာရှိ၏။ ဤစန္ဒကူးတုံးဖြင့် အဘယ်ကို ပြုလျှင်ကောင်းမည်နည်းဟု စဉ်းစားလေသော် -

ဤလောက၌ ငါတို့သည် ရဟန္တာများ ဖြစ်ကြသည်။ ငါတို့သည် ရဟန္တာများဖြစ်ကြသည်ဟု ပြောဆို သူတို့များကုန်၏။ ငါသည်ရဟန္တာတစ်ပါးကိုသော်လည်း မမြင်ရ။ မဖူးရ။ ငါ့အိမ်၌ ပွတ်စင်ပေါ်တင်၍ သပိတ်ဖြစ်အောင် ပွတ်ထိုးစေပြီး၊ ကြိမ်ဆိုင်း၌ ထည့်ထားကာ ဝါးအဆက်ဆက် ဆက်၍ အတောင်ခြောက်ဆယ် ခန့်မြင့်သော ကောင်းကင်၌ ချိတ်ဆွဲ၍ ရဟန္တာရှိခဲ့လျှင် ဤသပိတ်ကို ကောင်းကင်ဖြင့် လာ၍ယူပါဟုပြောဆိုမည်။ ယူနိုင်သူကို သားမယားနှင့်အတူ ကိုးကွယ်မည်ဟု ကြံစည်မိလေ၏။

ရာဇဂြိုဟ်သူဌေးသည် ကြံစည်အပ်သည့် အတိုင်းပင် သပိတ်ဖြစ်အောင် ပွတ်ထိုးစေ၍ ဝါးအဆက်ဆက်, ဆက်၍ စိုက်ထောင်ချိတ်ဆွဲပြီး ဤလောက၌ ရဟန္တာဖြစ်သူသည် ကောင်းကင်ဖြင့် လာ၍ ဤသပိတ်ကို ယူပါဟု ပြောဆိုလေ၏။

တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ဤသပိတ်သည် ငါတို့အား သင့်လျော်ထိုက်တန်သော သပိတ်ဖြစ်၏။ ထိုသပိတ်ကို ငါတို့အားသာလှူပါဟုပြောဆိုကြသည်။ ရာဇဂြိုဟ်သူဌေးသည် ကောင်းကင် ဖြင့် လာ၍ ယူကြပါဟု ပြန်ပြောလေ၏။

သပိတ်ချိတ်ဆွဲထား၍ ခြောက်ရက်မြောက်ဖြစ်သောနေ့၌ နာဋ၏သား နိဂဏ္ဌသည် သူ၏

တပည့်တို့ကို သင်တို့သွားကြ၊ သူဌေးကို ဤသို့ပြောကြ။ ဤသပိတ်သည် ငါတို့၏ ဆရာအားသာ သင့်လျော်ထိုက်တန်၏။ အနည်းငယ်မျှ တန်ဖိုးရှိသော သပိတ်အတွက်ကောင်းကင်ဖြင့် ကြွလာအောင် မပြုပါနှင့်။ ငါ့အား ထိုသပိတ်ကိုပေးပါဟု မှာထားစေလွှတ်လေ၏။

နိဂဏ္ဌ၏ တပည့်တို့သည် သူဌေးထံသွား၍ သူတို့ဆရာပြောသည့်အတိုင်း သူဌေးကိုပြော ဆိုကြသည်။

သူဌေးသည်ကောင်းကင်ဖြင့် လာ၍ယူနိုင်သူသာ ယူပါဟု ပြန်ပြောလေ၏။

နာဋ၏သား နိဂဏ္ဌသည် ကိုယ်တိုင်သွားလို၍ အတွင်းနေ တပည့်တို့အား အမှတ်သညာကို ပေးထားလေ၏။

ပေးပုံကား ငါသည် လက်တစ်ဖက်နှင့် ခြေတစ်ဖက်ကိုမြှောက်၍ ပျံတော့မည်ကဲ့သို့ လုပ်ပြမည်။ သင်တို့က ငါ့ကို ဆရာဘာကိုပြုပါသနည်း။ သစ်သားသပိတ်အတွက် ဖုံးကွယ်ထားအပ်သော ရဟန္တာ၏ ဂုဏ်ကို လူအများအားမပြပါနှင့် ပြောကြပြီး ငါ့ကိုလက်ခြေတို့၌ ကိုင်ဆွဲကြပြီး မြေကြီးပေါ်၌ လှဲချကြကုန်လော့ ဤသို့ အမှတ်သညာကို ပေးထားလေပြီ။

နာဋပုတ္တနိဂဏ္ဌသည် သပိတ်ရှိရာ အရပ်၌သွားပြီး သူဌေးကို အိုသူဌေးကြီး ဤသပိတ်သည် ငါ့အားသာ သင့်လျော်ထိုက်တန်၏။ အခြားသူတို့အား မသင့်လျော် မထိုက်တန်၊ အနည်းငယ်မျှ တန်ဖိုးရှိသော သပိတ်အတွက် ငါ၏ ကောင်းကင်၌ ပျံတက်ခြင်းကို သင့်သူဌေးမနှစ်သက် မလိုလားပါနှင့်။ ငါ့အားသပိတ်ကိုပေးပါဟု ပြောလေ၏။

အရှင်ဘုရား ကောင်းကင်၌ တက်၍သာ သပိတ်ကိုယူပါဟု သူဌေးက ပြောလေ၏။ ထိုသို့ပြောသည်မှ နောက်၌ နာဋပုတ္တသည် ကောင်းကင်၌တက်၍ ယူရမည်ဖြစ်လျှင် ဖယ်ကြဖယ်ကြဟု ပြောဆိုကာသူ၏ တပည့်တို့ကို ဖယ်စေပြီး ငါကောင်းကင်၌ တက်တော့မည်ဟု ပြောကာ လက်တစ်ဖက်နှင့် ခြေတစ်ဖက်ကို မြှောက်လေ၏ ထိုအခါ နာဋပုတ္တကို တပည့်တို့က အို ဆရာ အဘယ်မည်သော အလုပ်ကို လုပ်ကြပါမည်နည်း သူသေကောင် ပမာယုတ်ညံ့သော သစ်သားသပိတ်၏ အကြောင်းကြောင့် ဖုံးကွယ်ထားအပ်သော ဂုဏ်ကို လူအပေါင်းအား ပြခြင်းဖြင့် အဘယ်အကျိုး ရှိပါသနည်း ဟုပြောပြကာ နာဋပုတ္တကို လက်ခြေတို့၌ ကိုင်၍ ဆွဲငင်ကြပြီး မြေကြီးပေါ်၌ လဲကျစေ ကုန်၏။

နာဋပုတ္တသည် ရာဇဂြိုဟ်သူဌေးကို သူဌေးကြီး ငါ၏ ဤတပည့်တို့က ငါ့အားကောင်းကင် ပျံတက်ခွင့် မပေးကြ။ ငါ့အားသပိတ်ကို ပေးပါဟု ပြော၏။

အရှင်ဘုရားကောင်းကင်၌ ပျံတက်၍ သပိတ်ကို ယူကြပါဟု သူဌေးကပြောလေ၏။

ဤသို့လျှင် တိတ္ထိတို့သည် ခြောက်ရက်တို့ ပတ်လုံးသပိတ်အတွက် လုံ့လဖက်ကြသော်လည်း လက်မှိုင်ချကာ သပိတ်ကိုမရကြသည်သာ။

ခုနစ်ရက်မြောက်သောနေ့၌ အရှင်မဟာ မောဂ္ဂလန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇတို့ ရာဇဂြိုဟ်မြို့၌ ဆွမ်းခံလှည့်ကြမည်ဟု ကြွလာကြကာ ကျောက်ဖျာတစ်ခုပေါ်၌ ရပ်ကြပြီး သင်္ကန်းရုံ နေချိန်၌ အရက်သမားတို့သည် ဤသို့စကားကိုပြောဆိုကြသည်။

ငါ့လူတို့ ရှေးအခါက ဆရာကြီးခြောက်ဦးတို့သည် လောက၌ငါတို့သည် ရဟန္တာများဖြစ်ကြသည်ဟု ပြောဆိုကြကာ သွားလာနေထိုင်ကြသည်။ ယနေ့သည်ကား သပိတ်ကို တိုင်စိုက်ချိတ်ဆွဲ၍ ရဟန္တာရှိခဲ့လျှင် ကောင်းကင်ဖြင့်လာ၍ သပိတ်ကို ယူပါဟု ပြောဆိုသော ရာဇဂြိုဟ်သူဌေး၏ ခုနစ်ရက်မြောက်ဖြစ်သောနေ့ ဖြစ်သည်။ ငါရဟန္တာပါဟု ကောင်းကင်၌ ပျံတက်သူတစ်ဦးမျှမရှိ ယနေ့ ငါတို့သည်လောက၌ ရဟန္တာမရှိကြောင်းကို သိအပ်ပေပြီ။

ထိုစကားကို ကြားတော်မူကြ၍ အရှင်မဟာမောဂ္ဂလာန်သည် အရှင်ပိဏ္ဍောလဘာရဒွါဇကို ငါ့ရှင် ဘာရဒွါဇ ဤလူတို့၏ စကားကို ငါ့ရှင် ကြားအပ်ပေပြီ။ ဤလူတို့သည် မြတ်စွာဘုရား သာသနာကို စုံစမ်းကုန်သကဲ့သို့ ပြောဆိုကြသည်။ သင်လည်း တန်ခိုးအာနုဘော် ကြီးမားသူဖြစ်သည်။ ကြွပါ။ ထိုသပိတ်ကို ကောင်းကင်ဖြင့် သွား၍ယူပါချေဟု မိန့်တော်မူသည်။

ငါ့ရှင် မဟာမောဂ္ဂလန်, အရှင် သည် တန်ခိုးရှိသူတို့တွင် မြတ်သောသူဖြစ်ပါသည်။ အရှင်သည် ထိုသပိတ်ကို ယူတော်မူပါ။ အရှင်မယူခဲ့သော် တပည့်တော်ယူပါမည်ဟု အရှင် ဘာရဒွါဇက ပြန်၍ လျှောက်ထားလျှင် ငါ့ရှင်ဘာရဒွါဇသပိတ်ကို ငါ့ရှင်ယူပါဟု ရှင်မောဂ္ဂလန်က မိန့်အပ်သော် အရှင်ပိဏ္ဍောလဘာရဒွါဇသည် အဘိညာဉ်၏ အခြေခံ စတုတ္ထဈာန်ကို ဝင်စား၍ ဈာန်မှ ထပြီးသုံးဂါဝုတ်ပမာဏရှိသော ကျောက်ဖျာကို ခြေဖျားဖြင့် ညှပ်ယူ ဖုံးလွှမ်းလျက် ဝါဂွမ်းဆိုင်ကဲ့သို့ ကောင်းကင်၌ တက်ရောက်စေ၍ ရာဇဂြိုဟ်မြို့ အထက်၌ ခုနစ်ကြိမ် လှည့်ပတ်ကြွတော်မူလေ၏။ ကျောက်ဖျာကြီးသည် သုံးဂါဝုတ်ပမာဏရှိသော ရာဇဂြိုဟ်မြို့၏ အဖုံးကဲ့သို့ ထင်နေ လေ၏။

မြို့သူမြို့သားတို့သည် ကျောက်ဖျာကြီးသည် ငါတို့ကို လွှမ်းမိုး၍ ယူထားသည်ဟု ကြောက်ကြပြီး ဘမ်း၊ စကော စသည်တို့ကို ဦးခေါင်းထက်၌ထား၍ ထိုထိုအရပ်တို့၌ ပုန်းနေကြကုန်၏။ ခုနစ်ခုမြောက်သော အလှည့်၌ ဘာရဒွါဇထေရ်သည် ကျောက်ဖျာကို ခွဲ၍ သူ၏ ကိုယ်ကိုပြလေ၏။ လူအပေါင်းသည် မထေရ်ကို မြင်ရ၍ အရှင်ပိဏ္ဍောလဘာရဒွါဇ ဘုရား အရှင်ဘုရား၏ ကျောက်ဖျာကို မြဲအောင်ပြု၍ ယူတော်မူပါ။ တပည့်တော်တို့ အားလုံးကို မပျက်စီးပါစေနှင့်ဟု လျှောက်ထားလေ၏။

ဘာရဒွါဇထေရ်သည် ကျောက်ဖျာကို ခြေဖျားဖြင့် ခတ်၍ လွှတ်လိုက်လေ၏။ ကျောက်ဖျာသည် သွား၍ တည်မြဲနေရာ၌သာ တည်နေလေပြီ။

ဘာရဒွါဇထေရ်သည် သူဌေး၏ အိမ်မိုးအထက်၌ ရပ်နေတော်မူ၏။ သူဌေးသည် ဘာရဒွါဇထေရ်ကို မြင်ရသော်ရင်ဖြင့် မြေပေါ်၌ ဝပ်လျှိုး၍ အရှင်သက်ဆင်းတော်မူပါဟု လျှောက်ထားသဖြင့် ကောင်းကင်မှ သက်ဆင်းလာသော ဘာရဒွါဇထေရ်ကို သီတင်းသုံးထိုင်နေစေကာ သပိတ်ကို ချစေ၍ စတုမဓုဖြင့် ပြည့်အောင်ပြုပြီး၊ ဘာရဒွါဇထေရ်အား ကပ်လှူလေ၏။

ဘာရဒွါဇထေရ်သည် သပိတ်ကိုယူ၍ ကျောင်းသို့ မျက်နှာမူလျက် ကြွသွားတော်မူပြီ။

ထိုအခါတောတွင်း၌ နေသူ ဆိတ်ငြိမ်ရာ အရပ်၌ နေသူ အကြွင်လူတို့သည် ဘာရဒွါဇထေရ်၏ ထိုတန်ခိုးပြာဋိဟာကို မမြင်လိုက်ကြကုန်။ ထိုလူတို့သည် အညီအညွတ်စုဝေးကြပြီး အရှင်ဘုရားတပည့်တော်တို့အားလည်း တန်ခိုးပြာဋိဟာကို ပြပါဦးဟု လျှောက်ထားကြကာ ဘာရဒွါဇထေရ်နောက်သို့ လိုက်ကြကုန်၏။ ဘာရဒွါဇထေရ်သည် ထိုထို လူတို့အား တန်ခိုးပြာဋိဟာကို ပြ၍ ကျောင်းသို့

ကြွတော်မူလေ၏။

မြတ်စွာဘုရားသည် ဘာရဒွါဇထေရ်နောက်လိုက်၍ ဟစ်အော်လျှောက်ထားသူ လူအများ၏ အသံကို ကြားတော်မူ၍ အို အာနန္ဒာ ဤအသံသည် အဘယ်သူ၏အသံနည်းဟု မေးတော်မူလေလျှင်

မြတ်စွာဘုရား ပိဏ္ဍောလဘာရဒွါဇထေရ်သည် ကောင်းကင်၌ ပျံတက်၍ စန္ဒကူးသပိတ်ကို ယူအပ်ပါပြီ။ ပိဏ္ဍောလဘာရဒွါဇအနီး၌ဖြစ်သော အသံပါဟု လျှောက်ထားအပ်သည်ကို ကြားတော်မူ၍ ဘာရဒွါဇကိုခေါ်စေပြီး သင်ရဟန်းသည် ဤသို့ပြုအပ်သည်ဟု ကြားရသည်မှာ မှန်သလောဟု မေးတော်မူ၍ မြတ်စွာဘုရား မှန်ပါ၏ဟု လျှောက်ထားအပ်လေသော်

ဘာရဒွါဇသင်သည် အဘယ်ကြောင့် ဤသို့ပြုအပ်သနည်းဟု ဘာရဒွါဇထေရ်ကို ကဲ့ရဲ့တော်မူ၍ ထိုစန္ဒကူးသပိတ်ကို အပိုင်းပိုင်း အစိတ်စိတ်ခွဲစေပြီး ရဟန်းတို့အား မျက်စဉ်းဆေး ကျိတ်ရန် ပေးစေကာ တန်ခိုးပြာဋိဟာကို မပြုလုပ်ရန် (မပြရန်) တပည့်သာဝက တို့အား သိက္ခာပုဒ်ကို ပညတ်ထားတော်မူပြီ။

တိတ္ထိတို့သည် ရဟန်းဂေါတမသည် ထိုစန္ဒကူးသပိတ်ကို ခွဲစေပြီး တန်ခိုးပြာဋိဟာ မပြရန် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်ထားသတဲ့ဟု ကြားကြ၍ ရဟန်းဂေါတမ၏ တပည့်သာဝက တို့သည် ပညတ်ထားအပ်သော သိက္ခာပုဒ်ကိုအသက်ဟူသော အကြောင်းကြောင့်လည်း မလွန် ကျူးကြကုန်။ ရဟန်းဂေါတမသည်လည်း ထိုပညတ်ချက်ကို စောင့်ထိန်းမည်သာ ဖြစ်လိမ့်မည်။ ယခုအခါ ငါတို့သည် အခွင့်ကောင်းကို ရအပ်ပြီဟု တိုင်ပင်ကြကာ မြို့တွင်းလမ်းတို့၌ အော်ဟစ်ကြွေးကြော်ကြကာ လှည့်လည်ကြကုန်၏။

ငါတို့သည် မိမိ၏ ဂုဏ်ကိုစောင့်ရှောက်ကြပြီး ရှေ့အခါက သစ်သားသပိတ်အကြောင်းကြောင့် မိမိဂုဏ်ကို လူအများအား မပြခဲ့ကြ။ ရဟန်းဂေါတမ၏ တပည့်တို့သည် သစ်သားသပိတ်မျှကို အကြောင်း ပြု၍ မိမိ၏ ဂုဏ်ကို လူများအား ပြခဲ့ကြပြီ။ ရဟန်းဂေါတမသည် သူ၏ အမြော်အမြင်ပညာကြောင့် သပိတ်ကို ခွဲစေပြီး သိက္ခာပုဒ်ကို ပညတ်ထားလေပြီ။ ယခုငါတို့သည် ထိုရဟန်းဂေါတမနှင့်အတူပင် တန်ခိုးပြာဋိဟာကို ပြကြတော့မည်။

ဗိမ္ဗိသာရမင်းကြီးသည် တိတ္ထိတို့ထံမှ စကားကိုကြားလေလျှင် မြတ်စွာဘုရားထံသွား၍ မြတ်စွာဘုရား အရှင်ဘုရားတို့သည် တန်ခိုးပြာဋိဟာ မပြရန် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်ထားသည် ဆိုသည်မှာ မှန်ပါသလား။

မင်းကြီး မှန်ပေသည်။

ယခု တိတ္ထိတို့သည် အရှင်ဘုရားတို့နှင့်အတူ တန်ခိုးပြာဋိဟာကို ပြကြမည်ဟု ပြောနေကြပါသည်။ ယခု အဘယ်သို့ ပြုကြပါမည်နည်း။

မင်းကြီး တိတ္ထိတို့ တန်ခိုးပြကြလျှင် ငါဘုရားလည်း တန်ခိုးပြမည်။

အရှင်ဘုရားတို့သည် သိက္ခာပုဒ်ကို ပညတ်ထားအပ်သည်မဟုတ်ပါလော။

မင်းကြီး ငါဘုရားသည် မိမိအတွက် သိက္ခာပုဒ်ကို ပညတ်ထားသည်မဟုတ်။ ထိုသိက္ခာပုဒ်ကို ငါဘုရား၏ တပည့်များအတွက်သာ ပညတ်ထားအပ်သည်။

မြတ်စွာဘုရား အရှင်မြတ်တို့ကို ချန်လှပ်ထားပြီး တခြားသူတို့၌ သိက္ခာပုဒ်ကို ပညတ်ထားအပ်

သည် မည်ပါသလား။

မင်းကြီးငါဘုရားအတွက်ပါ ပညတ်သင့်သည်ဟု ဆိုလိုလျှင် ဤကိစ္စ၌ သင်မင်းကြီးကိုပင် ပြန်မေးဦးမည်။

မင်းကြီး သင်၏ နိုင်ငံတော်အတွင်း၌ ဥယျာဉ်ရှိလေသလော။ မြတ်စွာဘုရားရှိပါသည်။

မင်းကြီး သင့်ဥယျာဉ်၌ လူများသရက်သီး စသည်တို့ကို ဆွတ်စားလျှင် စားသူအား အဘယ်သို့ ပြုသင့် သနည်း။

မြတ်စွာဘုရား ဒဏ်ထားပါမည်။ ဒဏ်တပ်အပ်ပါသည်။ သင်မင်းကြီးသည်ကား ဆွတ်စား ခွင့်ရမည်လော။

မြတ်စွာဘုရား တပည့်တော် ဆွတ်စားမည်မှန်ပါသည်။

တပည့်တော်အား (တပည့်တော်အဖို့) ဒဏ်မရှိပါ။ တပည့်တော်သည် မိမိ၏ ပစ္စည်းကို စားခွင့်ရပါ၏ ဘုရား။

မင်းကြီး ယူဇနာသုံးရာ ကျယ်ဝန်းသော တိုင်းပြည်၌ သင်၏ အာဏာဖြစ်တည်သကဲ့သို့ မိမိ၏ဥယျာဉ် သစ်သီးစသည်တို့ကို စားသူသင်မင်းကြီးအား ဒဏ်မရှိ။ တစ်ခြားသူတို့အား ဒဏ်ရှိသကဲ့သို့ ဤအတူပင် ငါဘုရား ၏လည်း စကြာဝဠာကုဋေတစ်သိန်း၌ အာဏာဖြစ်တည်၏။ ငါဘုရားအား ပညတ်အပ်သော သိက္ခာပုဒ်ကို လွန်ကျူးမှု မည်သည်မရှိလေ။ ငါဘုရားမှ တစ်ပါးသော တပည့်သာဝက တို့အားကား လွန်ကျူးမှုရှိလေ၏။ ငါဘုရားသည် တန်ခိုးပြာဋိဟာကို ပြတော်မူမည်ဟု မိန့်တော်မူ၏။

တိတ္ထိတို့သည် ထိုစကားကို ကြားကြကုန်သော် ယခုငါတို့ ပျက်စီးကြတော့မည်၊ ရဟန်းဂေါတမ သည် တပည့်သာဝကရဟန်းတို့အတွက်သာ သိက္ခာပုဒ်ကို ပညတ်ထားအပ်သည်တဲ့ သူ့အတွက် ပညတ်အပ်သည် မဟုတ်ဘူးတဲ့။ သူကိုယ်တိုင်ပင် တန်ခိုးပြာဋိဟာကို ပြလိုသတဲ့။ ယခုငါတို့ အဘယ်သို့ ပြုကြမည်နည်းဟုပြော ဆိုတိုင်ပင်ကြကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားကို မြတ်စွာဘုရားအဘယ်အခါ၌ တန်ခိုးပြာဋိဟာကို ပြတော်မူကြမည်နည်းဟု မေးလျှောက်လေ၏။

မင်းကြီး ဤနေ့မှ လေးလလွန်မြောက်သဖြင့် ဝါဆိုလပြည့်နေ့၌ တန်ခိုးပြာဋိဟာကို ပြကြမည်။

မြတ်စွာဘုရား အဘယ်အရပ်ဒေသ၌ တန်ခိုးပြာဋိဟာကို ပြတော်မူကြပါမည်နည်း။

မင်းကြီးသာဝတ္ထိမြို့ကို အမှီပြု၍ တန်ခိုးပြာဋိဟာကို ပြကြမည်ဟု မိန့်တော်မူလေ၏။

မြတ်စွာဘုရားသည် အဘယ်ကြောင့် ဤသို့ဝေးကွာသော အရပ်ဌာနကို ညွှန်ပြတော်မူ ပါသနည်း။

ထိုသာဝတ္ထိမြို့သည် ခပ်သိမ်းသော ဘုရားရှင်တို့၏ ကြီးကျယ်သော တန်ခိုးပြာဋိဟာကို ပြရာ အရပ်ဖြစ်ပေ၏။ ထို့ကြောင့် ဝေးကွာသော အရပ်ဒေသကို ညွှန်းပြတော်မူသည်။ တစ်နည်းအားဖြင့် လူများစွာ စုဝေးနိုင်ရန် အကျိုးငှာလည်း ဝေးကွာသော အရပ်ဒေသကိုသာ ညွှန်းပြတော်မူခြင်းဖြစ်သည်။

တိတ္ထိတို့သည် ထိုစကားကို ကြားကြ၍ ဤနေ့မှ လေးလလွန်မြောက်ရာ ဝါဆိုလပြည့်နေ့၌ ရဟန်းဂေါတမသည် သာဝတ္ထိမြို့၌ တန်ခိုးပြာဋိဟာကို ပြမည်တဲ့၊ ယခုသူ့ကို အလွတ်မပေးဘဲ

နောက်ကလိုက်ကြကုန်အံ့။ လူအပေါင်းသည် ငါတို့ကို မြင်လျှင် ဤသို့ပြုခြင်းသည် အဘယ်နည်းဟု မေးလိမ့်မည်။ ထိုအခါ လူအပေါင်းအား ငါတို့သည် ရဟန်းဂေါတမနှင့်အတူ တန်ခိုးပြာဋိဟာကို ပြကြမည်ဟု ပြောထားကြသည်။ သူသည်တိမ်းရှောင် ထွက်ပြေး၏။ ငါတို့သည် သူ့အား တိမ်းရှောင်ထွက်ပြေးခွင့် မပေးဘဲ သူ့နောက်က ထပ်ကြပ်မကွာလိုက်နေကြ သည်ဟု ပြောကြမည်ဟု တိုင်ပင်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံလှည့်၍ ထွက်ကြွတော်မူပြီ တိတ္ထိတို့လည်း မြတ်စွာဘုရား၏ နောက်မှသာ ထွက်ခဲ့ကြပြီး ဆွမ်းကိစ္စပြုရာဌာန၌ နေကြကုန်ပြီ နေရာဌာနတွင် နောက်နေ့၌ နံနက်စာ စားကြလေ၏။

တိတ္ထိတို့သည် လူတို့က ဤသည်ကား အဘယ်နည်းဟု မေးအပ်ကုန်သော် မိမိတို့ ကြံစည်ထားအပ်သော အစီအစဉ်ဖြင့်သာ ပြောဆိုကုန်၏။

များစွာသော လူသည်လည်း တန်ခိုးပြာဋိဟာကို ကြည့်ကြမည်ဟု နောက်ကလိုက်လေ၏။

မြတ်စွာဘုရားသည် ခရီးစဉ်အားဖြင့် သာဝတ္ထိမြို့သို့ ရောက်တော်မူပြီ။ တိတ္ထိတို့လည်း မြတ်စွာဘုရားနှင့်အတူပင် သွားရောက်ပြီး အလုပ်အကျွေးဒကာတို့ကို တိုက်တွန်းနိုးဆော်၍ ငွေတစ်သိန်းကို ရရှိကြပြီး ရှားတိုင်တို့ဖြင့် မဏ္ဍပ်ကိုဆောက်စေ။ ကြာညိုခက်တို့ဖြင့် မိုးစေပြီး ဤနေရာ၌ တန်ခိုးပြာဋိဟာကို ပြကြမည်ဟု ထိုင်နေကြကုန်၏။

ပသေနဒိကောသလမင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား တိတ္ထိတို့သည် မဏ္ဍပ်ကို ဆောက်ပြီးပါပြီ။ တပည့်တော်လည်း အရှင်ဘုရားတို့အတွက် မဏ္ဍပ်ကို ဆောက်ပါမည်။

မင်းကြီးဆောက်လုပ်ရန်မသင့်။ ငါဘုရားအား မဏ္ဍပ်ဆောက်မည့်သူရှိသည်။

မြတ်စွာဘုရား တပည့်တော်ကို ချန်ထားပြီး တပည့်တော်မှတစ်ပါး အဘယ်သူသည် ဆောက်လုပ်ရန် တတ်နိုင်ပါမည်နည်း။

မင်းကြီး သိကြားမင်းတတ်နိုင်သည်။

မြတ်စွာဘုရားအဘယ်အရပ်၌ တန်ခိုးပြာဋိဟာကို ပြတော်မူကြမည်နည်း။

မင်းကြီး ကဏ္ဍသရက်ပင်ရင်း၌ ပြကြမည်ဟု မိန့်တော်မူ၏။

တိတ္ထိတို့သည် သရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာကို ပြမည်တဲ့ဟု ကြားကြ၍ မိမိတို့ အလုပ်အကျွေးဒကာတို့အား ပြောကြားကာ တစ်ယူဇနာအရပ်အတွင်း၌ အောက်ဆုံးအနေဖြင့် ယနေ့ ပေါက်စလည်းဖြစ်သော သရက်ပင်ငယ်တို့ကို နှုတ်၍ တောအရပ်၌ ပစ်ထားကြသည်။

မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့၌ သာဝတ္ထိမြို့တွင်းသို့ ကြွဝင်တော်မူ၏။

ကောသလမင်းကြီး၏ ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်သည် ခါချဉ်ကောင်တို့ ပြုအပ်သော သရက်ရွက်ထုပ်အတွင်း၌ - (ခါချဉ်ထုပ်အတွင်း၌) သရက်သီးမှည့်ကြီးတစ်လုံးကို တွေ့မြင်သဖြင့် သရက်သီးမှည့်၏ အနံ့အရသာကို တပ်မက်မှုဖြင့် ဝိုင်းအုံနေသော ကျီးငှက်တို့ကို ပျံပြေးစေ၍ (ခြောက်လှန့်၍) မင်းကြီးသုံးဆောင်ရန် အလိုငှာ ယူလာစဉ် လမ်းခရီးအကြား၌ မြတ်စွာဘုရားကို တွေ့မြင်၍ -

မင်းကြီးသည် ဤသရက်သီးကို သုံးဆောင်ရ၍ ငါ့အား အသပြာရှစ်ကျပ် သို့မဟုတ် တစ်ဆယ့်ခြောက်ကျပ်ကို ပေးရာ၏။ ထိုရှစ်ကျပ်၊ တစ်ဆယ့်ခြောက်ကျပ် အသပြာသည် ငါ၏ တစ်ဘဝ၌သော်လည်း အသက်မွေး လောက်သည်မဟုတ်။ အကယ်၍ ငါသည် မြတ်စွာဘုရားအား ပေးလှူအံ့ ထိုဒါနကောင်းမှုသည် ငါ၏ ရှည်စွာသော ကာလပတ်လုံး မုချစင်စစ် အစီးအပွားကို ဆောင်နိုင်လိမ့်ဟု စိတ်ကူးမိလေ၏။

ကဏ္ဍဥယျာဉ်စောင့်သည် ထိုသရက်သီးမှည့်ကို မြတ်စွာဘုရားအားကပ်လှူလေ၏။

မြတ်စွာဘုရားသည် အာနန္ဒာထေရ်ကို ကြည့်တော်မူသည်။

ထိုအခါ အာနန္ဒာထေရ်သည် နတ်မင်းကြီးလေးဦး ကပ်လှူထားသော သပိတ်တော်ကို သပိတ်အိတ်မှ ထုတ်၍ မြတ်စွာဘုရားလက်တော်၌ထားလေ၏။ မြတ်စွာသည် သပိတ်တော်ကို ကဏ္ဍ၏အနီး၌ ညွတ်စေ၍ သရက်သီးမှည့်ကို ခံယူပြီး ထိုနေရာ၌ပင် ထိုင်တော်မူမည့် အချင်းအရာကို ပြတော်မူ၏။ အာနန္ဒာထေရ်သည် သင်္ကန်းကို ခင်းပေးတော်မူသည်။

ထိုအခါ ထိုနေရာ၌ ထိုင်နေတော်မူသော မြတ်စွာဘုရားအား အာနန္ဒာထေရ်သည် သောက်ရေကို စစ်၍ သရက်သီးမှည့်ကို လက်ဖြင့်ဆုပ်နယ်ပြီး အဖျော်ရည်ပြု၍ ကပ်တော်မူသည်။

မြတ်စွာဘုရားသည် ဖျော်ရည်ကို သောက်တော်မူပြီး ကဏ္ဍဥယျာဉ်စောင့်ကို ဤသရက်စေ့ကို ဤနေရာ၌ပင် မြေကြီးကိုယက်၍ စိုက်လော့ဟု မိန့်တော်မူသည်။ ကဏ္ဍဥယျာဉ်စောင့်သည် မြတ်စွာဘုရား အမိန့်တော်အတိုင်း ပြုလေပြီ။ မြတ်စွာဘုရားသည် သရက်စေ့အပေါ်၌ လက်တော်ကို ရေဆေးတော်မူပြီ လက်တော်ကို ရေဆေးအပ်ခါမျှ၌ပင် ထွန်တုံးထိပ်ပမာဏရှိသော အညှောင့်ပင်စည်လုံး ပေါ်ထွက်၍ အစောက်အားဖြင့် အတောင်ငါးဆယ်ရှိသော သရက်ပင်သည် အထက်သို့တက်လေသည်။

အရပ်လေးမျက်နှာတို့၌ တစ်ခက်တစ်ခက်စီ အထက်အလယ်တည့်တည့် တစ်ခက်အားဖြင့် ခက်မငါးဖြာတို့သည် အတောင်ခြောက်ဆယ်ရှိကုန်၏။

ထိုသရက်ပင်သည် ထိုခဏမှာပင် အပွင့်အသီးတို့ဖြင့် ဖုံးလွှမ်း၍ တစ်ခုတစ်ခုသော နေရာ၌ မှည့်သော သရက်သီးအခိုင်ကို အသီးသီးဆောင်လျက်ရှိနေသည်။ နောက်မှလိုက်လာကုန်သော ရဟန်းတို့သည် သရက်သီးမှည့်တို့ကို ဘုဉ်းပေးကြ၍သာ ကြွကြလေကုန်၏။

ကောသလမင်းကြီးသည် ဤသို့လျှင်ဆော အံ့ဩဖွယ်သဘောရှိသော သရက်ပင်သည် ထွက်ပေါ် လာသည်ဟု ကြားရ၍ ထိုသရက်ပင်ကို မည်သူမျှ မဖြတ်ရ။ မဖျက်ဆီးရဟု အစောင့်အရှောက်ကို ထားပေးလေ၏။

ထိုသရက်ပင်သည် ကဏ္ဍဥယျာဉ်မှူး စိုက်ပျိုးအပ်သောကြောင့် ကဏ္ဍသရက်ပင်ဟုသာ ထင်ရှားလေ၏။

အရက်သမားတို့လည်း သရက်သီးမှည့်တို့ကို စားကြပြီး ဟေ့၊ တိတ္ထိပျက်တို့ ရဟန်း ဂေါတမသည် ကဏ္ဍ သရက်ပင်အနီး၌ တန်ခိုးပြာဋိဟာကို ပြမည်တဲ့ သင်တို့သည် တစ်ယူဇနာအတွင်း၌ ပေါက်ခါစ သရက်ပင်ငယ်တို့ကိုလည်း နှုတ်ပစ်စေအပ်ကုန်ပြီ။ ဤသရက်ပင်သည် ကဏ္ဍသရက်ပင်မည်၏ ဟု အော်ဟစ် ပြောဆိုကြပြီး တိတ္ထိတို့ကို စားပြီး သရက်စေ့တို့ဖြင့် ပစ်ပေါက်ကြကုန်၏။ သိကြားမင်းသည်

ဝါတဝလာဟက (လေနတ်သား) ကို တိတ္ထိတို့၏ မဏ္ဍပ်ကိုလေတိုဖြင့် ကျွတ်ကွာစေ၍ ကျင်ကြီး၊ ကျယ်ငယ်စွန့်ရာ မြေပေါ်၌ ပစ်ချလော့ဟု ခိုင်းစေလေ၏။

လေနတ်သားသည် သိကြားမင်းခိုင်းစေသည့် အတိုင်း ပြုလေ၏။ နေနတ်သားကိုလည်း နေဗိမာန်ဝန်းကို ဆွဲငင်လျက် ပြင်းထန်စွာ ပူစေလော့ဟု ခိုင်းစေ၏။ နေနတ်သားသည် သိကြားမင်း ခိုင်းစေသည့်အတိုင်း ပြုလေ၏။ နောက်ထပ်လေနတ်သားကိုလေ အဝန်းကို ဝါ - လေမုန်တိုင်းကို တက်စေလျက် (တိုက်ခတ်စေလျက်) သွားလော့ဟု ခိုင်းစေလေ၏။ လေနတ်သားသည် သိကြားမင်းခိုင်းစေသည့် အတိုင်းပြုလျက် တိတ္ထိတို့၏ ချွေးထွက်၍နေသော ကိုယ်၌မြူမှုန့်လုံးဖြင့် ဖြန့်ကြဲလိုက်လေ၏။ တိတ္ထိတို့သည် မြေနီတောင့်နှင့် တူကုန်၏။

မိုးနတ်သားကိုလည်း ကြီးစွာသော မိုးရေပေါက်တို့ကို ကျစေလော့ဟု ခိုင်းစေလေ၏။ မိုးနတ်သားသည် သိကြားမင်းခိုင်းစေသည့်အတိုင်းပြုလေ၏။ ထိုအခါ တိတ္ထိတို့၏ ခန္ဓာကိုယ်သည် နွားပြောက်နွားကျားနှင့် တူလေ၏။

တိတ္ထိနိကဏ္ဍတို့သည် အရှက်ရကုန်၍ မျက်နှာမူရာအရပ်ဖြင့်သာ ထွက်ပြေးကုန်၏။

ဤသို့ထွက်ပြေးကြလေသော် ပုရာဏကဿပ၏ အလုပ်အကျွေး လယ်သမားတစ်ယောက်သည် ယခုအချိန်မှာ ငါ၏ အရှင်မြတ်တို့ တန်ခိုးပြာဋိဟာ ပြမည့်အချိန်ဖြစ်၍ ငါသွားပြီးတန်ခိုးပြဋိဟာကို ကြည့်ဦးမည်ဟု နွားတို့ကို လွှတ်၍ နံနက်စောစော၌ ယူခဲ့သော ယာဂုအိုးနှင့် နွားချည်ကြိုးကို ယူ၍လာခဲ့စဉ် ဖော်ပြခဲ့သော ပုံအသွင်ဖြင့်ပြေးလာသော ပုရာဏကဿပကိုမြင်၍ အရှင်မြတ်ဘုရား ယနေ့ယခု အရှင်မြတ်တို့၏ တန်ခိုးပြာဋိဟာကို ကြည့်မည်ဟု လာခဲ့ပါသည်။ အရှင်မြတ်တို့သည် အဘယ်သို့သွားကြမည်နည်းဟု မေးလေ၏။

တန်ခိုးပြာဋိဟာဖြင့် သင့်အား အဘယ်အကျိုးရှိမည်နည်း ဤအိုးနှင့်ကြိုးကိုငါ့အားပေးလော့ဟု ပြော သည်။ ပုရာဏကဿပသည် သူ၏ အလုပ်အကျွေး လယ်သမားသည် ပေးအပ်သော အိုးနှင့်ကြိုးကိုယူ၍ မြစ်ကမ်းသို့သွားပြီး အိုးကို ကြိုးဖြင့် သူ၏လည်ပင်း၌ ဖွဲ့ချည်၍ အရှက်ရလျက် စကားတစ်လုံးကိုပင် မပြောတော့ဘဲ မြစ်ရေအတွင်း၌ ခုန်ချကာ ရေအူစီပေါင်း၊ ရေမြုပ်တို့ကိုတက်စေလျက် ကွယ်လွန်၍ အဝီစိငရဲ၌ ဖြစ်လေပြီ။

သိကြားမင်းသည် ကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်းလေ၏။ ထိုစင်္ကြံ၏ အစွန်းတစ်ဖက်သည် အရှေ့စကြာဝဠာအနားရေး၌ ဆိုက်ရောက်၍ တစ်ဖက်အစွန်းသည် အနောက်စကြာဝဠာအနားရေး၌ ဆိုက်ရောက်လေ၏။

မြတ်စွာဘုရားသည် စုဝေးနေသော သုံးဆယ့်ခြောက်ယူဇနာရှိ ပရိသတ်၌ -

(တစ်နည်း)

သုံးဆယ့်ခြောက်ယူဇနာရှိ ပရိသတ်သည် စုဝေးမိလေသော် အရိပ်တိုးပွားဆဲချိန် (မွန်းတိမ်းချိန်) ၌ ဤအချိန်သည် တန်ခိုးပြာဋိဟာ ပြရမည့်အချိန်ဖြစ်သည်ဟု ဂန္ဓကုဋိတိုက်တော်မှ ထွက်၍ ကျောင်းမုခ်ဦး၌ ရပ်တော်မူလေသည်။

ထိုအခါ ယရဏီအမည်ရှိ တန်ခိုးရှင် အနာဂါမ်ဥပါသိကာတစ်ယောက်သည် မြတ်စွာဘုရား

ထံချဉ်းကပ်၍ -

မြတ်စွာဘုရား တပည့်မကဲ့သို့သော သမီးတော် ထင်ရှားရှိပါလျက် ဖဘုရားတို့၏ ပင်ပန်းဖွယ်ကိစ္စမရှိပါ။ သမီးတော် တန်ခိုးပြဋ္ဌိဟာကို ပြပါမည်ဟု လျှောက်ထား၏။

သမီးတော် ဃရဏီသင်သည် အဘယ်သို့သော တန်ခိုးပြာဋ္ဌိဟာကိုပြမည်နည်းဟု မေးတော်မူ၏။

မြတ်စွာဘုရား စကြာဝဠာ တစ်ခုအတွင်း၌ မဟာပထဝီ မြေကြီးကို ရေအပြည့်ပြု၍ သမီးတော်သည် ရေကြက်မကဲ့သို့ ငုတ်၍ အရှေ့စကြာဝဠာအနားရေး၌ ခန္ဓာကိုယ်ကိုပြပါမည်။ ထို့အတူ အနောက်စကြာဝဠာ အနားရေး၊ မြောက်ဖက်စကြာဝဠာအနားရေး၊ တောင်ဖက် စကြာဝဠာအနားရေး၌ မိမိကိုယ်ကိုပြပါမည်။ ထို့အတူ စကြာဝဠာအလယ်၌ မိမိကိုယ်ကို ပြပါမည်။ များစွာသော လူသည် သမီးတော်ကိုမြင်၍ ဤအမျိုးသမီးကား အဘယ်သူနည်းဟု ပြောဆိုအပ်သော် -

ဤအမျိုးသမီးသည် ဃရဏီမည်၏။ ဤတန်ခိုးပြာဋ္ဌိဟာသည် ရှေးဦးစွာ မြတ်စွာဘုရား၏ သမီးတော်တစ်ယောက်၏ အာနုဘော်စွမ်းရည်သတ္တိဖြစ်သည်။ မြတ်စွာဘုရား၏ အာနုဘော်စွမ်းရည်သတ္တိသည်ကား အဘယ်သို့ သဘောရှိသည်ဖြစ်မည်နည်းဟု ပြောပါလိမ့်မည်။ ဤသို့ပြောခဲ့လျှင် တိတ္ထိတို့သည် ဘုရား (ခမည်းတော်)တို့ကို မကြည့်မမြင်ဘဲသာ ထွက်ပြေးကြပါလိမ့်မည်ဟု လျှောက်ထား၏

ထိုအခါသမီးတော် ဃရဏီကို မြတ်စွာဘုရားသည် သမီးတော် ဃရဏီ ဤသို့သဘောရှိသော တန်ခိုး ပြာဋ္ဌိဟာကို သင်ပြုနိုင်စွမ်းရှိသည်ကို ငါဘုရားသိတော်မူ၏။ သို့သော် ဤပန်းထုပ်သည် သင့်အတွက် ထုပ်အပ်သော ပန်းထုပ်မဟုတ်ဟု မိန့်တော်မူ၍ တားမြစ်တော်မူသည်။

ဃရဏီသည် မြတ်စွာဘုရားသည် ငါ့အားတန်ခိုးပြဋ္ဌိဟာကို ပြခွင့်မပြု၊ ဧကန်ငါ့ထက် သာလွန်သော တန်ခိုးပြာဋ္ဌိဟာကို ပြနိုင်စွမ်းရှိသော အခြားပုဂ္ဂိုလ်ရှိလိမ့်မည်ဟု တစ်နေရာ၌ရပ်တည်နေ၏။

မြတ်စွာဘုရားသည်လည်း ဃရဏီ အမျိုးသမီးအတူပင် တပည့်တို့၏ ဂုဏ်ပေါ်လွင်ထင်ရှားလိမ့်မည်ဟု သုံးဆယ့်ခြောက် ယူဇနာအဝန်းအကျယ်သော ပရိသတ်အလယ်၌ ခြင်္သေ့မင်းအသံကဲ့သို့ ရဲတင်းသော အသံကို ပြောဆိုလိမ့်မည်ဟု မှတ်ယူတော်မူလျက် တခြားသူတို့ကိုလည်း သင်တို့ ဘယ်လိုတန်ခိုးပြာဋ္ဌိဟာကို ပြကြမည်နည်းဟု မေးတော်မူ၏။ တပည့်အသီးသီးတို့ မြတ်စွာဘုရား တပည့်တော်များ ဤသို့လည်း တန်ခိုးပြာဋ္ဌိဟာကို ပြကြပါမည်ဟု မြတ်စွာဘုရား၏ ရှေ့တော်၌ ရပ်တည်ကုန်လျက် ခြင်္သေ့မင်းအသံကဲ့သို့ ရဲတင်းသော အသံကို ရွတ်ဆိုကြကုန်၏။

ထိုသူတို့တွင် စူဠအနာထပိဏ်သည် ငါသို့သော အနာဂါမ်ဥပါသကာ သားတော်ထင်ရှားပါလျက် မြတ်စွာဘုရားအား ပင်ပင်ပန်းပန်း ပြုဖွယ်မရှိဟု ကြံစည်ကာ မြတ်စွာဘုရား တပည့်တော် တန်ခိုးပြာဋ္ဌိဟာကို ပြုပါမည်ဟု လျှောက်ထားသဖြင့် အဘယ်သို့ပြုမည်နည်းဟု မြတ်စွာဘုရားက မေးတော်မူအပ်သော်-

မြတ်စွာဘုရား တပည့်တော်သည် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗြဟ္မာ၏ကိုယ်ကို ဖန်ဆင်း၍ ဤပရိသတ် အလယ်၌ မိုးခြိမ်းသံကြီးနှင့်တူသော အသံဖြင့် ဗြဟ္မာ၏ လက်ခမောင်းခတ်ခြင်း မည်သည်ကို ခတ်ပြပါအံ့။ များစွာသော လူသည် ဤအသံကား အဘယ်မည်သော အသံနည်းဟု မေး၍ စူဠအနာထပိဏ်၏ ဗြဟ္မာ၏ လက်ခမောင်းခတ်သံနှင့်တူသော လက်ခမောင်းသံမည်၏ ဟုပြောလိမ့်မည်။

တိတ္ထိတို့သည် စူဠအနာထပိဏ်သူကြွယ်၏ တန်ခိုးအာနုဘော်သည် ဤမျှလောက်ကြီးသေး၏။

မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်သည်ကား အဘယ်သို့သဘောရှိသော တန်ခိုးအာနုဘော် ဖြစ်လိမ့်မည်နည်းဟု အရှင်ဘုရားတို့ကို မတွေ့မမြင်ကုန်၍သာ ထွက်ပြေးကြပါလိမ့်မည်ဟု လျှောက်ထား လေ၏။ မြတ်စွာဘုရားသည် -

အို စူဠအနာထပိဏ် သင်၏တန်ခိုးအာနုဘော်ကို ငါဘုရားသိတော်မူ၏ဟု ယရက်ီအား မိန့်တော်မူအပ်သည်နှင့်အတူသာ မိန့်တော်မူပြီး စူဠအနာထပိဏ်အားလည်း တန်ခိုးပြာဋိဟာ ပြုခြင်းကို ခွင့်ပြုတော်မမူ။

ထိုမှတစ်ပါး ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ခုနစ်နှစ်အရွယ်ရှိ စိရအမည်ရှိ အမျိုးသမီး သာမဏေတစ်ပါးသည် မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရားတပည့်တော်မသည် တန်ခိုးပြာဋိဟာကို ပြုပါမည်ဟု လျှောက်ထားပြန်၏။ အို. . စီရ သင်အဘယ်သို့ တန်ခိုးပြာဋိဟာကို ပြုမည်နည်းဟု မြတ်စွာဘုရားက မိန့်တော်မူအပ်သော် -

မြတ်စွာဘုရား မြင်းမိုရ်တောင်ကိုလည်းကောင်း၊ စကြာဝဠာတောင်ကိုလည်းကောင်း၊ ဟိမဝန္တာ တောင်ကိုလည်းကောင်း၊ ယူဆောင်၍ ဤနေရာဌာန၌ အစဉ်အားဖြင့် ထားပြီး တပည့်တော်မသည် ဟင်္သာငှက်မကဲ့သို့ ထိုထိုတောင်မှ ထွက်၍ မငြိမထိစေဘဲ ပျံသွားပါမည်။ များစွာသောလူသည် တပည့်တော်မကိုမြင်၍ ဤအမျိုးသမီးကား အဘယ်သူနည်းဟု မေးသော် စီရအမျိုးသမီး သာမဏေဟု ပြောပါလိမ့်မည်။

တိတ္ထိတို့သည် ခုနစ်နှစ်အရွယ် အမျိုးသမီး သာမဏေငယ်၏ တန်ခိုးအာနုဘော်သည်ပင် ဤသို့ ကြီးလှသေး၏။ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်သည်ကား အဘယ်သို့သဘောရှိမည်နည်းဟု အရှင်ဘုရားတို့ကို မတွေ့မြင်ကြဘဲသာ ထွက်ပြေးကြပါလိမ့်မည်ဟု လျှောက်ထားလေ၏။

(ဤမှ နောက်၌ ဤသို့ သဘောရှိသော စကားတို့ကို ဆိုအပ်ပြီးသည်ကို နည်းမှီးသဖြင့်သာ သိအပ်ကုန်၏) စီရ အမျိုးသမီး သာမဏေအားလည်း မြတ်စွာဘုရားသည် သင်၏ တန်ခိုးအာနုဘော်ကို ငါဘုရားသိ၏ဟု မိန့်တော်မူပြီး တန်ခိုးပြာဋိဟာ ပြုခြင်းကို ခွင့်ပြုတော်မမူ။

ထိုမှတစ်ပါး ခုနစ်နှစ် အရွယ်ရှိ ပဋိသမ္ဘိဒပ္ပတ္တရဟန္တာ ဖြစ်သော စုန္ဒသာမဏေသည် မြတ်စွာဘုရားကို ရှိခိုး၍ -

မြတ်စွာဘုရား တပည့်တော်သည် တန်ခိုးပြာဋိဟာကို ပြုပါမည်ဟု လျှောက်ထား၍ အဘယ်သို့ ပြုမည်နည်းဟု မေးတော်မူအပ်သော် -

မြတ်စွာဘုရား တပည့်တော်သည် ဇမ္ဗူကျွန်း၏ အလံတခွန်သဖွယ်ဖြစ်သော သပြေပင်ကြီးကို ပခုံး၌တင်၍ ထမ်းယူခဲ့ပြီး သပြေပင်ကြီးကို လှုပ်၍ သပြေသီးတို့ကို ယူဆောင်ကာ ဤပရိတ်သတ်ကို ကျွေးပါမည်။ တာဝတိံသာနတ်ပြည်မှ ပင်လယ်ကသစ်ပန်းတို့ကိုလည်း ယူခဲ့ပြီး အရှင်ဘုရားတို့ကို ရှိခိုးပါမည်ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် သာမဏေသင်၏ တန်ခိုးအာနုဘော်ကို ငါဘုရားသိ၏ဟု စုန္ဒသာမဏေငယ်၏ တန်ခိုးပြာဋိဟာ ပြုခြင်းကို ဖယ်ရှားတားမြစ်တော်မူသည်။

ထိုမှတစ်ပါး ဥပ္ပလဝဏ်ထေရီသည် မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရား တပည့်တော်မသည် တန်ခိုးပြာဋိဟာကို ပြုပါမည်ဟု လျှောက်ထားသဖြင့် အဘယ်သို့ ပြုမည်နည်းဟု မေးတော်မူသည်။

မြတ်စွာဘုရား တပည့်တော်မသည် ထက်ဝန်းကျင်မှ တစ်ဆယ့်နှစ်ယူဇနာရှိသော ပရိသတ်ကို ပြရန် အဝန်းအားဖြင့် သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်ခြံရံကာ စကြာမင်းအဖြစ်ဖြင့် လာရောက်၍ အရှင်ဘုရားတို့ကို ရှိခိုးပါမည်ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည်သင်၏ တန်ခိုးအာနုဘော်ကို ငါဘုရားသိ၏ဟု မိန့်တော်မူပြီး ဥပ္ပလဝဏ်ထေရီ၏လည်း တန်ခိုးပြာဋိဟာပြုခြင်းကို ဖယ်ရှားတားမြစ်တော်မူသည်။

ထိုမှတပါး မဟာမောဂ္ဂလန်ထေရ်သည် -

မြတ်စွာဘုရားတပည့်တော်သည် မြင်းမိုရ်တောင်မင်းကို သွားကြား၌ ထား၍ ပဲစေ့၊ မုန်ညင်းစေ့ကို ဝါးစား သကဲ့သို့ ဝါးစားပြပါမည်။

ထိုမှတစ်ပါး အဘယ်သို့ တန်ခိုးပြာဋိဟာကို ပြုမည်နည်း (မေး)

ဤမဟာ ပထဝီမြေကြီးကို သင်ဖျာကဲ့သို့လိပ်၍ လက်ချောင်းကြား၌ ညှပ်ထားပါမည်။ (လျှောက်)

ထိုမှတပါး အဘယ်သို့သော တန်ခိုးအာနုဘော်ကို ပြုမည်နည်း (မေး)

ဤမဟာ ပထဝီမြေကြီးကို အိုးထိန်းစက်ကဲ့သို့ အထက်အောက်လှည့်၍ များစွာသော လူတို့ကို မြေဆီ ဩဇာကိုကျွေးပါမည်။ (လျှောက်)

ဤမှတပါး အဘယ်သို့သော တန်ခိုးပြာဋိဟာကို ပြုမည်နည်း။ (မေး)

လက်ဝဲလက်၌ မြေကြီးကိုပြု၍ ဤသတ္တဝါတို့ကို လက်ယာလက်ဖြင့် တစ်ခြားသော ကျွန်း၌ ထားပါမည်။

။ပ။

မြင်းမိုရ်တောင်ကို ထီးရိုးကဲ့သို့ပြု၍ မဟာပထဝီမြေကြီးကို မြှောက်ပင့်ပြီး ထီးရိုးအထက်၌ ထီးဆောင်းလာသော ရဟန်းကဲ့သို့ လက်တစ်ဖက်ဖြင့်ကိုင်၍ ကောင်းကင်၌ စကြံသွားပါမည်ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် အို . . မောဂ္ဂလန် သင်၏ တန်ခိုးအာနုဘော်ကို ငါဘုရားသိ၏ဟု မိန့်တော်မူကာ မဟာမောဂ္ဂလန်အားလည်း တန်ခိုးပြာဋိဟာပြုခြင်းကို ခွင့်ပြုတော်မမူ။

မဟာမောဂ္ဂလန်သည် မြတ်စွာဘုရားသည် ငါ့ထက်သာလွန်အောင် တန်ခိုးပြစွမ်းနိုင်သူကို သိတော်မူသည်ထင်၏ဟု အောက်မေ့ကာ တစ်နေရာ၌နေလေ၏။

ထိုအခါ မဟာမောဂ္ဂလန်သည် မြတ်စွာဘုရားသည် အို . . . မောဂ္ဂလန် ဤပန်းထုပ်သည် သင့်အတွက် ထုပ်သော ပန်းထုပ်မဟုတ်။

မှန်၏။ ငါဘုရားသည် အများနှင့်မတူသော ဝန်ကိုဆောင်တော်မူသည်။ ငါဘုရား၏ ဝန်ချိန်ကို ဆောင်ရွက်နိုင်သော အခြားသူမည်သည်မရှိတော့ပြီ။

ယခုအခါ ငါဘုရားဆောင်သည့် ဝန်ချိန်ကို ဆောင်နိုင်သောသူမရှိသည်မှာ အံ့ဩဖွယ်မဟုတ်။

ငါဘုရား အဟိတ်တိရစ္ဆာန်မျိုး၌ ဖြစ်ခဲ့ချိန်ကလည်း ငါဘုရားဆောင်သည့် ဝန်ကိုဆောင်စွမ်းနိုင်

သော အခြားသူမည်သည်မရှိခဲ့ပြီသာဟု မိန့်တော်မူလျှင် မြတ်စွာဘုရား ဘယ်အချိန်အခါ၌ မြတ်စွာဘုရားဆောင်ယူ အပ်သော ဝန်ချိန်ကို ဆောင်စွမ်းနိုင်သော အခြားသူမည်သည်မရှိခဲ့ပါသနည်းဟု မဟာမောဂ္ဂလန်ထေရ် မေးလျှောက်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူပြီး -

၁။ "ယတော ယတော ဂရု ဓုရံ၊ ယတော ဂမ္ဘီရဝတ္တနီ၊
တဒါဿု ကဏှံ ယုဉ္ဇန္တိ၊ သွာဿုတံ ဝဟတေဓုရံ"

ဟူသော ဤ ကဏှဥသဘဇာတ်ကို အကျယ်ခဲ့ဟောတော်မူ၍ တဖန် ထိုကဏှဥသဘ အကြောင်းကိုပင် အထူးပြု၍ ပြလိုတော်မူသော မြတ်စွာဘုရားသည် -

၂။ "မနုညမေဝ ဘာသေယျ၊ နာမနုညံ၂ ကုဒါစနံ
မနုညံ ဘာသမာနဿ၊ ဂရုံဘာရံ ဥဒဒ္ဓရိ။
ဓနဥ္စနံ အလာဘေသိ၊ တေန စတ္တမနော အဟု"

ဟူသော နန္ဒိဝိသာလ ဇာတ်ကို အကျယ်ခဲ့၍ ဟောတော်မူသည်။

၁။ "ယတော ယတော - အကြင်အကြင် အရပ်၌။ ဂရု- ပေးသော၊ ဓုရံ - ထမ်းဆောင်ရမည့် ဝန်သည်၊ ဟောတိ - ဖြစ်ငြားအံ့။

အညေ - တခြားကုန်သော၊ ဗလဗဒ္ဓါ - နွားလားတို့သည် ဥက္ခိပိတုံ - မြောက်ချီးခြင်းငှါ၊ နသက္ကောန္တိ - မစွမ်းနိုင်ကြကုန်၊

ယတော - အကြင်အရပ်၌ ဥဒကစိက္ခလ္လမဟာတ္တတာယဝါ ရေ၊ ရွံ့ညွှန်များသည်၏ အဖြစ်ကြောင့် လည်းကောင်း၊

ဝိသမဆိန္နပပါတဘာဝေနဝါ - မညီမညွတ်ပြတ်သော ကမ်းပါးပြတ်ရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဂမ္ဘီရဝတ္တနီ - နက်သောခရီးသည်၊ ဟောတိဖြစ်ငြားအံ့။

တဒါ - ထိုအခါ၌၊ အညေ - တခြားကုန်သော၊ ဗလိဗဒ္ဓေ - ဝန်ဆောင်နွားလားတို့ကို၊ အပနေတွာ - ဖယ်ထား၍၊ ဝါ - ဖယ်ထားပြီး၊ ကဏှံမြည်းနက်သောအဆင်းရှိသော၊ အယျိ - က၊ ကာလက - အမည်ရှိသော နွားကို၊ ယုဉ္ဇန္တိ - လှည်း၌ တပ်ဆင်ကုန်၏။ သော - ထိုအယျိက ကာလကနွားသည် တံဓုရံ - ထိုလေးလံသော ဝန်ချိန်ကို၊ ဝဟတိ - ရွက်ဆောင်၏။

(တဒါဿုကို တဒါ အဿု ဟု ပုဒ်ဖြတ်၊ အဿုကားအနက်မရှိ နိပါတ်မျှသာ သွာဿုကိုသော ဟု ပုဒ်ဖြတ်၊ အသုကား အနက်မရှိ နိပါတ်မျှသာ အချို့စာ၌ သွဿုဒံ ဟုရှိ၏။ သောအဿုဒံဟု ပုဒ်ဖြတ်၊ အဿုဒံကား နိပါတ်မျှသာ)

၂။ ဘိက္ခဝေ - ရဟန်းတို့၊ ပရေန - တခြားသူနှင့်၊ ဘာသ - မာနော - စကားပြောဆိုသူသည်၊ မနာပမေဝ - နှစ်သက်ဖွယ်စကားကိုသာလျှင်၊ ဘာသေယျ - ပြောဆိုရာ၏။ အမနာပံ -

မနှစ်သက်ဖွယ်စကားကို၊ ကုဒါစန် - တစ်ရံတစ်ခါမျှ - နဘာသေယျ - မပြောဆိုရာ။

(နာမနာပံကို နအမနာပံဟု ပုဒ်ဖြတ်)

မနာပံ နှစ်သက်ဖွယ်စကားကို - ဘာသမာနဿ ပြောဆိုသော ပုဏ္ဏားၡ၏၊ ဂရုံ - လေးလံသော၊ ဘာရံ - လှည်းငါးရာ ဝန်ချိန်ကို၊ ဥဒ္ဒရိ ရုန်းဆောင်ပြီ၊ နံ - ထိုနွားရှင်ပုဏ္ဏားကို ဓနဥ္စ - ဥစ္စာကိုလည်း၊ အလာဘေသိ - ရစေပြီ၊ ပြာဟ္မဏော - နွားရှင်ပုဏ္ဏားသည်၊ တေနစ - ထိုသို့ ဥစ္စာကို ရသော ကြောင့်လည်း၊ အတ္တမနော - နှစ်သက်ဝမ်းသာစိတ်ရှိသူသည် အဟု - ဖြစ်ပြီ။

ထိုသို့ဇာတ်တော်ကို ဟောပြတော်မူပြီး မြတ်စွာဘုရားသည် ရတနာစင်္ကြံထက်သို့ တက်တော်မူသည်။ ကိုယ်တော်မြတ်၏ ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ မြောက်ဘက်မှလည်းကောင်း၊ တောင်ဘက်မှလည်းကောင်း ပရိသတ်သည် တစ်ဆယ့်နှစ် ယူဇနာရှိ၏။ အဖြောင့်အားဖြင့် နှစ်ဆယ့်လေး ယူဇနာရှည်သော ပရိသတ်အလယ်၌ မြတ်စွာဘုရားသည် ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသည်။

ထိုရေမီးအစုံ တန်ခိုးပြာဋိဟာကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်အားဖြင့် ရှေးဦးစွာ ဤသို့သိအပ်၏။ သိရမည်။ သိလေ။

မြတ်စွာဘုရား၏ ရေမီးအစုံ တန်ခိုးပြာဋိဟာ၌ ဉာဏ်တော်သည် အဘယ်သို့ဖြစ်သနည်း။

ဤလောက၌ မြတ်စွာဘုရားသည် တပည့်သာဝကတို့နှင့် မဆက်ဆံသော ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြုတော်မူ၏။ အထက်အဖို့ဖြစ်သော ကိုယ်တော်မှ မီးအလျှံအစုဖြစ်၏။ အောက်အဖို့ ဖြစ်သော ကိုယ်တော်မှ ရေအလျှင်သည် ဖြစ်၏။

အောက်အဖို့ဖြစ်သော ကိုယ်တော်မှ မီးအလျှံဖြစ်၏။ အထက်အဖို့ ဖြစ်သော ကိုယ်တော်မှ ရေအလျှင် ဖြစ်၏။

ရှေ့အဖို့ဖြစ်သော ကိုယ်တော်မှ မီးအလျှံ၊ နောက်အဖို့ဖြစ်သော ကိုယ်တော်မှ ရေအလျှင်၊ နောက်အဖို့ ဖြစ်သော ကိုယ်တော်မှ မီးအလျှံ၊ ရှေ့အဖို့ဖြစ်သော ကိုယ်တော်မှ ရေအလျှင်၊ လက်ယာဘက် မျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲဘက် မျက်လုံးတော်မှ ရေအလျှင်၊ လက်ဝဲဘက်မျက်လုံးတော်မှ မီးအလျှံ၊ လက်ယာဘက် မျက်လုံးတော်မှ ရေအလျှင်၊ လက်ယာဘက်နားတွင်းတော်မှ မီးအလျှံ၊ လက်ဝဲဘက် နားတွင်းတော်မှ ရေအလျှင်၊ လက်ဝဲဘက်နားတွင်းတော်မှ မီးအလျှံ၊ လက်ယာဘက်နားတွင်းတော်မှ ရေအလျှင်၊ လက်ယာဘက် နှာခေါင်း ပေါက်တော်မှ မီးအလျှံ၊ လက်ဝဲဘက် နှာခေါင်းပေါက်တော်မှ ရေအလျှင်၊ လက်ဝဲဘက် နှာခေါင်းပေါက်တော်မှ မီးအလျှံ၊ လက်ယာဘက်နှာခေါင်းပေါက်တော်မှ ရေအလျှင်၊ လက်ယာဘက် ပခုံးစွန်းမှ မီးအလျှံ၊ လက်ဝဲဘက်ပခုံးစွန်းမှ ရေအလျှင်၊ လက်ဝဲဘက်ပခုံးစွန်းမှ မီးအလျှံ၊ လက်ယာဘက်ပခုံးစွန်းမှ ရေအလျှင်၊ လက်ယာဘက် လက်တော်မှ မီးအလျှံ၊ လက်ဝဲဘက် လက်တော်မှ ရေအလျှင်၊ လက်ဝဲဘက် လက်တော်မှ မီးအလျှံ၊ လက်ယာ ဘက်လက်တော်မှ ရေအလျှင်၊ လက်ယာဘက် နံဘေးမှ မီးအလျှံ၊ လက်ဝဲဘက် နံဘေးမှ ရေအလျှင်၊ လက်ဝဲဘက် နံဘေးမှ မီးအလျှံ၊ လက်ယာဘက် နံဘေးမှ ရေအလျှင်၊ လက်ယာဘက် ခြေတော်မှ မီးအလျှံ၊ လက်ဝဲဘက် ခြေတော်မှ ရေအလျှင်၊ လက်ဝဲဘက် ခြေတော်မှ မီးအလျှံ၊ လက်ယာဘက် ခြေတော်မှ ရေအလျှင်၊ လက်ချောင်း ခြေချောင်းတို့မှ မီးအလျှံ၊ လက်ချောင်းကြား ခြေချောင်းကြားတို့မှ ရေအလျှင်၊ လက်ချောင်းကြား

ချောင်းကြားတို့မှ မီးအလျှံ၊ လက်ချောင်း၊ ခြေချောင်းတို့မှ ရေအလျှင် မွေးညှင်းပေါက်တစ်ခု တစ်ခုမှ မီးအလျှံ ဖြစ်၏။ မွေးညှင်းပေါက်တစ်ခု တစ်ခုမှ မီးအလျှံ ဖြစ်၏။ မွေးညှင်းပေါက် တစ်ခုတစ်ခုမှ ရေအလျှင် ဖြစ်၏။

အညိုရောင်၊ အဝါရောင်၊ အနီရောင်၊ အဖြူရောင် ထန်းကျင့်နီပဆေး အရောင်ကဲ့သို့ အမောင်းရောင်၊ ပြိုးပြိုးပြက်ပြက် အရောင်ဟူသော အရောင်ခြောက်မျိုးတို့၏ လှည့်လည် ကွန့်မြူးခြင်းဖြစ်လေ၏။ ပကတိ မြတ်စွာဘုရားသည် စင်္ကြံကြွတော်မူ၏။ ဖန်ဆင်းထားအပ်သော ဘုရားသည် ရပ်မူလည်း ရပ်၏။ ထိုင်လည်းထိုင်၏။ လျောင်းမူလည်းလျောင်း၏။

॥ပ॥

ဖန်ဆင်းအပ်သော ဘုရားသည် လျောင်းတော်မူ၏။ ပကတိ မြတ်စွာဘုရားသည် စင်္ကြံကိုလည်း ကြွ၏။ ရပ်မူလည်း ရပ်၏။ ထိုင်မူလည်း ထိုင်၏။ ဤဉာဏ်တော်သည် မြတ်စွာဘုရား၏ ရေမီးအစုံ တန်ခိုးပြာဋိဟာ၌ ဉာဏ်တော်တည်း။ ဤသို့ မှတ်အပ်၏။ မှတ်သင့်၏။ မှတ်ရမည်။ မှတ်လေ။

ဤရေမီးအစုံ တန်ခိုးပြာဋိဟာကို မြတ်စွာဘုရားသည် သိကြားမင်း ဖန်ဆင်းအပ်သော ထိုရတနာစင်္ကြံ၌ စင်္ကြံကြွ၍ ပြုတော်မူသည်။ မြတ်စွာဘုရား၏ တေဇောကသိုဏ်း အခြေခံရှိသော သမာပတ်အစွမ်းဖြင့် အထက်အဖို့ဖြစ်သော ကိုယ်တော်မှ မီးအလျှံဖြစ်၏။ အာပေါကသိုဏ်း အခြေခံရှိသော သမာပတ်အစွမ်းဖြင့် အောက်အဖို့ဖြစ်သော ကိုယ်တော်မှ ရေအလျှင်ဖြစ်၏။ အထူးအားဖြင့် ရေအလျှင်ဖြစ်ရာ အရပ်မှ မီးအလျှံမဖြစ်၊ မီးအလျှံ ဖြစ်ရာ အရပ်မှ ရေအလျှင်မဖြစ်ဟု ပြခြင်းငှာ အောက်အဖို့ဖြစ်သော ကိုယ်တော်မှ အထက်အဖို့ဖြစ်သော ကိုယ်တော်မှဟု ဟောထားအပ်၏။ ပုဒ်အားလုံး၌ ဤနည်းသာဖြစ်၏။

ဤရေမီးအစုံ တန်ခိုးပြဋိဟာ၌ မီးအလျှံသည် ရေအလျှင်နှင့် မရောနှော ထို့အတူ ရေအလျှင်သည် မီး အလျှံနှင့် မရောနှော။

ရေမီးနှစ်ခုလုံးသည် ဗြဟ္မာ့ပြည်တိုင်အောင် တက်၍ စကြာဝဠာ အနားရေး၌ ကျလေ၏။

အရောင်ခြောက်မျိုးတို့၏ဟု ဆိုအပ်ကုန်သော မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်သွယ်တို့သည် ရေအိုးတို့ဖြင့် သွန်းလောင်းအပ်သော ရွှေမှုန်ကဲ့သို့ ယန္တရားစက်ပြောင်းဝမှ ထွက်သော ရွှေရည်အလျှင်ကဲ့သို့ စကြာဝဠာတိုက် ဝမ်းတစ်ခုမှ ပျံတက်၍ ဗြဟ္မာ့ပြည်ကို တိုက်မိပြီး ပြန်လှည့်၍ စကြာဝဠာအနားကိုသာ ယူကြကုန်၏။ (စကြာဝဠာအနားရေးသို့ ရောက်အောင် ပြန်ကျလာသည်ဟု ဆိုလိုသည်)

စကြာဝဠာတိုက်ဝမ်းတစ်ခုသည် ကောက်သောအချင်းရှိသော ဖောမိအိမ်ကဲ့သို့ တစ်ခဲနက်သော အရောင်အလင်းရှိလေ၏။

ထိုနေ့၌ မြတ်စွာဘုရားသည် စင်္ကြံကြွ၍ တန်ခိုးပြာဋိဟာကို ပြုနေစဉ်အကြား လူအပေါင်းအား တရားဟောတော်မူသေး၏။ တရားဟောတော်မူသော်လည်း လူအပေါင်းကို သက်သာရာမရအောင်

ပြုတော်မမူဘဲ လူအပေါင်းအား သက်သာရာအလှည့်ကို ပေးတော်မူသည်။ ထိုခဏ၌ လူအပေါင်းသည် ကောင်းချီးပေးလေ၏။

လူအပေါင်း၏ ကောင်းချီးပေးရာ အချိန်၌ မြတ်စွာဘုရားသည် ထိုမျှလောက်များလှသော ပရိသတ်၏ စိတ်ကို ကြည့်တော်မူလျက် လူတစ်ယောက်တစ်ယောက်၏ စိတ်ဖြစ်ပုံကို တစ်ဆယ့်ခြောက်မျိုးသော အချင်းအရာတို့၏ အစွမ်းအားဖြင့် သိတော်မူသည်။ မြတ်စွာဘုရားတို့၏ စိတ်တော်သည် ဤသို့လျင်မြန်သော လှည့်၍ ဖြစ်ခြင်းရှိ၏။

အကြင်အကြင်လူသည် အကြင်တရား၌လည်းကောင်း၊ အကြင်တန်ခိုး ပြာဋိဟာ၌လည်းကောင်း၊ ကြည်ညို၏။ ထိုထိုလူ၏ အလိုအားဖြင့်သာ တရားကိုလည်း ဟောတော်မူ၏။ တန်ခိုးပြာဋိဟာကိုလည်း ပြုတော်မူ၏။ ဤသို့တရားကိုလည်း ဟောတော်မူအပ်သော် တန်ခိုးပြာဋိဟာကိုလည်း ပြုတော်မူအပ်သော် လူအပေါင်း၏ သစ္စာလေးပါးတရားကို ထိုးထွင်းသိလေ၏။

မြတ်စွာဘုရားသည် ထိုအစည်းအဝေး၌ (ထိုပေါင်းဆုံပွဲ၌) ကိုယ်တော်၏ စိတ်ကို ယူ၍ ပြဿနာကို မေးခြင်းငှာ စွမ်းနိုင်သော အခြားသူကို မမြင်၍ နိမ္မိတဘုရားကို ဖန်ဆင်းတော်မူပြီ။ နိမ္မိတဘုရားသည် မေးအပ်သောပြဿနာကို ပကတိဘုရားသည် ဖြေဆိုတော်မူသည်။ ပကတိဘုရား မေးအပ်သော ပြဿနာကို နိမ္မိတ ဘုရားသည် ဖြေဆိုတော်မူသည်။ ပကတိဘုရား စင်္ကြံကြွနေချိန်၌ နိမ္မိတဘုရားသည် ရပ်ခြင်း စသည်တို့တွင် တစ်ခုခုကို ပြုတော်မူသည်။ နိမ္မိတဘုရား စင်္ကြံကြွနေချိန်၌ ပကတိဘုရားသည် ရပ်ခြင်းစသည်တို့တွင် တစ်ခုခု ကို ပြုတော်မူသည်။ ထိုအနက်သဘောကို ပြခြင်းငှာ နိမ္မိတဘုရားသည် စင်္ကြံမူလည်း ကြွ၏။ အစရှိသော စကားကို ဆိုအပ်ပေသည်။

ဤသို့ပြုတော်မူသော မြတ်စွာဘုရား၏ တန်ခိုးပြာဋိဟာကို ဖူးမြင်ရ၍ တရားတော်ကို ကြားနာရ၍ ထိုအစည်းအဝေး၌ ကုဋေနှစ်ဆယ်သော သတ္တဝါတို့၏ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်မှု ဖြစ်လေပြီ။

မြတ်စွာဘုရားသည် တန်ခိုးပြာဋိဟာကို ပြုတော်မူလျက်ပင် အတိတ်ကာလပွင့်ကြကုန်စင် ဘုရားရှင်တို့သည် ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြုတော်မူကြပြီး အဘယ်အရပ်၌ ဝါကပ်ကြလေကုန်သနည်းဟု ဆင်ခြင်တော်မူလတ်သော် တာဝတိံသာနတ်ပြည်၌ ဝါကပ်၍ မယ်တော်အား အဘိဓမ္မာပိဋကတ်ကို ဟောတော်မူကြ သည်ဟု သိမြင်တော်မူ၍ လက်ယာဘက်ခြေတော်ကို မြှောက်ချီပြီး (ကြွပြီး) ယုဂန္ဓိုရ်တောင်ထိပ်၌ထား၍ လက်ဝဲဘက်ခြေတော်ကို မြှောက်ချီပြီး (ကြွပြီး) မြင်းမိုရ်တောင်ထိပ်၌ ထားတော်မူသည်။ ဤသို့လျှင် ယူဇနာတစ်သိန်း ခြောက်သောင်းရှစ်ထောင်ရှိရာ အရပ်၌ သုံးခုသော ခြေတော်အကြိမ် (ခြေတော်သုံးဖဝါး) ခြေတော်ရာ နှစ်ခုတို့ ဖြစ်ကုန်၏။

မြတ်စွာဘုရားသည် ခြေတော်ကို ဆန့်၍ နင်း၏ဟု မမှတ်သားအပ်။

မှန်၏။ မြတ်စွာဘုရား၏ ခြေတော်ကို မြှောက်ချီရာ (ကြွရာ) အချိန်၌ပင် ယုဂန္ဓိုရ်တောင်၊ မြင်းမိုရ်တောင်တို့သည် ခြေတော်ရင်းသို့ ရောက်လာကြပြီး ခံယူကြကုန်၏။ မြတ်စွာဘုရားသည် နင်းမိရာ အချိန်၌ ထိုတောင်တို့ သည် အထက်သို့ ကြွ၍ မိမိတို့ နေရာ၌သာ တည်နေကုန်၏။

သိကြားမင်းသည် မြတ်စွာဘုရားကို မြင်တော်မူသော် ဤသို့ စဉ်းစားမိလေ၏။

မြတ်စွာဘုရားသည် ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ ဤမိုးအခါ၌ နေခြင်းကို (ဤဝါကို) ကပ်လိမ့်မည်။ များစွာသောနတ်တို့၏လည်း ကျေးဇူးများလိမ့်မည်။ ဤပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ မြတ်စွာဘုရား ဝါကပ်တော်မူသော် အခြားသော နတ်တို့သည် လက်ကိုသော်လည်း ထားခြင်းငှာ စွမ်းနိုင်ကြမည် မဟုတ်ကုန်။ ဤပဏ္ဍုကမ္ဗလာကျောက်နေရာသည် အလျားယူဇနာခြောက်ဆယ်၊ အနံ အကျယ်ယူဇနာ (၅၀) ထု ဆယ့်ငါးယူဇနာရှိ၏။ မြတ်စွာဘုရား သီတင်းသုံးထိုင်နေသော်လည်း ကျောက်နေရာသည် အချည်းနှီးဖြစ်လိမ့်မည်ဟု စဉ်းစားမိလေ၏။

မြတ်စွာဘုရားသည် သိကြားမင်း၏ အတွင်းသဘောကို (အလိုကို) သိတော်မူ၍ ကိုယ်တော်မြတ်၏ နှစ်ထပ်သင်္ကန်းတော်ကို ကျောက်နေရာကို ဖုံးလွှမ်းစေလျက် (ဖုံးအုပ်သွားအောင်) ပစ်ချတော်မူပြီး။

သိကြားမင်းသည် သင်္ကန်းတော်ကို ရှေးဦးစွာ ကျောက်နေရာကို ဖုံးလွှမ်းစေလျက် ပစ်ချတော်မူပြီး၊ ကိုယ်တော်မြတ်သည်ကား အနည်းငယ်သောနေရာ၌ ထိုင်နေတော်မူလိမ့်မည်ဟု စဉ်းစားပြန်လေ၏။ မြတ်စွာ ဘုရားသည် သိကြားမင်း၏ အတွင်းသဘောကို (ဆန္ဒကို) သိတော်မူ၍ နိမ့်သော အင်းပျဉ်ကို (နိမ့်သော ထိုင်ခုံ ငယ်ကို) ပံသုကူသင်္ကန်းကြီးကို ဆောင်သောရဟန်းသည် သင်္ကန်းခွေကြား၌ ပြု၍ ထိုင်သကဲ့သို့ ပဏ္ဍုကမ္ဗလာ ကျောက်နေရာကို သင်္ကန်းခွေတော် အတွင်း၌ သာပြု၍ ထိုင်တော်မူပြီး။

များစွာသော လူသည်လည်း ထိုခဏ၌ပင် မြတ်စွာဘုရားကို ကြည့်လတ်သော် လ၏ ဝင်သွားရာအခါကဲ့ သို့လည်းကောင်း၊ နေ၏ ဝင်သွားရာ အခါကဲ့သို့လည်းကောင်း ဖြစ်လေ၏။

များစွာသော လူသည်လည်း -

"ဂတော နုစိတ္တ ကူဋံ ဝါ၊ ကေလာသံ ဝါ ယုဂန္ဓရံ။
နဒ္ဒသာမ သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ"

ဟူသော ဤဂါထာကို ရွတ်ဆိုငိုကြွေးလေပြီ။

သမ္မာသမ္ဗုဒ္ဓေါ - မြတ်စွာဘုရားသည်၊ စိတ္တ ကူဋံဝါ - စိတ္တကူဋတောင်သို့ လည်းကောင်း၊ ကေလာသံဝါ -ကေလာသတောင်သို့သော်လည်းကောင်း၊ ယုဂန္ဓရံဝါ - ယုဂန္ဓိုရ်တောင်သို့သော် လည်းကောင်း၊ ဂတောနု - ကြွသွားလေသလော။

လောကဇေဋ္ဌံ - လူလောက၊ နတ်လောက၊ ဗြဟ္မာလောက၌ အကြီးဆုံးဖြစ်တော်မူသော၊ နရာသဘံ - နတ်၊ လူ၊ ဗြဟ္မာသတ္တဝါတို့ထက် အမြတ်ဆုံး အာသဘ ဖြစ်တော်မူသော၊ သမ္ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ နော - ငါတို့သည်၊ နဒ္ဒသာမ - မတွေ့၊ မမြင်ကြရလေကုန်။

အခြားလူတို့သည် မြတ်စွာဘုရား မည်သည်ဆိတ်ငြိမ်ရာ၌ မွေ့လျော်တော်မူသည်။ ထိုမြတ်စွာဘုရားသည် ငါသည် ဤသို့သဘောရှိသော ပရိသတ်၌ ဤသို့သဘောရှိသော တန်ခိုးပြာဋိဟာကို ပြုအပ်လေပြီဟု ရှက်တော်မူသဖြင့် အခြားနိုင်ငံသို့သော်လည်းကောင်း၊ ဇနပုဒ်သို့သော်လည်း ကြွသွားတော်မူလိမ့်မည်။ (ကြွသွားတော်မူသည် ဖြစ်လိမ့်မည်) ထိုမြတ်စွာဘုရားကိုငါတို့ မဖူးမြင်ကြရလေကုန်ဟု ငိုကြွေးကြကာ

ဤဆိုလတ္တံ့သော ဂါထာကို ဆိုကြကုန်၏။

"ပဝိဝေကရတော ဓီရော၊ နိမံလောကံ ပုနေဟိတိ။
နနော ဒက္ခေမု သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံပ"

ပဝိဝေကရတော - ဆိတ်ငြိမ်ရာ၌ မွေ့လျော်တော်မူသော၊ ဓီရော - ပညာကြီးမား ရှင်တော်မြတ်ဘုရားသည် ဣမံလောကံ - ဤလောကသို့၊ ပုန - နောက်ထပ်တဖန်၊ နဧဟိတိ - ကြွလာတော့မည်မဟုတ်။ လောက ဇေဋ္ဌံ - လူလောက၊ နတ်လောက၊ ဗြဟ္မာလောက၌ အကြီးဆုံး ဖြစ်တော်မူသော၊ နာရာသဘံ - နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတို့ထက် အမြတ်ဆုံး အာသဘဖြစ်တော်မူသော၊ သမ္ဗုဒ္ဓံ - မြတ်စွာဘုရားကို (နော - ငါတို့သည် နဒက္ခေမု - မတွေ့မမြင်ကြရလေကုန်။

ထိုလူတို့သည် မဟာမောဂ္ဂလန်ကို အရှင်ဘုရားမြတ်စွာဘုရား အဘယ်မှာပါနည်းဟု မေးလျှောက်ကြကုန်၏။

မဟာမောဂ္ဂလန်သည် မိမိကိုယ်တိုင် မြတ်စွာဘုရားကြွသွားရာအရပ်ကို သိသော်လည်း၊ အခြားသူတို့၏ ဂုဏ်တို့လည်း ထင်ရှားစေကုန်သတည်းဟူသော အတွင်းသဘောဖြင့် အနုရုဒ္ဓါကို မေးကြဟု မိန့်တော်မူ၏။

ထိုလူတို့သည် အနုရုဒ္ဓါထေရ်ကို မေးကြသောအခါ တာဝတိံသာနတ်ပြည်၌ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ ဝါကပ်တော်မူ၍ မယ်တော်အား အဘိဓမ္မာ ပိဋကတ်ကိုဟောခြင်းငှာ ကြွသွား တော်မူသည်။

အရှင်ဘုရား ဘယ်အချိန်၌ လူ့ပြည်သို့ ပြန်ကြွလာမည်နည်း။

သုံးလပတ်လုံး အဘိဓမ္မာ ပိဋကတ်ကိုဟောပြီး၊ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပြန်ကြွလာလိမ့်မည်ဟု မိန့်တော်မူ၏။

ထိုလူတို့သည် ငါတို့သည် မြတ်စွာဘုရားကို နောက်ထပ်တစ်ဖန် မဖူးမြင်ကြဘဲ မပြန်ကြကုန်အံ့ဟု တန်ခိုးပြာဋိဟာကို ဖူးမြင်ရာ အရပ်၌သာ သစ်ခက်အကာအရံပြု၍နေကြကုန်၏။

ထိုလူတို့၏ အပေါ်အမိုးသည် ကောင်းကင်သာဖြစ်သတတ်။ ထိုမျှလောက်များလှသော ပရိသတ်၏လည်း ခန္ဓာကိုယ်အချင်းချင်း၊ ပွတ်တိုက်ခြင်းမည်သည် မထင်လေ။ မြေကြီးသည် ဟင်းလင်း အပေါက်ကို ပြုပေးလေ၏။ ထိုလူတို့နေရာ အရပ်အားလုံး၌ စင်ကြယ်သော မြေအပြင်သာဖြစ်လေ၏။

မြတ်စွာဘုရားသည် ရှေးဦးကပင် မောဂ္ဂလန်ထေရ်ကို အို . . . မောဂ္ဂလန်သင်သည် ဤပရိသတ် အား တရားကို ဟောရစ်ပါ။ စူဠအနာထပိဏ်သည် စားသောက်ဖွယ် အဟာရကို ပေးလိမ့်မည်ဟု မိန့်တော်မူခဲ့ပြီ။

ထို့ကြောင့် ထိုဝါတွင်းသုံးလပတ်လုံး စူဠအနာထပိဏ်သည် အဝန်းသုံးဆယ်ခြောက် ယူဇနာရှိ သော ထိုလူပရိသတ်အားမျှတလောက်သော ယာဂုထမင်း၊ ခဲဖွယ်၊ ကွမ်း၊ ဆီ၊ နံ့သာ၊ ပန်း၊ ပန်ဆင်စရာ တို့ကို ပေးလှူလေ၏။ မဟာမောဂ္ဂလန်သည် တရားကိုလည်း ဟော၏။ တန်ခိုးပြာဋိဟာကို ဖူးမြင်ရန်

လာရောက်သူတို့သည် မေးအပ်သော ပြဿနာကိုလည်း ဖြေဆိုတော်မူသည်။

မယ်တော်အား အဘိဓမ္မာကို ဟောပြရန်၊ ပဏ္ဍုကမ္ဗလာ - ကျောက်နေရာ၌ ဝါကပ်တော်မူသော မြတ်စွာဘုရားကိုလည်း စကြဝဠာတိုက်တစ်သောင်းမှ နတ်၊ ဗြဟ္မာအပေါင်းတို့သည် ခြံရံကြကုန်၏။ ထို့ကြောင့် -

၁။ တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရိစ္ဆတ္တကမူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။

၂။ ဒသသု လောကဓာတူသု၊ သန္နိပတိတွာန ဒေဝတာ
ပယိရုပါသန္တိ သမ္ဗုဒ္ဓံ၊ ဝသန္တံ နဂမုဒ္ဓနိ။

၃။ နကောစိ ဒေဝေါ ဝဏ္ဏေန၊ သမ္ဗုဒ္ဓဿ ဝိရောစတိ။
သဗ္ဗေ ဒေဝေ အတိက္ကမ္မ၊ သမ္ဗုဒ္ဓေါဝ ဝိရောစတိ။

ဟု ပေတဝတ္ထု၌ ဟောအပ်ပြီ။

၁။ ယဒါ - အကြင်အခါ၌၊ ပုရိသုတ္တမော - ယောကျ်ားတကာတို့ထက် မြတ်တော်မူသော၊ ဗုဒ္ဓေါ - မြတ်စွာဘုရားသည် တာဝတိံသေ - တာဝတိံသာ နတ်ပြည်၌ ပါရိစ္ဆတ္တကမူလမှိ - ပင်လယ်ကသစ်ပင်ရင်း၌၊ ပဏ္ဍုကမ္ဗလေ - ပဏ္ဍုကမ္ဗလာ အမည်ရှိသော၊ သိလာယံ - ကျောက်နေရာ၌၊ ဝိဟာသိ - နေတော်မူပြီ။

၂။ တဒါ - ထိုအခါ၌၊ ဒသသု လောကဓာတူသု - စကြာဝဠာတိုက် တစ်သောင်းတို့၌၊ ဒေဝတာ နတ်တို့သည်၊ (နတ်ဗြဟ္မာတို့သည်) သန္နိပတိတွာန - စုဝေးကြကုန်၍၊ နဂမုဒ္ဓနိ - မြင်းမိုရ်တောင်ထိပ်၌ (မြင်းမိုရ်တောင်ထိပ် တာဝတိံသာနတ်ပြည်၌) ဝသန္တံ - နေတော်မူသော၊ သမ္ဗုဒ္ဓံ မြတ်စွာဘုရားကို၊ ပယိရုပါသန္တိ - ဆည်းကပ်ကြကုန်၏။

၃။ သမ္ဗုဒ္ဓဿ မြတ်စွာဘုရား၏ ဝဏ္ဏေန အရောင်ကြောင့်၊ ကောစိ - တစ်စုံကယောက်သော၊ ဒေဝေါ - နတ်သည်၊ နဝိရောစတိ - မထွန်းလင်းမတင့်တယ်နိုင်။

သမ္ဗုဒ္ဓေါဝ - မြတ်စွာဘုရားသည်သာ၊ သဗ္ဗေ - ခပ်သိမ်းကုန်သော၊ ဒေဝေ - နတ်တို့ကို အတိက္ကမ္မ ကျော်လွန်၍။ ဝိရောစတိ - ထွန်းလင်းတင့်တယ်တော်မူပါပေ၏။

ဤသို့ အားလုံးသော နတ်တို့ကို ကိုယ်တော်မြတ်၏ ကိုယ်ရောင်တော်ဖြင့် လွှမ်းမိုး၍ ထိုင်နေတော်မူသော မြတ်စွာဘုရား၏ မယ်တော်သည် တုသိတာနတ်ဗိမာန်မှ လာ၍ လက်ယာဘက်နံပါး၌ ထိုင်နေပြီ။

ဣန္ဒက နတ်သားသည်လည်း လာ၍ လက်ယာဘက်နံပါး၌ပင် ထိုင်နေပြီ။

အင်္ကုရနတ်သားသည် လာ၍ လက်ဝဲဘက်နံပါး၌ ထိုင်နေပြီ။

အင်္ကုရနတ်သားသည် တန်ခိုးကြီးနတ်များ လာရောက်စုဝေးကြလေသော် မိမိနေရာမှ ဖဲခွာ၍ တစ်ဆယ့် နှစ်ယူဇနာဝေးကွာသောအရပ်၌နေရာကို ရလေ၏။ ဣန္ဒကနတ်သားသည် မိမိထိုနေရာ၌ သာထိုင်နေ၏။

မြတ်စွာဘုရားသည် ထိုနတ်သားနှစ်ယောက်တို့ကို ကြည့်တော်မူ၍ ကိုယ်တော်မြတ်၏

သာသနာတော်၌ အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူအပ်သောဒါန၏ အကျိုးကြီးမြတ်ပုံကို သိစေလို၍

အို - အင်္ကုရ - သင်သည် ရှည်လျားလှသော နှစ်ပေါင်းတစ်သောင်းအချိန်ပတ်လုံး တစ်ဆယ့် နှစ်ယူဇနာရှိသော ခုံလှောက်အစဉ်ကိုပြု၍ ကြီးစွာသောအလှူကို လှူခဲ့သည် မဟုတ်လော။ ယခု ငါဘုရား၏ အစည်းအဝေးသို့ လာ၍ တစ်ဆယ့်နှစ်ယူဇနာဝေးကွာ သော အရပ်၌နေရာကို ရလေပြီ။ ဤသို့ဖြစ်ရခြင်း၌ အကြောင်းကား အဘယ်နည်း ဟု မိန့်တော်မူ၏။

၁။ ဩလောကေတွာန သမ္ဗုဒ္ဓေါ၊ အင်္ကုရဉ္စာပိ ဣန္ဒကံ၊
ဒက္ခိဏေယျံ သမ္ဘာဝေန္တော၊ ဣဒံဝစန မဗြဝိ။

၂။ မဟာဒါနံတယာ ဒိန္နံ၊ အင်္ကုရ ဒီဃ မန္တရေ။
အတိဒူရေ နိသိန္နောသိ၊ အာဂစ္ဆ မမသန္တိကေ။

ဟူသော ဤဂါထာစကားကို ပေတဝတ္ထု၌ ဟောအပ်သည်သာဖြစ်၏။

၁။ သမ္ဗုဒ္ဓေါ - မြတ်စွာဘုရားသည်၊ အင်္ကုရဉ္စာပိ - အင်္ကုရ - နတ်သားကိုလည်းကောင်း၊ ဣန္ဒကံစ - ဣန္ဒနတ်သားကို လည်းကောင်း၊ ဩလောကေတွာန - ကြည့်တော်မူ၍၊ ဒက္ခိဏေယျံ - အလှူခံပုဂ္ဂိုလ်ကို၊ သမ္ဘာဝေန္တော - ချီးမွမ်းလိုသည်ဖြစ်၍၊ ဣဒံဝစနံ - ဆိုလတ္တံ့သော ဤစကားကို၊ အဗြဝိ - မိန့်တော်မူပြီ။

၂။ အင်္ကုရ - အင်္ကုရနတ်သား၊ တယာ - သင်သည်၊ ဒီဃမန္တရေ - ရှည်လျားလှစွာသော နှစ်ပေါင်းတစ်သောင်း ကာလ၌ မဟာဒါနံ - ကြီးစွာသောအလှူကို၊ ဒိန္နံ - ပေးလှူအပ်ခဲ့ပြီ

(အထ - ထိုသို့ဖြစ်လျက်၊ ကသ္မာ - အဘယ်ကြောင့်) အတိဒူရေ - တစ်ဆယ့်နှစ်ယူဇနာကွာလတ်၊ အလွန် ဝေးသော အရပ်၌၊ နိသန္နော - နေရသူသည်၊ အသိ - ဖြစ်သနည်း။ မမ - ငါဘုရား၏။ သန္တိကေ - အနီး၌၊ အာဂစ္ဆ - လာခဲ့လော။

မြတ်စွာဘုရား၏ ထိုအသံတော်သည် လူ့ပြည်မြေအပြင်သို့ ရောက်လာပြီ။ ထိုအသံတော်ကို အားလုံး သော ထိုပရိသတ်သည် ကြားရလေပြီ။

ဤသို့ မြတ်စွာဘုရား မိန့်အပ်လေသော် -

၁။ စောဒိတော ဘာဝိတတ္တေန၊ အင်္ကုရော ဧတအဗြဝိ။
ကိံ မယှံ တေန ဒါနေန၊ ဒက္ခိဏေယျေန သုညတံ။

၂။ အယံသော ဣန္ဒကော ယက္ခော၊ ဒဇ္ဇာ ဒါနံ ပရိတ္တကံ။
အတိရောစတိ အမှေဟိ၊ စန္ဒော တာရာဂဏေ ယထာ”

၁။ ဘာဝိတတ္တေန - ပွားအပ်ပြီးသော စိတ်ရှိတော်မူသော မြတ်စွာဘုရားသည် စောဒိတော - စောဒနာ သတ်မှတ်မေးအပ်သော အင်္ကုရော - အင်္ကုရနတ်သားသည် ဧတံ ဤစကားကို ၊ အဗြဝိ - လျှောက်ထားလေပြီ။

မယှံ - တပည့်တော်၏ (ဧတံ - ဒါနံ အရှင်ဘုရားမိန့်အပ်သော ထိုဒါနသည်) ဒက္ခိဏေယျေန

- မြတ်သော အလှူခံပုဂ္ဂိုလ်မှ၊ သုညတံ - ဆိတ်သုဉ်းခဲ့ပါပြီ။

တေန ဒါနေန - မြတ်သော အလှူခံပုဂ္ဂိုလ်မှ ဆိတ်သုဉ်းသော ထိုဒါနဖြင့်၊ ကိံ - အဘယ်အကျိုးရှိပါအံ့နည်း။

၂။ ဣန္ဒကော - ဣန္ဒက အမည်ရှိသော အယံသောယက္ခော - ဤနတ်သားသည်၊ ပရိတ္တကံ - အနည်းငယ်သော၊ ဒါနံ - လှူဖွယ်ဝတ္ထုကို၊ ဒတွာ ‧ ဒတွာ - ပေးလှူ၍၊ စန္ဒော - လမင်းသည်၊ တာရာဂဏေ - ကြယ်တာရာအပေါင်းတို့ကို၊ အတိရောစတိ ယထာ - သာလွန်မြင့်ကြယ်တင့်တယ်သကဲ့သို့၊ အမှေဟိ - တပည့်တော်တို့ထက်၊ အတိရောစတိ - သာလွန်အံ့ဖွယ် တင့်တယ်ပါပေ၏။

ဤသို့ အင်္ကုရနတ်သားက လျှောက်ထားအပ်လေသော် -

မြတ်စွာဘုရားသည် ဣန္ဒက နတ်သားကို -

အို. . . ဣန္ဒက နတ်သား၊ သင်သည် ငါဘုရား၏ လက်ယာဘက်နံပါး၌ ထိုင်နေပြီ၊ အဘယ့်ကြောင့် ငါဘုရားအနားမှ ဖဲခွာမသွားမူ၍သာ ထိုင်နေဘိသနည်းဟု မိန့်တော်မူ၏။

ဣန္ဒက နတ်သားသည် -

မြတ်စွာဘုရား တပည့်တော်သည် ကောင်းသော မြေဆီဩဇာရှိသော လယ်၌ အနည်းငယ်သော မျိုးစေ့ကို စိုက်ပျိုးသော လယ်သမားကဲ့သို့ အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံမှုကို ရခဲ့ပါပြီဟု အလှူခံပုဂ္ဂိုလ်ကို ထင်ရှားပြလို၍ -

၁။ ဥသ္မာ်လေ ယထာ ခေတ္တေ ဗီဇံမဟာမ္ပိရော ပိတံ။
နဖလံ ဝိပုလံ ဟောတိ၊ နပိ တောသေတိ ကဿကံ

၂။ တထေဝဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ။
န ဖလံ ဝိပုလံ ဟောတိ၊ နပိတောသေတိ ဒါယကံ။

၃။ ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာ ဓာရံ ပဝေစ္ဆန္တေ ၊ ဖလံတောသေသိ ကဿကံ။

၄။ တထေဝ သီလဝန္တေသု၊ ဂုဏဝန္တေသုတာဒိသု၊
အပ္ပကမ္ပိ ကတံ ကာရံ၊ ပုည် ဟောတိ မဟပ္ဖလံ

ဟုလျှောက်ထားလေ၏။

၁။ ဥသ္မာ်လေ - ကျပ်တည်းကျည်းကုန်းမြေဖြစ်သော၊ ခေတ္တေ - လယ်ကွင်း၌၊ ဗဟုမ္ပိ - များစွာလည်း၊ ရောပိတံ - စိုက်ပျိုးအပ်သော၊ ဗီဇံ - မျိုးစေ့သည်၊ ဝိပုလံ - ပြန့်ပြောဖွံ့ဖြိုးသော၊ ဖလံ - အသီးသည်၊ နဟောတိယထာ - မဖြစ်သကဲ့သို့ (မသီးသကဲ့သို့) ကဿကံ - လယ်လုပ်ယောက်ျားကို၊ နပိတောသေတိ ယထာ - နှစ်လည်း မနှစ်သက်စေသကဲ့သို့

၂။ တထေဝ - ထို့အတူသာလျှင်၊ ဒုဿီလေသု - သီလ ပျက်ပြို ဒုဿီလ ပုဂ္ဂိုလ်တို့၌၊ ဗဟုကံ - များစွာ၊ ပတိဋ္ဌိတံ - တည်စေအပ်၊ လှူဒါန်းအပ်သော၊ ဒါနံ - လှူဒါန်းမှုဆိုထို ကုသိုလ်သည်၊ ဝိပုလံ ပြန့်ပြော ဖွံ့ဖြိုးသော၊ ဖလံ - အကျိုးသည် (နဟောတိ - မဖြစ်) ဒါယကံ - ယောကျ်ားမိန်းမ မဟု

လှူဒါန်းသူကို နပိ - တောသေတိ - နှစ်သက်လည်း မနှစ်သက်စေ။

၃။ ဘဒ္ဒကေ - မြေဆီဩဇာပြည့်သဖြင့် ကောင်းမွန်သော၊ ခေတ္တေ - လယ်ကွင်း၌၊ အပ္ပံပိ - အနည်းငယ်သော်လည်း၊ ရောပိတံ - စိုက်ပျိုးအပ်သော၊ ဗီဇံ - မျိုးစေ့သည်၊ သမ္မာဓာရံ - ကောင်းသော မိုးရေအလျှင်ကို၊ ပဝေစ္ဆန္တေ - ရွာသွန်းပေးသည်ရှိသော်၊ ကဿကံ - လယ်လုပ်သမား ထိုယောက်ျားကို၊ ဖလံ - အသီးကို (ကတွာ - ပြု၍၊ သီး၍) တောသေသိ ယထာပိ - နှစ်သက်စေသကဲ့သို့၊

၄။ တထေဝ - ထိုအတူသာ၊ သီလဝန္တေသု - သီလရှိကုန်သော၊ ဂုဏဝန္တေသု - ဂုဏ်ရှိကုန်သော၊ တာဒိသု - ထိုသို့ သဘောရှိသော အလှူခံပုဂ္ဂိုလ်တို့၌၊ အပ္ပကံပိ - အနည်းငယ်သော်လည်း၊ ကတံ ပြုအပ်သော - လှူဒါန်းအပ်သော၊ ကာရံ - ကာရဟုဆိုအပ်သော၊ ပုညံ - ကောင်းမှုသည်၊ မဟပ္ဖလံ - ကြီးကျယ်ဖွံ့ဖြိုး အကျိုးရှိသည်။ ဟောတိ - ဖြစ်၏။

ဣန္ဒကနတ်သား၏ ရှေး၌ ပြုအပ်သော ကောင်းမှုကံဟူသည် အဘယ်နည်းဟူမူ

ဣန္ဒက နတ်သားအလောင်း ယောက်ျားသည် ရွာတွင်းသို့ ဆွမ်းခံဝင်သော အနုရုဒ္ဓထေရ်အား - မိမိ အတွက် ဆောင်ယူခဲ့သော တစ်ဇွန်းတစ်ယောက်မမျှလောက်သော ဆွမ်းကို ပေးလှူစေခဲ့ပြီ။

ထိုအချိန်အခါ၌ ဣန္ဒက အလောင်းထိုယောက်ျား၏ ဒါနကုသိုလ်သည် အင်္ကုရနတ်သား အလောင်းသည် နှစ်ပေါင်း တစ်သောင်းတို့ ပတ်လုံး တစ်ဆယ့်နှစ်ယူဇနာရှိသော ခုံလောက်အစဉ်ကို ပြု၍ လှူဒါန်းအပ်သော ဒါနထက်သာလွန်ကြီးကျယ် ဖွံ့ဖြိုးအကျိုးရှိသော ကုသိုလ် ဖြစ်ခဲ့လေပြီ။ ထို့ကြောင့် ဥဒ္ဒဂ်လေ၊ ယထာခေတ္တေ” အစရှိသော ဂါထာစကားကို လျှောက်ထားလေပြီ။

ဣန္ဒကနတ်သားက ဤသို့လျှောက်ထားအပ်သော် မြတ်စွာဘုရားသည် အို အင်္ကုရ နတ်သား၊ လှူဒါန်းမှု ဒါန မည်သည်ကို ရွေးချယ်စိစစ်၍ ပေးလှူသင့်၏။ ဤသို့ပေးလှူသော ဒါနသည် လယ်မြေကောင်းတို့၌ စိုက်ပျိုး အပ်သော မျိုးစေ့ကဲ့သို့ ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးရှိလေ၏။ သင်မူကား ထိုသို့ ပေးလှူမှုကို မပြုခဲ့။ ထို့ကြောင့် သင်၏ ဒါနသည် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးရှိသော ဒါနမဖြစ်ခဲ့ ဟူသော ဤသဘောကို ထင်စွာပြလိုသော မြတ်စွာဘုရားသည် -

၁။ “ဝိစေယျ ဒါနံ ဒါတဗ္ဗံ ယတ္ထ ဒိန္နံ မဟပ္ဖလံ ။ ပ ။
ဝိဝေယျ ဒါနံ သုဂတပ္ပသတ္ထံ၊
ယေဒက္ခိဏေယျာ ဣဓဇီဝလောကော။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာသုခေတ္တေ”

ဟု ဟောတော်မူ၍ ထိုထက်အလွန်ဖြစ်သော တရားကိုလည်း ဟောပြလိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောပြတော်မူပြီ။

၂။ တိဏာဒေါသာနိ ခေတ္တာနိ၊ ရာဂ ဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
၃။ တိဏာ ဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံပဇာ။
တသ္မာ ဟိ ဝီတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
၄။ တိဏာ ဒေါသနိခေတ္တနိ၊ မောဟဒေါသာ အယံပဇာ။
တသ္မာ ဟိ ဝီတမောဟေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
၅။ တိဏာ ဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံပဇာ။
တသ္မာဟိ ဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိမဟပ္ဖလံ။

ဒေသနာတော်အဆုံး၌ အင်္ကုရနတ်သားနှင့် ဣန္ဒက နတ်သားတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်ပြီ။ လူများစွာ၏လည်း အကျိုးရှိသော ဓမ္မ ဒေသနာတော်ဖြစ်လေပြီ။

၁။ ဒါနံ - လှူဖွယ်ဝတ္ထုကို၊ ဝိစေယျ - စီစစ်ရွေးချယ်၍၊ ဒါတဗ္ဗံ - ပေးလှူအပ်၏။
ယတ္ထ - အကြင်ပုဂ္ဂိုလ်၌၊ ဒိန္နံ - ပေးလှူအပ်သော ဒါနသည်။ မဟပ္ဖလံ - ကြီးကျယ်ဖွံ့ဖြိုးမြတ်သောအကျိုးရှိ၏။
ဝိစေယျ - စီစစ်ရွေးချယ်၍၊ ဒါနံ - ပေးလှူခြင်းကို၊ သုဂတပ္ပသတ္ထံ - မြတ်စွာဘုရားတို့ ချီးမွမ်းအပ်၏။ ဣဓဇီဝလောကေ - ဤကမ္ဘာလောက၌၊ ယေ - အကြင်ပုဂ္ဂိုလ်တို့သည်၊ ဒက္ခိဏေယျာ - မြတ်သော အလှူကို ခံယူထိုက်ကုန်၏။ သုခေတ္တေ - ကောင်းသောလယ်မြေ၌၊ ဝုတ္တာနိ - စိုက်ပျိုးအပ်ကုန်သော၊ ဗီဇာနိ - မျိုးစေ့တို့သည်။ မဟပ္ဖလာနိယထာ - များသောအသီးရှိကုန်သကဲ့သို့ ဧတေသု - မြတ်သောအလှူကိုခံထိုက်သော အလှူခံရဟန္တာပုဂ္ဂိုလ်တို့၌ ဒိန္နာနိ - ပေးလှူအပ်သော ဒါနတို့သည်။ မဟပ္ဖလာနိ - ကြီးကျယ်ဖွံ့ဖြိုး မြတ်သော အကျိုးရှိကုန်၏။
၂။ ခေတ္တာနိ - လယ်မြေတို့သည်၊ တိဏာဒေါသာနိ - မြက်တည်းဟူသော အပြစ်ရှိကုန်၏။ အယံပဇာ - ဤသတ္တဝါအပေါင်းသည်၊ ရာဂဒေါသာ - ရာဂဟူသော အပြစ်ရှိ၏။ တသ္မာဟိ - တသ္မာဧဝ ထိုကြောင့်သာလျှင် - ဝီကရာဂေသု၊ ရာဂ ကင်းပြီးသော ရဟန္တာတို့၌၊ ဒိန္နံ - ပေးလှူအပ်သော ဒါနသည်၊ မဟပ္ဖလံ ကြီးကျယ်ဖွံ့ဖြိုးမြတ်သော အကျိုးရှိ၏။
၃။ ဒေါသ ဒေါသာ - ဒေါသဟူသော အပြစ်ရှိ၏။ ပ။ဝီတဒေါသေသု ဒေါသကင်းပြီးသော ရဟန္တာတို့၌။
၄။ မောဟ ဒေါသာ - မောဟဟူသော အပြစ်ရှိ၏။ ပ ။ ဝီတမောဟေသု မောဟကင်းပြီးသော ရဟန္တာတို့၌။
၅။ ဣစ္ဆာဒေါသာ - လိုချင်မှု အပြစ်ရှိ၏။ ပ။ ဝိဂတိစ္ဆေသု - လိုချင်မှုကင်းသော ရဟန္တာတို့၌။
ထိုမှနောက်ကာလ၌ မြတ်စွာဘုရားသည် နတ်ပရိသတ်အလယ်၌ ထိုင်နေတော်မူလျက် မယ်တော်ကို အကြောင်းပြု၍ "ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ အစချီသော

အဘိဓမ္မာပိဋကတ်ကို ဖြစ်စေတော်မူပြီ၊ ထားတော်မူပြီ။ ဟောပြတော်မူပြီ။

ဤသို့ သုံးလတို့ပတ်လုံး အကြားမရှိ (မပြတ်) အဘိဓမ္မာပိဋကတ်ကို ဟောတော်မူပြီ။

ထူးခြားသည်ကား ဟောပြနေတော်မူစဉ် ဆွမ်းခံချိန်နီးသောအခါ ငါဘုရားပြန်ရောက်လာသည် တိုင်အောင် ဤမျှလောက်သော တရားကို ဟောရစ်လေဟု နိမ္မိတ ဘုရားကို ဖန်ဆင်းထားခဲ့ပြီး ဟိမဝန္တာ တောသို့ကြွတော်မူ၍ နာဂလတာအမည်ရှိသော ဒန်ပူကို (တစ်နည်း) နဂါးပြည်၌ ဖြစ်သော နွယ်ချိုဒန်ပူကို ခဲစားသောအားဖြင့် သွားကိုတိုက်၍ အနောတတ်ရေအိုင်၌ မျက်နှာသစ်တော်မူ ခံတွင်းကို ဆေးကြော တော်မူ၍ မြောက်ကျွန်းမှ ဆွမ်းကိုဆောင်ယူတော်မူပြီး ကြီးစွာသော အင်ကြင်းပင်အောက်ဟူသော တန်ဆောင်း၌ထိုင်တော်မူလျက် ဆွမ်းကိုစ္စကိုပြုတော်မူသည်။

သာရိပုတ္တထေရ်သည် မြတ်စွာဘုရားရှိရာ ထိုအရပ်၌ ကြွလာတော်မူ၍ ဝတ်ပြုတော်မူသည်။

မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီးဆုံးသော အခါအို. . . သာရိပုတ္တ ယနေ့ငါဘုရားသည် ဤမျှလောက်သော တရားကို ဟောအပ်ပြီ။ သင်သည်မိမိ၏ အတွင်းနေတပည့် ရဟန်းတို့အား ပို့ချပေး ပါလေဟု မထေရ်အား မိန့်တော်မူ၏။

ရေမီးအစုံတန်ခိုးပြာဋိဟာ၌ ကြည်ညိုကြ၍ အမျိုးကောင်းသား ငါးရာတို့သည် သာရိပုတ္တ ထေရ်ထံ၌ ရဟန်းပြုခဲ့ကြသည်။ ထိုရဟန်းတို့ကို ရည်ရွယ်၍ မြတ်စွာဘုရားသည် သာရိပုတ္တထေရ်ကို ဆိုခဲ့သည့်အတိုင်း မိန့်တော်မူသည်။

မိန့်တော်မူပြီးနောက် နတ်ပြည်သို့ပြန်ကြွ၍ နိမ္မိတဘုရားဟောအပ်ပြီးရာ နေရာမှစ၍ ကိုယ်တော်တိုင် တရားဟောတော်မူပြီ။

သာရိပုတ္တထေရ်သည်လည်း မိမိနေရာအရပ်သို့ပြန်ကြွ၍ ထိုတပည့်ရဟန်းတို့အား အဘိဓမ္မာ တရားကို ဟောပြတော်မူပြီ။ ထိုရဟန်းငါးရာတို့သည် မြတ်စွာဘုရားတာဝတိံသာ နတ်ပြည်၌ နေတော် မူစဉ်မှာပင် အဘိဓမ္မာခုနစ်ကျမ်းဆောင် ရဟန်းများဖြစ်ကြလေပြီ။

ထိုရဟန်းငါးရာတို့သည် ကဿပမြတ်စွာဘုရားလက်ထက်တော်၌ လင်းနို့ငယ်သတ္တဝါများဖြစ် ကြ၍ တစ်ခုသော တောင်လိုဏ်ဂူမ်း၌ တွဲလွဲဆွဲနေကြကုန်လျက် စင်္ကြံသွား၍ အဘိဓမ္မာကိုရွတ်အံ၊ သရဇ္ဈာယ်ကြသော ထေရ်နှစ်ပါးတို့၏ အသံကိုနားထောင်၍အသံ၌ အာရုံယူကြ၏။ ထိုလင်းနို့ငယ်တို့ သည် ဤတရားတို့သည် ခန္ဓာမည်ကုန်၏။ ဤတရားတို့သည် ဓာတ်မည်ကုန်၏ဟု မသိကြဘဲ အသံ၌ အာရုံယူကာမျှဖြင့်ပင် လင်းနို့ငယ်ဘဝမှ စုတေ၍နတ်ပြည်၌ ဖြစ်ကြကုန်၏။ ဘုရားနှစ်ဆူတို့၏အကြား တစ်ခုသောကာလပတ်လုံး နတ်စည်းစိမ်ကို ခံစားကြပြီး နတ်ပြည်မှစုတေ၍ သာဝတ္ထိမြို့အမျိုးအိမ်တို့၌ ဖြစ်ကြကုန်၏။ ရေမီး အစုံတန်ခိုး ပြာဋိဟာ၌ ကြည်ညိုသဒ္ဓါဖြစ်ကြကာ သာရိပုတ္တထေရ်ထံ၌ ရဟန်းပြု ကြ၍ အားလုံးတို့၏ ရှေးဦးစွာ အဘိဓမ္မာခုနစ်ကျမ်းဆောင် ရဟန်းတော်များဖြစ်ကြလေကုန်ပြီ။

မြတ်စွာဘုရားသည်လည်း ဆိုခဲ့ပြီသော နည်းဖြင့်ပင် သုံးလပတ်လုံးအဘိဓမ္မာကို ဟောတော်မူပြီ။

ဒေသနာတော်အဆုံး၌ ကုဋေရှစ်သောင်း နတ်ဗြဟ္မာအပေါင်းတို့၏ သစ္စာလေးပါးတရား ထိုးထွင်းသိမှု ဖြစ်လေပြီ၊ နတ်မယ်တော် မဟာမာယာသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေပြီ။

သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော လူပရိသတ်သည်လည်း ယခုအခါ ခုနစ်ရက်မြောက်

သော နေ့၌ မဟာပဝါရဏာ ဖြစ်တော့မည်ဟု မဟာမောဂ္ဂလာန်ထေရ်ထံ ချဉ်းကပ်၍ အရှင်ဘုရား မြတ်စွာဘုရား နတ်ပြည်မှ သက်ဆင်းမည့်နေ့ကို သိဖို့သင့်ပါ၏။ မှန်ပါသည် တပည့်တော်တို့သည် မြတ်စွာဘုရားကို မဖူးမြင်ရဘဲ ပြန်သွားကြမည် မဟုတ်ပါဟု လျှောက်ထားလေ၏။ အရှင်မဟာ မောဂ္ဂလာန်သည် လျှောက်ထားအပ်သော ထိုစကားကိုကြားတော်မူ၍ ဒကာတို့ကောင်း၏ဟု မိန့်တော်မူ ကာ ထိုနေရာ၌ပင် မြေတွင်း၌ငုတ်၍ မြင်းမိုရ်တောင်ခြေရင်းသို့ ကြွတော်မူပြီး အထက်သို့တက်နေသော ငါ့ကို ပရိသတ်မြင်စေသတည်းဟု အဓိဋ္ဌာန်၍ ပတ္တမြားရတနာဖြင့် (ပတ္တမြားရတနာ၌) သီအပ်သော၊ ဖျော့တော့သော အဆင်းရှိသော ကမ္ဗလာချည်ကဲ့သို့ ထင်ရှားသောကိုယ်ရှိလျက်သာ မြင်းမိုရ်တောင် အလယ်အရပ်ဖြင့် တက်တော်မူသည်။ လူတို့သည်လည်း ရှင်မဟာမောဂ္ဂလာန်ကို တစ်ယူဇနာတက် သွားပြီ၊ နှစ်ယူဇနာတက်သွားပြီဟု ကြည့်နေကြကုန်၏။

အရှင်မဟာမောဂ္ဂလာန်ထေရ်သည်လည်း မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရွက်သကဲ့သို့ တက်၍ မြတ်စွာဘုရားကို ရှိခိုးပြီး မြတ်စွာဘုရား လူပရိသတ်တို့သည် အရှင်ဘုရားတို့ကို ဖူးမြင်ပြီးမှသာ သူတို့၏ မူလအရပ်သို့ ပြန်သွားလိုကြပါသည်။ အဘယ်အချိန်မှာ လူပြည်သို့ သက်ဆင်း ကြပါမည်နည်းဟု လျှောက်ထားလေ၏။

အို. . . မောဂ္ဂလာန် သင်၏ နောင်တော်ကြီးသာရိပုတ္တအဘယ်အရပ်၌ နေသနည်း။

မြတ်စွာဘုရားနောင်တော်ကြီးသာရိပုတ္တသည် သင်္ကဿမြို့၌ ဝါကပ်ပါသည်ဘုရား။

မောဂ္ဂလာန်ငါဘုရားသည် ဤနေ့မှ ခုနစ်ရက်မြောက်ဖြစ်သော မဟာပဝါရဏာနေ့၌ သင်္ကဿ မြို့တံခါး၌ သက်ဆင်းမည် ငါဘုရားကို ဖူးမြင်လိုသူတို့သည် ထိုအရပ်၌ လာကြစေကုန်။ သာဝတ္ထိမြို့မှ သင်္ကဿမြို့တံခါးသည် ယူဇနာသုံးဆယ်ရှိ၏။ ဤမျှလောက်ဝေးသောခရီး၌ တစ်စုံတစ်ယောက်သော သူအား ထမင်းရိက္ခာ ဆောင်ယူဖွယ်ကိစ္စမရှိ ဥပုသ်ဆောက်တည်ကြပြီး အနီးဖြစ်သော ကျောင်းသို့ တရားနာရန် သွားကြသူတို့ကဲ့သို့ လာခဲ့ကြဟု ထိုလူပရိသတ်တို့အား ပြောကြားလေဟု မိန့်တော်မူရာ အရှင်မဟာမောဂ္ဂလာန်ထေရ်သည် မြတ်စွာဘုရား ကောင်းပါပြီဟု လျှောက်ထားကာ မြတ်စွာဘုရား မိန့်အပ်သည့်အတိုင်း လူတို့အား မိန့်ကြားတော်မူသည်။

မြတ်စွာဘုရားသည် ဝါကျွတ်၍ ပဝါရဏာပြုပြီး သိကြားမင်းအား နတ်မင်းကြီး ငါဘုရားသည် လူ့ပြည်ခရီးသို့ ကြွတော်မူမည်ဟု မိန့်တော်မူ၏။

သိကြားမင်းသည် ရွှေဖြင့်ပြီးသော စောင်းတန်းလှေကား၊ ပတ္တမြားဖြင့်ပြီးသော စောင်းတန်း လှေကား၊ ငွေဖြင့်ပြီးသော စောင်းတန်းလှေကားအားဖြင့် စောင်းတန်းလှေကားသုံးခုတို့ကို ဖန်ဆင်းလေပြီ။

ထိုစောင်းတန်းလှေကားတို့၏ ခြေတို့သည် သင်္ကဿမြို့တံခါး၌ တည်ကုန်၏။ စောင်းတန်း လှေကားဦးတို့သည် မြင်းမိုရ်တောင်ထိပ်၌ တည်ကုန်၏ ထိုစောင်းတန်းတို့တွင် လက်ယာနံပါး၌ ရွှေစောင်း တန်းလှေကားသည် နတ်တို့အဖို့ဖြစ်၏။ လက်ဝဲနံပါး၌ ငွေစောင်းတန်းလှေကားသည် ဗြဟ္မာကြီးတို့ အဖို့ဖြစ်၏။ အလယ်၌ ပတ္တမြားစောင်းတန်းသည် မြတ်စွာဘုရားအဖို့ဖြစ်၏။

မြတ်စွာဘုရားသည်လည်း မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ နတ်ပြည်မှ သက်ဆင်းသော အခါ၌ ဒေဝါရောဟဏ ရှိတော်မူသော ယမကပြာဋိဟာကို ပြုတော်မူ၍ အထက်သို့ကြည့်တော်မူပြီ၊ ဗြဟ္မာ့ပြည်တိုင်အောင်

တစ်ခုသော ဟင်းလင်းအပြင်ဖြစ်လေ၏။ အောက်သို့ကြည့်တော်မူပြီ။ အဝီစိငရဲတိုင်အောင် တစ်ခုတည်းသော ဟင်းလင်းအပြင်ဖြစ်လေ၏။ တူရူအရပ်ထောင့်အရပ်တို့ကို ကြည့်တော်မူလေပြီ။ များလှကုန်သော စကြာဝဠာအသိန်းတို့သည် တစ်ခုတည်းသော ဟင်းလင်းအပြင်တို့ဖြစ်ကုန်၏။ နတ်တို့သည် လူတို့ကို မြင်ကြကုန်၏။ လူတို့သည်လည်း နတ်တို့ကို မြင်ကြကုန်၏ နတ်လူအားလုံးတို့သည် မျက်မှောက်ဖြစ်ကုန်၍သာ မြင်ကြကုန်၏။

မြတ်စွာဘုရားသည် ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူပြီ။ ထိုနေ့၌ မြတ်စွာဘုရား၏ ကျက်သရေတော်ကို ကြည့်မြင်ကြ၍ သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်၌ တစ်ယောက်သည်သော်လည်း ဘုရားအဖြစ်ကို မတောင်းတသူမည်သည်မရှိပြီ။

နတ်တို့သည် ရွှေစောင်းတန်းဖြင့် သက်ဆင်းကုန်၏။ ပြဟ္မာကြီးတို့သည် ငွေစောင်းတန်းဖြင့် သက်ဆင်းကုန်၏။ မြတ်စွာဘုရားသည် ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းတော်မူ၏။ ပဥ္စသိခဂန္ဓဗ္ဗနတ်သားသည် ဥသျှစ်သီးမှည့်အဆင်းကဲ့သို့ ဖျော့တော့သော အဆင်းရှိသော နတ်စောင်းကို (ဖျော့တော့သော အဆင်းရှိသော ဗေလုဝနတ်စောင်းကို) ကိုင်၍ လက်ယာနံပါး၌ ရပ်၍မြတ်စွာဘုရားအား သာယာသော အသံရှိသော ဂန္ဓဗ္ဗနတ်စောင်း၏အသံဖြင့် ပူဇော်လျက် သက်ဆင်းပြီ။ လူတို့ကို ချီးမြှောက်တတ်သော မာတလိနတ်သားသည် လက်ဝဲနံပါး၌၊ ရပ်၍နတ်ပြည်၌ဖြစ်သော အနံ့ရှိသော ပန်းစည်းကိုကိုင်၍ မြတ်စွာဘုရားအား ရှိခိုးလျက် ပူဇော်ကာ သက်ဆင်းလေပြီ၊ ပြဟ္မာကြီးသည် ထီးကိုဆောင်းမိုးလေ၏။ သုယာမနတ်သည်သားမြီးယပ်ကို ခပ်လွှဲလေသည်။ မြတ်စွာဘုရားသည် ဤနတ်ပြဟ္မာအခြံအရံနှင့်အတူ သက်ဆင်း၍ သင်္ကဿမြို့တံခါး၌ ရပ်တော်မူပြီ။

သာရိပုတ္တထေရ်သည်လည်း ကြွလာတော်မူ၍ မြတ်စွာဘုရားကိုရှိခိုးပြီး -

ထိုသို့သဘောရှိသော ဘုရား၏ ကျက်သရေတော်ဖြင့် သက်ဆင်းတော်မူသော မြတ်စွာဘုရားကို ဤအချိန်မှ ရှေ့ဖြစ်သော အချိန်၌မတွေ့မမြင်ဘူးသောကြောင့် -

"နမေ ဒိဋ္ဌော ဣတော ပုဗ္ဗေ၊ န သုတော ဥဒ ကဿစိ။
ဧဝံ ဝဂ္ဂုဝဒေါသတ္ထာ၊ တုသိတာ ဂဏိမာဂတော"

အစရှိသည်တို့ဖြင့် မိမိ၏ အားရနှစ်သက်မှုကို ဖော်ပြ၍ မြတ်စွာဘုရား ယနေ့ယခုအခါ နတ်လူအားလုံး တို့သည် အရှင်ဘုရားတို့အား ချစ်မြတ်နိုးကြပါကုန်၏။ တောင့်တလိုလား ကြပါကုန်၏ဟု လျှောက်ထားလေ ၏။

ဧဝံ - ဤသို့၊ ဝဂ္ဂုဝဒေါ - တင့်တယ်သာယာဖွယ်စကားကို ဆိုတော်မူတတ်သော၊ တုသိတာ- နှစ် သက်ဖွယ်ရှိသော၊ ဂဏိမာ - နတ်အပေါင်းရှိသော တာဝတိံ သာ နတ်ပြည်မှ၊ အာဂတော- ကြွရောက် လာ တော်မူသော၊ သတ္ထာ - မြတ်စွာဘုရားကို၊ မေ- မယာ - တပည့်တော်သည်၊ ဣတော - ဤအချိန်မှ၊ ပုဗ္ဗေ - ရှေ့ဖြစ်သော အချိန်၌၊ နိဒိဋ္ဌော - မတွေ့မမြင်အပ်၊ ဥဒ - ထို့ပြင်၊ ကဿစိ တစ်စုံတစ်ယောက်သောသူ၏ထံမှ နသုတော - မကြားအပ်။

အရှင်သာရိပုတ္တထေရ်က မြတ်စွာဘုရားအား ထိုသို့ ဖွင့်လျှောက်ထားသောအခါ၊ သာရိပုတ္တထေရ်ကို မြတ်စွာဘုရားသည် အို. . . သာရိပုတ္တ၊ ဤသို့သဘောရှိသော ဂုဏ်တို့နှင့်ပြည့်စုံကြသော မြတ်စွာဘုရားတို့ကို နတ်လူတို့သည် ချစ်အပ်မြတ်နိုးအပ်ကုန်သည်သာဟု မိန့်တော်မူကာ တရားဟောလိုတော်မူသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာကို မိန့်တော်မူ၏။

"ယေ ဈာနပသုတာ ဓီရာ၊ နေက္ခမ္မူပသမေရတာ။
ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။

ဓီရာ - မှန်စွာမြင်သိ ပညာရှိတော်မူကြကုန်သော၊ ယေသမ္ဗုဒ္ဓ - လောကထွတ်ထား အကြင်မြတ်ဘုရားတို့သည်၊ ဈာနပသုတာ - လက္ခဏူပနိဇ္ဈာန်၊ အာရမ္မဏူပနိဇ္ဈာန်၊ ဤနှစ်တန်တို့၌ (အာဝဇ္ဇန၊ သမာပဇ္ဇန၊ အဓိဋ္ဌာန၊ ဝုဋ္ဌာနပစ္စဝေက္ခဏာ) ငါးတန်သော ဝသီတော်တို့ဖြင့် အဖန်ဖန်မမေ့သာအောင် မရွှေ့မကွာ လေ့လာတော်မူကြကုန်၏။

နေက္ခမ္မူပသမေ - ကိလေသာဟူ အပူမလိမ်း အငြိမ်းကြီးသာ ငြိမ်းရာအမှန်မြတ်နိဗ္ဗာန်၌၊ ရတာ - ဖလသမာပါတ်ဝင် စားလတ်၍ အားသပ်တော်တွေ့ပျော်မွေ့ တော်မူကြကုန်၏။ သတီမတံ သတိမန္တာန် သဲသဲမိမိ စွဲမြဲသောသတိရှိတော်မူကြကုန်သော၊ တေသံ သမ္ဗုဒ္ဓါနံ - ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်နှိုင်းဆ၊ တိုင်းစရာ မမြင်ထိုဘုရားရှင်တို့အား၊ ဒေဝါပိ - လူတွင်မက ဒေဝ ဗ္ဗြဟ္မာနတ်သိကြား ပြဟ္မာတို့ ကသော်လည်း ပိဟယန္တိ - မြတ်နိုးကြကုန်၏။

ပိဟယန္တိ - ငါတို့အများ ဘုရားဖြစ်က ကောင်းလေစွ တကားဟု ဘုရားဆုကိုပင် ခုကိုလိုချင်ပန်ဆင်ကြသည် အထိ အသိ ထပ်တိုး ချစ်ခင်မြတ်နိုးကြလေကုန်သတည်း။

ဒေသနာတော်အဆုံး၌ ကုဋေသုံးဆယ်မျှသော နတ်၊ လူ၊ ပြဟ္မာသတ္တဝါတို့၏ သစ္စာလေးပါး ထိုးထွင်း သိမြင်မှုဖြစ်လေပြီ။

သာရိပုတ္တထေရ်၏ အတူနေတပည့် ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။

ရေမီးအစုံတန်ခိုး ပြာဋိဟာကိုပြုတော်မူပြီး၊ နတ်ပြည်၌ ဝါဆို၍ သင်္ကဿမြို့တံခါး၌ သက်ဆင်းတော်မူခြင်းသည် ဘုရားရှင်အားလုံးတို့၏ မပယ်မစွန့်အပ်သော အရာသာဖြစ်လေ၏။

ထိုသို့သက်ဆင်းရာ၌ လက်ယာ ခြေတော်၏ ထောက်ဝ[illegible]ရာ အရပ်သည် အစလစေတီ တည်ရာမည်၏။

မြတ်စွာဘုရားသည် သင်္ကဿမြို့တံခါး၌ ရပ်တော်မူ၍ ပုထုဇဉ်တို့၏ အရာ၌ ပြဿနာကို မေးတော်မူပြီ။ ပုထုဇဉ်တို့သည် မိမိတို့၏ အရာ၌ ပြဿနာတို့ကို ဖြေဆိုကြ၍ သောတာပန်တို့၏ အရာ၌ ပြဿနာကို ဖြေဆိုရန် မစွမ်းနိုင်ကြကုန်။

ထို့အတူ သကဒါဂါမ်စသည်တို့၏ အရာ၌ ပြဿနာကို သောတာပန်စသည်တို့သည် ဖြေဆိုခြင်းငှာ မစွမ်းနိုင်ကြ။ မဟာမောဂ္ဂလာန်၏ အရာ၌ ပြဿနာကို ကျန်သော မဟာသာဝကတို့သည် ဖြေဆိုခြင်းငှာ မစွမ်းနိုင်ကြ။ သာရိပုတ္တထေရ်၏အရာ၌ ပြဿနာကို မဟာမောဂ္ဂလာန်ထေရ်သည်

ဖြေဆိုခြင်းငှာ မစွမ်းနိုင်။

မြတ်စွာဘုရား၏ အရာ၌ ပြဿနာကိုကား၊ သာရိပုတ္တထေရ်သည်လည်း ဖြေဆိုခြင်းငှာ မစွမ်းနိုင်သည်သာ။

ထိုမြတ်စွာဘုရားသည် အရှေ့အရပ်ကို အစပြု၍ အရပ်မျက်နှာ အားလုံးတို့ကို ကြည့်တော်မူပြီ။ အရပ်မျက်နှာအားလုံးတို့၌ တစ်ခုတည်းသော ဟင်းလင်းအပြင်သာ ဖြစ်လေ၏။ အရပ်ရှစ်မျက်နှာတို့၌ နတ်၊ လူတို့သည် လည်းကောင်း၊ အထက်၌ဗြဟ္မာ့ပြည်တိုင်အောင်လည်းကောင်း၊ အောက်မြေ၌ တည်ကုန်သော ဘီလူး နဂါး ဂဠုန်တို့သည် လည်းကောင်း၊ လက်အုပ်ချီကြကာ

မြတ်စွာဘုရား ဤအရပ်၌ ထိုပြဿနာကို ဖြေဆိုနိုင်သူ မရှိပါ။ ဤအရပ်၌ပင် ဖြေဆိုနိုင်သူကို စုံစမ်းတော်မူကြပါဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် သာရိပုတ္တသည် ပင်ပန်းနေ၏။ ထိုစကားမှန်၏။ ဤသာရိပုတ္တသည် -

"ယေစ သင်္ခါတဓမ္မာ သေ၊ ယေစ သေခါ ပုထူ ဣဓ။
တေသံ မေ နိပကော ဣရိယံ၊ ပုဋ္ဌော ပဗြူဟိ မာရိသ"

ဟူသော ဘုရားအရာ၌ မေးအပ်သော ဤပြဿနာကိုကြား၍ မြတ်စွာဘုရားသည် ငါ့ကို ကျင့်ဆဲသေခ၊ ကျင့်ပြီးအသေခတို့၏ ရောက်ကြောင်း အကျင့်ကို မေးတော်မူ၏ဟု ပြဿနာ၌ ယုံမှားမရှိသည်ကား မှန်၏။ သို့သော်လည်း ခန္ဓာစသည်တို့တွင် အဘယ်သို့သော ဦးတည်မှုဖြင့် ဤအကျင့်ကိုဖြေဆိုခဲ့သော် ငါသည် မြတ်စွာဘုရား၏ အလိုဆန္ဒကိုယူခြင်းငှာ စွမ်းနိုင်မည်နည်းဟု ငါ၏အလိုဆန္ဒ၌ ယုံမှားရှိ၏။ သာရိပုတ္တသည် ငါဘုရားကနည်းမပေးခဲ့သော် ဖြေဆိုရန် စွမ်းနိုင်မည်မဟုတ်။ သူ့အားနည်းပေးမည်ဟု နည်းကိုညွှန်းပြလို ၍ အို. . . သာရိပုတ္တ ဤဘူတကို အဖန်ဖန်ရှုလော့ဟု မိန့်တော်မူ၏။ မြတ်စွာဘုရား၏ ဤသို့သော စိတ်အကြံဖြစ်တော်မူသတတ်။ သာရိပုတ္တသည် ငါ၏အလိုဆန္ဒကိုယူ၍ ဖြေဆိုခဲ့သော် ခန္ဓာ၏အစွမ်းဖြင့် ဖြေဆိုလိမ့်မည်ဟူ၏။

နည်းပေးသည်နှင့်တစ်ပြိုင်နက် ထိုပြဿနာသည် သာရိပုတ္တထေရ်အား နည်းအရာ၊ နည်းအထောင်၊ နည်းအသိန်းဖြင့်ထင်ရှားပေပြီ။ သာရိပုတ္တထေရ်သည် မြတ်စွာဘုရားပေးအပ်သော နည်း၌ရပ်တည်၍ ထိုပြဿနာကိုဖြေဆိုလေပြီ။

ယခင်အမေးပြဿနာဂါထာ၏ အနက်

ဣဓ - ဤလောက၌ ပုထူများလှကုန်သော ယေစသင်္ခါတဓမ္မာသေ - ပိုင်းခြားသိအပ်ပြီးသော တရားရှိကုန်သော အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ယေစသေခါ - အကြင်ကျင့်ဆဲ ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ (သန္တိ ရှိကုန်၏) တေသံ - ထိုအသေခ သေခ ပုဂ္ဂိုလ်တို့၏ ဣရိယံ - အမူအရာဖြစ်သော အကျင့်ကို၊ နိပကော ရင့်ကျက်သော ပညာရှိသော၊ မာရိသ - အိုအချင်း၊ ပုဋ္ဌော - မေးအပ်သော သင်သည် (အမေးခံရသော သင်သည်) မေ - ငါ့အား၊ ပဗြူဟိ - ဖြေဆိုပါလော့။

မြတ်စွာဘုရားကို ချန်ထား၍ မြတ်စွာဘုရားမှ တစ်ပါးသော သာရိပုတ္တထေရ်၏ ပညာကို မှီနိုင်စွမ်း

ရှိသူ မည်သည်မရှိပါချေ။

ထို့ကြောင့်ပင် သာရိပုတ္တထေရ်သည် မြတ်စွာဘုရား၏ ရှေ့တော်၌တည်၍ မြတ်စွာဘုရား တပည့်တော်သည် အာယုကပ်ပတ်လုံး သော်လည်း၊ မိုးရွာခဲ့သော် ဤမျှလောက်သော မိုးရေပေါက်တို့သည် မဟာသမုဒ္ဒရာ၌ကျကုန်၏။ ဤမျှလောက်သော မိုးရေပေါက်တို့သည် မြေပေါ်၌ကျကုန်၏။ ဤမျှလောက်သော မိုးရေပေါက်တို့သည် တောင်ရိုးပေါ်၌ ကျကုန်၏ဟု ရေတွက်၍ စာရင်းတင်ရန်စွမ်းနိုင်ပါ၏ဟု မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် လျှောက်ထားလေပြီ။

မြတ်စွာဘုရားသည်လည်း သာရိပုတ္တထေရ်ကို အို. . . သာရိပုတ္တသင်၏ မိုးရေပေါက်တို့ကို ရေတွက်ခြင်း၌ စွမ်းနိုင်သူ၏အဖြစ်ကို ငါဘုရားသိပါ၏ မိန့်တော်မူပြီ။

ထိုအရှင်သာရိပုတ္တထေရ်၏ ပညာ၌ (ပညာအား) နှိုင်းခိုင်းစရာ ဥပမာ မည်သည်မရှိပါချေ။ ထို့ကြောင့်ပင် ထိုအရှင်သာရိပုတ္တထေရ်သည် -

"ဂင်္ဂါယ ဝါလုကာ ခီယေ၊ ဥဒကံခီယေ မဟဏ္ဏဝေ။
မဟိယာ မတ္တိကာ ခီယေ၊ နခီယေ မမ ဗုဒ္ဓိယာ"
ဟု မိန့်ဆိုလေပြီ။

ဂင်္ဂါယ - ဂင်္ဂါမြစ်၌၊ ဝါလုကာ - သဲလုံးတို့သည်၊ ခီယေ - ရေတွက်ခဲ့သော်ကုန်ရာ၏။ မဟဏ္ဏဝေ - သမုဒ္ဒရာ၌၊ ဥဒကံ - ရေသည်၊ ခီယေ - ရေတွက်ခဲ့သော်ကုန်ရာ၏။ မဟိယာ - မြေ၌၊ မတ္တိကာ - မြေမှုန့်သည်၊ ခီယေ - ရေတွက်ခဲ့သော်ကုန်ရာ၏။ မမ - တပည့်တော်သာရိပုတ္တ၏၊ ဗုဒ္ဓိယာ - အသိဉာဏ်ပညာ၌၊ နခီယေ - ရေတွက်ခဲ့သော်မကုန်နိုင်ရာ။

ဤသို့သော အဓိပ္ပာယ်ကိုဆိုလို၏။

အသိဉာဏ်နှင့်ပြည့်စုံတော်မူသော လောကသားတို့ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၊ တပည့်တော်သည် တစ်ခုသော ပြဿနာကို ဖြေဆိုအပ်သည်ရှိသော် တစ်ခုသော သဲလုံးကို လည်းကောင်း၊ တစ်ခုသော ရေပေါက်ကိုလည်းကောင်း၊ တစ်ခုသော မြေမှုန့်ကိုလည်းကောင်း၊ မပစ်ပယ်မူ၍ ပြဿနာတို့၏အရာဖြင့်လည်းကောင်း၊ အထောင်ဖြင့်လည်းကောင်း၊ အသိန်းဖြင့်လည်းကောင်း၊ ဖြေဆိုအပ်သည်ရှိသော် ဂင်္ဂါမြစ်၌ သဲလုံးစသည်တို့တွင် တစ်ခုတစ်ခုကို တစ်ခုသောအရပ်၌ အကယ်၍ ပစ်ထားငြားအံ့၊ ဂင်္ဂါမြစ်စသည်တို့တွင် သဲလုံး စသည်တို့သည် ကုန်ခမ်းခြင်းသို့ ရောက်ကုန်ရာ၏။ တပည့်တော်၏ ပြဿနာတို့ကို ဖြေဆိုခြင်းသည် ကုန်ခမ်းခြင်းသို့ မရောက်နိုင်ပါဟူ၏။

ဤသို့ ကြီးကျယ်သော ပညာရှိသော ရှင်သာရိပုတ္တရဟန်းသည်လည်း ဘုရားအရာ၌ ပြဿနာ၏ အဆုံးကိုသော်လည်းကောင်း၊ အစအစွန်းကိုသော်လည်းကောင်း၊ မမြင်မူ၍ မြတ်စွာဘုရားသည် ပေးအပ်သော နည်း၌ အခြေတည်၍သာ ပြဿနာကို ဖြေဆိုလေပြီ။

ထိုစကားကို ကြားကြ၍ ရဟန်းတို့သည် စကားကိုဖြစ်စေကြကုန်၏။ အမေးခံရသူ လူအားလုံးသည် မဖြေဆိုနိုင်သော ပြဿနာကို တရားစစ်သူကြီး ဖြစ်တော်မူသော သာရိပုတ္တထေရ်

တစ်ပါးတည်းကသာ ဖြေဆိုလေပြီဟူ၏။

မြတ်စွာဘုရားသည် ရဟန်းတို့ပြောဆိုအပ်သော ထိုစကားကို ကြားတော်မူ၍ သာရိပုတ္တသည် ယခုအခါ၌သာ လူအများ မဖြေဆိုနိုင်သော ပြဿနာကိုဖြေဆိုသည်မဟုတ်။ ရှေးအခါ၌လည်း သာရိပုတ္တသည် ဖြေဆိုအပ်သည်သာဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်ပြခြင်းငှာ -

ပရောသဟဿမ္ပိ သမာ ဂတာနံ၊
ကန္ဒေယျုံ တေ ၀ဿ သတံ အပညာ။
ဧ ကောဝ သေယျော ပုရိသော သပညော။
ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။

ဟူသော ဤဇာတ်တော်ကို အကျယ်အားဖြင့် ဟောပြတော်မူပြီ။ (ဧကနိပါတ် - လိတ္တဝဂ်-ပရောသဟဿဇာတ်)

သမာဂတာနံ - အညီအညွတ် စုဝေးသူတို့၏၊ ပရောသဟဿံ တစ်ထောင်အလွန်သည်၊ သမာနံပိ - ဖြစ်သော်လည်း၊ အပညာ - ပညာမရှိကုန်သော၊ တေ - ထိုအထောင်မကသော သူတို့သည်၊ ၀ဿသတံ - အနှစ်တစ်ရာပတ်လုံး၊ ကန္ဒေယျုံ - ငိုကြွေးမြည်တမ်းကုန်ရာ၏။ တေ- ထိုသူတို့သည်၊ နသေယျာ - မမြတ်ကုန်၊ ယော -ပုရိသော၊ အကြင်ယောကျ်ားသည်၊ ဘာသိတဿ - ပြောဆိုအပ်သော စကား၏ အတ္ထံ - အနက်သဘောကို၊ ဝိဇာနာတိ - အထူးသိ၏။ ဧကောဝ - တစ်ယောက်တည်းသာဖြစ်သော၊ သပညော - ပညာရှိသော၊ သောပုရိသော ထိုယောကျ်ားသည်၊ သေယျော - မြတ်၏။

**ဒေဝေါရောဟဏဝတ္ထု ပြီး၏။**

# ၄၅။ ဧရကပတ္တနာဂရာဇဝတ္ထု
# ပြိန်းရွက်နဂါးမင်းအကြောင်း

ရှေးအခါက ကဿပဘုရားသာသနာတော်တွင်း၌ ရဟန်းငယ်တစ်ပါးသည် ဂင်္ဂါမြစ်တွင်း၌ လှေကိုတက်စီး၍ သွားလတ်သော် ပြိန်းပင်ခြုံတစ်ခု၌ ပြိန်းရွက်ကိုကိုင်၍ လှေ၏အဟုန်ဖြင့်သွားသော်လည်း မလွှတ်မိချေ။ ပြိန်းရွက်သည်ပြတ်၍သွားလေ၏။

ရဟန်းငယ်သည် ဤအမှုသည် အနည်းငယ်မျှဟု အမှတ်ထားကာ အာပတ်ကိုမပြောကြားဘဲ နှစ်ပေါင်းနှစ်သောင်းတို့ပတ်လုံး တောအရပ်၌ ရဟန်းတရားကို အားထုတ်ပါသော်လည်း သေခါနီးအချိန်၌ ပြိန်းရွက်သည် လည်ပင်း၌ ဆွဲယူအပ်သကဲ့သို့ ဖြစ်နေ၍ အာပတ်ကိုပြောကြားလိုသော်လည်း မိမိမှတစ်ပါးအခြား ရဟန်းကို မတွေ့မြင်ရလေသော် ငါ၏သီလသည် မစင်ကြယ်ဟု နှလုံးမသာမယာဖြစ်လျက် ရဟန်းဘဝမှ ကွယ်လွန်ပြီးသော် သစ်ပင်ကြီးတစ်ပင်ကိုထွင်း၍ ပြုထားသော စားကျင်းခန့် လှေပမာဏရှိသော နဂါမင်းဖြစ်လေ၏။ ထိုနဂါး၏ ဧရကပတ္တဟူသော အမည်သာဖြစ်လေ၏။

ထိုနဂါးမင်းသည် နဂါးဘဝဖြစ်ဆဲခဏ၌ပင် သူ၏အတ္တဘောကို ကြည့်၍ ဤမျှလောက်နှစ်ပေါင်းနှစ်သောင်းကာလပတ်လုံး ရဟန်းတရားကိုပြုကျင့်၍ (ပြုကျင့်ခဲ့ပါသော်လည်း) အဟိတ်မျိုးဝယ်ဖားကိုစားသော ဘဝ၌ ငါဖြစ်ရချေ၏ဟု နှလုံးမသာမယာဖြစ်လေ၏။

ထိုနဂါမင်းသည်နောက်အဖို့ဖြစ်သော အချိန်၌သမီးတစ်ယောက်ကိုရ၍ ဂင်္ဂါမြစ်အလယ်ရေပြင်၌ ကြီးစွာသော ပါးပျဉ်းကိုထောင်၍ သမီးကို ပါးပျဉ်း၌ထား၍ သီဆိုကခုန်စေ၏။

နဂါးမင်း၏ ဤသို့သော ရည်ရွယ်ချက်ဖြစ်လေ၏။ ငါသည် စင်စစ်ဤအရပ်၌ ဤနည်းဖြင့် ဘုရားပွင့် ခဲ့သော် ဘုရားပွင့်ကြောင်းကို ကြားသိရလိမ့်မည်ဟူ၏။ အကြင်သူသည် ငါ၏သီချင်း၏ တုံ့ပြန်ဘက်သီချင်းကို (တစ်နည်း) အဖြေသီချင်းကိုဆောင်နိုင်၏။ ထိုသူအား ကြီးကျယ်သော နဂါးစည်းစိမ်နှင့်အတူ သမီးကို ပေးအံ့ဟု လခွဲတိုင်း ဥပုသ်နေ့၌ သမီးကို ပါးပျဉ်း၌ထားလေ၏။ ထိုသမီးသည် ဖခင်၏ ပါးပျဉ်း၌ ရပ်၍ကလျက်

"ကိံ သု အဓိပ္ပတိ ရာဇာ၊ ကိံ သုရာဇာ ရဇ္ဇိဿရော။

ကထံသု ဝိရဇော ဟောတိ၊ ကထံ ဗာလောတိ ဝုစ္စတိ"

ဟူသော ဤသီချင်းကိုသီဆို၏။

ဇမ္ဗူဒိပ်နေသူ လူအားလုံးသည် နဂါးအမျိုးသမီးကို ယူကြမည်အကြံဖြင့်သွားကြပြီး၊ မိမိမိမိ ပညာအင်အားဖြင့် တုံ့ပြန်သီချင်းကိုပြု၍ သီဆိုကြကုန်၏။

နဂါးအမျိုးသမီးသည် ထိုတုံ့ပြန်သီချင်းကို ပယ်လေ၏။ နဂါးအမျိုးသမီး၏ လခွဲတစ်ကြိမ် ဖခင်၏ ပါးပျဉ်း၌ရပ်၍ ဤသို့သီဆိုနေစဉ်မှာပင် ဘုရားနှစ်ဆူတို့၏အကြား တစ်ခုသောအချိန်သည် လွန်မြောက်လာလေ၏။

ဘုရားနှစ်ဆူတို့၏အကြား ကာလကိုလွန်မြောက်လာရာ အချိန်၌ ငါတို့၏ မြတ်စွာဘုရားသည် သတ္တလောက၌ဖြစ် ပွင့်တော်မူပြီး တစ်နေ့သ၌ မိုးသောက်ခါနီးလင်းအားကြီးအချိန်၌ သတ္တလောကကို

ရှုကြည့်တော်မူလေသော် ဧရကပတ္တနဂါးမင်းကို အစပြု၍ ဥတ္တရလုလင်ကို ဉာဏ်ကွန်ယက် အတွင်းဝင်လာသည်ကို မြင်တော်မူ၍ အဘယ်သို့ဖြစ်လိမ့်မည်နည်းဟု ဆင်ခြင်ပြန်သော် ယနေ့သည် ဧရကပတ္တနဂါးမင်း၏သမီးကို ပါးပျဉ်း၌ထား၍ ကစေမည့်နေ့ဖြစ်သည်။ ဥတ္တရ အမည်ရှိသော ဤလုလင်သည် ငါဘုရားပေးအပ်သော ပဋိဂီတကို (အပြန်သီချင်းကို) သင်ယူနေစဉ်သာ သောတာပန်ဖြစ်၍ ထိုသီချင်းကို ယူပြီး နဂါးမင်းထံသွားလိမ့်မည်။ နဂါးမင်းသည် ထိုသီချင်းကိုကြား၍ မြတ်စွာဘုရားပွင့်ပြီဟုသိပြီး ငါဘုရားထံလာလိမ့်မည်။ ငါဘုရားသည် ရောက်လာသော များစွာသော ထိုအစည်းအဝေး၌ ဂါထာကို ဟောပြမည်။ ဂါထာအဆုံး၌ သတ္တဝါ ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါးတရားကို ထိုးထွင်းသိကြလိမ့်မည်ဟု မြင်တော်မူပြီ။

မြတ်စွာဘုရားသည် ထိုအရပ်၌ကြွသွား၍ ဗာရာဏသီမြို့၏ မနီးမဝေးအရပ်၌ ကုက္ကိုခုနစ်ပင်တို့သည် ရှိကုန်၏။ ထိုခုနစ်ပင်တို့တွင် တစ်ပင်၏အနီး၌ ထိုင်နေတော်မူပြီ။ ဇမ္ဗူဒိပ်နေလူတို့သည် ဂီတ၊ ပဋိ ဂီတကို (မူလသီချင်း၏အပြန်သီချင်းကို) ယူ၍ စုဝေးကြကုန်၏။

မြတ်စွာဘုရားသည် ကိုယ်တော်၏ မနီးမဝေးအရပ်၌သွားနေသော ဥတ္တရလုလင်ကိုမြင်တော်မူ၍ အို ဥတ္တရလာခဲ့

အရှင်ဘုရား အဘယ်ပါနည်း။

ငါဘုရားရှိရာသို့ ရှေးဦးလာခဲ့။

ထိုအခါ မြတ်စွာဘုရားထံလာ၍ ရှိခိုးထိုင်နေသော ဥတ္တရကိုမိန့်တော်မူ၏။

သင်ဘယ်ကို သွားမည်နည်း။

ဧရကပတ္တနဂါးမင်း၏သမီး သီချင်းဆိုရာ အရပ်သို့ သွားပါမည်ဘုရား။

ဂီတပဋိဂီတကိုသင်သိသလော။

မြတ်စွာဘုရား တပည့်တော်သိပါသည်။

ဆိုပြပါဦးဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည်သူ၏ သိထားသော အမှတ်အသားဖြင့်သာ ရွတ်ဆိုပြသော ဥတ္တရလုလင်ကို-

ချစ်သားဥတ္တရ သင်ဆိုပြသော ဂီတသည် ပဋိဂီတမဟုတ်။ ငါဘုရားသည် သင့်အားပဋိဂီတကို ပေးမည်။ ငါပေးသော ပဋိဂီတကို ယူ၍သွားမည်လော။

မြတ်စွာဘုရားကောင်းလှပါ၏။ အရှင်ဘုရားပေးသော ပဋိဂီတကို တပည့်တော်ယူ၍ သွားပါမည်ဟု လျှောက်ထား၏။

ထိုအခါ ဥတ္တရလုလင်ကို မြတ်စွာဘုရားသည်-

ဥတ္တရ သင်သည် နဂါးအမျိုးသမီးသည်သီချင်းကို ရွတ်ဆိုပြီးချိန်၌-

“ဆဒွါရာဓိပ္ပတိ ရာဇာ၊ ရဇ္ဇမာနော ရဇ္ဇိသာရော။

အရဇ္ဇံ ဝိရဇော ဟောတိ၊ ရဇ္ဇံ ဗာလောတိ ဝုစ္စတိ”

ဟူသော ဤပဋိဂီတကို ရွတ်ဆိုလေလော့ဟု မိန့်တော်မူသည်။

## ဂီတ၏အနက်

ဘောန္တောမနုဿ အို. . . လူအပေါင်းတို့၊ ကိ သု - အဘယ်ကို၊ အဓိပ္ပတိ - အစိုးရသူသည်၊ ရာဇာမင်းဖြစ်သနည်း။

ကိ သု - အဘယ်သို့၊ ရာဇာ - မင်းသည်၊ ရဇ္ဇိဿရော - မင်းစည်းစိမ်ကိုအစိုးရသနည်း။ ကထံသု - အဘယ်သို့လျှင်၊ ဝိရဇော - မြူကင်းသူသည်၊ ဟောတိ - ဖြစ်သနည်း။ ကထံ အဘယ်သို့သောသူကို၊ ဗာလောတိ - လူမိုက်ဟူ၍၊ ဝုစ္စတိ - ဆိုအပ်သနည်း။

## ပဋိဂီတ၏အနက်

ဆဒွါရာဓိပ္ပတိ - ဒွါရခြောက်ပါးတို့၏ အစိုးရသူအရှင်သခင်ဖြစ်သူသည်၊ ရာဇာ -မင်းမည်၏။ ရဇ္ဇမာနော - အာရုံခြောက်ပါးတို့၌ တပ်မက်သူသည်၊ ရဇ္ဇိဿရော - မင်းစည်းစိမ်ကို အစိုးရသူမည်၏။ အရဇ္ဇံ - အာရုံခြောက်ပါးတို့၌ မတပ်မက်သူသည်၊ ဝိရဇော - ကိလေသာမြူကင်းသူသည်၊ ဟောတိ - ဖြစ်၏ရဇ္ဇံအာရုံ ခြောက်ပါးတို့၌ တပ်မက်သူကို၊ ဗာလောတိ- လူမိုက်ဟူ၍ ဝုစ္စတိ - ဆိုအပ်၏။

မြတ်စွာဘုရားသည် ဥတ္တရလုလင်အား ဤသို့ ပဋိဂီတကိုပေးတော်မူပြီး -

ဥတ္တရ သင်သည် ဤဂီတကိုရွတ်ဆိုအပ်သော် ဤဂီတ၏ ပဋိဂီတဖြစ်သော ဤဂါထာကို ရွတ်ဆိုလိမ့်မည်။

"ကေနဿုဝုယှတိ ဗာလော ကထံနုဒတိ ပဏ္ဍိတော။

ယောဂ က္ခေမီ ကထံ ဟောတိ၊ တံမေ အက္ခာဟိ ပုစ္ဆိတော"

နဂါးအမျိုးသမီးက ထိုသို့ရွတ်ဆိုခဲ့သော် သင်သည် ဤပဋိဂီတကို ပြန်လည်ရွတ်ဆိုပါလော့။

"ဩဃေန ဝုယှတိ ဗာလော၊ ယောဂါနုဒတိ ပဏ္ဍိတော။

သဗ္ဗယောဂဝိသံယုတ္တော၊ ယောဂက္ခေမီတိ ဝုစ္စတိ"။

ဗာလော - လူမိုက်ကို၊ ကေန - အဘယ်တရားသည် ရယှတိ - မျောအပ်သနည်း။

ပဏ္ဍိတော - ပညာရှိသည်၊ ကထံ - အဘယ်သို့ ၊ နုဒတိ - ကုန်ပျောက်သနည်း။

ကထံ - အဘယ်သို့၊ ယောဂက္ခေမီ - ယောအားလုံးတို့ ကုန်ပြီသူသည်၊ ဟောတိ - ဖြစ်သနည်း။ တံ - ထိုအမေးကို ပုစ္ဆိတော - မေးအပ်သောသင်သည် (အမေးခံရသောသင်သည်) မေ - ငါ့အား၊ အက္ခာဟိ - ဖြေဆိုပါလော့။

ဗာလော - လူမိုက်ကို၊ ဩဃေန - ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃတည်း၊ ဟူသော ဤဩဃလေးပါးသည်၊ ဝုယှတိ - ဘဝများစွာ သံသရာ၌ ရှည်ကြာပေါလော မျောအပ်လေ၏။

ပဏ္ဍိတော- ဩဃလေးဖြာ ထိုမျောရာမှ လွတ်ရာ မျှော်မိပညာရှိသည်၊ ယောဂါ - သမ္မပ္ပဓါန် ဟု ဆိုအပ်သော အားထုတ်ခြင်းဖြင့်၊ နုဒတိ - သံသရာရေကြော၊ ပေါလောမျောကြောင်း၊ ဩဃလေးပုဒ် ဆွဲနုတ်ကုန်ပျောက်လေ၏။

သဗ္ဗယောဂ ဝိသံယုတ္တော -ယောဂအာလုံးတို့မှ ကင်းလွတ်သူကို၊ ယောဂက္ခမီတိ ယောဂကုန်ပြီးသူဟု၊ ဝုစ္စတိ - မမှားထပ်ထပ် ခေါ်ဆိုအပ်ပါပေသတည်း။

ဥတ္တရလုလင်သည် ဤပဋိဂီတကို သင်ယူဆဲမှာပင် သောတာပတ္တိဖိုလ်၌ တည်လေပြီ။

ဥတ္တရလုလင်သည် သောတာပန်ဖြစ်ပြီး ထိုဂါထာကို ယူ၍သွားကာ အို. . . လူအပေါင်းတို့ ကျွန်တော်သည် ဂီတပဋိဂီတကို ဆောင်ယူအပ်ပါ၏။ ကျွန်တော်အား ဖြေဆိုခွင့်ပေးကြပါဟုပြောဆိုကာ အကြားမရှိ ရပ်တည်နေသော လူအပေါင်းကို ဒူးဆစ်ဖြင့် ဖိနင်းလျက် နဂါးအမျိုးသမီးရှိရာသို့သွား လေပြီ။

နဂါးအမျိုးသမီးသည် ဖခင်၏ ပါးပျဉ်း၌ ရပ်၍ကလျက် -

ကိ သုအဓိပတိရာဇာ” အစချီသော ဂီတကိုရွတ်ဆိုလေ၏။

ဥတ္တရလုလင်သည် “ဆဒ္ဒါရာဓိပတိ ရာဇာ” အစချီသော ပဋိဂီတကိုရွတ်ဆို၏။

နောက်ထပ်နဂါးအမျိုးသမီးသည် “ကေနဿု ဝှယုတိ” အစချီသော ဂီတကို ရွတ်ဆိုလေ၏။ ထိုအခါ ထိုနဂါးအမျိုးသမီးအား ပဋိဂီတကိုရွတ်ဆိုလိုသော ဥတ္တရလုလင်သည် “သြယေနဝှယုတိ” အစချီသော ဤဂါထာကို ရွတ်ဆိုလေ၏။

နဂါးမင်းသည် ထိုဂီတဂါထာကို ကြားရလျှင် ဘုရားပွင့်ကြောင်းကိုသိ၍ -

ငါသည် တစ်ခုသော ဗုဒ္ဓန္တရပတ်လုံး ဤသို့သဘောရှိသော ပုဒ်ဂါထာကို မကြားခဲ့ဘူးပေ။

အို လူအပေါင်းတို့ သတ္တလောက၌ မြတ်စွာဘုရားသည် စင်စစ်ပွင့်တော်မူပြီဟု နှစ်သက်ဝမ်းသာသော စိတ်ရှိရကား အမြီးဖြင့်ရေကိုပုတ်ခတ်လေ၏။ ကြီးစွာသော လှိုင်းထမ်းပိုးတို့သည် တက်ကုန်၏။ ဂင်္ဂါမြစ်ကမ်းနှစ်ဖက်တို့သည် ပြိုကုန်၏။ မြစ်ကမ်းအနီးဟိုဘက်ဒီဘက် တစ်ဥသဘမျှရှိသော အရပ်၌ လူတို့သည် ရေ၌နစ်မြုပ်ကုန်၏။ နဂါးမင်းသည် ဤမျှများလှသော လူအပေါင်းကို ပါးပျဉ်း၌ထား၍ မြောက်ပြီးကြည်းကုန်းပေါ်၌ ရပ်တည်စေပြီ။ နဂါးမင်းသည်ဥတ္တရလုလင်ထံ ချဉ်းကပ်၍-

အရှင် မြတ်စွာဘုရား အဘယ်မှာနည်း။

သစ်ပင်ရင်း တစ်ခု၌ နေတော်မူသည် မင်းကြီး။

နဂါးမင်းသည် အိုအရှင်လာပါ။ သွားကြပါစို့ဟု ဥတ္တရလုလင်နှင့်အတူ မြတ်စွာဘုရား ထံသွားလေ၏။

များစွာသော လူအပေါင်းသည်လည်း နဂါးမင်းနှင့်အတူသာ သွားလေ၏။

နဂါမင်းသည် မြတ်စွာဘုရားထံသွား၍ ရောင်ခြည်တော် ခြောက်သွယ်တို့၏ အတွင်းသို့ဝင်ပြီး မြတ်စွာ ဘုရားကို ရှိခိုးပြီး ငိုကြွေးလျက်တည်နေပြီ။ ထိုအခါ နဂါးမင်းကိုမြတ်စွာဘုရားသည် အို . . . မင်းကြီး ဤငိုကြွေးခြင်းသဘောသည် အဘယ့်ကြောင့်ဖြစ်သနည်း။

မြတ်စွာဘုရားတပည့်တော်သည် အရှင်ဘုရားတို့ကဲ့သို့သော မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်၍ နှစ်ပေါင်းနှစ်သောင်းတို့ ပတ်လုံးတရားကို အားထုတ်ခဲ့ပါပြီ။ ထိုရဟန်းတရားသည်လည်း တပည့်တော်ကို ဆင်းရဲမှ ထွက်မြောက်စေရန် မစွမ်းနိုင်ပါ။ အနည်းငယ်မျှသော ပြိန်းရွက်ကိုဖြတ်ရုံမျှ အဖြစ်ကို အမှီပြု၍ အဟိတ်ပဋိသန္ဓေကိုယူ၍ ရင်ဖြင့်သွားလာရသော အရပ်၌ ဖြစ်ခဲ့ပါပြီ။

တစ်ခုသောဗုဒ္ဓန္တရကာလပတ်လုံး လူ့အဖြစ်ကိုမရခဲ့ပါ။ သို့သော် မြတ်စွာဘုရားအား ဖူးမြင်ခြင်းကို မရခဲ့ပါဟုလျှောက်ထားလေ၏။ မြတ်စွာဘုရားသည် နဂါးမင်း၏စကားကိုကြားတော်မူ၍ မင်းကြီးလူ့အဖြစ် မည်သည်ရဖို့ခဲယဉ်းသည်သာ ထို့အတူသူတော်ကောင်းတရား ကြားနာခြင်းကို ရဖို့ခဲယဉ်း

သည်သာ။ ထိုအတူ ဘုရားအဖြစ်သည် ရဖို့ခဲယဉ်းသည်။ ဤဘုရားအဖြစ်ကို ငြိုငြင်ပင်ပန်းသဖြင့် ရအပ်ပေသည်ဟု မိန့်တော်မူကာ တရားဟောလိုတော်မူ၍ -

"ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံမစ္စာန ဇီဝိတံ။

ကိစ္ဆာ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ"

ဟူသော ဤဂါထာကို ဟောတော်မူ၏။

မနုဿပဋိလာဘော - လူ့အဖြစ်ကိုရခြင်းသည်၊ ကိစ္ဆောခဲယဉ်း၏။ မစ္စာန - လူသတ္တဝါတို့၏၊ ဇီဝိတံ - အသက်ရှင်ရခြင်း အသက်ရှည်ရခြင်းသည်၊ ကိစ္ဆ - လယ်လုပ်ခြင်းစသည်တို့ကို ပြု၍ အသက်မွေးမှုကို အားထုတ်ပါသော်လည်း အချိန်တိုစွာ တည်နေရသောကြောင့် ခဲယဉ်း၏။

သဒ္ဓမ္မဿဝနံ - သူတော်ကောင်းတရားကြားနာရခြင်းသည်၊ ကိစ္ဆံ - ကပ်ကမ္ဘာများစွာတို့၌လည်း တရားဟောပုဂ္ဂိုလ်၏ ရခဲသည်အဖြစ်ကြောင့် ခဲယဉ်း၏။

ဗုဒ္ဓါနံ - ဥ ယျင်းတန်တရားမှန်ကို ကေန်သိမြင်ဘုရားရှင်တို့၏ ဥပ္ပါဒေါဖြစ်ပွင့်ခြင်းသည် ကိစ္ဆော ကြီးစွာသော လုံ့လဝီရိယကြောင့် ဘုရားဆုပြည့်စုံသော်လည်း များစွာသော ကပ်ကမ္ဘာကုဋေအထောင်တို့ဖြင့် ဘုရားအဖြစ်ကို ရခြင်းကြောင့် အလွန်ခဲယဉ်းလှပေ၏။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာတရားလေးပါးထိုးထွင်းသိမြင်မှုဖြစ်လေပြီ။

နဂါးမင်းသည်လည်း ထိုနေ့၌သောတာပတ္တိဖိုလ်ကို ရသင့်သော်လည်း အဟိတ်တိ တိရစ္ဆာန်ဖြစ်သောကြောင့် မရရှာလေပြီ။

နဂါးမင်းသည် ပဋိသန္ဓေကိုယူခြင်း အရေခွံလဲခြင်းလွှတ်လွှတ်အိပ်ပျော်ခြင်း၊ ဇာတ်တူနဂါးမနှင့် မေထုန် မှီဝဲခြင်း၊ စုတေခြင်းဟုဆိုအပ်သော ငါးမျိုးသောဌာနတို့၌ နဂါးကိုယ်ကိုသာ ယူရသောကြောင့် ပင်ပန်းဆင်းရဲလေ၏။ ထိုငါးမျိုးသော အရာဌာနတို့၌ မပင်ပန်း၊ မဆင်းရဲဘဲ လုလင်ရုပ်အသွင်ဖြင့်သာ လှည့်လည်သွားလာ နေထိုင်ခွင့်ကို ရသွားလေ၏။

ရေကပဏ္ဍနာဂရာဇဝတ္ထု ပြီး၏။

## ၄၆။ အာနန္ဒတ္ထေရပဉှာဝတ္ထု
## အာနန္ဒာထေရ်အမေးပြဿနာအကြောင်း

အရှင်အာနန္ဒာထေရ်သည် နေ့သီတင်းသုံးရာအရပ်၌ နေလျက်အကြံအစည်ဖြစ်လေ၏။ အကြံအစည် မှာ -

မြတ်စွာဘုရားသည် ဘုရားခုနစ်ဆူတို့၏

၁။ အမိအဖ

၂။ အသက်အပိုင်းအခြား

၃။ ဗောဓိပွင့်တော်မူရာသစ်ပင်၊

၄။ သာဝကအစည်းအဝေး။

၅။ အဂ္ဂသာဝကအစည်းအဝေး။

၆။ အဂ္ဂသာဝက

၇။ ဥပဋ္ဌာက = အလုပ်အကျွေး

ဟူသော ဤအားလုံးစုံကိုဟောပြတော်မူအပ်၏။ ဥပုသ်ကိုကား မဟောပြအပ်။ အသို့နည်း။ ထိုဘုရားရှင်တို့၏လည်း ဤဥပုသ်သည်ပင်လျှင်ဥပုသ်ဖြစ်လေသလော။ ဤဥပုသ်မှတစ်ပါး အခြားဥပုသ် ဖြစ်လေသလောဟူ၏။

အာနန္ဒာထေရ်သည်မြတ်စွာဘုရားထံချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်၏။ ခုနစ်ဆူကုန်သော ဘုရားရှင်တို့၏ အချိန်ကာလသည်သာ ကွဲပြား၏စကားကွဲပြားမှုမရှိ။ အကျယ်ကို ဆိုဦးအံ့။ ဝိပဿီမြတ်စွာ ဘုရားသည် ခုနစ်ခုမြောက် ခုနစ်ခုမြောက်ဖြစ်သောနှစ်၌ ဥပုသ်ပြုတော်မူသည်။ မှန်၏ ဥပုသ်ပြုရာတစ်ရက်၌ ပေးအပ်သော ဩဝါဒသည်ပင် ထိုဘုရားရှင်၏ ခုနစ်နှစ်တို့ ပတ်လုံးတည် စွမ်းနိုင်၏။ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရားတို့သည် ခြောက်ခုမြောက်၊ ခြောက်ခုမြောက်နှစ်၌ (ခြောက်နှစ်တစ်ကြိမ်) ဥပုသ်ပြုတော်မူကြသည်။

ကကုသန္ဓမြတ်စွာဘုရား ကောဏာဂမန မြတ်စွာဘုရားတို့သည် တစ်နှစ်တစ်ကြိမ် ဥပုသ်ပြု ကုန်၏။ ကဿပမြတ်စွာဘုရားသည် ခြောက်လတစ်ကြိမ်ဥပုသ်ပြုသည်။ မှန်၏ မြတ်စွာဘုရား၏ တစ်ခုသောနေ့၌ ပေးအပ်သော မြတ်စွာဘုရားဩဝါဒသည် ခြောက်လတို့ပတ်လုံး တည်နိုင်စွမ်းရှိလေ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ထိုဘုရားခုနစ်ဆူတို့၏ ဤဥပုသ်ပြုရာကာလကွဲပြားမှုကို မိန့်ကြား တော်မူ၍ ထိုဘုရားခုနစ်ဆူတို့၏ ဩဝါဒတို့ပင်တည်းဟု မိန့်တော်မူကာ ဘုရားရှင်အားလုံးတို့၏ တစ်ခုတည်း တစ်မျိုးတည်းသာ ဖြစ်သော ဥပုသ်ကိုမြတ်စွာဘုရားသည် ထင်စွာပြုလို၍ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောတော်မူသည်။

၁။ သဗ္ဗ ပါပဿ အကရဏံ၊ ကုသလဿဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

၂။ ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
နသမဏော ဟောတိ - ပရံ ဝိဟေဌယန္တော။

၃။ အနုပဝါဒေါအနုပဃာတော၊ ပါတိမောက္ခေစ သံဝရော။
မတ္တ ညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

၁။ သဗ္ဗပါပဿ - အလုံးစုံသော မကောင်းမှု၊ အကုသိုလ်ကို၊ အကရဏံ - မပြုခြင်းသည်လည်းကောင်း၊ ကုသလဿ - အရဟတ္တမဂ်တိုင်အောင် ကုသိုလ်တရားကို၊ ဥပသမ္ပဒါ - ဖြစ်စေခြင်း၊ ဖြစ်စေအပ်ပြီးသည်ကို ပွားစေခြင်းလည်းကောင်း၊ သစိတ္တပရိယောဒပနံ - မိမိ၏စိတ်ကို နီဝရဏတရားငါးမျိုးတို့မှ စင်ကြယ်စေခြင်းလည်းကောင်း၊ ဧတံ - ဤသုံးမျိုးသော တရားသည် ဗုဒ္ဓါနံခပ်သိမ်းသော ဘုရားရှင်တို့၏ သာသနံ - အဆုံးမတော်ပေတည်း။

၂။ တိတိက္ခာ - တိတိက္ခာဟုဆိုအပ်သော၊ ခန္တီ - သည်းခံခြင်းတရားသည် (ဣမသ္မိံ သာသနေ - ဤဘုရားသာသနာတော်၌) ပရမံ - မြတ်သော၊ တပေါ - အကျင့်ပေတည်း။ နိဗ္ဗာနံ - နိဗ္ဗာန်ကို၊ ပရမံ - မြတ်၏ဟု ၊ ဗုဒ္ဓါ - သဗ္ဗညု - ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ အနုဗုဒ္ဓတို့သည်၊ ဝဒန္တိ - မိန့်ဆိုတော်မူကြသည်။ ပရူပဃာတီ - သူတစ်ပါးကိုညှင်းဆဲသတ်ဖြတ်မူသည်၊ ပဗ္ဗဇိတော - ကိလေသာကို နှင်ထုတ်သူသည်၊ နဟိ - စင်စစ် သေချာမဖြစ်သည်သာ၊ ပရံ - သူတစ်ပါးကို ဝိဟေဌယန္တော - နှိပ်စက်ညှင်းဆဲတတ်သူသည်၊ သမဏော၊ သမဏောပိ၊ ကိလေသာငြိမ်းပြီးသူ၊ ကိလေသာငြိမ်းအောင် အားထုတ်သူသည်လည်း၊ နဟောတိ - ဟိ - နဟောတိ ဧဝ - မဖြစ်သူသာတည်း။

၃။ အနုပဝါဒေါ - သူတစ်ပါးကို မစွပ်စွဲခြင်း၊ မစွပ်စွဲစေခြင်းလည်းကောင်း၊ အနုပဃာတော - သူတစ်ပါးကို မသတ်ဖြတ်စေခြင်းလည်းကောင်း၊ ပါတိမောက္ခေ - အကြီးဖြစ်သောသီလ၌၊ သံဝရောစ - ကိုယ်နှုတ်ကို ပိတ်ဆို့စောင့်စည်းခြင်းလည်းကောင်း၊ ဘတ္တသ္မိံ - ဆွမ်း၌၊ ဆွမ်းအစရှိသော စားဖွယ်၌၊ မတ္တညုတာစ - အတိုင်းအတာကို သိသူ၏ဖြစ်ကြောင်း၊ အတိုင်းအတာကို သိခြင်းလည်းကောင်း၊ ပန္တံ - ဆိတ်ငြိမ်သော သယနာသနံစ - အိပ်ရာနေရာ၌ နေခြင်းလည်းကောင်း၊ အဓိစိတ္တေ - သမာပါတ်ရှစ်ပါးဟု ဆိုအပ်သော လွန်ကဲမြင့်မြတ်သောစိတ်၌ အာယောဂေါစ - ယှဉ်ခြင်းကိုပြုခြင်းလည်းကောင်း၊ ဧတံ - ဤတရားအားလုံးသည်။ ဗုဒ္ဓါနံ - ဘုရားရှင်တို့၏ သာသနံ - အဆုံးအမတော်ပေတည်း။

ဤဂါထာတွင် အနုပဝါဒဖြင့် ဝါစသိကသီလ - နှုတ်ကိုစောင့်စည်းခြင်းသီလကို ဟောတော်မူအပ်၏။ အနုပဃာတဖြင့် - ကာယိက - ကိုယ်၌စောင့်စည်းခြင်းသီလကို ဟောတော်မူအပ်၏။ ပါတိမောက္ခေစ၊ သံဝရောဖြင့် ပါတိမောက္ခေစသီလ ဣန္ဒြိယသံဝရသီလကို ဟောတော်မူအပ်၏။ မတ္တညုတာစ - ဘတ္တသ္မိံဖြင့် အာဇီဝ ပါရိသုဒ္ဓိ- သီလ၊ ပစ္စယ သန္နိသိတသီတ သီလကို ဟောတော်

မူအပ်၏။ ပန္နက္ခသဿယနာသန်ဖြင့် - သပ္ပါယဖြစ်သော အိပ်ရာနေရာကို ဟောတော်မူအပ်၏။ အဓိစိတ္တေ၊ စအာယောဂေါဖြင့် သမပါတ်ရှစ်ပါးကို ဟောတော်မူအပ်၏။

ဤသို့လျှင် ဤဂါထာဖြင့် သီလသမာဓိပညာသိက္ခာသုံးရပ် အကျင့်မြတ်တို့ကို ပြဆိုအပ်ကုန်၏။

**အာနန္ဒတ္ထေရပဉှာဝတ္ထု ပြီး၏။**

## ၄၇။ အနုဘိရတာဘိက္ခုဝတ္ထု
## သာသနာ့ဘောင်၌ မမွေ့လျော်သော ရဟန်းအကြောင်း

မြတ်စွာဘုရားသာဝတ္ထိမြို့ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ဤအမည်ရှိသော အရပ်သို့သွား၍ ပါဠိတော်ကိုသင်ယူလေလော့ဟု ဥပဇ္ဈာယ်ဆရာသည် စေလွှတ်အပ်သည်ဖြစ်၍ ထိုအရပ်သို့သွားလေ၏။ ထိုအချိန်၌ ထိုရဟန်း၏ ခမည်းတော်မှာ ရောဂါဖြစ်နေလေပြီ ခမည်းတော်သည်သားရဟန်းကို ဖူးမြင်လို၍ သားရဟန်းကိုခေါ်ပေးနိုင်သူ တစ်ယောက်ကို မျှမရခဲ့၍ သား၌စိုးရိမ်ပူဆွေးခြင်းဖြင့် ရောင်ရမ်းတမ်းတ ပြောဆိုလျက်သာ သေခါနီးအချိန်၌ ဤအသပြာကို ငါ့သားရဟန်း၏ သပိတ်သက်န်းဖိုးပြုပေးပါလေဟု ငွေတစ်ရာကို အစ်ကိုဖြစ်သူ၏ လက်၌ပေးခဲ့ပြီး ကွယ်လွန်လေ၏။ အစ်ကိုဖြစ်သူသည် ညီရဟန်းကြွလာချိန်၌ ခြေရင်း၌ ဝပ်၍လူးလိမ့်ငိုယိုပြီး

အရှင်ဘုရား အရှင်ဘုရား၏ခမည်းတော်သည် အရှင်ဘုရားကိုတမ်းတပြောဆိုလျက် ကွယ်လွန်သွားပါပြီ။ ခမည်းတော်သည် ငွေတစ်ရာကို တပည့်တော်၏လက်၌ ထားခဲ့ပါသည်။ ထိုငွေတစ်ရာဖြင့်ဘာကို ပြုရပါမည်နည်းဟုလျှောက်ထား၏။

ရဟန်းငယ်သည် ငါ့အား အသပြာငွေတို့ဖြင့် အလိုမရှိဟု ပယ်ပြီးနောက်အဖို့ ဖြစ်သော အချိန်၌ ဤသို့ကြံစည်စိတ်ကူးလေ၏။ သူတစ်ပါးအိမ်တို့၌ ဆွမ်းရဖို့လှည့်လည်၍ အသက်မွေးရခြင်းဖြင့် ငါ့မှာဘာမျှ အကျိုးမရှိ ထိုအသပြာငွေတစ်ရာကို အမှီပြု၍ အသက်မွေးနိုင်သည်။ ငါလူထွက်မည်ဟူ၏။

ရဟန်းငယ်သည် သာသနာဘောင်ရဟန်းဝတ်၌ မမွေ့လျော်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ရွတ်အံသရဇ္ဈာယ်ခြင်း ကမ္မဋ္ဌာန်းထိုင်ခြင်းကို စွန့်လွှတ်လျက် ဖျော့တော့သော ရောဂါရှိသူကဲ့သို့ ဖြစ်နေလေပြီ။ ထိုအချိန်၌ ထိုရဟန်းငယ်ကို သာမဏေငယ်တို့သည် အရှင်ဘုရား၏ ဤအဖြစ်သည် အဘယ်အဖြစ်နည်းဟု မေးကြ၍ ငါသည်ရဟန်းအဖြစ်၌ ငြီးငွေ့သူဖြစ်၏ဟု ပြောဆိုအပ်သော် ရဟန်းငယ်၏ ဆရာဥပဇ္ဈာယ်တို့အား လျှောက်ထားကြကုန်၏။ ထိုအခါ ဆရာဥပဇ္ဈာယ်တို့သည် ရဟန်းငယ်ကို မြတ်စွာဘုရားထံခေါ်၍ မြတ်စွာဘုရားအား အကြောင်းကိုပြောပြလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်း သင်သည် ရဟန်းအဖြစ်၌ ငြီးငွေ့နေသူဟူသည် မှန်သလောဟုမေးတော်မူ၍ မြတ်စွာဘုရား မှန်ပါ၏ဟု လျှောက်ထားအပ်သော် အဘယ့်ကြောင့် ဤသို့ပြုရသနည်း။ သင့်မှာ တစ်စုံတစ်ခု အသက်မွေးနိုင်ရန် အကြောင်းရှိသလောဟု မေးတော်မူ၏။

မြတ်စွာဘုရား ရှိပါ၏ဘုရား။

သင့်မှာ ဘာရှိသနည်း။

မြတ်စွာဘုရားအသပြာငွေတစ်ရာရှိပါသည်။

အသပြာငွေတစ်ရာရှိသည်ဖြစ်လျှင် ငွေအသပြာတစ်ရာဖြင့် အသက်မွေးနိုင် မမွေးနိုင်ရအောင် တစ်နေရာ၌ ရှေးဦးစွာ ကျောက်စရစ်ခဲတို့ကို ဆောင်ယူထားပါ။ ရေတွက်၍ သိကြရမည်ဟု မိန့်တော်မူသည်။ ရဟန်းငယ်သည် တစ်နေရာ၌ ကျောက်စရစ်ခဲတို့ကို ဆောင်ယူထားခဲ့ပြီ။ ထိုအခါ ရဟန်းငယ်ကို

မြတ်စွာဘုရားက ရှေးဦးစွာသင်၏ အသုံးအဆောင်အလို့ငှာ အသပြာငါးဆယ်ကိုခွဲထားပါ။ နွားနှစ်ကောင်အတွက် အသပြာနှစ်ဆယ့်လေးကျပ်ကို ခွဲထားပါ။ မျိုးစပါးအတွက် ဤမျှလောက်အသပြာကို ခွဲထားပါ။ ထမ်းဖိုး ထွန်ဖိုးအတွက် ဤမျှလောက်အသပြာကို ခွဲထားပါ။ ပေါက်ချွန်း၊ ပဲ့ကွပ်၊ ပုဆိန်အတွက် ဤမျှလောက် အသပြာကိုခွဲထားပါဟု မိန့်တော်မူ၏။

ဤသို့ ရေတွက်အပ်သည်ရှိသော် ထိုအသပြာတစ်ရာသည် မသုံးလောက်ပါချေ။ ထိုအခါ ရဟန်းငယ်ကို မြတ်စွာဘုရားသည် ရဟန်း၊ သင်၏ အသပြာငွေတို့သည် နည်းပါးလှကုန်၏။ ထိုငွေတစ်ရာတို့ကိုမှီရာ အကြောင်းပြု၍ အဘယ်သို့လျှင်သင်၏ တဏှာကိုပြည့်စေတော့မည်နည်း။

လွန်လေပြီးသောအခါ၌ စကြာမင်းအဖြစ်ကိုပြုစေ၍ လက်ခမောင်းခတ်ခါမျှဖြင့် တစ်ဆယ့်နှစ်ယူဇနာ ကျယ်သောအရပ်၌ ခါးပမာဏရှိအောင် ရတနာမိုးကိုရွာစေနိုင်သောသူသည် သိကြားသုံးကျိပ်ခြောက်ယောက် စုတေသည်တိုင်အောင် ရှည်လျားစွာသော ကာလပတ်လုံး၊ နတ်မင်းအဖြစ်ကိုပြုစေသော်လည်း၊ သေခါနီးအချိန်၌ တဏှာကို မပြည့်စေမူ၍သာ ကွယ်လွန်သွားခဲ့ပြီဟု မိန့်တော်မူကာ ရဟန်းငယ်သည် တောင်းပန်လျှောက်ထား အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်ကာ မန္ဓာတု ဇာတ်ကို အကျယ်ချဲ့တော်မူ၍

၁။ "ယာဝတာ စန္ဒိမသူရိယာ ပရိဟရန္တိ၊ ဒိသာ ဘန္တိ ဝိရောစနာ။
သဗ္ဗေဝဒါသာ မန္ဓာတု၊ ယေပါဏာ ပထဝိဿိတာ"

ဟူသော ဤဂါထာ၏ အခြားမဲ့ဖြစ်ကုန်သော ဆိုလတ္တံ့သော ဤနှစ်ဂါထာတို့ကို ဟောပြတော်မူသည်။

၂။ "န ကဟာပဏဝဿေန၊ တိတ္တိ ကာမေသု ဝိဇ္ဇတိ။
အပ္ပဿာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော။
၃။ အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိံ သောနာဓိဂစ္ဆတိ။
တဏှက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓ သာဝကော။"

၁။ ယာဝတာ - အကြင်မျှလောက်သော အရပ်တို့၌၊ စန္ဒိမသူရိယာ - လနေတို့သည်၊ ပရိဟရန္တိ -လှည့်လည်ကုန်၏။ တာဝတာ - ထိုမျှလောက်ကုန်သော၊ ဒိသာ - အရပ်မျက်နှာတို့သည်၊ ဝိရောစမာနာ တင့်တယ်ကုန်သည်၊ (ဟုတွာ) ဖြစ်ကုန်၍၊ ဘန္တိ - ထွန်းလင်းတောက်ပကုန်၏။ ပထဝိဿိတာ - မြေ၌ တည်ကုန်သော၊ ယေပါဏာ - အကြင်သတ္တဝါတို့သည်၊ သန္တိ - ရှိကုန်၏။ သဗ္ဗေဝ - အလုံးစုံသာ ဖြစ်ကုန်သော တေပါဏာ - ထိုသတ္တဝါတို့သည်၊ မန္ဓာတု ဒါသာ- မန္ဓာတ်မင်း၏ ကျွန်တို့ချည်းသာတည်း။

၂။၃။ သောထို ကိလေသကာမသည်၊ ဒိဗ္ဗေသု - နတ်ပြည်၌ ဖြစ်ကုန်သော၊ ကာမေသုအပိ - ဝတ္ထုကာမတို့၌သော်လည်း၊ ရတိံ - အားရမွေ့လျော်မှုကို ၊ နာဓိဂစ္ဆတိ - မရသည်သာတည်း။ ဣတိ - ဤသို့၊ အညာယ - သိမြင်၍၊ ပဏ္ဍိတော - ပညာရှိသော -

သမ္မာသမ္ဗုဒ္ဓသာဝကော - မြတ်စွာဘုရားဟောအပ်သော တရားကို ကြားနာခြင်းဖြင့် ဖြစ်ပေါ်လာ

သော ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းသည်၊ တဏှက္ခယရတော - တဏှာကုန်ရာအရဟတ္တဖိုလ်နိဗ္ဗာန်၌၊ မွေ့လျော်သည် ဟောတိ - ဖြစ်၏။ (တဏှာကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျှော်လင့်တောင့်တလျက် ကမ္မဋ္ဌာန်းအားထုတ်နေ၏ဟု ဆိုလိုသည်။)

ဒေသနာတော်အဆုံး၌ ရဟန်းငယ်သည်သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာသော ပရိသတ်၏လည်း အကျိုးရှိသော ဒေသနာတော်ဖြစ်လေပြီ။

**အနဘိရတဘိက္ခုဝတ္ထု ပြီး၏။**

## ၄၈။ အဂ္ဂိဒတ္တ ဗြာဟ္မဏဝတ္ထု
## အဂ္ဂိဒတ္တပုဏ္ဏားအကြောင်း

မဟာကောသလမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် အဂ္ဂိဒတ္တအမည်ရှိ၏။ မဟာကောသလမင်း ကွယ်လွန်လေသော်သားဖြစ်သူ ပသေနဒိကောသလမင်းသည်လည်း ငါ၏ဖခင်၏ ပုရောဟိတ်ပင် တည်းဟု ရိုသေလေးစားခြင်းဖြင့် အဂ္ဂိဒတ္တပုဏ္ဏားကို ပုရောဟိတ်နေရာ၌ပင်ထားလေ၏။

ပသေနဒိ ကောသလမင်းသည် အဂ္ဂိဒတ္တပရောဟိတ်၏ မိမိအား ဆည်းကပ်ခစားရန်လာစဉ်အခါ ခရီးဦးကြိုပြု၏။ ဆရာ ဤနေရာ၌ ထိုင်ပါဟုညီမျှသော နေရာကိုပေး၏။

အဂ္ဂိဒတ္တပုဏ္ဏားသည် ဤသို့ ကြံစည်စဉ်းစားမိလေ၏။ အဘယ်သို့နည်းဟူမူကား ငါ့အပေါ် အလွန်လေးစားမှုကိုပြု၏။ အမြဲမပျက်၊ မင်းတို့၏ စိတ်ကို ယူခြင်းငှာမတတ်နိုင် မှန်ပေ၏။ အရွယ်တူမျှ သူနှင့်အတူသာ မင်းချမ်းသာသည် ချမ်းသာမည်၏။ ငါသည်ကား အရွယ်ကြီးသူဖြစ်၏။ ငါ့အဖို့ ရဟန်းပြုရန်သင့်၏ဟူ၏။

အဂ္ဂိဒတ္တသည် ကောသလမင်းကို မိမိ၏ ရဟန်းအဖြစ်ကို ခွင့်ပြုစေပြီးမြို့တွင်း၌ စည်ကို ကြွေးကြော်လှည့် လှည်စေ၍ ခုနစ်ရက်ဖြင့် မိမိ၏ ပစ္စည်းဥစ္စာအားလုံးကို ပေးကမ်းစွန့်ကြဲ၍ သာသနာပ ဖြစ်သော ရဟန်းအဖြစ်ဖြင့် ရဟန်းပြုလေ၏။

အဂ္ဂိဒတ္တကို အမှီပြု၍ ယောကျ်ားတစ်သောင်းတို့ အတူလိုက်၍. . . ရဟန်းပြုကြကုန်၏။

အဂ္ဂိဒတ္တသည် ထိုယောကျ်ားတို့နှင့်အတူ အင်္ဂတိုင်း၊ မဂဓတိုင်းနှင့်ကုရုတိုင်းတို့တွင် နေထိုင်၍ ဤဩဝါဒကို ပေးလေ၏။ ဩဝါဒကား -

အမောင်တို့ ကာမဝိတက်စသည်တို့ ဖြစ်လာသောသူသည်၊ မြစ်တွင်းမှ သဲတစ်ဆုပ်တစ်ဆုပ်ကို ထုတ်ယူ၍ ဤနေရာ၌ လောင်းစုလော့ဟူ၏။ ထိုတပည့်တို့လည်း ဝန်ခံ၍ ကာမဝိတက်စသည်တို့ဖြစ်ပေါ် လာချိန်၍ ဝန်ခံချက်အတိုင်းပြုကြကုန်၏။

တစ်ခုသောအချိန်၌ကြီးစွာသော သဲပုံကြီးဖြစ်လာ၏။ ထိုသဲပုံကြီးကို အဟိဆတ္တအမည်ရှိသော နဂါးမင်းသည် သိမ်းဆည်းထားလေ၏။ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကုရုတိုင်းနေသူလူတို့သည် လစဉ်လတိုင်း ထိုရသေ့တို့အားများစွာသော ပူဇော်ဖွယ်ကို ဆောင်ယူခဲ့ပြီး အလှူဝတ္ထုကို ပေးလှူကြသည်။

ထိုအခါ ထိုတိုင်းနေလူတို့အား အဂ္ဂိဒတ္တရသေ့သည် ဤဩဝါဒကို ပေးလေ၏။ ဩဝါဒကား တောင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြ။ တောကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၍ အာရာမ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြ။ သစ်ပင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြ။

ဤသို့ ဆည်းကပ်လျှင် ဆင်းရဲအားလုံးမှ လွတ်ကြလိမ့်မည်ဟူ၏။ မိမိ၏ အတွင်းတပည့်တို့ကို လည်း ဤဩဝါဒဖြင့်ဆုံးမလေ၏။

ဘုရားအလောင်းတော်သည် တောထွက်တော်မူခဲ့၍ သမ္မာသမ္ဗောဓိ - ဘုရားအဖြစ်သို့ရောက် တော်မူပြီ။ ထိုအချိန်၌ သာဝတ္ထိမြို့ကို အမှီပြု၍ ဇေတဝန် ကျောင်း၌နေတော်မူစဉ် မိုးသောက်ခါနီး လင်းအားကြီးအချိန်၌ သတ္တလောကကို . . . ရှုကြည့်တော်မူလတ်သော် တပည့်တို့နှင့်တူ အဂ္ဂိဒတ္တပုဏ္ဏား

ကို ကိုယ်တော်၏ ဉာဏ်ကွန်ယက်အတွင်းဝင်လာသည်ကို မြင်တော်မူ၍ ဤသူအားလုံးတို့သည် အရဟတ္တဖိုလ်၏ အားကောင်း သောမှီရာ အကြောင်းနှင့်ပြည့်စုံသူများဖြစ်ကြသည်ဟု သိမြင်တော်မူကာ ညနေချမ်း အချိန်၌ မဟာမောဂ္ဂလာန် ထေရ်ကို "အိုမောဂ္ဂလာန်လူများစွာကို ကောင်းသောအယူမဟုတ်ရာ၌ (နိဗ္ဗာန်ဆိပ်ကမ်းမဟုတ်ရာ၌) ပြေးဝင်စေသော အဂ္ဂိဒတ္တပုဏ္ဏားကိုမြင်၏လော။ သွားပါချေ ထိုသူအားလုံးတို့အား သြဝါဒကို ပေးလော့ဟု မိန့်တော်မူ၏။

မောဂ္ဂလာန်သည်မြတ်စွာဘုရား" ထိုသူတို့သည် အများစုဖြစ်ကြပါသည်။ တပည့်တော် တစ်ပါးတည်းအား သည်းခံကြမည်မဟုတ်ပါ။

အရှင်ဘုရားတို့လည်း ကြွလာတော်မူကြလျှင် သည်းခံကြပါလိမ့်မည်ဟု လျှောက်ထား၏။

မောဂ္ဂလာန် ငါဘုရားလည်း လာခဲ့ကြမည် သင်ရှေ့က သွားနှင့်ဟု မိန့်တော်မူ၏။

မောဂ္ဂလာန်ထေရ်သည် ရှေ့မှသွားစဉ်ပင် ဤရသေ့တို့သည် အားရှိသူများလည်းဖြစ်ကြသည်။ များလည်းများကြသည်။ ရသေ့အားလုံးတို့၏ စုမိရာအရပ်၌ တစ်စုံတစ်ခုသော စကားကို (အနည်းငယ်သော စကားကို) ပြောခဲ့သော် ရသေ့အားလုံးတို့သည် အစုအစုအားဖြင့် ထကြကုန်ရာ၏ဟု ကြံစည်တော်မူ၍ မိမိ၏တန်ခိုးအာနုဘော်ဖြင့် ကြီးစွာသော ရေပေါက်ရှိသော မိုးကိုရွာသွန်းစေပြီး ထိုရသေ့တို့သည် ကြီးစွာသော မိုးပေါက်တို့ ကျကုန်သော် အမြန်ထကြပြီး မိမိ မိမိ၏ သစ်ရွက်မိုးကျောင်းသို့ ဝင်ကြကုန်၏။ မဟာမောဂ္ဂလာန်ထေရ်သည် အဂ္ဂိဒတ္တပုဏ္ဏား၏ သစ်ရွက်မိုးကျောင်း၊ တံခါးအနီး၌ ရပ်၍ အို. . . အဂ္ဂိဒတ္တဟု မိန့်ခေါ်တော်မူ၏။ အဂ္ဂိဒတ္တသည် မောဂ္ဂလာန်ထေရ်၏ အသံကိုကြားလေသော် ဤလောက၌ ငါ့ကို နာမည်ဖြင့် ခေါ်ရဲသူမရှိ။ အဘယ်သူသည် ငါ့ကို နာမည်ဖြင့် ခေါ်သနည်းဟု ခက်ထန်သော မာနရှိသူဖြစ်၍ ငါ့ကို ခေါ်သူကား အဘယ်သူနည်းဟု ပြော၏။ အို. . . ပုဏ္ဏား ကျုပ်ပါ။

ဘာကို ပြောလိုသနည်း။

ယနေ့ တစ်ညဉ့်ပတ်လုံး ဤနေရာ၌ ငါ၏ နေစရာ နေရာကို သင်ပြောပြပါ။

ဤအရပ်၌ သင်၏ နေစရာ နေရာမရှိ။ ရသေ့တစ်ပါးစီ၏ နေစရာ သစ်ရွက်မိုးကျောင်း တစ်ခုစီသာ ဖြစ်၏။

အဂ္ဂိဒတ္တ လူတို့မည်သည် လူတို့ထံ သွားကြသည်။ နွားတို့သည် နွားတို့ထံသွားကြသည်။ ရဟန်းတို့သည် ရဟန်းတို့ထံ သွားကြသည်။ ဤသို့ မပြုပါနှင့် ငါ့အား နေစရာ နေရာကို ပေးပါ။

အသို့နည်း သင်သည် ရဟန်းလော။

ဟုတ်ပါ၏။ ကျုပ်ရဟန်းပါ။

ရဟန်းဖြစ်ခဲ့လျှင် သင်၏ ပျာစစ်စရာ အထည်၊ ထမ်းပိုး၊ ရေအိုး၊ ကရား၊ ခြင်းတောင်း၊ တံချူ ပစ္စည်းတို့သည် အဘယ်မှာနည်း။ ရဟန်း၏ အသုံးအဆောင် ပရိက္ခရာ အဘယ်မှာနည်း။

ငါ့အား ရဟန်း၏ အသုံးအဆောင် ပရိက္ခရာ ရှိ၏။ ပရိက္ခရာကို သီးခြားယူ၍ သွားလာရခြင်းမှာ ဆင်းရဲ၏ဟု ယူဆ၍ ကိုယ်တွင်း၌သာ ပရိက္ခရာကို ယူ၍ သွားလာနေပါ၏ဟု မိန့်တော်မူ၏။

အဂ္ဂိဒတ္တသည် ရဟန်း ပရိက္ခရာကို မယူဘဲ သွားလာနေသူဖြစ်၏ဟု မောဂ္ဂလာန်ထေရ်အား အမျက်ထွက်လေ၏။

ထိုအခါ အင်္ဂဒတ္တကို မောဂ္ဂလာန်ထေရ်သည် အိုႉ . . အင်္ဂဒတ္တ ငါတို့ကို အမျက်မထွက်ပါနှင့်။ ငါ့အားနေစရာ နေရာကို ပြောကြားပါဟု မိန့်တော်မူ၏။

ဤအရပ်၌ နေစရာ နေရာမရှိပါ။

ထိုသဲပုံကြီး၌ မည်သူနေသနည်း။

နဂါးမင်းတစ်ကောင်နေသည်။

ထိုသဲပုံကို ငါ့အား ပေးပါ။

ထိုနဂါးမင်း၏ အပြုအမူသည် ဝန်လေးလှ၏။ ပေးရန် မတတ်နိုင်ပါ။

သူ့သဘော ဖြစ်ပါစေတော့၊ သဲပုံကို ငါ့အားပေးပါ။

သင်က တောင်းဆိုနေလျှင် သင်သာသိပေတော့ဟု အင်္ဂဒတ္တက ပြောလေ၏။

မဟာမောဂ္ဂလာန်ထေရ်သည် သဲပုံရှိရာသို့ ရှေးရှုကြွသွားတော်မူသည်။

နဂါးမင်းသည် မဟာမောဂ္ဂလာန်ထေရ် ရှေးရှုကြွလာသည်ကို မြင်၍ ဤရဟန်းသည် ဤအရပ်သို့ လာနေသည်။ ငါရှိမှန်း မသိဘူးထင်၏။ အခိုးလွှတ်၍ ထိုရဟန်းကို ငါသတ်မည်ဟု ကြံစည်ကာ အခိုးကို လွှတ်လေ၏။ မဟာမောဂ္ဂလာန်ထေရ်သည် ဤနဂါးမင်းသည် ငါသာ အခိုးလွှတ်နိုင်စွမ်းရှိသည်။ အခြားသူများ အခိုးလွှတ်ရန် မစွမ်းနိုင်ကြဟု မှတ်ထင်ဟန်တူ၏ဟု အကြံဖြစ်ကာ ကိုယ်တော်တိုင်လည်း အခိုးလွှတ်လေသည်။ နဂါးမင်းနှင့် မဟာမောဂ္ဂလာန်နှစ်ဦးလုံးတို့၏ ကိုယ်မှ တက်လာသော အခိုးတို့သည် ဗြဟ္မာ့ပြည်တိုင်အောင် တက်ကုန်၏။ အခိုးနှစ်ခုလုံးတို့သည် မဟာမောဂ္ဂလာန်ထေရ်ကို မနှိပ်စက်နိုင်ဘဲ နဂါးမင်းကိုသာ နှိပ်စက်ကုန်၏။ နဂါးမင်းသည် အခိုး၏ အဟုန်ကို သည်းခံနိုင်စွမ်းမရှိ၍ မီးအလျှံ လွှတ်လေ၏။ မဟာမောဂ္ဂလာန်ထေရ်သည်လည်း တေဇောဓာတ်သမာပါတ်ကို ဝင်စား၍ နဂါးမင်းနှင့် အတူသာ မီးအလျှံလွှတ်လေပြီ။ မီးအလျှံတို့သည် ဗြဟ္မာပြည်တိုင်အောင် တက်ကုန်၏။ မီးအလျှံနှစ်ခုလုံးသည် မထေရ်ကို မနှိပ်စက်နိုင်ဘဲ နဂါးမင်းကိုသာ နှိပ်စက်ကုန်၏။ ထိုအခါ နဂါးမင်း၏ ကိုယ်တစ်ခုလုံးသည် မီးရှူးတို့ဖြင့် လောင်မြိုက်အပ်သကဲ့သို့ ဖြစ်လေ၏။ ရသေ့အပေါင်းသည် ကြည့်၍ နဂါးမင်းသည် ရဟန်းကို လောင်မြိုက်စေ၏။ ကောင်းလေစွတကား။ ရဟန်းသည် ငါတို့၏ စကားကို မနာယူဘဲ ပျက်စီးလေပြီဟု ကြံမိလေ၏၊ မဟာမောဂ္ဂလာန်ထေရ်သည် နဂါးမင်းကို ဆုံးမ၍ မာနကင်းဝေး ယဉ်ကျေးအောင် ပြု၍ သဲပုံ၌ ထိုင်နေတော်မူသည်။

နဂါးမင်းသည် သဲပုံကို အခွေတို့ဖြင့် ပတ်၍ အထွဋ်ရှိသော အိမ်ဝမ်းတွင်းပမာဏရှိသော ပါးပျဉ်းကို ဖန်ဆင်း၍ မထေရ်၏ အထက်၌ မိုးထားလေ၏။

ရသေ့အပေါင်းတို့သည် နံနက်စောစော၌ပင် ရဟန်း၏ သေမသေကို သိကြကုန်အံ့ဟု မထေရ်၏ ထံသို့သွား၍ သဲပုံအထက်၌ ထိုင်နေသော မထေရ်ကို မြင်ကြသော် လက်အုပ်ချီ၍ ချီးကျူးကြကာ အိုႉ . . ရဟန်းအသို့နည်း (ဘယ်လိုလဲ) နဂါးမင်းသည် သင့်ကို မနှိပ်စက် အပ်သလောဟု ပြောကြကုန်၏။

ငါ၏အထက်၌ ပါးပျဉ်းကို မိုး၍ ရပ်တည်နေသော နဂါးမင်းကို သင်တို့ မမြင်ကြကုန်သလောဟု မိန့်တော်မူ၏။

ရသေ့တို့သည် အိုႉ . . အချင်းတို့၊ အံ့ဩဖွယ် ရှိပါလေစွ။ ရဟန်းသည် ဤသို့ သဘောရှိသော

နဂါးမင်းကို ဆုံးမအပ်သည်ဟု မထေရ်ကို ခြံရံ၍ ရပ်နေကြကုန်၏။

ထိုခဏ၌ မြတ်စွာဘုရား ကြွလာတော်မူသည်။ မဟာမောဂ္ဂလာန်ထေရ်သည် မြတ်စွာဘုရားကို မြင်လေသော် ထ၍ ရှိခိုးသည်။

ထိုအခါ မဟာမောဂ္ဂလာန်ထေရ်ကို ရသေ့တို့က ဤပုဂ္ဂိုလ်သည် သင်ရဟန်းထက်သာ၍ တန်ခိုးကြီးသလောဟု ပြောကြသည်။

ဤပုဂ္ဂိုလ်သည် ဘုန်းတော်ခြောက်ဆူ အောင်လံထူသည့် နတ်လူတို့ ဆရာဖြစ်သည် - ငါသည် ဤဆရာ၏ တပည့်ဖြစ်တော့သည်ဟု မိန့်တော်မူသည်။ မြတ်စွာဘုရားသည် သဲပုံထိပ်၌ ထိုင်နေတော်မူသည်။ ရှေးဦးစွာ ငါတို့တွေ့လိုက်ရသော တန်ခိုးအာနုဘော်သည် တပည့်ဖြစ်သူ၏ တန်ခိုးအာနုဘော်ဖြစ်သည်။ ဆရာဖြစ်သော ဤပုဂ္ဂိုလ်၏ တန်ခိုးအာနုဘော်သည်ကား အသို့ရှိမည်နည်းဟု အကြံဖြစ်ကြကာ လက်အုပ်ချီ၍ မြတ်စွာဘုရားအား ချီးကျူးကြကုန်၏။

မြတ်စွာဘုရားသည် အင်္ဂုဒတ္တကို ခေါ်၍ အို. . . အင်္ဂုဒတ္တ သင်သည် သင်၏တပည့်တို့အားလည်းကောင်း အလုပ်အကျွေးတို့အားလည်းကောင်း ဩဝါဒပေးခဲ့သော် အဘယ်သို့ ဆို၍ ပေးသနည်းဟု မိန့်တော်မူ၏။

ဤတောင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြ။ တောကို အာရာမ်ကို သစ်ပင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြ၊ မှန်၏။ ထိုတောင်တော အာရာမ် သစ်ပင်တို့ကို ဆည်းကပ်သူသည် ဆင်းရဲအားလုံးမှ ကင်းလွတ်လိမ့်မည်ဟု ဤသို့သော ဩဝါဒကို ထိုတပည့်အလုပ်အကျွေးတို့အား ပေးပါ၏ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် အို. . . အင်္ဂုဒတ္တ ထိုတောင်တော အာရာမ်သစ်ပင်တို့ကို ဆည်းကပ်သူသည် ဆင်းရဲအားလုံးမှ မလွတ်နိုင်။ ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်ကိုးကွယ်မှ အလုံးစုံသော ဝဋ်ဆင်းရဲမှ ကင်းလွတ်နိုင်သည်ဟု မိန့်တော်မူကာ ဤဂါထာတို့ကို ဟောတော်မူသည်။

၁။ “ဗဟုံဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

၂။ နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

၃။ ယောစ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

၄။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပ သမဂါမိနံ။

၅။ ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။"

၁။ ဘယတဇ္ဇိတာ - ဘေးသည်၊ အကြောက်တရားသည် ခြိမ်းခြောက်အပ်ကုန်သော၊ မနုဿာ - လူတို့သည်၊ (ဘယတော - ဘေးမှ၊ ကြောက်ဖွယ်မှ၊ မုစ္စိတု ကာမာ - လွတ်လိုကြ၍၊ ဝါ - တစ်နည်းကား ပုတ္တလာဘာ ဒီနိ - သားသမီးရခြင်း၊ အစရှိသည်တို့ကို၊ ပတ္ထယ မာနာ - တောင့်တကုန်လျက်၊ ဗဟုံ - ဗဟု၊ များစွာကုန်သော၊ ပဗ္ဗတာနိစ - ဣသိဂိလိတောင်၊ ဝေပုလ္လတောင်၊ ဝေဘာရတောင် စသည်တို့ကိုလည်းကောင်း၊ ဝနာနိစ - မဟာဝုန်တော၊ ဂေါသိင်္ဂ - အင်ကြင်းတော စသည်တို့ကို လည်းကောင်း။

အာရာမရုက္ခစေ တျာနိစ - ဝေဠုဝန်အာရာမ် ဇီဝက သရက်ဥယျာဉ်အာရာမ် အစရှိသော အာရာမ်ဥဒေနစေတီ၊ ဂေါတမစေတီအစရှိသော သစ်ပင်စေတီတို့ကိုလည်းကောင်း၊ သရဏံကိုးကွယ် ရာဟူ၍၊ ယန္တိ - သွားရောက်ဆည်းကပ်ကြကုန်၏။

၂။ ဧတံသရဏံ - အလုံးစုံသော ထိုကိုးကွယ်ရာသည်၊ ခေါ - စင်စစ်၊ နခေမံ - ဘေးကင်းကြောင်း ဖြစ်သော ကိုးကွယ်ရာမဟုတ်။ ဧတံသရဏံ - အလုံးစုံသော ထိုကိုးကွယ်ရာသည်၊ နဥတ္တမံ - မြတ်သော ကိုးကွယ်ရာမဟုတ်။ ဧတံသရဏံ - အလုံးစုံသော ထိုကိုးကွယ်ရာကို၊ အာဂမ္မ - ကိုးကွယ်သမှု အကြောင်းပြု၍၊ ဧကောပိ - တစ်ယောက်သောသူသည်လည်း၊ သဗ္ဗဒုက္ခာ ဇာတိ အစရှိသော ဆင်းရဲ အားလုံးမှ နပမုစ္စတိ - မလွတ်မြောက်။

၃-၄။ ယောစ - အကြင်သူသည်ကား၊ ဗုဒ္ဓဉ္စ - မြတ်စွာဘုရားကိုလည်းကောင်း၊ ဓမ္မဉ္စ - တရားတော်မြတ်ကိုလည်းကောင်း၊ သံဃဉ္စ - သံဃာတော်ကိုလည်းကောင်း၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂတော - ဆည်းကပ်လေ၏။ ဒုက္ခံစ - ဒုက္ခသစ္စာကိုလည်းကောင်း၊ ဒုက္ခသမုပ္ပါဒံစ - ဒုက္ခဖြစ်ကြောင်း၊ သမုဒ္ဒယသစ္စာကိုလည်းကောင်း၊ ဒုက္ခဿ - ဒုက္ခနှင့် သမုဒယ၏ အတိက္ကမံစ - လွန်မြောက်မှု နိရောဓသစ္စာကိုလည်းကောင်း၊ ဒုက္ခူပသမဂါမိနံ - ဒုက္ခနှင့်သမုဒယငြိမ်းမှုကိုရောက်ကြောင်းဖြစ်သော အရိယံမြတ်သော၊ အဋ္ဌင်္ဂိကံ- အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂံစ - မဂ္ဂသစ္စာကိုလည်းကောင်း၊ ဣတိ - ဤသို့၊ စတ္တာရိ - လေးပါးကုန်သော၊ အရိယ သစ္စာနိ - အရိယသစ္စာတို့ကို၊ သမ္မပ္ပညာယ - မှန်ကန်သော ဝိပဿနာပညာ မဂ်ပညာဖြင့် ပဿတိ - သိမြင်လေ၏။

၅။ ဧတံသရဏံ - ဤဘုရား၊ တရား၊ သံဃာဟူသော ကိုးကွယ်ရာသည်၊ ခေါ - စင်စစ်၊ ခေမံ - ဘေးကင်းကြောင်းဖြစ်သော ကိုးကွယ်ရာဖြစ်၏။ ဧတံသရဏံ - ဤဘုရားတရားသံဃာဟူသော ကိုးကွယ်ရာသည်၊ ဥတ္တမံ - မြတ်သော ကိုးကွယ်ရာဖြစ်၏။ ဧတံသရဏံ - ဤဘုရား၊ တရား၊ သံဃာဟူသော ကိုးကွယ်ရာကို၊ အာဂမ္မ - ကိုးကွယ်ရာဟုအကြောင်းပြု၍၊ သဗ္ဗဒုက္ခာ ဇာတိအစရှိသော ဆင်းရဲအားလုံးမှ၊ ပမုစ္စတိ - မုချစင်းစင်းလွတ်ကင်းလေ၏။

ဒေသနာတော်အဆုံး၌ အင်္ဂီဒတ္တရသေ့အစရှိသော ရသေ့အားလုံးတို့သည် ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားကို ရှိခိုးကြပြီး၊ ရဟန်းအဖြစ်ကို တောင်းဆိုကြကုန်၏။

မြတ်စွာဘုရားသည်လည်း သင်္ကန်းတော်အတွင်းမှ လက်ကို ဆန့်တန်း၍ ဧထဘိက္ခဝေါ စရထ ဗြဟ္မစရိယံ - ရဟန်းတို့လာကြကုန်လော့။ မြတ်သောအကျင့်ကို ကျင့်ကြကုန်လော့ဟု မိန့်ခေါ်တော်မူ၏။ ထိုရသေ့တို့သည် ထိုမိန့်ခေါ်စဉ် ခဏာ၌ပင် ပရိက္ခရာရှစ်ပါးကို ဆောင်ကြကုန်လျက်၊ ဝါ - ခြောက်ဆယ်ရ မထေရ်တို့ကဲ့သို့ ဖြစ်ကြကုန်ပြီ။

ထိုနေ့သည်ကား အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကုရုတိုင်းနေသူအားလုံးတို့၏ ပူဇော်ဖွယ်ကို ယူဆောင်၍ လာရာနေ့ ဖြစ်သည်။ ထိုသူတို့သည် ပူဇော်ဖွယ်ကို ယူဆောင်၍ ရောက်လာကြစဉ် ရသေ့ဘဝမှ ရဟန်းအဖြစ်သို့ ရောက်နေကြသော ထိုရဟန်းအားလုံးတို့ကို မြင်ကြလေသော် အသို့နည်း ငါတို့၏ အင်္ဂီဒတ္တပုဏ္ဏားက မြတ်လေသလော။ သို့မဟုတ် ရဟန်းဂေါတမက မြတ်လေသလောဟု စဉ်းစားကြပြီး ရဟန်းဂေါတမက လာခဲ့သူဖြစ်သောကြောင့် အင်္ဂီဒတ္တကသာ မြတ်သည်ဟု မှတ်ထင်ကြကုန်၏။ မြတ်စွာဘုရားသည် ထိုသူတို့၏ အတွင်းသဘောကို ကြည့်တော်မူ၍ အို. . . အင်္ဂီဒတ္တပရိသတ်၏ ယုံမှားမှုကို ဖြတ်ပေးလိုက်ပါဟု မိန့်တော်မူ၏။ အင်္ဂီဒတ္တသည် တပည့်တော်သည်လည်း ထိုသူတို့၏ ယုံမှားမှုကို ပယ်ဖြတ်ရမည်ကိုသာ တောင့်တမိပါ၏ဟု လျှောက်ထားကာ တန်ခိုးအင်အားဖြင့် ခုနစ်ကြိမ်တိုင်အောင် ကောင်းကင်သို့ ပြန်တက်၍ မြတ်စွာဘုရားကို ရှိခိုးကာ မြတ်စွာဘုရား မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာဖြစ်ပါသည်။ တပည့် အင်္ဂီဒတ္တသည် သာဝကတပည့်ဖြစ်ပါသည်ဟု လျှောက်ထား၍ သာဝကအဖြစ်ကို ထင်ရှားစေလေသတည်း။

အင်္ဂီဒတ္တ ဗြာဟ္မဏဝတ္ထု ပြီး၏။

## ၄၉။ အာနန္ဒတ္ထေရပဉှဝတ္ထု
## အာနန္ဒာထေရ်မေးခြင်းအကြောင်း

အာနန္ဒာထေရ်သည် တစ်နေ့သ၌ နေ့နေရာအရပ်၌နေလျက် စဉ်းစားမိလေ၏။

ဆင်အာဇာနည်သည် ဆဒ္ဒန်ဆင်မျိုး၌သော်လည်းကောင်း၊ ဥပေါသထဆင်မျိုး၌သော်လည်းကောင်းဖြစ်၏။ မြင်းအာဇာနည်သည် သိန္ဓောမြင်းမျိုး၌သော်လည်းကောင်း၊ ဝလဟက - မြင်းမျိုး၌သော်လည်းကောင်းဖြစ်၏။ ဥသဘနွယ်နွားအာဇာနည်သည် ဒက္ခိဏပဒတိုင်း၌ ဖြစ်သည်။ ဤသို့ အစရှိသည်တို့ကို ဟောပြတော်မူသော မြတ်စွာဘုရားသည် ဆင်အာဇာနည် စသည်တို့၏ ဖြစ်ပေါ်ရာအရပ်စသည်တို့ကို ဟောပြအပ်ကုန်၏။ ယောကျ်ားအာဇာနည်ကား အဘယ်အရပ်ဒေသ၌ဖြစ်လေသနည်းဟု စဉ်းစားမိလေ၏။ အာနန္ဒာထေရ်သည် မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးပြီး သင့်လျော်ရာနေရာ၌ ထိုင်၍ ထိုအကြောင်းကို မေးလျှောက်လေ၏။

မြတ်စွာဘုရားသည် "အို. . . အာနန္ဒာ ယောကျ်ားအာဇာနည်မည်သည် ထိုထိုအရပ်တိုင်း၌ ရှိသည်မဟုတ် အဖြောင့်အားဖြစ် ယူဇနာသုံးရာရှည်လျားသော၊ အကျယ်အားဖြင့် ယူဇနာနှစ်ရာ့ငါးဆယ် ရှည်လျားသော၊ အဝန်းအားဖြင့် ယူဇနာကိုးရာပမာဏ မဇ္ဈိမဒေသအရပ်၌ ဖြစ်သည်"

သို့ဖြစ်သော်လည်း ဟူး ဟူး ညား ညား အမှတ်မထားသော အမျိုး၌ ဖြစ်သည်မဟုတ်။ ခတ္တိယမဟာသာလမင်းမျိုး၌ ပစ္စည်းဥစ္စာပေါများသူနှင့် ဗြာဟ္မဏမဟာသာလ ပုဏ္ဏားမျိုး၌ ပစ္စည်းဥစ္စာပေါများသူတို့တွင် တစ်နည်းအားဖြင့် ပစ္စည်းဥစ္စာပေါများသောမင်းနှင့် ပစ္စည်းဥစ္စာပေါများသော ပုဏ္ဏားမျိုးတွင် တစ်ခုသောအမျိုး၌သာ ဖြစ်သည်ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သောဂါထာကို ဟောတော်မူသည်။

"ဒုလ္လဘော ပုရိသာဇညော၊ နသော သဗ္ဗတ္ထ ဇာယတိ၊
ယတ္ထသော ဇာယတိ ဓီရော၊ တံ ကုလံသုခ မေဓတိ။"

ပုရိသာ ဇညော - ယောကျ်ားအာဇာနည်သည်၊ ဒုလ္လဘော ရခဲ၏။ (ဆင်အာဇာနည်စသည်တို့ကဲ့သို့ ရလွယ်သည်မဟုတ်) သော - ထိုယောကျ်ားအာဇာနည်သည်၊ သဗ္ဗတ္ထအရပ်ဒေသအားလုံး၌ နဇာယတိ - ဖြစ်သည်မဟုတ်။

ယတ္ထ - အကြင်အမျိုး၌၊ ဓီရော - မြတ်သောပညာရှိသော၊ သော - ထိုယောကျ်ားအာဇာနည်သည်၊ ဇာယတိ - ဖြစ်၏။ တံကုလံ - ထိုအမျိုးသည်။ သုခံ-ချမ်းသာခြင်းကို၊ ဧဓတိ-တိုးပွားစေ၏။ တနည်း-တံကုလံ-ထိုအမျိုးသည်၊ သုခံ - ချမ်းသာသည်၊ ဟုတွာ- ဖြစ်၍- ဧဓတိ - တိုးပွားလေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ယောကျ်ားအာဇာနည်သည် ဆင်အာဇာနည်စသည်တို့ကဲ့သို့ ရလွယ်သည် မဟုတ်။ ပစ္စန္တ

အရပ်၌ လည်းကောင်း၊ ယုတ်ညံ့သော အမျိုး၌ လည်းကောင်းမဖြစ်။ မဇ္ဈိမဒေသ၌သော်လည်း လူများစွာ ရှိခိုးခြင်းအစရှိသော ရိုသေမှုကို ပြုရာအရပ်၌ မင်းမျိုး၊ ပုဏ္ဏားမျိုးတစ်ခုခုသော အမျိုး၌ဖြစ်သည်။

မြတ်စွာဘုရားကို ရည်ရွယ်၍ ဖွင့်ဆိုထားသည်။

**အာနန္ဒတ္ထေရပဥ္စတ္ထု ပြီး၏။**

## ၅၀။ သမ္ဗဟုလ ဘိက္ခုဝတ္ထု
## များစွာသော ရဟန်းအကြောင်း

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ ရဟန်းငါးရာတို့သည် မြတ်စွာဘုရားအား ဆည်းကပ်ရာ ဇရပ်၌ နေကြကာ ငါ့ရှင်တို့ အဘယ်အရာသည် (တစ်နည်း) အဘယ်ချမ်းသာသည် အချမ်းသာဆုံးဖြစ်သနည်းဟူသော စကားကို ဖြစ်စေကုန်၏။ ထိုရဟန်းတို့တွင် အချို့သော ရဟန်းတို့သည် မင်းစည်းစိမ်ချမ်းသာနှင့်တူသော ချမ်းသာမည်သည် မရှိဟု ဆိုကြသည်။ အချို့သောရဟန်းတို့သည် ကာမချမ်းသာနှင့်တူသော ချမ်းသာမည်သည် မရှိဟု ဆိုကြသည်။ အချို့သော ရဟန်းတို့သည် သလေးသား ပြွမ်းဆွမ်းစသည်ကို စားရခြင်း ချမ်းသာနှင့်တူသော ချမ်းသာမည်သည်မရှိဟု ဆိုကြသည်။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ နေရာဌာနသို့ ကြွတော်မူ၍ ရဟန်းတို့ သင်တို့သည် ယခုအခါ အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စုဝေးနေကြပါသည်ဟု လျှောက်ထားအပ်သော် ရဟန်းတို့ အဘယ်ကို ပြောဆိုကြသနည်း။ မှန်၏ သင်တို့ပြောဆိုအပ်သော ချမ်းသာအားလုံးသည် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော ချမ်းသာသာဖြစ်၏။ ဤလောက၌ ဘုရားပွင့်တော်မူခြင်း၊ ဘုရားတရားတော်ကို ကြားနာရခြင်း၊ သံဃာ၏ ညီညွတ်ခြင်း ရှိ၍ ဝမ်းမြောက်ရွှင်လန်းခြင်းသည်သာ ချမ်းသာအစစ် ဖြစ်၏ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကိုဟောတော်မူသည်။

"သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ၊
သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ"

ဗုဒ္ဓါနံ - ဘုရားရှင်တို့၏ ဉပ္ပါဒေါ - ဖြစ်ပွင့်တော်မူခြင်းသည်၊ သုခေါ - လူများစွာကို၊ ရာဂကန္တာရ - ရာဂ ခရီးခဲစသည်တို့မှ ကူးမြောက်စေတတ်သောကြောင့် ချမ်းသာကြောင်းဖြစ်၏။ သဒ္ဓမ္မဒေသနာ - သူတော်ကောင်းတရားကို ဟောပြခြင်းသည်၊ သုခါ - တရားကို အကြောင်းပြု၍ သတ္တဝါတို့၏ ဇာတိအစရှိသည်တို့မှ ကင်းလွတ် ကြသောကြောင့် ချမ်းသာကြောင်းဖြစ်၏ သံဃဿ - သံဃာတော်၏ သာမဂ္ဂီ - သမစိတ္တတာ - တူညီသော စိတ်ရှိသည်၏ အဖြစ်သည်၊ သုခါ - ချမ်းသာကြောင်းဖြစ်၏။ သမဂ္ဂါနံ - တူညီသောစိတ်ရှိသူတို့၏ တပေါ - ဘုရားစကားတော်ကို သင်ယူခြင်း၊ ဓုတင်တို့ကိုဆောင်ခြင်း၊ ရဟန်းတရားကို ပြုကျင့်ခြင်းသည် သုခေါ - ချမ်းသာ ကြောင်းဖြစ်၏။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကြကုန်၏။ များစွာသော သူရဟန်းရှင်လူ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**သမ္ဗဟုလ ဘိက္ခုဝတ္ထု ပြီး၏။**

## ၅၁။ ကဿပဒသဗလဿသုဝဏ္ဏစေတိယဝတ္ထု
## ကဿပမြတ်စွာဘုရား၏ ရွှေစေတီအကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိမြို့မှ ထွက်၍ ခရီးစဉ်အားဖြင့် ဗာရာဏသီပြည်သို့ ကြွတော်မူစဉ် လမ်းခရီးအကြား တောဒေယျရွာအနီး၌ များစွာသောရဟန်းသံဃာခြံရံလျက် တစ်ခုသော နတ်ကွန်း တည်ရာအရပ်သို့ ရောက်တော်မူပြီ။

ထိုအရပ်၌ ထိုင်နေတော်မူသော မြတ်စွာဘုရားသည် ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော အာနန္ဒာထေရ်ကို စေလွှတ်၍ မနီးမဝေးအရပ်၌ လယ်ထွန်နေသော ပုဏ္ဏားကို ခေါ်စေတော်မူသည်။

ထိုပုဏ္ဏားသည် လာ၍ မြတ်စွာဘုရားကို ရှိမခိုးဘဲ နတ်ကွန်းကိုသာရှိခိုး၍ ရပ်နေ၏။ မြတ်စွာဘုရားသည်လည်း အို. . . ပုဏ္ဏား ဤနေရာအရပ်ကို သင်အဘယ်သို့ ထင်မှတ်သနည်းဟု မိန့်တော်မူ၏။

အရှင်ဂေါတမ "ကျွန်ုပ်တို့၏ အစဉ်အဆက်အားဖြင့် ရောက်လာသော စေတီတည်နေရာဟု ထင်မှတ်၍ ရှိခိုးပါ၏"ဟု လျှောက်ထား၏။

အို. . . ပုဏ္ဏား ဤအရပ်ဌာနကို ရှိခိုးသောသင်သည် ကောင်းသည်ကို ပြုအပ်ပေသည်ဟု မြတ်စွာဘုရားသည် ပုဏ္ဏားကို ရွှင်လန်းအားတက်စေ၏။ ထိုစကားကို ကြားကုန်၍ ရဟန်းတို့သည် အဘယ်သို့သော အကြောင်းကြောင့် မြတ်စွာဘုရားသည် ပုဏ္ဏားကို ဤသို့ ရွှင်လန်းအားတက်စေတော်မူသနည်းဟု ယုံမှားသံသယကို ဖြစ်စေကုန်၏။ ထိုမှ နောက်၌ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ သံသယကို ဖယ်ရှားခြင်ငှာ မဇ္ဈိမနိကာယ်၌ ဃဋိကာရ သုတ္တန်ကို ဟောတော်မူ၍ တန်ခိုးတော်အစွမ်းဖြင့် တစ်ယူဇနာမြင့်သော ကဿပမြတ်စွာဘုရား၏ ရွှေစေတီကိုလည်းကောင်း ထိုမှတစ်ပါးသော ရွှေစေတီကို လည်းကောင်း၊ ကောင်းကင်၌ ဖန်ဆင်း၍ လူများစွာကို ပြတော်မူပြီး

အို. . . ပုဏ္ဏား ဤသို့သဘောရှိကုန်သော ပူဇော်ထိုက်သော စေတီတို့အား ပူဇော်ခြင်းသည် အလွန်သင့် လှပေသည်ဟု မိန့်တော်မူ၍ မဟာပရိနိဗ္ဗာနသုတ်၌ ဟောပြအပ်သော နည်းဖြင့်ပင် ဘုရားအစရှိသော စေတီထိုက်သူ လေးဦးတို့ကို ဖော်ပြ၍ -

သရီရစေတီ

ဥဒ္ဒိဿစေတီ

ပရိဘောဂစေတီအားဖြင့် သုံးမျိုးသော စေတီတို့ကို အထူးအားဖြင့် ပြဆိုတော်မူ၍ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောပြတော်မူသည်။

"ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိ ဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။

တေ တာဒိ သေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
နသက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ”

ပူဇာရဟေ - ပူဇော်ခြင်းငှာ ထိုက်ကုန်သော၊ ပပဉ္စသမ - တိက္ကန္တေ - တဏှာ မာနဒိဋ္ဌိတည်းဟူသော သံသရာနယ်ချဲ့တရားတို့ကို လွန်မြောက်ပြီးဖြစ်ကုန်သော၊ တိက္ကသောက ပရိဒ္ဒဝေ - စိုးရိမ်ပူဆွေးငိုကြွေးခြင်းတို့ကို ကူးမြောက်ပြီးဖြစ်ကုန်သော၊ နိဗ္ဗုတေ - ကိလေသာဟူ အပူခပ်သိမ်းငြိမ်းအေးကုန်ပြီးသော၊ အကုတောဘယေ - တစ်စုံတစ်ခုသော ဘေးရန်မရှိကုန်သော တာဒိသေ - ထိုသို့သဘောရှိကုန်သော၊ တေဗုဒ္ဓေဝါ - ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ ယဒိဝါ - ထိုမှတစ်ပါး ပစ္စေကဗုဒ္ဓတို့ကိုလည်းကောင်း၊ ယဒိဝါ - ထိုမှတစ်ပါး ပစ္စေက ဗုဒ္ဓတို့ကိုလည်းကောင်း၊ သာဝကေဝါ - တပည့်သားသံဃာတို့ကိုလည်းကောင်း၊ ပူဇယတော - ပူဇော် သောသူ၏၊ ပုံညံ - ကောင်းမှုကို၊ ဣမံ - ဤကောင်းမှုသည်၊ ဧတ္တံ - ဤမျှအကျိုးရှိ၏။ ဣတိ - ဤသို့ ကေနစိ အပိ - တစ်စုံတစ်ယောက်သော သူသည်လည်း၊ သင်္ခါတုံ - ရေတွက်ခြင်းငှာ၊ နသက္ကာ - မတတ်နိုင်။

ဣမေတ္တမပိကို ဣမံဧတ္တံအပိဟုပုဒ်ဖြစ်ရမည်။ ဧတ္တံကို ဧတ္တကံဟု အနက်ပေးရမည်ကိုလည်းကောင်း၊ အပိ သဒ္ဒါကို ကေနစိသဒ္ဒါနှင့် ယှဉ်တွဲ၍ အနက်ပေးရမည်ကိုလည်းကောင်း အဋ္ဌကထာ ဖွင့်ဆိုသည်။

ထို့ပြင် ကေနစိကို ကေနစိပုဂ္ဂလေန မာနေနဝါဟု နှစ်မျိုးဖွင့်ပြသည်။ အဓိပ္ပာယ်မှာ ဘုရားနှင့် ပစ္စေကဗုဒ္ဓါ တပည့်သား သံဃာတို့ကို ရှိခိုးခြင်းစသည်တို့ဖြင့်လည်းကောင်း၊ ပစ္စည်းလေးပါးတို့ဖြင့်လည်းကောင်း၊ ပူဇော်သူ၏ ကုသိုလ်ကောင်းမှုကို ဤမျှအကျိုးရှိ၏ဟု ပြဟ္မာအစရှိသော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ရေတွက်ခြင်းငှာ မတတ်နိုင်ဟုလည်းကောင်း။

မာနေန - အရ ဖော်ပြခဲ့သော ကုသိုလ်၏အကျိုးကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ဤမျှအကျိုးရှိ၏ဟု၊ တီရဏ - နည်းလမ်းဖြင့် ခန့်မှန်း၍လည်းကောင်း၊ ဓာရဏ - ချိန်တွယ်၍လည်းကောင်း၊ တစ်လက်ဖက်၊ တစ်စလယ်၊ တစ်ပြည် စသည်ဖြင့် ချင့်ပေးရန်လည်းကောင်း မတတ်နိုင်ဟု ဆိုလိုသည်။

ထိုသို့ ပူဇော်သူ၏ ကုသိုလ်ကောင်းမှုအကျိုးကို ဤမျှရှိ၏ဟု မရေတွက်နိုင်သည်မှာ သက်တော်ထင်ရှားရှိသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို ပူဇော်သူ၏သာ ကောင်းမှုအကျိုးကို မရေတွက်နိုင်သည်မဟုတ်၊ ခန္ဓာဇာတ်သိမ်း ငြိမ်းပြီးသော ဘုရားပစ္စေက ဗုဒ္ဓါရဟန္တာတို့ကို ပူဇော်သူ၏ ကောင်းမှုအကျိုးသည်လည်း ဤမျှရှိ၏ဟု မရေတွက်နိုင်သည်ဟု မှတ်ရမည်။ ထို့ကြောင့် ဝိမာနဝတ္ထု ပါဠိတော်၌ ဖော်ပြလတ္တံ့သော ဂါထာကို ဟောထားကြောင်း အဋ္ဌကထာ ဖွင့်ဆိုသည်။

“တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတော ပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိ”

တိဋ္ဌန္တေစ - သက်တော်ထင်ရှား ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ၌ လည်းကောင်း၊ နိဗ္ဗုတေစာပိ - ပရိနိဗ္ဗာန်ဝင်ခံ ပြီးပြား ဘုရားပစ္စေဗုဒ္ဓါ ရဟန္တာ၌လည်းကောင်း စိတ္တေ - သဒ္ဓါလွှမ်းဖိတ် ကြည်ညိုစိတ်သည်၊ သမေ - တူမျှသော်၊ ဖလံ - အကျိုးသည်၊ သမံ - တူမျှ၏။ ဟိ - မှန်၏။ သတ္တာ - သတ္တဝါတို့သည်၊ စေတောပဏိဓိဟေတု - စိတ်ကို အညီအမျှထားခြင်းဟူသောအကြောင်းကြောင့်၊ သုဂ္ဂတိ - ကောင်းသော သူတို့၏ လားရာလူ့ပြည်နတ်ပြည်သို့၊ ဂစ္ဆန္တိ - သွားရောက်ကြကုန်၏။

ပူဇာရဟေ - ပူဇယတော အစရှိသော ဒေသနာတော်၏ အဆုံး၌ လယ်လုပ်သမား ထိုပုဏ္ဏားသည် သောတာပန်ဖြစ်လေပြီ။ တစ်ယူဇနာအမြင့်ရှိသော ရွှေစေတီသည် ခုနစ်ရက်ပတ်လုံး ကောင်းကင်၌သာ တည်လေပြီ။ များစွာသော လူအစုအဝေးဖြစ်လေပြီ။ ခုနစ်ရက်ပတ်လုံး စေတီတော်ကို အမျိုးမျိုးအားဖြင့် ပူဇော်ကြလေသည်။ ဗုဒ္ဓဘာသာအယူမှ တစ်ခြားသောအယူ ရှိသူတို့၏ အယူသည် ပျက်စီးလေပြီ။ မြတ်စွာဘုရား၏ တန်ခိုးတော်ဖြင့် ထိုရွှေစေတီသည် မိမိတည်ရာသို့သာ ရောက်လေပြီ။ ထိုအရပ်၌ပင် ထိုခဏ၌ ကြီးစွာသော ကျောက်စေတီ ဖြစ်လေပြီ။ ထိုအစုအဝေး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာလေးပါးတရား ထိုးထွင်းသိမြင်မှု ဖြစ်လေပြီ။

ကဿပဒသဗလဿသုဝဏ္ဏစေတိယဝတ္ထု ပြီး၏။

## ၁၅။ သုခဝဂ်

## ၅၂။ ဉာတိကလဟဝူပသမကဏဝတ္ထု
## ဆွေတော်မျိုးတော်တို့ ခိုက်ရန်ကို ငြိမ်းစေခြင်းအကြောင်း

သာကီဝင်မင်း ကောလိယမင်းတို့သည် ကပိလဝတ်မြို့နှင့် ကောလိယမြို့ နှစ်ခုအကြား ရောဟိဏီမြစ်ကို ဆည်ဘောင်ဆည်ရိုးတစ်ခုတည်းဖြင့် တားဆီး၍ ကောက်စပါးတို့ကို စိုက်ပျိုးကြကုန်၏။

တစ်ခုသောအချိန်တွင် နယုန်လ၌ ရေမရ၍ ကောက်ပင်များ ပြိုးနွမ်းနေကုန်သော် ကပ္ပိလဝတ်မြို့ ကောလိယမြို့နေ လယ်လုပ်သမားတို့ စည်းဝေးကြကုန်၏။

ထိုအစည်းအဝေးတွင် ကောလိယမြို့နေ သာကီဝင်မင်းတို့၏ အလုပ်သမားတို့က ရောဟိဏီမြစ် အတွင်းရှိ ဤရေသည် နှစ်ဦးလုံးက ယူကြလျှင် သင်တို့အတွက်လည်းမလောက်၊ ငါတို့အတွက်လည်း မလောက်၊ ငါတို့၏ ကောက်ပင်စိုက်ကွင်းသည် တစ်ကြိမ်တည်းယူအပ်သော ရေဖြင့်ပင် အသီးအနှံပြည့်စုံ ပြီးစီးလိမ့်မည်။ ဤရေကို ငါတို့အားပေးကြပါဟု ပြောဆိုကုန်၏။

ကပိလဝတ်မြို့နေ သာကီဝင်မင်းတို့၏ အလုပ်သမားတို့ကလည်း သင်တို့က စပါးကျီ၌ စပါး အပြည့်ဖြင့် နေကြစဉ် ငါတို့က ရွှေနီ၊ ပတ္တမြားညို၊ အသပြာမဲတို့ကိုယူ၍ ခြင်းတောင်း၊ စပါးအိတ် စသည်တို့ကို ကိုင်ကြလျက် သင်တို့၏ အိမ်တံခါးဝ၌ လှည့်လည်တောင်းခံရန် မစွမ်းနိုင်ကြ။ ငါတို့၏ ကောက်ပင်စိုက်ကွင်းသည်လည်း တစ်ကြိမ်တည်းယူအပ်သော ရေဖြင့်သာ အသီးပြည့်စုံ ပြီးစီးလိမ့်မည်။ ရောဟိဏီမြစ်တွင်းရှိ ဤရေကို ငါတို့အား ပေးကြပါဟု ပြောကြသည်။

ငါတို့မပေးနိုင်၊ ငါတို့ကလည်း မပေးနိုင်ဟု စကားကျယ်ပွားပြီး တစ်ယောက်သည် ထိုင်ရာမှ ထ၍ တစ်ယောက်ကို ပုတ်ခတ်လေ၏။ ပုတ်ခတ်ခံရသူကလည်း ပုတ်ခတ်သူအား ပြန်၍ ပုတ်ခတ်လေ ၏။ ဤသို့ တစ်ယောက်သည် တစ်ယောက်ကို ပုတ်ခတ်ရိုက်နှက်၍ မင်းမျိုးတို့၏ ဇာတ်ကို (ဖြစ်ခဲ့ပုံကို) ထိပါး ပုတ်ခတ်၍ ခိုက်ရန်တိုးပွားကြကုန်၏။

ကောလိယမြို့နေ သာကီဝင်မင်းတို့၏ အလုပ်သမားတို့က ဤသို့ ပြောဆိုကြသည်။

သင်တို့သည် ကပိလဝတ်မြို့နေ သာကီဝင် မင်းတို့ကို လက်ကိုင်ပြု၍ ကြုံးဝါးကြသည်။ ယင်းကပိလဝတ်မြို့နေ သာကီဝင်မင်းတို့သည် ခွေးခွေး၊ တောခွေးတို့ကဲ့သို့ မိမိ၏ အစ်မ နှမများနှင့် ပေါင်းဖော်နေကြသည်။ ထိုမင်းတို့၏ ဆင်မြင်းကာလက်နက်တို့က ငါတို့၏ အန္တရာယ်ကို အဘယ်သို့ ပြုကြမည်နည်းဟု ပြောဆိုကြကုန်၏။ ကပိလဝတ်မြို့နေ သာကီဝင်မင်းတို့၏ အလုပ်သမားတို့ကလည်း သင်တို့သည် ယခု လူနု၏သားကို လက်ကိုင်ပြု၍ ကြုံးဝါးကြသည်။ ယင်းကောလိယမြို့နေ မင်းဇာတ်တို့သည် ကိုးကွယ်ရာမဲ့၊ နေစရာအိမ်မဲ့ဖြစ်ကြကာ တိရစ္ဆာန်တို့ကဲ့သို့ ကလောပင်၌ နေခဲ့ကြပြီ၊ ကိုးကွယ်ရာ မဲ့ကုန်သော ထိုမင်းတို့၏ ဆင်မြင်းကာ လက်နက်တို့က ငါတို့၏ အန္တရာယ်ကို အဘယ်သို့ ပြုကြမည် နည်းဟု ပြောကြသည်။ ထိုလယ်အလုပ်သမားတို့သည် သွားကြပြီး လယ်လုပ်ငန်း၌ ဆက်စပ်ကုန်သော အမတ်ကြီးတို့အား ပြောကြသည်။ အမတ်ကြီးတို့က မင်းမျိုးတို့အား ပြောကြသည်။ ထိုအခါ ကပိလဝတ်

မြို့နေ သာကီဝင်မင်းတို့သည် အစ်မနှမတို့နှင့်အတူ ပေါင်းဖော်နေသူတို့၏ အားနှင့်အစွမ်းကို ပြကြမည်ဟု ပြောဆိုကာ စစ်ဆင်ပြီး ထွက်ခဲ့ကြကုန်၏။

ကောလိယမြို့နေ မင်းတို့သည်လည်း ကလောပင်၌နေသူတို့၏ အားနှင့်အစွမ်းကို ပြကြမည်ဟု ပြောဆိုကာ စစ်ဆင်ပြီးထွက်ခဲ့ကြကုန်၏။

မြတ်စွာဘုရားသည်လည်း မိုးသောက်ခါနီး လင်းအားကြီးအချိန်၌ သတ္တလောကကို ကြည့်တော်မူလတ်သော် ဆွေမျိုးတို့ကို မြင်တော်မူ၍ ငါဘုရားမသွားခဲ့သော် ဤလူတို့ ပျက်စီးကြတော့မည် ငါဘုရားသွားသင့်သည်ဟု သိတော်မူပြီး တစ်ပါးတည်းသာ ကောင်းကင်ဖြင့် ကြွသွား၍ ရောဟိဏီမြစ် အလယ်အထက်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီ။

ဆွေမျိုးတို့သည် မြတ်စွာဘုရားကို မြင်ကြ၍ လက်နက်တို့ကို စွန့်ပစ်ပြီး ရှိခိုးကြကုန်၏။

ထိုအခါ ဆွေမျိုးတို့ကို မြတ်စွာဘုရားက အို. . . မင်းကြီးတို့ ဤခိုက်ရန်မည်သည် အဘယ့်ကြောင့်ဖြစ်သနည်းဟု မေးတော်မူ၏။

မြတ်စွာဘုရား တပည့်တော်တို့ မသိကြပါ။

ယခု အဘယ်သူသိမည်နည်းဟု မိန့်တော်မူသောအခါ မင်းတို့သည် အိမ်ရှေ့မင်းသိပါလိမ့်မည်။ စစ်သူကြီးသိပါလိမ့်မည်။ ဤသို့သောနည်းဖြင့် အမှုလုပ်ယောကျာ်းတို့တိုင်အောင် မေးသဖြင့် မြတ်စွာဘုရား ရေအတွက်ကြောင့် ခိုက်ရန်ဖြစ်ကြပါသည် ဘုရားဟု လျှောက်ထားကြသည်။

မင်းကြီးတို့ ရေသည် အဘယ်မျှ အဖိုးထိုက်သနည်း။

မြတ်စွာဘုရား တန်ဖိုးအနည်းငယ်သာထိုက်ပါသည်။

မင်းကြီးတို့ မင်းမျိုးတို့သည် အဘယ်မျှ အဖိုးထိုက်တန်ကုန်သနည်း။

မြတ်စွာဘုရား မင်းမျိုးတို့မည်သည် တန်ဖိုးမဖြတ်နိုင်အောင် ထိုက်တန်ကြပါသည်။

တန်ဖိုးအနည်းငယ်မျှသော ရေကိုအကြောင်းပြု၍ တန်ဖိုးမဖြတ်နိုင်သော မင်းတို့ကို ပျက်စီးစေရန် သင်တို့ အား မသင့်လျော်ဟု မိန့်တော်မူသောအခါ ထိုမင်းတို့သည် ဆိတ်ဆိတ်နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုမင်းတို့ကို မိန့်ခေါ်၍ မင်းကြီးတို့ သင်တို့သည် အဘယ့်ကြောင့် စစ်တိုက်ရန် ပြင်ဆင်ကြသနည်း။ ငါဘုရားမရှိခဲ့သော် ယနေ့ သွေးချောင်းစီးဖြစ်တော့မည်။ သင်တို့သည် မပြုသင့်သည်ကို ပြုအပ်ပြီ သင်တို့သည် ငါးမျိုးသော ရန်တို့ဖြင့် ရန်ရှိပြီးနေကြသည်။ ငါဘုရားသည် ရန်မရှိဘဲနေသည်။ သင်တို့သည် ကိလေသာတို့ နှိပ်စက်ခံ၍နေကြသည်။ ငါဘုရားသည် ကိလေသာ နှိပ်စက်မခံမူ၍ နေတော်မူသည်။ သင်တို့သည် ကာမဂုဏ်ကို လုံ့လစိုက်ရှာဖွေနေကြသည်။ ငါဘုရားသည် လုံ့လမစိုက် ကြောင့်ကြမဲ့နေတော်မူသည်ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောတော်မူပြီ။

၁။ "သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။

၂။ သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ။

၃။ သုသုခံဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ။
ဥဿုကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ"

၁။ မယံ - ငါတို့သည်၊ ဝေရိနေသု - ငါးမျိုးသော ရန်တို့ဖြင့် ရန်ရှိနေသူ လူတို့တွင်၊ အဝေရိနော - ရန်မရှိ ကုန်သည် (ဟုတွာ - ဖြစ်ကုန်၍) ဝတ - စင်စစ်၊ သုသုခံ - ကောင်းကောင်းချမ်းသာစွာ ဇီဝါမ - အသက်ရှင်ကြကုန်၏။

မယံ - ငါတို့သည်၊ မနုဿေသု - လူတို့သည်၊ ဝေရိနေသု - ငါးမျိုးသော ရန်တို့ဖြင့် ရန်ရှိနေကြစဉ်၊ အဝေရိနော - ရန်မရှိကြဘဲ၊ ဝိဟရာမ - နေကြကုန်၏။

၂။ မယံ - ငါတို့သည်၊ အာတုရေသု - ကိလေသာဒဏ်နှိပ်စက်ခံကာ နာကျင်သူတို့တွင် အနာတုရာ ကိလေသာဒဏ်နှိပ်စက်မခံ မနာကျင်ကုန်သည် (ဟုတွာ-ဖြစ်ကုန်၍)ဝတ-စင်စစ်၊ သုသုခံ-ချမ်းချမ်းသာသာ၊ ဇီဝါမ-အသက်ရှင်ကြကုန်၏။

မနုဿေသု- လူတို့သည်၊ အာတုရေသု- ကိလေသာဒဏ်နှိပ်စက်ခံကာ နာကျင်နေကြစဉ်၊ မယံ-ငါတို့သည်၊ အနာတုရာ-ကိလေသာဒဏ်နှိပ်စက်မခံ၊ မနာကျင်ကြဘဲ ဝိဟာရာမ-နေကြကုန်၏။

၃။ မယံ-ငါတို့သည်၊ ဥဿုကေသု-ကာမဂုဏ်အတွက်ကြောင့်ကြဖက်သူတို့တွင် အနုဿုကာ-ကာမဂုဏ် အတွက်လုံ့လမစွက်၊ ကြောင့်ကြမဖက်ကြသည် (ဟုတွာ-ဖြစ်ကုန်၍) ဝတ-စင်စစ်၊ သုသုခံ-အလွန်ချမ်းသာစွာ၊ ဇီဝါမ-အသက်ရှင်ကြလေ၏။

မနုဿေသု- လူတို့သည်၊ ဥဿုကေသု- ကာမဂုဏ်အတွက်၊ လုံ့လစွက်လျက် ကြောင့်ကြဖက်နေကြစဉ်၊ မယံ-ငါတို့သည်၊ အနုဿုကာ- ကာမဂုဏ်အတွက် လုံ့လမစွက်ကြောင့်ကြမဖက်ကြဘဲ၊ ဝိဟာရာမ-နေကြကုန်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ဉာတိကလဟဝူပသမဏဝတ္ထု ပြီး၏။**

## ၅၃။ မာရဝတ္ထု
## မာရ်နတ်နှောင့်ယှက်ခြင်းအကြောင်း

မြတ်စွာဘုရားသည် တစ်ခုသောအချိန်၌ သတို့သမီးငါးရာတို့၏ သောတာပတ္တိမဂ်၏ အားကောင်းသော မှီရာအကြောင်းကို မြင်တော်မူ၍ ပဉ္စသာလာ အမည်ရှိသော ပုဏ္ဏားရွာကို အမှီပြု၍ နေတော်မူ၏။ အမျိုးသမီးငါးရာတို့သည် နက္ခတ်ပွဲသဘင်ကျင်းပရာ တစ်ခုသောနေ့၌ မြစ်သို့သွား၍ ရေချိုးကြပြီး၊ အဝတ်တန်ဆာဆင်ယင်ကြကာ ရွာသို့ရှေးရှုသွားကြကုန်၏။ မြတ်စွာဘုရားသည်လည်း ထိုရွာသို့ဝင်၍ ဆွမ်းခံလှည့်တော်မူသည်။ ထိုအချိန်၌ မာရ်နတ်သည် ရွာနေသူအားလုံးတို့၏ ကိုယ်၌ ပူးဝင်၍ မြတ်စွာဘုရားကို တစ်ဇွန်း၊ တစ်ယောက်မမျှလောက်သော ဆွမ်းကို မရအောင် ပြုထားပြီး ဆေးကြောထားသည့်အတိုင်းရှိသော သပိတ်ဖြင့် ရွာမှ ထွက်လာသော မြတ်စွာဘုရားကို ရွာတံခါးအနီး၌ ရပ်၍ အို. . . ရဟန်း ဆွမ်းကိုရခဲ့ပါသလောဟု မေးလေ၏။

အို. . . မာရ်နတ်ယုတ် သင်သည် ငါဘုရားဆွမ်းမရအောင်ပြုထားသည်မဟုတ်လော။

အရှင်ဘုရား ထိုသို့ ပြုထားသည်ဖြစ်လျှင် ရွာတွင်းသို့ တဖန်ပြန်ဝင်ပါဟု မာရ်နတ်က ပြောဆို၏။

မာရ်နတ်၏ အကြံအစည်ကား ဤသို့ ဖြစ်သတတ်။ အကယ်၍ မြတ်စွာဘုရားရွာတွင်းသို့ ပြန်ဝင်လျှင် ရွာသူရွာသားအားလုံးတို့၏ ကိုယ်၌ပူးဝင်၍ ဤရဟန်း၏ ရှေ့၌ လက်ခုပ်တီးပြီး ပျက်ရယ်ပြောင်လှောင်မှုကို ပြုမည်ဟူ၏။

ထိုခဏ၌ ထိုအမျိုးသမီးငါးရာတို့သည် ရွာတံခါးအနီးသို့ ရောက်ကြ၍ မြတ်စွာဘုရားကို မြင်လျှင်ရှိခိုးပြီး တစ်နေရာ၌ ရပ်နေကြသည်။ မာရ်နတ်ကလည်း မြတ်စွာဘုရားကို အရှင်ဘုရား အရှင်သည် ဆွမ်းကိုမရခြင်းကြောင့် ဆာလောင်ခြင်း ဆင်းရဲ နှိပ်စက်ခံရပါသလော။ (နှိပ်စက်ခံရသည်မဟုတ်လော) ဟု ပြောရာ မြတ်စွာဘုရားက ဟယ်မာရ်နတ်ယုတ် ယနေ့အဖို့ ငါတို့ဘာကိုမျှ မရသော်လည်း အာဘဿရာ ပြဟ္မာကြီးတို့ကဲ့သို့ ပီတိချမ်းသာဖြင့်သော အချိန်ကို ကုန်လွန်စေကြမည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

"သုသုခံ ဝတ ဇီဝါမ၊ ယေသံနော နတ္ထိ ကိဉ္စနံ။

ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။"

ပါပိမ- ဟယ်မာရ်နတ်ယုတ်၊ ယေသံနော- လောကထွတ်ထားအကြင်ငါတို့အား၊ ကိဉ္စနံ- ရာဂအစရှိသော ကြောင့်ကြမှုသည်၊ နတ္ထိ- တစိုးတစိ မရှိချေ။ တေမယံ- ထိုငါတို့သည်၊ ဝတ-စင်စစ်၊ သုသုခံ- ကောင်းကောင်း ချမ်းသာစွာ၊ ဇီဝါမ- သက်ရှင်ကြကုန်၏ အာဘဿရာ - အာဘဿရာ ပြဟ္မာဘုံ၌ ဖြစ်ကုန်သော၊ ဒေဝါယထာ- ပြဟ္မာတို့ကဲ့သို့ ပီတိဘက္ခာ- နှစ်သက်မှု ပီတိလျှင် အစာရှိကုန်သည်။ ဘဝိဿာမ- ဖြစ်ကြကုန်အံ့။

ဒေသနာတော်အဆုံး၌ သတို့သမီးငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်သည်။

မာရဝတ္ထု ပြီး၏။

## ၁၄။ ကောသလရညောပရာဇယဝတ္ထု
## ကောသလမင်းစစ်ရှုံးခြင်းအကြောင်း

ကောသလမင်းကြီးသည် ကာသိတိုင်း၌ဖြစ်သော ရွာတစ်ရွာကို အကြောင်းပြု၍ တူဖြစ်သူ အဇာတသတ်မင်းနှင့်အတူ စစ်တိုက်သည်ရှိသော် သုံးကြိမ်တိုင်အောင် ရှုံးနိမ့်သည်ဖြစ်၍ သုံးခုမြောက်ဖြစ်သော အကြိမ်၌ ဤသို့စဉ်းစားလေ၏။

ငါသည် ခံတွင်း၌ နို့ရည်နံ့မပျောက်သေးသူ သူငယ်ကို အနိုင်မယူနိုင် (ရှုံးစေရန် မတတ်နိုင်) ငါ့အား အသက်ရှင်နေခြင်းဖြင့် အဘယ့်အကျိုး ရှိတော့မည်နည်းဟု ကြံစည်နေ၏။

ကောသလမင်းသည် အစာအဟာရကို ဖြတ်၍ ညောင်စောင်းငယ်၌ အိပ်နေလေ၏။ ထိုအခါ ကောသလမင်း၏ ထိုသို့ ဖြစ်ပုံအကြောင်းသည် (သတင်းသည်) တစ်မြို့လုံး ပျံ့နှံ့သွားလေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ အဘယ်တို့ လျှောက်ထားကြသနည်းဟူမူ မြတ်စွာဘုရားကောသလမင်းကြီးသည် ကာသိတိုင်း၌ ဖြစ်သော ရွာအငယ်ကို အကြောင်းပြု၍ သုံးကြိမ်တိုင်အောင် စစ်ရှုံးပါလေပြီ။ ကောသလမင်းကြီးသည် ယခုအခါ စစ်ရှုံး၍ပြန်လာပြီး၊ ငါသည် ခံတွင်း၌ နို့ရည်နံ့မကင်းသေးသော သူငယ်ကိုသော်လည်း အောင်နိုင်ခြင်းမရှိ၊ ငါ့အား အဘယ်အကျိုးရှိတော့မည်နည်းဟု အစာအဟာရကို ဖြတ်၍ ညောင်စောင်းငယ်၌ အိပ်နေပါသည်ဘုရား။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူ၍

ရဟန်းတို့ အောင်နိုင်သူသည်လည်း ရန်ကိုတိုးပွားစေ၏။ ရှုံးနိမ့်သူသည်ကား ဆင်းရဲစွာ အိပ်နေရ၏ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူ၏။

“ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော။
ဥပသန္တော သုခံ သေတိ၊ ဟိတွာ ဇယပရာဇယံ”

ဇယံ-ဇယန္တော- အောင်နိုင်သူသည်၊ ဝေရံ- ရန်ကို၊ ပသဝတိ- တိုးပွားစေ၏၊ ဝါ-ရ၏။ ပရာဇိတော- ရှုံးနိမ့်သူသည်။ ဒုက္ခံ- ဆင်းရဲစွာ၊ သေတိ- အိပ်နေရ၏။ ဥပသန္တော-ကိုယ်တွင်း၌ ရာဂ - အစရှိသော ကိလေသာငြိမ်းပြီးသော ရဟန္တာသည်၊ ဇယပရာ ဇယံ- နိုင်ခြင်း ရှုံးခြင်းကို၊ ဟိတွာ- ပယ်စွန့်၍ သဗ္ဗရိယာပထေထသုက္ကရိယာပုတ်အားလုံး တို့၌၊ သုခံ- ချမ်းသာစွာ၊ သေတိ- နေရလေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ကောသလရညောပရာဇယဝတ္ထု ပြီး၏။**

# ၅၅။ အညတရ ကုလ ဒါရိကာဝတ္ထု
# မထင်ရှားသော အမျိုးသမီးငယ်အကြောင်း

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမျိုးသမီးငယ်တစ်ယောက်၏ အမိ အဖတို့သည် အမျိုးသမီးငယ်ကို ထိမ်းမြားလက်ထပ်၍ မင်္ဂလာပြုရာနေ့၌ မြတ်စွာဘုရားကို ပင့်လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာခြံရံလျက် မင်္ဂလာပြုရာနေအိမ်သို့ ကြွရောက်၍ ထိုင်နေတော်မူသည်။ အမျိုး သမီးချွေးမသည်လည်း ရဟန်းသံဃာ၏ ရေစစ်ပေးခြင်း စသည်တို့ကို ပြုလျက် လူးလာတုန့်ခေါက် ရွေ့လျားသွားလာနေ၏။ ထိုအမျိုးသမီး ချွေးမ၏ လင်ယောကျ်ားသည်လည်း သူ၏အမျိုးသမီးကို ကြည့်လျက်နေလေ၏။ တပ်မက်မှုရာဂအလိုဖြင့် ကြည့်နေသော ထိုလင်ယောကျ်ား၏ အတွင်း၌ ကိလေသာသည် ထင်ရှားဖြစ်ပေါ်လေ၏။ ထိုလင်ယောကျ်ားသည် မသိတရားနှိပ်စက် အပ်သည်ဖြစ်၍ မြတ်စွာဘုရားကို မဆည်းကပ်မလုပ်ကျွေးလေ။ သူ၏ လက်ကို ဆန့်တန်း၍ သူ၏ အမျိုးသမီးကို ကိုင်မည်ဟူသောစိတ်ကိုပြုလေ၏။ မြတ်စွာဘုရားသည် ထိုအမျိုးသား၏ အတွင်း အလိုဆန္ဒကို ကြည့်မြင်တော်မူ၍ ထိုအမျိုးသားသည် အမျိုးသမီးကိုမမြင်အောင် ပြုထားလေ၏။

ထိုအမျိုးသားသည် အမျိုးသမီးကို မမြင်သောကြောင့် မြတ်စွာဘုရားကို ကြည့်လျက်နေလေ၏။

မြတ်စွာဘုရားသည် မိမိကို ထိုအမျိုးသားကြည့်နေစဉ်

အို. . . သတို့သား

ရာဂမီးနှင့်တူသော မီးမည်သည်မရှိ။

ဒေါသဟူသောအပြစ်နှင့်တူသော အပြစ်မည်သည်မရှိ။

ခန္ဓာကို ဆောင်ရွက်ရခြင်း ဆင်းရဲနှင့်တူသော ဆင်းရဲမည်သည်မရှိ၊ နိဗ္ဗာန်ချမ်းသာနှင့်တူသော ချမ်းသာလည်းမရှိသည်သာဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သောဂါထာကို ဟောတော်မူ၏။

“နတ္ထိ ရာဂသမောအဂ္ဂိ၊ နတ္ထိ ဒေါသသမောကလိ။

နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိသန္တိပရံသုခံ”။

ရာဂသမော- တပ်မက်မှု ရာဂအပူနှင့်တူသော၊ အဂ္ဂိ-မီးသည် မီးပူသည်၊ နတ္ထိ-မရှိ။ ဒေါသသမာ- အမျက်ဒေါသနှင့်တူသော၊ ကလိ-အပြစ်သည်၊ နတ္ထိ-မရှိ။ ခန္ဓသမာ-ဆောင်ထားအပ်သော ခန္ဓာနှင့် တူကုန်သော၊ ဒုက္ခာ-ဆင်းရဲတို့သည်၊ နတ္ထိ-မရှိကုန်၊

သန္တိပရံ-နိဗ္ဗာန်ထက်သာလွန်သော၊ သုခံ-ချမ်းသာသည်၊ နတ္ထိ-မရှိ။

ဒေသနာတော်အဆုံး၌ သတို့သမီးနှင့် သတို့သားတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေ ကုန်ပြီ။ ထိုအချိန်၌ မြတ်စွာဘုရားသည် သတို့သားနှင့် သတို့သမီးတို့၏ တစ်ယောက်နှင့်တစ်ယောက် အချင်းချင်းမြင်အောင်ပြုတော်မူလေပြီ။

အညတရ ကုလဒါရိကာဝတ္ထု ပြီး၏။

## ၅၆။ ကေဉပါသကဝတ္ထု
## ဉပါသကာ တစ်ယောက်အကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သ၌ ဇေတဝန်ကျောင်းတော်အတွင်း ဂန္ဓကုဋိ၌ ထိုင်တော်မူလျက်သာ မိုးသောက်ခါနီးလင်းအားကြီးအချိန်၌ သတ္တလောကကို ကြည့်တော်မူလေသော် အာဠဝီပြည်၌ သူဆင်းရဲတစ်ယောက်ကို မြင်တော်မူ၍ ထိုသူ၏ မဂ်ဖိုလ်ရခြင်းအကြောင်းနှင့် ပြည့်စုံမှုကို သိတော်မူသဖြင့် ရဟန်းငါးရာခြံရံလျက် အာဠဝီမြို့သို့ ကြွတော်မူ၏။ အာဠဝီမြို့ သူမြို့သားတို့သည် မြတ်စွာဘုရားကို ပင့်လျှောက်ကြကုန်၏။

ထိုသူဆင်းရဲသည်လည်း မြတ်စွာဘုရားကြွလာသတဲ့ဟု ကြားရ၍ မြတ်စွာဘုရားထံတော်၌ တရားကိုနာယူမည်ဟု စိတ်ကူးထားလေ၏။

ထိုနေ့၌ပင် သူဆင်းရဲ၏ နွားတစ်ကောင်သည် ထွက်ပြေးလေ၏။

သူဆင်းရဲသည် ငါသည် နွားကိုရှာဦးမည်လော၊ သို့မဟုတ်တရားကို နာမည်လောဟု စဉ်းစား၍ နွားကိုရှာပြီးနောက်မှ တရားကို နားမည်ဟူသောအကြံဖြင့် နံနက်စောစော၌ပင် အိမ်မှထွက်သွားလေ၏။

အာဠဝီမြို့သူမြို့သားတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ထိုင်သီတင်းသုံးစေကာ ဆွမ်းဆက်ကပ်ပြုစု၍ အနုမောဒနာကိုပြုစေရန် သပိတ်ကို ကိုင်ယူကြကုန်၏။

မြတ်စွာဘုရားသည် ငါဘုရားသည် သူဆင်းရဲကို အကြောင်းပြု၍ ယူဇနာသုံးဆယ်ဝေးကွာသော ခရီးသို့လာခဲ့သည်။ သူဆင်းရဲသည် နွားကိုရှာဖွေရန် တောတွင်းသို့ ဝင်ရောက်နေပြီ။ သူဆင်းရဲ ပြန်လာမှသာ တရားဟောမည်ဟူသော အကြံဖြင့် ဆိတ်ဆိတ်နေတော်မူ၏။

သူဆင်းရဲသည်လည်း နေ့အချိန်၌ ပျောက်သောနွားကို တွေ့မြင်၍ နွားသင်းအတွင်း၌ မောင်းထည့်ထားခဲ့ပြီး အခြားကိစ္စမရှိခဲ့လျှင် မြတ်စွာဘုရားအား ရှိခိုးရုံမျှကိုလည်း ပြုဦးမည်ဟူသော အကြံဖြင့် ထမင်းဆာလောင်ခြင်းသည် နှိပ်စပ်အပ်သော်လည်း အိမ်သို့သွားရန် စိတ်မကူးဘဲ လျှင်မြန်စွာ မြတ်စွာဘုရားထံလာ၍ မြတ်စွာဘုရားကို ရှိခိုးပြီး နေရာအစွန်တစ်ခု၌ ထိုင်နေလေ၏။

မြတ်စွာဘုရားသည် သူဆင်းရဲ ထိုင်ပြီးချိန်၌ အလှူကိစ္စဆောင်ရွက်သူကို ရဟန်းသံဃာ၏ ကြွင်းကျန်ပိုလွန်သော ဆွမ်းအနည်းငယ်ရှိသလောဟု မိန့်တော်မူ၏။

မြတ်စွာဘုရားအားလုံးအပြည့်အစုံရှိပါ၏ဟု လျှောက်ထား၏။

အပြည့်အစုံရှိနေလျှင် ဤသူဆင်းရဲကို ကျွေးမွေးလိုက်ပါဟု မိန့်တော်မူ၏။

အလှူကိစ္စဆောင်ရွက်သူသည် မြတ်စွာဘုရားမိန့်တော်မူအပ်ရာနေရာ၌ပင် (မြတ်စွာဘုရား မိန့်တော်မူသည့် အတိုင်း) သူဆင်းရဲကို ထိုင်စေပြီး ယာဂု၊ ခဲဖွယ်၊ စားဖွယ်တို့ဖြင့် ရိုသေစွာ ကျွေးမွေး ပြုစုလေ၏။ သူဆင်းရဲသည် ထမင်းစားပြီးသော် ခံတွင်းကို ဆေးကြောလေ၏။ (လုပ်ကျင်းလေ၏)

(ဤနေရာကို ချန်လှပ်၍ ပိဋကတ်သုံးပုံတို့တွင် အခြားသောနေရာ၌ မြတ်စွာဘုရား၏ ဤသူကို ထမင်းကျွေးလိုက်ပါဟု ထမင်းကိစ္စစီစစ်ဆောင်ရွက်ခြင်းမည်သည်မရှိသတတ်ဟု အဋ္ဌကထာ မှတ်ချက်ပြုသည်။

ပူပန်ခြင်း ငြိမ်းပြီးသော သူဆင်းရဲ၏ စိတ်သည် တည်ကြည်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် သူဆင်းရဲအား ဟောစဉ် ဓမ္မကထာကို ဟောတော်မူ၍ သစ္စာတို့ကို ထင်ရှားပြတော်မူလေသည်။

သူဆင်းရဲသည် ဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေသည်။

မြတ်စွာဘုရားသည်လည်း အနုမောဒနာပြု၍ နေရာမှထကာ ထွက်ခွာတော်မူလေပြီ။ လူအပေါင်းသည် မြတ်စွာဘုရားကို လိုက်ပို့ပြီး ပြန်လှည့်လာလေပြီ။

ရဟန်းတို့သည် မြတ်စွာဘုရားနှင့်အတူ ကြွသွားနေကြစဉ်မှာပင် ငါ့ရှင်တို့ မြတ်စွာဘုရား၏ ပြုလုပ်ပုံကို ကြည့်ကြပါ အခြားနေ့တို့၌ ဤသို့ ပြုလုပ်မှုမရှိ၊ ယနေ့မှာမူ လူတစ်ယောက်ကို မြင်ရ၍ ယာဂုအစရှိသည်တို့ကို မေးမြန်းစီစစ်၍ ပေးစေသည်ဟု ကဲ့ရဲ့စကား ပြောကြားကြကုန်၏။

မြတ်စွာဘုရားသည် နောက်သို့ လှည့်၍ ရပ်တော်မူလျှက်ပင် ရဟန်းတို့ အဘယ်ကို ပြောဆိုကြသနည်းဟု မေးတော်မူသဖြင့် ထိုအကြောင်းကို ကြားတော်မူ၍-

ရဟန်းတို့ သင်တို့ပြောစကားသည် ဟုတ်မှန်ပေ၏။ ငါဘုရားသည် ယူဇနာသုံးဆယ်ခရီးခဲကို ကြွလာသည်မှာ ထိုဥပါသကာ၏ မဂ်ဖိုလ်၏ မှီရာ ကောင်းသောအကြောင်းကို မြင်၍ကြွလာတော်မူသည်။ ထိုဥပါသကာသည် အလွန်ဆာလောင်နေသူဖြစ်သည်။ နံနက်စောစောအချိန်မှ စ၍နွားကို ရှာဖွေလျှက် တောတွင်းမှာလှည့်လည်ခဲ့ပြီ။ ဆာလောင်ခြင်းဆင်းရဲနှိပ်စက်နေသူသည် တရားကို ဟောပြသော်လည်း တရားကို ထိုးထွင်းသိမြင်ရန် စွမ်းနိုင်မည်မဟုတ်ဟု ဆင်ခြင်၍ ဤသို့ ငါဘုရား ပြုခဲ့လေပြီ။

ဆာလောင်ခြင်းရောဂါနှင့်တူသော ရောဂါမည်သည်မရှိလေပြီဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူ၏။

"ဇိဃစ္ဆာပရမာ ရောဂါ၊ သင်္ခါရပရမာဒုခါ။

ဧတံဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံသုခံ"

ဇိဃစ္ဆာ-ထမင်းအစာဆာလောင်မွတ်သိပ်ခြင်းသည် ပရမာ-လွန်ကဲသော၊ ရောဂါ- ရောဂါမည်၏။ ဒုခါ- ဆင်းရဲတို့သည်၊ သင်္ခါရပရမာ- ခန္ဓာငါးပါးဟူသော သင်္ခါရသာ အလွန်အကဲရှိကုန်၏။

(သင်္ခါရာပရမာဒုခါဟု ရှိလျှင် သင်္ခါရာ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်၊ ပရမာ-လွန်ကဲကုန်သော၊ ဒုခါ- သည်းခံနိုင်ခဲ ဆင်းရဲတို့တည်ရာဟု အနက်ပေးပါ)

(ပဏ္ဍိတော- ပညာရှိသည်) ဧတံ- ဤသဘောကို၊ ယထာဘူတံ- ဟုတ်တိုင်းမှန်စွာ၊ ဉတွာ- သိမြင်၍ (နိဗ္ဗာနံ-ရောဂါဒုခါ အဖြာဖြာတို့ မှန်စွာ မလိမ်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို သစ္ဆိကရောတိ- မျက်မှောက်ပြုလေ၏။)

နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ ပရမံ- လွန်ကဲသော၊ သုခံ- ချမ်းသာပေတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ကောဥပါသကဝတ္ထုပြီး၏။

# ၅၇။ ပသေနဒိကောသလဝတ္ထု
# ပသေနဒိကောသလမင်းအကြောင်း

တစ်ခုသောအချိန်၌ ပသေနဒိ ကောသလမင်းသည် ဆန်တစ်စိတ်ချက်ထမင်းကို ထိုထမင်းနှင့် လျော်သော ဟင်းနှင့်အတူစားလေ၏။

တစ်နေ့သ၌ နံနက်စာစားပြီးသော် ထမင်းဆီရစ်ခြင်းကို မဖြေမဖျောက်မူ၍ မြတ်စွာဘုရား ထံတော်သို့ သွား၍ ပင်ပန်းသောရုပ်, ခန္ဓာကိုယ်ဖြစ်ရကား - ဟိုဘက်, ဒီဘက် အဖန်ဖန်ပြောင်းရွှေ့ နေရလေ၏။ အိပ်ချင်ခြင်းသည် နှိပ်စက်အပ်သော်လည်း ဖြောင့်ဖြောင့်အိပ်ခြင်းငှာ မတတ်နိုင်၍ တစ်ခုသောနေရာ၌ ထိုင်နေလေ၏။

ထိုအခါ ကောသလမင်းကို မြတ်စွာဘုရားသည် အို - မင်းကြီး အသို့နည်း ပင်ပန်းမှု မဖြေဖျောက်ဘဲ ငါဘုရားထံလာလေသလောဟု မိန့်တော်မူ၏။

မြတ်စွာဘုရား မှန်ပါသည်။ ထမင်းစားပြီးချိန်မှစ၍ တပည့်တော်၏ ကြီးစွာသော ဆင်းရဲဖြစ် ပါသည် ဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ ကောသလမင်းကို မြတ်စွာဘုရားသည် မင်းကြီးအလွန်များစွာ စားသူအဖို့ ဤသို့ဆင်းရဲခြင်း ဖြစ်လေ၏ ဟု မိန့်တော်မူကာ - ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

မိဒ္ဓီ ယဒါ ဟောတိ မဟဂ္ဃ သောစ။
နိဒ္ဒါယိတာ သမ္ပရိ ဝတ္တသာယီ။
မဟာဝရာ ဟောဝ နိဝါပပုဋ္ဌော။
ပုနပ္ပုနံ ဂဗ္ဘ မုပေတိ မန္ဒော။

ယောမန္ဒော - ပညာနုံ့ သူအကြွင်လူသည်။ ယဒါ - အကြင်အခါ၌ မဟဂ္ဃသော - များစွာစား သည်၊ ဝါ - အစာကြူးသည်၊ ဟောတိ - ဖြစ်၏။ တဒါ - ထိုအခါ၌၊ မိဒ္ဓီစ - ငိုက်မြည်းခြင်းရှိသည်လည်း ဟောတိဖြစ်၏။ နိဝါပပုဋ္ဌော - အစာကျွေး၍ မွေးမြူအပ်သော မဟာဝရာဟောဝ - ဝက်ကြီးကဲ့သို့၊ နိဒ္ဒါယိတာ - အိပ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍၊ သမ္ပရိဝတ္တသာယီစ - ဟိုဘက်ဒီဘက် အပြန်ပြန် လှည့်လျက် အိပ်လေ့ရှိသည်လည်း၊ ဟောတိဖြစ်၏။

သောမန္ဒော - ပညာနုံ့နည်းသူ ထိုလူသည်၊ ပုနပ္ပုနံ - အဖန်ဖန်၊ ဂဗ္ဘံ - အမိဝမ်းတွင်းသို့၊ ဥပေတိ - ကပ်ရောက်ရလေ၏။

ဤဂါထာဖြင့် ဆုံးမပြီး - မင်းကြီးအစားအစာမည်သည်ကို အတိုင်းအတာဖြင့် စားသုံးသင့်သည်။ မှန်၏။ အတိုင်းအတာဖြင် စားသုံးသူသည် ချမ်းသာ၏ ဟု တစ်ဆင့်တက်၍ ဆုံးမလိုသော မြတ်စွာ ဘုရားသည် - ဤဆိုလတ္တံ့သောဂါထာကို ဟောတော်မူသည်။

မနုဇဿ သဒါ သတီမတော၊
မတ္တံ ဇာနတော လဒ္ဓဘောဇနေ၊
တနုကဿ ဘဝန္တိ ဝေဒနာ၊
သဏိကံ ဇီရတိ အာယုပါလယံ။

သဒါ - အမြဲမပြတ်၊ သတီမတော - သတိရှိသော၊ လဒ္ဓဘောဇနေ ရအပ်သော စားသောက်ဖွယ်၌၊ မတ္တံ - အတိုင်းအတာကို၊ ဇာနတော - သိသော၊ မနုဇဿ - လူ၏။ တနုကာ - နည်းပါးကုန်သော၊ ဝေဒနာ - ဝေဒနာတို့သည်၊ ဘဝန္တိ - ဖြစ်ကုန်၏။ အာယုပါလယံ - အသက်ကိုစောင့်ရှောက်သည် ဟုတ္တာ - ဖြစ်၍၊ သဏိကံ - ဖြည်းဖြည်း၊ ဇီရတိ - အိုရလေ၏။

ကောသလမင်းသည် မြတ်စွာဘုရား ဟောအပ်သော ဤဂါထာကို သင်ယူခြင်းငှာ မစွမ်းနိုင်ချေ။ သို့သော်လည်း သူ၏ အနီး၌ နေသော တူဖြစ်သူ သုဒဿန - အမည်ရှိသော လုလင်ကို၊ အမောင် - မြတ်စွာဘုရား ဟောအပ်သော ဤဂါထာကို သင်ယူပါဟု ပြောဆိုလေ၏။

တူဖြစ်သူ သုဒဿန - သည်ထိုဂါထာကို သင်ယူပြီး မြတ်စွာဘုရားကို အရှင်ဘုရား - အဘယ်သို့ ပြုရ ပါမည်နည်းဟု မေးလျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် သုဒဿန - ကို ဤသို့မိန့်တော်မူ၏။

ပွဲတော်တည် (ထမင်းစား)ဆဲဖြစ်သော မင်းကြီး၏ နောက်ဆုံးထမင်းလုတ်ပြင်ရာအခါ၌ ဤဂါထာကို ရွတ်ဆိုပေလော့။ မင်းကြီးသည် ဂါထာ၏အနက်အဓိပ္ပာယ်ကို မှတ်သား၍ အကြင် - ထမင်းလုတ်ကို စွန့်ပစ်လတ္တံ့။ ထိုထမင်းလုတ်၌ ထမင်းလုံး အရေအတွက်အားဖြင့် ထိုမျှလောက်သော ဆန်စေ့တို့ကို မင်းအဖို့ ထမင်းချက်ရာ အချိန်၌ ဖယ်ထားလေလော။

သုဒဿန - သည်မြတ်စွာဘုရား ကောင်းပါပြီ ဟု လျှောက်ထားပြီးသော် ညနေချိန်၌လည်း ကောင်း၊ နံနက်ချိန်၌လည်းကောင်း၊ ပွဲတော်တည် (ထမင်းစား) သော မင်းကြီး၏ နောက်ဆုံး ထမင်းလုတ်ကို ပြင်ဆင်ချိန်၌ ထိုဂါထာကို ရွတ်ဆိုသဖြင့် မင်းကြီးစွန့်ပစ်အပ်သော ထမင်းလုတ်၌ ထမင်းလုံး အရေအတွက်အားဖြင့် ဆန်စေ့တို့ကို ယုတ်လျော့စေဖယ်ထားလေ၏။ မင်းကြီးသည်လည်း သုဒဿန - ၏ ရွတ်ဆိုအပ်သော ဂါထာကို ကြားရလေသော် သုဒဿန - အားအသပြာတစ်ထောင် - တစ်ထောင် ကို ပေးစေ၏။ ကောသလမင်းကြီးသည် နောက်ဖြစ်သော အချိန်၌ ဆန်တစ်စလယ်ချက် ထမင်းအတိုင်း အတာရှိသူအဖြစ်၌ ရပ်တည်လေသော် သေးငယ်သော ကိုယ်ရှိသည် ဖြစ်၍ ချမ်းသာခြင်းသို့ ရောက်လေ၏။

ထို့နောက် တစ်ခုသောနေ့၌ မြတ်စွာဘုရားထံသွား၍ မြတ်စွာဘုရားကို ရှိခိုးပြီး ဤသို့လျှောက် ထားလေ၏။

မြတ်စွာဘုရား ယခုအချိန်၌ တပည့်တော်၏ ချမ်းသာမှုသည် ဖြစ်ပေါ်နေပါ၏။ တပည့်တော် သည် သမင်ကိုလည်းကောင်း၊ မြင်းကိုလည်းကောင်း၊ နောက်မှလိုက်၍ ဖမ်းယူနိုင်စွမ်းရှိသူဖြစ်ပါ၏။ ရှေးဖြစ်သောအချိန်၌ တပည့်တော်၏တူဖြစ်သူ အဇာတသတ်နှင့်အတူ စစ်ထိုးခြင်းသာဖြစ်ပါ၏။

ယခုအချိန်၌တူဖြစ်သူ အဇာတသတ်အား ဝဇီရကုမာရီ အမည်ရှိသော သမီးကိုပေး၍ ထိုရွာကို အားသာ ရေချိုးဆပ်ပြာမှုန့်ဖိုးပြု၍ ပေးအပ်ပါ၏။

ထို့ကြောင့်တူအဇာတသတ်နှင့်အတူ ငြင်းခုံခိုက်ရန် ငြိမ်းချမ်းသွားပါပြီ။ ဤအကြောင်းကြောင့် လည်း တပည့်တော်၏ ချမ်းသာခြင်းသာဖြစ်ပါသည်။

တပည့်တော်တို့၏ နန်းတော်၌မနေ့က အမျိုး၏ ဥစ္စာဖြစ်သော မင်းတို့၏ ပတ္တမြားရတနာသည် ပျောက်ခဲ့ပါသည်။ ထိုပတ္တမြားရတနာသည်လည်း ယခုတပည့်တော်၏ လက်၌ရောက်လာပါပြီ။ ဤအကြောင်း ကြောင့်လည်း တပည့်တော်၏ ချမ်းသာခြင်းသာဖြစ်ပါသည်။

အရှင်ဘုရားတို့၏ တပည့်ရဟန်းတို့နှင့်အတူ အကျွမ်းဝင်မှုကို အလိုရှိသော တပည့်တော်သည် အရှင်ဘုရားတို့၏ ဆွေမျိုး၏ သမီးကိုလည်း တပည့်တော် နန်းတော်၌ရောက်အောင် ပြုထားအပ်ပါ၏။ ဤအကြောင်းကြောင့်လည်း တပည့်တော်၏ ချမ်းသာခြင်းသာဖြစ်ပါသည်။

(ဤသို့ လျှောက်ထားလေ၏။)

မြတ်စွာဘုရားသည် - မင်းကြီး အနာရောဂါမရှိ၊ ကျန်းမာခြင်း မည်သည်မြတ်သော လာဘ်ဖြစ်သည်။ ရအပ်ပြီးသောပစ္စည်းဖြင့် ရောင့်ရဲသူ၏ အဖြစ်သည် မြတ်သော ဥစ္စာဖြစ်၏။ တစ်ဦးနှင့် တစ်ဦး ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်၏။ နိဗ္ဗာန်နှင့်တူသော ချမ်းသာမည်သည် မရှိတော့ပြီဟု မိန့်တော်မူပြီး ဤဆိုလတ္တံ့ သောဂါထာကို ဟောတော်မူ၏။

အာရောဂျ ပရမာ လာဘာ၊ သန္တုဋ္ဌိ ပရမံ ဓနံ။
ဝိဿာသပရမာ ဉာတိ၊ နိဗ္ဗာန ပရမံ သုခံ။

အာရောဂျ - အနာကင်းရှင်း ကျန်းမာခြင်းသည်၊ ပရမာ - မြတ်သော - ဝါ - လွန်ကဲသော၊ လာဘာ - ရအပ်သော လာဘ်တည်း။ သန္တုဋ္ဌိ - ရအပ်သောပစ္စည်းဖြင့် ရောင့်ရဲခြင်းသည်၊ ပရမံ - မြတ်သော - ဝါ - လွန်ကဲသော၊ ဓနံ - ဥစ္စာတည်း။ ဝိဿာသ - ဝိဿာသော - တစ်ဦးနှင့်တစ်ဦး ချစ်ကျွမ်းဝင်ခြင်းသည်၊ ပရမာ - မြတ်သော - ဝါ - လွန်ကဲသော ဉာတိ - ဆွေမျိုးတည်း။ နိဗ္ဗာန - နိဗ္ဗာနံ - နိဗ္ဗာန်သည် - ပရမံ - မြတ်သော - ဝါ - လွန်ကဲသော သုခံ - ချမ်းသာတည်း။

ပါဠိရှိတိုင်း အနက်ပေးလိုလျှင် ဤသို့ဖြစ်၏။

လာဘာ - ရအပ်သော လာဘ်တို့သည်၊ အာရောဂျပရမာ - အနာကင်းရှင်းကျန်းမာခြင်း အမြတ်ရှိကုန်၏။ ဓနံ - ပစ္စည်းဥစ္စာသည် သန္တုဋ္ဌိပရမံ - ရအပ်သောပစ္စည်းဖြင့် ရောင့်ရဲခြင်း အမြတ်ရှိ၏။

ဉာတိ - ဆွေမျိုးသည်၊ ဝိဿာသပရမာ - ချစ်ကျွမ်းဝင်ခြင်း အမြတ်ရှိ၏။ သုခံ - ချမ်းသာသည်၊ နိဗ္ဗာန ပရမံ - နိဗ္ဗာန် အမြတ်ရှိ၏။

အနာရောဂါရှိသူ၏ ထင်ရှားရှိသော ရထားအပ်သော လာဘ်တို့သည် လာဘ်မဟုတ်ကုန် သည်သာ။ ထို့ကြောင့် အနာကင်းရှင်း ကျန်းမာခြင်းရှိသူ၏ အားလုံးသောလာဘ်တို့သည် လာကုန်သည် သာ ဖြစ်ကုန်၏။ ထို့ကြောင့် အာရောဂျ ပရမာလာဘာ - ဟုဟောတော်မူသည်။

လူဖြစ်သူ၏ လည်းကောင်း၊ ရဟန်းဖြစ်သူ၏ လည်းကောင်း မိမိရအပ်သော မိမိ၏ပစ္စည်း ဥစ္စာဖြင့်သာ ရောင့်ရဲသူ၏ အဖြစ်၊ သန္တုဋ္ဌိ မည်သည်ကြွင်းသော ဥစ္စာတို့ထက်မြတ်သော ဥစ္စာဖြစ်၏။ ထို့ကြောင့် သန္တုဋ္ဌိ ပရ မံ ဓနံ - ဟု ဟောတော်မူသည်။

အမိမူလည်း ဖြစ်စေ၊ အဖမူလည်းဖြစ်စေ အကြင်သူနှင့် အကျွမ်းဝင်ခြင်း မရှိချေ။ ထိုသူသည် ဆွေမျိုးမဟုတ်သူသာဖြစ်၏။

အကြင်ဆွေမျိုးမဟုတ်သူနှင့် အကျွမ်းဝင်ခြင်းရှိ၏။ ထိုသူသည် ဆွေမျိုးမတော်စပ်သော်လည်း မြတ်သောဆွေမျိုးဖြစ်၏။ ထို့ကြောင့် ဝိဿာသပရမာ ဉာတိဟု ဟောတော်မူသည်။

ဒေသနာဂါထာတော်၏ အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ပသေနဒိကောသလဝတ္ထု ပြီး၏။

## ၅၈။ တိဿတ္ထေရဝတ္ထု
## တိဿထေရ်အကြောင်း

ရဟန်းတို့ ငါဘုရားသည် ဤနေ့မှလေးလတို့ဖြင့် ဝါ - လေးလတို့ဖြင့် သတ်မှတ်အပ်သောနေ့၌ ဒုက္ခ ခပ်သိမ်းငြိမ်းပေတော့မည်ဟု မြတ်စွာဘုရားက မိန့်တော်မူအပ်လေသော်။ မြတ်စွာဘုရား၏ အနီး၌နေကြသော ရဟန်းခုနစ်ရာတို့သည် ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်ကြကုန်၏။ ရဟန္တာတို့၏ ဓမ္မသံဝေဂဖြစ်လေ၏။ ပုထုဇဉ်ရဟန်းတို့သည် မျက်ရည်တို့ကို မထွက်အောင်တားဆီးခြင်းငှာ မတတ်နိုင်ကြလေကုန်။

ရဟန်းတို့သည် ငါ့ရှင်တို့ အဘယ်သို့ ပြုကြမည်နည်း ဟုအစုအစု ဖြစ်ကာ တိုင်ပင်ကြလျက် လှည့်လည် နေကြကုန်၏။

ထိုအချိန်တွင် တိဿထေရ်အမည်ရှိသော ရဟန်းတစ်ပါးသည်ကား -

မြတ်စွာဘုရားသည် လေးလလွန်မြောက်သော အချိန်၌ ဒုက္ခခပ်သိမ်းငြိမ်းတော့မည်တဲ့။ ငါသည်ကား ရာဂမကင်းသေးသူဖြစ်၏။ ငါသည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိနေစဉ်မှာသာ အရဟတ္တဖိုလ်ကို အရယူသင့်၏ဟု ကြံလျက် ဤက္ကရိယာပုတ်လေးမျိုးလုံး၌ တစ်ပါးတည်းသာနေလေ၏။

ရဟန်းတို့၏ အထံ၌သွားခြင်းသည်လည်းကောင်း၊ တစ်စုံတစ်ယောက်သောသူနှင့်အတူ စကားပြောဆိုခြင်းသည် လည်းကောင်းမရှိချေ။

ထိုအခါ တိဿရဟန်းကို

ငါ့ အရှင်တိဿ အဘယ့်ကြောင့် ဤသို့ ပြုနေသနည်းဟု ရဟန်းတို့က ပြောဆိုကြသည်။

တိဿရဟန်းသည် ထိုရဟန်းတို့၏ စကားကို နားမထောင်လေ။ ထိုရဟန်းတို့သည် တိဿထေရ်၏ ပြုမူနေပုံကို မြတ်စွာဘုရားအား လျှောက်ထားပြီး။

အရှင်ဘုရား - အရှင်ဘုရားတို့အပေါ်၌ တိဿထေရ်၏ ချစ်ခင်မြတ်နိုးခြင်းမရှိပါ ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် တိဿရဟန်းကို ခေါ်စေ၍ တိဿ - အဘယ့်ကြောင့် ဤသို့ပြုရသနည်း ဟု မေးတော်မူသဖြင့် တိဿ - ရဟန်းက သူ၏ သဘောအဓိပ္ပာယ်ကို လျှောက်ထားအပ်လေသော်

အို - တိဿ သာဓု ကောင်းပါပေစွ ဟု ကောင်းချီးပေးတော်မူ၍ ရဟန်းတို့ ငါဘုရား၌ ချစ်ခင်မြတ်နိုးသူသည် တိဿနှင့် တူသူသာဖြစ်ပါစေ။ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုသူတို့ သည်လည်း ငါဘုရားကို ပူဇော်သူများမဟုတ်ကြ။ ဓမ္မနုဓမ္မ (လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်) ကို ကျင့်သူတို့သာ ငါဘုရားကို ပူဇော်သူများဖြစ်ကြသည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

ပဝိဝေကရသံ ပိတွာ၊ ရသံ ဥပသမဿစ
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပီတိ ရသံ ပိဝံ၊

ပဝိဝေကရသံ - ဆိတ်ငြိမ်ရာမှ ဖြစ်ပေါ်လာသော တစ်ပါးတည်း၏ အဖြစ်ဟူသော ချမ်းသာအရသာကို၊ ပိတွာစ - ဒုက္ခသစ္စာ စသည်ကို ပိုင်းခြား၍ သိခြင်းစသည်တို့ကို ပြုခြင်းအားဖြင့် သောက်သုံး၍ လည်းကောင်း၊

ဥပသမဿ - ကိလေသာ ငြိမ်းမှု နိဗ္ဗာန်၏။ ရသံ - ငြိမ်းအေးမှုဟူသော အရသာကို၊ ပိတွာစ - မျက်မှောက်ပြုခြင်းဖြင့် သောက်သုံး၍လည်းကောင်း၊

ဓမ္မပီတိရသံ - လောကုတ္တရာတရားကိုးပါး၏ အစွမ်းကြောင့် ဖြစ်ပေါ်လာသော နှစ်သက်အားရမှု ပီတိတည်းဟူသော အရသာကို၊ ပိဝံ - ပိဝန္တော - သောက်သုံးရသောသူသည် (ဝါ - သောက်သုံးရသော ရဟန္တာသည်) နိဒ္ဒရောစ - ရာဂ အစရှိသော ပူပန်ခြင်း ကင်းသည်လည်း၊ ဟောတိ - ဖြစ်၏။ နိပ္ပါပေါစ မကောင်းဟူသမျှ ကင်းပသည်လည်း၊ ဟောတိ - ဖြစ်၏။

ဒေသနာဂါထာအဆုံး၌ တိဿထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်လေသည်။ ရဟန်းရှင်လူများစွာ၏လည်း အကျိုးရှိသောဓမ္မဒေသနာတော်ဖြစ်လေပြီ။

**တိဿမေတ္တေရဝတ္ထု ပြီး၏။**

## ၅၉။ သက္ကဝတ္ထု
## သိကြားမင်းအကြောင်း

မြတ်စွာဘုရားသည် အာယုသင်္ခါရကို လွှတ်အပ်ပြီးသော် မြတ်စွာဘုရားသည် အနာရောဂါဖြစ်ပေါ်နေကြောင်းကို သိ၍ သိကြားမင်းသည် မြတ်စွာဘုရားထံ ငါသွား၍ သူနာအား အနီးကပ်ပြုစုမှုကို ပြုသင့်သည်ဟု ကြံစည်၍ သုံးဂါဝုတ်ပမာဏရှိသော ခန္ဓာကိုယ်ကို စွန့်ပယ်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး သူ၏လက်တို့ဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဆုပ်နယ်ပေးလေ၏။ ထိုအခါ သိကြားမင်းကို မြတ်စွာဘုရားက ငါ၏ ခြေတို့ကို ဆုပ်နယ်သူကား အဘယ်နည်း။ (မေးတော်မူ၏)

မြတ်စွာဘုရား တပည့်တော် သိကြားဖြစ်ပါသည်။

အဘယ့်ကြောင့် လာခဲ့သနည်း။

မကျန်းမာနေသော အရှင်ဘုရားတို့ကို ဆည်းကပ်လုပ်ကျွေးရန်လာပါသည်ဘုရား။

အို - သိကြား လူတို့၏ အနံ့သည် နတ်များအဖို့ ယူဇနာ တစ်ရာဝေးကွာရာအရပ်မှစ၍ လည်မျို၌ တွဲချည်ထားအပ်သော အကောင်ပုပ်ကဲ့သို့ ဖြစ်၏။

သင် - သိကြားပြန်သွားလော့။ ငါဘုရားမှာ ပြုစုလုပ်ကျွေးကြသော ရဟန်းများရှိသည်။

မြတ်စွာဘုရား ယူဇနာ ရှစ်သောင်းလေးထောင်အထက်၌ တည်နေသော တပည့်တော်သည် အရှင်ဘုရား တို့၏ သီလတည်းဟူသော အနံ့ကို နမ်းရှုတ်၍ လာခဲ့ပါသည်။ တပည့်တော်သာ ပြုစုလုပ်ကျွေးပါမည်ဟု လျှောက်ထားကာ မြတ်စွာဘုရား၏ သွေးဝမ်းသွားထားရာ အိုးကို အခြားသူအား လက်ဖြင့်သော်လည်း တို့ထိရန် မပေးမူ၍ ခေါင်း၌သာ ရွက်ထားကာ ထုတ်ဆောင်လတ်သော် မျက်နှာရှုံ့ခြင်းမျှသော်လည်း မပြု နံ့သာအိုးကို ရွက်လာ သူကဲ့သို့ ဖြစ်မိ၏။

ဤသို့ မြတ်စွာဘုရားကို ပြုစုသုတ်သင်၍ မြတ်စွာဘုရား ချမ်းသာလာရာအချိန်၌သာ နတ်ပြည်သို့ ပြန် သွားလေ၏။

ရဟန်းတို့သည် ဤသို့သော စကားကို ဖြစ်စေကြကုန်၏။ (ပြောဆိုကြကုန်၏)

သိကြားမင်း၏ မြတ်စွာဘုရားအပေါ်၌ ချစ်မြတ်နိုးမှုသည် အံ့သြဖွယ်ရှိပါပေစွ။

ဤသို့သဘောရှိသည် မည်သော နတ်စည်းစိမ်ကို ဖယ်ခွာ၍ မျက်နှာရှုံ့ခြင်းမျှကိုသော်လည်း မပြုမူ၍ နံ့သာအိုးကို ထုတ်ဆောင်လာသူကဲ့သို့ မြတ်စွာဘုရား၏ သွေးဝမ်းသွားရာအိုးကို ဦးခေါင်းဖြင့် ထုတ်ဆောင်လျက် ဆည်းကပ်လုပ်ကျွေးမှုကို ပြုလေပြီ။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူ၍ ရဟန်းတို့ အဘယ်စကားကို ပြောဆို ကြသနည်း။

သိကြားမင်းသည် ငါဘုရား၏ အပေါ်၌ ချစ်မြတ်နိုးမှုကို ပြုခြင်းသည် အံ့သြဖွယ်မဟုတ်။ မှန်၏။ နတ်တို့သနင်း ဤသိကြားမင်းသည် ငါဘုရားကို အမှီပြု၍ သိကြားအိုဘဝကို စွန့်ပစ်၍ သောတာပန်ဖြစ်ပြီး သိကြားပျိုဘဝသို့ ရောက်သူဖြစ်၏။

မှန်၏ ငါဘုရားသည် သေဘေးသည် ခြိမ်းခြောက်အပ်ရကား ပဉ္စသိခဂန္ဓဗ္ဗ နတ်သားကို ရှေ့ဆောင်ပြု ၍ ရောက်လာချိန်၌ ဣန္ဒသာလ (နံ့ဘဲပင်ပေါက်ရာ) လိုဏ်ဂူဝယ်နတ်ပရိသတ်အလယ်၌ ထိုင်နေသော ထိုသိကြားအား

ပုဋ္ဌ ဝါသဝမ် ပဉှံ၊ ယံ ကိဉ္စိ မန သိစ္ဆသိ။
တဿ တဿေဝ ပဉှဿ၊ အဟံ အန္တံ ကရောမိတေ။

ဝါသဝ - အို - သိကြား(တေ - သင်၏) မနသိ - စိတ်၌ ယံကိဉ္စိ - အမှတ်မထင် အကြင်တစ်စုံတစ်ခုသော၊ ပဉှံ - အမေးကို ပုဋ္ဌ - မေးလော့၊ အဟံ - ငါဘုရားသည်၊ တေ - သင် - သိကြား၏၊ တဿတဿေဝ ပဉှဿ - ထိုထိုအမေး၏ သာ၊ အန္တံ - အဖြေကို၊ ကရောမိ - ပြုပေအံ့။

ဤသို့ မိန့်တော်မူကာ ထိုသိကြားအား ဝါ - ထိုသိကြား၏ ယုံမှားမှုကို ပယ်ဖျောက်လျက် တရားဟောခဲ့သည်။ တရားဒေသနာတော်အဆုံး၌ တစ်ဆယ့်လေးကုဋေသော နတ်တို့၏ သစ္စာလေးပါး ထိုးထွင်းသိခြင်းဖြစ်လေပြီ။ သိကြားမင်းသည်လည်း ထိုင်မြဲထိုင်နေလျက်သာ သောတာပတ္တိဖိုလ်သို့ ရောက်၍ သိကြားပျိုဖြစ်ခဲ့ပြီ။ ငါဘုရားသည် ဤသို့လျှင် သိကြားမင်း၏ ကျေးဇူးတရားကြီးမားသူဖြစ်၏။ ထိုသိကြား၏။ ငါဘုရားအပေါ်၌ ချစ်ကျွမ်းဝင်မှု မည်သည်ကား အံ့သြဖွယ်မဖြစ်ပါချေ။

ရဟန်းတို့ မှန်လှပေ၏။ အရိယာတို့အား ဖူးမြင်ရခြင်းသည်လည်း ချမ်းသာ၏။ ဝါ - ချမ်းသာကြောင်းဖြစ်၏။ ရဟန္တာတို့နှင့်အတူ အရပ်တစ်ခုတည်း၌ ပေါင်းသင်းနေထိုင်ရခြင်းသည်လည်း ချမ်းသာ၏။ ဝါ - ချမ်းသာကြောင်းဖြစ်၏။

လူမိုက်တို့နှင့် အတူ မြင်ရခြင်း၊ နေရခြင်း အားလုံးသည်ကား ဆင်းရဲ၏။ ဝါ ဆင်းရဲကြောင်းဖြစ်၏ ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာတို့ကို ရွတ်ပြတော်မူသည်။

၁။ သာဟု ဒဿန မရိယာနံ၊ သန္နိဝါသော သဒါ သုခေါ
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။

၂။ ဗာလသင်္ဂတ စာရီ ဟိ၊ ဒီဃမဒ္ဓါန သောစတိ။
ဒုက္ခေါဗာလေဟိ သံဝါသော၊ အမိတ္တေနေဝ သဗ္ဗဒါ။
ဓီရောစ သုခ သံဝါသော၊ ဉာတီနံဝ သမာဂမော။

တသ္မာဟိ -

၃။ ဓီရဉ္စ ပညဉ္စ ဗဟုဿုတဉ္စ၊
ဓောရယှသီလံ ဝတဝန္တ မရိယံ။
တံတာဒိသံ သပ္ပုရိသံ သုမေဓံ၊
ဘဇေထ နက္ခတ္တပထံ ဝ စန္ဒိမာ။

၁။ အရိယာနံ - အရိယာပုဂ္ဂိုလ်တို့အား၊ ဒဿနံ - ဖူးမြင်ရခြင်းသည် သာဟု - ကောင်း၏။

အရိယာနံ - အရိယေဟိ - အရိယာတို့နှင့် သန္နိဝါသော၌ာနတစ်ခုတည်း၌ နေရခြင်းသည်၊ သဒါ - အခါခပ်သိမ်း၊ သုခေါ - ချမ်းသာ၏။ ဝါ - ချမ်းသာကြောင်းဖြစ်၏။

ဗာလာနံ - သူမိုက်တို့ကို အဒဿနေန - မတွေ့မမြင်ရခြင်းကြောင့်၊ နိစ္စမေဝ - အမြဲသာလျှင်၊ သုခီ - ချမ်းသာခြင်းရှိသည်၊ သိယာ - ဖြစ်၏။

၂။ ဗာလသင်္ဂတ စာရီ - လူမိုက်နှင့်အတူ ပေါင်းသင်းကျင့်သုံးသူသည်၊ ဟိ - စင်စစ်၊ ဒီဃံ - ရှည်လျား စွာသော၊ အဒ္ဓါန - အဒ္ဓါနံ - ကာလပတ်လုံး၊ သောစတိ - စိုးရိမ်ရ၏။

အမိတ္တေန - မိမိ၏ရန်သူနှင့်၊ သံဝါသော - အတူနေရခြင်းသည်၊ သဗ္ဗဒါ - အခါခပ်သိမ်း ဒုက္ခောက္ကဝ - ဆင်းရဲသကဲ့သို့ ဗာလေဟိ - လူမိုက်တို့နှင့် သံဝါသော - အတူနေရခြင်းသည် ဒုက္ခော - ဆင်းရဲ၏။ (အမိတ္တေနေဝ - ကို အမိတ္တေန - က္ကဝဟု ပုဒ်ဖြတ်ပေး)

ဉာတီနံ - ဆွေမျိုးတို့၏၊ သမာဂမော - ပေါင်းဆုံရခြင်းသည်၊ သုခေါက္ကဝ - ချမ်းသာသကဲ့သို့၊

ဓီရောစ - ပညာရှိသည်ကား၊ သုခ သံဝါသော - ချမ်းသာသော နေထိုင်ခြင်းရှိ၏။

တသ္မာဟိ - တသ္မာဧဝ - ထို့ကြောင့်သာလျှင် ဝါ - လူမိုက်တို့နှင့်အတူနေရခြင်းသည် ဆင်းရဲကြောင်း၊ ပညာရှိနှင့်အတူ နေရခြင်းသည် ချမ်းသာကြောင့် ဖြစ်သောကြောင့်သာလျှင်

၃။ ဓီရဥ္စ - တည်ကြည်ခြင်းလည်းရှိသော၊ ပညဥ္စ - လောကီ - လောကုတ္တရာပညာနှင့်လည်း ပြည့်စုံသော၊ ဗဟုဿုတဉ္စ အာဂမသုတ၊ အဓိဂမသုတနှင့်လည်း ပြည့်စုံသော၊ ဓောရယှသီလံစ အရဟတ္တဖိုလ်သို့ ရောက်စေတတ်သည်ဟု ဆိုအပ်သောဝန်ကို ဆောင်ရွက်လေ့လည်းရှိသော၊ ဝတဝန္တံစ - သီလအကျင့် - ဓုတင်အကျင့်နှင့်လည်း ပြည့်စုံသော၊ အရိယံ - ကိလေသာတို့မှ စင်ကြယ်သော၊ သုမေဓံ - တင့်တယ်သောပညာရှိသော၊ တံတာဒိသံ - ထိုသို့သဘောရှိသော၊ သပ္ပုရိသံ - သူတော် ကောင်းကို၊ စန္ဒိမာလသည်၊ နက္ခတ္တပထံ - နက္ခတ်လမ်းကြောင်း ကောင်းကင်ကို ဘဇတိ - က္ကဝ - ဆည်းကပ်သကဲ့သို့၊ ဘဇေထ - ဆည်းကပ်ကြကုန်ရာသတည်း။

ဒေသနာဂါထာ၏ အဆုံး၌ များစွာသော ရဟန်းရှင်လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**သက္ကဝတ္ထု ပြီး၏။**

# ၁၆။ ပိယဝဂ်
## ၆ဝ။ တယောဇနပဗ္ဗဇိတဝတ္ထု
## ရဟန်းပြုသူ လူသုံးယောက်အကြောင်း

သာဝတ္ထိမြို့ အိမ်တစ်အိမ်၌ မိဘတို့၏ ချစ်မြတ်နိုးအပ်သော သားတစ်ယောက်ရှိ၏။ ထိုသားသည် တစ်နေ့သ၌ နေအိမ်တွင် ပင့်ဖိတ်အပ်ကုန်သော ရဟန်းတို့၏ အနုမောဒနာ ပြုကြစဉ်တရားစကားကို ကြားနာရ၍ ရဟန်းပြုလိုသဖြင့် မိဘတို့ကို ရဟန်းအဖြစ် တောင်းဆိုလေရာ

မိဘတို့က ရဟန်းပြုခွင့် မပေးကြ။ ထိုသား၏ ငါသည် အမိအဖတို့ မမြင်ကြစဉ် ပြင်ပသို့သွား၍ ရဟန်းပြုမည်ဟူသော အကြံအစည်ဖြစ်လေ၏။

ထို့နောက် ထိုသား၏ ဖခင်သည် အိမ်ပြင်ပသို့ ထွက်လေသော် ဤသားကိုစောင့်ရှောက်ပါဟု မိခင်ကို အပ်နှင်းလေ၏။ မိခင်သည် အိမ်ပြင်ပသို့ ထွက်လေသော် ဖခင်ကို အပ်နှင်းလေ၏။

ထိုအခါ တစ်နေ့သ၌ ထိုသား၏ ဖခင်သည် အိမ်ပြင်ပသို့ ထွက်သွားလေသော် မိခင်ဖြစ်သူသည် သားဖြစ်သူကို စောင့်ရှောက်မည် အကြံဖြင့် တံခါးဘောင်တစ်ခုကို မှီ၍ တံခါးဘောင်တစ်ခုကို ခြေနှစ်ဘက်တို့ဖြင့် ကန်၍ မြေ၌ထိုင်လျက်ချည်ကို ငင်နေ၏။

ထိုသားသည် မိခင်ကို လှည့်စား၍သွားမည်ဟု ကြံစည်ပြီး မိခင်အနည်းငယ်ဖယ်ပေးပါ။ ကိုယ်လက်သုတ် သင်ခြင်းကို ပြုလို၍ဟု ပြောဆိုလျှင် မိခင်သည် ခြေတို့ကို ကွေးလိုက်လေသော် အိမ်ပြင်ပသို့ ထွက်၍ လျင်မြန်သော အဟုန်ဖြင့် ကျောင်းသို့သွားကာ ရဟန်းတို့ကို ချဉ်းကပ်ပြီး အရှင်ဘုရားတို့ တပည့်တော်ကို ရဟန်းပြုပေးကြပါဟု တောင်းပန်ကာ ရဟန်းတို့အထံ၌ ရဟန်းပြုလေ၏။

ထိုသား၏ အဖသည် အိမ်သို့ ပြန်လာ၍သား၏မိခင်ကို ငါ့သား အဘယ်မှာနည်း ဟု မေးလေ၏။

အို အိမ်ရှင် ဤအရပ်၌ ရှိလေပြီဟု ပြန်ပြောလေ၏။ ဖခင်ဖြစ်သူသည်ငါ၏သား အဘယ်မှာနည်း ဟု ရှာဖွေကြည့်ရှုလေသော် သားဖြစ်သူကို မမြင်၍ ကျောင်းသို့သွားလိမ့်မည် အကြံဖြင့် ကျောင်းသို့သွား၍ ရဟန်းဖြစ်နေသော သားကိုမြင်ရလေသော် မြည်တမ်းငိုကြွေးပြီး၊ အို ချစ်သားသင်သည် အဘယ်ကြောင့် ငါ့ကိုဖျက်ဆီးရသနည်းဟု ပြောဆိုကာ ငါ့သားရဟန်းပြုသွားသော် ယခုအချိန်ငါသည် နေအိမ်၌ဘာကို ပြုရတော့မည်နည်းဟု ကိုယ်တိုင်ကလည်း ရဟန်းတို့ကို တောင်းပန်၍ ရဟန်းတို့ထံ၌ ရဟန်းပြုလေ၏။ ထို့နောက် ထိုသား၏ မိခင်သည်လည်း အဘယ်အကြောင်းနည်း။ ငါ၏သားနှင့် လင်တို့သည် အချိန်ကြာမြင့်ကြလေပြီ။

အသို့နည်း ကျောင်းသို့ သွား၍ ရဟန်းပြုကြလေသလောဟု ထိုသားအဖတို့ကို ရည်ရော်မျှော်မှန်းကာ ကျောင်းသို့ သွား၍ နှစ်ယောက်လုံး ရဟန်းပြုနေကြသည်ကို တွေ့မြင်လေသော် ဤသားအဖတို့ ရဟန်းပြုပြီးချိန်၌ ငါ့အဖို့နေအိမ်ဖြင့် အဘယ်အကျိုးရှိသနည်းဟူသော စိတ်အကြံဖြင့် ကိုယ်တိုင်လည်း အမျိုးသမီးတို့ နေရာကျောင်းသို့သွား၍ ရဟန်းပြုလေ၏။ ထိုသားနှင့် အမိ၊အဖတို့သည် ရဟန်းပြုကြကုန်သော်လည်း တစ်ဦးနှင့်တစ်ဦးကင်းကွာ၍ နေခြင်းငှာ မစွမ်းနိုင်ကြကုန်။ အမျိုးသား

ရဟန်းတို့ နေရာကျောင်း၌လည်းကောင်း၊ အမျိုးသမီး ရဟန်းတို့နေရာကျောင်း၌လည်းကောင်း တစ်ပေါင်းတည်းသာ နေထိုင်ကြကာ စကားပြောကြလျက် နေ့အချိန်ကို ကျော်လွန်ကြလေကုန်၏။ ထို့ကြောင့်အမျိုးသားရဟန်း အမျိုးသမီးရဟန်းတို့သည် ငြီးငွေ့ရွံ့မုန်းကြကုန်၏။ ထို့နောက် တစ်ခုသော နေ့၌ ရဟန်းတို့သည် ထိုရဟန်းသုံးဦးတို့၏ အပြုအမူကို မြတ်စွာဘုရားအား လျှောက်ထားကြလေသည်။

မြတ်စွာဘုရားသည် ထိုရဟန်းသုံးဦးတို့ကို ခေါ်စေ၍ သင်တို့သည် ဤသို့ ပြုကြ၏ဟု ကြားရသော စကားသည် မှန်သလောဟု မေးတော်မူလတ်သော် မှန်ပါ၏ဟု လျှောက်ထားလျှင်

အဘယ့်ကြောင့် ဤသို့ပြုနေကြသနည်း။

ဤသို့ပြုခြင်းသည် ရဟန်းတို့၏ ကျင့်စဉ်မပြုသင့်။ အားမထုတ်သင့်သောအရာ ဖြစ်သည်ဟု မိန့်တော်မူလတ်သော်

မြတ်စွာဘုရား တပည့်တော်တို့ သားနှင့်ဇနီးမောင်နှံသုံးဦးတို့သည် တစ်ဦးနှင့်တစ်ဦး ကင်းကွာ နေထိုင်ရန် မတတ်နိုင်ကြပါဟု လျှောက်ထားအပ်ပြန်သော်

မြတ်စွာဘုရားသည် ရဟန်းပြုခဲ့ချိန်မှစ၍ ဤသို့အတူတူ ပေါင်းဆုံနေထိုင်ပြောဆိုနေခြင်းသည် မသင့်လျော်

အကြောင်းမူကား ချစ်ခင်မြတ်နိုးအပ်သူတို့ကို မတွေ့မြင်ရခြင်းသည်လည်းကောင်း၊ မချစ်အပ် မမြတ်နိုးအပ်သူတို့ကို တွေ့မြင်ရခြင်းသည်လည်းကောင်း ဆင်းရဲသာဖြစ်၏။

ထို့ကြောင့် သက်ရှိသတ္တဝါတို့၌ လည်းကောင်း၊ သက်မဲ့သင်္ခါရဝတ္ထုတို့၌ လည်းကောင်း၊ စိုးစဉ်းအနည်းငယ်မျှသော ချစ်ခြင်းကို လည်းကောင်း၊ မုန်းခြင်းကို လည်းကောင်း၊ မပြုသင့်ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောပြတော်မူသည်။

၁။ အယောဂေ ယုဉ္ဇ မတ္တာနံ၊ ယောဂသ္မိဉ္စ အယောဇယံ။
အတ္ထံ ဟိတွာ ပိယဂ္ဂါဟီ၊ ပိဟေတတ္တာ နုယောဂိနံ။
၂။ မာပိယေဟိ သမာ ဂဉ္ဆိ၊ အပ္ပိယေဟိ ကုဒါစနံ။
ပိယာနံ အဒဿနံ ဒုက္ခံ၊ အပ္ပိယာ နဉ္စ ဒဿနံ။
၃။ တသ္မာ ပိယံန ကယိရာထ၊ ပိယာ ပါယောဟိ ပါပကော။
ဂန္ထာတေသံ န ဝိဇ္ဇန္တိ၊ ယေသံ နတ္ထိ ပိယာပ္ပိယံ။

၁။ အတ္တာနံ = မိမိကိုယ်ကို = အယောဂေ - အားမထုတ်အပ်, နှလုံးမသွင်းအပ်သော ပြည့်တန်ဆာမအိမ်၌ ဆွမ်းခံခြင်း အစရှိသော ခြောက်ပါးအပြားရှိသော မကျက်စားသင့်ရာ၌၊ ယုဉ္ဇ - ယုဉ္ဇန္တော စ - အားထုတ်သည်ဖြစ်၍ လည်းကောင်း၊ ယောဂသ္မိံ - အားထုတ်သင့်ရာ - နှလုံးသွင်းသင့်ရာ၌၊ အယောဇယံ - အယောဇယန္တော - အားမထုတ်သည်၊ နှလုံးမသွင်းသည်ဖြစ်၍ လည်းကောင်း၊ အတ္ထံ - အဓိသီလ အဓိစိတ္တ အဓိပညာ - ဟူသော သိက္ခာသုံးပါး အကျိုးတရားကို၊ ဟိတွာ - ပယ်စွန့်၍ ပိယဂ္ဂါဟီ - ငါးဖြာအာရုံ ကာမဂုဏ်တည်းဟူသော ချစ်အပ်သည်ကိုသာ စွဲလန်းကျတ်သူသည်၊

အတ္တာနုယောဂိနံ - မိမိ၏သိက္ခာသုံးရပ်ဟူသောအကျိုးကို အားထုတ်သူတို့၏၊ အတ္ထံ - နတ်လူတို့၏ ပူဇော်ခြင်းအစရှိသော အကျိုးကို ပိဟေတိ - လိုလားတောင်းတတတ်လေ၏။ ပိဟေတိ - ငါသည် လည်း ဤသို့ပူဇော်ခံရသူဖြစ်ပါမူကား ကောင်းလေစွတကားဟု လိုလားတောင်းတတတ်လေသတည်း။

၂။ ပိယေဟိ - ချစ်ခင်မြတ်နိုးအပ်သူတို့နှင့် မာသမာဂဉ္ဆိအတူပေါင်းဆုံ မတွေ့ကြုံပါလေနှင့်၊ အပ္ပိယေဟိ - မချစ်ခင်မမြတ်နိုးအပ်သောသူတို့နှင့်၊ ကုဒါစနံ - တစ်ခါတစ်ရံမျှ၊ မာသမာဂဉ္ဆိ - အတူပေါင်း ဆုံမတွေ့ကြုံပါလေနှင့်။

ပိယာနံ -ချစ်ခင်မြတ်နိုးအပ်သူတို့ကို၊ အဒဿနံ - မတွေ့မြင်ရခြင်းသည်၊ ဒုက္ခံ - ဆင်းရဲ၏။ အပ္ပိယာနံ - မချစ်ခင်မမြတ်နိုးအပ်သော သူတို့ကို၊ ဒဿနံစ - တွေ့မြင်ရခြင်းသည်လည်း ဒုက္ခံ - ဆင်းရဲ၏။

၃။ တသ္မာ - ထို့ကြောင့် ပိယံ - ချစ်ခင်မြတ်နိုးမှုကို နကယိရာထ - မပြုကြကုန်ရာ၊ ဟိ - မှန်၏။ ပိယာပါယော - ချစ်ခင်မြတ်နိုးအပ်သော သတ္တဝါသင်္ခါရတို့နှင့် ခွဲခွာကွေကွင်းရခြင်းသည်။ ပါပကော - စက်ဆုပ်စရာ ယုတ်မာလှ၏။

ယေသံ - အကြင်သူတို့အား ပိယာပ္ပိယံ - ချစ်ခင်ခြင်း မုန်းခြင်းသည်၊ နတ္ထိ - မရှိ၊ တေသံ - ချစ်ခင်ခြင်း၊ မုန်းခြင်းမရှိသော ထို(ရဟန္တာဖြစ်) သူတို့အား၊ ဂန္ထာ - မရုန်းသာအောင် တုပ်နှောင် ဖွဲ့ချည်တတ်သော၊ အဘိဇ္ဈာ ကာယ ဂန္ထဗျာပါဒတို့သည် နဝိဇ္ဇန္တိ - မရှိလေကုန်။

(တသ္မာ - ထို့ကြောင့်၊ ပိယံဝါ - သတ္တဝါ သင်္ခါရတို့ကို ချစ်ခင်မှုကို လည်းကောင်း၊ အပ္ပိယံဝါ - မုန်းတီး ခြင်းကိုလည်းကောင်း၊ နကတ္တဗ္ဗံ မပြုသင့်၊ မပြုထိုက် မပြုလေနှင့်)

ချစ်ခင်မြတ်နိုးမှုမရှိသူသည် အဘိဇ္ဈာ ကာယဂန္ထကို ပယ်အပ်၏။

မချစ်ခင်မမြတ်နိုးခြင်း (မုန်းတီးမှု) မရှိသူသည် ဗျာပါဒကာယ ဂန္ထကိုပယ်အပ်၏။ ထိုဂန္ထနှစ်ခုကို ပယ်အပ်လေသော် ကျန်သီလဗ္ဗတပရာမာသကာယဂန္ထနှင့် ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထကိုလည်း ပယ်အပ်ပြီး ဖြစ်ကုန်၏။

ဒေသနာ ဂါထာ၏အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။ ထိုသားနှင့်အမိအဖသုံးဦးတို့သည်ကား ငါတို့သည်တစ်ဦးနှင့်တစ်ဦး မခွဲခွာနိုင်ကြ ဟူသော စိတ်ထားဖြင့် လူဝတ်လဲကြပြီး အိမ်သို့သာ သွားကြလေကုန်၏။

**တခယောဇနပဗ္ဗဇိတာဝတ္ထု ပြီး၏။**

## ၆၁။ အညတရ ကုဋုမ္ဗိကဝတ္ထု
## မထင်ရှားသော သူကြွယ်တစ်ယောက်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သူကြွယ်တစ်ယောက်သည် သူ၏သား ကွယ်လွန်လေသော် သားကြောင့်ဖြစ်သော စိုးရိမ်ပူဆွေးမှု သောကတရားသည် ဖိစီးနှိပ်စက်အပ်သည်ဖြစ်၍ သုဿန်သို့သွားကာ ငိုနေရှာ၏။ သားကြောင့်ဖြစ်သော သောကတရားကို တားဆီးခြင်းငှာ မတတ်နိုင်ရှာ။

မြတ်စွာဘုရားသည် ပစ္ဆိမယံ အချိန် မိုးသောက်ခါနီးလင်အားကြီးဝယ် သတ္တလောကကို ရှုကြည့်တော်မူလတ်သော် ထိုသူကြွယ်၏ သောတာပတ္တိမဂ် ရနိုင်ရန် အကြောင်းအားကောင်းသော ပါရမီကို မြင်တော်မူ၍ ဆွမ်းခံရာမှ ဖဲခွါခဲ့ပြီးနောက် လိုက်ရဟန်းတစ်ပါးကို ခေါ်၍ ထိုသူကြွယ်၏ အိမ်တံခါးဝသို့ ကြွတော်မူလေ၏။

ထိုသူကြွယ်သည် မြတ်စွာဘုရား ကြွလာတော်မူကြောင်းကို ကြားသိရ၍ မြတ်စွာဘုရားသည် ငါနှင့်အတူ စကားပြောလိုလိမ့်မည်ဟု စိတ်ကူး၍ မြတ်စွာဘုရားကို အိမ်တွင်းသို့ ကြွဝင်စေကာ အိမ်အလယ်၌ နေရာခင်း ၍ မြတ်စွာဘုရား ထိုင်နေတော်မူလေသော် မြတ်စွာဘုရားအနီးလာပြီး တစ်နေရာ၌ ထိုင်နေလေ၏။

ထိုအခါ ထိုသူကြွယ်ကို မြတ်စွာဘုရားသည် အို ဥပါသကာသင်သည် ဆင်းရဲပင်ပန်းနေသူဖြစ်သလောဟု မေးတော်မူလေသော် ထိုသူကြွယ်သည် သားနှင့် ခွဲခွာကွေကွင်းရခြင်းကြောင့် ဆင်းရဲနေကြောင်း လျှောက်ထားလေလျှင်

ဥပါသကာ သင်သည် ပြန်တွေးစဉ်းစား စိုးရိမ်ပူဆွေးမနေပါနှင့်၊ သေခြင်းမည်သော ဤတရားသည် တစ်နေရာ, တစ်ဌာန, တစ်ရပ်, တစ်ဒေသ၌သာဖြစ်သည်မဟုတ်၊ တစ်ယောက်သောသူ၏ စိတ်၌သာဖြစ်သည် လည်းမဟုတ်၊ ဘဝဖြစ်မှု ရှိနေသမျှ ကာလပတ်လုံး သတ္တဝါအားလုံး၏ စိတ်၌ ဖြစ်သည်သာတည်း။ မြဲသော သင်္ခါရတစ်ခုမျှသော်လည်း မရှိချေ။ ထို့ကြောင့် သေခြင်း သဘောရှိသော သူသည်သေ၏။ ပျက်ခြင်းသဘောရှိသော သူသည်ပျက်၏ဟု အသင့်အားဖြင့် ဆင်ခြင်ထိုက်၏။ မစိုးရိမ်ထိုက်မပူဆွေးထိုက်

မှန်၏ ရှေးကာလ၌ ဖြစ်ကြသော ပညာရှိတို့သည်လည်း သား၏ သေရာအခါ၌ သေခြင်းသဘောရှိသောအရာသည် သေ၏။ ပျက်ခြင်းသဘောရှိသော အရာသည် ပျက်၏ဟု စိုးရိမ်ပူဆွေးမှုကို မပြုဘဲ မရဏဿတိ(သေခြင်းကို အမှတ်ရခြင်း)ကို သာပွားကြလေကုန်ပြီဟု မိန့်တော်မူလေသော်

မြတ်စွာဘုရားအဘယ်သူတို့သည် အဘယ်အခါ၌ မရဏဿတိကို ပွားစေကြပါကုန်သနည်း။ တပည့်တော်အား မိန့်ကြားတော်မူကြပါဟု တောင်းပန်အပ်သည် ဖြစ်၍ မရဏဿတိ - ပွားစေပုံကို ထင်ရှားပြခြင်းအကျိုးငှာ အတိတ်ကို ဆောင်တော်မူ၍ -

၁။ ဥရဂေါဝ တစံ ဇိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိ သံတနုံ။
ဧဝံ သရီရေ နိဗ္ဘောဂေ၊ ပေတေ ကာလကတေသတိ။
၂။ ဍယှမာနော နဇာနာ့တိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာဧတံ နသောစာမိ၊ ဂတော သောတဿယာဂတိ။

၁။ ဥရဂေါ - (ရင်ဖြင့်သွားတတ်သော) မြွေသည်၊ သံ - မိမိဥစ္စာဖြစ်သော တနုံ - ပါးလှပ်သော၊ ဇိဏ္ဏံ - ဟောင်းနွမ်းဆွေးမြေ့သော၊ တစံ - အရေကို၊ ဟိတွာ - ပယ်စွန့်၍၊ ဂစ္ဆတိဣဝ - သွားသကဲ့သို့၊ ဧဝံ - ဤအတူ သရီရေ၊ ခန္ဓာကိုယ်သည်၊ နိဗ္ဘောဂေ - ဇီဝိန်ကင်းသဖြင့် သုံးဆောင်နိုင်ခြင်းမရှိသည်၊ ပေတေ - ဘဝတစ်ပါးပြောင်း သွားသည်။ ကာလကတေ - ကွယ်လွန်သည်၊ သတိ - ဖြစ်လတ်သော်
၂။ ဍယှမာနော - မီးရှို့အပ်သူသည်၊ မီးရှို့ခံရသူသည်၊ ဉာတီနံ - ဆွေမျိုးတို့၏။ ပရိဒေဝိတံ - ငိုကြွေးအပ်သည်ကို၊ နဇာနာတိမသိ။
တဿ - ကွယ်လွန်သွားသော ထိုသား၏။ ယာဂတိ - အကြင်လားရာဘဝသည်။ အတ္ထိရှိ၏။ သော ထိုကွယ်လွန်သောသားသည်၊ ယသ္မာ - အကြင်ကြောင့်၊ တံ - ထိုလားရာဘဝသို့၊ ဂတော - သွားလေ၏။ တသ္မာ - ထို့ကြောင့်၊ ဧတံ - ကွယ်လွန်လေသော ထိုသားကို (အာရဗ္ဘ - အကြောင်းပြု၍) နသောစာမိ - စိုးရိမ် ပူဆွေးမငိုကြွေးတော့ပါ။
ပဥ္စကနိပါတ်၌ ဤ ဥဒက ဇာတ်ကို အကျယ်ချဲ့တော်မူ၍
ဤသို့ ရှေးအခါ၌ ပညာရှိတို့သည် ချစ်အပ်သော သားကွယ်လွန်လေသော် ယခုအခါ သင်ကဲ့သို့ လုပ်ငန်းကိစ္စအဝဝကို စွန့်လွှတ်၍ အစာမစားဘဲ ငိုယိုလျက်နေခဲ့လေပြီ။ ထိုနှင့်အတူမနေမူ၍ မရဏဿတိ - ဘာဝနာအင်အားဖြင့် စိုးရိမ်ပူဆွေးမှုကို မပြုမူ၍ စားဖွယ်အာဟာရကို စားကြလေကုန်ပြီ။ ပြုဖွယ်ကိစ္စအဝဝကိုလည်း စွဲစွဲမြဲမြဲ ပြုကြကုန်ပြီ။
ထို့ကြောင့်သင်ဥပါသကာသည် ငါ၏ချစ်စွာသော သားသည် ကွယ်လွန်ရှာလေပြီဟု မကြံစည်, မစဉ်းစား မစိုးရိမ်ပါနှင့်။
မှန်၏ စိုးရိမ်ပူဆွေးမှုသည်လည်းကောင်း၊ ကြောက်ရွံ့မှုသည်လည်းကောင်း၊ ဖြစ်ပေါ်ခဲ့သော် ချစ်အပ်သူကိုသာ အမှီသဟဲ အစွဲပြု၍ ဖြစ်ပေါ်လာ၏ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

ပိယတော ဇာယတီ သောကော၊ ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိသောကော ကုတောဘယံ။

ပိယတော - ချစ်ခင်မြတ်နိုးခြင်းကြောင့်၊ သောကော - စိုးရိမ်ပူဆွေးစိတ်မအေးရခြင်းသည်၊ ဇာယတိ - ဖြစ်မြဲ ဓမ္မတာဖြစ်ပေါ်လာ၏။ ပိယတော - ချစ်ခင်မြတ်နိုးခြင်းကြောင့်၊ ဘယံ - ထိခိုက်တွေ့ကြုံဘေးမျိုးစုံသည်၊ ဇာယတိ - ဖြစ်မြဲဓမ္မတာဖြစ်ပေါ်လာ၏။

ပိယောတော - ချစ်ခင်မြတ်နိုးခြင်းမှ၊ ဝိပ္ပမုတ္တဿ - ကင်းလွတ်သူအား ဝါ - ကင်းလွတ်သူ၏။ သောကော - စိုးရိမ်ပူဆွေး စိတ်မအေးခြင်းသည် နတ္ထိ - မရှိချေ။ ဘယံ - ကြောက်ခြင်းသည် ဘယံ - ထိခိုက်တွေ့ကြုံ ဘေးမျိုးစုံသည်၊ ကုတော - အတ္ထိ - အဘယ်မှာရှိချေတော့အံ့နည်း။

ဒေသနာတော်အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာကြသူ ရဟန်းရှင် လူတို့၏လည်း အကျိုးရှိသော တရားဒေသနာတော်ဖြစ်ခဲ့လေပြီ။

**အညတရ ကုဋုမ္ဗိကဝတ္ထု ပြီး၏။**

## ၆၂။ လိစ္ဆဝိဝတ္ထု
## လိစ္ဆဝိမင်းသားတို့အကြောင်း

မြတ်စွာဘုရား ဝေသာလီပြည်ကို အမှီပြု၍ စုလစ်မွမ်းချွန် အထွဋ်တတ်သော ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပွဲလမ်းသဘင် ဆင်ယင်ရာနေ့တစ်နေ့၌ လိစ္ဆဝီမင်းသားတို့သည် အချင်းချင်း တစ်ယောက်သည် တစ်ယောက်နှင့်မတူသော အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်၍ ဥယျာဉ်သို့သွားရန် မြို့တွင်းမှ ထွက်ခဲ့ကြကုန်၏။ မြတ်စွာဘုရားသည် ဆွမ်းခံဝင်တော်မူလတ်သော် လိစ္ဆဝီမင်းသားတို့ကို မြင်တော်မူ၍ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။

ရဟန်းတို့ လိစ္ဆဝီမင်းသားတို့ကို ကြည့်ရှုကြကုန်လော့ တာဝတိံသာ နတ်တို့ကို မမြင်ဖူးကြသော ရဟန်းတို့သည် ဤလိစ္ဆဝီမင်းသားတို့ကို ကြည့်ရှုကြကုန်လော့။ ဤသို့မိန့်တော်မူပြီး ဝေသာလီမြို့တွင်းသို့ ဝင်တော်မူလေပြီ။

လိစ္ဆဝီမင်းသားတို့လည်း ဥယျာဉ်သို့ သွားကြစဉ် ပြည်တန်ဆာမတစ်ယောက်ကို ခေါ်၍ သွားကြပြီးလျှင် ထိုပြည်တန်ဆာမကို အမှီသဟဲ အစွဲပြု၍ ဣဿာတရားလွှမ်းမိုးနှိပ်စက်အပ်ကုန်ရကား တစ်ယောက်သည် တစ်ယောက်ကို ရိုက်နှက်ထိုးခုတ်ကြ၍ မြစ်ရေကဲ့သို့သွေးကို ဖြစ်စေကြကုန်၏။

ထိုအခါ လိစ္ဆဝီမင်းသားတို့ကို ညောင်စောင်းဖြင့် ယူ၍ မြောက်ချီထမ်းဆောင်လာကြကုန်၏။

မြတ်စွာဘုရားသည်လည်း ဆွမ်းကိစ္စ ပြုတော်မူပြီး မြို့တွင်းမှ ထွက်ကြတော်မူပြီ။

ရဟန်းတို့လည်း ညောင်စောင်း၌ တင်၍ မြောက်ချီထမ်းဆောင်အပ်ကုန်သော လိစ္ဆဝီမင်းသား တို့ကို တွေ့မြင်ကြ၍

မြတ်စွာဘုရား လိစ္ဆဝီမင်းသားတို့သည် နံနက်အချိန်ကပင် အဝတ်တန်ဆာဖြင့် တန်ဆာဆင် ကြကာ တာဝတိံသာနတ်တို့ကဲ့သို့ မြို့တွင်းမှ ထွက်သွားကြပြီး ယခုအချိန်၌ မိန်းမတစ်ယောက်ကို အကြောင်းပြု၍ ပျက်စီးခြင်းသို့ ရောက်ကြလေကုန်ပြီဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့သောကသည် လည်းကောင်း၊ ဘယ - သည်လည်းကောင်း၊ ဖြစ်ပေါ်လာသော် မွေ့လျော်မှုအကြောင်းပြု၍ ဖြစ်ပေါ်သည်သာတည်းဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူသည်။

ရတိယာ ဇာယတိ သောကော၊ ရတိယာ ဇာယတိ ဘယံ။
ရတိယာ ဝိပ္ပမုတ္တဿ၊ နတ္ထိသောကော ကုတော ဘယံ။

ရတိယာ - ငါးပါးအာရုံ ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်းကြောင့်၊ သောကော - စိုးရိမ်ပူဆွေး စိတ်မအေးဖွယ်သည်၊ ဇာယတိ - အကြောင်းနှင့် လျော်ဖြစ်ပေါ်လာလေ၏။

ရတိယာ - ငါးပါးအာရုံ ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်းကြောင့်၊ ဘယံ - ထိခိုက်တွေ့ကြုံ ဘေးမျိုးစုံသည်၊ ဇာယတိ - အကြောင်းနှင့်လျော်ဖြစ်ပေါ်လာလေ၏။

ရတိယာ - ငါးပါးအာရုံ ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်း၌ ဝိပ္ပမုတ္တာသ - မငြိမတွယ် ကင်းလွတ်စင်ကြယ် သူအား - ဝါ သူ၏။ သောကော - စိုးရိမ်ပူဆွေးစိတ်မအေးဖွယ်သည်၊ နိတ္ထိ - တစ်စိုးတစ်စ မရှိတော့ချေ။ ဘယံ - ထိခိုက်တွေ့ကြုံဘေးမျိုးစုံသည် ကုတော - အတ္ထိ - အဘယ်မှာစိုးစိရှိချေပါအံ့နည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကြလေကုန်ပြီ။

**လိစ္ဆဝိဝတ္ထု ပြီး၏။**

# ၆၃။ အနိတ္ထိဂန္ဓကုမာရဝတ္ထု
# မိန်းမအနံ့မခံလိုသော သတို့သားအကြောင်း

သာဝတ္ထိမြို့ဝယ် စည်းစိမ်ဥစ္စာများစွာရှိသော အိမ်၌ ဗြဟ္မာပြည်မှ စုတေ၍ လူဖြစ်လာသော သားတစ်ယောက်ရှိ၏။ ထိုသားသည် ဖွားမြင်ပြီးရာနေ့မှစ၍ သူ့အနီးသို့ အမျိုးသမီးချဉ်းကပ်လာမှုကို အလိုမရှိ၊ အမျိုးသမီးကိုင်ချီအပ်သော်ငိုလေ၏။ ထိုသားကို အဝတ်ခွေဖြင့်ကိုင်၍ နို့တိုက်ကြကုန်၏။ ထိုသားသည် အရွယ်ရောက်လတ်သော် မိဖတို့က - ချစ်သားသင်၏ ထိမ်းမြားလက်ထပ်မှုကို ပြုပေးကြမည်ဟု ပြောဆိုအပ်သော် ကျွန်တော်အား အမျိုးသမီးဖြင့် အလိုမရှိဟု ဖယ်ရှားပြောဆိုသော်လည်း မိဖတို့က ထိမ်းမြားလက်ထပ်ရန် အကြိမ်ကြိမ်ပြောဆိုအပ်လေသော် ရွှေပန်းထိမ်သည် ငါးရာတို့ကို ခေါ်စေ၍ ရွှေနိက္ခတစ်ထောင်ကို ပေးစေပြီး လွန်စွာရှုချင်ဖွယ်ရှိသော တစ်ခဲနက် သွန်းထုအပ်သော အမျိုးသမီးရုပ်ထုကို ပြုလုပ်စေ၍ နောက်ထပ်တစ်ဖန် မိဖတို့က ချစ်သား သင်အိမ်ထောင်မပြုခဲ့သော် ငါတို့၏ အမျိုးအနွယ်သည် တည်ရစ်တော့မည် မဟုတ်၊ သင့်အဖို့ သတို့သမီးကို ခေါ်ဆောင်ကြတော့မည်ဟု ပြောဆိုအပ်ပြန်သော် အိမ်ထောင်ပြုရမည် ဖြစ်လျှင် ဤအရုပ်နှင့်တူသော သတို့သမီးကို ခေါ်ဆောင်ပေးနိုင်ကြလျှင် အမိအဖတို့၏ စကားကို လိုက်နာပါမည်ဟု ပြောပြီး ရွှေရုပ်ကိုပြလေ၏။ ထိုအခါ ထိုသား၏အမိအဖတို့သည် ထင်ရှားကျော်ကြားကုန်သော ပုဏ္ဏားတို့ကိုခေါ်စေ၍ ငါတို့၏သားသည် ဘုန်းရှင်ကံရှင် ဖြစ်၏။ မချွတ်မယွင်းငါတို့ သားနှင့်အတူ ကောင်းမှုပြုခဲ့သူ သတို့သမီး ရှိလိမ့်မည်။ သင်တို့ သွားကြပါ၊ ဤရွှေရုပ်ကိုယူ၍ ဤရွှေရုပ်နှင့်တူသော သတို့သမီးကို ခေါ်ဆောင်ခဲ့ကြပါဟုစေလွှတ်ကြကုန်၏။ (ရှာခိုင်းကြကုန်၏။)

ပုဏ္ဏားတို့သည် ကောင်းပါပြီဟု ပြောဆို၍ အရပ်လေးမျက်နှာ၌ အလိုရှိအပ်သော သတို့သမီးကို လှည့်လည်ရှာဖွေကြလေသော် မဒ္ဒတိုင်း၊ သာဂလမြို့သို့ ရောက်ကြလေကုန်၏။

ထိုသာဂလမြို့၌ တစ်ဆယ့်ခြောက်နှစ် အရွယ် ရုပ်ရည်အဆင်း အလွန်လှပတင့်တယ်သော သတို့သမီး တစ်ယောက်ရှိလေ၏။ ထိုသတို့သမီးကို အမိအဖတို့သည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်ဆုံးပြာသာဒ်အပြင်၌ အခြံအရံနှင့်အတူ နေစေကုန်၏။

ပုဏ္ဏားတို့သည်လည်း ဤသာဂလမြို့၌ ဤရွှေရုပ်နှင့်တူသော သတို့သမီးရှိခဲ့သော် ရွှေရုပ်ကို မြင်လျှင် ဤသတို့သမီးသည် ဤအမည်ရှိသောအမျိုး၏ သမီးကဲ့သို့ လှပတင့်တယ် ရှုချင်ဖွယ်ရှိပေသည်ဟု ပြောဆိုကြလိမ့်မည်ဟု ရည်ရွယ်၍ ယူဆောင်ခဲ့သော ရွှေရုပ်ကို ရေချိုးဆိပ်သွားရာလမ်း၌ ထားကြပြီး တစ်ခုသောနေရာ၌ ထိုင်နေကြကုန်၏။

ထိုအခါ သာဂလမြို့နေ သတို့သမီး၏ အထိန်းတော်သည် သတို့သမီးကို ဒရေချိုးစေ၍ မိမိကိုယ်တိုင်ကလည်း ရေချိုးလိုသဖြင့် ရေချိုးဆိပ်သို့လာစဉ် ထိုရွှေရုပ်တုကို မြင်လေသော် သူ၏ သတို့သမီးဟူသော အမှတ်ဖြင့်

သင်သည် ဆုံးမခက်သူဖြစ်၏။ ယခုပင် ငါရေချိုးစေ၍ ထွက်လာသည်။ သင် - ငါ့ထက် အလျင် ဤနေရာ၌ ရောက်နေသည်ဟု လက်ဖြင့် ရိုက်ခတ်လေသော်၊ ကြမ်းတမ်းသည်၏ အဖြစ်ကိုလည်းကောင်း၊

ဖောက်ပြန်ခြင်းမရှိသည်၏ ဒ[illegible]ါ်ကိုလည်းကောင်း သိ၍ ငါသည် ငါ၏ သမီးဟု မှတ်ထင်ခဲ့၏။ ဤသည်ကား အဘယ်အမည်ရှိသနည်းဟု ပြောဆိုလေ၏။ ထိုအခါ အထိမ်းတော်ကို ပုဏ္ဏားတို့သည် အို - မိခင် သင့်မှာ ဤအရုပ်နှင့်တူသော သမီးရှိသလောဟု မေးကြကုန်၏။

ဤရွှေရုပ်တုသည် ငါ့သမီး၏ အနီး၌ အဘယ်မျှ အဖိုးတန်မည်နည်းဟု ပြောဆိုလေလျှင် ထိုသို့ဖြစ်ပါမူ သင်မိခင်၏သမီးကို ကျုပ်တို့အားပြပါဟု ပြောကြကုန်၏။ အထိမ်းတော်သည် ပုဏ္ဏားတို့နှင့်အတူ အိမ်သို့သွား၍ အရှင်သခင် အိမ်ရှင်တို့အား ပြောပြလေ၏။ အရှင်သခင်တို့သည် ပုဏ္ဏားတို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ မျက်နှာပြုကြပြီးသော် သမီးဖြစ်သူကို အောက်သို့ ဆင်းစေ၍ ပြာသာဒ်အောက်၌ထားသော ရွှေရုပ်အနီး၌ ထားစေကုန်၏။ ရွှေရုပ်သည် အရောင်မရှိ ဖြစ်လေ၏။ သက်ရှိသတို့သမီးသည် အရောင်ရှိသူဖြစ်လေ၏။ ပုဏ္ဏားတို့သည် ရွှေရုပ်တုကို သက်ရှိသတို့သမီး၏ မိဘတို့အားပေးခဲ့ပြီး သတို့သမီးကို ဝန်ခံစေ၍ ပြန်လာခဲ့ကြကာ အနိတ္ထိဂန္ဓ သတို့သား၏ မိဘတို့အား ပြောကြားကြကုန်၏။ မိဘတို့သည် နှစ်သက်ဝမ်းမြောက်စိတ်ရှိကြပြီး သွားကြပါ ထိုသတို့သမီးကို အမြန်ခေါ်ဆောင်ခဲ့ကြပါဟု များစွာချီးမြှောက်ဖွယ်နှင့်အတူ စေလွှတ်ကြကုန်၏။

ဂန္ဓသတို့သားသည်လည်း ထိုအကြောင်းကို ကြားလေသော် ရွှေရုပ်ထက်သာလွန်သော ရုပ်အဆင်းရှိသော သူငယ်မသည် ရှိသတဲ့ဟု ကြားရရုံဖြင့်ပင် ချစ်မြတ်နိုးခြင်းကို ဖြစ်စေ၍ လျင်မြန်စွာ ခေါ်ဆောင်ခဲ့ကြပါဟု ပြောလေ၏။ သတို့သမီးသည်လည်း ယာဉ်ထက်၌ တင်၍ ခေါ်ဆောင်အပ်စဉ် လွန်စွာနူးညံ့သိမ်မွေ့သူ၏အဖြစ်ကြောင့် ယာဉ်ခုံ လှုပ်ရှားခြင်းသည် ဖြစ်စေအပ်သော လေနာရောဂါကြောင့် လမ်းခရီးအကြား၌ပင် ကွယ်လွန်လေ၏။

ဂန္ဓသတို့သားသည်လည်း လာပြီလော ရောက်ပြီလောဟု မပြတ်မေးနေ၏။ အလွန်ချစ်ခင်မြတ်နိုးခြင်းဖြင့် မေးနေသော ဂန္ဓသတို့သားအား အဆောတလျင် မပြောကြဘဲ နှစ်ရက်သုံးရက်ပတ်လုံး စိတ်ကို တစ်ခြားအာရုံသို့ရောက်အောင် ပြုထားကြပြီး ထိုအကြောင်းကို ပြောကြားကြကုန်၏။

ဂန္ဓသတို့သားသည်လည်း ထိုမျှလောက်လှပတင့်တယ်သော အမျိုးသမီးနှင့်အတူ ပေါင်းဆုံခြင်းကို ငါမရခဲ့လေပြီတကားဟု နှလုံးမသာမယာ ဖြစ်ရကား တောင်ဖြင့်ဖိကြိတ်ခံရသကဲ့သို့ စိုးရိမ်မှု ဆင်းရဲဖြင့် ဝါ - ဆင်းရဲသည် လွှမ်းမိုးဖိကြိတ်ခံရလေ၏။

မြတ်စွာဘုရားသည် ဂန္ဓသတို့သား၏ အားကောင်းသော မဂ်ဖိုလ်၏ မှီရာ အကြောင်းကို မြင်တော်မူ၍ ဆွမ်းခံကြွလေသော် ဂန္ဓသတို့သားတို့ အိမ်တံခါးဝသို့ ကြွသွားတော်မူလေ၏။

ထိုအခါ ဂန္ဓသတို့သား၏ မိဘတို့သည် မြတ်စွာဘုရားကို အိမ်တွင်းသို့ ပင့်ဆောင်ပြီး ရိုသေစွာ ဆွမ်းကပ် လှူကြကုန်၏။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ အနိတ္ထိဂန္ဓ သတို့သား ဘယ်မှာနည်း။

မြတ်စွာဘုရား အနိတ္ထိဂန္ဓ သတို့သားသည် အာဟာရကိုဖြတ်၍ (ထမင်းမစားဘဲ) အိမ်ခန်းတွင်း၌ နေပါသည်ဘုရား။

ဂန္ဓသတို့သားကို ခေါ်လိုက်ကြ။

ဂန္ဓသတို့သားသည်လာ၍ မြတ်စွာဘုရားကို ရှိခိုးပြီးသင့်တော်သောနေရာ၌ ထိုင်နေ၏။

အို သတို့သားအား ကြီးသော စိုးရိမ်ပူဆွေးမှု ဖြစ်နေသလော။

မြတ်စွာဘုရား - ဖြစ်နေသည်မှန်ပါ၏။ အလွန်လှပတင့်တယ်သော မိန်းမသည် လမ်းခရီး အကြား၌ ကွယ်လွန်ရှာပြီဟု ကြားရသော် အားကြီးသော စိုးရိမ်ပူဆွေးမှုဖြစ်ခဲ့ပါပြီ။ တပည့်တော်သည် ထမင်းကိုသော်လည်း မစားလိုတော့ပါ။

ဂန္ဓသတို့သား အဘယ်ကို အကြောင်းပြု၍ သင်၏ စိုးရိမ်ပူဆွေးမှု ဖြစ်ရသည်ဟုသင်သိသနည်း။

မြတ်စွာဘုရား - တပည့်တော်မသိပါ။

သတို့သား - ကာမကို မှီရာအကြောင်းပြု၍ အားကြီးသော စိုးရိမ်ပူဆွေးမှု ဖြစ်ရသည်။ ကာမကို အမှီပြု၍ စိုးရိမ်ပူဆွေးမှုသည်လည်းကောင်း၊ ထိခိုက်တွေ့ကြုံဘေးမျိုးစုံသည်လည်းကောင်း၊ ဖြစ်ပေါ် လာပေသည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူပြီ။

'ကာမတော ဇာယတီ သောကော၊ ကာမတော ဇာယတိ ဘယံ။

ကာမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ကာမတော - ကာမခေါ်ဌြား လိုချင်မှုတရားကြောင့် ကာမတော - ကာမဂုဏ် ရမ္မက်စွမ်းဖြင့် တကယ် တမ်းချစ်ခင်ခြင်းကြောင့် သောကော - စိုးရိမ်ပူဆွေးမှုသည် သောကော - စိုးရိမ်ပူဆွေးစိတ် မအေးမှုသည်၊ ဇာယတီ - အမြဲဆိုက်ရောက်ဖြစ်ပေါ် လာလေ၏။

ကာမတော - ကာမခေါ်ဌြား လိုချင်မှုတရားကြောင့် ကာမတော - ကာမဂုဏ်ရမ္မက်စွမ်းဖြင့် တကယ်တမ်းချစ်ခင်ခြင်းကြောင့်၊ ဘယံ - ကြောက်ဖွယ်ဘေးသည် ဘယံ - ထိခိုက်တွေ့ကြုံ ဘေးမျိုးစုံ သည်၊ ဇာယတိ - အမြဲဆိုက်ရောက်ဖြစ်ပေါ် လေ၏။

ကာမတော - ကာမခေါ်ဌြား လိုချင်မှုတရားမှ၊ ကာမတော - ကာမဂုဏ် ရမ္မက်စွမ်းဖြင့် တကယ်တမ်း ချစ်ခင်ခြင်းမှ၊ ဝိပ္ပမုတ္တဿ ကင်းလွတ်စင်ကြယ် ငြိတွယ်လွတ်ကင်း အန္တရာယ်ရှင်း သူအား၊ သောကော - စိုးရိမ်ပူဆွေးမှုသည်၊ သောကော - စိုးရိမ်ပူဆွေးစိတ်မအေးမှုသည်၊ နတ္ထိ - တစိုးတစိမရှိ တော့ချေ။ ဘယံ - ကြောက်မက်ဖွယ်ဘေးသည်၊ ဘယံ - ထိခိုက်တွေ့ကြုံဘေးမျိုးစုံသည်၊ ကုတော အတ္ထိ - ဘယ်မှာ စိုးစိရှိချေတော့အံနည်း။

ဒေသနာတော်အဆုံး၌ အနိတ္ထိဂန္ဓသတို့သားသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။

မှတ်ချက်။ ဝတ္ထုကာမကိလေသ ကာမ နှစ်မျိုးလုံးကြောင့် သောကနှင့်ဘယ ဖြစ်သည်ဟု ဖွင့်ထားသည်။

နှစ်သက်ဖွယ်လိုချင်ဖွယ်ဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိတို့သည် ဝတ္ထုကာမဖြစ်သည်။

ထိုဝတ္ထုကာမကို အလိုရှိသော ရာဂ, လောဘသည် ကိလေသကာမဖြစ်သည်။

အနိတ္ထိဂန္ဓကုမာရဝတ္ထု ပြီး၏။

## ၆၄။ အညတရဗြာဟ္မဏဝတ္ထု
## မထင်ရှားသော ပုဏ္ဏားတစ်ယောက်အကြောင်း

သာဝတ္ထိမြို့၌ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတစ်ယောက်ရှိ၏။ သူသည် တစ်နေ့သ၌ မြစ်ကမ်းအနီးသို့သွား၍ လယ်မြေကို ရှင်းလင်းသုတ်သင်နေ၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏား၏ မဂ်ဖိုလ်ရနိုင်မည့် အကြောင်းနှင့်ပြည့်စုံမှုကို မြင်တော်မူ၍ ပုဏ္ဏားထံသို့ ကြွတော်မူ၏။ ပုဏ္ဏားသည် မြတ်စွာဘုရားကိုမြင်သော်လည်း ရိုသေလေးစားမှုကို မပြုမူ၍ ဆိတ်ဆိတ်နေလေ၏။

ထိုအခါ ပုဏ္ဏားကို မြတ်စွာဘုရားသည် ရှေးဦးစွာ ခေါ်၍ အို - ပုဏ္ဏား သင်သည် ဘာကို ပြုနေသနည်းဟု မေးတော်မူ၏။

အရှင်ဂေါတမ ကျွန်ုပ်သည် လယ်မြေကို ရှင်းလင်းသုတ်သင်ပါ၏ ဟု ပြန်ပြောလေ၏။

မြတ်စွာဘုရားသည် ဤမျှသော စကားကိုသာ မိန့်တော်မူကာကြွသွားတော်မူ၏။

နောက်နေ့၌လည်း လယ်ထွန်ရန် လာသော ပုဏ္ဏားထံသို့ ကြွတော်မူ၍ အိုပုဏ္ဏား ဘာကိုပြုနေသနည်းဟု မေးပြန်၍ အရှင်ဂေါတမ ကျွန်ုပ်လယ်ထွန်နေပါ၏ ဟူသော ပြန်ပြောစကားကို ကြားတော်မူကာ ဖဲခွာသွားကြလေ၏။

နောက်နေ့စသည်တို့၌လည်း ထိုအတူပင် ပုဏ္ဏားထံသွား၍ မေးပြန်သော် အရှင်ဂေါတမ ကျွန်ုပ် လယ်စပါးကို စိုက်ပျိုးပါ၏။ ရေသွင်းပါ၏။ ပေါင်းနှုတ်ပါ၏။ စောင့်ရှောက်ပါ၏ ဟူသော ပြန်စကားကို ကြားတော်မူကာ ဖဲခွာကြွသွားတော်မူ၏။

ထိုမှ နောက်ဖြစ်သော တစ်နေ့သ၌ ပုဏ္ဏားသည် မြတ်စွာဘုရားကို ဤသို့လျှောက်ထားလေ၏။

အို အရှင်ဂေါတမ အရှင်သည် ကျွန်ုပ်လယ်မြေကို ရှင်းလင်းသုတ်သင်ရာနေ့မှစ၍ ကျွန်ုပ်ထံ လာနေသည်။ ကျွန်ုပ်၏ ကောက်စပါးပြည့်စုံပြီးစီးခဲ့သော် အရှင့်အားလည်း ခွဲဝေမှုကို ပြုပါမည်။ အရှင်အားမပေးဘဲ ကျွန်ုပ်ကိုင်တိုင် စားမည်မဟုတ်ပါ။ ယခုအချိန်မှစ၍ အရှင်သည် ကျွန်ုပ်၏ မိတ်ဆွေပါ။

ထိုအချိန်မှတစ်ခုသော အချိန်၌ ပုဏ္ဏား၏ ကောက်စပါးသည် အသီးပြည့်စုံလေ၏။ ပုဏ္ဏားသည် ငါ၏ ကောက်စပါးအသီးပြည့်စုံပြီ နက်ဖန်စပါးရိတ်သိမ်းစေမည်ဟု ရိတ်သိမ်းရန် ကိစ္စ စီစဉ်နေစဉ် ညအချိန်၌ မိုးကြီးရွာသွန်း၍ ကောက်စပါးအားလုံးကို ဆောင်ယူမျောချသွားလေပြီ။ လယ်ကွင်းသည် ကောင်းစွာ ရှင်းလင်းထားသော တလင်းပြင်နှင့်တူနေလေ၏။

မြတ်စွာဘုရားသည်ကား ရှေးဦးစွာ ဖြစ်သောနေ့၌ပင်လျှင် ပုဏ္ဏား၏ ထိုကောက်စပါး ပြည့်စုံမည်မဟုတ်သည်ကို သိတော်မူပြီ။

ပုဏ္ဏားသည် နံနက်စောစော၌ပင် လယ်ကွင်းကို ကြည့်မည်ဟူသော အကြံဖြင့် သွားလေသော် အချည်းအနှီးဖြစ်သော လယ်မြေကို မြင်ရလေသော် သောကကြီးစွာ ဖြစ်ပေါ်လာကာ ဤသို့ စိတ်ဖြစ်လေ၏။

ရဟန်းဂေါတမသည် လယ်မြေကို ရှင်းလင်းသုတ်သင်ချိန်မှစ၍ ငါ့ထံသို့ လာခဲ့သည်။ ငါကလည်း ရှင်ဂေါတမကို ဤကောက်စပါးပြည့်စုံပြီးစီးသော် အရှင့်အားလည်း ခွဲဝေမှုကို ပြုပါမည်။ အရှင့်အား မပေးဘဲ ကျွန်ုပ်ကိုင်တိုင်မစားပါ။ ဤနေ့ဤအချိန်မှစ၍ အရှင်သည် ကျွန်ုပ်၏ မိတ်ဆွေပါဟု ပြောခဲ့ပြီး ငါ၏ ထိုနှလုံးအလိုသည်လည်း ပြီးဆုံးခြင်းသို့ မရောက်ခဲ့ပြီ။

ဤသို့သော စိတ်ဖြစ်ပြီးသော် အာဟာရကို ဖြတ်၍ ညောင်စောင်း၌အိပ်နေလေ၏။

ထိုအချိန်၌ မြတ်စွာဘုရားသည် ပုဏ္ဏား၏ အိမ်တံခါးပေါက်သို့ ကြွရောက်လာလေပြီ။

ပုဏ္ဏားသည် မြတ်စွာဘုရား ကြွလာကြောင်းစကားကို ကြားရလေသော် ငါ၏ မိတ်ဆွေကို ခေါ်၍ ဤနေရာ၌ ထိုင်ပါစေဟု ပြောလေ၏။

ပုဏ္ဏား၏ အခြွေအရံလူသည် ပုဏ္ဏားပြောတိုင်းပြုလေ၏။

မြတ်စွာဘုရားသည် ထိုင်တော်မူ၍ ပုဏ္ဏားအဘယ်မှာနည်းဟု မေးတော်မူလျှင် အိမ်ခန်းတွင်း၌ အိပ်နေပါသည် ဟုလျှောက်ထားအပ်သော် ပုဏ္ဏားကိုခေါ်လိုက်ကြဟု ခေါ်စေ၍ လာပြီး တစ်နေရာ၌ ထိုင်နေသော ပုဏ္ဏားကို အိုပုဏ္ဏား အဘယ်ကြောင့် အိမ်တွင်း၌ အိပ်နေသနည်းဟု မိန့်တော်မူ၏။

အို အရှင်ဂေါတမ အရှင်တို့သည် ကျွန်ုပ်၏ လယ်မြေကိုရှင်းလင်းသုတ်သင်ရာနေ့မှစ၍ ကျွန်ုပ်ထံလာခဲ့ကြသည်။ ကျွန်ုပ်ကလည်း ကောက်စပါးပြီးစီးပြည့်စုံခဲ့သော် အရှင်တို့အားခွဲဝေမှုကို ပြုပါမည်ဟု ပြောခဲ့ပါပြီ။ ကျွန်ုပ်၏ ထိုနှလုံးအလိုသည် မပြည့်စုံမပြီးစီးခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်၏ သောကသည်ဖြစ်ပေါ်လာသည်။ ကျွန်ုပ်အား ထမင်းကိုသော်လည်း မစားလိုတော့ပါဟု ပြောဆိုလေ၏။

ထိုအခါ ပုဏ္ဏားကို မြတ်စွာဘုရားသည် အို - ပုဏ္ဏား သင်၏သောကသည် အဘယ်ကို အကြောင်းပြု၍ ဖြစ်လာသည်ဟု သင်သိသနည်းဟု မေးတော်မူ၍ အရှင်ဂေါတမ ကျွန်ုပ်မသိပါ အရှင်ဂေါတမကား သိပါသလောဟု မေးလျှောက်အပ်သော် - အိုပုဏ္ဏား ငါဘုရားသိပေ၏။ သောကသည်လည်းကောင်း၊ ဘယသည် လည်းကောင်း၊ ဖြစ်ပေါ်လာခဲ့သော် တဏှာကို မှီ၍ အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူပြီ။

တဏှာယ ဇာယတီသောကော၊ တဏှာယ ဇာယတီ ဘယံ၊
တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ၊

တဏှာယ - ဒွါရခြောက်ပါး၌ ဖြစ်သော တပ်မက်သာယာတဏှာကြောင့်၊ သောကော - စိုးရိမ်ပူဆွေးမှုသည်၊ သောကော - စိုးရိမ်ပူဆွေးစိတ်မအေးမှုသည်။ ဇာယတိ - အကြောင်းသင့်စွာ ဖြစ်ပေါ်လာ၏။

တဏှာယ - ဒွါရခြောက်ပါး၌ ဖြစ်သောတပ်မက်သာယာတဏှာကြောင့်၊ ဘယံ - ကြောက်မက်ဖွယ်ဘေးသည်၊ ဘယံ - ထိခိုက်တွေ့ကြုံဘေးမျိုးစုံသည်၊ ဇာယတိ - အကြောင်းသင့်စွာ ဖြစ်ပေါ်လာ၏။

တဏှာယ - ဒွါရခြောက်ပါး၌ ဖြစ်သော တပ်မက်သာယာတဏှာမှ၊ ဝိပ္ပမုတ္တဿ - ကင်း

လွတ်သူအား၊ ဝိပ္ပမုတ္တဿ - ကင်းလွတ်စင်ကြယ်ငြိတွယ်လွတ်ကင်း အန္တရာယ်ရှင်းသူအား၊ သောကော - စိုးရိမ်ပူဆွေးမှုသည်၊ သောကော - စိုးရိမ်ပူဆွေးစိတ်မအေးမှုသည် နတ္ထိ - တစိုးတစိ မရှိပါချေ။ ဘယံ - ကြောက်ဖွယ်ဘေးသည် ဘယံ - ထိခိုက်တွေ့ကြုံဘေးမျိုးစုံသည်၊ ကုတော - အတ္တိ ဘယ်မှာ စိုးစိရှိချေတော့အံ့နည်း။

ဒေသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။

**အညတရဗြာဟ္မဏဝတ္ထု ပြီး၏။**

## ၆၅။ ပဥ္စသတဒါရကဝတ္ထု
## သူငယ်ငါးရာတို့အကြောင်း

တစ်နေ့သ၌ မြတ်စွာဘုရားသည် မဟာထေရ် ရှစ်ကျိပ်တို့နှင့်အတူ ရဟန်းငါးရာခြံရံကာ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လတ်သော် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပရာ နေ့တစ်နေ့၌ သူငယ်ငါးရာတို့ မုန့်တောင်းတို့ကို ရွက်၍ မြို့မှထွက်ကာ ဥယျာဉ်သို့ သွားနေကြသည်ကို မြင်တော်မူသည်။

သူငယ်ငါးရာတို့လည်း မြတ်စွာဘုရားကို ရှိခိုး၍ ဖဲခွာသွားကြကုန်၏။

သူငယ်တို့သည် ရဟန်းတစ်ပါးကိုသော်လည်း မုန့်ကိုခံတော်မူကြပါဟု လျှောက်မထားကြကုန်။

မြတ်စွာဘုရားသည် သူငယ်တို့ ထွက်ခွာသွားသောအခါ ရဟန်းတို့ကို ရဟန်းတို့သင်တို့သည် မုန့်တို့ကို ခဲစားကြကုန်၏ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား အဘယ်မှာ မုန့်များရှိပါသနည်း။

မုန့်တောင်းတို့ကို ရွက်ပြီး ငါတို့ကို ကျော်လွန်သွားကြသော ထိုသူငယ်တို့ကို မမြင်ကြပြီလော။

မြတ်စွာဘုရား ဤသို့သဘောရှိသော သူငယ်တို့သည် ရဟန်းတစ်ပါးပါးအား မုန့်ကို မလှူကြပါဘုရား။

ရဟန်းတို့ ထိုသူငယ်တို့သည် ငါဘုရားကိုသော်လည်းကောင်း၊ သင်ရဟန်းတို့ကိုသော်လည်းကောင်း၊ မုန့်တို့ဖြင့် ဖိတ်မန်လျှောက်ထားခြင်းမရှိကုန်သော်လည်း၊ မုန့်ပိုင်ရှင်ရဟန်းသည် နောက်မှ လိုက်လာ၏။ မုန့်တို့ကို စားပြီးမှသာ ကြွသွားသင့်သည်ဟု မိန့်တော်မူ၏။

မှန်၏။ ဘုရားရှင်တို့အား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၌သော်လည်း မနာလိုမှု ဣဿာသည် လည်းကောင်း၊ အခဲခက်မှုဒေါသသည်လည်းကောင်း မရှိပါချေ။

ထို့ကြောင့် ဤစကားတော်ကို မိန့်တော်မူကာ ရဟန်းသံဃာကို ခေါ်၍ သစ်ပင်ရင်းတစ်ခုအရိပ်၌ ထိုင်နေတော်မူသည်။

သူငယ်တို့သည် နောက်မှလိုက်လာသော မဟာကဿပထေရ်ကို မြင်ကြလေသော် - ချစ်ခင် လိုလားမှု ဖြစ်ပေါ်ကြကာ နှစ်သက်မှု ပီတိအဟုန်ဖြင့် ပြည့်သော ကိုယ်ရှိကြပြီး မုန့်တောင်းတို့ကို ချ၍ မဟာကဿပထေရ်ကို တည်ခြင်း ငါးမျိုးရှိသော ရှိခိုးနည်းဖြင့် ရှိခိုးကြ၍ မုံ့တောင်းတို့နှင့်အတူ မုန့်တို့ကို မြှောက်ချီ၍ အရှင်ဘုရားခံယူတော်မူကြပါဟု မထေရ်ကို လျှောက်ထားကြကုန်၏။

ထိုအခါ မဟာကဿပထေရ်သည် သူငယ်တို့ကို

ဟော ဟို မြတ်စွာဘုရားသည် ရဟန်းသံဃာကို ခေါ်ယူ၍ သစ်ပင်ရင်း၌ ထိုင်နေတော်မူသည်။ သင်တို့၏ လှူဖွယ်ဝတ္ထုကို ယူသွားကြပြီး ရဟန်းသံဃာအား ခွဲဝေမှုကို ပြုချေကြဟု မိန့်တော်မူ၏။

သူငယ်တို့သည် အရှင်ဘုရား ကောင်းပါပြီဟု လျှောက်ထားကာ ပြန်လှည့်၍ မထေရ်နှင့် အတူသာ မြတ်စွာဘုရားထံသွားကြ၍ မုန့်တို့ကို ပေးလှူ၍ ကြည့်ရှုကြလျက် တစ်နေရာ၌ ရပ်နေကြပြီး မုန့်တို့ကို ဘုဉ်းပေးပြီးသောအခါ ဘုရားအမှူးရှိသော ရဟန်းသံဃာအား ရေကို ကပ်လှူကြကုန်၏။

ရဟန်းတို့သည် ဤသို့ကဲ့ရဲ့ကြကုန်၏။

သူငယ်တို့သည် မျက်နှာကို ကြည့်ရှုခြင်းဖြင့် ဝါ - မျက်နှာလိုက်၍ မုန့်ဆွမ်းကို ပေးလှူအပ်၏ မြတ်စွာဘုရားကိုသော်လည်းကောင်း၊ မဟာထေရ်တို့ကိုသော်လည်းကောင်း မပန်ကြားဘဲ မဟာကဿပထေရ်ကို တွေ့မြင်ကြသော် မုန့်တို့ဖြင့် ခြင်းတို့နှင့်အတူသာ မုန့်တို့ကို ယူ၍ လာကြကုန်ပြီ။

မြတ်စွာဘုရားသည် ရဟန်းတို့၏ စကားကို ကြားတော်မူ၍ ရဟန်းတို့ ငါဘုရားသားတော် မဟာကဿပနှင့်တူသော ရဟန်းကို နတ်,လူတို့သည် ချစ်ခင်မြတ်နိုးအပ်၏။ ထိုမျှမက နတ်လူတို့သည် ထိုရဟန်းအား ပစ္စည်းလေးပါးဖြင့် ပူဇော်ကြသည်သာဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

သီလ ဒဿန သမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝေဒိနံ။
အတ္တနော ကမ္မ ကုဗ္ဗာနံ၊ တံ ဇနော ကုရုတေပိယံ။

သီလဒဿန သမ္ပန္နံ - စတုပါရိသုဒ္ဓိ သီလ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ပြည့်စုံသော၊ ဓမ္မဋ္ဌံ - လောကုတ္တရာ တရားကိုးပါး၌ တည်သော ဝါ - လောကုတ္တရာတရားကိုးပါးကို မျက်မှောက်ပြုပြီးသော၊ သစ္စဝေဒိနံ သစ္စဉာဏ် ဖြင့် သစ္စာလေးပါးကို သိပြီးသော၊ အတ္တနော - မိမိ၏၊ ကမ္မ - ကုဗ္ဗာနံ - အလုပ်ဖြစ်သော သိက္ခာသုံးရပ်ကို ဖြည့်ကျင့်သော၊ တံ - ထို- ပုဂ္ဂိုလ်ကို၊ ဇနော - များစွာသောလူသည်၊ ပိယံ - ချစ်ခင်မြတ်နိုးခြင်းကို (ဖူးမျှော်ခြင်း ပစ္စည်းဖြင့် ပူဇော်ခြင်းကို) ကုရုတေ - မလွဲမသွေ ပြုလေ၏။

ဒေသနာတော်အဆုံး၌ သူငယ်အားလုံး သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်ပြီ။

**ပဥ္စသတဒါရကဝတ္ထု ပြီး၏။**

## ၆၆။ ကေအနာဂါမိတ္ထေရဝတ္ထု
## အနာဂါမ်ထေရ်တစ်ပါးအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ အတူနေ တပည့် ရဟန်းတို့သည် အနာဂါမ်ထေရ်ကို -

အရှင်ဘုရား အရှင်ဘုရားတို့မှာ ရအပ်သောတရားထူးရှိပါသလားဟု မေးကြကုန်၏။

မထေရ်သည် အနာဂါမိဖိုလ်သို့ အိမ်နေလူတို့လည်း ရောက်ကြသည်။ ငါအရဟတ္တဖိုလ် ရောက်ရာအခါ ၌သာ အတူနေတပည့်တို့နှင့်အတူ စကားပြောတော့မည်ဟု ရည်ရွယ်၍ ရှက်နိုးရကား (အနာဂါမိဖိုလ်လောက် ရောက်နေသည်ကို ရှက်သည်ဟု ဆိုလိုသည်) စကားတစ်လုံးကိုမျှ (ဘာတစ်ခုကိုမျှ) မပြောခဲ့ဘဲသာ ကွယ်လွန် လေသော် - သုဒ္ဓါဝါသ ဗြဟ္မာပြည်၌ ဖြစ်လေ၏။

ထိုအခါမထေရ်၏ အတူနေတပည့်တို့သည် ပြင်းထန်စွာငိုကြွေးကြပြီး မြတ်စွာဘုရားထံသွား၍ မြတ်စွာဘုရားကို ရှိခိုးကြကာ ငိုကြလျက်သာတစ်နေရာ၌ ထိုင်နေကြကုန်၏။ ထိုအခါ ထိုရဟန်းတို့ကို မြတ်စွာဘုရားက မေးတော်မူသည်။

ရဟန်းတို့ အဘယ်ကြောင့် ငိုနေကြသနည်း။

မြတ်စွာဘုရား - တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာကွယ်လွန်ပါပြီဘုရား။

ရဟန်းတို့ ကွယ်လွန်သည်ဖြစ်စေတော့၊ သင်တို့မစိုးရိမ် မပူဆွေးကြကုန်နှင့်၊ သေခြင်းသဘော မည်သည် ဓုဝဓမ္မမြဲသောတရားဖြစ်သည်။

မြတ်စွာဘုရား မှန်ပါသည် တပည့်တော်တို့လည်း သေခြင်းတရားကို သိကြပါသည်။ သို့သော် လည်း တပည့်တော်တို့သည် ဥပဇ္ဈာယ်ဆရာကို ရအပ်သောတရားထူးကို မေးကြပါသည်။ ဥပဇ္ဈာယ် ဆရာသည် ဘာကိုမျှ မပြောဘဲသာကွယ်လွန်သွားပါသည်။ ထို့ကြောင့် တပည့်တော်များ ဆင်းရဲနေကြ ပါသည်ဘုရား။

မြတ်စွာဘုရားသည် ရဟန်းတို့ သင်တို့ မစိုးရိမ် မပူဆွေးကြနှင့် သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် အနာဂါမိဖိုလ်သို့ ရောက်အပ်သည်။ သူသည် ထိုအနာဂါမိဖိုလ်သို့ လူတို့လည်း ရောက်ကြသည်။ အရဟတ္တဖိုလ်သို့ ရောက်ပြီးမှသာ တပည့်တို့အား ပြောတော့မည်ဟူသော ရည်ရွယ်ချက်ဖြင့် ရှက်နိုး သူဖြစ်၍ သင်တို့အား ဘာကိုမျှမပြောဘဲ ကွယ်လွန်ကာ သုဒ္ဓါဝါသဘုံ၌ ဖြစ်လေပြီ။

ရဟန်းတို့ သင်တို့သည် သက်သာရာကို ရကြကုန်လော။ သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် ကာမတို့၌ တပ်မက်ခြင်းကင်းသော စိတ်ရှိသူ၏ အဖြစ်သို့ ရောက်ခဲ့ပြီဟု မိန့်တော်မူကာ ဤဂါထာ ကိုဟောတော်မူ၏။

ဆန္ဒဇာတော အနက္ခာတေ၊ မနသာစ ဖုဋ္ဌော သိယာ။
ကာမေသုစ အပ္ပဋိဗဒ္ဓ စိတ္တော၊ ဥဒ္ဓံသောတောတိ ဝုစ္စတိ

ယော - အကြင်ပုဂ္ဂိုလ်သည် အနက္ခာတေ - နိဗ္ဗာန်၌၊ အနက္ခာတေ ဤမည်သော သူသည် ပြုထားအပ်သည့် အညိုရောင်စသည်တို့တွင် ဤသို့သော အရောင်ရှိသည် စသည်ဖြင့် မပြောအပ်၊ မပြောနိုင်သော နိဗ္ဗာန်၌ ဆန္ဒဇာတောစ ဖြစ်သော ရောက်လိုမှုဆန္ဒရှိသည်လည်း ဝါ - ရောက်ရန် အားထုတ်သည်လည်း၊ သိယာ - ဖြစ်ရာ၏။

မနသာ - အောက်မဂ် အောက်ဖိုလ်စိတ်ဖြင့် ဖုဋ္ဌောစတွေ့ထိနေသူ ပြည့်နေသူလည်း သိယာဖြစ်ရာ၏။

ကာမေသု - ဝတ္ထုကာမ ကိလေသ ကာမတို့၌ အပ္ပဋိဗဒ္ဓစိတ္တော စ - တပ်မက်ခြင်းကင်းသော စိတ်ရှိသူ သည်လည်း၊ သိယာ - ဖြစ်ရာ၏။

သော - ထိုပုဂ္ဂိုလ်ကို၊ ဥဒ္ဓံ သောတောတိ - အထက်သို့ တက်မည့်သူဟု ဥဒ္ဓံသောတောတိ၊ အစဦး အဝိဟာ ဘုံ၌ဖြစ်၍ ထိုဘုံမှ အကနိဋ္ဌဘုံတိုင်အောင် ပဋိသန္ဓေ၏ အစွမ်းဖြင့်သွားမည့်သူ - သွားနေသူဟု၊ ဝုစ္စတိ- မုချဆတ်ဆတ်ပြောဆိုအပ်ပေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်နေကြလေကုန်ပြီ။

ရဟန်းရှင်လူ များစွာသောသူ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်ခဲ့လေပြီ။

**ကေအနာဂါမိတ္ထေရဝတ္ထု ပြီး၏။**

# ၆၇။ နန္ဒိယဝတ္ထု

ဗာရာဏသီမြို့၌ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုး၏ နန္ဒိယအမည်ရှိသော သားတစ်ယောက် ရှိလေ၏။

နန္ဒိယသည် အမိအဖတို့၏ သဘောထားနှင့် ကိုက်ညီသောသဒ္ဓါတရားရှိသူ သံဃာအား ဆည်းကပ် လုပ်ကျွေးသူဖြစ်၏။

နန္ဒိယ အမိအဖတို့သည် နန္ဒိယ အရွယ်ရောက်လာချိန်၌ မျက်နှာချင်းဆိုင်အိမ်မှ ဦးရီး၏ ရေဝတီအမည် ရှိသောသမီးကို အိမ်၌ခေါ်ဆောင်လိုကြသည်။

ရေဝတီသည်ကား သဒ္ဓါတရားမရှိသူ ပေးလှူလေ့မရှိသူဖြစ်၏။ ထို့ကြောင့် နန္ဒိယသည် ရေဝတီကို နှစ်သက်မှုမရှိ။

ထိုအခါ နန္ဒိယ၏ မိခင်သည် ရေဝတီကို ဤသို့ပြော၏။

ချစ်သမီး သင်သည် ဤငါတို့အိမ်၌ ရဟန်းသံဃာ၏ ထိုင်မည့်နေရာကို သုတ်သင်ရှင်းလင်းကာ နံ့သာစသည်တို့ဖြင့် ပက်ဖျန်းလိမ်းကျံ၍ အခင်းတို့ကို ခင်းထားပါ။ သပိတ်ခြေတို့ကို ချထားပါ။ ရဟန်းတို့ကြွလာသော အခါ သပိတ်ကိုယူ၍ ထိုင်နေစေပြီး ဓမ္မကရိုဏ် (ရေစစ်)ဖြင့် သောက်ရေကို စစ်၍ ကပ်ပါ။ ဆွမ်းစားပြီးသောအခါ သပိတ်တို့ကို ဆေးပါ။ ဤသို့ပြုလျှင် သင်သည် ငါ့သား၏ ကြိုက်နှစ်သက်အပ်သူဖြစ်လိမ့်မည်။

ရေဝတီသည် ပြောသည့်အတိုင်း ပြုလေပြီ။

ထိုအခါ ရေဝတီကိုသူသည် ဆုံးမတိုင်း လိုက်နာသူဖြစ်၏ဟု ယုံကြည်၍ သားဖြစ်သူ နန္ဒိယ အားပြော ဆိုလေလျှင် နန္ဒိယက ကောင်းပါပြီဟု ဝန်ခံအပ်သော် မင်္ဂလာရက်ကို ရွေးချယ်သတ်မှတ်၍ ထိမ်းမြားလက်ထပ်ပေးကြကုန်၏။

နန္ဒိယသည် ဇနီးဖြစ်သူ ရေဝတီကို သင်သည် ရဟန်းသံဃာကို လည်းကောင်း၊ ငါ၏ အမိအဖ တို့ကိုလည်းကောင်း၊ ပြုစုလုပ်ကျွေးလျှင် ဤအိမ်၌နေရလိမ့်မည်။ မမေ့မလျော့သူ ဖြစ်ပါစေဟု ပြောထားလေ၏။

ရေဝတီသည် ကောင်းပါပြီဟု နားထောင်ဝန်ခံ၍ နှစ်နှစ်, သုံးနှစ်မျှ သဒ္ဓါတရားရှိသူ ဟန်ဆောင်၍ လင်ယောကျ်ားကို ပြုစုလုပ်ကျွေးသည်။ အချိန်ကြာလာသော် သားနှစ်ယောက်တို့ကို ဖွားမြင်လေ၏။ နန္ဒိယ၏ မိဘတို့လည်း ကွယ်လွန်ကြလေပြီ။ အိမ်၌ အစိုးရမှုအားလုံးသည် (ပြခွင့်အားလုံးသည်) ရေဝတီ အဖို့သာ ဖြစ်လေ၏။

နန္ဒိယသည်လည်း မိဘတို့ ကွယ်လွန်ချိန်မှစ၍ အကြီးစားအလှူရှင်ဖြစ်ကာ ရဟန်းသံဃာအား အလှူဝတ္ထုကိုပေးလှူ၏။ အထီးကျန်သူ ခရီးသွားသူ စသည်တို့အားလည်း အိမ်တံခါး၌ ထမင်းဝတ် တည်ထားလေ၏။

နန္ဒိယသည် နောက်အဖို့ဖြစ်သော အချိန်၌ မြတ်စွာဘုရား၏ ဓမ္မဒေသနာတော်ကို ကြားနာ၍ အာဝါသ (နေစရာကျောင်း) အလှူ၌ အကျိုးအာနိသင်ကို မှတ်သားပြီး မြတ်သောသူတို့နေရာဖြစ်သော

မိဂဒါဝုန်၌ တစ်နည်း ဣသိပတနအမည်ရှိသော ကျောင်းတိုက်ကြီးအတွင်း၌ တိုက်ခန်းလေးခုတို့ဖြင့် တန်ဆာဆင်အပ်သော မုခ်လေးခုရှိသော ကျောင်းကို ဆောက်လုပ်စေ၍ ကျောင်းကိုအပ်နှင်းစဉ် ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဖွယ်ဝတ္ထုကိုပေးလှူ၍ ရေစက်သွန်းချခြင်းကို ပြု၍ မြတ်စွာဘုရားအားပေးလှူလေ၏။

မြတ်စွာဘုရား၏ လက်တော်၌ အလှူရေစက် တည်ခြင်းနှင့်အတူသာ၊ ဝါ - အလှူရေစက်ကျသည်နှင့်အတူသာ (ဝါ - တပြိုင်နက်) တာဝတိံသာနတ်ပြည်၌ အရပ်လေးမျက်နှာတို့၌ တစ်ဆယ့်နှစ်ယူဇနာကျယ်ဝန်း၍ ယူဇနာတစ်ရာအမြင့်ရှိသော ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော နတ်သမီး အပေါင်းနှင့်လည်း ပြည့်စုံသော နတ်ဗိမာန် ပြာသာဒ်ထွက်ပေါ်လေပြီ။

ထိုအချိန်မှနောက်ဖြစ်သော နေ့တစ်နေ့၌ မဟာမောဂ္ဂလာန်ထေရ်သည် နတ်ပြည်သို့ ကြွရောက်၍ ထိုပြာသာဒ်၏ အနီး၌ရပ်နေစဉ်သူ၏ အထံ၌လာသော နတ်သားတို့ကို

မည်သူ့အဖို့ နတ်သမီးအပေါင်းခြံရံအပ်သော ဤနတ်ဗိမာန်ပြာသာဒ်သည် ဖြစ်ပေါ်နေသနည်းဟု မေးတော်မူ၏။

ထိုသို့ မေးတော်မူသောအခါ ဗိမာန်အရှင်ကို ပြောကြားလိုကြသော နတ်သားတို့သည် အရှင်မောဂ္ဂလာန်ထေရ်အား ဤသို့လျှောက်ထားကြသည်။

အရှင်ဘုရား ဣသိပတနကျောင်းကို ဆောက်လုပ်၍ မြတ်စွာဘုရားအား လှူဒါန်းသော နန္ဒိယအတွက် ဤနတ်ဗိမာန်သည် ဖြစ်ပေါ်နေပါသည်ဘုရား။

နတ်သမီးအပေါင်းသည်လည်း မဟာမောဂ္ဂလာန်ထေရ်ကို မြင်၍ပြာသာဒ်ပေါ်မှ သက်ဆင်းလာပြီး ဤသို့လျှောက်ထား၏။

အရှင်ဘုရား - တပည့်တော်မတို့သည် နန္ဒိယ၏ အလုပ်အကျွေးများဖြစ်ကြမည်ဟု ရည်ရွယ်၍ ဤပြာသာဒ်၌ ဖြစ်လာကြပါသည်။ သို့သော်လည်း နန္ဒိယကို မမြင်ကြကုန်၍ အလွန်ပျင်းရိ ငြီးငွေ့နေကြပါသည်။

မြေခွက်ကို ရိုက်ခွဲ၍ ရွှေခွက်ကို ယူသကဲ့သို့ လူစည်းစိမ်ကို စွန့်ပစ်၍ နတ်စည်းစိမ်ကို ယူရန် ဤနတ်ပြည်၌ လာခဲ့ရန် နန္ဒိယကို မိန့်တော်မူလိုက်ကြပါ။

မဟာမောဂ္ဂလာန်ထေရ်သည် နတ်ပြည်မှ ပြန်လာကာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး -

မြတ်စွာဘုရား ကုသိုလ်ကောင်းမှု ပြုထားသူတို့၏ လူပြည်၌တည်နေကြစဉ်မှာပင် နတ်စည်းစိမ် ဖြစ်ပေါ်ပါသလား ဘုရားဟု မေးလျှောက်လေ၏။

မောဂ္ဂလာန် သင်သည် နတ်ပြည်၌ နန္ဒိယ - အဖို့(နန္ဒိယအတွက်) ဖြစ်ပေါ်နေသော နတ်စည်းစိမ်ကို ကိုယ်တိုင်တွေ့မြင်အပ်ပြီ မဟုတ်လော။ အဘယ့်ကြောင့် ငါဘုရားကိုမေးရသနည်းဟု မေးတော်မူရာ မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ဖြစ်ပေါ်နေသည်မှာ မှန်ပါ၏ ဘုရားဟုလျှောက် ထားလေ၏။

မြတ်စွာဘုရားသည် အိုမောဂ္ဂလာန် ဤစကားကို အဘယ်ကြောင့် လျှောက်ထားရသနည်း။

ခွဲခွာကွေကွင်းရာ အရပ်မှ ပြန်လာသော ကြာမြင့်စွာ ခွဲခွာနေသော သားကိုသော်လည်းကောင်း၊ အစ်ကို ကိုသော်လည်းကောင်း။ ရွာတံခါးဝ၌ ရပ်နေသူတစ်စုံတစ်ယောက်သောသူသည် မြင်ရလေသော်

လျင်မြန်စွာ အိမ်သို့သွား၍ ဤမည်သောသူသည် ပြန်လာပြီဟု ပြောဆိုရာ၏။ ထိုအခါ ပြန်လာသူ၏ ဆွေမျိုးတို့သည် အလွန် ဝမ်းမြောက်ကြကုန်၍ လျင်မြန်စွာအိမ်မှ ထွက်လာကြပြီး ချစ်သား ပြန်လာပြီ အစ်ကို ပြန်လာပြီ

ချစ်သား ကျန်းကျန်းမာမာ ရှိသည်၊ အစ်ကိုကျန်းကျန်းမာမာရှိသည်ဟု ပြန်လာသူကို လွန်စွာ နှစ်သက် ကုန်ရာသကဲ့သို့ ဤနည်းအတူသာ -

ဤလောကကို စွန့်ပယ်၍ တမလွန်လောကသို့ သွားလေသော ဤလူလောက၌ ပြုထားအပ်သော ကောင်းမှုရှိသော မိန်းမကိုသော်လည်းကောင်း၊ ယောကျ်ားကိုသော်လည်းကောင်း၊ နတ်တို့သည် ဆယ်မျိုးသော နတ်ပြည်လက်ဆောင်ကို ကိုင်ယူ၍ ငါရှေ့ကသွားမည်။ ငါရှေ့က သွားမည်ဟု ပြောဆိုကြကာ ခရီးဦးကြိုဆို၍ လွန်စွာနှစ်သက်ကြကုန်၏ဟု မိန့်တော်မူကာ ဤဂါထာတို့ကို ဟောတော်မူပြီ

၁။ စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ဉာတိ မိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။

၂။ တထေဝ ကတပုညမ္ပိ၊ အသ္မာလောကာ ပရံဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံ ဉာတီဝ အာဂတံ။

၁။ ဒူရတော - ဝေးကွာသော အရပ်မှ၊ သောတ္ထိ - ချမ်းသာစွာ၊ အာဂတံ - ပြန်ရောက်လာသော၊ စိရပ္ပဝါသိံ - ကြာမြင့်စွာ ခွဲခွာကွေကွင်းနေသော၊ ပုရိသံ - ယောကျ်ားကို၊ ဉာတိ မိတ္တာစ - ဆွေမျိုးတော်သူ၊ တွေ့မြင်ဖူးသူ မိတ်ဆွေတို့သည်လည်းကောင်း၊ သုဟဇ္ဇာစ - စိတ်ကောင်းထင်ထင်ချစ်ကျွမ်းဝင်သူတို့သည်လည်းကောင်း၊ အဘိနန္ဒန္တိယထာ လွန်စွာနှစ်သက်ကြကုန်သကဲ့သို့၊ အဘိနန္ဒန္တိယထာ ပြန်လာပြီဟူသော စကားမျှဖြင့်လည်းကောင်း၊ လက်အုပ်ချီခြင်းမျှဖြင့်လည်းကောင်း၊ အမျိုးမျိုးသော လက်ဆောင်ကို ယူခဲ့ခြင်းဖြင့် လည်းကောင်း၊ လွန်စွာနှစ်သက်ဝမ်းမြောက်ကုန်သကဲ့သို့

၂။ တတေဝ တို့အတူသာလျှင်၊ အသ္မာလောကာ - ဤလောကမှ၊ ပရံ - တမလွန်လောကသို့၊ ဂတံ - သွားရောက်လေသော၊ ဂတပုညမ္ပိ - ပြုထားပြီးသော ကောင်းမှုရှိသူကိုလည်း၊ အာဂတံ - ပြန်ရောက်လာသော၊ ပိယံ - ချစ်ခင်မြတ်နိုးအပ်သူကို၊ ဉာတီ - ဆွေမျိုးတို့သည် ပဋိဂ္ဂဏှန္တိက္ကဝ - လွန်စွာ ရွှင်လန်းနှစ်သက်ဝမ်းမြောက် ခံယူကြသကဲ့သို့ ပုညာနိ- ကုသိုလ်ကောင်းမှုတို့သည် (ပုညာနိ - အမိအဖအရာ၌ တည်ကုန်သော ကုသိုလ်ကောင်းမှု တို့သည်) ပဋိဂ္ဂဏှန္တိ - ခံယူကြကုန်၏။

(ပဋိဂ္ဂဏှန္တိ - နတ်ပြည်၌ဖြစ်သော အာယု, ဝဏ္ဏ, သုခ, ယသ, အာဓိတေယျ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ - ဟူသော ဆယ်မျိုးသော လက်ဆောင်တို့ကို ယူ၍ ဆီးကြိုခံယူကြကုန်၏။)

အာယု - အသက်၊ ဝဏ္ဏ - အဆင်း၊ သုခ - ချမ်းသာ၊ ယသ - အခြံအရံ၊ အာဓိပတေယျ - တန်ခိုးအရှိန် အဝါ၊ ရူပ - ရုပ်သွင်၊ သဒ္ဒ - အသံ၊ ဂန္ဓ - အနံ့၊ ရသ - အရသာ၊ ဖောဋ္ဌဗ္ဗ - တွေ့ထိစရာ။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

နန္ဒိယဝတ္ထု ပြီး၏။

## ၁၇။ ကောဓဝဂ်
## ၆၈။ အညတရ ဘိက္ခုဝတ္ထု
## မထင်ရှားသော ရဟန်းတစ်ပါးအကြောင်း

မြတ်စွာဘုရား အာဠဝီပြည်အဂ္ဂါဠဝစေတီ၌ နေတော်မူစဉ်

မြတ်စွာဘုရားသည် ရဟန်းသံဃာအား ကျောင်းအိပ်ရာနေရာကို ခွင့်ပြုအပ်သည်ဖြစ်၍ ရာဇဂြိုဟ်သူဌေး အစရှိသောသူတို့သည် ကျောင်းအိပ်ရာ - နေရာတို့ကို ဆောက်လုပ်အပ်ကုန်သော် အာဠဝီပြည်သားရဟန်းတစ်ပါးသည် မိမိအတွက် ကျောင်းအိပ်ရာ -နေရာကို ပြုလုပ်စဉ် နှစ်လိုဖွယ်ရှိသော သစ်ပင်တစ်ပင်ကို မြင်၍ လှဲဖြတ်ရန် အားထုတ်လေပြီ။

ထိုသစ်ပင်၌ ဖြစ်နေသော သားငယ်ရှိ နတ်သမီးသည် သားငယ်ကို ရင်ခွင်ဖြင့် ပိုက်၍ အို - အရှင်အကျွန်ုပ်၏ ဗိမာန်ကို (ဗိမာန်ဖြစ်သောသစ်ပင်ကို) မဖြတ်ပါနှင့်။ သားငယ်ကို ပိုက်ချီ၍ နေစရာမရှိဘဲ လှည့်လည်နေထိုင်ရန် မတတ်နိုင်ပါဟု တောင်းပန်လေ၏။

ထိုရဟန်းသည် - ငါသည် အခြားအရပ်၌ ဤသစ်ပင်မျိုးကို ရမည်မဟုတ်ဟု နတ်သမီး၏ စကားကို မနာယူချေ။

နတ်သမီးသည် ဤသူငယ်ကိုလည်း ကြည့်၍ ရှောင်ကြဉ်လိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် သားငယ်ကို သစ်ခက်ပေါ်၌ တင်ထားလေ၏။

ထိုရဟန်းသည်လည်း မြှောက်ကိုင်ထားသော ပုဆိန်ရဲတင်းကို ထိန်းထားရာ မတတ်နိုင်သဖြင့် သူငယ်၏ လက်မောင်းကို ဖြတ်မိလေပြီ။

နတ်သမီးသည် အမျက်ကြီးစွာ ထွက်လျက်ရိုက်ပုတ်ပြီး ထိုရဟန်းကို သေစေမည်ဟူသော အကြံဖြင့် လက်နှစ်ဖက်တို့ကို မြှောက်ပြီး ဤသို့ရှေးဦးစွာ ကြံစည်မိလေ၏။

ဤရဟန်းသည် သီလရှိသူဖြစ်၏။ ငါသည် ဤရဟန်းကို အကယ်၍ သတ်အံ့ ငရဲ၌ရောက်ရ ပေတော့မည်။ ငါမှကျန်သော နတ်တို့သည်လည်း မိမိ၏သစ်ပင်ကို ဖြတ်သောရဟန်းတို့ကို မြင်လျှင် ဤအမည်ရှိသော နတ်သမီးသည် ဤအမည်ရှိသော ရဟန်းကိုသတ်အပ်ပြီဟု ငါ့ကို ပမာဏပြု၍ (နမူနာထား၍) ရဟန်းတို့ကို သတ်ကြလိမ့်မည်။ ဤရဟန်းသည်လည်း ပိုင်ရှင်ရှိသောရဟန်းဖြစ်သည်။ ပိုင်ရှင်အားသာပြောဆိုတိုင်ကြားမည် အကြံဖြင့် မြှောက်ထားသောလက်တို့ကို ရုပ်သိမ်း၍ ငိုယိုလျက် မြတ်စွာဘုရားထံ သွားရောက်ရှိခိုးပြီး သင့်လျော် ရာနေရာ၌ ရပ်တည်နေ၏။

ထိုအခါ နတ်သမီးကို မြတ်စွာဘုရားသည် နတ်သမီး ဘာလဲဟု မိန့်တော်မူ၏။

နတ်သမီးသည် မြတ်စွာဘုရား အရှင်တို့၏ တပည့်သည် တပည့်တော်မအပေါ် ဤသို့သော အမှုကို ပြုအပ်ပါပြီ။ တပည့်တော်မသည်လည်း ထိုရဟန်းကို သတ်လို၍ ဤမည်သော အကြံအစည်ကို ကြံစည်ကာ မသတ်ဘဲသာ ဤအရပ်၌လာခဲ့ပါသည်ဟု ဖြစ်ခဲ့ပုံအားလုံးကို အကျယ်အားဖြင့် လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် နတ်သမီး လျှောက်ထားသော စကားကို ကြားတော်မူ၍ နတ်သမီး တော်ပေစွ တော်ပေစွ နတ်သမီးသင်သည်လှုပ်ရှားပြေးနေသော ရထားကို ဆွဲရပ်လိုက်သကဲ့သို့ ဖြစ်ပေါ် လာသော အမျက်ဒေါသကို နှိမ်ချိုးရပ်တန့်စေအပ်၏ဟု မိန့်ဆိုကာ ဤဂါထာကို ဟောတော်မူသည်။

ယောဝေ ဥပ္ပတိတံ ကောဓံ၊ ရထံ ဘန္တံဝ ဝါရယေ။
တမဟံ သာရထိံ ဗြူမိ၊ ရသ္မိဂ္ဂါဟော ဣတရော ဇနော။

ယော - အကြင်သူသည်၊ ဘန္တံ - လှုပ်ရှားပြေးသွားနေသော ရထံ - ရထားကို၊ ဝါရယေ၊ ဣဝ - ဆွဲကိုင်၊ ဟန့်တားထားသကဲ့သို့၊ ဥပ္ပတိတံ - ကျရောက်ဖြစ်ပေါ်လာသော၊ ကောဓံ - အမျက်ဒေါသကို၊ ဝေ - စင်စစ်၊ ဝါရယေ - နှိမ်ချိုးတားမြစ်ရာ၏။ တံ ထိုသူကို၊ အဟံ ငါဘုရားသည်၊ သာရထိ - မြတ်သော ရထားထိန်းဟု၊ ဗြူမိ - ဟောတော်မူ၏။ ဣတရော - ဤသူမှ တစ်ခြားဖြစ်သော၊ ဇနော - မင်းစသူတို့၏ ရထားထိန်းသည်၊ ရသ္မိဂ္ဂါယော - ရထားကြိုးကိုင်သာဖြစ်၏။ နဥတ္တမသာရထိ မြတ်သော ရထားထိန်းမဟုတ်။

ဒေသနာတော်အဆုံး၌ နတ်သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာသော ပရိသတ်၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်ခဲ့လေပြီ။

အထူးကား - နတ်သမီးသည် သောတာပန်ပင်ဖြစ်သွားသော်လည်း ငိုယိုလျက် ရပ်တည်နေ၏။ ထိုအခါ နတ်သမီးကို မြတ်စွာဘုရားသည် အို - နတ်သမီးဘယ်သို့နည်းဟု မေးတော်မူ၍ မြတ်စွာ ဘုရားတပည့်တော်မ၏ နေရာဗိမာန်သည် ပျက်စီးခဲ့လေပြီ။ ယခုတပည့်မ အဘယ်ကိုပြုရပါမည်နည်းဟု လျှောက်ထားအပ်လေသော်

အို - နတ်သမီး တန်တော့ သင်မစိုးရိမ်နှင့်။ ငါဘုရားသည် သင့်အား နေရာဗိမာန်ကို ပေးမည်ဟု မိန့်တော်မူကာ စေတဝန်ကျောင်းတိုက်အတွင်း ဂန္ဓကုဋီအနီးရှေ့ဖြစ်သောနေ့က စုတေသွားသော နတ်ရှိသော သစ်ပင်တစ်ပင်ကို ညွှန်ပြလျက် နတ်သမီး ဤမည်သော အရပ်၌ သစ်ပင်သည် ပိုင်ရှင် ဆိတ်သုဉ်းနေ၏။ ထိုသစ်ပင်၌ ကပ်ရောက်နေချေလောဟု မိန့်တော်မူ၏။

နတ်သမီးသည် ထိုသစ်ပင်၌ ကပ်ရောက်နေလေပြီ။ ထိုအချိန်မှစ၍ ဤနတ်သမီး၏ ဗိမာန်သည် မြတ်စွာဘုရားပေးထားအပ်သော ဗိမာန်ဖြစ်သည်ဟု တန်ခိုးကြီးသော နတ်တို့သော်လည်း လာရောက်၍ ထိုဗိမာန်ကို တုန်လှုပ်စေရန် မတတ်နိုင်ကြကုန်။

မြတ်စွာဘုရားသည် ထိုအကြောင်းအရာကို အတ္ထုပ္ပတ်ပြုတော်မူ၍ ရဟန်းတို့အား ဘူမဂါမ သိက္ခာပုဒ်ကို ပညတ်ထားတော်မူပြီ။

အညတရ ဘိက္ခုဝတ္ထု ပြီး၏။

## ၆၉။ မဟာမောဂ္ဂလ္လာနတ္ထေရပဉှဝတ္ထု
## မဟာမောဂ္ဂလ္လာန်ထေရ် ပြဿနာအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်တစ်ခုသောအချိန်၌ မဟာမောဂ္ဂလ္လန်ထေရ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူ၍ တန်ခိုးကြီးသော နတ်သမီး၏ ဗိမာန်တံခါးအနီး၌ ရပ်တော်မူ၍ မိမိထံလာ၍ ရှိခိုးနေသော ဗိမာန်ရှင်နတ်သမီးကို အို - နတ်သမီး သင်၏ စည်းစိမ်သည် ကြီးကျယ်လှ၏။ အဘယ်ကောင်းမှုကံကို ပြုခဲ့၍ ဤစည်းစိမ်ကို ရခဲ့သနည်းဟု မေးတော်မူ၏။

ထိုအခါ နတ်သမီးသည် အရှင်ဘုရားတပည့်တော်မကို မေးတော်မမူကြပါနှင့် ပြန်လျှောက်ထားလေ၏။

နတ်သမီးသည် မိမိ၏အနည်းငယ်သော ကောင်းမှုဖြင့် ရှက်သူဖြစ်၍ ဤသို့လျှောက်ထားခြင်း ဖြစ်၏။ သို့သော်လည်း မဟာမောဂ္ဂလ္လန်ထေရ်က ပြောသာပြောပါဟု မိန့်အပ်ရကား -

အရှင်ဘုရား တပည့်တော်မသည် အလှူဝတ္ထုကိုလည်း မလှူအပ်ပါ ပူဇော်မှုကိုလည်း မပြုအပ်ပါ။ တရားကိုလည်း မနာယူအပ်ပါ။ စင်စစ်မှာမူ သစ္စာမျှကို စောင့်အပ်ခဲ့ပါ၏ဟု လျှောက်ထားလေ၏။

မဟာမောဂ္ဂလ္လန်ထေရ်သည် ထိုမှအခြားသော နတ်ဗိမာန်တို့၏ တံခါးအနီးသို့ ကြွတော်မူ၍ ရောက်လာရောက်လာကုန်သော နတ်သမီးတို့ကိုလည်း မေးတော်မူ၏။

ပထမနတ်သမီးနှင့်အတူပင် ပြုခဲ့ဖူးသော ကောင်းမှုကို လျှို့ဝှက်၍ မပြောလိုကြသော်လည်း မထေရ်၏ အမေးစကားကို ဖယ်ရှားတားမြစ်ရန် မစွမ်းနိုင်ကြသော ထိုနတ်သမီးတို့တွင် နတ်သမီး တစ်ယောက်သည် ဦးစွာပထမ ဤသို့လျှောက်ထားလေ၏။

အရှင်ဘုရား တပည့်တော်မသည် ဒါနစသည်တို့တွင် ပြုအပ်ဖူးသော ကောင်းမှုမည်သည်မရှိပါ။ သို့ပါသော်လည်း တပည့်တော်မသည် ကဿပမြတ်စွာဘုရားလက်ထက်တော်၌ သူတစ်ပါး၏ ကျွန်မ ဖြစ်ခဲ့ပါသည်။ တပည့်တော်မ၏ လင်ယောကျ်ားသည် ကိုယ်နှုတ်အားဖြင့် အလွန်ခက်ထန် ကြမ်းကြုတ် လှပါသည်။

ကောက်ကိုင်မိသော သစ်သားချောင်းဖြင့်သော်လည်းကောင်း၊ ထင်းချောင်းဖြင့်သော် လည်းကောင်း၊ တပည့်တော်မ၏ ဦးခေါင်းကို ရိုက်ခွဲတတ်ပါသည်။ တပည့်တော်မသည် အမျက်ထွက် ပေါ်လာခဲ့သော် -

ဤသူသည် သင်၏ အရှင်သခင်လင်ယောကျ်ားဖြစ်သည်။ သင့်ကိုယ်၌ အမှတ်တံဆိပ် မပျောက်မပျက်နိုင်အောင် သံပူဖြင့် ခပ်နှိပ်ခြင်းငှာလည်းကောင်း၊ သင်၏ နှာခေါင်းစသည်တို့ကို ဖြတ်ခြင်းငှာလည်းကောင်း၊ အစိုးရသူဖြစ်၏။ အမျက်မထွက်လေနှင့်ဟု မိမိကိုယ်ကိုသာပြစ်တင်စကား ပြောဆို၍ အမျက်ထွက်ခြင်းကို မပြုခဲ့ပါ။ ထို့ကြောင့်တပည့်တော်မသည် ဤစည်းစိမ်ကို ရအပ်ပါ၏ ဟုလျှောက်ထားလေ၏။

တစ်ခြားနတ်သမီးတစ်ယောက်သည်

အရှင်ဘုရား တပည့်တော်မသည် ကြံခင်းကို စောင့်ရှောက်နေစဉ် ရဟန်းတစ်ပါးအား ကြံချောင်းကို ပေးလှူခဲ့ပါပြီ။

တစ်ခြားနတ်သမီးတစ်ယောက်သည် တည်သီးတစ်လုံးကို ပေးလှူခဲ့ပါပြီ။

တစ်ခြားနတ်သမီးတစ်ယောက်သည် သခွားသီးတစ်လုံးကို ပေးလှူခဲ့ပါပြီ။

တစ်ခြားနတ်သမီးတစ်ယောက်သည် ဖက်သက်တရော်သီးတစ်လုံးကို ပေးလှူခဲ့ပါပြီ။

တစ်ခြားနတ်သမီးတစ်ယောက်သည် သစ်မြစ်တစ်ဆုပ်ကို ပေးလှူခဲ့ပါပြီ။

တစ်ခြားနတ်သမီးတစ်ယောက်သည် တမာရွက်တစ်ဆုပ်ကို ပေးလှူခဲ့ပါပြီ။

အစရှိသောနည်းဖြင့် မိမိ - မိမိပြုအပ်ခဲ့သော အနည်းငယ်သောဒါနကို လျှောက်ဆို၍ ဤအကြောင်း ဤအကြောင်းကြောင့် တပည့်တော်မတို့သည် ဤစည်းစိမ်ချမ်းသာကို ရအပ်ပါ၏ဟု အသီးသီးလျှောက်ထားကြကုန်၏။

မဟာမောဂ္ဂလ္လာန်ထေရ်သည် ထိုနတ်သမီးတို့ ပြုခဲ့သော ကုသိုလ်ကံကို ကြားသိပြီး မြတ်စွာဘုရား ထံချဉ်းကပ်၍

မြတ်စွာဘုရား အမှန်စကားကို ပြောဆိုရုံဖြင့် အမျက်ဒေါသကို ငြိမ်းစေခြင်းမျှဖြင့် အနည်းငယ်သော တည်သီးအစရှိသောအလှူဝတ္ထုကို ပေးလှူရုံဖြင့် နတ်စည်းစိမ်ကို ရနိုင်ပါသလားဟု မေးလျှောက်လေ၏။

အို မောဂ္ဂလ္လာန် အဘယ်ကြောင့် ငါဘုရားကို သင်မေးရသနည်း။ ဤအမေး၏ အဖြေကို သင့်အား နတ်သမီးတို့သည် ဖြေဆိုအပ်ပြီးပြီမဟုတ်လောဟု မိန့်တော်မူ၏။

မြတ်စွာဘုရား ဟုတ်မှန်ပါသည်။ အနည်းငယ်မျှသော အလှူဝတ္ထုကို ပေးလှူခြင်းဖြင့် နတ်စည်းစိမ်ကို ရထိုက်သည်ဟု မှတ်ယူပါ၏ ဘုရားဟု လျှောက်ထားလေရာ မြတ်စွာဘုရားသည် မဟာမောဂ္ဂလ္လာန်ကို အိုမောဂ္ဂလ္လာန် - အမှန်စကားမျှကို ပြောဆို၍သော်လည်းကောင်း၊ အမျက်ထွက်ရုံမျှကို စွန့်ပယ်၍သော်လည်းကောင်း၊ အနည်းငယ်သော အလှူဝတ္ထုကို ပေးလှူ၍သော်လည်းကောင်း၊ နတ်ပြည်သို့ ရောက်ရသည်သာဟု မိန့်တော်မူ ဤဂါထာကို ဟောတော်မူသည်။

သစ္စံ ဘဏေ နကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။

ဧတေဟိ၊ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။

သစ္စံ - အမှန်စကားကို ဘဏေ - ဘဏေယျ - ပြောဆိုရာ၏။ နကုဇ္ဈေယျ - သူတစ်ပါးအား အမျက်မထွက်ရာ၊ ယာစိတော - သီလရှိသောရဟန်းတို့က တောင်းခံအပ်သော (အတောင်းခံရသော) သူသည်။ အပ္ပမ္ပိ - အနည်းငယ်သော လှူဖွယ်ပစ္စည်းကိုသော်လည်း၊ ဒဇ္ဇာ - ပေးလှူရာ၏။

တီဟိ - သုံးမျိုးကုန်သော၊ ဧတေဟိ ဌာနေဟိ - ဤ အကြောင်းတို့ကြောင့်၊ ဒေဝါနံ နတ်တို့၏၊ သန္တိကေ - အထံ၌၊ ဂစ္ဆေ - ဂစ္ဆေယျ - ရောက်လေရာ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**မဟာမောဂ္ဂလ္လာနတ္ထေရပဥ္စဝတ္ထု ပြီး၏။**

## ၇၀။ ဗုဒ္ဓပိတု ဗြာဟ္မဏဝတ္ထု၊ မြတ်စွာဘုရား၏ ခမည်းတော်ဖြစ်ခဲ့ဖူးသော ပုဏ္ဏားအကြောင်း

မြတ်စွာဘုရား သာကေတမြို့ကို အမှီပြု၍ မျက်စဉ်းအရောင်ရှိသော တောင်ကဲ့သို့ ညိုမှောင်သော တော၌ နေတော်မူစဉ် ရဟန်းသံဃာခြံရံလျက် သာကေတမြို့တွင်းသို့ ဆွမ်းခံဝင်ရာအချိန်၌ သာကေတမြို့နေပုဏ္ဏားကြီးတစ်ဦးသည် အိမ်တွင်းမှထွက်လာရာ မြို့တွင်းရှိ အိမ်တံခါးဝ၌ မြတ်စွာဘုရားကို မြင်တွေ့လေသော် ခြေတော်တို့၌ တုပ်ဝပ်ကာ ဖမျက်တို့၌ မြဲမြဲစွာကိုင်ပြီး ချစ်သား သားတို့သည် မိဖတို့ အိုမင်း - နေချိန်၌ မိဖတို့ကို ကျွေးမွေး ပြုစုထိုက်သည် မဟုတ်ပါလော။ (စင်စစ် ပြုစုကျွေးမွေးထိုက်ကုန်၏) အဘယ့်ကြောင့် ဤမျှလောက်ရှည်ကြာသော အချိန်ပတ်လုံး ငါတို့အား မိမိကိုယ်ကို မပြလေသနည်း။ ငါသည်ချစ်သားကို့ ရှေးဦးစွာတွေ့မြင်အပ်ပြီ။ မိခင်ကိုလည်း မြင်တွေ့ရန်ကြွပါဟု ပြောဆိုကာ မြတ်စွာဘုရားကို ပင့်၍ မိမိနေအိမ်သို့ သွားလေ၏။

မြတ်စွာဘုရားသည် ပုဏ္ဏားကြီးအိမ်၌ ကြွရောက်၍ ခင်ထားအပ်သောနေရာ၌ ရဟန်းသံဃာနှင့်အတူ သီတင်းသုံးထိုင်နေတော်မူ၏။

ပုဏ္ဏေးမကြီးသည်လည်း လာ၍ မြတ်စွာဘုရား ခြေတော်တို့၌ တုပ်ဝပ်၍ ချစ်သား - ဤမျှလောက် ရှည်ကြာသောအချိန်ကာလပတ်လုံး အဘယ်အရပ်၌ သွားနေသနည်း။ မိဖတို့ကို အရွယ်ကြီးရင့်ချိန်၌ စင်စစ်အနီးကပ် လုပ်ကျွေးသင့်၏ဟု ပြောဆိုကာ သားသမီးတို့ကို ချစ်သားချစ်သမီးတို့ လာကြသင်တို့၏ အစ်ကိုကို မောင်ကြီးကို ရှိခိုးကြဟု ပြောဆိုကာ ရှိခိုးစေ၏။ ပုဏ္ဏားကြီးဇနီးမောင်နှံတို့လည်း နှစ်သက်ရွှင်လန်းသောစိတ်ဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းဆက်ကပ်ပြီး -

အရှင်ဘုရား တပည့်တော်တို့ ဤအိမ်၌သာ အမြဲဆွမ်းခံတော်မူပါဟု လျှောက်ထားရာ ဘုရားရှင်တို့ မည်သည်တစ်နေရာတည်း၌သာ မပြတ်ဆွမ်းမခံကြကုန်ဟု မိန့်တော်မူအပ်သော်

အရှင်ဘုရား - ထိုသို့ဖြစ်ပါမူ အရှင်ဘုရားတို့အား (အရှင်ဘုရားတို့ကို) ပင့်ဖိတ်ရန် လာသူတို့ကို တပည့်တော်တို့ထံသို့ ပို့ပေးကြပါဟု လျှောက်ထားကြလေ၏။

မြတ်စွာဘုရားသည် ထိုအချိန်မှစ၍ ပင့်ဖိတ်ရန်လာသူတို့ကို ပုဏ္ဏားအား သွားရောက်ပြောဆိုကြကုန်ဟု စေလွှတ်လိုက်၏။

ပင့်ဖိတ်သူတို့သည် ပုဏ္ဏားထံသွား၍ ကျုပ်တို့နက်ဖန်အလို့ငှာ မြတ်စွာဘုရားကို ပင့်ဖိတ်ပါကုန်၏ဟု ပုဏ္ဏားကို ပြောဆိုကြကုန်၏။

ပုဏ္ဏားသည် နောက်ဖြစ်သောနေ့၌ မိမိအိမ်မှ ထမင်းအိုးဟင်းအိုးတို့ကိုယူ၍ မြတ်စွာဘုရားထိုင်နေရာသို့ သွားလေ၏။ မြတ်စွာဘုရားသည်တစ်ခြားအိမ်တစ်ခြား အရပ်၌ ပင့်ဖိတ်မှုမရှိခဲ့သော် ပုဏ္ဏားကြီး၏ အိမ်၌သာ ဆွမ်းကိစ္စကို ပြုတော်မူသည်။ ပုဏ္ဏားကြီး ဇနီးမောင်နှံတို့လည်း မိမိတို့ လှူဖွယ်ပစ္စည်းကို အမြဲတမ်း မြတ်စွာဘုရားအား ပေးလှူကြလျက် ဟောကြားအပ်သောတရားကို ကြားနာကြ၍ အနာဂါမိဖိုလ်သို့ ရောက်ကြကုန်၏။

ရဟန်းတို့သည် ဓမ္မသဘင်၌ -

ငါ့အရှင်တို့ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ခမည်းတော်သည် သုဒ္ဓေါဒနမင်းဖြစ်သည်။ မယ်တော်သည် မဟာမာယာဖြစ်သည်ဟု သိသူဖြစ်၏။ သိလျက်နှင့်သာ ပုဏ္ဏေးမနှင့်အတူ မြတ်စွာဘုရားကို ငါတို့၏ သားဟု ပြောဆို၏။ မြတ်စွာဘုရားကလည်း ပြောသည့်အတိုင်းသာ လက်ခံနေ၏။ အကြောင်းကား အဘယ်ပါနည်းဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့၏ ပြောစကားကို ကြားတော်မူ၍ရဟန်းတို့ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီး နှစ်ဦးလုံးတို့သည်လည်း မိမိ၏သားဖြစ်သူကိုသာ သားဟုပြောဆိုကြသည်ဟု မိန့်တော်မူကာ အတိတ်ဖြစ်ရပ် အတ္ထုပ္ပတ္တိကို ဆောင်တော်မူပြီ။

ရဟန်းတို့ ရှေးလွန်လေပြီးသောအခါ၌ ဤပုဏ္ဏားကြီးသည် ဘဝမခြားဆက်လျက် ဘဝငါးရာတို့ပတ်လုံး ငါဘုရား၏ ခမည်းတော်ဖြစ်ခဲ့ဖူးပြီ။ ဘဝငါးရာတို့ပတ်လုံး ဘထွေးတော်ဖြစ်ခဲ့ဖူးပြီ။ ဘဝငါးရာတို့ပတ်လုံး ဘကြီးတော်ဖြစ်ခဲ့ဖူးပြီ။

ပုဏ္ဏေးမကြီးသည်လည်း ငါဘုရား၏ ဘဝမခြားဆက်လျက်သာ ဘဝငါးရာတို့ပတ်လုံး ငါဘုရား၏ မယ်တော်ဖြစ်ခဲ့ဖူးပြီ။ ဘဝငါးရာတို့ပတ်လုံး အမိငယ် (လေးလေး) ဖြစ်ခဲ့ဖူးပြီ။ ဘဝငါးရာတို့ပတ်လုံး အမိကြီး (အဒေါ်) ဖြစ်ခဲ့ဖူးပြီ။

ဤသို့လျှင် ငါဘုရားသည် ဘဝတစ်ထောင့်ငါးရာပတ်လုံးပုဏ္ဏားကြီး၏ လက်၌ကြီးခဲ့ပြီ။ ဘဝတစ်ထောင့် ငါးရာပတ်လုံး ပုဏ္ဏားမကြီး၏ လက်၌ကြီးခဲ့ပြီဟု ဘဝသုံးထောင်တို့ပတ်လုံး ပုဏ္ဏားကြီးနှင့်ပုဏ္ဏေးမကြီးတို့၏ သားအဖြစ်ကို ဟောပြတော်၍ ဤဂါထာတို့ကို မိန့်တော်မူပြီ။

၁။ ယသ္မိံ မနော နိဝိသတိ၊ စိတ္တဉ္စာပိ ပသီဒတိ။
အဒိဋ္ဌပုဗ္ဗကေ ပေါသေ၊ ကာမံ တသ္မိမ္ပိ ဝိဿသေ။
၂။ ပုဗ္ဗေဝ သိန္နိ ဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

၁။ ဘိက္ခဝေ - ရဟန်းတို့၊ အဒိဋ္ဌပုဗ္ဗကေ- ရှေးကာလ၌ မြင်အပ်ဖူးသည် မဟုတ်သော - ဝါ မမြင်ဖူးသော၊ ယသ္မိံပေါသေ - အကြင်ပုဂ္ဂိုလ်၌၊ မနောစိတ်သည်၊ နိဝိသတိ - သက်ဝင်၏။ စိတ္တဉ္စပိ - စိတ်သည်လည်း၊ ဝါ- စိတ်ကလည်း၊ ပသီဒတိ - ကြည်လင်၏။ တသ္မိမ္ပိ - ထိုပုဂ္ဂိုလ်၌လည်း၊ ကာမံ - စင်စစ်၊ ဝိဿသေ - ချစ်ခင်ရင်းနှီး အကျွမ်းဝင်လေ၏။

၂။ ပုဗ္ဗေ - ရှေးဘဝ၌၊ သန္နိဝါသေန - ဝါ အတူတကွ နေထိုင်ခဲ့ခြင်းကြောင့်သော်လည်းကောင်း၊ ပစ္စုပ္ပန္နဟိတေနဝါ - ဖြစ်ဆဲပစ္စုပ္ပန်ဘဝ၌ တစ်ဦး၏စီးပွားကိုတစ်ဦးက ဆောင်ရွက်ပေးခြင်းကြောင့်သော်လည်းကောင်း၊ ဧဝံ - ဣမိနာကာရေန - ဤအကြောင်းနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော အကြောင်းကြောင့်တံ- တာဒိသံ - ထိုသို့သဘောရှိသော။ ပေမံ - တစ်ဦးနှင့်တစ်ဦး မြင်လျှင် မြင်ခြင်းချစ်မြတ်နိုးခြင်းသည်၊ ဇာယတေ - အကြောင်းနှင့်လျော် ဖြစ်ပေါ်လာလေ၏။

ကိမိဝ - အဘယ်ကဲ့သို့လည်းဟူမူ၊ ဥဒကေ - ရေ၌၊ ဥပ္ပလံ - ကြာပင်သည်၊ ဇာယတေ - ဣဝ ဖြစ်ပေါ်သကဲ့သို့တည်း။

မြတ်စွာဘုရားသည် သုံးလပတ်လုံးပင် ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ အိမ်ကို အမှီပြု၍ သီတင်းသုံးနေတော်မူပြီ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးနှစ်ဦးလုံးတို့သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန်ပြုကြလေကုန်ပြီ။

ထိုအခါ ထိုပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့အား ကြီးကျယ်သောပူဇော်မှုကို ပြုကြပြီး နှစ်ဦးစလုံးတို့ကို စုလစ်မွမ်းချွန် အထွဋ်တတ်သော ပြာသာဒ်တစ်ခုတည်းပေါ်သို့သာ တင်၍ ထုတ်ဆောင်ကြကုန်ပြီ။

မြတ်စွာဘုရားသည်လည်း ရဟန်းငါးရာခြံရံလျက် အခြံအရံရဟန်းတို့နှင့်အတူသာ သုသာန်သို့ ကြွသွားတော်မူလေပြီ။

များစွာသောလူသည် ဘုရားရှင်တို့၏ ခမည်းတော်၊ မယ်တော်ဖြစ်သတဲ့ဟု သိ၍ ထွက်ခဲ့လေပြီ။

မြတ်စွာဘုရားသည်လည်း သင်္ချိုင်းအနီး၌ ဇရပ်တစ်ခုအတွင်းသို့ ဝင်တော်မူ၍ နေတော်မူသည်။

လူတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ သင့်လျော်ရာနေရာ၌ နေကြကာ

မြတ်စွာဘုရား အရှင်ဘုရားတို့၏ ခမည်းတော်၊ မယ်တော်တို့ ကွယ်လွန်ကြပြီဟု စိုးရိမ်တော် မမူကြပါနှင့်ဟု မြတ်စွာဘုရားနှင့်အတူ စကားဆက်စပ်မှုကို ပြုကြကုန်၏။

မြတ်စွာဘုရားသည် ထိုသို့စကားအဆက်အစပ်ပြုသူတို့ကို သင်တို့ဤသို့ မလျောက်ဆိုကြနှင့်ဟု ပိတ်ပင် တားမြစ်ခြင်းကို မပြုမူ၍ ပရိသတ်၏အတွင်းအလိုဆန္ဒကို ကြည့်ရှုတော်မူပြီး ထိုစကားအား လျော်သော တရားကို ဟောတော်မူလတ်သော် -

အပ္ပံဝတ ဇီဝိတံ ဣဒံ။
ဩရံ ဝဿသတာပိ မိယျတိ။
ယော စေပိ အတိစ္စ ဇီဝတိ၊
အထသော ဇရသာပိ မိယျတိ။

ဟူသော ဤဇရာသုတ်ကို ဟောတော်မူပြီ။

မနုဿာနံ - လူတို့၏၊ ဣဒံ ဇီဝိတံ - အသက်ခေါ်နေဤဇီဝိတိန္ဒြေသည်၊ ဝတ - စင်စစ်၊ အပ္ပံရှည်ရာ ကာလနည်းပါးလေစွ၊ ဝဿသတာ - နှစ်တစ်ရာမှ ဩရံပိ - အတွင်း၌လည်း၊ မိယျတိ - သေရလေ၏။

ယော - အကြင်သူသည်၊ အတိစ္စ - နှစ်တစ်ရာကို ကျော်လွန်၍ စေဇီဝတိ - အကယ်၍ အသက်ရှင် နေအံ့၊ သော - ထိုသူသည် အထပိ - နှစ်တစ်ရာကိုကျော်၍ အသက်ရှင်နေသော်လည်း၊ ဇရသာပိ - အိုရခြင်း ဖြင့်လည်း၊ မိယျတိ - သေရ၏။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာတရားကို ထိုးထွင်း သိခြင်းဖြစ်လေပြီ။

ရဟန်းတို့သည် ပုဏ္ဏားကြီး၏လည်းကောင်း၊ ပုဏ္ဏေးမကြီး၏လည်းကောင်း၊ ဒုက္ခခပ်သိမ်းငြိမ်း

သူ၏ အဖြစ်ကို ဝါ - ပရိနိဗ္ဗာန်ပြုသည်၏ အဖြစ်ကို မသိကြကုန်၍ -

မြတ်စွာဘုရား - ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့၏ တမလွန်လားရာဘဝသည် အဘယ်ပါနည်းဟု မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ဤသို့သဘောရှိကုန်သော အသေခ - မုနိ - တို့၏ ဝါ - ရဟန္တာဖြစ်သော ရဟန်းတို့၏ လားရာတမလွန်ဘဝမည်သည် မရှိတော့ချေ။

မှန်၏။ ဤသို့ သဘောရှိကုန်သော အသေခမုနိတို့သည် ရွေ့လျောခြင်းမရှိ။ သေခြင်းမရှိသော မြတ်သော နိဗ္ဗာန်သို့သာ ရောက်ကြလေကုန်၏ ဟု မိန့်တော်မူကာဤဂါထာကို မိန့်တော်မူပြီ။

အဟိံ သကာယေ မုနယော၊ နိစ္စံ ကာယေန သံဝုတာ၊
တေယန္တိ အစ္စုတံ ဌာနံ၊ ယတ္ထ ဂန္တွာနသောစရေ။

ယောမုနယော - အရတ္တမဂ် အရတ္တဖိုလ်သို့ ရောက်ကုန်သော အကြင်အသေခမုနိ - တို့သည်၊ အဟိံ သကာ - ကိုယ်နှုတ်စိတ်ထဲညှင်းဆဲခြင်း မရှိကြလေကုန်၊ ဝါ - မညှင်းဆဲကြကုန်၊ ကာယေန - ကာယဒွါရ - ဝစီဒွါရ - မနောဒွါရဖြင့်၊ နိစ္စံ - အမြဲ၊ သံဝုတာ - မကောင်းမှုကို တားမြစ်ပိတ်ဆို့ကုန်၏။

တေမုနယော - ထိုအသေခမုနိ တို့သည်၊ ယတ္ထ - အကြင်နိဗ္ဗာန်၌ ဂန္တွာ - သွားရောက်၍၊ နသောစရေ - နသောစန္တိ - မစိုးရိမ်မပင်ပန်းကြလေကုန်၊ အစ္စုတံ - ရွေ့လျားခြင်းမရှိမြဲသော၊ တံဌာနံ - မပျက်ရာဌာန၊ ခိုင်မြဲသောဌာနဖြစ်သော ထိုနိဗ္ဗာန်သို့၊ ယန္တိ - သွားရောက် ကြလေကုန်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ဗုဒ္ဓပိတု ဗြာဟ္မဏဝတ္ထု ပြီး၏။

## ၇၁။ အတုလဥပါသကာဝတ္ထု
## အတုလဥပါသကာအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိမြို့သား အခြံအရံ ဥပါသကာ ငါးရာရှိသော အတုလအမည်ရှိသော ဥပါသကာသည် တစ်ခုသောနေ့၌ အခြံအရံဥပါသကာ တို့ကိုခေါ်၍ တရားနာရန် ဇေတဝန်ကျောင်းသို့သွား၍ ရေဝတထေရ်ထံ၌ တရားနာယူလိုသဖြင့် ရေဝတထေရ်ကို ရှိခိုး၍ ထိုင်နေ၏။

ရေဝတထေရ်သည်ကား တစ်ယောက်ထီးတည်း နေထိုင်မှု၌ မွေ့လျော်၏။ ခြင်္သေ့မင်းကဲ့သို့ တစ်ပါးတည်းနေလေ့ရှိ၏။

ထို့ကြောင့် အတုလဥပါသကာနှင့်အတူ စကားတစ်ခွန်းကိုမျှ မပြောမဆိုချေ။

အတုလဥပါသကာသည် ဤရေဝတထေရ်သည် စကားတစ်ခွန်းကိုမျှ မပြောဆိုသူဟု အမျက်ထွက်ပြီး ထိုင်နေရာမှထ၍ အရှင်သာရိပုတ္တာထေရ်ထံသွား၍ တစ်နေရာ၌ တည်နေ၍ သာရိပုတ္တာထေရ်က အဘယ်ကြောင့်ဖြင့် လာကြသနည်းဟု မိန့်အပ်သော် -

အရှင်ဘုရား တပည့်တော်သည် ဤဥပါသကာတို့ကို ခေါ်၍ တရားနာရန် ရေဝတထေရ်ထံ ချဉ်းကပ်ခဲ့ပါပြီ။ ရေဝတထေရ်သည်က တပည့်တော်အား စကားတစ်ခွန်းကိုမျှ မပြောပါ။ တပည့်တော် သည် ရေဝတထေရ်အား အမျက်ထွက်ပြီး အရှင်ဘုရားရှိရာ ဤနေရာ၌ လာခဲ့ပါသည်။ တပည့်တော်အား တရားဟောတော်မူပါဟု လျှောက်ထားလေ၏။

ထိုအခါ အရှင်သာရိပုတ္တာထေရ်သည် ဥပါသကာတို့ တရားနာလိုသူများဖြစ်လျှင် ထိုင်ကြဟု မိန့်တော်မူကာ များစွာသော အဘိဓမ္မာတရားကို ဟောပြတော်မူသည်။

အတုလဥပါသကာသည်လည်း အဘိဓမ္မာ တရားမည်သည် အလွန်သိမ်မွေ့၏။ သာရိပုတ္တာ ထေရ်သည် အဘိဓမ္မာကိုသာများစွာဟောပြသည်။ ဤအဘိဓမ္မာ တရားဖြင့် ငါတို့အား အဘယ်အကျိုး ရှိအံ့နည်းဟု အမျက်ထွက်၍ ပရိသတ်ကို ခေါ်ဆောင်ပြီး အာနန္ဒာထေရ်ထံသို့ သွားပြန်လေ၏။ အာနန္ဒာထေရ်ကလည်း ဥပါသကာတို့ အဘယ်အကြောင်းနည်းဟု မိန့်အပ်လေသော် -

အရှင်ဘုရား တပည့်တော်တို့သည် တရားနာရန် ရေဝတထေရ်ထံ ချဉ်းကပ်ခဲ့ကြပါပြီ။ ရေဝတထေရ်ထံ၌ အာလာပ - သလ္လာပ (အစပြောဆိုခြင်း ပြန်လည်ပြောဆိုခြင်း) မျှကိုလည်း မရကြ၍ အမျက်ဒေါသထွက်ကြပြီး သာရိပုတ္တာထေရ်ထံသွားကြပါပြီ။ သာရိပုတ္တာထေရ်ကလည်း တပည့်တော် တို့အား အလွန်သိမ်မွေ့သော အဘိဓမ္မာကိုသာ များစွာဟောပါသည်။ အဘိဓမ္မာဖြင့် တပည့်တော်တို့မှာ အဘယ်အကျိုးရှိမှာနည်းဟု သာရိပုတ္တာထေရ်အားလည်း အမျက်ထွက်ကြပြီး အရှင်ဘုရားနေရာ ဤအရပ်သို့လာခဲ့ကြပါသည်။ အရှင်ဘုရား တပည့်တော်တို့အား တရားစကားကို မိန့်ဆိုတော်မူပါဟု လျှောက်ထားကြကုန်၏။

အာနန္ဒာထေရ်သည် တရားနာလိုကြသည်ဖြစ်လျှင် ထိုင်၍နာကြဟု မိန့်တော်မူကာ ထိုဥပါသကာ တို့အား သိလွယ်အောင်ပြု၍ တရားအနည်းငယ်မျှကိုသာ ဟောပြလေ၏။

ဥပါသကာတို့သည် အာနန္ဒာထေရ်အားလည်း အမျက်ထွက်၍ မြတ်စွာဘုရားထံ သွားရောက်ရှိခိုးကြပြီး သင့်လျော်သောနေရာ၌ ထိုင်နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုဥပါသကာတို့ကို - ဥပါသကာတို့ အဘယ်ကြောင့် လာကြသနည်းဟု မိန့်တော်မူ၏။

မြတ်စွာဘုရား တရားနာရန်လာကြပါသည်ဟု လျှောက်ထားကြ၏။

သင်တို့သည် တရားကို နာအပ်ပြီလောဟု မိန့်တော်မူ၏။

မြတ်စွာဘုရား - တပည့်တော်တို့သည် ရေဝတထေရ်ထံ အစဦးချဉ်းကပ်ကြပါသည်။ ရေဝတထေရ်သည် တပည့်တော်တို့နှင့်အတူ ဘာစကားကိုမျှ မပြောဆိုပါ။ ရေဝတထေရ်အား အမျက်ထွက်ပြီး သာရိပုတ္တထေရ်ထံ ချဉ်းကပ်ကြပါပြီ။

သာရိပုတ္တထေရ်သည် တပည့်တော်တို့အား အဘိဓမ္မာကို များစွာဟောအပ်ပါသည်။ ဟောအပ်သော အဘိဓမ္မာကို မမှတ်ယူဘဲ အမျက်ထွက်ပြီး အာနန္ဒထေရ်ထံ ချဉ်းကပ်ကြပြန်ပါပြီ။ အာနန္ဒာထေရ်သည် တပည့်တော်တို့အား တရားအနည်းငယ်ကိုသာဟောအပ်ပါသည်။ အာနန္ဒာထေရ်အားလည်း အမျက်ထွက်ကြပြီး မြတ်စွာဘုရားရှိရာ ဤနေရာ၌လာကြပါသည်ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အတုလဥပါသကာ၏ စကားကိုကြားရလေသော် -

အို - အတုလဥပါသကာ - ထိုသို့ ကဲ့ရဲ့ခြင်းသည် ရှေးအခါမှစ၍ လူအများ၏အလေ့အထသာဖြစ်၏။ လူတို့သည် ဆိတ်ဆိတ်နေသူကိုလည်းကောင်း၊ စကားများများ ပြောသူကိုလည်းကောင်း၊ စကားနည်းနည်းပြောသူကိုလည်းကောင်း ကဲ့ရဲ့ကြသည်သာ ဖြစ်၏။ မှန်ပေသည်။ စင်စစ် - ချီးမွမ်းထိုက်သောအရာသည် သော်လည်းကောင်း၊ စင်စစ်ကဲ့ရဲ့ထိုက်သော အရာသည်သော်လည်းကောင်း၊ မရှိပါချေ။ ရေမြေသနင်းမင်းတို့ကိုလည်း အချို့လူတို့ ကဲ့ရဲ့ကြသည် အချို့လူတို့ ချီးမွမ်းကြသည်။ မဟာပထဝီကိုလည်းကောင်း၊ လ-နေတို့ကိုလည်းကောင်း၊ ကောင်းကင်စသည်တို့ကိုလည်းကောင်း ကဲ့ရဲ့ကြသည်။ ပရိသတ်လေးပါးအလယ်၌ ထိုင်၍ တရားဟောတော်မူသော မြတ်စွာဘုရားကိုသော်လည်း အချို့လူတို့ ကဲ့ရဲ့ကြသည်။ အချို့လူတို့ ချီးမွမ်းကြသည်။ အမှန်စင်စစ်သော်ကား - ဉာဏ်အမြင်ကန်းသည့် လူမိုက်တို့၏ ကဲ့ရဲ့ခြင်းသည်လည်းကောင်း၊ ချီးမွမ်းခြင်းသည်လည်းကောင်း ပမာဏမဟုတ်။ (အရေးစိုက်လောက်သည်မဟုတ်)

အသိအလိမ္မာရှိသော ပညာရှိသည် ကဲ့ရဲ့အပ်သော် ကဲ့ရဲ့အပ်သည်မည်၏။ ချီးမွမ်းအပ်သော် - ချီးမွမ်းအပ်သည် မည်၏ဟု မိန့်တော်မူကာ ဤဂါထာတို့ကိုဟောတော်မူ၏။

၁။ ပေါရာဏ မေတံ အတုလ၊ နေတံ အဇ္ဇတနာမိဝ။
နိန္ဒန္တိ တုဏှိမာသီနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ။
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောက အနိန္ဒိတော။

၂။ နစာဟု နစဘဝိဿတိ၊ နစေတရဟိ ဝိဇ္ဇတိ။
ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံ ဝါ ပသံသိတော။

၃။ ယံစေ ဝိညူ ပသံသန္တိ၊ အနုဝိစ္စ သုဝေသုဝေ။
အစ္ဆိဒ္ဒဝုတ္တိံ မေဓာဝိံ၊ ပညာသီလ သမာဟိတံ။
၄။ နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကောတံ နိန္ဒိတု မရဟတိ။
ဒေဝါပိနံ ပသံသန္တိ၊ ဗြဟ္မုနာပိပသံသိတော။

၁။ အတုလ- အတုလဥပါသကာ၊ ဧတံ - ဤကဲ့ရဲ့ခြင်းသည်၊ ပေါရာဏံ - ရှေးဟောင်းဖြစ်၏။ ဧတံ - ဤကဲ့ရဲ့ခြင်းသည်၊ အဇ္ဇတနာမိဝ - အဇ္ဇတန်က္ကဝ - ယခုမှဖြစ်သကဲ့သို့ န - မဟုတ်၊ တုဏှိမာသီနံ - ဆိတ်ဆိတ်နေသူကို၊ နိန္ဒန္တိ - ကဲ့ရဲ့ကြကုန်၏။ ဗဟုဘာဏိနံ - စကားများများပြောသူကို၊ နိန္ဒန္တိ - ကဲ့ရဲ့ကြကုန်၏။ မိတဘာဏိမ္ပိ - နှိုင်းနှိုင်းချိန်ချိန် စကားပြောသူကိုလည်း၊ နိန္ဒန္တိ - ကဲ့ရဲ့ကြကုန်၏။ လောကေ - သတ္တလောက၌၊ အနိန္ဒိတော - မကဲ့ရဲ့အပ်သောသူသည်၊ ဝါ - ကဲ့ရဲ့မခံရသောသူသည်၊ နတ္ထိ - တစ်စုံတစ်ယောက် မပေါ်ပေါက်ချေ။

၂။ ဧကန္တံ - စင်စစ်၊ နိန္ဒိတော - ကဲ့ရဲ့အပ်သော၊ ဝါ - ကဲ့ရဲ့သင့်သော၊ ပေါသောဝါ - ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဧကန္တံ - စင်စစ်၊ ပသံသိတော - ချီးမွမ်းအပ်သော၊ ဝါ - ချီးမွမ်းသင့်သော၊ ပေါသောဝါ ပုဂ္ဂိုလ်သည်လည်းကောင်း၊ နစာဟု - ရှေးကလည်း မဖြစ်ခဲ့ဖူး၊ နစဘဝိဿတိ - နောင်လည်းဖြစ်မည် မဟုတ်။ ဧတရဟိစ - ယခုလည်း နဝိဇ္ဇတိ - မရှိ။ (နစေတရဟိ ဝိဇ္ဇတိ ယခုလည်းမရှိ)

၃။ အစ္ဆိဒ္ဒဝုတ္တိံ - မကျိုးပေါက်သော အကျင့်၊ မကျိုးပျက်သော အသက်မွေးခြင်းရှိသော၊ ပညာသီလ သမာဟိတံ - လောကီ-လောကုတ္တရာပညာ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသော၊ မေဓာဝိံ - တရားကြောင့်ဖြစ်သော ပညာရှိသော၊ ယံ - အကြင်ရဟန်းကို၊ ဝိညူ - စစ်မှန်သောပညာရှိတို့သည်၊ အနုဝိစ္စ - ကဲ့ရဲ့သင့်၊ ချီးမွမ်းသင့်ကို ဉာဏ်ဖြင့် စိစစ်သိမြင်၍၊ သုဝေ - သုဝေ - နေ့တိုင်းနေ့တိုင်း၊ ပသံသန္တိ - ချီးမွမ်းကြကုန်၏။

၄။ ဇမ္ဗောနဒဿနိက္ခံဣဝ အညစ်အကြေးမှ ကင်းသဖြင့် ထုရိုက်ဆုပ်နယ်ခံနိုင်သော ဇမ္ဗူရာဇ် ရွှေကဲ့သို့၊ ကော - အဘယ်သူသည်၊ တံ - ထိုပညာရှိရဟန်းကို၊ နိန္ဒိတုံ - ကဲ့ရဲ့ခြင်းငှာ၊ အရဟတိ - ထိုက်အံ့နည်း။ နံ - ထိုပညာရှိရဟန်းကို၊ ဒေဝါပိ- နတ်တို့သည်လည်း၊ ပသံသန္တိ - ချီးမွမ်းကြကုန်၏။ ဗြဟ္မုနာပိ - စကြာဝဠာတိုက်တစ်သောင်း၌ အစိုးရသော ဗြဟ္မာကြီးသည်လည်း၊ ပသံသိတော - စင်စစ် မပြတ်ချီးမွမ်းအပ်သည်တည်း။

ဒေသနာတော်အဆုံး၌ ဥပါသကာ ငါးရာတို့လည်း သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်ပြီ။

**အတုလဥပါသကာဝတ္ထု ပြီး၏။**

## ၄၂။ ဆဗ္ဗဂိယဝတ္ထု
## ခြောက်ပါးအစုရှိသောရဟန်းတို့အကြောင်း

တနေ့သ၌ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လက်နှစ်ဖက်တို့ဖြင့် တောင်ဝှေးတို့ကို ကိုင်၍ သစ်သားခြေနင်းတို့ကို စီးလျက် ကျောက်ဖျာပေါ်၌ စင်္ကြံသွားနေကုန်သော ဆဗ္ဗဂိရဟန်းတို့၏ ခွပ်ခွပ်ခွပ်ခွပ် ဟူသော အသံကိုကြားတော်မူ၍ အာနန္ဒာ ယခုကြားရသော ထိုအသံသည် ဘာသံနည်းဟု မေးတော်မူလျှင် မြတ်စွာဘုရား သစ်သားခြေနင်းတို့ကိုစီး၍ စင်္ကြံသွားကုန်သော ဆဗ္ဗဂိရဟန်းတို့ ခွပ်ခွပ်ခွပ်ခွပ် အသံပါဘုရားဟု လျှောက်ထားသံကို ကြားတော်မူပြီး သိက္ခာပုဒ်ကို ပညတ်၍ ရဟန်းမည်သည်မှာ ကာယဝစီမနောတို့ကို စောင့်ရှောက်သင့်၏ဟု မိန့်တော်မူကာ တရားဟောလိုတော်မူသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို ဟောတော်မူ၏။

၁။ ကာယပ္ပကောပံ ရက္ခေယျ၊ ကာယေန သံဝုတော သိယာ။
ကာယဒုစ္စရိတံ ဟိတွာ၊ ကာယေန သုစရိတံ စရေ။

၂။ ဝစီပကောပံ ရက္ခေယျ၊ ဝါစာယ သံဝုတော သိယာ။
ဝစီဒုစ္စရိတံ ဟိတွာ၊ ဝါစာယ သုစရိတံ စရေ။

၃။ မနောပကောပံ ရက္ခေယျ၊ မနသာ သံဝုတော သိယာ။
မနောဒုစ္စရိတံ ဟိတွာ၊ မနသာ သုစရိတံ စရေ။

၄။ ကာယေန သံဝုတာ ဓီရာ၊ အထော ဝါစာယ သံဝုတာ။
မနသာ သံဝုတာ ဓီရာ၊ တေဝေသုပရိသံဝုတာ။

၁။ ကာယပ္ပကောပံ - ကိုယ်၏ ပျက်စီးခြင်းဟု ဆိုအပ်သောကာယ ဒုစရိုက်သုံးမျိုးကို၊ ရက္ခေယျ - မပြုမိကာ စောင့်ရှောက်ရာ၏။

ကာယေန - ကာယဒွါရဖြင့်၊ သံဝုတော - ဒုစရိုက်ဝင်မှုကို တားမြစ်၍ ပိတ်ဆို့အပ်သော တံခါးရှိသည်၊ သိယာ - ဖြစ်ရာ၏။

ကာယဒုစ္စရိတံ - ကာယဒုစရိုက်ကို၊ ဟိတွာ - ပယ်စွန့်၍ ကာယေန - ကာယဒွါရဖြင့်၊ သုစရိတံ - သုစရိုက်သုံးမျိုးကို၊ စရေ - ကျင့်ရာ၏။

၂။ ဝစီပကောပံ - နှုတ်၏ပျက်စီးခြင်းဟု ဆိုအပ်သော ဝစီဒုစရိုက်လေးမျိုးကို၊ ရက္ခေယျ - မပြောမိကာ စောင့်ရှောက်ရာ၏။

ဝါစာယ - ဝစီဒွါရဖြင့်၊ သံဝုတော - ဒုစရိုက်ဝင်ခြင်းကိုတားမြစ်၍ ပိတ်ဆို့အပ်သောတံခါးရှိ

သည်လည်း၊ သိယာ - ဖြစ်ရာ၏။

ဝစီဒုစ္စရိတံ - ဝစီဒုစရိုက်လေးမျိုးကို၊ ဟိတွာ - ပယ်စွန့်၍၊ ဝါစာယ - ဝစီဒွါရဖြင့်၊ သုစရိတံ - သုစရိုက်လေးမျိုးကို၊ စရေ - ကျင့်ရာ၏။

၃။ မနောပကောပံ - စိတ်၏ပျက်စီးခြင်းဟု ဆိုအပ်သော မနောဒုစရိုက်သုံးမျိုးကို၊ ရက္ခေယျ - စိတ်ကြံမကောက်စောင့်ရှောက်ရာ၏။

မနသာ၊ မနောဒွါရဖြင့်၊ သံဝုတော - မနောဒုစရိုက်ဝင်ခြင်းကို တားမြစ်၍ ပိတ်ဆို့အပ်သော တံခါးရှိသူသည်၊ သိယာ - ဖြစ်ရာ၏။

မနောဒုစ္စရိတံ - မနောဒုစရိုက်သုံးမျိုးကို၊ ဟိတွာ - စွန့်ပယ်၍၊ မနသာ မနောဒွါရဖြင့်၊ သုစရိတံ - မနောသုစရိုက်သုံးမျိုးကို ၊ စရေ - ကျင့်ရာ၏။

၄။ ယေ ဓီရာ - အကြင်ပညာရှိတို့သည်၊ ကာယေန - ကာယဒွါရဖြင့် သံဝုတာ - ဒုစရိုက်ကို ပိတ်ဆို့သော ကာယဒွါရ - ရှိကုန်၏။ အထော - ထိုမှတစ်ပါး၊ ဝါစာယ - ဝစီဒွါရဖြင့်၊ သံဝုတာ - ဒုစရိုက်ကို ပိတ်ဆို့သော ဝစီဒွါရရှိကုန်၏။

မနသာ - မနောဒွါရဖြင့်၊ သံဝုတာ - ဒုစရိုက်ဝင်ခြင်းကို တားမြစ်၍ ပိတ်ဆို့သောတံခါးရှိကုန်၏။ တေဓီရာ ထိုပညာရှိတို့သည်သာ၊ တေ - စင်စစ်၊ သုပရိသံဝုတာ - ကောင်းစွာပိတ်ဆို့အပ်သော တံခါးရှိကုန်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**ဆဗ္ဗဂ္ဂိယဝတ္ထု ပြီး၏။**

## ၁၈။ မလဝဂ်
## ၇၃။ ဂေါယာတကပုတ္တဝတ္ထု
## နွားသတ်သမား၏ သားအကြောင်း

သာဝတ္ထိပြည်၌ နွားသတ်သမားတစ်ယောက်သည် နွားတို့ကို သတ်၍ ကောင်းမွန်သော အသားတို့ကို ယူ၍ ချက်စေပြီး သားမယားတို့နှင့်အတူထိုင်၍ အသားကိုလည်း စား၏။ အဖိုးဖြင့်လည်း အသားကိုရောင်း၍ အသက်မွေးနေ၏။

သူသည် ငါးဆယ်ငါးနှစ်တို့ပတ်လုံး ဤသို့နွားသတ်လုပ်ငန်းကို လုပ်နေလျက် အနီးဖြစ်သော ကျောင်း၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားအား တစ်နေ့မျှလည်း တစ်ယောက်ချိုမျှလည်း ဖြစ်သောယာဂုကိုသော်လည်းကောင်း၊ ဆွမ်းကိုသော်လည်းကောင်း မပေးလှူပါချေ။

သူသည် နွားသားနှင့်ကင်း၍ ဝါ - နွားသားမပါဘဲ ထမင်းကိုလည်းမစား။ နွားသတ်သမားသည် တစ်နေ့သ၌နေ့အဖို့ဖြစ်သော အချိန်တွင် နွားသားကို ရောင်းခဲ့ပြီး မိမိအတွက် ချက်ရန် နွားသားတစ်တုံးကို မယားအားပေး၍ ရေချိုးရန်သွားလေ၏။ ထိုအချိန်တွင် ထိုသူ၏ မိတ်ဆွေတစ်ယောက်သည် အိမ်သို့လာ၍ သူ့မိန်းမကို ကျွန်ုပ်အား ရောင်းမည့်နွားသားကို နည်းနည်းရောင်းပေးပါ။ ကျွန်ုပ်၏ အိမ်၌ ဧည့်သည်ရောက်နေပါသည်ဟုပြော၏။

ရောင်းစရာ အမဲသားမရှိတော့ပါ။ သင့်မိတ်ဆွေသည် အမဲသားကိုရောင်းခဲ့ပြီး ရေချိုးရန် သွားနေပါသည်ဟု ပြော၏။

ဤသို့မပြောပါနှင့်၊ အသားပိုင်း အသားတုံးရှိသေးလျှင် ရောင်းပေးပါဟု ပြောပြန်၏။

သင့်မိတ်ဆွေအတွက် ထားသောအသားကို ချန်လှပ်၍ အခြားအသားမရှိတော့ပါ။

မိတ်ဆွေယောကျ်ားသည် ငါ့မိတ်ဆွေအတွက်ထားသော အမဲသားမှ တစ်ခြားအသားမရှိ။ သူသည် အသားနှင့်ကင်း၍ ဝါ- အသားမပါဘဲ စားသူလည်းမဟုတ်။ ဤမိန်းမသည်လည်း ငါ့အား အသားကို ပေးမည်မဟုတ်ဟု ကြံ၍ ကိုယ်တိုင်သာစားဖို့ထားသော ထိုအသားကို ယူ၍အိမ်မှ ထွက်သွားလေ၏။

နွားသတ်သမားသည်လည်း ရေချိုး၍ ပြန်လာပြီ။ သူ၏ဇနီးသည် သူ့အတွက် သစ်ရွက်ဟင်းနှင့်ထမင်းကို ပြင်၍ ထမင်းခွက်ကို အနီး၌ချပေးလေသော် - အမဲသားအဘယ်မှာနည်းဟု မေး၏။ အို အိမ်ရှင် အမဲသားမရှိတော့ပါ။

ချက်နှင့်ရန် အမဲသားကိုပေးခဲ့ပြီး ငါရေချိုးသွားသည် မဟုတ်လော။

သင့်မိတ်ဆွေ အိမ်လာပြီး ငါ့အိမ်၌ ဧည့်သည်ရောက်နေသည် ရောင်းမည့်အသားကို ငါ့အား ရောင်းပါဟု ပြောလျှင် ကျုပ်က သင့်မိတ်ဆွေ ချန်ထားသော အသားမှ - အခြားအသားမရှိတော့ပြီ။ သင့်မိတ်ဆွေကလည်း အမဲသားနှင့်ကင်း၍ ဝါ- အမဲသားမပါဘဲ စားသူမဟုတ်ဟု ပြောဆိုအပ်သော်လည်း နိုင်ထက်ကလူပြု၍ အရှင့်အတွက်ထားသော အမဲသားကို သူကိုယ်တိုင်ပင် ယူ၍သွားပါပြီ။

ငါသည် အမဲသားနှင့်ကင်း၍ ဝါ - အမဲသားမပါဘဲ ထမင်းကို စားမည်မဟုတ်။ အမဲသားကို ပြန်ယူချေ။

အို - အရှင် ပြန်ယူရန် မတတ်နိုင်တော့ပါ။ စားသာ စားပါဟု မိန်းမက ပြောလေရာ နွားသတ်သမားသည် ငါမစားဟုပြောပြီး ထမင်းခွက်ကိုဖယ်ရှားကာ ဓားကိုယူ၍ အိမ်နောက်ဘေး၌ရှိသော နွား၏အနီးသို့သွား၍ နွားပါးစပ်အတွင်းသို့ လက်ကို ထည့်နှိုက်ပြီး နွားလျှာကိုဆွဲထုတ်၍ ဓားဖြင့် လျှာရင်း၌ဖြတ်၍ ယူသွားပြီး မီးကျီးခဲတို့၌ ကင်၍ ထမင်းခွက်ပေါ်တင်ထားပြီး ထိုင်လျှက် ထမင်းခဲတစ်ခဲကို စား၍ အမဲသားတုံးတစ်တုံးကို ခံတွင်း၌ထည့်လိုက်လေ၏။ ထိုခဏမှာပင် နွားသတ်သမား၏ လျှာသည် ပြတ်၍ ထမင်းခွက်၌ကျလေ၏။ ထိုခဏ ၌ပင် မကောင်းမှုကံနှင့်တူသော မကောင်းကျိုးကို ရလေပြီ။

နွားသတ်သမားသည်လည်း စင်စစ် နွားကဲ့သို့ ခံတွင်းမှ ယိုစီးသော သွေးအလျင် သွေးတန်းဖြင့် အိမ်တွင်းသို့ ဝင်၍ ဒူးဆစ်တို့ဖြင့်ထောက်၍ လှည့်ပတ်သွားလျက် အော်ဟစ်လေ၏။

ထိုအချိန်၌ နွားသတ်သမား၏ သားသည် ဖခင်ကိုကြည့်လျက် အနီး၌ ရပ်နေ၏။ ထိုအခါ သားဖြစ်သူကို မိခင်သည် ဤသို့ပြော၏။

ချစ်သား - နွားကဲ့သို့ အိမ်၏ အလယ်၌ ဒူးဆစ်တို့ဖြင့် လှည့်သွား၍ မြည်တွန်နေသော သင့်အဖေ ဤနွားသတ်သမားကို ကြည့်ပါ။ ဤဆင်းရဲဒုက္ခသည် သင့်ဦးထိပ်၌ ကျရောက်လိမ့်မည်။ ငါ့ကိုလည်း မကြည့်ရှု မငဲ့ကွက်ဘဲ မိမိ၏ ချမ်းသာကိုပြုလျက် ထွက်ပြေးလေလော့။

နွားသတ်သမား၏ သားသည် သေဘေးဖြင့် ခြိမ်းခြောက်ခံရ၍ မိခင်ကို ရှိခိုးပြီး ထွက်ပြေးလေ၏။ အထူးအားဖြင့် ထွက်ပြေး၍ တက္ကသိုလ်ပြည်သို့ သွားလေ၏။

နွားသတ်သမားသည်လည်း နွားကဲ့သို့ အိမ်၏အလယ်၌ မြည်တွန်လျက် လှည့်ပတ်သွားနေပြီး ကွယ်လွန် ကာ အဝီစိငရဲ၌ ဖြစ်လေ၏။ နွားလည်းသေလေ၏။

နွားသတ်သမား၏ သားသည်လည်း တက္ကသိုလ်ပြည်သို့ ရောက်၍ ရွှေပန်းတိမ်အလုပ်ကို သင်ယူလေ၏။

ထိုသို့ သင်ယူနေစဉ် သူ၏ ဆရာသည် ရွာတစ်ရွာသို့ သွားလို၍ ဤမည်သော အဆင်တန်ဆာကို ပြုရစ်လော့ဟု ပြောကာထွက်သွားလေ၏။ တပည့်ဖြစ်သူသည်လည်း ပြောထားသည့်အတိုင်း အဆင်တန်ဆာကို ပြုထားလေ၏။

ထိုအခါသူ၏ ဆရာသည် ပြန်လာ၍ အဆင်တန်ဆာကို မြင်ရလေသော် ဤတပည့်သည် တစ်ရပ်တစ်ရွာသို့သွား၍ အသက်မွေးရန် စွမ်းနိုင်သူတည်းဟု သိမြင်ကာ မိမိ၏ အရွယ်ရောက်နေသော သမီးကို ပေးလေ၏။ နွားသတ်သမား၏ သားသည် သားသမီးတို့ဖြင့် ကြီးပွားလေ၏။

ထိုအခါ နွားသတ်သမားတို့၏ မြေးတို့သည် အရွယ်ရောက်ကုန်၍ အတတ်ပညာကို သင်ယူကြပြီး နောက်အဖို့၌ သာဝတ္ထိပြည်သို့သွား၍ သာဝတ္ထိပြည်၌ အိမ်ရာတည်ထောင်နေကြကာ သဒ္ဓါတရားရှိသူ၊ ရတနာသုံးဆူ ကြည်ညိုသူများဖြစ်ကြသည်။ ထိုသားတို့၏ ဖခင်ဖြစ်သူ နွားသတ်သမား၏ သားသည် လည်း တက္ကသိုလ်ပြည်၌ ကုသိုလ်တစ်စုံတစ်ရာကိုမျှ မပြုဘဲသာ အိုမင်းခြင်းရောက်လေ၏။ ထိုအခါ ထိုသူ၏ သားတို့သည် ငါတို့၏ ဖခင်သည် အသက်ကြီးသူဖြစ်၏ ဟုမိမိတို့အထံသို့ ခေါ်ဆောင်၍

ဖခင်အကျိုးငှာ လှူဖွယ်ဝတ္ထုကို ပေးလှူကြမည်ဟု ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်လျှောက်ကြကုန်၏။ ထိုသားတို့သည် နောက်နေ့တွင် အိမ်တွင်း၌ ဘုရားအမှူးရှိသော ရဟန်းသံဃာကို သီတင်းသုံးစေ၍ ဆွမ်းကပ်လှူကြကာ ဆွမ်းကိစ္စအဆုံး၌ မြတ်စွာဘုရားကို -

မြတ်စွာဘုရား - တပည့်တော်တို့သည် ဖခင်၏ အသက်ထင်ရှားရှိသော ဤဆွမ်းကို ပေးလှူအပ်ပါ၏။ တပည့်တော်တို့၏ ဖခင်အား ဝမ်းမြောက်နိုင်ကြောင်း ဓမ္မကထာ အနုမောဒနာကို ပြုတော်မူကြပါဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုသူတို့၏ ဖခင်ဖြစ်သူကို မိန့်ခေါ်တော်မူကာ ဉပါသကာ - သင်သည် အသက်ကြီးသူ ရင့်မှည့်သော ခန္ဓာကိုယ်ရှိသူ ဖက်ရွက်ရော်အဆင်းနှင့်တူသော ဖျော့တော့သော အဆင်းရှိသူဖြစ်၏။ သင့်အား တမလွန်လောကသို့ ယူသွားရန် ကုသိုလ်ရိက္ခာမရှိ။ မိမိဆောက်တည်ရာကို ပြုပါ။ ပညာရှိသူ ဖြစ်ပါစေ။ မိုက်သူမဖြစ်ပါစေနှင့်ဟု အနုမောဒနာပြုလိုတော်မူသော မြတ်စွာဘုရားသည် ဤနှစ်ဂါထာတို့ကို ဟောတော်မူပြီ။

၁။ ပဏ္ဍုပလာသောဝ ဒါနိသိ၊
ယမပုရိသာပိစ တေဉပဋ္ဌိတာ။
ဉယျောဂမုခေစ တိဋ္ဌသိ၊
ပါထေယျမ္ပိ စတေ နဝိဇ္ဇတိ။

၂။ သောကရောဟိ ဒီပမတ္တနော၊
ခိပ္ပံ ဝါယမ ပဏ္ဍိတောဘဝ။
နိဒ္ဓန္တမလော အနင်္ဂဏော၊
ဒိဗ္ဗံ အရိယ ဘူမိံ ဉပေဟိသိ။

၁။ ဉပါသက - ဉပါသကာ၊ တွံ - သင်သည်၊ဒါနိ - ယခု၊ ပဏ္ဍုပလာသောဝ မြေ၌ကြွေကျသော ဖက်ရွက်လျှော်ကဲ့သို့ အသိ - ဖြစ်ပြီ။

ယမပုရိသာပိစ - သေမင်းတမန်တို့သည်လည်း၊ တေ- သင်၏၊ ဉပဋ္ဌိတာ - အနီး၌ တည်ကုန်ပြီ။ (သင့်အဖို့ သေခြင်းတရားရှေးရှုတည်နေပြီ)

ဉယျောဂမုခေစ - ဆုတ်ယုတ်ခြင်းအဝ၌လည်း၊ တိဋ္ဌသိ - တည်နေပြီ။

တေ - သင့်အား ပါထေယျမ္ပိစ - ကုသိုလ်တည်းဟူသော ရိက္ခာသည်လည်း နဝိဇ္ဇတိ - မရှိချေ။

၂။ သောတွံ - ထိုသင်သည်၊ အတ္တနော - မိမိ၏၊ ဒီပံ - ရေလယ်ကျွန်းသဖွယ် ကုသိုလ်တည်းဟူသော တည်နေရာကို ကရောဟိ - ပြုပါလော။ (ကရောန္တောစ - ပြုသော်လည်း၊ ဝါ ပြုမည်ဖြစ်လေလျှင် ခိပ္ပံ - မနှေးမကြာလျှင် မြန်စွာ၊ ဝါယမ - အားထုတ်ပါလော။

(ကုသလကမ္မပတိဋ္ဌ ကရဏေန - ကုသိုလ်တည်းဟူသော မိမိ၏တည်ရာကို ပြုခြင်းဖြင့်) ပဏ္ဍိတော -

ပညာရှိသူသည် ဝါ - လိမ္မာသူသည်၊ ဘဝဖြစ်ပါလော။

နိဒ္ဒန္တမလော - ထုတ်ပယ်ပြီးသော ရာဂအစရှိသော ကိလေသာရှိရကား၊ ဆေးဝါ - ရာဂအစရှိသော အညစ် အကြေးကို ထုတ်ပယ်ပြီး ဖြစ်ရကား၊ အနင်္ဂဏော - ကိလေသာကင်းသူဖြစ်၍၊ အရိယဘူမိံ - အရိယာတို့၏ ဖြစ်ရာ, တည်ရာ - ဖြစ်သော၊ ခိဗ္ဗံ - သုဒ္ဓါဝါသပြဟ္မာ ငါးဘုံသို့၊ ဥပေဟိသိ ရောက်ရလတ္တံ့။

ဒေသနာတော်အဆုံး၌ ဥပါသကာသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာသူ ရဟန်းရှင်, လူတို့အဖို့လည်း အကျိုးရှိသောဓမ္မဒေသနာတော် ဖြစ်လေပြီ။

နွားသတ်သမား၏ သားသမီးတို့သည် နောက်နေ့ကုသိုလ်ဖြစ်ခြင်းအကျိုးငှာလည်း မြတ်စွာဘုရား ကို ပင့်လျှောက်၍ ဆွမ်းကပ်လှူဒါန်းပြီး ဆွမ်းကိစ္စပြီး ပြီးသောမြတ်စွာဘုရားကို အနုမောဒနာပြုမည့် အခါ၌-

မြတ်စွာဘုရား ဤဆွမ်းအလှူသည်လည်း တပည့်တော်ဖခင်၏ အသက်ရှည်ရန် လှူဒါန်းအပ် သော ဆွမ်းအလှူသာဖြစ်ပါသည်။ တပည့်တော် ဖခင်၏သာ ဝမ်းမြောက်နိုင်ကြောင်း အနုမောဒနာကို ပြုတော်မူပါဘုရား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် နွားသတ်သမားသား၏ ဝမ်းမြောက်နိုင်ကြောင်း အနုမောဒနာကိုပြုတော်မူ လတ်သော် ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁။ ဥပနီတဝယော စ ဒါနိသိ။
သမ္ပယာတောသိ ယမဿ သန္တိကံ။
ဝါသောတေ နတ္ထိ အန္တရာ။
ပါထေယျမ္ပိ စ တေ နဝိဇ္ဇတိ။

၂။ သောကရောဟိ ဒိပမတ္တနော။
ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ။
နိဒ္ဒန္တ မလော အနင်္ဂဏော။
နပုန ဇာတိဇရံ ဥပေဟိသိ။

၁။ ဥပါသက - ဥပါသကာ၊ တွံ - သင်သည်၊ ဒါနိ - ယခု၊ ဥပနီတဝယောစ - ကင်းသောအရွယ်၊ လွန်ပြီးသောအရွယ်ရှိသည်လည်း၊ အသိ - ဖြစ်၏။
(အရွယ်သုံးပါးကို လွန်၍ သေမင်းခံတွင်းဝ၌ တည်နေသူဖြစ်သည်ဟု ဆိုလိုသည်)

ယမဿ - သေမင်း၏၊ သန္တိကံ - အထံသို့၊ သမ္ပယာတော - သွားရန်စီစဉ်ပြီး သူသည်၊ အသိ - ဖြစ်၏။

တေ - သင်အား၊ အန္တရာ - အကြား၌(သေမင်းထံသွားနေစဉ် အကြား၌) ဝါသော - ဆိုင်းငံ့ နေခွင့်သည်၊ နတ္ထိ - မရှိချေ။
တေ - သင့်အား၊ ပါထေယျမ္ပိစ - ကုသိုလ်တည်းဟူသော ရိက္ခာသည်လည်း၊ နဝိဇ္ဇတိ - မရှိချေ။

၂။ သောတုံ - ထိုသင်သည်၊ အတ္တနော - မိမိ၏၊ ဒီပံ - မှီရာကျွန်းသဖွယ်ကုသိုလ်တည်းဟူသောတည်ရာကို၊ ကရောဟိ - ပြုပါလော။

(ကရောန္တော - ပြုလတ်သော်) ခိပ္ပံ - မနှေးမကြာလျင်မြန်စွာ၊ ဝါယမ - အားထုတ်ပါလော။ (အတ္တနော - မိမိ၏၊ ကုသလကမ္မ ပတိဋ္ဌကရဏေန - ကုသိုလ်ကံတည်းဟူသော တည်ရာကိုပြုခြင်းဖြင့်) ပဏ္ဍိတော - ပညာရှိသည်၊ ဝါ - လိမ္မာသူသည်၊ ဘဝ - ဖြစ်ပါလော။

နိဒ္ဓန္တမလော - ထုတ်အပ်သော ရာဂအစရှိသော အညစ်အကြေးရှိရကား ဝါ - ရာဂအစရှိသော အညစ်အကြေးကို ထုတ်ပြီး ဖြစ်ရကား၊ အနင်္ဂဏော - ကိလေသာကင်းသူဖြစ်၍

ပုန- နောက်ထပ်တစ်ဖန်၊ ဇာတိဇရံ - ပဋိသန္ဓေနေခြင်း, အိုခြင်းသို့ နဥပေဟိသိ - မရောက်ရလတ္တံ့။

ဥပါသကာသည် ဤနှစ်ဂါထာကို ကြားနာသည်၏အဆုံး၌ အနာဂါမိဖိုလ်သို့ ရောက်လေ၏။ ကျန်သော ပရိသတ်၏လည်း အကျိုးရှိသော ဒေသနာတော်ဖြစ်ခဲ့လေပြီ။

**ဂေါဓာတကပုဋ္ဌာဝတ္ထု ပြီး၏။**

## ၇၄။ အညတရဗြာဟ္မဏဝတ္ထု
## မထင်ရှားသော ပုဏ္ဏားတစ်ယောက်အကြောင်း

သာဝတ္ထိမြို့၌ မထင်ရှားသော ပုဏ္ဏားတစ်ယောက်သည် တစ်နေ့သ၌ နံနက်စောစောအိမ်မှ ထွက်ခဲ့၍ ရဟန်းတို့ သင်္ကန်းသပ္ပါယ် (ရုံရာ) နေရာ၌ သင်္ကန်းရုံနေကြသော ရဟန်းတို့ကိုကြည့်နေ၏။ ရဟန်းတို့ သင်္ကန်းရုံရာ ထိုနေရာသည်ကား မြက်စိုနေသော နေရာဖြစ်၏။ ထိုသို့ဖြစ်သောကြောင့် ရဟန်းတစ်ပါး၏ သင်္ကန်းရုံနေစဉ် သင်္ကန်းအနားသည် မြက်ပင်တို့၌ လိမ့်နေလျက် ဆီးနှင်းပေါက်တို့ဖြင့် စွတ်စိုနေ၏။

ပုဏ္ဏားသည် ဤနေရာကို စိမ်းစိုသော မြက်မရှိအောင် ပြုသင့်သည် ဟု ကြံစည်၍ နောက်နေ့၌ ပေါက်ပြားကို ယူသွားကာ ထိုနေရာကို ပေါက်ပြားဖြင့် ရှေ့၍၊ ဝါ-ပေါက်ပြားဖြင့် ပေါက်၍ ကောက်နှယ် တလင်းနှင့်တူအောင် ပြုထားလေ၏။

နောက်နေ့၌လည်း ထိုနေရာသို့ ရဟန်းတို့လာ၍ သင်္ကန်းရုံကြလေသော် ရဟန်းတစ်ပါး၏ သင်္ကန်းအနားသည် မြေပေါ်၌ကျ၍ မြေမှုန့်ကပ်လိမ်းလျက်နေသည်ကို မြင်ပြန်၍ ဤနေရာ၌ သဲခင်းထား သင့်သည်ဟု ကြံစည်၍ သဲကိုယူဆောင်ဖြန့်ခင်းထားလေသည်။

ထိုအချိန်မှ နောက်တစ်နေ့ နံနက်ပိုင်းအချိန်၌ နေပူရှိန်ကြမ်းထန်လေ၏။ ထိုအချိန်၌လည်း သင်္ကန်းရုံနေကြသော ရဟန်းတို့၏ ကိုယ်မှ ထွက်နေသော ချွေးတို့ကိုမြင်၍ ငါသည် ဤနေရာ၌ မဏ္ဍပ်ထိုးထားသင့်သည်ဟု ကြံစည်၍ မဏ္ဍပ်ထိုးထားလေ၏။

နောက်နေ့၌ အချိန်စောစောမှာပင် မိုးရွာလေ၏။ မိုးရွာချိန်ကြာနေ၏။ ထိုအခါ၌လည်း ပုဏ္ဏားသည် ရဟန်းတို့ကို ကြည့်လျက်သာ ရပ်နေစဉ် မိုးရေစိုသော သင်္ကန်းရှိကုန်သော ရဟန်းတို့ကို မြင်၍ ငါသည်ဤနေရာ၌ ဇရပ်ဆောက်ထားသင့်သည်ဟု ကြံစည်၍ ဇရပ်ဆောက်ပြီးလျှင် ယခုအချိန်၌ ငါသည် ဇရပ်လှူဒါန်းပူဇော်မှုကို ပြုမည်ဟု ကြံစည်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်လျှောက်၍ ဇရပ်အတွင်း၌ လည်းကောင်း၊ အပြင်၌ လည်းကောင်း၊ ရဟန်းတို့ကို သီတင်းသုံးစေကာ ဆွမ်းကိစ္စအဆုံး၌ အနုမောဒနာပြုစေရန် အလို့ငှာ မြတ်စွာဘုရား၏ သပိတ်တော်ကိုကိုင်၍ -

မြတ်စွာဘုရား - တပည့်တော်သည် ဤနေရာ၌ ရဟန်းတို့ သင်္ကန်းရုံရာအချိန်တွင် ရဟန်းတို့ကို ကြည့်လျက် ရပ်နေစဉ် ဤသို့ဤသို့ ဖြစ်ပုံကို မြင်ရ၍ ဤသို့ဤသို့ကုသိုလ်ကို ပြုခဲ့ပါပြီဟု အစမှစ၍ ဖြစ်ခဲ့ပုံ အားလုံးကို လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ပုဏ္ဏား၏ စကားကို ကြားတော်မူ၍ -

အို - ပုဏ္ဏား ပညာရှိသူ လူလိမ္မာ မည်သူတို့သည် မကြာမကြာအနည်းငယ် - အနည်းငယ် ကုသိုလ်ကိုပြုကြကာ အစဉ်အားဖြင့် မိမိ၏ အကုသိုလ်အညစ်ကြေးကို နှင်ထုတ်ကြသည်သာဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

၁။ အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ၊ ထောကံ ခဏေခဏေ။
ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလမတ္တနော။

ကမ္မရော - ရွှေပန်းတိမ်ဆရာသည်၊ ရဇတဿ - ရွှေငွေ၏။ မလံ - အညစ်အကြေးကို၊ ခဏေခဏေ - ခဏတိုင်း, ခဏတိုင်း၊ ထောကံ ထောကံ - အနည်းငယ်, အနည်းငယ်၊ နိဒ္ဓမေတ္တိ - မီးဖုတ်, တူတူ ဤနှစ်မှုဖြင့် စုထုပ်လေသကဲ့သို့၊ မေဓာဝီဓမ္မောဇ ပညာ (တရားကြောင့် ဖြစ်သော အသိဉာဏ်) ရှိသူသည်။

အတ္တနော - မိမိ၏၊ မလံ - ရာဂအစရှိသော အညစ်အကြေးကို ခဏေခဏေ - ခဏတိုင်း, ခဏတိုင်း၊ ထောကံ ထောကံ - အနည်းငယ်အနည်းငယ်၊ အနုပုဗ္ဗေန - အစဉ်အားဖြင့်၊ နိဒ္ဓမေ - နှင်ထုတ်ဖယ်ရှားရာ၏။

ဒေသနာတော်၏အဆုံး၌ မထင်ရှားသော ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရဟာန်းရှင်လူများစွာသော သူ၏လည်း အကျိုးရှိသောဓမ္မဒေသနာတော် ဖြစ်ခဲ့လေပြီ။

**အညတရဗြာဟ္မဏဝတ္ထု ပြီး၏။**

## ၇၅။ တိဿတ္ထေရဝတ္ထု
## တိဿထေရ်အကြောင်း

သာဝတ္ထိမြို့၌နေသော အမျိုးသားတစ်ယောက်သည် ရှင်အဖြစ်ကို ယူ၍ ရဟန်းပြုအပ်ပြီးသော် တိဿထေရ်ဟု ထင်ရှားလေ၏။

တိဿထေရ်သည် နောက်အဖို့ဖြစ်သောအချိန်ဝယ် ဇနပုဒ်ကျောင်း၌ ဝါကပ်နေစဉ် ရှစ်တောင် ရှည်လျားသော ထူထဲသော အဝတ်ထည်ကို ရထားပြီး ဝါကျွတ်သည်ဖြစ်၍ ထိုအထည်ကို ယူသွားကာ နှမဖြစ်သူ၏ လက်၌ထားလေ၏။

နှမဖြစ်သူသည် ဤအဝတ်အထည်သည် ငါ့မောင်တော်အား ဝါ - မောင်တော်နှင့်မလျောက်ပတ်, မသင့်လျော်ဟု ကြံ၍ ထိုအဝတ်အထည်ကို ထက်စွာသောရဲတင်းဖြင့် ဖြတ်၍ အမျှင်အမျှင်ပြုပြီး ဆုံတွင်း၌ ထောင်း၍, ထည့်၍, ထုရိုက်၍, လုံး၍ သိမ်မွေ့သော ချည်ကို ငင်၍ အဝတ်ကို ယက်စေ၏။

တိဿထေရ်သည်လည်း အပ်ချည်ကိုလည်းကောင်း၊ အပ်တို့ကို လည်းကောင်း စီစဉ်၍ သင်္ကန်း ချုပ်တတ်သော သာမဏေတို့ကို စုဝေးစေပြီး နှမထံသွား၍ ငါ၏အပ်ထားခဲ့သော အဝတ်အထည်ကို ပေးကြသင်္ကန်းချုပ်တော့မည်ဟု မိန့်ဆို၏။

နှမဖြစ်သူသည် ကိုးတောင်ရှည်သော အဝတ်အထည်ကို ထုတ်ဆောင်၍ မောင်ငယ်၏ လက်၌ထားလေ၏။

တိဿထေရ်သည် ထိုအဝတ်အထည်ကို ကိုင်၍ ဖြန့်ကြည့်လေသော် ငါ၏ အပ်ထားခဲ့သော အဝတ်အထည်သည် ထူထဲ၏။ ရှစ်တောင်ရှည်၏။ ဤအဝတ်သည် နူးညံ့၏။ ကိုးတောင်ရှိ၏။ ဤအဝတ်အထည်သည် ငါ့အတွက်အထည်မဟုတ်။ သင်တို့အဝတ်အထည်ဖြစ်၏။ ငါ့အား ဤအဝတ် အထည်ဖြင့် အလိုမရှိ။ ငါအပ်ထားခဲ့သော အဝတ်အထည်ကိုသာ ငါ့အားပေးကြဟု မိန့်ဆို၏။

အရှင်ဘုရား ဤအဝတ်အထည်သည် အရှင်ဘုရားတို့၏ အဝတ်အထည်ဖြစ်ပါသည်။ ဤအဝတ်အထည်ကို ခံယူတော်မူပါဟု လျှောက်ထားကြသည်။

တိဿထေရ်သည် ထိုအဝတ်အထည်ကို အလိုမရှိသည်သာဖြစ်၏။

ထိုအခါ တိဿထေရ်အား နှမဖြစ်သူသည် မိမိပြုအပ်သောကိစ္စအားလုံးကို လျှောက်ထားကာ အရှင်ဘုရား ဤအဝတ်အထည်သည် အရှင်ဘုရား၏သာ အဝတ်အထည်ဖြစ်ပါသည်။ ဤအဝတ် အထည်ကို ခံယူတော်မူပါဟု လျှောက်ထားကပ်လှူလေ၏။

တိဿထေရ်သည် ကပ်လှူလိုက်သော ထိုအဝတ်အထည်ကို ယူခဲ့ပြီး ကျောင်းသို့သွား၍ သင်္ကန်းချုပ်ခြင်းကို ဖြစ်စေပြီ။

ထိုအခါ တိဿထေရ်၏ နှမဖြစ်သူသည် သင်္ကန်းချုပ် သူသာမဏေတို့၏ အလို့ငှာ ယာဂု ဆွမ်းစသည် တို့ကို ပြည့်စုံစေ၏။

သင်္ကန်းချုပ်ပြီးရာနေ့၌မူကား ပိုလွန်သော ပူဇော်ဖွယ်ကို ပြုလေ၏။

တိဿထေရ်သည် သင်္ကန်းကိုကြည့်၍ ထိုသင်္ကန်း၌တပ်မက်နှစ်သက်ပြီး နက်ဖြန်အချိန်၌ ထိုသင်္ကန်းကို ရုံမည်ဟူသော အကြံဖြင့် ခေါက်၍ သင်္ကန်းတန်း၌ထားပြီးသော် ထိုည၌ နံနက်ချိန်က ဘုဉ်းပေးအပ်သော ဆွမ်းအာဟာရကို ကြေစေရန်မတတ်နိုင်သည်ဖြစ်၍ ကွယ်လွန်ပြီး ထိုသင်္ကန်း၌ပင် သန်းကောင်ဖြစ်နေလေ၏။

တိဿထေရ်၏ နှမသည်လည်း တိဿထေရ်ကွယ်လွန်သည်ကို ကြား၍ လာရောက်ပြီး ရဟန်းတို့၏ ခြေရင်းတို့၌ လူးလိမ့်ငိုလေ၏။

ရဟန်းတို့သည် တိဿထေရ်၏ ရုပ်အလောင်း၌ ပြုဖွယ်ကိစ္စကို ပြုပြီးသော် ဂိလာနုပဋ္ဌာက (သူနာပြုပုဂ္ဂိုလ်) မရှိသောကြောင့် ထိုသင်္ကန်းသည် သံဃာ၏သာ ဥစ္စာအဖြစ်သို့ရောက်၏။ ထိုသင်္ကန်းကို ခွဲဝေကြစို့ဟု မိန့်ဆိုကြပြီး ထိုသင်္ကန်းကို ထုတ်ဆောင်စေကုန်၏။

ထိုသန်းကောင်သည် ဤရဟန်းတို့သည် ငါ့ဥစ္စာကို လုယက်ကုန်၏ဟု မြည်တမ်းလျက် ဤနေရာ, ဤနေရာ၌ ဝါ - ဤနေရာမှ, ဤနေရာသို့ ပြေးသွားနေ၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်တော်၌ ထိုင်နေတော်မူလျက်သာ ဒိဗ္ဗသောတဓာတ်ဖြင့် သန်းကောင်၏ ထိုအသံကို ကြားတော်မူ၍ အာနန္ဒာတိဿရဟန်း၏ သင်္ကန်းကို ခွဲဝေမှုမပြုဘဲ ခုနစ်ရက်ပတ်လုံးထားရန် ပြောချေဟု မိန့်တော်မူ၏။ အာနန္ဒာထေရ်သည် မြတ်စွာဘုရား အမိန့်အတိုင်း ပြုလုပ်စေ၏။ ထိုသန်းကောင်သည်လည်း ခုနစ်ရက်မြောက်သောနေ့၌ ကွယ်လွန်၍ တုသိတာနတ်ဗိမာန်၌ ဖြစ်လေ၏။

မြတ်စွာဘုရားသည် ရှစ်ရက်မြောက်နေ့၌ တိဿရဟန်း၏ သင်္ကန်းကို ခွဲဝေ၍ ယူကြဟု ခိုင်းစေတော်မူသည်။ ရဟန်းတို့သည် မြတ်စွာဘုရား အမိန့်တော်အတိုင်း ပြုကြကုန်၏။

ရဟန်းတို့၏ ဓမ္မသဘင်၌ - မြတ်စွာဘုရားသည် အဘယ့်ကြောင့် တိဿရဟန်း၏ သင်္ကန်းကို ခုနစ်ရက်တို့ ပတ်လုံးထားစေပြီး ရှစ်ရက်မြောက်သောနေ့၌ ခွဲဝေယူရန် ခွင့်ပြုလေသနည်းဟူသော စကားကို ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူကာ - ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် အညီအညွတ်နေကြသနည်းဟု မေးတော်မူသဖြင့် ဤမည်သောစကားဖြင့် နေကြပါသည်ဟု လျှောက်ထားအပ်လေသော် - ရဟန်းတို့ တိဿရဟန်းသည် သူ၏ သင်္ကန်း၌သန်းကောင်ဖြစ်နေ၏။ သင်တို့သည် ထိုသင်္ကန်းကို ခွဲဝေမှု ပြုလုလတ်သော် (ခွဲဝေရန်ပြုနေစဉ်) ဤရဟန်းတို့သည် ငါ့ဥစ္စာကို လုယက်ကုန်၏ဟု မြည်တမ်းလျက် ဤနေရာမှ, ဤနေရာသို့ ပြေးနေလေပြီ။ ထိုသန်းကောင်သည် သင်တို့က သင်္ကန်းကို ခွဲဝေယူအပ်သော် (ခွဲဝေယူခဲ့လျှင်) သင်တို့၌ နှစ်လိုစိတ်ကို ဖျက်ဆီး၍ (သင်တို့ကိုပြစ်မှား၍) ငရဲ၌ ဖြစ်လေရာ၏။ ထို့ကြောင့် ငါဘုရားသည် သင်္ကန်းကိုထားစေခဲ့ပြီး ယခုအခါမှာမူ ထိုသန်းကောင်သည် တုသိတာနတ်ဗိမာန်၌ ဖြစ်နေပြီ။ ထို့ကြောင့် ငါဘုရားသည် သင်တို့၏ သင်္ကန်းခွဲဝေမှုကို ခွင့်ပြုအပ်ပြီဟု မိန့်တော်မူ၍ နောက်မှတစ်ဖန် ထိုရဟန်းတို့က မြတ်စွာဘုရား တဏှာမည်သော ဤတရားသည် စင်စစ်ဝန်လေးလှပါသည်ဟု လျှောက်ထားအပ်ပြန်သော်

ရဟန်းတို့ ဟုတ်ပေ၏။ ဤသတ္တဝါတို့၏ တဏှာမည်သော တရားသည် ဝန်လေးလှပေသည်။

သံမှဖြစ်သော အညစ်အကြေးသည် တက်၍သံကိုပင်စားသကဲ့သို့ ဖျက်ဆီးသကဲ့သို့ မသုံးဆောင်နိုင်အောင် ဝါ- အသုံးမကျအောင်ပြုသကဲ့သို့ ဤနည်းအတူ ဤတဏှာသည် သတ္တဝါတို့၏ ကိုယ်အတွင်း၌ ဖြစ်ပေါ်ပြီး ထိုသတ္တဝါတို့ကို ငရဲအစရှိသည်တို့၌ ဖြစ်စေ၏။ ပျက်စီးခြင်းသို့ ရောက်စေ၏ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

အယသာဝမလံ သမုဋ္ဌိတံ၊
တတုဋ္ဌာယ တမေဝခါဒတိ၊
ဧဝံ အတိဓောန စာရိနံ၊
သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။

အယသာ - သံမှ၊ သမုဋ္ဌိတံ - ဖြစ်ပေါ်လာသော၊ မလံ - သံချေးသည်၊ တတုဋ္ဌာယ - ထိုသံမှတက်၍၊ တမေဝ - ထိုသံကိုပင်၊ ဒါဒတိ - ဣဝ - ခဲစားဖျက်ဆီးသကဲ့သို့၊ ဧဝံ - ဤအတူ၊ အတိဓောန စရိနံ - ပစ္စည်းလေးပါး၌ ဆင်ခြင်၍ သုံးဆောင်သောပညာကို ကျော်လွန်၍ ကျင့်သော ရဟန်းကို ဝါ - အတိဓောန စာရိနံ ပစ္စည်းလေးပါး၌ မဆင်ခြင်မူ၍ သုံးဆောင်သော ရဟန်းကို သာနိ - မိမိဥစ္စာဖြစ်ကုန်သော၊ ကမ္မာနိ - မကောင်းမှုကံတို့သည် ဒုဂ္ဂတိံ - မကောင်းသောဘဝသို့ နယန္တိပို့ဆောင်ကုန်၏။

ဒေသနာတော်အဆုံး၌ ရဟန်း, ရှင်, လူများစွာသော သူတို့သည်သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကြလေကုန်ပြီ။

**တိဿတ္ထေရဝတ္ထု ပြီး၏။**

# ၄၆။ လာလုဒါယိတ္ထေရဝတ္ထု
# လျှပ်ပေါ်လော်လီတတ်သော ဥဒါယိထေရ်အကြောင်း

သာဝတ္ထိမြို့၌ ငါးကုဋေမျှကုန်သော အရိယာသာဝကတို့ နေကြကုန်၏။ နှစ်ကုဋေမျှကုန်သော ပုထုဇဉ်တို့ နေကြကုန်၏။ ထိုသူတို့တွင် အရိယသာဝကတို့သည် ထမင်းမစားမီ နံနက်အချိန်၌ ဆွမ်းအစရှိသောလှူဖွယ် ပစ္စည်းကို ပေးလှူကြ၍ ထမင်းစားပြီးနောက်ချိန်၌ ထောပတ်ဆီ ပျား, တင်လဲ, သက်နုံးလျှာ, အဝတ်အစရှိသည် တို့ကို ယူကြကာ ကျောင်းသို့သွား၍ တရားနာကြကုန်၏။ တရားနာ ပြီး၍ ပြန်သွားရာ အချိန်၌လည်း သာရိပုတ္တထေရ်, မောဂ္ဂလာန်ထေရ်တို့၏ ဂုဏ်ကိုဆိုကြောင်း စကားကိုပြောဆိုကြကုန်၏။

ဥဒါယိထေရ်သည် ထိုအရိယာ သာဝကတို့၏ ထိုသို့ပြောစကားကို ကြား၍ ဝါ - ကြားလေသော် သင်တို့သည် သာရိပုတ္တ မောဂ္ဂလာန်တို့၏ တရားကို ဦးစွာကြားနာပြီး ဤသို့ပြောဆိုကြသည်။ ငါ၏တရားကို ကြားနာပြီးသော်ငါ၏ ဂုဏ်ကို ဆိုကြောင်းစကားကို အဘယ့်ကြောင့် မပြောဆိုကြသနည်းဟု မိန့်ဆိုလေ၏။

လူတို့သည် ဥဒါယိထေရ်၏ စကားကို ကြားကြသော် ဤရဟန်းသည် ဓမ္မကထိက တစ်ပါး ဖြစ်လိမ့်မည်။ ငါတို့သည် ဤရဟန်း၏တရားကိုလည်း နာယူသင့်သည်ဟု တိုင်ပင်ကြပြီး ထိုလူတို့သည် တစ်နေ့သ၌ ဥဒါယိထေရ် ကို အရှင်ဘုရား - ယနေ့တပည့်တော်တို့၏ တရားနာမည့်နေ့ ဖြစ်ပါသည်ဟု လျှောက်ထားတောင်းပန်၍ သံဃာတော်အား လှူဒါန်းဖွယ်ကို ပေးလှူ၍ ဥဒါယိထေရ်အား အရှင်ဘုရား အရှင်ဘုရားတို့သည် တပည့်တော်တို့အား နေ့တရားဟောတော်မူကြပါဟု လျှောက်ထားကြသည်။ ဥဒါယိထေရ်သည်လည်း ထိုလူတို့၏ လျှောက်ထားမှုကို ဆိတ်ဆိတ်နေလျက် လက်ခံလိုက်လေပြီ။

ထိုလူတို့သည် တရားနာချိန် နီးရာအခါ၌ ဥဒါယိထေရ်ထံလာကြ၍ -

အရှင်ဘုရား တပည့်တော်တို့အား တရားဟောတော်မူပါဟု ပင့်လျှောက်အပ်လေသော် လာလုဒါယိ ထေရ်သည် တရားဟောပလ္လင်ထက်၌ ထိုင်၍ ဆန်းကျယ်သော ယပ်တောင်ကို ကိုင်၍ လှုပ်ခတ်လျက် ဟောပြစရာ တရားတစ်ပါးကိုသော်လည်း ကြည့်မမြင်၍ ငါသည် သရဘည (အသံနေအသံထားဖြင့် ရွတ်ဆိုအပ်သော တရား) ကို ရွတ်ဆိုပြမည်။ ငါမှတစ်ပါးသော ရဟန်းသည် တရားဟောပါစေဟု ပြောဆို၍ တရားဟောပလ္လင် မှ ဆင်းသွားလေ၏။

ထိုလူတို့သည် အခြားရဟန်းတစ်ပါးကို တရားဟောစေသည်။ သရဘည အလို့ငှာ ဝါ - အသံနေ, အသံထားဖြင့် ရွတ်ဆိုအပ်သောတရားကို ရွတ်ဆိုစေရန် နောက်ထပ်တစ်ဖန် လာလုဒါယိထေရ်ကို တရားဟောရန် ပလ္လင်ထက်သို့ ပင့်တင်ကြကုန်၏။

လာလုဒါယိထေရ်သည် တစ်ဖန်လည်း ရွတ်ဆိုဖွယ်တရားတစ်ပုဒ်ကိုသော်လည်း မမြင်၍ ငါသည် ညအခါ၌ တရားဟောမည်၊ ငါမှတစ်ပါးသော ရဟန်းသည် သရဘညကို ရွတ်ပါစေဟု ပြော၍ တရားပလ္လင်မှ ဆင်းသွားလေပြီ။

ထိုလူတို့သည် အခြားရဟန်းတစ်ပါးကို သရဘညကို ရွတ်ဆိုစေပြီး တစ်ဖန်ညအချိန်၌ လာလုဒါယီထေရ်ကို ပင့်ဆောင်ကြကုန်၏။ လာလုဒါယီထေရ်သည် ညအချိန်၌လည်း ရွတ်ဆိုဖွယ်တရား တစ်စုံတစ်ခုကို မမြင်၍ ငါသည် မိုးသောက်ခါနီးလင်းအားကြီး အချိန်၌ တရားဟောမည်။ ညအချိန်၌ ငါမှတစ်ပါးသော ရဟန်းသည် တရားဟောလေလော့ဟု ပြော၍ ဓမ္မာသနမှဆင်းသွားလေ၏။ ထိုလူတို့သည် အခြားရဟန်းတစ်ပါးကိုညအချိန်၌ တရားဟောစေပြီးတစ်ဖန် မိုးသောက်ခါနီး လင်းအားကြီး အချိန်၌ ဉဒါယီထေရ်ကို ပင့်ဆောင်ကြပြန်ကုန်၏။

လာလုဒါယီထေရ်သည် နောက်ထပ်လည်း တစ်စုံတစ်ခုသော တရားကိုမမြင်လေပြီ။ များစွာသောလူသည် အုတ်ခဲ, ဒုတ်စသည်တို့ကို ကိုင်၍ အို - ရဟန်းအမိုက်, အကန်း, သင်သည် သာရိပုတ္တ, မောဂ္ဂလာန်တို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုအပ်သော် ဤသို့ ဤသို့ ပြောခဲ့ပြီ။ ယခုအဘယ့်ကြောင့် တရားမဟောသနည်းဟု ခြိမ်းခြောက်သောကြောင့် ထွက်ပြေးသော လာလုဒါယီထေရ်နောက်သို့ လိုက်ဖမ်းကြကုန်၏။ လာလုဒါယီထေရ် သည် ထွက်ပြေးစဉ် ဝစ္စကုဋိတစ်ခုအတွင်း၌ ကျလေပြီ။

များစွာသောလူသည် -

ယနေ့ လာလုဒါယီသည် သာရိပုတ္တ မောဂ္ဂလာန်တို့ ဂုဏ်ကျေးဇူးကို ပြောဆိုအပ်သော် ဂြိုဟ်စောင်းမြောင်း လျက်သူ၏ ဓမ္မကထိက ဖြစ်ကြောင်းကို ဖော်ပြလေသော် လူတို့သည် ပူဇော်ဖွယ်ကို ပြု၍ တရားနာယူကြပါမည်ဟု လျှောက်ထားအပ်သော် လေးကြိမ်တိုင်အောင်တရားဟောရာပလ္လင်၌ ထိုင်၍ ဟောပြသင့်သောတရား တစ်စုံတစ်ခုကို မမြင်သည်ဖြစ်၍ သင်လာလုဒါယီသည်ငါတို့၏ အရှင်သာရိပုတ္တထေရ် မောဂ္ဂလာန်ထေရ်တို့နှင့်အတူ အင်အားပြိုင်မှု အံတုမှုကို ယူသူတည်းဟု အုတ်ခဲ, ဒုတ်စသည်တို့ကို ကိုင်၍ ခြိမ်းခြောက်၍ ကြိမ်းမောင်း ၍ ထွက်ပြေးစေအပ်သော် ဝစ္စကုဋိ၌ ကျလေပြီဟု ပြောဆိုလေ၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ ယခုအခါ၌ သင်တို့သည် အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စုဝေးနေကြပါသည်ဟု လျှောက်ထားအပ်လေသော် -

ရဟန်းတို့ လာလုဒါယီသည် ယခုဘဝ၌သာ မစင်တွင်း၌ နစ်မြုပ်သူမဟုတ်သေး။ ရှေးဘဝ၌လည်း မစင်တွင်း၌ နစ်မြုပ်ခဲ့သည်သာဟု အတိတ်ကိုဆောင်၍

စတုပ္ပဒေါ အဟံ သမ္မ၊ တွမ္ပိ သမ္မ စတုပ္ပဒေါ၊
ဧဟိသမ္မ နိဝတ္တဿု၊ ကိံနုဘီတော ပလာယသိ။
အသုစိပူတိလောမောသိ၊ ဒုဂ္ဂန္ဓော ဝါသိ သူကရ။
သစေ ယုဇ္ဈိတု ကာမောသိ၊ ဇယံ သမ္မ ဒဒါမိတေ။

ဟူသော ဤဇာတ်ကို အကျယ်ချဲ့၍ ဟောတော်မူပြီ။

သမ္မ - အို အဆွေခြင်္သေ့၊ အဟံ - ကျွန်ုပ်သည်၊ စတုပ္ပဒေါ - အခြေလေးချောင်းရှိသူတည်း။

သမ္ဗ - အို အဆွေခြင်သေ့။ တွမ္ပိ - သင်သည်လည်း၊ စတုပ္ပဒေါ ခြေလေးချောင်းရှိသူတည်း။

သမ္ဗ - အို - အဆွေခြင်သေ့၊ ဧဟိ - လာပါလော၊ နိဝတ္တဿု - ပြန်လှည့်ခဲ့ပါလော။ ကိံ - အဘယ်ကြောင့်၊ ဘီတော - ကြောက်သည် (ဟုတွာ - ဖြစ်၍) ပလာယသိနု - ပြေးရသနည်း။

၂။ သူကရ - အို - ဝက် (တွံ - သည်) အသုစိပူတိလောမော - မစင်ပုတ်ဖြင့် လိမ်းကျံသော အမွေးရှိ သူသည်၊ အသိ - ဖြစ်၏။ ဒုဂ္ဂန္ဓော၀- အနံ့ဆိုးရှိသူသာ၊ အသိ - ဖြစ်၏။ (တွံ - သင်ဝက်သည်) ယုဇ္ဈိတုကာမော - စစ်ထိုးလိုသည် ဝါ - သူနိုင်, ကိုယ်နိုင်ကျဲလိုသည်၊ သစေအသိ - အကယ်၍ ဖြစ်အံ့။

(ဧဝံသတိ - ဤသို့ဖြစ်သည်ရှိသော်) ဝါ - စစ်ထိုးလိုလတ်သော် ဝါ - သူနိုင် -ကိုယ်နိုင်အနိုင်ကျဲလိုသော်) သမ္ဗ - အို - အဆွေဝက် (အဟံ - ငါခြင်သေ့သည်) တေ - သင်ဝက်အား ဇယံ - အောင်ခြင်းကို၊ ဝါ - အနိုင်ကို၊ ဒဒါမိ - ပေးပါ၏။

ယခုအခါ သာရိပုတ္တသည် ထိုအချိန်အခါ၌ ခြင်သေ့ဖြစ်ခဲ့ပြီ၊ ယခုအခါ လာလုဒါယီသည် ထိုအချိန်အခါ၌ ဝက်ဖြစ်ခဲ့လေပြီဟု ဇာတ်ကိုပေါင်းတော်မူသည်။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်၍

ရဟန်းတို့ လာလုဒါယီသည် အနည်းငယ်မျှသာဖြစ်သော ပရိယတ္တိဓမ္မကိုသင်ယူထားအပ်သည် သို့သော်လည်း သရဇ္ဈာယ်ခြင်းကို ဝါ - အဖန်ဖန်ရွတ်အံ့ ကြံစည်ကြည့်ရှုခြင်းကို မပြုသူသာဖြစ်၏။ တစ်စုံတစ်ခု အနည်းငယ်သော ပရိယတ်တရားကို သင်ယူထားပြီး ထိုပရိယတ္တိတရားကို သရဇ္ဈာယ်မှု မပြုခြင်းသည် ဝါ - အဖန်ဖန် မရွတ်အံ့ မကြံစည်မကြည့်ရှုခြင်းသည်၊ ထိုပရိယတ်တရား၏ အညစ်အကြေးသာဖြစ်၏ဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်၏။

အသဇ္ဈာယမလာ မန္တာ၊ အနုဋ္ဌာနမလာ ဃရာ။
မလံ ဝဏ္ဏဿ ကောသဇ္ဇံ၊ ပမာဒေါ ရက္ခတော မလံ။

မန္တာ - ပရိယတ်နှင့် အတတ်ပညာ ဟူသမျှတို့သည်၊ အသဇ္ဈာယမလာ - သရဇ္ဈာယ်မှုမရှိခြင်း၊ ဝါ - အဖန်ဖန်မရွတ်အံ့ခြင်း, မကြံစည်ခြင်းဟူသော အညစ်အကြေးရှိကုန်၏။

ဃရာ - အိမ်တို့သည်၊ အနုဋ္ဌာနမလာ - ထကြွလုံ့လ ဝီရိယဖြင့် မပြုပြင်ခြင်းဟူသော အညစ်အကြေးရှိကုန်၏။

ကောသဇ္ဇံ - ပျင်းရိခြင်းသည်၊ ဝါ - မိမိကိုယ်ကို မသုတ်သင်ခြင်း, အသုံးအဆောင်ပစ္စည်းကို မသုတ်သင်ခြင်း, သန့်ရှင်းအောင် မပြုခြင်းသည် ဝဏ္ဏဿ - ခန္ဓာကိုယ်အဆင်း၏ အသုံးအဆောင် ပစ္စည်း၏။ မလံ - အညစ် အကြေးဖြစ်၏။ ပမာဒေါ - မေ့လျော့ခြင်းသည်၊ ရက္ခတော - ဒွါရခြောက်ပါးကို စောင့်ရှောက်သူ၏ မလံ - အညစ်အကြေးဖြစ်၏။

ဒေသနာတော်အဆုံး ရဟန်း, ရှင်, လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

လာလုဒါယိဇာတ်ဝတ္ထု ပြီး၏။

## ၇၇။ အညတြကုလပုတ္တဝတ္ထု
## မထင်ရှားသောအမျိုးသားတစ်ယောက်အကြောင်း

ရာဇဂြိုဟ်မြို့၌ မထင်ရှားသော အမျိုးသားတစ်ယောက်ရှိ၏။

သူ၏ ဆွေမျိုးတို့သည် ထိုအမျိုးသားအတွက် အမျိုးတူသော သတို့သမီးတစ်ယောက်ကို ယူဆောင်ပေးထားကြသည်။ ထိုအမျိုးသမီးသည် ထိုအမျိုးသားအိမ်သို့ရောက်ပြီးချိန်မှစ၍ လင်ယောက်ျား အမျိုးသားကို ကျော်လွန်၍ အခြားသူတစ်ယောက်နှင့် ဖောက်ပြန်လေ့ရှိ၏။

ထိုအမျိုးသားသည် ထိုအမျိုးသမီး၏ ဖောက်ပြန်မှုကြောင့် ရှက်သည်ဖြစ်၍ မည်သူတစ်ဦး တစ်ယောက်နှင့်မျှ မျက်နှာချင်းမဆိုင်ရဲသည်ဖြစ်၍ မြတ်စွာဘုရားထံ ဆည်းကပ်ခြင်းစသည်တို့ကို ရပ်စဲထားလေ၏။ ထိုသို့ ရပ်စဲ၍ ခုနစ်ရက်ခန့် ကျော်လွန်သောအချိန်၌ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ သင့်လျော်သော နေရာ၌ ထိုင်နေလေ၏။

မြတ်စွာဘုရားက အိုဥပါသကာ သင်သည် အဘယ်ကြောင့် ငါဘုရားရှေ့တော်၌ မြင်အောင်မပြု သနည်းဟု မိန့်အပ်လေသော် - အမျိုးသားသည် သူ၏ အမျိုးသမီးအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အိုဥပါသကာ သင့်ကို ငါဘုရားသည် ရှေးအချိန်တုန်းကလည်း မိန်းမတို့မည်သည် မြစ် စသည်တို့နှင့် တူကုန်၏။ အသိအလိမ္မာရှိသူသည် မိန်းမတို့၌ အမျက်ထွက်ခြင်းကို မပြုသင့်ဟုပြောခဲ့ပြီ။ သင်သည်ကား ဘဝဖြင့် ဖုန်းကွယ်ထားအပ်သောကြောင့် ငါဘုရားပြောခဲ့သော စကားကို အမှတ်မရသူဖြစ်၏ဟု မိန့်တော်မူလေလျှင် ထိုအမျိုးသားသည် လျှောက် ထားတောင်းပန်အပ်သည်ဖြစ်၍ မြတ်စွာဘုရားသည်

ယထာ နဒီစ ပန္ထောစ၊ ပါနာဂါရံ သဘာပပါ။
ဧဝံ လောကိတ္ထိယောနာမ၊ ဝေလာတာသံ နဝိဇ္ဇတိ၊

ဟူသော ဇာတ်ကို အကျယ်ချဲ့တော်မူ၍

အို - ဥပါသကာ မိမိ၏ အိမ်ရှင် လင်ယောက်ျားကို ကျော်လွန်၍ အခြားယောက်ျားနှင့် ဖောက်ပြား မှားယွင်းပြုကျင့်ခြင်းသည် မိန်းမ၏ အညစ်အကြေးဖြစ်သည်။

အလှူဝတ္ထုကို ပေးလှူမည့်သူ၏ မစ္ဆေရသည် (ဝါ) မပေးရက်ခြင်းသည် အညစ်အကြေးဖြစ်၏။

ယခုလောက, တစ်ပါးသော လောကတို့၌ သတ္တဝါတို့၏ အကုသိုလ်ကံတရားသည် ပျက်စီးခြင်း အကြောင်းဖြစ်သောကြောင့် အညစ်အကြေးဖြစ်၏။ အမှန်ကို မသိမှု၊ အဝိဇ္ဇာတရားသည်ကား အညစ် အကြေး အားလုံးတို့ထက် သာလွန်ထူးကဲသော အညစ်အကြေးဖြစ်သည်ဟု မိန့်တော်မူကာ ဤဆို လတ္တံ့သော ဂါထာကို ဟောပြတော်မူသည်။

မလိတ္တိယာ ဒုစ္စရိတံ၊ မစ္ဆေရံ ဒဒတော မလံ။
မလာဝေပါပကာ ဓမ္မာ၊ အသ္မိံ လောကေ ပရမှိစ။

တတောမလာ မလတရံ၊ အဝိဇ္ဇာ ပရမံ မလံ။
ဧတံမလံ ပဟန္တွာန၊ နိမ္မလာ ဟောထ ဘိက္ခဝေါ။

ဒုစ္စရိတံ - လွန်ကျူးပြုကျင့်ခြင်းသည်၊ ဣတ္ထိယာ - မိန်းမ၏၊ မလံ - အညစ်အကြေးတည်း။
မစ္ဆေရံ - နှမြောစုံမက် ဝန်တိုဖက်လျက် မပေးရက်ခြင်းသည် ဒဒတော - ပေးလှူမည့် သူ၏၊ မလံ - အညစ်အကြေးတည်း။
ပါပကာ - ယုတ်ညံ့ကုန်သော၊ ဓမ္မာ - အကုသိုလ် တရားတို့သည် အသ္မိံလောကေစ - ဤမျက်မှောက်လောက၌ လည်းကောင်း၊ ပရမှိစ - မျက်ကွယ်တမလွန်လောက၌ လည်းကောင်း၊ ဝေ - စင်စစ်၊ မလာ - အညစ်အကြေးတို့တည်း။
ဘိက္ခဝေါ - ရဟန်းတို့၊ တတောမလာ - လွန်ကျူး၍ ကျင့်ခြင်း၊ ဝန်တိုဖက်လျက်၊ နှမြောစုံမက် မပေးရက်ခြင်းနှင့် ယုတ်ညံ့သောအကုသိုလ်တရားဟူသော ထိုအညစ်အကြေးတို့ထက် မလတရံ - သာလွန်ထူးကဲသော အညစ်အကြေးကို ဝေါ- သင်တို့အား အဟံ - ငါဘုရားသည်၊ ကထေမိ - ဟောပေအံ့။ အဝိဇ္ဇာ - အမှန်တရားကို မသိမှု အဝိဇ္ဇာတရားသည်၊ ပရမံ - အညစ်အကြေးဟူသမျှထက်သာ လွန်ထူးကဲသော၊ မလံ - အညစ်အကြေးတည်း။
ဘိက္ခဝေါ - ရဟန်းတို့၊ တုမှေ - သင်တို့သည်၊ ဧတံ မလံ - အဝိဇ္ဇာတည်းဟူသော ထိုအညစ်အကြေးကို၊ ပဟန္တွာန - ပယ်စွန့်ကြကုန်၍ နိမ္မလာ -အညစ်အကြေးကင်းစင်သူတို့သည် ဟောထ ဖြစ်ကြစေကုန်လော။
ဒေသနာတော်၏အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။
ယထာ နဒီ - အစရှိသော ဂါထာအနက် -
နဒီ - မြစ်သည်၊ သဗ္ဗ သာဓာရဏာ ယထာစ - လူအားလုံးနှင့် ဆက်ဆံသကဲ့သို့ လည်းကောင်း၊ ပန္ထော -သွားရာလမ်းခရီးသည်၊ သဗ္ဗသာဓာရဏောယထာစ - လူအားလုံးနှင့်ဆက်ဆံသကဲ့သို့ လည်းကောင်း၊ ပါနာဂါ ရံ - ဘုံဆိုင်သေတင်းကုပ်သည်၊ သဗ္ဗသာဓာရဏံယထာစ - လူအားလုံးနှင့် ဆက်ဆံသကဲ့သို့လည်းကောင်း၊ သဘာ - လာရောက်ဆုံကာ တည်းခိုပြောဆိုရာ ဇရပ်သည်၊ သဗ္ဗသာဓာရဏာယထာစ - လူအားလုံးနှင့် ဆက်ဆံသကဲ့သို့လည်းကောင်း၊ ပပါ - ရေချမ်းစဉ်သည်၊ သဗ္ဗသာဓာရဏာယထာစ - လူအားလုံးနှင့် ဆက်ဆံသကဲ့သို့လည်းကောင်း၊ ဧဝံ ဤအတူ လောကေ - လူလောက၌၊ ဣတ္ထိယောနာမ - မိန်းမတို့မည်သည် သဗ္ဗသာဓာရဏော ယောကျ်ားအားလုံးနှင့် ဆက်ဆံကုန်၏။ တာသံ - ထိုမိန်းမတို့အား ဝေလာ - ငါ၏ယောကျ်ားဟူသော အပိုင်းအခြားသည်၊ နဝိဇ္ဇတိ - မရှိချေ။

မလိတ္တိယာ - အစချီသော ဂါထာ၏ အဓိပ္ပာယ်ကား

မိမိ၏ လင်ယောကျ်ားကို ကျော်လွန်၍ အခြားယောကျ်ားနှင့် ဖောက်ပြန်ကျူးလွန်လေ့ရှိသော မိန်းမကို ပိုင်ရှင်ယောကျ်ားကသော်လည်း အိမ်မှ နှင်ထုတ်လေ၏။ မိဘအထံသို့ သွားသော်လည်း သင်သည် အမျိုး၏ မလေးစားထိုက်သူဖြစ်၏။ သင်သည် ငါတို့မျက်စိဖြင့်လည်း မကြည့်ထိုက်သူဖြစ်၏ဟု ပြောဆို၍ နှင်ထုတ်ကြကုန်၏။

လူမှုရေးဖောက်ပြန်သူ ထိုမိန်းမသည် မှီခိုအားထားရမည့်သူမရှိဘဲ တစ်ယောက်တည်း လှည့်လည်လျက် ကြီးမားသော ဆင်းရဲသို့ရောက်ရလေ၏။ ထို့ကြောင့် လူမှုရေးဖောက်ပြန်မှုကို မိန်းမ၏ အညစ်အကြေးဟု မြတ်စွာဘုရားဟောတော်မူအပ်သည်။

အကြင်သူသည် လယ်ထွန်ချိန်၌ ဤလယ်၌ ကောက်စပါးပြည့်စုံခဲ့သော် စာရေးတံဆွမ်းစသည်တို့ကို ပေးလှူမည်ဟု ကြံစည်စိတ်ကူးထား၏။ ထိုသူ၏ ထိုစိတ်ကူး စွန့်ကြဲလိုခြင်းကို ကောက်စပါးပြည့်စုံသော်လည်း နှမြောဝန်တိုစိတ်ဖြစ်ပြီး ထိုစိတ်က တားမြစ်လေ၏။

ထိုသူသည် နှမြောဝန်တိုခြင်း၏ အစွမ်းဖြင့် စွန့်ကြဲလိုသော စိတ်မဖြစ်ခဲ့သော် လူစည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာ၊ နိဗ္ဗာန်စည်းစိမ်ချမ်းသာဟူသော သုံးမျိုးသော စည်းစိမ်ချမ်းသာတို့ကို မရနိုင်တော့ချေ။ ထို့ကြောင့် နှမြောစုံမက်မပေးရက်ခြင်းသည် အလှူဝတ္ထုကို ပေးလှူမည့်သူ၏ အညစ်အကြေးဟု မြတ်စွာဘုရား ဟောတော်မူအပ်သည်။

(ကျန်သောအညစ်အကြေးတို့၌လည်း ဤနည်းကိုသိပါ)

**အညတြကုလပုတ္တဝတ္ထု ပြီး၏။**

# ၇၈။ စူဠသာရိဝတ္ထု
# စူဠသာရိ ရဟန်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နေ့တစ်နေ့၌ သာရိပုတ္တထေရ်၏ အတူနေ တပည့်စူဠသာရိ ရဟန်းသည် ဆေးကုသမှုကိုပြု၍ မွန်မြတ်သော ဘောဇဉ်ကို ရသဖြင့် ယူဆောင်၍ ထွက်လာစဉ် လမ်းခရီးအကြား၌ ရှင်သာရိပုတ္တထေရ်ကို တွေ့မြင်လေသော် -

အရှင်ဘုရား တပည့်တော်သည် မွန်မြတ်သော ဤဘောဇဉ်ကို ဆေးကုသပေးသဖြင့် ရအပ်ပါ၏။ အရှင်ဘုရားတို့သည် အခြားအရပ်၌ ဤလိုမွန်မြတ်သော ဘောဇဉ်ကို ရကြမည်မဟုတ်ပါ။ ဤမွန်မြတ်သော ဘောဇဉ်ကို ဘုဉ်းပေးတော်မူပါ။ တပည့်တော်သည် ဆေးကုသ၍ အမြဲတမ်း ဤလိုမွန်မြတ်သော ဘောဇဉ်ကို အရှင်ဘုရားအား ကပ်လှူပါမည်ဟု လျှောက်ထားလေ၏။

အရှင်သာရိပုတ္တထေရ်သည် ထိုရဟန်း၏ စကားကို ကြားရလေသော် ဆိတ်ဆိတ်သာ စကားမပြောဘဲ ဖယ်ခွာကြွလေ၏။

ရဟန်းတို့သည် ဇေတဝန်ကျောင်းတော်သို့သွားပြီး မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ အရှက်မရှိသူသည် ခက်ထန်ကြမ်းကြုတ်သူ ကျီးရဲနှင့်တူသူဖြစ်၍ ၂၁ မျိုးသောအနေသန = မရှာမီးသင့်သော နည်း၌ ရပ်တည်၍ ချမ်းသာစွာအသက်မွေးရ၏။ အရှက်အကြောက်နှင့် ပြည့်စုံသော ရဟန်းသည်ကား ဆင်းရဲစွာအသက်မွေးရ၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောပြတော်မူပြီ။

သုဇီဝံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ။
ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။

ဟိရီမတာ စ ဒုဇ္ဇီဝံ၊ နိစ္စံ သုစိဂဝေ သိနာ။
အလီနေနအပ္ပဂဗ္ဘေန၊ သုဒ္ဓါဇီဝေန ပဿတာ။

အဟိရိကေန - အရှက်မရှိသောရဟန်းသည်၊ ကာကသူရေန - ကျီးရဲနှင့်တူသဖြင့် လည်းကောင်း၊ ဓံသိနာ - သူတစ်ပါးတို့၏ ဂုဏ်ကို ဖျက်ဆီးခြင်းဖြင့်လည်းကောင်း၊ ပက္ခန္ဒိနာ - သူတစ်ပါးတို့ ပြုအပ်သောကိစ္စကို မိမိပြု ဟန်ပြခြင်းဖြင့် လည်းကောင်း၊ ပဂဗ္ဘေန - ကိုယ်နှုတ်စိတ်ထားခက်ထန်ခြင်းဖြင့် လည်းကောင်း၊ သံကိလိဋ္ဌေန - စင်ကြယ်မသန့်း ညစ်နွမ်းခြင်းရှိသည်ဖြစ်၍၊ ဇီဝိတံ - အသက်ရှင်ခြင်းသည်၊ ဝံ - အသက်မွေးခြင်းသည်၊ သုဇီဝံ - လွယ်ကူစွာ အသက်မွေးခြင်းမည်၏။

(အဟိရိကေန - စသည်၌ စသဒ္ဒါ အကြေကျ်)

ဟီရိမတာစ - အရှက်အကြောက်နှင့် ပြည့်စုံသော ရဟန်းသည်ကား၊ နိစ္စံ - အမြဲ၊ သုစိဂဝေသိနာ - စင်ကြယ်သော ကာယကံ - ဝစီကံ - မနောကံကို ရှာမှီးသဖြင့်လည်းကောင်း၊ အလီနေန -ကောင်းသော အသက်မွေးမှုကို မတွန့်သဖြင့်လည်းကောင်း၊ အပ္ပဂဗ္ဘေန - ကိုယ်နှုတ်စိတ်မကြမ်းကြုတ်ခြင်းဖြင့် လည်းကောင်း၊ ပဿတာ - စင်ကြယ်သော အသက်မွေးခြင်းကို အနှစ်သာရအားဖြင့် ရှုမြင်သဖြင့် လည်းကောင်း၊ သုဒ္ဓါဇီဝေန - စင်ကြယ်သော အသက်မွေးခြင်းဖြင့် ဇီဝိတံ - အသက်မွေးရခြင်းသည်။ ဒုဇ္ဇီဝံ - ညှိုးညင်ခေါင်းပါးစွာ အသက်မွေးရခြင်းမည်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့ကို ရောက်ကြလေကုန်၏။

ဖော်ပြခဲ့သော ဂါထာတို့၌ အဓိပ္ပါယ်အကျယ်ကား

အရှက်အကြောက်မရှိသာ ရဟန်းသည် အမိမတော်၊ အဖမတော်သူစသည်တို့ကို ငါ၏အမိ၊ ငါ၏အဖ စသည်ပြောဆိုခြင်းစသော အနေသန ၂၁ မျိုး၌ ရပ်တည်ခြင်းဖြင့် လွယ်ကူစွာ အသက်မွေး နိုင်၏။

ထိုးသုတ်မှု၌ ရဲလှသော ကျီးသည် လူတို့နေအိမ်၌ ထမင်းခဲစသည်တို့ကို ထိုးသုတ်ယူလိုသဖြင့် အိမ်နံရံစသည်တို့၌ နားနေပြီး မိမိ၏ ထမင်းခဲစသည်ကို ကြည့်နေမှန်း အိမ်သူအိမ်သားတို့ မြင်သိလေသော် ထမင်းခဲစသည်ကို မကြည့်သကဲ့သို့လည်းကောင်း၊ အခြားကိစ္စတစ်စုံတစ်ခုကို ကြည့်နေသကဲ့သို့ လည်းကောင်း၊ အိပ်နေသကဲ့သို့လည်းကောင်း၊ ဟန်ဆောင်၍ အိမ်သူ အိမ်သားတို့ မေ့လျော့မှုကို မှတ်သား၍ ထမင်းခဲကို စသည်တို့ရှိရာသို့ ပြန်ချလေသော် ရှူးရှူးဟု ခြောက်လှန့်စဉ်မှာပင် ခွက်တွင်းမှ ထမင်းခဲစသည်ကို ပါးစပ်ပြည့်အောင် ယူ၍ပြန်သွားလေ၏။

ထိုကျီးရဲနှင့်တူစွာ အရှက်အကြောက်မရှိသော ပုဂ္ဂိုလ်သည်လည်း ရဟန်းတို့နှင့်အတူ မြို့ရွာ အတွင်းသို့ ဝင်၍ ယာဂုရမည့်နေရာ ဆွမ်းရမည့်နေရာ စသည်တို့ကို သတ်မှတ်ထားလေ၏။ ထိုနေရာတို့၌ ရဟန်းတို့သည် ဆွမ်းအလို့ငှာ လှည့်လည်ကြွသွားပြီး မျှတရုံကို ခံယူ၍ ဆွမ်းစားဇရပ်သို့ ကြွကြပြီးလျှင် ပစ္စဝေက္ခဏာ ဆင်ခြင်၍ ယာဂုကို သောက်ကြပြီး ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြကုန်၏။

ကျီးရဲနှင့်တူသော ရဟန်းသည်ကား ဘာတစ်ခုကိုမျှ မပြုမူ၍ ရွာရှိရာသို့ ဦးတည်သူသာဖြစ်၏။

ခဲ့ဦးအံ့ - ကျီးရဲနှင့်တူသော ရဟန်းသည် ရဟန်းတို့က ဤအရာကို ရှုကြကုန်လောဟု ကြည့်ရှုစေ အပ်သော်လည်း မကြည့်သကဲ့သို့လည်းကောင်း၊ အခြားအလုပ်ကို ပြုနေသကဲ့သို့လည်းကောင်း၊ အိပ်ပျော်နေသကဲ့သို့လည်းကောင်း၊ ခါးပတ်ကွင်း၌ ခါးပတ်သီးကို စွပ်နေသကဲ့သို့ လည်းကောင်း၊ သင်္ကန်းကို ပြန်လည်ဝတ်ဆင်နေသကဲ့သို့လည်းကောင်း၊ ဟန်ဆောင်၍ တပည့်တော်မှာ ပြုစရာကိစ္စ ရှိပါသေးသည်ဟု ပြောဆိုလျက် ထိုင်ရာမှ ထ၍ ရွာတွင်းသို့ ဝင်ကာ အချိန်စောစောက မှတ်သားထား အပ်သော အိမ်တို့တွင် တစ်အိမ်အိမ်သို့ ကပ်ရောက်လေသော် အိမ်ရှိလူတို့က တံခါးရွက်ကို အနည်း ငယ်ပိတ် တံခါးအနီး၌နေကြပြီး ကြွပါဦးဟု ပြောဆိုကြသော်လည်း လက်တစ်ဖက်ဖြင့် တံခါးရွက်ကို တွန်း၍ အိမ်တွင်းသို့ ဝင်လေ၏။

ထိုအခါ ထိုရဟန်းကို အိမ်ရှိလူတို့သည် မလိုလားကြကုန်သော်လည်း နေရာ၌ ထိုင်စေကြပြီး

ယာဂုစသည်ရှိရာ တစ်ခုခုကို ပေးလှူကြကုန်၏။

ထိုရဟန်းသည် အလိုရှိသလောက်သုံးဆောင်၍ အကျန်ကို သပိတ်ဖြင့် ယူ၍ အိမ်မှထွက်ခွာသွားလေ၏။ ဤရဟန်းသည် ကျီးရဲနှင့်တူသော ရဟန်းမည်၏။ ဤအရှက်အကြောက်မရှိသော ရဟန်းသည် လွယ်ကူစွာ အသက်မွေးသည်မည်၏။

ဒါယကာ - ဒါယိကာမတို့က ဤအမည်ရှိသောမထေရ်သည် အလိုနည်းမှု အပ္ပိစ္ဆဂုဏ်နှင့်ပြည့်စုံ၏ စသည်ပြောဆိုကြသော် အဘယ်သို့နည်း (ဘယ်လိုလဲ) ငါတို့ကတော့ အပ္ပိစ္ဆဂုဏ်မရှိသူတွေလောစသော စကားကိုပြောဆိုခြင်းဖြင့် သူတစ်ပါးတို့၏ ဂုဏ်ကို ဖျက်ဆီးသည်မည်၏။ ထိုသို့သော စကားကို ကြားကြ၍ ဤရဟန်းသည်လည်း အပ္ပိစ္ဆဂုဏ်စသည်၌ ယှဉ်သောရဟန်းတည်းဟု မှတ်ထင်ကြသော သူတို့သည်ပေးလှူထိုက်၏ဟု မှတ်ထင်ကြကုန်၏။

ထိုရဟန်းသည်ကား - ထိုသို့ပြောဆိုချိန်မှစ၍ အသိအလိမ္မာရှိသူတို့၏ စိတ်ကို နှစ်သက်စေရန် မစွမ်းနိုင်သည်ဖြစ်၍ ရသင့်သော ထိုလာဘ်မှလည်း ဆုတ်ယုတ်လေ၏။ သူတစ်ပါး၏ ဂုဏ်ကို ဖျက်ဆီးသောပုဂ္ဂိုလ်သည် မိမိ၏လည်းကောင်း၊ သူတစ်ပါး၏ လည်းကောင်း၊ ရသင့်သောလာဘ်ကို ဖျက်ဆီးသူသာဖြစ်၏။

အချို့ရဟန်းသည် သူတစ်ပါးတို့ ပြုအပ်သောကိစ္စတို့ကိုလည်း မိမိပြုအပ်သောကိစ္စတို့ကဲ့သို့ ပြလို၍ မြင်စေလို၍ နံနက်စောစောအချိန်၌ ရဟန်းတို့သည် စေတီရင်ပြင်၌ တံမြက်လှည်းခြင်းအစရှိသော ကျင့်ဝတ်ကို ပြု၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းဆင်ခြင်ခြင်းဖြင့် အချိန်အနည်းငယ် ထိုင်နေကြပြီး နေရာမှထ၍ ရွာတွင်းသို့ ဝင်ကြလေသော် မျက်နှာသစ်၍ ဖျော့တော့သော အဆင်းရှိသော သင်္ကန်းကိုရုံ, မျက်စိပွတ်ခြင်း၊ ဦးခေါင်းကို ပွတ်တိုက်ခြင်း စသည်တို့ဖြင့် မိမိကိုယ်ကို တန်ဆာဆင်၍ တံမြက်လှည်းသကဲ့သို့ နှစ်ချက်သုံးချက် တံမြက်လှည်းခတ်ပြီး ကျောင်းတံခါးမုခ်သို့ မျက်နှာမူလျက်နေ၏။ လူတို့သည် နံနက်စောစောအချိန်၌ စေတီတော်ကို ရှိခိုးကြမည်။ ပန်းပူဇော်ကြမည်ဟု လာကြလေသော် ထိုဟန်ဆောင်ရဟန်းကို မြင်ကြ၍ ဤကျောင်းအာရာမ်သည် ဤ - ရဟန်းငယ်ကို အမှီပြု၍ ဤရဟန်းငယ်ကြောင့် သန့်ရှင်းစင်ကြယ်၏။ ဤရဟန်းငယ်ကို မမေ့ကြနှင့်ဟု ပြောဆိုကြကာ ထိုရဟန်းအား ပေးလှူထိုက်၏ဟု မှတ်ထင်ကြကုန်၏။ ဟန်ဆောင်တတ်သော ဤရဟန်းသည်လည်း လွယ်ကူစွာအသက်မွေးလေ၏။

ဤသို့ အသက်မွေးခြင်းကို ပြု၍ အသက်ရှင်နေသော ပုဂ္ဂိုလ်သည် ညစ်နွမ်းသော အသက်ရှင်ခြင်းဖြင့် အသက်ရှင်သူမည်၏။ မကောင်းသော အသက်ရှင်ခြင်း၊ ယုတ်ညံ့သော အသက်ရှင်ခြင်းမည်၏။

အရှက်အကြောက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်ကား အမိ -အဖ စသည်မဟုတ် သူတို့ကို ငါ၏ အမိအဖစသည် မပြောဆိုမူ၍ တရားနှင့်မညီသော ပစ္စည်းတို့ကို မစင်ကဲ့သို့ စက်ဆုပ်၍ တရားနှင့်အညီ ရှာဖွေလျက် အိမ်စဉ်လှည့်လည်ဆွမ်းခံ၍ အသက်မွေးသည်ဖြစ်၍ ခေါင်းပါးငြိမ်ငြင်စွာ အသက်ရှင်ရလေ၏။

(အဋ္ဌကထာလာ အမိပ္ပာယ်တည်း)

စူဠသာရိဝတ္ထု ပြီး၏။

## ၇၉။ ပဉ္စဉပါသကဝတ္ထု၊ ဉပါသကာ ငါးယောက်အကြောင်း

ရာဇဂြိုဟ်မြို့၌ ဉပါသကာ ငါးယောက်တို့ ရှိကုန်၏။ ထိုသူတို့တွင် ဉပါသကာတစ်ယောက်သည် ပါဏာတိပါတာ ဝေရမဏီ သိက္ခာပုဒ်ကိုသာ (သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း စေတနာဟု ဆိုအပ်သော သိက္ခာသုံးပါးရကြောင်းကိုသာ) စောင့်ရှောက်၏။

ထိုသူမှ အခြားသော ဉပါသကာတို့သည် ပါဏာတိပါတ - သိက္ခာပုဒ်မှ တစ်ပါးသော အဒိန္နာဒါန် သိက္ခာပုဒ်အစရှိသည်တို့ကို စောင့်ရှောက်ကြကုန်၏။

ထိုဉပါသကာတို့သည် တစ်နေ့သ၌ ငါသည် ပြုရန်ခက်ခဲသည်ကို ပြု၏။ စောင့်ရှောက်ရန်ခက်သော သိက္ခာပုဒ်ကိုစောင့်ရှောက်၏ဟု ငြင်းခုန်ကြကုန်လျက် မြတ်စွာဘုရားထံတော်သို့ သွားရောက်ရှိခိုးပြီး ငြင်းခုန်ကြောင်းစကားကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုဉပါသကာတို့၏ လျှောက်ထားအပ်သောစကားကို ကြားတော်မူ၍ သီလတစ်ခုကိုသော်လည်း သေးငယ်သည်၏အဖြစ်ကို မပြုမူ၍ -

(အချို့စာတို့၌ ကိလိဋ္ဌတံဟု ရှိသည်။ ညစ်နွမ်းသည်၏ အဖြစ်ကိုဟု ပြန်ဆိုပါ)

သိက္ခာပုဒ်အားလုံးတို့ကိုပင် ဝါ သိက္ခာပုဒ်အားလုံးတို့သည်သာ စောင့်ရှောက်ရန် ခက်ခဲကုန်၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောပြတော်မူသည်။

ယော ပါဏမတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နံ အာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။

သုရာမေရယပါနဉ္စ၊ ယော နရော အနုယုဉ္ဇတိ။
ဣဓေဝ မေသော လောကသ္မိံ၊ မူလံ ခဏတိ အတ္တနော။

ဧဝံဘော ပုရိသ ဇာနာဟိ၊ ပါပဓမ္မာ အသညတာ။
မာ တံ လောဘော အဓမ္မောစ၊ စိရံ ဒုက္ခာယ ရန္ဓယုံ။

ယော - အကြင်သူသည်၊ ပါဏံ - သတ္တဝါ၏ အသက်ဟုဆိုအပ်သော ဇီဝိတိန္ဒြေကို၊ အတိပါတေတိ - လျင်စွာကျစေ၏။

(ပါဏံအတိပါတေတိ - သတ္တဝါ၏ အသက်ကိုသတ်၏။)

မုသာဝါဒဉ္စ - လိမ်လည်လှည့်ဖြား မဟုတ်မမှန်စကားကိုလည်း၊ ဘာသတိ - ပြောဆို၏။

လောကေ - သတ္တလောက၌၊ အဒိန္နံ - သူတစ်ပါးမပေးအပ်သောပစ္စည်းကို၊ အာဒိယတိ - ခိုးယူ၏။

ပရဒါရဉ္စ - တစ်ခြားသူ၏ မယားကိုလည်း၊ ဂစ္ဆတိ - သွားရောက်လွန်ကျူး၏။

ယောနရော - အကြင်လူသည်၊ သုရာမေရယပါနဉ္စ - သေရည်အရက်သောက်ခြင်းကိုလည်း၊ အနုယုဉ္စတိ - အားထုတ်၏။

ဧသော - ထိုလူသည်၊ ဣဓေဝ လောကသ္မိံ - မသေမီ ဤဘဝ၊ ဤလောက၌ပင်၊ အတ္တနော - မိမိ၏၊ မူလံ - လောက၌ သင့်တင့်လျှော်စွာ ရပ်တည်နိုင်ကြောင်း လယ်ယာအစရှိသည်ကို၊ ခဏတိ - တူးဖြိုဖျက်ဆီး၏။

ဘောပုရိသ - အိုယောက်ျား၊ ဧဝံ - ဤသို့၊ ဇာနာဟိ - သိပါလော

လောဘောစ - လောဘတရားသည်လည်းကောင်း၊ အဓမ္မောစ - ဒေါသတရားသည်လည်းကောင်း၊ အသညတာ - ကိုယ်ဖြင့်စောင့်စည်းခြင်း စသည်မှ ကင်းကုန်သော၊ တံတေပါပဓမ္မာ - ယုတ်မာသော ထိုအကုသိုလ် တရားတို့သည်၊ စိရံ - ရှည်ကြာစွာ၊ ဒုက္ခာယ - ငရဲဆင်းရဲ စသည်တို့၏ အကျိုးငှာ၊ မာရန္ဓယုံ - အမပေါက်အလမ်း အခွင့်မရစေကုန်နှင့်။

ဒေသနာတော်အဆုံး၌ ထိုဥပါသကာငါးယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်ပြီ။

တရားဟောရာ ရောက်လာသူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

ပဉ္စုပါသကဝတ္ထု ပြီး၏။

## ၈၀။ တိဿဒဟာရဝတ္ထု
## တိဿရဟန်းငယ်အကြောင်း

တိဿမည်သူ ထိုလူသည် အနာထပိဏ်သူဌေး ဝိသာခါ ဥပါသိကာ အစရှိသော အရိယ သာဝက ငါးကုဋေတို့၏ ပေးလှူမှုကို ကဲ့ရဲ့ရှုတ်ချလျက် သွားလာနေထိုင်၏။ ကောသလမင်းကြီး၏ အသဒိသအတုမဲ့ အလှူကိုသော်လည်း ကဲ့ရဲ့ရှုတ်ချသည်သာဖြစ်၏။

ထိုထို အလှူရှင်တို့၏ အလှူတင်းကုပ် (ပေးလှူရာဌာန) ၌ အအေးကိုရလျှင် အေးသည်ဟု ကဲ့ရဲ့၏။ အပူကိုရလျှင် ပူသည်ဟုကဲ့ရဲ့၏။ အနည်းငယ်ကို ပေးသော်လည်း ဤသူတို့သည် အဘယ် ကြောင့် အနည်းငယ်ကို ပေးကြသနည်းဟု ကဲ့ရဲ့၏။ များများပေးသော်လည်း ဤသူတို့၏ နေအိမ်၌ ထားစရာနေရာမရှိဟုထင်၏။ ရဟန်းတို့အား မျှတရုံမျှကို ပေးလှူသင့်သည် မဟုတ်ကုန်လော။ ဤမျှလောက်သော ယာဂုဆွမ်းကို အကျိုးမဲ့ဖြစ်ရုံသာ စွန့်ကြ၏ဟု ကဲ့ရဲ့၏။

မိမိ၏ ဆွေမျိုးတို့ကို အကြောင်းပြု၍ကား အံ့ဩလောက်ပါ၏။ ငါ့ဆွေမျိုးတို့ နေအိမ်သည် အရပ်လေးမျက်နှာတို့မှ ကြွလာကုန်သော ရဟန်းတို့၏ ရေတွင်းရေကန်သဖွယ်ဖြစ်၏ အစရှိသော စကားတို့ကို ပြောဆို၍ ချီးမွမ်းလေ၏။

တိဿမည်သူ ထိုလူသည်ကား တံခါးစောင့်တစ်ဦး၏သားဖြစ်၍ ဇနပုဒ်ကိုလှည့်လည်၍ အလုပ် လုပ်ကြသော လက်သမားတို့နှင့်အတူ လှည့်လည်သွားလာစဉ် သာဝတ္ထိမြို့သို့ရောက်၍ ရဟန်းပြုနေသူ ဖြစ်၏။ ထိုအခါ ရဟန်းတို့သည် ပေးလှူသူတို့၏ အလှူဝတ္ထုစသည်တို့ကို ကဲ့ရဲ့ပြောဆိုသော ထိုတိဿ ရဟန်းတော်ကို မြင်တွေ့ကြသော် ထိုတိဿကို စုံစမ်းလေ့လာကြမည်ဟု ကြံရွယ်ကြပြီး -

ငါ့ရှင် တိဿ - သင်၏ဆွေမျိုးတို့သည် အဘယ်မှာနေကြသနည်းဟု မေးကြလေသော် ဤအမည် ရှိသောရွာ၌ နေကြပါသည်ဟု လျှောက်ထားအပ်သော စကားကို ကြားကြ၍သာ ရဟန်းငယ်နှစ်ပါး သုံးပါးတို့ကို စုံစမ်းလေ့လာရန် စေလွှတ်လိုက်ကြကုန်၏။

ထိုရဟန်းငယ်တို့သည် တိဿပြောဆိုအပ်သော ထိုရွာသို့ သွားကြပြီး ဆွမ်းစားဇရပ်၌ နေထိုင် ကြကာ ပူဇော်ခံကြပြီးသော် ရွာသူရွာသားတို့ကို မေးကြကုန်၏။ ဤရွာမှထွက်၍ ရဟန်းပြုသော တိဿ အမည်ရှိ ရဟန်းငယ်ရှိပါသလော။ သူ၏ဆွေမျိုးတို့ကား ဘယ်သူတို့နည်း။

ရွာနေသူတို့သည် ဤရွာ၌ မိဘဆွေမျိုးအိမ်မှ ထွက်၍ ရဟန်းပြုသော သူငယ်ဆိုသူမရှိ။ မေးမြန်းကြသော ဤရဟန်းတို့သည် အဘယ်သူကို ရည်ရွယ်၍ မေးမြန်းကြသနည်းဟု ကြံစည်စဉ်းစား ကြပြီး အရှင်ဘုရားတို့ တံခါးစောင့်၏ သားတစ်ယောက်သည် လက်သမားတို့နှင့်အတူ လှည့်လည်သွား လာပြီး ရဟန်းပြုနေသည်ဟု တပည့်တော်တို့ ကြားကြပါသည်။ တံခါးစောင့်သား ထိုရဟန်းကို ရည်ရွယ်၍ အရှင်ဘုရားတို့ မိန့်ဆိုကြသည် ထင်ပါ၏ဟု လျှောက်ထားကြကုန်၏။

စုံစမ်းလေ့လာကြသော ရဟန်းငယ်တို့သည် ထိုရွာ၌ တိဿရဟန်းငယ်၏ ဆွေမျိုးဉာတိ မရှိကြောင်းကို သိကြ၍ သာဝတ္ထိမြို့သို့ ပြန်သွားကြပြီး -

အရှင်ဘုရားတို့ တိဿရဟန်းငယ်သည် အကြောင်းမဟုတ်သည်ကိုသာ ယောင်ရမ်းပြောဆိုလျက် သွားလာနေသူဖြစ်၏ဟု ထိုအကြောင်းကို ရဟန်းတို့အား လျှောက်ထားလေ၏။

ရဟန်းတို့သည်လည်း ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ထိုတိဿရဟန်းသည် ယခု ဤဘဝ၌သာ ကဲ့ရဲ့ရှုတ်ချသူဖြစ်၍ သွားလာနေသူမဟုတ်သေး ရှေးဘဝ၌လည်း ကဲ့ရဲ့ရှုတ်ချသူသာဖြစ်ပြီဟု မိန့်တော်မူသဖြင့် ရဟန်းတို့ လျှောက်ထား တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူကာ -

ဗဟုမ္ပိ သော ဝိကတ္ထေယျ၊ အညံ ဇနပဒံ ဂတော။
အန္ဝာ ဂန္တွာန ဒူသေယျ၊ ဘုဉ္ဇ ဘောဂေ ကဋ္ဌာဟက။

ကဋ္ဌာဟက - အို ကဋ္ဌာဟက၊ ယော - အကြင်သူသည်၊ ဇာတိဘူမိတော - မိမိဖွားမြင်ရာ အရပ်ဒေသမှ၊ အညံဇနပဒံ - အခြားဇနပုဒ်သို့၊ ဂတော - သွားရောက်နေ၏။ သော - ထိုသူသည်၊ ဗဟုမ္ပိ - များစွာသော စကားကိုလည်း၊ ဝိကတ္ထေယျ - ကဲ့ရဲ့ရှုတ်ချပြောဆိုရာ၏။ အန္ဝာဂန္တွာန - မိမိရပ်ရွာ ပြန်လာပြန်၍၊ ယသ္မာ - အကြင်ကြောင့်၊ ဒူသေယျ - ဖျက်စီးရာ၏။ တသ္မာ - ထို့ကြောင့်၊ ဘောဂေ - စည်းစိမ်ချမ်းသာတို့ကို၊ ဘုဉ္ဇ - အေးအေးသက်သာသုံးဆောင်ပါလော့။

ဟူသော ဤကဋ္ဌာဟက ဇာတ်ကို အကျယ်ဟောတော်မူ၍ -

ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် အခြားသူတို့က အနည်းငယ်ကိုသော်လည်းကောင်း၊ များစွာကိုသော်လည်းကောင်း တန်ဖိုးမများ ခေါင်းပါးသော ပစ္စည်းကိုသော်လည်းကောင်း ပေးအပ်သည်ရှိသော် အခြားသူတို့ အားပေးပြီး မိမိအားမပေးခဲ့သော် နှလုံးမသာယာသူဖြစ်၏။ ထိုပုဂ္ဂိုလ်အား ဈာန်သည်လည်းကောင်း၊ ဝိပဿနာသည်လည်းကောင်း၊ မဂ် ဖိုလ် စသည်တို့သည် လည်းကောင်း မဖြစ်လေကုန်ဟု မိန့်တော်မူ၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူပြီ -

ဒဒါတိ ဝေ ယထာသဒ္ဓံ၊ ယထာပသာဒနံ ဇနော။
တတ္ထ ယောစ မင်္ကု ဟောတိ၊ ပရေသံ ပါနဘောဇနေ။
နသော ဒိဝါ ဝါ ရတ္တိံဝါ၊ သမာဓိမဓိ ဂစ္ဆတိ။

ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ။
သဝေ ဒိဝါ ဝါ ရတ္တိံဝါ၊ သမာဓိံ မဓိ မစ္ဆတိ။

ဇနော - လူအပေါင်းသည်၊ ဝေ - စင်စစ်၊ ယထာသဒ္ဓံ - မိမိ၏ သဒ္ဓါအားလျော်စွာ၊ ယထာပသာဒနံ - မိမိကြည်ညိုသည် အားလျော်စွာ၊ ဒဒါတိ - ပေးလှူ၏။ ယောစ - အကြင်သူသည်ကား၊

ပရေသံ - သူတစ်ပါးတို့အား၊ ပါနဘောဇနေ - သောက်ဖွယ်စားဖွယ်ကို၊ တတ္ထတသ္မိံဒါနေ - ထိုသို့ပေးလှူသည်ရှိသော်၊ မက္ကုဟောတိ - မျက်နှာမသာယာသူဖြစ်၏။

သော - ထိုသူသည်၊ ဒိဝါဝါ - နေ့၌လည်းကောင်း၊ ရတ္တိံဝါ - ညဉ့်၌လည်းကောင်း၊ သမာဓိံ - ဥပစာရသမာဓိ အပ္ပနာသမာဓိ မဂ်ဖိုလ်သမာဓိကို၊ န အဓိ ဂစ္ဆတိ - မရနိုင်။

ယဿစ - အကြင်သူသည်ကား၊ ဧတံ - ထိုသို့ နှလုံးမသာယာသူအဖြစ်ဟု ဆိုအပ်သော အကုသိုလ်တရားကို၊ သမုစ္ဆိန္နံ - အကြွင်းမဲ့ ပယ်ဖြတ်အပ်သည်ကို၊ မူလဃစ္စံ - အမြစ်ဖြတ်အပ်သည်ကို၊ ကတွာ - ပြု၍၊ သမူဟတံ - အရဟတ္တ မဂ်ဉာဏ်ဖြင့် ပယ်နုတ်အပ်လေပြီ။

သဿော - ထိုသူသည်၊ ဝေ - စင်စစ်၊ ဒိဝါဝါ - နေ့၌လည်းကောင်း၊ ရတ္တိံဝါ = ညဉ့်၌လည်းကောင်း၊ သမာဓိံ - ဥပစာရသမာဓိ အပ္ပနာသမာဓိ မဂ်ဖိုလ်သမာဓိကို၊ အဓိဂစ္ဆတိ - လက်ကိုင်မိမိရရှိလေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**တိဿဒဟရဝတ္ထု ပြီး၏။**

## ၈၁။ ပဉ္စဥပါသကဝတ္ထု
## ဥပါသကာငါးယောက်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသကာ ငါးယောက်တို့သည် တရားနာယူလိုကြ၍ ကျောင်းသို့သွား မြတ်စွာဘုရားကို ရှိခိုးပြီး သင့်လျော်သည့်နေရာ၌ ထိုင်နေကြကုန်၏။

မြတ်စွာဘုရားတို့၏ (ဤသူသည် မင်းမျိုးတည်း၊ ဤသူသည် ပုဏ္ဏားမျိုးတည်း၊ ဤသူသည် ချမ်းသာကြွယ်ဝသူတည်း၊ ဤသူသည် ဆင်းရဲသူတည်း၊ ဤသူအား မြင့်မြတ်သည်ကို ပြု၍ ကျယ်ကျယ်ပြန့်ပြန့်ပြု၍) တရားကိုဟောမည်။ (ဤသူအား တရားကို မဟောဟူသော) စိတ်တော် မဖြစ်ပါလေ။

အမှတ်မထင် အကြောင်းအကြောင်းတစ်စုံတစ်ခုကို အစွဲပြု၍ တရားဟောတော်မူလတ်သော် တရားတော်၌ လေးစားမှုကို ရှေ့သွားပြု၍ (ရှေ့ရှု၍) ကောင်းကင်မြစ်ရေကို တသွင်သွင် သွန်ချသကဲ့သို့ ဟောတော်မူသည်။ ဤသို့ ဟောတော်မူသော မြတ်စွာဘုရား၏အနီး၌ ထိုင်နေကြသော ထိုဥပါသကာငါးယောက်တို့တွင် တစ်ယောက်သည် ထိုင်လျက်သာ အိပ်နေ၏။ တစ်ယောက်သည် လက်ချောင်းဖြင့် မြေကိုခြစ်လျက် ထိုင်နေ၏။ တစ်ယောက်သည် သစ်ပင်တစ်ပင်ကို လှုပ်စေလျက် ထိုင်နေ၏။ တစ်ယောက်သည် ကောင်းကင်ကို မော့ကြည့်လျက် ထိုင်နေ၏။ တစ်ယောက်သည်ကား ရိုသေစွာ တရားကို ကြားနာနေ၏။

အာနန္ဒာထေရ်သည် မြတ်စွာဘုရားကို ယပ်လေခပ်လျက် ထိုဥပါသကာတို့၏ အမူအရာကို ကြည့်ရှုကာ မြတ်စွာဘုရားကို ဤသို့လျှောက်ထား၏။

မြတ်စွာဘုရား အရှင်မြတ်တို့သည် ဤဥပါသကာတို့အား မိုးကြီးထစ်ချုန်းသကဲ့သို့ တရားတော်ကို ဟောတော်မူကြပါသည်။ ထိုဥပါသကာတို့သည်ကား အရှင်မြတ်တို့ တရားဟောတော်မူကြသော်လည်း ဤသို့ ဤသို့ ပြုလုပ်ကြလျက် ထိုင်နေကြပါသည်ဘုရား

အာနန္ဒာ သင်သည် ထိုသူတို့ကို မသိလေသလော။

မြတ်စွာဘုရား တပည့်တော် မသိပါ။

ထိုဥပါသကာ ငါးယောက်တို့တွင် ထိုအိပ်လျက် ထိုင်နေသူသည် ဘဝငါးရာတို့ ပတ်လုံးမြွေမျိုး၌ ဖြစ်၍ အခွေတို့၌ ဦးခေါင်းကို တင်ထား၍ အိပ်ခဲ့လေပြီ။ ယခုဘဝ ဤအချိန်၌လည်း ထိုသူ၏ အိပ်ခြင်း၌ ရောင့်ရဲမှုမရှိပါချေ။ ငါဘုရား၏ တရားဟောသံသည် ထိုသူ၏နားတွင်းသို့ မဝင်ပါလေ။

မြတ်စွာဘုရား မည်သို့ပါနည်း။ မြွေမျိုး၌ ဖြစ်ခဲ့သူ ထိုလူ၏ ဘဝငါးရာတို့ကို အစဉ်အားဖြင့် (အစဉ်အတိုင်း အဆက်မပြတ် ဖြစ်ခဲ့သည်ကို) ဟောတော်မူပါသလော။ ထိုသို့မဟုတ် ဘဝတစ်ခုနှင့် ဘဝတစ်ခုအကြား အကြား၌ ဖြစ်ခဲ့သည်ကို ဟောတော်မူပါသလော။

အာနန္ဒာ - ရံခါလူအဖြစ် ရံခါနတ်အဖြစ် ရံခါနဂါးအဖြစ်အားဖြင့် အကြားအကြား၌ ဖြစ်ခဲ့သူ ထိုလူ၏ ဘဝအဖြစ်တို့ကို ငါဘုရား၏ သဗ္ဗညုတဉာဏ်တော်သည်သော်လည်း ပိုင်းဖြတ်ခြင်းငှာ

မတတ်နိုင်ချေ။ ထိုသူသည် ဘဝမခြား အကြားမရှိ အစဉ်အားဖြင့် ဘဝငါးရာတို့ပတ်လုံး နဂါးမျိုး၌ ဖြစ်၍ အိပ်ခဲ့ရသော်လည်း အိပ်ခြင်း၌ မရောင့်ရဲသူသာ ဖြစ်၏။

လက်ချောင်းဖြင့် မြေကို ခြစ်လျက် ထိုင်နေသူ ထိုယောက်ျားသည်လည်း အဆက်ဆက် အစဉ်အတိုင်း ဘဝငါးရာတို့ပတ်လုံး တီကောင်မျိုး၌ ဖြစ်၍ မြေကြီးကို တူးဖြိုခဲ့ပြီ။ ယခု ဤဘဝ၌လည်း မြေကြီးကိုတူးနေသူသာ ဖြစ်၍ ငါဘုရား၏ တရားဟောသံကို မကြားသူဖြစ်၏။

သစ်ပင်ကို လှုပ်စေလျက် ထိုင်နေသူ ထိုယောက်ျားသည်လည်း အစဉ်အားဖြင့် ဘဝငါးရာတို့ ပတ်လုံး မျောက်သတ္တဝါမျိုး၌ ဖြစ်ခဲ့ပြီ။ ယခု ဤဘဝ၌လည်း ရှေးကအလေ့အလာ လေ့ကျက်မှု အစွမ်းဖြင့် သစ်ပင်ကို လှုပ်စေသူသာဖြစ်၏။ ငါဘုရား၏ တရားဟောသံသည် ထိုသူ၏ နားသို့မဝင်ပါလေ။

အထက်ကောင်းကင်ကို မော့ကြည့်၍ ထိုင်နေသူ ထိုယောက်ျားသည်လည်း ဘဝငါးရာတို့ပတ်လုံး နက္ခတ်ကိုဖတ်တတ်သော နက္ခတ်ဆရာဖြစ်ခဲ့လေပြီ။ ယခုဤဘဝ၌ ရှေးကအလေ့အလာ အလေ့အကျက်၏ အစွမ်းဖြင့် ယနေ့ယခု၌လည်း အထက်ကောင်းကင်ကိုသာ မော့ကြည့်နေ၏။ ငါဘုရား၏ တရားဟောသံသည် ထိုသူ၏ နားသို့ မဝင်ပါလေ။

ရိုသေစွာ တရားနာလျက် ထိုင်နေသူ ထိုယောက်ျားသည်ကား အစဉ်အားဖြင့် ဘဝငါးရာတို့ ပတ်လုံး ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခတ်တတ်သူ၊ ဗေဒင်မန္တန်ရွတ်အံ သရဇ္ဈာယ်သူပုဏ္ဏားဖြစ်ခဲ့လေပြီ။ ယခုဤအချိန်၌လည်း ဗေဒင်မန္တန်ကို နှီးနှောနေသကဲ့သို့ ရိုသေစွာ တရားနာသူဖြစ်၏ဟု မိန့်တော်မူလေ၏။

မြတ်စွာဘုရား အရှင်မြတ်တို့၏ တရားဒေသနာတော်သည် ကိုယ်အပေါ်ရေစသည်တို့ကိုဖြတ် ရိုးတွင်းခြင်ဆီကို ထိခိုက်၍ တည်နေပါသည်။ အဘယ့်ကြောင့် ဤသူတို့သည် အရှင်မြတ်တို့ တရားဟောတော်မူကုန်သော်လည်း ရိုသေစွာ မနာယူကြပါသနည်း။

အာနန္ဒာ ငါဘုရား၏ တရားတော်ကို ကောင်းစွာကြားနာအပ်၏ဟု သင်ထင်မြင်ပါသလော။

မြတ်စွာဘုရား အသို့ပါနည်း။ မြတ်စွာဘုရား၏ တရားတော်ကို မကောင်းသဖြင့် ကြားနာအပ်၏ဟု မှတ်ထင်ရပါမည်လော။

အာနန္ဒာ - ဟုတ်ပေ၏။

မြတ်စွာဘုရား အဘယ်ကြောင့်ပါနည်း။

အာနန္ဒာ - ဤသတ္တဝါတို့သည် ကမ္ဘာ ကုဋေအသိန်းတို့၌သော်လည်း ဘုရားဟူသော ပုဒ်ကို သော်လည်းကောင်း၊ တရားဟူသောပုဒ်ကိုသော်လည်းကောင်း၊ သံဃာဟူသောပုဒ်ကိုသော်လည်း ကောင်း ကြားဖူးသည် မဟုတ်ကုန်။

တရားတော်ကို ကြားနာခြင်းငှာ မစွမ်းနိုင်ကြသော ဤသတ္တဝါတို့သည် အစမထင် သံသရာခွင်၌ အမျိုးမျိုးအစားစား များစွာသော တိရစ္ဆာန်ကထာကိုသာ ကြားနာလာရကုန်၏။ ထို့ကြောင့် အရက် သောက်စရာနေရာ ကစားစရာနေရာ စသည်တို့၌ သီချင်းဆိုကြ ကခုန်ကြကာ၊ လှည့်လည် သွားရောက်ကြကုန်၏။ တရားနာယူခြင်းငှာ မစွမ်းနိုင်ကြကုန်။

မြတ်စွာဘုရား တရားမနာယူနိုင်သူ ထိုလူတို့သည် အဘယ်ကို အမှီပြု အကြောင်းခံ၍

တရားနာယူခြင်းငှာ မစွမ်းနိုင်ကြပါသနည်း။

အို - အာနန္ဒာ - ရာဂကို အမှီပြု အကြောင်းခံ၍၊ ဒေါသကို အမှီပြု အကြောင်းခံ၍၊ မောဟကိုအမှီပြုအကြောင်းခံ၍၊ တဏှာကိုအမှီပြု အကြောင်းခံ၍ တရားနာယူခြင်းငှာ မတတ်နိုင်ကြလေကုန်။

ရာဂမီးနှင့်တူသော မီးမည်သည်မရှိပြီ။ ရာဂမီးသည် ပြာကိုပင် မကျန်စေဘဲ သတ္တဝါတို့ကို လောင်မြိုက်လေ၏။

နေခုနစ်စင်းပေါ်ထွက်မှုကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော ကမ္ဘာဖျက် မီးသည်လည်း တစ်စုံတစ်ခုကို မကျန်စေ၍သာ လောကဓာတ် တိုက်တစ်သောင်းကို လောင်မြိုက်သော်လည်း တစ်ခါတစ်ရံ၌သာ လောင်မြိုက်၏။ ရာဂမီး၏ မလောင်မြိုက်ရာ အချိန်အခါမည်သည်မရှိ။ ထို့ကြောင့် ရာဂနှင့်တူမျှသော မီးမည်သည်လည်းကောင်း၊ ဒေါသနှင့်တူမျှသော ဖမ်းစားခြင်းမည်သည်လည်းကောင်း၊ မောဟနှင့်တူမျှသော ကွန်ယက်မည်သည်လည်းကောင်း၊ တဏှာနှင့်တူမျှသော မြစ်မည်သည်လည်းကောင်း မရှိတော့ပြီဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူပြီ။

နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ဂဟော။
နတ္ထိ မောဟသမံ ဇာလံ၊ နတ္ထိ တဏှာသမာ နဒီ။

ရာဂသမော - ရာဂနှင့်တူမျှသော၊ အဂ္ဂိ - မီးသည်၊ နတ္ထိ - မရှိ။ ဒေါသ သမော - ဒေါသနှင့်တူမျှသော၊ ဂဟော - ဖမ်းယူတတ်၊ ဖမ်းစားတတ်သူသည်၊ နတ္ထိ - မရှိ။

မောဟသမံ - မောဟနှင့်တူမျှသော၊ ဇာလံ - မြွေးယှက်တတ်သော ကွန်ရက်သည်၊ နတ္ထိ - မရှိ။

တဏှာသမာ - တဏှာနှင့်တူမျှသော၊ နဒီ - ရေမပြည့်သော မြစ်သည်၊ နတ္ထိ - မရှိ။

ဒေသနာတော်၏ အဆုံး၌ ရှိသေစွာ တရားနာယူသော ဥပါသကာသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ တရားနာရာ ရောက်လာသူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

ပဉ္စုပ္ပါသကဝတ္ထု ပြီး၏။

## ၈၂။ မေဏ္ဍကသေဋ္ဌိဝတ္ထု
## မေဏ္ဍကသူဌေးအကြောင်း

မြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရာပတိုင်းတို့၌ ဒေသစာရီကြွချီတော်မူစဉ် မေဏ္ဍကသူဌေး သူဌေးကတော် စန္ဒပဒုမာ သားဖြစ်သူ ဓနဥ္စယ သူဌေး ၎င်း၏ဇနီး သုမနာဒေဝီ ၎င်းတို့၏ သမီး ဝိသာခါ၊ ကျွန်ဖြစ်သူပုဏ္ဏ ဤခြောက်ယောက်တို့၏ သောတာပတ္တိဖိုလ်ရဖို့အကြောင်း ကုသိုလ်တည်းဟူသော မှီရာအကြောင်းကို မြင်တော်မူ၍ ဘဒ္ဒိယမြို့သို့ ကြွတော်မူပြီး မြတ်လေးတော၌ သီတင်းသုံးနေတော်မူသည်။

မေဏ္ဍကသူဌေးသည် မြတ်စွာဘုရား ကြွလာတော်မူကြောင်း သတင်းစကားကောင်းကို ကြားသိလေပြီ။

အဘယ်ကြောင့် ထိုသူဌေးသည် မေဏ္ဍကသူဌေး မည်လေသနည်း။

ထိုသူဌေး အိမ်၏ အနောက်ဘက် မင်းတို့၏အတိုင်းအတာအားဖြင့် ရှစ်ပယ် ကျယ်ဝန်းသော မြေနေရာ၌ ဆင်ပမာဏ၊ မြင်းပမာဏ၊ နွားဥသဘပမာဏ ရှိကုန်သော ရွှေဆိတ်ရုပ်တို့သည် မြေကြီးကို ဖောက်ခွဲ၍ နံဘေးချင်းချင်းထိလျက် ပေါ်ထွက်နေကုန်၏။

ထိုဆိတ်ရုပ်တို့၏ ခံတွင်းတို့၌ ထည့်ထားအပ်ကုန်သော ချည်လုံးတို့သည် ရှိကုန်၏။ ထောပတ် ဆီ ပျားတင်းလဲ စသည်တို့ဖြင့်သော်လည်းကောင်း၊ ဝတ်ဆင်စရာ အဝတ်အထည် ရွှေငွေစသည်တို့ဖြင့်သော်လည်းကောင်း အလိုရှိခဲ့သော် ဆိတ်ရုပ်တို့၏ ခံတွင်းမှ ချည်လုံးတို့ကို ဖယ်ထုတ် လိုက်ကြကုန်၏။ ထိုအခါ ရွှေဆိတ်ရုပ်တစ်ခု၏ ခံတွင်းမှ ဇမ္ဗူဒိပ်ကျွန်းသားတို့ သုံးစွဲနိုင်လောက်အောင် ထောပတ် ဆီ ပျားတင်းလဲ အဝတ်အထည် ငွေရွှေသည် ထွက်လာလေ၏။ ထိုအချိန်မှစ၍ မေဏ္ဍကသူဌေးဟု ကျော်ကြားထင်ရှားလေ၏။

မေဏ္ဍကသူဌေး၏ ရှေးအတိတ်ကံသည်ကား အဘယ်သို့ပါနည်း။

ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌ ဤမေဏ္ဍကသူဌေးသည် အဝရောဇ သူကြွယ်၏ တူဖြစ်ခဲ့၏။ ဦးရီး၏အမည်နှင့်တူသော အဝရောဇအမည်ရှိခဲ့သည်။

ထိုအချိန်တွင် ဦးရီးဖြစ်သူ အဝရောဇသည် ဝိပဿီမြတ်စွာဘုရားအဖို့ ဂန္ဓကုဋိ ဆောက်လုပ် နေသည်။

တူဖြစ်သူ အဝရောဇသည် ဦးရီးထံသွား၍ ဦးရီး ခင်ဗျားနှင့် ကျုပ်တို့နှစ်ဦးလုံး အတူတကွ ဂန္ဓကုဋိ ဆောက်လုပ်ကြပါစို့ဟု ပြောဆိုလေသော် -

ဦးရီးဖြစ်သူက ငါသည် အခြားလူတို့နှင့် မဆက်ဆံ မရောနှောဘဲ တစ်ဦးတည်းသာ ဆောက်လုပ် မည်ဟု ဖယ်ရှားအပ်လေသော် -

ဤနေရာ၌ ဂန္ဓကုဋိ ဆောက်လုပ်ခဲ့သော် ဤနေရာ၌ ကုဋိရမည်သော ဇရပ်ကို တစ်နည်း - ဆင်ဝင်ခန်းပါသော ဇရပ်ကို ရသင့်သည်ဟု စိတ်ကူးပြီးလျှင် သစ်တောအတွင်းမှ သစ်သားတို့ကို ဆောင်ယူ စေ၍ ရွှေတို့ဖြင့် စီခြယ်အပ်သော တိုင်တစ်လုံး၊ ငွေတို့ဖြင့် စီခြယ်အပ်သောတိုင်တစ်လုံး၊ ရတနာ

ခုနစ်ပါးတို့ဖြင့် စီခြယ်အပ်သော တိုင်တစ်လုံးကို ပြုစေ၏။

ထိုအတူ ရွှေအစရှိသည်တို့ဖြင့် စီခြယ်အပ်သည်သာဖြစ်ကုန်သော ထုတ်လျှောက် တံခါးရွက် လေသာပြတင်း အချဉ်ယနယ် ဒိုင်းမြှား မိုးစရာ အုတ်အားလုံးတို့ကို ပြုစေ၏။

ထိုသို့ပြုစေပြီး ဂန္ဓကုဋိ၏ ရှေ့မျက်နှာအရပ်၌ မြတ်စွာဘုရားအဖို့ ရတနာခုနစ်ပါးဖြင့် ပြီးသော ကုဠရသာလာကို -

(ကုဠရ - မည်သောဇရပ်ကို တစ်နည်း - ဆင်ဝင်ခန်းပါသော ဇရပ်ကို) ပြုစေ၏။

ထိုကုဠရသာလာ၏ အထက်၌ ကမ္ဗလာတို့သည် တစ်ခဲနက်နီမြန်းသော ရွှေတို့ဖြင့် ပြီးစီးကုန်၏။ အထွတ်ထုပိကာတို့သည် သန္တာဖြင့် ပြီးကုန်၏။ ကုဠရသာလာ၏ အလယ်အရပ်၌ ရတနာမဏ္ဍပ်ကို ပြုလုပ်စေကာ တရားဟောပလ္လင်ကို တည်ထားစေ၏။

ထိုတရားဟောပလ္လင်၏ ခြေတို့သည် တစ်ခဲနက်နီမြန်းသော ရွှေတို့ဖြင့် ပြီးကုန်၏။ ထို့အတူ ဘောင်လေးချောင်းတို့သည်လည်း တစ်ခဲနက် နီမြန်းသော ရွှေတို့ဖြင့် ပြီးစီးကုန်၏။

တရားဟောပလ္လင်၏ ခြေလေးချောင်းအောက်၌ ရွှေဆိတ်ရုပ်လေးခုတို့ကို ထားစေ၏။ တရားဟောပလ္လင် ရှေ့ခြေတင်ခုံအောက်၌ (ခြေနင်းခုံအောက်၌) ရွှေဆိတ်ရုပ်နှစ်ကောင်တို့ကို ထားစေ၏။ ရွှေဆိတ်ရုပ် ခြောက်ခုတို့ကို ရတနာမဏ္ဍပ်ကို ဝန်းရံပတ်ထားစေ၏။ တရားဟောပလ္လင်ထက် အခင်း၏အောက်ဖက်အပြင်ကို ဝါချည်ကြိုးတို့ဖြင့် ရက်စေပြီး အခင်း၏အလယ်ကို ရွှေချည်ကြိုးတို့ဖြင့် အခင်း၏ အထက်အပြင်ကို ပုလဲတတ်သော ချည်တို့ဖြင့် ရက်စေသည်။

တရားဟောပလ္လင်၏ မှီရာတံခါးသည် စန္ဒကူးသားဖြင့်ပြီးစီးသည်။ ဤသို့လျှင် ကုဠရ - သာလာ ကိုပြီးစီးစေပြီး ပူဇော်ပွဲပြုသောအခါ ခြောက်သန်းရှစ်သိန်း ရဟန်းတော်တို့နှင့်အတူ မြတ်စွာဘုရားကို ပင့်လျှောက်၍ လေးလတို့ပတ်လုံး အလှူမဂ်လာပွဲ ကျင်းပလှူဒါန်းပြီး ပွဲ၏နောက်ဆုံးနေ့၌ တိစီဝရိက် (သင်္ကန်းသုံးထည်စီကို) ပေးလှူလေ၏။ ထိုသို့ပေးလှူရာ၌ သံဃနဝက၏ (အငယ်ဆုံးသံဃာ၏) ရရှိသော ပစ္စည်းသည် တန်ဖိုးကျပ်တစ်သိန်းထိုက်၏။

ဤသို့ ဝိပဿီမြတ်စွာဘုရားလက်တော်၌ ကောင်းမှုကံကို ပြုခဲ့၍ ထိုဘဝမှ စုတေသော် နတ်ပြည်တို့၌လည်းကောင်း၊ လူ့ပြည်၌လည်းကောင်း တပြောင်းပြန်ပြန် ကျင်လည်ခဲ့၍ ဤဘဒ္ဒကပ် ကမ္ဘာဝယ် ဗာရာဏသီပြည် ၌ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝသော အမျိုး၌ဖြစ်၍ ဗာရာဏသီ သူဌေးဟု အမည်တွင်လေ၏။

ထိုဗာရာဏသီ သူဌေးသည် တစ်နေ့သ၌ မင်းခစားရာ ဌာနသို့ သွားစဉ် ပုရောဟိတ် ပုဏ္ဏားကို မြင်တွေ့၍

အို ဆရာ ဘယ်လိုပါနည်း ကောင်းကင်နက္ခတ်တို့ တစ်မုဟုတ် အချိန်မျှ ကြည့်ရှုဆင်ခြင် ကြပါသလော။

ဟုတ်ပါ၏။ ကြည့်ရှုဆင်ခြင်ပါသည်။ ကျုပ်တို့အဖို့ နက္ခတ်ကြည့် အလုပ်မှတစ်ပါးသော အလုပ်ဘယ်မှာ ရှိပါမည်နည်း။

ဗိုသို့ နက္ခတ်ကြည့်အလုပ်ကိုသာ လုပ်နေခဲ့သော် ဇနပုဒ်၌ အဘယ်သို့ ဖြစ်နိုင်ပါမည်နည်း။

တစ်ခုသော ဘေးဖြစ်လိမ့်မည်။

အဘယ်မည်သော ဘေးဖြစ်မည်နည်း။

အို သူဌေး ဆာလောင်ငတ်မွတ်ခေါင်းပါးခြင်း ဘေးဖြစ်လိမ့်မည်။

ဘယ်အချိန်၌ ဖြစ်မည်နည်း။

ဤနှစ်မှ သုံးနှစ်ကျော်လွန် ချိန်၌ ဖြစ်လိမ့်မည်ဟု ပုရောဟိတ်က ပြောလေ၏။

ဗာရာဏသီ သူဌေးသည် ပုရောဟိတ်၏စကားကို ကြားရ၍ လယ်လုပ်ငန်းကို များစွာပြုလုပ်စေပြီး အိမ်၌ရှိသော ပစ္စည်းဥစ္စာဖြင့်လည်း စပါးကိုသာ လှည့်လည်ဝယ်ယူ၍ ထောင့်နှစ်ရာငါးဆယ်သော စပါးကျီတို့ကို ဆောက်လုပ်စေကာ စပါးကျီအားလုံး၌ စပါးတို့ဖြင့် ပြည့်နေစေ၏။

စပါးထည့်ရန် စပါးကျီ မလုံလောက်သည်ဖြစ်၍ အိုးစရည်းကြီး အစရှိသည်တို့ကို စပါးဖြင့်ပြည့်စေပြီး ကျန်ရှိသော စပါးကို မြေကြီး၌တူးအပ်သော တွင်းတို့ကို စပါးဖြင့် ပြည့်စေကာ မြှုပ်ထားလေ၏။

မြှုပ်ပြီး စပါးမှ ကျန်သောစပါးကို ရွှံ့မြေဖြင့် နယ်၍ အိမ်နံရံတို့ကို လိမ်းသုတ်ကပ်ထားလေ၏။

ဗာရာဏသီ သူဌေးသည် တစ်ခုသောအချိန်၌ ဆာလောင်ငတ်မွတ် ဘေးဆိုက်ရောက်လာလေသော် သိုမှီးသိမ်းဆည်းထားအပ်သော စပါးကို စားသုံးနေဆဲ စပါးကျီတို့၌လည်းကောင်း၊ အိုးစရည်းကြီးစသည်တို့၌လည်းကောင်း၊ သိမ်းဆည်းထားအပ်သော စပါးကုန်သွားလေသော် သူ၏ အလုပ်အကျွေးဖြစ်သော လူတို့ကို အနီး၌ခေါ်၍ -

အမောင်တို့ တောင်ခြေအရပ်သို့ဝင်နေကြ၍ အသက်မွေးကြပြီး အစားအစာဝပြော သာယာသောအချိန်၌ ငါ၏ အထံသို့ လာလိုသူတို့သည် လာကြကုန်လော့။ မလာလိုသူတို့သည် ရောက်မိရောက်ရာ နေမိနေရာ၌သာ အသက်မွေးကြကုန်လောဟု ပြောဆိုလေ၏။

အလုပ်အကျွေး လူတို့သည် ငိုယိုကြကာ မျက်ရည်ထွက်သော မျက်နှာတို့ဖြင့် သူဌေးကို ရှိခိုးတောင်းပန်၍ သူဌေးအိမ်၌ ခုနစ်ရက်နေကြပြီး သူဌေးညွှန်ကြားရာ အရပ်သို့ သွားရောက်နေထိုင်ကြကုန်၏။

အထူးအားဖြင့် သူဌေး၏ အမှုကြီးငယ်ကို ဆောင်ရွက်နေသော ပုဏ္ဏမည်သော ကျွန်တစ်ယောက်သာ သူဌေးထံ၌ ကျန်ရစ်လေ၏။

ထိုကျွန်ပုဏ္ဏားနှင့်အတူ သူဌေးကြီး သူဌေးကတော် သူဌေးသား သူဌေး၏ချွေးမအားဖြင့် လူငါးရောက်တို့သာ ရှိနေကုန်၏။

ထိုလူတို့သည် မြေကြီး၌ တူးထားသောတွင်းတို့၌ သိုမှီးထားအပ်သော စပါးလည်း ကုန်သွားသော် နံရံ၌ လိမ်းကပ်ထားအပ်သော မြေကို ခွာချ၍ ရေစိမ်ပြီး ရအပ်သော စပါးဖြင့် မျှတစွာ နေကြကုန်၏။

ထိုအချိန်မှ နောက်၌ သူဌေးကတော်သည် ဆာလောင်ငတ်မွတ်ခြင်း လွှမ်းမိုးလာလေသော် နံရံ၌ ကပ်ထားသော မြေကုန်သဖြင့် နံရံခြေတို့၌ ကျန်နေသော လိမ်းကပ်ထားသော မြေကို ခွာချ၍ ရေစိမ်ယူသဖြင့် သုံးစလယ်မျှသော စပါးကိုရ၍ ထောင်းထုပြီး နှစ်စလယ် (တစ်ခွက်) ဆန်ကိုယူ၍ ဆာလောင်ငတ်မွတ်ရာ ကာလ၌ သူခိုးပေါသည်ဟု သူခိုးကို ကြောက်သဖြင့် အိုးတစ်လုံး၌ ထည့်ပိတ်မြေကြီး၌ တူးမြှုပ်၍ထားလေ၏။

ထိုအချိန်မှ နောက်၌ သူဌေးသည် မင်းခစားရာမှ ပြန်လာပြီး

ရှင်မ သူဌေးကတော် ငါထမင်းဆာသည်။ စားစရာတစ်စုံတစ်ခု ရှိလေသလောဟု မေးလေ၏။

သူဌေးကတော်သည် ရှိနေသည်ကို မရှိပါဟု မပြောမူ၍ ဆန်တစ်ခွက်ရှိ၏ဟု ပြောလေ၏။

ထိုဆန်တစ်ခွက်သည် ဘယ်မှာရှိသနည်း။

သူခိုးကြောက်သဖြင့် ကျွန်မ မြေ၌တူးမြှုပ်ထားပါသည်။

ဒါဖြစ်လျှင် ထိုဆန်ကို ဖော်ယူပြီး တစ်စုံတစ်ခုစားစရာကို ချက်ပါ။

အို အိမ်ရှင် ယာဂုကြိုသောက်လျှင် နှစ်ကြိမ်သောက်ရပါမည်။ ထမင်းချက်စားလျှင် တစ်ကြိမ်သာ စားရပါမည်။

အသို့နည်း - ထမင်းချက်ရမည်လော။

အို အိမ်ရှင်မ ငါတို့မှာ စားရန်မှတစ်ပါး တစ်ခြားအကြောင်းမရှိ၊ ထမင်းကိုစားပြီး အသေခံကြမည်။ ထမင်းကိုသာ ချက်ပါဟု ပြောလေ၏။

သူဌေးကတော်သည် ထမင်းချက်ပြီး ငါးပုံ ပုံ၍ သူဌေးအတွက် အစုအပုံကို ပြင်ဆင်၍ သူဌေး၏ ရှေ့၌ ချထားလေ၏။

ချထားရာ ထိုခဏ၌ ဂန္ဓမာဒနတောင်၌ ပစ္စေကဗုဒ္ဓါတစ်ဆူသည် နိရောဓသမာပတ်မှ ထတော်မူသည်။ နိရောဓသမာပတ်အတွင်း၌ သမာပတ်၏စွမ်းအားကြောင့် ဆာလောင်ခြင်းသည် မနှိပ်စက်နိုင်။ နိရောဓသမာပတ်မှ ထကုန်သော ပုဂ္ဂိုလ်တို့၏ ဝမ်းဗိုက်အပြင်ကို မီးလောင်သကဲ့သို့ ဆာလောင်ခြင်းသည် အားကောင်းသည်ဖြစ်၍ ဖြစ်ပေါ်လာ၏။ (ဖြစ်ပေါ်လာသတဲ့)

ထို့ကြောင့် နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်တို့သည် ဆွမ်းအလှူဝတ္ထုရနိုင်မည့်အရပ်ကို ရှုကြည့်၍ ကြွတော်မူကြသည်။

ထူးခြားသည်မှာ ထိုနေ့၌ နိရောဓသမာပတ်မှ ထသော ထိုအရှင်မြတ်တို့အား အလှူဝတ္ထုကို ပေးလှူရသော် စစ်သူကြီး ရာထူးစည်းစိမ်အစရှိသည်တို့တွင် တစ်မျိုးမျိုးသော စည်းစိမ်ကိုရကြကုန်၏။

ထို့ကြောင့် ထိုပစ္စေက ဗုဒ္ဓါအရှင်မြတ်သည်လည်း ဒိဗ္ဗစက္ခုဖြင့် ရှုကြည့်လတ်သော် ဇမ္ဗုဒိပ် တစ်ကျွန်းလုံး၌ ဆာလောင်ငတ်မွတ်ခြင်းဘေး ဖြစ်ပေါ်နေ၏။ ဗာရာဏသီသူဌေးအိမ်၌မူ လူငါးယောက် စာဆန်တစ်ခွက်သာ ချက်ပြီးဖြစ်၏။ ထိုလူငါးယောက်တို့သည် ယုံကြည်မှု သဒ္ဓါတရားရှိကြကုန်သလော။ ငါ့အား လှူဒါန်းခြင်းဖြင့် ချီးမြှောက်နိုင်ကြလေမည်လောဟု ဆင်ခြင်သော် ထိုငါးယောက် သော လူတို့၏ သဒ္ဓါတရားရှိသည်၏အဖြစ် ချီးမြှောက်ခြင်းငှာ စွမ်းနိုင်သူတို့၏အဖြစ်ကို မြင်သိတော်မူ၍ သပိတ်သင်္ကန်းကို ကိုင်ယူ၍ သူဌေးကြီး၏ ရှေ့တည့်တည့် အိမ်ဝင်းတံခါးပေါက်၌ ရပ်လျက်သာ မိမိကိုယ်ကို ပြတော်မူ လေ၏။

ဗာရာဏသီသူဌေးသည် ထိုပစ္စေကဗုဒ္ဓါကိုမြင်၍ ကြည်လင်သောစိတ်ရှိလျက် ငါသည် ရှေးဖြစ် သော ဘဝ၌လည်း အလှူဝတ္ထုကို မပေးလှူခဲ့သောကြောင့် ဤသို့သော ဆာလောင်ငတ်မွတ်ခြင်းကို တွေ့ကြုံအပ်၏။ စင်စစ်သော်ကား ငါ့အဖို့ဖြစ်သော ဤထမင်းသည် ငါ့ကို တစ်ရက်မျှကိုသာ စောင့်ရှောက်နိုင်ရာ၏။ အရှင်မြတ်အား ပေးလှူအပ်သော် များစွာသော ကပ်ကုဋေတို့၌ ငါ၏ စီးပွား

ချမ်းသာကို ဆောင်ရွက်ပေလိမ့်မည်ဟု ကြံရွယ်လျက် မိမိအတွက် ထမင်းခွက်ကို ဖယ်ထားကာ ပစ္စေက ဗုဒ္ဓါထံ - ချည်းကပ်၊ ငါးမျိုးသောတည်ရာရှိသော ရှိုးခြင်းဖြင့် ရှိုး၍ မိမိနေအိမ်အတွင်းသို့ ကြွရောက်စေပြီး ခင်းထားအပ်သော နေရာ၌ ထိုင်နေသော ပစ္စေကဗုဒ္ဓါ၏ ခြေတော် တို့ကို ရေဆေးပေးပြီး ခြေတင်စရာ ရွှေအင်းပြင်၌ ထား၍ ထမင်းခွက်ကို ကိုင်၍ ပစ္စေက ဗုဒ္ဓါ၏ သပိတ်၌ လောင်းထည့်လေ၏။

ထမင်းတစ်ဝက် အကျန်တွင် ပစ္စေကဗုဒ္ဓါသည် လက်ဖြင့်သပိတ်ကို ပိတ်လေပြီ ထိုအခါ ပစ္စေက ဗုဒ္ဓါကို -

အရှင်မြတ်ဘုရား ဆန်တစ်ခွက်ဖြင့် (နှစ်စလယ်ဖြင့်) ငါးယောက်စာချက်အပ်သော ထမင်း၏ အစုတစ်စုဖြစ်သော ဤဆွမ်းကို နှစ်ခုခွဲရန် မတတ်နိုင်ပါ။ တပည့်တော်အား ဤလောက ဤဘဝ၌ ချီးမြှောက်မှုကို ပြုတော်မမူကြပါနှင့်။ တပည့်တော်သည် အကြွင်းအကျန်မရှိအောင် ပေးလှူလိုပါ၏ဟု လျှောက်ထားပြီး ဆွမ်းအားလုံးကို ပေးလှူလေပြီ။

ပေးလှူပြီးသော်ကား - ဤသို့ဆုတောင်းလေ၏။

အရှင်မြတ်ဘုရား တပည့်တော်သည် ဖြစ်ရာဖြစ်ရာဌာန၌ ဤလိုဆာလောင်ငတ်မွတ်ခြင်းဘေးကို မတွေ့ကြုံရပါလို။ ဤနေ့မှစ၍ ဇမ္ဗူဒိပ်ကျွန်းနေသူ အားလုံးတို့အား ထမင်းမျိုးစေ့ကို ပေးလှူနိုင်သူဖြစ်ရပါလို၏။ မိမိလက်ဖြင့် အလုပ်လုပ်၍ အသက်မမွေးရပါလို။ တစ်ထောင့်နှစ်ရာ့ငါးဆယ်ကုန်သော စပါးကျီတို့ကို ရှင်းလင်း၍ ဦးခေါင်းနှင့်တကွ ရေချိုးကာ စပါးကျီတိုက်တို့၏ တံခါးဝ၌ထိုင်၍ အထက် ကောင်းကင်ကို မော့ကြည့်အပ်ရာ ခဏ၌ပင် နီမြန်းသော သလေးစပါးအလျင်တို့သည် ကျလာကုန်ပြီး တပည့်တော်၏ စပါးကျီအားလုံး၌ ပြည့်ပါစေကုန်သတည်း။ ဖြစ်ရာ ဖြစ်ရာဌာနတိုင်း၌ ဤဇနီးသည်သာ တပည့်တော်၏ ဇနီးဖြစ်ပါစေ။ ဤဘဝသားသည်သာ တပည့်တော်၏သားဖြစ်ပါစေ။ ဤဘဝချွေးမ သည်သာ တပည့်တော်၏ ချွေးမဖြစ်ပါစေ ဤဘဝကျွန်သည်သာ တပည့်တော်၏ ကျွန်ဖြစ်ပါစေ သတည်း။ (ဟု ဆုတောင်းလေ၏)

ဗာရာဏသီသူဌေးဇနီးသည်လည်း ငါ၏သခင် လင်ယောကျ်ားကို ဆာလောင်ခြင်းသည် နှိပ်စက်အပ်သော် ငါသည်ထမင်းစားရန် မစွမ်းနိုင်ဟု ကြံစည်၍ မိမိအဖို့ဖြစ်သော ထမင်းကို ပစ္စေက ဗုဒ္ဓါအားပေးလှူ၍ ဤသို့ဆုတောင်းလေ၏။

အရှင်မြတ်ဘုရား ဖြစ်ရာဖြစ်ရာဌာနတိုင်း၌ ဤလို ဆာလောင်ငတ်မွတ်ခြင်းဘေးကို မတွေ့ကြုံ ရပါလို။ တပည့်တော်မ၏ ရှေ့၌ထမင်းအိုးကိုထား၍ ဇမ္ဗူဒိပ်ကျွန်းနေ လူအားလုံးတို့အား ထမင်းကို ပေးလှူသော်လည်း တပည့်တော်မနေရာမှ မထမခြင်း ထမင်းယူရာ ယူရာနေရာသည် ပြည့်လျက်သာ ဖြစ်ပါစေသတည်း။ ဤဘဝ ဤအိမ့်ရှင်ယောကျ်ားသည်သာ လင်ယောကျ်ားဖြစ်ပါစေ။ ဤဘဝ ဤသားသည်သား သားဖြစ်ပါစေ၊ ဤဘဝ ဤချွေးမသည်သာ ချွေးမဖြစ်ပါစေ ဤဘဝ ဤကျွန်သာ ကျွန်ဖြစ်ပါစေ (ဟု ဆုတောင်းလေ၏။)

သူဌေး၏သားသည်လည်း မိမိအတွက် ထမင်းကို ပစ္စေကဗုဒ္ဓါအား ပေးလှူ၍ ဤသို့ ဆုတောင်းလေ၏။

အရှင်မြတ်ဘုရား ဤဘဝ ဤအချိန်မှစ၍ ဤလိုဆာလောင်ငတ်မွတ်ခြင်းဘေးကို မတွေ့ကြုံရ

ပါလို၊ တပည့်တော်၏ ကျပ်တစ်ထောင်ဆန့်သော လွယ်အိတ်တစ်ခုကို ကိုင်၍ ဇမ္ဗူဒိပ်ကျွန်းနေသူ အားလုံးတို့အား အသပြာကျပ်ကို ပေးသော်လည်း ဤထောင်ဝင်အိတ်သည် ပြည့်မြဲသာဖြစ်ပါစေ၊ ဤဘဝ မိဘတို့သည်သာ တပည့်တော်၏ မိဘများဖြစ်ကြပါစေ၊ ဤဘဝ ဤဇနီးသည် တပည့်တော်၏ ဇနီးဖြစ်ပါစေ၊ ဤဘဝ ဤကျွန်သည် တပည့်တော်၏ ကျွန်ဖြစ်ပါစေ (ဟု ဆုတောင်းလေ၏)

သူဌေး၏ ချွေးမသည်လည်း မိမိအတွက် ထမင်းကို ပစ္စေကဗုဒ္ဓါအား ပေးလှူ၍ ဤသို့ဆုတောင်းလေ၏။

ဤဘဝ ဤအချိန်မှစ၍ ဤလိုဆာလောင်ငတ်မွတ်ခြင်းဘေးကို မတွေ့ကြုံရပါလို၊ စပါးတောင်းတစ်ခုကို တပည့်တော်မ၏ ရှေ့၌ ထား၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေသူ လူတို့အား တပည့်တော်မက ထမင်းမျိုးစေ့ကို (မျိုးစပါး) ကို ပေးသော်လည်း မကုန်နိုင်ပါစေသတည်း။ ဖြစ်ရာဖြစ်ရာဌာနတိုင်း၌ ဤဘဝ ဤယောက္ခမယောကျ်ား ယောက္ခမ မိန်းမတို့သည်သာ တပည့်တော်၏ ယောက္ခမများဖြစ်ကြပါစေ၊ ဤဘဝ ဤသခင်လင်ယောကျ်ားသည်သာ တပည့်တော်မ သခင်လင်ယောကျ်ားဖြစ်ပါစေ၊ ဤဘဝ ဤကျွန်သည်သာ တပည့်တော်မ၏ ကျွန်ဖြစ်ပါစေ (ဟု ဆုတောင်းလေ၏)

သူဌေး၏ ကျွန်ယောကျ်ားသည်လည်း မိမိအတွက် ထမင်းကို ပစ္စေကဗုဒ္ဓါအား ပေးလှူ၍ ဤသို့ ဆုတောင်းလေ၏။

ဤဘဝ ဤအချိန်မှစ၍ ဤလိုဆာလောင်ငတ်မွတ်ခြင်းဘေးကို မတွေ့ကြုံရပါလို။

ဤဘဝ ဤသခင် အားလုံးတို့သည် တပည့်တော်၏ အရှင်သခင်များဖြစ်ကြပါစေ။

တပည့်တော် လယ်ထွန်းစဉ် ဝဲဘက်မှ သုံးခုသောထွန်ရေးထွန်ကြောင်း ယာဘက်မှ သုံးခုသော ထွန်ရေးထွန်ကြောင်း အလယ်မှ တစ်ခုသော ထွန်ရေး ထွန်ကြောင်းအားဖြင့် သစ်လုံးထွင်းထားသော လှေ၏ ဝမ်းပိုက်ပမာဏမျှ ကျယ်ကုန်သော ခုနစ်ခု ခုနစ်ခုသော ထွန်ရေး ထွန်ကြောင်းတို့ဖြစ်ပေါ်ပါစေကုန်သတည်း (ဟု ဆုတောင်းလေ၏)

ကျွန်ဖြစ်သူ ထိုလူသည် ထိုနေ့၌ စစ်သူကြီးရာထူးကို တောင်းဆို၍ ရနိုင်သူဖြစ်သော်လည်း အရှင်သခင်တို့၌ ခင်တွယ်ခြင်းဖြင့် ဤဘဝ ဤအရှင်သခင်တို့သာ တပည့်တော်၏ အရှင်သခင်များဖြစ်ပါစေဟု ဆုတောင်းလိုက်လေသည်။

ပစ္စေက ဗုဒ္ဓါသည် လူငါးဦးလုံးတို့၏ စကားအဆုံး၌ ဆုတောင်းတိုင်းဖြစ်ပါစေဟု မိန့်တော်မူကာ -

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။
ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။

တုယှံ - သင်၏ (သင်တို့၏)၊ ဣစ္ဆိတံ - လိုအပ်သမျှသည်၊ ပတ္ထိတံ - တောင်းဆိုအပ်သမျှသည်၊ ခိပ္ပမေဝ - မနှေးပကြာဆောလျှင်စွာသာ၊ သမိဇ္ဈတု - ပြီးစီးပြည့်စုံပါစေသတည်း။

ပန္နရသော - တစ်ဆယ့်ငါးရက် ညဉ့် ထွက်ပေါ်လာသော၊ စန္ဒော - လမင်းသည်၊ ပူရတိယထာ

- ချွန်းထောင်မတွေ့ အားလုံးပြည့်သကဲ့သို့၊ တုယှံ - သင်၏ (သင်တို့၏) သဗ္ဗေ - ခပ်သိမ်းကုန်သော၊ သင်္ကပ္ပါ - အကြံအစည်တို့သည်၊ ပူရေန္တု - ပြည့်စေကုန်သတည်း။

တုယှံ - သင်၏ (သင်တို့၏) ဣစ္ဆိတံ - လိုအပ်သမျှသည်၊ ပတ္ထိတံ - တောင်းဆိုအပ်သမျှသည်၊ ခိပ္ပမေဝ - မနှေးမကြာဆောလျှင်စွာသော၊ သမိဇ္ဈတု - ပြီးစီးပြည့်စုံပါစေသတည်း။

ဇောတိရသော - ဇောတိရသအမည်ရှိသော မဏိ - ပတ္တမြားသည် (သာမိကသွ - ပိုင်ရှင်၏၊ သင်္ကပ္ပေ - ကြံရွယ်တိုင်းတို့ကို)၊ ပူရေတိယထာ - ပြည့်စုံစေကဲ့သို့၊ တုယှံ - သင်၏ (သင်တို့၏)၊ သဗ္ဗေခပ်သိမ်းကုန်သော၊ သင်္ကပ္ပါ - အကြံအစည်တို့သည်၊ ပူရေန္တု - ပြည့်စုံစေကုန်သတည်း။

ဤပစ္စေကဗုဒ္ဓါ - ဂါထာတို့ဖြင့် အနုမောဒနာပြုတော်မူ၍ ငါသည် ဤလူတို့၏ စိတ်ကို ကြည်ညိုစေသင့်သည်ဟု ဆင်ခြင်၍ ဤလူတို့သည် ဂန္ဓမာဒန တောင်ရောက်သည်တိုင်အောင် ငါ့ကို မြင်ကြစေကုန်သတည်းဟု အဓိဋ္ဌာန်၍ ကြွသွားတော်မူပြီ။

ထိုလူငါးဦးတို့သည်လည်း ပစ္စေကဗုဒ္ဓါကို လှမ်းမျှော်ကြည့်ကုန်လျက်သာတည်နေကြကုန်၏။

ပစ္စေကဗုဒ္ဓါ - အရှင်မြတ်သည် ဂန္ဓမာဒန - တောင်သို့ကြွတော်မူပြီး လှူဒါန်းလိုက်သော ထိုဆွမ်းကို ပစ္စေက ဗုဒ္ဓါငါးရာတို့နှင့်အတူ ခွဲဝေဘုဉ်းပေးတော်မူပြီ။ ထိုဆွမ်းသည် ထိုပစ္စေကဗုဒ္ဓါ၏ တန်ခိုးအာနုဘော်ကြောင့် ပစ္စေကဗုဒ္ဓါအားလုံးတို့ ဘုဉ်းပေးလောက်လေ၏။

ဗာရာဏသီ သူဌေးအစရှိသော ထိုလူငါးဦးတို့သည် လှမ်းမျှော်ကြည့်ကုန်လျက်သာ တည်နေကြကုန်၏။

မွန်းတည့်အချိန်လွန်ပြီးသော် သူဌေးကတော်သည် ထမင်းအိုးကို ဆေးကြော၍ ပိတ်ထားလေ၏။ သူဌေးသည်လည်း ဆာလောင်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ လှဲလျောင်းပြီး အိပ်ပျော်နေလေ၏။

သူဌေးကြီးသည် ညနေချမ်းအချိန်၌ အိပ်ရာမှ နိုး၍ အို သူဌေးကတော် ငါအလွန်ဆာနေ၏။ ထမင်းအိုးအတွင်း အိုးဖင်၌ကပ်နေသော ထမင်းဂျိုးများရှိလေမလားဟု သူဌေးကတော်ကို ပြောဆို၏။

သူဌေးကတော်သည် ထမင်းအိုးဆေးထားသည်ကို သိသော်လည်း မရှိဟူသော စကားကို မပြောမူ၍ ထမင်းအိုးကိုဖွင့်ကြည့်ပြီး ပြောပြမည်ဟူသော စိတ်ထားဖြင့် နေရာမှထ၍ ထမင်းအိုးအနီးသို့ သွားကာ ထမင်းအိုးကို ဖွင့်ကြည့်လေပြီ။ ဖွင့်ကြည့်ဆဲခဏမှာပင် မြတ်လေးပန်း ငုံအဆင်းနှင့်တူသော အဆင်းရှိသော ထမင်းဖြင့် ပြည့်နေသော အိုးသည် စလောင်းဖုံးကို မြှောက်တင်နေလေ၏။ (စလောင်းဖုံးအာနေသည်ဟု ဆိုလိုသည်)

သူဌေးကတော်သည် ထမင်းဖြင့် ပြည့်နေသော အိုးကို မြင်၍သာ နှစ်သက်ခြင်းပီတိဖြင့် တွေ့ထိနေသော ခန္ဓာကိုယ်ရှိရကား သူဌေးကို ဤသို့ပြောလေ၏။

အို အိမ်ရှင့်သူဌေး အိပ်ရာမှ ထပါလော၊ ကျွန်မသည် ထမင်းအိုးကိုဆေး၍ ပိတ်ထားခဲ့ပါပြီ။ သို့ပါသော်လည်း ထမင်းအိုးသည် မြတ်လေးပန်းငုံအဆင်းနှင့်တူသော အဆင်းရှိသော ထမင်းဖြင့် ပြည့်နေပါသည်။ ကောင်းမှုတို့ မည်သည် ပြုထိုက်သော သဘောရှိပါကုန်၏။ ဒါနမည်သည်ပြုထိုက်လှပါပေ၏။

အို အိမ့်ရှင်သူဌေး၊ အိပ်ရာမှ ထပါလော့၊ ထမင်းစားပါ၊

သူဌေးကတော်သည် ဤသို့ပြောဆိုပြီး သားအဖနှစ်ယောက်တို့အား၊ ထမင်းကို ပေးလေ၏။

သားအဖနှစ်ယောက်တို့ ထမင်းစား၍ ထသွားကြသော် ချွေးမနှင့်အတူထိုင်၍ ထမင်းစားပြီး ပုဏ္ဏအား ထမင်းကိုပေးလေ၏။

ထမင်းအိုးအတွင်း ယူအပ်ရာ ယူအပ်ရာနေရာသည် (ယူတိုင်း ယူတိုင်းသောနေရာသည်) ကုန်မသွားချေ၊ ယောင်းမဖြင့် (ထမင်းကော်ဇွန်းဖြင့်) တစ်ကြိမ်ယူအပ်ရာနေရာသည်သာ ထင်နေလေ၏။

ထိုနေ့၌ပင် စပါးကျည် အစရှိသည်တို့သည် ရှေး၌ပြည့်မြဲတိုင်းသာ ပြန်၍ပြည့်နေလေ၏။

ဇာရာဏသီ သူဌေးအိမ်၌ ထမင်းဖြစ်ပေါ်နေပြီ၊ ထမင်းမျိုးစေ့တို့ဖြင့် အလိုရှိသူတို့သည် လာ၍ ယူကြကုန်လော့ဟု မြို့အတွင်း၌ ကြွေးကြော်စေ၏။

လူတို့သည် ဇာရာဏသီ သူဌေးအိမ်မှ ထမင်းမျိုးစေ့ကို ယူကြကုန်၏။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး နေသူတို့သည် သူဌေးကို အမှီပြု၍ အသက်ရှင်ခွင့်ကို ရကြကုန်သည်သာ။

ဇာရာဏသီ သူဌေးသည် ထိုဘဝမှစုတေ၍ နတ်ပြည်၌ဖြစ်ပြီး နတ်အဖြစ် လူအဖြစ်တို့၌ တစ်ပြောင်းပြန် ပြန်ကျင်လည်နေရစဉ် ဂေါတမမြတ်စွာဘုရားပွင့်ချိန်နီးလတ်သော် ဘဒ္ဒိယမြို့သူဌေးမျိုး၌ ဖြစ်လေပြီ။

ယခင် ဇာရာဏသီ သူဌေး၏ဇနီးဖြစ်သူသည်လည်း စည်းစိမ်ဥစ္စာပေါများသောအမျိုး၌ လူဖြစ်၍ အရွယ်ရောက်လတ်သော် ဘဒ္ဒိယသူဌေးအိမ်သို့သာသွားရောက်လေ၏။

ထိုသူဌေး၏ အတိတ်ဘဝက ပြုခဲ့သော ထိုကုသိုလ်ကံကို အမှီပြု၍ အိမ်နောက်ဖေး၌ ဆိုအပ်ခဲ့ပြီးသော အထူးရှိကုန်သော ရွှေဆိတ်ရုပ်တို့သည် မြေတွင်းမှ ပေါ်ထွက်နေလေကုန်ပြီ။ ထိုမေဏ္ဍကသူဌေး ဇနီးမောင်နှံတို့ ၏ ယခုဘဝသားသည်လည်း ယခင်ဆုတောင်းခဲ့သော သားသာ ဖြစ်၏။ ချွေးမနှင့် ကျွန်တို့သည်လည်း ယခင်ဆုတောင်းခဲ့သော ချွေးမနှင့်ကျွန်တို့သာဖြစ်ကုန်၏။

ထိုအချိန်တွင် တစ်နေ့သ၌ မေဏ္ဍကသူဌေးသည် မိမိကုသိုလ်ကောင်းမှုကို အကဲခတ်စုံစမ်းလို သည်ဖြစ်၍ စပါးကျီတစ်ထောင့်နှစ်ရာငါးဆယ်တို့ကို သုတ်သင်သန့်ရှင်းစေ၍ ဦးခေါင်းနှင့်တကွ ရေချိုးပြီးစပါးကျည် တံခါးဝ၌ ထိုင်၍ အထက်ကောင်းကင်သို့ မော့ကြည့်လေ၏။ စပါးကျီအားလုံးတို့သည် သလေးစပါးနီတို့ဖြင့် ပြည့်ကုန်လေ၏။

မေဏ္ဍက သူဌေးသည် ကျန်ရှိသူတို့၏ ကုသိုလ်ကောင်းမှုတို့ကိုလည်း အကဲခတ်စုံစမ်းလိုသူဖြစ်၍ ဇနီးနှင့်သားအစရှိသောသူတို့ကိုလည်း သင်တို့၏ ကောင်းမှုကုသိုလ်တို့ကိုလည်း အကဲခတ်စုံစမ်းကြဟု ပြောဆိုလေ၏။

ထိုသို့ စုံစမ်းခိုင်းသောအခါ၌ မေဏ္ဍကသူဌေး၏ ဇနီးသည် အဆင်တန်ဆာမျိုးစုံတို့ဖြင့် တန်ဆာဆင်၍ လူအများမြင်နေစဉ်မှာပင် ဆန်တို့ကိုချင့်၍ ထိုဆန်တို့ဖြင့် ထမင်းကိုချက်စေ၍ အိမ်တံခါးမုခ်ခင်းထားအပ်သောနေ ရာ၌ ထိုင်၍ ရွှေယောက်ချိုကို ကိုင်၍ ထမင်းလိုချင်သူတို့လာကြပါ၊ လာကြပါဟု ကြွေးကြော်စေပြီးရောက်လာ ရောက်လာသူတို့၏ အနီး၌ ကပ်ဆောင်အပ်သော အိုးခွက် တို့ကို ထမင်းဖြင့်ပြည့်စေ၍ပေးလေ၏။ တစ်နှစ်ပတ်လုံးပေးသော်လည်း ယောက်ချိုဖြင့် ခပ်ယူရာ နေရာ သည်သာထင်နေလေ၏။

ထိုသူဌေးကတော်၏ ရှေးဘုရားရှင်တို့ လက်ထက်ရဟန်းသံဃာအားလည်း လက်ဝဲလက်ဖြင့်

ထမင်းအိုးကိုကိုင်၊ လက်ယာလက်ဖြင့်ယောက်ချိုကိုကိုင်၍ ဆွမ်းကိုသပိတ်၌ပြည့်စေ၍ ပေးလှူအပ်ခဲ့သောကြောင့် လက်ဝဲလက်ဖဝါးအပြင်ကို ပြည့်စေ၍ ပဒုမ္မာကြာ အမှတ်အသားဖြစ်ပေါ်နေ၏။ လက်ယာလက်ဖဝါးကိုပြည့်စေ၍ လရေးအမှတ်အသား ဖြစ်ပေါ်နေ၏။

ထိုမှတစ်ပါး လက်ဝဲလက်ဖြင့် ဓမကရိုဏ် ရေစစ်ကိုကိုင်၍ ရဟန်းသံဃာအား ရေကိုစစ်၍ ပေးလှူစဉ် ဟိုနေရာ ဒီနေရာအပြန်ပြန်သွားလာခဲ့ပြီ၊ ထိုကြောင့် ထိုသူဌေးကတော်၏ လက်ယာခြေဖဝါးအပြင်ကို ပြည့်စေ၍ လရေးအမှတ်အသား ဖြစ်ပေါ်လေပြီ။ လက်ဝဲခြေဖဝါးအပြင်ကို ပြည့်စေ၍ ပဒုမ္မာကြာ အမှတ်အသားဖြစ်ပေါ်လေ၏။ ဤအကြောင်းကြောင့် သူဌေးကတော်၏ အမည်ကိုစန္ဒပဒုမာ-ဟုခေါ်ကြကုန်၏။

မေဏ္ဍကသူဌေး၏ သားသည်လည်း ဦးခေါင်းနှင့်တကွရေချိုး၍ အသပြာကျပ်တစ်ထောင်ဝင် အိတ်ကို ကိုင်၍ အသပြာကျပ်တို့ဖြင့် အလိုရှိသူတို့လာယူကြပါဟု ပြောဆို၍ ရောက်လာရောက်လာကုန်သော သူတို့၏ ယူခဲ့သော အိုးခွက်တို့ကိုပြည့်စေ၍ အသပြာကျပ်တို့ကို ပေးလှူလေ၏။ ငွေအိတ်အတွင်း၌ အသပြာကျပ်တစ်ထောင်သာ ဖြစ်နေလေ၏။

မေဏ္ဍကသူဌေး၏ ချွေးမသည်လည်း အဆင်တန်ဆာမျိုးစုံတို့ဖြင့် တန်ဆာဆင်၍ စပါးတောင်းကိုယူ၍ အကာအကွယ်မရှိသော ဟင်းလင်းအပြင်၌ထိုင်၍ ထမင်းမျိုးစေ့တို့ဖြင့် အလိုရှိသူများလာယူကြပါဟု ခေါ်ဆို၍ ရောက်လာ ရောက်လာသူတို့အား ယူခဲ့သော တောင်းခွက်တို့ကို ပြည့်စေ၍ ပေးလေ၏။ စပါထည့်တောင်းသည် ပြည့်မြဲတိုင်းသာ ပြည့်နေလေ၏။

မေဏ္ဍကသူဌေး၏ ကျွန်သည်လည်း မိမိ၏အဆင်တန်ဆာအားလုံးဖြင့် တန်ဆာဆင်၍ ရွှေကွတ်သော ထမ်းပိုးတို့၌ ရွှေချည်ရောသော ကြိုးတို့ဖြင့် နွားတို့ကိုချည်၍ ရွှေကွပ်သောနှင်တံကို ကိုင်၍ နွားနှစ်ကောင်တို့ကိုယ်ပေါ်၌ နံ့သာလက်ငါးချောင်းရာတို့ကို နှိပ်၍ ဦးချိုတို့၌ နွားဦးချိုသဏ္ဍာန်ပြုထားသော ရွှေအိတ်ခွံတို့ကို စွပ်၍ လယ်တောသို့သွား၍ မောင်းနှင်ထွန်ယက်လေ၏။ လက်ယာဘက်မှ ထွန်ရေးသုံးကြောင်း၊ လက်ဝဲဘက်မှထွန်ရေးသုံးကြောင်း၊ အလယ်မှ ထွန်ရေးတစ်ကြောင်းအားဖြင့် ထွန်ရေးခုနစ်ကြောင်းတို့သည် မြေကြီးကိုခွဲ၍ သွားကုန်၏။ ဇမ္ဗူဒိပ်နေသူလူတို့သည် ထမင်းမျိုးစေ့ငွေရွှေ အစရှိသည်တို့တွင် မိမိတို့နှစ်သက်အပ်သော ပစ္စည်းကို မေဏ္ဍက သူဌေးအိမ်မှသာ ယူကြကုန်၏။

ဤ မိသားစု ငါးယောက်တို့သည် မဟာပုည (ဘုန်းကံကြီးသူ) တို့ဖြစ်ကြကုန်၏။

ဤသို့ ဘုန်းတန်ခိုးအာနုဘော် ကြီးမားသော မေဏ္ဍကသူဌေးသည် မြတ်စွာဘုရားကြွလာကြောင်း သတင်းကောင်းစကားကိုကြားရသဖြင့် မြတ်စွာဘုရားအားခရီးဦးကြိုပြုမည်အကြံဖြင့် အိမ်မှထွက်လာစဉ် လမ်းခရီးအကြား၌ (လမ်းခရီးအလယ်၌) တိတ္ထိတို့ကို တွေ့မြင်၍ တိတ္ထိတို့က အို သူဌေးအိမ့်ရှင် သင်သည်ကိရိယဝါဒ (ပြုအပ်၏ ဟူသောအယူ) ရှိသူဖြစ်လျက် အကိရိယဝါဒ (မပြုအပ်ဟူသောအယူ) ရှိသော ရဟန်းဂေါတမထံ အဘယ်ကြောင့်သွားမည်နည်းဟု ပိတ်ပင်တားမြစ်အပ်သော်လည်း တိတ္ထိတို့စကားကို မနာယူဘဲ မြတ်စွာဘုရား ထံသွားရောက်ရှိခိုး၍ သင့်လျော်ရာနေရာ၌ ထိုင်နေ၏။

ထိုအခါ မေဏ္ဍကသူဌေးအား မြတ်စွာဘုရားသည် အစဉ်အတိုင်းဖြစ်သော တရားစကားကို ဟောပြတော်မူသည်။

အနုပုဗ္ဗိကထာ အစဉ်အတိုင်းဖြစ်သော တရားစကား

၁။ ဒါနကထာ

၂။ သီလကထာ

၃။ သဂ္ဂကထာ (နတ်စည်းစိမ်နှင့် စပ်သောစကား)

၄။ ကာမာဒီနဝကထာ(ကာမဂုဏ်အပြစ်ပြစကား)

၅။ နိက္ခမ္မေအာနိသံသကထာ (ကာမမှ ထွက်မြောက်ခြင်း၌ အကျိုးပြစကား)

မေဏ္ဍကသူဌေးသည် တရားဒေသနာတော် အဆုံး၌ သောတာပတ္တိဖိုလ်သို့ ရောက်၍ တိတ္ထိတို့က ကျေးဇူးမဲ့စကားကို ပြောဆို၍ မိမိကိုတားမြစ်ကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

ထိုအခါ မေဏ္ဍကသူဌေးကို မြတ်စွာဘုရားသည် အို အိမ်မှုရှင်သူဌေး ဤသတ္တဝါတို့ မည်သည် မိမိ၏ ကြီးမားသောအပြစ်ကို မမြင်ကြ၊ တစ်ခြားသူတို့၏ အပြစ်မရှိပါသော်လည်း အရှိပြု၍ ထိုထိုနေရာတို့၌ ဖွဲကို ကြလွင့်သကဲ့သို့ ဖရိုဖရဲပြောဆိုကြလွင့်ကုန်၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။

ပရေသံဟိ သော ဝဇ္ဇာနိ၊ ဩဖုနာတိ ယထာ ဘုသံ။

အတ္တနော ပန ဆာဒေတိ၊ ကလိံ ဝ ကိတဝါ သဌော။

ယော-အကြင်သူသည်၊ အညေသံ-အခြားသူတို့၏ ဝဇ္ဇံ-အနုမြူမျှ မပြောပလောက်သော ချွတ်ယွင်းချက်ကို၊ သုဒဿံမြင်လွယ်၏။

အတ္တနော-မိမိ၏၊ ဝဇ္ဇံ ပန-အပြစ်ကြီးကိုကား၊ ဒုဒ္ဒသံ-မြင်နိုင်ခဲ၏။

သော-ထိုသူသည်၊ ဘုသံ-ဖွဲကို၊ ဩဖုနာတိယထာ-ကြပြန့်သကဲ့သို့၊ ပရေသံ-တစ်ခြားသူတို့၏၊ ဝဇ္ဇာနိ-အပြစ်တို့ကို၊ ဟိ-စင်စစ်ဩဖုနာတိ-သံဃအလယ်စသည်တို့၌ ကြဖြန့်တတ်လေ၏။

တစ်နည်း။

ယော-အကြင်သူသည်၊ အညေသံ-အခြားသူတို့၏၊ ဝဇ္ဇံ-အနုမြူမျှ မပြောပလောက်သော ချွတ်ယွင်းချက်ကို၊ သုဒဿံ-မြင်လွယ်၏။

အတ္တနော-မိမိ၏၊ ဝဇ္ဇံပန-အပြစ်ကြီးကိုကား၊ ဟိယသ္မာ-အကြင်ကြောင့်၊ ဒုဒ္ဒသံ-မြင်နိုင်ခဲ၏၊ တသ္မာ-ထို့ကြောင့်၊ သော-ထိုသူသည်၊ ဘုသံ-ဖွဲကို၊ ဩဖုနာတိယထာ-မြင့်ရာအရပ်၌နေ၍ ကြဖြန့်သကဲ့သို့၊ ပရေသံ-တစ်ခြားသူတို့၏၊ ဝဇ္ဇာနိ-အပြစ်တို့ကို ဩဖုနာတိ-သံဃာအလယ်စသည်တို့၌ ကြဖြန့်တတ်လေ၏။

သဌော-စဉ်းလဲသော ငှက်မုဆိုးသည်၊ ကလိံ-မိမိကိုယ်ကို၊ ကိတဝါဣဝ-သစ်ခက်စသည်ဖြင့် ဖုံးကွယ်သကဲ့သို့၊ အတ္တ နော-မိမိ၏၊ ဝဇ္ဇံပန-အပြစ်ကိုမူ၊ ဆာဒေတိ-ဖုံးကွယ်ထားလေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**မေဏ္ဍကသေဋ္ဌိဝတ္ထု ပြီး၏။**

## ၈၃။ ဥဇ္ဈာနသညိတ္ထေရဝတ္ထု
## အမှတ်အသားဖြင့် ကဲ့ရဲ့တတ်သောထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥဇ္ဈာနသညိအမည်ရှိသော ထေရ်တစ်ပါးသည် ဤရဟန်းသည် ဤသို့ သင်းပိုင်ကို ဝတ်၏။ ဤသို့ ကိုယ်ဝတ် ကောသီကို ရုံ၏ဟု ရဟန်းတို့၏ အပြစ်ကိုသာ ရှာဖွေလျက် သွားလာနေထိုင်၏။

ရဟန်းတို့သည် မြတ်စွာဘုရား ဤအမည်ရှိသော ထေရ်သည် ဤသို့ ပြုနေပါ၏ဟု မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ကျင့်ဝတ်ကို ဦးတည်မှု၍ ရပ်တည်၍ (ကျင့်ဝတ်ကိုဦးတည်၍) ဤသို့ ဆုံးမသူကို အပြစ်မတင်ထိုက် မကဲ့ရဲ့ထိုက်၊ အကြင်ရဟန်းသည်ကား အမြဲကဲ့ရဲ့လိုသော အမှတ်သညာရှိသဖြင့် တစ်ခြားရဟန်းတို့၏ အပြစ်ကိုရှာဖွေလျက် ဤသို့ ပြောဆိုနေထိုင်၏။ ထိုရဟန်း၏ ဈာန်အစရှိသည်တို့တွင် တရာထူးတစ်ခုသော်လည်း မဖြစ်ပါလေစ။ စစ်စစ် အာသဝေါတရားတို့သာ တိုးပွားကုန်၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောပြတော်မူသည်။

ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာန သညိနော။
အာသဝါတဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။

ပရဝဇ္ဇာနုပဿိဿ - သူတစ်ပါးတို့အပြစ်ကို မပြတ်ရှုမြင်တတ်သော၊ နိစ္စံ - အမြဲ၊ ဥဇ္ဈာနသညိနော - ကဲ့ရဲ့လိုသော အမှတ်ရှိသော၊ တဿ - ထိုပုဂ္ဂိုလ်၏၊ အာသဝါ - ကာမာသဝစသည် အပြားအာသဝ တရားလေးပါး တို့သည်၊ ဝဍ္ဎန္တိ - တိုးပွားကုန်၏။ သော - ထိုပုဂ္ဂိုလ်သည်၊ အာသဝက္ခယာ - အာသဝေါ တရားလေးပါးတို့၏ ကုန်ရာအရဟတ္တမဂ်မှ၊ အာရာ - ဝေးခြင်းကြီး ဝေးလေ၏။ ဝါ - ဝေးသူဖြစ်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်ပြီ။

**ဥဇ္ဈာနသညိတ္ထေရဝတ္ထု ပြီး၏။**

# ၈၄။ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု
# သုဘဒ္ဒပရိဗိုဇ်အကြောင်း

သုဘဒ္ဒပရိဗိုဇ်အကြောင်းကို အကျယ်ပြဆိုဦးအံ့။

သုဘဒ္ဒပရိဗိုဇ်သည် အတိတ်ကာလ တစ်ခုသော ဘဝ၌ အစ်ကိုဖြစ်၍ ညီဖြစ်သူသည် တစ်ကြိမ် စိုက်ပျိုးအပ်သော ကောက်စပါး၌ ကိုးကြိမ်တိုင်အောင် အဂ္ဂဒါန (ဦးဦးဖျားဖျားအလှူ) ကို ပေးလှူလေသော် မိမိက မပေးမလှူလို၍ ချန်နေခဲ့ရာ နောက်ဆုံး၌ ပေးလှူလေ၏။

ထို့ကြောင့် မြတ်စွာဘုရား၏ ပဌမဗောဓိ (၁၅) ဝါအတွင်း၌လည်းကောင်း၊ တစ်နည်း၊ ပဌမ ဗောဓိဝါ (၂၀) အတွင်း၌လည်းကောင်း၊ မဇ္ဈိမဗောဓိဝါ (၃၀) အတွင်း၌လည်းကောင်း၊ မြတ်စွာဘုရားကို ဖူးမြင်ခွင့်မရခဲ့ချေ။ ပစ္ဆိမဗောဓိ (၄၅) ဝါအဆုံး မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးအချိန်၌ ငါသည် ပြဿနာသုံးမျိုး၌ ငါ၏ ယုံမှားမှုကို မဆုံးဖြတ်နိုင်မှုကို သက်ကြီးပရိဗိုဇ်တို့ကိုသာ မေးပြီး ရဟန်းဂေါတမကို ငယ်သူဟူသော အမှတ်ဖြင့် ငါမမေးခဲ့။ ယခုအခါ ထိုရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုခါနီးအချိန် ဖြစ်၏။ နောက်အချိန်၌ ရဟန်းဂေါတမအား မမေးလိုက်ရခြင်းကြောင့် ငါ၏ နှလုံးမသာယာမှုဖြစ်လေရာ၏ဟု စိတ်ကူးပြီး မြတ်စွာဘုရားထံ ချဉ်းကပ်၍ အာနန္ဒာထေရ်က တားမြစ်အပ်သော်လည်း မြတ်စွာဘုရားက ခွင့်ပြု၍ -

အို အာနန္ဒာ - သုဘဒ္ဒကို မတားမြစ်ပါနှင့်၊ ငါဘုရားကို ပြဿနာမေးပါစေဟု မိန့်အပ်လေသော် တင်းတိမ်ကန့်လန့်ကာ အတွင်းဝင်၍ ညောင်စောင်းငယ်အောက်၌ ထိုင်နေလျက်

အို အရှင်ရဟန်း၊ အသို့နည်း ကောင်းကင်၌ ထင်သောခြေရာသည် ရှိပါသလော၊ အရှင်ရဟန်း၏ သာသနာမှ ပြင်ပ၌ ကိလေသာငြိမ်းသူရှိပါသလော၊ ခိုင်မြဲသော သင်္ခါရတို့ ရှိပါကုန်သလောဟူသော ဤအမေးတို့ကို မေးလေပြီ။

ထိုအခါ သုဘဒ္ဒအား မြတ်စွာဘုရားသည် ကောင်းကင်၌တင်သောခြေရာ မိမိသာသနာမှ ပြင်ပ၌ ကိလေသာငြိမ်းသူ မြဲသောသင်္ခါရတို့ မရှိခြင်းကို ပြောကြားလို၍ ဆိုလတ္တံ့သော ဤဂါထာတို့ဖြင့် တရားဟောတော်မူပြီ။

အာကာ သေဝပဒံနတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
ပပဉ္စာဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာ ဂတာ။

အာကာ သေဝပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
သင်္ခါရာ သဿကာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။

အာကာသေ - ကောင်းကင်၌၊ ပဒံ - ခြေရာသည်၊ နတ္ထိဧဝ - မရှိသည်သာ၊ ဗာဟိရေ - ငါဘုရားသာသနာမှ ပြင်ပ အယူအဆဝါဒ၌၊ သမဏော - ကိလေသာငြိမ်းသူသည်၊ ဝါ မဂ်ဖိုလ်၌ တည်သူသည်၊ နတ္ထိဧဝ - မရှိသည်သာ။

ပဇာ - သတ္တဝါအပေါင်းသည်၊ ပပဉ္စာဘိရတာ - သံသရာကိုချဲ့ထွင်တတ်သော တဏှာမာန ဒိဋ္ဌိ ပပဉ္စတရားတို့၌ မွေ့လျော်ကြကုန်၏။ တထာဂတာ - ငါဘုရားတို့သည်၊ နိပ္ပပဉ္စာ - ပပဉ္စသုံးခင်း အလျင်း မရှိကြလေကုန်။

အာကာသေ - ကောင်းကင်၌၊ ပဒံ - ခြေရာသည်၊ နတ္ထိဧဝ - မရှိသည်သာ၊ ဗာဟိရေ - ငါဘုရားသာသနာမှ ပြင်ပအယူအဆဝါဒ၌၊ သမဏော - ကိလေသာငြိမ်းသူသည်၊ ဝါ - မဂ်ဖိုလ်၌ တည်သော ရဟန်းမည်သည်၊ နတ္ထိဧဝ - မရှိသည်သာ။

သဿတာ - တည်မြဲကုန်သော၊ သင်္ခါရာ - သင်္ခါရတို့သည်၊ နတ္ထိဧဝ - မရှိကုန်သည်သာ၊ ဗုဒ္ဓါနံ - ဘုရားရှင်တို့အား၊ ဣဉ္ဇိတံ - သင်္ခါရတို့သည် မြဲကုန်၏ဟု ယူဆကြောင်းဖြစ်သော တဏှာ မာန ဒိဋ္ဌိဟူသော တုန်လှုပ်မှုတရားသည်၊ နတ္ထိဧဝ - မရှိသည်သာ။

ဒေသနာတော်အဆုံး၌ သုဘဒ္ဒသည် အနာဂါမိဖိုလ်၌ တည်လေပြီ။ ရောက်လာသူ ပရိသတ်၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု ပြီး၏။**

# ၁၉။ ဓမ္မဋ္ဌဝဂ်
## ၈၅။ ဝိနိစ္ဆယမဟာမတ္တဝတ္ထု
## တရားစီရင်ကြသော အမတ်ကြီးများအကြောင်း

တစ်နေ့သ၌ ရဟန်းတို့သည် သာဝတ္ထိမြို့ မြောက်တံခါးအနီးရှိရွာ၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ထွက်ခွာခဲ့ကြပြီး သာဝတ္ထိမြို့အလယ်လမ်းဖြင့် ဇေတဝန်ကျောင်းတော်သို့ လာခဲ့ကြကုန်၏။ ထိုသို့လာဆဲခဏ၌ မိုးတက်၍ ရွာလေ၏။ ထိုရဟန်းတို့သည် မိမိတို့ မျက်နှာရှေ့၌ ရှိနေသော တရားဆုံးဖြတ်ရာ ဇရပ်သို့ ဝင်ရောက်၍ တံစိုးလက်ဆောင်ကိုယူ၍ ပိုင်ရှင်စစ်မှန်သူတို့ကို ပိုင်ရှင်မဟုတ်သူများအဖြစ် ပြုလုပ်ဆုံးဖြတ်နေကြသော ဝိနိစ္ဆယအမတ်ကြီးတို့ကို တွေ့မြင်ကြလေသော် အံ့ဩလောက်ပါ၏။ ဤတရားသူကြီးတို့သည် တရားမရှိသူများတည်း။ ငါတို့ကမူကား ဤတရားသူကြီးတို့သည် တရားသဖြင့် ဆုံးဖြတ်ကြပြီဟု ထင်မှတ်ကြကုန်သည်ဟူသော စိတ်ထားဖြင့် မိုးလင်းလေသော် ဇေတဝန်ကျောင်းသို့ သွားရောက်၍ မြတ်စွာဘုရားကို ရှိခိုးကြပြီး တစ်နေရာ၌ ထိုင်နေကြကာ ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ဆန္ဒ ဒေါသ မောဟ ဘယအလိုလိုက်ကုန်၍ အနိုင့်အထက်အားဖြင့် တရားဆုံးဖြတ်သူတို့သည် တရား၌ တည်သူများမဟုတ်ကြကုန်။

အပြစ်ကို မေးမြန်းစိစစ်၍ အပြစ်အားလျော်စွာ အနိုင့်အထက် မပြုဘဲဆုံးဖြတ်သူတို့သာ တရား၌ တည်သူများဖြစ်ကြသည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤနှစ်ဂါထာတို့ကို ဟောတော်မူပြီ။

နတေန ဟောတိ ဓမ္မဋ္ဌော၊ ယေနတ္ထံ သာဟသာ နယေ။
ယောစ အတ္ထံ အနတ္ထဉ္စ၊ ဥဘောနိစ္ဆေယျ ပဏ္ဍိတော။

အသာဟသေန ဓမ္မေန၊ သမေန နယတီ ပရေ။
ဓမ္မဿ ဂုတ္တော မေဓာဝီ၊ ဓမ္မဋ္ဌော တိ ပဝုစ္စတိ။

ယော - အကြင်သူသည်၊ ယေန - အကြင်အကြောင်းဖြင့်၊ အတ္ထံ - ဆုံးဖြတ်လိုက်သော အကြောင်းကို၊ သာဟသာ - နိုင်ထက်ပြုလို မှုသားဆိုသဖြင့်၊ နယေ - ဆုံးဖြတ်ရာ၏။ တေန - ထိုအကြောင်းကြောင့်၊ သော - ထိုသူသည်၊ ဓမ္မဋ္ဌော - မှန်ကန်သော တရားလမ်းကြောင်း၌ တည်သူသည်၊ နဟောတိ - မဖြစ်။ ပဏ္ဍိတော - အသိအလိမ္မာရှိသော၊ ယောစ - အကြင်သူသည်ကား၊ အတ္ထံစ - ဟုတ်မှန်သောအကြောင်းကိုလည်းကောင်း၊ အနတ္ထဉ္စ - မဟုတ်မမှန်သောအကြောင်းကိုလည်းကောင်း၊ ဥဘော - နှစ်မျိုးစုံတို့ကို၊ နိစ္ဆေယျ - ဆုံးဖြတ်ရာ၏။

ပရေ - တရားတွေ့ယူ တစ်ပါးသူတို့ကို၊ အသာဟသေန - နိုင်ထက်ပြုလို မှုသားမဆိုသဖြင့်၊

ဓမ္မေန - တရားဥပဒေနှင့်၊ သမေန - ညီသဖြင့်၊ နယတိ - ဆုံးဖြတ်၏။ ဝါ - နိုင်ခြင်းသို့သော်လည်းကောင်း၊ ရှုံးခြင်းသို့သော်လည်းကောင်း ရောက်စေ၏။ ဓမ္မဿ - တရားဥပဒေကို၊ ဂုတ္တော - မတိမ်းစောင်းအောင် စောင့်ရှောက်သော၊ မေဓာဝီ - ဓမ္မောဇပညာနှင့် ပြည့်စုံသော၊ သောပဏ္ဍိတော - အသိအလိမ္မာရှိသူ ထိုလူကို၊ ဓမ္မဋ္ဌောတိ - မှန်ကန်သော တရားလမ်းကြောင်း၌ တည်သူဟူ၍၊ ပဝုစ္စတိ - သတ်သတ်မှတ်မှတ် ဆိုအပ်ပါပေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ဝိနိစ္ဆယမဟာမတ္တဝတ္ထု ပြီး၏။**

## ၈၆။ ဆဗ္ဗဂ္ဂိယဝတ္ထု
## ခြောက်ယောက်အစုရှိသော ရဟန်းတို့အကြောင်း

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျောင်းတွင်း၌လည်းကောင်း၊ ရွာတွင်း၌လည်းကောင်း၊ ဆွမ်းစားကျောင်း၊ ဆွမ်းစားဇရပ်ကို အနှောင့်အယှက် ပြုလုပ်နေကြသည်။

တစ်နေ့သည်၌ ရဟန်းတို့သည် ရွာတွင်း၌ ဆွမ်းကိစ္စပြီး၍ ရွာမှပြန်လာကုန်သော ရဟန်းငယ်နှင့် သာမဏေတို့ကို ငါ့ရှင်တို့၊ ဆွမ်းစားဇရပ်သည် အဘယ်သို့ သဘောရှိသနည်းဟု မေးကြကုန်၏။

ထိုအခါ ရဟန်းငယ်နှင့် သာမဏေတို့က အရှင်ဘုရားတို့ မေးတော်မမူကြပါနှင့်၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ငါတို့သာ တတ်သိလိမ္မာသည်၊ ငါတို့သာ ပညာရှိသည်၊ ဤရဟန်းငယ်နှင့် သာမဏေတို့ကို ရိုက်ပုတ်၍ ဦးခေါင်းပေါ်၌ အမှိုက်သရိုက်ကို ကြဲချ၍ နှင်ထုတ်ကြကုန်အံ့ဟု ပြောဆိုကြပြီး တပည့်တော်တို့ကို ကျော၌ကိုင်၍ အမှိုက်သရိုက်ကို ကြဲချကုန်လျက် ဆွမ်းစားဇရပ်ကို နှောင့်ယှက်ရှုပ်ထွေးအောင် ပြုကြပါသည်ဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့သည် မြတ်စွာဘုရားထံသွား၍ အကြောင်းကိုလျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည် စကားများစွာ ပြောဆို၍ သူတစ်ပါးတို့ကို ညှင်းဆဲသူကို ပဏ္ဍိတဟု ဟောတော်မမူ တစ်ပါးသူတို့ကို ချမ်းသာစေသူ ရန်ကင်းစေသူ ဘေးကင်းစေသူကိုသာ ပဏ္ဍိတဟု ဟောတော်မူသည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူပြီ။

နတေန ပဏ္ဍိတော ဟောတိ၊ ယာဝတာ ဗဟု ဘာသတိ။
ခေမီ အဝေရီ အဘယော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။

ယာဝတာ - အကြင်မျှလောက်သောအကြောင်းဖြင့်၊ သံဃမဇ္ဈာ ဒီသု - သံဃအလယ်စသည်တို့၌၊ ဗဟုံ - များစွာ၊ ဘာသတိ - ပြောဆို၏။

တေန - ထိုအကြောင်းဖြင့်၊ ပဏ္ဍိတော - ပညာရှိသည်၊ နဟောတိ - မဖြစ်။

ခေမီ - ကိုယ်တိုင်ငြိမ်းချမ်းသည်ဖြစ်၍၊ သူတစ်ပါးတို့ကို ငြိမ်းချမ်းစေသူကို၊ အဝေရီ - ကိုယ်တိုင်ရန်မျိုး ငါးပါးမရှိသည်ဖြစ်၍ သူတစ်ပါးတို့ကို ရန်မရှိအောင် ပြုသူကို၊ အဘယော - ကိုယ်တိုင် ဘေးကင်းသည်ဖြစ်၍ သူတစ်ပါးတို့ကို ဘေးကင်းအောင်ပြုသူကို၊ ပဏ္ဍိတောတိ - ပညာရှိသူဟူ၍၊ ပဝုစ္စတိ - ဆိုအပ်၏။

ဒေသနာတော်အဆုံး၌ ရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ဆဗ္ဗဂ္ဂိယဝတ္ထု ပြီး၏။

## ၈၇။ ကေ့ဒါနတ္ထေရ ဓိဏာသဝတ္ထု
## ဥဒါန်းတစ်ဂါထာကိုသာ ဟောရွတ်လေ့ရှိသော ရဟန္တာအကြောင်း

ဧကုဒါနထေရ်သည် တောအုပ်တစ်ခု၌ တစ်ပါးတည်းသာ နေတော်မူသည်။

ထိုမထေရ်၏ တစ်ခုတည်းသာဖြစ်သော ဝါ-တစ်ဂါထာတည်းသာဖြစ်သော ဥဒါန်းကို လေ့လာခြင်းရှိ၏။

အဓိစေတသော အပ္ပမဇ္ဇတော၊
မုနိနော မောနပထေသု သိက္ခတော။
သောကာ နဘဝန္တိ တာဒိနော၊
ဥပသန္တဿ သဒါ သတီမတော။

အဓိစေတသော - လွန်မြတ်သော အရဟတ္တဖိုလ်စိတ်ရှိသော၊ အပ္ပမဇ္ဇတော - မေ့လျော့ခြင်း ကင်းသော၊ မောန ပထေသု - အရဟတ္တဖိုလ်၊ ပညာကိုရကြောင်းဖြစ်သော အကျင့်တရားတို့၌၊ သိက္ခတော - အပြည့်အစုံ ကျင့်ပြီးသော၊ တာဒိနော - ကောင်းဆိုးနှစ်တန် လောကဓံကြောင့် ဖောက်ပြန်မတုန် တာဒိဂုဏ်နှင့် ပြည့်စုံသော ဥပသန္တဿ - ကိလေသာဟူ အပူခပ်သိမ်းငြိမ်းပြီးသော၊ သဒါ - အခါခပ်သိမ်း၊ သတီမတော - သတိရှိသော၊ မုနိနော - ရဟန္တာ၏၊ ဝါ - ရဟန္တာအား၊ သောကာ - စိုးရိမ်ပူပန်ခြင်းတို့သည်၊ နဘဝန္တိ - မဖြစ်ကုန်။

ထိုဧကုဒါနထေရ်သည် ဥပုသ်နေ့တို့၌ ကိုယ်တိုင်သာ တရားနာခြင်းကို ကြွေးကြော်၍ ဖိတ်ကြား၍ ဤဂါထာကို ရွတ်ဆို ကျူးရင့်တော်မူသည်။

နတ်တို့၏ သာဓုခေါ်သံသည် မြေပြိုသောအသံနှင့်တူလေ၏။

ထိုအချိန်အခါ ဥပုသ်နေ့တစ်ရက်၌ ငါးရာငါးရာ အခြံအရံရှိကုန်သော တိပိဋကဓရ ပိဋကတ်သုံးပုံဆောင် ရဟန်းနှစ်ပါးတို့သည် ထိုဧကုဒါနထေရ် သီတင်းသုံးရာ တောအုပ်သို့ သွားကြကုန်၏။

ဧကုဒါနထေရ်သည် ထိုရဟန်းတို့ကို မြင်လေလျှင် နှစ်သက်ဝမ်းသာသော စိတ်ရှိသည်ဖြစ်၍ ကောင်းလှပါ၏။ တပည့်တော်နေရာ ဤအရပ်သို့ ကြွလာကြသော အရှင်မြတ်တို့သည် ကောင်းမွန်သည်ကို ပြုအပ်ပါပေ၏။ ယနေ့တပည့်တော်တို့သည် အရှင်ဘုရားတို့၏တရားကို ကြားနာကြပါမည်ဟု လျှောက်ထားလေ၏။

ငါ့ရှင် - ဤအရပ်၌ တရားနာလိုသူများ ရှိကြပါသလော။

အရှင်ဘုရားတို့ ရှိကြပါသည်။ ဤတောအုပ်သည် တရားနာယူရာနေ့၌ နတ်တို့၏ သာဓုခေါ်သံ ကောင်းချီးပေးသံဖြင့် တစ်ခဲနက် ပဲ့တင်ထပ်သံ ရှိပါပေ၏ဟု လျှောက်ထားလေ၏။

တိပိဋကဓရ နှစ်ပါးတို့တွင် တစ်ပါးသည် တရားကို နာယူရန် ဖိတ်ကြား၏ တစ်ပါးသည် တရားကို ဟော၏။ နတ်တစ်ဦးသော်လည်း သာဓုမခေါ် ကောင်းချီးမပေးလေ။

ထိုတိပိဋကစရ ရဟန်းတို့သည် ငါ့ရှင် သင်သည် တရားနာယူရာနေ့၌ ဤတောအုပ်ရှိ နတ်တို့သည် ကျယ်စွာသော အသံဖြင့် ကောင်းချီးပေးကြသည်ဟု ပြောဆို၏။ ယခုကောင်းချီးမပေးခြင်းသည် အကြောင်းအဘယ်ပါနည်း။

အရှင်ဘုရားတို့ အခြားသောနေ့တို့၌ ကောင်းချီးပေးသံဖြင့် တစ်ခဲနက် ပဲ့တင်သံသာရှိပါသည်။ ယခုကောင်းချီးပေးသံ မကြားရခြင်းသည် အဘယ်အကြောင်းရှိသည်ဟု တပည့်တော်မသိပါ။

ငါ့ရှင် - သို့ဖြစ်လျှင် သင်သည် ရှေးဦးစွာ တရားဟောပါဟု ဆိုကြသည်။

ဧကုဒါနထေရ်သည် ယပ်ဝန်းကို ကိုင်၍ တရားဟောရန် နေရာ၌ထိုင်လျက် အဓိစေတသော - အပ္ပမဇ္ဇတော - အစချီသော ဂါထာကိုသာ ရွတ်ဆိုလေ၏။ နတ်တို့သည် ကျယ်စွာသော အသံဖြင့် သာဓုခေါ် ကောင်းချီးပေးကြကုန်၏။

ထိုအခါ တိပိဋကစရ - ရဟန်းနှစ်ပါး၏ အခြံအရံရဟန်းတို့သည် ဤတောအုပ်၌ နေကြသော နတ်တို့သည် မျက်နှာကို ကြည့်သဖြင့် (မျက်နှာလိုက်၍) သာဓုခေါ် ကောင်းချီးပေးကြသည်။ တိပိဋကစရ ရဟန်းတို့သည် ဤမျှလောက် များသောတရားကို ဟောကြသော်လည်း အနည်းငယ်ချီးမွမ်းစကားမျှကိုလည်း မပြောကြဘဲ သက်ကြီးထေရ်တစ်ပါးတစ်ဂါထာကို ရွတ်ဆိုအပ်လေသော် ကျယ်စွာသော အသံဖြင့် သာဓုခေါ် ကောင်းချီးပေးကြသည်ဟု ကဲ့ရဲ့ကြကုန်၏။

တိပိဋကစရ - ရဟန်းနှစ်ပါးနှင့် အခြံအရံရဟန်းတို့သည်လည်း ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည် အကြင်ရဟန်းသည် များစွာသော တရားကိုလည်း သင်လည်းသင်ယူ၏။ ဟောလည်းဟော၏။ ထိုရဟန်းကို ဓမ္မဓရ - တရားဆောင်ရဟန်းဟု မဟောမဆို၊ အကြင်ရဟန်းသည်ကား တစ်ဂါထာကိုသော်လည်း သင်ယူ၍ သစ္စာတရားတို့ကို ထိုးထွင်းသိမြင်၏။ ဤရဟန်းသည် ဓမ္မဓရ - တရားဆောင်ရဟန်းမည်၏ဟု ဟောတော်မူကာ တရားဟောပြလိုသော မြတ်စွာဘုရားသည် ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

နတာဝတာ ဓမ္မဓရော၊ ယာဝတာ ဗဟု ဘာသတိ။
ယောစ အပ္ပမ္ပိ သုတွာန၊ ဓမ္မံ ကာယေန ပဿတိ။
သဝေ ဓမ္မဓရော ဟောတိ၊ ယော ဓမ္မံ နပ္ပမဇ္ဇတိ။

ယာဝတာ အကြင်မျှလောက် သင်ယူခြင်း၊ ဆောင်ထားခြင်း၊ ရွတ်အံခြင်း၊ ပို့ချခြင်းအစရှိသော အကြောင်းဖြင့် ဗဟုံ များစွာသော တရားကို၊ ဘာသတိ - ဟောပြောရွတ်ဆို၏။ တာဝတာ - ထိုမျှလောက်သောအကြောင်းဖြင့်၊ ဓမ္မဓရော - တရားကို ဆောင်သူသည်၊ နဟောတိ - မဟုတ်။

ယောစ - အကြင်ရဟန်းသည်ကား၊ အပ္ပမ္ပိ - အနည်းငယ်သောတရားကိုသော်လည်း၊ သုတွာန - ကြားနာမှတ်သား၍၊ ဓမ္မံ - သစ္စာလေးပါးတရားကို၊ ကာယေန - နာမကာယဖြင့်၊ ပဿတိ - မြင်၏။ သောစ - ထိုရဟန်းသည်လည်းကောင်း၊

ယောစ - အကြင်ရဟန်းသည်လည်း (ပဋိဝေဓံ - သစ္စာလေးပါးကို ထိုးထွင်းသိမှုကို၊ အာကင်္ခန္တော - ယနေ့ နက်ဖန်သိရတော့မည်ဟု မျှော်လင့်လျက်၊ ဓမ္မံ - တရားကို၊ နပ္ပမဇ္ဇတိ - မမေ့ မလျော့ချေ။ သောစ - ထိုရဟန်းသည်လည်းကောင်း၊ ဓမ္မစရော - တရားကို ဆောင်သူသည်၊ ဟောတိ - ဖြစ်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ကေဒါနုဗ္ဗေရ ခီဏာသဝဝတ္ထု ပြီး၏။**

# ၈၈။ လကုဏ္ဍက ဘဒ္ဒိယတ္ထေရဝတ္ထု
# ခန္ဓာကိုယ်ပုသေးသော ဘဒ္ဒိယထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သ၌ လကုဏ္ဍက ဘဒ္ဒိယထေရ်သည် မြတ်စွာဘုရားထံ ဆည်းကပ်၍ ပြန်ကြွကာမှ ဖြစ်လတ်သော် တောနေရဟန်းသုံးကျိပ်တို့သည် လကုဏ္ဍကဘဒ္ဒိယထေရ်ကို မြင်ကြကုန်၍သာ မြတ်စွာဘုရားထံ လာရောက်ရှိခိုး ထိုင်နေကြကုန်၏။

မြတ်စွာဘုရားသည် တောနေရဟန်းသုံးကျိပ်တို့၏ အရဟတ္တဖိုလ်ရကြောင်း အားကောင်းသော ပါရမီဟူသော မှီရာအကြောင်းကို မြင်တော်မူ၍ အမေးကို မေးတော်မူပြီ။

ရဟန်းတို့ ဤနေရာမှ ကြွသွားသောထေရ်တစ်ပါးကို မြင်ကြသလော။

မြတ်စွာဘုရား - မမြင်ကြပါဘုရား။

သင်ရဟန်းတို့သည် အဘယ်ကို မြင်အပ်ခဲ့သနည်း။

မြတ်စွာဘုရား သာမဏေတစ်ပါးကို မြင်ခဲ့ကြပါသည် ဘုရား။

ရဟန်းတို့ သင်တို့ မြင်အပ်ခဲ့သော ထိုသူသည် သာမဏေမဟုတ်၊

ထိုသူသည် (ထေရ) ထေရ်သာဖြစ်၏။

မြတ်စွာဘုရား အလွန်သေးငယ်လှပါတကား။

ရဟန်းတို့ ငါဘုရားသည် အသက်ခန္ဓာ ကြီးသူ၏ အဖြစ်ဖြင့်လည်းကောင်း၊ ထေရာသန-ထေရ်နေရာ၌ နေကာမျှဖြင့်လည်းကောင်း (ထေရ)-ထေရ်ဟု မပြောဆို။

အကြင်ရဟန်းသည် သစ္စာတရားတို့ကို မဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်၍ ရဟန်းရှင်လူအပေါင်းကို မညှင်းဆဲ မနှိပ်စက်သူအဖြစ်၌ တည်နေ၏။

ဤရဟန်းသည် ထေရ-ထေရ်မည်၏ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောတော်မူပြီ။

နတေန ထေရော သော ဟောတိ၊ ယေနဿ ပလိတံ သိရော။
ပရိပက္ကော ဝယော တဿ၊ မောဃဇိဏ္ဏော တိ ဝုစ္စတိ။

ယမှိ သစ္စဉ္စ ဓမ္မောစ၊ အဟိံသာ သံယမော ဒမော။
သဝေ ဝန္တမလော ဓီရော၊ ထေရော ဣတိ ပဝုစ္စတိ။

ယော - အကြင်သူသည်၊ ယေန - အကြင်အကြောင်းကြောင့်၊ ပလိတံသိရော - ဦးခေါင်း၌ ဖြူသောဆံပင် ရှိသူသည်၊ အဿ - ဖြစ်ရာ၏။ တဿ - ထိုသူ၏၊ ဝယော - အရွယ်သည်၊ ပရိပက္ကော - ရင့်ကျက်၏။ သော - ထိုသူသည်၊ တေန - ထိုဆံပင်ဖြူရှိခြင်း၊ အရွယ်ရင့်ခြင်းအကြောင်းကြောင့်၊

ထေရော - ထေရ်သည်၊ နဟောတိ - မဟုတ်။ သော - ထိုသူကို၊ မောဃဇိဏ္ဏောတိ - အချည်းနှီးအိုသူဟူ၍ ဝါ - အနှစ်မပါ အကာဖြင့် အသက်ကြီးသူ အိုသူဟူ၍၊ ဝုစ္စတိ - မုချဆတ်ဆတ် ခေါ်ဆိုအပ်၏။

ယမှိ - အကြင်ပုဂ္ဂိုလ်၌၊ သစ္စဉ္စ - တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာဖြင့် ထိုးထွင်းသိအပ်ပြီးသော သစ္စာလေးပါးသည်လည်းကောင်း၊ ဓမ္မောစ - ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ပြီးသော ကိုးပါးသော လောကုတ္တရာ တရားသည်လည်းကောင်း၊ အဟိံသာစ - သတ္တဝါကို မညှဉ်းဆဲ မနှိပ်စက်သူ၏အဖြစ် အစရှိသော အပ္ပမညာ ဘာဝနာသည်လည်းကောင်း၊ သံယမောစ - စောင့်ထိန်းမှုသီလသည်လည်းကောင်း၊ ဒမောစ - ဣန္ဒြေကိုစောင့် စည်းခြင်းသည်လည်းကောင်း၊ အတ္ထိ - ရှိ၏။ ဝန္တမလော - မဂ်ဉာဏ်ဖြင့် အံထုတ်ပြီးသော ကိလေသာအညစ် အကြေးရှိသော၊ ဓီရော - သမာဓိပညာနှင့် ပြည့်စုံသော၊ သ,သော - ထိုပုဂ္ဂိုလ်ကို၊ ထေရောဣတိ - ထေရ်ဟူ၍၊ ပဝုစ္စတိ - မုချဆတ်ဆတ် ခေါ်ဆိုအပ်၏။

ဒေသနာတော်အဆုံး၌ တောနေရဟန်းသုံးကျိပ်တို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။

**လကုဏ္ဍက ဘဒ္ဒိယတ္ထေရဝတ္ထု ပြီး၏။**

## ၇၉။ သမ္ဗဟုလ ဘိက္ခုဝတ္ထု
## များစွာသောရဟန်းတို့အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ခုသောအချိန်၌ မိမိ၏ ဓမ္မာစရိယတို့၏ သက်နီးဖွတ်လျော်ခြင်းအစရှိသော ဝေယျာဝစ္စတို့ကို ပြုနေကြသော ရဟန်းငယ်နှင့် သာမဏေတို့ကို မြင်ကြကုန်သော။ အချို့သော ထေရ်တို့သည် ဤသို့ကြံစည်ကြကုန်၏။

ငါတို့လည်း ပုဒ်ဗျည်းသဒ္ဒါအရာ၌ ကျွမ်းကျင်ကုန်၏။ ငါတို့၏သာ တစ်စုံတစ်ခု ဝေယျာဝစ္စ ပြုပေးသူများမရှိကြ၊ ငါတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ -

မြတ်စွာဘုရား တပည့်တော်တို့သည် ပုဒ်ဗျည်းသဒ္ဒါအရာ၌ ကျွမ်းကျင်ကြပါသည်။ အခြားရဟန်း တော်တို့ထံ၌ တရားတော်ကို သင်ယူပြီးကြသော်လည်း ဤရဟန်းတို့၏ အထံ၌ မသုတ်သင် မတည်းဖြတ် ကြဘဲ ရွတ်အံသရဇ္ဈာယ်မှုမပြုကြကုန်နှင့်ဟု ရဟန်းငယ်နှင့် သာမဏေတို့ကို ခိုင်းစေမိန့်ကြားတော်မူပါ ဘုရားဟု လျှောက်ထားကြရသော် ကောင်းလိမ့်မည်။

မှန်၏။ ဤသို့ လျှောက်ထားရလျှင် ငါတို့အဖို့ လာဘသက္ကာရ တိုးပွားလိမ့်မည်ဟု ကြံစည် ကြကုန်၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ကြံစည်ထားအပ်သည့်အတိုင်း လျှောက်ထား ကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူ၍ ဤသာသနာတော်၌ အစဉ်အဆက်အားဖြင့်ပင် ဤရဟန်းတို့လျှောက်ထားသည့်အတိုင်း ပြောသင့်ပေပြီ သို့ပါသော်လည်း ဤရဟန်းတို့သည် လာဘသက္ကာရ၌ (ပစ္စည်းရလိုမှု ပူဇော်ခံရလိုမှု၌) အမှီပြုကြကုန်၏ဟု သိတော်မူ၍ - ငါဘုရားသည် သင်တို့သည် သဒ္ဒါလက္ခဏာနှင့် ပြည့်စုံပါ၏ဟု ပြောဆိုရုံဖြင့် ကောင်းသော သဘောရှိ သူတို့ဟု မပြောဆို၊ မမိန့်လို။

အကြင်ရဟန်းသည်ကား ဣဿာအစရှိသော တရားတို့ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်ကုန်ပြီ။ ဤရဟန်းသည်သာ ကောင်းသော သဘောရှိသူတည်းဟု မိန့်တော်မူကာ ဆိုလတ္တံ့ သော ဤဂါထာတို့ကို ဟောတော်မူသည်။

နဝါက္ကရဏမတ္တေန၊ ဝဏ္ဏပေါက္ခရတာယဝါ။
သာဓု ရူပေါနရော ဟောတိ၊ ဣဿုကီ မစ္ဆရီ သဌော။

ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ။
သဝန္တ ဒေါသော မေဓာဝီ၊ သာဓုရူပေါတိ ဝုစ္စတိ။

ကလ္လသုကီ-ကလ္လသာရှိသော (သူတစ်ပါးတို့ လာဘ်ရမှုစသည်တို့၌ ငြူစူစိတ်ရှိသော) မစ္ဆရီ-မစ္ဆရိယ ရှိသော (ငါးမျိုးသော မစ္ဆေရနှင့် ပြည့်စုံသော) သဌော ကောက်ကျစ်စဉ်းလဲသော၊ နရော - ပုဂ္ဂိုလ်သည်၊ ဝါက္ကရဏမတ္တေန ဝါ - သဒ္ဒါလက္ခဏာကို သိသောအသိဉာဏ်နှင့် ပြည့်စုံပါသည်ဟု ပြောဆိုခြင်းမျှဖြင့် လည်းကောင်း၊ ဝဏ္ဏပေါက္ခရတာယဝါ - ကိုယ်အရေအဆင်း၏ နှစ်လိုဖွယ်ရှိသည်၏ အဖြစ်ဖြင့်လည်း ကောင်း၊ သာဓု ရူပေါ - ကောင်းသော သဘောရှိသူသည်၊ နဟောတိ - မဟုတ်။

ယဿစ - အကြင်ပုဂ္ဂိုလ်သည်ကား၊ ဧတံ - ထိုကလ္လသ မစ္ဆရိယနှင့် ကောက်ကျစ်စဉ်းလဲမှုကို၊ သမုစ္ဆိန္နံ - အကြွင်းမဲ့ဖြတ်အပ်ပြီ။ မူလဃစ္စံ - အမြစ်ပြတ်အောင် (ကတွာ - ပြု၍) သမူဟတံ ဖယ်နုတ်အပ်ပြီ။ ဝန္တဒေါသော - ဒေါသကို အန်ပြီးသော၊ မေဓာဝီ - ဓမ္မောဇပညာနှင့် ပြည့်စုံသော၊ သသော - ထိုပုဂ္ဂိုလ်ကို၊ သာဓုရူပေါတိ - ကောင်းသောသဘောရှိသူဟူ၍၊ ဝုစ္စတိ - ခေါ်ဆိုအပ်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင် လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**သမ္ဗဟုလ ဘိက္ခုဝတ္ထု ပြီး၏။**

## ၉၀။ ဟတ္ထကဝတ္ထု
## ဟတ္ထကရဟန်းအကြောင်း

မြတ်စွာဘုရား သာဝတ္ထိဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဟတ္ထက - ရဟန်းသည် အယူဖြင့် ပြစ်လွင့်တတ်သူဖြစ်၍ - သင်တို့သည် ဤမည်သော အချိန်၌ ဤမည်သော အရပ်သို့ လာခဲ့ကြ၊ ဝါဒကိုပြုမည် (အပြစ်တင်ပြမည်) ဟု ပြောဆိုပြီး ချိန်းဆိုရာ အရပ်သို့ မိမိက ရှေးဦးစွာသာ သွားရောက်ပြီး အို-လူအပေါင်းတို့ ယခုကြည့်ကြကုန်လော။ တိတ္ထိတို့သည် ငါ့မှကြောက်သဖြင့် (ငါ့ကိုကြောက်၍) မလာကြကုန်။ ဤမလာခြင်းသည်သာ ထိုတိတ္ထိတို့၏ အရှုံးဖြစ်သည်။ ဤသို့ အစရှိသော စကားတို့ကို ပြောဆို၍ အယူဝါဒဖြင့် ပြစ်လွင့်တတ်သူ ဖြစ်၍ စကားတစ်မျိုးဖြင့် စကားတစ်မျိုးကို ဖုံးလွှမ်းလျက် သွားလာနေထိုင်၏။

မြတ်စွာဘုရားသည် ဟတ္ထကသည် ဤသို့ပြု၏ဟု ပြောဆိုသံကို ကြားတော်မူ၍ ဟတ္ထက - ကိုခေါ်ယူပြီး၊ အို ဟတ္ထက သင်သည် ဤသို့ပြု၏ဟု ကြားရသော စကားသည် မှန်လေသလောဟု မေးတော်မူလျှင် မှန်ပါသည် ဘုရားဟု လျှောက်ထားအပ်လေသော် -

အဘယ်ကြောင့် ဤသို့ပြုရသနည်း။ ဤလိုမုသာဝါဒကို ပြောဆိုပြုလုပ်သူသည် ခေါင်းတုံး ရိတ်ခြင်းစသည်မျှဖြင့် သမဏမည်သူမဟုတ်ချေ။ အကြင်သူသည်ကား သေးငယ်သော မကောင်းမှု ကြီးမားသော မကောင်းမှု တို့ကို ငြိမ်းစေသူဖြစ်၏။ ဤသူသည်သာ သမဏမည်၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူပြီ။

နမုဏ္ဍကေန သမဏော၊ အဗ္ဗတော အလိကံ ဘဏံ။
ဣစ္ဆာလောဘ သမာပန္နော၊ သမဏော ကိံ ဘဝိဿတိ။

ယောစ သမေတိ ပါပါနိ၊ အဏုံ ထူလာနိ သဗ္ဗသော။
သမိ တတ္တာဟိ ပါပါနံ ၊ သမဏောတိ ပဝုစ္စတိ။

မုဏ္ဍကေန - ဦးပြီးကာမျှဖြင့် (ခေါင်းတုံးရိတ်ထားကာမျှဖြင့်) နသမဏော - ရဟန်းမဟုတ်။

အဗ္ဗတော - သီလအကျင့် ဓုတင်အကျင့်မှ ကင်းသော၊ အလိကံ - ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သော မုသားစကားကို၊ ဘဏံဘဏန္တော - ပြောဆိုသော၊ ဣစ္ဆာလောဘသမာပန္နော - မိမိထံမရောက်လာသေးသော အာရုံတို့၌ လိုလားခြင်း ဣစ္ဆာရောက်ရှိရလာပြီးသော အာရုံတို့၌ တပ်မက်သော လောဘနှင့် ပြည့်စုံသူသည်၊ သမဏော - သမဏသည် (ကိလေသာကို ငြိမ်းအောင်ပြုသူ ငြိမ်းပြီးသူသည်) ကိံဘဝိဿတိ - အဘယ်မှာ ဖြစ်လိမ့်မည်နည်း။

ယောစ - အကြင်ပုဂ္ဂိုလ်သည်ကား၊ အဏုံထူလာနိ - ငယ်ငယ်ကြီးကြီးဖြစ်ကုန်သော၊ ပါပါနံ - မကောင်းမှုတို့ကို၊ သဗ္ဗသော - အခြင်းခပ်သိမ်း (အားလုံး) သမေတိ - ငြိမ်းစေ၏။

ဟိ - အကျိုးကား၊ ပါပါနံ - မကောင်းမှုတို့၏ ဝါ မကောင်းမှုတို့ကို၊ သမိတတ္တာ - ငြိမ်းစေပြီးသည်၏အဖြစ်ကြောင့်၊ သမဏောတိ - သမဏဟူ၍ ပဝုစ္စတိ - သေချာသတ်မှတ် ခေါ်ဆိုအပ်ပေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ဟတ္ထကဝတ္ထု ပြီး၏။**

## ၉၁။ အညတရ ဗြာဟ္မဏဝတ္ထု
## မထင်ရှားသော ပုဏ္ဏားတစ်ယောက်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ပုဏ္ဏား တစ်ယောက်သည် မြတ်စွာဘုရား သာသနာတော်မှ ပြင်ပဖြစ်သော အယူ၌ ရဟန်းပြု၍ ဆွမ်းခံ လှည့်လည်စဉ် ဤသို့ကြံစဉ် စိတ်ကူးလေ၏။

ရဟန်းဂေါတမသည် သူ၏ တပည့်သာဝကတို့ကို ဆွမ်းခံလှည့်လည်ခြင်းကြောင့် ဘိက္ခုဟု ခေါ်ဆို၏။ ငါ့ကိုလည်း ဘိက္ခုဟုခေါ်ဆိုသင့်သည်။

ထိုပုဏ္ဏားသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ -

အို အရှင်ဂေါတမ ကျွန်ုပ်သည်လည်း ဆွမ်းခံ၍ အသက်မွေးပါသည်။ ကျွန်ုပ်ကိုလည်း ဘိက္ခုဟု ခေါ်ဆိုပါဟု ပြောလေ၏။

ထိုအခါ ထိုပုဏ္ဏားကို မြတ်စွာဘုရားသည် အို ပုဏ္ဏား ငါဘုရားသည် ဆွမ်းခံစားရုံမျှဖြင့် ဘိက္ခုဟု ခေါ်ဆိုသူမဟုတ်။ မှန်၏။ မညီညွတ်သောတရားကို အနံ့စိမ်းနှင့်တူသော ကာယကံ အစရှိသော တရားကို ဆောက်တည်ကျင့်သုံးသူသည် ဘိက္ခုမည်သူမဟုတ်။ အဟုတ်သော်ကား အကြင်သူသည် သင်္ခါရတရား အားလုံးတို့၌ ဉာဏ်ဖြင့် ဤသည်တို့ကား အတွင်းခန္ဓာတို့တည်း။ ဤသည်တို့ကား ပြင်ပခန္ဓာတို့တည်းဟု သိ၍ ကျင့်လေ၏။ ထိုသူသည် ရဟန်းမည်သူတည်းဟု မိန့်တော်မူ၍ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူသည်။

> နတေန ဘိက္ခု သော ဟောတိ၊ ယာဝတာ ဘိက္ခတေ ပရေ။
> ဝိဿံ ဓမ္မံ သမာဒါယ၊ ဘိက္ခု ဟောတိ န တာဝတာ။

> ယောဓ ပုညဉ္စ ပါပဉ္စ၊ ဗာဟေတွာ ဗြဟ္မစရိယဝါ။
> သင်္ခါယ လောကေ စရတိ၊ သဝေ ဘိက္ခုတိ ဝုစ္စတိ။

ယော-အကြင်သူသည်၊ ယာဝတာ - အကြင်မျှလောက်၊ ပရေ - တခြားသူတို့ကို၊ ဘိက္ခတေ - တောင်းခံစား၏။ သော - ထိုသူသည်၊ တေန - ထိုမျှလောက် တောင်းခံစားခြင်းဖြင့်၊ ဘိက္ခု - ဘိက္ခု မည်ထိုက်သူသည်၊ နဟောတိ - မဟုတ်။ (ဟိ - သစ္စံ - မှန်၏) ယာဝတာ - အကြင်မျှလောက်ဖြင့်၊ ဝိဿံ ဓမ္မံ - အနံ့စိမ်းရှိသော တရားကို၊ သမာဒါယ - ဆောက်တည်၍၊ ဝတ္တတိ - ကျင့်သုံး၏။ တာဝတာ - ထိုမျှလောက်ဖြင့်၊ ဘိက္ခု - ဘိက္ခုမည်သူသည်၊ နဟောတိ - မဖြစ်ချေ။

ယော - အကြင်သူသည်၊ ဣဓ - ငါဘုရား၏ ဤသာသနာတော်၌၊ ပုညဉ္စ - ကောင်းမှုကို လည်းကောင်း၊ ပါပဉ္စ - မကောင်းမှုကိုလည်းကောင်း၊ ဗာဟေတွာ - မဂ်တည်းဟူသော မြတ်သော

အကျင့်ဖြင့်၊ အပပြု၍ နုတ်ပယ်၍၊ ဗြဟ္မစရိယဝါ - မြတ်သောအကျင့်ရှိ၏။ လောကေ - ခန္ဓာအစရှိသော လောက၌၊ သင်္ခါယ - အသိဉာဏ်ဖြင့် သိ၍၊ စရတိ - ဤသည်တို့ကား အဇ္ဈတ္တိကခန္ဓာ၊ ဤသည်တို့ကား ဗဟိဒ္ဓခန္ဓာတို့ဟူ၍ ကျင့်လေ၏။ သဝေ - ထိုသူကို (တေနဉာဏေန - ကိလေသ ဘိန္နတ္တာ ထိုဉာဏ်ဖြင့် ကိလေသာတို့ကို ဖြိုခွင်းဖျက်ဆီးပြီးသူ၏ အဖြစ်ကြောင့်) ဘိက္ခုတိ - ဘိက္ခုအစစ်ဟူ၍၊ ဝုစ္စတိ - ဉာဏ်ဖြင့် သတ်မှတ်ခေါ်ဆိုအပ်ပါပေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**အညတရ ဗြာဟ္မဏဝတ္ထု ပြီး၏။**

# ၉၂။ တိတ္ထိယဝတ္ထု
# တိတ္ထိတို့အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တိတ္ထိတို့သည် စားသောက်ရာနေရာတို့၌ လူတို့အား - ဘေးကင်းသူဖြစ်ပါစေ၊ ချမ်းသာသူဖြစ်ပါစေ၊ အသက်တိုးပွားပါစေ ဤမည်သော အရပ်၌ ရွံ့ညွှန်ရှိ၏။ ဤမည်သော အရပ်၌ ဆူးငြောင့်ရှိ၏။ ဤလိုအရပ်သို့ မသွားသင့် အစရှိသော နည်းဖြင့် မင်္ဂလာကို ရွတ်ဆို၍ ဖယ်ခွာသွားကြကုန်၏။

မြတ်စွာဘုရား၏ တပည့်ရဟန်းတို့သည်ကား မြတ်စွာဘုရား၏ ပထမဗောဓိ၌ (၁၅ ဝါအတွင်း၌ တစ်နည်း ဝါ ၂၀ အတွင်း၌) အနုမောဒနာ - ဝမ်းမြောက်ကြောင်းတရား အစရှိသည်တို့ကို ခွင့်မပြုအပ်ရာ အချိန်၌ ဆွမ်းစားဇရပ်၌ လူတို့အား အနုမောဒနာမပြုကြဘဲ ထွက်ခွာသွားကြကုန်၏။

လူတို့သည် တိတ္ထိတို့ထံမှ မင်္ဂလာကို ကြားနာကြရသည်။ အရှင်ကောင်းတို့မှာကား စကားမပြောတုဏှိဘောနေကြပြီး ထွက်ခွာသွားကြသည်ဟု ကဲ့ရဲ့စကားပြောကြားကြကုန်၏။

ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ဤအချိန်မှစ၍ ဆွမ်းစားဇရပ်စသည်တို့၌ ချမ်းသာသည်အား လျော်စွာ အနုမောဒနာပြုကြကုန်လော့။ အနီးနေသူလူတို့အား စကားပြောကြကုန်လော့၊ တရားဟောကြကုန်လော့ဟု ခွင့်ပြုတော်မူပြီ။

ရဟန်းတို့သည် မြတ်စွာဘုရားခွင့်ပြုအပ်သည်နှင့်အညီ ပြုကြကုန်၏။

လူတို့သည် အနုမောဒနာတရားစသည်တို့ကို ကြားနာကြရ၍ အားထုတ်လုံ့လထားကြကာ ရဟန်းတို့ကို ပင့်လျှောက်၍ ပူဇော်ကြကာ သွားလာနေထိုင်ကြကုန်၏။

တိတ္ထိတို့သည်ကား ငါတို့သည် မုနိမည်သူ၏ စကားမပြောတုဏှိဘော ဆိတ်ဆိတ်နေခြင်း မောနကို မပြုကြကုန် ရဟန်းဂေါတမ၏ တပည့်သာဝကတို့သည် ဆွမ်းစားဇရပ်အစရှိသည်တို့၌ စကားများစွာ ပြောဆိုကြသည်ဟု ကဲ့ရဲ့ပြစ်တင်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားတော်မူ၍ ရဟန်းတို့ ငါဘုရားသည် စကားမပြော ဆိတ်ဆိတ်နေရုံမျှဖြင့် မုနိဟု မပြောဆိုလို။ အဘယ်ကြောင့်ဆိုသော် အချို့သူတို့သည် မသိကြ၍ စကားမပြောကြ အချို့သူတို့သည် ရဲရင့်ခြင်းမရှိသဖြင့် ကြောက်ရွံ့သဖြင့် စကားမပြောကြ အချို့သူတို့သည် ငါတို့၏ ဤလွန်ကဲသော အကျိုးကို အခြားသူတို့ မသိကြစေသတည်းဟု မစ္ဆေရစိတ်ထားဖြင့် စကားမပြောကြ။

ထို့ကြောင့် စကားမပြောတုဏှိဘော ဆိတ်ဆိတ်နေရုံမျှဖြင့် မုနိမဟုတ်ပါချေ။ မကောင်းမှုတို့ကို ငြိမ်းစေတတ်သောကြောင့် ဝါ မကောင်းမှုတို့၏ ငြိမ်းပြီးဖြစ်သောကြောင့် မုနိ မည်သူဖြစ်တော့သည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူပြီ။

န မောနေန မုနီ ဟောတိ၊ မူဠှရူပေါ အဝိဒ္ဒသု။
ယောစ တုလံဝ ပဂ္ဂယှ၊ ဝရမာဒါယ ပဏ္ဍိတော။

ပါပါနိ ပရိဝဇ္ဇေတိ၊ သမုနီ တေန သော မုနီ။
ယော မုနာတိ ဥဘောလောကေ၊ မုနိ တေန ပဝုစ္စတိ။

မူဠှရူပေါ - အချည်းနှီးသဘောရှိသော၊ အဝိဒ္ဒသု - အသိပညာမရှိသူသည်၊ မောနေန - ဆိတ်ဆိတ်နေခြင်း ဖြင့်၊ မုနိနဟောတိ - မုနိမဟုတ်။

ယောစ ပဏ္ဍိတော အကြင်ပညာရှိသည်ကား၊ တုလံဝ - ချိန်ခွင်ကို ကိုင်၍ ချိန်သူကဲ့သို့၊ ပဂ္ဂယှ - အပို နှင့်တူသော မကောင်းမှုကို ပယ်ခြင်းယုတ်လျော့သည်နှင့်တူသော ကုသိုလ်ကို ဖြည့်ခြင်းဖြင့် ချီးမြှောက်၍၊ ဝရံ - သီလသမာဓိပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနဟူသော အမြတ်ကို၊ အာဒါယ - ယူ၍ - ပါပါနိ - မကောင်းမှု ကုသိုလ်ကံတို့ကို၊ ပရိဝဇ္ဇေတိ - ရှောင်ကြဉ်၏။ တေန - ထို့ကြောင့် သ- သောပဏ္ဍိတော - ထိုပညာရှိသည်၊ မုနိ - မုနိမည်သူတည်း။

ယော - အကြင်ပုဂ္ဂိုလ်သည်၊ လောကေ - ခန္ဓာအစရှိသော လောက၌၊ ဥဘော - အဇ္ဈတ္တခန္ဓာ ဗဟိဒ္ဓခန္ဓာ ဤနှစ်ဖြာတို့ကို ယေန - ကာရဏေန - အကြင်အကြောင်းဖြင့်၊ ဝါ - အကြင်အကြောင်းကြောင့် မုနာတိ - သိ၏။ တေနကာရဏေန - ထိုအကြောင်းကြောင့်၊ သော - ထိုပုဂ္ဂိုလ်ကို၊ မုနိ - မုနိဟူ၍၊ ပဝုစ္စတိ - ထုတ်ဖော် ဖော်ခေါ်ဆိုအပ်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**တိတ္ထိယဝတ္ထု ပြီး၏။**

# ၉၃။ ဗာလိသိကဝတ္ထု
# ငါးများနေသူအကြောင်း

တစ်နေ့သ၌ မြတ်စွာဘုရားသည် အရိယအမည်ရှိ ငါးမျှားသူ၏ သောတာပတ္တိမဂ်ဖိုလ်ရကြောင်း အားကောင်းသော ပါရမီကို မြင်တော်မူ၍ သာဝတ္ထိမြို့ မြောက်တံခါးအနီးရှိ ရွာ၌ ဆွမ်းခံကြွတော်မူ၍ ရဟန်းသံဃာ ခြံရံလျက် ထိုရွာမှ ပြန်ကြွလာတော်မူသည်။ ထိုခဏ၌ အရိယ - မည်သူ ငါးမျှားသူသည် ငါးမျှားချိတ်ဖြင့် ငါးတို့ကို ဖမ်းယူစဉ် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မြင်လေသော် ငါးမျှားတံကို စွန့်ပစ်၍ ရပ်နေလေ၏။

မြတ်စွာဘုရားသည် ပြန်လှည့်၍ ငါးမျှားသမား အရိယ၏ အနီး၌ ရပ်တော်မူကာ သာရိပုတ္တထေရ် အစရှိသည်တို့၏ နာမည်တို့ကို သင်အဘယ်မည်ရှိသနည်းဟု မေးတော်မူ၏။

သာရိပုတ္တထေရ် စသည်တို့သည်လည်း တပည့်တော်သည် သာရိပုတ္တအမည်ရှိပါသည်။ တပည့်တော်သည် မောဂ္ဂလာန်အမည်ရှိပါသည်ဟု မိမိ မိမိ၏ နာမည်တို့ကို လျှောက်ထားကြကုန်၏။

ငါးမျှားသမားသည် မြတ်စွာဘုရားသည် ရဟန်းသံဃာအားလုံးတို့၏ နာမည်တို့ကို မေးတော်မူ၏။ ငါ့နာမည်ကိုလည်း မေးမည်ထင်၏ဟု စိတ်ကူးနေ၏။

မြတ်စွာဘုရားသည် ထိုငါးမျှားသမား၏ စိတ်ကူးအလိုကို သိတော်မူ၍ - ဥပါသကာ - သင်သည် အဘယ်အမည်ရှိသနည်းဟု မေးတော်မူ၍ မြတ်စွာဘုရား တပည့်တော်သည် အရိယအမည်ရှိပါသည်ဟု လျှောက်ထားအပ်လေသော် -

အို - ဥပါသကာ သင်ကဲ့သို့ ပါဏာတိပါတ - သူတစ်ပါးအသက်သတ်နေသူတို့သည် အရိယ မည်သူများ မဟုတ်ကြချေ။

အရိယာတို့သည်ကား သတ္တဝါ အပေါင်းကို မညှဉ်းဆဲ မနှိပ်စက် မသတ်ဖြတ်သူ၏ အဖြစ်၌ ရပ်တည်နေကြသည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

နတေန အရိယော ဟောတိ၊ ယေန ပါဏာနိ ဟိံသတိ။

အဟိံသာ သဗ္ဗပါဏာနံ၊ အရိယောတိ ပဝုစ္စတိ။

ယေန - ကာရဏေန အကြင်အကြောင်းကြောင့်၊ ပါဏာနိ သတ္တဝါတို့ကို၊ ဟိံသတိ - ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်၏။ တေန ကာရဏေန - ထိုအကြောင်းကြောင့်၊ အရိယော - အရိယ - မည်သူသည်၊ နဟောတိ - မဖြစ်။

သဗ္ဗပါဏာနံ - သတ္တဝါအားလုံးတို့ကို၊ အဟိံသာ - မညှဉ်းဆဲ၊ မနှိပ်စက် မသတ်ဖြတ်ခြင်းကြောင့်၊ အရိယောတိ - အရိယမည်သူဟု၊ ပဝုစ္စတိ - မမှားဆတ်ဆတ် ခေါ်ဆိုအပ်ပါပေ၏။

ဒေသနာတော်အဆုံး၌ အရိယ အမည်ရှိ ငါးမျှားသမားသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာကြသူရဟန်း ရှင်လူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

ဗာလိသိကဝတ္ထု ပြီး၏။

## ၉၄။ သမ္ဗဟုလသီလာဒိ သမ္ပန္နဘိက္ခုဝတ္ထု၊
## သီလအစရှိသည်တို့နှင့် ပြည့်စုံသော ရဟန်းများအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သီလအစရှိသည်တို့နှင့် ပြည့်စုံတော်မူကြသော ရဟန်းတို့သည် များစွာရှိကုန်၏။

ထိုရဟန်းတို့တွင် အချို့ အချို့သော ရဟန်းတို့၏ ဤသို့ စိတ်သဘောရှိကြကုန်၏။

ငါတို့သည် သီလနှင့်ပြည့်စုံကုန်၏။ ငါတို့သည် ဓုတင်ကို ဆောင်ကြကုန်၏။ ငါတို့သည် များသော အကြားအမြင်ရှိကြကုန်၏။ ငါတို့သည် ဆိတ်ငြိမ်ရာ တောကျောင်း၌နေကြကုန်၏။ ငါတို့သည် ဈာန်ရပုဂ္ဂိုလ်များဖြစ်ကြသည်။ ငါတို့အဖို့ အရဟတ္တဖိုလ်တရားသည် ရခဲသောတရားမဟုတ်။ ရလိုရာ နေ့၌ပင် အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြသည်။

ထိုရဟန်းတို့တွင် အနာဂါမ်ရဟန်းတို့သည်လည်း ယခုအချိန်တွင် ငါတို့အဖို့ အရဟတ္တဖိုလ်သည် ရခဲသော တရားမဟုတ်။ လွယ်လွယ်နှင့်ရနိုင်သည်ဟူသော စိတ်သဘောရှိကြကုန်၏။

ထိုရဟန်းအားလုံးတို့သည် တစ်နေ့သ၌ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးထိုင်နေကြစဉ် မြတ်စွာဘုရားက ရဟန်းတို့ သင်တို့သည် ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်အပ်ပြီလောဟု မေးတော်မူအပ်ကုန်သော် ဤသို့ လျှောက်ထားကြကုန်၏။

မြတ်စွာဘုရား တပည့်တော်တို့သည် ဤသို့ဤသို့ သဘောရှိကြပါကုန်၏။ သီလအစရှိသော တရားတို့နှင့် ပြည့်စုံကြပါသည်။ ထို့ကြောင့် တပည့်တော်သည် အလိုရှိရာ ခဏ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ရန် စွမ်းနိုင်သူများဖြစ်ကြပါသည်ဟူသော စိတ်ထားဖြင့် နေကြပါကုန်သည်ဘုရား။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကိုကြားတော်မူ၍ ရဟန်းတို့ စင်ကြယ်သော သီလအစရှိသည်နှင့် ပြည့်စုံကာမျှဖြင့်လည်းကောင်း၊ အနာဂါမ်ချမ်းသာသို့ ရောက်ခြင်းမျှဖြင့် လည်းကောင်း၊ ငါတို့၏ ဘဝဆင်းရဲသည် နည်းနေပြီဟု ပြောဆိုရန်မသင့်၊ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ မရောက်ဘဲ (မရောက်သမျှ) ငါသည် ချမ်းသာသူဖြစ်၏ဟူသော စိတ်ကို မဖြစ်စေသင့်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူပြီ။

နသီလဗ္ဗတ မတ္တေန၊ ဗာဟုသစ္စေန ဝါ ပန။
အထ ဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေနဝါ။

ဖုသာမိ နေက္ခမ္မသုခံ၊ အပုထုဇ္ဇန သေဝိတံ။
ဘိက္ခုဝိဿာ သမာပါဒိ၊ အပ္ပတ္တော အာသဝက္ခယံ။

သီလဗ္ဗတမတ္တေနဝါ - စတုပါရိသုဒ္ဓိသီလ တစ်ဆယ့်သုံးပါးသော ဓုတင်မျှဖြင့်လည်းကောင်း၊ ပန - ထိုမှတစ်ပါး၊ ဗာဟုသစ္စေနဝါ - ပိဋကတ်သုံးပုံကို သင်ယူထားခြင်းဟူသော အကြားအမြင်များကာမျှဖြင့်လည်းကောင်း၊ အထ - ထိုမှတစ်ပါး၊ သမာဓိလာဘေနဝါ - သမာပတ်ရှစ်ပါးကို ရခြင်းမျှဖြင့်လည်းကောင်း၊ ဝိဝိတ္တသယနေနဝါ - ဆိတ်ငြိမ်ရာ၌ နေခြင်းဖြင့်လည်းကောင်း။

အပုထုဇ္ဇန သေဝိတံ - ပုထုဇဉ်တို့ မမှီဝဲအပ် အရိယာတို့သာမှီဝဲအပ်သော၊ နေက္ခမ္မသုခံ - အနာဂါမ်ချမ်းသာကို၊ ဖုသာမိ - တွေ့ထိရရောက်ရ၏ဟု (ဧတ္တကမတ္တေနဝါ - ဤမျှဖြင့်လည်းကောင်း) ဘိက္ခုရဟန်း၊ (တွံ - သင်သည်) အာသဝက္ခယံ - အာဝသဝေါတရား လေးပါး၏ကုန်ရာ အရဟတ္တဖိုလ်သို့ အပ္ပတ္တော - မရောက်ရသည်၊ (ပုတ္တာ - ဖြစ်၍)၊ ဝိဿာသံ - ယုံကြည်အားထားခြင်းသို့ (မိမိကိုယ်ကို အားကိုးခြင်းသို့) မာပါဒိ - မရောက်ပါလေနှင့်။

ဒေသနာတော်အဆုံး၌ ထိုများစွာသော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။ ရောက်လာကြသော ပရိသတ်တို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေပြီ။

**သမ္မာဟုလသီလာဒိ သမ္ပန္နဘိက္ခုဝတ္ထု ပြီး၏။**

# ၂၀။ မဂ္ဂဝဂ်

## ၉၅။ ပဉ္စသတဘိက္ခုဝတ္ထု
## ရဟန်းငါးရာအကြောင်း

ရဟန်းငါးရာတို့သည် မြတ်စွာဘုရားနှင့်အတူ ဇနပုဒ်၌ ဒေသစာရီလှည့်လည်၍ သာဝတ္ထိ ဇေတဝန်ကျောင်းတော်သို့ တစ်ဖန်ပြန်ကြွလာတော်မူကြလေသော် ဆည်းကပ်ညီမူရာ ဇရပ်တန်ဆောင်း၌ ထိုင်နေကြပြီး ဤမည်သောရွာမှ ဤမည်သောရွာသို့ သွားရာလမ်းခရီးသည် ညီညီညွတ်ညွတ်ရှိ၏။ ကျောက်သလိပ်ခဲမရှိ ဤမည်သော ရွာမှ ဤမည်သောရွာသို့ သွားရာလမ်းခရီးသည် မညီမညွတ်ကျောက်သလိပ်ခဲရှိ၏ စသည်ဖြင့် မိမိသွားခဲ့ရာ လမ်းခရီးကို အကြောင်းပြု၍ မဂ္ဂကထာကို (လမ်းစကားကို) ပြောဆိုနေကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အရဟတ္တဖိုလ်ကိုရနိုင်ကြောင်း အားကောင်းသော မှီရာ အကြောင်းကို မြင်တော်မူ၍ ရဟန်းတို့ ထိုင်နေရာ ထိုအရပ်သို့ ကြွလာတော်မူပြီး ခင်းထားအပ်သော ဘုရားနေရာတော်၌ သီတင်းသုံးတော်မူလျက် -

ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် အညီအညွတ်ပြောဆို နေထိုင်ကြသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားဖြင့် အညီအညွတ် ပြောဆိုနေထိုင်ကြပါသည်ဟု ရဟန်းတို့က လျှောက်ထားအပ်လေသော် -

ရဟန်းတို့ သင်တို့ ပြောဆိုအပ်သော ဤလမ်းခရီးသည် မဂ်ဖိုလ်မရ၊ သာသနာမှ ပြင်ပဖြစ်သော လမ်းခရီးတည်း။ ရဟန်းမည်သည် အရိယာတို့သွားရာ လမ်းကြောင်းခရီးကောင်း၌ သွားလာမှုကို ပြုသင့်သည်။ ဤသို့ပြုသောရဟန်းသည် ဆင်းရဲအားလုံးမှ ကင်းလွတ်၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူပြီ။

၁။ မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။

၂။ ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။
ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ။

၃။ ဧတဉှိ တုမှေ ပဋိပန္နာ၊ ဒုက္ခဿန္တံ ကရိဿထ။
အက္ခာတော ဝေါ မယာ မဂ္ဂေါ၊ အညာယ သလ္လ ကန္တနံ။

၄။ တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

၁။ မဂ္ဂါနံ - မဂ်တို့တွင် ဝါ - ခြေလျင်လမ်းကြောင်းစသည်နှင့် ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိလမ်းကြောင်းတို့တွင်၊ အဋ္ဌင်္ဂကော - အင်္ဂါရှစ်ပါးရှိသော (မဂ္ဂေါ - မဂ်သည် ဝါ လမ်းကြောင်း) သည် သေဋ္ဌော -. အမြတ်ဆုံးဖြစ်၏။ သစ္စာနံ - သစ္စာတို့တွင် ဝါ - ဝစီသစ္စာ သမ္မုတိသစ္စာ ဒိဋ္ဌိသစ္စာ ပရမတ္ထသစ္စာတို့တွင် စတုရောပဒါ - လေးပုဒ်ကုန်သော ဒုက္ခအရိယသစ္စာ စသည်တို့သည်၊ သေဋ္ဌော - မြတ်ဆုံးဖြစ်ကုန်၏။ ဓမ္မာနံ - သင်္ခတတရား အသင်္ခတ တရားတို့တွင် ဝိရာဂေါ - ရာဂကင်းရာ နိဗ္ဗာန်တရားသည်၊ သေဋ္ဌော အမြတ်ဆုံးဖြစ်၏။ ဒွိပဒါနဉ္စ - နတ်လူပြဟ္မာအစရှိသော ခြေနှစ်ချောင်းရှိသူတို့တွင်လည်း စက္ခုမာ - ငါးမျိုးသော စက္ခုရှိတော်မူသော မြတ်စွာ ဘုရားသည်၊ သေဋ္ဌော အမြတ်ဆုံးဖြစ်တော်မူ၏။

(ဒွိပါနဥ္စ၌ စသဒ္ဒါသည် ပေါင်းစည်းခြင်းအနက်ရှိ၏) နာမ်တရားတို့ကို ပေါင်းစည်း၏။ ထို့ကြောင့် နာမ်တရားတို့တွင်လည်း ဝါ - နာမ်တရားသာရှိသော အရူပပြဟ္မာတို့ထက်လည်း မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်၏။ (အဋ္ဌကထာ)

၂။ ဒဿနဿ - မဂ်ဉာဏ် ဖိုလ်ဉာဏ်၏၊ ဝိသုဒ္ဓိယာ - စင်ကြယ်ခြင်းအကျိုးငှာ၊ ဧသေဝ - ဧသောဧဝ - ငါဘုရားဟောကြားအပ်သော၊ အဋ္ဌင်္ဂိက မဂ်သည်၊ မဂ္ဂေါ - မဂ်အစစ်ဖြစ်၏။ အညော - အခြားသော မဂ်သည်၊ နတ္ထိ - မရှိတော့ပြီ။ တုမှေ - သင်ရဟန်းတို့သည်၊ ဧတဉ္ဟိ - ဧတံဧဝ - ထိုအဋ္ဌင်္ဂိက မဂ်ကိုသာ၊ ပဋိပဇ္ဇထ - ကျင့်ကြံ မနားသွားကြကုန်လော့၊ ဧတံ - ထိုအဋ္ဌင်္ဂိကမဂ်ကို၊ မာရဿ - မာရ်ကို၊ ပမောဟနံ - တွေဝေစေတတ် မွေနှောက်တတ်သော တရားဟူ၍ (ဝုစ္စတိ - ဆိုအပ်၏)

၃။ ဧတဉ္ဟိဧတံဧဝ - ထိုအဋ္ဌင်္ဂိမဂ်ကိုသာ၊ ပဋိပန္နာ - ကျင့်ကြံကြိုးစားသွားကြကုန်သော၊ တုမှေ - သင်တို့သည်၊ ဒုက္ခဿဝ ဒုက္ခအားလုံး၏၊ အန္တံ - အဆုံးအပိုင်းအခြားဖြစ်သော နိဗ္ဗာန်ကို၊ ကရိဿထ - ပြုနိုင်ကြကုန်လတ္တံ့၊ မယာ - ငါဘုရားသည်၊ သလ္လကန္တနံ - ရာဂငြောင့်စသည်တို့ကို နုတ်ပယ်ကြောင်း ဖြစ်သောမဂ်ကို၊ အညာယ - ကိုယ်တိုင်သိ၍၊ ဝေါ - သင်တို့အား မဂ္ဂေါ - အဋ္ဌင်္ဂကမဂ်ကို၊ အက္ခာတော - ဟောကြားအပ်ပေသည်။

၄။ တုမှေဟိ - သင်ချစ်သားတို့သည်၊ အာတပ္ပံ - ကိလေသာတို့ကို ပူပန်စေတတ် လောင်မြိုက်တတ်သော၊ သမ္မပ္ပဓာန်ဝီရိယကို၊ ကိစ္စံ - ပြုအပ်၏။ တထာဂတာ - မြတ်စွာဘုရားတို့သည်၊ အက္ခာတာရော - အက္ခာတာရော ဧဝ - ဟောကြားရုံသာဖြစ်ကုန်၏။ ဈာယိနော - အာရမ္မဏူပဈာန် လက္ခဏူပဈာန်ရှိကြကုန်၍၊ ပဋိပန္နာ - ကျင့်ကြံကြိုးစားအားထုတ်သူတို့သည်၊ မာရဗန္ဓနာ - တေဘူမကဝဋ်ဟု ဆိုအပ်သော မာရ်၏အနှောင်အဖွဲ့မှ ပမောက္ခန္တိ - လွတ်မြောက်ကြကုန်၏။ ဝါ - လွတ်မြောက်ကြကုန်လတ္တံ့။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။ ရောက်လာသူ အားလုံးတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**ပဥ္စသတတ္ထိက္ခုဝတ္ထု ပြီး၏။**

## ၉၆။ အနိစ္စလက္ခဏာဝတ္ထု
## အနိစ္စလက္ခဏာကို ဟောရခြင်းအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံတော်မှ ကမ္မဋ္ဌာန်းကိုယူ၍ တော၌ သွားကြပြီး အားထုတ်ကြကုန်သော်လည်း အရဟတ္တဖိုလ်သို့ မရောက်နိုင်ကြသဖြင့် အထူးပြု၍ ကမ္မဋ္ဌာန်းကို သင်ယူကြဦးမည်ဟု မြတ်စွာဘုရားထံ ပြန်လာကြကုန်၏။

မြတ်စွာဘုရားသည် ဤရဟန်းတို့အား ဝါ ဤရဟန်းတို့၏ သင့်လျော်သော ကမ္မဋ္ဌာန်းသည် အဘယ်နည်းဟု စူးစမ်းဆင်ခြင်လတ်သော် ဤရဟန်းတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ နှစ်ပေါင်းနှစ်သောင်းတို့ ပတ်လုံး အနိစ္စလက္ခဏာ၌ အဖန်ဖန်လေ့လာ အားထုတ်ခဲ့ကြကုန်ပြီ။

ထို့ကြောင့် ထိုရဟန်းတို့အား အနိစ္စလက္ခဏာဖြင့်သော တရားတစ်ဂါထာကို ဟောသင့်၏ဟု သိမြင်တော်မူ၍ ရဟန်းတို့ကာမဘဝ ရူပဘဝ အရူပဘဝတို့၌ သင်္ခါရတရားအားလုံးတို့သည် ဖြစ်ပေါ်ပြီး၍ မရှိတော့သော သဘောကြောင့် အနိစ္စတို့သာ ဝါ မမြဲကြကုန်သည်သာဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ - ဘဝသုံးပါး၌ ဖြစ်ကုန်သော၊ အားလုံးကုန်သော၊ သင်္ခါရာ - ခန္ဓာငါးပါး သင်္ခါရတရားတို့သည်၊ အနိစ္စာ - ဖြစ်ရာဖြစ်ရာ ခဏ၌သာ ချုပ်ဆုံးကွယ်ပျောက် ကုန်သည်၏ အဖြစ်ကြောင့် အမြဲမရှိကြလေကုန်၊ ဣတိ - ဤသို့၊ ယဒါ - အကြင်အခါ၌၊ ပညာယ - ဝိပဿနာဉာဏ်ပညာဖြင့်၊ ပဿတိ - ရှုမြင်၏။ အထ - ထိုအခါ၌ - ဝါ - ထိုသို့ရှုမြင်လတ်သော်၊ ဒုက္ခေ - ခန္ဓာကိုယ်ရွက်ဆောင်ရခြင်းဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ - ငြီးငွေ့လေ၏။ (နိဗ္ဗိန္ဒန္တော - ငြီးငွေ့သည်ဖြစ်၍၊ သစ္စာနိ - သစ္စာလေးပါးတို့ကို ပဋိဝိဇ္ဈတိ - ဒုက္ခကို ပိုင်းခြားသိခြင်းစသော အလိုဖြင့် ထိုးထွင်းသိမြင်လေ၏)

ဧသ - ဧသော - ဤသို့ထိုးထွင်းသိခြင်းသည်၊ ဝိသုဒ္ဓိယာ - ကိလေသာမှ စင်ကြယ်ခြင်းငှာ၊ မဂ္ဂေါ - လမ်းကြောင်းစင်စစ် မဂ်ဖြစ်လေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့ အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။ ရောက်လာစုရုံး ရဟန်းရှင်လူအားလုံး၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**အနိစ္စလက္ခဏာဝတ္ထု ပြီး၏။**

## ၉၇။ ဒုက္ခလက္ခဏာဝတ္ထု
## ဒုက္ခလက္ခဏာကို ဟောရခြင်းအကြောင်း

ဤဝတ္ထု ဟောရခြင်းအကြောင်းသည် ဆိုခဲ့ပြီးသော ဝတ္ထုနှင့်တူ၏။

ထိုအချိန်အခါ၌ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ ဒုက္ခလက္ခဏာ၌ အားထုတ်ခြင်း ပြုအပ်ခဲ့သည်၏ အဖြစ်ကို သိမြင်တော်မူ၍ - ရဟန်းတို့ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အဖန်ဖန် နှိပ်စက်ခြင်းသဘောရှိသည်၏ အဖြစ်ကြောင့် ဒုက္ခတို့သာဖြစ်ကုန်၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ - ကာမဘဝ ရူပဘဝ အရူပဘဝတို့၌ ဖြစ်ကုန်သော အားလုံးကုန်သော၊ သင်္ခါရာ - ခန္ဓာငါးပါး သင်္ခါရတရားတို့သည်၊ ဒုက္ခာ - နှိပ်စက်ခြင်းသဘောကြောင့် ဆင်းရဲတို့သာတည်း။ ဣတိ - ဤသို့၊ ယဒါ - အကြင်အခါ၌၊ ပညာယ - ဝိပဿနာ - ဉာဏ်ပညာဖြင့်၊ ပဿတိ - ရှုမြင်၏။ အထ - ထိုသို့ ရှုမြင်လတ်သော်၊ ဒုက္ခေ - ခန္ဓာကိုယ်ဆောင်ရွက်ခြင်းဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ - ငြီးငွေ့၏။ (နိဗ္ဗိန္ဒန္တော - ငြီးငွေ့သည်ဖြစ်၍ - သစ္စာနိ - သစ္စာလေးပါးတရားတို့ကို၊ ပဋိဝိဇ္ဈတိ - ဒုက္ခကို ပိုင်းခြားသိခြင်းစသော အလိုဖြင့် ထိုးထွင်းသိမြင်လေ၏။)

ဧသဧသော - ထိုသို့ သိခြင်းသည်၊ ဝိသုဒ္ဓိယာ - ကိလေသာမှ စင်ကြယ်ခြင်းအကျိုးငှာ၊ မဂ္ဂေါ - လမ်းကြောင်းစင်စစ်မဂ်ဖြစ်လေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။ ရောက်လာ စုရုံးရဟန်း ရှင်လူအားလုံး၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

ဒုက္ခလက္ခဏာဝတ္ထု ပြီး၏။

## ၄၈။ အနတ္တလက္ခဏဝတ္ထု
## အနတ္တလက္ခဏာကို ဟောရခြင်းအကြောင်း

ဤအကြောင်းသည်လည်း ဆိုအပ်ခဲ့ပြီးသော အကြောင်းနှင့်တူ၏။

မှန်၏။ ဤဒေသနာတော်၌ မြတ်စွာဘုရားသည် ထိုရဟန်းငါးရာတို့၏ ရှေးဖြစ်သော အချိန်၌ အနတ္တလက္ခဏာ၌ စင်စစ်အားထုတ်အပ်ခဲ့သည်၏အဖြစ်ကို သိမြင်တော်မူ၍ ရဟန်းတို့ ခန္ဓာအားလုံး တို့သည် အလိုအတိုင်း မဖြစ်ခြင်းသဘောကြောင့် အနတ္တတို့သာဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

သဗ္ဗေဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ - ဘုံသုံးပါး၌ဖြစ်ကုန်သော အားလုံးကုန်သော၊ ဓမ္မာ - ခန္ဓာငါးပါးသော ဖြစ်ကုန်သော တရားတို့သည်၊ အနတ္တာ - မအိုပါစေကုန်သတည်း၊ မသေပါစေကုန်သတည်းဟူသော အလို၌ ဖြစ်စေခြင်းငှာ မတတ်နိုင်ဟူသော အလိုသို့ မလိုက်ခြင်းသဘောကြောင့်၊ အတ္တမှ ဆိတ်ကုန်၏ ပိုင်ရှင်မရှိကုန် အစိုးရသူမရှိကုန်၊ ဣတိ - ဤသို့၊ ယဒါ - အကြင်အခါ၌၊ ပညာယ - ဝိပဿနာဉာဏ်ပညာဖြင့်၊ ပဿတိ - ရှုမြင်၏။ အထ - ထိုသို့ရှုမြင် လတ်သော်၊ ဒုက္ခေ - ခန္ဓာကိုယ်ဆောင်ရွက်ရခြင်း ဆင်းရဲ၌ နိဗ္ဗိန္ဒတိ - ငြီးငွေ့လေ၏။ (နိဗ္ဗိန္ဒန္တော - ငြီးငွေ့သည်ဖြစ်၍၊ သစ္စာနိ - သစ္စာလေးပါးတရားတို့ကို၊ ပဋိဝိဇ္ဈတိ - ဒုက္ခကို ပိုင်းခြားသိခြင်းစသော အလိုဖြင့် ထိုးထွင်းသိမြင်လေ၏။

ဧသဧသော - ဤသို့သိမြင်ခြင်းသည်၊ ဝိသုဒ္ဓိယာ - ကိလေသာမှ စင်ကြယ်ခြင်းအကျိုးငှာ၊ မဂ္ဂေါ - လမ်းကြောင်းစင်စစ် မဂ်ဖြစ်လေ၏။

(သဗ္ဗေဓမ္မာတိ ပဥ္စက္ခန္ဓာ ဧဝအဓိပ္ပေတာ + အဋ္ဌကထာ)

ဒေသနာတော် အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။ ရောက်လာ စုရုံး ရဟန်းရှင်လူ အားလုံးတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**အနတ္တလက္ခဏဝတ္ထု ပြီး၏။**

## ၉၉။ ပဓာန ကမ္မိက တိဿတ္ထေရဝတ္ထု
## တရားအားထုတ်သော တိဿထေရ်အကြောင်း

သာဝတ္ထိမြို့သား အမျိုးသားငါးရာတို့သည် မြတ်စွာဘုရားထံတော်၌ ရဟန်းပြုကြ၍ ကမ္မဋ္ဌာန်းကို ယူဆောင်ကြပြီး တောအတွင်းသို့ သွားကြကုန်၏။

ထိုရဟန်းတို့တွင် ရဟန်းတစ်ပါးသာ ဇေတဝန်ကျောင်းတွင်း၌ ကျန်ရစ်လေ၏။ ကျန်ရဟန်းတို့သည် တောတွင်း၌ ရဟန်းတရားကို အားထုတ်ကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြပြီးသော် မိမိတို့ ရအပ်သော ဂုဏ်ကို မြတ်စွာဘုရားအားလျှောက်ထားကြမည်ဟု တစ်ဖန်သာဝတ္ထိသို့ လာကြကုန်၏။

ထိုရဟန်းတို့သည် သာဝတ္ထိမှ တစ်ယူဇနာခရီးမျှ၌ ရွာငယ်တစ်ရွာတွင် ဆွမ်းခံလှည့်လည်ကြကုန်၏။ ဥပါသကာတစ်ယောက်သည် ထိုရဟန်းတို့ကို မြင်၍ ယာဂုဆွမ်းစသည်တို့ဖြင့် မြတ်နိုးကော်ရော်ပူဇော်ပြီး အနုမောဒနာတရားကို ကြားနာ၍ နောက်နေ့အတွက်လည်း ပင့်လျှောက်ထားလေ၏။ ရဟန်းတို့သည် ထိုနေ့၌ပင် သာဝတ္ထိသို့ သွားကြ၍ သပိတ်သင်္ကန်းကို သိမ်းဆည်းထားကြပြီး ညနေချမ်းအချိန်၌ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ သင့်လျော်ရာနေရာ၌ ထိုင်ကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့်အတူ အလွန်နှစ်သက်ကြောင်း စကားကို မိန့်တော်မူလျက် အဆက်အစပ်ကို ပြုတော်မူသည်။

ထိုအချိန်တွင် ထိုရဟန်းတို့၏ တောသွားစဉ် ဇေတဝန်ကျောင်း၌ ကျန်ရစ်သော မိတ်ဆွေရဟန်းသည် ဤသို့ စိတ်ကူးနေလေ၏။

ဤရဟန်းတို့နှင့်အတူ အဆက်အစပ်ကို ပြုတော်မူသော မြတ်စွာဘုရား၏ ခံတွင်းတော်သည် ဆန့်လောက်မည်မဟုတ်။ သို့သော်လည်း ငါ့အား မဂ်ဖိုလ်တရားမရှိသဖြင့် ငါနှင့်အတူ စကားမပြောယနေ့ပင် အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားထံချဉ်းကပ်ပြီး ငါနှင့်အတူ စကားပြောစေမည်ဟူ၏။

ထိုရဟန်းတို့သည်လည်း မြတ်စွာဘုရား သာဝတ္ထိသို့လာခဲ့ရာ လမ်းခရီး၌ ဥပါသကာတစ်ဦးသည် နက်ဖြန် အလို့ငှာ ယာဂုဆွမ်းတို့ဖြင့် ပင့်ဖိတ်အပ်ပါကုန်၏။ တပည့်တော်တို့သည် ထိုပင့် ဖိတ်အပ်ရာရွာသို့ နံနက်စောစော ၌ပင် သွားကြပါမည်ဟု မြတ်စွာဘုရားကို ပန်ကြားလျှောက်ထားကြကုန်၏။

ထိုအချိန်အခါတွင် ထိုရဟန်းတို့၏ မိတ်ဆွေရဟန်းသည် ညဉ့်သုံးယမ်ပတ်လုံး စင်္ကြံသွားတရားအားထုတ်နေစဉ် အိပ်ချင်သဖြင့် စင်္ကြံစွန်းရှိ ကျောက်ပြားတစ်ခုပေါ်၌ လဲကျလေ၏။ ပေါင်ရိုးကျိုးသွားလေပြီ။

ထိုရဟန်းသည် ကျယ်လောင်သော အသံဖြင့် အော်ဟစ်လေ၏။ ထိုရဟန်း၏ ထိုမိတ်ဆွေရဟန်းတို့သည် အသံကို မှတ်မိကြ၍ ဤအရပ် ဟိုအရပ်မှ ပြေးသွားကြကုန်၏။

ထိုရဟန်းတို့၏ ဆီမီးညှိထွန်း၍ ပေါင်ကျိုးရဟန်း၌ ပြုသင့်သော ပြုဖွယ်ကို ပြုနေကြစဉ်မှာပင် အရုဏ်တက်လာလေပြီ။ ထိုရဟန်းတို့သည် ဖိတ်မန်ထားရာ ထိုရွာသို့ သွားခွင့်မရကြလေပြီ။ ထိုအခါ ထိုရဟန်းတို့ကို မြတ်စွာဘုရားသည် ရဟန်းတို့ သင်တို့သည် ဆွမ်းခံရွာသို့ အဘယ့်ကြောင့် မသွားကြသနည်းဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား တပည့်တော်တို့ မသွားကြသည်မှာ

မှန်ပါသည်ဘုရားဟု လျှောက်ထား၍ ဆွမ်းခံရွာသို့မသွားခြင်းအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရာသည် ရဟန်းတို့ ထိုရဟန်းသည် ယခုဘဝ၌သာ သင်တို့၏ လာဘ်အန္တရာယ်ကို ပြုသည်မဟုတ်၊ ရှေးဘဝ၌လည်း ပြုခဲ့ဖူးသည်သာဟု မိန့်တော်မူကာ ထိုရဟန်းတို့ တောင်းပန်သဖြင့် အတိတ်ကို ဆောင်တော်မူ၍

ယောပုဗ္ဗေ ကရဏီယာနိ၊ ပစ္ဆာ သော ကာတု မိစ္ဆတိ။

ဝရုဏကဋ္ဌဘဉ္ဇောဝ၊ သပစ္ဆာ မနုတပ္ပတိ။

ယော - အကြင်သူသည်။ ပုဗ္ဗေ - ရှေးအချိန်၌၊ ကရဏီယာနိ - ပြုဖွယ်ကိစ္စတို့ကို၊ ပစ္ဆာ - နောက်အချိန်၌၊ ကာတုံ - ပြုခြင်းငှာ၊ ဣစ္ဆတိ - အလိုရှိ၏။ သော - ထိုသူသည်၊ ဝရုဏကဋ္ဌဘဉ္ဇောဝ - ရေခံတက် ထင်းကို ချိုးသော လုလင်ကဲ့သို့၊ ပစ္ဆာ - နောက်အချိန်၌၊ အနုတပ္ပတိ - အဖန်ဖန် ပူပန် စိုးရိမ်ရလေ၏။

ဤဇာတ်ကို အကျယ်ဟောတော်မူပြီ။

ထိုအချိန်အခါ၌ ထိုရဟန်းတို့သည် လုလင်ငါးရာတို့ ဖြစ်ခဲ့ကုန်ပြီ။ ဤရဟန်းသည် လုံ့လမရှိ ပျင်းရိသော လုလင်ဖြစ်ခဲ့လေပြီ။

ယခုအခါ ငါဘုရားသည်သာ ထိုအချိန်အခါ၌ ဒိသာပါမောက္ခဆရာ ဖြစ်ခဲ့လေပြီ။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍ ရဟန်းတို့ အကြင်သူသည် ထကြွလုံ့လ ဝီရိယပြုသင့်ရာ အချိန်၌ မပြည့်စုံသော အကြံအစည်ရှိ၏။ ပျင်းရိသော ထိုသူသည် ဈာန် စသည်အပြားရှိသော တရားထူးကို မရနိုင်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

ဥဋ္ဌာနကာလမှိ အနုဋ္ဌဟာနော။

ယုဝါ ဗလီ အာလသိယံ ဥပေတော။

သံသန္နသင်္ကပ္ပမနော ကုသီတော။

ပညာယ မဂ္ဂံ အလသော နဝိန္ဒတိ။

ဥဋ္ဌာနကာလမှိ - ထကြွလုံ့လပြုသင့်ရာအချိန်၌၊ အနုဋ္ဌဟာနော - ထကြွလုံ့လမပြုသော၊ ယုဝါဗလီ - အရွယ်ကောင်း၍ အားရှိသူဖြစ်လျက်၊ အာလသိယံ - ပျင်းရိခြင်းသို့၊ ဥပေတော - ကပ်ရောက်သော၊ သံသန္နသင်္ကပ္ပမနော - မိစ္ဆာဝိတက် သုံးမျိုးတို့ဖြင့် ကောင်းစွာဆုတ်နစ်သော၊ သမ္မာသင်္ကပ္ပစိတ်ရှိသော၊ ဝါ - မိစ္ဆာ ဝိတက်သုံးမျိုးတို့ဖြင့် သမ္မာသင်္ကပ္ပမှ အလွန်ဆုတ်နစ်သော စိတ်ရှိသော၊ ကုသီတော - ဝီရိယမရှိသော - အလသော - အပျင်းကြီးသူသည်။ ပညာယ - ဝိပဿနာပညာဖြင့် (ဒဋ္ဌဗ္ဗံ - ရှုမြင်အပ်သော) မဂ္ဂံ - အရိယမဂ် ကို၊ နဝိန္ဒတိ - မရချေ။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်ပြီ။

**ပဓာန ကမ္မိက တိဿထေရဝတ္ထု ပြီး၏။**

## ၁၀၀။ သူကရပေတဝတ္ထု ဝက်ပြိတ္တာအကြောင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ မဟာမောဂ္ဂလာန်ထေရ်သည် လက္ခဏထေရ်နှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ကြွဆင်းလာစဉ် တစ်ခုသော အရပ်၌ ထင်ထင်ရှားရှားပြုံးတော်မူသည်။

လက္ခဏထေရ်သည် ငါ့ရှင်မောဂ္ဂလာန် ငါ့ရှင်သည် အဘယ်အကြောင်းကြောင့် ပြုံးပါသနည်းဟု မေးအပ်လေသော် -

ငါ့ရှင်လက္ခဏ, မေးရမည့်အချိန်မဟုတ်သေး၊ မြတ်စွာဘုရားထံတော်၌ တပည့်တော်ကို မေးတော်မူကြပါဟု ပြောဆိုကာ လက္ခဏထေရ်နှင့်အတူ ရာဇဂြိုဟ်မြို့တွင်၌ ဆွမ်းခံ၍ ဆွမ်းခံရွာမှ ဖယ်ခွာပြီးသော် ဝေဠုဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးပြီး ထိုင်နေတော်မူသည်။

ထိုအချိန်တွင် မဟာမောဂ္ဂလာန်ထေရ်ကို လက္ခဏာထေရ်သည် ယခင်အကြောင်းကို မေးမြန်းလေ၏။

မဟာမောဂ္ဂလာန်ထေရ်သည် အို အရှင်လက္ခဏာ တပည့်တော်သည် ပြိတ္တာတစ်ကောင်ကို မြင်ခဲ့ပါပြီ။ ထိုပြိတ္တာ၏ ကိုယ်သည် သုံးဂါဝုတ်ပမာဏရှိ၏။ ထိုကိုယ်သည် လူ၏ကိုယ်နှင့်တူ၏။ ဦးခေါင်းသည်ကား ဝက်ဦးခေါင်းနှင့်တူ၏။ ထိုပြိတ္တာ၏ ခံတွင်း၌ အမြီးပေါက်နေ၏။ ထိုအမြီးမှ ပိုးလောက်များ ကျဆင်းနေကြသည်။

တပည့်တော်သည် ဤလိုသတ္တဝါမျိုးကို ရှေးကမမြင်ခဲ့ဘူးပါ။ ထို့ကြောင့် ထိုသတ္တဝါကိုမြင်၍ ထင်ထင်ရှားရှား ပြုံးခဲ့ပါသည်ဟု မိန့်လေ၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရား၏ တပည့်တို့သည် စက္ခုအမြင်ရှိကြကုန်၍ နေထိုင်ကြကုန်၏ဟု မိန့်တော်မူကာ - ငါဘုရားသည်လည်း ဗောဓိမဏ္ဍိုင်၌ နေစဉ်ကပင် ထိုသတ္တဝါကို မြင်ခဲ့ရပြီ။ ငါဘုရား၏ စကားကို မယုံကြည်သူတို့အား စီးပွားမဖြစ်လေရာ၏ဟု ဆင်ခြင်၍ သူတစ်ပါးတို့အား သနားစောင့်ရှောက်ခြင်းဖြင့် မပြောခဲ့လေပြီ။ ယခုအခါမူ မောဂ္ဂလာန်ကို သက်သေပြု၍ ငါပြောပေ၏။

ရဟန်းတို့ မောဂ္ဂလာန်သည် အမှန်စကားကိုပြောဆို၏ ဟု မိန့်တော်မူပြီး

ရဟန်းတို့သည် မြတ်စွာဘုရား၏ ထိုစကားတော်ကို ကြားကြကုန်၍ မြတ်စွာဘုရား ထိုသတ္တဝါ ရှေးဘဝ၌ ပြုခဲ့သောကံသည်ကား အဘယ်ပါနည်းဟု မြတ်စွာဘုရားကို မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ သင်တို့ သိလို၍ မေးလျှောက်ကြလျှင် နားထောင်ကြဟု မိန့်တော်မူကာ အတိတ်ကိုဆောင်၍ ထိုသတ္တဝါ၏ ရှေးဘဝ၌ ပြုခဲ့သောကံကို ဟောပြတော်မူပြီး။

ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ရွာငယ်တစ်ရွာဝယ်ထေရ်နှစ်ပါးတို့သည် ညီညွတ်စွာ နေထိုင်ကြကုန်၏။ ထိုထေရ်နှစ်ပါးတို့တွင် တစ်ပါးသည် ဝါခြောက်ဆယ်ရ၏။ တစ်ပါးသည် (၅၉) ဝါရရှိ၏။ (၅၉) ဝါရထေရ်သည် ဝါခြောက်ဆယ်ရထေရ်၏ သပိတ်သင်္ကန်းကို ကိုင်ယူ၍ သွားလာပြီး သာမဏေကဲ့သို့ ဝတ်ကြီးဝတ်ငယ်အားလုံးကို ပြုတော်မူ၏။

တစ်ဦးတည်း မိခင်ဝမ်း၌ နေခဲ့ဖူးသော ညီအစ်ကိုကဲ့သို့ ညီညွတ်စွာနေကြသော ထိုထေရ်တို့၏ နေရာဌာနသို့ ဓမ္မကထိက ရဟန်းတစ်ပါးရောက်လာလေ၏။ ရောက်လာရာ ထိုအခါ၌လည်း တရားနာမည့်နေ့ဖြစ်၏။ ထေရ်တို့သည် ဓမ္မကထိက ရဟန်းကို ချီးမြှောက်လို၍ အိုသူတော်ကောင်း တပည့်တော်တို့အား တရားဟောတော် မူပါဟု လျှောက်ထားကြလေ၏။ ဓမ္မကထိကရဟန်းသည် တရားဟောလေ၏။ ထေရ်တို့သည် ဓမ္မကထိက ရဟန်းကို ငါတို့ရအပ်ပြီဟု နှစ်သက်ဝမ်းသာစိတ်ဖြစ်ကြပြီး နောက်နေ့၌ ဓမ္မကထိက ရဟန်းကိုခေါ်၍ အနီးဖြစ်သော ရွာအတွင်းသို့ ဆွမ်းခံဝင်ကြပြီး ရွာတွင်း၌ ဆွမ်းကိစ္စပြုပြီးကြသော် ငါ့ရှင် မနေ့က ဟောပြအပ်သော နေရာမှသာ တရားအနည်းငယ်ကို ဟောပါဦးဟု လျှောက်ထားကာ လူတို့အား တရားဟောပြစေလို၏။ လူတို့သည် တရားစကားကို ကြားနာကြကုန်၍ နောက်နေ့အတွက်လည်း ပင့်လျှောက်ကြကုန်၏။

ဤသို့လျှင် ထက်ဝန်းကျင်မှ ဆွမ်းခံရွာတို့၌ နှစ်ရက်စီ နှစ်ရက်စီ ဓမ္မကထိက ရဟန်းကို ခေါ်၍ ဆွမ်းခံကြကုန်၏။

ဓမ္မကထိကရဟန်းသည် - ဤထေရ်တို့သည် အလွန်သိမ်မွေ့လေ၏။ ငါသည် ဤနှစ်ပါးလုံးကို ထွက်ပြေးစေ၍ (ထွက်ပြေးအောင်ပြုပြီး) ဤကျောင်း၌ နေရန်သင့်သည်ဟု စိတ်ကူးထားလေ၏။ သူသည်ညနေချိန်၌ ထေရ်အား ဆည်းကပ်ရာနေရာသို့ သွား၍ ရဟန်းတို့ ထသွားရာအချိန်၌ ပြန်လှည့်ကာ ထေရ်ကြီးထံ ချဉ်းကပ်၍-

အရှင်ဘုရား အနည်းငယ်လျှောက်ထားဖွယ်ရှိပါသည်ဟု လျှောက်ထားသဖြင့် ငါ့ရှင်လျှောက်ထားပါဟု ထေရ်ကြီးက မိန့်အပ်လေသော် အချိန်အနည်းငယ် စဉ်းစားနေပြီး - အရှင်ဘုရား လျှောက်ထားရမည့်စကားသည် အပြစ်ကြီးလှပါသည်ဟု ပြောဆိုကာ လျှောက်ထားခြင်း မပြုတော့ဘဲ ထေရ်ကြီးထံမှ ဖယ်ခွာသွားလေ၏။

ထေရ်ငယ်ထံသို့လည်း သွား၍ ထိုနည်းတူစွာ ပြုလေပြီ။ သူသည် ဒုတိယနေ့၌ ထိုနည်းတူသာ ပြု၍ တတိယနေ့၌ ထိုထေရ်တို့၏ လွန်စွာ အုတ်အုတ်ကျက်ကျက် ဖြစ်လေသော် ထေရ်ကြီးထံ ချဉ်းကပ်၍ အရှင်ဘုရား - စကားအနည်းငယ်ပြောစရာရှိပါသည်။ သို့ပါသော်လည်း အရှင်ဘုရားတို့အနီးမှာ မပြောရဲပါဟု ဆိုပြန်သော် ထေရ်ကြီးက - ငါ့ရှင်မပြောရဲတာရှိပါစေ၊ ပြောသာပြောပါဟု ဖိနှိပ်မိန့်ဆိုအပ်ရကား - အရှင်ဘုရား အဘယ်သို့ပါနည်း (ဘယ်လိုပါလဲ) ထေရ်ငယ်သည် အရှင်ဘုရားတို့နှင့်အတူ သမ္ဘောဂ (သုံးဆောင်မှု) ရှိပါသလားဟု လျှောက်ထားလေ၏။

အို - သူတော်ကောင်း ဘယ်လိုစကားကိုပြောလိုက်တာလဲ၊ ငါတို့နှစ်ပါးသည် တစ်ဦးတည်းသော မိခင်ဝမ်း၌ ကိန်းအောင်းခဲ့သော သားတို့နှင့် တူကုန်၏။ (ညီအစ်ကိုအရင်းလို ဟု ဆိုလိုသည်)

ငါတို့နှစ်ပါးတွင် တစ်ပါးရအပ်သောပစ္စည်းကို အခြားတစ်ပါးလည်း ရအပ်သည်သာဖြစ်၏။ ငါသည် ဤအချိန်တိုင်အောင် ထေရ်ငယ်၏ကျေးဇူးမဲ့ကို မမြင်ဘူးပါဟု မိန့်တော်မူလေ၏။

အရှင်ဘုရား - အမိန့်ရှိသည့်အတိုင်း မှန်ပါသလား။

ငါ့ရှင် မှန်ပါသည်။

အရှင်ဘုရား - ထေရ်ငယ်က တပည့်တော်ကို ဤသို့ပြောပါသည်။

အိုသူတော်ကောင်းသင်သည် အမျိုးကောင်းသားဖြစ်၏။ ဤမဟာထေရ်သည် မကောင်းမှုရှက်တတ်သူ သီလကို ချစ်မြတ်နိုးသူဖြစ်သဖြင့် ထေရ်ကြီးနှင့်အတူ သုံးဆောင်မှုကိုပြုခဲ့သော် စဉ်းစဉ်းစားစားပြုပါဟု တပည့်တော်ကို ရောက်တဲ့နေ့မှစ၍ ပြောပါသည်ဟုလျှောက်ထားလေ၏။

ထေရ်ကြီးသည် ဓမ္မကထိက ရဟန်း၏ စကားကိုကြား၍သာ အမျက်ထွက်သောစိတ်ရှိရကား ဒုတ်ဖြင့် ရိုက်နှက်အပ်သော အိုးထိန်းသည်၏ အိုးကဲ့သို့ စိတ်ဝမ်းကွဲလေပြီ။ ဓမ္မကထိက ရဟန်းသည်လည်း နေရာမှထ၍ ထေရ်ငယ်ထံသွားပြီး ထိုနည်းတူပင် လျှောက်ထားလေ၏။ ထေရ်ငယ်သည်လည်း ထေရ်ကြီးကဲ့သို့ပင် စိတ်ဝမ်းကွဲလေပြီ။

ထိုထေရ်နှစ်ပါးတို့တွင် တစ်ပါးသည်သော်လည်း ဤမျှအချိန်တိုင်အောင် သီးခြားဆွမ်းခံဝင်ဖူးသည်မရှိ၊ သို့သော်လည်း နောက်နေ့၌ သီးခြားဆွမ်းခံဝင်၍ ထေရ်ငယ်သည် ရှေးဦးစွာ ပြန်ရောက်၍ ဆွမ်းစားဇရပ်၌ ရပ်နေ၏။ ထေရ်ကြီးသည် နောက်မှ ကြွလာပြီ။ ထေရ်ငယ်သည် ထေရ်ကြီးကို မြင်လေသော် -

အသို့နည်း - ဤထေရ်ကြီး၏ သပိတ်သင်္ကန်းကို ခံယူသင့်သလော သို့မဟုတ် မခံယူသင့်သလောဟု စဉ်းစားလေ၏။

ထေရ်ငယ်သည် ယခု ငါမခံယူနိုင်တော့ပါဟု စိတ်ကူးထားသော်လည်း ဖြစ်ပါစေ ရှိပါစေတော့၊ ငါသည် ဤသို့ ရှေးကမပြုစဖူး၊ ငါသည်မိမိဝတ္တရားကို မယုတ်လျော့စေသင့်ဟု စိတ်ကို နူးညံ့အောင်ပြု၍ ထေရ်ကြီးထံ ချဉ်းကပ်ပြီး အရှင်ဘုရားသပိတ်သင်္ကန်းကို ပေးတော်မူပါဟု လျှောက်ထား၏။

ထေရ်ကြီးသည် အို ဆုံးမခက်သော ရဟန်းသွားလေလော့။ သင်သည် ငါ့သပိတ်သင်္ကန်းကို ခံယူသင့်သည်မဟုတ်ဟု လက်ဖျစ်တီး၍ ထေရ်ငယ်သည်လည်း အရှင်ဘုရား ဟုတ်ပါပြီ။ တပည့်တော်ကလည်း အရှင်ဘုရားတို့၏ သပိတ်သင်္ကန်းကို ခံယူမည်မဟုတ် ဟု (မခံယူဟု) စိတ်ကူးထားပါသည်ဟု လျှောက်ထားအပ်သော် -

ငါ့ရှင်ရဟန်းငယ် သင်သည် ဘယ်လိုကြံစည်သနည်း။ ဤကျောင်း၌ ငါ၏ ကပ်ငြိမှုတစ်စုံတစ်ခု ရှိသလောဟု မိန့်လေ၏။

ထေရ်ငယ်သည်လည်း အရှင်ဘုရား ဤကျောင်း၌ တပည့်တော်၏ ငြိတွယ်မှုတစ်စုံတစ်ခုရှိသည်ဟု အရှင်ဘုရားတို့ မှတ်ထင်ထားကြပါသလော။ ဤကျောင်းသည် အရှင်ဘုရား၏ ကျောင်းဖြစ်ပါသည်ဟု လျှောက်ထား၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီး ကျောင်းမှထွက်ခွာသွားလေ၏။

ထေရ်ကြီးသည်လည်း ကျောင်းမှထွက်ခွာသွားလေ၏။ ထိုထေရ်တို့သည် တစ်ခုတည်းသော လမ်းခရီးဖြင့် မသွားကြဘဲ ထေရ်တစ်ပါးသည် အနောက်တံခါးဖြင့်သွားရာလမ်းကို ယူ၍ ထေရ်တစ်ပါးသည် အရှေ့ဘက်တံခါးဖြင့် သွားရာလမ်းကို ယူလေပြီ။

ဓမ္မကထိကရဟန်းသည် အရှင်ဘုရားတို့ ဤသို့မပြုပါကုန်နှင့်၊ ဤသို့ မပြုကုန်နှင့်ဟု လျှောက်ထားလေသော် - ငါ့ရှင် တန်တော့ဟု ပြန်၍ မိန့်အပ်သော် ကျောင်းသို့ပြန်လှည့်လာ၏။

ဓမ္မကထိက ရဟန်းသည်နောက်နေ့၌ အနီးဖြစ်သော ရွာသို့ ဆွမ်းခံဝင်လေသော် လူတို့က အရှင်ဘုရား အရှင်မြတ်နှစ်ပါးဘယ်မှာနေည်း ဟုလျှောက်ထားအပ်သော် - ဒကာတို့မမေးကြနှင့်။

သင်တို့၏ ကုလုပက (သင် တို့ထံ ကပ်တတ်သော) ရဟန်းတို့သည် မနေ့ကတစ်ပါးနှင့်တစ်ပါး ခိုက်ရန်ပြုပြီး ကျောင်းမှ ထွက်သွားကြလေပြီ။ ငါသည် တောင်းပန်လျှောက်ထားသော်လည်း ပြန်လှည့်လာအောင် မတတ်နိုင်ပြီဟု ပြောဆို၏။ ထိုရွာနေ လူတို့ တွင် လူမိုက်တို့သည် တိတ်တိတ်နေကြသည်။ ပညာရှိသူ လူတို့သည်ကား ငါတို့သည် ဤမျှလောက် ကာလပတ် လုံး အရှင်ကောင်းတို့၏ တစ်စုံတစ်ခု ချွတ်ချော်မှုကို မတွေ့မြင်ဘူးချေ။ အရှင်ကောင်းတို့၏ ဘေးသည် ဤဓမ္မကထိက ရဟန်းကို မှီရာ အကြောင်းပြု၍ ဖြစ်ပေါ်လာသည် ဖြစ်လိမ့်မည်ဟု နှလုံးမသာမယာရှိကြကုန်၏။

ကျောင်းမှ ထွက်ခွာသွားကြသော ထေရ်တို့သည်လည်း ရောက်ရာအရပ်၌ စိတ်ချမ်းသာမှုကို မရကြလေကုန်။

ထေရ်ကြီးသည် - အံ့ဩလောက်ပါပေ၏။ ထေရ်ငယ် ရဟန်းသည် ဝန်လေးဖွယ်အမှုကို ပြုအပ်ပေသည်။ တခဏမျှ မြင်တွေ့ရသော အာဂန္တုရဟန်းကို ထေရ်ကြီးနှင့်အတူ သမ္ဘောဂမပြုလေနှင့်ဟု ပြောဆိုလေသည်ဟု စိတ်ကူးမိလေ၏။

ထေရ်ငယ်သည်လည်း - အံ့ဩလောက်ပါပေ၏။ ထေရ်ကြီးသည် ဝန်လေးဖွယ်အမှုကို ပြုအပ်ပေသည်။ တခဏမျှ မြင်တွေ့ရသော အာဂန္တုရဟန်းကို ထေရ်ငယ်နှင့်အတူ သမ္ဘောဂ - မပြုလေနှင့်ဟု ပြောခဲ့ပေသည်ဟု စိတ်ကူးနေလေ၏။

ထေရ်နှစ်ပါးတို့၏ ကျမ်းဂန်ကို ရွတ်အံ့ သရဇ္ဈာယ်ခြင်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းဆင်ခြင် ခြင်းသည် မဖြစ်တော့ပြီ။ ထေရ်တို့သည် အနှစ်တစ်ရာလွန်မြောက်လာချိန်၌ အနောက်မျက်နှာအရပ်တွင် ကျောင်း တစ်ကျောင်းသို့ သွားရောက်ကြကုန်၏။ ထိုထေရ်တို့၏ တစ်ကျောင်းတည်းသာဖြစ်သော ကျောင်းနေရာ သည် ရောက်ရှိလေ၏။

မထေရ်ကြီးသည် ကျောင်းတွင်းဝင်၍ ညောင်စောင်းငယ်၌ ထိုင်နေသော် ထေရ်ငယ်သည်လည်း ကျောင်းတွင်းသို့ ဝင်လာလေပြီ ထေရ်ကြီးသည် ထေရ်ငယ်ကိုမြင်လျှင်ပင် မှတ်မိသည်ဖြစ်၍ မျက်ရည်တို့ကို စီးမကျအောင် မတတ်နိုင်လေပြီ။

ထေရ်ငယ်သည်လည်း ထေရ်ကြီးကို မှတ်မိသည်ဖြစ်၍ မျက်ရည်တို့ဖြင့် ပြည့်သော မျက်လုံးတို့ဖြင့် စကားပြောရအံ့လော။ မပြောရအံ့လောဟုစိတ်ကူးပြီး ဟိုယခင်က ဓမ္မကထိက ပြောသောစကားသည် ယုံကြည်ထိုက်သော သဘောမရှိဟု ယူဆ၍ ထေရ်ကြီးကို ရှိခိုးပြီး အရှင်ဘုရားတပည့်တော်သည် ဤမျှကာလပတ်လုံး အရှင်ဘုရားတို့၏ သပိတ်သင်္ကန်းကို ကိုင်ယူ၍ လှည့်လည်နေထိုင်ခဲ့ပါပြီ။ တပည့် တော်၏ ကာယကံမှု စသည်တို့၌ တစ်စုံတစ်ခု မသင့်တော်မှုကို အရှင်ဘုရားတို့ တွေ့မြင်ဖူးပါသလားဘုရား။

ငါ့ရှင် မမြင်မတွေ့ဘူးပါ။ မမြင်မတွေ့ဖူးပါလျက် အဘယ့်ကြောင့် ဓမ္မကထိက ရဟန်းကို သင်သည် ထေရ်ငယ်နှင့်အတူ သမ္ဘောဂ မပြုလေနှင့်ဟု မိန့်တော်မူကြပါသနည်း။

ငါ့ရှင်၊ ငါသည် သင်လျှောက်ထားသကဲ့သို့ မပြောမိပါ။ သင်သည် ငါ၏ မျက်ကွယ်၌ ဤသို့ ပြောဆိုအပ်သည် မှန်သလော။

အရှင်ဘုရား တပည့်တော်သည်လည်း မပြောဆိုပါဟု လျှောက်ထားလေ၏။

ထေရ်ကြီး ထေရ်ငယ်တို့သည် ထိုခဏ၌ ထိုဓမ္မကထိက ရဟန်းသည် ငါတို့ကို ကွဲပြားခြားနား

စေလိုသဖြင့် ဤသို့ပြောဆိုအပ်သည် ဖြစ်လိမ့်မည်ဟု သိမြင်ကြပြီး အချင်းချင်းအပြစ်ကို ပြောကြားသော အားဖြင့် သည်းခံခွင့်လွှတ်ကြကုန်၏။

ထေရ်ကြီး ထေရ်ငယ်တို့သည် နှစ်တစ်ရာပတ်လုံး စိတ်သာယာမှုကို မရကြဘဲ ထိုနေ့၌ စိတ်တူ ကိုယ်မျှ ညီညွတ်ကြကာ -

လာသွားကြစို့ ထိုဓမ္မကထိက ရဟန်းကို ထိုကျောင်းမှနှင်ထုတ်ကြမည်ဟု ထွက်ခွာခဲ့၍ ခရီးစဉ် အားဖြင့် ထိုကျောင်းသို့ ရောက်သွားကြကုန်၏။

ဓမ္မကထိက ရဟန်းသည်လည်း ထေရ်တို့ကိုမြင်လျှင် သပိတ်သင်္ကန်းကို လှမ်းကိုင်ယူရန် အနီးသို့ သွားလေ၏။

ထေရ်တို့သည် သင်သည်ဤကျောင်း၌နေရန် သင့်လျော်သူမဟုတ်ဟု ဆိုကာ လက်ဖျစ်တီး ကြကုန်၏။ ဓမ္မကထိကရဟန်းသည် ရပ်တည်နေရန် မတတ်နိုင်တော့၍ ထိုခဏ၌ပင် ကျောင်းမှ ထွက်ပြေးလေ၏။ ထိုအချိန်မှ နောက်ကာလ၌ ထိုဓမ္မကထိကရဟန်း၏ နှစ်ပေါင်းနှစ်သောင်းကာလပတ် လုံး ပြုကျင့်အပ်သော ရဟန်းတရားသည် ဓမ္မကထိက ရဟန်းကို ကောင်းစွာဆောင်ထားခြင်းငှာ (ရပ်တည် နေစေရန်) မတတ်နိုင်တော့ပြီ။ ထိုဘဝမှ စုတေ၍ အဝီစိငရဲ၌ ဖြစ်လျက် တစ်ဆူသော ဘုရားအကြား ကာလပတ်လုံး ကျက်ခဲ့၍ ယခုအချိန် ဂိဇ္ဈကုဋ်တောင်၌ ဆိုအပ်ခဲ့ပြီးသော သဘောရှိသော ခန္ဓာကိုယ် အတ္တဘောဖြင့် တွေ့ကြုံခံစားနေရလေ၏။

မြတ်စွာဘုရားသည် ဝက်ပြိတ္တာ၏ ရှေးကပြုခဲ့ဖူးသော ဤကံတရားကို ဆောင်တော်မူ၍ -

ရဟန်းတို့ ရဟန်းမည်သည် ကာယစသည်တို့ဖြင့် ငြိမ်သက်သော သဘောရှိသူ ဖြစ်ထိုက်သည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည်။

ဝါစာနုရက္ခီ မနသာ သုသံဝုတော။

ကာယေန စ နာကုသလံ ကယိရာ။

ဧတေ တယော ကမ္မပထေ ဝိသောဓယေ၊

အာရာဓယေ မဂ္ဂမိ သိပ္ပဝေဒိ တံ။

ဝါစာနုရက္ခီ - ဝစီဒုစရိုက်တို့ကို ရှောင်ကြဉ်ခြင်းဖြင့် နှုတ်ကိုစောင့်ရှောက်သည်၊ မနသာ - စိတ်ဖြင့်၊ သုသံဝုတော - အဘိဇ္ဈာစသည်တို့ကို မဖြစ်စေခြင်းဖြင့် ကောင်းစွာစောင့်စည်းသည် (ဟုတ္တာ - ဖြစ်၍) ကာယေနစ - ကိုယ်ဖြင့်လည်း။ အကုသလံ - ပါဏာတိပါတ အစရှိသော အကုသိုလ်ကို၊ နကယိရာ - မပြုရာ၊ တယော - သုံးပါးကုန်သော၊ ဧတေကမ္မပထေ -အပါယ်လားကြောင်း မကောင်းမှု ထိုကံတို့ကို ဝိသေဓယေ - သန့်စင်စေရာ ၏။ (ဝိသောဓေန္တော - သန့်စင်စေသူသည်) ဣသိပ္ပဝေဒိတံ - သီလက္ခန္ဓ စသည်အထူး ဂုဏ်ကျေးဇူးကို ဆည်း ပူးရှာမှီးပြီးသော ဘုရားအစရှိသော ဣသိ - တို့သိစေအပ်ဟော ပြအပ်သော၊ မဂ္ဂံ - အဋ္ဌင်္ဂိကမဂ်ကို၊ အာရာဓယေ - ပြီးစီးစေနိုင်ရာ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာ သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**သုကရမေပတဝတ္ထု ပြီး၏။**

## ၁၀၁။ ပေါဋ္ဌိလဝတ္ထုရဝတ္ထု ပေါဋ္ဌိလထေရ်အကြောင်း

ပေါဋ္ဌိလထေရ်သည် ဝိပဿီ - သိခီ - ဝေဿဘူ - ကကုသံ - ကောဏဂုမ် ကဿပ - ဂေါတမ ဘုရားခုနစ်ဆူတို့၏ ပိဋကသုံးပုံဆောင် ရဟန်းဖြစ်၍ ရဟန်းငါးရာတို့အား ပိဋကတရားတော်ကို ပို့ချလေပြီ။

မြတ်စွာဘုရားသည် ဤပေါဋ္ဌိလ ရဟန်းအားသူ၏ ဆင်းရဲမှ ထွက်မြောက်ကြောင်းကျင့်စဉ်ကို ပြုမည်ဟူသော စိတ်လည်းမရှိ။ ငါဘုရားသည် ပေါဋ္ဌိလ ရဟန်းကို ထိတ်လန့်သံဝေဂ ဖြစ်စေမည်ဟု ဆင်ခြင်တော်မူသည်။

ထိုအချိန်မှစ၍ မြတ်စွာဘုရားအား ဆည်းကပ်ရာသို့ ပေါဋ္ဌိလထေရ်ရောက်လာသောအခါ -

အချည်းနှီး ပေါဋ္ဌိလ - ငါဘုရားထံလာလော့၊

အချည်းနှီး ပေါဋ္ဌိလ - ငါဘုရားထံရှိခိုးလော့၊

အချည်းနှီး ပေါဋ္ဌိလ - ငါဘုရားအနီး၌ ထိုင်လော့

အချည်းနှီး ပေါဋ္ဌိလ - ငါဘုရားထံမှ သွားလော့ ဟု မိန့်တော်မူ၏

ပေါဋ္ဌိလထေရ် မြတ်စွာဘုရားထံမှ ထသွားချိန်၌လည်း အချည်းနှီးပေါဋ္ဌိလ ရဟန်းသည် ထသွားပြီ ဟု မိန့်တော်မူ၏။

ပေါဋ္ဌိလထေရ်သည် ဤသို့စဉ်းစားမိလေပြီ။

ငါသည် အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံတို့ကို ဆောင်ယူဖြစ်၏။ တစ်ဆယ့်ရှစ်ပါးသော ဂိုဏ်းကြီးတို့၌ ရဟန်းငါးရာတို့အား စာပေပို့ချနေ၏။ ထိုသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် ငါ့ကိုအချည်းနှီး ပေါဋ္ဌိလဟု မပြတ်မိန့်ခေါ်တော်မူသည်။ မချွတ်ကေန်အမှန် မြတ်စွာဘုရားသည် ငါ့ကိုစျာန်အစရှိသော တရားထူးကို မရှိသဖြင့် အချည်းနှီးပေါဋ္ဌိလဟု မိန့်တော်မူသည်ဟု စဉ်းစားမိလေ၏။

ပေါဋ္ဌိလထေရ်သည် ထိတ်လန့်မှု သံဝေဂဖြစ်တော်မူကာ ငါသည်ယခုတောအရပ်သို့ ဝင်၍ ရဟန်းတရားကို အားထုတ်တော့မည်ဟု စိတ်ကူးပြီး သပိတ်သင်္ကန်းကို ကိုယ်တိုင်ဆောင်ယူ၍ လင်းအားကြီးအချိန်၌ ရဟန်းအားလုံးတို့၏ နောက်မှ ပရိယတ်တရားကို သင်ယူ၍ မိမိထံမှ ထွက်သွားသော တပည့်ရဟန်းနှင့်အတူ ကျောင်းမှ ထွက်ခွာလေပြီ။ ကျောင်းဝင်းအတွင်း၌နေ၍ စာပေရွတ်အံနေသော ရဟန်းတို့သည် ပေါဋ္ဌိလထေရ်ကို ငါတို့၏ ဆရာထေရ်ဟု မမှတ်မိကြလေကုန်၊ ပေါဋ္ဌိလထေရ်သည် ယူဇနာတစ်ရာ့ နှစ်ဆယ်ခရီးကို ကြွတော်မူ၍ တောကျောင်းတစ်ကျောင်း၌ ရဟန်းသုံးဆယ်တို့သည် နေထိုင်ကြကုန်၏။ ထိုရဟန်းတို့ထံ ချဉ်းကပ်၍ သံဃ ထေရ်ကို ရှိခိုးပြီး အရှင်ဘုရား တပည့်တော်၏ အားထားကိုးကွယ်ရာပုဂ္ဂိုလ်ဖြစ်တော်မူပါဟု လျှောက်ထားလေ၏။

အို - အရှင်ပေါဋ္ဌိလ အရှင်သည် စာပေကျမ်းဂန်သင်အံ့ပို့ချနေသူဖြစ်ပါသည်။ တပည့်တော်တို့မှာ အရှင့်ကို အမှီပြု၍ သိဖွယ်တစ်စုံတစ်ခုကို သိရပါမည်။ အဘယ့်ကြောင့် ဤသို့လျှောက်ထားရပါနည်း။

အရှင်ဘုရား ဤသို့မပြုလုပ်၊ မပြောဆိုပါနှင့်၊ တပည့်တော်၏အားထားကိုးကွယ်ရာ ပုဂ္ဂိုလ်ဖြစ်တော်မူပါဟု လျှောက်ထားလေ၏။

တောကျောင်းနေ သုံးကျိပ်သောရဟန်းတို့သည် အာသဝေါကုန်ခမ်း ရဟန္တာတို့ချည်းသာ ဖြစ်တော်မူကြ သည်။

ထိုအခါ တောကျောင်းမဟာထေရ်သည် ပေါဋ္ဌိလထေရ်ကို ဤ ပေါဋ္ဌိလအား ပိဋကသုံးပုံသင်ယူထားမှုကို မှီရာအကြောင်းပြု၍ မာနရှိသူသာဖြစ်၏ဟု ဆင်ခြင်ကာ အနုထေရ်(ဝါငယ်ထေရ်) ထံစေလွှတ်လိုက်လေ၏။

အနုထေရ်သည်လည်း ပေါဋ္ဌိလထေရ်ကို မဟာထေရ်နည်းတူ မိန့်တော်မူလေ၏။ ဤသို့သော နည်းဖြင့် တောကျောင်းနေထေရ်အားလုံးတို့သည် ပေါဋ္ဌိလထေရ်ကို အဆင့်ဆင့်တစ်ပါးပြီးတစ်ပါးထံ စေလွှတ်ကြသည်ဖြစ်၍ နေ့သန့်ရာနေရာ၌ ထိုင်၍ သက်န်းချုပ်နေသော အားလုံးတို့အောက် အငယ်ဆုံးဖြစ်သော ခုနစ်နှစ်အရွယ်ရှိ သာမဏေထံစေလွှတ်ကြကုန်၏။

ဤသို့လျှင်ထေရ် တို့သည် ပေါဋ္ဌိလထေရ်၏ မာနကို ဖယ်ထုတ်ကြကုန်၏။

ပေါဋ္ဌိလထေရ်သည် မာနကို နှိမ့်ချ၍ သာမဏေ၏ အထံ၌ လက်အုပ်ချီမိုး၍ အို သူတော်ကောင်း အရှင်သည် ကျွန်ုပ်၏ အားထားကိုးကွယ်ရာဖြစ်တော်မူပါဟု လျှောက်ထားလေ၏။

အို ဆရာ အံ့ဩလောက်ပါ၏။ အဘယ်မည်သော ဤစကားကိုပြောဆိုလိုက်ပါသနည်း။ အရှင်တို့သည်အသက်ကြီးသူတွေ ဗဟုသုတရှိသူတွေပါ၊ အရှင်တို့အထံ၌ တပည့်တော်သည် တစ်စုံတစ်ယောက်'အကြောင်းကို သိထိုက်သည်ဖြစ်ရာပါ၏။

အို သူတော်ကောင်း ဒီလိုမပြောမပြုပါနှင့်၊ ကျွန်ုပ်၏ မှီခိုအားကိုးရာပုဂ္ဂိုလ်သာဖြစ်တော်မူပါ။

အရှင်မြတ်ကြီးဘုရား အရှင်မြတ်ကြီးတို့သည် တပည့်တော်၏ ဩဝါဒကို လိုက်နာနိုင်ကြပါလျှင် အရှင်မြတ် ကြီးတို့၏ မှီရာအားကိုးရာပုဂ္ဂိုလ်ဖြစ်ပါလိမ့်မည်။

အို သူတော်ကောင်း ကျွန်ုပ်သည် သင်သူတော်ကောင်း၏ ဩဝါဒကို လိုက်နာနိုင်သူဖြစ်ပါ၏။ အရှင်သူတော်ကောင်းက မီးပုံထဲဝင်လိုက်ပါဆိုလျှင် ကျွန်ုပ်သည် မီးပုံထဲဝင်မည်သာဖြစ်ပါ၏ဟု ဆိုလေ၏။

ထိုသို့ဆိုသောအခါ ပေါဋ္ဌိလထေရ်ကို ခုနစ်နှစ်အရွယ် သာမဏေငယ်သည် အနီးအရပ်၌ ရေအိုင်တစ်ခုကို ညွှန်ပြ၍ အရှင်မြတ်ကြီးဝတ်ရုံထားအပ်သော သက်န်းရှိလျက်သာ ဤရေအိုင်တွင်းသို့ ဆင်းတော်မူကြပါဟု လျှောက်ထားလေ၏။

အကြောင်းကိုပြဆိုရသော် ခုနစ်နှစ်အရွယ် ထိုသာမဏေငယ်သည် ပေါဋ္ဌိလထေရ်၏ အဖိုးများစွာ ထိုက်တန်ကုန်သော နှစ်လွှာသက်န်းတို့ကို ဝတ်ရုံထားသူအဖြစ်ကို သိပါသော်လည်း ဩဝါဒကို တကယ်လိုက် နာနိုင်သူဖြစ်မည်လောဟု စမ်းသပ်လို၍ ဤသို့ပြောဆိုသည်ဖြစ်၏။

ပေါဋ္ဌိလထေရ်သည်လည်း သာမဏေငယ်၏ တစ်ခွန်းတည်းသော စကားဖြင့်သာ ရေအိုင်တွင်းသို့ ဆင်းလေ၏။

ထိုသို့ဆင်းသောအခါ ပေါဋ္ဌိလထေရ်၏ သက်န်းအနားတို့ကို ရေစွတ်မိရာ အချိန်၌

ပေါဋ္ဌိလထေရ်ကို အရှင်မြတ်ကြီးဘုရား၊ ပြန်တက်ခဲ့ပါဟု ဆိုလေသော် တစ်ခွန်းတည်းသော စကားဖြင့်သာ ရေအိုင်တွင်းမှ တက်လာ၍ ရပ်နေသော ပေါဋ္ဌိလထေရ်ကို သာမဏေငယ်သည် ဤသို့လျှောက်ထားလေ၏။

## ဩဝါဒ ကမ္မဋ္ဌာန်း

အရှင်မြတ်ကြီးဘုရား တောင်ပို့တစ်ခု၌ အပေါက်တို့သည် ခြောက်ခုရှိပါကုန်၏။ ထိုအပေါက်တို့တွင် အပေါက်တစ်ပေါက်ဖြင့် ဖွတ်သတ္တဝါသည် တောင်ပို့တွင်း ဝင်နေပါသည်။ ထိုဖွတ်ကို ဖမ်းယူလိုသူသည် ခြောက်ခုမြောက်အပေါက်မှ တစ်ခြားဖြစ်ကုန်သောအပေါက် ငါးပေါက်တို့ကို ပိတ်ထားပြီး ခြောက်ခုမြောက်အပေါက်ကို ဖြို့ခွဲ၍ ဝင်ရာအပေါက်ဖြင့်သာ ဖမ်းယူခဲ့သကဲ့သို့ ဤနည်းအတူ အရှင်မြတ်တို့လည်း ဒွါရခြောက်ခုတို့၌ ထင်လာကုန်သော အာရုံတို့တွင် မနောဒွါရမှ ကြွင်းကျန်ကုန်သော ဒွါရငါးခုတို့ကို ပိတ်၍ မနောဒွါရ၌ ကမ္မဋ္ဌာန်းအလုပ်ကို ဖြစ်တည်စေတော်မူကြပါ ဟုလျှောက်ထားလေ၏။

ဤမျှလောက်သောစကားဖြင့် ဗဟုသုတရှိပြီး ရဟန်းအဖို့ ဆီမီးညှိထွန်းလိုက်သကဲ့သို့ ဖြစ်လေပြီ။

ပေါဋ္ဌိလထေရ်သည် အိုသူတော်ကောင်း ဤမျှသာဖြစ်ပါစေ ရှိပါစေတော့ဟု ပြောဆိုကာ ကရဇကာယ၌ (လေးပါးသော မဟာဘုတ်ကို မှီ၍ ဖြစ်သောကိုယ်၌၊ ဝါ - သုက်သွေးကြောင့် ဖြစ်သော ကိုယ်၌) အသိဉာဏ်ကို သက်ဝင်စေ၍ (ချထား၍) ရဟန်းတရားကို အားထုတ်လေပြီ။

မြတ်စွာဘုရားသည် ယူဇနာတစ်ရာ့ နှစ်ဆယ်ထက်၌ သီတင်းသုံးတော်မူလျက်သာ ပေါဋ္ဌိလရဟန်းကို လှမ်းမျှော်ကြည့်တော်မူ၍ ဤပေါဋ္ဌိလရဟန်းသည် မြေကြီးပမာ ပြန့်ကျယ်သော ပညာရှိသကဲ့သို့ မိမိကိုယ်ကိုထောက်တည်ရာ ဖြစ်စေသင့်သည်ဟု ဆင်ခြင်တော်မူ၍ ပေါဋ္ဌိလရဟန်းနှင့် စကားပြောတော်မူသကဲ့သို့ အရောင်အလင်းကို ဖြန့်၍ ဆိုလတ္တံ့သော ဤဂါထာကို ဟောပြတော်မူပြီ။

ယောဂါဝေ ဇာယတီ ဘူရိ၊ အယောဂါ ဘူရိသင်္ခယော။
ဧတံ ဒွေဓာပထံ ဉတွာ၊ ဘဝါယ ဝိဘဝါယစ။
တထာတ္တာနံ နိဝေသေယျ၊ ယထာဘူရိ ပဝဍ္ဎတိ။

ယောဂါ - သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်း အာရုံတို့၌၊ အသင့်အားဖြင့် နှလုံးသွင်း အားထုတ်ခြင်းကြောင့် ဘူရိ - မြေကြီးသဖွယ် ပြန့်ကျယ်သော အသိဉာဏ် ပညာသည်။ ဝေ- စင်စစ်၊ ဇာယတိ - ဖြစ်၏။

အယောဂါ - နှလုံးမသွင်း အားမထုတ်ခြင်းကြောင့်၊ ဘူရိသင်္ခယော - မြေကြီးသဖွယ် ပြန့်ကျယ်သော ပညာ၏ ပျက်စီးခြင်းသည်၊ ဝေ - စင်စစ်၊ ဇာယတိ - ဖြစ်၏။

ဘဝါယစ - ကြီးပွားခြင်း၏လည်းကောင်း၊ ဝိဘဝါယစ - ဆုတ်ယုတ်ခြင်း၏လည်းကောင်း၊ ဧတံ ဒွေဓာပထံ - ထိုနှစ်မျိုးသော အကြောင်းကို ဉတွာ - သိ၍

ယထာ - အကြင်သို့သော အခြင်းအရာအားဖြင့် (နိဝေသိယ - မာနေ) နှလုံးသွင်းသက်ဝင်စေအပ်သော် - ဝါ - တည်ထောင်စေအပ်သော်၊ ဘူရိ - ပညာသည်၊ ပဝၶုတိ - တိုးပွား၏။ တထာ - ထိုသို့သော အခြင်းအရာအားဖြင့် အတ္တာနံ - မိမိကိုယ်ကို၊ နိဝေသေယျ - နှလုံးသွင်းသက်ဝင်ရာ၏။ ဝါ - တည်ထောင်ရာ၏။

ဒေသနာတော်အဆုံး၌ ပေါဋ္ဌိလထေရ်သည် အရဟတ္တဖိုလ်၌ တည်လေပြီ။

**ပေါဋ္ဌိလတ္ထေရဝတ္ထု ပြီး၏။**

## ၁၀၂။ ပဉ္စမဟာလ္လကတ္ထေရဝတ္ထု
## သက်ကြီးထေရ် ငါးပါးအကြောင်း

သာဝတ္ထိမြို့၌ ပစ္စည်းဥစ္စာပေါများ၍ သူကြွယ်များဖြစ်ကြကာ အချင်းချင်းရင်းနှီးသူ မိတ်ဆွေ ၅ ယောက်ရှိကုန်၏။ သူတို့သည် တစ်ပေါင်းတည်း ကောင်းမှုတို့ကိုပြုကြကာ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာကြပြီး

ငါတို့သည် အသက်ကြီးကြပြီ ငါတို့အဖို့ အိမ်ရာတည်ထောင် လူ့ဘောင်၌နေခြင်းဖြင့် အကျိုး မရှိကြတော့ပြီ ဟု သဘောတူညီစွာ မြတ်စွာဘုရားထံ ရှင်ရဟန်းအဖြစ်ကို တောင်းဆိုကြပြီး ရဟန်းပြု ကြကုန်၏။ အသက်ကြီးသူတို့၏ အဖြစ်ဖြင့် ပရိယတ်တရားကို သင်ယူရန် မစွမ်းနိုင်ကြ၍ ကျောင်းဝင်း အစွန်၌ သစ်ရွက်မိုးဇရပ်ကိုပြုစေ ၍ တစ်ပေါင်းတည်းအတူသာ နေကြကုန်၏။ ဆွမ်းခံသွားကြစဉ်လည်း များသောအားဖြင့် မိမိတို့ သား,မယား အိမ်သို့သာ သွား၍ ဆွမ်းဘုဉ်းပေးကြကုန်၏။

ထိုရဟန်းတို့တွင် ရဟန်းတစ်ပါး၏ ဇနီးဟောင်းသည် မဓုရပါစိကာ အမည်ရှိ၏။ (မြိန်မြတ်သော ဘောဇဉ်ကို ချက်တတ်သူ) ထို ဇနီးဟောင်းသည် ထိုရဟန်းတော်အားလုံးတို့၏ ဆွမ်းဝဘောဇဉ်အရာ၌ ကျေးဇူးပြုပေးသူဖြစ်၏။ ထို့ကြောင့် ရဟန်းအားလုံးတို့သည် မိမိရအပ်ခဲ့သော အာဟာရကို ယူခဲ့၍ ထိုဇနီးဟောင်း၏ အိမ်၌သာ ထိုင်၍ ဘုဉ်းပေးကြကုန်၏။ ဇနီးဟောင်းသည်လည်း ထိုရဟန်းတို့အား သို့မိုးပေါင်းစုထားအပ်သည်နှင့်လျော်သော ဝါ - သိမ်းဆည်းထားအပ်သော ဟင်း ဟင်းလျာကို ပေးလှူ၏။

ထိုဇနီးဟောင်းသည် အနာရောဂါတစ်မျိုး တွေ့ထိနှိပ်စက်ခံရ၍ ကွယ်လွန်လေ၏။

ထိုအခါ ထိုသက်ကြီးထေရ်တို့သည် အတူနေ မိတ်ဆွေထေရ်ရဟန်း၏ သစ်ရွက်မိုးဇရပ်၌ စုဝေးထိုင်နေကြပြီး အချင်းချင်း တစ်ပါးသည် တစ်ပါးကို လည်ပင်းတို့၌ဖက်၍ မဓုရပါစိကာ ဥပါသိကာ ကွယ်လွန်ရှာပြီဟု မြည်တမ်းငိုကြွေးကြကုန်၏။ ရဟန်းတို့လည်း ထက်ဝန်းကျင် အရပ်မှ ပြေးလာကြပြီး ငါ့ရှင်တို့ ငိုရခြင်းသည် အဘယ်အကြောင်းရှိသနည်းဟု မေးအပ်ကုန်သော် အရှင်ဘုရားတို့ တပည့်တော် တို့၏အတူနေ မိတ်ဆွေရဟန်း၏ ဇနီးဟောင်းဖြစ်သူသည် ကွယ်လွန်ပါလေပြီ။ သူသည် တပည့်တော် တို့၏ အလွန်ကျေးဇူးများသူဖြစ်ပါ၏။ ယခုအချိန်တွင် သူလိုကျေးဇူးပြုမည့်သူကို ရနိုင်ကြမည် မဟုတ်တော့ပါ။ ဤအကြောင်းကြောင့် ငိုကြပါသည်ဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့သည် ဓမ္မသဘင်၌ စကားကိုဖြစ်စေကြကုန်၏။ (စကားပြောဆိုနေကြကုန်၏။)

မြတ်စွာဘုရားသည် ကြွလာတော်မူပြီး ရဟန်းတို့ ယခုအချိန်ဝယ် ဘယ်လိုစကားဖြင့် စုဝေးထိုင် နေကြသနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသောစကားဖြင့် စုဝေးနေထိုင်ကြပါသည်ဟု လျှောက်ထားအပ်လေသော် -

ရဟန်းတို့ ဤအသက်ကြီးရဟန်းတို့သည် ယခုဘဝအချိန်၌သာ ငိုကြွေးပင်ပန်းကြသူများမဟုတ်၊ ရှေးဘဝ ရှေးအချိန်၌လည်း ထိုသက်ကြီးရဟန်းတို့သည် ကျီး, တိရစ္ဆာန်မျိုး၌ ဖြစ်ကြ၍ သမုဒ္ဒရာကမ်းအနီး၌ ကျက်စား ကြကုန်လျက် သမုဒ္ဒရာလှိုင်းသည် သမုဒ္ဒရာတွင်းသို့ ဝင်စေသဖြင့်(သမုဒ္ဒရာလှိုင်းဖိ၍) သေနေ သော ကျီးမကြောင့် ပြင်းထန်စွာအော်ဟစ်ငိုကြွေးကြပြီးကျီးမကို သမုဒ္ဒရာတွင်းမှ ထုတ်ယူကယ်တင်

မည်ဟု နှုတ်သီးခံတွင်းတို့ဖြင့် သမုဒ္ဒရာ ရေကိုငုံယူထုတ်သွန်းကြကုန်လျက် ပင်ပန်းခဲ့ကြကုန်ပြီဟု အတိတ်ကိုဆောင်တော်မူ၍

အပိနု ဟနုကာ သန္တာ၊ မုခဉ္စ ပရိသုဿတိ။
ဩရမာမ နပါရေမ၊ ပူရတေဝ မဟောဒဓိ။

(ဘော - အိုကျီးအပေါင်းတို့၊ မယံ - ငါတို့သည်၊ အတ္တနော - မိမိ၏ ဗလေန - အားအစွမ်းဖြင့် မဟာသမုဒ္ဒဥဒကံ - မဟာသမုဒ္ဒရာရေကို) ဩရမာမ - ထုတ်ဆောင်ကြပါကုန်၏။ နပါရေမ - မပြီးမဆုံးနိုင်ကြ ကုန်၊ အပိနု - စင်စစ်သော်ကား (နော - ငါတို့၏) ဟနုကာ - မေးနှုတ်သီးတို့သည်၊ သန္တာ - ပင်ပန်းကြကုန်ပြီ၊ မုခဉ္စ - ခံတွင်းသည်လည်း၊ ပရိသုဿတိ- ခြောက်ကပ်နေ၏။ မဟောဒဓိ - သမုဒ္ဒရာရေသည်ကား၊ ပူရတေဝ - ပြည့်မြဲတိုင်းပြည့်သည်သာတည်း။

ဤကာကဇာတ်ကို အကျယ်ဟောတော်မူကာ ထိုရဟန်းကြီးတို့ကို မိန့်ခေါ်တော်မူ၍ ရဟန်းတို့ သင်တို့ သည်ရာဂ ဒေါသ မောဟ တောကို မှီရာအကြောင်းပြု၍ မြည်တမ်းငိုကြွေးရခြင်း ဤဆင်းရဲသို့ ရောက်အပ်ပြီ၊ ထိုရာဂ ဒေါသ မောဟတောကို ဖြတ်သင့်၏။ ဖြတ်ခဲ့လျှင် ဆင်းရဲကင်းသူများဖြစ်ကြ လိမ့်မည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သောဤဂါထာတို့ကို ဟောတော်မူပြီ။

ဝနံ ဆိန္ဒထ မာရုက္ခံ၊ ဝနတော ဇာယတေ ဘယံ။
ဆေတွာ ဝနဉ္စ ဝနထဉ္စ၊ နိဗ္ဗနံ ဟောထ ဘိက္ခဝေါ။

ယာဝဟိ ဝနထော န ဆိဇ္ဇတိ၊
အဏုမတ္တောပိ နရဿ နာရီသု။
ပဋိဗဒ္ဓမနောဝ တာဝသော၊
ဝစ္ဆော ခီရပကောဝ မာတရိ။

ဘိက္ခဝေါ ရဟန်းတို့၊ (တုမှေ = သင်တို့သည်) ဝနံ - ကိလေသာတောကို၊ ဆိန္ဒထ - ဖြစ်ကြ ကုန်လော၊ ရုက္ခံ - ပကတိ သစ်ပင်ကို၊ မာဆိန္ဒထ - မဖြတ်ကြကုန်နှင့်၊ ဝနတော - ရာဂ အစရှိသော ကိလေသာတောမှ၊ ဘယံ - ဇာတိ စကြေ်ဘေးမျိုးစုံသည်၊ ဇာယတေ - အဆင့်ဆင့်သော် ဖြစ်ပေါ်လာ လေ၏။ ဝနဉ္စ - ဘဝကို ဆွဲငင်တတ်ကုန်သော အလွန်ကြီးကုန်သော ကိလေသာဟူသောတောကို လည်းကောင်း၊ ဝနထဉ္စ - ပဝတ္တိအကျိုးကို ပေးတတ်သောကိလေသာဟူသော တောကိုလည်းကောင်း၊ ဆေတွာ - အရဟတ္တမဂ် ဉာဏ်ဖြင့်အမြစ်မကျန်ဖြတ် ကြ၍၊ နိဗ္ဗနံ - ကိလေသာတောကင်းသူတို့သည်၊ ဟောထ - အမှန်စင်စစ် ဖြစ်ကြပါကုန်လော။

ဟိ - ငါဘုရားဟောအပ်သောကရားသည် အမှန်ပင်ဖြစ်၏။ နရဿ - ယောကျ်ား၏ နာရီသု - မိန်းမတို့၌ အဏုမတ္တောပိ - အနုမြူမျှသော်လည်း ဖြစ်သော၊ ဝနထော - ကိလေသာတောသည်၊

ယာဝ - အကြင်မျှလောက်၊ နဆိဇ္ဇတိ - မပြတ်၊ တာဝ - ထိုမျှလောက်၊ သော - ထိုယောကျ်ားသည် (နာရီသု - မိန်းမတို့၌) ပဋိဗဒ္ဓမနော၀ - တွယ်တာမဆိတ် တပ်မက်စိတ်ရှိသူသာတည်း။ (ကိစိ၀ - ဥပမာဆို အဘယ်လိုနည်းဟူမူ) ခီရပကော - နို့မပြတ်သေးသော၊ ဝစ္ဆော - နွားငယ်သည်၊ မာတရိ - မိခင်နွားမ၌ (ပဋိဗဒ္ဓမနောက္က၀ - တွယ်တာ မရပ် ချည်းကပ်လိုစိတ်ရှိသကဲ့သို့ဆိုတည်း။)

**မှတ်ချက်။** ပကတိသစ်တောမှ ခြင်္သေ့အစရှိသော ဘေးသည်ရှိသကဲ့သို့ ကိလေသာတောမှ ဇာတိ အစရှိသော ဘေးဖြစ်သည်။ ကြီးမားသောသစ်ပင်အပေါင်းသည် တောမည်၏။ ငယ်သောသစ်ပင်တို့သည် ထိုတော၌ တည်သောကြောင့် ဝနထ - မည်ကုန်၏။

**တစ်နည်း။** ရှေးဦးစွာပေါက်ရောက်ဖြစ်ပေါ်နေသော သစ်ပင်တို့သည် တောမည်၏။ အဆက်ဆက် ဖြစ်ပေါ်လာသော သစ်ပင်တို့သည် ဝနထ - မည်၏။

ဘဝကို ဆွဲငင်တတ်ကုန်သော ဝါ - ပဋိသန္ဓေတို့ကိုပေးနိုင်ကုန်သော ကိလေသာတို့သည် တောမည်၏။ ပဝတ္တိအကျိုးကို ပေးတတ်ကုန်သော ကိလေသာတို့သည် ဝနထ - မည်၏။

**တစ်နည်းကား** ရှေးဦးစွာဖြစ်ပေါ်သော ကိလေသာတို့သည် ဝန - မည်၏။ အဆက်ဆက် ဖြစ်သော ကိလေသာတို့သည် ဝနထ - မည်၏။ ထိုနှစ်မျိုးသောကိလေသာကို အရဟတ္တမဂ်ဖြင့် ဖြတ်အပ်၏။

ဒေသနာတော်အဆုံး၌ သက်ကြီးရဟန်း ၅-ပါးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေပြီ။ ရဟန်းရှင် လူရောက်လာသူတို့၏လည်း အကျိုးရှိသောဓမ္မဒေသနာတော် ဖြစ်ခဲ့လေပြီ။

**ပဉ္စမမဟလ္လကတ္ထေရဝတ္ထု ပြီး၏။**

## ၁၀၃။ သုဝဏ္ဏကာရဓေဇ္ဇရဝတ္ထု
## ရွှေပန်းတိမ်ထေရ်အကြောင်း

သာဝတ္ထိမြို့၌ ရွှေပန်းတိမ်ဆရာ၏ သားတစ်ယောက်ရှိသည်။ သူသည် တင့်တယ်သော ရုပ်အဆင်းရှိ၏။ သာရိပုတ္တထေရ်ထံ၌ ရဟန်းပြုသည်။

သာရိပုတ္တထေရ်သည် ငယ်ရွယ်သူတို့၏ တပ်မက်မှုရာဂသည် ထူပြောသည်ဟု ဆင်ခြင်တော်မူ၍ ရွှေပန်းတိမ်သားရဟန်းအား ရာဂကို ပယ်သတ်နိုင်ရန် အသုဘ ကမ္မဋ္ဌာန်းကို ပေးတော်မူသည်။ ထိုကမ္မဋ္ဌာန်းသည် ထိုရဟန်း၏ သင့်လျော်သောကမ္မဋ္ဌာန်းမဟုတ်ပါချေ။ ထို့ကြောင့် တောအရပ်သို့ ဝင်၍ သုံးလပတ်လုံး ကြိုးစားအားထုတ်သော်လည်း စိတ်တည်ငြိမ်ရုံမျှကိုပင် မရသဖြင့် တစ်ဖန် သာရိပုတ္တထေရ်ထံ ပြန်လာလေသော် သာရိပုတ္တထေရ်က ငါ့ရှင် ကမ္မဋ္ဌာန်းသည် သင်၏စိတ်၌ကပ်၍ တည်လေသလောဟု မေးတော်မူသဖြင့် အကြောင်းကို လျှောက်ထားလေ၏။

ထိုအခါ သာရိပုတ္တထေရ်သည် ထိုရဟန်းအား ကမ္မဋ္ဌာန်း မပြည့်စုံသော်လည်း လုံ့လဝီရိယ လျှော့ခြင်းသို့ ဝါ အားလျှော့ခြင်းသို့၊ ဝါ-စိတ်ဓာတ်ကျဆင်းခြင်းသို့ မရောက်သင့်ဟု မိန့်တော်မူကာ ယခင်အသုဘကမ္မဋ္ဌာန်းကိုပင် တစ်ဖန်ကောင်းစွာဟောပြပေးတော်မူ၏။ ထိုရဟန်းသည် ဒုတိယ အကြိမ်အားထုတ်ရာ၌လည်း ထူးခြားမှုတစ်စုံတစ်ခုကို ဖြစ်ပေါ်စေရန် မတတ်နိုင်သူဖြစ်၍ ပြန်လာပြီး သာရိပုတ္တထေရ်အား လျှောက်ထားလေ၏။ ထိုအခါ သာရိပုတ္တထေရ်လည်း ထိုရဟန်းအားအကြောင်း နှင့်တကွ ဥပမာနှင့်တကွ ပြတော်မူကာ ထိုအသုဘ ကမ္မဋ္ဌာန်းကိုပင် မိန့်ကြားတော်မူသည်။

ထိုရဟန်းသည် နောက်ထပ်လည်း ပြန်လာ၍ ကမ္မဋ္ဌာန်းမပြည့်စုံကြောင်းကို လျှောက်ထားပြန် သည်။ သာရိပုတ္တထေရ်သည် ကျင့်ကြံကြိုးကုတ်အားထုတ်သော ရဟန်းသည် မိမိထင်ရှားရှိသော ကာမစ္ဆန္ဒစသည်တို့ကို ထင်ရှားရှိ၏ဟုသိ၏။ ထင်ရှားမရှိသော ကာမစ္ဆန္ဒစသည်တို့ကို ထင်ရှား မရှိဟုသိ၏။

ဤရဟန်းသည် ကမ္မဋ္ဌာန်းကို ကြိုးစားသူဖြစ်၏။ မကြိုးစားသူမဟုတ်၊ ကျင့်ကြံသူဖြစ်၏။ မကျင့်ကြံသူမဟုတ်၊ ငါသည်ကား ဤရဟန်း၏ အဇ္ဈာသယအတွင်းဓာတ်ခံကို မသိ၊ ဤ ရဟန်းသည် ဗုဒ္ဓဝေနေယျ - ဘုရားရှင်ချွတ်မှ ကျွတ်မည့်သူဖြစ်လိမ့်မည်ဟု ဆင်ခြင်ကာ ထိုရဟန်းကိုခေါ်၍ ညနေ အချိန်၌ မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား ဤရဟန်းသည် တပည့်တော်၏ သဒ္ဓိဝိဟာရိက - အတူနေတပည့်ဖြစ်ပါသည်။ ဤရဟန်းအား တပည့်တော်သည် ဤမည်သောအကြောင်းကြောင့် ဤမည်သော ကမ္မဋ္ဌာန်းကို ပေးအပ်ခဲ့ပါပြီ အစရှိသော အကြောင်းအားလုံးကို လျှောက်ထားလေ၏။ ထိုအခါသာရိပုတ္တထေရ်ကို မြတ်စွာဘုရားသည် -

အာသယာ နုသယဉာဏ် (သတ္တဝါတို့၏အတွင်း အဇ္ဈတ္တ၌ ကိန်းနေသော တဏှာနှင့် အနုသယကို သိမြင်နိုင်သော အသိဉာဏ်) ဆိုသည်မှာ ပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကို ဖြည့်ကျင့်၍ စကြဝဠာတိုက်တစ်သောင်းကို ပဲ့တင်ထပ်စေလျက် တရားအားလုံးကိုသိသော သဗ္ဗညုတဉာဏ်ရှင်

ဘုရားအဖြစ်သို့ ရောက်တော်မူကြသော ဘုရားရှင်တို့၏သာ အရာဖြစ်ချေပြီ ဟုမိန့်တော်မူပြီ။ ရွှေပန်းတိမ်သည်၏ သားရဟန်းသည် အဘယ်အမျိုးမှ ရဟန်းပြုခဲ့သူဖြစ်ကြောင်း သိမြင်တော်မူ၍ ထိုရဟန်း၏ အတိတ်ဘဝ ဖြစ်စဉ်ကို ကြည့်တော်မူပြန်သော် ထိုရဟန်း၏ ရွှေပန်းတိမ်မျိုး၌ အစဉ်အတိုင်းအဆက်ဆက် ဖြစ်ခဲ့သော ဘဝငါးရာတို့ကို မြင်တော်မူ၍ ငယ်ရွယ်စဉ် နေ့ညရှည်ကြာ ရွှေပန်းတိမ်အလုပ်ကို လုပ်ခဲ့သော ဤရဟန်းသည် ရွှေပန်းတိမ်အလုပ်လုပ်စဉ်က မဟာလှေခါး ပန်းပွင့် ပဒုမာကြာပွင့် စသည်တို့ကို ပြုလုပ်မည်ဟူသော အကြံဖြင့် နီးမြန်းသော ရွှေကိုသာ အဖန်ဖန်ကြည့်ရှု အပြန်ပြန်ခတ်ထုအပ်ခဲ့ပြီ။ ထို့ကြောင့် ဤရဟန်းအား အသုဘ ရှုရာဖွယ် ကမ္မဋ္ဌာန်းသည် မသင့်လျော်။ ဤရဟန်း အား နှစ်လိုဖွယ် ကမ္မဋ္ဌာန်းသည်သာ သင့်လျော်၏ဟု ဆင်ခြင်တော်မူပြီး -

အို သာရိပုတ္တ သင်သည် ကမ္မဋ္ဌာန်းကို ပေး၍ လေးလပတ်လုံးပင်ပန်းခဲ့သော ရဟန်းကို ယနေ့ နေ့ဆွမ်းစားပြီးချိန်၌ အရဟတ္တဖိုလ်သို့ ရောက်နေသည်ကိုမြင်ရလိမ့်မည်။ သင်ပြန်သွားလော့ဟု သာရိပုတ္တထေရ်ကို စေလွှတ်လိုက်ပြီး တန်ခိုးတော်ဖြင့် လှည်းဘီးဝန်းပမာဏရှိသော ပဒုမာကြာပွင့်ကြီးကို ပွင့်ချပ်တို့မှလည်းကောင်း၊ ကြာရိုးတို့မှလည်းကောင်း၊ ရေပေါက်တို့ကို လွှတ်နေသကဲ့သို့ ပြု၍ ချစ်သားရဟန်း ဤပဒုမ္မာကြာပွင့်ကို ယူ၍ ကျောင်းဝင်းအစွန် သဲပုံ၌ထား၍ ရှေ့တည့်တည့်နေရာ၌ တင်ပလ္လင်ခွေထိုင်ပြီး လောဟိတကံ, လောဟိတကံ အနီ အနီဟု စည်းဖြန်းခြင်းကို ပြုလော့ဟု မိန့်၍ ပေးလေ၏။

ထိုရဟန်း၏ မြတ်စွာဘုရားလက်တော်ထဲမှ ပဒုမ္မာကြာပွင့်ကို ကိုင်ယူစဉ်မှာပင် စိတ်သည် ကြည်လင်လေ၏။ ထိုရဟန်းသည် ကျောင်းဝင်းအစွန်သို့ သွား၍ သဲပုံထူပြီး သဲပုံ၌ ပဒုမ္မာကြာရိုးကို စိုက်သွင်း၍ ရှေ့တည့်တည့် နေရာ၌ တင်ပလ္လင်ခွေထိုင်လျက် လောဟိတကံ - လောဟိတကံ အနီ အနီဟုနှုတ်သွင်း ရှုမှတ်စီးဖြန်းခြင်းကို အားထုတ်လေပြီ။ ထိုအခါ ထိုခဏမှာပင် ထိုရဟန်း၏ နီဝရဏ တို့သည် ကွာလေကုန်ပြီ။ ဥပစာရဈာန်သည် ဖြစ်ပေါ်ပြီ။ ဥပစာ ဈာန်၏ အခြားမဲ့၌ ပထမဈာန်ကို ဖြစ်စေ၍ ငါးမျိုးသော အခြင်းအရာတို့ဖြင့် လေ့လာသည်၏ အဖြစ်သို့ ရောက်စေ၍ ထိုင်မြဲလျက်သာ ဒုတိယဈာန်အစရှိသည် ထိုသို့လည်း ရောက်၍ အလေ့အလာပြုပြီး စတုတ္ထဈာန်ဖြင့် ဈာန်ကစားခြင်းကို ကစားလျက် ထိုင်နေလေပြီ။

မြတ်စွာဘုရားသည် ထိုရဟန်း၏ ဈာန်တို့ဖြစ်ပေါ်နေသည်၏ အဖြစ်ကို သိမြင်တော်မူ၍ ထိုရဟန်းသည် သူ၏ တရားသဘောဖြင့် (သူ့သဘောအတိုင်း) အထက်၌ တရားအထူးကို ဖြစ်စေနိုင်မည်လောဟု ကြည့်တော်မူလတ်သော် ဖြစ်စေနိုင်မည်မဟုတ်ကို သိတော်မူ၍ ထိုပဒုမ္မာကြာသည် ညိုးနွမ်းစေသတည်းဟု အဓိဋ္ဌာန်တော်မူ၏။ ထိုပဒုမ္မာကြာသည် လက်တို့ဖြင့် ဆုပ်နှယ်အပ်သော ပဒုမ္မာကြာသည် ညိုးနွမ်းသကဲ့သို့ မည်းနက်သောအဆင်းရှိလေ၏။

ထိုရဟန်းသည် ဈာန်မှထ၍ အသို့နည်း။ ဤပဒုမ္မာကြာပွင့်ကို ဇရာတရားသည် ပုတ်ခတ်အပ်သည်၏ အဖြစ်သည် ထင်ရှား၏ အသက်မရှိသော အနုပါဒိဏ္ဏက ကြာပွင့်၌သော်လည်း ဤသို့ဇရာသည် လွှမ်းမိုးနှိပ်စက်အပ်သော် သက်ရှိဥပါဒိဏ္ဏကဖြစ်သော ငါ၏ကိုယ်၌ ဆိုဖွယ်မရှိတော့ပြီ။ မှန်လှပေ၏။ ဇရာတရားသည် ငါ၏ ဤခန္ဓာကိုယ်ကိုလည်း လွှမ်းမိုးနှိပ်စက်ပေလိမ့်မည်ဟု အနိစ္စလက္ခဏာကို

မြင်လေပြီ။ အထူးအားဖြင့် အနိစ္စလက္ခဏာကို မြင်တွေ့အပ်သော် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာကို လည်း မြင်တွေ့သည်သာဖြစ်တော့၏။ ထိုရဟန်း၏ စိတ်၌ ဘဝသုံးပါးတို့သည် အလျှံပြောင်ငြီး မီးပုံကြီးတို့ကဲ့သို့ လည်းကောင်း၊ လည်ပင်း၌ဆွဲချည်ထားအပ်သော အကောင်ပုပ်တို့ကဲ့သို့ လည်းကောင်း တင်လေကုန်ပြီ။

ထိုခဏ၌ ထိုရဟန်း၏ အနီး၌ သူငယ်တို့သည် ရေအိုင်တစ်ခုသို့ သက်ဆင်းကြပြီး ကုမုဒြာကြာ တို့ကို ချိုးယူ၍ ကုန်းပေါ်၌စုပုံကြကုန်၏။

ထိုရဟန်းသည် ရေထဲ၌ ကုမုဒြာကြာတို့ကိုလည်းကောင်း၊ ကုန်းပေါ်၌ ကုမုဒြာကြာတို့ လည်းကောင်း ကြည့်ရှုလေ၏။ ထိုအခါ ထိုရဟန်း၏ စိတ်၌ ရေ၌ရှိသော ကုမုဒြာကြာတို့သည် အလွန်အဆင်းလှကုန်၍ ရေစီးကြနေကုန်သကဲ့သို့ ထင်ကုန်၏။ ကုန်းပေါ်၌ ကြာတို့သည် အဖျားပိုင်းတို့၌ ထက်ဝန်းကျင် ညိုးနွမ်းကုန်၏။ ထိုရဟန်း သည် ဇရာတရားသည် သက်မဲ့အနုပါဒိန္နကက ကြာပွင့်ကို ဤသို့ပုတ်ခတ်၏။ သက်ရှိဥပါဒိန္နကကိုမူ မပုတ်ခတ်ဘဲ ရှိအံ့နည်းဟု အလွန်ထင်ရှားစွာ အနိစ္စလက္ခဏာ စသည်တို့ကိုမြင်လေပြီ။

မြတ်စွာဘုရားသည် ယခုအချိန်၌ ဤရဟန်း၏ ကမ္မဋ္ဌာန်းသည် ထင်ရှားဖြစ်နေပြီဟု မြင်သိတော်မူ၍ ဂန္ဓကုဋိ၌ ထိုင်တော်မူလျက်သာ အရောင်အလင်းကို လွှတ်တော်မူပြီး ထိုအရောင် အလင်းသည် ထိုရဟန်း၏ မျက်နှာကို ထိရောက်လေ၏။ ထိုအခါ ထိုရဟန်း၏ ဤအရာသည် အဘယ် အရာလေနည်းဟု ကြည့်ရှုစဉ် မြတ်စွာဘုရားသည် ကြွလာတော်မူ၍ သူ၏ ရှေ့၌ရပ်သကဲ့သို့ ဖြစ်လေ၏။ ထိုရဟန်းသည် နေရာမှ ထ၍ လက်အုပ်ကို မြှောက်ချီလေပြီ။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား သင့်လျော်သော တရားကိုပိုင်းခြားမှတ်သား၍ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူပြီ။

ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊ ကုမုဒံ သာရဒိကံဝ ပါဏိနာ
သန္တိ မဂ္ဂ မေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ။

သာရဒိကံ - တန်ဆောင်းမုန်းလ၌ ပွင့်သော၊ ကုမုဒံ - ကုမုဒြာကြာကို၊ ပါဏိနာ - လက်ဖြင့် (ဆန္ဒတိ ဣဝ) ဖြတ်သကဲ့သို့၊ အတ္တနော - မိမိ၏၊ သိနေဟံ - ချစ်ခြင်းတဏှာကို၊ ဥစ္ဆိန္ဒ - ဖြတ်ပါလော။

(ယသ္မာ - အကြင်ကြောင့်) သုဂတေန - မြတ်စွာဘုရားသည်၊ နိဗ္ဗာနံ - နိဗ္ဗာန်ကို ဒေသိတံ ဟောပြအပ်ပြီ။ (တသ္မာ - ထို့ကြောင့်) သန္တိမဂ္ဂမေဝ - ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း အဋ္ဌင်္ဂိက မဂ်ကိုသာ၊ ဗြူဟယ - လေးစားသုတ်သုတ်ပွားများ အားထုတ်ပါလော။

ဒေသနာတော်အဆုံး၌ ရွှေပန်းတိမ်သည်၏သား ရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေပြီ။

**သုခဏ္ဍကာရဇ္ဈရဝတ္ထု ပြီး၏။**

## ၁၀၄။ မဟာဓနဝါဏိဇဝတ္ထု
## ပစ္စည်းပေါကုန်သည်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေစဉ် ပစ္စည်းပေါကုန်သည်သည် ဗာရာဏသီမြို့မှ လှည်းငါးရာတို့ကို ဝတ်ပန်းဆိုးသော အဝတ်တို့ဖြင့် ပြည့်စေ၍ ကုန်သွယ်ရန် အလို့ငှာ (ရောင်းချရန်) သာဝတ္ထိမြို့သို့ လာစဉ် မြစ်ကမ်းအနီးသို့ရောက်၍ နက်ဖန်မှ မြစ်ကိုကူးမည် အကြံဖြင့် မြစ်ကမ်းအနီး၌သာ လှည်းတို့ကို ချွတ်၍နေလေ၏။

ညည့်အခါ၌ မိုးကြီးသည် တက်၍ရွာလေပြီ။ မြစ်သည် ခုနစ်ရက်ပတ်လုံး ရေဖြင့် ပြည့်နေလေပြီ။

သာဝတ္ထိမြို့သူမြို့သားတို့သည် ခုနစ်ရက်ပတ်လုံး နက္ခတ်ကစားကြကုန်ပြီ။ ကုန်သည်၏ ဝတ်ပန်းအထည်တို့ဖြင့် ရောင်းချမှုကိစ္စသည် မပြီးဆုံးပါလေ။ ကုန်သည်သည် (ကြံမိလေ၏။)

ငါသည် အဝေးမှလာခဲ့သူဖြစ်၏။ တစ်ဖန်ပြန်လာရလျှင် ကြာမြင့်လိမ့်မည်။ ဤအရပ်၌သာ မိုးလပတ်လုံး ဆောင်းလပတ်လုံး နွေလပတ်လုံး ငါ၏ အလုပ်ကိုလုပ်လျက် နေထိုင်၍ ဤဝတ်ပန်းအထည်တို့ကို ရောင်းချမည်ဟု ကြံမိလေ၏။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ ဆွမ်းခံလှည့်စဉ် ထိုကုန်သည်၏ စိတ်ကို သိ၍ ပြုံးရယ်တော်မူသဖြင့် အာနန္ဒာထေရ်သည် ပြုံးရယ်ခြင်းအကြောင်းကိုမေးအပ်ရကား - (မိန့်တော်မူ၏)

အာနန္ဒာ သင်သည် မဟာဓန ကုန်သည်ကိုမြင်အပ်သလော။

မြတ်စွာဘုရား မြင်အပ်ပါ၏။

ထိုကုန်သည်သည် မိမိ၏အသက်အန္တရာယ်ကို မသိမူ၍ ဤနှစ်ကာလပတ်လုံး ဤအရပ်၌သာနေ၍ ပစ္စည်းဘဏ္ဍာကိုရောင်းချရန် စိတ်ကူးထားလေ၏။

မြတ်စွာဘုရား ထိုကုန်သည်၏ အသက်အန္တရာယ်သည် အဘယ်သို့ ဖြစ်ပါလိမ့်မည်နည်း။

အာနန္ဒာဟုတ်ပေ၏။ ထိုကုန်သည်သည် ခုနစ်ရက်သာ အသက်ရှင်၍ သေမင်းခံတွင်းဝ၌ ကျလိမ့်မည်။

ဤသို့ ဟောတော်မူကာ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူပြီ။

အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကောဇညာ မရဏံ သုဝေ။
နဟိနော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။
ဧဝံ ဝိဟာရိံ အာတာပိံ၊ အဟောရတ္တ မတန္ဒိတံ။
တံဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။

အာတပ္ပံ - ပြုဖွယ်ကိစ္စကို၊ အဇ္ဇေဝကိစ္စံ - ယနေ့၌သာ ပြုသင့်ပြုထိုက်၏။ ကော - အဘယ်သူသည်၊ သုဝေ - နက်ဖြန်၌၊ မရဏံ - သေမည်ဟူ၍ ဇညာ - သိနိုင်မည်နည်း။

ယိယသ္မာ - အကြင်ကြောင့်၊ မဟာသေနေန - များသော စစ်သည်ရှိသော တေနမစ္စုနာ - ထိုသေခြင်းနှင့်၊ နော - ငါတို့၏၊ သင်္ဂရံ - အချိန်းအချက်သည်၊ န - နေဇဝ - မရှိသည်သာ။ တသ္မာ - ထို့ကြောင့်၊ ကော - အဘယ်သူသည် သုဝေ နက်ဖြန်၌၊ မရဏံ - ငါသေမည်ဟု၊ ဇညာ - သိနိုင်မည်နည်း။

အဟောရတ္တံ - နေ့ညဉ့်ပတ်လုံး၊ အတန္ဒိတံ - မပျင်းရိဘဲ၊ အာတာပိံ - ကိလေသာကို၊ ပူပင်စေတတ်သော လုံ့လဝီရိယရှိလျက်၊ ဧဝံဟိဟာရိံ - ဤသို့ ဝိပဿနာပွားများနေလေ့ရှိသော၊ တံ - ထိုသူကို ၊ ဝေ - စင်စစ် ဘဒ္ဒေကရတ္တောတိ - ညဉ့်ကောင်းတစ်ညဉ့်ရှိသူဟု၊ သန္တော - ကိလေသာငြိမ်းပြီးသော၊ ဝါ - သူတော်ကောင်း အစစ်ဖြစ်တော်မူသော၊ မုနိမုနိထွဋ်ထား မြတ်စွာဘုရားသည်၊ အာစိက္ခတေ - ဟောကြားတော်မူ၏။

မြတ်စွာဘုရား တပည့်တော်သွားပါမည်။ ထိုကုန်သည်အား ပြောပြပါမည်။

အာနန္ဒာ - သင်သည် ရဲရဲဝံ့ဝံ့ သွား၍ ပြောဆိုပါ။

အာနန္ဒာထေရ်သည် လှည်းဝိုင်းရှိရာအရပ်သို့ ကြွတော်မူ၍ ဆွမ်းခံလှည့်လေ၏။ ကုန်သည်သည်အာနန္ဒာထေရ်ကို ဆွမ်းအာဟာရဖြင့် မြတ်နိုးပူဇော်လေ၏။ ထိုအခါ ထိုကုန်သည်ကို အာနန္ဒာထေရ်သည် သင်သည် ဤ အရပ်၌ အဘယ်မျှကြာအောင် နေမည်နည်းဟု မိန့်တော်မူ၏။

အရှင်ဘုရား တပည့်တော်သည် အဝေးခရီးမှ လာခဲ့သူပါ တစ်ဖန်ပြန်လာရလျှင် အချိန်ကြာမြင့်ပါလိမ့်မည်။ ဤနှစ်ကာလပတ်လုံး ဤအရပ်၌နေ၍ ပစ္စည်းဘဏ္ဍာကို ရောင်းချ၍ (ရောင်းချပြီးမှ) နေရပ်သို့ ပြန်ပါမည်ဘုရား။

ဥပါသကာ - အသက်အန္တရာယ်သည် သိနိုင်ခက်၏။ (အသိခက်၏။)

အပ္ပမာဒ - မမေ့လျော့မှုကို ပြုသင့်၏။

အရှင်ဘုရား အန္တရာယ်သည် အဘယ်သို့ ဖြစ်လိမ့်မည်နည်း။

ဥပါသကာ - ဟုတ်ပေ၏။ သင်၏အသက်သည် ခုနစ်ရက်သာ ဆက်ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။

ကုန်သည် - သည် ထိတ်လန့်သော စိတ်ရှိသူဖြစ်ပြီး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူ၍ အနုမောဒနာ တရားကြားနာရန် အလို့ငှာ မြတ်စွာဘုရား၏ သပိတ်တော်ကို ကိုင်ယူလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုကုန်သည်၏ အဖန်ဖန် ဝမ်းမြောက်မှုကို ဖြစ်စေတော်မူလျက်-

ဥပါသကာ ပညာရှိမည်သည် ဤအရပ်၌သာ မိုးလေးလ စသည်တို့ပတ်လုံး ငါနေမည်။ ဤအလုပ် ဤအလုပ်ကိုလည်း အားထုတ်ပြုလုပ်မည်ဟု ကြံစည်ရန်မသင့်၊ မိမိ၏ အသက်အန္တရာယ်ကိုသာ စိတ်ကူးကြံစည် သင့်၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

ဣဓ ဝဿံ ဝသိဿာမိ၊ ဣဓ ဟေမန္တ ဂိမှိသု။
ဣတိ ဗာလော ဝိစိန္တေတိ၊ အန္တရာယံ နဗုဇ္ဈတိ။

အဟံ - ငါသည်၊ ဣဓ ဤအရပ်၌ ဣဒဥ္စ - ဣဒဥ္စကမ္မံ - ဤအလုပ် ဤအလုပ်ကို။ ကရောန္တော - ပြုလုပ်လျက်၊ ဟေမန္တ ဂိမှိသု - ဆောင်းလေးလ နွေလေးလတို့၌ ဝသိဿမိ - နေထိုင်အံ့။

ဣတိ - ဤသို့၊ ဗလော - မျက်မှောက်သံသရာ ကြီးနှစ်ဖြာကို မသိရှာသူ လူမိုက်သည်၊ ဝိစိန္တေတိ - အမျိုးမျိုးကြံစည်စိတ်ကူး၏။ အတ္တနော - မိမိ၏ အန္တရာယံ - ဤအချိန်၌ သေမည်၊ ဤအရပ်၌ သေမည်။ ဤအရွယ်၌ သေမည်ဟု အသက်အန္တရာယ်ကို၊ နဗုဇ္ဈတိ - မရိပ်မိကာ မသိရှာလေ။

ဒေသနာတော်အဆုံး၌ မဟာဓနကုန်သည် - သည်သောတာပတ္တိဖိုလ်၌ တည်လေပြီ။

ရောက်ရှိလာသူ ရဟန်းရှင်လူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

မဟာဓနကုန်သည် - သည်လည်း မြတ်စွာဘုရားကို လိုက်ပို့၍ ပြန်လာပြီး ငါ၏ခေါင်းခဲ ဦးရေနာကဲ့သို့ ဖြစ်နေပြီဟု အိပ်ရာ၌ အိပ်လေ၏။ အိပ်လျက်သာ ကွယ်လွန်၍ တုသိတာ နတ်ဗိမာန်၌ ဖြစ်လေပြီ။

**မဟာဓန ဝါဏိဇဝတ္ထု ပြီး၏။**

# ၂၁။ ပကိဏ္ဏကဝဂ်
## ၁၀၅။ အတ္ထနော ပုဗ္ဗကမ္မဝတ္ထု
## မြတ်စွာဘုရား၏ ရှေးကောင်းမှုအကြောင်း

တစ်ခုသောအချိန်၌ ဝေသာလီပြည်သည် ပစ္စည်းဥစ္စာ ကြွယ်ဝပြည့်စုံ၏။ ဝပြောသာယာ၏။ လူများစွာ ရှိသဖြင့် ရောပြွမ်းနေသော လူရှိ၏။

ထိုဝေသာလီပြည်၌ အလှည့်အလှည့်အားဖြင့် (တစ်လှည့်စီ) မင်းပြုကြကုန်သော မင်းတို့၏ အရေအတွက် သည် ခုနစ်ထောင်ခုနစ်ရာ ခုနစ်ဦးဖြစ်၏။

ထိုမင်းတို့ နေထိုင်ဖို့ရာ ပြာသာဒ်တို့ကိုသည်လည်းကောင်း၊ စုလစ်မွမ်းချွန် အထွတ်တတ်သော နန်းတော်တို့သည်လည်းကောင်း၊ ဥယျာဉ်၌နေထိုင်ရန် ပြုထားသော အာရာမ်တို့သည်လည်းကောင်း၊ ရေကန်တို့သည်လည်းကောင်း၊ အသီးသီးခုနစ်ထောင် ခုနစ်ရာ ခုနစ်စီရှိကုန်၏။

ထိုဝေသာလီပြည်သည် နောက်အချိန်၌ ကောက်စပါးမပြည့်စုံသည်ဖြစ်၍ ငတ်မွတ်ခေါင်းပါးလေ၏။ ဆာလောင်ငတ်မွတ်ခြင်းဘေးကြောင့် ရှေးဦးစွာ ဆင်းရဲသူတို့ သေကြကုန်၏။ ထိုထိုအရပ်တို့၌ စွန့်ပစ်ထားအပ်ကုန်သော ထိုထိုလူအကောင်ပုပ်တို့၏ အနံ့ဖြင့် ဘီလူးတို့သည် မြို့တွင်းသို့ ဝင်ကြကုန်၏။ ဘီလူးဘေးကြောင့် အလွန်များသော လူတို့သေကြကုန်၏။

လူသေကောင်ပုပ်နံ့ကို စက်ဆုပ်ရွံရှာခြင်းကြောင့် လူတို့၏ အဟိဝါတ ရောဂါ (မြွေဆိပ်ကဲ့သို့ ပြင်းထန်သော ရောဂါ - ဝါ - ယဉ်းနာ) သည်ဖြစ်ပေါ်လေ၏။

ဤသို့အားဖြင့် ဝေသာလီပြည်၌ ဒုဗ္ဘိက္ခဘေး (ငတ်မွတ်ခေါင်းပါးခြင်း) အမနုဿဘေး (ဘီလူး) အနာရောဂါဘေးအားဖြင့် ဘေးသုံးမျိုးတို့ဖြစ်ပေါ်ကုန်၏။

မြို့သူမြို့သားတို့သည် အညီအညွတ်စည်းဝေးကြပြီး မင်းဖြစ်သူကို သံတော်ဦးတင်ကြကုန်၏။

အရှင်မင်းကြီး ဤဝေသာလီပြည်၌ ဘေးသုံးမျိုးတို့ ဖြစ်နေကုန်၏။ ဤအချိန်မှ ရှေးကာလ၌ မင်းခုနစ်ဆက်တိုင်အောင် ဤလိုဘေးမျိုး မဖြစ်ခဲ့ဘူးပါ။ အဓမ္မိက မင်း (တရားမစောင့်သောမင်း) တို့၏ လက်ထက်မှာသာ ဤလိုဘေးမျိုးဖြစ်ပါသည်ဟု သံတော်ဦးတင်ကြကုန်၏။

မင်းဖြစ်သူသည် မင်းကွန်း (မင်းတို့ စည်းဝေးရာအိမ်) ၌အားလုံး စည်းဝေးစေကာ ကျွန်ုပ်၏ တရားမစောင့် သူအဖြစ်ကို စိစစ်ဆုံးဖြတ်ကြပါဟု ပြောလေ၏။

ဝေသာလီပြည်သူ ပြည်သားတို့သည် မင်း၏ အစဉ်အလာအားလုံးကို စိစစ်ကြလေသော် မင်း၏ အပြစ်တစ်စုံတစ်ခုကို မတွေ့မြင်ကြသောကြောင့် အရှင်မင်းကြီး အရှင်မင်းကြီးမှာ အပြစ်မရှိပါဟု တင်လျှောက်ကြပြီး ငါတို့၏ ဖြစ်ပေါ်နေသော ဤဘေးသုံးမျိုးသည် အဘယ်သို့သော နည်းလမ်းဖြင့် ငြိမ်းအေးလေရာသနည်းဟု တိုင်ပင်ဆွေးနွေးကြကုန်၏။

ထိုလူပရိသတ်တို့တွင် အချို့လူတို့က ဗလိနတ်စာပေးခြင်းဖြင့် ငြိမ်းအေးနိုင်ရာ၏။ တိုးလျှိုးတောင်းပန်ခြင်းဖြင့် ငြိမ်းအေးနိုင်ရာ၏။ မင်္ဂလာအမှုကို ပြုခြင်းဖြင့် ငြိမ်းအေးနိုင်ရာ၏ဟု ပြောဆိုအပ်

လေသော် ပြောအပ်သော ထိုအစီအစဉ်အားလုံးကို ပြုလုပ်သော်လည်း ဘေးကို ဖယ်ရှားတားဆီးခြင်းငှာ မတတ်နိုင်ကြလေကုန်။

ထိုအခါ အကြံပြုပြီး သူတို့မှ အခြားလူတို့က ဆရာခြောက်ဦးတို့သည် ကြီးမားသော အစွမ်းအာနုဘော်ရှိကြကုန်၏။ ထိုဆရာကြီးတို့ ဤမြို့သို့ရောက်ခါမျှမှာပင် ဘေးသည် ငြိမ်းအေးလေရာ၏ဟု အကြံပြုကြကုန်၏။ တစ်ပါးသော လူတို့က - သတ္တလောက၌ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ပွင့်တော်မူပါပြီ။ ထိုမြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အစီးအပွားဖြစ်ခြင်းငှာ တရားဟောတော်မူပါ၏။ တန်ခိုးကြီးမားတော်မူပါသည်။ ကြီးမားသော အစွမ်းအာနုဘော်ရှိပါသည်။ ဤဝေသာလီမြို့သို့ ထိုမြတ်စွာဘုရား ကြွလာတော်မူပါလျှင် ဖြစ်ပေါ်နေသော ဤဘေးတို့သည် ငြိမ်းအေးကုန်ရာ၏ဟု ပြောဆိုတင်ပြကြကုန်၏။ ထိုလူတို့၏စကားကို လူအားလုံး အလွန်နှစ်သက်ပြီး ထိုမြတ်စွာဘုရားသည် ယခုအချိန်၌ အဘယ်မြို့ရွာ တိုင်းပြည်၌ သီတင်းသုံးနေလေသနည်းဟု ပြောဆိုကြကုန်၏။

ထိုအချိန်၌ကား မြတ်စွာဘုရားသည် ဝါဆိုရက်နီးကပ်နေ၍ ဗိမ္ဗိသာရမင်းနှင့်အတူ သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့သော မဟာလိအမည်ရှိသော လိစ္ဆဝီသည် ထိုပရိသတ်၌ ထိုင်နေသူဖြစ်၏။

ဝေသာလီမြို့သူမြို့သားတို့သည် လက်ဆောင်ပဏ္ဏာများစွာကို စီစဉ်ကြပြီး ဗိမ္ဗိသာရမင်းကို အသိပေး၍ မြတ်စွာဘုရားကို ဤဝေသာလီပြည်သို့ ပင့်ဆောင်ခဲ့ကြပါဟု ပြောဆိုကာ မဟာလိ လိစ္ဆဝီနှင့် ပရောဟိတ်၏သားကို စေလွှတ်ကြကုန်၏။

ထိုသူတို့သည် ရာဇဂြိုဟ်ပြည်သို့ သွား၍ ဗိမ္ဗိသာရမင်းအားလက်ဆောင် ပဏ္ဏာကို ဆက်သ၍ ဝေသာလီပြည်၌ ဖြစ်ပေါ်နေသော ထိုအကြောင်းကို ပင့်လျှောက်၍ အရှင်မင်းကြီး မြတ်စွာဘုရားကို ကျွန်တော်မျိုးတို့၏ ဝေသာလီမြို့သို့ စေလွှတ်ပေးတော်မူကြပါဟု တောင်းပန်ကြကုန်၏။

ဗိမ္ဗိသာရမင်းသည် သင်တို့သာ သိအောင်ပြုကြဟု တောင်းပန်စကားကို လက်မခံချေ။ ထိုဝေသာလီမြို့သားတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးပြီး - မြတ်စွာဘုရား ဝေသာလီပြည်၌ ဘေးကြီးသုံးမျိုး ဖြစ်ပေါ်နေပါသည်။ အရှင်မြတ်တို့ ကြွလာတော်မူကြလျှင် ထိုဘေးများ ငြိမ်းအေး ပါလိမ့်မည်။

မြတ်စွာဘုရား ကြွတော်မူပါလျှင် တပည့်တော်များနှင့်အတူ ကြွရန် ဖြစ်ပါသည်ဟု လျှောက်ထားတောင်းပန်ကြကုန်၏။

မြတ်စွာဘုရားသည် ဝေသာလီမြို့သားတို့ စကားကို ကြားတော်မူ၍ ဆင်ခြင်တော်မူလေသော် - ဝေသာလီပြည်၌ ရတနသုတ်ကို ဟောခဲ့သော် ထိုရတနသုတ်အစောင့်အရှောက်သည် စကြဝဠာကုဋေတစ်သိန်းတိုင်အောင် ပျံ့နှံ့လိမ့်မည်။ ဟောအပ်သော ရတနသုတ်၏ အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ သစ္စာလေးပါးတရား ထိုးထွင်းသိမြင် ကျွတ်တမ်းဝင်လိမ့်မည်။ ဖြစ်ပေါ်နေသော ထိုဘေးတို့လည်း ငြိမ်းအေးလိမ့်မည်ဟု သိတော်မူကာ ဝေသာလီသားတို့ လျှောက်ထားအပ်သော စကားကို လက်ခံတော်မူပြီ။

ဗိမ္ဗိသာရမင်းသည် - မြတ်စွာဘုရားသည် ဝေသာလီသို့ ကြွရန် လက်ခံတော်မူသတဲ့ဟု ကြား၍ ရာဇဂြိုဟ် မြို့တွင်း၌ ကြွေးကြော်စေပြီး မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား ဝေသာလီပြည်သို့ ကြွရန် လက်ခံအပ်ပါသလားဟု မေးလျှောက်လေလျှင် အိုမင်းမြတ်ဟုတ်၏။ ငါဘုရားကြွမည်ဟု

မိန့်တော်မူအပ်သော် - မြတ်စွာဘုရားကြွတော်မူမည်ဖြစ်လျှင် ဆိုင်းငံ့တော်မူပါဦး၊ ရှေးဦးစွာ ကြွမည့်လမ်းကို စီရင်ပါဦးမည်ဟု လျှောက်ထားပြီး ရာဇဂြိုဟ်မြို့နှင့် ဂင်္ဂါမြစ်အကြား ငါးယူဇနာရှိသော မြေကိုအညီအမျှ ပြုစေ၍ ယူဇနာတိုင်း ယူဇနာတိုင်း၌ ကျောင်းကို ဆောက်လုပ်တည်ထားစေပြီး မြတ်စွာဘုရားအား ကြွတော်မူရန် အချိန်ကိုလျှောက်ထားလေပြီ။ မြတ်စွာဘုရားသည် ရဟန်းငါးရာတို့နှင့်အတူ လမ်းခရီးသို့ ကြွတော်မူပြီ။ ဗိမ္ဗိသာရမင်းသည် တစ်ယူဇနာ အကြားအကြား၌ ပုဆစ်ဒူးဝန်းမျှသော အပိုင်းအခြား ဖြင့် (ပုဆစ်ဒူးဝန်း မြုပ်လောက်အောင်) အဆင်းငါးမျိုးရှိသောပန်းတို့ကို ကြဲဖြန့်စေကာ တံခွန်၊ ကုက္ကား၊ ငှက်ပျောပင် စသည်တို့ကို စိုက်ထောင်စေ၍ မြတ်စွာဘုရား၏အထက်၌ အဆင့်ဆင့်သောထီးကို ဆောင်းမိုး၍ တစ်ပါးတစ်ပါးသော ရဟန်း၏အထက်၌ တစ်လက်တစ်လက်သောထီးဖြူကို ဆောင်းမိုး၍ အခြံအရံနှင့်တကွ ပန်းနံ့သာစသည် တို့ဖြင့် ပူဇော်လျက်မြတ်စွာဘုရားကို တစ်ကျောင်းတစ်ကျောင်း၌ သီတင်းသုံးစေပြီး များစွာသောအလှူဝတ္ထုတို့ကို ပေးလှူ၍ ငါးရက်တို့ဖြင့် ဂင်္ဂါမြစ်ကမ်းသို့ရောက်စေကာ ဂင်္ဂါမြစ်ကမ်းအနီး၌ လှေကိုတန်ဆာဆင်လျက် ဝေသာလီမြို့သားတို့ထံ ခရီးလမ်းကိုစီစဉ်၍ မြတ်စွာဘုရား အား ခရီးဦးကြိုပြုကြပါဟု သတင်းပို့လေ၏။

ဝေသာလီမြို့သားတို့သည် ဗိမ္ဗိသာရမင်းပူဇော်သည်ထက် နှစ်ဆတက်အောင်ပူဇော်ကြမည်ဟု ဝေသာလီမြို့နှင့် ဂင်္ဂါမြစ်အကြား သုံးယူဇနာရှိမြေကို အညီအညွတ်ပြုစေပြီး မြတ်စွာဘုရားအဖို့ ထီးဖြူလေးလက်တို့ဖြင့် တစ်ပါးတစ်ပါးသော ရဟန်းအဖို့ ထီးဖြူနှစ်လက်နှစ်လက်တို့ဖြင့် အဆင့်ဆင့် သော ထီးတို့ကို စီရင်၍ ပူဇော်ဖွယ်ကို ပြုကြလျက်လာရောက်ကြကာ ဂင်္ဂါမြစ်ကမ်းအနီး၌ ရပ်တည်နေ ကြကုန်၏။

ဗိမ္ဗိသာရမင်းသည် လှေနှစ်စင်းတို့ကို တွဲစပ်၍ မဏ္ဍပ်ဆောက်လုပ်စေပြီး ပန်းဆိုင်းစသည်တို့ဖြင့် တန်ဆာဆင်စေ၍ ရတနာမျိုးစုံတို့ဖြင့်ပြီးသော ဘုရားနေရာကိုခင်းထားစေပြီး မြတ်စွာဘုရားသည် ခင်းထားအပ်သော ထိုနေရာ၌ ထိုင်တော်မူပြီ ရဟန်းတို့လည်း လှေပေါ်သို့တက်၍ မြတ်စွာဘုရားကို ခြံရံကာထိုင်ကြကုန်၏။

ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားကို လိုက်ပို့လေသော် လည်မျိုပမာဏရှိသော (လည်မျိုထိ အောင်နက်သော) ရေအတွင်းသို့ သက်ဆင်း၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် သည် အရှင်ဘုရားပြန်ကြွလာသည်တိုင်အောင် ဤဂင်္ဂါမြစ်ကမ်းအနီး၌သာ စောင့်နေပါမည်ဟု လျှောက်ထားပြီးလှေကို တွန်းလွှတ်၍ ပြန်လှည့်လာလေပြီ။ မြတ်စွာဘုရားသည် ဂင်္ဂါမြစ်တွင်း၌ တစ်ယူဇနာမျှ ခရီးကိုကြွတော်မူ၍ ဝေသာလီပြည်သူ ပြည်သားတို့၏ အပိုင်းအခြား နယ်နိမိတ်သို့ ရောက်တော်မူပြီ။

လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားကို ခရီးဦးကြိုဆိုကြ၍ လည်မျိုပမာဏရှိသော (လည်မျိုထိနက် သော) မြစ်ရေအတွင်းသို့ ဆင်းသက်ကြ၍ လှေကို မြစ်ကမ်းသို့ ကပ်ဆောင်ကာ မြတ်စွာဘုရားကို လှေပေါ်မှ ကြွဆင်းကြစေကုန်ပြီ။ မြတ်စွာဘုရားသည် လှေပေါ်မှ ဆင်းသက်၍ ဂင်္ဂါမြစ်ကမ်း၌ နင်းမိကာမျှ ဖြစ်လတ်သော် မိုးကြီးတက်၍ ကြာတော၌ ရွာသော မိုးနှင့်တူသော မိုးသည် ရွာသွန်းလေပြီ။

ဝေသာလီပြည်အားလုံး၌ ဒူးဆစ်ဒူးဝန်းမျှပမာဏ ပေါင် ရင်းပမာဏခါးပမာဏရှိကုန်သော

စီးဆင်းကုန်သော ရေတို့သည် လူသေကောင်ပုပ် အားလုံးတို့ကို ဂင်္ဂါမြစ်တွင်းသို့ ဝင်စေကုန်၏။ (မျောချကုန်၏) စင်ကြယ်သော မြေအဖို့ဖြစ်လေပြီ။

လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားကို ယူဇနာတိုင်း ယူဇနာတိုင်း၌ သီတင်းသုံးစေ၍ အလှူကြီးကို ပေးလှူကြပြီး ဗိမ္ဗိသာရမင်း ပူဇော်မှုထက်နှစ်ဆတက်ပူဇော်ကြကာ သုံးရက်တို့ဖြင့် ဝေသာလီမြို့သို့ ပင့်ဆောင်ကြကုန်၏။

သိကြားမင်းသည် နတ်အပေါင်းခြံရံလျက် ရောက်လာလေပြီ။ တန်ခိုးကြီးသော နတ်တို့၏ အစုအဝေးကြောင့် ဘီလူးတို့သည် များသောအားဖြင့် ထွက်ပြေးကြကုန်၏။

မြတ်စွာဘုရားသည် ညနေချမ်းအချိန်တွင် မြို့တံခါးဝ၌ ရပ်တော်မူ၍ အာနန္ဒာထေရ်ကို -

အို အာနန္ဒာ ဤရတနသုတ်ကို သင်ယူ၍ လိစ္ဆဝီမင်းသားတို့နှင့်အတူ လှည့်လည်လျက် ဝေသာလီမြို့ တံတိုင်းသုံးထပ်အကြား၌ ပရိတ်ကို (အရံအတားကို) ပြုလေတော့ဟု မိန့်တော်မူ၏။

အာနန္ဒာထေရ်သည် မြတ်စွာဘုရားပေးအပ်သော ရတနသုတ်ပရိတ်ကို သင်ယူ၍ မြတ်စွာဘုရား၏ ကျောက်သပိတ်တော်ဖြင့် ရေကိုယူ၍ မြို့တံခါး၌ ရပ်လျက် -

ဘုရားဆုကို ပန်ဆင်သည်မှစ၍ မြတ်စွာဘုရား၏ ပါရမီတော် ဆယ်ပါးဥပပါရမီတော်ဆယ်ပါး၊ ပရမတ္ထပါရမီတော် ဆယ်ပါးအားဖြင့် အမျှသုံးဆယ်သော ပါရမီတော် စွန့်ခြင်းကြီးငါးပါး လောက အကျိုးငှာ ကျင့်တော်မူခြင်း ဆွေမျိုးတို့ အကျိုးငှာ ကျင့်တော်မူခြင်း၊ ဘုရားဖြစ်ရန် ကျင့်တော်မူခြင်းအားဖြင့် စရိယသုံးပါး၊ နောက်ဆုံးဘဝ၌ မယ်တော်ဝမ်းသို့ သက်တော်မူခြင်း၊ ဖွားမြင်တော်မူခြင်း မြတ်သော တောထွက်တော်မူခြင်း၊ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း၊ ဗောဓိပလ္လင်၌ မာရ်ကိုး အောင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိတော်မူခြင်း၊ ဓမ္မစကြာတရားကိုဟောတော်မူခြင်း၊ လောကုတ္တရာ တရားကိုးပါးဟူသော ဘုရားရှင်၏ ဂုဏ်တော်အားလုံးတို့ကို ဆင်ခြင်၍ ဝေသာလီမြို့တွင်းသို့ ဝင်ပြီး ညဉ့်သုံးယမ်ပတ်လုံး တံတိုင်းသုံးထပ်တို့အကြား၌ အရံအတား ပရိတ်ကိုပြုလျက် (ပရိတ်ရွတ်လျက်) လှည့်လည်တော်မူပြီ။

အရှင်အာနန္ဒာသည် ယံကိဉ္စိ - ဟူသော ပုဒ်ကို ရွတ်ဆိုအပ်ခါမျှသာ ဖြစ်လတ်သော် အထက်၌ ဖြန်းအပ်သော ပရိတ်ရေသည် ဘီလူးတို့၏ အထက်၌ကျလေ၏။

ယာနီဓ ဘူတာနိ - အစရှိသော ဂါထာကို ရွတ်ဆိုချိန်မှစ၍ ဦးဆောက်ပန်းနှင့်တူကုန်သော ရေပေါက်တို့သည် ကောင်းကင်ဖြင့် လာကုန်၍ လူမမာတို့၏ အထက်၌ကျကုန်၏။ ထိုခဏ၌ပင် အနာရောဂါငြိမ်းပြီးကုန်သော လူတို့သည် ထ၍ထ၍ မထေရ်ကို ခြံရံကြကုန်၏။

ယံ ကိဉ္စိ - ဟု ရွတ်ဆိုအပ်သောပုဒ်မှစ၍ ရေပေါက်တို့ဖြင့် တွေ့ထိကုန် တွေ့ထိကုန်၍ ထွက်မပြေးနိုင်ကြဘဲ တံမြက်ချည်း အမှိုက်ပုံ၊ အုတ်နံရံ စသည်တို့၌ ပုန်းလျှိုးမှီခိုနေကြသော ဘီလူးအားလုံးတို့သည် ထိုထို တံခါးပေါက်ဖြင့် ထွက်ပြေးကြကုန်၏။ တံခါးပေါက်တို့သည် ထွက်စရာ နေရာမရှိကြလေကုန်။ (ဘီလူးတို့ဖြင့် ပြည့်ကျပ်နေသည်ဟု ဆိုလိုသည်)

ထိုဘီလူးတို့သည် ထွက်စရာ တံခါးအရပ်ကို မရကြကုန်၍ တံတိုင်းကိုဖြိုခွဲ ဖျက်ဆီး၍လည်း ထွက်ပြေးကြကုန်၏။

များစွာသော လူသည် ဝေသာလီမြို့အလယ်၌ မင်းတို့စုဝေးတိုင်ပင်ရာ ဇရပ်ကို (မြို့တော်ခန်းမကို) နံ့သာမျိုးစုံတို့ဖြင့် လိမ်းကျံ၍ အထက်ပိုင်း၌ ရွှေကြယ်အစရှိသည်တို့ဖြင့် ဆန်းကြယ်သော မျက်နှာကျက်ကို ဖွဲ့ကျက်၍ ဘုရားနေရာတော်ကို ခင်းထားပြီး မြတ်စွာဘုရားကို ပင့်ဆောင်ကြလေပြီ။

မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီ။ ရဟန်းသံဃာနှင့် လိစ္ဆဝီ အပေါင်းသည် မြတ်စွာဘုရားကို ခြံရံ၍ ထိုင်နေကြပြီ။ သိကြားမင်းသည် နတ်အပေါင်းခြံရံလျက် သင့်လျော်သော အရပ်၌ (တည်ရာ၌) တည်နေလေပြီ။

အာနန္ဒထေရ်သည်လည်း ဝေသာလီတစ်မြို့လုံးကို အစဉ်အတိုင်း လှည့်လည်၍ အနာရောဂါ ကင်းငြိမ်းပြီးသော လူများစွာနှင့်အတူ ကြွလာတော်မူ၍ မြတ်စွာဘုရားကို ရှိခိုးပြီး ထိုင်လေပြီ။ မြတ်စွာဘုရားသည် ပရိသတ်ကို ကြည့်၍ အရှင်အာနန္ဒာအား သင်ပေးလိုက်သော ထိုရတနသုတ်ကိုပင် ဟောတော်မူပြီ။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်လေပြီ။ (ကျွတ်တမ်းဝင်လေပြီ)

နောက်နေ့၌လည်း ဤနှင့်အတူ ဖြစ်လေ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး ထိုရတနသုတ်ကိုသာ ဟောတော်မူ၍ ဘေးအားလုံးငြိမ်းအေးပြီး ဖြစ်သည်ကို သိတော်မူ၍ လိစ္ဆဝီ အပေါင်းကိုမိန့်တော်မူကာ ဝေသာလီပြည်မှ ထွက်ခဲ့တော်မူပြီ။

လိစ္ဆဝီမင်းတို့သည် နှစ်ဆတက် ပူဇော်မှုကို ပြုကြ၍ နောက်ထပ်သုံးရက်တို့ဖြင့် မြတ်စွာဘုရားကို ဂင်္ဂါမြစ်ကမ်းသို့ ပို့ဆောင်ကြကုန်၏။

ဂင်္ဂါမြစ်၌ ဖြစ်ရှိနေကြသော နဂါးမင်းတို့သည် လူတို့သည် မြတ်စွာဘုရားအား ပူဇော်ကြကုန်၏။ ငါတို့သည် အဘယ်ကြောင့် ပူဇော်မှုကို မပြုဘဲ နေကြအံ့နည်းဟု ကြံစည်ကြကုန်၏။ ထိုနဂါးမင်းတို့သည် ရွှေငွေ ပတ္တမြားတို့ဖြင့် ပြီးစီးကုန်သော လှေတို့ကို ဖန်ဆင်း၍ ရွှေငွေပတ္တမြားတို့ဖြင့် ပြီးစီးကုန်သော ပလ္လင်တို့ကိုခင်း၍ အဆင်းငါးမျိုးရှိသော ပဒုမ္မာကြာတို့ဖြင့် ဖုံးလွှမ်းနေသော မြစ်ရေကို ပြု၍ မြတ်စွာဘုရား တပည့်တော်တို့အားလည်း ချီးမြှောက်တော်မူပါဟု မိမိ မိမိ၏ လှေပေါ်သို့ တက်စီးတော်မူရန် မြတ်စွာဘုရားကို လျှောက်ထားတောင်းပန်ကြကုန်၏။

လူနှင့်နဂါးတို့သည် မြတ်စွာဘုရားအား ပူဇော်မှုကို ပြုကြသည် ငါတို့သည်ကား အဘယ်ကြောင့် ပူဇော်မှုကိုမပြုဘဲ နေကြကုန်အံ့နည်းဟု မြေ၌တည်သော နတ်တို့ကို အစပြု၍ အကနိဋ္ဌဗြဟ္မာဘုံတိုင် အောင် နတ်ဗြဟ္မာအားလုံးတို့သည် ပူဇော်မှုကို ပြုကြကုန်၏။ ပူဇော်မှုကို ပြုကြသူတို့တွင် နဂါးတို့သည် တစ်ယူဇနာရှိကုန်သော ထီးအဆင့်ဆင့်တို့ကို မြှောက်ချီကြကုန်၏။ ထိုနည်းအတူ အောက်အရပ်၌ နဂါးတို့၊ မြေကြီးအပြင်, သစ်ပင်, ချုံ, တောင်အစရှိသည်တို့၌တည်သော နတ်တို့၊ ကောင်းကင်၌ အာကာသဋ္ဌနတ်တို့သည်၊ နဂါးဘုံကို အစပြု၍ စကြဝဠာအပိုင်းအခြားဖြင့် ဗြဟ္မာဘုံတိုင်အောင် အဆင့်ဆင့်သော ထီးတို့ကို စိုက်ထောင်ကြကုန်၏။

ထီးတို့၏ အကြား၌ တံခွန် - တံခွန်တို့အကြား၌ ကုက္ကား၊ တံခွန် ကုက္ကားတို့၏ အကြား အကြား၌ ပန်းဆိုင်း, နံ့သာနံ့အထုံ, နံ့သာမှုန့်, နံ့သာခိုး စသည်တို့ဖြင့်ပူဇော်ကြလေ၏။

အဆင်တန်ဆာအားလုံးတို့ဖြင့် တန်ဆာဆင်အပ်သော နတ်သားတို့သည် ပွဲလမ်းသဘင်အသွင်ကို ယူကြပြီး ကြွေးကြော်ကြကာ ကောင်းကင်၌ လှည့်လည်ကြကုန်၏။ အစည်းအဝေးသုံးခုတို့သာ ကြီးကျယ်ကုန်သတတ်

**အစည်းအဝေးသုံးခုတို့ကား**

၁။ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူရာအစည်းအဝေး

၂။ တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူရာ အစည်းအဝေး

၃။ ဂင်္ဂါမြစ်တွင်း၌ သက်ဆင်းကြွတော်မူရာ ဤအစည်းအဝေး

ဤသုံးခုတို့တည်း။

ဂင်္ဂါမြစ်ကမ်းတစ်ဖက်၌ ဗိမ္ဗိသာရမင်းသည်လည်း လိစ္ဆဝီမင်းတို့ ပြုအပ်သော ပူဇော်မှုထက် နှစ်ဆတက် ပူဇော်မှုကို စီစဉ်ပြီး မြတ်စွာဘုရား ကြွလာမည်ကို ရှုမျှော်လျက် တည်ရှိနေပြီ။

မြတ်စွာဘုရားသည် ဂင်္ဂါမြစ်ကမ်းနှစ်ဘက်တို့၌ မင်းတို့၏ ကြီးကျယ်မြင့်မြတ်သော စွန့်ကြဲမှုကို ကြည့်ရှုတော်မူ၍ လည်းကောင်း၊ နဂါးမင်းအစရှိသည်တို့၏ အလိုဆန္ဒကို သိတော်မူ၍လည်းကောင်း၊ တစ်စင်းတစ်စင်းသော လှေပေါ်၌ ရဟန်းငါးရာစီ အခြံအရံရှိသော နိမ္မိတ ဘုရားတစ်ဆူတစ်ဆူကို ဖန်ဆင်းတော်မူပြီ။ ထိုနိမ္မိတဘုရားသည် တစ်ခုတစ်ခုသော ထီးဖြူ, ပဒေသာပင်, ပန်းဆိုင်း၏ အောက်၌ နဂါးအပေါင်းခြံရံလျက် ထိုင်နေတော်မူ၏။ မြေ၌ တည်သော ဘုမ္မိဇိုးနတ် အစရှိသည်တို့တွင်လည်း တစ်ခုတစ်ခုသော အရပ်၌ အခြံအရံနှင့်တကွ တစ်ဆူဆစ်ဆူသော နိမ္မိတ ဘုရားကို ဖန်ဆင်းတော်မူပြီ။

ဤသို့လျှင် အလုံးစုံသော စကြဝဠာတိုက်ခန်းအတွင်း၌ တစ်ပြိုင်နက်တန်ဆာဆင်မှု, တစ်ပြိုင်နက် သဘင် ခင်းကျင်းမှု, တစ်ပြိုင်နက်ပွဲခံမှု, ဖြစ်လတ်သော် မြတ်စွာဘုရားသည် နဂါးတို့အား ချီးမြှောက်မှုကို ပြုလို၍ ရတနာတို့ဖြင့် ပြီးသော လှေတစ်စင်းပေါ်သို့ တက်တော်မူပြီ။ ရဟန်းတို့တွင် ရဟန်းတစ်ပါး တစ်ပါးသည် လှေတစ်စင်း တစ်စင်းပေါ်သို့ တက်လေပြီး နဂါးမင်းတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို နဂါးဗိမာန်သို့ ကြွဝင်စေ၍ ညဉ့်သုံးယမ်ပတ်လုံး မြတ်စွာဘုရားထံတော်၌ တရားစကားကို ကြားနာကြ၍ ဒုတိယနေ့၌ နတ်ခဲဘွယ်ဘောဇဉ်ဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆက်ကပ်လှူဒါန်းပြုစုကြကုန်၏။

မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူ၍ နဂါးဗိမာန်မှ ထွက်တော်မူပြီး စကြာဝဠာတိုက်အတွင်း၌ရှိ နတ်အားလုံးတို့ ပူဇော်ခံတော်မူလျက် လှေအစင်းငါးရာတို့ဖြင့် ဂင်္ဂါမြစ်ကို ကူးမြောက်တော်မူပြီ။ ဗိမ္ဗိသာရမင်းကြီးသည် ခရီးဦးကြိုဆို၍ မြတ်စွာဘုရားကို လှေမှ သက်ဆင်းကြွလာချိန်၌ လိစ္ဆဝီတို့ ပြုအပ်သော ပူဇော်မှုထက် နှစ်ဆတက်ပူဇော်မှုကို ပြု၍ ရှေးနည်းဖြင့်သာ ငါးရက်တို့ဖြင့် ရာဇဂြိုဟ်မြို့သို့ ပင့်ဆောင်လေပြီ။

နောက်နေ့၌ ရဟန်းတို့သည် ဆွမ်းခံရွာမှ ပြန်ကြွခဲ့ပြီး ညနေချမ်းအချိန်၌ ဓမ္မသဘင်ဝယ် အညီအညွတ် စုဝေးကြကာ စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားတို့၏ ကြီးမားသော တန်ခိုးအာနုဘော်သည် အံ့ဩလောက်ပါ၏။ မြတ်စွာဘုရား၌ နတ်လူ ကြည်ညိုမှုသည် အံ့ဩလောက်ပါ၏။ ဂင်္ဂါမြစ်၏ ဤမှာဘက်မှလည်းကောင်း၊ ထိုမှာဘက်မှ

လည်းကောင်း၊ ရှစ်ယူဇနာရှိသော လမ်းခရီး၌ မြတ်စွာဘုရား၌ဖြစ်သော ကြည်ညိုမှုဖြင့် မင်းတို့သည် ညီမျှသော အသွင်ရှိသော မြေကိုပြု၍ သဲတို့ကို သွန်းအပ်ကုန်၏။ ပုဆစ်ဒူးဝန်းပမာဏရှိသော အရေး အပိုင်းအခြားအားဖြင့် အမျိုးမျိုးသော အဆင်းရှိသော ပန်းတို့ကို ခင်းထားအပ်ကုန်၏။ ဂင်္ဂါမြစ်ရေကို နဂါးတို့၏ အာနုဘော်ဖြင့် အဆင်းငါးမျိုးရှိသော ပဒုမ္မာကြာတို့ဖြင့် ဖုံးလွှမ်းအပ်၏။ အကနိဋ္ဌဗြဟ္မာ ဘုံတိုင်အောင် အဆင့်ဆင့်သော ထီးတို့ကို စိုက်ထောင်အပ်ကုန်၏။ စကြာဝဠာတိုက် တဝန်းလုံးသည် တစ်ပြိုင်နက်တန်ဆာဆင်ထားသကဲ့သို့ တစ်ပြိုင်နက် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပနေသကဲ့သို့ဖြစ်လေပြီ ဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူကာ ရဟန်းတို့ ယခုအချိန်၌ အဘယ်စကားဖြင့် စုဝေးနေကြ သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့်စုဝေးနေကြပါကြောင်း လျှောက်ထားအပ်လေသော်-

ရဟန်းတို့ သင်တို့ ပြောဆိုအပ်သော ထိုပူဇော်သက္ကာရသည် ငါဘုရား၏ ဘုရားတန်ခိုးကြောင့်ဖြစ် သည်မဟုတ်၊ နဂါး နတ်ဗြဟ္မာတို့၏ တန်ခိုးကြောင့်လည်းဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား အတိတ် ဘဝ၌ အနည်းငယ်မျှသော လှူဖွယ်ဝတ္ထုကို စွန့်ကြဲခြင်း တန်ခိုးကြောင့် ဖြစ်ပေါ်သည် ဟုမိန့်တော်မူပြီး ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်အကြောင်းကို ဆောင်ပြတော်မူပြီ။

လွန်လေပြီးသောအခါ တက္ကသိုလ်ပြည်၌ သင်္ခအမည်ရှိသော ပုဏ္ဏားရှိလေ၏။ ထိုပုဏ္ဏား၏ သားဖြစ်သူ တစ်ဆယ့်ခြောက်နှစ်အရွယ် 'သုသိမ' အမည်ရှိ လုလင်သည် တစ်နေ့သ၌ ဖခင်ပုဏ္ဏားထံ ချဉ်းကပ်၍

အို ဖခင် ကျွန်တော်သည် ဗာရာဏသီပြည်သို့ သွားပြီး မန္တာန်တို့ကို သင်ယူလိုပါ၏ဟု ပြောဆို၏။

ထိုအခါ သားဖြစ်သူ သုသိမကို ဖခင်သင်္ခပုဏ္ဏားသည် -

ချစ်သား - ဗေဒင်သင်ယူလိုသည်ဖြစ်လျှင် ဤအမည်ရှိသောပုဏ္ဏားသည် ငါ၏မိတ်ဆွေဖြစ်သည်။ ထိုပုဏ္ဏား ထံသွား၍ သင်ယူပါဟု ပြောလေ၏။

သားဖြစ်သူ သုသိမ သည် ကောင်းပါပြီဟု ဖခင်၏စကားကို နားထောင်ပြီး ခရီးစဉ်အားဖြင့် ဗာရာဏသီပြည်သို့ သွား၍ ဖခင်ညွှန်ပြအပ်သော ပုဏ္ဏားထံချဉ်းကပ်၍ ဖခင်ပုဏ္ဏား စေလွှတ်အပ်သူ ဖြစ်ကြောင်းပြောဆို၏။ ထိုအခါ သုသိမ လုလင်ကို ဆရာပုဏ္ဏားသည် ငါ့မိတ်ဆွေ၏သားဖြစ်သည်ဟု လက်ခံ၍ ခရီးပင်ပန်းမှု ငြိမ်းအေးပြီးသော သုသိမလုလင်ကို နေ့ကောင်းနေ့မြတ်၌ ဗေဒင်တို့ကို ပို့ချပေးလေ၏။

သုသိမ လုလင်သည် လျင်မြန်စွာလည်း သင်ယူ များများကိုလည်း သင်ယူလျက် မိမိသင်ယူ အပ်တိုင်းဖြစ်သော အတတ်ပညာကို ရွှေခွက်၌ ထည့်ထားအပ်သော ခြင်္သေ့ဆီကဲ့သို့ မပျောက်မပျက် အောင် ဆောင်ထားသည်ဖြစ်၍ အချိန်မကြာမြင့်မီမှာပင် ဆရာ၏ မျက်မှောက်၌ သင်ယူဖွယ်အားလုံးကို သင်ယူ၍ ရွတ်အံ့ဆင်ခြင်မှုကို ပြုလတ်သော် မိမိသင်ယူအပ်ပြီးသော အတတ်ပညာ၏ အစနှင့်အလယ် ကိုသာ တွေ့မြင်၍ အဆုံးကို မတွေ့မြင်ဖြစ်လေ၏။

သုသိမ လုလင်သည် ဆရာထံ ချဉ်းကပ်၍ ကျွန်တော်သည် ဤအတတ်ပညာ၏ အစနှင့် အလယ်ကို သာတွေ့မြင်ရပါ၏။ အဆုံးကို မတွေ့မမြင်ရပါဟု ပြောဆိုသဖြင့် ဆရာပုဏ္ဏားက အိုတပည့်

ငါ့ဆရာလည်းအဆုံးကို မတွေ့မမြင်ပါဟု ပြောဆိုအပ်သော် ဆရာခင်ဗျား၊ ဆရာသည်ပင် အတတ်ပညာ၏အဆုံးကို မတွေ့မမြင်ပါသော် အဘယ်သူသည် အဆုံးကို သိပါသနည်း။

အို တပည့် ဤပစ္စေကဗုဒ္ဓါတို့သည် ဂ္ဂလိပတနဒ္ဓနေကြသည်။ ထိုပစ္စေကဗုဒ္ဓါတို့သည် အတတ်ပညာ၏ အဆုံးကို သိကြကုန်ရာ၏။ သိကြပေလိမ့်မည်။ ထိုပစ္စေကဗုဒ္ဓါတို့ထံ ချဉ်းကပ်၍ မေးလေဦးဟု ဆရာပြောဆိုအပ်သော် ပစ္စေကဗုဒ္ဓါတို့ထံ ချဉ်းကပ်၍ မေးလေ၏။

အရှင်မြတ်တို့သည် အတတ်ပညာ၏ အဆုံးကို သိကြသည်ဟု ကြားရပါသည်။ ကြားသည့်အတိုင်း မှန်ကြပါသလော။

မှန်၏။ ငါတို့သိကြသည်။

သိကြပါလျှင် တပည့်တော်အား မိန့်ကြားတော်မူကြပါ။

ငါတို့သည် ရဟန်းမဟုတ်သူအား မိန့်ကြားသူများမဟုတ်ကြ။ သင်သည် အတတ်ပညာ၏ အဆုံးကို အလိုရှိသူဖြစ်လျှင် ရဟန်းပြုပါဟု မိန့်ဆိုကြကုန်၏။

သုသိမလုလင်သည်ကောင်းပါပြီ ဟု ဝန်ခံ၍ ပစ္စေကဗုဒ္ဓါတို့ထံ၌ ရဟန်းပြုလေပြီ။

ထိုအခါ သုသိမအား ပစ္စေကဗုဒ္ဓါတို့သည် ရှေးဦးစွာ ဤအတတ်ပညာကို သင်ယူပါဦးဟု မိန့်တော်မူကြပြီး သင်သည် ဤသို့ ခါးဝတ်အထည်ကိုဝတ်ရမည်။ ဤသို့ ကိုယ်ဝတ်ထည်ကို ရုံရမည် အစရှိသောနည်းဖြင့် အာဘိသ မာစာရိက (အစဦးကျင့်ရမည့်အကျင့်) ကျင့်ဝတ်ကို ပြောကြားကြကုန်၏။

သုသိမသည် ထိုအကျင့်၌ ကျင့်လျက် အားကောင်းသောမှီရာ အကြောင်းနှင့် ပြည့်စုံသူဖြစ်သောကြောင့် အားထုတ်၍ အချိန်မကြာမြင့်မီပင် ပစ္စေကဗောဓိ (သီးခြားတစ်ပါးတည်း သစ္စာလေးပါးကို အဆုံးတိုင်ထိုးထွင်းသိမြင်သော အရဟတ္တမဂ်ဉာဏ်) ကို ထိုးထွင်းသိမြင်၍ ကောင်းကင်အပြင်၌ လပြည့်ဝန်းကဲ့သို့ ဗာရာဏသီတစ်မြို့လုံး၌ ထင်ရှားသောမြတ်သော လာဘ်မြတ်သော အကျော်အစောရှိသူအဖြစ်သို့ ရောက်သော ပစ္စေကဗုဒ္ဓါဖြစ်လေပြီ။

သုသိမ ပစ္စေကဗုဒ္ဓါသည် အသက်တိုခြင်းကို ဖြစ်စေတတ်သော ကံတရားကို ပြုအပ်ခဲ့သူဖြစ်သောကြောင့် ပစ္စေကဗုဒ္ဓါဖြစ်၍ မကြာမြင့်မီပင် ပရိနိဗ္ဗာန်ပြုလေပြီ။ ထိုအခါ ပစ္စေက ဗုဒ္ဓါတို့သည်လည်းကောင်း များစွာသော လူသည်လည်းကောင်း၊ သုသိမပစ္စေက ဗုဒ္ဓါ၏ ရုပ်အလောင်းသင်္ဂြိုဟ်မှုကို ပြု၍ ဓာတ်တော်တို့ကိုလည်း ယူ၍ မြို့တံခါးအနီး၌ စေတီတည်ထားကြလေကုန်ပြီ။

ဖခင်သခ်ပုဏ္ဏားသည်လည်း ငါ့သားသွားသည်မှာ ကြာပြီ သူ့အကြောင်းကို သိရအံ့ဟု သားကို တွေ့မြင် လို၍ တက္ကသိုလ်ပြည်မှ ထွက်ခဲ့ခရီးစဉ်အားဖြင့် ဗာရာဏသီပြည်သို့ရောက်သော် စုဝေးနေသော လူအပေါင်းကိုမြင်၍ -

ဤလူတို့တွင် တစ်ယောက်သော်လည်း ငါ့သား၏ ဖြစ်ပုံအကြောင်းကို စင်စစ်သိလိမ့်မည် စိတ်ကူးဖြင့် ချဉ်းကပ်၍ မေးလေပြီ။

သုသိမအမည်ရှိသော လုလင်သည် ဤဗာရာဏသီပြည်၌ လာခဲ့ပြီ သူ၏အကြောင်းကို သိကြပါသလော။

အို ပုဏ္ဏားကြီး သြော်သိကြပါ၏။ ဤအမည်ရှိသော ပုဏ္ဏားထံ၌ ဗေဒင်သုံးပုံတို့ကို သင်ယူ၍၊

ရဟန်းပြု ပစ္စေကသမ္ဗောဓိကို မျက်မှောက်ပြု၍ ဆင်းရဲခပ်သိမ်းငြိမ်းလေပြီ။ တည်ထားစေအပ်ပြီးသော ဤစေတီသည် ထိုသုသီမ ပစ္စေကဗုဒ္ဓါ၏ စေတီဖြစ်တော့သည်ဟု ပြောကြသည်။

သခ်ပုဏ္ဏားသည် မြေကြီးကို လက်ဖြင့် ပုတ်ခတ်၍ ငိုကြွေးမြည်တမ်းကာ ထိုစေတီရင်ပြင်သို့သွား၍ မြက်တို့ကို နှုတ်ပယ်ပြီး အပေါ်ရုံအဝတ်ဖြင့် သဲကိုယူဆောင်ကာ စေတီရင်ပြင်၌ ကြဲဖြန့်၍ ရေခရားမှ ရေဖြင့် ဆွတ်ဖြန်း၍ တောပန်းပွင့်တို့ဖြင့် ပူဇော်, အဝတ်ဖြင့် ကုက္ကားတင်၍ စေတီအထက်၌ မိမိ၏ ထီးကို ဖွဲ့ချည်၍ ထွက်ခွာသွားလေပြီ။

မြတ်စွာဘုရားသည် အတိတ်ဖြစ်သော ဤဖြစ်ရပ်ကို ဆောင်တော်မူ၍ ရဟန်းတို့ ထိုအချိန်၌ ငါဘုရား သည် သခ်ပုဏ္ဏားဖြစ်ခဲ့ပြီ။ ငါသည် သုသီမပစ္စေက ဗုဒ္ဓါ၏ ရင်ပြင်၌ မြက်တို့ကို နှုတ်အပ်ပြီ၊ ငါ၏ ထိုကံ၏ အကျိုးဆက်အားဖြင့် ရှစ်ယူဇနာရှိသော ခရီးကို သစ်ငုတ်ဆူးညောင့်ကင်းအောင်ပြု၍ စင်ကြယ်ညီညွတ်သော မြေအပြင်ကို ပြုကြကုန်ပြီ။ ငါတို့သည်စေတီ၌ သဲတို့ကို ဖြန့်ကြဲအပ်ပြီ။ ငါ၏ ထိုကောင်းမှုကံ အကျိုးဆက်အားဖြင့် ရှစ်ယူဇနာရှိသော ခရီး၌ သဲကို ဖြန့်ခင်းကြကုန်ပြီ။ ငါသည် ထိုစေတီ၌ တောပန်းပွင့်တို့ဖြင့် ပူဇော်အပ်ပြီ။ ငါ၏ ထိုကောင်းမှု၏အကျိုးဆက်အားဖြင့် ရှစ်ယူဇနာရှိသော ခရီး၌အဆင်းအမျိုးမျိုးရှိကုန်သောပန်းတို့ကို ဖြန့်ခင်းအပ်ကုန်ပြီ။ တစ်ယူဇနာရှိသော အရပ်၌ ဂင်္ဂါမြစ်ရေကို အဆင်းငါးမျိုးရှိသော ပဒုမ္မာကြာတို့သည် ဖုံးလွှမ်းအပ်ပြီ။ ငါသည် ထိုစေတီ၌ ခရားမှ ရေဖြင့် မြေပြင်ကို ဆွတ်ဖြန်းအပ်ပြီ။ ငါ၏ ထိုကောင်းမှုအကျိုးဆက်အားဖြင့် ပေါက္ခရဝဿ မိုးရွာသွန်းပြီ။ ငါသည် ထိုစေတီ၌ ကုက္ကားကို တင်လှူအပ်ပြီ။ ထီးကိုလည်း ဖွဲ့ချည်အပ်ပြီ။ ငါ၏ ထိုကောင်းမှု၏ အကျိုးဆက်အားဖြင့် အကနိဋ္ဌပြဟ္မာဘုံတိုင်အောင် တံခွန်ကုက္ကားအဆင့်ဆင့်သော ထီးတို့ဖြင့် စကြာဝဠာတိုက်အဝန်း တစ်ခုလုံးသည် တစ်ပြိုက်နက် ပွဲလမ်းသဘင်စီရင်သကဲ့သို့ ဖြစ်ပြီ။

ရဟန်းတို့ ဤသို့လျှင် ထိုပူဇော်မှု ကောင်းစွာပြုမှုသည် ငါဘုရား၏ ဘုရားတန်ခိုးကြောင့် ဖြစ်သည်မဟုတ်။ နဂါးနတ်ပြဟ္မာတို့ တန်ခိုးကြောင့်ဖြစ်သည်မဟုတ်။ စင်စစ်သော်ကား အတိတ်ကာလ၌ အနည်းငယ်မျှပစ္စည်းကို ပေးလှူစွန့်ကြဲခြင်း၏ တန်ခိုးကြောင့်ဖြစ်တော့သည်ဟု မိန့်တော်မူကာ တရားဟောလိုတော်မူသော မြတ်စွာဘုရားသည် ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

မတ္တာသုခ ပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ။

စဇေမတ္တာ သုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။

မတ္တာသုခ ပရိစ္စာဂါ - အနည်းငယ်မျှ မပြောပလောက်သော ချမ်းသာကိုပေးလှူစွန့်ကြဲခြင်းကြောင့်၊ ဝိပုလံ - ကြီးမြတ်သော၊ သုခံ - နိဗ္ဗာန်ချမ်းသာကို၊ စေပဿေ အကယ်၍မြင်ငြားအံ့၊ ဝိပုလံ - ပြန့်ပြော ကြီးမြတ်သော၊ သုခံ - နိဗ္ဗာန်ချမ်းသာကို၊ သမ္ပဿံ - သမ္ပဿန္တော - ရှုမြင်သော၊ ဓီရော - ပညာရှိသည်၊ မတ္တာသုခံ - အနည်းငယ် မျှမပြောပလောက်သော ချမ်းသာကို စဇေ - စဇေယျ - နှမြောစုံမက် ဝန်တိုမဖက်ဘဲ ရက်ရက်ရဲရဲ စွန့်ကြဲပေးကမ်းရာသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**အဋ္ဌနော ပုဗ္ဗကမ္မဝတ္ထု ပြီး၏။**

## ၁၀၆။ ကုက္ကုဋ္ဌ အဏ္ဍခါဒိကာဝတ္ထု
## ကြက်ဥကိုစားသော အမျိုးသမီးအကြောင်း

သာဝတ္ထိမြို့အနီး၌ ပဏ္ဍုရ အမည်ရှိသော ရွာတစ်ရွာရှိ၏။ ထိုရွာ၌ တံငါသည်တစ်ယောက် နေထိုင်၏။

ထိုတံငါသည်သည် သာဝတ္ထိမြို့သို့ သွားစဉ် အစိရဝတီမြစ်ကမ်းဘေး၌ လိပ်ဥတို့ကို မြင်၍ ထိုဥတို့ကို ယူကာ သာဝတ္ထိမြို့သို့သွား၍ အိမ်တစ်အိမ်၌ ပြုတ်၍စားစဉ် ထိုအိမ်၌ သတို့သမီးအားလည်း လိပ်ဥတစ်လုံးကိုပေးလေ၏။ ထိုသတို့သမီးသည် ထိုလိပ်ဥကို စားပြီးချိန်မှစ၍ အခြားသော စားဖွယ်ကို အလိုမရှိလေပြီ။

ထိုအခါ ထိုသတို့သမီး၏ မိခင်သည် ကြက်မဥနေရာ ကြက်မြုံမှ ကြက်ဥတစ်လုံးကို ယူ၍ ပေးလေ၏။ ထိုသတို့သမီးသည် ထိုကြက်ဥကိုစား၍ ရသတဏှာသည် ဖွဲ့ချည်အပ်ရကား ထိုအချိန်မှစ၍ ကိုယ်တိုင်သာ ကြက်မ၏ ဥတို့ကို ယူ၍ စားလေ၏။

ကြက်မသည် ဥပြီးတိုင်း ဥပြီးတိုင်းအချိန်၌ မိမိ၏ဥတို့ကို ယူ၍ စားသော ထိုအမျိုးသမီးကိုမြင်၍ ထိုအမျိုးသမီးသည် နှိပ်စက်အပ်ရကား ရန်ငြိုးဖွဲ့ကာ- ယခု ဤဘဝမှ စုတေခဲ့သော် ဘီလူးမဖြစ်၍ သင်၏ ဖွားမြင်အပ်သော သူငယ်တို့ကို စားနိုင်သူဖြစ်ရပါလို၏ဟု ဆုတောင်း၍ ကွယ်လွန်လေသော် ထိုအမျိုးသမီး အိမ်၌ပင် ကြောင်မဖြစ်လေပြီ။ အမျိုးသမီးသည်လည်း ကွယ်လွန်ပြီး ထိုအိမ်၌ပင် ကြက်မ ဖြစ်လေပြီ။

ကြက်မသည် ဥတို့ကို ဥလေပြီ။ ကြောင်မသည်လာ၍ ထိုဥတို့ကို စား၍ နှစ်ကြိမ်မြောက်လည်း ကောင်း၊ သုံးကြိမ်မြောက်လည်းကောင်း၊ စားလေပြီ။ ကြက်မသည် ကြောင်မသည် သုံးကြိမ်တိုင်အောင် ငါ၏ ဥတို့ကို စား၍ ယခု ငါ့ကိုလည်း စားလိုသူဖြစ်၏။ ဤဘဝမှ စုတေသော် သားနှင့်တကွ ထိုကြောင်မ ကို စားနိုင်ရပါလို၏ဟု ဆုတောင်း၍ ထိုဘဝမှ စုတေသော် သစ်မသတ္တဝါဖြစ်လေ၏။ ကြောင်မသည် လည်း ထိုဘဝမှ စုတေသော် သမင်မဖြစ်လေပြီ။ ထိုသမင်မ၏ သားကို ဖွားမြင်ရာအချိန်၌ သစ်မသည် လာ၍ သားတို့နှင့်အတူ သမင်မကို စားလေပြီ။

ဤသို့ စားကြကာ ကမ္ဘာငါးရာတို့၌ တစ်ယောက်သည် တစ်ယောက်၏ ဆင်းရဲကိုဖြစ်စေ၍ အဆုံး၌ တစ်ယောက်သည် ဘီလူးမဖြစ်၏။ တစ်ယောက်သည် သာဝတ္ထိမြို့၌ လူအမျိုးသမီးဖြစ်၏။ ဤသို့ ဖြစ်ပြီးချိန်မှ ဖြစ်သောအကြောင်းကို နဟိ ဝေရေန ဝေရာနိ - အစရှိသော ဂါထာ၌ ဆိုအပ်ခဲ့ပြီး သော နည်းဖြင့်သာ သိအပ်၏။

ဤဝတ္ထု၌သာ မြတ်စွာဘုရားသည် ရန်မရှိသဖြင့် ရန်သည် စင်စစ်ငြိမ်းအေး၏။ ရန်ရှိသဖြင့် ရန်သည် စင်စစ်မငြိမ်းဟု မိန့်တော်မူကာ ဘီလူးမနှင့် လူအမျိုးသမီးနှစ်ဦးလုံးတို့အား တရားဟောတော်မူ လိုသည်ဖြစ်၍ ဆိုလတ္တံ့သာ ဤဂါထာကို ဟောတော်မူ၏။

ပရဒုက္ခူ ပဓာနေန၊ အတ္တနော သုခမိစ္ဆတိ၊
ဝေရသံသဂ္ဂ သံသဋ္ဌော၊ ဝေရာသော နပရိမုစ္စတိ။

ယော - အကြင်သူသည်၊ ပရဒုက္ခူပဓာနေန - သူတစ်ပါး၌ ဆင်းရဲကို ကပ်ဆောင်ထားခြင်းဖြင့်၊ ဝါ - သူတစ်ပါးကို ဆင်းရဲစေခြင်းဖြင့် အတ္တနော - မိမိ၏ သုခံ - ချမ်းသာကို - ဣစ္ဆတိ - အလိုရှိ၏။

ဝေရသံသဂ္ဂသံသဋ္ဌော (ဆဲရေးသူကို ပြန်ဆဲရေးခြင်း၊ ပုတ်ခတ်သူကို ပြန်ပုတ်ခတ်ခြင်း စသည်ဖြင့် အပြန်အလှန် ပြုအပ်သော) ရန်ရောယှက်ခြင်းဖြင့် ရောယှက်သော။ သော - ထိုသူသည်၊ ဝေရာ - ရန်မှ၊ နပရိမုစ္စတိ - မလွတ်မြောက်နိုင်။

(နိစ္စကာလံ - အချိန်တိုင်း အချိန်တိုင်း ဝါ - အမြဲမပြတ်၊ ဝေရဝသေန - ရန်ပြုခြင်း၏ အစွမ်းဖြင့် ဒုက္ခမေဝ - ဆင်းရဲသို့သာ၊ ပါပုဏာတိ - ရောက်ရလေ၏။)

ဒေသနာတော်အဆုံး၌ ဘီလူးမသည် သရဏဂုံတည်၍ ငါးပါးသီလတို့ကို ဆောက်တည်၍ ရန်မှ လွတ်လေပြီ။ လူအမျိုးသမီးသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေပြီ။

ရဟန်းရှင်လူ ရောက်လာသူတို့၏လည်း အကျိုးရှိသော ဓမ္မာဒေသနာတော်ဖြစ်လေပြီ။

ကုက္ကုဋ အဏ္ဍစါဒိကာဝတ္ထု ပြီး၏။

## ၁၀၇။ ဘဒ္ဒိယဘိက္ခုဝတ္ထု
## ဘဒ္ဒိယ ရဟန်းတို့အကြောင်း

ဘဒ္ဒိယရဟန်းတို့သည် ခြေနင်းကို တန်ဆာဆင်ခြင်း၌ အားထုတ်ကြကုန်၏။ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း။

ထိုအချိန်အခါ၌ ဘဒ္ဒိယရဟန်းတို့သည် အမျိုးမျိုးသော ခြေနင်းကို တန်ဆာဆင်ခြင်း၌ အားထုတ်နေကြကုန်၏။ မြက်ခြေနင်းကို ကိုယ်တိုင်လည်း ပြုကြကုန်၏။ သူတစ်ပါးကိုလည်း ပြုစေကြကုန်၏။ ဖြူဆံမြက်ခြေနင်းကို ကိုယ်တိုင်လည်းပြုကြကုန်၏။ သူတစ်ပါးကိုလည်း ပြုစေကြကုန်၏။ မင်းဘော ခြေနင်းကို ဝါ - ဆင်ငိုမြက် ခြေနင်းကို၊ ကြာပင်ဖြင့်ပြီးသော ခြေနင်းကို၊ ကမ္ဗလာခြေနင်းကို ကိုယ်တိုင်လည်းပြုကြကုန်၏။ သူတစ်ပါးကိုလည်း ပြုစေကြကုန်၏။

ပါဠိကိုသင်ခြင်း အဋ္ဌကထာကိုသင်ခြင်း အဓိသီလ အဓိစိတ္တ အဓိပညာတို့သည် ဆိတ်သုဉ်းကုန်၏။

ရဟန်းတို့သည် ဘဒ္ဒိယ ရဟန်းတို့၏ ထိုသို့ပြုနေကြကြောင်းကို သိကြ၍ ကဲ့ရဲ့ရှုတ်ချပြီး မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍

ရဟန်းတို့ သင်တို့သည် အခြားသောကိစ္စဖြင့် ငါဘုရားသာသနာ၌ ရောက်လာကြပြီး အခြားသော ကိစ္စ၌သာ အားထုတ်ကြကုန်၏ဟု မိန့်တော်မူကာ - တရားဟောတော်မူလိုသည် ဖြစ်၍ ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူ၏။

ယံဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံပန ကရီယတိ။
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။

ယေသဉ္စ သုသမာ ရဒ္ဓါ၊ နိစ္စံ ကာယဂတာ သတိ။
အကိစ္စံ တေန သေဝန္တိ၊ ကိစ္စေ သာတစ္စကာရိနော။
သတာနံ သမ္ပဇာနာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။

ယေသံ - အကြင်ရဟန်းတို့သည်၊ ယံကိစ္စံ - သီလကို လုံခြုံစေခြင်း ဘာဝနာ၌ မွေ့လျော်ခြင်းအစ ရှိသော ပြုသင့်သော အကြင်ကိစ္စသည်၊ အတ္ထိ - ရှိ၏။ တံကိစ္စံ - ထိုပြုသင့်သောကိစ္စကို၊ ဟိ - စင်စစ်၊ အပဝိဒ္ဓံ - စွန့်ပစ်ထားအပ်၏။ အကိစ္စံ ပန - ထီးကိုတန်ဆာဆင်ခြင်း ဘိနပ်ကိုတန်ဆာဆင်ခြင်း အစရှိသော ပြုဖွယ်မဟုတ်သော ကိစ္စကိုကား ဝါ - အပေါ်ယံကိစ္စကိုကား ကရီယတိ - ပြုအပ်၏။ ဥန္နဠာနံ - မာနတည်းဟူသော ကျူပင်ကို မြောက်ပင့်နေခြင်းဖြင့် ပေါ်လွင်ကုန်သော ဝါ - ထောင်လွှားကုန်သော၊

ပမတ္တာနံ - မေ့လျော့ကုန်သော၊ တေသံ - ထိုရဟန်းတို့၏ အာသဝါ - အာသဝေါ တရားလေးပါးတို့သည်၊ ဝဍ္ဎန္တိ - တိုးပွားကုန်၏။

ယေသဉ္စ - အကြင်ရဟန်းတို့သည်ကား၊ ကာယဂတာသတိ - မိမိကိုယ်၌ဖြစ်သော အမှတ်ရမှုသတိကို ဝါ - ကာယာနုပဿနာ ဘာဝနာကို၊ နိစ္စံ - အမြဲ၊ သုသမာရဒ္ဓါ - ခိုးမြောက်မပြတ် ကောင်းစွာ အားထုတ်အပ်၏။ တေ - ထိုရဟန်းတို့သည်၊ အကိစ္စံ - ထီးကိုတန်ဆာဆင်ခြင်း အစရှိသော ပြုဖွယ်မဟုတ်သည်ကို နသေဝန္တိ - မမှီဝဲ မပြုလုပ်ကြကုန်၊ ကိစ္စေ - ရဟန်းဖြစ်ချိန်မှစ၍ ပြုသင့်သော သီလကို လုံခြုံစေခြင်း အစရှိသည်၌၊ သာတစ္စကာ ရိနော - အမြဲမပြတ်လိုလိုလားလားပြုကြကုန်၏။ သတာနံ - အမှတ်ရမှု သတိရှိကုန်သော၊ သမ္ပဇာနာနံ - သာတ္ထက သမ္ပဇည = အကျိုးရှိသည် ကိုသိခြင်း၊ သပ္ပါယ သမ္ပဇည - သင့်လျော်သည်ကို သိခြင်း၊ဂေါစရသမ္ပဇည - ပြုသင့်သောအာရုံကိုသိခြင်း၊ အသမ္မောဟ သမ္ပဇည - မတွေမဝေသိခြင်း - ဟူသော သမ္ပဇည လေးမျိုးတို့ဖြင့် ပြည့်ကုန်သော၊ တေသံ - ထိုရဟန်းတို့အား၊ အာသဝါ - အာသဝေါတရားလေးပါးတို့သည်၊ အတ္ထံ - ကုန်ဆုံးချုပ် ကွယ်ခြင်းသို့၊ ဂစ္ဆန္တိ - မုချမသွေရောက်ကြလေကုန်၏။

ဒေသနာတော်အဆုံး၌ ဘဒ္ဒိယရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။ ရောက်လာကြသူ ရဟန်းရှင်လူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**ဘဒ္ဒိယဘိက္ခုဝတ္ထု ပြီး၏။**

## ၁၀၈။ လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု
## လကုဏ္ဍက ဘဒ္ဒိယထေရ်အကြောင်း

တစ်နေ့သ၌ များစွာသော အာဂန္တုရဟန်းတို့သည် နေ့သန့်ရာနေရာ၌ နေတော်မူသော မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးကြပြီး တစ်နေရာ၌ ထိုင်နေကြသည်။ ထိုခဏ၌ လကုဏ္ဍကဘဒ္ဒိယထေရ်သည် မြတ်စွာဘုရား၏ အနီးအရပ်၌ ဖြတ်ကျော်သွားလေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စိတ်ဖြစ်နေပုံကို သိတော်မူ၍ ရဟန်းတို့ကို ကြည့်တော်မူပြီး-

ရဟန်းတို့ ကြည့်ကြကုန်လော၊ ငါဘုရားအနီး၌ ဖြတ်ကျော်သွားသော ဤရဟန်းသည် အမိအဖတို့ကို သတ်၍ ဝါ- သတ်သောကြောင့် ဆင်းရဲကင်းသူဖြစ်၍ သွားသည်ဟု မိန့်တော်မူလေလျှင် မြတ်စွာဘုရားသည် အဘယ်သို့ မိန့်တော်မူလေသနည်းဟု အချင်းချင်းမျက်နှာတို့ကို ကြည့်၍ ယုံမှားသံသယသို့ ပြေးဝင်ကြကုန်သော ထိုရဟန်းတို့က

မြတ်စွာဘုရား အဘယ်ကို ရည်ရွယ်၍ သူတစ်ပါးကို မိန့်တော်မူကြပါသနည်း ဟု လျှောက်ထားအပ်လေသော် - ထိုအာဂန္တုရဟန်းတို့အား တရားဟောတော်မူလိုသည်ဖြစ်၍ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူပြီ။

မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေစ ခတ္တိယေ။
ရဋ္ဌံသာနုစရံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

မာတရံစ - အမိကိုလည်းကောင်း၊ ပိတရံစ - အဖကိုလည်းကောင်း၊ ခတ္တိယေ - မင်းမျိုး၌ ဖြစ်ကုန်သော၊ ဒွေ ရာဇာနောစ - မင်းနှစ်ပါးတို့ကိုလည်းကောင်း၊ ဟန္တွာ -သတ်၍၊ သာနုစရံ - အစီးအပွားကို ပြီးစီးစေတတ်သော အမတ်နှင့်တကွဖြစ်သော ဝါ - အမှုဆောင်နှင့်တကွ ဖြစ်သော၊ ရဋ္ဌံ - တိုင်းပြည်ကို၊ ဟန္တွာ - ဖျက်ဆီး၍၊ ဗြာဟ္မဏော - ပုဏ္ဏားသည်၊ အနီဃော - ဆင်းရဲကင်းသည်ဖြစ်၍၊ ယာတိ - သွားလေ၏။

(ဝှက်ထားသည်ကို မသိ၍ပေးသောအနက်)

မာတရံစ ဘဝသုံးပါး၌ သတ္တဝါတို့ကို ဖြစ်စေတတ်သော တဏှာတည်းဟူသော အမိကိုလည်းကောင်း၊ ပိတရံစ - ငါသည် ဤမည်သော မင်း၏သား ဤမည်သော အမတ်၏သားဟု အဖကို အမှီပြု၍ ငါဟူသော မာနဖြစ်ခြင်းကြောင့် ငါဟူသော မာနဟူသော အဖကိုလည်းကောင်း၊ ခတ္တိယေ ဒွေရာဇာနောစ - လူအပေါင်းသည် မင်းကိုဆည်းကပ်သကဲ့သို့ မိစ္ဆာအယူအားလုံးတို့သည် သဿတ ဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိသို့ ဆည်းကပ်ကုန်သောကြောင့် သဿတ ဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော မင်းနှစ်ပါးတို့ကိုလည်းကောင်း၊ သာနုစရံ - အစီးအပွားကိုဖြစ်စေတတ်သော အမှုဆောင်ယောကျ်ားနှင့်တူသော နန္ဒီရာဂနှင့်တကွ ဖြစ်သော၊ ရဋ္ဌံစ - ပြန့်ကျယ်သော သဘောရှိသောကြောင့် တိုင်းပြည်နှင့်တူသော

အာယတန တစ်ဆယ့်နှစ်ပါးကိုလည်းကောင်း၊ ဟန္တွာ - သတ်၍၊ ဗြာဟ္မဏော - ရဟန္တာပုဂ္ဂိုလ်သည်။ အနီဃော -ဆင်းရဲကင်းသည်ဖြစ်၍၊ ယာတိ - သွားလေ၏။

မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ သောတ္ထိယေ။
ဝေယဂ္ဃ ပဉ္စမံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

ဤဂါထာကိုလည်း မြတ်စွာဘုရားသည် လကုဏ္ဍကဘဒ္ဒိယထေရ်ကို အကြောင်းပြု၍ များစွာသော ရဟန်းတို့အား ဟောတော်မူသည်။

မာတရံစ - အမိကိုလည်းကောင်း၊ ပိတရံစ - အဖကိုလည်းကောင်း၊ သောတ္ထိယေ ပုဏ္ဏားမျိုးဖြစ်ကုန်သော၊ ဒွေရာဇာနောစ -မင်းနှစ်ပါးတို့ကိုလည်းကောင်း၊ ဟန္တွာ - သတ်၍၊ ဝေယဂ္ဃ ပဉ္စမံစ - ငါးခုမြောက်ဖြစ်သော ကြမ်းတမ်းသော လမ်းခရီးကိုလည်းကောင်း၊ ဟန္တွာ - ပယ်ဖျက်၍၊ ဗြာဟ္မဏော - ပုဏ္ဏားသည်၊ အနီဃော - ဆင်းရဲကင်းသည်ဖြစ်၍ ယာတိ - သွားလေ၏။

(ဝှက်ထားသည်ကို မသိ၍ ပေးသောအနက်)

မာတရံစ - ဘဝသုံးပါး၌ သတ္တဝါတို့ကို ဖြစ်စေတတ်သောကြောင့် အမိနှင့်တူသော တဏှာကိုလည်းကောင်း၊ ပိတရံစ - ငါသည် ဤမည်သောမင်း၏သား ဤမည်သော အမတ်၏သားဟု အဖကိုအမှီပြု၍ ငါဟူသောမာနဖြစ်ခြင်းကြောင့် အဖနှင့်တူသော မာနကိုလည်းကောင်း၊ သောတ္ထိယေ ဒွေရာဇာနောစ -'လူအပေါင်းသည် မင်းကို ဆည်းကပ်သကဲ့သို့ မိစ္ဆာဒိဋ္ဌိအားလုံးသည် သဿတ ဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးသို့ ဆည်းကပ် တတ်ကုန်သောကြောင့် ပုဏ္ဏားမျိုး မင်းနှစ်ပါးနှင့်တူသော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကိုလည်းကောင်း၊ ယန္တွာ - သတ်၍၊ ဝါ - အရဟတ္တမဂ်ဖြင့် ပယ်ဖျက်၍ ဝေယဂ္ဃပဉ္စမံ - ကြမ်းတမ်းသည်ဖြစ်၍ ဘေးရှိသော အသွားခက်သော လမ်းခရီးနှင့်တူသော ဝိစိကိစ္ဆာလျှင် ငါးခုမြောက်ရှိသော နီဝရဏတရားငါးပါးကို လည်းကောင်း၊ ဟန္တွာ - အရဟတ္တ မဂ်ဖြင့် ပယ်ဖျက်၍ ဗြာဟ္မဏော - ရဟန္တာသည်၊ အနီဃော - ဆင်းရဲကင်းသည်ဖြစ်၍၊ ယာတိ - သွားလေ၏။

ဒေသနာတော်အဆုံး၌ များစွာသောရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြကုန်ပြီ။

**လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု ပြီး၏။**

## ၁၀၉။ ဒါရုသာကဋိက ပုတ္တဝတ္ထု
## ထင်းလှည်းသမား၏သားအကြောင်း

ရာဇဂြိုဟ်ပြည်၌ ဘုရားကိုးကွယ်သူ သမ္မာဒိဋ္ဌိ အယူရှိသူ၏ သားတစ်ယောက်၊ တိတ္ထိတို့ကို ကိုးကွယ်သူဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူရှိသူ၏ သားတစ်ယောက်အားဖြင့် သူငယ်နှစ်ယောက်တို့ရှိကုန်၏။ သူငယ်တို့သည် အမြဲမပြတ်ဂုံညင်းလုံးထိုးကစားကြကုန်၏။

သမ္မာဒိဋ္ဌိ၏သားသည် ဂုံညင်းလုံးထိုးစဉ် မြတ်စွာဘုရားကို အာရုံပြု၍ ဆင်ခြင်၍ အမှတ်ရ၍ နမောဗုဒ္ဓဿဟု ဆို၍ ဆို၍ ထိုးလေ၏။

မိစ္ဆာဒိဋ္ဌိ၏ သားသည် ဂုံညင်းလုံးထိုးစဉ် သူတို့ကိုးကွယ်ရာ တိတ္ထိတို့၏ ဂုဏ်ကို ရည်ညွှန်း၍ နမော အရဟန္တာနံ - ဟု ဆို၍ ဆို၍ ထိုးလေ၏။

(နမောဗုဒ္ဓဿ - ဗုဒ္ဓဿ - မြတ်စွာဘုရားအား နမော - ရှိခိုးပါ၏။ နမောအရဟန္တနံ - အရဟန္တာနံ ငါတို့၏ ကိုးကွယ်ရာ ရဟန္တာတို့အား နမော - ရှိခိုးပါ၏)

ထိုသူငယ်နှစ်ယောက်တို့တွင် သမ္မာဒိဋ္ဌိ၏ သားသည်နိုင်၏။ မိစ္ဆာဒိဋ္ဌိ၏သားသည် ရှုံး၏။

မိစ္ဆာဒိဋ္ဌိ၏ သားသည် သမ္မာဒိဋ္ဌိသား၏ အမူအရာကို ကြည့်၍

ဤသူသည် ဤသို့အမှတ်ရဆင်ခြင်၍ ဤသို့ဆိုပြီး ဂုံညင်းလုံးကို ထိုးသူဖြစ်၍ ငါ့ကို နိုင်နေ၏။ ငါလည်း သူ့လိုပြုမည်ဟု ကြံစည်၍ ဗုဒ္ဓါနုဿတိ မြတ်စွာဘုရားကို အဖန်ဖန် အမှတ်ရမှု၌ လေ့လာမှု ပြုလေ၏။

ထိုအချိန်မှစ၍နောက်ဖြစ်သော နေ့တစ်နေ့၌ ထိုမိစ္ဆာဒိဋ္ဌိသား၏ ဖခင်သည်လှည်းတပ်ဆင်၍ ထင်းရှာသွားစဉ် ထိုသားသူငယ်ကိုလည်း ခေါ်သွား၍ တောအုပ်တွင်း၌ ထင်းတို့ဖြင့် လှည်းကို ပြည့်စေ၍ ပြန်လာစဉ် မြို့ပြင်ဘက်သုသာန်အနီးရေချမ်းသာရာ အရပ်၌ နွားတို့ကို လှည်းမှလွှတ်၍ ထမင်းစား နေလေ၏။ ထိုအခါ ထိုသူ၏ ထိုနွားတို့သည် ညနေချမ်းအချိန်၌ မြို့တွင်းသို့ ဝင်သော နွားများနှင့်အတူ မြို့တွင်းသို့ ဝင်သွားကြကုန်၏။

လှည်းသမားသည်လည်း နွားတို့ကို အစဉ်လိုက်စဉ် မြို့တွင်းသို့ဝင်၍ ညနေချိန်၌ နွားတို့ကို တွေ့မြင်ပြီး နွားတို့ကိုယူ၍ မြို့တွင်းမှ ထွက်လေသော် မြို့တံခါး မပိတ်မီ တံခါးဝသို့ မရောက်နိုင်ပြီ။ မှန်၏ ထိုသူမရောက်လာမီမှာပင် မြို့တံခါးကို ပိတ်လေပြီ။

ထိုအခါ လှည်းသမား၏သားသည် တစ်ယောက်တည်းသာ ညဉ့်အချိန်၌ လှည်းအောက်တွင် လဲလျောင်း၍ အိပ်ပျော်လေ၏။

အထူးအားဖြင့် ရာဇဂြိုဟ်မြို့သည် ပင်ကိုယ်အနေဖြင့်လည်း ဘီလူးပေါများ၏။ ဤသူငယ် သည်လည်း သုသာန်အနီး၌ အိပ်ပျော်လေ၏။

ထိုနေရာ၌ ထိုသူငယ်ကို ဘီလူးနှစ်ကောင်တို့သည် တွေ့မြင်ကြကုန်၏။ ဘီလူးတစ်ကောင်သည် ဗုဒ္ဓသာသနာတော်၏ ဆူးငြောင့်သဖွယ် ဆန့်ကျင်ဘက်မိစ္ဆာဒိဋ္ဌိဖြစ်၏။ ဘီလူးတစ်ကောင်သည်

သမ္မာဒိဋ္ဌိဖြစ်၏။ မိစ္ဆာဒိဋ္ဌိ ဘီလူးက ဤသူငယ်သည်ငါတို့၏ အစာဖြစ်သည်။ ဤသူငယ်ကို စားကြစို့ဟုပြော၏။ သမ္မာဒိဋ္ဌိ ဘီလူးကစားရန် မသင့်၊ သင့်အားစားရန် မနှစ်သက်ပါနှင့်ဟု တားမြစ်လေ၏။ မိစ္ဆာဒိဋ္ဌိဘီလူးသည် သမ္မာဒိဋ္ဌိ ဘီလူးက တားမြစ်အပ်ပါသော်လည်း စကားကို မနာယူ နားမထောင်မူ၍ သူငယ်ကိုခြေတို့၌ ကိုင်၍ ဆွဲလေပြီ။

ထိုသူငယ်သည် ဗုဒ္ဓါနုဿတိ ၌ အလေ့အလာပြုထားသူဖြစ်သောကြောင့် ဘီလူးဆွဲစဉ် ခဏာ၌ နမောဗုဒ္ဓဿဟု ဆိုလေ၏။ ဘီလူးသည် အလွန်ကြောက်သည်ဖြစ်၍ နောက်ဆုတ်နေလေပြီ။

ထိုအခါ မိစ္ဆာဒိဋ္ဌိ ဘီလူးကို သမ္မာဒိဋ္ဌိဘီလူးသည် ငါတို့သည် မပြုသင့်သည်ကို ပြုအပ်ပြီ။ ထိုသူငယ်၏ ဒဏ်ထမ်းမှုကို ပြုကြစို့ဟု ဆို၍ သူငယ်ကိုစောင့်ရှောက်နေလေ၏။ မိစ္ဆာဒိဋ္ဌိဘီလူးသည် မြို့တွင်းသို့ ဝင်၍ ဗိမ္ဗိသာရမင်း၏ စားတော်ခွက်ကို ပြည့်အောင်ပြု၍ စားဖွယ်ဘောဇဉ်ကိုဆောင်ယူခဲ့ပြီ။ ထို့နောက်ထိုသူငယ်ကို ဘီလူးနှစ်ကောင်တို့က သူငယ်၏ မိဘတို့ကဲ့သို့ ထမင်းကျွေး၍ ဤအက္ခရာတို့ကို ဗိမ္ဗိသာရမင်းသည်သာ မြင်ပါ စေ တစ်ခြားသူမမြင်ပါစေနှင့်ဟု အဓိဋ္ဌာန်၍ ဖြစ်ခဲ့သော ထိုအကြောင်းကို ဖော်ပြ၍ ဘီလူးတို့၏ တန်ခိုးဖြင့် စားတော်ခွက်၌ အက္ခရာတို့ကို ရေး၍ စားတော်ခွက်ကို ထင်လှည်း၌ ထည့်ထားခဲ့ပြီး တစ်ညဉ့်ပတ်လုံး စောင့်ရှောက်၍ ထွက်ခွာသွားကြပြီ။ နောက်နေ့၌ မင်းနန်းတော်မှ ခိုးသူတို့သည် စားတော်ခွက်ကို ခိုးအပ်၏ဟု အုတ်အုတ် ကျက်ကျက် ပြုကြကာ မြို့တံခါးတို့ကို ပိတ်၍ ရှာဖွေကြည့်ရှုကြရာ မြို့အတွင်း၌ မတွေ့မြင်ကြ၍ မြို့တွင်းမှထွက်၍ ဤအရပ် ဟိုအရပ်မှ ရှာဖွေကြည့်ရှုကြစဉ် ထင်လှည်း၌ ရွှေခွက်ကို တွေ့မြင်၍ ဤသူသည် သူခိုးတည်းဟု ထိုသူငယ်ကို ခေါ်ဆောင်၍ မင်းအားပြုကြကုန်၏။

ဗိမ္ဗိသာရမင်းသည် စားတော်ခွက်၌ အက္ခရာ တို့ကို တွေ့မြင်လေသော် ချစ်သား ဤအကြောင်းသည် အဘယ်သို့ ဖြစ်သနည်းဟု မေးလေလျှင်

အရှင်မင်းကြီး ဤအကြောင်းကို ကျွန်တော်မသိပါ၊ ကျွန်တော်၏ မိဘတို့သည် ကျွန်တော် ထံလာ၍ ညဉ့်အချိန်၌ ထမင်းကျွေးပြီးစောင့်ရှောက်နေကြပါသည်။ ကျွန်တော်လည်း ငါ့ကို မိဘများ စောင့်ရှောက်နေကြသည်ဟူသော အသိဖြင့် ကြောက်လန့်မှုမရှိဘဲသာ အိပ်ပျော်သွားပါသည်။ ကျွန်တော် ဤမျှလောက်ကို သိပါ၏ဟု ပြောရာလေ၏။ ထိုအချိန်တွင် ထိုသူငယ်၏ မိဘတို့လည်း ထိုနေရာသို့ ရောက်လာကြပြီး ဗိမ္ဗိသာရမင်းကြီး သည် ထိုအကြောင်းကိုသိ၍ သားအမိအဖသုံးယောက်လုံးကိုခေါ်၍ မြတ်စွာဘုရားထံသွား၍ ဖြစ်သမျှအကြောင်း အားလုံးကိုလျှောက်ထားပြီး

မြတ်စွာဘုရား အသို့ပါနည်း။ ဗုဒ္ဓါနုဿတိသည်သာ အစောင့်အရှောက်ဖြစ်ပါသလော။ သို့မဟုတ် ဓမ္မာနုဿတိ အစရှိသည်တို့သည်လည်း အစောင့်အရှောက်ဖြစ်ပါကုန်သလောဟု မေးလျှောက်၏။

ထိုအခါ ဗိမ္ဗိသာရမင်းအား မြတ်စွာဘုရားသည် မင်းမြတ် ဗုဒ္ဓါနုဿတိ သည်သာ အစောင့်အရှောက် သက်သက်ဖြစ်သည်မဟုတ်၊ အဟုတ်သော်ကား အကြင်သူတို့သည် မိမိ၏စိတ်ကို ခြောက်မျိုးသောအကြောင်းဖြင့် ကောင်းစွာ ပွားအပ်၏။ ထိုသူတို့အား အခြားတစ်စုံတစ်ခုသော စောင့်ရှောက် တားမြစ်ခြင်းဖြင့်လည်းကောင်း မန္တာန်မန္တရား ဆေးတို့ဖြင့်လည်းကောင်း ပြုဖွယ်မရှိပြီ။ (ပြုစရာမလို)

ဟု မိန့်တော်မူကာ ခြောက်မျိုးသော အကြောင်းတို့ကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ဆိုလတ္တံ့သော ဤဂါထာ တို့ကိုဟောတော်မူပြီ။

၁။ သုပ္ပ ဗုဒ္ဓံ ပဗုဇ္ဈန္တိ သဒါ ဂေါတမ သာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ဗုဒ္ဓ ဂတာ သတိ။
၂။ သုပ္ပ ဗုဒ္ဓံ ပဗုဒ္ဓဇ္ဈန္တိ သဒါ ဂေါတမ သာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ဓမ္မဂတာ သတိ။
၃။ သုပ္ပ ဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ သံဃဂတာ သတိ။
၄။ သုပ္ပ ဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ကာယဂတာ သတိ။
၅။ သုပ္ပ ဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ အဟိံ သာယ ရတော မနော။
၆။ သုပ္ပ ဗုဒ္ဓံ ပဗုဇ္ဈန္တိ သဒါ ဂေါတမ သာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ ဘာဝနာယ ရတော မနော။

၁။ (ဂေါတမသာဝကာနံ) ရှင်တော်ဗုဒ္ဓ ဂေါတမ၏ တပည့်သာဝက ဖြစ်ကုန်သော၊ ယေသံ အကြင် သူတို့အား ၊ ဒိဝါစ- နေ့အခါ၌လည်းကောင်း၊ ရတ္တောစ ညဉ့်အခါ၌လည်းကောင်း၊ နိစ္စံ - အမြဲ၊ ဗုဒ္ဓဂတာ - ဘုရားအာရုံ၌ဖြစ်သော သတိ - အမှတ်ရမှုသည်၊ ဝါ တစ်နည်း၊ ဗုဒ္ဓဂတာသတိ - ဗုဒ္ဓါနုဿတိ ဘာဝနာသည်၊ အတ္ထိ - ရှိ၏၊ တေဂေါတမသာဝကာ - ရှင်တော်ဗုဒ္ဓဂေါတမ၏ ထိုတပည့် သာဝက တို့သည်၊ သဒါ နေ့ရောညပါ ဘယ်ခါမစဲ၊ သုပ္ပဗုဒ္ဓံ - ကောင်းစွာနိုးကြားခြင်းကို၊ ဝါ -ကောင်းစွာ နိုးကြားခြင်းဖြင့်၊ ပဗုဇ္ဈန္တိ - နိုးကြားကြကုန်၏။ ဝါ - နိုးကြားသူမည်ကုန်၏။

၂။ (ဂေါတမသာဝကာနံ) ဖြစ်ကုန်သော၊ ယေသံ - အကြင်သူတို့အား ဒိဝါစ - နေ့၌လည်းကောင်း၊ ရတ္တောစ - ညဉ့်၌လည်းကောင်း၊ နိစ္စံ - အမြဲ ဓမ္မဂတာ - တရားဂုဏ်၌ဖြစ်သော သတိ - အမှတ်ရမှုသည်၊ ဝါ -တစ်နည်း - ဓမ္မဂတာသတိ - ဓမ္မာနုဿတိ ဘာဝနာသည်၊ အတ္ထိ - ရှိ၏။ (ကျန်ပါဠိများ၏အနက်တူ၏)

၃။ သံဃဂတာ - သံဃာ၏ ဂုဏ်၌ဖြစ်သော၊ သတိ - အမှတ်ရမှုသည်၊ ဝါ တစ်နည်း သံဃဂတာသတိ - သံဃာနုဿတိ ဘာဝနာသည်။

၄။ ကာယဂတာ - ဆံပင်အစရှိသော ကာယ၌ဖြစ်သော၊ သတိ - အမှတ်ရမှုသည် ဝါ - တစ်နည်း - ကာယဂတာသတိ - ကာယာနုဿတိ ဘာဝနာသည်၊

၅။ အဟိံသာယ - သတ္တဝါတို့ကို မညှင်းဆဲခြင်း၌၊ ရတော - မွေ့လျော်သော၊ မနော - စိတ်သည်၊ အတ္ထိ - ရှိ၏။ ဝါတစ်နည်း - အဟိံသာယရတော - ကရုဏာဘာဝနာ၌ မွေ့လျော်သော၊ မနော စိတ်သည်၊ အတ္ထိ - ရှိ၏။

၆။ ဘာဝနာယ - မေတ္တာတရားပွားများခြင်း၌ ဝါ - မေတ္တာဘာဝနာ၌၊ ရတော - မွေ့လျော်သော၊ မနော - စိတ်သည်၊ အတ္ထိ - ရှိ၏။

(အနက်တူသော ပါဠိများ၏ အနက်ကို ဖော်၍ ဖတ်ပါ။)

ဒေသနာတော်အဆုံး၌ မိစ္ဆာဒိဋ္ဌိ၏ သားသူငယ်သည် အမိအဖတို့နှင့်အတူ သောတာပတ္တိဖိုလ်၌ တည်လေပြီ။

ထိုသားအမိအဖသုံးယောက်တို့သည် နောက်အချိန်၌ ရဟန်းပြုကြပြီး အားလုံးအရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်ပြီ။ ရောက်လာသူ ရဟန်းရှင်လူအားလုံးတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

ဒါရုသာကဒ္ဓိက ပုတ္တာဝတ္ထု ပြီး၏။

## ၁၁၀။ ဝဇ္ဇိပုတ္တက ဘိက္ခုဝတ္ထု
## ဝဇ္ဇီတိုင်းသားရဟန်းအကြောင်း

မထင်ရှားသော ဝဇ္ဇီတိုင်းသား ရဟန်းတစ်ပါးသည် ဝေသာလီပြည်တွင် တောအုပ်တစ်ခု၌နေ၏။

ထိုအချိန်အခါ၌ ဝေသာလီမြို့ဝယ် ညဉ့်လုံးပေါက် ပွဲလမ်းသဘင်ဖြစ်နေ၏။

ထိုအခါ ထိုရဟန်းသည် ဝေသာလီမြို့မှ တူရိယာအသံ ကြေးနင်းခွက်ခွင်းသံ တီးမှုတ်သံ ကြွေးကြော်သံကို ကြားရ၍ ငိုကြွေးလျက် ထိုအချိန်အခါ၌ ဤဂါထာကို ရွတ်ဆိုလေပြီ။

ဧကကာ မယံ အရညေ ဝိဟရာမ၊
အပဝိဒ္ဓံဝ ဝနသ္မိံ ဒါရုကံ။
ဧတာဒိသိကာယ ရတ္တိယာ၊
ကောသု နာမမှေဟိ ပါပိယော။

ဝနသ္မိံ - တောတွင်း၌၊ အပဝိဒ္ဓံ - စွန့်ပစ်ထားအပ်သော၊ ဒါရုကံ္က ဝ - သစ်သားဆွေးကဲ့သို့၊ ဧကကာ - တစ်ယောက်တည်းသာဖြစ်ကုန်သော၊ မယံ - ငါတို့သည်၊ အရညေ - တောအတွင်း၌၊ ဝိဟရာမ - နေကြရကုန် ၏။ ဧတာဒိသိကာယ - ပွဲလမ်းသဘင်ပျော်ရွှင်မဆုံး တအုံးအုံးဖြစ်သော၊ ရတ္တိယာ ညဉ့်၌၊ ကောသုနာမ - အဘယ်မည်သောသူသည်၊ အမှေဟိ - ငါတို့အောက်၊ ပါပိယော - ယုတ်မာလေသနည်း။ ယုတ်မာသူဖြစ်သနည်း။

ထိုရဟန်းသည် ဝဇ္ဇီတိုင်း၌ မင်းသားဖြစ်၍ အလှည့်ကျရောက်လာသော မင်းအဖြစ်ကို ပယ်စွန့်၍ ရဟန်းပြုခဲ့သူဖြစ်သတဲ့။

ဝေသာလီပြည်၌ စတုမဟာရာဇ် နတ်တို့နှင့်အတူ တစပ်တည်းပြု၍ တစ်မြို့လုံးသည် တံခွန်ကုက္ကား စသည်တို့ဖြင့် တန်ဆာဆင်၍ ကုမုဒြာကြာပွင့်တုန်း တန်ဆောင်းမုန်းလပြည့် တစ်ညဉ့်လုံးပွဲလမ်းသဘင်ဖြစ် လတ်သော်စည်ကြီးအစရှိသော တူရိယာ, ကြေးနင်းခွက်ခွင်းတို့၏အသံ, တီးမှုတ်အပ်သော စောင်းစသည် တို့၏ အသံကို ကြားရ၍ ဝေသာလီပြည်၌ ခုနစ်ထောင်ခုနစ်ရာခုနစ်ယောက်ကုန်သော မင်းတို့နှင့် ထိုမင်းတို့၏ ထိုမျှလောက် အရေအတွက်ရှိကုန်သော အိမ်ရှေ့မင်းစစ်သူကြီး အစရှိသူတို့သည် တန်ဆာဆင်ကြကုန်၏။ နက္ခတ်သဘင် စည်ပင်ပလွှားကစားကြရာ လမ်းပေါ် သို့ တက်ရောက်ကြကုန်၏။ အတောင်ခြောက်ဆယ်ရှည်လျားသော စင်္ကြံကြီး၌ စင်္ကြံသွားလျက် အထက်ကောင်းကင်အလယ်၌ ထင်ရှားတည်ရှိသော လပြည့်ဝန်းကိုမြင်ရ၍ စင်္ကြံစွန်း၌ ပျဉ်ချပ်ကို မှီရပ်လျက် ဦးရစ်တန်ဆာမှ ကင်းလွတ်နေသောကြောင့် တော၌ စွန့်ပစ်အပ်သော သစ်သားဆွေးကဲ့သို့ မိမိကိုယ်ကို ကြည့်၍ ငါတို့ အောက် အလွန်ယုတ်ညံ့သော တစ်ခြားသူရှိလေသလောဟု စိတ်ကူးလျက်ပင်ကို အားဖြင့် တော၌ နေခြင်းအစရှိသော ဂုဏ်နှင့်ယှဉ်သော်လည်း ထိုခဏ၌ မမွေ့လျော်ခြင်းသည် နှိပ်စက်အပ်သည် ဖြစ်၍

တစ်ယောက်တည်းသာ ဖြစ်ကုန်သော ငါတို့သည် တောတွင်း၌ နေကြရသည် အစရှိသော ဂါထာစကားကို ရွတ်ဆိုလေ၏။

ထိုရဟန်းသည်

ထိုတောအုပ်၌ အုပ်စိုးနေသော နတ်သည် ဤရဟန်းကို ထိတ်လန့်စေမည်ဟူသော အလိုဖြင့်

ဧက ကော၀ တွံ အရညေ ဝိဟရသိ၊ အပဝိဒ္ဓံ၀ဝနသ္မိံ ဒါရုကံ၊

တဿတေ ဗဟုကာ ပိဟယန္တိ၊ နေရယိကာ ဝိယ သဂ္ဂဂါမိနံ၊

ဝနသ္မိံ - တောအတွင်း၌၊ အပဝိဒ္ဓံ - စွန့်ပစ်ထားအပ်သော၊ ဒါရုကံဣဝ - သစ်သားဆွေးကဲ့သို့၊ တွံ - သင်သည်၊ အရညေ - တော၌၊ ဧကကော၀ - တစ်ယောက်တည်းသာ၊ ဝိဟရသိ - နေရ၏။ နေရယိကာ - ငရဲသူ ငရဲသားတို့သည်၊ သဂ္ဂဂါမိနံ - နတ်ရွာဖျော်ပါး နတ်သားနတ်သမီးတို့အား၊ ပိဟယန္တိ - ဝိယ - မြတ်နိုးလိုလား တောင့်တကုန်သကဲ့သို့ တဿတေ - ထိုသင်ရဟန်းအား၊ ဗဟုကာ - များစွာသော သူတို့သည်၊ ပိဟယန္တိ - မြတ်နိုးလိုလား တောင့်တကြကုန်၏။

ဤသို့ ရွတ်ဆိုအပ်သော ဤဂါထာကို ကြားရသော် နောက်နေ့၌ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ ထိုင်နေလေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းနှင့် ဆက်စပ်သော အကြောင်းကိုသိတော်မူ၍ အိမ်ရာတည်ထောင်လူဘောင်၌ နေရခြင်း၏ ဆင်းရဲကို ထင်ရှားပြလိုတော်မူသည်ဖြစ်၍ ဆင်းရဲငါးမျိုးတို့ကို ပေါင်းစု၍ ဤဂါထာကို ဟောတော်မူ၏။

ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ၊ ဒုရာဝါသာ ယရာဒုခါ၊

ဒုက္ခော သမာနသံဝါသော၊ ဒုက္ခာနု ပတိ တဒ္ဓဂူ၊

တသ္မာန အဒ္ဓဂူ သိယာ၊ နစ ဒုက္ခာနုပတိတော သိယာ။

ဒုပ္ပဗ္ဗဇ္ဇံ - သာသနာတော်၌ ရင်ကိုပေး၍ ရဟန်းဖြစ်ရခြင်းသည် ဆင်းရဲ၏။ ဝါ - ရဟန်းဖြစ်ရန်ခဲယဉ်း၏။ ဒုရဘိရမံ - ရဟန်းဖြစ်သော်လည်း ဆွမ်းခံ၍ အသက်မွေးရသဖြင့် သီလကို လုံခြုံစေခြင်း၊ ဓမ္မာနုဓမ္မပဋိပတ်ကို ဖြည့်ကျင့်ခြင်းဖြင့် မွေ့လျော်နိုင်ခဲ၏။ ယရာ - အိမ်ရာတည်ထောင် လူ့ဘောင်နေသူတို့သည် ဒုရာဝါသာ - ပေါက်သောအိုးနှင့် သမုဒ္ဒရာပမာ ပြည့်စုံရန် ခက်ခဲဆင်းရဲစွာနေရကုန်သည် (ဟုတ္ဟာ - ဖြစ်ကုန်၍) ဒုခါ - ဆင်းရဲကုန်၏။ အသမာန သံဝသော - သဘောခြင်းမတိုက်ဆိုင်သူတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းသည်၊ ဒုက္ခော - ဆင်းရဲ၏။ ဝါ - ဆင်းရဲကြောင်းဖြစ်၏။ အဒ္ဓဂူ - ဝဋ်ခရီးသွားသူတို့သည်၊ ဒုက္ခာနုပတိတာ - ဆင်းရဲ၌ကျကုန်၏။

တသ္မာ - ထို့ကြောင့်၊ အဒ္ဓဂူစ - ဝဋ်ခရီးသွားသူသည်လည်း၊ နသိယာ - မဖြစ်ရာ၊ ဒုက္ခာနုပတိတောစ - ဆင်းရဲ၌ ကျဆင်းသူသည်လည်း နသိယာ - မဖြစ်ရာ၊

ဒေသနာတော်အဆုံး၌ ထိုဝဇ္ဇီတိုင်းသားရဟန်းသည် ငါး၌ာန ငါးနေရာတို့၌ ဆင်းရဲပုံကို မြင်အပ်လေသော် ငြီးငွေ့သည်ဖြစ်၍ ဩရမ္ဘာဂိယ သံယောဇဉ် ၅-ပါး ဥဒ္ဓမ္ဘာဂိယ သံယောဇဉ် ၅-ပါး တို့ကို ဖောက်ခွဲဖျက်ဆီး၍ အရဟတ္တဖိုလ်၌ တည်လေပြီ။

**ဝဇ္ဇိပုတ္တက ဘိက္ခုဝတ္ထု ပြီး၏။**

## ၁၁၁။ စိတ္တဂဟပတိဝတ္ထု
## စိတ္တသူကြွယ်အကြောင်း

အာနန္ဒာထေရ်သည် မြတ်စွာဘုရားအား (လျှောက်ထား၏)

မြတ်စွာဘုရား မည်သို့ပါနည်း။ ထိုစိတ္တသူကြွယ်၏ အရှင်ဘုရားတို့ထံ လာစဉ်သာ ဤသို့သော လာဘ်ပူဇော်မှုဖြစ်ပါသလော သို့မဟုတ် အခြားအရပ်၌သွားစဉ်လည်း ဖြစ်ပါသလောဟု လျှောက်ထား၏။

အာနန္ဒာ ငါဘုရားထံလာစဉ်လည်းကောင်း၊ တစ်ခြားအရပ်၌ သွားစဉ်လည်းကောင်း၊ ထိုစိတ္တသူကြွယ်၏ ဤသို့သော လာဘ်ပူဇော်မှုဖြစ်သည်သာ ဖြစ်၏။

မှန်၏။ ဤစိတ္တသူကြွယ်သည် ရတနာသုံးရပ်သို့ ဆည်းကပ်သူဖြစ်၏။ သဒ္ဓါတရားနှင့် ပြည့်စုံသူလည်း ဖြစ်၏။ ရတနာသုံးပါးကို ကြည်ညိုသူလည်းဖြစ်၏။ သီလနှင့်ပြည့်စုံသူလည်း ဖြစ်၏။ ဤသို့သဘောရှိသော ပုဂ္ဂိုလ်သည် ရောက်ရာရောက်ရာ အရပ်၌ပင် လာဘ်ပူဇော်မှုရှိသူ ဖြစ်၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

သဒ္ဓေါ သီလေန သမ္ပန္နော၊ ယသောဘောဂသမပ္ပိတော။
ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော။

သဒ္ဓေါ - လောကီ လောကုတ္တရာ သဒ္ဓါတရားနှင့် ပြည့်စုံသော သီလေန - လူတို့ကျင့်သုံးအပ်သော အာဂါရိယ သီလနှင့် သမ္ပန္နော - ပြည့်စုံသော၊ ယသောဘောဂသမပ္ပိတော - အခြံအရံ ရွှေငွေစပါး အစရှိ သော လောကီဥစ္စာ သဒ္ဓါဟီရိ ဩတပ္ပ - အစရှိသောခုနစ်မျိုးသော အရိယ ဥစ္စာနှင့် ပြည့်စုံသော (ကုလပုတ္တော - အမျိုးကောင်းသားသည်) ယံယံပဒေသံ - အကြင်အကြင်အရပ်သို့ ဘဇတိ - သွားရောက် ဆည်းကပ်၏။ တတ္ထ - ထိုထိုရောက်ရာအရပ်တိုင်း၌ (လာဘသက္ကာရေန - လာဘ်ပူဇော်သက္ကာရဖြင့်) ပူဇိတော ဧဝ - ပူဇော် အပ်သည်သာတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**စိတ္တဂဟပတိဝတ္ထု ပြီး၏။**

## ၁၁၂။ ကောဝိဟာရိတ္ထေရဝတ္ထု
## တစ်ပါးတည်းနေသော ထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဧကဝိဟာရိထေရ်သည် တစ်ပါးတည်းသာ အိပ်ခြင်းကို ပြု၏။ တစ်ပါးတည်းသာထိုင်နေ၏။ တစ်ပါးတည်းသာ စင်္ကြံသွား၏။ တစ်ပါးတည်းသာ ရပ်နေ၏ဟု ပရိသတ်လေးပါးအလယ်၌ ထင်ရှားတော်မူသည်။

ထိုအခါ ထိုထေရ်ကို ရဟန်းတို့သည် မြတ်စွာဘုရား ဤထေရ်သည် ဤသို့သဘောရှိသော ထေရ်မည်ပါ၏ဟု မြတ်စွာဘုရားအားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် သာဓု သာဓု ကောင်းလေစွ ကောင်းလေစွဟု တစ်ပါးတည်းနေ ထေရ်အား ကောင်းချီးပေးတော်မူ၍ ရဟန်းမည်သည် ဆိတ်ငြိမ်သူဖြစ်ထိုက်သည်ဟု ဆိတ်ငြိမ်မှု၌ အကျိုးအာနိသင်ကို ဟောတော်မူပြီး ဤဂါထာကို ဟောတော်မူ၏။

ဧကာသနံ ဧကသေယျံ၊ ဧကော စရ မတန္ဒိတော။
ဧကော ဒမယ မတ္တာနံ၊ ဝနန္တေ ရမိ တောသိယာ။

ဧကာသနံ - တစ်ယောက်ထီးတည်းနေခြင်းကို၊ ဧကသေယျံ - တစ်ယောက်ထီးတည်းအိပ်ခြင်းကို (ဘဇေ ထ - မှီဝဲဆည်းကပ်ကုန်ရာ၏) ဧကော - တစ်ယောက်ထီးတည်း၊ အတန္ဒိတော - မပျင်းရိသည် ( ဟုတွာ - ဖြစ်၍ စရံ - စရန္တော ပြုကျင့်သူသည်) ဧကော - တစ်ယောက်ထီးတည်း၊ အတ္တာနံ - မိမိကိုယ်ကို၊ ဒမယံ ဒမယန္တော - ဆုံးမသူသည် (ဟုတွာ - ဖြစ်၍) ဝနန္တော - မိန်းမအသံ - ယောကျ်ားအသံစသည်တို့မှ ဆိတ်ငြိမ်ရာတော၌သာ၊ ရမိတော - မွေ့လျော်သည်၊ သိယာ - ဖြစ်ရာ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ထိုအချိန်မှစ၍ များစွာသောလူသည် တစ်ပါးတည်းနေလေ့ရှိသော ရဟန်းကိုသာ လိုလား တောင့်တလေပြီ။

**ဧကဝိဟာရိတ္ထေရဝတ္ထု ပြီး၏။**

# ၂၂။ နိရယဝဂ်
## ၁၁၃။ ဒုစ္စရိတဖလပိဋ္ဌိတဝတ္ထု
## ဒုစရိုက်အကျိုး နှိပ်စက်ခံရသူများအကြောင်း

မြတ်စွာဘုရား ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရှင်မောဂ္ဂလာန်သည် လက္ခဏထေရ် နှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ သက်ဆင်းလာစဉ် အရိုးစု ပြိတ္တာအစရှိသည်တို့၏ ခန္ဓာကိုယ် အတ္တဘောတို့ကို မြင်၍ ပြုံးတော်မူစဉ် လက္ခဏထေရ်သည် ပြုံးခြင်းအကြောင်းကို မေးအပ်လေသော် ငါ့ရှင့် ဤအမေး၏ အဖြေကို ပြောဆိုရန် အချိန်မရောက်သေး မြတ်စွာဘုရားထံတော်၌ ငါ့ကိုမေးပါဟု ပြောသဖြင့် မြတ်စွာဘုရားထံတော်၌ လက္ခဏထေရ်က မေးအပ်လေသော် အရိုးစုပြိတ္တာ အစရှိသည် တို့ကို မြင်အပ်သည်၏အဖြစ်ကို ပြောလို၍

ငါ့အရှင် ဤသာသနာတော်၌ ငါသည် ဂိဇ္ဈကုဋ်တောင်မှ သက်ဆင်းလာစဉ် ကောင်းကင်၌ သွားနေသော ရဟန်းကိုမြင်ရပြီ၊ ထိုရဟန်း၏ ဒုကုဋ်သင်္ကန်းသည်လည်း ရဲရဲညီးညီး တောက်လောင်နေ၏။ အလျှံပြောင်ပြောင် တောက်လောင်နေ၏။ မီးရောင်နှင့်တကွဖြစ်၏။ ပ။ကိုယ်သည်လည်း ရဲရဲညီးညီး တောက်လောင်နေ၏။ အစရှိသောနည်းဖြင့် သပိတ်သင်္ကန်း ခါးပန်းကြိုးစသည်တို့နှင့်အတူ မီးလောင် ကုန်သော သီတင်းသုံးဖော် ငါးဦးတို့ကို ပြောဆိုလေ၏။

မြတ်စွာဘုရားသည် ထိုသူ၏ ကဿပမြတ်စွာဘုရားသာသနာတော်၌ ရဟန်းပြုကြ၍ ရဟန်း အား လျော်ကန်သောအကျင့်ကိုပြုကျင့်ခြင်းငှာ မတတ်နိုင်ကြ၍ ယုတ်မာသော သဘောရှိသူတို့၏ အဖြစ်ကို မိန့်ကြားတော်မူ၍ ထိုခဏ၌ ထိုဂိဇ္ဈကုဋ်တောင်နေကြကုန်သော များစွာကုန်သော ရဟန်းယုတ် တို့၏ ဒုစ္စရိတကမ္မ မကောင်းသဖြင့် ပြုကျင့်အပ်သော ကံတရား၏အကျိုးကို ပြလိုတော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

ကာသာဝ ကဏ္ဌာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။

ကာသာဝကဏ္ဌာ - သင်္ကန်းဖြင့် ရစ်ပတ်အပ်သော လည်ပင်းရှိကုန်သော၊ ဝါ လည်ပင်း၌ သင်္ကန်း ရစ်ပတ်နေကြကုန်သော၊ ပါပဓမ္မာ - ယုတ်မာသော သဘောရှိကုန်သော၊ အသညတာ - ကိုယ်နှုတ် နှလုံးသုံးပါးလုံးကို စောင့်စည်းခြင်းမှ ကင်းကုန်သော၊ ဗဟဝေါ - များစွာကုန်သော၊ ပါပါ - ယုတ်မာ သူတို့သည်၊ ပါပေဟိ - ယုတ်မာ ကုန်သော၊ကမ္မေဟိ - အကုသိုလ်ကံတို့ကြောင့်၊ နိရယံ - ငရဲ၌၊ ဥပပဇ္ဇရေ - ဥပပဇ္ဇန္တိ - ဖြစ်ကြလေကုန်၏။ တေ ထိုသူတို့သည် (တတော ထိုငရဲမှ စုတာ - စုတေကုန် ပြီးသော်၊ ဝိပါကာဝသေသေန - ကြွင်းသောအကျိုးအဖြစ်ဖြင့် ပေတေသုပိ - ပြိတ္တာတို့၌လည်း ဧဝံ ဤသို့ ပစ္စန္တိ - ကျက်ကြလေကုန်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ဒုစ္စရိတဖလပိဋ္ဌိတဝတ္ထု ပြီး၏။**

## ၁၁၄။ ဝဂ္ဂုမုဒါ တီရိယဘိက္ခုဝတ္ထု
## ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများအကြောင်း

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် မဂ္ဂုမုဒါမြစ်ကမ်း၌နေကုန်သော ရဟန်းတို့ကို -

ရဟန်းတို့ အသို့နည်း သင်တို့သည် ဝမ်းဗိုက်၏ အစာဟူသောအကျိုးငှာ လူတို့အား အချင်းချင်း တစ်ယောက်သည် တစ်ယောက်၏ ဥတ္တရိမနုဿဓမ္မ = လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြကုန်သလောဟု မေးတော်မူ၍ ထိုရဟန်းတို့က မြတ်စွာဘုရား ပြောဆိုကြသည် ဟုတ်မှန်ပါကုန်၏ဟု လျှောက်ထားအပ်လေသော် - ထိုရဟန်းတို့ကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့တော်မူပြီး ဤဂါထာကို ဟောတော်မူ၏။

သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိ ခူပမော။
ယဉ္စေ ဘုဉ္ဇေယျ၊ ဒုဿီလော၊ ရဋ္ဌပိဏ္ဍမ သညတော။

အသညတော - ကိုယ်နှုတ်နှလုံးသုံးပါးလုံးကို မစောင့်စည်းသော၊ ဒုဿီလော - နိဿီလပုဂ္ဂလော - သီလ လုံးဝမရှိသော ပုဂ္ဂိုလ်သည်၊ ရဋ္ဌပိဏ္ဍံနိုင်ငံသူ နိုင်ငံသားတို့ သဒ္ဓါတရားဖြင့် လှူဒါန်းအပ်သော ဆွမ်းကို ယဉ္စေ -ʻဘုဥ္စယျ - အကြင်စားရာ၏။

တတော - ထိုသို့စားခြင်းထက်၊ တတ္တော - ရဲရဲညီးသော၊ အဂ္ဂသိခူပမော - မီးအလျှံနှင့်တူသော၊ အယောဂုဠော - သံတွေခဲကို၊ ဘုတ္တော - စားခြင်းသည်၊ သေယျော - မြတ်၏။

ကိံကာရဏာ - အဘယ်အကြောင်းကြောင့်နည်း၊ ဝါ - မြတ်ခြင်း၏အကြောင်းသည် အဘယ်နည်း၊ တပ္ပစ္စယာ - ထိုသံတွေခဲကို စားခြင်းကြောင့်၊ ဧကော၀ - အတ္တဘာဝေါ တစ်ဘဝသည်သာ၊ ဈာယေယျ - လောင်ကျွမ်းရာ၏။ ဒုဿီလောပန - သီလမရှိသူသည်ကား သဒ္ဓါဒေယျံ - သဒ္ဓါတရားဖြင့် လှူအပ်သော၊ ဝါ - ယုံကြည်ချက်ဖြင့် လှူအပ်သော ဆွမ်းကို၊ ဘုဥ္စိတွာ - စား၍၊ ဝါ - စားခြင်းကြောင့်၊ အနေကာနိပိ - များစွာလည်း ဖြစ်ကုန်သော၊ ဇာတိသတာနိ - ဘဝ အရာတို့ပတ်လုံး၊ နိရယေ - ငရဲ၌ ပစ္စေယျ ကျက်ရာ၏။ တသ္မာ - ထို့ကြောင့်တည်း၊ ဣတိအတ္ထော - ဤအနက်အဓိပ္ပာယ်ကို ဒဋ္ဌဗ္ဗော - မှတ်ထိုက်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာ သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ဝဂ္ဂုမုဒါ တီရိယ ဘိက္ခုဝတ္ထု ပြီး၏။**

## ၁၁၅။ ခေမကသေဋ္ဌိပုတ္တဝတ္ထု
## သူဌေးသားခေမကအကြောင်း

ခေမက အမည်ရှိသော သူဌေးသားသည် အနာတပိဏ်သူဌေး၏ တူတော်သူဖြစ်သည်။

သူသည် ချောမောလှပသူဖြစ်သည်။ မိန်းမတို့သည် သူဌေးသား ခေမကကိုမြင်လျှင် များသောအားဖြင့် တပ်မက်မှုရာဂသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ မိမိတို့၏ ပင်ကိုယ်သဘောအားဖြင့် ရပ်တည်နေနိုင်စွမ်း မရှိကြလေပြီ။ သူဌေးသား ခေမကသည်လည်း ပရဒါရကမ္မ - သူတစ်ပါးသား မယားနှင့် သွားလာလွန်ကျူးခြင်းဖြင့် မွေ့လျော်သူသာဖြစ်၏။

ထိုအခါ ခေမကကိုညဥ့်အချိန်၌ မင်းချင်းယောကျ်ားတို့သည် ဖမ်းခေါ်ခဲ့ပြီး၊ ကောသလမင်းကြီးအား ပြကြကုန်၏။ ကောသလမင်းကြီးသည် အနာတပိဏ်သူဌေးကြီးရှက်လိမ့်မည်ဟု သဘောထား၍ စကားတစ်ခွန်း မျှ (ဘာစကားကိုမျှ) မပြောမဆိုဘဲ ခေမကကို လွှတ်ပေးစေ၏။

ခေမကသည်ကား ရှောင်ကြဉ်သူမဟုတ်ပါချေ။ ထို့ကြောင့် ခေမကကို နှစ်ကြိမ်သုံးကြိမ် တိုင်အောင် မင်းချင်းယောကျ်ားတို့သည် ဖမ်းခေါ်၍ ကောသလမင်းကြီးအား ပြကြကုန်၏။ မင်းကြီးသည် လွှတ်ပေးစေသည်သာ ဖြစ်၏။

အနာတပိဏ် သူဌေးကြီးသည် ထိုအကြောင်းကို ကြားရ၍ ခေမကကို ခေါ်၍ မြတ်စွာဘုရားထံ သွားပြီး ထိုအကြောင်းကို လျှောက်ထားကာ

မြတ်စွာဘုရား တပည့်တော်၏တူ ဤခေမကအား တရားဟောတော်မူပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ခေမကအား သံဝေဂကထာ ထိတ်လန့်စေကြောင်း စကားကို မိန့်တော်မူပြီး သူတစ်ပါး၏ သားမယားနှင့် သွားလာလွန်ကျူးမှီဝဲခြင်း၏ အပြစ်ကို ပြလိုတော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏။

စတ္တာရိ ဌာနာနိ နရော ပမတ္တော။
အာပဇ္ဇတိ ပရဒါရူပသေဝီ။
အပုညလာဘံ နနိကာမသေယျံ၊
နိန္ဒံ တတိယံ နိရယံ စတုတ္ထံ။

အပုညလာဘောစ ဂတီစ ပါပိကာ၊
ဘီတဿ ဘီတာယ ရတီစ ထောကိကာ။
ရာဇာ စ ဒဏ္ဍံ ဂရုကံ ပဏေတိ၊
တသ္မာ နရော ပရဒါရံ နသေဝေ။

ပမတ္တော - မေ့လျော့သော၊ ဝါ - သတိကင်းသော၊ ဝါ သတိကင်းသည်ဖြစ်၍ ပရဒါရူပသေဝီ၊ သူတစ်ပါး သားမယား၌ သွားလာမှီဝဲလေ့ရှိသော၊ နရော - လူသည်၊ အပုညလာဘံ - မကောင်းမှု အကုသိုလ်ကိုရခြင်းသို့လည်းကောင်း၊ နနိကာမသေယျံ - အလိုရှိတိုင်း မအိပ်ရခြင်းသို့လည်းကောင်း၊ တတိယံ - သုံးခုမြောက်ဖြစ်သော နိန္ဒံ - သူတော်ကောင်းတို့ ကဲ့ရဲ့ခြင်းသို့လည်းကောင်း၊ စတုတ္ထံ - လေးခုမြောက်သော၊ နိရယံ - ငရဲ၌ ဖြစ်ခြင်းသို့လည်းကောင်း၊ (ဣတိ - ဤသို့) စတ္တာရိ လေးမျိုးကုန်သော၊ ဌာနာနိ - ဆင်းရဲအကြောင်းတို့သို့၊ အာပဇ္ဇတိ - ရောက်၏။

အပုညလာဘောစ - မကောင်းမှုအကုသိုလ်ကို ရသူသည်လည်းကောင်း၊ (တေန - ထိုမကောင်းမှု အကုသိုလ်ကြောင့်) ပါပိကာ - ယုတ်ညံ့သော၊ ဂတိစ - ငရဲသို့ ရောက်သူသည်လည်းကောင်း (ဟောတိ - ဖြစ်၏)

ဘီတဿ - ကြောက်သောယောက်ျား၏ ဘီတာယ - ကြောက်သော မိန်းမနှင့် (အတူ) ယာရတိ - အကြင်မွေ့လျော်ခြင်းသည် (အတ္ထိ - ရှိ၏) သာစရတိ - ထိုမွေ့လျော်ခြင်းသည်ကား၊ ထောကိကာ - အနည်းငယ်ဖြစ်၏။

ရာဇာစ -မင်းသည်ကား၊ ဂရုကံ - ကြီးလေးသော၊ ဒဏ္ဍံ - ဒဏ်ကို၊ ပဏေတိ - ဖြစ်စေ၏။ တသ္မာ - ထို့ကြောင့် နရော - ယောက်ျားသည်၊ ပရဒါရံ - သူတစ်ပါး၏ သားမယားကို၊ နသေဝေ - နသေဝေယျ - သွားလာယှဉ်တွဲ မမှီဝဲရာ။

ဒေသနာတော်အဆုံး၌ ခေမက သည်သောတာပတ္တိဖိုလ်၌ တည်လေပြီ။

ထိုအချိန်မှစ၍ လူအပေါင်းသည် ချမ်းသာစွာ အချိန်ကို ကုန်လွန်စေရလေပြီ။

ခေမက ရှေးဘဝက ပြုခဲ့သောကုသိုလ်ကံတရားသည် အဘယ်နည်း။

ခေမကသည် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ထူးချွန်လွန်ကဲသော လက်ဖွဲ့ သမားဖြစ်၍ ရွှေကုက္ကားနှစ်ခုတို့ကို တင်လှူပူဇော်ပြီး

ဆွေမျိုးသားချင်း တော်စပ်သူ မိန်းမတို့ကို ချန်ထား၍ ကျန်မိန်းမဟူသမျှသည် ငါ့ကိုမြင်၍ ဝါ - မြင်လျှင်, ရာဂဖြင့် တပ်မက်ကြကုန်စေကုန်သတည်းဟု ဆုတောင်းခဲ့လေပြီ။ ဤသည်ပင် ခေမက၏ ရှေးဘဝက ပြုခဲ့သော ကုသိုလ်ကံတရားတည်း။

ထိုကံတရားကြောင့် ဖြစ်ရာဖြစ်ရာ အရပ်၌ ဆွေမျိုးသားချင်း မတော်သူတို့၏ မိန်းမတို့သည် ခေမက-ကို မြင်၍ ဝါ - မြင်လျှင် မိမိတို့ပင်ကိုယ်သဘောဖြင့် ရပ်တည်ခြင်းငှာ မတတ်နိုင်ကြပြီ။

**ခေမက သေဋ္ဌိပုတ္တဝတ္ထု ပြီး၏။**

## ၁၁၆။ ဒုဗ္ဗစဘိက္ခုဝတ္ထု
## ဆုံးမခက်သော ရဟန်းအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ဖြတ်လိုသော စိတ်မရှိဘဲ မြက်ပင်တစ်ပင်ကို ဖြတ်မိ၍ ကုက္ကုစ္စ (အာပတ်သင့်လေသလော၊ မသင့်လောသလော ဟူသောစိတ်) ဖြစ်လတ်သော် ရဟန်းတစ်ပါးထံ ချဉ်းကပ်၍

ငါ့အရှင် - အကြင်ရဟန်းသည် မြက်ပင်ကို ဖြတ်၏။ ထိုရဟန်းအား အဘယ်သည်ဖြစ်သနည်း။ ဝါ - အဘယ်အာပတ်သင့်သနည်းဟု မိမိပြုအပ်သော ထိုအဖြစ်ကိုပြော၍ မေးလေ၏။ ထိုအခါ ထိုရဟန်းကို အခြားရဟန်းသည် သင်သည် မြက်ပင်ကို ဖြတ်ခြင်းကြောင့် တစ်စုံတစ်ခုဖြစ်၏ ဟူသော ဝါ - အာပတ်တစ်စုံတစ်ခု သင့်၏ဟူသော အမှတ်သညာကို ပြုထားပြီး၊ ဤမြက်ပင်ကိုဖြတ်ရာ တစ်စုံတစ်ခု မဖြစ်၊ ဝါ အာပတ်တစ်စုံတစ်ခု မသင့်၊ သို့သော် ဒေသနာကြားလျှင် အာပတ်မှ လွတ်၏ဟု ဆိုကာ ကိုယ်တိုင်လည်း လက်နှစ်ဖက်တို့ဖြင့် မြက်ပင်ကို ခွဲဖြတ်၍ ကိုင်ယူလေပြီ။ ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအားလျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့တော်မူပြီး တရားဟောတော်မူလို၍ ဤဂါထာတို့ကို ဟောတော်မူပြီ။

ကုသောယထာ ဒုဂ္ဂဟိတော၊ ဟတ္ထ မေဝါ နုကန္တတိ။
သာမညံ ဒုပ္ပရာ မဋ္ဌံ၊ နိရယာယု ပကဍ္ဍတိ။

ယံကိဉ္စိ သိထိလံ ကမ္မံ၊ သံကိလိဋ္ဌဉ္စ ယံဝတံ။
သင်္ကဿရံ ဗြဟ္မစရိယံ၊ နတံ ဟောတိ မဟပ္ဖလံ။

ကယိရာစေ ကယိရာထေနံ၊ ဒဠှမေနံ ပရက္ကမေ။
သိထိလောဟိ ပရိဗ္ဗဇော၊ ဘိယျော အာကိရတေ ရဇံ။

၁။ ဒုဂ္ဂဟိတော - မကောင်းသဖြင့် ကိုင်ယူအပ်သော၊ ကုသော၊ သမန်းမြက်သည်၊ ဟတ္ထမေဝ - ကိုင်သော လက်ကိုသာလျှင်၊ အနုကန္တတိယထာ - ရှခွဲသကဲ့သို့ (ဇဝံ - ဤအတူ) ဒုပ္ပရာမဋ္ဌံ - ကြိုးသော သီလစသည်ဖြင့် မကောင်းသဖြင့် သုံးသပ်အပ်သော၊ သာမညံ - ရဟန်း၏ အဖြစ်တည်းဟူသော ရဟန်းတရားသည်။ နိရယာယ - ငရဲဘုံသို့၊ ဥပကဍ္ဍတိ - ဆွဲငင်လေ၏။

၂။ သိထိလံ - ပေါ့ပေါ့လျော့လျော့ ပြုအပ်သော၊ ယံကိဉ္စိ - အလုံးစုံသော၊ ကမ္မံစ - ကံတရားသည်လည်းကောင်း၊ သံကိလိဋ္ဌံ - ပြည့်တန်ဆာမ အစရှိသော ဆွမ်းမခံသင့်ရာ၌ ဆွမ်းခံခြင်းဖြင့်

ညစ်နွမ်းသော၊ ယံဝတံစ - အကြင်အကျင့်သည်လည်းကောင်း၊ သက်ဿရံ - ရွံ့ရှာယုံမှားအပ်သော၊ ယံဗြဟ္မစရိယံစ - အကြင်ရဟန်း တရားတည်းဟူသော မြတ်သော အကျင့်သည်လည်းကောင်း၊ (အတ္ထိ - ရှိ၏) တံ - ထိုအလုံးစုံသည်၊ မဟပ္ဖလံ - များမြတ်သော အကျိုးရှိသည်၊ နဟောတိ - မဖြစ်။

၃။ ဗြဟ္မစရိယံ - ရဟန်းတရားဟု ဆိုအပ်သောမြတ်သောအကျင့်ကို၊ စေကယိရာ အကယ်၍ ပြုငြားအံ့၊ ဧနံ - ရဟန်းတရားဟု ဆိုအပ်သော ထိုမြတ်သော အကျင့်ကို၊ ကယိရာထ - စွဲစွဲမြဲမြဲပြုရာ၏။ ဧနံ - ရဟန်းတရားဟု ဆိုအပ်သော ထိုမြတ်သော အကျင့်ကို၊ ဒဠှံ - မြဲမြဲ၊ ပရက္ကမေ - လုံ့လကြိုးကုတ်အားထုတ်ကျင့်ရာ၏။ ဟိ - သစ္စံ - မှန်၏။ ဝါ - ဟိယသ္မာ - အကြင်ကြောင့်၊ သိထိလော - ပေါ့ပေါ့လျော့လျော့ကျင့်အပ်သော၊ ပရိဗ္ဗဇော၊ - ရဟန်းတရားသည် တဿ - ထိုရဟန်း၏ ဥပရိအထက်၌ ဘိယျော - လွန်စွာ၊ အာကိရတေ - ဖြန့်ကြဲသွန်းလောင်းလေ၏။

တသ္မာ - ထို့ကြောင့် ဧနံ - ရဟန်းတရားဟု ဆိုအပ်သော ထိုမြတ်သောအကျင့်ကို၊ ဒဠှံ - မြဲမြဲမြန်မြန်၊ ပရက္ကမေ - လုံ့လကြိုးကုတ်အားထုတ်ပြုကျင့်ရာ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ဆုံးမခက်သော ထိုရဟန်းသည်လည်း စောင့်စည်းခြင်း၌ ရပ်တည်၍နောက်အချိန်၌ ဝိပဿနာကို ရှုမှတ်ပွားများ၍ အရဟတ္တဖိုလ်သို့ ရောက်လေပြီ။

**ဒုဗ္ဗစဘိက္ခုဝတ္ထု ပြီး၏။**

## ၁၁၇။ သမ္ဗဟုလ ဘိက္ခုဝတ္ထု
## များစွာသောရဟန်းတို့အကြောင်း

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် များစွာသောရဟန်းတို့သည် တိုင်းပြည် အစွန်အဖျား၌ တည်သော ရွာတစ်ရွာ၌ ဝါကပ်ကြကုန်၍ ဝါခေါင်လပြည့်တိုင်အောင် ပထမလ၌ ချမ်းသာစွာ နေကြကုန်၏။ တော်သလင်းလပြည့်အတွင်း အလယ်လ၌ ခိုးသူဓားပြတို့သည် ရောက်လာကြပြီး ထိုရဟန်းတို့၏ ဆွမ်းခံရွာကို လုယက်ဖျက်ဆီး၍ သုံ့ပန်းလူတို့ကို (ဓားစာခံတို့ကို) ခေါ်၍ သွားကြကုန်၏။ ထိုအချိန်မှစ၍ ရွာသားတို့သည် ခိုးသူဓားပြတို့ကို ကာကွယ်တားဆီးနိုင်ရန် ထိုအစွန်အဖျား ရွာကိုပြုပြင် စီရင်ကြကုန်၍ ထိုရဟန်းတို့ကို ရိုသေစွာ ဆည်းကပ်လုပ်ကျွေးခွင့်ကို မရကြလေကုန်။

ထိုရဟန်းတို့သည် မချမ်းမသာ နေထိုင်ကြ၍ ဝါကျွတ်ပြီးသော် မြတ်စွာဘုရားအားဖူးမြော်ရန် သာဝတ္ထိသို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်တင့်သောနေရာ၌ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့်အတူ အဆက်အစပ်ပြု၍ ရဟန်းတို့ အသို့နည်း၊ ချမ်းသာစွာနေခဲ့ကုန်ကြသလော ဟု မေးတော်မူ၍ -

မြတ်စွာဘုရား တပည့်တော်တို့သည် ဝါတွင်းသုံးလတွင် ပထမတစ်လ၌သာ ချမ်းသာစွာနေကြရပါသည်။ ဒုတိယအလယ်လ၌ ခိုးသူဓားပြတို့သည် ရွာကိုလုယက်ဖျက်ဆီးကြပါကုန်ပြီ။ ထိုအချိန်မှစ၍ ရွာလူတို့သည် ရွာကို ပြုပြင်စီရင်ကြကုန်၍ ရိုသေစွာ ဆည်းကပ်လုပ်ကျွေးခွင့်ကို မရကြပါကုန်၊ ထို့ကြောင့် တပည့်တော်တို့သည် ကျန်ဝါလပတ်လုံး မချမ်းမသာနေခဲ့ကြရပါကုန်ပြီဟု လျှောက်ထားအပ်လေသော်

ရဟန်းတို့ တော်လောက်ပါပြီ၊ မစိုးရိမ်ကြနှင့်၊ အခါခပ်သိမ်း ချမ်းချမ်းသာသာနေရခြင်း မည်သည် ရခဲသည်၊ ရဟန်းမည်သည် ထိုရွာလူတို့သည် မိမိနေရာရွာကို စောင့်ရှောက် လုံခြုံစေကုန်သကဲ့သို့ ထို့အတူ မိမိ၏ ခန္ဓာကိုယ် အတ္တဘောကိုသာ စောင့်ရှောက်သင့် လုံခြုံစေသင့်သည် ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံဂေါပေထ အတ္တာနံ၊ ခဏော ဝေါ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိသောစန္တိ၊ နိရယမှိ သမပ္ပိတာ။

ပစ္စန္တံ - တိုင်းပြည်အစွန်အဖျားဖြစ်သော၊ နဂရံ - မြို့ရွာကို၊ သန္တရဗာဟိရံ - အတွင်းအပြင်နှင့်တကွ၊ ဂုတ္တံယထာ - လုံခြုံစွာပြုအပ်သကဲ့သို့၊ ဧဝံ ဤအတူ အတ္တာနံ - မိမိကိုယ်ကို၊ ဂေါပေထ - ရူပါရုံအစရှိသော ပြင်ပတရားတို့၏ စက္ခုအစရှိသော အတွင်းတရားတို့၌ မဝင်ရလေအောင် သတိဖြင့် စောင့်ရှောက်ကြကုန်လော။ ဝေါ - လုံခြုံကြစေကုန်လော၊ ခဏော - ဗုဒ္ဓုပ္ပါဒ ခဏမဇ္ဈိမဒေသ၌ ဖြစ်ရခြင်းခဏ၊ သမ္မာဒိဋ္ဌိ - ရအပ်သောခဏ - စက္ခုအစရှိသော အာယတန ခြောက်ပါးတို့ မချို့တဲ့ခြင်း ပြည့်စုံခြင်း ခဏသည်၊

ဝေါ - သင်တို့ကို မာဉပစ္စဂါ - ကျော်လွန်မသွားစေလင့်၊ ဟိ - သစ္စံ - မှန်၏။ ဝါ-ဟိယသ္မာ အကြောင်းကြောင့်၊ ခဏာတီတာ - ခဏကို ကျော်လွန်ကုန်သော (ခဏသည် ကျော်လွန်ကုန်သော) သင်တို့သည်၊ နိရယမှိ - ငရဲ၌ သမပ္ပိတာ - ကျရောက်ကုန် ၏။

တသ္မာ - ထို့ကြောင့်၊ ခဏော - ခဏသည်၊ ဝေါ - သင်တို့ကို မာဉပစ္စဂါ - မကျော်လွန်စေနှင့်။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် သံဝေဂတရားဖြစ်ကြပြီး တရားအားထုတ်ကြ၍ အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။

**သမ္မဟုလ ဘိက္ခုဝတ္ထု ပြီး၏။**

## ၁၁၈။ နိဂဏ္ဌဝတ္ထု
## နိဂဏ္ဌတို့အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ ရဟန်းတို့သည် နိဂဏ္ဌတို့ကို (ကိလေသာ အထုံးအဖွဲ့မရှိဟု ယူဆနေသူတို့ကို) မြင်ကြ၍ ဤစကားကို ပြောဆိုကြကုန်၏။

ငါ့ရှင်တို့ ကိုယ်ကို မဖုံးလွှမ်း အဝတ်မဝတ်သော အစေလက တက္ကတွန်းတို့ထက် ဤနိဂဏ္ဌတို့က အများကြီး အလွန်မြတ်ကုန်၏။ အကြင်သူတို့သည် ကိုယ်ရှေ့တစ်ပိုင်းကိုသာ ဖုံးလွှမ်းကြကုန်သေး၏။ ထိုသူတို့သည် အရှက်ရှိသူများဟု ထင်၏။

ထိုစကားကို နိဂဏ္ဌတို့ ကြားကုန်၍ ငါတို့သည် အရှက်ဟူသော အကြောင်းကြောင့် ရှေ့ကိုယ်တစ်ပိုင်းကို ဖုံးလွှမ်းနေသူများ မဟုတ်ကြ၊ အဟုတ်သော်ကား မြေမှုန့်မြူမှုံ စသည်တို့သည် ပုဂ္ဂိုလ်တို့သာဖြစ်ကုန်၏။ အသက်ဟူသော ဇီဝိတိန္ဒြေနှင့် ဆက်စပ်ကုန်သည်သာ၊ ထိုမြေမှုန့်မြူမှုံ စသည်တို့သည် ငါတို့၏ ထမင်းခွက်တို့၌ မကြစေကုန်သတည်း မကြစေရန်ဟူသော ဤအကြောင်းကြောင့် ရှေ့ကိုယ်တစ်ပိုင်းကို ဖုံးလွှမ်းကြကုန်၏ဟု ပြောဆို၍ ရဟန်းတို့နှင့်အတူ ပြောဆိုခြင်း, ပြန်လည်ပြောဆိုခြင်းအားဖြင့် များစွာသော စကားကို ပြောဆိုကြကုန်၏။

ရဟန်းတို့သည် မြတ်စွာဘုရားထံ ချည်းကပ်၍ ထိုင်နေကြရာ အချိန်၌ ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ မရှက်ထိုက်သောအရာဖြင့် ရှက်၍ ရှက်ထိုက်သောအရာဖြင့် မရှက်သူတို့သည် ဒုဂ္ဂတိဘဝသို့ လားကြသူတို့သာတည်းဟု မိန့်တော်မူ၍ တရားဟောတော်မူလိုရကား ဤဂါထာတို့ကို ဟောတော်မူ၏။

အလဇ္ဇိတာယေ လဇ္ဇန္တိ လဇ္ဇိတာယေ နလဇ္ဇရေ။
မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

အဘယေ ဘယဒဿိနော၊ ဘယေ အဘယဒဿိနော။
မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ယေသတ္တာ - အကြင်သတ္တဝါတို့သည်၊ အလဇ္ဇိတာယေ - မရှက်ထိုက်သော ထမင်းခွက်ဖြင့်၊ လဇ္ဇန္တိ - ရှက်ကုန်၏။ လဇ္ဇိတာယေ - ရှက်ထိုက်သော မဖုံးလွှမ်းသော ကိုယ်အင်္ဂါဖြင့်၊ နလဇ္ဇရေ - မရှက်ကြကုန်။ မိစ္ဆာဒိဋ္ဌိ သမာဒါနာ - မိစ္ဆာအယူကို ဆောက်တည်ကျင့်သုံးကုန်သော၊ တေသတ္တာ - ထိုသတ္တဝါတို့သည်၊ ဒုဂ္ဂတိံ - ငရဲ အစရှိသော မကောင်းသော သူတို့၏ လားရောက်ရာ ဒုဂ္ဂတိ - ဘုံသို့၊ ဂစ္ဆန္တိ - ရောက်ကြကုန်၏။

ယေသတ္တာ - အကြင်သတ္တဝါတို့သည်၊ အဘယေ - ရာဂဒေါသ - အစရှိသော ကိလေသာ ဒုစရိုက်ဘေးတို့၏ မဖြစ်ရာဖြစ်သော ထမင်းခွက်၌၊ ဘယဒဿိနော - ဖုံးထားသည်ဖြစ်၍ဘေးဟု ရှုမြင်ကုန်၏။ ဘယေစ - ရာဂ စသည်တို့၏ ဖြစ်ခြင်းကြောင့် ကြောက်ထိုက်သော ကိုယ်အင်္ဂါ၌ကား၊ အဘယဒဿိနော - ဖုံးကွယ်မထားခြင်းဖြင့် ဘေးမဖြစ်ရာဟု ရှုမြင်ကုန်၏။ မိစ္ဆာဒိဋ္ဌိသမာဒါနာ - မိစ္ဆာ အယူကို ဆောက်တည်ကျင့်သုံးကုန်သော၊ တေသတ္တာ - ထိုသတ္တဝါတို့သည်၊ ဒုဂ္ဂတိံ - ငရဲအစရှိသော မကောင်းသော သူတို့၏ လားရောက်ရာ ဒုဂ္ဂတိ - ဘုံလို့၊ ဂစ္ဆန္တိ - ရောက်ကြလေကုန်၏။

ဒေသနာတော်အဆုံး၌ များစွာသော နိဂဏ္ဌတို့သည် ထိတ်လန့်တုန်လှုပ်စိတ်ရှိကြကုန်၍ မြတ်စွာ ဘုရား သာသနာတော်၌ ရဟန်းပြုကြကုန်ပြီ။ ရောက်လာသူရဟန်းရှင်လူတို့သည် အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**နိဂဏ္ဌဝတ္ထု ပြီး၏။**

## ၁၁၉။ တိတ္ထိယသာဝကဝတ္ထု
## တိတ္ထိတို့တပည့်များအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ခုသော အချိန်၌ သာသနာတော်မှတစ်ပါး အယူရှိသော တိတ္ထိတို့၏ တပည့်များသည် သမ္မာဒိဋ္ဌိ - ဥပါသကာတို့၏သားနှင့်အတူ အခြံအရံနှင့်တကွ ကစားနေကြသော မိမိတို့၏ သားများကို တွေ့မြင်ကြ၍ သားများအိမ်သို့ပြန်လာရာ အချိန်၌ သင်တို့ သည် သကျပုတ္တိယသမဏ - သာကီဝင်မင်းသားဘုရား၏ သားရဟန်းတို့ကို ရှိမခိုးထိုက်၊ ရှိမခိုးကြနှင့်၊ သူတို့ ၏ နေရာကျောင်းသို့လည်း မဝင်ထိုက်၊ မဝင်ကြနှင့်ဟု ကျိန်ဆိုမှုကို ပြုကြကုန်၏။

ထိုတိတ္ထိသားတို့သည် တစ်နေ့သ၌ ဇေတဝန်ကျောင်းတော် အပြင်ဘက်တံခါးမုခ်အနီး၌ ကစားနေကြစဉ် ရေငတ်ကုန်၍ ရေသောက်လိုကြကုန်၏။

ထိုအခါ သမ္မာဒိဋ္ဌိ သူငယ်တစ်ယောက်ကို သင်သည် ကျောင်းအတွင်း၌သွား၍ သောက်ရေကို သောက်ခဲ့ပြီး ငါတို့အတွက်လည်း ယူခဲ့ပါဟု ပြောဆိုစေလွှတ်ကြကုန်၏။

သမ္မာဒိဋ္ဌိ သူငယ်သည် ဇေတဝန်ကျောင်းတွင်းသို့ ဝင်၍ မြတ်စွာဘုရားကို ရှိခိုး၍ သောက်ရေကို သောက်ပြီး ထိုအကြောင်းကို မြတ်စွာဘုရားအားလျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် သမ္မာဒိဋ္ဌိသူငယ်ကို သင်သည်သာ သောက်ရေကို သောက်၍ ပြန်သွားပြီး တိတ္ထိသူငယ်တို့ကိုလည်း ရေသောက်ရန် ဤကျောင်းတိုက်၌သာ စေလွှတ်လိုက်ဟု မိန့်တော်မူ၏။

သမ္မာဒိဋ္ဌိ - သူငယ်သည် မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ပြုလေ၏။ တိတ္ထိသူငယ်တို့သည် ဇေတဝန်ကျောင်းတော်တွင်း၌ လာ၍ သောက်ရေကို သောက်ကြကုန်၏။ မြတ်စွာဘုရားသည် တိတ္ထိသူငယ်ကိုခေါ်စေပြီး တိတ္ထိသူငယ်တို့အား သင့်လျော်သော တရားစကားကို မိန့်တော်မူ၍ တိတ္ထိသူငယ်တို့ကို မတုန်လှုပ်သော သဒ္ဓါတရားရှိသူများဖြစ်အောင် ဘုရားတရားသံဃာ သရဏသုံးဖြာနှင့် ငါးပါးသီလတို့၌ တည်စေတော်မူပြီ။

တိတ္ထိသူငယ်တို့သည် မိမိတို့နေအိမ်များသို့ သွား၍ အမိအဖတို့အား ထိုအကြောင်းကို ပြောပြကြကုန်၏။

ထိုအခါ တိတ္ထိသူငယ်တို့၏ မိဖတို့သည် ငါတို့၏ သားများသည် အယူဖောက်ပြန်သူများ ဖြစ်ကုန်ပြီဟု နှလုံးမသာမယာဖြစ်ကြကာ ငိုကြွေးကြကုန်၏။

ထိုအခါ ထိုတိတ္ထိတပည့်တို့အား လိမ္မာရေးခြားရှိကုန်သော အိမ်နီးနားချင်းနေ လူများစွာတို့သည် ရောက်လာကြပြီး နှလုံးမသာယာမှု ငြိမ်းအေးစေခြင်းငှာ တရားဟောကြကုန်၏။

တိတ္ထိတို့၏ တပည့်တို့သည် လိမ္မာရေးခြားရှိကုန်သော အိမ်နီးချင်းလူတို့၏ တရားစကားကို ကြားနာကြပြီး ကျုပ်တို့၏ ဤသားသူငယ်တို့ကို ရဟန်းဂေါတမအားသာ အပ်နှင်းကြပါတော့မည်ဟု ပြောဆိုကြကာ များစွာသော ဆွေမျိုးအပေါင်းနှင့်တကွ ကျောင်းသို့ ခေါ်ဆောင်ခဲ့ကြကုန်၏။

မြတ်စွာဘုရားသည် ထိုတိတ္ထိယ သာဝကတို့အား အဇ္ဈာသယအတွင်းဓာတ်ခံကို သိ၍ တရားဟောတော်မူလိုရကား ဤဂါထာတို့ကို ဟောတော်မူပြီ။

အဝဇ္ဇေဝဇ္ဇမတိနော၊ ဝဇ္ဇေ အဝဇ္ဇ ဒဿိနော။
မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။
ဝဇ္ဇဉ္စ ဝဇ္ဇတော ဉတွာ၊ အဝဇ္ဇဉ္စ အဝဇ္ဇတော။
သမ္မာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

အဝဇ္ဇေ - အပြစ်မရှိသော ဆယ်ပါးသော အကြောင်းရှိသော သမ္မာဒိဋ္ဌိနှင့် ထို၏မှီရာတရား၌၊ ဝဇ္ဇမတိနော - အပြစ်ရှိ၏ဟု အယူရှိကုန်သော၊ ဝဇ္ဇေစ - အပြစ်ရှိသောဆယ်ပါးသော အကြောင်းရှိသော မိစ္ဆာဒိဋ္ဌိနှင့် ထို၏ မှီရာတရား၌ကား၊ အဝဇ္ဇဒဿိနော - အပြစ်မရှိဟု ရှုမြင်လေ့ရှိကုန်သော၊ မိစ္ဆာဒိဋ္ဌိ သမာဒါနာ - မှားသော အယူကိုဆောက်တည်ကျင့်သုံးကုန်သော၊ သတ္တာ - သတ္တဝါတို့သည်၊ ဒုဂ္ဂတိံ - ရေအစရှိသော မကောင်းသော သူတို့လားရောက် ဒုဂ္ဂတိဘုံသို့၊ ဂစ္ဆန္တိ - ရောက်ကြလေ၏။

ဝဇ္ဇဉ္စ - အပြစ်ရှိသော အယူနှင့်တရားကိုလည်း၊ ဝဇ္ဇတော - အပြစ်ရှိသောအားဖြင့်၊ အဝဇ္ဇဉ္စ - အပြစ်မရှိသော အယူနှင့်တရားကိုလည်း၊ အဝဇ္ဇတော - အပြစ်မရှိသောအားဖြင့်၊ ဉတွာ - သိမြင်၍၊ သမ္မာဒိဋ္ဌိသမာဒါနာ - မှန်ကန်သောအယူကို ဆောက်တည်ကျင့်သုံးကုန်သော၊ သတ္တာ - သတ္တဝါတို့သည်၊ သုဂ္ဂတိ ကောင်းသောသူတို့၏ လားရောက်ရာ လူ့ပြည်နတ်ပြည်သို့၊ ဂစ္ဆန္တိ - ရောက်ကြလေကုန်၏။

ဒေသနာတော်အဆုံး၌ ထိုတိတ္ထိယ သာဝကအားလုံးတို့သည် ဘုရား၊ တရား၊ သံဃာ သရဏဂုံ သုံးပါးတို့၌ ဆင်းရဲပယ်ဖျောက်ချမ်းသာရောက်အောင် ရွက်ဆောင်တတ်သော ကိုးကွယ်အားထားရာဟု ရပ်တည်ကြကုန်၍ အဆင့်ဆင့် အဆက်ဆက်တရားကို ကြားနာမှတ်သားအားထုတ်ကြကုန်၍ သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

**တိတ္ထိယသာဝကဝတ္ထု ပြီး၏။**

# ၂၃။ နာဂဝဂ်
## ၁၂၀။ အတ္တဒန္တဝတ္ထု
## မိမိကိုယ်ကို ဆုံးမခြင်းအကြောင်း

မြတ်စွာဘုရားကောသမ္ဗီပြည်၌ သီတင်းသုံးနေတော်မူစဉ် ဥတေနမင်း၏ မိဖုရား မာဂဏ္ဍီသည် သာမာဝတီ အမှူးပြုသော မိဖုရားမောင်းမတို့အား တစ်စုံတစ်ခုမလို့မှုကို မပြုနိုင်သေးသဖြင့် ရဟန်းဂေါတမ အားသာ ပြုထိုက်သည်ကို ပြုတော့မည်ဟူသော အကြံဖြင့် မြို့သူမြို့သားတို့အား တံစိုးလက်ဆောင်ပေးပြီး ကောသမ္ဗီမြို့တွင်းသို့ ဝင်၍ လှည့်လည်သွားနေသော ရဟန်းဂေါတမကို ကျွန်ယောကျ်ားအမှုထမ်း ယောကျ်ားတို့နှင့်အတူ ဆဲဆိုကြိမ်းမောင်း ရှုတ်ချပြောဆို၍ ထွက်ပြေးပါစေဟု ခိုင်းစေ၏။

မိစ္ဆာအယူရှိသူတို့သည် ရတနာသုံးပါး၌ ကြည်ညိုသူများ မဟုတ်ကြ၍ မြို့တွင်းသို့ ဝင်တော်မူ သော မြတ်စွာဘုရားကို နောက်မှလိုက်၍ သူခိုးကြီး၊ လူမိုက်ကြီး၊ တွေဝေသူကြီး၊ ဝှက်တတ်သူကြီး၊ ကုလားအုပ်ကြီး၊ နွားကြီး၊ မြည်းကြီး၊ ငရဲသားကြီး၊ တိရစ္ဆာန်ကြီး သင့်အားကောင်းရာ ဂတိမရှိ သင်သည် မကောင်းရာဂတိကိုသာ လိုလားအပ်၏ဟု ဆယ်မျိုးသော ဆဲရေးကြောင်းဝတ္ထုတို့ဖြင့် ဆဲရေးကြကုန်၏။ ရှုတ်ချကြကုန်၏။ ထိုသို့ဆဲရေးရှုတ်ချကြောင်း စကားကို အရှင်အာနန္ဒာကြားတော်မူ၍ မြတ်စွာဘုရားကို-

မြတ်စွာဘုရား ကောသမ္ဗီမြို့သူမြို့သားတို့သည် တပည့်တော်တို့ကို ဆဲရေးရှုတ်ချကြပါသည်။ ဤမြို့မှ အခြားအရပ်သို့ ကြွကြပါစို့ဟု လျှောက်ထားလေ၏။

အို အာနန္ဒာ အဘယ်အရပ်သို့ သွားကြမည်နည်း။

မြတ်စွာဘုရား ကောသမ္ဗီမြို့မှ အခြားသောမြို့သို့ သွားကြပါမည် ဘုရား။

အို အာနန္ဒာ ထိုမြို့၌ လူတို့က ဆဲရေးရှုတ်ချကြသော် နောက်ထပ်အဘယ်အရပ်သို့ သွားကြ မည်နည်း။

မြတ်စွာဘုရား ထိုမြို့မှ အခြားလည်းဖြစ်သော မြို့သို့သွားကြပါမည်ဘုရား။

အာနန္ဒာ ထိုမြို့၌ လူတို့က ဆဲရေးရှုတ်ချကြသော် အဘယ်မြို့သို့ သွားကြမည်နည်း။

မြတ်စွာဘုရား ထိုမြို့မှ အခြားလည်း ဖြစ်သောမြို့သို့ သွားကြပါမည်ဟု လျှောက်ထားလေ၏။

အာနန္ဒာ ဤသို့မပြုသင့်၊ အဓိကရုဏ်းဖြစ်ရာ အရပ်၌သာ အဓိကရုဏ်း ငြိမ်းလေသော် အခြားအရပ်သို့ သွားသင့်၏။

အာနန္ဒာ အဘယ်သူတို့သည် ငါတို့ကို ဆဲရေးကြသနည်း။

မြတ်စွာဘုရား ကျွန်အမှုလုပ်သူတို့ကို အစပြု၍ လူအားလုံးတို့ ဆဲရေးကြပါသည်ဟု လျှောက်ထားလေ၏။

အာနန္ဒာ ငါဘုရားသည် စစ်မြေပြင်သို့ သက်ဝင်သောဆင်နှင့်တူ၏။

တူပုံကား - စစ်မြေပြင်သို့ သက်ဝင်လာသော ဆင်၏ အရပ်လေးမျက်နှာတို့မှ လာသောမြှားတို့ကို သည်းခံခြင်းငှာ ထမ်းဆောင်ရမည့် တာဝန်ဖြစ်သကဲ့သို့ ထိုနည်းတူစွာ များစွာသော ဒုဿီလတို့

ပြောဆိုအပ်သောစကားတို့ကို သည်းခံခြင်းသည် ငါဘုရား၏ ထမ်းဆောင်ရမည့် တာဝန်ဖြစ်တော့သည်ဟု မိန့်တော်မူကာ ကိုယ်တော်မြတ်ကို အကြောင်းပြု၍ တရားဟောလိုရကား ဤဂါထာတို့ကို မိန့်တော်မူပြီ။

၁။ အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။

၂။ ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာ ဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယောတိ ဝါကျံ တိတိက္ခတိ။

၃။ ဝရမဿတရာ ဒန္တာ၊ အာဇာနီယာ စ သိန္ဓဝါ၊
ကုဉ္ဇရာ စ မာဟာနာဂါ၊ အတ္တဒန္တော တတောဝရံ။

၁။ အာနန္ဒာ - ငါတို့ကြွချီကောသမ္ဗီဝယ် ဒုဿီဗာလ လူအန္ဓတို့ အခပေး၍ ဆဲရေးသည့်တွက် ထွက်ပြေးမည်ကြံရှာ အိုအာနန္ဒာ။

သင်္ဂါမေ - သူနိုင်ကိုယ်နိုင် အနိုင်ကြဖို့ မလွဲတိုက်ခွင် စစ်မြေပြင်၌ နာဂေါ - ရဲမာန်ဆောင်ပြီး ဆင်ပြောင် ကြီးသည်၊ စာပတောပတိတံသရံ - ရန်သူဘက်မှ အချက်ကျအောင် ပစ်ချပေစွ လေးမှထွက်ကျ မြားမြမြကို၊ တိတိက္ခတိ ဣဝ - အနာခံကာ ဖွဲ့သန်သန်ဖြင့် သည်းခံသကဲ့သို့၊ အဟံ - ခန္တီမေတ္တာ ကရုဏာကြီးမားငါဘုရားသည်၊ အတိဝါကျံ အနရိယ ဝေါဟာရ အရိယာမဟုတ်သော ပုထုဇဉ် လူသားတို့၏ မှားမှားမူးမူး လွန်ကျူးသဲသဲ စွပ်စွဲပြောကြားဆဲရေးစကားကို၊ တိတိက္ခိဿံ လန့်မထိတ်ဘဲ စိတ်ဖွဲ့သန်သန်သည်းခံပေအံ့။ ဟိ -အမှန်စကား ငါပြောကြားအံ၊ ဗဟုဇ္ဇနော - ပုထုဇဉ်ဟု လူအများစု သည်၊ ဒုဿီလော - ပြောလိုရာ စကားမစဉ်းစားဘဲ ထိပါးပြောမှု မှုသားစုကြောင့် ဂရုစမ္မ ရရမိမိ သီလမရှိလေ။

၂။ ရာဇာ - တန်ခိုးအာဏာရှိန်ဝါ ထွန်လင်းပြည့်ရှင်မင်းသည်၊ ဒန္တံ - ယဉ်ကျေးပြီး သားမြင်းနှင့်နွားကို၊ သမိတိံ - ပရိသတ်စုံ လူလယ်ပုံသို့၊ နယန္တိ - မြင်းယဉ်နွားယဉ် ထမ်းပိုးခွင်၌ တပ်ဆင်တက်စီး ခရီးတွင်တွင် မောင်းနှင်ယူဆောင်ကြလေကုန်၏။

ရာဇာ - တိုင်ပြည်သနင်း ပြည့်ရှင်မင်းသည်၊ ဒန္တံ ဒန္တံ ဇဝမြင်းနွားယဉ်ယဉ် ထမ်းပိုးတင်ရာယာဉ်ကိုသာလျှင်၊ အဘိရုဟတိ - ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသဖြင့် လိုရာရောက်စေတက်စီးလေ၏။

ယော - ရဟန်းရှင်လူမည်သူမဆို အကြင်ပုဂ္ဂိုလ်သည်၊ အတိဝါကျံ - အမှန်ကို ကျော်လွှားပြောစကားကို တိတိက္ခတိ - အမှန်တရားလက်ကိုင်ထားလျက်စကားတုံ့ပြန်ခွန်းမပြန်ဘဲ သည်းခံလေ၏။ သော - ရဟန်းရှင် လူမည်သူမဆို ထိုပုဂ္ဂိုလ်သည်၊ မနုဿေသု - လူမည်ခံသူများစွာသော လူတို့တွင်၊ သေဋ္ဌောဒန္တော အမြတ်ဆုံး ချီးမွမ်းထိုက်သူ ယဉ်ကျေးသူမည်၏။

၃။ အာဇာနိယာ - ဆုံးမသူစကားကို ကောင်းစွာနားလည်အာဇာနည်ဖြစ်ကုန်သော၊

အသာတရာစ - မြည်းထီး၌ ခစား၊ မြင်းမမှဖွား၊ အသာထိုရ်မြင်းလားတို့သည်လည်းကောင်း၊ သိန္ဓဝါစ - သိန္ဓုတိုင်းဖွား သိန္ဓောမြင်းအများတို့သည်လည်းကောင်း၊ ကုဥ္ဇရာ - မဟာနာဂါစ ကုဥ္ဇရမည်ဆောင် ဆင်ပြောင်ကြီးတို့သည်လည်းကောင်း၊ ဒန္တဗေ - သင်ပေးပြည့်စုံ ယဉ်ကျေးကုန်သော်သာ၊ ဝရံ - ဝရာ - သုံးစွဲအပ်စွ မြတ်လှပါပေကုန်၏။ အဒန္တာ - သင်ပေးမစုံ မယဉ်ကျေးကုန်သော်၊ နဝရာ - မသုံးစွဲအပ်၊ မပြတ်ပါလေကုန်။

အတ္တဒန္တော - အရိယမဂ် ဆုံးမချက်ကြောင့် မတက်မာန် ခိုင်ဘက်မပြိုင်အေး ကိုယ်ပိုင်ယဉ်ကျေးသူသည်၊ တတော - ယဉ်ကျေးကြသည် အာဇာနည်ဆို အသာထိုရ်မြင်း၊ သိန္ဓောမြင်း ပြင် အသွင်တော်မည်း ဆင်ပြောင်ကြီးတို့ထက်၊ ဝရံ - ဝရော - အရပ်ရပ်မှ ဂုဏ်သကက်ကြောင့် မြတ်လှပါပေသတည်း။

ဒေသနာတော်အဆုံး၌ တံစိုးလက်ဆောင်ကိုယူ၍ ခရီးလမ်းဆုံစသည်တို့၌ ရပ်၍ ဆဲရေး ရှုတ်ချသူ လူအပေါင်းသည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကြလေကုန်ပြီ။

**အတ္တဒဏ္ဍဝတ္ထု ပြီး၏။**

## ၁၂၁။ ဟတ္ထာစရိယ ပုဗ္ဗကဘိက္ခုဝတ္ထု
## ဆင်ဆရာဖြစ်ဖူးသော ရဟန်းအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ ဆင်ဆရာဖြစ်ဘူးသော ရဟန်းသည် အစိရဝတီ မြစ်ကမ်းအနီး၌ ဆင်တစ်ကောင်ကိုဆုံးမမည်ဟူသော စိတ်ဖြင့် မိမိအလိုရှိအပ်သော အကြောင်းကိုသင်ယူစေရန် လိုက်နာစေရန် မတတ်နိုင်သော ဆင်ကို ဆုံးမနေသူကိုမြင်၍ အနီးအနား၌ တည်နေကုန်သော ရဟန်းတို့ကိုခေါ်၍ ငါ့ရှင်တို့ ဤဆင်ဆရာသည် ဤဆင်ကို ဤမည်သောနေရာ၌ လှံဖြင့်ထိုးလျှင် လျင်မြန်စွာ မိမိအလိုရှိအပ်သောအကြောင်းကို တတ်သိစေနိုင်၏ဟုပြောဆို၏။

ဆင်ဆရာသည် ထိုရဟန်း၏ စကားကိုကြား၍ ရဟန်းပြောသည့်အတိုင်းပြု၍ ထိုဆင်ကို လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်လေ၏။

ထိုရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်စေ၍ ရဟန်းသင်သည် ဤသို့ပြောဆိုအပ်သည်ဟုကြားရသော စကားသည် အမှန်ပင်ဖြစ်သလောဟု မေးတော်မူသဖြင့်

မြတ်စွာဘုရား အမှန်ပင်ဖြစ်ပါသည်ဟု လျှောက်ထားအပ်လေသော် ကဲ့ရဲ့တော်မူ၍ မင်္ဂဖိုလ်မမှီးအချည်းနှီးဖြစ်သော အိုယောကျ်ား သင့်အား ဆင်ယာဉ်ဖြင့်သော်လည်းကောင်း၊ အခြားယဉ်ကျေးသောယာဉ်ဖြင့်သော်လည်း၊ အဘယ်ပြုအံ့နည်း။ ထိုယာဉ်တို့ဖြင့် မရောက်ဖူးသော နိဗ္ဗာန်အရပ်သို့ ရောက်ခြင်းငှာ စွမ်းနိုင်သည်ဟု စင်စစ်မရှိ၊ ယဉ်ကျေးလိမ္မာသော မိမိကိုယ်ဖြင့်သာ မရောက်ဘူးသော နိဗ္ဗာန်အရပ်သို့ ရောက်ခြင်းငှာ စွမ်းနိုင်၏။ ထို့ကြောင့်သင်ရဟန်းသည် မိမိကိုယ်ကိုသာ ယဉ်ကျေးလိမ္မာအောင် ဆုံးမပါလော့။ ထိုဆင်အစရှိသည်တို့ကို ဆုံးမခြင်းဖြင့် သင့်အား အဘယ်အကျိုးရှိမည်နည်းဟု မိန့်တော်မူ၍ ဤဂါထာကိုဟောတော်မူ၏။

နဟိ ဧတေဟိ ယာနေဟိ၊ ဂစ္ဆေယျ အဂတံ ဒိသံ၊

ယထာတ္တနာ သုဒန္တေန၊ ဒန္တော ဒန္တေန ဂစ္ဆတိ။

သုဒန္တေန - ကောင်းစွာဆုံးမသဖြင့် ယဉ်ကျေးပြီးသော၊ အတ္တနာ - မိမိကိုယ်ဖြင့်၊ အဂတံ - အိမ်မက်ဖြင့်သော်လည်း မရောက်ဘူးသော၊ ဒိသံ - နိဗ္ဗာန်အရပ်သို့၊ ဂစ္ဆေယျယထာ - ရောက်ရာသကဲ့သို့၊ ယာနိ ဟတ္ထိ ယာနာဒီနိ - ဆင်ယာဉ်အစရှိသော အကြင်ယာဉ်တို့သည်၊ အတ္ထိ - ရှိကုန်၏။ ဧတေဟိ ယာနေဟိ -ဆင်ယာဉ်အစ ရှိသာ ထိုယာဉ်တို့ဖြင့်၊ အဂတံ - အိမ်မက်ဖြင့်သော်လည်း မရောက်ဖူးသော၊ ဒိသံ - နိဗ္ဗာန်အရပ်သို့၊ နဟိ ဂစ္ဆေယျ- စင်စစ်မရောက်ရာ။

ဒန္တော - အရိယမဂ်ကို ပွားခြင်းဖြင့် ယဉ်ကျေးပြီးသော ပညာရှိသည်၊ ဒန္တေန အရိယ မဂ်ကိုပွား

ခြင်းဟူသော ယဉ်ကျေးမှုကြောင့်၊ အဂတံ - အိမ်မက်ဖြင့်သော်လည်း မရောက်ဖူးသော၊ ဒိသံ နိဗ္ဗာန်အရပ်သို့ ဂစ္ဆတိ - သွားသည် မသွေရောက်ပါ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာ သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေပြီကုန်ပြီ။

ဟတ္ထာစရိယ ပုဗ္ဗကဘိက္ခုဝတ္ထု ပြီး၏။

## ၁၂၂။ ပရိဇိဏ္ဏာမြဟ္မဏ ပုတ္တဝတ္ထု၊ ပုဏ္ဏားအို၏ သားများအကြောင်း

သာဝတ္ထိမြို့၌ အသပြာစည်းစိမ်ရှစ်သိန်းချမ်းသာသူ ပုဏ္ဏားတစ်ယောက်ရှိ၏။ သူသည် အရွယ်ရောက်ပြီး သားလေးယောက်တို့အား ထိမ်းမြားလက်ထပ်ပေးပြီး အသပြာတစ်သိန်းစီအားဖြင့် အသပြာလေးသိန်းကို ပေးလေ၏။

ထိုအချိန်မှနောက်၌ ပုဏ္ဏေးမကွယ်လွန်လေသော် ပုဏ္ဏား၏သားတို့သည် ဤသို့တိုင်ပင်ကြကုန်၏။

ငါတို့ဖခင်သည် အခြားပုဏ္ဏေးမတစ်ယောက်ကိုခေါ်ဆောင်ခဲ့လျှင် ထိုပုဏ္ဏေးမဝမ်း၌ မွေးဖွားသော သားတို့ဖြင့် အမျိုး၏ ဥစ္စာအသပြာလေးသိန်းသည် ပျက်စီးလိမ့်မည်။ ယခုအချိန်ငါတို့သည် ဖခင်ကို စုပေါင်းချီးမြှောက်ကြကုန်အံ့။

ထိုသားတို့သည် ဤသို့တိုင်ပင်ကြပြီး ဖခင်ပုဏ္ဏားကို မွန်မြတ်သော စားသောက်ဖွယ် အဝတ်အထည်တို့ဖြင့် ပြုစုလုပ်ကျွေးကြကုန်၏။ လက်ခြေတို့ကို ဆုပ်နယ်ခြင်း စသည်တို့ကိုပြုကြကုန်၏။ ထိုသို့လုပ်ကျွေးပြုစုကြပြီး တစ်နေ့သ၌ နေ့အချိန်အိပ်ရာမှထပြီးဖြစ်သော ဖခင်ပုဏ္ဏား၏ လက်ခြေတို့ကို ဆုပ်နယ်ကြကုန်လျက် ဖခင်ပုဏ္ဏားအား အိမ်ရာတည်ထောင်လူ့ဘောင်၌ အပြစ်ကို အသီးသီး ပြောဆိုကြပြီး ကျွန်တော်တို့သည် ဖခင်ကို ဤနည်းဖြင့် အသက်ထက်ဆုံးလုပ်ကျွေးပြုစုကြပါမည်။ ကျန်ရှိသော ပစ္စည်းကိုလည်း ကျွန်တော်တို့အား ပေးကြပါဟု တောင်းဆိုကြသည်။

ပုဏ္ဏားသည် နောက်ထပ်တစ်ဖန် သားတစ်ယောက်တစ်ယောက်အား အသပြာတစ်သိန်းစီကို ပေး၍ မိမိအတွက် ဝတ်စရာ ရုံစရာမျှကို ချန်ထားပြီးအတွင်းအပြင် ပစ္စည်းအားလုံးကို လေးပုံပုံ၍ အပ်နှံလေ၏။ သားကြီးသည် ဖခင်ပုဏ္ဏားကို နှစ်ရက်, သုံးရက် လုပ်ကျွေးပြုစုပြီ။ ထိုအချိန်မှ နောက်တစ်နေ့၌ ရေချိုးပြီးသားကြီးအိမ်လာသော ပုဏ္ဏားကြီးကို ချွေးမဖြစ်သူသည် တံခါးမုခ်၌ရပ်၍ ဤသို့ပြောဆို၏။

သင်ပုဏ္ဏားကြီးသည် သားအကြီးအားတစ်ရာသော်လည်းကောင်း၊ တစ်ထောင်သော်လည်းကောင်း၊ အပိုအမိုပေးအပ်သော အသပြာဥစ္စာရှိသလော။ သားလေးယောက်လုံးအား နှစ်သိန်းစီပေးအပ်ပြီး မဟုတ်လော။ ကျန်သားတို့၏ အိမ်သို့သွားရန်လမ်းကို မသိသလော။ ပုဏ္ဏားကြီးသည်လည်း သူယုတ်မ ပျက်စီးပေတော့ဟု အမျက်ထွက်၍ အခြားသားတစ်ယောက်အိမ်သို့ သွားလေ၏။နှစ်ရက် သုံးရက်လွန်သောအခါ ဤနည်းဖြင့် ထိုသားအိမ်မှလည်း ထွက်ပြေးစေအပ် မောင်းထုတ်အပ်သည်ဖြစ်၍ အခြားသားတစ်ယောက်၏ အိမ်သို့ သွားပြန်၏။ ဤနည်းဖြင့် သားအိမ်တစ်အိမ်ကိုသော်လည်း ဝင်ခွင့်မရသူဖြစ်၍ ဖိုးသူတော်ဝတ်ပြီး ဆွမ်းခံလှည့် စားသောက်နေစဉ် အချိန်ကြာလာသောအခါ အိုမင်းရင့်ရော်သည်ဖြစ်၍ မကောင်းသည်ကိုစားရခြင်း ဆင်းရဲ စွာအိပ်ရခြင်းတို့ကြောင့် ညှိုးနွမ်းသော ကိုယ်ရှိ၍ ဆွမ်းလှည့်ပြီး ပြန်လာကာ ကျောင်းလှဲနေစဉ် အိပ်ပျော်ပြီး အိပ်ရာမှထထိုင်ကာ မိမိကိုယ်ကို ကြည့်ရှုပြီး သားတို့အပေါ်၌ မိမိ၏ထောက်တည်ရာကို မမြင်သည်ဖြစ်၍ ဤသို့ ကြံမိလေ၏။

ငါကြားသည်ကား၊ ရဟန်းဂေါတမသည် မျက်မှောင်မကြုတ်သူ ပေါ်လွင်ပြူးရွှင်သော မျက်နှာရှိသူ ချမ်းသာကြောင်းစကားကို ပြောဆိုတတ်သူ အဆက်အစပ်လိမ္မာ ကျွမ်းကျင်သူဖြစ်သတဲ့။ ငါသည် ရဟန်းဂေါတမထံ ချဉ်းကပ်၍ အဆက်အစပ်ကို ရနိုင်ကောင်းတန်၏။ ပုဏ္ဏားကြီးသည် အဝတ်အရုံကို ကောင်းစွာဝတ်ရုံ၍ ထမင်းခွက်ကိုကိုင်ပြီး တောင်ဝှေးကိုထောက်၍ မြတ်စွာဘုရားထံသွားလေ၏။

ထိုအကြောင်းကို သံယုဂ် ပါဠိတော်၌လည်း ဟောအပ်သည်သာ ဖြစ်၏။

ထိုအချိန်၌ ဗြာဟ္မဏ မဟာသာလ ပုဏ္ဏားတစ်ယောက်သည် ခေါင်းပါးသော အစားအစာ ခေါင်းပါးသော အဝတ်အရုံရှိသူဖြစ်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး တစ်ခုသောနေရာ၌ထိုင်နေ၏။

မြတ်စွာဘုရားသည် ထိုင်နေသော ထိုပုဏ္ဏားနှင့်အတူ အဆက်အစပ်ကို ပြုလို၍

အို ပုဏ္ဏား သင်သည် အဘယ်ကြောင့် ခေါင်းပါးသော အစားအစာ ခေါင်းပါးသော အဝတ်အရုံရှိသူဖြစ်သနည်းဟု မိန့်တော်မူ၏။

အို အရှင်ဂေါတမ ဤလူ့ရွာ၌ ကျုပ်၏သားလေးယောက်တို့သည် မယားနှင့်တိုင်ပင်ပြောဆို၍ ကျုပ်ကို အိမ်မှ နှင်ထုတ်ကြပါသည်ဟု ပြော၏။

အိုပုဏ္ဏား ထိုသို့ဖြစ်လျှင် သင်သည် ငါဘုရားထံမှ ဤဂါထာတို့ကို သင်ယူ၍ စုဝေးရာသဘင်၌ လူအပေါင်းလည်း စုဝေးနေ သင်၏သားတို့လည်း စုဝေးနေကြသော် ရွတ်ဆိုပါလေသလော့။

၁။ ယေဟိ ဇာတေဟိ နန္ဒိဿံ၊ ယေသဉ္စ ဘဝ မိစ္ဆိသံ။
တေမံ ဒါရေဟိ သံပုစ္ဆ၊ သာဝ ဝါရေန္တိ သူကရံ။

၂။ အသန္တာ ကိရမံ ဇမ္မာ၊ တာတ တာတာတိ ဘာသရေ။
ရက္ခသာ ပုတ္တရူပေန၊ တေဇဟန္တိ ဝယောဂတံ။

၃။ အဿောဝ ဇိဏ္ဏော နိဗ္ဘောဂေါ၊ ခါဒနာ အပနီယတိ။
ဗာလကာနံ ပိတာထေရော၊ ပရာ ဂါရေသု ဘိက္ခတိ။

၄။ ဒဏ္ဍောဝ ကိရမေ သေယျော၊ ယဉ္စေ ပုတ္တာ အနဿဝါ။
စဏ္ဍမ္ပိ ဂေါဏံ ဝါရေတိ၊ အထော စဏ္ဍမ္ပိ ကုက္ကုရံ။

၅။ အန္ဓကာရေ ပုရေ ဟောတိ၊ ဂမ္ဘီရေ ဂါဓ မေစတိ။
ဒဏ္ဍဿ အာနုဘာဝေန၊ ခလိတွာ ပတိတိဋ္ဌတိ။

၁။ ဇာတေဟိ - မွေးဖွားဖြစ်ပေါ်ကုန်သော၊ ယေဟိ - အကြင်သားတို့ဖြင့်၊ နန္ဒိဿံ ဝမ်းမြောက်ခဲ့ရပြီ၊ ယေသံ - အကြင်သားတို့၏၊ ဘဝံစ - ကြီးပွားခြင်းကိုလည်း၊ ဣစ္ဆိသံ - လိုလား

တောင့်တခဲ့ရပြီ။ တေ - ထိုသားတို့သည်၊ ဒါရေဟိ - မယားတို့နှင့်၊ သံပုဋ္ဌ - တိုင်ပင်၍၊ သာ - ခွေးတို့သည်၊ သူကရံ - ဝက်ကို၊ ဝါရေန္တိက္ကဝ - တားမြစ်ကုန်သကဲ့သို့ မံ - ငါ့ကို၊ ဝါရေန္တိ - တားမြစ်ကြကုန်၏။

၂။ အသန္တာ - မသူတော်ဖြစ်ကုန်သော၊ ဇမ္မာ - ယုတ်မာကုန်သော၊ ရက္ခသာ - ဘီလူးတို့သည် ပုတ္တရူပေန - သားအသွင်ဖြင့် မံ - ငါ့ကို၊ တာတ တာတာတိ - ဖခင် ဖခင်ဟူ၍ ဘာသရေ - ခေါ်ကြကုန်၏။ တေ - ထိုသားတို့သည် ဝယောဂတံ - အိုမင်းသောအရွယ်သို့ ရောက်နေ သော မံ - ငါ့ကို ဇဟန္တိ - စွန့်ပစ်ကြကုန်၏။

၃။ ဇိဏ္ဏော - အိုမင်းသော၊ နိဗ္ဗောဂေါ - သုံးစွဲမှုမှ ကင်းသော၊ အဿော - မြင်းကို၊ ခါဒနာ - အစာမှ၊ အပနီယတိက္ကဝ - ဖယ်ရှားသကဲ့သို့၊ ဗာလကာနံ - သားဆိုးတို့သည်၊ ထေရော - အသက်ကြီးရင့်သော၊ ပိတာ - ဖခင်ကို၊ အပနီယတိ - ဖယ်ရှားအပ်၏။

ဗာလကာနံ - သားမိုက်တို့၏ ထေရော - အသက်ကြီးရင့်သော၊ ပိတာ - ဖခင်သည် ပရာဂါရေသု - သူတစ်ပါးတို့အိမ်၌၊ ဘိက္ခတိ - တောင်းစားရ၏။

၄။ မေ - ငါ၏၊ ယံယေ - ပုတ္တာ - အကြင်သားတို့သည်၊ အတ္ထိ - ရှိကုန်၏။ တေပုတ္တာ - ထိုသားတို့ သည်၊ အနဿဝါ - ရိုသေတုပ်ဝပ်ခြင်းမရှိကြကုန်၊ တေဟိပုတ္တာဟိ - ထိုသားတို့ထက်၊ မေ - ငါ၏ ဒဏ္ဍော - တောင်ဝှေးသည်၊ စဏ္ဍံ - ကြမ်းသော၊ ဂေါကမ္ပိ - နွားကိုလည်း ဝါရေတိ - တားမြစ်ပေး၏။ အထော - ထို့ပြင် စဏ္ဍံ - ကြမ်းသော၊ ကုက္ကုရံပိ - ခွေးကိုလည်း၊ ဝါရေတိ - တားမြစ်ပေး၏။

၅။ အန္ဓကာရေ - အမိုက်မှောင်၌၊ ပုရေ - လမ်းညွှန်အလား ရှေ့သွားဖြစ်၏။ ဂမ္ဘီရေ - မြေသို့ဆင်းသက် ရာ နက်သောရေ၌၊ ဂါဓံ - ထောက်တည်ရာကို ဧတိ - ရ၏။ ဒဏ္ဍဿ - တောင်ဝှေး၏ အာနုဘာဝေန - အစွမ်းအာနုဘော်ကြောင့်၊ ခလိတွာ - ချွတ်ချော်ခဲ့သည်ရှိသော် ပတိတိဋ္ဌတိ - လဲ့တော့မည်ဟန် ပြန်၍ ရပ်တည်နိုင်၏။

ပုဏ္ဏားကြီးသည် မြတ်စွာဘုရားထံတော်၌ ထိုဂါထာတို့ကို သင်ယူပြီး ပုဏ္ဏားတို့ စည်းဝေးရာနေ့၌ သူ၏ သားတို့သည် အဆင်တန်ဆာမျိုးစုံကို တန်ဆာဆင်ကုန်၍ ထိုအစည်းအဝေးသဘင်သို့ ဝင်ရောက်ပြီး ပုဏ္ဏားတို့အလယ် မြတ်သောသူတို့အား ထိုက်တန်သော နေရာ၌ ထိုင်နေကြလေကုန်သော် ဤအချိန်အခါသည် ငါ၏ဂါထာတို့ကိုရွတ်ဆိုရမည့် အချိန်တည်းဟုသိပြီး အစည်းအဝေးသဘင်အလယ်၌ ဝင်၍ လက်ကိုမြှောက်ပြီး

အိုပုဏ္ဏားတို့ ငါသည် သင်တို့အား ဂါထာတို့ကို ရွတ်ဆိုပြလို၏။ နားထောင်ကြမည်လောဟု ဆိုလျှင် အိုပုဏ္ဏားကြီးရွတ်ဆိုပြပါ၊ နားထောင်ကြပါမည်ဟု စကားပြန်ဆိုအပ်သော် ရပ်လျက်သာ ရွတ်ဆိုလေပြီ။

ထူးခြားသည်ကား ထိုအချိန်အခါ၌ အကြင်သူသည် မိဘတို့၏ ပစ္စည်းဥစ္စာကိုစားသုံးလျက် မိဘတို့ကို မကျွေးမွေး မစောင့်ရှောက် ထိုသူကို သတ်ရမည်ဟူသော လူတို့၏ ကျင့်ဝတ်ဖြစ်၏။

ထို့ကြောင့် ပုဏ္ဏားကြီး၏ ထိုသားတို့သည် ဖခင်၏ ခြေတို့၌ တုပ်ဝပ်ကြပြီ။ အိုဖခင် ကျွန်တော်တို့အား အသက်ကို ပေးကြပါဟု တောင်းပန်ကြကုန်၏။

ပုဏ္ဏားကြီးသည် ဖခင်၏ နှလုံးသား နူးညံ့မှုကြောင့် အိုပုဏ္ဏားတို့ သင်တို့သည် ငါ၏ သားတို့ကို

သတ်ဖြတ် ဖျက်ဆီးခြင်း မပြုကြပါနှင့်။ ငါ့ကို ကျွေးမွေးပြုစုစောင့်ရှောက်ကြပါလိမ့်ဟု ပြောဆိုလေ၏။ ထိုသို့ပြောဆိုသော အခါ လူတို့သည် ပုဏ္ဏားကြီး၏ သားလေးယောက်တို့ကို အိုသားလေးယောက်တို့ သင်တို့သည် ယနေ့ကို အစပြု၍ သင်တို့ဖခင်ကိုကောင်းစွာမလုပ်ကျွေးမပြုစု မစောင့်ရှောက် ကြကုန်သည်ဖြစ်အံ့။ သင်တို့ကို ငါတို့ သတ်ပစ်ကြမည်ဟု ပြောဆိုကုန်၏။

ပုဏ္ဏားကြီး၏ သားတို့သည် ကြောက်လန့်ကြကုန်၍ အဖပုဏ္ဏားကို အင်းပျဉ်၌ ထိုင်စေပြီး ကိုယ်တိုင်ထမ်းရွက်၍ အိမ်သို့ယူဆောင်ပြီး ဖခင်၏ ကိုယ်ကို ဆီဖြင့် နှယ်၍ ပွတ်၍ နံ့သာမှုန့်စသည်တို့နှင့် အတူ ရေချိုးပေး၍ သူတို့၏ ဇနီး ပုဏ္ဏေးမတို့ကို ခေါ်၍ ယနေ့ကို အစပြု၍ ငါတို့၏ဖခင်ကို ကောင်းစွာ ကျွေးမွေးပြုစုစောင့်ရှောက်ကြ၊ သင်တို့သည် အကယ်၍ မေ့လျော့နေခဲ့ကြလျှင် သင်တို့ကို နှိပ်ကွပ် ကြမည်ဟု (နှိပ်ကွပ်ခံကြရမည်ဟု) ပြောဆို ၍ မွန်မြတ်သော ဘောဇဉ်ကို ကျွေးမွေးကြကုန်၏။

ပုဏ္ဏားကြီးသည် ကောင်းမြတ်သော ဘောဇဉ်နှင့် ချမ်းသာစွာအိပ်ရခြင်းကို အစွဲပြု၍ နှစ်ရက်သုံးရက် ကျော်လွန်သောအချိန်၌ အားကောင်းလာသည် ပြည့်ဖြိုးသော ဣန္ဒြေရှိသည်ဖြစ်၍ မိမိကိုယ်ကိုကြည့်၍ ငါသည် ဤစည်းစိမ်ချမ်းသာကို ရဟန်းဂေါတမကို အမှီပြု၍ ရအပ်ပြီဟု နှစ်သက် ကြည်နူးပြီး လက်ဆောင်အလို့ငှာ အဝတ်အစုံကို ယူ၍ မြတ်စွာဘုရားထံသွားပြီး အဆက်အစပ်ပြုကာ တစ်နေရာ၌ထိုင်လျက် ယူဆောင်ခဲ့သော အဝတ်အစုံကို မြတ်စွာဘုရား၏ ခြေရင်း၌ ထား၍

အို အရှင်ဂေါတမ ကျုပ်တို့ ပုဏ္ဏားတို့မည်သည် ဆရာအားပေးလှူရန် ဆရာအတွက်ပစ္စည်းကို ရှာဖွေ ကြရပါသည်။ ဆရာဖြစ်သော အရှင်ဂေါတမသည် ကျုပ်၏ ရှာဖွေခဲ့သော ဆရာ့အတွက်ပစ္စည်းကို ခံယူတော် မူပါဟု ပြော၏။ မြတ်စွာဘုရားသည် ပုဏ္ဏားကြီးအား သနားစောင့်ရှောက်ချီးမြှောက်ခြင်းဖြင့် ထိုအဝတ်အစုံကို ခံယူ၍ တရားဟောတော်မူ၏။ တရားဒေသနာတော်အဆုံး၌ ပုဏ္ဏားကြီးသည် သရဏသုံးဖြာ ဘုရား၊ တရား၊ သံဃာတို့၌ ကိုးကွယ်အားထားမှီခိုရာ ဟုရမ်တည်၍ အိုအရှင်ဂေါတမ ကျုပ်အား သားတို့သည် အမြဲပေးအပ်သော ထမင်းဖြစ်သော ဓုဝဘတ် လေးခုတို့ကိုပေးအပ်ကုန်၏။ ထိုလေးခုထဲမှ နှစ်ခုကို အရှင်တို့အား ကျုပ်ပေးပါဟု၏ လျှောက်ထား၏။

ထိုအခါ ပုဏ္ဏားကြီးကိုမြတ်စွာဘုရားသည် အိုပုဏ္ဏားကြီး ကောင်းပါ၏။ သို့သော်လည်း ငါဘုရား တို့သည် နှစ်သက်ရာအရပ်သို့သာ သွားကြမည်ဟု မိန့်တော်မူကာ ပုဏ္ဏားကြီးကိုပြန်လွှတ်လိုက်၏။

ပုဏ္ဏားကြီးသည် အိမ်သို့သွား၍ သားတို့ကို ဤသို့မှာထားပြောဆို၏။

ချစ်သားတို့ ရဟန်းဂေါတမသည် ငါ၏ မိတ်ဆွေဖြစ်၏။ သူ့အား ငါသည် ဓုဝဘတ် နှစ်ခုတို့ကို ပေးလှူအပ်ကုန်၏။ သင်တို့သည် အလှည့်ကျလာသော ထိုဓုဝဘတ်၌ မမေ့ကြကုန်နှင့်။ သားတို့သည် ကောင်းပါပြီဟု ဝန်ခံကြကုန်၏။

မြတ်စွာဘုရားသည် နောက်နေ့၌ ဆွမ်းခံကြွတော်မူလတ်သော် သားအကြီး၏ အိမ်တံခါးဝသို့ ကြွတော်မူ၏။ သားအကြီးသည် မြတ်စွာဘုရားကိုမြင်လျှင် သပိတ်ကိုယူ၍ အိမ်တွင်းသို့ ပင်ဆောင်ပြီး မြတ်သော သူတို့အား ထိုက်သောပလ္လင်၌ ထိုင်စေပြီး မြတ်သော ဘောဇဉ်ကိုပေးလှူလေ၏။

မြတ်စွာဘုရားသည် နောက်နေ့၌ အခြားသားတစ်ယောက်၏ အိမ်သို့ကြွ၏။ အခြားသား တစ်ယောက်၏ အိမ်သို့ကြွ၏။ ဤသို့အစဉ်အားဖြင့် သားလေးယောက်တို့၏ အိမ်သို့ကြွတော်မူပြီး

အားလုံးသော သားတို့သည် သားအကြီးကဲ့သို့ ပေးလှူပူဇော်မှုကိုပြုကြကုန်၏။

တစ်နေ့သ၌ သားအကြီးသည် မင်္ဂလာအမှုရှေ့ရှုထင်လတ်သော် အိုဖခင်အဘယ်ပုဂ္ဂိုလ်အား မင်္ဂလာပစ္စည်းကို ပေးကြရပါမည်နည်း ဟု ဖခင်ကိုပြောဆို၏။

ငါသည် အခြားသူတို့ကို မသိ၊ ရဟန်းဂေါတမသည် ငါ၏ မိတ်ဆွေဖြစ်၏ဟု ဖခင်က ပြောဆိုလေ၏။

ထိုသို့ဖြစ်လျှင် ရဟန်းဂေါတမကို နက်ဖန် အလို့ငှာ ရဟန်းငါးရာတို့နှင့်အတူ ပင့်ဖိတ်ပေးကြပါဟု သားကပြောဆို၏။ ပုဏ္ဏားကြီးသည် သားပြောသည့်အတိုင်း ပြုလုပ်၏။

မြတ်စွာဘုရားသည် နောက်နေ့၌ အခြံအရံနှင့်အတူ သားအကြီးအိမ်သို့ ကြွတော်မူပြီး သားအကြီးသည် စိမ်းစိုသော မြေညက်ဖြင့် လိမ်းကျံအပ်သော ဆေးဒါန်းမြင်းသီလာဖြင့် လိမ်းကျံ အပ်သော ဝါ - စိုသော နွားချေးဖြင့် လိမ်းကျံအပ်သော အဆင်တန်ဆာအားလုံးဖြင့် တန်ဆာဆင် အပ်သော အိမ်၌ ဘုရားအမှူးထားရှိသော ရဟန်းသံဃာကို သီတင်းသုံးစေ၍ ရေမပါသော မွန်မြတ်သော နို့ယနာဖြင့်လည်းကောင်း၊ မွန်မြတ်သော ခဲဖွယ် ဖြင့်လည်းကောင်း၊ ဆက်ကပ်ပြုစုလေ၏။

ဆွမ်းဘုဉ်းပေးဆဲအချိန်အတွင်း၌ပင်လျှင် ပုဏ္ဏားကြီး၏ သားလေးယောက်တို့သည် မြတ်စွာဘုရားအနီး၌ ထိုင်ကြပြီး

အို အရှင်ဂေါတမ ကျုပ်တို့သည် ကျုပ်တို့ဖခင်ကို ကျွေးမွေးပြုစုစောင့်ရှောက်ကြပါကုန်၏။ မေ့လျော့ပေါ့ဆမှုမပြုကြပါ။ ကျုပ်တို့၏ ဤဖခင်၏ ခန္ဓာကိုယ်ကို ကြည့်တော်မူကြပါဟု လျှောက် ထားလေ၏။

မြတ်စွာဘုရားသည် သင်တို့သည်ကောင်းသော အမှုကို ပြုအပ်လေ၏။ အမိအဖတို့အား ပြုစုကျွေးမွေး စောင့်ရှောက်ခြင်း မည်သည် ရှေးပညာရှိတို့၏ အလေ့အကျက်သာတည်းဟု မိန့်တော်မူကာ ဧကာဒသဇာတ် နိပါတ်၌ အမိကို ကျွေးမွေးပြုစုစောင့်ရှောက်သော ဆင်မင်း၏ ဇာတ်ကိုအကျယ်အားဖြင့် ဟောတော်မူ၍ ဤဂါထာကို ဟောပြတော်မူပြီ။

ဓနပါလော နာမကုဥ္ဇရော၊
ကဋုကဘေဒနော ဒုန္နိဝါရယော။
ဗဒ္ဓေါ ကဗဠံ နဘုဉ္ဇတိ၊
သုမရတိ နာဂဝနဿ ကုဥ္ဇရော။

ကဋုကဘေဒနော - ထက်သော မှုန်ရီရှိသော၊ ဒုန္နိဝါရယော - တားမြစ်နိုင်ရန် မစွမ်း၊ အလွန်ကြမ်းတမ်းသော၊ ဗဒ္ဓေါ - ဆင်တင်းကုပ်၌သွင်း၍ ထားအပ်သော၊ ဓနပါလော နာမ - ဓနပါလ အမည်ရှိသော၊ ကုဥ္ဇရော - ဆင်သည်၊ ကဗဠံ - အစာကို၊ နဘုဉ္ဇတိ - မစား၊ ကုဥ္ဇရော - ဓနပါလ အမည်ရှိသောဆင်သည်၊ နာဂဝနဿ - ဆင်တို့နေရာတောကို သုမရတိ - မိခင်ကို ကျွေးမွေးပြုစုခြင်း တရားကို အောက်မေ့၏။

မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ ရှေးအလောင်းတော်ဖြစ်စဉ် ကျင့်အပ်သော ဤအကျင့်ကို ဆောင်၍ ဟောတော်မူလတ်သော် - ဟောတော်မူနေစဉ်မှာပင် သားလေးယောက်လုံးတို့သည် မျက်ရည်စီးကျကြကုန်၍ နူးညံ့သော စိတ်နှလုံးရှိသူ စူးစိုက်ကြားနာတတ်သော နားရှိသူများ ဖြစ်ကြကုန်ပြီ။ ထိုအခါ ထိုသားတို့အား မြတ်စွာဘုရားသည် သင့်လျော်သောတရားကိုသိ၍ ဟောတော်မူကာ သစ္စာတရားတို့ကို ပြတော်မူပြီ။

ဒေသနာတော်အဆုံး၌ သားလေးယောက် ချွေးမလေးယောက်တို့နှင့်အတူ ပုဏ္ဏားကြီးသည် သောတာပတ္တိ ဖိုလ်၌ တည်လေပြီ။

ပရိဒေ၀ကျွဲပြဟွင်ကာ ပုတ္တာ၀တ္ထု ပြီး၏။

## ၁၂၃။ ပသေနဒိကောသလဝတ္ထု
## ပသေနဒိကောသလမင်းအကြောင်း

တစ်ခုသောအချိန်၌ ကောသလမင်းသည် ဆန်တစ်အိတ်ချက်ထမင်းကို ထိုထမင်းနှင့်လျော်သော ဟင်းနှင့် အတူစား၏။ ထိုမင်းသည် တစ်နေ့သ၌ နံနက်စာစား၍ ထမင်းဆီရစ်ခြင်းကို မဖြောက်မူ၍သာ မြတ်စွာဘုရားထံ သွား၍ ပင်ပန်းသော သဘောရှိလျက် ဟိုဘက်ဒီဘက် ဘယ်ဘက်ညာဘက် အဖန်ဖန်ပြောင်းလဲ့ထိုင်နေ၏။ အိပ်ချင်ခြင်းသည် နှိပ်စက်အပ်သော်လည်း ဖြောင့်ဖြောင့်အိပ်ခြင်းငှာ မစွမ်းနိုင်ဘဲ သင့်လျော်သော နေရာ၌ထိုင်နေ၏။

ထိုအခါ ကောသလမင်းကို မြတ်စွာဘုရားသည် မင်းကြီးအသို့နည်း ပင်ပန်းမှုကို မဖြေဖြောက်ဘဲသာ လာခဲ့သလောဟု မိန့်တော်မူ၏။

မြတ်စွာဘုရားမှန်ပါသည်၊ တပည့်တော်အား ထမင်းစားပြီးချိန်မှစ၍ ဒုက္ခအကြီးအကျယ်ဖြစ်ပါတော့သည်ဟု လျှောက်ထား၏။

ထိုအခါ ကောသလမင်းကြီးကို မြတ်စွာဘုရားသည် မင်းကြီးအလွန်များစွာစားခြင်းသည် ဤသို့ဆင်းရဲဖြစ်တော့သည်ဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

မိဒ္ဓီယဒါ ဟောတိ မဟဂ္ဃသောစ၊
နိဒ္ဒါယိတာ သမ္ပရိ ဝတ္တသာယီ
မဟာဝရာ ဟောဝ နိဝါပပုဋ္ဌော၊
ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။

ပုရိသော - ယောက်ျားသည်၊ ယဒါ - အကြင်အခါ၌၊ မိဒ္ဓီစ - ထိနမိဒ္ဓနှိပ်စက်အပ်သည်လည်း၊ ဟောတိ - ဖြစ်၏။ မဟဂ္ဃသောစ - အစားကျူးသည်လည်း ဝါ - များစွာစားသည်လည်း ဟောတိ - ဖြစ်၏။

(အာဟရ ဟတ္ထက ပုဏ္ဏား၊ အလံသာဋကပုဏ္ဏား၊ တတြဝဋ္ဋကပုဏ္ဏား၊ ကာကမာသကပုဏ္ဏား၊ ဘုတ္တဝမိတ က,ပုဏ္ဏားတို့တွင် တစ်ယောက်ယောက်သော ပုဏ္ဏားကဲ့သို့ စားသူဟု ဆိုလိုသည်)

နိဝါပပုဋ္ဌော - ဝက်စာဖြင့် ကျွေးမွေးထားအပ်သော၊ မဟာဝရာဟောဝ - အိမ်ဝက်ကြီးကဲ့သို့၊ နိဒ္ဒါယိတာ - အိပ်လေ့ရှိသည်ဖြစ်၍ သမ္ပရိဝတ္တသာယီ - တလူးလည်းလည်း (တစ်ပြောင်းပြန်ပြန်) အိပ်လေ့ရှိ၏။ တဒါ - ထိုအခါ၌ မန္ဒော - ပညာနည့်သော၊ သောပုရိသော- ထိုယောက်ျားသည် (တီဏိလက္ခဏာနိ - အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးတို့ကို မနသိကာတုံ - နှလုံးသွင်းဆင်ခြင်ပွားများခြင်းငှာ၊ အသက္ကောန္တော - မစွမ်းနိုင်သည်ဖြစ်၍) ပုနပ္ပုနံ - အဖန်ဖန် အထပ်ထပ်၊ ဂဗ္ဘံ - အမိဝမ်းတိုက်သို့၊ ဥပေတိ - ကပ်ရောက်ရလေ၏။

ဒေသနာတော်အဆုံး၌ မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ကျေးဇူးပြုသောအလိုဖြင့်-

မနုဇဿ သဒါ သတီမတော၊ မတ္တံ ဇာနတော လဒ္ဓ ဘောဇနေ၊
တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယုပါလယံ။

သဒါ - အခါခပ်သိမ်း၊ သတီမတော - သတိရှိသော၊ လဒ္ဓဘောဇနေ - ရအပ်သော ဘောဇဉ်၌၊ မတ္တံ - အတိုင်းအတာကို၊ ဇာနတော - သိသော၊ အဿမနုဇဿ - ထိုလူအား ဝါ ထိုလူ၏ တနုကာ နည်းပါးကုန်သော၊ ဝေဒနာ - ဆင်းရဲဝေဒနာတို့သည်၊ ဘဝန္တိ - ဖြစ်ကုန်၏။ အာယုပါလယံ - အာယုပါလယန္တော - အသက်ကို စောင့်ရှောက်သည်ဖြစ်၍ သဏိကံ - ဖြည်းဖြည်း၊ ဇီရတိ - အိုရလေ၏။

ဤဂါထာကို မိန့်တော်မူကာ ဥတ္တရလုလင်ကို သင်ယူစေ၍ ကောသလမင်း ထမင်းစားချိန်၌ ဤဂါထာကို ရွတ်ဆိုပါလေလော့။ ဤနည်းလမ်းဖြင့် အစာကို လျှော့စားစေပါလော့ဟု နည်းလမ်းကို မိန့်ကြားတော်မူပြီ။ ဥတ္တရလုလင်သည် မြတ်စွာဘုရား အမိန့်တော်အတိုင်း ပြုလေပြီ။

ကောသလမင်းကြီးသည် နောက်ပိုင်းအချိန်၌ ဆန်တစ်ပြည်ချက်အတိုင်းအတာရှိသူအဖြစ်၌ ကောင်းစွာတည်သဖြင့် အလွန်ပေါ့ပါးသော ကိုယ်ရှိရကား ချမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍ မြတ်စွာဘုရား၌ အကျွမ်းဝင်ခြင်းရှိ၍ ခုနစ်ရက်ပတ်လုံး အသဒိကဒါန အတုမရှိသောအလှူပွဲကို ဖြစ်စေပြီ၊ အလှူပွဲ၌ မြတ်စွာဘုရား၏ အနုမောဒနာတရားဖြင့် များစွာသော လူသည် မြတ်သော မဂ်ဖိုလ်တရား အထူးသို့ ရောက်လေပြီ။

**ပသေနဒိကောသလဝတ္ထု ပြီး၏။**

## ၁၂၄။ သာနုသာမဏေရဝတ္ထု
## သာနုသာမဏေအကြောင်း

သာနုသာမဏေသည် သာဝတ္ထိမြို့ ဥပါသိကာမတစ်ယောက်၏ တစ်ဦးတည်းသော သားဖြစ်သည်။ မိခင်ဥပါသိကာသည် သားဖြစ်သူကို ငယ်ရွယ်စဉ်အချိန်၌ပင် သာမဏေပြုစေ၏။ သာနုသာမဏေသည် သာမဏေ ပြုပြီးရာအချိန်မှစ၍ သီလရှိ၏။ ကျင့်ဝတ်နှင့်ပြည့်စုံ၏။ ဆရာဥပဇ္ဈာယ်နှင့် အာဂန္တုရဟန်းတို့၏ ကျင့်ဝတ်ကို ပြုသည်သာဖြစ်၏။ တစ်လ၏ ရှစ်ရက်မြောက်သောနေ့၌ နံနက်စောစောထ၍ ရေချမ်းစဉ်အိုး၌ ရေကိုထည့် တရားနာရာဇရပ်၌ တံမြက်လှည်း နေရာခင်းဆီမီးညှိထွန်း၍ သာယာသောအသံဖြင့် တရားနာခြင်းကို ကြွေး ကျော်လေ၏။

ရဟန်းတို့သည် သာနုသာမဏေ၏ စွမ်းအားကို သိတော်မူကြ၍ သာမဏေ - သရဘည အသံနေအသံထားဖြင့် ရွတ်ဆိုခြင်းကို ရွတ်ဆိုပါလောဟု တိုက်တွန်းကြကုန်၏။

သာမဏေသည် ငါ၏ နှလုံးသားလေထိုး၏ ခန္ဓာကိုယ်သည်သော်လည်း နာကျင်၏ဟု တစ်စုံတစ်ခု ဆန့်ကျင်မှုကို မပြုမူ၍ တရားပလ္လင်သို့တက်၍ ကောင်းကင်ရေကို သွန်းလောင်းချလိုက်သကဲ့သို့ အသံနေအသံထားဖြင့် ရွတ်ဆို၍ တရားပလ္လင်မှ သက်ဆင်းလေသော် ငါ၏ အမိအဖတို့အား တရားကို ဤသို့ အသံနေအသံထားဖြင့် ရွတ်ဆိုရခြင်း၌ ကောင်းမှုအဖို့ကို ပေးပါ၏ဟု အမျှဝေ၏။

သာမဏေ၏ လူဖြစ်သော အမိအဖတို့သည် အမျှပေးဝေခြင်းကို မသိကြကုန်။

သာမဏေ၏အခြားမဲ့ဘဝ၌ မိခင်သည် ဘီလူးမဖြစ်၍နေ၏။ ထိုဘီလူးမသည် နတ်တို့နှင့်အတူလာ၍ တရားနာပြီး သာမဏေသည် ပေးအပ်သော ကုသိုလ်အဖို့ အမျှပေးဝေမှုကို ချစ်သားမိခင်ဝမ်းမြောက်ပါ၏ဟု ဆို၏။ သာဓုခေါ်၏။

သီလနှင့်ပြည့်စုံသော ရဟန်းမည်သည် နတ်နှင့်တကွသော လူသည် ချစ်ခင်မြတ်နိုးအပ်သူဖြစ်၏။ ထို့ကြောင့် ထိုသာမဏေ၌ နတ်တို့သည် ရှက်ကြောက်မှု ရိုသေလေးစားမှု ရှိကြပြီး သာမဏေကို မဟာဗြဟ္မာကြီးကဲ့သို့ မီးပုံကြီးတို့ကဲ့သို့ မှတ်ထင်ကြကုန်၏။

သာမဏေ၌ ရိုသေလေးစားမှုကြောင့် သာမဏေ၏ ရှေးဘဝမိခင် ဘီလူးမကိုလည်း လေးလေးစားစားပြု၍ ထိုနတ်တို့သည် တရားနာရာနေရာ၊ ဘီလူးအစည်းအဝေးနေရာ စသည်တို့၌ သာနုမာတာ သာနုမာတာ သာနုရဲ့မိခင် သာနုရဲ့မိခင်ဟု မိခင်ဘီလူးမအား နေရာဦး ရေဦး ထမင်းဦးကို ပေးကြကုန်၏။ တန်ခိုးကြီးသော နတ်ဘီလူးတို့သည်လည်း မိခင်ဘီလူးမကို မြင်ကြ၍ လမ်းခရီးမှ ရှောင်ကွင်းကြကုန်၏။ နေရာမှ ထကြကုန်၏။

သာမဏေသည် အသက်ကြီးမှုကို အစွဲပြု၍ ရင့်ကျက်သော ဣန္ဒြေရှိရကား မမွေ့လျော်ခြင်းသည် နှိပ်စက်အပ်သဖြင့် မမွေ့လျော်ခြင်းကို ပယ်ဖျောက်ရန် မတတ်နိုင်ဘဲ ရှည်သောဆံပင်၊ ရှည်သောခြေသည်း၊ လက်သည်း ရှိ၍ ညစ်နွမ်းသော သင်းပိုင်ကိုယ်ဝတ်ကို ဝတ်ရုံလျက် တစ်ပါးပါးသော ရဟန်းအား မပြောကြားမူ၍ သပိတ်သင်္ကန်းကိုယူကာ တစ်ပါးတည်းသာ မယ်တော်အိမ်သို့ သွားလေ၏။ မယ်တော်

ဥပါသိကာသည် သားကို မြင်လျှင် ရှိုး၍ ချစ်သား အသို့နည်း (ဘယ်လိုလဲ) ချစ်သားသည် ရှေ့အချိန်က ဆရာဥပဇ္ဈာယ်တို့နှင့်သော်လည်းကောင်း၊ သာမဏေငယ်တို့သော်လည်းကောင်း အတူတကွ မယ်တော့် အိမ်သို့ ကြွလာပြီ။ ယခု အဘယ်ကြောင့် တစ်ပါးတည်းသာ ကြွလာသနည်းဟု မေးလေ၏။

သာမဏေသည် သက်န်းဝတ်၌ ပျင်းရိငြီးငွေ့နေကြောင်း ပြောပြ၏။

မယ်တော်ဥပါသိကာသည် အမျိုးမျိုးသော အကြောင်းဖြင့် အိမ်ရာတည်ထောင် လူ့ဘောင်၌ အပြစ်ကိုပြ၍ သားသာမဏေကို ဆုံးမပါသော်လည်း နားလည်စေရန် မတတ်နိုင်သဖြင့် မိမိ၏ သဘောဖြင့်လည်း မှတ်သားနားလည်နိုင်တန် ကောင်းရာ၏ဟု သဘောပိုက်၍ ပြန်မလွတ်သေးဘဲ ချစ်သားသင့်အတွက် ယာဂုထမင်း ပြည့်စုံသည်တိုင်အောင် ဆိုင်းငံ့ရပ်တည်နေပါဦး။ (ယာဂုထမင်း ကြိုချက်ဦးမည်ဟု ဆိုလိုသည်) ယာဂုကို သောက်၍ ဆွမ်းစားကိစ္စပြီးသော ချစ်သားအတွက် နှစ်လိုဖွယ်အဝတ်အထည်တို့ကို ယူဆောင်ပေးမည်ဟု ပြောပြီး နေရာခင်းပေးထားလေ၏။ သာမဏေသည် ထိုင်နေ၏။ မယ်တော်ဥပါသိကာသည် တမုဟုတ်အချိန်မျှဖြင့်ပင် ယာဂုခဲဘွယ်ကို ပြည့်စုံစေ၍ (စီစဉ်၍) ကပ်လှူပြီး ထို့နောက် ဆွမ်းကို ပြည့်စုံစေဦးမည် (ချက်ဦးမည်) ဟု သာမဏေ၏ အနီး၌ထိုင်လျက် ဆန်တို့ကို ဆေးနေ၏။

ထိုအချိန်၌ ရှေးဘဝမိခင် ဘီလူးမသည် သာနုသာမဏေ ဘယ်မှာရှိပါလိမ့်၊ ဆွမ်းအာဟာရကို ရလေသလော၊ မရလေသလောဟု ဆင်ခြင်လေသော် သာမဏေ၏ လူထွက်လိုသဖြင့် ထိုင်နေကြောင်း ကို သိ၍ သာမဏေသည် တန်ခိုးကြီးနတ်တို့အလယ်၌ ငါ၏အရှက်ကို ဖြစ်စေရာ၏။ (အရှက်ခွဲလေရာ၏) ငါသွားမည်။ သာမဏေ၏ လူထွက်လိုခြင်း၌ အန္တရာယ်ကို ပြုမည်ဟု အမြန်လာ၍ သာမဏေ၏ ကိုယ်၌ ပူးဝင်၍ လည်ပင်းကို နောက်ပြန်လှည့်၍ တံတွေးယိုစီးလျက် မြေပေါ်၌ လဲကျစေ၏။

မယ်တော်ဥပါသိကာသည် သား၏ ထိုဖောက်ပြန်မှုကို မြင်လျှင် လျင်မြန်စွာ သွား၍ သားကို ပွေ့ပိုက်၍ ပေါင်တို့အပေါ်၌ အိပ်စေ၏ (သိပ်ထားလေ၏) ရွာသူရွာသား အားလုံးတို့သည် လာကြကုန်ပြီး ဗလိနတ်စာကျွေးခြင်းစသည်တို့ကို ပြုကြကုန်၏။

မယ်တော်ဥပါသိကာသည်ကား ငိုကျွေးလျက် ဤဂါထာတို့ကို ရွတ်ဆိုလေ၏။

စာတုဒ္ဒသိံ ပဉ္စဒသိံ၊ ယာစ ပက္ခဿ အဋ္ဌမိ။
ပါဋိဟာရိယ ပက္ခဉ္စ၊ အဋ္ဌင်္ဂသု သမာဂတံ။

ဥပေါသထံ ဥပဝသန္တိ၊ ဗြဟ္မစရိယံ စရန္တိယေ။
နတေဟိ ယက္ခာ ကီဠန္တိ၊ ဣတိ မေ အရဟတံ သုတံ။
သာဒါနိ အဇ္ဇပဿာမိ၊ ယက္ခာ ကီဠန္တိ သာနုနာ။

ယေ - အကြင်သူတို့သည်။ ပက္ခဿ - လဆန်းပက္ခ၊ လဆုတ်ပက္ခ၏။ စာတုဒ္ဒသိံစ - တစ်ဆယ့်လေးရက်မြောက်လည်းဖြစ်သော (ဥပေါသထံ၌စပ်)၊ ပဉ္စဒသိံစ - တစ်ဆယ့်ငါးရက်မြောက်

လည်း ဖြစ်သော၊ ပက္ခသ - လဆန်းပက္ခ လဆုတ်ပက္ခ၏။ ယာအဋ္ဌမီ - အကြင်ရှစ်ရက်မြောက်သည်။ အတ္ထိ - ရှိ၏။ တံစ - ထိုရှစ်ရက်မြောက် လည်းဖြစ်သော ပါဋိဟာရိယပက္ခဉ္စ - ဉပုသ်နေ့၏ အကြိုအပိုလည်းဖြစ်သော၊ အဋ္ဌင်္ဂသုသမာဂတံ - အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ ဥပေါသထံ - ဥပုသ်ကို၊ ဥပဝသန္တိ - ကပ်၍နေကုန်၏။ ပြဟ္မစရိယံ - အကျင့်မြတ်ကို၊ စရန္တိ - ကျင့်သုံးကုန်၏။ တေဟိ - ထိုဥပုသ်စောင့်သုံးသူတို့နှင့်၊ ယက္ခာ - ဘီလူးတို့သည်၊ နကီဠန္တိ - မကစားကြကုန်၊ က္လတိ - ဤသို့၊ အရဟာတံ - ရဟန္တာတို့၏။ (ဝစနံ - စကားကို) မေမယာ - ငါသည်၊ သုတံ - ကြားအပ်၏။ ကြားဖူး၏။

အဇ္ဇ - ယနေ့၊ ဒါနိ - ယခုအချိန်၌၊ ယက္ခာ - ဘီလူးတို့သည်၊ သာနုနာ - သာနုသာမဏေနှင့်၊ ကီဠန္တိ - ကစားကြကုန်၏။ (တံ - ထိုကစားခြင်းကို) သာအဟံ - ဥပါသိကာဖြစ်သော ငါသည်၊ ပဿာမိ - မြင်တွေ့ရ၏။

ဥပါသိကာယ - လူ့ဘဝမယ်တော်ဖြစ်သော ဥပါသိကာ၏ က္လတိ - က္လဒံဝစနံ ဤစကားကို (မာတုယက္ခိနိ- ရှေးဘဝမယ်တော်ဖြစ်သော ဘီလူးမသည်) သုတွာ - ကြား၍

စာတုဒ္ဒသိံ ပဉ္စဒသိံ၊ ယာစ ပက္ခသ အဋ္ဌမီ။
ပါဋိဟာရိယ ပက္ခဉ္စ၊ အဋ္ဌင်္ဂသုသမာဂတံ။

ဥပေါသထံ ဥပဝသန္တိ၊ ပြဟ္မစရိယံ စရန္တိယေ။
နတေဟိ ယက္ခာ ကီဠန္တိ၊ သာဟုတေ အရဟာတံ သုတံ။

ယေ - အကြင်သူတို့သည်၊ ပက္ခသ - လဆန်းပက္ခ၊ လဆုတ်ပက္ခ၏၊ စာတုဒ္ဒသိံစ (တစ်ဆယ့်လေးရက်မြောက်လည်းဖြစ်သော၊ ပဉ္စဒသိံစ - တစ်ဆယ့်ငါးရက် မြောက်လည်းဖြစ်သော၊ ပက္ခသ လဆန်းပက္ခ - လဆုတ်ပက္ခ၏၊ ယာအဋ္ဌမီ - အကြင်ရှစ်ရက်မြောက်သည်၊ အတ္ထိ - ရှိ၏။ (တံစ - ထိုရှစ်ရက်မြောက်လည်းဖြစ်သော) ပါဋိဟာရိယပက္ခဉ္စ ဉပုသ်နေ့၏ အကြိုအပိုလည်းဖြစ် သော၊ အဋ္ဌင်္ဂသုသမာဂတံ - အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ ဥပေါသတံ - ဥပုသ်ကို၊ ဥပဝသန္တိ - ကပ်၍နေကုန်၏။ ပြဟ္မာစရိယံ - အကျင့်မြတ်ကို၊ စရန္တိ - ကျင့်သုံးကုန်၏။ တေဟိ - ထိုသူတို့နှင့် ယက္ခာ - ဘီလူးတို့သည်၊ နကီဠန္တိ - မကစားကြကုန်၊ က္လတိ - ဤသို့ တေတယာ - သင်သည်၊ သုတံ - ကြားအပ်သော ကြားဖူးသော၊ အရဟာတံ အရဟန္တာနံ - ရဟန္တာတို့၏။ (ဝစနံ - စကားသည်) သာဟု သာဓု ကောင်း၏။ မှန်၏။

က္လတိ-ဤသို့၊ ဝတွာ - ဆိုပြီးသော် -

သာနုံပဗုဒ္ဓံ ဝဇ္ဇာသိ၊ ယက္ခာနံ ဝစနံ က္လဒံ
မာကာသိ ပါပကံ ကမ္မံ၊ အာဝိဝါ ယဒိဝါ ရဟော။

သစေ ပေ ပါပကံ ကမ္မံ၊ ကရိဿသိ ကရောသိ ဝါ။
န တေ ဒုက္ခာ ပမုတျတ္ထိ၊ ဥပ္ပစ္စာပိ ပလာယတော။

အာဝိ ဝါ - မျက်မှောက်၌လည်းကောင်း၊ ယဒိ - ထိုသို့မဟုတ်၊ ရဟော ဝါ - မျက်ကွယ်၌လည်းကောင်း၊ ပါပကံ - ယုတ်မာသော၊ ကမ္မံ - အကုသိုလ်အမှုကို၊ မာကာသိ - မပြုနှင့်။

ပါပကံ - ယုတ်မာသော၊ ကမ္မံ - အကုသိုလ်အမှုကို၊ သစေ ကရိဿသိ ဝါ - အကယ်၍ ကိုယ်တိုင်မူလည်း ပြုအံ့၊ သစေ ကာရေသိ ဝါ - အကယ်၍ သူတစ်ပါးကိုမူလည်း ပြုစေအံ့။

ဧဝံ သတိ - ဤသို့ကိုယ်တိုင်မူလည်း ပြုသည်၊ သူတစ်ပါးကိုမူလည်း ပြုစေသည်ရှိသော်၊ ဥပ္ပစ္စ - ကောင်းကင်သို့ ပျံတက်၍၊ ပလာယတော အပိ - ပြေးသော်လည်း၊ တေ - သင့်အား၊ ဒုက္ခာ - ဆင်းရဲမှ၊ ပမုတ္တိ - လွတ်မြောက်ခြင်းသည်၊ န အတ္ထိ - မရှိ၊ ယက္ခာနံ - ဘီလူးတို့၏၊ ဣဒံ ဝစနံ - ဤစကားကို၊ ပဗုဒ္ဓ - နိုးလာသော၊ ဝါ - သတိရလာသော၊ သာနုံ - သာနုသာမဏေကို၊ ဝဇ္ဇာသိ - ပြောပြပါလေလော့။

ဤသို့ ယုတ်မာသော အမှုကိုပြု၍ ဝါ - ပြုခဲ့သော်ကောင်းကင်သို့ ပြန်တက်၍ ပြေးသော ငှက်၏ လွတ်မြောက်ခြင်းမရှိသကဲ့သို့ ကောင်းကင်သို့ပြန်တက်၍ ပြေးသော သင်၏လည်း လွတ်မြောက်ခြင်းမရှိဟု ပြောဆို၍ ထိုဘီလူးမသည် သာနုသာမဏေကို လွတ်လိုက်ပြီ။

သာနုသာမဏေသည် မျက်လုံးတို့ကို ဖွင့်၍ ကြည့်လေသော် ဆံပင်တို့ကို ဖရိုဖရဲ ဖြန့်ကျဲ၍ တရှုံ့ရှုံ့ တရှိုက်ရှိုက်ငိုနေသော မိခင်ကိုလည်းကောင်း၊ စုဝေးနေကုန်သော ရွာသူရွာသား အားလုံးတို့ကို လည်းကောင်း၊ မြင်တွေ့ရ၍ မိမိ၏ ဘီလူးသည် ဖမ်းယူအပ်သည်အဖြစ်ကို ဝါ - မိမိကို ဘီလူးဖမ်းယူထားကြောင်းကို မသိသည်ဖြစ်၍ ငါသည် ရှေ့အချိန်၌ အင်ပျဉ်ထိုင်နေ၏။ ငါ၏ မိခင်သည်လည်း ငါ၏အနီး၌ ထိုင်၍ ဆန်တို့ကို ဆေးနေပြီ၊ ယခုအချိန်မှာမူ ငါသည် မြေကြီးပေါ်၌ အိပ်နေ၏။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်း။ အိပ်နေလျက်သာ မယ်တော်ကို ဤသို့ ပြောဆို၏။

မတံ ဝါ အမ္မ ရောဒန္တိ၊ ယော ဝါ ဇီဝံ န ဒိဿတိ။
ဇီဝန္တံ အမ္မ ပဿန္တိ၊ ကသ္မာ မံ အမ္မ ရောဒသိ။

အမ္မ - အိုမိခင်၊ မတံ ဝါ - သေသူကိုမူလည်း၊ (အပဿန္တာ - မမြင်သူတို့သည်)၊ ရောဒန္တိ - ငိုကြွေးကုန်၏။ ယော - အကြင်သူသည်၊ ဇီဝံ - ဇီဝန္တော - အသက်ရှင်နေလျက်၊ န ဒိဿတိ - မတွေ့မြင်ရ၊ တံ ဝါ - ထိုသူကိုမူလည်း၊ (အပဿန္တာ - မမြင်သူတို့သည်) ရောဒန္တိ - ငိုကြွေးကုန်၏။

အမ္မ - အိုမိခင်၊ ဇီဝန္တံ - အသက်ရှင်နေသော၊ မံ - ကျုပ်ကို၊ ပဿန္တိ - မြင်နေပါလျက်၊ အမ္မ - အိုမိခင်၊ ကသ္မာ - အဘယ်ကြောင့်၊ ရောဒသိ - ငိုကြွေးပါသနည်း။

ထိုအခါ သာမဏေ၏ မယ်တော်သည် ဝတ္ထုကာမ ကိလေသာကာမတို့ကို ပယ်စွန့်၍ သာမဏေပြုနေသော သား၏ လူထွက်ရန် လာရောက်ခြင်း၌ အပြစ်ကို ပြလို၍ -

မတံဝါ ပုတ္တ ရောဒန္တိ၊ ယော ဝါ ဇီဝံ နဒိဿတိ။
ယောစ ကာမေ စဇိတွာန၊ ပုနရာဂစ္ဆတေ ဣဓ။
တံ ဝါပိ ပုတ္တရောဒန္တိ၊ ပုန ဇီဝံ မတောဟိသော။

ပုတ္တ - ချစ်သား၊ (ဉာတကာ - ဆွေမျိုးတို့သည်) မတံဝါ - သေသူကိုမူလည်း၊ ရောဒန္တိ - တမ်းတငိုကြွေးကုန်၏။ ယော - အကြင်သူသည်၊ ဇီဝံ ဇီဝန္တော - အသက်ရှင်နေလျက်၊ နဒိဿတိ - မမြင်မတွေ့၊ တံဝါ - ထိုသူ ကိုမူလည်း၊ ရောဒန္တိ - တမ်းတငိုကြွေးကုန်၏။ ယောစ - အကြင်သူသည်လည်း၊ ကာမေ - ဝတ္ထုကာမ ကိလေသာ ကာမတို့ကို၊ စဇိတွာန - စွန့်ပယ်၍၊ ပုန - တစ်ဖန်၊ ဣဓ - ဤအိမ်၌၊ အာဂစ္ဆတေ - လူထွက်ရန် ပြန်လာ၏။

ပုတ္တ - ချစ်သား၊ တံဝါပိ - ထိုသူကိုမူလည်း၊ ရောဒန္တိ - တမ်းတငိုကြွေးကုန်၏။ ဟိ သစ္စံ - မှန်၏။ သော - ထိုသူသည်၊ ဇီဝံ ဇီဝန္တော - အသက်ရှင်လျက်၊ ပုန - နောက်ထပ်၊ မတော - သေသူဖြစ်၏။ ဟုပြောလေ၏။

ဤသို့ ပြောပြီး၍ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရခြင်းကို ပြာပူနှင့် တူသည်ကိုလည်း ကောင်း၊ ငရဲနှင့်တူသည်ကိုလည်းကောင်းပြ၍ အိမ်ရာတည်ထောင် လူ့ဘောင်နေရခြင်း၌ အပြစ်ကို ပြလိုပြန်၍ နောက်ထပ် -

ကုက္ကုဠော ဥဋ္ဌတောတာတ၊ ကုက္ကုဠံ ပတိတုမိစ္ဆသိ။
နရကာ ဥဋ္ဌတော တာတ၊ နရကံ ပတိတုမိစ္ဆသိ။

တာတ - ချစ်သား၊ တွံ - သင်သည်၊ ကုက္ကုဠော - ပြာပူမှ၊ ဥဋ္ဌတော - ထွက်မြောက်သူဖြစ်လျက်၊ ကုက္ကုဠံ - ပြာပူ၌၊ ပတိတုံ - ကျခြင်းငှာ၊ ဣစ္ဆသိ - အလိုရှိသူဖြစ်၏။

တာတ - ချစ်သား၊ တွံ - သင်သည်၊ နရကာ - ငရဲမှ၊ ဥဋ္ဌတော - ထွက်မြောက်သူဖြစ်လျက်၊ နရကံ - ငရဲ၌၊ ပတိတုံ - ကျခြင်းငှာ - ဣစ္ဆသိ - အလိုရှိသူဖြစ်၏။ ဟုဆိုလေ၏။

ထိုမှတစ်ပါး မယ်တော်သည် သာမဏေကို - ချစ်သား သင်၏ ကောင်းခြင်းသည် ဖြစ်ပါစေ၊ မိခင်ဖြစ်သူ ငါသည်ကား ငါတို့၏ ဤသားငယ်သည် မီးလောင်အပ်၏။ မီးလောင်ခံနေရသူဖြစ်၏ဟု အိမ်မှ ပစ္စည်းဘဏ္ဍာကို ထုတ်ဆောင်သကဲ့သို့ ထုတ်ဆောင်၍ ဗုဒ္ဓသာသနာတော်၌ သာမဏေပြု စေအပ်၏။ ချစ်သားသည် နောက်ထပ် တဖန် အိမ်ရာတည်ထောင် လူ့ဘောင်၌ မီးလောင်ခံလိုပြန်၏။ ချစ်သား - ဗုဒ္ဓသာသနာတော်၌ ပျော်ဝင်နေပါလော့၊ ငါတို့ကို ကာကွယ်စောင့်ရှောက်ပါလော့ဟု ပြောဆို၍ သင်လူထွက်လိုသော ဤအကြောင်းကို အဘယ်သူ အားကဲ့ရဲ့ ကြရမည်နည်း။ အဘယ်သူကို ရှုတ်ချကြရမည်နည်းဟူသော အဓိပ္ပာယ်ကို ပြခြင်းငှာ ဤဂါထာကို ရွတ်ဆိုလေ၏။

အဘိဓာဝတ ဘဒ္ဒန္တေ၊ ကဿ ဥဇ္ဈာပယာမသေ။
အာဒိတ္တာ နီဟတံ ဘဏ္ဍံ၊ ပုန ဍယှိတုမိစ္ဆသိ။

ဘဒ္ဒန္တေ - အရှင်ကောင်း သာမဏေ၊ အဘိဓာဝထ - ဗုဒ္ဓသာသနာတော်သို့ အမြန်ပြေးဝင်ပါလေလော့၊ ကဿ - အဘယ်သူအား၊ ဥဇ္ဈာပယာမသေ - ကဲ့ရဲ့စေကုန်ရာအံ့နည်း။

အာဒိတ္တာ - အလျံပြောင်ပြောင်မီးလောင်အိမ်မှ၊ နီဟတံ - ထုတ်ဆောင်အပ်ပြီးသော၊ ဘဏ္ဍံ - ပစ္စည်းဘဏ္ဍာကို၊ ပုန - နောက်ထပ်တစ်ဖန်၊ ဍယှိတုံ - လောင်ခြင်းငှာ၊ ဣစ္ဆသိ - အလိုရှိသူဖြစ်၏။

သာနုသာမဏေသည် မယ်တော်သည် စကားထိုထို ပြောဆိုနေစဉ် စကားကို မှတ်သား၍ အိုမိခင် ကျုပ်မှာ လူ၏အဖြစ်ဖြင့် အလိုမရှိတော့ပါဟု ပြောလေ၏။

ထိုအခါ မယ်တော်သည် သာမဏေအား ချစ်သား ကောင်းပေစွဟု ပြောဆိုကာ နှစ်သက်ဝမ်းသာသည်ဖြစ်၍ မွန်မြတ်သော ဘောဇဉ်ဆက်ကပ်၍ ချစ်သား သင်သည် အသက်နှစ် အဘယ်မျှရှိသနည်းဟု မေး၍ အသက်နှစ်ဆယ်ပြည့်ပြီးကြောင်းကို သိပြီး သင်္ကန်းသုံးထည်ကို စီရင်လေ၏။

သာနုသာမဏေသည် သပိတ်သင်္ကန်းပြည့်စုံသူဖြစ်၍ ရဟန်းအဖြစ်ကို ရလေပြီ။ ရဟန်းအဖြစ်ကို ရပြီးနောက်၌ မြတ်စွာဘုရားသည် ရဟန်းဖြစ်၍ မကြာသေးသော သာနုရဟန်း၏ သူ၏ စိတ်ကို နှိပ်ခြင်း၌ အားထုတ်ခြင်းကို ဖြစ်စေလို၍ အမျိုးမျိုးသော အာရုံတို့၌ နေ့ညရှည်ကြာ လှည့်လည်ကျက်စားနေသော ထိုစိတ်ကို နှိပ်ကွပ်ခြင်းမရှိသော သူ၏မနှိပ်ကွပ်သူ၏ ချမ်းသာခြင်းအဖြစ်ရှိသူမည်သည် မရှိပါချေ။ ထို့ကြောင့် ဆင်ထိန်းသည် ချွန်းဖြင့် အမုန်ယစ်သော ဆင်ကို နှိပ်ကွပ်သကဲ့သို့ စိတ်ကို နှိပ်ကွပ်ခြင်း၌ အားထုတ်ခြင်းကို ပြုပါလေဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ဣဒံ ပုရေ စိတ္တမစာရိ စာရိကံ၊
ယေန ိစ္ဆကံ ယတ္ထကာမံ ယထာသုခံ။
တဒဇ္ဇဟံ နိဂ္ဂဟေဿာမိ ယောနိသော။
ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂဟော။

ဣဒံ စိတ္တံ - ဤစိတ်သည်၊ ပုရေ - ရှေးရှေးကာလ ဘဝများစွာ သံသရာ၌၊ ယေနိစ္ဆကံ - ရူပါရုံစသည်တို့၌ ရာဂစသည်တို့ဖြင့် အလိုရှိတိုင်း၊ ယတ္ထကာမံ - အလိုရှိရာ၊ ယထာသုခံ - ကောင်းနိုးရာရာ၊ စာရိကံ - လှည့်လည် ကျက်စားခြင်းကို ဝါ - လှည့်လည်ကျက်စားခြင်းဖြင့်၊ အစာရိ - ကျက်စားခဲ့လေပြီ။ အင်္ကုသဂ္ဂဟော - ချွန်းတောင်း ကိုင်သူဆင်ထိန်းသည် (အင်္ကုသေန - ချွန်းဖြင့်) ဟတ္ထိပ္ပဘိန္နံ - မုန်ယစ်သောဆင်ကို နိဂ္ဂဏှာတိဝိယ - နှိပ်သကဲ့သို့၊ အဟံ - ငါသည်၊ အဇ္ဇ - ယနေ့ယခု၊ တံ - ထိုစိတ်ကို၊ ယောနိသော - အသင့်အားဖြင့် နှလုံးသွင်းခြင်းဖြင့် နိဂ္ဂဟေဿာမိ - နှိပ်ကွပ်ပေတော့အံ့။

(အဿ - ထိုစိတ်အား၊ ဝီဝိက္ကမိတုံ - လွန်ကျူးခြင်းငှာ ဝါ - လွန်ကျူးခွင့်ကို၊ နဒဿာမိ - ပေးတော့မည်မဟုတ်။)

ဒေသနာတော်အဆုံး၌ သာနုရဟန်းနှင့်အတူတကွ တရားနာရန် ချဉ်းကပ်လာ ကြကုန်သော နတ်များစွာတို့၏ သစ္စာလေးရပ်တရားမြတ်ကို တတ်အပ်မယွင်းသိမြင်ခြင်း ဖြစ်လေပြီ။ ဝါ - အရိယာ အဖြစ်သို့ ရောက်လေပြီ။

ထိုအရှင်သာနုသည်လည်း ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော်ကို သင်ယူ၍ မဟာဓမ္မ ကထိကပုဂ္ဂိုလ်ဖြစ်ပြီး အသက်နှစ်တစ်ရာ့ နှစ်ဆယ်ပတ်လုံး တည်တော်မူကာ ဇမ္ဗူဒိပ်တစ်ခုလုံးကို တုန်လှုပ်ခြောက် ခြားစေလျက် ပရိနိဗ္ဗာန်ပြုလေပြီ။

**သာနုသာမဏေရဝတ္ထု ပြီး၏။**

## ၁၂၅။ ပါဝေယျကဟတ္ထိဝတ္ထု
## ပါဝေယျကဆင်အကြောင်း

ကောသလမင်းကြီး၏ ပါဝေယျက အမည်ရှိသော ဆင်ရှိလေ၏။

ထိုဆင်သည် ငယ်ရွယ်စဉ် အချိန်၌ အားကောင်း၍ နောက်အချိန်၌ ဇရာလေအဟုန် ဖိစီးနှိပ်စက်အပ်သည် ဖြစ်၍ ရေအိုင်ကြီးတစ်အိုင်သို့ သက်ဆင်း၍ ရွှံ့ညွန်၌ ငြိတွယ်ပြီး ပြန်တက်နိုင်ရန် မစွမ်းနိုင်ချေ။

များစွာသောလူသည် ထိုဆင်ကို မြင်ကြ၍ အားအလွန်ကောင်းခဲ့သော ဆင်ကြီးသော်လည်း ဤအားနည်းသူအဖြစ်သို့ ရောက်ရလေပြီဟု ပြောဆိုလေ၏။ ကောသလမင်းသည် ထိုအကြောင်းကို ကြား၍ ဆင်ဆရာကို အိုဆရာ သွားပါ ထိုဆင်ကို ရွှံ့ညွန်အတွင်းမှ ထုတ်ဆယ်ပါဟု ခိုင်းစေလေ၏။

ဆင်ဆရာသည် သွား၍ ထိုအရပ်၌ စစ်အဦးကိုပြ၍ စစ်မြေပြင်၌ တီးသောစည်ကို ရိုက်တီးစေ၏။ ဇာတိမာန်ရှိသောဆင်သည် လျင်မြန်စွာ ထ၍ ကုန်းပေါ်၌ ရပ်တည်နေပြီ။

ရဟန်းတို့သည် ထိုအကြောင်းကို သိမြင်ကြ၍ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ထိုဆင်သည် ပကတိသော ရွှံ့ညွန်၌ နစ်မြုပ်ခြင်းမှ မိမိကိုယ်ကို ထုတ်ဆောင်အပ်ပြီတို့ သင်တို့သည်ကား ကိလေသာဟူသော ရွှံ့ညွန်၌ ပြေးဝင်နစ်မြုပ်နေကုန်၏။

ထို့ကြောင့် သင်တို့သည်လည်း အသင့်အားဖြင့် အားထုတ်ကုန်၍ ကိလေသာ ရွှံ့ညွန်မှ မိမိကိုယ်ကို ထုတ်ဆောင်ကယ်တင်ကြကုန်လော့ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူပြီ။

အပ္ပမာဒရတာ ဟောထ၊ သစိတ္တမနုရက္ခထ။
ဒုဂ္ဂါ ဥဒ္ဓရထတ္တာနံ၊ ပင်္ကေ သန္နောဝ ကုဉ္ဇရော။

အပ္ပမာဒရတာ - အပ္ပမာဒ၌၊ ဝါ - သတိမကင်းခြင်း၌ မွေ့လျော်သူတို့သည်၊ ဟောတ - ဖြစ်ကြကုန်လော၊ သစိတ္တံ - မိမိစိတ်ကို၊ အနုရက္ခထ ရူပါရုံအစရှိသော အာရုံတို့၌ မလွန်ကျူးရလေအောင် စောင့်ရှောက်ကြကုန်လော။

ပင်္ကေ - ရွှံ့ညွန်၌၊ သန္နော - နစ်မြုပ်နေသော၊ ကုဉ္ဇရော - ဆင်သည်၊ ဒုဂ္ဂါ - ရွှံ့ညွန်မှ၊ သတ္တာနံ - မိမိကိုယ်ကို၊ ဥဒ္ဓရတိဣဝ - ထုတ်နုတ်ကယ်တင်သကဲ့သို့၊ (တုမှေပိ - သင်တို့သည်လည်း) ဒုဂ္ဂါ - ကိလေသာတည်းဟူသော ရွှံ့ညွန်မှ၊ အတ္တာနံ - မိမိကိုယ်ကို၊ ဥဒ္ဓရထ - ထုတ်နုတ်ကယ်တင်ကြကုန်လော။

(နိဗ္ဗာနထလေ - နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းပေါ်၌၊ ပတိဋ္ဌာပေထ - တည်စေကြကုန်လော့)

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌တည် ကြလေကုန်ပြီ။

**ပါဝေယျကဟတ္ထိဝတ္ထု ပြီး၏။**

## ၁၂၆။ သမ္ဗဟုလဘိက္ခုဝတ္ထု
## များစွာသောရဟန်းတို့အကြောင်း

မြတ်စွာဘုရား ပါလိလေယျက တောအုပ်၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရား၏ ပါလိလေယျက ဆင်ပြုစုမှုကို ခံ၍ သီတင်းသုံးနေတော်မူသည်၏အဖြစ်သည် ဇမ္ဗူဒိပ်တစ်ခုလုံး၌ ထင်ရှားလေပြီ။

သာဝတ္ထိမြို့မှ အနာထပိဏ် ဥပါသက ဝိသာခါ ဥပါသိကာ - အစရှိကုန်သော အမျိုးကြီးတို့သည် -

အရှင်အာနန္ဒာဘုရား ထုပည့်တော်တို့အား မြတ်စွာဘုရားကို ပြပေးတော်မူကြပါဟု သတင်းပို့ကြကုန်၏။

အရပ်လေးမျက်နှာနေ ရဟန်းငါးရာတို့သည်လည်း ဝါကျွက်ကြကုန်၍ အာနန္ဒာထေရ်ထံ ချဉ်းကပ်ကြပြီး

ငါ့ရှင် အာနန္ဒာ - တပည့်တော်တို့ တောင်းပန်ပါသည်။ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ တရားနှင့် ယှဉ်သောစကားကို ကြားနာမှုကို ရကြပါမူကောင်းပါလေစွဟု တောင်းပန်ကြကုန်၏။

အာနန္ဒာထေရ်သည် ထိုအာဂန္တုရဟန်းတို့ကို ခေါ်၍ မြတ်စွာဘုရားရှိရာ အရပ်သို့ သွား၍ ဝါတွင်း သုံးလပတ်လုံး တစ်ပါးတည်း နေတော်မူသော မြတ်စွာဘုရားထံ ဤရဟန်းငါးရာတို့နှင့်အတူ ချဉ်းကပ်ခြင်းသည် မသင့်လျော်ဟု စိတ်ကူးပြီး အာဂန္တုရဟန်းငါးရာတို့ကို တောအုပ်ပြင်ပ၌ ထားခဲ့၍ တစ်ပါးတည်းသာ မြတ်စွာဘုရားထံ ချဉ်းကပ်လေ၏။

ပါလိလေယျကဆင်သည် အာနန္ဒာထေရ်ကို မြင်လျှင် ဒုတ်ကို ကိုင်၍ ပြေးသွားလေပြီ။ မြတ်စွာဘုရားသည် ပါလိလေယျက ဆင်ကို ကြည့်တော်မူပြီးဟဲ့ ပါလိလေယျက နောက်ဆုတ်လော့ နောက်ဆုတ်လော့ မတားပါနှင့် ထိုရဟန်းသည် ငါဘုရား၏ အလုပ်အကျွေးတည်းဟု မိန့်တော်မူ၏။

ပါလိလေယျကဆင်သည် ရောက်ရာ ထိုအရပ်၌သာ ဒုတ်ကိုစွန့်ပစ်၍ သပိတ်သက်န်း လှမ်းယူခြင်းကို ပန်ကြားလေ၏။ အာနန္ဒာထေရ်သည် သပိတ်သက်န်းကို မပေးပါလေ၊ ပါလိလေယျက ဆင်သည် သင်ယူအပ်ပြီးသော ကျင့်ဝတ်ရှိသူ ရဟန်းဖြစ်ခဲ့လျှင် မြတ်စွာဘုရား ထိုင်နေရာ ကျောက်ဖျာ၌ မိမိ၏ ပရိက္ခရာကိုထားမည် မဟုတ်ဟု ကြံမိလေ၏။

အာနန္ဒာထေရ်သည် သူ၏ သပိတ်သက်န်းကို မြေကြီးပေါ်၌ ထားလေ၏။ ထိုစကားမှန်၏ ကျင့်ဝတ်နှင့် ပြည့်စုံသော ရဟန်းတို့သည် လေးစားထိုက်သူတို့၏ ထိုင်ရာနေရာ၌သော်လည်းကောင်း၊ အိပ်ရာနေရာ၌သော်လည်းကောင်း မိမိ၏ ပရိက္ခရာကို မထားကြလေကုန်။

ရှင်အာနန္ဒာထေရ်သည် မြတ်စွာဘုရားကို ရှိခိုး၍ သင့်လျော်သောနေရာ၌ ထိုင်နေတော်မူ၏။

မြတ်စွာဘုရားသည် အာနန္ဒာထေရ်ကို မေးတော်မူ၏။

အာနန္ဒာ သင်သည် ငါဘုရားထံ တစ်ပါးတည်းလာခဲ့သလော။

ရဟန်းငါးရာတို့နှင့်အတူ လာခဲ့ပါသည်ဘုရား။

ထိုရဟန်းတို့ ဘယ်မှာနည်း။

အရှင်ဘုရားတို့၏ စိတ်နေသဘောကို မသိရသေး၍ ထိုရဟန်းတို့ကို တောအုပ်ပြင်ပ၌ ထားခဲ့ပြီး တပည့်တော်တစ်ပါးတည်း လာခဲ့ပါသည်ဘုရား။

ထိုရဟန်းတို့ကို သွား၍ခေါ်ပါ။

အာနန္ဒာထေရ်သည် မြတ်စွာဘုရား အမိန့်တော်အတိုင်း ရဟန်းငါးရာတို့ကို မြတ်စွာဘုရားထံ ခေါ်ခဲ့လေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့်အတူ အဆက်အစပ်ကို ပြုတော်မူပြီ။

ထိုရဟန်းတို့သည် မြတ်စွာဘုရားကို ဤသို့လျှောက်ထားကြသည်။

မြတ်စွာဘုရား အရှင်မြတ်သည် ဘုရားဖြစ်၍လည်း နူးညံ့တော်မူပါသည်။ မင်းမှပေါက်ဖွား မင်းသားဖြစ်၍လည်း နူးညံ့တော်မူပါသည်။

ဝါတွင်းသုံးလပတ်လုံး တစ်ပါးတည်းရပ်တော်မူ ထိုင်တော်မူကာ အရှင်ဘုရားတို့သည် ပြုနိုင်ခဲသော အမှုကိုပြုတော်မူအပ်ပါသည်။

ဝတ်ကြီး ဝတ်ငယ် ပြုစုသူနှင့် မျက်နှာသစ်ရေ စသည်ကို ပေးမည့်သူလည်း ရှိမည်မထင်ပါဘုရား။

ရဟန်းတို့ ပါလိလေယျက ဆင်သည် ငါဘုရား၏ ပြုဖွယ်ကိစ္စအားလုံးကို ပြုအပ်၏၊ မှန်၏။ ဤသို့သော အပေါင်းအဖော်ကို ရရှိသူသည် အပေါင်းအဖော်နှင့်အတူ နေသင့်သည်။ မရရှိသော သူအဖို့ တစ်ဦးတည်းနေရခြင်းသည်သာ မြတ်ပေသည်ဟု မိန့်တော်မူကာ ဤဂါထာတို့ကို ဟောတော်မူပြီ။

၁။ သစေ လဘေထ နိပကံ သဟာယံ။
သဒ္ဓိံစရံ သာဓုဝိဟာရိ ဓီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ။
စရေယျ တေနတ္တမနော သတိမာ။

၂။ နောစေ လဘေထ နိပကံ သဟာယံ။
သဒ္ဓိံစရံ သာဓုဝိဟာရိ ဓီရံ။
ရာဇာဝရဋ္ဌံ ဝိဇိတံ ပဟာယ။
ဧကော စရေ မာတင်္ဂ ရညေဝ နာဂေါ။

၃။ ဧကဿ စရိတံ သေယျော။
နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေ နစ ပါပါနိ ကယိရာ။
အပ္ပေါ်သုက္ကော မာတင်္ဂရညေဝ နာဂေါ။

၁။ နိပကံ - ရင့်ကျက်သော၊ ပညာရှိသော၊ သာဓုဝိဟာရိံ - ကောင်းစွာနေလေ့ရှိသော၊ ဓီရံ - မြဲမြံသော ပညာရှိသော၊ သဒ္ဓိံစရံ - အတူသွားဘက်ကျင့်ဘက်ဖြစ်သော၊ သဟာယံ - အပေါင်းအဖော်ကို၊ သစေလဘေထ - အကယ်၍ ရကုန်ငြားအံ့၊ တေန - ထိုအပေါင်းအဖော်နှင့်၊ အတ္တမနော - နှစ်လိုသော စိတ်ရှိသည်၊ သတိမာ - သတိရှိသည်၊ (ဟုတွာ - ဖြစ်၍) စရေယျ - နေထိုင်ကျင့်သုံးရာ၏။

၂။ နိပကံ - ရင့်ကျက်သော ပညာရှိသော၊ သာဓုဝိဟာရိံ - ကောင်းစွာနေလေ့ရှိသော၊ ဓီရံ - မြဲမြံသော ပညာရှိသော၊ သဒ္ဓိံစရံ - အတူသွားဘက် ကျင့်ဘက်ဖြစ်သော၊ သဟာယံ - အပေါင်းအဖော်ကို၊ နောစေလဘေထ - အကယ်၍မရကုန်ငြားအံ့၊ ဝိဇိတံ - အောင်အပ်ပြီးသော မြေအရပ်ရှိသော၊ ရဋ္ဌံ - တိုင်းပြည်ကို၊ ပဟာယ - စွန့်ပစ်၍၊ (စရန္တော - ကျင့်သုံးနေထိုင်သော) ရာဇာဣဝ - မဟာဇနက မင်းကဲ့သို့လည်းကောင်း၊ မာတင်္ဂရညေ-မာတင်္ဂတော၌ -

**တစ်နည်း** - အရညေ - တော၌၊ မာတင်္ဂေါ - မာတင်္ဂအမည်ရှိသော၊ နာဂေါဣဝ - ဆင်ကဲ့သို့လည်းကောင်း၊ ဧကော - တစ်ဦးတစ်ယောက်တည်း၊ စရေ - သွားလာနေထိုင် ကျင့်သုံးရာ၏။

၃။ ဧကဿ - တစ်ပါးတည်းသော ရဟန်း၏။ စရိတံ - အကျင့်သည်၊ သေယျော - မြတ်၏၊ ဗာလေ - မိုက်သော သူ၌၊ သဟာယတာ - သီလအစ နိဗ္ဗာန်အဆုံးအပေါင်းအဖော်အားလုံးသည်၊ နတ္ထိ - မရှိချေ။ မာတင်္ဂ ရညေ - မာတင်္ဂတော၌ -

**တစ်နည်း** - အရညေ - ဤတော၌၊ မာနင်္ဂေါ - မာတင်္ဂအမည်ရှိသော၊ နာဂေါဆင်သည်၊ အပ္ပေါဿုက္ကော - ကြောင့် ကြမဲ့၊ ဧကော - တစ်ကောင်တည်း၊ စရတိဣဝ - သွားလာနေထိုင်သကဲ့သို့၊ ဧဝံ ဤအတူ၊ ဧကော - တစ်ပါးတည်း၊ စရေ စရေယျ - ကျင့်သုံးနေထိုင်ရာ၏။ ပါပါနိစ - မကောင်းမှုတို့ကိုလည်း၊ နကယိရာ - မပြုရာ။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီး။

**သမ္မဟုလဘိက္ခုဝတ္ထု ပြီး၏။**

## ၁၂၄။ မာရဝဇ္ဇာ
## မာရ်နတ်အကြောင်း

မြတ်စွာဘုရား ဟိမဝန္တာအရပ် တောကျောင်း၌ နေတော်မူ၏။ ထိုအချိန်၌ မင်းတို့သည် ပြည်သူလူထုကို နှိပ်စက်ညှဉ်းပန်း၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြကုန်၏။

ထိုအချိန်၌ မြတ်စွာဘုရားသည် တရားမစောင့်သော မင်းတို့၏ မင်းအဖြစ်၌ ဥစ္စာဒဏ်၊ ထောင်ဒဏ်တပ်၍ နှိပ်စက်ညှဉ်းပန်းအပ်ကုန်သော လူတို့ကို မြင်တော်မူ၍ သနားတော်မူခြင်းဖြင့် ဤသို့ ကြံစည်တော်မူပြီ။

မသတ်ထိုက်သူကို မသတ်စေဘဲ မအောင်ထိုက်သူကို မအောင်စေဘဲ မစိုးရိမ်ထိုက်သူကို မစိုးရိမ်စေဘဲ တရားသဖြင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်စေရန် တတ်နိုင်ကောင်း အံ့လော (ဟူ၏)

မရ်နတ်ယုတ်သည် မြတ်စွာဘုရား၏ ထိုစိတ်အကြံကို သိ၍ ရဟန်းဂေါတမသည် တိုင်းပြည် အုပ်ချုပ် မင်းလုပ်စေရန် တတ်နိုင်ကောင်းအံ့လောဟု ကြံစည်နေပြီ။ ယခုအချိန် မင်းအဖြစ်ကို ပြုစေလိုသူဖြစ်လိမ့်မည်။ ထိုမင်းအဖြစ်ဟူသည်လည်း မေ့လျော့ခြင်း၏အကြောင်းဖြစ်၏။ မင်းအဖြစ်ကို ပြုစေခဲ့သော် - ငါသည် အခွင့်ရရန် တတ်နိုင်၏ သွားဦးအံ့၊ ရဟန်းဂေါတမအား အားထုတ်မှုကို ဖြစ်စေမည်ဟု ကြံစည်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ဤသို့ လျှောက်ထားလေ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် မင်းအဖြစ်ကို ပြုစေတော်မူပါ။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် မသတ်ထိုက်သူကို မသတ်စေဘဲ၊ မအောင်ထိုက်သူကို မအောင်စေဘဲ၊ မစိုးရိမ်ထိုက်သူကို မစိုးရိမ်စေဘဲ တရားသဖြင့် မင်းအဖြစ်ကို ပြုစေတော်မူပါ။

အို မာရ်နတ်ယုတ် သင်သည် ငါ၏ ဘယ်သဘောကို မြင်၍ ယင်းစကားကို လျှောက်ထား ပြောဆိုသနည်း။

မြတ်စွာဘုရား မြတ်စွာဘုရားသည် ဣဒ္ဓိပါဒ် (ပြည့်စုံနိုင်ခြင်း၏အကြောင်း) လေးမျိုးကို ပွားအပ်ပြီးပါပြီ။

မှန်ပါသည်။ မြတ်စွာဘုရားသည် အလိုရှိခဲ့လျှင် ဟိမဝန္တာတောင် မင်းကြီးကို ရွှေဖြစ်စေ သတည်းဟု နှလုံးသွင်းငြားအံ့၊ စိတ်ကူးလိုက်ငြားအံ့၊ ထိုဟိမဝန္တာတောင် မင်းသည် ရွှေအတိသာ ဖြစ်သွားရာ၏။ ကျုပ်သည်လည်း ပစ္စည်းဥစ္စာဖြစ်အောင် ပြုလုပ်ပါမည် အရှင်တို့သည် မင်းအဖြစ်ကို ပြုတော်မူစေကြပါ။

ဤသို့မာရ်နတ်လျှောက်ထားအပ်လေသော် -

ပဗ္ဗတဿ သုဝဏ္ဏဿ၊ ဇာတရူပဿ ကေဝလော။
ဒွိတ္တာဝ နာလမေတဿ၊ ဣတိ ဝိဒွါ သမဉ္စရေ။
ယော ဒုက္ခမဒက္ခိ ယတောနိဒါနံ။
ကာမေသု သော ဇန္တု ကထံ နမေယျ။

ဥပဓိံ ဝိဒိတွာ သင်္ဂေါတိ လောကေ။
တဿေဝ ဇန္တု ဝိနယာယ သိက္ခေ။

ပါပိမ - ဟယ် မာရ်နတ်ယုတ်။ ကေဝလော - မရောမယှက်သက်သက်၊ သုဝဏ္ဏဿ - ရွှေ၏။ ယောပဗ္ဗတောဝါ - အကြင်တောင်သည်လည်းကောင်း၊ ဒွိတ္တာ - နှစ်ခုမြောက်သော၊ ဇာတရူပဿ - ရွှေ၏။ ယောပဗ္ဗတောဝါ - အကြင်တောင်သည်လည်းကောင်း၊ အဿဘဝေယျ - ဖြစ်ရာ၏။ တံ - ထိုတစ်လုံး နှစ်လုံးသော ရွှေတောင်ကို၊ ဧကဿ - တစ်ယောက်သော သူအား၊ ဒတွာစ - ပေး၍လည်း၊ နာလံ - အားရရောင့် ရဲစေခြင်းငှာ မစွမ်းနိုင်၊ ဣတိဧဝံ - ဤသို့ ဝိဒွါ - ပညာရှိသည်၊ (ဥတွာ - သိ၍) သမဉ္စရေ - ကောင်းစွာ ကျင့်ရာ၏။

ယောဇန္တု - အကြင်လူသည်၊ ယတောနိဒါနံ - အကြင်ကာမဂုဏ်ဟူသော အကြောင်းကြောင့်၊ ဒုက္ခံ - ဆင်းရဲကို၊ အဒက္ခိ - ပညာမျက်စိဖြင့် မြင်သိလေပြီ၊ သောဇန္တု - ထိုလူသည်၊ ကထံ ကေနကာရဏေန - အဘယ်အကြောင်းကြောင့်၊ ကာမေသု - ကာမတို့၌၊ နမေယျ - စိတ်ကိုညွတ်စေနိုင်ရာ အံ့နည်း၊ လောကေ - လောက၌ ဥပဓိံ - ကာမဂုဏ်ငါးပါး ဥပဓိတရားကို၊ သင်္ဂေါတိ - ကပ်ငြိတတ်သော တရားဟူ၍ - ဝိဒိတွာ - သိမြင်၍၊ ဇန္တု - လူသည်၊ တဿေဝ - ကာမဂုဏ်ငါးပါး ထိုဥပဓိတရားကိုသာလျှင်၊ ဝိနယာယ - ပယ်ဖျောက်ခြင်း အကျိုးငှာ၊ သိက္ခေ - သိက္ခေယျ - ကျင့်ရာ၏။

ဤဂါထာတို့ဖြင့် ထိတ်လန့်တုန်လှုပ်စေ၍ - အို မာရ်ယုတ်သင်၏ ဩဝါဒသည် တစ်မျိုးတစ်ခြားသာတည်း၊ ငါ၏ ဩဝါဒသည် တစ်မျိုးတစ်ခြား ဖြစ်၏။ ငါဘုရား၏ သင်နှင့်အတူ တရားစကား ပြောကြားနှီးနှောခြင်းမည်သည် မရှိ မှန်၏။ ငါဘုရားသည် ဤသို့ ဆုံးမ၏ဟု မိန့်တော်မူကာ ဤဂါထာတို့ကို ရွတ်ဆိုတော်မူပြီ။

အတ္ထမှိ ဇာတမှိ သုခါ သဟာယာ၊
တုဋ္ဌီ သုခါယာ ဣတရီ တရေန။
ပုညံ သုခံ ဇီဝိတသင်္ခယမှိ။
သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။

သုခါ မတ္တေယျတာ လောကေ၊
အထော ပေတ္တေယျတာ သုခါ၊
သုခါ သာမညတာ လောကေ၊
အထော ဗြဟ္မညတာ သုခါ။

သုခံ ယာဝ ဇရာသီလံ၊ သုခါ သဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊ ပါပါနံ အကရဏံ သုခံ။

အတ္ထမှိ - တစ်စုံတစ်ခု ပြုဖွယ်ကိစ္စသည်၊ ဇာတမှိ - ဖြစ်လတ်သော်၊ သဟာယာ - ပြီးစီးစေရန် စွမ်းနိုင်သော အပေါင်းအဖော်သည်၊ သုခါ - ချမ်းသာကြောင်းဖြစ်၏။

က္ကတရီ တရေန - နည်းများ တစ်မျိုးကောင်းဆိုးတစ်နည်း မိမိ၏ ရှိထားသည့်ပစ္စည်းဖြင့်၊ ယာတုဋ္ဌိ - အကြင်အားရ ရောင့်ရဲခြင်းသည်၊ အတ္ထိ - ရှိ၏။ သာတုဋ္ဌိ - ထိုအားရ ရောင့်ရဲခြင်းသည်၊ သုခါ - ချမ်းသာကြောင်း ဖြစ်၏။ ဇီဝိတသင်္ခယမှိ - ကွယ်လွန်ခါနီး၌၊ ပုညံ - အလိုဆန္ဒအားဖြင့် ဖြန့်ဖြူးပေးကမ်းအပ်သော ကုသိုလ်ကောင်းမှုသည်၊ သုခံ - ချမ်းသာကြောင်းဖြစ်၏။ သဗ္ဗဿ - ဒုက္ခဿ - ဝဋ်ဆင်းရဲအားလုံးကို၊ ပဟာနံ - ပယ်ဖျက်တတ်သော၊ အရဟတ္တဖိုလ်သည်၊ သုခံ - ချမ်းသာကြောင်းဖြစ်၏။ လောကေ - လောက၌၊ မတ္တေယျတာ - အမိ၌ ကောင်းစွာ ကျွေးမွေးပြုစုခြင်းဖြင့် ကျင့်ခြင်းသည်၊ သုခါ - ချမ်းသာကြောင်းဖြစ်၏။ အထော - ထိုမှတစ်ပါး၊ ပေတ္တေယျတာ - အဖ၌ကောင်းစွာ ကျွေးမွေးပြုစုခြင်းဖြင့် ကျင့်ခြင်းသည်၊ သုခါ - ချမ်းသာကြောင်းဖြစ်၏။

လောကေ - လောက၌၊ သာမညတာ - ပစ္စည်းလေးပါးထောက်ပံ့ခြင်းဖြင့် ရဟန်းတို့၌ ကောင်းစွာ ကျင့်ခြင်းသည်၊ သုခါ - ချမ်းသာကြောင်းဖြစ်၏။ အထော - ထိုမှတစ်ပါး၊ ဗြဟ္မညတာ - ဘုရားပစ္စေကဗုဒ္ဓါနှင့် သာဝကတို့၌ ပစ္စည်းလေးပါးကို ထောက်ပံ့ခြင်းဖြင့် ကောင်းစွာ ကျင့်ခြင်းသည်၊ သုခါ - ချမ်းသာကြောင်းဖြစ်၏။

သီလံ - ငါးပါး ဆယ်ပါး အစရှိသော သီလသည်၊ ယာဝဇရာ - အိုမင်းသည်တိုင်အောင်၊ သုခံ - ချမ်းသာကြောင်းဖြစ်၏။ မတိဋ္ဌိတာ - မတုန်မလှုပ်တည်ရှိသော၊ သဒ္ဓါ - လောကီ လောကုတ္တရာ - သဒ္ဓါနှစ်မျိုးသည်၊ သုခါ - ချမ်းသာကြောင်းဖြစ်၏။ ပညာယ - လောကီပညာ လောကုတ္တရာ ပညာကို၊ ပဋိလာဘောရခြင်းသည်၊ သုခေါ - ချမ်းသာကြောင်းဖြစ်၏။ ပါပါနံ - မကောင်းမှုတို့ကို အကရဏံ - မဂ်ဖြင့် ပယ်သတ်ခြင်းဖြင့် မပြုခြင်းသည်၊ သုခံချမ်းသာကြောင်းဖြစ်၏။

အတ္ထမှိဇာတမှိသုခါသဟာယာ အစရှိသော ဂါထာ သုံးခုတို့၌ မှတ်သားဖွယ်အဓိပ္ပာယ်ကို အဋ္ဌကထာ ဤသို့ဖွင့်ပြတော်မူသည်။ ရဟန်းဖြစ်သူအဖို့ - သင်္ကန်းချုပ်ခြင်းအစရှိသော ကိစ္စ၊ အဓိကရုဏ်းကို ငြိမ်းစေခြင်းအစရှိ သော ကိစ္စနှင့်တွေ့ကြုံလာသော် ထိုကိစ္စကို ပြီးစေနိုင်၊ ငြိမ်းစေနိုင်သော အပေါင်းအဖော်သည် ချမ်းသာကြောင်း ဖြစ်သည်။

လူတို့အဖို့ လယ်ထွန်ခြင်းအစရှိသော ကိစ္စ၊ အားကောင်းသော လူစုလူဝေးတို့ လွှမ်းမိုးနှိပ်စက်မည့် ကိစ္စ အစရှိသော ကိစ္စနှင့်တွေ့ကြုံလာသော် ထိုကိစ္စကို ပြီးစေနိုင် ငြိမ်းစေနိုင်သော အပေါင်းအဖော်သည် ချမ်းသာကြောင်းဖြစ်သည်။

လူတို့သည်လည်း ရှိထားသော မိမိဥစ္စာဖြင့် ရောင့်ရဲတင်းတိမ်အားရမှု မရှိခဲ့သော် အခြားသူ၏ ခြံစည်းရိုးကို ဖောက်ဖျက်ဝင်ရောက် ခိုးယူခြင်း စသည်တို့ကို အားထုတ်ပြုလုပ်ကြသည်။

ရဟန်းတို့သည်လည်း မိမိ၌ရှိထားသော ကျောင်းသင်္ကန်း၊ ဆွမ်း၊ ဆေး ပစ္စည်းတို့ဖြင့် ရောင့်ရဲတင်းတိမ် အားရမှုမရှိခဲ့သော် မရှာမှီးသင့်သော နည်းလမ်းဖြင့် ရှာမှီးခြင်းအနေသနမှုတို့ကို ပြုကြတော့သည်။ ထို့ကြောင့် ထိုလူရဟန်းတို့သည် ချမ်းသာကို မရနိုင်ကြလေကုန်၊ ထို့ကြောင့် မိမိ၌ရှိထားသမျှ ဥစ္စာပစ္စည်းအနည်းအများဖြင့် ရောင့်ရဲတင်းတိမ်အားရ ကျေနပ်မှုသည် ကိုယ်စိတ်နှစ်ပါးချမ်းသာကြောင်း ဖြစ်သည်။

အသက်အရွယ် ကြီးရင့်အိုမင်းလာ၍ ကြာရှည်နေရတော့မည်မဟုတ်ဟု စဉ်းစားဆင်ခြင်၍ မိမိ၏

အလိုဆန္ဒမှန်ဖြင့် ရှိပစ္စည်းကို ဖြန့်ကြဲပေးကမ်းမှု ပြုအပ်သော ကောင်းမှုသည်သာ ချမ်းသာကြောင်းဖြစ်၏။ ဝဋ်ဆင်းရဲအားလုံးကို ပယ်ဖျက်တတ်သော အရဟတ္တဖိုလ်သာ အပြီးသတ် ချမ်းသာကြောင်း ဖြစ်သည်။ သောတာပတ္တိဖိုလ်စသည်တို့ဖြင့် ဝဋ်ဆင်းရဲ တစ်စိတ်တစ်ဒေသ ပယ်ဖျက်နိုင်မှုသည်လည်း ချမ်းသာကြောင်းပင် ဖြစ်သည်။

မိဘတို့သည် မိမိတို့ကို မပြုစု မလုပ်ကျွေး မစောင့်ရှောက်သော သားသမီးတို့အား မိမိတို့ပစ္စည်းဥစ္စာကို မပေးနိုင်ကြဘဲ မြေ၌သော်လည်း မြှုပ်ထားခဲ့ကြသည်။ တခြားသူကိုသော်လည်း စွန့်ပေးခဲ့ကြသည်။ မိဘတို့ကို မပြုစု မလုပ်ကျွေး မစောင့်ရှောက်သော သားသမီးတို့ကို သူတော်ကောင်းတို့က ကဲ့ရဲ့ရှုတ်ချတတ်ကြသည်။ ထိုသားသမီးတို့သည် ကွယ်လွန်သောအခါ ဂူထနိရယ (မစင်-ဘင်ပုတ်) ငရဲ၌ ဖြစ်ကြကုန်၏။

မိဘတို့ကို ပြုစုကျွေးမွေးစောင့်ရှောက်သူ သားသမီးတို့ကို သူတော်ကောင်းတို့ ချီးကျူးကြသည်။ ထိုသား သမီးတို့အား မိဘတို့က မိမိတို့ပစ္စည်းဥစ္စာကို ကျေနပ်စွာပေးခဲ့ကြသည်။ ထိုသားသမီးတို့သည် ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်ကြသည်။ ထို့ကြောင့် မိဘတို့ကို ပြုစုကျွေးမွေးစောင့်ရှောက်ခြင်းသည် ချမ်းသာကြောင်းဖြစ်သည်။

ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာနှင့် ရဟန်းတို့၌ ပစ္စည်းလေးပါးတို့ ပြုစုစောင့်ရှောက်ခြင်းဖြင့် ကောင်းစွာ ပြုကျင့်မှု ပဋိပတ်သည် လောကသံသရာချမ်းသာကြောင်း ဖြစ်သည်။

ပတ္တမြားနာချောင်းစသည် နီမြန်းသော အဆင်းရှိသော အဝတ်အထည်စသည်တို့သည် ၎င်းတို့နှင့် သင့်လျော်သည့် အရွယ်၌တည်သူတို့အားသာ တင့်တယ်ကုန်၏၊ ငယ်ရွယ်သူတို့၏ အဝတ်အဆင်တန်ဆာတို့သည် အရွယ်ကြီးသူတို့၌ မတင့်တယ်ကုန်၊ အရွယ်ကြီးသူတို့၏ အဝတ်အဆင်တန်ဆာတို့သည် ငယ်ရွယ်သူတို့၌ မတင့်တယ်ကုန်၊ အရွယ်နှင့် လိုက်ဖက်မှုမရှိသော အဝတ်အထည် အဆင်တန်ဆာတို့ကို ဝတ်ဆင်သူတို့ကို သူရူးထင်၏ဟု အခြားသူတို့က ကဲ့ရဲ့ကြလိမ့်မည်။

ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ အစရှိသော သီလသည်ကား ငယ်ရွယ်သူ ကြီးရင့်သူတို့၏ အရွယ်အားလုံး၌ တင့်တယ်သည်သာဖြစ်၏၊ ဤသူသည် ကောင်းပါပေ၏ တော်ပါပေ၏ သီလစောင့်သူ သီလရှိသူဟု ချီးမွမ်းခြင်းဖြင့် ဝမ်းမြောက်မှုကိုသာ ဆောင်ရွက်သည်၊ ထို့ကြောင့် သုခံယာဝဇရာသီလံ - သီလသည် အိုသည်တိုင်အောင် ချမ်းသာကြောင်းဖြစ်၏ဟု ဟောတော်မူ၏။

လောကီသဒ္ဓါလောကုတ္တရာ သဒ္ဓါနှစ်မျိုးလုံး မြဲမြံစွာ တည်ရှိမှုသည် ချမ်းသာကြောင်းဖြစ်၏။

လောကီပညာ လောကုတ္တရာပညာကို ရရှိထားခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ မကောင်းမှုတို့ကို မပြုလုပ်ခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ မကောင်းမှုကို ပြုလုပ်နိုင်ကြောင်း ကိလေသာကို မဂ်ဖြင့် ပယ်ဖြတ်နိုင်လျှင် ချမ်းသာကြောင်းဖြစ်၏။ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်နိုင်ပါမူ တကယ့်ချမ်းသာကြောင်း စင်စစ် ဖြစ်တော့သတည်း။

ဒေသနာတော်အဆုံး၌ များစွာသော နတ်တို့၏ သစ္စာလေးပါးတရား ထိုးထွင်းသိခြင်းဖြစ်လေပြီ။

**မာရဝတ္ထု ပြီး၏။**

# ၂၄။ တဏှာဝဂ်
## ၁၂၈။ ကပိလမစ္ဆဝတ္ထု
## ကပိလငါးအကြောင်း

လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးချိန်၌ ညီအစ်ကို နှစ်ယောက်တို့သည် အိမ်မှထွက်၍ ကဿပမြတ်စွာဘုရား၏ တပည့်ရဟန်းတို့၌ ရဟန်းပြုကြကုန်၏။ ရဟန်းနှစ်ပါးတွင် အကြီးရဟန်းသည် သောဓနအမည်ရှိ၏။ အငယ်ရဟန်းသည် ကပိလအမည်ရှိ၏။ ထိုရဟန်းနှစ်ပါး၏ မယ်တော်သည် သာဓနီအမည်ရှိ၍ နှမဖြစ်သူသည် တာပနာအမည်ရှိ၏။ မယ်တော်နှင့် နှမဖြစ်သူ တို့လည်း အမျိုးသမီးရဟန်းတို့ထံ၌ ရဟန်းပြုကြသည်။ ဤသို့ မယ်တော်နှင့် နှမဖြစ်သူတို့ ရဟန်းပြုကြ လေသော် ညီနောင် ရဟန်းနှစ်ပါးတို့သည် ဆရာဥပဇ္ဈာယ်တို့၏ ဝတ်ကြီး ဝတ်ငယ်ကို ပြု၍နေကြစဉ် တစ်နေ့သ၌ -

အရှင်ဘုရား ဤသာသနာတော်၌ လိုက်နာဆောင်ရွက် ဖြည့်ကျင့်ရမည့် တာဝန်သည် အဘယ်မျှရှိပါသနည်းဟု မေး၍ ဂန္ထဓုရ ဝိပဿနာဓုရအားဖြင့် ဓုရနှစ်ပါးရှိ၏ဟု မိန့်အပ်သော စကားကို ကြားနာကြပြီး အကြီးရဟန်းသည် ဝိပဿနာဓုရကိုဖြည့်ကျင့်မည်ဟူသော အကြံဖြင့် ငါးနှစ်ပတ်လုံး ဆရာဥပဇ္ဈာယ်တို့ထံ၌ နေပြီး အရဟတ္တဖိုလ်တိုင်အောင် ပေါက်မြောက်ကြောင်းဖြစ်သော ကမ္မဋ္ဌာန်းကို သင်ယူ၍ တောသို့ ဝင်ပြီး အားထုတ်စဉ် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ညီရဟန်းသည် ငါသည် နုပျိုငယ်ရွယ်သူဖြစ်၏။ အသက်ကြီးသောအခါ၌ ဝိပဿနာဓုရကို ဖြည့်ကျင့်မည်အကြံဖြင့် ဂန္ထဓုရ - စာပေကျမ်းဂန်သင်အံပို့ချမှု တာဝန်ကို သတ်မှတ်ထား၍ ပိဋကသုံးပုံကို သင်ယူလေပြီ ထိုရဟန်းအား ပရိယတ်ကို မှီရာအကြောင်းပြု၍ များသောအခြံအရံရှိ၏။ အခြံအရံကို မှီရာအကြောင်းပြု၍ ဆွမ်းသက်န်းအစရှိသော ပစ္စည်းကို ရရှိမှုလာဘ်ဖြစ်ပေါ်လေ၏။ ကပိလရဟန်းသည် ဗာဟုသစ္စမာန်ဖြင့် (ကျမ်းဂန်ဗဟုသုတများခြင်း၌ မာန်တက်ခြင်းဖြင့်) မာန်တက်သူ လာဘ်၌ သာယာ တပ်မက်ခြင်း လာဘတဏှာသည် လွှမ်းမိုးနှိပ်စက်အပ်သူဖြစ်၍ ငါပညာရှိ၏ဟု အလွန်မာန်တက်ခြင်း ကြောင့် အခြားရဟန်းတို့ ပြောဆိုအပ်သော ကပ္ပိယအပ်စပ်သည်ကိုလည်း အကပ္ပိယ မအပ်ဟုပြောဆို၏။ အကပ္ပိယကိုလည်း ကပ္ပိယဟုပြောဆို၏။ အပြစ်ရှိသည်ကိုလည်း အပြစ်မရှိ၊ အပြစ်မရှိသည်ကိုလည်း အပြစ်ရှိ၏ဟု ပြောဆို၏။ ကပိလရဟန်းသည် သီလကို ချစ်မြတ်နိုးသော ရဟန်းတို့က ငါ့ရှင်ကပိလ ဤသို့ မပြောပါနှင့်ဟု ပြောဆိုကာ ဓမ္မဝိနယကို ဖော်ပြ၍ ဆုံးမအပ်ပါသော်လည်း -

သင်တို့ ဘာကိုသိကြသနည်း၊ အချည်းနှီးလက်ဆုပ်နှင့်တူသူများ ဖြစ်သည်၊ အစရှိသော စကားတို့ကို ပြောဆို၍ ဆဲရေးရှုတ်ချလျက် နေလေ၏။

ထိုအခါ ရဟန်းတို့သည် ကပိလရဟန်း၏ နောင်တော် သောဓနထေရ်အားလည်း ထိုအကြောင်း ကို လျှောက်ထားကြကုန်၏။

သောဓနထေရ်သည်လည်း ကပိလ - ရဟန်းထံချဉ်းကပ်၍ ငါ့ရှင်ကပိလ - သင်တို့ကဲ့သို့သော

ရဟန်းတို့၏ ကောင်းစွာကျင့်မှုသည် သာသနာတော်၏ အသက်စစ်စစ်မည်ပါ၏ ထို့ကြောင့် ပဋိပတ်ကို ပယ်စွန့်၍ ကပ္ပိယအစရှိသည်တို့ကို တားမြစ်လျက် ဤသို့ မပြောဆိုပါနှင့် ဆုံးမလေပြီ။

ကပိလရဟန်းသည် နောင်တော် သာဂတထေရ်၏စကားကိုလည်း မနာယူ သို့မနာယူသော်လည်း သာဂတထေရ်သည် နှစ်ကြိမ်သုံးကြိမ်ဆုံးမ၍ အဆုံးအမ မနာယူသော ကပိလ ရဟန်းကို ငါ့ညီတော် ကပိလရဟန်းသည် ငါ၏စကားကို လိုက်နာသူမဟုတ်ဟု သိ၍ ငါ့ရှင်ကပိလ မိမိပြုသော ထိုကံဖြင့် ထင်ရှားလိမ့်မည်ဟု ပြောဆို၍ ထွက်ခွာသွားလေ၏။

ထိုအချိန်မှစ၍ ကပိလရဟန်းကို သီလကို ချစ်မြတ်နိုးကြသော အခြားရဟန်းတော်တို့သည် စွန့်ပစ်ထားကြကုန်၏။

ကပိလရဟန်းသည် အကျင့်မကောင်းသူဖြစ်၍ အကျင့်မကောင်းသူ အခြံအရံ ခြံရံနေထိုင်စဉ် တစ်နေ့သ၌ ဥပုသ်ပြုရာ အဆောက်အဦ၌ (ပါတိမောက်ပြရာ သိမ်၌) ပါတိမောက်ပြမည်ဟု ယပ်တောင်ကို ကိုင်၍ တရားဟော ပလ္လင်၌ထိုင်ပြီး ငါ့ရှင်တို့ ဤပါတိမောက်ပြရာ သိမ်၌စုဝေးနေကြကုန်သော ရဟန်းတို့အား ပါတိမောက်သည် သင့်လျှော်သလောဟု မေးလျှင် ဤရဟန်းအား စကားပြန်ပေးခြင်းဖြင့် (စကားပြန်ပြောသဖြင့်) အဘယ်အကျိုး ရှိအံ့နည်းဟု နှုတ်ဆိတ်ဆိတ်နေကုန်သော ရဟန်းတို့ကို မြင်၍ ငါ့ရှင်တို့ ဓမ္မသည်လည်းကောင်း၊ ဝိနည်းသည် လည်းကောင်းမရှိ၊ ကြားနာအပ်သည်လည်းဖြစ်သော၊ မကြားမနာအပ်သည်လည်းဖြစ်သော၊ ပါတိမောက်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ပြောဆို၍ နေရာမှ ထသွားလေ၏။

ကပိလရဟန်းသည် ဤနည်းဖြင့် ဝါ ဤသို့ ဤပုံ ကဿပမြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို ဆုတ်ယုတ်ကျဆင်းစေလေပြီ။

သာဂတထေရ်သည်လည်း ထိုနေ့၌ပင် ပရိနိဗ္ဗာန်ပြုလေ၏။ ကပိလရဟန်းသည် အသက်၏ အဆုံး၌ အဝီစိငရဲကြီး၌ ဖြစ်လေ၏။

ကပိလရဟန်း၏ မယ်တော်နှင့် နှမတို့သည်လည်း ထိုကပိလ၏သာ ဒိဋ္ဌာနုဂတိ (မြင်အပ်သည်သို့ အတုလိုက်ခြင်း) သို့ရောက်၍ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို ဆဲရေး၍ ရှုတ်ချ၍ (ဆဲရေခြင်းကြောင့် ရှုတ်ချခြင်းကြောင့်) အဝီစိငရဲ၌ပင် ဖြစ်ကြကုန်၏။

ထိုအချိန်အခါ၌ ယောကျ်ားငါးရာတို့သည် ရွာ၌ လုယက်ဖျက်ဆီးခြင်း သတ်ဖြတ်ခြင်းစသည်တို့ကို ပြု၍ ခိုးဆိုးတိုက်ခိုက်ခြင်းဖြင့် အသက်မွေးနေကြစဉ် ရွာရှိ လူတို့သည် လိုက်လံဖမ်းဆီးအပ်သောကြောင့် ထွက်ပြေးခဲ့ကြကုန်ပြီး တောအတွင်းသို့ဝင်၍ ထိုတောအတွင်း၌ ကိုးကွယ်စရာ တစ်စုံတစ်ခုကို မမြင်ကြ၍ တောရဆောက်တည်နေသော ရဟန်းတစ်ပါးကို မြင်လျှင်ရှိခိုးပြီး၊ အရှင်ဘုရား တပည့်တော်တို့၏ ကိုးကွယ်လဲလျောင်းမှီခို အားထားရာ ပုဂ္ဂိုလ်ဖြစ်တော်မူပါဘုရားဟု လျှောက်ထားကြကုန်၏။

တောရထေရ်သည် သင်တို့အား သီလနှင့်တူသော ကိုးကွယ်ရာမည်သည် မရှိ၊ သင်တို့ အားလုံး ငါးပါးသီလကို ဆောက်တည်ကျင့်သုံးကြလော့ဟု မိန့်တော်မူ၏ ခိုးသားငါးရာတို့သည် ကောင်းပါပြီဟု ဝန်ခံ၍ သီလတို့ကို ဆောက်တည်ကျင့်သုံးကြကုန်၏။

ထို့နောက် ခိုးသားတို့ကို တောရထေရ်သည် သင်တို့သည် ယခုအချိန်၌ သီလရှိသူများ

ဖြစ်ကြသည်။ သင်တို့သည် အသက်ဟူသောအကြောင်းကြောင့်လည်း သီလကို မလွန်ကျူးအပ် မလွန်ကျူးသင့်၊ မလွန်ကျူးနှင့် စိတ်ဖြင့် ပြစ်များခြင်းကို မပြုအပ် မပြုသင့် မပြုနှင့်ဟု ဆုံးမတော်မူသည်။ ခိုးသားတို့သည် ကောင်းပါပြီဟု ခံယူကြကုန်၏။

ထို့နောက် ရွာနေလူတို့သည် ထိုအရပ်သို့ ရောက်လာကြပြီး ထိုခိုးသားတို့ကို ဤအရပ် ဟိုအရပ်မှ (ဟိုဟိုဒီဒီ) ရှာဖွေကြစဉ် ထိုခိုးသားတို့ကို မြင်၍ ခိုးသားအားလုံးတို့ကို သတ်ပစ်ကြကုန်၏။ ထိုခိုးသားတို့လည်း ကွယ်လွန်ကြပြီး၊ နတ်ပြည်၌ ဖြစ်ကုန်၏။ အကြီးအကဲခိုးသားသည် အကြီးအကဲနတ်သား ဖြစ်လေပြီ။

ထိုနတ်သားတို့သည် အနုလုံပဋိလုံအားဖြင့် (အထက်နတ်ပြည် အောက်နတ်ပြည် စုန်ချီ ဆန်ချီ အလီလီအားဖြင့် ဘုရားတစ်ဆူအကြား ကာလပတ်လုံး နတ်ပြည်၌ ကျင်လည်ကြ၍ ဤမြတ်စွာဘုရား ပွင့်တော်မူရာအချိန်၌ သာဝတ္ထိမြို့တံခါးအနီး အိမ်ခြေငါးရာရှိသော တံငါရွာ၌ ဖြစ်ကြကုန်၏။ အကြီးအကဲ နတ်သားသည် တံငါအကြီးအကဲအိမ်၌ ပဋိသန္ဓေယူလေ၏။ အခြားနတ်သားတို့သည် အခြားတံငါသည်အိမ်တို့၌ ပဋိသန္ဓေယူကြကုန်၏။

ဤသို့လျှင် ထိုနတ်သားတို့၏ တစ်ရက်တည်း၌သာ ပဋိသန္ဓေယူခြင်း အမိဝမ်းမှ ဖွားမြင်ခြင်း ဖြစ်လေ၏။

အကြီးအကဲဖြစ်သော တံငါသည်သည် ဤရွာ၌ ငါ့သားမှအခြား မွေးဖွားသူ သူငယ်တို့ရှိလေသလောဟု ရှာဖွေစေသော် ထိုသူတို့၏ ဖွားမြင်ကြောင်းကိုသိ၍ ထိုသူငယ်တို့သည် ငါ့သား၏ အပေါင်းအဖော်များဖြစ်ကြလိမ့်မည်ဟု ကြံမိပြီး သူငယ်အားလုံးတို့အား ကျွေးမွေးစရိတ်ကို ပေးစေ၏။ သူငယ်အားလုံးတို့သည် မြေမှုန့်ကစားဘက် အပေါင်းအဖော်များဖြစ်ကြ၍ အစဉ်အားဖြင့် အရွယ်ရောက်သူများဖြစ်ကြကုန်၏။

ထိုသူငယ်တို့တွင် အကြီးအကဲ တံငါသည်၏သားသည်သာ အခြံအရံအားဖြင့်လည်းကောင်း၊ ဩဇာအာဏာ အရှိန်အဝါအားဖြင့်လည်းကောင်း ထူးမြတ်သော ယောက်ျားဖြစ်လေ၏။

ကပိလသည်လည်း ဘုရားတစ်ဆူအကြား ကာလပတ်လုံး ငရဲ၌ ကျက်၍ ကြွင်းကျန်သေးသော အကျိုးအဖြစ်ဖြင့် ထိုအချိန်တွင် အစိရဝတီမြစ်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ခံတွင်း၌ မကောင်းသော အနံ့ရှိသော ငါးဖြစ်နေ၏။

ထိုသို့ဖြစ်နေရာ တစ်နေ့သ၌ တံငါသည်တို့၏ သားတို့သည် ငါးဖမ်းကြရန် ပိုက်ကွန်အစရှိသည်တို့ကို ကိုင်၍ မြစ်အတွင်း၌ ပစ်ချကြကုန်၏။ ထိုအခါ ထိုသူတို့၏ ပိုက်ကွန်အတွင်းသို့ ထိုကပိလငါးသည် ဝင်မိလေ၏။ ထိုငါးကို မြင်၍ တံငါသည် ရွာသူ ရွာသားအားလုံးတို့သည် ငါတို့၏သားများ ရှေးဦးစွာ ငါးဖမ်းကြစဉ် ရွှေအဆင်း ရှိသော ငါးကို ဖမ်းမိကြကုန်၏။ ယခုအခါ ငါတို့အား ကောသလမင်းသည် များစွာသော ဥစ္စာကို ပေးလိမ့်မည်ဟု ကျယ်လောင်စွာ ပြောဆိုကြကုန်၏။ တံငါသည်တို့၏ သားတို့သည်လည်း ငါးကို လှေအတွင်း၌ ထည့်၍ လှေကို ထမ်းရွက်ကြပြီး ကောသလမင်းထံသို့ သွားကြကုန်၏။

ကောသလမင်းသည် ရွှေအဆင်းရှိသော ငါးကို မြင်၍ မြတ်စွာဘုရားသည် ထိုငါး၏ ရွှေအဆင်းရှိခြင်း၏အကြောင်းကို သိတော်မူလိမ့်ဟု ငါးကို ယူစေပြီး မြတ်စွာဘုရားထံ သွားလေ၏။

ငါးသည် ခံတွင်းကို ဖွင့်ကာမျှ၌ပင် ဇေတဝန်ကျောင်းတစ်ခုလုံးသည် အလွန်ဆိုးဝါးသော အနံ့ရှိသော ကျောင်းဖြစ်လေ၏။

ကောသလမင်းသည် မြတ်စွာဘုရား ဤငါးသည် အဘယ့်ကြောင့် ရွှေအဆင်းရှိသော ငါးဖြစ်၍အဘယ့်ကြောင့် ထိုငါး၏ ခံတွင်းမှ မကောင်းသော အနံ့သည် ပျံ့လှိုင်နေပါသနည်းဟု မြတ်စွာဘုရားကို မေးလျှောက်လေ၏။

မင်းမြတ် ဤငါးသည် ကဿပမြတ်စွာဘုရား သာသနာတော်၌ ကပိလအမည်ရှိသော ရဟန်းဖြစ်ခဲ့ပြီး များသောအကြားအမြင်ရှိ၏။ အခြံအရံပေါ်များ၏ ရအပ်သော ပစ္စည်း၌ သာယာတပ်မက်သော လာဘတဏှာ နှိပ်စက်သူဖြစ်၍ မိမိစကားကို မနာယူသော ရဟန်းတို့ကို ဆဲရေးပုတ်ခတ် ပြစ်တင်ကဲ့ရဲ့ ရှုတ်ချတတ်၏။ ကဿပမြတ်စွာဘုရား၏ သာသနာကိုလည်း ဆုတ်ယုတ်စေ၏။ ထိုရဟန်းသည် ထိုမကောင်းမှုကံကြောင့် အဝီစိငရဲ၌ ဖြစ်ခဲ့ပြီး ကြွင်းကျန်သေးသော အကျိုး၏အဖြစ်ဖြင့် ယခုဘဝ၌ ငါးဖြစ်နေ၏။ ထိုရဟန်းသည် ရှည်လျားစွာသော နေ့ညပတ်လုံး ဘုရားစကားတော်ကို ပို့ချပေးခြင်း ဘုရား၏ ဂုဏ်ကျေးဇူးကိုလည်း ဟောပြခြင်း၊ ကောင်းမှုကုသိုလ်၏ အကျိုးဆက်ကြောင့် ဤရွှေအဆင်းနှင့်တူသော အဆင်းကိုရ၏။ ရဟန်းတို့ကို ဆဲရေးပုတ်ခတ်ပြစ်တင် ကဲ့ရဲ့ရှုတ်ချခြင်း အကုသိုလ်ကံကြောင့် ထိုငါး၏ ခံတွင်းမှ မကောင်းသော အနံ့သည် ပေါ်ထွက်ပျံ့လှိုင်၏။

မင်းမြတ် ထိုငါးကို စကားပြောစေမည်ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား စကားပြောစေတော်မူပါဟု လျှောက်ထား၏။ ထိုအခါ ထိုငါးကို မြတ်စွာဘုရားသည် မေးတော်မူ၏။

သင်သည် ကပိလဖြစ်သလော။

မြတ်စွာဘုရား မှန်ပါသည်၊ တပည့်တော် ကပိလဖြစ်ပါသည်။

အဘယ်ဘဝမှ လာသူဖြစ်သနည်း။

အရှင်ဘုရား တပည့်တော် အဝီစိငရဲကြီးမှ လာခဲ့ပါသည်။

သင်၏ နောင်တော်ဖြစ်သော သာဂတရဟန်းသည် အဘယ်ဘဝသို့ ရောက်နေသနည်း။

မြတ်စွာဘုရား နောင်တော်သာဂတရဟန်းသည် ပရိနိဗ္ဗာန်ပြုသွားပါပြီ။

သင်၏ မိခင် သာဓိနီ ဘယ်မှာနည်း။

ငရဲကြီး၌ ဖြစ်နေပါသည်ဘုရား။

သင်၏ နှမ တာပနာ ဘယ်မှာနည်း။

ငရဲကြီး၌ ဖြစ်နေပါသည်ဘုရား။

ယခု သင်ဘယ်သွားမည်နည်း၊ အဝီစိငရဲကြီးသို့သာ သွားရပါမည်ဘုရား။

ကပိလငါးသည် ဤသို့ပြောဆိုပြီး နှလုံးမသာယာခြင်းသည် ပြင်းထန်စွာ နှိပ်စက်သည် ဖြစ်၍ လှေကို ဦးခေါင်းဖြင့် ရိုက်၍ ထိုခဏ၌ပင် ကွယ်လွန်ပြီး အဝီစိငရဲကြီး၌ ဖြစ်လေ၏။

လူအပေါင်းသည် ထိတ်လန့်တုန်လှုပ်၏။ ကြက်သီးမွေးညင်းထသူဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုခဏ၌ ရောက်လာစုဝေးနေသော ပရိသတ်၏ စိတ်ဖြစ်ပုံကို ကြည့်တော်မူ၍ ထိုအခွင့်အားလျော်သော တရားကို ဟောတော်မူခြင်းငှာ သုတ္တနိပါတ်၌ ကပိလသုတ်ကို ဟောတော်မူ၍ ဤဂါထာတို့ကို မိန့်တော်မူပြီ။

၁။ မနုဇဿ ပမတ္တစာရိနော၊ တဏှာ ဝဍ္ဍတိ မာလုဝါဝိယ။
သော ပ္လဝတီ ဟုရာ ဟုရံ၊ ဖလမိစ္ဆံဝ ဝနသ္မိ ဝါနရော။

၂။ ယံ ဧသာ သဟတေ ဇမ္မီ၊ တဏှာ လောကေ ဝိသတ္တိကာ။
သောကာ တဿ ပဝဍ္ဎန္တိ၊ အဘိဝဋ္ဌံဝ ဗီရဏံ။

၃။ ယော စေတံ သဟတေ ဇမ္မိံ၊ တဏှံ လောကေ ဒုရစ္စယံ။
သောကာ တမှာ ပပတန္တိ၊ ဥဒဗိန္ဒုဝ ပေါက္ခရာ။

၄။ တံဝေါ ဝဒါမိ ဘဒ္ဒံဝေါ၊ ယာဝန္တေတ္ထ သမာဂတာ။
တဏှာယ မူလံ ခဏထ၊ ဥသီရတ္ထောဝ ဗီရဏံ။
မာဝေါ နဠံဝ သောတောဝ၊ မာရော ဘဉ္ဇိ ပုနပ္ပုနံ။

၁။ ပမတ္တစာရိနော - မေ့လျော့နေသော၊ မနုဇဿ - လူ၏၊ မာလုဝါ - ဝိယ - မာလောနွယ်ကဲ့သို့၊ တဏှာ - ဒွါရခြောက်ပါးကို အမှီပြု၍ ဖြစ်သောတဏှာသည်၊ ဝဍ္ဍတိ - တိုးပွားလေ၏။

သော - ထိုတဏှာအလိုသို့ လိုက်သော ပုဂ္ဂိုလ်သည်၊ ဝနသ္မိ - တောတွင်း၌၊ ဖလံ - သစ်သီးကို၊ ဣစ္ဆံ - ဣစ္ဆန္တော - အလိုရှိသော၊ ဝါနရော - မျောက်သည်၊ ပ္လဝတိဣဝ - သစ်တစ်ပင်မှ သစ်တစ်ပင်သို့ ပြေးသွားသကဲ့သို့ ဟုရာ ဟုရံ - တစ်ဘဝမှ တစ်ဘဝသို့၊ ဝါ - ဘဝအဆက်ဆက်၌၊ ပ္လဝတိ ပြေးသွားရလေ၏။

၂။ လောကေ - လောက၌၊ ဇမ္မီ - ယုတ်မာသော၊ ဝိသတ္တိကာ - ရူပါရုံစသည်တို့၌ ကပ်ငြိသောယာ တတ်သော၊ ဧသာတဏှာ - ထိုတဏှာသည်။ ယံ - အကြင်ပုဂ္ဂိုလ်ကို၊ သဟတေ - လွှမ်းမိုးနှိပ်စက်၏။

အဘိဝဋ္ဌံ - မိုးရွာသဖြင့် ပေါက်ရောက်ဖြစ်ပေါ်နေသော၊ ဗီရဏံ - ပြိန်းမြက်သည်၊ (ဝဍ္ဎတိဣဝ - တိုးပွား သကဲ့သို့) ဧဝံ - ဤအတူ၊ တဿ - တဏှာ လွှမ်းမိုး နှိပ်စက်ခံရသော ထိုပုဂ္ဂိုလ်၏၊ သောကာ - ကိုယ်စိတ်ငြိုး ပိန်စိုးရိမ်ခြင်းတို့သည်၊ ပဝဍ္ဎန္တိ - တိုးပွားကုန်၏။

၃။ လောကေ - လောက၌၊ ယောစ - အကြင်ပုဂ္ဂိုလ်သည်ကား၊ ဇမ္မိံ - ယုတ်မာသော၊ ဒုရစ္စယံ - လွန်မြောက် ပယ်စွန့်ရန် ခဲယဉ်းလှသော၊ ဧတံတဏှံ - ထိုတဏှာကို၊ သာဟတေ - ကျော်လွန်လွှမ်းမိုးနိုင်၏။

ဥဒပိန္ဒု - ပဒုမ္မာ ကြာဖက်၌ ကျရောက်သော ရေပေါက်သည် ပေါက္ခရာ - ပဒုမ္မကြာရွက်မှ၊ ပတတိက္ကဝ - တည်ရာမရ လျှောကျသကဲ့သို့၊ ဧဝံ - ဤအတူ၊ တမှာ - တဏှာကို ကျော်လွန်ပယ်စွန့်နိုင်သော ထိုပုဂ္ဂိုလ်မှ သောကာ - ကိုယ်စိတ်ငြိုးငြင်ပန်စိုးရိမ်ခြင်းတို့သည်။ ပပတန္တိ - တစ်ရံခါမျှ တည်ရာမရ လျှောကျလေကုန်၏။

၄။ တံတေနကာရဏေန - ထိုအကြောင်းကြောင့်၊ ဝေါ - သင်တို့ကို၊ (အဟံ - ငါဘုရားသည်) ဝဒါမိ - ဟောပြောပေ၏။ ဧတ္တ - ဤအရပ်၌၊ ယာဝတာ - အကြင်မျှလောက်၊ သမာဂတာ - စုဝေးရောက်လာကုန်၏။ ဝေါ - သင်တို့၏ ဘဒ္ဒံ - ကောင်းခြင်းသည်၊ (ဟောတု ဖြစ်စေသတည်း)

ဥသီရတ္ထော - ပန်းရင်းဖြင့် အလိုရှိသော ယောကျာ်းသည်၊ ဗီရဏံ - မြိန်းမြက်ကို၊ (ကုဒါလေန - ပေါက် ချွန်းဖြင့်၊ ခဏတိက္ကဝ - တူးဖြိုးကဲ့သို့) ဧဝံ - ဤအတူ၊ တဏှာယ - တဏှာ၏၊ မူလံ - အမြစ်ကို၊ ခဏထ - အရဟတ္တမဂ်ဉာဏ်ဖြင့် တူးဖြိုကြကုန်လော့။

သောတော - မြစ်ရေအလျဉ်သည်၊ နဠံ - မြစ်ကမ်း၌ပေါက်သော ကျူပြင်ကို ဘဉ္ဇတိက္ကဝ - တိုက်စားမျော ဖျက်သကဲ့သို့၊ မာရော - ကိလေသမာရ် မစ္စုမာရ်ဒေဝပုတ္တမာရ်သည် ဝေါ - သင်တို့ကို၊ ပုနပ္ပုနံ - အဖန်တလဲလဲ၊ မာဘဉ္ဇိ - မဖျက်ဆီးပါစေနှင့်။

ဒေသနာတော်အဆုံး၌ ငါးရာကုန်သော တံငါသည်၏ သားတို့သည် ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်ကြ၍ ဆင်းရဲ၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို လိုလားတောင့်တကြပြီး မြတ်စွာဘုရား၏ ထံတော်၌ ရဟန်းပြုကြ၍ မကြာမီမှာပင် ဆင်းရဲ၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ရောက်အောင် ဖြည့်ကျင့်ကြပြီးသော် မြတ်စွာဘုရားနှင့်အတူ အာနေဉ္ဇဝိဟာရ သမာပတ္တိကို သုံးဆောင်ခြင်းဖြင့် (တုန်လှုပ်ခြင်းမရှိသော သမာဓိဖြင့် နေခြင်းရှိသော သမာပတ်ဟူသော တရားကို သုံးဆောင်ခြင်းဖြင့်) တူသော သုံးဆောင်ခြင်းရှိကြလေကုန်ပြီ။

**ကပိလမစ္ဆဝတ္ထု ပြီး၏။**

## ၁၂၉။ သူကရပေါတိကာဝတ္ထု
## ဝက်မယ်အကြောင်း

တစ်ခုသောအချိန်၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူစဉ် ဝက်မယ်တစ်ကောင်ကို မြင်၍ ပြုံးတော်မူသည်။ ပြုံးတော်မူသော မြတ်စွာဘုရား၏ ပွင့်သော နှုတ်ခမ်းတော်မှ ထွက်လာသော သွားတော်ရောင်ခြည်ဝန်းကို မြင်၍ - အာနန္ဒာထေရ်သည် မြတ်စွာဘုရား ပြုံးတော်မူခြင်းအကြောင်းက အဘယ်ပါနည်းဟု ပြုံးခြင်းအကြောင်းကို မေးလျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် အာနန္ဒာထေရ်ကို အိုအာနန္ဒာ ထိုဝက်မယ်ကို မြင်၏လောဟု မိန့်တော်မူ၏။

မြတ်စွာဘုရား မြင်ပါသည်ဘုရား။

အာနန္ဒာ ထိုဝက်မယ်သည် ကကုသန်မြတ်စွာဘုရား သာသနာတွင်း၌ ဆွမ်းစားဆောင် တစ်ခုအနီးဝယ် ကြက်မဖြစ်ခဲ့ပြီ။

ထိုကြက်မသည် ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းတစ်ပါး၏ ဝိပဿနာ ကမ္မဋ္ဌာန်းတရား ရွတ်ဖတ်သံကို ကြားရပြီး ထိုဘဝမှ စုတေသော် မင်းမျိုး၌ ဖြစ်၍ ဥဗ္ဗရီအမည်ရှိသော မင်းသမီးဖြစ်ခဲ့ပြီ။ ဥဗ္ဗရီသည် နောက်အဖို့ ဖြစ်သော အချိန်၌ အိမ်သာတွင်းသို့ ဝင်စဉ် ပိုးလောက်အစုကို မြင်လေသော် ထိုပိုးလောက်အစု၌ ပိုးလောက်ဟူသော အမှတ်သညာကို ဖြစ်စေ၍ ပဌမဈာန်ရလေပြီ၊ ဥဗ္ဗရီသည် ထိုဘဝ၌ အသက်ထက်ဆုံး တည်၍ ထိုဘဝမှစုတေသော် ဗြဟ္မပြည်၌ ဖြစ်လေပြီ။

ဗြဟ္မပြည်မှ စုတေ၍ လားရာဂတိအစွမ်းဖြင့် မွေနှောက်ခြောက်ခြားရကား ယခုအချိန်၌ ဝက်မျိုး၌ဖြစ် နေပြီ။ ဤအကြောင်းကို မြင်၍ ငါဘုရားပြုံးတော်မူသည်ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား၏ ထိုစကားတော်ကို ကြားကြ၍ (ကြားကြသောကြောင့်) အာနန္ဒာထေရ် အမှူးရှိသော ရဟန်းတို့သည် ကြီးစွာသော သံဝေဂကို ရကြကုန်ပြီ။

မြတ်စွာဘုရားသည် ထိုရဟန်းတို့အား သံဝေဂကို ဖြစ်စေ၍ ဘဝ၌ တပ်မက်သာယာတတ်သော ဘဝတဏှာ၏အပြစ်ကို ပြလို၍ လမ်းခရီးအလယ်၌ ရပ်တော်မူလျက်သာ ဤဂါထာတို့ကို ဟောတော်မူပြီ။

၁။ ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ။
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ။
နိဗ္ဗတ္တတီ ဒုက္ခမိဒံ ပုနပ္ပုနံ။

၂။ ယဿ ဆတ္တိံသတိ သောတာ၊ မနာပသဝနာ ဘုသာ။
မဟာဝဟန္တိ ဒုဒ္ဒိဋ္ဌိံ၊ သင်္ကပ္ပါ ရာဂနိဿိတာ။

၃။ သဝန္တိ သဗ္ဗဓိ သောတာ၊ လတာ ဥပ္ပဇ္ဇ တိဋ္ဌတိ။
တဉ္စ ဒိသွာ လတံ ဇာတံ၊ မူလံ ပညာယ ဆိန္ဒထ။

၄။ သရိတာနိ သိနေဟိတာနိ စ။
သောမနဿာနိ ဟောန္တိ ဇန္တုနော။
တေ သာတ သိတာ သုခေသိနော။
တေ ဝေ ဇာတိဇ ရူပဂါ နရာ။

၅။ တသိဏာယ ပုရက္ခတာ ပဇာ၊
ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော။
သံယောဇန သင်္ဂသတ္တကာ။
ဒုက္ခမုပေန္တိ ပုနပ္ပုနံ စိရာယ။

၆။ တသိဏာယ ပုရက္ခတာ ပဇာ၊
ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော။
တသ္မာ တသိဏံ ဝိနောဒယေ။
အာကင်္ခန္တ ဝိရာဂမတ္တနော။

၁။ မူလေ - အရပ်လေးမျက်နှာနှင့် အောက်ဖက်သို့ တိုးထွက်နေသော ငါးမျိုးသော အမြစ်သည်၊ အနုပဒ္ဒဝေ - ဖြတ်ခြင်းခွဲခြင်းအစရှိသော တစ်စုံတစ်ခုကပ်ရောက် နှိပ်စက်မှုမရှိသည်ဖြစ်၍၊ ဒဠှေ - မြဲမြံမပြတ်တည်တံ့လတ် သော်၊ ဆိန္နောပိ - အထက်ပိုင်း၌ ဖြတ်အပ်သော်လည်း၊ ရုက္ခော - သစ်ပင်သည်၊ ပုနရေဝ - သစ်ကိုင်းထွက်ပြန် တစ်ဖန်သာလျှင်၊ ရုဟတိယထာပိ - ပေါက်ရောက်စည်ပင်သကဲ့သို့၊ ဧဝမ္ပိ - ဤအတူသာလျှင်၊ တဏှာနုသယေ - ဒွါရခြောက်ပါး၌ ဖြစ်သော တဏှာနုသယကို၊ အနုဟတေ အရဟတ္တမဂ်ဉာဏ်ဖြင့် မဖြတ်အပ်သည်ရှိသော်၊ ဣဒံ ဒုက္ခံ - ထိုထိုဘဝ၌ ဇာတိအစရှိသော ဤဆင်းရဲသည်၊ ပုနပ္ပုနံ - အဖန်ဖန် အထပ်ထပ်၊ နိဗ္ဗတ္တတိ - ဖြစ်သည်သာတည်း။

၂။ ယဿ - အကြင်ပုဂ္ဂိုလ်အား၊ မနာပသဝနာ - နှစ်သက်ဖွယ်အာရုံတို့၌ ယိုစီးဖြစ်ပေါ်တတ်သော၊ ဘုသာ - အားကြီးသော၊ ဆတ္တိံသတိသောတာ - အဇ္ဈတ္တိက ဆယ့်ရှစ်ပါး၊ ဗာဟိရဆယ့်ရှစ်ပါးအားဖြင့် ၃၆ ပါးသော တဏှာအလျဉ်သည်၊ အတ္ထိ - ရှိ၏။ ဒုဒ္ဒိဋ္ဌိံ - ပျက်စီးသောအသိဉာဏ်ရှိသော၊ တံ - ထိုပုဂ္ဂိုလ်ကို၊ မဟာ - များစွာသော၊ ရာဂနိဿိတာ - ရာဂကို မှီကုန်သော သင်္ကပ္ပါ - အကြံအစည်တို့သည်၊ ဝဟန္တိ - ဖြစ်ပေါ်ဆောင်ရွက် ကုန်၏။

၃။ သဗ္ဗဓိ - အလုံးစုံသော အာရုံတို့၌၊ သောတာ - တဏှာတည်းဟူသော အလျဉ်တို့သည်၊ သဝန္တိ ယိုစီးကုန်၏။ လတာ - မြွေးယှက်ချုပ်စပ်တတ်သော တဏှာတည်းဟူသော နွယ်သည်၊ ဥပ္ပဇ္ဇ -

ဒွါရခြောက်ပါး၌ဖြစ်၍၊ တိဋ္ဌတိ - ရူပါရုံ စသည်တို့၌တည်၏။

ဇာတံ - ဖြစ်ပေါ်ပွားစီးသော၊ တဥ္စလတံ - ထိုတဏှာတည်းဟူသော နွယ်ကို ဒိသွာ - မြင်၍၊ မူလံ - အမြစ်ရင်းကို၊ ပညာယ - မဂ်ပညာဖြင့်၊ ဆိန္ဒထ - ဖြတ်ကြကုန်လော့။

၄။ ဇန္တုနော - တဏှာအကြိုက် အလိုလိုက်သော ပုဂ္ဂိုလ်အား၊ သရိတာနိစ - အဖန်တလဲလဲ အောက်မေ့ခြင်းတို့သည်လည်းကောင်း၊ သိနေဟိတာနိစ - တဏှာအဆင့်ဆင့်ဖြင့် မြေးယှက်ချစ်ခင်ခြင်းတို့သည်လည်းကောင်း၊ သောမနဿနိစ - ဝမ်းမြောက်ခြင်းတို့သည်လည်းကောင်း၊ ဟောန္တိ - ဖြစ်ကုန်၏။ တေနရာ - တဏှာအကြိုက် အလိုလိုက်သူ ထိုလူပုဂ္ဂိုလ်တို့သည်၊ သာတသိတာ - သုခဝေဒနာ မှီကုန်သည် (ဟုတွာ - ဖြစ်၍) သုခေသိနော - ချမ်းသာကို ရှာမှီးလေ့ရှိကုန်သည်။ (ဘဝန္တိ - ဖြစ်ကုန်၏) တေနရာ - ထိုလူတို့သည်၊ ဝေ - စင်စစ်ဇာတိဇရူပဂါ - ပဋိသန္ဓေနေခြင်း၊ အိုခြင်းသို့ ကပ်ရောက်ကုန်သည်၊ ဟောန္တိ - ဖြစ်ကုန်၏။

၅။ တသိဏာယ - တပ်မက်တတ်စွာတဏှာသည်၊ ပုရက္ခတာ - ခြံရံအပ်သည် (ဟုတွာ - ဖြစ်၍) ပဇာ - သတ္တဝါတို့သည်၊ ဗန္ဓိတော - မုဆိုးကျော့ကွင်း၌မိသော၊ သသော - ယုန်သည်၊ ပရိသပ္ပတိက္လပ - ကြောက်ရွံ့ ထိတ်လန့်သကဲ့သို့ ပရိသပ္ပန္တိ - ကြောက်ရွံ့ထိတ်လန့်ကြရကုန်၏။ သံယောဇနသင်္ဂသတ္တကာ - ဆယ်ပါးအပြားရှိသော သံယောဇဉ်ဟူသော ကပ်ငြိခြင်း၊ ခုနစ်ပါးအပြားရှိသော ရာဂဖြင့် ကပ်ငြိခြင်း အစရှိသည်ဖြင့် ကပ်ငြိကုန်သည်၊ (ဟုတွာ - ဖြစ်၍) စိရာယ - ရှည်လျားစွာသော ကာလပတ်လုံး၊ ပုနပ္ပုနံ - အဖန်ဖန်အထပ်ထပ်၊ ဒုက္ခံ - ပဋိသန္ဓေနေခြင်း အစရှိသော ဆင်းရဲသို့၊ ဥပေန္တိ - ကပ်ရောက်ရကုန်၏။

၆။ တသိဏာယ - တပ်မက်တတ်စွာတဏှာသည်၊ ပုရက္ခတာ - ခြံရံအပ်ကုန်သည် (ဟုတွာ - ၍) ပဇာ - သတ္တဝါတို့သည်၊ ဗန္ဓိတော - မုဆိုကျော့ကွင်း၌၊ မိသော၊ သသော - ယုန်သတ္တဝါသည်၊ ပရိသပ္ပတိက္လဝ - ကြောက်ရွံ့ထိတ်လန့်သကဲ့သို့၊ ယသ္မာ - အကြင်ကြောင့်၊ ပရိသပ္ပန္တိ - ကြောက်ရွံ့ ထိတ်လန့်ကြကုန်၏။ တသ္မာ - ထို့ကြောင့်၊ အတ္တနော - မိမိ၏၊ ဝိရာဂံ - ရာဂကင်းရာအမှန် မြတ်နိဗ္ဗာန်ကို၊ အာကင်္ခန္တ - အာကင်္ခေ္တာ - အလိုရှိသော ပုဂ္ဂိုလ်သည်၊ တသိဏံ - တပ်မက်တတ်စွာ တဏှာကို၊ ဝိနောဒယေ - အရဟတ္တမဂ်ဖြင့် ပယ်နုတ်ထုတ်ခွာစွန့်ပစ်ရာသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ထိုဝက်မယေ်သည်လည်း ထိုဘဝမှ စုတေလေသော် သုဝဏ္ဏဘူမိ၌ မင်းမျိုး၌ ဖြစ်လေ၏။ ထိုဘဝမှ စုတေလေသော် ဗာရာဏသီပြည်၌ ဖြစ်လေ၏။ ထိုဘဝမှစုတေသော်သုပ္ပါဒကသင်္ဘောဆိပ်မြင်းကုန်သည် အိမ်၌ ဖြစ်လေ၏။ ထိုဘဝမှ စုတေသော် ကာဝီရသင်္ဘောဆိပ်လှေသူကြီးအိမ်၌ ဖြစ်လေ၏။ ထိုဘဝမှ စုတေသော် အနုရာဓမြို့ မြို့သူကြီးအိမ်၌ ဖြစ်လေ၏။ ထိုဘဝမှ စုတေသော် အနုရာဇမြို့ တောင်ဘက်ဘောက္ကန္တရွာ၌ သုမနသူကြွယ်၏ သုမနာဟုသာ အမည်ရှိသော သမီးဖြစ်လေ၏။

ထိုအခါ သုမနာ၏ ဖခင်သည် ထိုရွာကို စွန့်ပစ်အပ်သော် ဒီဃဝါပိတိုင်းသို့ သွား၍ မဟာမုနိရွာ၌ နေလေ၏။ ထိုရွာ၌ သုမနာသတို့သမီးကို ဒုဋ္ဌဂါမဏိမင်း၏ လကုဏ္ဍက အတိမ္ဗရအမည်ရှိသော

အမတ်သည် ကိစ္စတစ်ခုဖြင့် သွားစဉ် မြင်တွေ့ရ၍ ကြီးကျယ်သော မင်္ဂလာသဘင်ကို စီရင်ကာ ခေါ်ဆောင်၍ မဟာပုဏ္ဏရွာသို့ သွားလေ၏။

ထိုအခါ ပေါင်ဒိုတောင်မဟာဝိဟာရ၌ နေသော မဟာအနုရုဒ္ဓါထေရ်သည် ထိုမဟာပုဏ္ဏရွာ၌ ဆွမ်းခံလှည့်လည်၍ ထိုသုမနာ၏ အိမ်တံခါးဝ၌ ရပ်တော်မူစဉ် ထိုသုမနာကို မြင်တော်မူ၍ ရဟန်းတို့နှင့်အတူ -

ငါ့ရှင်တို့ ဝက်မငယ် လကုဏ္ဍကသည် အတိမ္ဗရ အမတ်ကြီး၏ ဇနီးအဖြစ်သို့ ရောက်နေရှာ၏။ အံ့သြဖွယ်ရှိပါပေစွဟု ဆိုလေ၏။ အမတ်ကတော် သုမနာသည် ထိုစကားကို ကြား၍ အတိတ်ဘဝတို့ကို ဖွင့်လှစ်၍ ဇာတိဿရဉာဏ်ကို ရလေပြီ။

ထိုခဏ၌ပင် သံဝေဂကြီးစွာ ဖြစ်၍ ပိုင်ရှင်လင်ယောကျ်ားကို တောင်းပန်၍ အခြံအရံများစွာဖြင့် ပဥ္စဗလက ထေရ်ရီတို့အထံ၌ ရဟန်းပြု၍ တိဿကျောင်းတော်၌ မဟာသတိပဋ္ဌာန သုတ်တရားကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။

နောက်အချိန်တွင် ဒမိလကျေး ကုလားတို့ကို နှိမ်နင်းစဉ် ဆွေမျိုးတို့၏ နေရာ ဘောက္ကန္တရွာသို့သာ သွား၍ ထိုရွာ၌ နေစဉ်ကလ္လကျောင်းတော်၌ အာသီဝိသောပမ သုတ္တန်တရားကို ကြားနာရ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

သုမနာထေရီသည် ပရိနိဗ္ဗာန်ပြုရာ နေ့၌ အမျိုးသားရဟန်း အမျိုးသမီးရဟန်းတို့သည် မေးမြန်းအပ်သည် ဖြစ်၍ အမျိုးသမီးသံဃာအား ဖြစ်ရပ်အားလုံးကို မပြတ်ပြောဆို၍ ရောက်လာစုဝေးသော အမျိုးသားသံဃာ၏ အလယ်၌ မဏ္ဍလာရုံကျောင်း ရွှေဘုံ၌ သီတင်းသုံးတော်မူသော ဓမ္မပဒကို ရွတ်ဖတ်ဟောကြားတော်မူတတ်သော မဟာတိဿထေရ်နှင့်အတူ စကားနှီးနှောပြောဆို၍ ကျွန်တော်မသည် ရှေးအခါက လူဘဝ၌ဖြစ်ပြီး ထိုဘဝမှ စုတေသော် ကြက်မဖြစ်၍ ကြက်မဘဝ၌ စွန်ငှက်၏အထံမှ ဦးခေါင်းပြတ်၍ ရာဇဂြိုဟ်ပြည်၌ ဖြစ်ခဲ့၏။ ပရိဗိုဇ်မတို့ထံ၌ ရဟန်းပြု၍ ပထမစျာန်ဘုံ၌ဖြစ်ပြီး ဖြဟ္မာပြည်မှ စုတေသော် သူဌေးမျိုး၌ ဖြစ်၍ မကြာမီမှာပင် စုတေ၍ ဝက်မျိုးသို့ သွားရောက်၍ ထိုဘဝမှ စုတေသော် သုဝဏ္ဏဘူမိသို့ ထိုဘဝမှ စုတေသော် ဗာရာဏသီပြည်သို့၊ ထိုဘဝမှ စုတေသော်၊ သုပ္ပါဒကသဘော်ဆိပ်ရွာသို့၊ ထိုဘဝမှ စုတေသော် ကာဝီရသဘော်ဆိပ်ရွာသို့၊ ထိုဘဝမှ စုတေသော် အနုရာဇမြို့သို့၊ ထိုဘဝမှ စုတေသော် ဘောက္ကန္တရွာသို့ ဤသို့လျှင် ညီမျှ မညီမျှကုန်သော တစ်ဆယ့်သုံးဘဝတို့သို့ ရောက်၍ ဤယခု ဘဝ၌ ရွံ့ရှာငြီးငွေ့သဖြင့် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပါပြီ။

အမျိုးသား အမျိုးသမီး အသီးသီးနှင့် ဝေးနီးရောက်လာ ချမ်းသာဆင်းရဲ အားလုံးသော ပုဂ္ဂိုလ်တို့အား အပ္ပမာဒတရားဖြင့် သိက္ခာသုံးရပ်အကျင့်မြတ်ကို အားထုတ် ကုံလုံပြည့်စုံကြပါစေဟု ပြောဆိုခြင်းဖြင့် ပရိသတ် လေးပါးတို့ကို သံဝေဂပွားစေပြီး ပရိနိဗ္ဗာန် ခရီးဖြင့် ဝင်္ခမီးငြိမ်းလေတော့သတည်း။

**သူကရပေါတိကာဝတ္ထု ပြီး၏။**

# ၁၃၀။ ဝိဇ္ဇာနဲ့ ဘိက္ခုဝတ္ထု ရဟန်းလူထွက်အကြောင်း

မဟာကဿပထေရ်၏ သဒ္ဓိဝိဟာရိက အတူနေတပည့် ရဟန်းတစ်ပါးသည် လေးပါးသော စျာန်တို့ကို ဖြစ်စေသော်လည်း (ရသော်လည်း) မိမိ၏ ဦးရီးဖြစ်သော ရွှေပန်းတိမ်ဆရာ၏ အိမ်၌ ဝိသဘာဂအာရုံကို (မိန်းမကို) မြင်၍ ထိုမိန်းမ၌ တပ်မက်သော စိတ်ဖြင့် လူထွက်လေ၏။

ထို့နောက် အိမ်ရှိ လူတို့သည် ပျင်းရိသူဖြစ်၍ အလုပ်မလုပ်လိုသော ထိုရဟန်းလူထွက်ကို အိမ်မှ နှင်ထုတ်လိုက်ကြကုန်၏။

ထိုရဟန်း လူထွက်သည် ယုတ်ညံ့သော မိတ်ဆွေနှင့် ရောနှောဆက်ဆံလျက် ခိုးမှုဖြင့် အသက်မွေးနေထိုင်လေ၏။ ထိုသို့နေစဉ် တစ်နေ့သ၌ ထိုရဟန်း လူထွက်ကို ဖမ်းဆီး၍ လက်ပြန်ကြိုး ခိုင်မြဲစွာ ချည်၍ လမ်းလေးခွဆုံရာ ဆုံရာ၌ ကြိမ်တို့ဖြင့် ရိုက်နှက်ကုန်လျက် သုသာန်သချိုင်းသို့ ထုတ်ဆောင်ခဲ့ကြကုန်၏။

မဟာကဿပထေရ်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လာစဉ် တောင်ဘက်တံခါးမှ ထုတ်ဆောင်အပ်သော ထိုသူကို မြင်၍ လက်ပြန်ကြိုးကို အလျော့ခိုင်းပြီး သင်သည် ရှေ့အချိန်၌ လေ့လာဆည်းပူးအပ်သော ကမ္မဋ္ဌာန်းကို ပြန်၍ ဆင်ခြင်ပါလော့ဟု မိန့်တော်မူ၏။ ထိုသူသည် ထိုဩဝါဒ ဖြင့် သတိရပြီး တစ်ဖန် စတုတ္ထစျာန်ကို ဖြစ်စေပြီ။

ထိုအခါ ထိုသူကို သူသတ်သချိုင်းသို့ ဆောင်ယူခဲ့ပြီး သတ်ကြကုန်စို့ဟု တံကျင်ဖြင့် တံကျင်လျှိုရန် အားထုတ်ကြကုန်၏။ ထိုသူသည် မကြောက်ရွံ့ မထိတ်လန့်၊ ထိုအခါ ထိုထိုအရပ်မျက်နှာ၌ တည်နေသူ လူတို့သည် သံလျက်လှံ ခရင်းအစရှိသော လက်နက်တို့ကို ရွယ်မိုးကြကုန်သော်လည်း မတုန်မလှုပ် ငြိမ်သက်နေသည်ကိုသာ မြင်ကြ၍ -

အို လူအပေါင်းတို့ ဤယောကျ်ားကို ကြည့်ကြကုန်လော့၊ အကြောင်းမှာကား ဤယောကျ်ားသည် အရာမကများလှကုန်သော လက်နက်ကိုင်ယောကျ်ားတို့၏ အလယ်၌ ကြက်သီးမွေးညင်းမထ၊ တုန်လှုပ် ခြင်းလည်းမရှိ၊ ဩော် . . . အံ့ဩဖွယ်ရှိပါပေစွဟု အံ့ဩကြကုန်၍ ကျယ်စွာသော အသံဖြင့် ဗိမ္ဗိသာရ မင်းအား ထိုအကြောင်းကို ပြောကြားကုန်၏။

ဗိမ္ဗိသာရမင်းသည် ထိုသူကို လွှတ်လိုက်ကြဟု မိန့်ဆို၏။ မြတ်စွာဘုရားထံသို့လည်း သွားကြ၍ ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် အရောင်အလင်းကို ဖြန့်၍ ထိုသူအား တရားဟောတော်မူလို၍ ဤဂါထာကို မိန့်ဆိုတော်မူပြီ။

ယော နိဗ္ဗနထော ဝနာဓိ မုတ္တော။
ဝန မုတ္တော ဝနမေဝ ဓာဝတိ။

တံ ပုဂ္ဂလ မေထ ပဿထ။
မုတ္တော ဗန္ဓမေဝ ဓာဝတိ။

ယော - အကြင်ပုဂ္ဂိုလ်သည်၊ နိဗ္ဗနထော - လူ့အဖြစ်၌ သာယာတွယ်တာတဏှာ တောမှ ထွက်မြောက်သည်၊ ဝနာဓိမုတ္တော - မြတ်သောနေခြင်းဟု ဆိုအပ်သော အကျင့်တော၌၊ နှလုံးသွင်းသူသည်၊ ဝနမုတ္တော - အိမ်ရာအနှောင်အဖွဲ့ဟု ဆိုအပ်သော တဏှာတောမှ ကင်းလွတ်သူသည် (ဟုတ္ဝာ - ဖြစ်၍ ဝါ ဖြစ်လျက်) ဝနမေဝ - နောက်ထပ်တစ်ဖန် အိမ်ရာအနှောင်အဖွဲ့ဟု ဆိုအပ်သော တဏှာတော သို့သာ၊ ဓာဝတိ - ပြေးဝင်လာ ၏။

ဧထ - လာကြကုန်လော့၊ တံပုဂ္ဂလံ - ထိုပုဂ္ဂိုလ်ကို၊ ပဿထ - ကြည့်ကြကုန်လော့၊ (သော - ထိုပုဂ္ဂိုလ်သည်) မုတ္တော - အိမ်ရာအနှောင်အဖွဲ့မှ လွတ်ပြီးသူဖြစ်လျက်၊ ဗန္ဓနမေဝ - အိမ်ရာအနှောင်အဖွဲ့တွင်းသို့သာ ဓာဝတိ - ပြေးဝင်ပြန်လေ၏။

ရဟန်းလူထွက်သည် ဤတရားဒေသနာတော်ကို ကြားနာရ၍ မင်းချင်းယောက်ျားတို့၏ အလယ်တံကျင်ဖျား၌ ထိုင်လျက်သော ခန္ဓာကိုယ်၏ ဖြစ်မှုပျက်မှုကို ရှေးရှုထင်စေ၍ လက္ခဏာရေးသုံးပါးသို့ တင်၍ သစ္စာရတရားတို့ကို သုံးသပ်ဆင်ခြင်လျက် သောတာပတ္တိဖိုလ်သို့ ရောက်၍ သမာပတ်ချမ်းသာကို ခံစားကာ ကောင်းကင်သို့ ပြန်တက်၍ ကောင်းကင်ဖြင့်သာ မြတ်စွာဘုရားထံ သွားရောက်ရှိခိုး၍ မင်းနှင့်တကွသော ပရိသတ်အလယ်၌သာ အရဟတ္တဖိုလ်သို့ ရောက်လေပြီ။

**ဝိဗ္ဘန္တ ဘိက္ခုဝတ္ထု ပြီး၏။**

# ၁၃၁။ ဗန္ဓနာဂါရဝတ္ထု
# နှောင်အိမ်အကြောင်း

တစ်ခုသောအချိန်အခါ၌ အိမ်ခြံဖောက်ဖျက် တိုက်ခိုက်ခြင်း၊ လမ်းခရီး၌ တိုက်ခိုက်သတ်ဖြတ်ခြင်း၊ လူတို့ကို သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်နေကြသော များစွာသော လူဆိုးတို့ကို ခေါ်ဆောင်၍ ကောသလ မင်းကြီးအား ပြကြကုန်၏။

ကောသလမင်းသည် ထိုလူဆိုးတို့ကို နှောင်အိမ်၌ ချုပ်နှောင်ခြင်း၊ ကြိုးဖြင့် နှောင်ခြင်း၊ သံခြေကျင်းဝတ်၍ ချုပ်နှောင်ခြင်းတို့ဖြင့် ချုပ်နှောင်ထားစေ၏။

ဇနပုဒ်၌နေကြသော ရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကို ဖူးမျှော်ရန် လာရောက်၍ မြတ်စွာဘုရားကို ဖူးမြင်ရှိခိုးကြပြီး နောက်နေ့၌ သာဝတ္ထိမြို့တွင်း ဆွမ်းခံလှည့်ကြစဉ် နှောင်အိမ်အနီးသို့ ရောက်ကြကာ ထိုလူဆိုးတို့ကို မြင်ခဲ့ကြပြီး ဆွမ်းခံအရပ်မှ ပြန်လာကြပြီးသော် ညနေချမ်းအချိန်၌ မြတ်စွာဘုရားထံ ချဉ်းကပ်၍ -

မြတ်စွာဘုရား ယနေ့ ဆွမ်းခံလှည့်ကြသော တပည့်တော်တို့သည် နှောင်အိမ်၌ နှောင်ဖွဲ့ခြင်း အစရှိသည်တို့ဖြင့် နှောင်ဖွဲ့ထားအပ်ကုန်သည်ဖြစ်၍ ကြီးစွာသော ဆင်းရဲကို ခံစားနေကြကုန်သော များစွာ လူဆိုးတို့ကို တွေ့မြင်အပ်ခဲ့ပါကုန်ပြီ၊ ထိုလူဆိုးတို့သည် ထိုအနှောင်အဖွဲ့တို့ကို ဖျက်ဆီးဖြတ်တောက်၍ ထွက်ပြေးရန် မတတ်နိုင်ကြကုန်။

မြတ်စွာဘုရား ထိုအနှောင်အဖွဲ့တို့ထက် သာလွန်မြဲမြံခိုင်ခန့်သော အခြားအနှောင်အဖွဲ့ မည်သည် ရှိပါသလားဘုရားဟု မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ သင်တို့လျှောက်ထားအပ်သော နှောင်အိမ် အနှောင်အဖွဲ့ အစရှိသော အနှောင်အဖွဲ့တို့ဟူသည် ဘယ်မှာ အနှောင်အဖွဲ့ဟုတ်လိမ့်မည်နည်း။ ပစ္စည်းဥစ္စာ ဆန်စပါး သားမယားအစရှိသည်တို့၌ တပ်မက်သာယာ တဏှာတည်းဟူသော ကိလေသာအနှောင်အဖွဲ့သည် ထိုပကတိ နှောင်အိမ်အစရှိသော အနှောင်အဖွဲ့တို့ထက် အဆတစ်ရာ အဆတစ်ထောင် အဆတစ်သိန်း အားဖြင့်သာ လွန်မြဲမြံခိုင်ခံ့ပေသည်။ ဤသို့လျှင် ဖျက်ဆီးဖြတ်တောက်ရန် ခဲယဉ်းသောကြီးလှစွာသော ထိုအနှောင်အဖွဲ့ကိုလည်း ရှေးပညာရှိတို့သည် ဖျက်ဆီးဖြတ်တောက်၍ ဟိမဝန္တာသို့ဝင်ပြီး ရဟန်းပြုခဲ့ကြပြီဟု မိန့်တော်မူကာ အတိတ်ကို ဆောင်တော်မူပြီ။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုလတ်သော် ဘုရားအလောင်းတော်သည် သူဆင်းရဲမျိုးအိမ်၌ ဖြစ်လေ၏။ ဘုရားအလောင်း အရွယ်ရောက်လတ်သော် သူ၏ဖခင်ကွယ်လွန်လေ၏။ ဘုရားအလောင်းသည် လက်ခစားအလုပ်ကို လုပ်၍ မိခင်ကို ကျွေးမွေးပြုစုနေ၏။ ထိုအခါ မိခင်သည် ဘုရားအလောင်းက အလိုမရှိပါဘဲ ဘုရားအလောင်းအတွက် အမျိုးသမီး တစ်ယောက်ကို အိမ်၌ ဇနီးအဖြစ်ကိုပြု၍ နောက်အဖို့ဖြစ်သောအချိန်၌ ကွယ်လွန်လေ၏။ ဘုရားလောင်း၏ ဇနီး ဝမ်း၌လည်း ကိုယ်ဝန်တည်လေပြီ။ ဘုရားလောင်းသည် ကိုယ်ဝန်တည်ကြောင်း

မသိမူ၍သာ - ရှင်မ သင်သည် လက်ခစားပြု၍ အသက်မွေးရစ်ပေတော့။ ငါရဟန်းပြုတော့မည်ဟု ပြောလေ၏။ အို အိမ့်ရှင် ကျွန်မ၏ ဝမ်း၌ ကိုယ်ဝန်တည်နေပြီ မဟုတ်လော၊ ကျွန်မ ကလေးမျက်နှာ မြင်ပြီးသော် ကလေးကို မြင်ပြီး ရဟန်းပြုရပါလိမ့်မည်ဟု ပြော၏။

ဘုရားအလောင်းသည် ကောင်းပြီဟု ဝန်ခံ၍ ဇနီးဖြစ်သူ၏ ကလေးမျက်နှာမြင်ပြီးချိန်၌ ရှင်မ သင်သည် ချမ်းသာစွာ ဖွားမြင်ခဲ့ရပြီး ယခုငါရဟန်းပြုတော့မည်ဟု ပန်ကြားပြောဆို၏။ ထိုအခါ ဘုရားလောင်းကို ဇနီးဖြစ်သူသည် သင်၏သား နို့ခွာချိန်တိုင်အောင် ဆိုင်းငံ့ပါဦးဟု ပြောဆိုပြီး နောက်ထပ်ကိုယ်ဝန်ယူပြန်ပြီ။

ဘုရားအလောင်းသည် ဤမိန်းမကို ဝန်ခံစေ၍ လက်ခံခွင့်လွှတ်စေ၍ ငါသွားရန် မတတ်နိုင်၊ ဤမိန်းမအား မပြောဘဲသာ ထွက်ပြေးပြီး ရဟန်းပြုတော့မည်ဟု ကြံစည်လေ၏။

ဘုရားလောင်းသည် ဇနီးဖြစ်သူအား မပြောဘဲသာ ညဉ့်အချိန်၌ထ၍ ထွက်ပြေးလေ၏။ ထိုအခါ ဘုရားလောင်းကို မြို့စောင့်လူတို့သည် ဖမ်းဆီးကြကုန်၏။ ဘုရားလောင်းသည် အိုအရှင် ကျွန်တော်သည် မာတုပေါသက မိခင်ကို ကျွေးမွေးပြုစုသူ ခေါ်ပါသည်။ ကျွန်တော့်ကို လွှတ်ပေးကြပါဟု ပြောဆို၍ မိမိကိုယ်ကို လွှတ်စေပြီး တစ်ခုသောအရပ်၌ နေ၍ ရသေ့ရဟန်း ပြုကာ အဘိညာဏ်သမာပတ်တို့ကို ရ၍ ဈာန်ကစားခြင်းဖြင့် ကစားလျက်နေလေ၏။ ဘုရားအလောင်းသည် ထိုအရပ်၌ နေလျက်သာ ငါသည် ဤမျှလောက် ဖြတ်တောက်ရန် ခဲယဉ်းသော သားမယားအနှောင်အဖွဲ့ဟူသော ကိလေသာ အနှောင်အဖွဲ့ကို ဖြတ်တောက်အပ်ပြီဟု ဤဥဒါန်းကို ကျူးရင့်တော်မူပြီ။

မြတ်စွာဘုရားသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ပြတော်မူ၍ ထိုအချိန်က ဘုရားလောင်းသည် ကျူးရင့်အပ်သော ဥဒါန်းကို ယခုဖော်ပြလို၍ ဤဂါထာတို့ကို ဟောတော်မူပြီ။

၁။ နတံ ဒဠှံ ဗန္ဓန မာဟု ဓီရာ။
ယဒါ ယသံ ဒါရုဇ ပဗ္ဗဇဉ္စ။
သာရတ္တရတ္တာ မဏိ ကုဏ္ဍလေသု၊
ပုတ္တေသု ဒါရေသုစ ယာ အပေက္ခာ။

၂။ ဧတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ၊
ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ။
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ၊
အနပေက္ခိနော ကာမသုခံ ပဟာယ။

၁။ အာယသံ - သံဖြင့်ပြီးသော၊ ယံဗန္ဓနံစ - အကြင်သံခြေကျင်း အနှောင်အဖွဲ့သည်လည်းကောင်း၊ ဒါရုဇံ - သစ်သားဖြင့်ပြုလုပ်အပ်သော၊ ယံဗန္ဓနံစ - အကြင်နှောင်အိမ်ထိပ်တုံး အစရှိသော အနှောင်အဖွဲ့သည်လည်းကောင်း၊ ပဗ္ဗဇံ - ပြိတ်မြက်ဖြင့်ပြီးသော၊ ဝါ - လျှော်မျှင်စသည်တို့ဖြင့် ပြုအပ်

သော၊ ယံဗန္ဒနံစ - အကြင် နှောင်ကြိုး အနှောင်အဖွဲ့သည်လည်းကောင်း၊ အတ္ထိ - ရှိ၏။ တံဗန္ဒနံ - ဆိုအပ်ခဲ့ပြီးသော သံခြေကျင်းအစရှိသော ထိုအနှောင်အဖွဲ့ကို ဒင္ဌ - သံလျက်အစရှိသည်တို့ဖြင့် ဖြတ်ခြင်းငှာမတတ်နိုင်သည်၏ အဖြစ်ကြောင့် မြဲမြံခိုင်ခန့်သော၊ ဗန္ဓနံ - ဗန္ဓနံ ဣတိ - အနှောင်အဖွဲ့ဟု၊ ဓီရာ - ပညာရှိတို့သည်၊ နအာဟု - မဆိုကြလေကုန်။

မဏိကုဏ္ဍလေသုပတ္တမြားနှင့် နားဋောင်းတို့၌၊ ဝါ - ပတ္တမြားဖြင့် ဆန်းကြယ်သော နားဋောင်းတို့၌လည်းကောင်း၊ ပုတ္တေသုစ - သားသမီးတို့၌လည်းကောင်း၊ ဒါရေသုစ - ဇနီးမယားတို့၌ လည်းကောင်း၊ သာရတ္တ ရတ္တာ - ထူထဲသော ရာဂဖြင့် တပ်မက်တတ်သော၊ ယာအပေက္ခာ - ငဲ့ကွက်သာယာ အကြင် တဏှာသည်၊ အတ္ထိ - ရှိ၏။ ကိလေသမယံ - ကိလေသာဖြင့် ပြီးသော၊ ဧတံ - ထိုအနှောင်အဖွဲ့ကို၊ ဒင္ဌ - သံလျက်စသည်တို့ဖြင့် ဖြတ်ခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် မြဲမြံခိုင်ခန့်သော၊ ဗန္ဓနံ - ဗန္ဓနံ ဣတိ အနှောင်အဖွဲ့ဟူ၍၊ ဓီရာ ပညာရှိတို့သည်၊ အာဟု ဆိုကြကုန်၏။

၂။ ဩဟာရိနံ - အပယ်ဆင်းရဲ အောက်ငရဲသို့ ဆွဲချတတ်သော၊ သိထိလံ - နှောင်ဖွဲ့ထားကြောင်းကိုသော်လည်း မသိနိုင်သဖြင့် လျော့ပေါ့သော၊ ဒုပ္ပမုဉ္စံ - ဖြေရန်ခဲယဉ်းသော၊ တမ္ပိ - ထိုကိလေသာ အနှောင်အဖွဲ့ကိုလည်း၊ ဆေတွာန - ဉာဏ်သံလျက်ဖြင့် ဖြတ်၍၊ အနပေက္ခိနော - ငဲ့ကွက်ခြင်းမရှိသည် (ဟုတွာ - ဖြစ်၍) ကာမသုခံ - ကာမသုခကို၊ ပဟာယ - ပယ်စွန့်၍၊ ပရိဗ္ဗဇန္တိ - အိမ်ရာစခန်းလွတ်ကြောင်းမှန်၍ ရဟန်းပြုကြလေကုန်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ဗန္ဒနာဂါရဝတ္ထု ပြီး၏။**

## ၁၃၂။ ဥဂ္ဂသေနဝတ္ထု
## သူဌေးသား ဥဂ္ဂသေနအကြောင်း

ကချေသည် ငါးရာတို့သည် တစ်နှစ်သို့သော်လည်းကောင်း၊ ခြောက်လသို့သော်လည်းကောင်း၊ ရောက်လတ်သော် ရာဇဂြိုဟ်မြို့သို့ သွား၍ မင်းအား ခုနစ်ရက်ပတ်လုံး ကပွဲသဘင်ပြုလုပ်ကပြခြင်းကြောင့် ရွှေငွေများစွာကို ရကြကုန်၏။ ကပြနေစဉ် အကြားအကြား၌ ပစ်လွှင့်ဆုချပေးကမ်းအပ်သော ရွှေငွေတို့၏ အပိုင်းအခြားသည် မရှိ။

များစွာသော လူသည် ညောင်စောင်းအဆင့်ဆင့်စသည်တို့၌ တည်၍ ပွဲသဘင်ကိုကြည့်လေ၏။ ထိုအချိန်အခါ၌ ဘားကျွမ်းမင်းသမီးတစ်ယောက်သည် ကြိုးတန်းပေါ်သို့တက်၍ ကြိုးတန်းအထက်၌ ကျွမ်းထိုး၍ ကြိုးတန်း၏အဆုံးဖြစ်သော ကောင်းကင်၌ စင်္ကြံသွားလျက် ကလည်းက သီချင်းလည်း ဆိုလေ၏။ ထိုအချိန်၌ ဥဂ္ဂသေနအမည်ရှိသော သူဌေးသားသည် အပေါင်းအဖော်နှင့်အတူ အဆင့်ဆင့်သော ညောင်စောင်း၌တည်လျက် ထိုဘားကျွမ်းမင်းသမီးကို ကြည့်၍ ထိုဘားကျွမ်းမင်းသမီး၏ လက်ခြေတို့ကို ပစ်လွဲလှုပ်ရှားခြင်းစသည်တို့၌ ချစ်နှစ်သက်၍ အိမ်သို့ပြန်သွားပြီး ထိုမင်းသမီးကိုရသော် အသက်ရှင်ဦးမည်၊ မရသော် ဤနေရာ၌သာ ငါအသေခံတော့မည်ဟု အစာဖြတ်၍ ကုတင်ပေါ်၌ အိပ်နေပြီ။ အမိအဖတို့သည် ချစ်သား သင့်အား အဘယ်ရောဂါသည် နှိပ်စက်သနည်းဟု မေးအပ်သော်လည်း ထိုကချေသည်၏ သမီးကိုရလျှင် ကျွန်တော်၏ အသက်ရှိ၏ မရလျှင် ဤနေရာ၌ပင် ကျွန်တော် အသေခံတော့မည်ဟု ပြောဆိုလေသော် ချစ်သား ဤသို့မပြုနှင့် ငါတို့၏ အမျိုးနှင့်လည်းကောင်း၊ စည်းစိမ်ဥစ္စာနှင့်လည်းကောင်း သင့်လျော်သော အခြားသတို့သမီးကို သင့်အတွက် ငါတို့ဆောင်ပေးမည်ဟု ပြောဆိုအပ်သော်လည်း ထိုစကားကိုသာ ပြော၍ အိပ်လေ၏။ ထိုအခါ ဥဂ္ဂသေန၏ ဖခင်သည် များစွာ တောင်းပန်သော်လည်း ဥဂ္ဂသေနကို ကျေနပ်နှစ်သိမ့်စေရန် မတတ်နိုင်၍ ဥဂ္ဂသေန၏ အပေါင်းအဖော် မိတ်ဆွေကို ခေါ်စေပြီး အသပြာ တစ်ထောင်ကိုပေး၍ ဤအသပြာတို့ကို ယူ၍ ကချေသည်၏ သမီးကို ငါ့သားအား ပေးပါလေ့ဟု မှာထားပြောဆို၍ စေလွှတ်လိုက်လေ၏။

ကချေသည်ကြီးသည် ငါသည် အသပြာတို့ကို ယူ၍ ငါ့သမီးကို ပေးမည်မဟုတ်၊ ဥဂ္ဂသေန သူဌေးသားသည် ငါ၏ ဤသမီးကို မရခဲ့သော် အသက်ရှင်ခြင်းငှာ စွမ်းနိုင်သူမဟုတ်ခဲ့လျှင် ငါတို့နှင့်အတူသာနေပါလော့၊ သူဌေးသားအား ငါ၏ သမီးကိုပေးမည်ဟု ပြန်ပြောလေ၏။ အမိအဖတို့သည် သားဖြစ်သူ ဥဂ္ဂသေနအား ထိုအကြောင်းကို ပြောကြကုန်၏။

ဥဂ္ဂသေနသည် ကျွန်တော် ကချေသည်တို့နှင့်အတူ လှည့်လည်နေထိုင်မည်ဟု ပြောဆိုကာ တောင်းပန်ကုန်သော် မိဘတို့၏ စကားကို မနာယူဘဲ အိမ်မှ ထွက်၍ ကချေသည် အထံသို့ သွားလေ၏။ ကချေသည်ကြီးသည် ဥဂ္ဂသေနအား သမီးကိုပေး၍ ဥဂ္ဂသေနနှင့်အတူသာ ရွာနိဂုံး မင်းနေပြည်စသည်တို့၌ အတတ်ပညာကို ပြလျက် လှည့်လည်နေထိုင်လေ၏။ ဘားကျွမ်းကစားသမား အမျိုးသမီးသည်လည်း ဥဂ္ဂသေနနှင့်အတူ ပေါင်းဖော်နေထိုင်မှုကို အစွဲပြု၍ အချိန်မကြာမီပင် သားတစ်ယောက်

ကိုရ၍ သားနှင့်မြူးတူးကစားစဉ် လှည်းစောင့်သမား၏သား ဥစ္စာအထုပ်ထမ်းသမားသား ဘာကိုမျှ မတတ်သူ၏ သားဟု ပြောဆို၏။ ဥဂ္ဂသေန သည်လည်း ကချေသည်တို့၏ လှည်းဝိုင်းပြု၍ တည်နေရာ၌ နွားစာမြက်ကို ဆောင်ယူရ၏ အတတ်ပညာ ပြရာဌာန၌ ရအပ်သော ပစ္စည်းဘဏ္ဍာကို ရွက်ဆောင်ရ၏။ ထိုသို့ပြုရခြင်းကိုပင် ရည်ရွယ်၍ ဥဂ္ဂသေန၏ဇနီးသည် သားကိုချော့စဉ် ထိုသို့ပြောဆိုသတတ်။

ဥဂ္ဂသေနသည် မိမိကို အကြောင်းပြု၍ ဇနီးဖြစ်သူ၏ သားချော့သီချင်း သီဆိုကြောင်းကို သိသဖြင့် -

သင်သည် ငါ့ကိုရည်ရွယ်၍ ပြောဆိုသည်မဟုတ်လောဟု ဇနီးကိုမေးလေ၏။

ဟုတ်ပါသည် ရှင့်ကိုရည်ရွယ်၍ ပြောပါသည်။

ဤသို့ဆိုသည် မှန်လျှင် ငါထွက်ပြေးတော့မည်။

သင်ထွက်ပြေးသော်လည်းကောင်း၊ ပြန်လာသော်လည်းကောင်း ကျွန်မအား အဘယ်သို့ဖြစ်စရာ ရှိမည်နည်းဟု ပြန်ပြောပြီး နောက်ထပ်ကြိမ်ဖန်များစွာ ထိုသီချင်းကိုဆိုလေ၏။

ထိုကချေသည်၏ သမီးသည် မိမိ၏ ရုပ်အဆင်းနှင့်ပြည့်စုံမှုကိုလည်းကောင်း၊ ပစ္စည်းဥစ္စာ ရရှိခြင်းကိုလည်းကောင်း၊ အမှီပြု၍ ဥဂ္ဂသေနကိုတစ်စုံတစ်ခုမျှ၌ (ဘယ်လိုအစားမျှ၌) မထင်မှတ်လေ။

ဥဂ္ဂသေနသည် ဤမိန်းမ၏ ဤမာနသည် အဘယ်ကို အမှီပြု၍ ဖြစ်လေသနည်းဟု စဉ်းစား သည်ရှိသော် အတတ်ပညာကို အမှီပြု၍ မာနဖြစ်ကြောင်းကို သိပြီးသော် မာနဖြစ်စေဦးတော့ (ရှိစေဦး) ငါသည် အတတ်ပညာကို သင်ယူမည်ဟု ကြံစည်ကာ ယောက္ခမဖခင်ထံ ချဉ်းကပ်၍ ဖခင်၏ တတ်သိ ထားသော အတတ်ပညာကို သင်ယူ၍ ရွာနိဂုံးအစရှိသည်တို့၌ အတတ်ပညာကို ပြသည်ရှိသော် မြို့ရွာ အစဉ်အားဖြင့် ရာဇဂြိုဟ်မြို့သို့ လာရောက်ပြီး ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဥဂ္ဂသေန သူဌေးသား သည် မြို့သူမြို့သားတို့အား အတတ်ပညာကို ပြလိမ့်မည်ဟု အော်ဟစ်ကြွေးကြော်စေ၏။

မြို့သူမြို့သားတို့သည် အဆင့်ဆင့်သော ညောင်စောင်းစသည်တို့ကို ဖွဲ့စည်းခင်းကျင်းစေ၍ ခုနစ်ရက်မြောက်သောနေ့၌ စုဝေးနေကြကုန်၏။

ဥဂ္ဂသေနသည်လည်း အတောင်ခြောက်ဆယ်ရှိသော ဝါးလုံးသို့တက်၍ ဝါးလုံးထိပ်၌ရပ်နေ၏။

ထိုနေ့၌ မြတ်စွာဘုရားသည် မိုးသောက်ခါနီး လင်းအားကြီးအချိန်တွင် သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် မိမိ၏ ဉာဏ်ကွန်ယက်အတွင်း ဝင်လာသော ဥဂ္ဂသေနကို မြင်တော်မူ၍ ဘယ်သို့ဖြစ်လိမ့်မည်နည်းဟု ဆင်ခြင်လတ်သော် နက်ဖန် သူဌေးသားသည် အတတ်ပညာကို ပြမည်ဟူ သော စိတ်ထားဖြင့် ဝါးလုံးအထက်၌ ရပ်လိမ့်မည်၊ သူ့ကိုကြည့်ရှုရန် များစွာသော လူစုဝေးမိလိမ့်မည်။ ထိုလူအစုအဝေး၌ ငါဘုရားသည် လေးပါးဒရှိသော ဂါထာကို ဟောမည်၊ ထိုဂါထာကို ကြားနာကြ၍ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာတရားကို ထိုးထွင်းသိမြင်ခြင်း (ကျွတ်တမ်းဝင်ခြင်း) ဖြစ်လိမ့်မည်၊ ဥဂ္ဂသေနသည်လည်း အရဟတ္တဖိုလ်၌ တည်လိမ့်မည်ဟု သိတော်မူပြီ။

မြတ်စွာဘုရားသည် နောက်နေ့၌ အချိန်အခါကို မှတ်သား၍ ရဟန်းသံဃာခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူပြီ။ ဥဂ္ဂသေနသည်လည်း မြတ်စွာဘုရား မြို့တွင်းသို့ မဝင်မီ၌ပင် ပွဲတင်ထပ်မျှ အုတ်အုတ်ကျက်ကျက် ဆူညံစိမ့်သောငှာ များစွာသောလူအား လက်ညှိုးထောင်ပြသော

အမှတ်သညာကို ပေး၍ ဝါးလုံးထိပ်၌ ရပ်ပြီး ကောင်းကင်၌သာ ခုနစ်ကြိမ်တိုင်အောင် ပတ်လည် ကျွမ်းပစ်၍ ကောင်းကင်မှ ဆင်းပြီး ဝါလုံးထိပ်၌ ရပ်နေလေပြီ။ ထိုခဏ၌ မြတ်စွာဘုရားသည် မြို့တွင်းသို့ ဝင်ရောက်သည်ဖြစ်၍ ဥဂ္ဂသေနကို ပရိသတ်မကြည့်အောင် ပြုပြီး မိမိကိုသာ ကြည့်စေသည်။

ဥဂ္ဂသေနသည် ပရိသတ်ကို ကြည့်ပြီး ပရိသတ်သည် ငါ့ကိုမကြည့်ပါလားဟု နှလုံးမသာမယာ ဖြစ်၍ ဤအတတ်ပညာသည် ငါသည်တစ်နှစ်ကြာအချိန်၌ ပြုအပ်သင်အပ်သော အတတ်ပညာ ဖြစ်သည်။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်တော်မူစဉ် ပရိသတ်သည် ငါ့ကိုမကြည့်မူ၍ မြတ်စွာဘုရားကိုသာ ကြည့်လေ၏။ စင်စစ်သော်ကား ငါ၏ အတတ်ပညာကို ပြရခြင်းသည် အချည်းနှီး သာ ဖြစ်ချေပြီဟု စိတ်ကူးမိလေ၏။

မြတ်စွာဘုရားသည် ဥဂ္ဂသေန၏ ဖြစ်နေသောစိတ်ကို သိတော်မူ၍ မဟာမောဂ္ဂလာန်ကို မိန့်ခေါ်တော်မူပြီး မောဂ္ဂလာန်သင်သွားပါ သူဌေးသားကို သင်၏ အတတ်ပညာကို ပြပါဟု ပြောဆိုပါ ချေဟု မိန့်တော်မူ၏။

မောဂ္ဂလာန်ထေရ်သည် အမိန့်တော်အတိုင်းသွား၍ ဝါးလုံးအောက်၌ရပ်လျက် သူဌေးသားကို ခေါ်၍ ဤဂါထာကို ရွတ်ဆိုပြောပြလေ၏။

ဣင်္ဃ ပဿ နဋ္ဋပုတ္တ၊ ဥဂ္ဂသေန မဟဗ္ဗလ။
ကရောဟိ ရင်္ဂ ပရိသာယ၊ ဟာသယဿု မဟာဇနံ။

မဟဗ္ဗလ - အားကောင်းလှသော၊ နဋ္ဋပုတ္တ - ကချေသည်၏သားဖြစ်သော၊ ဥဂ္ဂသေန - အိုဥဂ္ဂသေန၊ ဣင်္ဃ - ငါတိုက်တွန်း၏။ မဟာဇနံ - များစွာသောလူကို၊ ပဿ - ကြည့်လော့၊ ပရိသာယ - ပရိသတ်၌၊ ရင်္ဂ - ကပြမှုကို၊ ကရောဟိ - ပြုလော့၊ မဟာဇနံ - များစွာသော လူကို ဟာသယဿု - ရွှင်လန်းအားရပါစေလော။

ဥဂ္ဂသေနသည် မောဂ္ဂလာန်ထေရ်၏ စကားကို ကြားရလေသော် နှစ်သက်ဝမ်းသာသော စိတ်ရှိပြီး မြတ်စွာဘုရားသည် ငါ၏ အတတ်ပညာကို ကြည့်လိုသည်ထင်၏ဟု ဝါးလုံးထိပ်၌ ရပ်လျက်သာ ဤဂါထာကို ဆိုလေ၏။

ဣင်္ဃ ပဿ မဟာပည၊ မောဂ္ဂလာန မဟိဒ္ဓိက။
ကရောမိ ရင်္ဂ ပရိသာယ၊ ဟာသယာမိ မဟာဇနံ။

မဟာပည - မြတ်သော ပညာရှိတော်မူသော၊ မောဂ္ဂလာန - မောဂ္ဂလာန်အမည်ရှိသော၊ မဟိဒ္ဓိက - တန်ခိုးကြီးမားအရှင်မြတ်ဘုရား၊ ဣင်္ဃ - တိုက်တွန်းပါ၏။ ပဿ - ကြည့်တော်မူပါ၊ ပရိသာယ - ပရိသတ်၌၊ ရင်္ဂ - ကပြမှုကို၊ ကရောမိ - ပြုပါအံ့၊ (ပြုပါတော့မည်) မဟာဇနံ - များစွာသော လူကို

ဟာသယာမိ - ရွှင်လန်းအားရစေပါတော့မည်။

ဥဂ္ဂသေနသည် ဤသို့ ရွတ်ဆိုပြီး ဝါးလုံးထိပ်မှ ကောင်းကင်သို့ ပြန်တက်၍ ကောင်းကင်၌သာ တစ်ဆယ့် လေးကြိမ်တိုင်အောင် ကျွမ်းပစ်၍ သက်ဆင်းပြီး ဝါးလုံးထိပ်၌သာ ရပ်နေလေ၏။

ထိုအခါ ဥဂ္ဂသေနကို မြတ်စွာဘုရားသည် အို ဥဂ္ဂသေန ပညာရှိ သူမည်သည် အတိတ် အနာဂတ် ပစ္စုပ္ပန် ခန္ဓာတို့၌ တပ်မက်တွယ်တာတတ်သော တဏှာကို ပယ်ခွာ၍ ဇာတိအစရှိသော တရားတို့မှ ကင်းလွတ်သင့်သည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော၊
မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ။
သဗ္ဗတ္ထ ဝိမုတ္တ မာနသော၊
နပုနံ ဇာတိ ဇရံ ဥပေဟိသိ။

ပုရေ - အတိတ်ခန္ဓာ၌၊ (အာလယံ - တပ်မက်တွယ်တာတဏှာကို)၊ မုဉ္စ - စွန့်လွှတ်ပါလော့၊ ပစ္ဆတော - နောက်အနာဂတ်ခန္ဓာ၌၊ (အာလယံ - တပ်မက်တွယ်တာတဏှာကို)၊ မုဉ္စ - စွန့်လွှတ်ပါတော့၊ မဇ္ဈေ - အတိတ် အနာဂတ်၏ အလယ်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌၊ (အာလယံ - တပ်မက်တွယ်တာ တဏှာကို) မုဉ္စ - စွန့်လွှတ်ပါလော့၊ ဧဝံသန္တေ - ဤသို့စွန့်လွှတ်သည်ရှိသော်၊ ဘဝဿဘဝသုံးပါး၏။ ပါရဂူ - ပိုင်းခြားသိခြင်း ပယ်စွန့်ခြင်း ပွားများ ခြင်း မျက်မှောက်ပြုခြင်းအားဖြင့် ကမ်းတစ်ဖက်သို့ ရောက်သည်။ (ဟုတွာ - ဖြစ်၍) သဗ္ဗတ္ထ - ခန္ဓာအာယတန ဓာတ် စသည်အပြားရှိသော သင်္ခတ တရားအားလုံး၌၊ ဝိမုတ္တမာနသော - ကင်းလွတ်သော စိတ်ရှိသည် (ဟုတွာ - ဖြစ်၍) ပုန - တစ်ဖန်၊ ဇာတိဇရံ - ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းသို့၊ နဥပေဟိသိ - မရောက်ရတော့ လတ္တံ့။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာတရားကို ထိုးထွင်းသိခြင်း (ကျွတ်တမ်းဝင်ခြင်း) ဖြစ်လေပြီ။

ဥဂ္ဂသေန သူဌေးသားသည်လည်း ဝါးလုံးထိပ်၌ ရပ်လျက်သာ ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တ ဖိုလ်သို့ ရောက်၍ ဝါးလုံးထိပ်မှ သက်ဆင်းကာ မြတ်စွာဘုရားထံလာပြီး ငါးမျိုးသောတည်ခြင်းရှိသော ရှိခိုးနည်းဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းအဖြစ်ကို တောင်းဆိုလေ၏။ ထိုအခါ ဥဂ္ဂသေနကို မြတ်စွာဘုရားသည် လက်ယာ လက်တော်ကို ဆန့်တန်း၍ ဧဟိ - ဘိက္ခု (အိုရဟန်းလာလော့) ဟု ခေါ်တော်မူ၏။

ဥဂ္ဂသေနသည် မြတ်စွာဘုရား ခေါ်တော်မူရာ ခဏ၌သာ ပရိက္ခရာရှစ်ပါးကို ဆောင်လျက် ဝါတော် ခြောက်ဆယ်ရထေရ်ကြီးကဲ့သို့ ဖြစ်လေပြီ။

ထိုအခါ ရဟန်းတို့သည် ဥဂ္ဂသေန ရဟန်းကို ငါ့ရှင်ဥဂ္ဂသေန သင်သည် အတောင်ခြောက် ဆယ်မြင့်သော ဝါးလုံးအထက်မှ သက်ဆင်းစဉ် မကြောက်သလောဟု မေးကြ၍ ငါ့ရှင်တို့

တပည့်တော်အား ကြောက်ခြင်းမရှိပါဟု ပြောဆိုအပ်သော် မြတ်စွာဘုရား ဥဂ္ဂသေနသည် မကြောက်ပါဟု ပြောဆိုပါသည်။ မဟုတ်မမှန်သည်ကို ပြောပြီး အရဟတ္တဖိုလ်ကို ပြောဆိုသူဖြစ်ပါ၏ဟု မြတ်စွာဘုရား အား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ငါ၏ သားတော်ဥဂ္ဂသေနနှင့် တူကုန်သော သံယောဇဉ် ဖြတ်ပြီးသော ရဟန်းတို့သည် မကြောက်ကြ မလန့်ကြကုန်ဟု မိန့်တော်မူကာ ဗြာဟ္မဏဝဂ်၌ ဤဂါထာကို ဟောတော်မူ၏။

သဗ္ဗ သံယောဇနံ ဆေတွာ၊ ယော ဝေ န ပရိတဿတိ။
သင်္ဂါတိဂံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယော - အကြင်ပုဂ္ဂိုလ်သည်၊ သဗ္ဗသံယောဇနံ - သံယောဇဉ်အားလုံးကို၊ ဆေတွာ - အရဟတ္တမဂ်ဖြင့် ဖြတ်ပယ်၍ ဝါ - ဖြတ်ပယ်ထားသောကြောင့်၊ ဝေ - စင်စစ်၊ နပရိတဿတိ - မထိတ်လန့်မပူပန်၊ သင်္ဂါတိဂံ - ရာဂအစရှိသော ကပ်ငြိတတ်သော ကိလေသာကို လွန်မြောက်ပြီးသော၊ ဝိသံယုတ္တံ - ယောဂလေးပါးတို့နှင့် မယှဉ်သော၊ တံ - ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ - မကောင်းမှုအဖြာဖြာ အပပြုပယ်ခွာရဟန္တာဟု၊ အဟံ - ငါဘုရားသည်၊ ဗြူမိ - ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့၏ သစ္စာတရားထိုးထွင်းသိခြင်း (ကျွတ်တမ်းဝင် ခြင်း) ဖြစ်လေပြီ။

နောက်ထပ်တစ်ဖန် တစ်နေ့သ၌ ရဟန်းတို့သည် ဓမ္မသဘင်၌ စကားပြောဆိုကြပြန်ကုန်၏။

ငါ့ရှင်တို့ ဤသို့ အရဟတ္တဖိုလ်၏တည်ရာအကြောင်း ပါရမီကုသိုလ်ကောင်းနှင့် ပြည့်စုံသော ရဟန်း၏ ကချေသည်၏သမီးကို မှီရာအကြောင်းပြု၍ ကချေသည်တို့နှင့်အတူ သွားလာနေထိုင်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း အရဟတ္တဖိုလ်၏ အားကောင်းသောမှီရာ အကြောင်းကား အဘယ်ပါ နည်းဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူပြီး ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စုဝေးနေကြ သနည်းဟု မေးတော်မူသဖြင့် ဤမည်သော စကားဖြင့် စုဝေးနေကြပါသည် ဘုရားဟု ရဟန်းတို့က လျှောက်ထားအပ်သော် -

ရဟန်းတို့ သင်တို့သိလိုသော ထိုအကြောင်းနှစ်မျိုးလုံးကိုလည်း ဤဥဂ္ဂသေနသည်သာ ပြုအပ်ပေ သည်ဟု မိန့်တော်မူကာ ထိုအကြောင်းကို ထင်ရှားစေရန် အတိတ်ဖြစ်ရပ် အတ္ထုပ္ပတ်ကို ဆောင်လတ် တော်မူပြီ၊

လွန်လေပြီးသောအခါ ကဿပ မြတ်စွာဘုရား၏ ဓာတ်တော်ကို ဌာပနာသွင်းကာ ရွှေစေတီ တည်ထား အပ်လေသော် ဗာရာဏသီမြို့နေ အမျိုးကောင်းသားတို့သည် များစွာသော ခဲဖွယ်စားဖွယ် တို့ကို ယာဉ်တို့၌ တင်၍ လုပ်အားပေးကြမည်ဟု စေတီတည်ရာအရပ်သို့ သွားကြစဉ် လမ်းခရီးအတွင်း၌ ဆွမ်းခံဝင်လာသော ထေရ်တစ်ပါးကို ဖူးတွေ့ကြကုန်၏။ ထိုအခါ အမျိုးသမီးတစ်ဦးသည် ထေရ်ရဟန်း

ကိုကြည့်ပြီး သူ၏ အမျိုးသားကို ပြောဆို၏။

အို အိမ့်ရှင် အရှင်မြတ်သည် ဆွမ်းခံဝင်လာပါသည်။ ကျုပ်တို့၏ ယာဉ်ပေါ်၌လည်း ခဲဖွယ်ဘောဇဉ်သည် များပါ၏။ ထေရ်ရဟန်း၏ သပိတ်ကိုယူခဲ့ပါ၊ ဆွမ်းလှူကြပါစို့ဟု ပြော၏။

အိမ်ရှင်ယောကျ်ားသည် ထေရ်ရဟန်း၏ သပိတ်ကို ယူဆောင်၍ ခဲဖွယ်ဘောဇဉ်ဖြင့် ပြည့်စေပြီး ထေရ်ရဟန်း၏ လက်၌တည်စေကာ ဇနီးမောင်နှံ နှစ်ယောက်လုံး ဆုတောင်းကြကုန်၏။

အရှင်မြတ်ဘုရား လှူဒါန်းရသော ဤကောင်းမှုကြောင့် အရှင်မြတ်တို့သည် သိမြင်အပ်သော တရား၏သာအဖို့ အစုရသူများဖြစ်လိုကြပါသည်ဘုရား။

ထိုထေရ်ရဟန်းသည်လည်း ရဟန္တာပုဂ္ဂိုလ်သာဖြစ်၏။ ထို့ကြောင့် အနာဂတံသဉာဏ်ဖြင့် ကြည့်ရှုလတ်သော် ထိုဇနီးမောင်နှံတို့၏ ဆုတောင်းပြည့်စုံမည်ကို မြင်သိ၍ ပြုံးတော်မူ၏။ ပြုံးနေသော ထေရ်ရဟန်းကို မြင်ရလေသော် အလှူရှင်အမျိုးသမီးသည် အိမ်ရှင်ယောကျ်ားကို -

ကျွန်မတို့၏ အရှင်မြတ်သည် ပြုံးတော်မူ၏။ ကချေသည်တစ်ဦးဖြစ်လိမ့်မည်ဟု ပြောဆို၏။

ထိုအမျိုးသမီး၏ အိမ်ရှင်အမျိုးသားသည်လည်း ရှင်မ ငါတို့အရှင်မြတ်သည် ရှင်မပြောသလို ဖြစ်လိမ့်ဟု ပြောဆိုပြီး ဖယ်ခွာသွားလေ၏။

ဤသည်ကား ထိုကချေသည် အမျိုးသား အမျိုးသမီးတို့၏ ရှေး၌ ပြုအပ်သော ကံတရားပေတည်း။

ထိုအမျိုးသား အမျိုးသမီးတို့သည် မိမိတို့ဖြစ်ရာ ထိုမြို့၌ အသက်ထက်ဆုံး နေကြပြီးသော် နတ်ပြည်၌ ဖြစ်ကြ၍ နတ်ပြည်မှ စုတေကြကာ ထိုအမျိုးသမီးသည် ကချေသည် အိမ်၌ ဖြစ်လေ၏။ အမျိုးသားသည် သူဌေးအိမ်၌ဖြစ်လေ၏။

သူဌေးသားသည် ရှင်မ ငါတို့အရှင်မြတ်သည် ရှင်မပြောသလိုဖြစ်လိမ့်မည်ဟု ထိုအိမ်ရှင်မအား တုံ့ပြန်စကားပေးခဲ့သောကြောင့် ကချေသည်တို့နှင့်အတူ သွားလာခဲ့ရပြီ။ ရဟန္တာထေရ်မြတ်အား ဆွမ်းအလှူဒါနကို မှီရာအကြောင်းပြု၍ အရဟတ္တဖိုလ်သို့ရောက်လေပြီ။ ကချေသည်၏ သမီးသည်လည်း ငါ၏ အိမ်ရှင်ယောကျ်ား ရဟန်းပြုသွားခြင်းဟူသော သွားရာလမ်းကြောင်းသည်သာ ငါ၏လည်း သွားရာလမ်းကြောင်းပေတည်းဟု စိတ်အကြံဖြစ်ပြီး အမျိုးသမီးရဟန်းပြု၍ အရဟတ္တဖိုလ်၌ တည်လေပြီ။

**ဥဂ္ဂသေနဝတ္ထု ပြီး၏။**

## ၁၃၃။ စူဠဓနုဂ္ဂဟပဏ္ဍိတဝတ္ထု
## ပညာရှိလေးသမားငယ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငယ်တစ်ပါးသည် စာရေးတံမဲ ချလျှုရာနေရာ၌ မိမိအား ရောက်လာသော စာရေးတံကိုယူ စာရေးတံဖြင့် ရအပ်သော ယာဂုကိုခံယူ၍ ဆွမ်းစားဇရပ်သို့သွားပြီး ယာဂုသောက်လေ၏။ ဆွမ်းစားဇရပ်၌ ရေကိုမရ၍ ရေအလို့ငှာ အိမ်တစ်အိမ်သို့ သွားလေ၏။ ထိုအိမ်၌ သတို့သမီးတစ်ယောက်သည် ရဟန်းငယ်ကို မြင်၍သာ ချစ်ခင်ခြင်းဖြစ်ပေါ်လာ၍ - အရှင်ဘုရား နောက်တစ်ဖန် သောက်ရေဖြင့် အလိုရှိခဲ့သော် ဤအိမ်၌သာ ကြွလာတော်မူပါဟု လျှောက်ထားလေ၏။

ရဟန်းငယ်သည် ထိုအချိန်မှစ၍ သောက်ရေဖြင့် အလိုရှိသောအခါ ထိုအိမ်၌သာ သွားလေ၏။ ထိုအမျိုးသမီးသည်လည်း ရဟန်းငယ်၏ သပိတ်ကိုယူ၍ သောက်ရေကို ပေးလှူ၏။

ဤနည်းဖြင့် အချိန်ကြာလတ်သော် ယာဂုကိုလည်း ပေးလှူ၍ နောက်တစ်နေ့၌ ထိုအိမ်၌ပင် ထိုင်စေ၍ ဆွမ်းကိုပေးလှူလေ၏။ ရဟန်းငယ်၏ အနီး၌ထိုင်၍လည်း အရှင်ဘုရား ဤအိမ်၌ ဘာမျှမရှိတာမရှိပါ။ စင်စစ်သက်သက်တပည့်တော်မတို့သည် စီစဉ်သွားလာမည့်သူကိုသာ မရရှိကြပါဟု ပြောဆို၏။ ရဟန်းငယ်သည် နှစ်ရက်သုံးရက်ဖြင့်သာ ထိုအမျိုးသမီးစကားကို ကြား၍ ရဟန်းဘောင်၌ ငြီးငွေ့လေ၏။ ထိုအခါ တစ်နေ့သ၌ အာဂန္တုရဟန်းတို့သည် ထိုရဟန်းငယ်ကို မြင်ကြ၍ ငါ့ရှင် သင်သည် အဘယ့်ကြောင့် ကြုံလှီသနည်း၊ အကြောပျိုင်းပျိုင်းထသော ကိုယ်ရှိသနည်းဟု မေးကြ၍ ငါ့ရှင်တို့ တပည့်တော်သည် ရဟန်းဘောင်၌ ငြီးငွေ့နေသူ ဖြစ်ပါ၏ဟု လျှောက်ထားအပ်လေသော် ရဟန်းငယ်ကို ဆရာဥပဇ္ဈာယ်တို့၏ အထံသို့ခေါ်ဆောင်ကြကုန်၏။ ဆရာဥပဇ္ဈာယ်တို့သည်လည်း ရဟန်းငယ်ကို မြတ်စွာဘုရားထံ ခေါ်ဆောင်ခဲ့ကြပြီး ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်း သင်သည် ရဟန်းဘောင်၌ ငြီးငွေ့သူဖြစ်၏ဟု ကြားရသော စကားသည် အမှန်ပင်ဖြစ်သလောဟု မေးတော်မူသဖြင့် မှန်ပါ၏ဟု လျှောက်ထားအပ်လေသော် -

သင်သည် အဘယ့်ကြောင့် ငါတို့ကဲ့သို့သော လုံ့လဝီရိယကို အားထုတ်သော ငါဘုရား၏ သာသနာ၌ ရဟန်းပြု၍ သောတာပန်ဟုသော်လည်းကောင်း သကဒါဂါမ်ဟုသော်လည်းကောင်း မိမိကိုယ်ကို မပြောဆိုနိုင်မူ၍ ရဟန်းဘောင်၌ ငြီးငွေ့သူဖြစ်၏ဟု ပြောဆိုနေရသနည်း။

သင်သည် ဝန်လေးသောအမှုကို ပြုအပ်ပြီဟု မိန့်တော်မူပြီး အဘယ်ကြောင်းကြောင့် ငြီးငွေ့သူဖြစ်ရသနည်းဟု မေးတော်မူ၏။

မြတ်စွာဘုရား မိန်းမတစ်ယောက်သည် တပည့်တော်ကို ဤသို့ ပြောပါ၏ဟု လျှောက်ထားအပ်လေသော် -

ရဟန်း ထိုမိန်းမ၏ ထိုအမူအရာ ပြောဆိုမှုသည် အံ့ဩလောက်သည်မဟုတ်၊ မှန်၏။ ထိုမိန်းမသည် ရှေးအခါ ဇမ္ဗူဒိပ်တစ်ခုလုံး၌ မြတ်သော ပညာရှိလေးသမားကို ပယ်စွန့်၍ တစ်မုဟုတ်အတွင်း

မြင်တွေ့အပ်သော ယောက်ျားတစ်ယောက်၌ ချစ်ခင်ခြင်းကို ဖြစ်စေ၍ မြတ်သော ပညာရှိလေးသမား ထိုယောက်ျားကို အသက်ကုန်ဆုံးခြင်းသို့ ရောက်စေပြီဟု မိန့်တော်မူ၍ ထိုအကြောင်းကို ထင်ရှား ပြတော်မူရန် ရဟန်းတို့သည် တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍ အတိတ်ဆောင်တော်မူလေပြီ။

ရဟန်းဘောင်၌ ပျင်းရိငြီးငွေ့သော ထိုရဟန်းသည် လွန်လေပြီးသောအခါ စူဠဓနုဂ္ဂဟပဏ္ဍိတ ပညာရှိ လေးသမားငယ်ဖြစ်စဉ်အခါ၌ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာထံ၌ အတတ်ပညာကို သင်ယူ၍ ဆရာသည် နှစ်သက်ကျေနပ်သဖြင့် ပေးအပ်သော သမီးကို ယူ၍ ဗာရာဏသီပြည်သို့ သွားစဉ် တစ်ခုသော တောအုပ်ဝ၌ လေးဆယ့်ကိုးချောင်းသော မြားတို့ဖြင့် လေးဆယ့်ကိုးယောက်သော သူခိုး လူဆိုးတို့ကို ပစ်သတ်၍ မြားများကုန်သွားလေသော် ခိုးမှုလုဆိုးအကြီးအကဲကို ဖမ်းချုပ်၍ မြေပေါ်၌ လှဲကျစေပြီး

ရှင်မ ငါ့အား သံလျက်ကို ယူပေးပါဟု ပြောဆိုအပ်သော် ဇနီးဖြစ်သူ ထိုမိန်းမ၏ ထိုခဏ၌ တွေ့မြင်ရသော လူဆိုးခိုးမှု၌ ချစ်ခြင်းကို ပြု၍ ခိုးမှု၏ လက်၌ သံလျက်ရိုးကို ပေး၍ လူဆိုးခိုးမှုသည် ပညာရှိလေးသမားကို သတ်အပ်သည်၏အဖြစ်ကို ထင်ရှားစွာ ဟောပြတော်မူ၍ ခိုးမှုသည်လည်း ပညာရှိလေးသမား၏ မယားဖြစ်သူ ထိုမိန်းမကိုခေါ်၍ သွားစဉ် ဤမိန်းမသည် ငါမှတစ်ပါး အခြား ယောက်ျားကို မြင်ပြန်လျှင် သူ၏ ကာမပိုင်ရှင်လင်ယောက်ျား အရင်းကိုသတ်စေသကဲ့သို့ ငါ့ကိုလည်း သတ်စေ လိမ့်မည်။ ဤမိန်းမဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်းဟု ကြံစည်၍ မြစ်တစ်ခုကို တွေ့မြင်၍ ဤဘက်ကမ်း၌ ထိုမိန်းမကိုထား၍ ထိုမိန်းမ၏ ဥစ္စာထုပ်ကို ယူ၍ ဥစ္စာထုပ်ကို တစ်ဘက်ကမ်းသို့ ငါပို့ပြီး သည်တိုင်အောင် သင်သည် ဤမြစ်ကမ်း၌သာ နေရစ်လော့ဟု ပြောဆိုပြီး ထိုမြစ်ကမ်း၌သာ ထိုအမျိုးသမီး ကို စွန့်ပစ်၍ သွားသည်၏အဖြစ်ကိုလည်း ထင်ရှားစွာ ဟောပြတော်မူ၍ -

၁။ သဗ္ဗံ ဘဏ္ဍံ သမာဒါယ၊ ပါရံ တိဏ္ဏောသိ ဗြာဟ္မဏ။
ပစ္စာ ဂစ္ဆ လဟုံ ခိပ္ပံ ၊ မမ္ပိ တာရေဟိ ဒါနိတော။

၂။ အသန္ထုတံ မံ စိရသန္ထုတေန။
နိ မီ နိ ဘောတီ အဒ္ဓုဝံ ဓုဝေန။
မယာပိ ဘောတီ နိမိနေယျ အညံ၊
ဣတော အဟံ ဒူရတရံ ဂမိဿံ။

၃။ ကာ ယံ ဠေဠဂုလာဂုမ္ဗေ၊ ကရောတိ အဟုဟာသိယံ။
နယီဓ နစ္စဂီတံ ဝါ၊ တာဠံ ဝါ သုသမာဟိတံ။
အနမှိ ကာလေ သုသောဏိ၊ ကိံ နု ဇဂ္ဃသိ သောဘနေ။

၄။ သင်္ဂါလ ဗာလ ဒုမ္မေဓ၊ အပ္ပ ပညောသိ ဇမ္ဗုက။
ဇီနော မစ္ဆဉ္စ ပေသိဉ္စ၊ ကပဏော ဝိယ ဈာယသိ။

၅။ သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။
ဇီနာ ပတိဉ္စ ဇာရဉ္စ၊ မညေ တွညေဝ ဈာယသိ။

၆။ ဧဝ မေတံ မိဂရာဇ၊ ယထာ ဘာသသိ ဇမ္ဗုက။
သာ နူနာဟံ ဣတော ဂန္တွာ ၊ ဘတ္တု ဟေဿံ ဝသာနုဂါ။

၇။ ယော ဟရေ မတ္တိကံ ထာလံ၊ ကံ သထာလမ္ပိ သောဟရေ။
ကတံ စေဝ တယာပါပံ၊ ပုန ပေဝံ ကရိဿသိ။

၁။ ဗြာဟ္မဏ - အိုပုဏ္ဏားး (တွံ - သင်သည်)၊ သဗ္ဗံ - အားလုံးသော၊ ဘဏ္ဍံ-ဥစ္စာကို၊ သမာဒါယ - ကောင်းစွာ ယူ၍၊ ပါရံ - တစ်ဖက်ကမ်းသို့၊ တိဏ္ဏော - ကူးပြေးသူသည်၊ အသိ - ဖြစ်ပြီ။ လဟုံ - လျင်စွာ၊ ပစ္စာ ဂစ္ဆ - ဤဘက်ကမ်းသို့ တစ်ဖန်ပြန်လာပါလော။ ဒါနိ - ယခုအခါ၊ ဣတော - ဤဘက်ကမ်းမှ၊ မမ္ပိ - ငါ့ကိုလည်း ခိပ္ပံ - လျင်စွာ၊ တာရေဟိ - တစ်ဘက်ကမ်းသို့ ကူးပေးပါလော။

၂။ ဘောတိ - အိုပုဏ္ဏေးမ (တွံ - သင်သည်) စိရသန္ထုတေန - ကြာရှည်ပေါင်းခဲ့သော လင်ဖြင့်၊ အသန္ထုတံ - မပေါင်းဘူးသော၊ မံ - ငါ့ကို၊ နိမီနိ - လဲလှယ်၍ယူ၏၊ ဓုဝေန - အမြဲဖြစ်သောလင်ဖြင့်၊ အဒ္ဓုဝံ - အမြဲမဟုတ်သော ငါ့ကို၊ နိမီနိ - လဲလှယ်၍ ယူ၏။ ဘောတီ - အို ပုဏ္ဏေးမ၊ (တွံ - သင်သည်) မယာပိ - ငါဖြင့်လည်း၊ အညံ - တစ်ခြားလင်ကို၊ နိမီနေယျ - လဲလှယ်၍ယူရာ၏။ အဟံ - ငါသည်၊ ဣတော - ဤအရပ်မှ၊ ဒူရတရံ အလွန် ဝေးသောအရပ်သို့၊ ဂမိဿံ - သွားပေတော့အံ့။

၃။ ဧဠဂလာဂုမ္ဗေ - ဒန့်ကျွဲပင်ချုံ၌ (ဧဠဂလာဂုမ္ဗေ - သမန်းမြက်ချုံ၌) အယံ - ဤမိန်းမသည်၊ ဟာသိယံ - ပြင်းစွာရယ်ခြင်းကို၊ ကရောတိ - ပြု၏။ ကာ - အဘယ်မိန်းမသည်၊ အဟု - ဖြစ်သနည်း။ ဣဓ - ဤအရပ်၌၊ နစ္စံဝါ ဂီတံဝါ - ကခုန်ခြင်း သီချင်းဆိုခြင်းသည်လည်းကောင်း၊ သုသမာဟိတံ - ကောင်းစွာ စီရင်အပ်သော၊ တာဠံဝါ - တီးမှုတ်ခြင်းသည်လည်းကောင်း၊ န - မရှိ၊ သုသောဏိ - တင့်တယ်သော ခါးရှိသော၊ သောဘနေ - အိုတင့်တယ်သူ၊ (တွံ - သင်သည်) ကိံနု - အဘယ်ကြောင့်၊ အနမှိကာလေ - ငိုသင့်ရာအချိန်၌၊ ဇဂ္ဃသိ - ပြင်းစွာရယ်သနည်း။

၄။ ဗာလ - မိုက်သော၊ ဒုမ္မေဓ - ပညာမရှိသော၊ ဇမ္ဗုက - အစားကြီးသော၊ သိင်္ဂါလ - အိုမြေခွေး၊ (တွံ - သင်သည်) အပ္ပပညော ပညာမရှိသည်၊ အသိ - ဖြစ်၏။ မစ္ဆဉ္စ - ငါးကိုလည်းကောင်း၊ ပေသိဉ္စ - အမဲတုံးကိုလည်းကောင်း၊ ဇီနော - ရှုံးသည်ဖြစ်၍၊ ကပဏောဝိယ - ဥစ္စာတစ်ထောင်ရှုံးလျက် အထီးကျန်သော သူကဲ့သို့၊ ဈာယသိ - မှိုင်နေ၏။

၅။ (ပါပဓမ္မေ - ယုတ်မာသော အကျင့်ရှိသော၊ ဒုဿီလေ - သီလမရှိသော အိုမိန်းမ) အညေသံ - တခြား သူတို့၏၊ ဝဏ္ဏံ - အပြစ်ကို၊ သုဒဿံ - ကောင်းစွာမြင်၏။ အတ္တနော - မိမိ၏။ ဝဏ္ဏံပန - အပြစ်ကိုကား၊ ဒုဒ္ဒသံ- မမြင်၊ တွညေဝ - သင်သည်သာလျှင်၊ ပတိဋ္ဌ - အဖပေးစားသော မူလလင်ကိုလည်းကောင်း၊ ဇာရဋ္ဌ - သယောက်လင်ကိုလည်းကောင်း၊ ဇီနော - ရှုံးဆုံးသည်ဖြစ်၍၊ ဈာယသိမညေ - ငါ့ထက်မှိုင်ရောင်တကား။

၆။ မိဂရာဇ - သားကောင်တို့၏ မင်းဖြစ်သော၊ ဇမ္ဗုက - အို အရှင်မြေခွေး (တွံ - သံင်သည်) ဘာသသိယထာ - ပြောဆိုသကဲ့သို့၊ ဧတံ - ထိုစကားသည်၊ ဧဝံ - မှန်ပေ၏။ သာအဟံ - ထိုငါသည်၊ ဣတော - ဤအရပ်မှ၊ ဂန္ဒွာ - သွား၍၊ (ပုန - တစ်ဖန်) ဘတ္တာရံ - လင်ကို၊ လဘိတွာ - ရ၍၊ နူန - စင်စစ်၊ ဘတ္တု - လင်၏။ ဝသာနုဂါ - အလိုလိုက်သူသည်၊ ဟေဿံ - ဖြစ်ပေတော့အံ့။

၇။ (အနာစာရေ - အကျင့်ယုတ်သော အိုမိန်းမ၊ တွံ - သင်သည်၊ ကိံက ထေသိ - အဘယ်သို့ ပြောလိုက်သနည်း)

ယော - အကြင်သူသည်၊ မတ္တိကံထာလံ - မြေခွက်ကို၊ ဟရေ - ခိုးယူ၏။ သော - ထိုမြေခွက်ကို မျှခိုးတတ်သောသူသည်၊ ကံသထာလမ္ပိ - ရွှေခွက်၊ ငွေခွက်အစရှိသော ခွက်ကိုလည်း၊ ဟရေ - ခိုးမည်စင်စစ်ဖြစ်၏။ တယာ - သင်သည်၊ ကတံပါပံ - ဤမကောင်းမှုကို၊ ကတံစေဝ - ပြုအပ်ပြီးသည်သာတည်း။ ပုနပိ - တစ်ဖန်လည်း (တွံ - သင်သည်) ဧဝံ - ဤအတူ၊ ပါပံ - မကောင်းမှုကို၊ ကရိဿသိ - ပြုမည်သာဖြစ်၏။

ပဋ္ဌက နိပါတ်၌ ဤစူဠဓနုဂ္ဂဟဇာတ်ကို အကျယ်ဟောပြတော်မူပြီး သင်ရဟန်းသည် ထိုချိန်အခါ၌ ပညာရှိ စူဠဓနုဂ္ဂဟဖြစ်ခဲ့ပြီ။ ထိုအချိန်အခါ၌ ထိုမိန်းမသည် ယခုဘဝ၌ ဤသတို့သမီးဖြစ်၏။ မြေခွေးအသွင်ဖြင့် လာရောက်၍ ထိုမိန်းမကို နှိပ်၍ ဆိုခြင်းကိုပြုလုပ်သော သိကြားနတ်မင်းသည် ငါဘုရားသာဖြစ်တော့သည်ဟု မိန့်တော်မူကာ ဤသို့လျှင် ထိုမိန်းမသည် တမုဟုတ်အချိန်မျှ တွေ့မြင်ရသော လူတစ်ယောက်၌ ချစ်ခြင်းဖြင့် ဇမ္ဗူဒိပ်တစ်ခုလုံး၌ မြတ်သောပညာရှိကို သတ်ခဲ့လေပြီ။

ထိုမိန်းမကို အကြောင်းပြု၍ ဖြစ်ပေါ်သော သင်၏တဏှာကို ဖြတ်ပယ်၍နေပေတော့ ရဟန်းဟု ထိုရဟန်းကို ဆုံးမတော်မူ၍ အပိုအလွန်ဖြစ်သော တရားကိုလည်း ဟောပြတော်မူလိုသော မြတ်စွာဘုရားသည် ဤနှစ်ဂါထာတို့ကို ဟောပြတော်မူပြီ။

၁။ ဝိတက္က မထိတဿ ဇန္တုနော၊
တိဗ္ဗရာဂဿ သုဘာနုပဿိနော။
ဘိယျော တဏှာ ပဝဍ္ဎတိ၊
ဧသခေါ ဒဠှံ ကရောတိ ဗန္ဓနံ။

၂။ ဝိတက္ကူပ သမေစ ယော ရတော၊
အသုဘံ ဘာဝယတေ သဒါသတော၊

ဧသေဝါ ဗျန္တိ ကာဟိတိ၊
ဧသ ဆေစ္ဆတိ မာရဗန္ဓနံ။

၁။ ဝိတက္ကမထိတဿ - ကာမဝိတက်အစရှိသော ဝိတက်တို့သည် ထွေးလုံးရစ်ပတ်အပ်သော၊ တိဗ္ဗရာဂဿ - ထက်မြက်ထူကဲသော ရာဂရှိသော၊ သုဘာနုပဿိနော - ဣဋ္ဌာရုံ၌ သုဘဟုရှုလေ့ရှိသော၊ ဇန္တုနော - ပုဂ္ဂိုလ် အား၊ တဏှာ - ခြောက်ဒွါရ၌ ဖြစ်သောတဏှာသည်၊ ဘိယျော - လွန်စွာ၊ ပဝဍ္ဍတိ - တိုးပွားလေ၏။ ဧသ - ဧသော - ထိုပုဂ္ဂိုလ်သည်၊ ခေါ - စင်စစ်၊ ဗန္ဓနံ - တဏှာအနှောင်အဖွဲ့ကို၊ ဒဠှံ - မြဲမြံခိုင်ခံ့စွာ၊ (မြဲမြံခိုင်ခံ့အောင်) ကရောတိ - ပြုလေ၏။
၂။ ယော - အကြင်ပုဂ္ဂိုလ်သည်၊ ဝိတက္ကူပသမေ - မိစ္ဆာဝိတက်စသည်တို့၏ ငြိမ်းရာဖြစ်သော အသုဘပထမ ဈာန်၌၊ ရတော - မွေ့လျော်၏၊ သဒါ - အခါခပ်သိမ်း၊ သတော - ထင်သောကတိရှိသည် ဖြစ်၍၊ အသုဘံစ - အသုဘဈာန်ကိုလည်း၊ ဘာဝယတေ - ပွားစေ၏။ ဧသ - ဧသော - ထိုပုဂ္ဂိုလ်သည်၊ ခေါ - စင်စစ်၊ ဗျန္တိ - ဘဝသုံးပါး၌ ဖြစ်လတ္တံ့သော တဏှာကင်းခြင်းကို၊ ကာဟိတိ - ပြုလတ္တံ့။
ဧသဧသော - ထိုပုဂ္ဂိုလ်သည်၊ မာရဗန္ဓနံ - တေဘူမကဝဋ်ဟု ဆိုအပ်သော မာရ်၏ အနှောင်အဖွဲ့ကိုလည်း ဆေစ္ဆတိ - ဖြတ်ပယ်လတ္တံ့။
ဒေသနာတော်အဆုံး၌ ရဟန်းဘောင်၌ ပျင်းရိငြီးငွေ့သော ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။
ရောက်ရှိလာသူ ရဟန်းရှင်လူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**စူဠဓနုဂ္ဂဟပဏ္ဍိတဝတ္ထု ပြီး၏။**

## ၁၃၄။ မာရဝတ္ထု
## မာရ်နတ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ ညဉ့်အချိန်တွင် များစွာသော ထေရ်တို့သည် ဇေတဝန်ကျောင်းတွင်းသို့ ဝင်ရောက်ကြပြီး ရာဟုလာ ထေရ်၏ နေရာသို့ သွားကြကာ ရာဟုလာထေရ်ကို နေရာမှထသွားစေကုန်၏။ ရာဟုလာထေရ်သည် မူလနေရာမှ အခြားကျောင်းနေရာ၌ နေစရာနေရာကို မမြင်သည်ဖြစ်၍ မြတ်စွာဘုရား၏ ဂန္ဓကုဋိတိုက် ပြင်ပမုခ်ဦး၌ အိပ်လေ၏။

ထိုခိုက်အခါ၌ ရာဟုလာထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်၍ ဝါမရသေးချေ၊ မာရ်နတ်သည် ဝသဝတ္တိဘုံ၌ တည်နေလျက်ပင် ဂန္ဓကုဋိတိုက်၏ ပြင်ပမုခ်ဦး၌ အိပ်နေသော ထိုအရှင်ရာဟုလာထေရ်ကို မြင်၍ ရဟန်းဂေါတမ၏ ထိခိုက်လျှင်နာကျင်တတ်သော လက်ညိုးနှင့်တူသော သားရာဟုလာသည် ဂန္ဓကုဋိပြင်ပ၌ အိပ်နေ၏။ ဖခင်ကိုယ်တိုင်ကမူ ဂန္ဓကုဋိတိုက်အတွင်း၌ အိပ်နေ၏။ လက်ချောင်းကို နှိပ်စက်အပ်သော် ကိုယ်တော်ကိုလည်း နှိပ်စက်အပ်သည်ဖြစ်လိမ့်မည်ဟု ကြံစည်လေ၏။

မာရ်နတ်သည် ကြီးစွာသော ဆင့်မင်းအသွင်ကို ဖန်ဆင်း၍ လာရောက်ပြီး နှာမောင်းဖြင့် ရာဟုလာထေရ်၏ ဦးထိပ်ကို ရစ်ပတ်၍ ကျယ်စွာသောအသံဖြင့် ကြိုးကြာသံမည်လေ၏။ မြတ်စွာဘုရား သည် ဂန္ဓကုဋိတိုက်တော်အတွင်း၌ နေတော်မူလျက်သာ ထိုအသံ၏ မာရ်နတ်ဖြစ်ကြောင်းကို သိတော်မူ၍ -

ဟယ် မာရ်နတ် သင်လို မာရ်နတ်တို့၏ အသိန်းသည်သော်လည်း ငါဘုရား၏ သားတော်၏ ကြောက်ခြင်းကို ဖြစ်စေရန်မတတ်နိုင်၊ မှန်၏။ ငါဘုရား၏ သားတော်သည် ထိတ်လန့်သူမဟုတ်၊ တဏှာကင်းပြီးသူဖြစ်၏။ ကြီးမြတ်သော ဝီရိယရှိ၏။ များမြတ်သော ပညာရှိ၏ဟု မိန့်တော်မူကာ ဤဂါထာတို့ကို ရွတ်ဆိုတော်မူလေပြီ။

၁။ နိဋ္ဌင်္ဂတော အသန္တာသီ၊ ဝီတတဏှော အနင်္ဂဏော။
အစ္ဆိန္ဒိ ဘဝသလ္လာနိ၊ အန္တိမောယံ သမုဿယော။

၂။ ဝီတတဏှော အနာဒါနော၊ နိရုတ္တိပဒ ကောဝိဒေါ။
အက္ခရာနံ သန္နိပါတံ၊ ဇညာ ပုဗ္ဗာပရာနိစ။
သဝေ အန္တိမ သာရီရော။
မဟာပညော မဟာပုရိသောတိ ဝုစ္စတိ။

၁။ (မာရ - ဟယ် မာရ်နတ်၊ မေ - ငါဘုရား၏၊ ပုတ္တော ရာဟုလာ - သားတော်ရာဟုလာသည်)

နိဋ္ဌင်္ဂတော - ဤသာသနာတော်၌ ရဟန်းတို့၏ အရဟတ္တဖိုလ်တည်းဟူသော ပြီးဆုံးခြင်းသို့ ရောက်၏။ အသန္တာသီ - ခန္ဓာကိုယ်အတွင်း၌ ထိတ်လန့်ကြောင်း ရာဂအစရှိတို့ မရှိခြင်းကြောင့် ထိတ်လန့်တတ်သူမဟုတ်။ ဝီတတဏှော တဏှာကင်းပြီးဖြစ်၏။ အနင်္ဂဏော - ကိလေသာမရှိ၊ ဘဝသလ္လာနိ - ဘဝသို့ရောက်ကြောင်း ရာဂအစရှိသော ဆူးငြောင့်တို့ကို၊ အစ္ဆိန္ဒိ - နှုတ်ဖြတ်ပြီးပြီ။ အယံသမုဿယော - ခန္ဓငါးပါးတို့၏ အစုပေါင်းဖြစ်သော ဤကိုယ်သည်၊ အန္တိမော - နောက်ဆုံးဖြစ်၏။

၂။ ဝီတတဏှော - တဏှာကင်းပြီးဖြစ်၏။ အနာဒါနော - ခန္ဓာစသည်တို့၌ စွဲလမ်းခြင်းမရှိ၊ နိရုတ္တိပဒကောဝိဒေါ - နိရုတ္တိနှင့် ကြွင်းသော ပုဒ်ဟုဆိုအပ်သော ပဋိသမ္ဘိဒါလေးပါးတို့၌ တတ်သိလိမ္မာသူဖြစ်၏။ အက္ခရာနံ - အက္ခရာတို့၏ သန္နိပါတံစ - အစုအဝေးဖြစ်သော အပေါင်းကိုလည်းကောင်း၊ ပုဗ္ဗာပရာနိစ ရှေ့အက္ခရာဖြင့် နောက်အက္ခရာ၊ နောက်အက္ခရာဖြင့် ရှေ့အက္ခရာတို့ကိုလည်းကောင်း၊ ဇညာ - သိမြင်၏။ အန္တိမသာရီရော - ဘဝ၏ အဆုံး၌တည်သော ကိုယ်ရှိသော၊ သသော - ထိုပုဂ္ဂိုလ်ကို (ထိုရာဟုလာကို) ဝေ - စင်စစ် မဟာပညော - နိရုတ္တိလေးပါး သီလက္ခန် စသည်တို့ကို သိမ်းဆည်းတတ်သော မြတ်သောပညာရှိသော၊ မဟာပုရိသောတိ - ကိလေသာမှ လွတ်သောစိတ်ရှိသောကြောင့် မဟာပုရိသ - ဟူ၍ ဝုစ္စတိ - ခေါ်ဆိုအပ်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ယုတ်မာသော မာရ်နတ်သည်လည်း ရဟန်းဂေါတမသည် ငါ့ကိုသိ၏ဟု သိပြီး ထိုနေရာ၌ပင် ပျောက်ကွယ်သွားလေပြီ။

**မာရဝတ္ထု ပြီး၏။**

## ၁၃၅။ ဥပကာဇိဝကဝတ္ထု
## ဥပက တက္ကတွန်းအကြောင်း

တစ်ခုသောအချိန်၌ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ရတော်မူကာ ဘုရားဖြစ်တော်မူ၍ ဗောဓိမဏ္ဍိုင်၌ သတ္တာဟ ခုနစ်ခုကို (လေးဆယ့်ကိုးရက်ကို) ကျော်လွန်ပြီးနောက် ကိုယ်တော်၏ သပိတ်သင်္ကန်းကိုယူ၍ ဓမ္မစကြာတရား ဟောတော်မူရန် ဗာရာဏသီပြည်ကို ရည်ရွယ်၍ တစ်ဆယ့်ရှစ်ယူဇနာရှိသော ခရီးသို့ ကြွတော်မူစဉ် လမ်းခရီးအတွင်း၌ ဥပကတက္ကတွန်းကို မြင်တော်မူပြီ။

ဥပကတက္ကတွန်းသည်လည်း မြတ်စွာဘုရားကိုမြင်၍ - ငါ့ရှင် သင်၏ စက္ခုအစရှိသော ဣန္ဒြေတို့သည် စင်စစ် ကြည်လင်ကုန်၏။ ကိုယ်ရေအဆင်းသည် စင်ကြယ်သန့်ရှင်း၏ ထက်ဝန်းကျင် ဖြူစင်၏။ (ပြိုးပြိုးပြက်အရောင်ထွက်၏) ငါ့ရှင် သင်သည် အဘယ်ဆရာကို ရည်ညွှန်း၍ ရဟန်းပြုခဲ့သနည်း။ သင်၏ ဆရာက အဘယ်သူနည်း၊ သင်သည် အဘယ်သူ၏ တရားကို နှစ်သက်ကျေနပ်သနည်းဟု မေးလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥပတက္ကတွန်းအား ငါ့အား (ငါ၏) ဥပဇ္ဈာယ်သည်လည်းကောင်း၊ ဆရာသည်လည်းကောင်းမရှိဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

သဗ္ဗာဘိဘူ သဗ္ဗဝိ ဒူဟမသ္မိ။
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော။
သဗ္ဗဥ္ဇဟော တဏှာက္ခယေ ဝိမုတ္တော။
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

ဥပက - အိုဥပက၊ အဟံ - ငါသည်၊ သဗ္ဗာဘိဘူ - ဘုံသုံးပါး၌ဖြစ်သော တရားအားလုံးကို လွှမ်းမိုးသူသည် သဗ္ဗဝိဒူ - ဘုံလေးပါး၌ဖြစ်သော တရားအားလုံးကို သိသူသည်၊ အသ္မိ - ဖြစ်၏။ သဗ္ဗေသု - အားလုံးကုန်သော၊ ဓမ္မေသု - ဘုံသုံးပါး၌ဖြစ်သော တရားတို့၌၊ အနူပလိတ္တော - တဏှာ ဒိဋ္ဌိတို့ဖြင့် လိမ်းကျံကပ်ငြိခြင်းမရှိ။

သဗ္ဗဥ္ဇဟော - ဘုံသုံးပါး၌ဖြစ်သော တရားအားလုံးကို စွန့်ပြီးဖြစ်၏။ တဏှာက္ခယေ - တဏှာ၏ကုန်ရာဟု ဆိုအပ်သော အရဟတ္တဖိုလ်၌၊ ဝိမုတ္တော - အသေခဖြစ်၍ ကိလေသာမှ လွတ်၏။ သယံ - ကိုယ်တိုင်၊ အဘိညာယ - ပိုင်းခြားသိအပ်သော တရားစသည်တို့ကိုသိ၍၊ ကံ - အဘယ်သူကို၊ ဥဒ္ဒိသေယျံ - ငါ၏ ဥပဇ္ဈာယ်ဟုလည်းကောင်း၊ ဆရာဟူ၍လည်းကောင်း ညွှန်ပြရအံ့နည်း။

(ဥပဇ္ဈာယ်ဟု ဆရာဟု ညွှန်ပြရမည်သူ မရှိဟု ဆိုလိုသည်)

ဒေသနာတော်အဆုံး၌ ဥပကတက္ကတွန်းသည် မြတ်စွာဘုရား၏ စကားကို မနှစ်သက် မတားမြစ်၊ သို့သော် ဦးခေါင်းကို လှုပ်၍ လျှာကိုထုတ်၍ တစ်ယောက်သာ သွားနိုင်သော လမ်းခရီးကို ယူ၍ မုဆိုးတို့နေရာ အရပ်တစ်ခုသို့ သွားလေ၏။

**ဥပကာဇိဝကဝတ္ထု ပြီး၏။**

## ၁၃၆။ သက္ကပဥှဝတ္ထု
## သိကြားမင်းမေးခွန်းအကြောင်း

တစ်ခုသောအချိန်တွင် တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းတို့ စုဝေးကြပြီး လေးမျိုးသော အမေးပြဿနာတို့ကို မေးမြန်းပြောဆိုကြကုန်၏။

ပြဿနာလေးမျိုးကား -

၁။ ဒါနတို့တွင် အဘယ်ဒါနသည် ကြီးမြတ်သနည်း။

၂။ အရသာတို့တွင် အဘယ်အရသာသည် ကြီးမြတ်သနည်း။

၃။ မွေ့လျော်ခြင်းတို့တွင် အဘယ်မွေ့လျော်ခြင်းသည် ကြီးမြတ်သနည်း။

၄။ တဏှာကုန်ရာ အရဟတ္တဖိုလ်သည်သာ အဘယ့်ကြောင့် ကြီးမြတ်သည်ဟု ဆိုအပ်သနည်း။

ဤလေးမျိုးဖြစ်၏။

ထိုပြဿနာတို့ကို တစ်ဦးသော နတ်သည်သော်လည်း ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်ချေ။ နတ်သား တစ်ယောက်သည် နတ်သားတစ်ယောက်ကို မေးသည်။ အမေးခံရသော ထိုနတ်သားကလည်း အခြား နတ်သားတစ်ယောက်ကို မေးပြန်သည်။ ဤသို့အားဖြင့် တစ်ယောက်သည် တစ်ယောက်ကို မေးကြကုန် လျက် စကြာဝဠာတိုက်တစ်သောင်းတို့၌ တစ်ဆယ့်နှစ် နှစ်တို့ပတ်လုံး လှည့်ပတ်နေထိုင်ကြကုန်၏။

ဤမျှလောက်သော အချိန်ဖြင့်လည်း ပြဿနာတို့၏ ပြီးဆုံးသည့်အဖြေကို မမြင်ကြ၍ စကြာဝဠာတိုက်တစ်သောင်းရှိ နတ်အပေါင်းတို့သည် စုဝေးကြပြီး နတ်မင်းကြီး လေးဦးထံသွား၍ နတ်မင်းကြီးလေးဦးတို့က - အမောင်နတ်သားတို့ အကြောင်းကား အဘယ်နည်း၊ နတ်အစုအဝေးသည် များလှချေ၏ဟု ဆိုအပ်သော် လေးမျိုးသော ပြဿနာတို့ကို ဖြစ်ပေါ်စေပြီး ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်ကြ၍ အရှင်နတ်မင်းကြီးထံ လာခဲ့ကြပါသည်ဟု ပြန်ပြောကြကုန်၏။

အမောင် နတ်သားတို့ သင်တို့ ပြောဆိုအပ်သော ထိုပြဿနာသည် အဘယ်နည်း။

ပေးကမ်းခြင်း အရသာ၊ မွေ့လျော်ခြင်းတို့တွင် အဘယ်ပေးကမ်းခြင်း အဘယ်အရသာ အဘယ် မွေ့လျော်ခြင်းတို့သည် အမြတ်ဆုံးဖြစ်ကုန်သနည်း။ တဏှာကုန်ရာ အရဟတ္တဖိုလ်သည်သာ အဘယ့် ကြောင့် အမြတ်ဆုံးဖြစ်ရသနည်း။ ဤပြဿနာတို့ကို ဖြေဆိုရန် မစွမ်းနိုင်ကြ၍ လာခဲ့ကြပါသည် နတ်မင်းကြီးတို့။

အမောင်နတ်သားတို့ ငါတို့လည်း ဤပြဿနာတို့၏ အပြီးအဆုံးဖြစ်သော အဖြေတို့ကို မသိကြ။

သို့သော်လည်း ငါတို့၏ သိကြားမင်းသည် လူတစ်ယောက်သည် ကြံစည်မေးမြန်းအပ်သော အနက်အဓိပ္ပာယ်အဆုံးအဖြတ်တို့ကို စဉ်းစား၍ တခဏခြင်းဖြင့်သာ သိနိုင်၏။ ထိုသိကြားမင်းသည် ငါတို့ထက် အသိဉာဏ်ပညာအားဖြင့်လည်းကောင်း၊ ဘုန်းကံအားဖြင့်လည်းကောင်း၊ ထူးခြားမြင့်မြတ် သူဖြစ်၏။ လာကြ သိကြားမင်းထံသွားကြစို့ဟု ပြောဆိုကာ ထိုနတ် အပေါင်းကိုပင်ခေါ်၍ နတ်တို့

သနင်းသိကြားမင်းထံ သွားကြကုန်၍ သိကြားမင်းလည်း အမောင်နတ်သားတို့ အဘယ်အကြောင်းနည်း စုဝေးလာသော နတ်သည် များလှချေ၏ဟု ပြောဆိုအပ်သော် ထိုအကြောင်းကို ပြောဆိုကြကုန်၏။

အမောင်နတ်သားတို့ ဤပြဿနာတို့၏ အနက်အဓိပ္ပာယ်အဆုံးအဖြတ်ကို ဘုရားမှတစ်ပါး အခြားသူ တစ်ယောက်သည်လည်း သိရန်မစွမ်းနိုင်။

မှန်၏။ ဤပြဿနာတို့သည် ဘုရားရှင်တို့၏ အရာသာဖြစ်ကုန်၏။

သို့သော် ယခုအခါ မြတ်စွာဘုရားသည် အဘယ်၌ နေသနည်းဟု မေး၍ ဇေတဝန်ကျောင်း တော်၌ နေပါသည်ဟူသော စကား ကြားရလေသော် လာကြ မြတ်စွာဘုရားထံ သွားကြစို့ဟု ပြောဆိုကာ နတ်အပေါင်းနှင့်အတူ ညဉ့်အဖို့၌ ဇေတဝန်တစ်ကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေပြီး-

မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ သင့်လျော်သောအရပ်၌ ရပ်တည်လျက် နေစဉ် သိကြားမင်း အကြောင်းကား အဘယ်နည်း၊ များစွာသော နတ်အပေါင်းနှင့် လာသနည်းဟု မြတ်စွာဘုရားက မေးတော်မူအပ်သော် -

မြတ်စွာဘုရား နတ်အပေါင်းသည် ဤမည်သော ပြဿနာတို့ကို မေးမြန်းဖြစ်ပေါ် ပြောဆို အပ်ပါကုန်၏။ မြတ်စွာဘုရားမှ တစ်ပါးသော ဤပြဿနာတို့၏ အနက်အဓိပ္ပာယ်အဖြေကို သိနိုင်ရန် စွမ်းနိုင်သူ မည်သည်မရှိနိုင်ပါ။ ဤပြဿနာတို့၏ အနက်အဓိပ္ပာယ်အဖြေကို တပည့်တော်တို့အား ထင်ရှားပြပေးတော်မူပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် သိကြားမင်း ကောင်းလှပေစွ၊ ငါဘုရားသည် ပါရမီတို့ကို ဖြည့်ကျင့်၍ မြတ်သော စွန့်ကြခြင်းတို့ကို (စွန့်ခြင်းကြီးငါးပါးတို့ကို) စွန့်ကြ၍ သင်သိကြားမင်းကဲ့သို့သော ပုဂ္ဂိုလ်တို့၏ ယုံမှားသံသယကို ဖြတ်ပယ်ခြင်း အကျိုးငှာသာ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိအပ်ပြီ။

သင်သိကြားမင်း မေးအပ်သော ပြဿနာတို့တွင် ဓမ္မဒါနသည် ဒါနအားလုံးတို့တွင် ချီးမွမ်းအပ် အမြတ်ဆုံးဖြစ်၏။ တရားတည်းဟူသော အရသာသည် အရသာအားလုံးတို့တွင် ချီးမွမ်းအပ် အမြတ်ဆုံး ဖြစ်၏။ တရားဖြင့် မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးတို့တွင် ချီးမွမ်းအပ် အမြတ်ဆုံးဖြစ်၏။ တဏှာ၏ ကုန်ရာအရဟတ္တဖိုလ်သည်ကား ရဟန္တာအဖြစ်သို့ ရောက်စေတတ်သောကြောင့် ချီးမွမ်းအပ် အမြတ်ဆုံးသာ ဖြစ်ပေသည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူသည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။
တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

ဓမ္မဒါနံ - ဓမ္မဒါနသည်၊ သဗ္ဗဒါနံ - ဒါနအားလုံးကို၊ ဇိနာတိ - အောင်နိုင်၏။ ဓမ္မရသော - ဗောဓိပက္ခိယ တရား ၃၇-ပါး၊ လောကုတ္တရာ တရား ၉-ပါးဟု ဆိုအပ်သော ဓမ္မရသသည်၊ သဗ္ဗရသံ - အရသာအားလုံးကို၊ ဇိနာတိ - အောင်နိုင်၏။ ဓမ္မရတိ - တရားဟောသူ တရားကိုကြားနာသူ တရားကို

ပို့ချသူ၏ အတွင်း၌ ဖြစ်သော မွေ့လျော်နှစ်သက်မှုသည်၊ သဗ္ဗရတိံ - သားသမီးဖြင့် ပစ္စည်းဥစ္စာဖြင့် မိန်းမဖြင့် ကခုန်သီဆိုခြင်းဖြင့် မွေ့လျော်ခြင်း အစရှိသော မွေ့လျော်ခြင်းအားလုံးကို၊ ဇိနာတိ - အောင်နိုင်၏။ တဏှာက္ခယော - တဏှာ၏ ကုန်ခြင်းအဆုံး၌ ဖြစ်သော အရဟတ္တဖိုလ်သည်၊ သဗ္ဗဒုက္ခံ - ဆင်းရဲအားလုံးကို၊ ဇိနာတိ - အောင်နိုင်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ဤဂါထာ၏ အနက်အဓိပ္ပာယ်ကို ဟောတော်မူသော်သာလျှင် ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာတရား ထိုးထွင်းသိခြင်း ကျွတ်တမ်းဝင်ခြင်းဖြစ်လေပြီ။

သိကြားမင်းသည်လည်း မြတ်စွာဘုရား၏ တရားတော်ကို ကြားနာပြီးသော် မြတ်စွာဘုရားကို ရှိခိုး၍ ဤသို့လျှောက်ထားလေ၏။

မြတ်စွာဘုရား ဤသို့ ကြီးမြတ်သည်မည်သော ဓမ္မဒါန၌ အဘယ့်ကြောင့် တပည့်တော်တို့အား ကုသိုလ်အဖို့ကို မပေးကြစေသနည်း။ ဤအချိန်မှစ၍ ရဟန်းသံဃာအား တရားဟောပြီးသော် ကုသိုလ်အဖို့ကို အမျှပေးဝေကြပါစေဘုရားဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် သိကြားမင်းစကားကို ကြားတော်မူ၍ ရဟန်းသံဃာကို စုဝေးစေ၍ -

ရဟန်းတို့ ယနေ့ကို အစပြု၍ ကြီးကျယ်သော တရားနာခြင်းကိုသော်လည်းကောင်း၊ ပကတိရိုးရိုး တရားနာခြင်းကိုသော်လည်းကောင်း အနီးအနား၌ ထိုင်၍ ပြောဆိုအပ်သော တရားစကားကိုသော်လည်းကောင်း၊ အယုတ်ဆုံးအားဖြင့် ဝမ်းမြောက်ကြောင်း အနုမောဒနာတရားကိုလည်းကောင်း ဟောပြီးသော် သတ္တဝါအားလုံး တို့အား ကုသိုလ်အဖို့ကို ပေးဝေကြကုန်လောဟု မိန့်တော်မူ၏။

ဖော်ပြပါ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ - အစရှိသော ဂါထာ၏ မြတ်စွာဘုရား ဟော်တော်မူလိုသောအနက် အဓိပ္ပာယ်ကား ဤသို့ဖြစ်၏။

စကြာဝဠာတိုက်အတွင်း၌ ဗြဟ္မာ့ပြည်တိုင်အောင် အကြားမရှိ၊ တစပ်တည်း သီတင်းသုံးထိုင်နေတော်မူကုန်သော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့အား ငှက်ပျောဖူးညွန့်နှင့် တူကုန်သော သင်္ကန်းတို့ကို အကယ်၍မူလည်း ပေးလှူငြားအံ့၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ အစည်းအဝေး၌ လေးပါဒရှိသော ဂါထာဖြင့် ပြုအပ်သော အနုမောဒနာသည်သာ ချီးမွမ်းအပ်မြတ်၏။

မှန်၏။ ထိုဒါနသည် ထိုဂါထာ၏ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်မျှလောက် တန်ဖိုးမထိုက်၊ ဤသို့လျှင် တရားကို ဟောပြောခြင်းသည် လည်းကောင်း၊ ပို့ချခြင်းသည်လည်းကောင်း၊ ကြားနာခြင်းသည်လည်းကောင်း ကြီးမြတ်လှပေ၏။

အကြင်ပုဂ္ဂိုလ်သည်လည်း များစွာသော သူတို့ကို ထိုတရားနာခြင်းကို သိစေအပ်၏။ ထိုပုဂ္ဂိုလ်အားသာများသော အကျိုးဆက်အာနိသင်ရှိ၏။

ဖော်ပြခဲ့သော သဘောရှိသည်သာဖြစ်သော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာ ပရိသတ်အား မွန်မြတ်သော ဆွမ်းကို သပိတ်၌ ပေးလှူအပ်သော ဆွမ်းဒါနထက်လည်းကောင်း၊ ထောပတ်ဆီ စသည်တို့ဖြင့် သပိတ်၌ပြည့်စေ၍ ပေးလှူအပ်သော ဆေးအလှူဒါနထက်လည်းကောင်း၊ မဟာဝိဟာရကျောင်းနှင့်တူကုန်သောကျောင်းတို့၏ လောဟပါ သာဒနှင့်တူကုန်သော ပြဿဒ်တို့၏ အသိန်းမက များစွာတို့ကို ဆောက်လုပ်စေ၍ ပေးလှူအပ်သော ကျောင်းအလှူဒါနထက်လည်းကောင်း၊ အနာထပိဏ်

သူဌေးစသည်တို့သည် ကျောင်းတို့ကို အကြောင်းပြု၍ ပြုအပ်သော စွန့်ကြဲခြင်းထက်လည်းကောင်း၊ အယုတ်ဆုံးအားဖြင့် လေးပါဒရှိသော ဂါထာဖြင့် ဝမ်းသာစေကြောင်း အနုမော ဒနာ အလိုဖြင့်လည်း ဖြစ်စေအပ်သော ဓမ္မဒါနသည်သာမြတ်၏။ ချီးမွမ်းထိုက်၏။ အဘယ့်ကြောင့် ဟူမူကား ဤသို့သဘော ရှိသော ကောင်းမှုတို့ကို ပြုသူတို့သည် တရားကို ကြားနာရ၍သာ ပြုကြကုန်၏။ မကြားနာရသော် ပြုကြမည်မဟုတ်။ ထိုစကားမှန်၏။ ဤသတ္တဝါတို့သည် တရားကို မကြားနာကြကုန်သော် တစ်ယောက်ချို (တစ်ဇွန်း) မျှသော ယာဂုကိုလည်းကောင်း၊ တစ်ဇွန်းတစ်ယောက်မမျှလောက်သော ဆွမ်းကိုလည်း ကောင်း၊ မပေးလှူကြလေကုန်ရာ။ ဤအကြောင်းကြောင့် ဓမ္မဒါန - သည်သာ ဒါနအားလုံးတို့ထက် ထူးခြားမြင့်မြတ်၏။

တစ်နည်းသော်ကား - ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓါတို့ကို ချန်လှပ်၍ တစ်ကမ္ဘာပတ်လုံး ရွာသွန်းသော မိုး၌ ရေပေါက်တို့ကို ရေတွက်ခြင်းငှာစွမ်းနိုင်သော ပညာနှင့်ပြည့်စုံသော သာရိပုတ္တထေရ်အစရှိသော ပုဂ္ဂိုလ်တို့သည်လည်း မိမိ၏ သဘောဓမ္မတာအားဖြင့် သောတာပတ္တိဖိုလ်စသည်တို့ကို ရခြင်းငှာ မစွမ်းနိုင် ကြလေကုန်။ အဿဇိထေရ် စသည်တို့သည် ဟောပြအပ်သောတရားကို ကြားနာကြ၍ သောတာပတ္တိ ဖိုလ်ကို မျက်မှောက်ပြုကြကုန်၏။ မြတ်စွာဘုရား၏ ဓမ္မဒေသနာတော်ကြောင့် သာဝကပါရမီဉာဏ်ကို မျက်မှောက်ပြုကြကုန်၏။

အို သိကြားမင်း, ဤအကြောင်းကြောင့်လည်း ဓမ္မဒါန - သည်သာ ချီးမွမ်းအပ်မြတ်လှပေ၏။ ထို့ကြောင့် သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ - ဟု ငါဘုရားဟောအပ်ပေသည်။ အနံ့အရသာနှင့်ပြည့်စုံသော အရသာဟူသမျှတို့သည် အလွန်အမြတ်အားဖြင့် နတ်တို့၏ သုဓာဘောဇဉ်၏အရသာသည်လည်း သံသရာဝဋ်၌ ကျရောက်၍ ဆင်းရဲကိုခံစားရခြင်း၏သာ အကြောင်းဖြစ်၏။

သုံးဆယ်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားဟုဆိုအပ်သည်လည်း ဖြစ်သောကိုးပါးသော လောကုတ္တရာဟု ဆိုအပ်သည်လည်းဖြစ်သော အကြင်ဓမ္မရသသည်ရှိ၏။ ဤဓမ္မရသ - သည်သာ အရသာအားလုံးတို့ထက် ချီးမွမ်းအပ်မြတ်လှပေ၏။

အို သိကြားမင်း ထို့ကြောင့် ငါဘုရားသည် သဗ္ဗရသံ ဓမ္မရသော ဇိနာတိ - ဟုဟောအပ်ပေသည်။

သားဖြင့် မွေ့လျော်နှစ်သက်မှု သမီးဖြင့် မွေ့လျော်နှစ်သက်မှု ပစ္စည်းဥစ္စာဖြင့် မွေ့လျော် နှစ်သက်မှု မိန်းမဖြင့် မွေ့လျော်နှစ်သက်မှု ကခုန်ခြင်း သီချင်းဆိုခြင်း တီးမှုတ်ခြင်း စသည်ဖြင့် နှစ်သက်မှု အပြားရှိ သော များသော အပြားရှိသော နှစ်သက်မှုပီတိသည်လည်း သံသရာဝဋ်၌ ကျရောက်၍ ဆင်းရဲကို ခံစားရခြင်း၏အကြောင်းဖြစ်၏။ တရားကို ဟောသောသူ၏လည်းကောင်း။ တရားကိုကြားနာသူ၏ လည်းကောင်း၊ တရားကိုပို့ချသူ၏လည်းကောင်း၊ ကိုယ်တွင်း၌ ဖြစ်ပေါ်သော အကြင်မွေ့လျော် နှစ်သက်မှုသည် တက်ကြွမှုကို ဖြစ်စေထိုက်၏။ မျက်ရည်တို့ကို ယိုထွက်စေ၏၊ ကြက်သီးမွေးညင်းထ ခြင်းကို ဖြစ်စေ၏။ ထိုသို့သော မွေ့လျော်နှစ်သက်မှု သည် သံသရာဝဋ်၏အဆုံးကိုပြု၍ အရဟတ္တဖိုလ် အဆုံးရှိလေ၏။ ထို့ကြောင့် ဤသို့သဘောရှိသော ဓမ္မရတိသည်သာ မွေ့လျော်နှစ်သက်မှုအားလုံးတို့ထက် ချီးမွမ်းအပ်မြတ်လှပေ၏။

အို သိကြားမင်း ထို့ကြောင့် ငါဘုရားသည် သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ ဟု ဟောအပ်ပေသည်။

တဏှာ၏ ကုန်ရာ အရဟတ္တမဂ်၏ အဆုံး၌ ဖြစ်သော အရဟတ္တဖိုလ်သည် ဝဋ်ဆင်းရဲအားလုံးကို လွှမ်းမိုးပယ်ဖျက်တတ်သောကြောင့် အားလုံးတို့ထက် ချီးမွမ်းအပ်မြတ်လှသည်သာသတည်း။

အိုသိကြားမင်း ထို့ကြောင့် ငါဘုရားသည် တဏှာက္ခယော သဗ္ဗဒုက္ခံဇိနာတိ - ဟု ဟောအပ်ပေသတည်း။

**သက္ကပဉှဝတ္ထု ပြီး၏။**

## ၁၃၇။ အပုတ္တကသေဋ္ဌိဝတ္ထု
## အမွေခံသားသမီးမရှိသောသူဌေးအကြောင်း

သာဝတ္ထိပြည်၌ သူဌေးတစ်ဦးရှိ၏။ ထိုသူဌေး၌ အမွေခံ သားသမီးမရှိ၊ ထို့ကြောင့် ထိုသူဌေးကို အပုတ္တက သူဌေးဟုခေါ်ကြသည်။ တစ်နေ့သ၌ အပုတ္တက သူဌေးသည် ကွယ်လွန်လေ၏။ ကောသလ မင်းကြီးသည် အပုတ္တကသူဌေးကွယ်လွန်ကြောင်းကို ကြားသိရလေသော် အမွေခံ သားသမီးမရှိသော ပစ္စည်းဥစ္စာအနှစ်သာရသည် အဘယ်သူထံရောက်သနည်းဟု တရားစီရင်ဆုံးဖြတ်သူ အမတ်ကြီးတို့ကို မေး၍ မင်းထံရောက်၏ဟု ကြားသိရသော် ခုနစ်ရက်တို့ဖြင့် ထိုသူဌေးအိမ်မှပစ္စည်းဥစ္စာကို မင်းနန်းတော်သို့ ပို့ဆောင်စေပြီး မြတ်စွာဘုရားထံ ချဉ်းကပ်လေ၏။

မြတ်စွာဘုရားသည် မင်းမြတ် နေမွန်းတည့်နေ့လယ်ခေါင်အချိန်၌ ယခု သင်မင်းကြီး အဘယ် အရပ်မှ လာသနည်းဟု မေးတော်မူအပ်သော်

မြတ်စွာဘုရား ဤသာဝတ္ထိပြည်၌ အိမ်ရှင် သူဌေးတစ်ဦး ကွယ်လွန်ပါသည်။ အမွေခံ သားသမီး မရှိသော ထိုသူဌေး၏ အနှစ်သာရ ပစ္စည်းဥစ္စာကို နန်းတော်တွင်းဆောင်ယူခဲ့ပြီး လာခဲ့ပါသည်ဟု လျှောက်ထားလေ၏။

(ထိုသူဌေးနှင့် ဆက်စပ်သော အကြောင်းအရာအားလုံးကို သံယုတ်ပါဠိတော်၌ လာသော နည်းဖြင့် သိထိုက်၏)

ထိုသူဌေးသည် ရွှေခွက်ဖြင့် အမျိုးမျိုးမွန်မြတ်သော အရသာရှိသော ဘောဇဉ်ကို အနီးသို့ ဆောင်ယူပေးအပ်သော် ဤသို့သောဘောဇဉ်ကို လူတို့စားကြသလော အဘယ်ကြောင့် သင်တို့သည် ငါနှင့်အတူ ဤအိမ်၌ ပျက်ရယ်ပြောင်လှောင် ကစားခြင်းကို ပြုကြသနည်းဟု ပြောဆိုကာ ခဲဒုတ် စသည်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်၍ ပြေးစေပြီး ဤဟာသည် လူတို့၏ စားသောက်ဖွယ် ဘောဇဉ်တည်းဟု ပြောဆိုကာ ပအုန်းရည်လျှင် နှစ်ခွက်မြောက် ရှိသော

(ဟင်းရွက်ပြုတ်လျှင် နှစ်ခုရှိသော) စကွဲထမင်းကို စားလေ၏။ နှစ်လိုဖွယ်ရှိကုန်သော အဝတ် အထည် ယာဉ်ထီးတို့ကို အနီး၌ တည်စေအပ်ထားအပ်ကုန်သော် ထိုလူတို့ကို ခဲဒုတ်စသည့်တို့ဖြင့် ပုတ်ခတ်လျက်ထွက်ပြေး စေပြီး ပိုက်ဆံလျှော်ချည်အဝတ်အထည်တို့ကို ဝတ်ဆင်လေ၏။ အိုမင်းဟောင်း နွမ်းသောရထား သစ်ရွက်ထီးဆောင်းလျက်သွား၏။ ဤသို့လျှင် ကောသလမင်းကြီးသည် လျှောက်ထား အပ်လေသော် မြတ်စွာဘုရားသည် အပုတ္တက သူဌေး၏ ရှေးဘဝ၌ ပြုအပ်သော ကံတရားကို ဟောပြတော်မူပြီ။

အို မင်းမြတ်ရှေး၌ ဖြစ်ဖူးသည်ကား ထိုအိမ်ရှင်သူဌေးသည် တဂရသိခီ အမည်ရှိသော ပစ္စေကဗုဒ္ဓါကို ဆွမ်းဖြင့် ကျွေးမွေးပြုစုခဲ့သည်။ ထိုသူဌေးသည် ရဟန်းအား ဆွမ်းကိုလှူကြဟု ပြောပြီး နေရာမှထ၍ အိမ်မှထွက်ခွာသွားလေ၏။

ယုံကြည်မှု သဒ္ဓါတရားရှားပါးသော ထိုလူမိုက်သည် ဤသို့ပြောဆို၍ ထွက်ခွာသွားစဉ် ထိုသူ၏

ယုံကြည် မှုသဒ္ဓါ ကြည်ညိုမှု ပသာဒ ရှိသော ဇနီးသည် ဤအိမ်ရှင်၏ နှုတ်ဖျားမှ ပေးလှူလိုက်ဟူသော စကားကို ငါသည် ကြာမြင့်စွာကြားအပ်သည်မှန်၏။ ယနေ့ငါ၏ စိတ်နှလုံးအလိုကို ပြည့်စေလျက် ဆွမ်းကို ပေးလှူမည်ဟူသော စိတ်ဖြင့် ပစ္စေကဗုဒ္ဓါ၏ သပိတ်ကိုယူ၍ မွန်မြတ်သော ဘောဇဉ်ဖြင့် ပြည့်စေ၍ ကပ်လှူလေ၏။ ထိုလူမိုက်သည်လည်း အိမ်သို့ပြန်လာစဉ် ထိုပစ္စေကဗုဒ္ဓါကိုမြင်၍ အိုရဟန်း သင်သည် စားဖွယ်တစ်စုံတစ်ခုကို အနည်းငယ်မျှ ရအပ်ခဲ့သလောဟု ဆိုကာ သပိတ်ကိုယူ၍ မွန်မြတ်သော ဆွမ်းကို မြင်တွေ့လေသော် နှလုံးမသာမယာဖြစ်ပြီး ဤသို့စဉ်းစားလေ၏။

မွန်မြတ်လှသော ဤဆွမ်းကို ငါ၏ ကျွန်တို့သည်လည်းကောင်း၊ အလုပ်သမားတို့သည်လည်းကောင်း စားကြကုန်ရာ၏။ ထိုသူတို့သည် ငါ၏ ဤဆွမ်းကိုစားကြပြီး ငါ၏ အလုပ်ကို လုပ်ကြလိမ့်မည်။ ဤသူသည်ကား သူ့နေရာသွား၍ ဤဆွမ်းကို စားပြီးအိပ်ပေလိမ့်မည်။ ငါ၏ ထိုဆွမ်းသည် ပျက်စီးလေပြီဟု စိတ်ကူးလေ၏။ ဆက်လက်၍ပြုပုံအထူးကို ဆိုဦးအံ့။ ထိုလူမိုက်သည် အစ်ကိုဖြစ်သူ၏ တစ်ယောက်သော သားကိုအမွေအနှစ် ဥစ္စာ၏ အကြောင်းကြောင့် သတ်ပစ်ခဲ့လေပြီ။

ထိုလူမိုက်သည် သူ၏ တူဖြစ်သူ၏လက်ညိုးကို စွဲကိုင်၍ ရွာတွင်း၌ လှည့်လည်စဉ် ဤယာဉ်သည် ငါ့ဖခင်၏ ဥစ္စာဖြစ်သည်၊ ဤ နွားသည် ငါ့ဖခင်၏ နွားဖြစ်သည်၊ ဤသို့အစရှိသော စကားတို့ကို ပြောဆို၏။ ထိုအခါတူ ဖြစ်သူကို ထိုသူဌေးသည် ဤသူငယ်သည် ယခုအချိန်၌ ဤစကားကို ပြောဆိုသေး၏။ ဤသူငယ်၏ အရွယ်ကြီးသူ အဖြစ်ရောက်ချိန်တွင် ဤအိမ်၌ ပစ္စည်းဥစ္စာအသုံးအဆောင်တို့ကို အဘယ်သူစောင့်လိမ့်မည်နည်း ဟူသော အကြံဖြင့် တူဖြစ်သူကို တောအရပ်သို့ ခေါ်ဆောင်၍ တစ်ခုသော တောချုံအနီး၌ လည်ပင်းကို ကိုင်၍ သစ်မြစ် သစ်ဖုကို ချိုးဖြတ်သကဲ့သို့ လည်ပင်းကိုချိုးလိမ်၍ သတ်ပြီးထိုနေရာ၌ ပစ်ထားခဲ့လေ၏။

ဤသည်ကား အပုတ္တက သူဌေး၏ ရှေး၌ ပြုအပ်ခဲ့သော ကံတရားပေတည်း ထို့ကြောင့် သံယုတ်ပါဠိတော်၌ ဤဆိုလတ္တံ့သော စကားကို မြတ်စွာဘုရားဟောတော်မူအပ်ပြီ။

မင်းမြတ် ထိုအိမ်ရှင်သူဌေးသည် တဂရသိခီ ပစ္စေကဗုဒ္ဓါကို ဆွမ်းဖြင့်အကြင်ကျွေးမွေးပြုစုပြီ။ ထိုကျွေးမွေးပြုစုမှု ကံတရား၏ အကျိုးအဖြစ်ဖြင့် ခုနစ်ကြိမ် နတ်ပြည်၌ဖြစ်ခဲ့ပြီ။ ထိုကံတရား၏ပင် ကြွင်းသောအကျိုး၏အဖြစ်ဖြင့် ဤသာဝတ္ထိမြို့၌ပင် ခုနစ်ကြိမ်သူဌေးအဖြစ်ကိုပြုလေပြီ။

မင်းမြတ် ထိုအိမ့်ရှင်သူဌေးသည် ပေးလှူပြီးနောက် အချိန်၌ မွန်မြတ်လှစွာသော ဤဆွမ်းကိုငါ၏ ကျွန်တို့သည်လည်းကောင်း၊ အလုပ်သမားတို့သည်လည်းကောင်း စားကြကုန်ရာ၏ဟု အကြင်နှလုံး သားမသာယာမှု ဖြစ်ခဲ့ပြီ။ နှလုံးမသာယာမှုဟူသော ထိုကံ၏ အကျိုး၏အဖြစ်ဖြင့် မြတ်သော ထမင်းကို သုံးဆောင်ခြင်း၌ စိတ်မညွတ်တတ်ချေ။ စိတ်မပါလေ၊ မြတ်သောအဝတ်အထည်ကို ဝတ်ဆင်ခြင်း၌ စိတ်မညွတ်ချေ၊ စိတ်မပါလေ၊ မြတ်သော ယာဉ်ကိုသုံးဆောင်ခြင်း၌ စိတ်မညွတ်တတ်ချေ၊ စိတ်မပါလေ၊ မြတ်ကုန်သော ငါးမျိုးသော ကာမဂုဏ်တို့ကို သုံးဆောင်ခြင်း၌ စိတ်မညွတ်တတ်ချေ။ (စိတ်မပါလေ)

မင်းမြတ် ထိုအိမ့်ရှင်သူဌေးသည် အစ်ကို၏သားတစ်ယောက်ကို အမွေအနှစ်ဟူသော အကြောင်းကြောင့် အကြင်သတ်ပစ်ခဲ့ပြီ သတ်ပြစ်မှု ထိုကံ၏ အကျိုး၏အဖြစ်ဖြင့် များစွာသော နှစ်အရာ တို့ပတ်လုံးများစွာသော နှစ်အထောင်တို့ပတ်လုံး များစွာသော နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ကျက်ခဲ့ပြီ။

ထိုပါဏာတိပါတကံ၏ပင် ကျန်သောအကျိုး၏ အဖြစ်ဖြင့် ခုနစ်ခုမြောက်ဖြစ်သော အမွေခံသားသမီး မရှိသော ဤပစ္စည်း ဥစ္စာအမွေအနှစ်ကို မင်းဘဏ္ဍာတိုက်သို့ ဝင်ရောက်စေ၏။

မင်းမြတ်စင်စစ်သော်ကား ထိုအပုတ္တကသူဌေး၏ အဟောင်းဖြစ်သော ကောင်းမှုသည်လည်း ကုန်လေပြီ။ အသစ်ဖြစ်သော ကောင်းမှုကိုလည်း ဆက်လက်မဆည်းပူးအပ်။

မင်းမြတ်ယခုအချိန်မှာကား အိမ်ရှင်သူဌေးသည် မဟာရောရုဝ ငရဲ၌ ကျက်ဆဲဖြစ်လေ၏။

ကောသလမင်းကြီးသည် မြတ်စွာဘုရား၏ စကားတော်ကို ကြားနာပြီးသော် - မြတ်စွာဘုရား ဝန်လေးဖွယ်ဖြစ်သော ကံသည် အံ့ဩဖွယ်ရှိပါ၏။

မြတ်စွာဘုရား အံ့ဩလောက်သော ဝန်လေးသော ပြုမှုပါတည်း။

ဤမျှလောက်သောပစ္စည်းဥစ္စာရှိနေပါသော်လည်း မိမိကိုယ်တိုင်လည်း မသုံးဆောင်သည်သာ အနီးဖြစ်သော ကျောင်း၌ သီတင်းသုံးတော်မူသော အရှင်ဘုရားတို့ကဲ့သို့ မြတ်စွာဘုရား၌ ကောင်းမှုကံကို မပြုချေပြီဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် မင်းမြတ်သင်ပြောသောစကားသည် မှန်ပေ၏။ ပညာမရှိသောပုဂ္ဂိုလ်တို့ မည်သည်မှာ ပစ္စည်းဥစ္စာတို့ကိုရရှိပြီး နိဗ္ဗာန်ကို မရှာမှီးကြလေကုန်။ ပစ္စည်းဥစ္စာတို့ကို အမှီပြု၍ဖြစ်ပေါ်သော တဏှာသည်ကား ထိုပညာမရှိသော ပုဂ္ဂိုလ်တို့ကို နေ့ညရှည်ကြာ သတ်ဖြတ်နေ၏ ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူပြီ။

ဟနန္တိ ဘောဂါ ဒုမ္မေဓံ၊ နောစ ပါရဂဝေသိနော။
ဘောဂ တဏှာယ ဒုမ္မေဓော၊ ဟန္တိ အညေဝ အတ္တနံ။

ဘောဂါ - စည်းစိမ်ဥစ္စာတို့သည်၊ ဒုမ္မေဓံ - ပညာမဲ့သူကို၊ ဟနန္တိ - ပျက်စီးသတ်ဖြတ်ကုန်၏။ ပါရဂဝေသိ နောစ - နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းကို ရှာမှီးသူတို့ကိုကား၊ နေဟနန္တိ - မပျက်စီး မသတ်ဖြတ်နိုင်ကုန်။

ဒုမ္မေဓော - ပညာမဲ့သူသည်၊ ဘောဂတဏှာယ - ပစ္စည်းဥစ္စာ၌တပ်မက်မှု တဏှာဖြင့်၊ အညေ - မိမိမှ တစ်ပါးသော သူတို့ကို၊ ဟန္တိ - ဟနတိ ဣဝ သတ်ဖြတ်သကဲ့သို့ အတ္တနံ - အတ္တာနံ - မိမိကိုယ်ကို၊ ဟန္တိ - ဟနတိ - သတ်ဖြတ်လေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**အပုတ္တကသေဋ္ဌိဝတ္ထု ပြီး၏။**

## ၁၃၈။ အင်္ကုရဝတ္ထု
## အင်္ကုရနတ်သားအကြောင်း

မြတ်စွာဘုရား အဘိဓမ္မာတရားဟောရန်တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ သီတင်းသုံးနေတော်မူစဉ် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားသည် တုသိတာ နတ်ပြည်မှ လာ၍ မြတ်စွာဘုရား၏ လက်ျာဘက်ဘေး၌ ထိုင်နေ၏။ ဣန္ဒက နတ်သားသည်လည်း လာ၍ မြတ်စွာဘုရား၏ လက်ျာဘက်ဘေး၌ပင် ထိုင်နေ၏။ အင်္ကုရနတ်သားသည် မြတ်စွာဘုရား၏ လက်ဝဲဘက်ဘေး၌ ထိုင်နေ၏။ အင်္ကုရနတ်သားသည် တန်ခိုးကြီးသောနတ်များ စုဝေးရောက်လာကြစဉ် မိမိမူလထိုင်နေရာမှ ဖဲခွာ၍ မြတ်စွာဘုရားနှင့် တစ်ဆယ့်နှစ်ယူဇနာ ဝေးကွာသော အရပ်၌ နေရာကို ရလေ၏။ ဣန္ဒက နတ်သားသည်ကား -

မူလထိုင်နေရာ၌သာ ထိုင်နေလေ၏။

မြတ်စွာဘုရားသည် ထိုနတ်သား နှစ်ယောက်တို့ကို ကြည့်တော်မူ၍ ကိုယ်တော်မြတ်၏ သာသနာတော်တွင်း၌ အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူရသောဒါန၏ ကြီးမြတ်သော အကျိုးရှိကြောင်းကို သိစေလိုတော်မူ၍ ဤသို့မိန့်တော်မူ၏။

အို - အင်္ကုရနတ်သား သင်သည်နှစ်ပေါင်းတစ်သောင်း၊ ရှည်ညောင်းလှသော ကာလပတ်လုံး တစ်ဆယ့်နှစ်ယူဇနာရှိသော ဖိုခနှောက် အစဉ်အတန်းကို ပြု၍ များစွာသော ထမင်းအစရှိသော အလှူဝတ္ထုကို ပေးလှူအပ်ခဲ့ပြီ။ ယခုအခါ ငါဘုရား၏ အစည်းအဝေးသို့ လာရောက်ပြီး ငါဘုရားနှင့် တစ်ဆယ့်နှစ်ယူဇနာ ဝေးကွာသောအရပ်၌ နေစရာကို ရလေပြီ။ ဤသို့ဖြစ်ရခြင်း၌ အဘယ်အကြောင်း ပေနည်းဟု မိန့်တော်မူ၏။

(ဤသို့အစရှိသော ဝတ္ထုကြောင်းနှင့်တကွ ဂါထာတို့ အနက်အဓိပ္ပာယ်ကို အမျိုးသားဆိုင်ရာ ဓမ္မပဒဝတ္ထု ပထမတွဲ ဒေဝေါရောဟဏာ ဝတ္ထု၌ ပါခဲ့ပြီးဖြစ်၍ ပြန်ကြည့်ပါ။)

**အင်္ကုရဝတ္ထု ပြီး၏။**

# ၂၅။ ဘိက္ခုဝဂ်
## ၁၃၉။ ပဥ္စဘိက္ခုဝတ္ထု
## ရဟန်းငါးပါးအကြောင်း

မြတ်စွာဘုရား သာဝတ္ထိပြည် မွန်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးပါးတို့တွင် တစ်ပါးသည် စက္ခုဒွါရကိုသာ စောင့်ရှောက်၏။

အခြားတစ်ပါးသည် သောတဒွါရကိုသာ စောင့်ရှောက်၏။

အခြားတစ်ပါးသည် ဃာနဒွါရကိုသာ စောင့်ရှောက်၏။

အခြားတစ်ပါးသည် ဇိဝှါဒွါရကိုသာ စောင့်ရှောက်၏။

အခြားတစ်ပါးသည် ကာယဒွါရကိုသာ စောင့်ရှောက်၏။

(ဒွါရတစ်ခုစီကိုသာ စောင့်ရှောက်သည်ဟု ဆိုလိုသည်)

တစ်နေ့သ၌ ထိုရဟန်းငါးပါးတို့အတူ ဆုံမိကြပြီး ငါသည် စောင့်ရှောက်ရခက်သော ဒွါရကို စောင့်ရှောက်၏။ ဤသို့ငြင်းခုန်ကြပြီး မြတ်စွာဘုရားကို မေးလျှောက်၍ ဤသဘောကိုသိကြကုန်အံ့ဟု ပြောဆိုကြကာ မြတ်စွာဘုရားထံချဉ်းကပ်၍

မြတ်စွာဘုရား တပည့်တော်တို့သည် စက္ခုဒွါရအစရှိသည်တို့ကို စောင့်ရှောက်ကြသည်ဖြစ်၍ မိမိ မိမိ စောင့်ရှောက်ရာဒွါရကိုသာ စောင့်ရှောက်ခက်သည်ဟု မှတ်ထင်ကြပါကုန်၏။ တပည့်တော်တို့တွင် အဘယ်သူသည် စောင့်ရှောက်ခက်သော ဒွါရကို စောင့်ရှောက်ပါသနည်းဟု မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတစ်ပါးကိုသော်လည်း မကဲ့ရဲ့ မရှုတ်ချမူ၍ ရဟန်းတို့ ဒွါရအားလုံးတို့သည် စောင့်ရှောက်ရခက်ကုန်သည်သာဖြစ်၏။ စင်စစ်သော်ကား သင်တို့သည် ယခုအခါ၌သာ ငါးမျိုးသော ဌာနဒွါရတို့၌ မစောင့်စည်းကြသည် မဟုတ်ကုန်။ ရှေးအခါ၌လည်း မစောင့်စည်းခဲ့ကြသောကြောင့်ပင် ပညာရှိတို့၏ အဆုံးအမ၌ မလိုက်နာကြ၍ အသက်ကုန်ဆုံးခြင်းသို့ ရောက်ခဲ့ကြပြီဟု မိန့်တော်မူကာ အဘယ်အခါ၌ အသက်ကုန်ဆုံးခြင်းသို့ ရောက်ခဲ့ကြပါသနည်းဟု ထိုရဟန်းတို့သည် လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ လွန်လေပြီးသောအခါ၌ ဖြစ်ခဲ့သော တက္ကသိုလ် ဇာတ်ဝတ္ထုကို အကျယ်ဟောတော်မူ၍ ဘီလူးမတို့၏ စားသောက်ဖျက်ဆီးမှုကြောင့် မင်းမျိုးသည် အသက်ကုန်ဆုံးခြင်းသို့ ရောက်လတ်သော် - မင်းအဘိသိက်ခံတော်မူပြီးသော ဘုရားအလောင်းသည် ထီးဖြူအောက်မင်း၏ နေရာ ရာဇပလ္လင်၌နေလျက် မိမိ၏ ကျက်သရေ စည်းစိမ်ချမ်းသာကို ကြည့်ရှု၍ သတ္တဝါတို့သည် ဝီရိယဟူသော ဤတရားကို ပြုထိုက်သည်သာဟု ဝမ်းမြောက်ခြင်း၏ အစွမ်းဖြင့် ဥဒါန်းကျူးရင့်အပ်သော

ကုသလူ ပဒေသေ ဓိတိယာ ဒဋ္ဌာယစေ၊
အနိဝတ္တိ တတ္တာဘယ ဘီရုတာယစ။

နရက္ခသီနံ ဝသမာဂမိမှသေ၊
သ သောတ္တိဘာဝေါ မဟတာ ဘယေန မေ။

ဤဂါထာကို ဟောပြတော်မူ၏။

ကုသလူပဒေသေ - ကောင်းမှုကို ညွှန်ပြခြင်း၌၊ ဒဠှာယ - မြဲမြံခိုင်ခန့်သော၊ ဓိတိယာစ - တည်ကြည်မှု သမာဓိကြောင့်လည်းကောင်း၊ ဘယဘီရုတာယ - ကြောက်ဖွယ်ကို ကြောက်လန့်ခြင်းမှ၊ အနိဝတ္တိ တတ္တာ မဆုတ်နစ်သူ၏ အဖြစ်ကြောင့်လည်းကောင်း၊ (ကြောက်မက်ဖွယ်ကို မကြောက်ခြင်းကြောင့်ဟု ဆိုလိုသည်။)

ရက္ခသီနံ ဘီလူးမတို့၏ ဝသံ - အလိုသို့၊ နအာဂမိမှသေ - မလိုက်ခဲ့ကြလေကုန်။

မေ - ငါ၏ မဟတာ - ကြီးမားသော၊ ဘယေန - ကြောက်ဖွယ်မှ၊ သ - သော သောတ္တိဘာဝေါ ထိုချမ်းသာသူအဖြစ်သို့ ရောက်ရလေပြီ။

ဤဂါထာကို ဟောပြတော်မူ၍ ထိုအချိန်၌လည်း သင်တို့ငါးယောက်သာ တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကိုယူရန် ထွက်လာသော ဘုရားအလောင်းကို လက်နက်စွဲကိုင်သူတို့ ခြံရံ၍ ခရီးသွားကြစဉ် လမ်းခရီးအတွင်း၌ ဘီလူးမတို့သည် စက္ခုဒွါရ စသည်တို့၏ အလိုဖြင့် ကပ်ဆောင်ဖြားယောင်းအပ်ကုန်သော ရူပါရုံအစရှိသည်တို့၌ မစောင့်စည်းကုန်၍ ပညာရှိ၏ အဆုံးအမတို့ကို မလိုက်နာမူ၍ ချန်နေခဲ့ကြကုန်သောကြောင့် ဘီလူးမတို့သည် စားအပ်ကုန်သည်ဖြစ်၍ အသက်ကုန်ဆုံးခြင်းသို့ ရောက်ခဲ့ကြကုန်ပြီ။

ထိုအာရုံတို့၌ ကောင်းစွာစောင့်ရှောက်လျက် နောက်မှနောက်မှ အစဉ်လိုက်လာသော နတ်သမီး အဆင်းနှင့်တူသော အဆင်းရှိသော ဘီလူးမကို အရေးမစိုက်သောကြောင့် ချမ်းသာစွာ တက္ကသိုလ်ပြည်သို့ သွားရောက်၍ မင်းအဖြစ်သို့ ရောက်သောမင်းသည်ကား ငါဘုရားသာတည်းဟု ဇာတ်ကိုပေါင်း ပြတော်မူ၍ ရဟန်းတို့ ရဟန်းမည်သည် ဒွါရအားလုံးတို့ကို စောင့်ရှောက်ထိုက်ကုန်၏။ မှန်လှပေ၏။ အားလုံးသော ထိုဒွါရတို့ကို စောင့်ရှောက်သူသာ ဆင်းရဲအားလုံးမှ လွတ်မြောက်သည်ဟု မိန့်တော်မူကာ တရားဟောတော်မူလိုသည်ဖြစ်၍ ဤဂါထာတို့ ကို ဟောတော်မူပြီ။

၁။ စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။

၂။ ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

၁။ စက္ခုနာ - စက္ခုဒွါရ၌၊ သံဝရော - လောဘဒေါသ - စသည်မဖြစ်ရအောင် စောင့်ခြင်းပိတ်ဆို့ခြင်းသည်၊ သာဓု - ကောင်း၏။

သောတေန - သောတဒွါရ၌၊ သံဝရော စောင့်စည်းခြင်း ပိတ်ဆို့ခြင်းသည်၊ သာဓု - ကောင်း၏။

ဃာနေန - ဃာနဒွါရ၌၊ သံဝရော - စောင့်စည်းခြင်း ပိတ်ဆို့ခြင်းသည်၊ သာဓု - ကောင်း၏။

ဇိဝှါယ - ဇိဝှါဒွါရ ၌ သံဝရော - စောင့်စည်းခြင်း ပိတ်ဆို့ခြင်းသည်၊ သာဓု - ကောင်း၏။

ကာယေန - ကာယဒွါရ၌၊ သံဝရော - စောင့်စည်းခြင်း ပိတ်ဆို့ခြင်းသည်၊ သာဓု - ကောင်း၏။

ဝါစာယ - ဝစီဒွါရ၌၊ သံဝရော - စောင့်စည်းခြင်း ပိတ်ဆို့ခြင်းသည်၊ သာဓု - ကောင်း၏။

မနသာ - မနောဒွါရ၌၊ သံဝရော - စောင့်စည်းခြင်း ပိတ်ဆို့ခြင်းသည်၊ သာဓု - ကောင်း၏။

သဗ္ဗတ္ထ - ဒွါရအားလုံးတို့၌၊ သံဝရော - စောင့်စည်းခြင်း ပိတ်ဆို့ခြင်းသည်၊ သာဓု - ကောင်း၏။

သဗ္ဗတ္ထ - ဒွါရအားလုံးတို့၌ သံဝုတော - စောင့်စည်း ပိတ်ဆို့သော ဘိက္ခု - ရဟန်းသည်၊ သဗ္ဗဒုက္ခာ - ဆင်းရဲအားလုံးမှ ပမုစ္စတိ - လွတ်မြောက်လေ၏။

ဒေသနာတော်အဆုံး၌ ငါးပါးသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

ရောက်လာကြသူရဟန်း ရှင်လူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

စက္ခုနာ သံဝေရော - စက္ခုဒွါရ၌ စောင့်စည်းခြင်း ပိတ်ဆို့ခြင်းဆိုရာ၌ အဓိပ္ပာယ်ကား

စက္ခုပသာဒ - ဟုဆိုအပ်သော စက္ခုဒွါရ၌ ဣဋ္ဌ - အလိုရှိအပ်သော ရူပါရုံ ထင်လာသည်ရှိသော် ထိုရူပါရုံကို မတပ်မက်သောသူ၏။ အနိဋ္ဌ - မလိုလားအပ်သော ရူပါရုံထင်လာသည်ရှိသော် အမျက်ဒေါသမဖြစ်သော သူ၏။ ဣဋ္ဌအနိဋ္ဌ ရူပါရုံ ထင်လာသည်ရှိသော် အညီအမျှ ရှုခြင်းဖြင့် မောဟမဖြစ်သော သူ၏ ထိုစက္ခုဒွါရ၌ စောင့်စည်းခြင်း ပိတ်ဆို့ခြင်း လုံခြုံခြင်းကို ပြုအပ်သည်မည်၏။ ထိုပုဂ္ဂိုလ်၏ ဤသဘော ရှိသော စက္ခုဒွါရ၌ စောင့်စည်းခြင်းသည်ကောင်း၏။

သောတဃာနဇိဝှါ ဒွါရတို့၌ စောင့်စည်းခြင်း ပိတ်ဆို့ခြင်း သည် ဤနည်းပင်ဖြစ်၏။

အထူးအားဖြင့် စက္ခုဝိညာဏဝီထိ အခိုက်အတန့်စသည်တို့၌ စောင့်စည်းခြင်း၊ မစောင့်စည်းခြင်းသည် မဖြစ်သေး၊ စက္ခုဝိညာဏဝီထိ စသည်မှ ဆက်လက်၍ ဖြစ်ပေါ်သော မနောဒွါရ ဝီထိ၌ ဤစောင့်စည်းခြင်း မစောင့်စည်းခြင်းကိုရအပ်၏။

မှန်၏ ထိုမနောဝိညာဏဝီထိ၌ မစောင့်စည်းခြင်း ဖြစ်ခဲ့သော် အကုသလ ဇောဝီထိ ဖြစ်သည်။ ထိုဝီထိ၌ မယုံကြည်ခြင်း သည်းမခံခြင်း၊ ပျင်းရိခြင်း၊ သတိလွတ်ခြင်း၊ မသိခြင်းဟူသော ဤငါးမျိုးသော တရားကို ရအပ်၏။

စောင့်စည်းခြင်းဖြစ်ခဲ့သော် ကုသလဇောဝီထိ ဖြစ်၏။ ထိုဝီထိ၌ ယုံကြည်ခြင်း၊ သည်းခံခြင်း၊ အားထုတ်ခြင်း၊ အမှတ်ရခြင်း၊ သိမြင်ခြင်းဟူသော ဤငါးမျိုးသော တရားကိုရအပ်၏။

ထိုစက္ခုဒွါရစသည်၌ ဣဋ္ဌာရုံထင်လာသော် တပ်မက်ခြင်း အနိဋ္ဌာရုံ ထင်လာသော် မနှစ်သက်ခြင်း၊ မညီမမျှရှုခြင်းဖြင့် မောဟဖြစ်ခြင်း၊ ရှိလာသူသည် ထိုဒွါရ၌ မစောင့်စည်းခြင်း မပိတ်ဆို့ခြင်း မလုံခြုံခြင်းကို ပြုအပ်သည်မည်၏။

ကာယေန သံဝရော - ကာယဒွါရ၌ စောင့်စည်းခြင်း - ပိတ်ဆို့ခြင်း ဆိုရာ၌ ကာယပသာဒဟု ဆိုအပ်သော ပသာဒကာယနှင့် လှုပ်ရှားခြင်း ဟုဆိုအပ်သော စောပန ကာယနှစ်မျိုးလုံးကို ကာယဒွါရ

ဟု ယူရမည်။ ထိုနှစ်မျိုး တို့တွင် ကာယပသာဒဟု ဆိုအပ်သော ပသာဒကာယ ဒွါရ၌ စောင့်စည်းခြင်း ပိတ်ဆို့ခြင်း မစောင့်စည်းခြင်း မပိတ်ဆို့ခြင်းကို စက္ခုဒွါရ၌ ဆိုအပ်သည်နှင့်အတူ မှတ်ယူရမည်။

လှုပ်ရှားခြင်း စောပန ကာယဒွါရ၌ ထိုဒွါရလျှင် တည်ရာရှိကုန်သော ပါဏာတိပါတ - သူ့အသက် သတ်ခြင်း၊ အဒိန္နာဒါန - သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ ကာမေသုမိစ္ဆာစာရ - ကာမတို့၌ ဖောက်ပြန် မှားယွင်းပြုကျင့်ခြင်းတို့နှင့်အတူ အကုသိုလ်ဇော ဝီထိဖြစ်ရှိသူတို့သည် ထိုဒွါရကို မစောင့်စည်းအပ် မပိတ်ဆို့အပ်သည်မည်၏။

စောပန ကာယဒွါရလျှင် တည်ရာရှိကုန်သော သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း ကာမတို့၌ ဖောက်ပြန်မှားယွင်းပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့နှင့် အတူ ကုသိုလ်ဇောဝီထိဖြစ်ရှိသူတို့သည် ထိုဒွါရ၌ စောင့်စည်းအပ်ပိတ်ဆို့အပ်သည်မည်၏။

သာဓုဝါစာယ - ၌လည်း လှုပ်ရှာခြင်း စောပနဝါစာသည်လည်း ဝါစာမည်၏။ ထိုဝါစာနှင့်အတူ မုသာဝါဒစသည်တို့ဖြစ်ရှိသူတို့သည် ထိုဝစီဒွါရကို မစောင့်စည်းအပ် မပိတ်ဆို့အပ်သည်မည်၏။

စောပနဝါစာနှင့်အတူ မုသာဝါဒမှ ရှောင်ကြဉ်ခြင်း စသည်တို့ဖြစ်ရှိသူတို့သည် ထိုဝစီဒွါရ၌ စောင့်စည်းအပ် ပိတ်ဆို့အပ်သည်မည်၏။

မနသာ သံဝရော၌လည်း ဇောစိတ်မှ တစ်ပါးသောစိတ်နှင့်အတူ အဘိဇ္ဈာစသည်တို့ဖြစ်ခြင်းမရှိ၊ မနော ဒွါရ - ဇောခဏ၌ အဘိဇ္ဈာ စသည်တို့ဖြစ်ရှိသူတို့သည် ထိုမနောဒွါရကို မစောင့်စည်းအပ် မပိတ် ဆို့အပ်သည်မည်၏။ မနောဒွါရ ဇောခဏ၌ အနဘိဇ္ဈာ စသည်တို့ဖြစ်ရှိသူတို့သည် ထိုမနောဒွါရ၌ စောင့်စည်း အပ်ပိတ်ဆို့အပ်သည်မည်၏။

သာဓု သဗ္ဗတ္ထ - ဒွါရအားလုံး၌ စောင့်စည်းခြင်း ပိတ်ဆို့ခြင်းသည်ကောင်း၏ ဆိုရာ၌ သံဝရဒွါရ ရှစ်မျိုး အသံဝရ ဒွါရရှစ်မျိုးတို့ကို ဆိုအပ်ကုန်၏။ ထိုနှစ်မျိုးတို့တွင် အသံဝရဒွါရရှစ်မျိုး၌ တည်ရှိသော ရဟန်းသည် အလုံးစုံသော ဝဋ်မြစ်နှင့်တကွဖြစ်သော ဆင်းရဲမှ မလွတ်မြောက်၊ သံဝရဒွါရ ရှစ်မျိုး၌ တည်သောရဟန်းသည်ကား ဝဋ်မြစ်နှင့်တကွဖြစ်သော ဆင်းရဲအားလုံးမှ လွတ်မြောက်လေ၏။ ထို့ကြောင့် သဗ္ဗတ္ထသံဝုတော ဘိက္ခု - သဗ္ဗဒုက္ခာ ပမုစ္စတိ - ဟု ဟောတော်မူအပ်ပါပေသတည်း။

ဒွါရရှစ်မျိုးကား -

၁။ စက္ခုဒွါရ

၂။ သောတဒွါရ

၃။ ဃာနဒွါရ

၄။ ဇိဝှါဒွါရ

၅။ ပသာဒ ကာယဒွါရ

၆။ စောပန ကာယဒွါရ

၇။ စောပန ဝါစာ ဝစီဒွါရ

၈။ မနောဒွါရ

**ပဉ္စဘိက္ခုဝတ္ထု ပြီး၏။**

## ၁၄၀။ ဟံသယာတကဘိက္ခုဝတ္ထု
## ဟင်္သာသတ်ရဟန်းအကြောင်း

သာဝတ္ထိမြို့သား မိတ်ဆွေနှစ်ယောက်တို့သည် ရဟန်းတို့ထံ၌ ရှင်ရဟန်းပြုပြီးသော် များသောအားဖြင့် အတူတကွ သွားလာနေထိုင်ကြသည်။

တစ်နေ့သ၌ ထိုရဟန်းနှစ်ပါးသည် အစိရဝတီမြစ်သို့ သွား၍ ရေချိုးပြီးနေစာလှုံလျက် အောက်မေ့ဖွယ် စကားကိုပြောဆိုနေကြသည်။

ထိုခဏ၌ ဟင်္သာနှစ်ကောင်သည် ကောင်းကင်ခရီးဖြင့် ပျံလာကြသည်။ ထိုအခါ အငယ်ရဟန်းသည် ကျောက်စရစ်ခဲကိုကိုင်၍ ဟင်္သာတစ်ကောင်၏ မျက်လုံးကို ပစ်ဖောက်မည်ဟု ပြော၏။ အခြားရဟန်းက ပစ်မဖောက်နိုင်ဟုပြော၏။

ဤဘက်မျက်စိကိုထားလိုက်ဦး၊ ဟိုဘက်မျက်စိကို ပစ်ဖောက်မည်ဟု ပြန်ပြော၏။ အခြားရဟန်းက ပစ်မဖောက်နိုင်ဟု ပြောပြန်၏။

ထိုသို့ဖြစ်လျှင် ကပ်၍ မှတ်လော့(အကဲခတ်လေ့လာ) ဟု ဆိုကာ နှစ်ခုမြောက်သော ကျောက်စရစ်ခဲကို ကိုင်၍ ဟင်္သာ၏ နောက်အဖို့ဖြစ်သော အရပ်၌ ပစ်လေ၏။ ဟင်္သာသည် ကျောက်စရစ်ခဲသံကို ကြားရ၍ ပျံလှည့်ကြည့်လေ၏။ ထိုအခါ ထိုရဟန်းသည် ကျန်ရှိသော လုံးသော ကျောက်စရစ်ခဲကို ကိုင်၍ ထိုဟင်္သာကို အခြားတစ်ဘက် မျက်စိ၌ပစ်၍ ဤမှာဘက် မျက်စိဖြင့် ထွက်စေ၏။ ဟင်္သာသည် အော်မည်လျက် အထက်အောက်ပျံ၍ ထိုရဟန်းတို့၏ ခြေရင်း၌သာ ကျလာရှာလေ၏။ ထိုထိုအရပ်၌ တည်ရှိနေသော ရဟန်းတို့မြင်၍ -

ငါ့ရှင်တို့ ဘုရားသာသနာတော်၌ ရဟန်းပြု၍ ပါဏာတိပါတကံကို ကျူးလွန်ကြသော သင်တို့သည် ရဟန်းနှင့် မသင့်လျော်သော မပြုသင့်သော အမှုကို ပြုအပ်သည်ဟု ပြောဆို၍ ထိုရဟန်းတို့ကို ခေါ်သွား၍ မြတ်စွာဘုရားအား ပြကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းသင်သည် ပါဏာတိပါတကို ပြုအပ်သည်ဟု ကြားရသည် မှန်သလောဟု မေးတော်မူ၍ မှန်ပါသည် ဘုရားဟု လျှောက်ထားအပ်သော် ရဟန်း အဘယ်ကြောင့် ဤသို့သဘောရှိသော သံသရာမှ ထွက်မြောက်ကြောင်း နိယျာနိက သာသနာ၌ ရဟန်းပြုပြီး, ဤသို့ပြုရသနည်း။ ရှေးပညာရှိသည် ဘုရားမပွင့်မီ အိမ်၏ အလယ်၌ နေကုန်လျက် အနည်းငယ်မျှသော အကြောင်းအရာတို့၌လည်း ကုက္ကုစ္စ - အပြစ်ဖြစ်လေသလော မဖြစ်လေသလောဟု ယုံမှားမှုကို ပြုကြကုန်ပြီ။

သင်သည်ကား နိယျာနိက ဗုဒ္ဓသာသနာ၌ ရဟန်းပြုပြီး ကုက္ကုစ္စမျှကိုလည်း မပြုလေပြီဟု မိန့်တော်မူကာ ထိုရဟန်းတို့သည် လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ အတိတ်ဆောင်တော်မူလေပြီ။

လွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္တမြို့၌ ဓနဉ္စယမင်း မင်းပြုလေသော် ဘုရားအလောင်းသည် ထိုမင်း၏ မိဖုရားခေါင်ကြီးဝမ်းတိုက်၌ ပဋိသန္ဓေယူ၍ အစဉ်အားဖြင့် သိကြားလိမ္မာသူအဖြစ်သို့

ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကို သင်ယူ၍ ခမည်းတော်မင်းသည် အိမ်ရှေ့မင်းအဖြစ်၌ ရပ်တည်စေ၍ နောက်အဖို့ဖြစ်သောအချိန်၌ ဖခည်းတော်ကွယ်လွန်သဖြင့် မင်းအဖြစ်သို့ရောက်၍ မင်းကျင့်တရားဆယ်ပါးတို့ကို မပျက်စီးစေဘဲ (မဖောက်ဖျက်ဘဲ) ကုရုဓမ္မတို့ကို ကျင့်သုံးလေပြီ။

ငါးပါးသီလသည် ကုရုဓမ္မမည်၏။ ဘုရားအလောင်းသည် ငါးပါးသီလကို စင်ကြယ်အောင်ပြု၍ စောင့်ရှောက်ပြီ။

ဘုရားအလောင်းတော်ကဲ့သို့

၁။ ဘုရားလောင်း၏မယ်တော်

၂။ မိဖုရားခေါင်

၃။ ညီတော်အိမ်ရှေ့မင်း

၄။ ပုရောဟိတ်ပုဏ္ဏား

၅။ ကြိုးဆွဲအမတ် (မြေတိုင်းဝန်)

၆။ ရထားထိန်း

၇။ သူဌေး

၈။ စပါးချင့်အမတ်ကြီး

၉။ တံခါးမှူး

၁၀။ မြို့ကိုတင့်တယ်စေသောပြည့်တန်ဆာမ

အားဖြင့် တစ်ကျိပ်တစ်ယောက်သော လူတို့ကုရုဓမ္မကို စောင့်ရှောက်ကျင့်သုံးနေကြလေသော် - ကလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကလိင်္ဂမင်း မင်းပြုနေစဉ် ကလိင်္ဂတိုင်း၌ မိုးမရွာသွန်းဘဲ ဖြစ်နေလေပြီ။

ဘုရားလောင်း၏ မျက်စဉ်းညိုအဆင်းနှင့်တူသော အဆင်းရှိသောကြောင့် အဥ္စနသန္နိဘ အမည်ရှိသော မင်္ဂလာဆင်သည် ဘုန်းကံကြီးမားသော ဆင်ဖြစ်၏။ ကလိင်္ဂတိုင်းသူပြည်သားတို့သည် ထိုမင်္ဂလာဆင်ကို မိမိတို့နေရာတိုင်းပြည်သို့ ဆောင်ယူထားလျှင် မိုးရွာလိမ့်မည်အထင်ဖြင့် ကလိင်္ဂမင်းအား ဆောင်ယူရန် တင်လျှောက်ကြလေ၏။

ကလိင်္ဂမင်းသည် ထိုဆင်ကို ဆောင်ယူရန် ပုဏ္ဏားတို့ကို စေလွှတ်၏။ ပုဏ္ဏားတို့သည် ကုရုတိုင်းသို့ သွား၍ ဘုရားအလောင်းထံ ဆင်ကိုကောင်းကြကုန်၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏားတို့၏ ဆင်ကို တောင်းခံခြင်းအကြောင်းကို ပြတော်မူရန်

တဝသဒ္ဓဉ္စ သီလဉ္စ၊ ဝိဒိတွာန ဇာနာဓိပ

ဝဏ္ဏံ အဥ္စန ဝဏ္ဏေန၊ ကလိင်္ဂသ္မိံ နိမိမှ သေ

ဟူသော ဂါထာကို ဟောတော်မူ၏။

ဇနာဓိပ - လူတို့ကို အစိုးရသောမင်းမြတ်၊ တဝ - သင်မင်းမြတ်၏။ သဒ္ဓဉ္စ - သဒ္ဓါတရားကိုလည်းကောင်း၊ သီလဉ္စ - အကျင့်သီလကိုလည်းကောင်း၊ ဝိဒိတွာန - သိကြပါသောကြောင့်၊ တဝ - အရှင်မင်းကြီး၏။ အဥ္စန ဝဏ္ဏောန - ဝဏ္ဏံ - မျက်စဉ်းတောင်ညိုအဆင်းနှင့်တူသော အဆင်းရှိသော

မင်္ဂလာဆင်တော်ကို၊ ကလိင်္ဂသို့ - ကလိင်္ဂမင်းထံ၌၊ နိမိမှသေ - ရွှေငွေဘဏ္ဍာပစ္စည်းဖြင့် လဲလှယ်လိုကြပါကုန်၏။ တိကနိပါတ်၌ ဤကုရုဓမ္မဇာတ်ကို ဟောတော်မူပြီ။

မင်္ဂလာဆင်ကို ဆောင်ယူခဲ့သော်လည်း မိုးမရွာလေသော် ထိုကုရုမင်းသည် ကုရုဓမ္မကို စောင့်ရှောက်၏။ ထို့ကြောင့် ထိုမင်း၏ ကုရုတိုင်း၌ မိုးရွာသည်ဟူသော အမှတ်ဖြင့် ထိုကုရုမင်းစောင့်ရှောက်အပ်သော ထိုကုရုဓမ္မကို ရွှေပြား၌ရေး၍ ယူဆောင်ခဲ့ကြဟုပြောဆို၍ ကလိင်္ဂမင်းသည် နောက်ထပ်ပုဏ္ဏားတို့ကို စေလွှတ်ပြန်လေ၏။

ထိုပုဏ္ဏားနှင့်အမတ်တို့သည် ကုရုတိုင်းသို့သွား၍ ကုရုဓမ္မကို တောင်းဆိုကြလေသော် မင်းကိုအစပြု၍ ပြည့်တန်ဆာမအဆုံး အားလုံးသော လူတစ်ဆယ့်တစ်ဦးတို့သည် မိမိ မိမိ၏ သီလတို့၌ အနည်းငယ်မျှသော ကုက္ကုစ္စကိုပြု၍ ငါတို့၏ သီလသည် မစင်ကြယ်ဟုပြောဆို၍ ပေးမှုကို ဖယ်ရှားတားမြစ်ကြသော်လည်း (မပေးလိုကြသော်လည်း) ဤမျှလောက်ဖြင့် သီလပျက်စီးခြင်းမဖြစ်ပါဟု ကလိင်္ဂတိုင်းသားထိုပုဏ္ဏားနှင့်အမတ်တို့သည် အကြိမ်ကြိမ်တောင်းပန်အပ်ကုန်သည်ဖြစ်၍ မိမိ မိမိ၏ သီလတို့ကိုပြောဆိုကြကုန်ပြီ။

ကလိင်္ဂမင်း၏ ကလိင်္ဂတိုင်း၌ မိုးရွာပါလေပြီ။ ကလိင်္ဂတိုင်းသည် ဘေးမွတ်ခေါင်းပါးခြင်း ဘေးမရှိထမင်းဝပြောသာယာသောတိုင်းဖြစ်လေပြီ။

မြတ်စွာဘုရားသည် ဤအတိတ်ဇာတ်ကြောင်းအဖြစ်ဟောင်းကို ဆောင်တော်မူ၍

ဂဏိကာ ဥပ္ပလဝဏ္ဏာ၊ ပုဏ္ဏော ဒေါဝါရိကော တဒါ
ရဇ္ဇုဂါဟော စ ကစ္စာနော၊ ဒေါဏမာပကော စ ကောလိတော။

သာရိပုတ္တော တဒါသေဋ္ဌိ၊ အနုရုဒ္ဓေါ စ သာရထိ။
ဗြာဟ္မဏော ကဿပေါထေရော၊ ဥပရာဇာ နန္ဒ ပဏ္ဍိတော။

မဟေသီ ရာဟုလမာတာ၊ မာယာဒေဝီ ဇနေတ္တိကာ။
ကုရုရာဇာ ဗောဓိသတ္တော၊ ဧဝံ ဓာရေထ ဇာတကံ။

၁။ ဂဏိကာ - ထိုအချိန်၌ ပြည့်တန်ဆာမသည်၊ ဥပ္ပလ ဝဏ္ဏာ - ယခုအခါ ဥပ္ပလဝဏ်ဖြစ်၏။

တဒါ - ထိုအချိန်၌ ဒေါဝါရိကော - တံခါးမှူးသည်၊ ပုဏ္ဏော - ယခုအခါ ပုဏ္ဏထေရ်ဖြစ်၏။

ရဇ္ဇုဂါဟော - ထိုအခါမြေတိုင်းအမတ်သည်၊ ကစ္စာနော - ယခုအခါ ကစ္စည်းထေရ်ဖြစ်၏။

ဒေါဏမာပကော - တင်းချင် အမတ်သည်၊ ကောလိတော - ယခုအခါ မောဂ္ဂလန်ထေရ်ဖြစ်၏။

၂။ တဒါသေဋ္ဌ - ထိုအချိန်သူဌေးသည်၊ သာရိပုတ္တော - ယခုအခါ သာရိပုတ္တထေရ်ဖြစ်၏။

သာရထိ - ထိုအချိန်အခါ၌ ရထားထိန်းသည် အနုရုဒ္ဓေါ - ယခုအခါ အနုရုဒ္ဓါထေရ် ဖြစ်၏။

ဗြာဟ္မဏော - ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည်၊ ကဿပေါ ထေရော - ယခုအခါ ကဿထေရ်ဖြစ်၏။

ဥပရာဇာ - ထိုအခါ အိမ်ရှေ့မင်းသည်၊ အာနန္ဒ ပဏ္ဍိတော ယခုအခါ ပညာရှိ အာနန္ဒာထေရ်ဖြစ်၏။

၃။ မဟေသီ - ထိုအခါ ကုရုမင်း၏ မိဖုရားခေါင်သည်၊ ရာဟုလမာတာ - ယခုအခါ ရာဟုလာမယ်တော်၊ ယသော်ဓရာဖြစ်၏။

ဇနေတ္တိကာ - ထိုအခါကုဂုမင်း၏ မယ်တော်သည်၊ မာယာဒေဝီ ယခုအခါ ငါဘုရားအလောင်း၏ မယ်တော် မာယာဒေဝီဖြစ်၏။

ကုရုရာဇာ - ကုရုမင်းသည်၊ ဗောဓိသတ္တော - ယခုအခါ ငါဘုရားလောင်း သိဒ္ဓတ္ထ မင်းသားဖြစ်၏။

ဧဝံ - ဤသို့၊ ဇာတကံ - ဖြစ်ခဲ့ဖူးသော အကြောင်းအတ္ထုပ္ပတ်ဇာတ်ကို ဓာရေထ - မှတ်ကြကုန်လော။

ဤသို့ဇာတ်တော်ကို ပေါင်းပြတော်မူ၍ ရဟန်း ဤသို့လျှင် ရှေးအခါ၌လည်း ပညာရှိတို့သည် အနည်းငယ်မျှသော ကုက္ကုစ္စဖြစ်၍လည်း မိမိ၏ သီလပျက်စီးခြင်း၌ ယုံမှားမှုကိုပြုကြလေပြီ။ သင်သည်ကား ငါကဲ့သို့သော ဘုရား၏ သာသနာ၌ ရဟန်းပြုပြီး ပါဏာတိပါတကို ပြုလျက် အလွန်ဝန်လေးသော အမှုကိုပြုခဲ့လေပြီ။

ရဟန်းမည်သည်မှာ လက်တို့ဖြင့် လည်းကောင်း၊ ခြေတို့ဖြင့်လည်းကောင်း နှုတ်စကားဖြင့် လည်းကောင်း၊ စောင့်စည်းသူဖြစ်ထိုက်သည်ဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

ဟတ္ထ သံယတော ပါဒသံယတော၊
ဝါစာသံယတော သံယတုတ္တမော။
အဇ္ဈတ္တရတော သမာဟိတော၊
ဧကော သန္တုသိတော တမာဟု ဘိက္ခုံ

ယော - အကြင်သူသည်၊ ဟတ္ထသံယတော - လက်ဖြင့်ကစားခြင်း စသည်တို့ကိုလည်းကောင်း၊ လက်ဖြင့် သူတစ်ပါးတို့ကို ပုတ်ခတ်ခြင်း စသည်တို့ကို လည်းကောင်း မပြုခြင်းဖြင့် လက်၌ စောင့်စည်း၏။

ပါဒသံယတော - ခြေဖြင့်ကစားခြင်းစသည်တို့ကို လည်းကောင်း၊ ခြေဖြင့် သူတစ်ပါးတို့ကို ပုတ်ခတ်ခြင်း စသည်တို့ကိုလည်းကောင်း၊ မပြုခြင်းဖြင့် ခြေ၌ စောင့်စည်း၏။

ဝါစာသံယတော - နှုတ်ဖြင့် မုသားပြောဆိုခြင်း စသည်တို့ကို မပြုခြင်းကြောင့် နှုတ်၌ စောင့်စည်း၏။

သံယတတ္တမော - ကိုယ်လှုပ်ခြင်း ဦးခေါင်းကို မော့ခြင်းလှုပ်ခြင်း၊ မျက်မှောင်ကျုတ်ခြင်း စသည်တို့ကိုမပြု။

အဇ္ဈတ္တရတော ဂေါစရဇ္ဈတ္တ ဟုဆိုအပ်သော ကမ္မဋ္ဌာန်းပွားများခြင်း၌ မွေ့လျော်၏။ သမာဟိတော - စိတ်ကိုကောင်းစွာထားအပ်၏ တည်ကြည်၏။

ဧကော - တစ်ယောက်တည်းနေသည်(ဟုတ္ဟာ - ဖြစ်၍) သန္တု - သိတော - ဝိပဿနာကို ကျင့်သည်မှ စ၍ မိမိရအပ်သော သိအပ်သောတရားဖြင့် ကောင်းစွာနှစ်သက်သော စိတ်ရှိ၏။ တံ ထိုသူကို ဘိက္ခု - ရဟန်း၊ အာဟု - ဆိုကြကုန်ပြီ။

ဒေသနာတော်အဆုံး၌ ရဟန်း, ရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ဟံသဃာတကဘိက္ခုဝတ္ထု ပြီး၏။

## ၁၄၁။ ကောကာလိကဝတ္ထု
## ကောကာလိက ရဟန်းအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ ကောကာလိက ရဟန်းသည် ပဒုမာ ငရဲ၌ ဖြစ်လတ်သော် ရဟန်းတို့သည် ဓမ္မသဘင်၌ စကားပြောဆိုကြကုန်၏။

အံ့ဩလောက်ပါပေ၏။ ကောကာလိက ရဟန်းသည် မိမိ၏ နှုတ်ကို(ပါးစပ်) အမှီပြု၍ ပျက်စီးခြင်းသို့ ရောက်လေပြီ။ မှန်ပေ၏။ အဂ္ဂသာဝက နှစ်ပါးတို့ကို ဆဲရေးစဉ်မှာပင် မဟာပထဝီ မြေကြီးသည် ကောကာလိက ရဟန်းအား ဟင်းလင်းအပေါက်ကို ပေးလေပြီ။ (ဟူ၏)

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ သင်တို့သည် ယခုအချိန်၌ အဘယ်စကားကို ပြောဆိုခြင်းဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသောစကားကို ပြောဆိုခြင်းဖြင့် စုဝေးနေကြပါဟု လျှောက်ထားအပ်လေသော်

ရဟန်းတို့ ယခုအခါ၌သာမဟုတ်၊ ရှေးအခါလည်း ကောကာလိက ရဟန်းသည် မိမိ၏ နှုတ်ကို (ပါးစပ်) အမှီပြု၍ ပျက်စီးခဲ့လေပြီဟု မိန့်တော်မူကာ ထိုအကြောင်းကို ကြားနာလိုကုန်သော ရဟန်းတို့သည်လျှောက် ထားတောင်းပန်အပ်သည်ဖြစ်၍ ထိုအကြောင်းကို ထင်ရှားပြခြင်း အကျိုးငှာ အတိတ်ကို ဆောင်တော်မူပြီ။

(ဤဝတ္ထု၌ ကောကာလိက ရဟန်းသည် ကောကာလိကတိုင်း ကောကာလိကမြို့၌ ကောကာလိက သူဌေး၏ သားဖြစ်သည်။ ဒေဝဒတ်၏ တပည့်ဖြစ်သော ကောကာလိကသည် ပုဏ္ဏား၏ သားဖြစ်သော မဟာကောလိက ဖြစ်၏။)

လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်တွင် ရေအိုင်တစ်အိုင်၌ လိပ်တစ်ကောင်သည် နေလေ၏။ ဟင်္သာနှစ်ကောင်တို့သည် အစာရှာသွားကြစဉ် ထိုလိပ်နှင့် မိတ်ဖွဲ့၍ စွဲမြဲသော အကျွမ်းဝင်သူ မိတ်ဆွေများဖြစ်ကြပြီး တစ်နေ့သ၌ လိပ်ကို မေးကြကုန်၏။

အို မိတ်ဆွေလိပ် ငါတို့၏ ဟိမဝန္တာ စိတ္တကူဋတောင်အပြင် ရွှေဂူသည် ငါတို့၏ နေရာအရပ်ဖြစ်သည်။ ထိုအရပ်သည် မွေ့လျော်ဖွယ်ရှိသော အရပ်ဖြစ်၏။ သင်တို့ငါတို့နှင့် အတူ သွားမည်လော။

မိတ်ဆွေတို့ ငါသည် သင်တို့နှင့်အတူ မည်သို့သွားရမည်နည်း။

မိတ်ဆွေလိပ် - သင်သည် နှုတ်ကို (ပါးစပ်ကို) စောင့်ရှောက်နိုင်လျှင် ငါတို့သည် သင့်ကို ယူဆောင်သွားကြမည်။

မိတ်ဆွေတို့ ငါသည် နှုတ်ကို (ပါးစပ်ကို) စောင့်ရှောက်ပါမည် ငါ့ကို ကောင်းမွန်စွာ ယူ၍ သွားကြပါဟု ပြော၏။

ဟင်္သာငယ်တို့သည် ကောင်းပြီဟု ပြောပြီး ဒုတ်တစ်ချောင်းကို လိပ်ကို ကိုက်ထားစေ၍ မိမိတို့ကမူ ထိုဒုတ်၏ အစွန်းနှစ်ဘက်တို့ကို တစ်ဖက်စီကိုက်၍ ကောင်းကင်သို့ ပျံတက်သွားကြကုန်၏။

ဟင်္သာငယ်တို့သည် လိပ်ကို ထိုသို့ယူဆောင်သွားသည်ကို ရွာသားသူငယ်တို့မြင်ကြ၍

ဟင်္သာနှစ်ကောင်သည် လိပ်ကို ဒုတ်ချောင်းဖြင့် ယူဆောင်သွားကြသည်ဟု ပြောဆိုကြကုန်၏။

လိပ်သည် ငါ၏မိတ်ဆွေတို့သည် ငါ့ကို ယူဆောင်သွားကြရာ၌ သင်တို့မှာ အဘယ်သို့ဖြစ်သနည်း ကျွန်ပျက်တို့ဟူ၍ ပြောဆိုလိုသဖြင့် ဟင်္သာတို့၏ လျင်မြန်သောအဟုန်ဖြင့် ဗာရာဏသီမြို့ပေါ် မင်း၏ နန်းတော်အထက်သို့ ရောက်ချိန်၌ ကိုက်ထားအပ်သောနေရာမှ ဒုတ်ချောင်းကို လွှတ်လိုက်လေသော် ကောင်းကင်အပြင်၌ ပြုတ်ကျ၍ ကိုယ်နှစ်ခြမ်းကွဲသွားလေ၏။

မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍

အဝဓိ ဝတ အတ္တာနံ၊ ကစ္ဆပေါ ဗျာဟရံ ဂိရံ။
သုဂ္ဂဟိ တသ္မိံ ကဋ္ဌသ္မိံ၊ ဝါစာယ သကိယာ ဝဓိ။

ဧတမ္ပိ ဒိသွာ နရဝီရိယ သေဋ္ဌ၊
ဝါစံ ပမုဉ္စေ ကုသလံ နာတိဝေလံ။
ပဿသိ ဗဟု ဘာဏေန၊
ကစ္ဆပံ ဗျသနံ ဂတံ။

မဟာရာဇ - မင်းမြတ်၊ ကစ္ဆပေါ - လိပ်သည်၊ သုဂ္ဂဟိတသ္မိံ - ကိုက်ချီ၍ ကောင်းစွာယူအပ်သော၊ ကဋ္ဌသ္မိံ - ဒုတ်ချောင်း၌၊ ဂိရံ - ဗျာဟရံ - ဗျာဟရန္တော စကားပြောခြင်းကြောင့်၊ သကိယာ - မိမိဥစ္စာ ဖြစ်သော၊ ဝါစာယ - စကားဖြင့် အတ္တာနံ - မိမိကိုယ်ကို၊ အဝဓိ - သတ်လေပြီ။

နရဝီရိယသေဋ္ဌ - လူတို့တွင် မြတ်သော ဝီရိယရှိတော်မူသော အရှင်မင်းမြတ် (ပဏ္ဍိတော - ပညာရှိသူသည်) ဧတမ္ပိ - ထိုအကြောင်းကိုလည်း ဒိသွာ - မြင်သိ၍ ကုသလံဝါစံ - အပြစ်မရှိသော စကားကိုသာလျှင် ပမုဉ္စေ - ပြောဆိုရာ၏။ (တဥ္စ - ထိုအပြစ်မရှိသောစကားကိုလည်း) အတိဝေလံ - အချိန်များစွာ၊ နပမုဉ္စေ - မပြောဆိုရာ၊ ဗဟုဘာဏေန - စကားများစွာဆိုခြင်းကြောင့် ဗျသနံ - ပျက်စီးခြင်းသို့၊ ဂတံ - ရောက်သော၊ ကစ္ဆပံ - လိပ်ကို၊ ပဿသိ - မြင်၏လော။

ဒုကနိပါတ်၌ ဤဗဟုဘာဏိဇာတ်ကို (ကစ္ဆပဇာတ်ကို) အကျယ်ဟောတော်မူ၍

ရဟန်းတို့ ရဟန်းမည်သည် နှုတ်ကို စောင့်စည်းသူ ငြိမ်သက်သော အကျင့်ရှိသူသည် (မျှတစွာကျင့်သူ) ပျံ့လွင့်ခြင်းမရှိသူ ငြိမ်းအေးသော စိတ်ရှိသူ ဖြစ်ထိုက်သည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ယောမုခ သံယတော ဘိက္ခု၊ မန္တဘာဏီ အနုဒ္ဓတော။
အတ္ထံ ဓမ္မဥ္စ ဒီပေတိ၊ မဓုရံ တဿ ဘာသိတံ။

ယောဘိက္ခု - အကြင်ရဟန်းသည်၊ မုခသံယတော - သင်သည် ဇာတ်နိမ့်သူဖြစ်၏။ သင်သည် အကျင့်သီလမရှိ၊ အစရှိသော စကားကို မပြောမဆိုသဖြင့် နှုတ်၌ စောင့်စည်း၏။ မန္တဘာဏီ အသိဉာဏ်ဖြင့် ပြောဆိုလေ့ရှိ၏။ အနုဒ္ဓတော - မပျံ့မလွင့် ငြိမ်သက်သောစိတ်ရှိ၏။

အတ္တံစ - ပြောအပ်သောစကား၏ အနက်ကိုလည်းကောင်း၊ ဓမ္မဥ္စ - ဒေသနာပါဠိကို လည်းကောင်း၊ ဒီပေတိ - ပြဆို၏။ တဿ - ထိုရဟန်း၏ ဘာသိတံ - ပြောဆိုအပ်အပ်သောစကားသည်၊ မဓုရံ - ချိုမြိန်သာယာ ကောင်းမြတ်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ကောကာလိကဝတ္ထု ပြီး၏။**

## ၁၄၂။ ဓမ္မာရာမထေ္ထရဝတ္ထု
## တရား၌ မွေ့လျော်သောထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ မြတ်စွာဘုရားသည် ဤလ ဤရက်မှ လေးလလွန်မြောက်ချိန်၌ ငါဘုရား၏ ပရိနိဗ္ဗာန် (အားလုံးငြိမ်းခြင်း) ဖြစ်လိမ့်မည်ဟု မိန့်တော်မူအပ်သော် အထောင်မကသောရဟန်းတို့သည် မြတ်စွာဘုရားကို ခြံရံ၍ သွားလာ နေထိုင်ကြကုန်၏။

ထိုရဟန်းတို့တွင် ပုထုဇဉ်ရဟန်းတို့သည် မျက်ရည်တို့ကို ကောင်းစွာတည်စေရန် မတတ်နိုင်ကြကုန်။ (မျက်ရည်မဆယ်နိုင်ကြကုန်) ရဟန္တာ ရဟန်းတို့အား ဓမ္မသံဝေဂ ဖြစ်လေပြီ။

ပုထုဇဉ်အရိယာ ရဟန်းအားလုံးတို့သည် ယခုအခါ ငါတို့ဘယ်သို့ပြုကြကုန်မည်နည်းဟု အစုအသင်းဖွဲ့ခြင်းဖြင့် သွားလာနေကြကုန်၏။

ဓမ္မာရာမ အမည်ရှိသော ရဟန်းတစ်ပါးသည်ကား အခြားရဟန်းတို့သို့ မချဉ်းမကပ်နေလေ၏။ အခြားရဟန်းတို့က ငါ့ရှင်အသို့နည်းဟု ပြောဆိုအပ်သော် တုံ့ပြန်စကားကိုသော်လည်း မပေးမူ၍

မြတ်စွာဘုရားသည် လေးလလွန်မြောက်ချိန်၌ ပရိနိဗ္ဗာန် ဖြစ်မည်တဲ့၊ ငါသည်လည်း ရာဂမကင်းသေးသူဖြစ်၏။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိနေစဉ်မှာပင် ကြိုးစားအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်အံ့ဟု စိတ်ကူး၍ တစ်ပါးတည်းသာနေလျက် မြတ်စွာဘုရားဟောထားအပ်သော တရားတော်ကို ဆင်ခြင်နေ၏။ ကြံစည်နေ၏။ အမှတ်ရနေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရား ဓမ္မာရာမရဟန်း၏ မြတ်စွာဘုရားတို့အပေါ်၌ ချစ်ခင်ခြင်းမျှလည်း မရှိပါ။ မြတ်စွာဘုရားသည် ဒုက္ခဇာတ်သိမ်းငြိမ်းလိမ့်မည်။ ငါတို့ အဘယ်သို့ ပြုကြမည်နည်းဟု တပည့်တော်တို့နှင့်အတူ တိုင်ပင်ခြင်းမျှကိုလည်း မပြုပါဘုရား။

မြတ်စွာဘုရားသည် ဓမ္မာရာမရဟန်းကို ခေါ်စေ၍ ရဟန်းသင်သည် ဤသို့ပြုနေသည်ဟု ကြားရသည်ကား မှန်သလော။

မှန်ပါသည်ဘုရား။

အဘယ်ကြောင့်နည်း။

အရှင်မြတ်တို့သည် လေးလလွန်မြောက်ချိန်၌ ဒုက္ခ - ဇာတ်သိမ်းငြိမ်းကြမည်တဲ့၊ ငါသည်လည်း ရာဂမကင်းသေးသူဖြစ်၏။ အရှင်မြတ်တို့ သက်တော်ထင်ရှားရှိနေစဉ်မှာပင် ကြိုးစားအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်အံ့ဟူသော အကြံဖြင့် အရှင်မြတ်တို့ဟောထားအပ်သော တရားကို ဆင်ခြင်နေပါ၏။ ကြံစည်နေပါ၏။ အမှတ်ရနေပါ၏ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် သာဓု သာဓု ကောင်းပေစွ ကောင်းပေစွဟု ထိုရဟန်းအား ကောင်းချီးပေးတော်မူပြီး

ရဟန်းတို့ငါဘုရား၌ ချစ်ခင်ခြင်းရှိသော အခြားရဟန်းသည်လည်း ဓမ္မာရာမ ရဟန်းနှင့်တူသော ရဟန်းသာ ဖြစ်ထိုက်သည်။

မှန်ပေစွ ချစ်သားတို့ ငါဘုရားအား ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်သူတို့သည် ငါဘုရားအား ပူဇော်သူ မမည်ကြကုန်။ ဝါ - ပူဇော်သူများမဟုတ်ကြ၊ လောကုတ္တရာတရားကိုးပါးအားလျော်သော ဝိပဿနာအကျင့် တရားကို ကျင့်သူတို့သည်သာ ငါဘုရားကို ပူဇော်ကြသူ မည်ကုန်၏ ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော် မူသည်။

ဓမ္မာ ရာမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ။
ဓမ္မံ အနုဿရံ ဘိက္ခု၊ သဒ္ဓမ္မာ နပရိဟာယတိ။

ယောဘိက္ခု - အကြင်ရဟန်းသည်၊ ဓမ္မာရာမော - သမထဝိပဿနာ တရားဟူသော မွေ့လျော်မှုရှိ၏။ ဓမ္မရတော - သမထဝိပဿနာတရား၌ နှစ်သက်၏။ ဓမ္မံ - သမထဝိပဿနာတရားကို၊ အနုဝိစိန္တယံ - အနုဝိစိန္တ ယန္တော - အဖန်ဖန်ကြံစည်၏။ ဆင်ခြင်၏။ နှလုံးသွင်း၏။

ဓမ္မံ - သမထဝိပဿနာတရားကို၊ အနုဿရံ - အနုဿရန္တော - အဖန်ဖန်အမှတ်ရ၏။ သောဘိက္ခု - ထိုရဟန်းသည်၊ သဒ္ဓမ္မာ - ဗောဓိပက္ခိယ တရား ၃၇-ပါး၊ လောကုတ္တရာတရားကိုးပါး ဟူသော သူတော်ကောင်းတရားမှ နပရိဟာယတိ - မဆုတ်ယုတ်သူဖြစ်၏။

ဒေသနာတော်အဆုံး၌ ဓမ္မာရာမရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေပြီ။ ရောက်ရှိလာသူ ရဟန်းရှင်လူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**ဓမ္မာရာမတ္ထေရဝတ္ထု ပြီး၏။**

## ၁၄၃။ ဝိပက္ခသေဝကဘိက္ခုဝတ္ထု
## ဆန့်ကျင်ဘက်အသင်း၌ ဆည်းကပ်မှီဝဲသော ရဟန်းအကြောင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။

ရဟန်းတစ်ပါးသည် ဒေဝဒတ်အသင်းဝင် ရဟန်းတစ်ပါးနှင့် အပေါင်းအဖော်ဖြစ်၏။ ဒေဝဒတ်အသင်းဝင်ရဟန်းသည် မြတ်စွာဘုရား၏ တပည့်ရဟန်းတို့နှင့်အတူ ဆွမ်းခံလှည့်၏။ ဆွမ်းကိစ္စပြီး၍ ပြန်လာသော ထိုရဟန်းကို အခြားရဟန်းတို့ မြင်ကြသော် ငါ့ရှင် အဘယ်အရပ်၌ သွားနေသနည်းဟု မေးလေ၏။

ဤမည်သော အရပ်သို့ ဆွမ်းခံလှည့်သွားနေပါ၏။

သင်သည် ဆွမ်းကို ရအပ်ပါသလော။

ရအပ်သည် မှန်ပါ၏။

ငါတို့၏ ဤနေရာ၌ လာဘ်ပူဇော်သက္ကာရများ၏ ငါတို့ဤနေရာ၌သာ နှစ်ရက်သုံးရက်နေပါဦးဟု ပြော၏။

မြတ်စွာဘုရား၏ တပည့်ရဟန်းသည် ဒေဝဒတ်အသင်းဝင် ရဟန်း၏ စကားဖြင့် နှစ်ရက်သုံးရက် ထိုအရပ်၌နေ၍ မိမိနေရာသို့သာ ပြန်သွားလေ၏။

ထိုအခါ ပြန်လာသော မြတ်စွာဘုရား၏ တပည့်ရဟန်းကို ရဟန်းတို့သည်

မြတ်စွာဘုရား ဤရဟန်းသည် ဒေဝဒတ်၏ လာဘ်ပူဇော်သက္ကာရကို စားသောက်သူဖြစ်ပါ၏။ ဤရဟန်းသည် ဒေဝဒတ်၏ အသင်းဝင်ရဟန်းဖြစ်ပါသည်ဟု မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းကိုခေါ်စေ၍ ရဟန်းသင်သည် ဤသို့ပြုသည် မှန်သလောဟု မေးတော်မူ၏။

မြတ်စွာဘုရားမှန်ပါသည်၊ တပည့်တော်သည် ထိုအရပ်၌ ရဟန်းငယ်တစ်ပါးကို အမှီပြု၍ နှစ်ရက်သုံးရက်နေခဲ့ပါသည်။ ထိုသို့နေသော်လည်း ဒေဝဒတ်၏ အယူကို ကျေနပ်နှစ်သက်သူမဟုတ်ပါဟု လျှောက်ထားလေ၏။

ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် သင်သည် ဒေဝဒတ်၏ အယူကို ကျေနပ်နှစ်သက်သူမဟုတ်သော်လည်း တွေ့မြင်သူတိုင်း၏ အယူကိုသာ ကျေနပ်နှစ်သက်သူကဲ့သို့ သွားလာနေခဲ့၏။ သင်သည် ယခုအခါ၌သာ ဤသို့ပြုသူမဟုတ်သေး၊ ရှေးအခါ၌လည်း ဤသို့ပြုသူသာဖြစ်၏ဟု မိန့်တော်မူကာ -

မြတ်စွာဘုရား ယခုအခါ ဤရဟန်း၏ ဤသို့ပြုမူပုံကို တပည့်တော်တို့ ကိုယ်တိုင် မြင်တွေ့အပ်ပါပြီ။ ဤရဟန်းသည် ရှေးအခါ၌ အဘယ်သူတို့၏ အယူကို ကျေနပ်နှစ်သက်သူကဲ့သို့ လှည့်လည်နေခဲ့ပါသနည်း။ တပည့်တော်တို့အား မိန့်ကြားတော်မူပါဟု ရဟန်းတို့သည် လျှောက်ထားတောင်းပန်

အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၍

ပုရာဏ စောရာနံ ဝစော နိသမ္မ၊
မဟိဋ္ဌာမုခေါ ပေါထယ မန္ဝစာရီ။
သုသညတာနံ ဟိဝစော နိသမ္မ၊
ဂဇုတ္တမော သဗ္ဗဂုဏေသု အဋ္ဌာ။

မဟိဋ္ဌာမုခေါ - ဆင်မ၏ မျက်နှာနှင့်တူသော မျက်နှာရှိသော ဆင်သည် ပုရာဏစောရာနံ - ရှေးဦး လူဆိုးတို့၏၊ ဝစော - စကားကို၊ နိသမ္မ - ကြားရ၍ ပေါထယံ - ပေါထယန္တော - လူကို ပုတ်ခတ် ငြင်းဆဲလျက် အန္ဝစာရီ - လူဆိုးတို့ကို အတုလိုက်၍ ပြုခဲ့ပြီ။

သုသညတာနံ - ကိုယ်နှုတ်နှလုံးသုံးပါးကို စောင့်စည်းကုန်သော သူတော်ကောင်းတို့၏ ဝစောဟိ ဝစောဧဝ - စကားကိုသာ၊ နိသမ္မ - ကြားရ၍၊ ဂဇုတ္တမော - မဟိဋ္ဌာမုခ ဆင်မြတ်သည်၊ သဗ္ဗဂုဏေသု ဆင်၏ ကျေးဇူးဂုဏ်အားလုံးတို့၌၊ အဋ္ဌ - ရပ်တည်လေပြီ။

ဤမဟိဋ္ဌာမုခဇာတ်ကိုအကျယ်ဟောတော်မူ၍

ရဟန်းတို့ - ရဟန်းတို့မည်သည် မိမိရအပ်သောပစ္စည်းဖြင့်သာ ရောင့်ရဲသူဖြစ်ထိုက်သည်။ သူတစ်ပါးပစ္စည်းကို မျှော်လင့်တောင်းတရန်မသင့်။

မှန်၏ သူတစ်ပါးပစ္စည်းကို မျှော်လင့်တောင်းတသူအား ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားတို့တွင် တစ်ခုသော တရားသည်သော်လည်း ဖြစ်မလာချေ။ မိမိပစ္စည်းဖြင့် ရောင့်ရဲသူအားသာ ဈာန်အစရှိသော တရားတို့ ဖြစ်ပေါ်ကုန်၏ဟု မိန့်တော်မူကာ တရားဟောလိုတော်မူ၍ ဤဂါထာတို့ကို ရွတ်ပြတော်မူပြီ။

သလာဘံ နာတိမညေယျ၊ နာ ညေသံ ပိဟယံစရေ။
အညေသံ ပိဟယံ ဘိက္ခု၊ သမာဓိံ နာဓိဂစ္ဆတိ။

အပ္ပလာဘောပိ စေဘိက္ခု၊ သလာဘံ နာတိမညတိ။
တံ ဝေ ဒေဝါ ပသံသန္တိ၊ သုဒ္ဓါ ဇီဝိံ အတန္ဒိတံ။

ဘိက္ခု - ရဟန်းသည်၊ သလာဘံ - မိမိရအပ်သောပစ္စည်းကို နာတိမညေယျ - မထေမဲ့မြင်မပြုရာ၊ ဝါ - အထင်မသေးရာ၊ အညေသံ - အခြားသူတို့၏ (လာဘံ - ရအပ်သောပစ္စည်းကို) ပိဟယံ - မြတ်နိုးမျှော်လင့် တောင်းတလျက်၊ နစရေ - မကျင့်ရာ၊ အညေသံ - အခြားသူတို့၏ (လာဘံ - ရအပ်သောပစ္စည်းကို) ပိဟယံ - ပိဟယန္တော - မြတ်နိုးမျှော်လင့်တောင်းတသော၊ ဘိက္ခု - ရဟန်းသည် သမာဓိံ - ဥပစာရသမာဓိ အပ္ပနာသမာဓိကို၊ နာဓိဂစ္ဆတိ - မရနိုင်။

ဘိက္ခု - ရဟန်းသည်၊ စေအပ္ပလာဘောပိ - အကယ်၍ လာဘ် နည်းပါးသော်လည်း၊ သလာဘံ

- မိမိ ရအပ်သောပစ္စည်းကို၊ နာတိမညတိ - မထေမဲ့မြင်မပြု၊ ဝါ - အထင်မသေး၊ သုဒ္ဓါဇီဝိ - စင်ကြယ်သော အသက် မွေးခြင်းရှိသော၊ အတန္ဒိတံ - မပျင်းရိသော၊ တံ - ထိုရဟန်းကို၊ ဒေဝါ - နတ်တို့သည်၊ ဝေ - စင်စစ်၊ ပသံသန္တိ - ချီးမွမ်းစကားပြောကြားကြကုန်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက် ကြလေကုန်ပြီ။

ဝိပက္ခသေဝကဘိက္ခုဝတ္ထု ပြီး၏။

## ၁၄၄။ ပဥ္စဂ္ဂဒါယက မြဟ္မဏဝတ္ထု၊ အဦးအဖျားငါးပါးပေးလှူသော ပုဏ္ဏားအကြောင်း

ပဥ္စဂ္ဂဒါယက ပုဏ္ဏားသည် ကောက်စပါးလယ်၌ တည်ရှိနေစဉ်အချိန်၌ပင် လယ်ဦးအလှူကို ပေးလှူပြီး တလင်းပြင်သော အချိန်၌ တလင်းဦးအလှူကို ပေးလှူ၏။ တလင်းတွင် စပါးစုပုံသော အချိန်၌ စပါးပုံဦးအလှူ ကိုပေးလှူ၏။ ထမင်းချက်ရာအချိန်၌ ထမင်းအိုးအဦးအလှူကိုပေးလှူ၏။ ထမင်းခွက်၌ ထမင်းခူးသောအခါ ခွက်ဦးအလှူကိုပေးလှူ၏။ ဤသို့အားဖြင့် အလှူဦးငါးမျိုးကို ပေးလှူလေ၏။ အိမ်သို့ ရောက်လာသူအား မပေးမလှူဘဲ မစားသူဖြစ်၏။ ထို့ကြောင့် ထိုပုဏ္ဏား၏ ပဥ္စဂ္ဂဒါယကဟု အမည်တွင်လေ၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏားနှင့် ပုဏ္ဏေးမတို့၏ ဖိုလ်သုံးခုတို့၏ အားကောင်းသော မှီရာအကြောင်းကို မြင်တော်မူ၍ ပုဏ္ဏား၏ ထမင်းစားချိန်၌ သွား၍ အိမ်တံခါးပေါက်၌ ရပ်တော်မူလေ၏။

ပုဏ္ဏားသည်လည်း တံခါးဝ၌ အိမ်တွင်းသို့ မျက်နှာမူလျက် ထိုင်၍ ထမင်းစားနေ၏။ အိမ်တံခါးဝ၌ ရပ်နေ သော မြတ်စွာဘုရားကို မြင်သူမဟုတ်ချေ။ ပုဏ္ဏေးမသည်ကား ပုဏ္ဏားကို ကျွေးမွေးပြုစုနေစဉ် မြတ်စွာဘုရားကိုမြင်၍ ဤသို့ကြံစည်နေ၏။

ဤပုဏ္ဏားသည် ငါးမျိုးသောနေရာ၌ ဦးဦးဖျားဖျားကို ပေးလှူ၍ စားသူဖြစ်၏။ ယခုအချိန်၌လည်း ရဟန်းဂေါတမသည်လာ၍ အိမ်တံခါးဝ၌ ရပ်နေ၏။ ပုဏ္ဏားသည် ထိုရဟန်းဂေါတမကို မြင်၍ မိမိ၏ ထမင်းကို ယူဆောင်၍ပေးခဲ့လျှင် ငါသည် နောက်ထပ်ထမင်းချက်နိုင်မည်မဟုတ်ဟု ကြံစည်လေ၏။

ပုဏ္ဏေးမသည် ငါဤသို့ပြုနေလျှင် ဤပုဏ္ဏားသည် ရဟန်းဂေါတမကို မြင်လိမ့်မည်မဟုတ်ဟု ကြံ၍ မြတ်စွာဘုရားအား ကျောပေးထားပြီး ပုဏ္ဏား၏ နောက်၌ပုဏ္ဏားကို ဖုံးကွယ်လျက် ကိုင်းညွတ်၍ လပြည့်ဝန်းကို လက်ဝါးဖြင့် ဖုံးကွယ်သကဲ့သို့ ရပ်တည်နေ၏။ ထိုအခြင်းအရာဖြင့် ရပ်လျက်သာ ပြန်သွားလေပြီလော။ မသွားသေးသလောဟု မြတ်စွာဘုရားကို မျက်လုံးထက်ဝက်ဖြင့် ကြည့်လေ၏။ (စောင်းကြည့်ကြည့်လေ၏)

မြတ်စွာဘုရားသည် တံခါးဝ၌သာ ရပ်နေတော်မူ၏။ ပုဏ္ဏေးမသည် ပုဏ္ဏားကြားသွားမည်ကို ကြောက်သဖြင့် အတိစ္ဆထ - ကန်တော့ဆွမ်းပါဟု ကျယ်ကျယ်မပြော၊ နောက်ဆုတ်ပြီး ဖြည်းညင်းသာစွာ (တိုးတိုးအသံဖြင့်) ကန်တော့ဆွမ်းပါဟု ပြောလေ၏။

မြတ်စွာဘုရားသည် ငါသွားမည်မဟုတ် ဟူသော စိတ်တော်ဖြင့် ဦးခေါင်းကိုလှုပ်ပြတော်မူ၏။ တစ်လောကလုံး လေးစားထိုက်သော မြတ်စွာဘုရားသည် ငါမသွားဟူသော စိတ်ဖြင့် ဦးခေါင်းကိုလှုပ်လေသော် ပုဏ္ဏေးမသည် ပကတိအတိုင်းရပ်တည်နေရန် ပကတိသဘောဆောင်နေရန် မတတ်နိုင်တော့၍ ကျယ်လောင်စွာ ရယ်လေ၏။ ထိုခဏ၌ မြတ်စွာဘုရားသည် အိမ်တွင်းရှေးရှု၍ အရောင်အလင်းကို လွှတ်လေပြီ။

ပုဏ္ဏားသည်လည်း ကျောပေးထိုင်နေလျက်ပင် ပုဏ္ဏေးမ၏ ရယ်သံကိုလည်းကြား ရောင်ခြည်

တော်ခြောက်သွယ်တို့၏ အရောင်အလင်းကိုလည်းကြည့်၍ မြတ်စွာဘုရားကို မြင်လေပြီ။

မှန်လှ၏။ ဘုရားရှင်တို့ မည်သည်ရွာ၌သော်လည်းကောင်း တော၌သော်လည်းကောင်း၊ မဂ်ဖိုလ်ကို ရနိုင်သောအကြောင်းနှင့် ပြည့်စုံသူတို့အား ကိုယ်တော်ကို မပြမူ၍ ဖယ်ခွာကြွတော်မမူကြကုန်။

ပုဏ္ဏားသည်လည်း မြတ်စွာဘုရားကို မြင်၍ အိုပုဏ္ဏေးမ ငါသည် သင်ဖျက်ဆီးခံရသူ ဖြစ်၏။ ဤအိမ်သို့လာ၍ အိမ်ပေါက်ဝ၌ ရပ်နေသော သာကီဝင်မင်း၏သားကို သိမြင်ပါလျက် ငါ့အား မပြောသော သင်သည် ဝန်လေးသောအမှုကို ပြုအပ်သူဖြစ်၏ ဟုပြောဆိုကာ စား၍ ထက်ဝက်ရှိသော ထမင်းခွက်ကိုယူ၍ မြတ်စွာဘုရားထံသွားပြီး

အရှင်ဂေါတမ အကျွန်ုပ်သည် ငါးမျိုးသောအရာတို့၌ အဦးအဖျားကို ပေးလှူ၍သာ စားပါသည်။ ဤထမင်းခွက်မှ အလယ်၌ ခွဲ၍ ထမင်းတစ်ဖို့ တစ်ဝက်ကိုသာ ကျုပ်စားအပ်ပါ၏။ တစ်ဖို့တစ်ဝက်သော ထမင်းကျန်ပါသေးသည်။ ကျုပ်၏ ကျန်နေသော ဤထမင်းကို ခံယူပါမည်လောဟု ပြောဆို၏။

မြတ်စွာဘုရားသည် ငါ့အားသင်စား၍ ကျန်သောထမင်းတစ်ဝက်ဖြင့် အလိုမရှိဟု မိန့်တော်မမူဘဲ အိုပုဏ္ဏား အဦးအဖျားဖြစ်သော ထမင်းသည်လည်း ငါ့အားသာ လျှောက်ပတ်၏။ အလယ်၌ခွဲ၍ တစ်ဝက်စားပြီးသော ထမင်းသည်လည်း ငါ့အားသာသင့်လျော်လျှောက်ပတ်၏။ စားပြီး၍ ကျန်သော နောက်ဆုံးထမင်းခဲသည်လည်း ငါ့အားသာသင့်လျော်ပတ်၏။

အို ပုဏ္ဏား မှန်လှပေ၏။ ငါတို့သည် သူတစ်ပါးပေးအပ်သည်ကို အမှီပြု၍ အသက်မွေးရသော ပြိတ္တာနှင့်တူကုန်၏ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ယဒဂ္ဂတော မဇ္ဈတော သေသတော ဝါ၊

ပိဏ္ဍံလဘေထ ပရဒတ္တူပဇီဝီ။

နာလံ ထုတုံ နောပိ နိပစ္စဝါဒီ၊

တံ ဝါပိ ဓီရာ မုနိ ဝေဒယန္တိ၊

ပရဒတ္တူပဇီဝီ - သူတစ်ပါးတို့ ပေးအပ်သည်ကို အမှီပြု၍ အသက်မွေးရသူသည်၊ ယံပိဏ္ဍံ - အကြင်ဆွမ်းကို၊ အဂ္ဂတောဝါ - အဦးအဖျားအားဖြင့်လည်းကောင်း၊ မဇ္ဈတောဝါ - တစ်ဝက်အလယ်အား ဖြင့်လည်းကောင်း၊ သေသတောဝါ - အကြွင်းအကျန်အားဖြင့်လည်းကောင်း၊ လဘေထ - ရရာ၏။ တံပိဏ္ဍံ - ထိုဆွမ်းကို၊ ထုတုံ - ချီးမွမ်းခြင်းငှာ နလံ - ထိုက်တန်သူမဟုတ်၊ နောပိနိ ပစ္စဝါ ဒီနှိမ့်ချကဲ့ရဲ့ ပြောဆိုသူလည်းမဟုတ်၊ တံဝါပိ - ထိုသူ ကိုလည်း၊ ဓီရာ - ပညာရှိတို့သည် မုနိ - ရဟန်းဟူ၍ ဝေဒယန္တိ - ပြောဆိုကုန်၏။

ပုဏ္ဏားသည် ထိုစကားကိုကြား၍သာ ကြည်ညိုသော စိတ်ရှိ၍ ဩော် အံ့ဩဖွယ်ရှိပါစေ၊ လေးကျွန်းသားတို့သခင်ဖြစ်သော မင်း၏သားဖြစ်ပါလျက် ငါ့အားသင်စား၍ ကျန်သော ဆွမ်းဖြင့် အလိုမရှိဟု မပြောမူ၍ ဤသို့ပြောဆို၏ဟု အိမ်တံခါး၌ ရပ်လျက်သာ မြတ်စွာဘုရားကို ပြဿနာကို မေးလေ၏။

အို အရှင်ဂေါတမ အရှင်တို့သည် မိမိတပည့်တို့ကို ဘိက္ခုဟု ခေါ်ကြပါသည်။ အဘယ်မျှသော အတိုင်းအတာဖြင့် ဘိက္ခုမည်ပါသနည်း (ဟုမေးလေ၏)

မြတ်စွာဘုရားသည် ဤပုဏ္ဏားအား အဘယ်သို့သဘောရှိသော ဓမ္မဒေသနာသည် သင့်လျော်လေမည်နည်းဟု ဆင်ခြင်လတ်သော် -

ဤပုဏ္ဏား ဇနီးမောင်နှံတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ နာမ်ရုပ် ပြောဆိုသူတို့၏ စကားကို ကြားနာဖူးကုန်၏။ နာမ်ရုပ်ကို မစွန့်ဘဲသာ နာမ်ရုပ်ကို ထည့်၍သာ ထိုဇနီး မောင်နှံတို့အား တရားဟောသင့်သည်ဟု သိမြင်ပြီး အိုပုဏ္ဏား နာမ်၌လည်းကောင်း၊ ရုပ်၌လည်းကောင်း မတပ်မက်သူ မကပ်ငြိသူ မစိုးရိမ် မပူပန်သူသည် ဘိက္ခုမည်တော့သည် ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

သဗ္ဗသော နာမရူပသ္မိံ ယဿနတ္ထိ မမာယိတံ။
အသတာစ နသောစတိ၊ သဝေ ဘိက္ခု တိ ဝုစ္စတိ။

ဗြာဟ္မဏ - အိုပုဏ္ဏား၊ ယဿ - အကြင်သူအား၊ သဗ္ဗသောသဗ္ဗသ္မိံ - အလုံးစုံသော၊ နာမရူပသ္မိံ ခန္ဓာငါးပါး နာမ်ရုပ်တရား၌ မမာယိတံ - ငါ၊ ငါ၏ ဥစ္စာဟု စွဲယူခြင်းသည်၊ နတ္ထိ - မရှိ။

အသတာ - အသန္တေနစ - ကုန်ဆုံးပျက်စီးသွားသဖြင့် နာမ်ရုပ်တရား၏ ထင်ရှားမရှိသော ကြောင့်လည်း၊ နသောစတိ - ငါ၏ ဤရုပ်ဆုတ်ယုတ်ပေပြီ စသည်ငြိုးမှိန် မစိုးရိမ်မိပါလေ၊ သသော - ထိုသို့ သဘောရှိသော သူကို၊ ဝေ - စင်စစ်၊ ဘိက္ခုုတိ - ဘိက္ခုဟူ၍၊ ပုစ္စတိ - ခေါ်ဆိုအပ်ပေ၏။

ဒေသနာတော်အဆုံး၌ ပုဏ္ဏားဇနီးမောင်နှံတို့သည် အနာဂါမိဖိုလ်၌ တည်ကြကုန်ပြီ။ ရဟန်းရှင်လူ ရောက်လာသူတို့၏ အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**ပဥ္စဂ္ဂဒါယက ဗြာဟ္မဏဝတ္ထု ပြီး၏။**

## ၁၄၅။ သမ္မဟုလဘိက္ခုဝတ္ထု
## များစွာသောရဟန်းတို့အကြောင်း

တစ်ခုသောအချိန်တွင် ရှင်မဟာကစ္စည်းသည် အဝန္တိဇနပုဒ် အမျိုးအိမ်ရှိရာမြို့ကို အမှီပြု၍ ပဝတ္တတောင်၌ နေတော်မူစဉ် ကောဋိကဏ္ဏ သောဏအမည်ရှိသော ဥပါသကာသည် ရှင်မဟာကစ္စည်း ထေရ်၏ တရားစကား၌ ကြည်ညို၍ ရှင်မဟာကပစ္စည်းထေရ်ထံ၌ ရဟန်းပြုလိုသည်ဖြစ်၍ ရှစ်မဟာကစ္စည်းထေရ်သည် -

အို သောဏ အသက်ထက်ဆုံး တစ်ထပ်သာစားရခြင်းရှိသော တစ်ယောက်တည်း အိပ်ရခြင်း ရှိသော အကျင့်မြတ်သည် ပြုကျင့်ရန်ခဲယဉ်းသည်သာဖြစ်၏ဟု မိန့်တော်မူကာ နှစ်ကြိမ်တိုင်အောင် တားမြစ်အပ်သော်လည်း ရဟန်းအဖြစ်၌ အလွန်အားသန်သည်ဖြစ်၍ တတိယအကြိမ်၌ ရှင်မဟာကစ္စည်း ထေရ်ကို တောင်းပန်၍ ရှင်အဖြစ်ကိုရပြီးသော် ဒက္ခိဏာပထတိုင်း၌ ရဟန်းနည်းပါးသည်၏ အဖြစ်ကြောင့် သုံးနှစ်ကျော်လွန်ချိန်၌ ရဟန်းအဖြစ်ကိုရပြီး မြတ်စွာဘုရားကို မျက်ဝါးထင်ထင်ဖူးမြင်လိုရကား ဥပဇ္ဈာယ်ဆရာကို ပန်ကြား၍ ဥပဇ္ဈာယ်ဆရာသည် ပေးလိုက်သော သတင်းစကားကိုယူ၍ ခရီးစဉ် အားဖြင့် ဇေတဝန်ကျောင်းသို့သွား မြတ်စွာဘုရားကို ရှိခိုး၍ အဆက်အစပ်ကိုပြုပြီး မြတ်စွာဘုရားသည် ဂန္ဓကုဋီတစ်ခုတည်း၌သာ ခွင့်ပြုအပ်သော ကျောင်းအိပ်ရာနေရာရှိကာ ညဉ့်အချိန်များစွာကို လွင်တီး ခေါင်၌ ကျော်လွန်စေ၍ ညဉ့်အဖို့ကို ကျော်လွန်စေ၍ မိုးသောက်ခါနီးလင်း အားကြီးအချိန်၌ မြတ်စွာ ဘုရားသည် တိုက်တွန်းအပ်သည်ဖြစ်၍ တစ်ဆယ့်ခြောက်ခုသော အဋ္ဌကဝဂ်အားလုံးကို သရဘည (အသံနေအသံထားဖြင့်) ရွတ်ဆိုခြင်းဖြင့် ရွတ်ဆိုလေ၏။

ထိုအခါ ရှင်သောဏ၏ သရဘည ဖြင့် ရွတ်ဆို၍ ပြီးဆုံးချိန်၌ မြတ်စွာဘုရားသည် လွန်စွာ ဝမ်းမြောက်တော်မူသည်ဖြစ်၍ ရဟန်းကောင်းပေစွ ကောင်းပေစွဟု ကောင်းချီးပေးတော်မူပြီ။

မြတ်စွာဘုရား ပေးတော်မူအပ်သော ကောင်းချီးသံကို ကြားကြ၍ မြေ၌တည်သောနတ်၊ နဂါး၊ ဂဠုန်အစ ရှိသည်တို့ဖြင့် ဗြဟ္မာပြည်တိုင်အောင် တစ်ပြိုက်နက် ကောင်းချီးပေးသည်သာဖြစ်လေ၏။

ထိုခဏ၌ ဇေတဝန်ကျောင်းတော်မှ ယူဇနာတစ်ရာ့နှစ်ဆယ်အထက် အမျိုးအိမ်ရှိရာမြို့၌ သောဏထေရ်၏ မယ်တော်မဟာဥပါသိကာ၏ အိမ်၌အုပ်စိုးစောင့်ရှောက်နေသော နတ်သည်လည်း ကျယ်စွာသော အသံဖြင့် ကောင်းချီးပေးလေ၏။

ထိုအခါ ထိုနတ်ကို မဟာဥပါသိကာသည် ပြောဆို၏။

ကောင်းချီးပေးသူက အဘယ်သူနည်း။

အို နှမ ကျုပ်ပါ။

သင်က အဘယ်သူနည်း။

သင့်အိမ်၌ စောင့်နေသော နတ်ပါ။

သင်သည် ဤအချိန်မှ ရှေ့ဖြစ်သောအချိန်၌ ငါ့အား ကောင်းချီးမပေးမူ၍ ယခုအဘယ် ကြောင့်ပေးသနည်း။

ကျုပ်သည် သင့်အား ကောင်းချီးပေးသူမဟုတ်ပါ။

ငါ့အားကောင်းချီးပေးသူ မဟုတ်လျှင် သင်သည် အဘယ်သူအားကောင်းချီးပေးအပ်သနည်း။

သင်၏သား ကောဋိကဏ္ဏသောဏထေရ်အား ကောင်းချီးပေးပါသည်။

ငါ့သား သောဏထေရ်သည် အဘယ်ကိုပြုအပ်သနည်း။

သင့်သား သောဏထေရ်သည် ယနေ့ယခု မြတ်စွာဘုရားနှင့်အတူ ဂန္ဓကုဋိတိုက်တစ်ခု တည်း၌နေ၍ တရားဟောပါသည်။ မြတ်စွာဘုရားသည် သင့်သားသောဏထေရ်၏ တရားကို ကြားနာပြီး ကြည်ညိုသဖြင့် ကောင်းချီးပေးပါသည်။ ထို့ကြောင့် ထိုသောဏထေရ်အား ကျုပ်သည်လည်း ကောင်းချီးပေးအပ်ပါ၏။

မှန်ပါသည်။ မြတ်စွာဘုရား၏ ကောင်းချီးပေးသံကို နားဖြင့်ခံယူကြပြီး မြေ၌တည်သော နတ်တို့ကို အစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင် တစ်ပြိုင်နက် ကောင်းချီးပေးခြင်းသည်သာ ဖြစ်ပါသည်။

အို အရှင် အိမ်စောင့်နတ် အဘယ်သို့ပါနည်း။ ငါ၏သားသည် မြတ်စွာဘုရားအား တရားဟော အပ်ပါသလား။ မြတ်စွာဘုရားသည် ငါ့သားအား တရားဟောအပ်ပါသလား။

သင်၏သားသည် မြတ်စွာဘုရားအား တရားဟောအပ်ပါ၏ ဟု နတ်ကပြောလေ၏။

ဤသို့ နတ်ကပြောစဉ်မှာပင် ဥပါသိကာအား ငါးမျိုးသော ပီတိသည်ဖြစ်ပေါ်၍ ကိုယ်တစ်ခုလုံး ပျံ့နှံ့သွားလေပြီ။

ထိုအချိန်မှ နောက်၌ မယ်တော်ဥပါသိကာအား ဤသို့အကြံဖြစ်လေ၏။

ငါ၏သားတော်သည် မြတ်စွာဘုရားနှင့်အတူ ဂန္ဓကုဋိတိုက်တစ်ခုတည်း၌ နေ၍ မြတ်စွာဘုရား အား တရားဟောရန် စွမ်းနိုင်ခဲ့သော် ငါ့အားလည်း ဟောနိုင်မည်သာဖြစ်၏။ ငါ့သားတော်၏ ပြန်ရောက် လာချိန်၌ လူတို့ကို တရားနာယူပွဲ ပြုလုပ်စေ၍ တရားစကားကို ကြားနာမည်ဟု အကြံဖြစ်လေ၏။

သောဏထေရ်သည်လည်း မြတ်စွာဘုရား ကောင်းချီးပေးတော်မူအပ်လေသော် -

ဤအချိန်သည် ငါ၏ ဥပဇ္ဈာယ်ဆရာပေးလိုက်သော သတင်းစကားကို လျှောက်ထားရန်အချိန် ဖြစ်ပေသည်ဟု ဆင်ခြင်၍ မြတ်စွာဘုရားကို တိုင်းပြည်အစွန်အဖျားဖြစ်သော ဇနပုဒ်တို့၌ ဝိနည်းခိုရလျှင် ငါးယောက်မြောက်ရှိသော ရဟန်းအရေအတွက်ဖြင့် (ရဟန်းအပေါင်းဖြင့်) ရဟန်းခံနိုင်ခြင်းကို အစပြု၍ ငါးမျိုးသော တောင်းဆိုခြင်းတို့ကို တောင်းဆို၍ နှစ်ရက်သုံးရက်ပတ်လုံး မြတ်စွာဘုရားထံတော် ၌သာနေပြီး တပည့်တော်၏ ဥပဇ္ဈာယ်ကို ဖူးမြင်လိုပါ၏ဟု မြတ်စွာဘုရားထံ ခွင့်ပန်၍ ဇေတဝန်ကျောင်း တော်မှ ထွက်ခဲ့ပြီး ခရီးစဉ်အားဖြင့် ဥပဇ္ဈာယ်ထံသို့ အရောက်သွားလေပြီ။

မဟာကစ္စည်းထေရ်သည် နောက်နေ့၌ သောဏထေရ်ကိုခေါ်၍ ဆွမ်းခံသွားလေသော် မယ်တော်ဥပါသိကာ၏ အိမ်တံခါးဝသို့ ရောက်လေ၏။ မယ်တော်ဥပါသိကာသည်လည်း သားသောဏ ထေရ်ကို ဖူးမြင်ရသော် နှစ်သက်ဝမ်းသာစိတ်ဖြင့် ရှိခိုးပြီး ရိုသေစွာ ဆွမ်းကပ်ပြီး၍ မေးလေ၏။

ချစ်သားသောဏ သင်သည် မြတ်စွာဘုရားနှင့်အတူဂန္ဓကုဋိတိုက်တစ်ခုတည်း၌နေ၍ မြတ်စွာ ဘုရားအား တရားစကားကို ဟောကြားသည်ဟု ကြားရသောစကားသည် အမှန်ပင်ဖြစ်ပါသလော။

အို မယ်တော် ဥပါသိကာ ဤစကားကို အဘယ်သူသည် မယ်တော်အားပြောဆိုအပ်ပါသနည်း။

ချစ်သား သောဏ ဤအိမ်၌ အုပ်စိုးစောင့်ရှောက်နေသော နတ်သည် ကျယ်စွာသောအသံဖြင့် ကောင်းချီးပေးသောကြောင့် မယ်တော်က ကောင်းချီးပေးသူသည် အဘယ်သူနည်း ဟုပြောဆိုအပ်သော် ကျုပ်ပါဟုပြောပြီး ဤသို့လည်းပြောဆိုသည်။ ထိုစကားကို ကြား၍ မယ်တော်၏ -

ငါ၏သားတော်သည် မြတ်စွာဘုရားအား တရားဟောခဲ့လျှင် ငါ့အားလည်း ဟောနိုင်လိမ့်မည်ဟူသော စိတ်အကြံရှိထားပြီဟု လျှောက်ထားလေ၏။

ထိုသို့ လျှောက်ထားပြီးနောက် သောဏထေရ်ကို

ချစ်သား သင်သည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ တရားကိုဟောအပ်သည် ဖြစ်သောကြောင့် မယ်တော်အားလည်း ဟောနိုင်မည်သာဖြစ်၏။ ဤမည်သောနေ့၌ တရားနာယူပွဲကိုပြုစေ၍ ချစ်သား၏ တရားကိုကြားနာမည်ဟု လျှောက်ထားလေ၏။

သောဏထေရ်သည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

မယ်တော်ဥပါသိကာသည် ရဟန်းသံဃာအား အလှူဝတ္ထုကို ပေးလှူပူဇော်၍ ငါ့သား၏ တရားကို ကြားနာမည်ဟူသော အကြံဖြင့် ကျွန်မ တစ်ယောက်ကိုသာ အိမ်စောင့်ထားခဲ့ပြီး အိမ်ရှိ ပရိသတ်အားလုံးကို ခေါ်၍ မြို့တွင်း၌တရားနာရန် ဆောက်လုပ်အပ်သော မဏ္ဍပ်၌ တန်ဆာဆင်ထားအပ်သော တရားပလ္လင်ထက်သို့ တက်၍ တရားဟောတော်မူသော သားသောဏ၏ တရားစကားကို ကြားနာရန် သွားလေပြီ။

ထိုအချိန်အခါ၌ ခိုးသူကိုးရာတို့သည် မယ်တော်ဥပါသိကာ၏ အိမ်၌ အခွင့်ကို ကြည့်ရှုကြလျက် သွားလာနေကြကုန်၏။

ထိုဥပါသိကာ၏ အိမ်သည် တံတိုင်းခုနစ်ထပ်တို့ဖြင့် ခြံရံထားအပ်၏။ တံခါးမုခ်ခုနစ်ခုရှိ၏။ ထိုအိမ်တွင် ထိုထိုနေရာတို့၌ ခွေးဆိုးတို့ကို ချည်ထားကြကုန်၏။ အိမ်ဝင်းအတွင်း၌ အိမ်မိုးတံစက်မြိတ် ရေကျရာအရပ်၌ ကျုံးတူး၍ သလွဲဖြင့် ပြည့်စေကုန်၏။ ထိုသလွဲသည် နေ့အခါ၌ နေပူဖြင့် ကျေမွ၍ ကြိုက်ကြိုက်ဆူသကဲ့သို့ ဖြစ်တည်နေ၏။ ညဉ့်အချိန်၌ ကြမ်းတမ်းသည်ဖြစ်၍ တည်နေ၏။ သလွဲကျုံး၏ အခြားမဲ့ကပ်လျက်အရပ်၌ ကြီးစွာသော သံချွန်တို့ကို အကြားမရှိအောင် မြေ၌ စိုက်ထား၍ ကုန်၏။

ဤသို့လျှင် ဤသို့သောအစောင့်အရှောက်ကိုလည်း၊ မယ်တော်ဥပါသိကာ၏ အိမ်တွင်း၌ ရှိနေသည်ကို အစွဲပြု၍ ထိုသူခိုးတို့သည် တိုက်ခိုက်ခိုးယူခွင့်ကို မရကြကုန်၍ ထိုနေ့မှာမူ မယ်တော် ဥပါသိကာ၏ တရားနာသွားနေသည်ကို သိကြ၍ ဥမင်လိုဏ်ကို တူး၍ သလွဲကျုံးနှင့် သံချွန်တို့၏ အောက်အဖို့အရပ်ဖြင့်သာ အိမ်တွင်း သို့ ဝင်၍ မယ်တော်ဥပါသိကာသည် ငါတို့ ဤအိမ်၌ ဝင်ရောက်နေကြောင်းသိ၍ ပြန်လှည့်ပြီး အိမ်သို့ ရှေးရှုမျက်နှာမူကာ လာခဲ့လျှင် မယ်တော်ဥပါသိကာကို သံလျက်ဖြင့် ခုတ်ဖြတ်၍ သတ်ပစ်ပါဟု မှာထားပြောဆိုကာ ခိုးမှူးကြီးကို တရားနာရောက်နေသော မယ်တော် ဥပါသိကာထံ စေလွှတ်ထားကြကုန်၏။

ခိုးမှူးကြီးသည် သွား၍ တရားနာနေသော မယ်တော်ဥပါသိကာ၏ အနီး၌ ရပ်နေလေ၏။

သူခိုးတို့သည်လည်း အိမ်အတွင်း၌ ဆီမီးညှိထွန်း၍ ငွေတိုက်တံခါးကို ဖွင့်ကုန်၏။

မယ်တော်ဥပါသိကာ၏ ကျွန်မသည် ထိုခိုးသူတို့ကို မြင်ပြီး မယ်တော်ဥပါသိကာထံသွား၍

အိုသခင်မ များစွာသော ခိုးသူတို့သည် အိမ်တွင်းသို့ဝင်၍ ငွေတိုက်ခန်းတံခါးကို ဖွင့်နေကြပါသည်ဟု အကြောင်းကြား ပြောဆိုလေ၏။

ခိုးသူတို့သည် သူတို့ မြင်တွေ့အပ်သော အသပြာငွေတို့ကို ယူကြစေကုန်၊ ငါသည် ငါ့သား ရဟန်း၏ တရားစကားကို ကြားနာမည်။ ငါ့အား ဓမ္မန္တရာယ်ကို မပြုနှင့်၊ အိမ်သို့ပြန်သွားဟု ပြောဆိုကာ ကျွန်မကို ပြန်လွှတ်လိုက်လေ၏။ ခိုးသူတို့သည်လည်း အသပြာတိုက်ခန်းကို အချည်းနှီးကိုပြု၍ (ဘာမျှ မကျန်အောင်ပြုပြီး) ငွေတိုက်ကို ဖွင့်ကြကုန်၏။ ထိုကျွန်မသည် တဖန်လည်း ဥပါသိကာထံသို့သွား၍ ထိုအကြောင်းကို အကြောင်းကြားပြောဆို၏။

မယ်တော်ဥပါသိကာသည်လည်း ခိုးသူတို့သည်သူတို့အလိုရှိအပ်သည်ကို ယူကြစေကုန်၊ ငါ့အား ဓမ္မန္တရာယ်မပြုနှင့်ဟုပြော၍ နောက်ထပ်တစ်ဖန်ထိုကျွန်မကို ပြန်လွှတ်လိုက်လေ၏။

ခိုးသူတို့သည် ငွေတိုက်ကိုလည်း အချည်းနှီးဖြစ်အောင်ပြု၍ ရွှေတိုက်ခန်းကိုဖွင့်ကြကုန်၏။ မယ်တော်ဥပါသိကာ၏ ကျွန်မသည်လည်း နောက်ထပ်တဖန်သွား၍ မယ်တော်ဥပါသိကာအား ထိုအကြောင်းကို အသိပေးပြောကြားလေ၏။

ထိုအခါ ထိုကျွန်မကို မယ်တော်ဥပါသိကာသည် အနီးသို့ခေါ်၍ "ဟယ် ကျွန်မ သင်သည် အကြိမ်များစွာ ငါ့ထံသို့လာခဲ့၏။ ခိုးသူတို့သည်သူတို့ကျေနပ်သလောက် ယူကြစေကုန်၊ ငါသည် ငါ့သားတော်အရှင်သောဏ၏ တရားကိုကြားနာမည်။ ငါ့အား ဓမ္မန္တရာယ်ကိုမပြုပါနှင့်ဟု ငါပြောဆို အပ်သော်လည်း ငါ့စကားကိုမနာယူဘဲ (နားမထောင်ဘဲ) အကြိမ်ကြိမ်အထပ်ထပ် ငါထံလာခဲ့ သည်သာဖြစ်၏။ ယခုအခါသင်သည် အကယ်၍ပြန် လာခဲ့သည်ဖြစ်အံ့ သင်ကျွန်မအားပြုထိုက်သည်ကို သိရပေတော့အံ့၊ ငါ့အိမ်သို့သာပြန်သွားလော့" ဟု စေလွှတ်လိုက်လေ၏။

ခိုးမှူးကြီးသည်မယ်တော်ဥပါသိကာ၏ စကားကိုကြားရသော် ဤသို့သဘောရှိသော အမျိုး သမီး၏ ပစ္စည်းဥစ္စာကို ခိုးယူသူတို့၏ ဦးထိပ်ကို မိုးကြိုးကျ၍ (မိုးကြိုးပစ်၍) ခွဲလေရာ၏ဟု စိတ်ကောင်း ဝင်ကာ ခိုးသူတို့အထံသို့သွားပြီး မယ်တော်ဥပါသိကာ၏ ပစ္စည်းကို လျင်မြန်စွာ ပကတိအတိုင်း ပြုကြကုန် လောဟု ပြောဆို၏။

ခိုးသူတို့သည် အသပြာတို့ဖြင့်အသပြာတိုက်ကို ငွေတို့ဖြင့်ငွေတိုက်ကို၊ ရွှေတို့ဖြင့် ရွှေတိုက်ကို ပြည့်စေကုန်၏။ ဤသို့ဖြစ်ရခြင်းသည် ဖြစ်မြဲတံထွာ သဘောဓမ္မတာဖြစ်သတတ်။

တရားသည်၊ တရားစောင့်သူကိုစောင့်ရှောက်လေ၏။ ထို့ကြောင့်ပင် -

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ။
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

ဓမ္မော - ကောင်းမြတ်သောတရားသည်၊ ဓမ္မစာရိံ - တရားကျင့်သူကို၊ ဟဝေ - စင်စစ်၊ ရက္ခတိ- စောင့်ရှောက်၏။

သုစိဏ္ဏော - ကောင်းစွာကျင့်အပ်သော၊ ဓမ္မော - တရားသည်။ သုခံ - ချမ်းသာကို၊ အာဝဟတိ ဆောင်လေ၏။

ဓမ္မာစာရီ - တရားကျင့်သူသည်၊ ဒုဂ္ဂတိံ - မကောင်းသူတို့လား ရောက်ရာအပယ်ဆင်းရဲသို့၊ နဂစ္ဆတိ - မရောက်။ ဧသော - ဤသည်ကား သုစိဏ္ဏေ - ကောင်းစွာကျင့်အပ်သော၊ ဓမ္မေ -တရား၌၊ အာနိသံသော- အကျိုးအာနိသင်တည်း။

ခိုးသူတို့လည်း သွားရောက်၍တရားနာရာအရပ်၌ရပ်တည်ကြကုန်၏။

သောဏထေရ်သည်လည်း တရားဟော၍ မိုးလင်းလတ်သော်တရားပလ္လင်မှဆင်းသက်လေ၏။ ထိုခဏ၌ ခိုးမှူးကြီးသည် မယ်တော်ဥပါသိကာ၏ခြေရင်း၌ဝပ်၍ အိုအရှင်မ ကျွပ်အားသည်းခံပါလော့ဟု တောင်းပန်စကားကို ပြောဆို၏။

အမောင် သင်၏ ဤစကားသည် အဘယ်သို့နည်းဟု မေး၏။ ကျွန်တော်သည် အရှင်မတို့၌ ရန်ငြိုးပြု၍ အရှင်မတို့ကိုသတ်လို၍ ရပ်နေပါသည်ဟု ပြောဆို၏။

အမောင်- ထိုသို့ဖြစ်လျှင် သင့်အားငါသည်းခံပါ၏ဟု ပြော၏။ ကျန်ခိုးသူတို့သည်လည်း ခိုးမှူးကြီးအတူ ပြောဆို၍-

အမောင်တို့ - သင်တို့အားလည်း ငါသည်းခံပါ၏ဟုပြောဆိုအပ်သော် အိုအရှင်မ ကျွန်တော်တို့အား ခွင့်လွှတ်သည်းခံပါလျှင် ရှင်မတို့၏ သားဖြစ်သူ သောဏထေရ်ထံ၌ ကျွန်တော်တို့အား ရှင်အဖြစ်ကိုပြုပေးပါစေလော့ဟု ပြောကြကုန်၏။

မယ်တော်ဥပါသိကာသည် သားဖြစ်သူ သောဏထေရ်ကိုရှိခိုး၍ ချစ်သားသောဏ ဤခိုးသူတို့သည် မယ်တော်၏ ဂုဏ်တို့၌လည်းကောင်း၊ သင်ချစ်သားတို့၏ တရားစကား၌ လည်းကောင်းကြည်ညိုကြ၍ ရှင်အဖြစ်ကို တောင်းဆိုကြကုန်၏။ ဤခိုးသူတို့ကို ရှင်ပြုပေးတော်မူကြပါဟု လျှောက်ထားလေ၏။

သောဏထေရ်သည် ကောင်းပြီဟုမိန့်တော်မူကာခိုးသူတို့သည် ဝတ်ဆင်ထားအပ်သော အဝတ်တို့၏ အမြိတ်အဆာတို့ကိုဖြတ်စေ၍ မြေနီမြေညက် ဆိုးစေ၍ - ထိုခိုးသူတို့ကို ရှင်ပြုစေပြီး သီလတို့၌တည်စေ၏။

ရဟန်း ပြုပြီးရာအချိန်၌လည်း ခိုးသူရဟန်းတို့တွင် တစ်ပါးတစ်ပါးအား အသီးအသီးကမ္မဋ္ဌာန်းကို ပေးလေပြီ။

ကိုးရာကုန်သော ထိုရဟန်းတို့သည် အသီးအသီးကိုးရာသော ကမ္မဋ္ဌာန်းတို့ကိုယူ၍ တစ်ခုသော တောင်ပေါ်သို့တက်ကြပြီး ထိုထိုသစ်ပင်၏ အရိပ်၌ထိုင်၍ ရဟန်းတရားကိုကြိုးစား အားထုတ်ကြလေပြီ။

မြတ်စွာဘုရားသည် ယူဇနာတစ်ရာ့နှစ်ဆယ်ထက်၌တည်သော ဇေတဝန်ကျောင်းတော်၌ ထိုင်နေတော်မူလျက်သာ ထိုရဟန်းတို့ကို လှမ်းကြည့်တော်မူ၍ ထိုရဟန်းတို့၏ စရိုက်အလိုအားဖြင့်ဟော ကြားသင့်သော တရားကိုပိုင်းခြားသတ်မှတ်တော်မူပြီး အရောင်အလင်းကိုဖြန့်၍ (ပျံ့နှံ့စေ၍) ရှေ့တည့်တည့်၌ထိုင်၍ ဟောတော်မူနေသကဲ့သို့ ဤဂါထာတို့ကို ဟောတော်မူပြီ။

၁။ မေတ္တာ ဝိဟာရီ ယောဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ၊ သန္တံ သင်္ခါရူပ သမံ သုခံ။

၂။ သိဉ္စဘိက္ခု ဣမံ နာဝံ၊ သိတ္တာ တေ လဟုမေဿတိ။
ဆေတွာ ရာဂဉ္စ ဒေါသဉ္စ၊ တတော နိဗ္ဗာန မေဟိတိ။

၃။ ပဉ္စဆိန္ဒေ ပဉ္စ ဇဟေ၊ ပဉ္စ စုတ္တရိ ဘာဝယေ။
ပဉ္စသင်္ဂါတိ ဂေါ ဘိက္ခု၊ ဩဃတိ ဏ္ဏောတိ ဝုစ္စတိ။

၄။ ဈာယ ဘိက္ခုမာ ပမာဒေါ
မာတေ ကာမဂုဏေ ရမေဿုစိတ္တံ။
မာလောဟ ဂုဠံ ဂိလီ ပမတ္တော၊
မာကန္ဒိ ဒုက္ခမိဒန္တိ ဒယှမာနော။

၅။ နတ္ထိဈာနံ အပညဿ၊ ပညာ နတ္ထိ အဈာယတော။
ယမှိ ဈာနဉ္စ ပညာစ၊ သဝေ နိဗ္ဗာန သန္တိကေ။

၆။ သုညာဂါရံ ပဝဋ္ဌဿ၊ သန္တ စိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတီဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

၇။ ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတီ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနာတံ။

၈။ တတြာယမာဒိ ဘဝတိ၊ ဣဓ ပညဿ ဘိက္ခုနော။
ဣန္ဒြိယ ဂုတ္တိ သန္တုဋ္ဌိ၊ ပါတိမောက္ခေစ သံဝရော။

၉။ မိတ္တေ ဘဇဿု ကလျာဏေ၊ သုဒ္ဓါဇီဝေ အတန္ဒိတေ။
ပဋိသန္ထာရဝုတျဿ၊ အာစာရ ကုသလော သိယာ။
တတောပါမောဇ္ဇ ဗဟုလော၊ ဒုက္ခဿန္တံ ကရိဿတိ။

၁။ ယောဘိက္ခု - အကြင်ရဟန်းသည် မေတ္တာ ဝိဟာရီ - မေတ္တာကမ္မဋ္ဌာန်း မေတ္တာ ဈာန်ဖြင့်နေလေ့ရှိ၏။ ဗုဒ္ဓသာသနေ - မြတ်စွာဘုရားသာသနာတော်၌၊ ပသန္နော ကြည်ညို၏။

သောဘိက္ခု ထိုရဟန်းသည်၊ သန္တံ - ငြိမ်သက်သော၊ ပဒံ - အဖို့အစုဖြစ်သော၊ သင်္ခါရူပသမံ - အလုံးစုံသော သင်္ခါရတို့ ငြိမ်းရာဖြစ်သော၊ သုခံ - မြတ်သော သုခဖြစ်သော နိဗ္ဗာန်ကို၊ အဓိဂစ္ဆတိ - ရလေ၏။

၂။ ဘိက္ခု ရဟန်း၊ ဣမံနာဝံ - အတ္တဘောတည်းဟူသော ဤလှေကို၊ သိဉ္စ - မိစ္ဆာဝိတက်တည်းဟူသော ရေကို ပက်သွန်စွန့်ပစ်လော့၊ တေ - သင်၏၊ သိတ္တာ မိစ္ဆာဝိတက်တည်းဟူသော ရေကိုပက်သွန်စွန့်ပစ်အပ်ပြီးသော အတ္တဘောတည်းဟူသော လှေသည်၊ လဟုံ - လျင်စွာ၊ (နိဗ္ဗာနံ - နိဗ္ဗာန်ဆိပ်ကမ်းကို) ဧဿတိ - ရောက်လတ္တံ့။

ရာဂဉ္စ - ရာဂအနှောင်အဖွဲ့ကိုလည်းကောင်း၊ ဒေါသဉ္စ - ဒေါသအနှောင်အဖွဲ့ကို လည်းကောင်း၊ ဆေတွာ - အရဟတ္တမဂ်ဖြင့်ဖြတ်၍၊ တတော - ထိုသို့ဖြတ်ပြီးသည်မှ (အပရဘာဂေ - နောက်အဖို့၌) နိဗ္ဗာနံ - ဝိပေါက်နာမက္ခန္ဓာ ကမ္မဇရုပ်အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်သို့ ဧဟိသိ - ရောက်ရလတ္တံ့။ (ရောက်ရလိမ့်မည်)

၃။ ပဉ္စ - အောက်ဖြစ်သော အပါယ်သို့ ရောက်စေတတ်သော ဩရမ္ဘာဂိယ - သံယောဇဉ် ၅-ပါးတို့ကို၊ ဆိန္ဒေ - ဆိန္ဒေယျ - အောက်မဂ်သုံးပါးဖြင့် ဖြတ်ရာ၏။ ပဉ္စ - အထက်ဖြစ်သော နတ်ဗြဟ္မာလောကသို့ ရောက်စေတတ်သော ဥဒ္ဓမ္ဘာဂိယ - သံယောဇဉ် ငါးပါးတို့ကို၊ ဇဟေ - ဇဟေယျ - အရဟတ္တမဂ်ဖြင့် ဖြတ်ပယ်စွန့်ပစ်ရာ၏။ ဥတ္တရိ - အထက်၌၊ ပဉ္စစ - သဒ္ဓါအစရှိသော ငါးပါးသော ဣန္ဒြေတို့ကိုလည်း၊ ဘာဝယေ - ပွားများရာ၏။

(ဧဝံသန္တေ - ဤသို့ဖြစ်လတ်သော်) ပဉ္စသင်္ဂါတိဂေါ - ရာဂဒေါသမောဟ မာနဒိဋ္ဌိတည်းဟူသော ကပ်ငြိတတ်သော တရားငါးပါးတို့ကို လွန်မြောက်သော ဘိက္ခု ရဟန်းကို ဩဃတိဏ္ဏောတိ - ဩဃလေးဖြာသံသရာကို ကူးမြောက်ပြီးသူဟု ဝုစ္စတိ - ဆိုအပ်၏။

၄။ ဘိက္ခု - ရဟန်း (တွံ - သင်သည်) ဈာယ - အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန် ဤနှစ်တန်ဖြင့်အဖန်ဖန် ရှုလော့၊ ပမာဒေါ - ကာယကံ - စသည်တို့၌ မေ့လျော့ခြင်းသည်၊ မာ (ဘဝ) မဖြစ်စေနှင့်၊ တေ - သင်၏၊ စိတ္တံ စိတ်ကို၊ ကာမဂုဏေ - ကာမဂုဏ်၌၊ မာရမေဿု - မမွေ့လျော်စေနှင့်၊ ပမတ္တော - မေ့လျော့သည်ဖြစ်၍၊ အယော ဂုဠံ - ပြောင်ပြောင်လျှောင်ရဲ ငရဲ၌ ကျက်သော သံတွေခဲကို၊ မာဂိလိမပြိုပါနှင့်၊ ဒယှမာနော - ငရဲမီးလောင် မြိုက်အပ်သည်ဖြစ်၍၊ ဒုက္ခမိဒန္တိ - ဤသည်ကား ဆင်းရဲတည်းဟု၊ မာကန္ဒိ - မငိုကြွေးလေနှင့်။

၅။ အပညဿ - ဈာန်ကို ဖြစ်စေတတ်သော ဝါယာမ ပညာမရှိသူအား၊ ဈာနံ - ဈာန်မည်သည်၊ နတ္ထိ - မရှိ၊ အဈာယတော - အဈာယန္တဿ - မရှုမှတ်သူအား၊ ပညာ - အမှန်ကိုသိသော ပညာသည်၊ နတ္ထိ - မရှိ၊ ယမှိ - အကြင်ပုဂ္ဂိုလ်၌ ဈာနဉ္စ - ဆိုအပ်ပြီးသော ဈာန်သည်လည်းကောင်း၊ ပညာစ - ဆိုအပ်ပြီးသော ပညာသည်လည်းကောင်း၊ (အတ္ထိ - ရှိ၏) သ - သော - ထိုပုဂ္ဂိုလ်သည် ဝေ - စင်စစ်၊ နိဗ္ဗာနသန္တိကေ - နိဗ္ဗာန်၏ အနီး၌ (ဌိတောယေဝ - တည်သူသာဖြစ်လေ၏။)

၆။ သုညာဂါရံ - စိတ်ငြိမ်ရာအရပ်သို့၊ ပဝိဋ္ဌဿ - ကမ္မဋ္ဌာန်းကို မစွန့်မူ၍ ဝင်နေသော၊ သန္တစိတ္တဿ - ငြိမ်သက်သော စိတ်ရှိသော၊ ငြိမ်အေးသောစိတ်ရှိသော၊ သမ္မာ - ဟုတ်မှန်သော

အကြောင်းဖြင့်၊ ဓမ္မံ - တရားကို၊ ဝိပဿတော ဝိပဿန္တဿ ရှုမှတ်ပွားများ အားထုတ်သော ဘိက္ခုနော ရဟန်း၏ အမာနုသီ လူ့သာမန်တို့နှင့် မထိုက်တန်သော၊ ဝါ - လူတို့၏မွေ့လျော်ခြင်း မဟုတ်သော၊ ရတိ - ဝိပဿနာနှင့် သမာပတ်ရှစ်ပါးဟု ဆိုအပ်သော နတ်၌ဖြစ်သော မွေ့လျော်ခြင်းသည်၊ ဟောတိ - ဖြစ်၏။

၇။ ဘိက္ခု - ရဟန်းသည် ယတော - မိမိနှစ်သက်ရာ အကြင်အကြင် အရပ်၊ အကြင်အကြင် အချိန်၌ ခန္ဓာနံ - ခန္ဓာငါးပါးတို့၏၊ ဥဒယဗ္ဗယံ - နှစ်ဆယ်ငါးပါးသော လက္ခဏာတို့ဖြင့် ဖြစ်ခြင်း နှစ်ဆယ့်ငါးပါးသော လက္ခဏာတို့ဖြင့် ပျက်ခြင်းကို၊ သမ္မသတိ - သုံးသပ်၏။ အမတံ - အမြိုက်နိဗ္ဗာန်ကို၊ ဝိဇာနတံ ဝိဇာနန္တာနံ - သိကုန်သောပညာရှိတို့၏၊ ပီတိပါမောဇ္ဇံ ဓမ္မပီတိ ဓမ္မပါမောဇ္ဇံ တရားတော်၌ ဖြစ်သော နှစ်သက်ဝမ်းမြောက်မှုကို လဘတိ - ရလေ၏။

၈။ ဣန္ဒြိယ ဂုတ္တိစ - ဣန္ဒြေကို စောင့်စည်းခြင်း၊ ဣန္ဒြိယသံဝရ လည်းကောင်း၊ သန္တုဋ္ဌိစ - ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်း၊ အာဇီဝပါရိသုဒ္ဓိသီလ ပစ္စယ သန္နိဿိတ သီလလည်းကောင်း၊ ပါတိမောက္ခေ - ပါတိမောက်ဟု ဆိုအပ်သော ကြီးမြတ်သော သီလ၌၊ သံဝရောစ - စောင့်စည်းဖြည့်ကျင့်ခြင်း လည်းကောင်း၊ အယံ - ဤစတု ပါရိသုဒ္ဓိသီလသည် ဣဓ ဤသာသနာတော်၌ ပညဿ - ပညာရှိသော၊ ဘိက္ခုနော - ရဟန်း၏။ တတြ - ထိုနိဗ္ဗာန်ကို သိမြင်ခြင်း၌၊ အာဒိ - ရှေးဦးအစ အကြောင်းသည်၊ ဘဝတိ - ဖြစ်၏။

၉။ ဘိက္ခု - ရဟန်း (တွံ -သင်သည်) ကလျာဏေ - ကောင်းမွန်သော၊ သုဒ္ဓါဇီဝေ - စင်ကြယ်သော အသက်မွေးခြင်းရှိသော၊ အတန္ဒိတေ မပျင်းရိသော၊ မိတ္တေ - မိတ်ဆွေ၌၊ ဘဇဿ - ဆည်းကပ်ပါလော၊

ပဋိသန္ထာရဝုတ္တိ - အာမိသအားဖြင့်လည်းကောင်း၊ ဓမ္မအားဖြင့်လည်းကောင်း၊ စေ့စပ်သောဖြစ်ခြင်း ရှိသည်၊ အဿဖြစ်ရာ၏။ အာစာရကု - သလော-သီလအာစာရ ဝတ်ကြီးဝတ်ငယ် အာစာရ၌ လိမ္မာသူသည် သိယာ - ဖြစ်ရာ၏။

တတော - စေ့စပ်သောဖြစ်ခြင်းရှိခြင်း အာစာရ၌ လိမ္မာခြင်းကြောင့်၊ ပါမောဇ္ဇဗဟုလော - များသော ဓမ္မပါမောဇ္ဇရှိသူသည် (ဟုတွာ - ဖြစ်၍) ဒုက္ခဿန္တံ - ဝဋ်ဆင်းရဲ၏ အဆုံးကို၊ ကရိဿတိ - ပြုရလတ္တံ့။

ဤသို့ မြတ်စွာဘုရားသည် ဟောပြအပ်ကုန်သော ဤကိုးဂါထာတို့တွင် တစ်ခုခုသော ဂါထာ၏ အဆုံး၌ တစ်ရာတစ်ရာသော ရဟန်းသည် ထိုင်နေရာထိုင်နေရာ၌သာ ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တ ဖိုလ်သို့ ရောက်၍ ကောင်းကင်သို့ ပျံတက်ကြပြီးလျှင် ထိုရဟန်းအားလုံးတို့သည် ကောင်းကင်ခရီးဖြင့်သာ ယူဇနာတစ်ရာ့နှစ်ဆယ် ဝေးကွာသော ခရီးခဲကို ကျော်လွန်၍ မြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကို ချီးမွမ်းကြကာ ခြေတော်ကို ရှိခိုးကြကုန်သတည်း။

**သမ္ဗဟုလဘိက္ခုဝတ္ထု ပြီး၏။**

## ၁၄၆။ ပဉ္စသတဘိက္ခုဝတ္ထု ရဟန်းငါးရာအကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ ရဟန်းတရား ကြိုးစားအားထုတ်နေကြစဉ် နံနက် စောစော အချိန်၌ ပွင့်နေကုန်သော မြတ်လေးပန်းတို့သည် ညနေအချိန်၌ အညှာမှကြွေကျနေသည်တို့ကို မြင်ကြ၍ မြတ်လေးပန်းပွင့်၏ အညှာမှကြွေကျသည်မှ ရှေးဦးစွာ (အညာမှ မကြွေကျမီ) ငါတို့သည် ရာဂအစ ရှိသည်တို့မှ ကင်းလွတ်ကြကုန်အံ့ဟု ကြိုးစားအားထုတ်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို လှမ်းမျှော်ကြည့်တော်မူပြီး

ရဟန်းတို့ ရဟန်းမည်သည် အညှာမှကြွေကျသော ပန်းကဲ့သို့ ဆင်းရဲမှ လွတ်မြောက်ရန် ကြိုးစားထိုက်သည်သာဟု မိန့်တော်မူကာ ဂန္ဓကုဋိတိုက်တော်၌ ထိုင်နေတော်မူလျက်သာ အရောင် အလင်းကို နှံ့စေ၍ (ဖြန့်လွှတ်၍) ဤဂါထာကို ဟောတော်မူ၏။

ဝဿိကာ ဝိယ ပုပ္ဖါနိ၊ မဒ္ဒဝါနိ ပမုဉ္စတိ၊
ဧဝံရာဂဉ္စ ဒေါသဉ္စ၊ ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ။

ဘိက္ခဝေါ - ရဟန်းတို့၊ ဟိယျော - မနေ့က၊ ပုပ္ဖါနိ - ပွင့်ကုန်သော၊ ဝဿိကာ - မြတ်လေး ပန်းတို့သည်၊ ပုန ဒိဝသေ - နောက်နေ့၌၊ မဒ္ဒဝါနိ - ညှိုးနွမ်းကုန်သည် (ဟုတ္တာဖြစ်၍ ဝဏ္ဍတော- အညှာမှ) ပမုဉ္စတိဝိယ - ကင်းလွတ်သကဲ့သို့ ဝါ - စွန့်ပစ်သကဲ့သို့ ဝါကြွေကျသကဲ့သို့ ဧဝံ ဤအတူ၊ ကုမ္ဘေပိ - သင်တို့သည်လည်း၊ ရာဂဉ္စ - ရာဂကိုလည်းကောင်း၊ ဒေါသဉ္စ - ဒေါသကိုလည်းကောင်း၊ ဝိပ္ပမုဉ္စေထ - ကင်းလွတ်စေကြကုန်လော့။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်ပြီ။

**ပဉ္စသတဘိက္ခုဝတ္ထု ပြီး၏။**

## ၁၄၇။ သန္တကာယတ္ထေရဝတ္ထု
## ငြိမ်းအေးသော ကိုယ်ရှိသောထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သန္တကာယ အမည်ဖြင့် ထေရ်တစ်ပါးရှိ၏။ ထိုထေရ်၏ လက်ခြေတို့၏ လှုပ်ခြင်း၊ ဆော့ခြင်း မည်သည် မဖြစ်ဖူးလေ၊ ကိုယ်ကို ဆန့်တန်းစံပယ်ခြင်းမှကင်းလျက် ငြိမ်သက်သော အတ္တဘောရှိသူသည်သာဖြစ်၏။ ထိုထေရ်သည် ခြင်္သေ့မျိုးမှ ဖြစ်လာသော ထေရ်ဖြစ်သတတ်။

ကြားရဖူးသည်ကား ခြင်္သေ့တို့သည် တစ်ခုသော နေ့၌ ကျက်စားရန်နေရာကိုယူ၍ မြေဂူ၊ ရွှေဂူ ပတ္တမြားဂူတို့တွင် တစ်ခုသော ဂူတွင်းသို့ဝင်၍ ဆေးဒါန်း မြင်းသီလာကျောက်ဖျာအပြင်ဝယ် ဆေးဒါန်းမြင်းသီလာမှုန့် တို့၌ ခုနစ်ရက်ပတ်လုံး အိပ်၍ ခုနစ်ရက်မြောက်သောနေ့၌ အိပ်ရာမှထပြီး မိမိအိပ်ရာ နေရာကို ကြည့်ရှု၍ အမြီး၏သော်လည်းကောင်း၊ နားရွက်တို့၏ သော်လည်းကောင်း၊ လက်ခြေတို့၏သော်လည်းကောင်း၊ နေရာမှရွေ့ရှားခြင်းကြောင့် ဆေးဒါန်းမြင်းသီလာမှုန့်တို့ ဖရိုဖရဲ ဖြစ်နေသည်ကို အကယ်၍ မြင်ကြကုန်သော် -

ဤသို့ ဖြစ်ခြင်းသည် သင်၏ အမျိုးအားလည်းကောင်း၊ အနွယ်အားလည်းကောင်း၊ သင့်လျော်သည်မဟုတ်ဟု ဆင်ခြင်၍ နောက်ထပ်ခုနစ်ရက်ပတ်လုံး အစာမစားကြဘဲ အိပ်နေကြကုန်၏။

ဆေးဒါန်းမြင်းသီလာမှုန့်တို့ ဖရိုဖရဲ မဖြစ်ခဲ့သော် - ဤသို့ဖြစ်ခြင်းသည် သင်၏ အမျိုးအနွယ်တို့အား လျောက်ပတ်၏ဟု ဆင်ခြင်၍နေရာမှ ထွက်ပြီး ကိုယ်ကိုလှုပ်ခါ ဆန့်တန်း၍ (ကိုယ်ကိုစံပယ်၍) အရပ်လေး မျက်နှာတို့ကို လှည့်ကြည့်၍ သုံးကြိမ်ခြင်္သေ့အသံကို မြည်၍ (ဟောက်၍) အစာအလို့ငှာ ထွက်သွားကုန်၏။

ဤရဟန်းသည် ဤသို့သဘောရှိသော ခြင်္သေ့မျိုးမှ ဖြစ်လာသော ရဟန်းဖြစ်သတတ်၊ ထိုရဟန်း၏ ကိုယ်၏ကောင်းသော အကျင့်ကို မြင်ကြ၍ ရဟန်းတို့သည် မြတ်စွာဘုရားအား (လျှောက်ထားကြကုန်၏)

မြတ်စွာဘုရား တပည့်တော်တို့သည် သန္တကာယထေရ်နှင့်တူသော ရဟန်းကို မြင်အပ်ဖူးသည် မဟုတ်ပါ။ (မမြင်ဖူးပါ)

မှန်ပါသည်၊ ဤသန္တကာယထေရ်၏ ထိုင်နေရာအရပ်၌ လက်လှုပ်ခြင်းသည်လည်းကောင်း၊ ခြေလှုပ်ခြင်းသည်လည်းကောင်း။ ကိုယ်ကို စမွှယ်စေခြင်းသည်လည်းကောင်း၊ မရှိပါဘုရားဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ လျှောက်ထားအပ်သော စကားကို ကြားတော်မူ၍ ရဟန်းတို့ ရဟန်းမည် သည် သန္တကာယထေရ်ကဲ့သို့ ခန္ဓာကိုယ် စသည်တို့ဖြင့် ငြိမ်သက်သူသာ ဖြစ်ထိုက်သည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

သန္တကာယော သန္တဝါစော၊ သန္တဝါ သုသမာဟိတော။
ဝန္တ လောကာမိသော ဘိက္ခု၊ ဥပသန္တော တိ ဝုစ္စတိ။

သန္တကာယော - ပါဏာတိပါတ စသည်တို့၏ မရှိခြင်းဖြင့် ငြိမ်သက်သောကိုယ်ရှိသော၊ သန္တဝါစော - မုသာဝါဒ စသည်တို့၏ မရှိခြင်းဖြင့် ငြိမ်သက်သော နှုတ်ရှိသော၊ သန္တဝါ - အဘိဇ္ဈာ စသည်တို့၏ မရှိခြင်းဖြင့် ငြိမ်သက်သောစိတ်ရှိသော၊ သုသမာဟိတော - ကောင်းစွာတည်ကြည်သော၊ ဝန္တလောကာမိသော - မဂ်လေးပါးတို့ဖြင့် ထွေးအန်ပြီးသော လောကီအာမိသရှိသော-ဘိက္ခု - ရဟန်းကို ဥပသန္တောတိ - ကိုယ်တွင်း၌ ရာဂစသည်တို့၏ ငြိမ်းအေးသည်၏ အဖြစ်ကြောင့် ငြိမ်းအေးငြိမ်သက်သော ရဟန်းဟု၊ ဝုစ္စတိ - ခေါ်ဆိုအပ်၏။

ဒေသနာတော်အဆုံး၌ သန္တကာယထေရ်သည် အရဟတ္တဖိုလ်၌ တည်လေ၏။ ရဟန်းရှင်လူရောက်သူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

သန္တကာယတ္ထေရဝတ္ထု ပြီး၏။

## ၁၄၈။ နင်္ဂလကုလတ္ထေရဝတ္ထု၊ ထွန်တုံးထမ်းအမျိုးမှဖြစ်သော ထေရ်အကြောင်း

ဆင်းရဲသား လူတစ်ယောက်သည် သူတစ်ပါးတို့ထံမှ အခစားပြု၍ အသက်မွေးနေ၏။ ထိုသူဆင်းရဲကို ရဟန်းတစ်ပါးသည် ဟောင်းနွမ်းသော အဝတ်အပိုင်းကို ဝတ်လျက် ထွန်တုံးကို ထမ်း၍ သွားနေသည်ကို မြင်သဖြင့် -

အသို့နည်း၊ သင်၏ ဤသို့အသက်ရှင်ရခြင်းထက် ရဟန်းပြုရခြင်းသည် မမြတ်သလောဟု ပြောဆို၏။

အရှင်ဘုရား သူတစ်ပါးထံမှ လုပ်အားခယူ၍ အသက်မွေးနေရသော တပည့်တော်ကို အဘယ်သူသည် ရဟန်းပြုပေးလိမ့်မည်နည်း။

သင်ရဟန်းပြုမည်ဖြစ်လျှင် ငါသည်သင့်ကို ရဟန်းပြုပေးမည်။

အရှင်ဘုရား ကောင်းလှပါပြီ၊ တပည့်တော်ကို အကယ်၍ ရဟန်းပြုပေးတော်မူကြလျှင် တပည့်တော် ရဟန်းပြုပါမည်ဟု လျှောက်ထားလေ၏။

ထိုအခါ ထိုလူဆင်းရဲကို ထိုထေရ်ရဟန်းသည် ဇေတဝန်ကျောင်းတော်သို့ ခေါ်ခဲ့ပြီး မိမိလက်ဖြင့် ရေချိုးပေးကာ သိမ်ပြင်၌ ရပ်တည်စေပြီး ရဟန်းပြုပေးပြီးသော် ဝတ်ခဲ့သောအဝတ်နွမ်းအပိုင်းနှင့် အတူ ထွန်တုံးကို သိမ်တန်ဆောင်းအနီး၌သာ သစ်ကိုင်းပေါ်၌ ထားစေ၏။

ထိုထေရ်သည် ဘုရားရှင်တို့၏ ဖြစ်ပေါ်လာသော လာဘ်ပူဇော်ဖွယ်ကို အမှီပြုကာ အသက်မွေး နေလျက် ရဟန်းဘောင်၌ ပျင်းရိငြီးငွေ့မှုကို ပယ်ဖျောက်ခြင်းငှာ မတတ်နိုင်သဖြင့် ယခုအခါ ငါသည် သဒ္ဓါတရားဖြင့်ပေး လှူအပ်ကုန်သော ဖန်ရေအဝတ်သင်္ကန်းတို့ကို ဝတ်ရုံ၍ မသွားတော့အံ့ဟု ကြံစည်ပြီး ထွန်တုံးထားခဲ့ရာ သစ်ပင်ရင်းသို့ သွား၍ မိမိကိုယ်တိုင်သာ မိမိကိုယ်ကို (ဆုံးမလေ၏)

အို အရှက်မရှိသူ သင်သည် ဤသင်္ကန်းကို ဝတ်၍ လူထွက်ပြီးအခစားအလုပ်ကို လုပ်၍ အသက်မွေးလိုသူဖြစ်၏ဟု ဆုံးမလေ၏။

ထိုထေရ်ရဟန်း၏ ဤသို့ မိမိကိုယ်ကို ဆုံးမနေစဉ်မှာပင် လူထွက်လိုသော စိတ်သည် ကျသွားလေ၏။ (ခေါင်းပါးသွားလေ၏)

ထိုထေရ်ရဟန်းသည် ထိုနေရာမှပြန်ခဲ့၍ နောက်ထပ်နှစ်ရက်သုံးရက်လွန်သောအချိန်၌ ပျင်းရိငြီးငွေ့ပြန်၍ ရှေးနည်းအတိုင်းသာ မိမိကိုယ်ကို ဆုံးမလေ၏။ တစ်ဖန်ထိုထေရ်ရဟန်း၏ စိတ်သည် ရဟန်းအဖြစ်မှ ဆုတ်နစ်ပြန်၏။ ထိုထေရ်ရဟန်းသည် ဤနည်းဖြင့်သာ ပျင်းရိငြီးငွေ့ချိန် ပျင်းရိငြီးငွေ့ချိန်၌ ထိုသစ်ပင်သို့ သွား၍ မိမိကိုယ်ကို ဆုံးမလေ၏။

ထိုအခါ ထိုထေရ်ရဟန်းကို ရဟန်းတို့သည် ထိုသစ်ပင်ရင်း၌ မပြတ်သွားနေသည်ကို မြင်ကြ၍ ငါ့ရှင်နင်္ဂလထေရ် အဘယ်ကြောင့် ဤသစ်ပင်ရင်း၌ သွားနေသနည်းဟု မေးကြကုန်၏။

နင်္ဂလထေရ်သည် အရှင်ဘုရားတို့ တပည့်တော်သည် ဆရာထံသို့ သွားပါသည်ဟု ပြောဆိုပြီး

နှစ်ရက်သုံးရက်ဖြင့်သာအရဟတ္တဖိုလ်သို့ ရောက်လေပြီ။

ရဟန်းတို့သည် နဂ်လထေရ်နှင့်အတူ ပြောင်လောင်ပျက်ရယ်ပြုကြကာ ငါ့ရှင်နဂ်လထေရ် သင်သွားနေရာလမ်းသည် မသုံးဆောင်သကဲ့သို့ ခြေရာမထင်သကဲ့သို့ဖြစ်နေ၏။ သင့်ဆရာထံ မသွား တော့ဘူးထင်သည်ဟု ပြောကြကုန်၏။

အရှင်ဘုရားတို့ မှန်ပါသည်။ တပည့်တော်တို့သည် ရောနှောဆက်ဆံမှုရှိစဉ်က သွားခဲ့ကြပါသည်။ ယခုအခါမှာ ထိုရောနှောဆက်ဆံမှုကို တပည့်တော်ဖြတ်လိုက်ပါပြီ။ ထို့ကြောင့် တပည့်တော်များ မသွား ကြတော့ပါဟု လျှောက်ထားလေ၏။

ရဟန်းတို့သည် နဂ်လထေရ်၏ ထိုစကားကို ကြားကြကုန်သော် ဤနဂ်လထေရ်သည် မဟုတ် မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ထင်စွာပြုသည် (ပြောကြားသည်) ဟု ယူဆကြပြီး မြတ်စွာ ဘုရားအား ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ဟုတ်လှပေ၏ ငါဘုရား၏ သားတော်သည် မိမိကိုယ်တိုင်ပင် မိမိကိုယ်ကို စောဒနာ၍ အပြစ်တင်၍ ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်လေပြီဟု မိန့်တော်မူကာ တရား ဟောလိုတော်မူ၍ ဤဂါထာတို့ကို ရွတ်ပြတော်မူပြီ။

အတ္တနာ စောဒယတ္တာနံ၊ ပဋိမံသေထ အတ္တနာ။
သော အတ္တဂုတ္တော သတိမာ၊ သုခံဘိက္ခု ဝိဟာဟိသိ၊

အတ္တာဟိ အတ္တနော နထော၊
ကောဟိ နာထော ပရောသိယာ။
အတ္တာဟိ အတ္တနော ဂတိ။
တသ္မာ သံယမမတ္တာနံ။
အဿံ ဘဒြံဝ ဝါဏိဇော။

ဘိက္ခု - ရဟန်း၊ အတ္တနာ - မိမိကိုယ်တိုင်၊ အတ္တာနံ - မိမိကိုယ်ကို၊ စောဒယ - အပြစ်တင်ပါ၊ အမှတ်ရပါ၊ အတ္တနာ - မိမိကိုယ်တိုင်၊ အတ္တာနံ - မိမိကိုယ်ကို ပဋိမံသေထ - စုံစမ်းဆင်ခြင်ပါ၊ ဧဝံသန္တေ - ဤသို့ မိမိကိုယ်ကို အပြစ်တင်၍ အမှတ်ရ၍ စုံစမ်းဆင်ခြင်သော်၊ သောဘိက္ခု - ထိုရဟန်းသည်၊ အတ္တဂုတ္တော - မိမိကိုယ်ကို လုံခြုံစေသည်ဖြစ်၍၊ သတိမာ - သတိရှိသည်ဖြစ်၍ သုခံ - ချမ်းသာစွာ၊ ဝိဟာဟိသိ - နေရလတ္တံ့။

အတ္တာဟိ - အတ္တာဧဝ - မိမိကိုယ်သည်သာလျှင် အတ္တနော - မိမိ၏ နာထော - မှီရာတည်ရာ ကိုးကွယ်ရာတည်း။

ပရော - မိမိကိုယ်မှတစ်ပါးသော၊ ကောဟိ အဘယ်မည်သောသူသည်၊ အတ္တနော - မိမိ၏ နာထော - မှီရာ တည်ရာကိုးကွယ်ရာသည်၊ သိယာ - ဖြစ်ရာသနည်း။

အတ္တာဟိ - မိမိကိုယ်သည်သာ။ အတ္တနော - မိမိ၏ ဂတိ - မှီရာ တည်ရာကိုးကွယ်လဲလျောင်းရာတည်း။

တသ္မာ - ထို့ကြောင့်၊ ဝါဏိဇော - ကုန်သည်သည်၊ ဘဒြံ - ကောင်းသော၊ အဿံ - အာဇာနည်မြင်းကို သံယမေတိ ဇွယ္တတိက္ကဝ - တစ်နေ့သုံးကြိမ်ရေချိုးပေးခြင်း အစာကျွေးမွေးခြင်းဖြင့် စောင့်ရှောက်၊ သုတ်သင်သကဲ့သို့၊ အတ္တာနံ - မိမိကိုယ်ကို၊ သံယမ - စောင့်ရှောက်သုတ်သင်ပါလော။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**နင်္ဂလကုလတ္ထေရဝတ္ထု ပြီး၏။**

## ၁၄၉။ ဝက္ကလိတ္ထေရဝတ္ထု
## ဝက္ကလိထေရ်အကြောင်း

သာဝတ္ထိပြည်ဝယ် ပုဏ္ဏားမျိုး၌ ဝက္ကလိ အမည်ရှိသူတစ်ယောက်ရှိ၏။ သူသည်အရွယ်ရောက် လတ်သော် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်သောမြတ်စွာဘုရားကို ဖူးမြင်ရလေသော် - မြတ်စွာဘုရား၏ ကိုယ်တော်၏ ပြည့်စုံမှု ကျက်သရေကို ကြည့်ရှုပြီး ကိုယ်တော်၏ ပြည့်စုံမှုကျက်သရေကို ဖူးမြင်ရခြင်းဖြင့် မရောင့်ရဲနိုင်သည်ဖြစ်၍ ငါသည် ဤသို့ပြုခဲ့သော် အမြဲမပြတ်မြတ်စွာဘုရားကို ဖူးမြင်ရလိမ့်မည်ဟု ကြံစည်၍ မြတ်စွာဘုရားထံ၌ ရဟန်းပြုပြီး မြတ်စွာဘုရားကို မြင်နိုင်လောက်သောနေရာ၌ နေ၍ သရဇ္ဈာယ်ခြင်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း စသည်တို့ကို ပယ်၍ မြတ်စွာဘုရားကို ကြည့်လျက်သာ သွားလာနေထိုင်၏။

မြတ်စွာဘုရားသည် ဝက္ကလိ ရဟန်း၏ အသိဉာဏ်ရင့်ကျက်မှုကို စောင့်မျှော်လျက် တစ်လုံး မျှသော စကားကို မိန့်တော်မမူဘဲ ယခုအချိန်၌ ဝက္ကလိရဟန်း၏ အသိဉာဏ်ရင့်ကျက်လေပြီဟု သိတော်မူပြီ။

ဝက္ကလိရဟန်း သင်သည် မြင်အပ်လေသော ငါဘုရား၏ ဤအပုပ်ကိုယ်ဖြင့် သင့်အား အဘယ် အကျိုးရှိသနည်း။

ဝက္ကလိ ရဟန်း အကြင်သူသည် တရားကိုမြင်၏ တရားမြင်သော ထိုသူသည် ငါဘုရားကိုမြင်၏။ အကြင်သူသည် ငါဘုရားကိုမြင်၏။ ငါဘုရားကိုမြင်သော ထိုသူသည် တရားကိုမြင်၏ဟု ပြောဆို ဆုံးမလေ၏။

ဝက္ကလိရဟန်းသည် ဤသို့ဆုံးမအပ်သော်လည်း မြတ်စွာဘုရားကိုကြည့်ရှုဖူးမြင်ခြင်းကို ပယ်စွန့်၍ အခြားအရပ်၌သွားခြင်းငှာ မစွမ်းနိုင်သူသာဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤရဟန်းသည် သံဝေဂကို (ထိတ်လန့် တုန်လှုပ်မှုကို) မရဘဲ ကျွတ်တမ်းဝင်လိမ့်မည်မဟုတ်ဟု မြင်သိတော်မူ၍ ဝါဆိုရက် နီးလတ်သော် ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၍ ဝါဆိုမည့်နေ့၌ ဝက္ကလိရဟန်းကို

အို ဝက္ကလိရဟန်းသင်သည် ဖယ်ခွာထွက်သွားလေလော့၊

အို ဝက္ကလိရဟန်းသင် ဖယ်ခွာထွက်သွားလေလော့ဟု နှင်ထုတ်လေ၏။

ဝက္ကလိရဟန်းသည် မြတ်စွာဘုရားသည် ငါ့ကို စကားမပြောဟု ဝါတွင်းသုံးလပတ်လုံး မြတ်စွာ ဘုရား၏ မျက်မှောက်တော် ရှေ့တည့်တည့်၌ ရပ်တည်ရန် မစွမ်းနိုင်သည်ဖြစ်၍ ငါ့အားအသက်ရှင် နေရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ငါ၏ကိုယ်ကို တောင်ပေါ်မှ လိမ့်ချမည်ဟု ကြံ၍ ဂိဇ္ဈကုဋ် တောင်ပေါ်သို့ တက်လေပြီ။

မြတ်စွာဘုရားသည် ဝက္ကလိရဟန်း ပင်ပန်းမှန်းသိတော်မူ၍ ဤရဟန်းသည် ငါဘုရားထံမှ သက်သာရာကို မရခဲ့သော် မဂ်ဖိုလ်တရားတို့၏ အားကောင်းသော မှီရာ အကြောင်းကို ပျက်စီးစေရာ၏ ဟုမြင်တော်မူကာ မိမိကိုယ်တော်ကို မြင်စေရန် အရောင်အလင်းကို လွှတ်တော်မူပြီ။ ထိုအခါ မြတ်စွာ

ဘုရားကို ဖူးမြင်ရသည်မှစ၍ ဝက္ကလိရဟန်း၏ အလွန်အားကြီးသော စိုးရိမ်ပူပန်မှုသည် ဖယ်ခွာပျောက်ကင်းလေ၏။

မြတ်စွာဘုရားသည် ရေဖြင့် ခြောက်နေသော တစ်ဖက်ဆည်ကန်ကို ရေအလျှင်ဖြင့် ပြည့်စေသကဲ့သို့ ဝက္ကလိထေရ်၏အား ကောင်းသော နှစ်သက်ဝမ်းမြောက်မှုကို ဖြစ်စေခြင်းငှာ ဤဂါထာကို ဟောတော်မူ၏။

ပါမောဇ္ဇ ဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

ဗုဒ္ဓသာသနေ - မြတ်စွာဘုရား သာသနာတော်၌၊ ပသန္နော - ကြည်ညိုသော၊ ပါမောဇ္ဇဗဟုလော - များသောဝမ်းမြောက်ခြင်းရှိသော၊ ဘိက္ခုရဟန်းသည်၊ သန္တံ - ငြိမ်သက်အေးချမ်းသော၊ သင်္ခါရူပသမံ - သင်္ခါရ တို့၏ ငြိမ်းမှုဖြစ်သော၊ သုခံ - သုခအမည်ရှိသော၊ ပဒံ - နိဗ္ဗာန်ကို၊ အဓိဂစ္ဆေ - ရလေရာ၏။

ဤဂါထာကို ဟောပြတော်မူပြီး မြတ်စွာဘုရားသည် ဝက္ကလိထေရ်၏ ထံသို့ လက်တော်ကို ဆန့်တန်း၍ -

ဧဟိ ဝက္ကလိ မာဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ ပင်္ကေသန္နံဝ ကုဉ္ဇရံ။

ဧဟိ ဝက္ကလိ မာဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံတံ မောစယိ ဿမိ၊ ရာဟုဂ္ဂဟံဝ သူရိယံ။

ဧဟိ ဝက္ကလိ မာဘာယိ၊ ဩလောကေဟိ တထာတဟံ။
အဟံ တံ မောစယိဿမိ၊ ရာဟုဂ္ဂဝ စန္ဒိမံ။

ဟူသော ဤဂါထာတို့ကို ဟောပြတော်မူပြီ။

၁။ ဝက္ကလိ - အိုဝက္ကလိ ရဟန်း၊ ဧဟိ ငါဘုရားထံလာလော့၊ မာဘာယိ - မကြောက်နှင့်၊ ဂထာဂတံ - ငါဘုရားကို၊ ဩလောကေဟိ - ဖူးမြင်ပါလော့။ ပင်္ကေ - ရွှံ့ညွှန်၌၊ သန္နံ - နစ်နေသော၊ ကုဉ္ဇရံ - ဆင်ကို၊ ဥဒ္ဓရိ က္ကဝ - ဆယ်တင်သကဲ့သို့ အဟံ - ငါသည်၊ တံ -သင့်ကို၊ ဥဒ္ဓရိဿာမိ - ကိလေသာညွှန်မှ ဆယ်တင်ပေအံ့။

၂။ ဝက္ကလိ - အိုရဟန်း၊ မာဘာယိ - သင်မကြောက်နှင့်၊ ဧဟိ - ငါဘုရားထံလာခဲ့သော၊ တထာဂတံ - ငါဘုရားကို၊ ဩလောကေဟိ - ဖူးမြင်ပါလော့။ ရာဟုဂ္ဂဟံ - ရာဟု အသူရိန် ဖမ်းယူသော၊ သူရိယံ - နေကို၊ မောစေတိက္ကဝ - ရာဟုခံတွင်းမှ လွတ်ကင်းစေသကဲ့သို့၊ အဟံ - ငါသည်၊ တံ - သင့်ကို၊

မောစယိဿမိ - တဏှာညွတ်ကွင်းမှ လွတ်ကင်းစေအံ့။

၃။ ဝက္ကလိ - အိုဝက္ကလိရဟန်း၊ မာဘာယိ - သင်မကြောက်နှင့်၊ ဧဟိ - ငါဘုရားထံလာခဲ့လော၊ တထာဂတံ - ငါဘုရားကို၊ ဩလောကေဟိ - ဖူးမြင်ပါလော့၊ ရာဟုဂ္ဂဟံ - ရာဟု အသူရိန်ဖမ်းယူသော၊ စန္ဒိမံ - လကို၊ မောစေတိဣဝ - ရာဟုခံတွင်းမှ လွတ်ကင်းစေသကဲ့သို့၊ အဟံ - ငါသည်၊ တံ - သင့်ကို၊ မောစယိဿမိ - မောဟမှောင်တွင်းမှ လွတ်ကင်းစေအံ့။

ဝက္ကလိထေရ်သည် ငါသည် မြတ်စွာဘုရားကို ဖူးမြင်အပ်ပြီ၊ ငါသည် မြတ်စွာဘုရား၏ ငါဘုရားထံလာခဲ့ လော့ဟူသော ခေါ်ခြင်းကိုလည်းရအပ်ပြီဟု အားကောင်းသော ပီတိကို ဖြစ်စေ၍ ငါသည် အဘယ်အရပ်သို့ သွားသင့်သနည်းဟု သွားရာလမ်းကို မမြင်သည်ဖြစ်၍ မြတ်စွာဘုရား၏ ရှေ့တော်မျက်မှောက်ဖြစ်သော ကောင်းကင်၌ ပျံတက်၍ ပထမခြေသည် တောင်ထိပ်၌ တည်စဉ်မှာပင် မြတ်စွာဘုရားဟောအပ်သော ဂါထာတို့ကို ဆင်ခြင်လျက် ကောင်းကင်၌ပင် ပီတိကို ခွာ၍ ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ ရောက်ပြီး မြတ်စွာ ဘုရားကို ဖူးမြင်လျက်သာ တောင်ပေါ်မှ သက်ဆင်း၍ မြတ်စွာဘုရားထံတော်၌ တည်နေလေပြီ။

ထိုမှ နောက်အခါ၌ မြတ်စွာဘုရားသည် ဝက္ကလိထေရ်ကို သဒ္ဓါဓိမုတ္တ - ပုဂ္ဂိုလ်တို့တွင် (သဒ္ဓါ တရားလွန်ကဲသူတို့တွင်) ထူးမြတ်သောအရာ၌ ထားလေပြီ။

ဝက္ကလိတ္ထေရဝတ္ထု ပြီး၏။

## ၁၅၀။ သုမနသာမဏေရဝတ္ထု
## သုမနသာမဏေအကြောင်း

ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်၌ အမျိုးကောင်းသားတစ်ယောက်သည် ပဒုမုတ္တရ မြတ်စွာဘုရားသည် ပရိသတ်လေးပါးအလယ်၌ ရဟန်းတစ်ပါးကို ဒိဗ္ဗစက္ခုအဘိဉာဉ်ရ ရဟန်းတို့တွင် အထူးဆုံးအမြတ်ဆုံးနေရာ၌ ထားတော်မူသည်ကိုမြင်၍ ထိုဒိဗ္ဗစက္ခုအဘိဉာဉ်နှင့် ပြည့်စုံမှုကို လိုလားတောင်းတလျက် မြတ်စွာဘုရားကို ပင့်လျှောက်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ဘိက္ခုသံဃာအား အလှူကြီးကိုပေးလှူပြီး -

မြတ်စွာဘုရား တပည့်တော်လည်း အနာဂတ်ကာလ၌ တစ်ဆူသော ဘုရားရှင်၏ သာသနာတော်၌ ဒိဗ္ဗစက္ခု အဘိဉာဉ်ရ ပုဂ္ဂိုလ်တို့တွင် အထူးဆုံးအမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် အနာဂတ်ကာလ ကမ္ဘာတစ်သိန်းကို ရှုကြည့်တော်မူလတ်သော် ထိုအမျိုးသား၏ ဆုတောင်းပြည့်စုံမည်ကို သိတော်မူ၍

သင်သည် ဤကမ္ဘာမှ လာလတ္တံ့သော ကမ္ဘာတစ်သိန်းထက်ကာလ ဂေါတမမြတ်စွာဘုရား သာသနာ၌ ဒိဗ္ဗစက္ခု အဘိဉာဉ်ရ ရဟန်းတို့တွင် အထူးဆုံးအမြတ်ဆုံးဖြစ်သော အနုရုဒ္ဓါအမည်ရှိ ရဟန်းဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူသည်။

ထိုအမျိုးသားသည် ထိုဗျာဒိတ်စကားကို ကြားနာရလေသော် ထိုဒိဗ္ဗစက္ခု အဘိဉာဉ် ဧတဒဂ် စည်းစိမ်ကို နက်ဖန်ရတော့မည်ကဲ့သို့ အောက်မေ့မှတ်ထင်လျက် ပဒုမုတ္တရ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူလေသော် ရဟန်းတို့ကို ဒိဗ္ဗစက္ခုရရန် ပြုလုပ်ရမည့် အခြေခံပရိကမ်ကို မေးလျှောက်၍ ခုနစ်ယူဇနာ အမြင့်ရှိသော ရွှေစေတီကို ဝန်းရံ၍ အထောင်မကသော ဆီးမီးတိုင်တို့ကို ပြုလုပ်စေ၍ ဆီမီးကို ပူဇော်ပြီးသော် ထိုဘဝမှ စုတေ၍ နတ်ပြည်၌ ဖြစ်ပြီးလျှင် နတ်ပြည်လူပြည်တို့၌ ကမ္ဘာတစ်သိန်းတို့ ပတ်လုံးကျင်လည်၍ ဤဘဒ္ဒကမ္ဘာဝယ် ဗာရာဏသီပြည်တွင် သူဆင်းရဲအမျိုး၌ ဖြစ်၍ သုမနသူဌေးကို အမှီပြုကာ ထိုသူဌေး၏ မြက်ထမ်းသမားအဖြစ် ဖြင့် အသက်မွေးနေလေ၏။ ထိုသူ၏ အန္နဘာရဟူသော အမည်ဖြစ်လေ၏။

သုမနသူဌေးသည်လည်း ဗာရာဏသီမြို့၌ အမြဲမပြတ် အလှူကြီးကိုပေးလှူနေ၏။

ထိုအချိန်တွင် တစ်နေ့သ၌ ဥပရိဋ္ဌ အမည်ရှိသော ပစ္စေကဗုဒ္ဓါသည် နိရောဓသမာပတ်မှ ထတော်မူ၍ ယနေ့ငါသည် အဘယ်သူအား ချီးမြှောက်ရမည်နည်းဟု ဆင်ခြင်လေသော် -

ယနေ့ငါသည် အန္နဘာရအား ချီးမြှောက်သင့်၏။ သို့သော်လည်း ယခုအချိန်၌ အန္နဘာရသည် တောအုပ်အတွင်းမှ မြက်ကိုထမ်း၍ အိမ်သို့ ပြန်လာလိမ့်မည်ဟု သိတော်မူ၍ သပိတ်သင်္ကန်းကို ကိုင်ဆောင်တော်မူပြီး တန်ခိုးဖြင့်ကြွကာ အန္နဘာရ၏ ရှေ့တည့်တည့်၌ ရှိတော်မူလေ၏။

အန္နဘာရသည် ထိုပစ္စေက ဗုဒ္ဓါကို အချည်းအနှီးသော သပိတ်ရှိသော လက်ရှိသည်ကို -

(လက်၌ အချည်းနှီးသော သပိတ်ကို) မြင်၍

အရှင်ဘုရား ဆွမ်းကိုရတော်မူကြပါ၏လောဟု မေးလျှောက်၍ အိုဘုန်းကြီးသူ ရကြပါလိမ့်မည်ဟု မိန့်အပ်သော် အရှင်ဘုရားထိုသို့ ဖြစ်လျှင် အချိန်အနည်းငယ် ဆိုင်းငံ့တော်မူကြပါဟု လျှောက်ထားပြီး မြက်ထမ်းကိုချ၍ လျင်မြန်သော အဟုန်ဖြင့် အိမ်သို့သွား၍

ရှင်မ ငါ့အတွက်ထားအပ်သော ထမင်းရှိသလား၊ မရှိဘူးလား ဟု ဇနီးဖြစ်သူကိုမေး၍

အိုအိမ်ရှင် သခင်လင် အရှင့်အတွက် ထားအပ်သော ထမင်းရှိပါ၏ ဟုပြောဆိုအပ်သော် လျင်မြန်သော အဟုန်ဖြင့် တစ်ဖန်ပြန်လာ၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်ကိုယူခဲ့ပြီး ငါ့အား လှူလိုသောဆန္ဒရှိသော်လည်း လှူရန် ပစ္စည်းမရှိ။ လှူရန်ပစ္စည်းရှိသော်လည်း အလှူခံပုဂ္ဂိုလ်ကိုမရ။ ယနေ့မှာကား ငါသည် အလှူခံပုဂ္ဂိုလ်ကိုလည်း တွေ့အပ်ပြီ။ လှူဖွယ်ပစ္စည်းသည်လည်း ရှိနေ၏။ ငါ့အားအရတော်ပါပေစွဟူသော စိတ်ဖြင့်အိမ်သို့သွား၍ ထမင်းကို သပိတ်၌ ထည့်စေကာ တဖန်ဆောင်ယူခဲ့ပြီး ပစ္စေကဗုဒ္ဓါ၏ လက်၌ တည်စေ၍ (ကပ်လှူ၍)

ဣမိနာ ပန ဒါနေန၊ မာမေ ဒါလိဒ္ဒိယံ အဟု။
နတ္ထီတိ ဝစနံ နာမ၊ မာ အဟောသိ ဘဝါဘဝေ။

ဣမိနာ - ပနဒါနေန - ဤဆွမ်းအလှူကြောင့်၊ မေ - တပည့်တော်၏။ ဒါလိဒ္ဒိယံ - ဆင်းရဲသူအမျိုး၌၊ မာအဟု - မဖြစ်ပါစေသတည်း။

ဘဝါဘဝေ - ဘဝတိုင်း ဘဝတိုင်း၌ ဝါ - ဘဝကြီးငယ်အသွယ်သွယ်၌၊ နတ္ထီတိ ဝစနံ နာမ - မရှိပါဟူသော စကားကို ပြောဆိုရခြင်း ကြားရခြင်း မည်သည်၊ မာအဟောသိ - မဖြစ်ပါစေသတည်း။

ပစ္စေက ဗုဒ္ဓါအရှင် မြတ်ဘုရား တပည့်တော်သည် ဤလိုဆင်းရဲစွာ အသက်ရှင်ရခြင်းမှ ကင်းလွတ်ရပါလို၏။ မရှိဟူသော စကားကိုပင် မကြားရပါလို၏ ဟုဆုတောင်းလေ၏။

ပစ္စေက ဗုဒ္ဓါသည် အိုဘုန်းကြီးသူ သင့်အားဆုတောင်းသည့် အတိုင်းဖြစ်ပါစေဟု မိန့်တော်မူကာ အနုမောဒနာပြု၍ ကြွသွားလေ၏။

သုမန သူဌေး၏လည်း သူဌေးအဆောင်အယောင်ထီး၌နေသော နတ်သည်

အံ့ဩလောက်သောဒါန မြတ်သော ဒါနသည် ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါ၌ ကောင်းစွာတည်လေပြီဟု ရွတ်ဆို၍ သုံးကြိမ်တိုင်အောင် ကောင်းချီးပေးလေ၏။

ထိုအခါ ထိုထီးချက်စောင့်နတ်ကို သုမနသူဌေးသည် အဘယ်ကြောင့် ဤမျှလောက်ကာလ ပတ်လုံး အလှူကို ပေးလှူနေသော ငါ့ကို သင့်မကြည့်မမြင်လေသလောဟု ပြော၏။

ငါသည် သင်၏ ဒါနကို အကြောင်းပြု၍ ကောင်းချီးပေးသည်မဟုတ်၊ အဟုတ်သော်ကား အန္နဘာရသည် ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား ဆွမ်းကို ပေးလှူရာ၌ ကြည်ညို၍ ငါသည် ဤ ကောင်းချီးပေးမှုကို ဖြစ်စေအပ်ပြီဟု ပြန်ပြော၏။

သုမနသူဌေးသည် အို လူအပေါင်းတို့ အံ့ဩဖွယ်ရှိပါပေစွ ဤမျှလောက်သော ကာလပတ်လုံး အလှူကို ပေးလှူသော အကျွန်ုပ်သည် နတ်တို့ကို ကောင်းချီးပေးအောင် မစွမ်းနိုင်၊ အန္နဘာရသည် ငါ့ကိုအမှီပြု၍ အသက်မွေးသူဖြစ်လျက် တစ်ကြိမ်တစ်ခါ ဆွမ်းလှူခြင်းဖြင့်သာ နတ်ကို ကောင်းချီး ပေးစေပြီ။ ထိုသူ၏ အလှူ၌ သင့်လျော်သည်ကိုပြု၍ ထိုဆွမ်းကို ငါ့ဥစ္စာဖြစ်အောင်ပြုမည်ဟု ကြံစည်၍ အန္နဘာရကို ခေါ်စေပြီး

ယနေ့သင်သည် အလှူခံတစ်ဦးတစ်ယောက်အား တစ်စုံတစ်ခုကို ပေးလှူအပ်သလော၊

သခင်ပေးလှူအပ်ပါ၏။ ကျွန်တော်သည် ယနေ့ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား ကျွန်တော်အဖို့ထား အပ်သော ဆွမ်းကို ပေးလှူအပ်ပါ၏။

အို အန္နဘာရ ယခုအသပြာငွေကို ယူ၍ ငါ့အား ထိုဆွမ်းကို (ထိုဆွမ်းအလှူကို) ပေးလော။

သခင် ကျွန်တော်မပေးနိုင်ပါဟု ပြန်ပြော၏။

သုမန သူဌေးသည် ငွေတစ်ထောင်တိုင်အောင် တိုး၍ ပေးလေ၏။

အန္နဘာရသည် တစ်ထောင်ဖြင့်လည်း မပေးသူဖြစ်၏။

ထိုအခါ အန္နဘာရကို အို အန္နဘာရ ရှိစေဦးတော့ ဆွမ်းကို မပေးနိုင်လျှင် ငွေတစ်ထောင်ကိုယူ၍ ငါ့အား ကုသိုလ်အဖို့ကို ပေးပါ။ (အမျှပေးဝေပါ) ဟု ပြော၏။

အန္နဘာရသည် ပစ္စေကဗုဒ္ဓ အရှင်မြတ်နှင့်အတူ တိုင်ပင်၍ သိရပါမည်ဟု ပြောဆို၍ လျင်မြန်သော အဟုန်ဖြင့် ပစ္စေကဗုဒ္ဓါထံသို့ ကောင်းစွာရောက်၍ (ပစ္စေကဗုဒ္ဓါကို အမီလိုက်၍)

အရှင်မြတ်ဘုရား သုမနသူဌေးသည် ငွေတစ်ထောင်ကိုပေး၍ အရှင်မြတ်တို့အား ပေးလှူအပ် သော ဆွမ်း၌ ကုသိုလ်အဖို့ကို တောင်းဆိုနေပါသည်၊ တပည့်တော် အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်လေ၏။

ထိုသို့မေးလျှောက်သောအခါ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါသည် အန္နဘာရ အားဥပမာကို ဆောင်ပြ တော်မူသည်။

အိုပညာရှိ ဥပမာသော်ကား အိမ်ခြေတစ်ရာရှိသော ရွာတွင် အိမ်တစ်အိမ်၌ ဆီမီးကို ညှိထွန်း ထားလေ၏။ ကျန်အိမ်ရှိလူတို့သည် မိမိ၏ ဆီဖြင့် မီးစာကို ဆီဆွတ်၍ မီးတောက်စေပြီး (မီးကူး၍) ယူကုန်ရာ၏။ ရှေးဖြစ်သော ဆီမီး၏ အရောင်သည်ရှိ၏ဟု ဆိုမည်လော၊ မရှိဟုဆိုမည်လော။

အရှင်မြတ်ဘုရား မူလအရောင်ထက်ထူးကဲပိုလွန်သော အရောင်အလင်းဖြစ်ပါသည်ဘုရား။

အိုပညာရှိ ဤနည်းအတူပင် တစ်ယောက်ချိုမျှသော ယာဂုသော်လည်းဖြစ်စေ၊ တစ်ယောင်းမ မျှသော ဆွမ်းသော်လည်းဖြစ်စေ၊ မိမိ၏ ပေးလှူသော ဆွမ်း၌သူတစ်ပါးတို့အား ကုသိုလ်အဖို့ကို ပေးသောသူ၏ အကျင်မျှလောက်သော သူတို့အား ပေး၏။ ထိုမျှလောက်ဆွမ်းသည် တိုးပွား၏။

မှန်၏။ သင်သည် တစ်ခုသာဖြစ်သော ဆွမ်းကိုပေးလှူသော်လည်း သူဌေးအား ကုသိုလ်အဖို့ကို ပေးခြင်းကြောင့် သင်၏ အလှူဆွမ်းတစ်ခု သူဌေး၏ အလှူဆွမ်းတစ်ခုအားဖြင့် နှစ်ခုသော အလှူဆွမ်းတို့ ဖြစ်ကုန်၏ဟု မိန့်တော်မူ၏။

အန္နဘာရသည် အရှင်မြတ်ဘုရား ကောင်းပါပြီဟု လျှောက်ထားကာ ပစ္စေကဗုဒ္ဓါကိုရှိခိုး၍

သုမနသူငေ့်ထံသွားပြီး သခင်ကုသိုလ်အဖို့ကို ယူပါဟုပြော၏။

ယူရမည်ဖြစ်လျှင် ဤအသပြာတို့ကိုယူလော၊

ကျွန်တော်သည် ဆွမ်းကိုမရောင်းပါ။ ယုံကြည်ချက်ဖြင့် သခင်သူဌေးအား ကုသိုလ်အဖို့ပေးပါ၏။

သင်သည် ယုံကြည်ချက်သဒ္ဓါတရားဖြင့် ငါ့အားပေး၏။ ငါသည်လည်း သင်၏ ဂုဏ်တို့ကို ပူဇော်ပါ၏။

အမောင် အန္နဘာရ - ယူပါလော၊ ဤအချိန်မှစ၍ မိမိလက်ဖြင့် အလုပ်မလုပ်ပါနှင့်။ လမ်းအနီး၌ အိမ်ဆောက်၍နေပါ။ သင်လိုသမျှ အားလုံးကိုငါ့ထံမှယူလှည့်ပါဟု သူဌေးကပြော၏။

နိရောဓသမာပတ်မှထသော ပစ္စေကဗုဒ္ဓါအား လှူဒါန်းအပ်သော ဆွမ်းအလှူသည် ထိုနေ့၌ပင် အကျိုးပေးလေ၏။ ထို့ကြောင့် ဗာရာဏသီမင်းသည်လည်း ထိုသတင်းကိုကြား၍ အန္နဘာရကို အခေါ်လွှတ်ပြီး ကုသိုလ်အဖို့ကိုယူ၍ များစွာသော စည်းစိမ်ဥစ္စာကိုပေးပြီး အန္နဘာရအား သူဌေးရာထူးကို ပေးလေပြီ။

အန္နဘာရသည် သုမနသူဌေး၏ အပေါင်းအဖော်ဖြစ်ပြီး အသက်ထက်ဆုံး ကောင်းမှုတို့ကို ပြု၍ အန္နဘာရ ဘဝမှ စုတေပြီးသော် နတ်ပြည်၌ဖြစ်၍ နတ်ပြည်လူ့ပြည်တို့၌ အပြန်ပြန်အလှန်လှန်ဖြစ်လျက် (ကျင်လည်လျက်) ဤဂေါတမမြတ်စွာဘုရားပွင့်ခါနီးအချိန်၌ ကပိလဝတ်မြို့ဝယ် အမိတောဒန - သာကီဝင်၏ အိမ်၌ ပဋိသန္ဓေကို ယူလေပြီ။ သူ၏ အမည်ကို အနုရုဒ္ဓါဟု မှည့်ခေါ်ကြကုန်၏။

အနုရုဒ္ဓါသည် မဟာနာမ်သာကီဝင်၏ ညီအငယ်ဖြစ်သည်။ မြတ်စွာဘုရား၏ ဘထွေးတော်၏သား အလွန် နူးညံ့သိမ်မွေ့သူဖြစ်၍ ဘုန်းကြီးသူဖြစ်သည်။

တစ်နေ့သ၌ သာကီဝင်မင်းသားခြောက်ယောက်တို့သည် မုန့်တို့ကို လောင်းကြေးပြု၍ ဂုံညင်းထိုးကစားကြကုန်သော် အနုရုဒ္ဓါသည် ရှုံးသူဖြစ်၍ မုန့်တို့ကိုရရှိရန် မယ်တော်ထံသို့ စေလွှတ်လေ၏။

မယ်တော်သည် ကြီးစွာသော ရွှေခွက်တို့ကိုပြည့်အောင်ထည့်၍ မုန့်တို့ကိုပို့စေ၏။ မုန့်တို့ကို စား၍တဖန် ကစားပြန်သော် ရှုံးပြန်၍ ရှေးနည်းအတူ မုန့်တို့ကို ရရှိရန် မယ်တော်ထံ စေလွှတ်ပြန်၏။

ဤနည်းဖြင့် သုံးကြိမ်တိုင်အောင် မုန့်တို့ကို ယူဆောင်ပြီးသော် လေးကြိမ်မြောက်၌ ယခုအခါ မုန့်များမရှိ တော့ပြီဟု ပြန်လွှတ်လေ၏။ မယ်တော်စကားကို ကြားရ၍ နတ္ထိ - ဟူသော စကားကို မကြားဖူးသူဖြစ်သော ကြောင့် ဤအခါ၌ မရှိမုန့်မည်သည် ဖြစ်လိမ့်မည်ဟု အမှတ်ပြုပြီး သွားပါချေ။ မရှိ မုန့်တို့ကို ယူခဲ့ဟု စေလွှတ် လေ၏။

ထိုအခါ မယ်တော်အရှင်မ မရှိ မုန့်တို့ကို ပေးတော်မူကြပါတဲ့ဟု ပြောဆိုအပ်သော် အနုရုဒ္ဓါ၏ မယ်တော်သည် ငါ၏သားအနုရုဒ္ဓါသည် မရှိဟူသောစကားကို မကြားဖူးရာပေ။ အဘယ်သို့လျှင် မရှိကြောင်းကို သိစေအံ့နည်းဟု စဉ်းစားပြီး ရွှေခွက်တစ်ခွက်ကိုဆေး၍ တစ်ခြားရွှေခွက်တစ်ခုဖြင့် အပေါ်၌ မှောက်၍-အမောင်, ယခုဤရွှေခွက်ကို ငါ့သားအနုရုဒ္ဓါအားပေးပါလော့ဟုပြော၍ စေလွှတ်လိုက်၏။

ထိုခဏ၌ မြို့စောင့်နတ်တို့သည် ငါတို့၏အရှင့်သားသည် အန္နဘာရလုလင်ဖြစ်ချိန်၌ ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား မိမိအဖို့ (အတွက်) ဖြစ်သောထမင်းကိုပေးလှူပြီး နတ္ထိဟူသောစကားကိုပင် မကြားရ ပါလိုဟု ဆုတောင်းပြုထားခဲ့သည်။ ငါတို့သည် ထိုအကြောင်းကိုသိကုန်လျက် လစ်လျူရှုထားကြလျှင်

ငါတို့ဦးခေါင်း ခုနစ်စိတ်ကွဲလေရာ၏ဟု ဆင်ခြင်၍နတ်တို့၌ဖြစ်သောမုန့်တို့ဖြင့် ရွှေခွက်ကိုပြည့်စေကုန်၏။ မုန့်ယူသွားသော ထိုယောက်ျားသည် ရွှေခွက်ကိုယူဆောင်ခဲ့ပြီး အနုရုဒ္ဓါ၏အနီး၌ထား၍ဖွင့်လေပြီ။ မုန့်တို့၏အနံ့သည် တစ်မြို့လုံးကို ပျံ့နှံ့သွားလေ၏။ မုန့်သည်ကား ခံတွင်း၌ထည့်ကာမျှဖြစ်သော်သာ အရသာကိုဆောင်သော အကြောခုနစ်ထောင်တို့ကို ပျံ့နှံ့၍တည်လေ၏။

အနုရုဒ္ဓါမင်းသားသည်လည်း ဤအချိန်မှ ရှေးဖြစ်သောအချိန်၌ ငါ၏မယ်တော်သည် ငါကို ချစ်မည်မထင်၊ အခြားသောအချိန်၌ ငါ၏မယ်တော်သည် ငါ့အဖို့မရှိမည်သောမုန့်တို့ကို ချက်ဖူးသူ မဟုတ်သောကြောင့်တည်းဟု စဉ်းစားမိလေ၏။

အနုရုဒ္ဓါမင်းသားသည် အိမ်သို့သွား၍ မယ်တော်ကို ဤသို့ပြောဆို၏။

မယ်တော်ဘုရား မယ်တော်သည် သားတော်ကိုမချစ်ပါ။

ချစ်သား-ဘယ်လိုပြောလိုက်တာလဲ၊ မယ်တော်၏မျက်လုံးတို့ထက်၊ နှလုံးသားထက် သားတော်ကိုအထူး ချစ်အပ်သည်။

မယ်တော်ဘုရား- မယ်တော်သည် သားတော်ကိုချစ်သူဖြစ်လျှင် အဘယ်ကြောင့် ရှေ့အခါ တုန်းက သားတော်အတွက် ဤလိုမရှိမည်သောမုန့်တို့ကို မပေးပါသနည်းဟုပြော၏။

မယ်တော်သည် မုန့်ယူသွားသောထိုယောက်ျားကို မေးလေပြီ။

အမောင် ငါပေးလိုက်သောရွှေခွက်၌ တစ်စုံတစ်ခုပါလေသလော။

အိုသခင်အရှင်မ၊ တစ်စုံတစ်ခု ပါပါသည်။ ရွှေခွက်သည် မုန့်တို့ဖြင့်ပြည့်နေပါသည်။ ကျွန်တော် သည် ဤလိုမုန့်မျိုးကို မမြင်ဖူးသေးပါဟု ပြော၏။

အနုရုဒ္ဓါ၏မယ်တော်သည်- ငါ၏သားတော်သည် ကောင်းမှုကုသိုလ်ပြုခဲ့သူဖြစ်၏။ နတ်တို့ သည် ငါ့သားတော်အား နတ်၌ဖြစ်သော မုန့်တို့ကိုပို့ကြကုန်လိမ့်မည်ဟု စဉ်းစားလေ၏။

အနုရုဒ္ဓါမင်းသားသည်လည်း - မယ်တော်ဘုရားသားတော်သည် ဤလိုမုန့်တို့ကို မစားဖူးသေးပါ၊ ဤအချိန်မှစ၍ ကျွန်တော့်အတွက် မရှိမုန့်ကိုသာ ကြော်ပေးပါဟု မယ်တော်ကို ပြောလေ၏။

မယ်တော်သည် ထိုအချိန်မှစ၍ သားအနုရုဒ္ဓါက မုန့်စားလိုပါသည်ဟု ပြောသောအခါ ရွှေခွက် တစ်ခုကို ဆေးကြော၍ အခြားရွှေခွက်တစ်ခုဖြင့် အပေါ်၌မှောက်၍ ပို့လေ၏။ နတ်တို့သည် ရွှေခွက်ကို မုန့်တို့ဖြင့် ပြည့်စေကုန်၏။

ဤသို့လျှင် အနုရုဒ္ဓါသည် အိမ်၏အလယ်၌ နေ့စဉ်မရှိဟူသောပုဒ်(စကား)၏အနက် အဓိပ္ပာယ်ကို မသိသူဖြစ်၍ နတ်တို့ဖြစ်သော မုန့်တို့ကိုသာစားခဲ့လေပြီ။

မြတ်စွာဘုရား၏ ရဟန်းအခြံအရံအလို့ငှာ အမျိုးအစဉ်အိမ်အစဉ်အားဖြင့် သာကီဝင် သတို့သား တို့ ရဟန်းပြုကြလေသော်-မဟာနာမ်သာကီဝင်သည်-

ညီတော် ငါတို့၏အိမ်မှရဟန်းပြုသူတစ်ယောက်မျှမရှိသေး။ ညီတော်သော်လည်း ရဟန်းပြုမည် လော၊ နောင်တော်သော်လည်း ရဟန်းပြုရမည်လောဟု ပြောဆိုအပ်သော် အနုရုဒ္ဓါသည် ကျွန်တော်သည် အလွန်နူးညံ့သိမ်မွေ့သူဖြစ်၍ ရဟန်းပြုနိုင်မည်မဟုတ်ပါ။

ရဟန်းပြုနိုင်သူမဟုတ်လျှင် အလုပ်ကိုသင်ယူပါ။ ငါရဟန်းပြုမည်။

ဤအလုပ်ဆိုသည်ကား ဘယ်လိုပါနည်း။

မှန်ပေ၏။ အနုရုဒ္ဓါသည် ထမင်းဖြစ်ရာဌာနကိုသော်လည်းသိသူမဟုတ်၊ အလုပ်ကိုအဘယ်မှာသိမည်နည်း။ ထို့ကြောင့် ဤသို့ပြောခြင်းဖြစ်၏။

ထိုစကားကို ထင်ရှားစေဦးအံ့-

တစ်နေ့သ၌ အနုရုဒ္ဓါမင်းသား ဘဒ္ဒိယမင်းသား ကိမိလမင်းသား သုံးယောက်တို့သည်- ထမင်းမည်သည် အဘယ်၌ဖြစ်ပေါ်သနည်းဟု တိုင်ပင်ပြောဆိုကြလေ၏။ ထိုသုံးယောက်တို့တွင် ကိမိလမင်းသားက ထမင်းမည်သည် စပါးကျီတို့၌ ထွက်ပေါ်သည်ဟုပြောလေ၏။

ကိမိလမင်းသားသည် နေ့တစ်နေ့၌ စပါးတို့ကိုစပါးကျီ၌ထည့်သွင်းသည်တို့ကို မြင်သတတ်။ ထို့ကြောင့် စပါးကျီ၌ ထမင်းဖြစ်သည်ဟူသော အမှတ်ဖြင့် ဤသို့ပြောခြင်းဖြစ်၏။

ထို့နောက် ကိမိလမင်းသားကို ဘဒ္ဒိယမင်းသားက သင်သည်ထမင်းဖြစ်ရာကို သိသူမဟုတ်ဟုဆိုကာ - ထမင်းဆိုတာ ထမင်းအိုး၌ဖြစ်ပေါ်သည်ဟု ပြောလေ၏။

ဘဒ္ဒိယမင်းသားသည် နေ့တစ်နေ့၌ ထမင်းအိုးမှ ထမင်းခူးနေသူတို့ကို မြင်ရ၍ ဤထမင်းသည် ဤအိုး၌သာဖြစ်သည်ဟု မှတ်သားထားသတတ်။ ထို့ကြောင့် ဤသို့ပြောခြင်းဖြစ်၏။

အနုရုဒ္ဓါမင်းသားသည် ဘဒ္ဒိယနှင့် ကိမိလမင်းသားတို့ကို သင်တို့သည်ထမင်းဖြစ်ရာကို သိသူများမဟုတ်ကြဟုဆိုကာ-ထမင်းဆိုတာ တစ်တောင်ခန့်မြင့်သော အထွတ်အဖူးရှိသောရွှေခွက်ကြီး၌ဖြစ်ပေါ်သည်ဟု ပြောလေ၏။

အနုရုဒ္ဓါသည် စပါးထောင်းသူ ထမင်းချက်သူတို့ကိုမမြင်ဖူးပါချေ။ ရွှေခွက်၌ခူးထည့်ပြီးသူ့ရှေ့၌ထားအပ်သော ထမင်းကိုသာသိမြင်သတတ်။ ထို့ကြောင့် ဤထမင်းသည် ရွှေခွက်၌သာဖြစ်သည်ဟု မှတ်သားထားလေ၏။ ထို့ကြောင့် ဤသို့ဆိုခြင်းဖြစ်၏။

ဤသို့လျှင် ထမင်းဖြစ်ရာအရပ်ကိုသော်လည်း မသိသောဘုန်းကြီးသော အနုရုဒ္ဓါအမျိုးသားသည် အလုပ်တို့ကို ဘယ်မှာသိမည်နည်း။

အနုရုဒ္ဓါမင်းသားသည် (ညီတော် အနုရုဒ္ဓါလာလော့ သင့်အားအိမ်၌နေသူတို့၏ အကျိုးစီးပွါးကိုပြောဆိုဆုံးမပေအံ့။ ရှေးဦးစွာ လယ်မြေကိုထွန်စေရမည်၊ အစရှိသောနည်းဖြင့်) နောင်တော်မဟာနာမ်ပြောပြအပ်သော လယ်လုပ်ငန်းတို့၏ အဆုံးမရှိနိုင်ကြောင်းကိုကြား၍ ငါ့အားအိမ်၌နေခြင်းဖြင့် အကျိုးမရှိဟု ကြံမိပြီး- မယ်တော်ကိုပန်ကြား၍ ဘဒ္ဒိယမင်းသားအမှူးပြုသော သာကီဝင်မင်းသား ငါးယောက်တို့နှင့်အတူ အိမ်မှထွက်ခဲ့၍ အနူပိယသရက်တော၌ မြတ်စွာဘုရားထံချဉ်းကပ်၍ ရဟန်းပြုခဲ့လေပြီ။ ရဟန်းပြုပြီးသော် မှန်ကန်သောအကျင့် ပဋိပဒါကိုကျင့်သူဖြစ်၍ အစဉ်အားဖြင့် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြု၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် တစ်ခုသောနေရာ၌ ထိုင်နေလျက်သာလက်ဖဝါးအပြင်၌ထားအပ်သောသျှစ်ရှားသီးတို့ကို မြင်သကဲ့သို့ တစ်ထောင်သော လောကဓာတ်တို့ကိုကြည့်မြင်ခြင်းငှာ စွမ်းနိုင်သူဖြစ်၍-

ပုဗ္ဗေနိဝါသံ ဇာနာမိ၊ ဒိဗ္ဗစက္ခု ဝိသောဓိတံ။
တေဝိဇ္ဇော ဣဒ္ဓိ ပတ္တောမှိ၊ ကတံ ဗုဒ္ဓဿ သာသနံ။

အဟံ- ငါသည်၊ ပုဗ္ဗေနိဝါသံ- ရှေး၌နေခဲ့ဖူးသောခန္ဓာအစဉ်ကို၊ ဇာနာမိ- သိ၏။ ဒိဗ္ဗစက္ခု - ဒိဗ္ဗစက္ခုအဘိညာဉ်ကို၊ ဝိသောဓိတံ- ရှင်းလင်းသုတ်သင်အပ်ပြီ။ တေဝိဇ္ဇော-ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဒိဗ္ဗစက္ခုအဘိညာဉ် အာသာဝက္ခယအဘိညာဉ်ဟု ဆိုအပ်သော ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူသည်၊ ဣဒ္ဓိပတ္တော- တန်ခိုးသို့ရောက်သူ တန်ခိုးနှင့်ပြည့်စုံသူသည်၊ အမှိဖြစ်၏။ ဗုဒ္ဓဿ- မြတ်စွာဘုရား၏၊ သာသနံ- အဆုံးအမသာသနာတော်ကို၊ ကတံ- လိုက်နာပြုကျင့်အပ်ပြီဟူသော ဝမ်းမြောက်ကြောင်း ဉာဉ်ဒါန်း စကားကို မြွက်ဆိုကျူးရင့်ပြီး ငါသည် အဘယ်ကောင်းမှုကိုပြုခဲ့၍ ဤလောကုတ္တရာစည်းစိမ်ချမ်းသာကို ရအပ်လေသနည်းဟု အဘိညာဉ်ဖြင့် ကြည့်ရှုလေသော်- ပဒုမုတ္တရမြတ်စွာဘုရားခြေတော်ရင်း၌ ဆုတောင်းပြုထားခဲ့ပြီဟု သိမြင်၍တဖန် ဘဝသံသရာ၌ ကျင်လည်ရစဉ် ဤမည်သောအချိန်၌ ဗာရာဏသီပြည်ဝယ်သုမနသူဌေးကိုအမှီပြု၍ အသက်မွေးရသော အန္နဘာရအမည်ရှိသူဖြစ်ခဲ့ပြီဟုလည်း သိမြင်၍-

အန္နဘာရော ပုရေ အာသိံ ၊ ဒလိဒ္ဒေါ တိဏဟာရကော။
ပိဏ္ဍပါတော မယာ ဒိန္နော ၊ ဥပရိဋ္ဌဿ တာဒိနော။

အဟံ- ငါသည်၊ ပုရေ- ရှေးလူဖြစ်စဉ်အချိန်၌၊ ဒလိဒ္ဒေါ- ဆင်းရဲသော၊ တိဏဟာရကော- မြက်ကိုထမ်း၍ ပို့ဆောင်ရသော၊ အန္နဘာရော- အန္နဘာရအမည်ရှိသူသည်၊ အာသိံ- ဖြစ်ခဲ့ပြီ။

မယာ- ငါသည်၊ တာဒိနော- သုခ ဒုက္ခ လောကဓံကြောင့် ဖောက်ပြန်မတုန် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော၊ ဥပရိဋ္ဌဿ-ဥပရိဋ္ဌအမည်ရှိသော ပစ္စေကဗုဒ္ဓါအား၊ ပိဏ္ဍပါတော- ဆွမ်းကို၊ ဒိန္နော- ပေးလှူအပ်ခဲ့ပြီဟု ရွတ်ဆိုခဲ့ပြီ။

ထိုအချိန်မှနောက်၌ အနုရုဒ္ဓါထေရ်၏ ဤစိတ်အကြံဖြစ်လေပြီ။

ငါသည် အန္နဘာရဖြစ်ရာထိုအချိန်၌ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား ပေးလှူအပ်သောဆွမ်းအလှူမှ အသပြာတို့ကိုပေး၍ ကုသိုလ်အဖို့ကိုယူလေသော ငါ၏အပေါင်းအဖော် သုမနသူဌေးသည် ယခုအချိန်၌ အဘယ်ဘဝဘုံ၌ာန၌ ဖြစ်နေလေသနည်း။ (ဟူ၏)

ထိုအခါဝိဉ္ဈာတောအုပ်တောင်ခြေ၌ ပုဏ္ဏအမည်ရှိသော နိဂုံး၌မဟာမုဏ္ဍ အမည်ရှိသော ဥပါသကာ၏ မဟာသုမနနှင့် စူဠသုမနသားနှစ်ယောက်တို့တွင် ယခင်သုမနသူဌေးသည် စူဠသုမန ဖြစ်နေ၏ဟု မြင်လေပြီ။ မြင်ပြီးသော်ဆက်လက်၍ ထိုအရပ်၌ငါသွားခဲ့သော် ကျေးဇူးရှိမည်လော မရှိမည်လောဟု စူးစမ်းဆင်ခြင်လတ်သော် ထိုစူဠသုမနသည် ထိုမုဏ္ဍနိဂုံးသို့ ငါသွားရောက်ခဲ့သော် ခုနစ်နှစ်အရွယ်ရှိလျက်သာ အိမ်မှထွက်၍သာမဏေပြုလိမ့်မည်။ ဆံရိတ်ပြီးသည်၏ အဆုံး၌သာ အရဟတ္တဖိုလ်သို့ရောက်လိမ့်မည်ဟု မြင်ပြန်၍ ဝါဆိုလနီးကပ်နေသော် ကောင်းကင်ခရီးဖြင့်ကြွ၍

ရွာတံခါးဝအနီး၌သက်ဆင်းလေပြီ။ မဟာမုဏ္ဍဉပါသကာသည် ရှေးအခါ၌လည်း အနုရုဒ္ဓါထေရ်၏ အကျွမ်းဝင်သူသာဖြစ်၏။ မဟာမုဏ္ဍဉပါသကာသည်အနုရုဒ္ဓါထေရ်ကို ဆွမ်းခံခါနီးအချိန်၌ သင်္ကန်းရုံနေသည်ကိုမြင်၍ သားဖြစ်သူမဟာသုမနကို ချစ်သား၊ ငါ၏အရှင်မြတ်အနုရုဒ္ဓါထေရ်ကြွလာ၏။ အခြားတစ်စုံတစ်ယောက်သောသူသည် မထေရ်၏သပိတ်ကိုမကိုင်ယူမီသွား၍ သပိတ်ကိုယူပါ။ ငါနေရာခင်းထားမည်ဟု ပြောဆို၏။ သားဖြစ်သူ မဟာသုမနသည်ဖခင်ပြောထားသည်ကို ပြုလေ၏။ မဟာမုဏ္ဍဉပါသကာသည် အနုရုဒ္ဓါထေရ်ကို မိမိနေအိမ်အတွင်း၌ ရိုသေစွာဆွမ်းဖြင့်ဆက်ကပ်ပြုစု၍ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးရန် ပဋိညာဉ်ဝန်ခံမှုကိုယူလေ၏။ အနုရုဒ္ဓါထေရ်သည်လည်း ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထိုအချိန်၌ အနုရုဒ္ဓါထေရ်ကို တစ်နေ့တစ်ရက်ကျွေးမွေးပြုစုသကဲ့သို့ ဝါတွင်းသုံးလပတ်လုံးကျွေးမွေးပြုစု၍ မဟာပဝါရဏာနေ့၌ သင်္ကန်းသုံးထည်ကိုလည်းကောင်း၊ တင်းလဲ ဆီဆွမ်းဆန် စသည်တို့ကိုလည်းကောင်း ယူဆောင်ခဲ့ပြီး မထေရ်၏ခြေရင်း၌ထား၍- အရှင်ဘုရားအလှူခံတော်မူပါဟု လျှောက်ထားလေ၏။

ဉပါသကာ တန်ပြီ၊ ငါ့အား သင်လှူသောဤပစ္စည်းဖြင့် အလိုမရှိ။

အရှင်ဘုရား၊ အလိုမရှိဟုဆိုလျှင် တပည့်တော်လှူသော ဤပစ္စည်းသည်ဝဿာဝါသိကလာဘ် (ဝါဆိုသောရဟန်းတော်တို့ ရသင့်သောပစ္စည်း) မည်ပါသည်။ ဤပစ္စည်းကို ခံယူတော်မူပါ။

ဉပါသကာ- ငါမခံယူ။

အရှင်ဘုရား အဘယ်ကြောင့် မခံယူပါသနည်း။

ငါ့အနီး၌ ကပ္ပိယကာရက သာမဏေလည်းမရှိ၊ ထို့ကြောင့် ငါမခံယူ။

အရှင်ဘုရား-ကပ္ပိယကာရက သာမဏေမရှိလျှင် တပည့်တော်၏သားမဟာသုမနသည် သာမဏေဖြစ်ပါလိမ့်မည်။

ဉပါသကာ ငါ့အား မဟာသုမနဖြင့်အကျိုးမရှိ။

အရှင်ဘုရား မဟာသုမနဖြင့် အကျိုးမရှိလျှင် သားစူဠသုမနကို သာမဏေပြုပေးတော်မူကြပါဟု လျှောက်ထားလေသည်။

အနုရုဒ္ဓါထေရ်သည် ကောင်းပြီဟုဝန်ခံ၍ စူဠသုမနကိုသာမဏေပြုပေးလေ၏။

စူဠသုမနသည် ဆံရိတ်ပြီးသည်၏အဆုံး၌ပင် အရဟတ္တဖိုလ်သို့ရောက်လေပြီ။

အနုရုဒ္ဓါထေရ်သည် စူဠသုမနသာမဏေနှင့် အတူထိုအရပ်၌ပင် လခွဲအချိန်မျှနေတော်မူပြီး မြတ်စွာဘုရားကို ဖူးမြင်မည်ဟု စူဠသုမနသာမဏေ၏ ဆွေမျိုးတို့ကိုပန်ကြား၍ ကောင်းကင်ခရီးဖြင့်သာ သွားပြီး ဟိမဝန္တာအရပ်တောကျောင်း၌ သက်ဆင်းတော်မူပြီ။

အရှင်အနုရုဒ္ဓါထေရ်သည်ကား ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သောလုံ့လဝီရိယရှိ၏။ ဟိမဝန္တာတောကျောင်း၌ ရှေ့ည နောက်ညအဆက်မပြတ်စင်္ကြန်သွားနေသော အရှင်အနုရုဒ္ဓါထေရ်၏ ဝမ်းတွင်းလေသည်တက်လာလေပြီ။ ထိုအခါ အနုရုဒ္ဓါထေရ်ကို ပင်ပန်းသောရုပ်ရှိနေသည်ကိုမြင်၍ စူဠသုမနသာမဏေသည်- အရှင်ဘုရား- အရှင်ဘုရားတို့ကို အဘယ်ရောဂါဝေဒနာသည် နှိပ်စက်နေ

ပါသနည်းဟု မေးလေ၏။

သာမဏေ ငါ၏ ဝမ်းတွင်းလေသည်တက်နေပြီ။

အရှင်ဘုရား အခြားအချိန်အခါ၌လည်း ဝမ်းတွင်းလေတက်ဖူးပါသလား။

ငါ့ရှင် သာမဏေတက်ဖူး၏။

အရှင်ဘုရား အဘယ်ဆေးဖြင့် ချမ်းသာခဲ့ပါသနည်း။

ငါ့ရှင်သာမဏေ အနောတတ်ရေအိုင်မှ ရေကိုရလျှင်ချမ်းသာနိုင်သည်။

အရှင်ဘုရား ထိုသို့ချမ်းသာနိုင်လျှင် အနောတတ်အိုင်မှရေကို တပည့်တော်သွား၍ ယူဆောင်ပါမည်။

သာမဏေ သင်ယူဆောင်ရန် စွမ်းနိုင်ပါမည်လော့။

အရှင်ဘုရား တပည့်တော်စွမ်းနိုင်ပါသည်။

စွမ်းနိုင်ခဲ့လျှင် အနောတတ်အိုင်၌ ပန္နဂအမည်ရှိသော နဂါးမင်းသည် ငါ့ကိုသိသည်။ သူ့အားပြောကြား၍ ဆေးအလို့ငှာ သောက်ရေတစ်ခွက်ကို ယူဆောင်ခဲ့လော့။

စူဠသုမနသာမဏေသည် ကောင်းပါပြီဘုရားဟု လျှောက်ထားပြီး ဥပဇ္ဈာယ်ဆရာကိုရှိခိုး၍ ကောင်းကင်သို့ ပျံတက်ကာ ယူဇနာငါးရာဝေးသောအနောတတ်အိုင်သို့ သွားလေ၏။ ထိုနေ့မှာကား နဂါးမင်းသည် နဂါးကချေသည်အပေါင်းခြံရံလျက် ရေကစားလိုသူဖြစ်နေ၏။

နဂါးမင်းသည် ရောက်လာသောသာမဏေကို မြင်လျှင်ပင်အမျက်ထွက်လေ၏။

ဤဦးပြည်းရဟန်းသည် သူ၏ခြေမှုန့်ကို ငါ၏ဦးခေါင်းထက်၌ကြဲဖြန့်လျက် လှည့်သွားနေ၏။ အနောတတ် အိုင်၌သောက်ရေအလို့ငှာ (သောက်ရေကိုအလိုရှိ၍)လာသည်ဖြစ်လိမ့်မည်။ ယခုအချိန်၌ ဦးပြည်းရဟန်းအား သောက်ရေကိုငါမပေးဟုပြောပြီး ယူဇနာငါးဆယ်ရှိသော အနောတတ်အိုင်ကို ကြီးစွာသောခွက်ဖြင့် ထမင်းအိုးကို ပိတ်ထားသူကဲ့သို့ ပါးပျဉ်းဖြင့်ပိတ်၍အိပ်နေလေ၏။

စူဠသုမနသာမဏေသည် နဂါးမင်း၏အချင်းအရာကို (အခြေအနေကို) ကြည့်၍သာ ဤနဂါးမင်းသည် အမျက်ထွက်နေ၏ဟု သိ၍ဤဂါထာကို ဆို၏။

သုဏောဟိ မေ နာဂရာဇ ၊ ဥဂ္ဂတေဇ မဟာဗ္ဗလ။
ဒေဟိ မေ ပါနီယ ဃဋံ ၊ ဘေသဇ္ဇတ္ထမှိ အာဂတော။

ဥဂ္ဂတေဇ- ထက်မြတ်သောတန်ခိုးရှိသော၊ မဟာဗ္ဗလ- စွမ်းအားကြီးသော၊ နာဂရာဇ- နဂါးမင်း၊ မေ- ကျွန်ုပ်၏ (ဝစနံ-စကားကို) သုဏောဟိ- နားထောင်ပါ။

(အဟံ- ကျွန်ုပ်သည်၊ ဘေသဇ္ဇတ္ထံ- ဆေးအလို့ငှာ၊ အာဂတော- လာသူသည်၊ အမှိ- ဖြစ်၏။ (တွံ- သင်နဂါးမင်းသည်) မေ- ကျွန်ုပ်အား၊ ပါနီယဃဋံ- သောက်ရေတစ်အိုးကို၊ ဒေဟိ- ပေးလော။

နဂါးမင်းသည် ထိုစကားကိုကြား၍ ဤဂါထာကိုဆိုလေ၏။

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ ဂဂ္ဂါ နာမ မဟာနဒီ။
မဟာသမုဒ္ဒ မပ္ပေတိ၊ တတောတွံ ပါနီယံ ဟရ။

(ဘောမုဏ္ဍကသာမဏာ- အိုဦးပြည်းရဟန်း) ပုရတ္ထိမသ္မိံ ဒိသာဘာဂေ- အရှေ့အရပ်မျက်နှာအဖို့၌၊ ဂင်္ဂါနာမ- ဂင်္ဂါအမည်ရှိသော၊ မဟာနဒီ- မြစ်ကြီးသည်၊ မဟာသမုဒ္ဒံ- မဟာသမုဒ္ဒရာသို့ ၊ အပ္ပေတိ- စီးဝင်လေ၏။ တွံ- သင်ဦးပြည်းရဟန်းသည်၊ တတော- ထိုဂင်္ဂါမြစ်ကြီးမှ၊ ပါနီယံ- သောက်ရေကို၊ ဟရ - ယူဆောင်လေလော့။

စူဠသုမနသာမဏေသည် ထိုစကားကိုကြား၍ ဤနဂါးမင်းသည် မိမိအလိုဖြင့် ပေးမည်မဟုတ်၊ ငါသည် နိုင်ချက်ကိုပြ၍(အင်အားသုံး၍) အစွမ်းအာနုဘော်ကို ပြုစေပြီး ဤနဂါးမင်းကို နှိပ်စက်၍သာ သောက်ရေကို ယူဆောင်မည်ဟု ကြံစည်ပြီး-

အို- နဂါးမင်း ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ အနုရုဒ္ဓါထေရ်သည် ကျွန်ုပ်ကိုအနောတတ်အိုင်မှသာ သောက်ရေကို အယူခိုင်းလိုက်သည်။ ထို့ကြောင့်ကျွန်ုပ်သည် ဤအနောတတ်အိုင်မှ ရေကိုသာ ယူဆောင်မည်၊ ဆုတ်ခွာဖယ်ရှားလော့၊ ကျွန်ုပ်ကိုမတားပါနှင့်ဟု ပြော၍ ဤဂါထာကို ဆိုလေ၏။

ဣတောဝ ပါနီယံ ဟာဿံ၊ ဣမိနာဝမှိ အတ္ထိကော။
ယဒိ တေ ထာမဗလံ အတ္ထိ၊ နာဂရာဇ နိဝါရယ။

နာဂရာဇ- နဂါးမင်း၊ (အဟံ- ကျွန်ုပ်သည်) ဣတောဝ- ဤအနောတတ်အိုင်မှသာ၊ ပါနီယံ- သောက်ရေကို၊ ဟာဿံ- ယူဆောင်အံ့။ ဣမိနာဝ- ဤအနောတတ်အိုင်ရေဖြင့်သာ၊ အတ္ထိကော- အလိုရှိသူသည်၊ အမှိ- ဖြစ်၏။ တေ- သင်နဂါးမင်း၏၊ ထာမဗလံ- အစွမ်းအားသည်၊ ယဒိအတ္ထိ- အကယ်၍ရှိအံ့၊ (ဧဝံသတိ- ရှိခဲ့သော်) (မံ-ကျွန်ုပ်ကို ) နိဝါရယ- တားမြစ်ပေတော့။

ထိုအခါ နဂါးမင်းသည် စူဠသုမနသာမဏေကို ဤသို့ဆို၏။

သာမဏေရ သစေအတ္ထိ၊ တဝ ဝိက္ကမ ပေါရိသံ။
အဘိနန္ဒာမိ တေဝါစံ၊ ဟရဿု ပါနီယံ မမ။

သာမဏေရ- အိုသာမဏေ၊ တဝ-သင်၏၊ ဝါ သင့်အား၊ ဝိက္ကမပေါရိသံ ယောက်ျားတို့၏ စွမ်းအားလုံ့လ ဝီရိယသည်၊ သစေအတ္ထိ- အကယ်၍ရှိအံ့၊ (ဧဝံသတိ- ဤသို့ရှိခဲ့သော်) (အဟံ- ကျွန်ုပ်သည်) တေ- သင်သာမဏေ၏၊ ဝါစံ- ပြောစကားကို၊ အဘိနန္ဒာမိ- အလွန်နှစ်သက်ပါ၏။ မမ- ကျွန်ုပ်၏၊ ပါနီယံ- သောက်ရေကို၊ ဟရဿု- ယူဆောင်ပေတော့။

ထိုသို့ပြောသောအခါ သာမဏေသည် နဂါးမင်းကို- အိုနဂါးမင်း သင်ဆိုတိုင်းမှန်ခဲ့လျှင် ကျွန်ုပ်ရေကို ယူဆောင်မည်ဟု ပြောလျှင်အကယ်၍စွမ်းနိုင်ခဲ့သော် ယူဆောင်ပေတော့ဟု ပြောဆို

အပ်သော် ထိုသို့ဖြစ်လျှင် ကောင်းစွာပြုပေတော့ဟု သုံးကြိမ်တိုင်အောင် နဂါးမင်းထံမှ ဝန်ခံချက်ကိုယူ၍ မြတ်စွာဘုရားသာသနာတော်၏ အစွမ်းသတ္တိကိုပြပြီးမှ ငါသည်ရေကိုယူဆောင်သင့်သည်ဟု စိတ်ကူးပြီး ကောင်းကင်၌တည်သောနတ်တို့ထံ ရှေးဦးစွာသွားလေ၏။ ထိုနတ်တို့သည် လာရောက်ရှိခိုးကြပြီး- အရှင်ဘုရား အဘယ်အကြောင်းပါနည်းဟု လျှောက်ထား၍ တည်နေကြကုန်၏။

ထိုအနောတတ်အိုင်ပေါ်၌ ပန္နဂမည်သောနဂါးမင်းနှင့်အတူ ကျွန်ုပ်၏စစ်ထိုးခြင်းသည် ဖြစ်လိမ့်မည်။ ထိုအနောတတ်အိုင်သို့သွား၍ အနိုင်အရှုံးကိုကြည့်ကြကုန်လော့ဟု ပြောလေ၏။

စူဠသုမနသာမဏေသည် ဤနည်းဖြင့်သာ လောကပါလနတ်မင်းကြီးလေးဦးနှင့်သိကြားမင်း၊ သုယာမနတ်မင်း၊ သန္တုသိတနတ်မင်း၊ ပရနိမ္မိတ၊ ဝသဝတ္တိနတ်မင်းတို့ထံ သွားရောက်ချဉ်းကပ်၍ ထိုအကြောင်းကို ပြောဆိုလေ၏။ ထိုနောင်မှ အစဉ်အတိုင်းဗြဟ္မာ့ဘုံသို့သွား၍ ထိုဗြဟ္မာဘုံတို့၌ လာရောက်ရှိခိုး၍ တည်နေကြသော ဗြဟ္မာကြီးတို့က အရှင်ဘုရားအဘယ်အကြောင်းပါနည်းဟု မေးအပ်လေသော် ထိုအကြောင်းကို ပြောဆို၏။

ဤသို့လျှင် စူဠသုမနသာမဏေသည် အသညသတ်ဗြဟ္မာတို့နှင့် အရူပဗြဟ္မာတို့ကို ချန်လှပ်၍ ဗြဟ္မာပြည် အားလုံးတို့၌အချိန်မဟုတ်ဖြင့်သာ လှည့်လည်၍ပြောဆိုလေ၏။

စူဠသုမနသာမဏေ၏စကားကိုကြားကြ၍ နတ်ဗြဟ္မာအားလုံးတို့သည် အနောတတ် ရေအိုင်အထက်အပြင်၌ ကျည်တောက်၌ထည့်အပ်သော မုန့်ညက်မှုန့်တို့ကဲ့သို့ ကောင်းကင်ကိုအကြား မရှိ ပြည့်စေ၍စုဝေးနေကြကုန်၏။

နတ်ဗြဟ္မာအပေါင်းသည် စုဝေးနေလေသော် စူဠသုမနသာမဏေသည် ကောင်းကင်၌ရပ်၍ နဂါးမင်းကို ပြော၏။

သုဏောဟိ မေ နာဂရာဇ၊ ဥဂ္ဂတေဇ မဟဗ္ဗလ။
ဒေဟိ မေ ပါနီယဃဋံ၊ ဘေသဇ္ဇတ္ထမှိ အာဂတော။

ဥဂ္ဂတေဇ- ထက်မြက်သောတန်ခိုးရှိသော၊ မဟဗ္ဗလ- ကြီးမားသောခွန်အားရှိသော၊ နာဂရာဇ- နဂါးမင်း၊ (တွံ- သင်သည်) မေ- ကျွန်ုပ်၏ (ဝစနံ- စကားကို) သုဏောဟိ- နာယူလော၊ (အဟံ- ကျွန်ုပ်သည်) ဘေသဇ္ဇတ္ထံ- ဆေးအလို့ငှာ အာဂတော- လာယူသည်။ အမှိ- ဖြစ်၏။ မေ- ကျွန်ုပ်အား၊ ပါနီယဃဋံ- သောက်ရေတစ်အိုးကို၊ ဒေဟိ- ပေးလော့။

ထိုသို့ပြောဆိုသောအခါ နဂါးမင်းသည် သုမနသာမဏေကို ဤသို့ပြော၏။

သာမဏေရ သစေအတ္ထိ၊ တဝ ဝိက္ကမ ပေါရိသံ။
အဘိနန္ဒာမိ တေဝါစံ၊ ဟရဿု ပါနီယံ မမ။

သာမနေရ- အိုသာမဏေ၊ တဝ- သင်၏၊ ဝါ-သင့်အား၊ ဝိက္ကမပေါရိသံ- ယောကျ်ားတို့၏ စွမ်းအားလုံ့လဝီရိယသည်၊ သစေအတ္တိ- အကယ်၍ရှိအံ့၊ (ဇဝ်သတိ-ဤသို့ရှိခဲ့သော်) တေ- သင်၏၊ ဝါစံ - စကားကို (အဟံ-ကျွန်ုပ်သည်) အဘိနန္ဒာမိ- အလွန်နှစ်သက်ပါ၏။ မမ - ကျွန်ုပ်၏၊ ပါနီယံ - သောက်ရေကို၊ ဟရဿု- ယူဆောင်ပေတော့။

သုမနသာမဏေသည် နဂါးမင်း၏သုံးကြိမ်တိုင်အောင်ဝန်ခံမှုကိုယူ၍ ကောင်းကင်၌ရပ်လျက်သာ တစ်ဆယ့်နှစ်ယူဇနာရှိသော ပြဟ္မာ၏ကိုယ်ကိုဖန်ဆင်း၍ ကောင်းကင်မှသက်ဆင်းပြီး နဂါးမင်း၏ ပါးပျဉ်း၌နင်း၍ အောက်၌ခံတွင်းရှိအောင် (ပါးစပ်ဟအောင်) နှိပ်နင်းလေ၏။ ထိုခဏ၌ပင် အားရှိသော ယောကျ်ားသည် တက်နင်းအပ်သော သားရေအစိုကဲ့သို့ နဂါးမင်း၏ပါးပျဉ်းသည် နင်းကာမျှဖြစ်လတ်သော် အောက်သို့လျှောကျ၍ ယောက်မမျှလောက်ကုန်သောပါးပျဉ်းအဖုတို့ဖြစ်လေကုန်၏။ နဂါးမင်း၏ ပါးပျဉ်းတို့မှ လွတ်ရာလွတ်ရာအရပ်မှ ထန်းပင်လုံးပမာဏရှိကုန်သော ရေလုံးတို့သည် အထက်သို့ တက်ကုန်၏။ သာမဏေလည်း ကောင်းကင်၌သာ သောက်ရေအိုးကိုပြည့်စေပြီး နတ်ပြဟ္မာအပေါင်းသည် ကောင်းချီးပေးလေ၏။

ထိုအခါ နဂါးမင်းသည် အရှက်ရပြီး သာမဏေအား အမျက်ထွက်လေ၏။

နဂါးမင်း၏ မျက်လုံးတို့သည် လယ်ခေါင်ရမ်းပန်းအဆင်းကဲ့သို့ နီမြန်းကုန်၏။

နဂါးမင်းသည် ဤသာမဏေသည် နတ်ပြဟ္မာအပေါင်းကို စုဝေးစေပြီး သောက်ရေကိုယူကာ ငါ့ကို အရှက်ခွဲ၏။ ဤသာမဏေကို ဖမ်းယူ၍သူ၏ခံတွင်း၌ လက်ကိုထည့်၍ နှလုံးသားကိုမူလည်း နှိပ်ချေအံ့။ ခြေတို့ကိုမူလည်း ကိုင်၍သာမဏေကို ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ လွင့်ပစ်အံ့ဟု ကြံစည်၍ လျင်မြန်သောအဟုန်ဖြင့် နောက်မှလိုက်လေ၏။

နောက်မှအစဉ်မကွာလိုက်သော်လည်း သာမဏေကိုမှီရန် မစွမ်းနိုင်သည်သာဖြစ်၏။

သာမဏေသည် မိမိနေရပ်သို့သွား၍ ဥပဇ္ဈာယ်၏လက်၌ သောက်ရေကိုထား၍ အရှင်ဘုရား သောက်တော်မူပါဟု လျှောက်ထား၏။

နဂါးမင်းသည်လည်း နောက်မှရောက်လာပြီး- အရှင်အနုရုဒ္ဓါဘုရား သာမဏေသည် တပည့်တော် မပေးဘဲသာသောက်ရေကို ယူဆောင်လာပါသည်။ သောက်တော်မမူပါနှင့်ဟု လျှောက်ထား၏။

အို သုမနသာမဏေ နဂါးမင်းပြောသည့်အတိုင်း မှန်လေသလော။

အရှင်ဘုရားသောက်တော်မူပါ။ တပည့်တော်သည် ဤနဂါးမင်းပေးအပ်သော သောက်ရေကို ဆောင်အပ်ပါ၏ဟု လျှောက်ထားလေ၏။

အနုရုဒ္ဓါထေရ်သည် ရဟန္တာဖြစ်သောသာမဏေ၏ မုသားစကားပြောဆိုခြင်း မည်သည်မရှိဟု သိတော်မူကာ သောက်ရေကိုသောက်တော်မူပြီ။ သောက်ရာခဏ၌ပင် မထေရ်၏ လေနာရောဂါ ငြိမ်းအေးလေ၏။ နဂါးမင်းသည် အနုရုဒ္ဓါထေရ်ကို နောက်ထပ်လျှောက်ထားပြန်၏။

အရှင်ဘုရား သုမနသာမဏေသည် အားလုံးသောနတ်ပြဟ္မာအပေါင်းကို စုဝေးစေပြီး ရှက်စေအပ်သူ ဖြစ်ပါ၏။ တပည့်တော် အရှက်ခွဲခံရသူဖြစ်ပါ၏။

တပည့်တော်သည် သာမဏေ၏ နှလုံးသားကိုမူလည်း ခွဲဖျက်ပါမည်။ ခြေတို့ကိုမူလည်းကိုင်၍ သာမဏေ ကို ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ပစ်ချပါမည်ဟု လျှောက်ထား၏။

နဂါးမင်း သာမဏေသည် ကြီးမြတ်သောတန်ခိုးအာနုဘော်ရှိ၏။ သင်တို့သည် သာမဏေနှင့် အတူ စစ်ထိုးရန် စွမ်းနိုင်ကြမည်မဟုတ်၊ သာမဏေကိုသည်းခံစေ၍ (တောင်းပန်၍)ပြန်ကြလော့ဟု မိန့်တော်မူ၏။

နဂါးမင်းသည် ကိုယ်တိုင်လည်း သာမဏေ၏တန်ခိုးအာနုဘော်ကို သိသူသာဖြစ်၏။ သို့သော် လည်း ရှက်သဖြင့် အစဉ်လိုက်၍လာသူဖြစ်၏။ ထိုအခါ မထေရ်၏စကားဖြင့် သာမဏေကို တောင်းပန်၍ သာမဏေနှင့်အတူ မိတ်ဆွေအဖြစ်ချစ်ကျွမ်းဝင်သူ အဖြစ်ကိုပြု၍ ဤအချိန်မှစ၍ အနောတတ်ရေဖြင့် အလိုရှိခဲ့သော် အရှင်ဘုရားတို့အား ကြွလာရန်ကိစ္စမရှိပါ။ တပည့်တော်ထံ စေလွှတ်တော်မူကြပါ၊ တပည့်တော်ကိုယ်တိုင်သာ ယူဆောင်၍ လှူပါမည်ဟု လျှောက်ထားပြီး ထွက်သွားလေ၏။

အနုရုဒ္ဓါထေရ်သည်လည်း သာမဏေကိုခေါ်၍ ကြွသွားတော်မူပြီ။ မြတ်စွာဘုရားသည် အနုရုဒ္ဓါ ထေရ် ကြွလာမည်ကိုသိတော်မူ၍ မိဂါရ ,သူဌေး၏အမိ ဝိသာခါကျောင်းပြာသာဒ်၌ အနုရုဒ္ဓါထေရ် ကြွလာမည်ကို မျှော်လင့်စောင့်စားလျက် နေတော်မူ၏။ ရဟန်းတို့လည်း အနုရုဒ္ဓါထေရ်ကြွလာသည်ကို မြင်ကြ၍ခရီးဦးကြိုဆိုကြပြီး သပိတ်သက်န်းကို လှမ်းယူကြကုန်၏။ ထိုအခါ အချို့သောရဟန်းတို့သည် သုမနသာမဏေကို ဦးခေါင်း၌လည်းကောင်း နားရွက်တို့၌လည်းကောင်း ကိုင်၍လှုပ်စေ၍ အိုညီငယ် သာမဏေအသို့နည်းငြီးငွေ့ ဆန့်ကျင်သူ မဖြစ်သလောဟု ပြောကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်း တို့၏အမူအရာကို မြင်တော်မူ၍(စဉ်းစားတော်မူ၏) ဤရဟန်းတို့၏ အပြုအမူသည် စင်စစ်ဝန်လေးလှ၏။ မြွေဆိုးကိုလည်၌ ကိုင်ကုန်သကဲ့သို့ သာမဏေကိုကိုင်ကြကုန်၏။ သာမဏေ၏ တန်ခိုးအာနုဘော်ကို မသိကြ၊ ယခုငါဘုရားသည် သုမနသာမဏေ၏ ဂုဏ်ကိုထင်ရှားအောင်ပြုသင့်သည်ဟု စဉ်းစား တော်မူ၏။

အနုရုဒ္ဓါထေရ်သည်လည်း ကြွလာ၍ မြတ်စွာဘုရားကို ရှိခိုးပြီး ထိုင်နေတော်မူသည်။ မြတ်စွာ ဘုရားသည် အနုရုဒ္ဓါထေရ်နှင့်အတူ အဆက်အစပ်ပြုတော်မူ၍- အာနန္ဒာထေရ်ကို-

အို-အာနန္ဒာ ငါဘုရားသည် အနောတတ်အိုင်မှရေဖြင့် ခြေတို့ကိုဆေးကြောလို၏။ သာမဏေတို့အား ရေအိုးကိုပေး၍ သုံးရေကိုယူဆောင်ပါစေဟု မိန့်တော်မူ၏။

အာနန္ဒာထေရ်သည် ပုဗ္ဗာရုံကျောင်း၌ သာမဏေငါးရာတို့ကို စုဝေးစေ၏။ ထိုသာမဏေတို့တွင် သုမနသာမဏေသည် အငယ်ဆုံးဖြစ်၏။ အာနန္ဒာထေရ်သည် အကြီးဆုံးသာမဏေကို-

အို သာမဏေ မြတ်စွာဘုရားသည် အနောတတ်အိုင်မှရေဖြင့် ခြေတော်တို့ကို ဆေးကြော လိုတော်မူ၏။ သင်သည်အိုးကိုယူ၍သွားပြီး ခြေဆေးရေကိုယူဆောင်ခဲ့ပါဟု မိန့်တော်မူ၏။

ထိုသာမဏေသည် အရှင်ဘုရားကပည့်တော်မစွမ်းနိုင်ပါဟု လျှောက်ထားကာသွား၍ မယူဆောင်လို။အာနန္ဒာထေရ်သည် ကျန်သောသာမဏေတို့ကိုလည်း အစဉ်အတိုင်းမေးတော်မူ၏။ ထိုသာမဏေတို့သည်လည်း ရှေးနည်းအတိုင်းသာ ပြောဆိုကြပြီး ပယ်ကြကုန်၏။

အသို့နည်း၊ ဤသာမဏေတို့တွင် ရဟန္တာသာမဏေတို့မရှိကြသလော၊ ဤသည်ကား အမေး

ဖြစ်၏။ ရှိကြပါသည်။ သို့သော်လည်း ထိုရဟန္တာသာမဏေတို့သည် ထုပ်ထားအပ်သော ဤပန်းဆုပ်သည် ငါတို့အတွက် မဟုတ်၊ သုမနသာမဏေအတွက်သာ ထုပ်ထားအပ်သည်ဟုသိကြ၍ သွားရောက်ယူဆောင်ခြင်းငှာ၊ အလိုမရှိကြကုန်။

နောက်ဆုံး၌ကား သုမနသာမဏေအလှည့်ရောက်လတ်သော် သာမဏေ မြတ်စွာဘုရားသည် အနောတတ်အိုင်မှရေဖြင့် ခြေတော်တို့ကို ဆေးကြောလိုတော်မူ၏။ အိုးကိုယူ၍ ရေကိုယူဆောင်ခဲ့ရမည်တဲ့ဟု မိန့်တော်မူ၏။

သုမနသာမဏေသည် မြတ်စွာဘုရားကယူဆောင်ခိုင်းလျှင် ယူဆောင်ပါမည်ဟု လျှောက်ထားကာ မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရားတပည့်တော်ကို အနောတတ်အိုင်မှရေကို ယူဆောင်ခိုင်းတော်မူပါသလောဟု လျှောက်ထား၏။

သုမန ငါဘုရားယူဆောင်ခိုင်းသည်မှန်၏ဟု မိန့်တော်မူ၏။

သုမနသာမဏေသည် ကျောင်းအမ ဝိသာခါပြုထားစေအပ်သော တစ်ခဲနက်သောရွှေတို့ကို ရိုက်ခတ်ထုနက်၍ ပြုအပ်သော ကျောင်းအသုံးအဆောင်အိုးတို့တွင် ပကတိအိုးအလုံးခြောက်ဆယ်ဆန့်သော အိုးကြီးတစ်လုံးကို လက်ဖြင့်ကိုင်၍ အပေါ်မြောက်၍ ပခုံးစွန်း၌ထားအပ်သော ဤအိုးဖြင့်ငါ့အားအလိုမရှိဟုကြံရွယ်၍ လက်ဖြင့်တွဲလွဲဆွဲကာ ကောင်းကင်သို့ပျံတက်၍ ဟိမဝန္တာတောင်သို့ရှေးရှုပျံကြွသွားလေပြီ။

နဂါးမင်းသည် သုမနသာမဏေကို အဝေးမှပင်လာနေသည်ကိုမြင်၍ ခရီးဦးကြိုဆိုပြီး သာမဏေယူခဲ့သော အိုးကိုမိမိပခုံးစွန်းဖြင့်ထမ်းယူ၍- အရှင်ဘုရား အရှင်ဘုရားတို့သည် တပည့်တော်လိုခိုင်းစရာကျွန်ရှိနေပါလျက် အဘယ်ကြောင့် ကိုယ်တိုင်ကြွလာတော်မူကြပါသနည်း။

ရေဖြင့်အလိုရှိပါလျက် အဘယ်ကြောင့်သတင်းစကားမျှကိုသော်လည်း မပို့ကြပါသနည်းဟု လျှောက်ထားကာ ရွှေအိုးဖြင့် ရေကိုယူ၍ကိုယ်တိုင်ရွက်ပြီး အရှင်ဘုရားရှေ့က ကြွတော်မူပါ၊ တပည့်တော်သာ ယူဆောင်ခဲ့ပါမည်ဟု လျှောက်ထားလေ၏။

နဂါးမင်းမြတ် သင်တို့ရပ်နေကြကုန်လော့၊ မြတ်စွာဘုရားသည် ကျွန်ုပ်ကိုသာစေခိုင်းအပ်သည်ဟု ပြော၍ နဂါးမင်းကိုနေရစ်စေပြီး ရေအိုးကိုနှုတ်ခမ်းလုံး၌ လက်ဖြင့်ကိုင်၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွလာလေ၏။ ထိုအခါ သာမဏေကိုမြတ်စွာဘုရားသည် ပြန်ကြွလာသည်ကိုမျှော်ကြည့်တော်မူပြီး ရဟန်းတို့ကို - ရဟန်းတို့သုမန သာမဏေ၏ တင့်တယ်စမွှာယ်မှုကိုကြည့်ကြကုန်လော၊ ကောင်းကင်၌ ဟင်္သာမင်းကဲ့သို့ တင့်တယ်ပါပေ၏ဟု မိန့်တော်မူ၏။

သုမနသာမဏေသည်လည်း ရေအိုးကိုချထားပြီး မြတ်စွာဘုရားကိုရှိခိုး၍နေလေ၏။ ထိုအခါ သာမဏေကို မြတ်စွာဘုရားသည် မောင်သုမန- သင်သည်အဘယ်မျှသော အသက်ရှိသူဖြစ်သနည်း။ (အသက်မည်မျှ ရှိသနည်း) ဟုမေးတော်မူ၏။

မြတ်စွာဘုရား တပည့်တော်အသက်ခုနစ်နှစ်ရှိသူဖြစ်ပါ၏ ဟုလျှောက်ထား၏။

မောင်သုမန- ခုနစ်နှစ်ရှိသူဖြစ်လျှင် ယနေ့မှစ၍ရဟန်းဖြစ်ပေတော့ဟု မိန့်တော်မူကာ ဘုရားအမွေဖြစ်သော ရဟန်းအဖြစ်ကိုပေးတော်မူလေပြီ။

ဤသုမနသာမဏေသည်လည်းကောင်း၊ သောပါကသာမဏေသည်လည်းကောင်း၊ ဤသာမဏေ နှစ်ပါးတို့သာ ခုနစ်နှစ်အရွယ်ရှိကြလျက် ရဟန်းအဖြစ်ကိုရကြကုန်သတတ်။

ဤသို့လျှင် သုမနသာမဏေ ရဟန်းဖြစ်လတ်သော် ရဟန်းတို့သည် ဓမ္မသဘင်၌ စကားပြောဆိုကြကုန်၏။

ငါ့ရှင်တို့ အံ့ဩဖွယ်ရှိပါပေစွ၊ သာမဏေငယ်၏ တန်ခိုးအာနုဘော်သည် ဤသို့သဘောရှိပါပေ၏။ ဤအချိန်မှရှေးဖြစ်သောအချိန်၌ ဤသို့သဘောရှိသော တန်ခိုးအာနုဘော်ကို ငါတို့မြင်အပ်ဖူးသည်မဟုတ်ဟု စကားပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍-ရဟန်းတို့ ယခုအချိန်၌သင်တို့သည် အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူ၍- ဤမည်သောစကားဖြင့် စုဝေးနေကြပါသည်ဟု လျှောက်ထားအပ်လေသော် ရဟန်းတို့ ငါဘုရားသာသနာတော်၌ ငယ်ပင်ငယ်သော်လည်း နည်းမှန်လမ်းမှန်ကျင့်ကြံအားထုတ်သူသည် ဤသို့သဘောရှိသော စည်းစိမ်ကိုရသည်သာတည်းဟု မိန့်တော်မူကာ တရားဟောတော်မူသော မြတ်စွာဘုရားသည် ဤဂါထာကိုဟောပြတော်မူသည်။

ယောဟဝေ ဒဟရောဘိက္ခု၊ ယုဥ္ဇတိ ဗုဒ္ဓသာသနေ။
သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

ဒဟရော- ငယ်သော၊ ယောဘိက္ခု- အကြင်ရဟန်းသည်၊ ဗုဒ္ဓသာသနေ- မြတ်စွာဘုရားသာသနာတော်၌၊ ဟဝေ- စင်စစ်၊ ယုဥ္ဇတိ- တရားကိုကြိုးစားအားထုတ်၏။

သောဘိက္ခု- ထိုရဟန်းသည်၊ အဗ္ဘာ- တိမ်တိုက်စသည်မှ၊ မုတ္တော- ကင်းလွတ်သော၊ စန္ဒိမာဣဝ- လမင်းကဲ့သို့၊ (အတ္တနော-မိမိ၏၊ အရဟတ္တမဂ္ဂဉာဏေန- အရဟတ္တမဂ်ဉာဏ်ဖြင့်) ဣမံလောကံ- ခန္ဓာစသည် အပြားရှိသော ဤလောကကို၊ ပဘာသေတိ- ထွန်းလင်းစေ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့ကို ရောက်ကြလေကုန်၏။

**သုမနသာမဏေရဝတ္ထု ပြီး၏။**

# ၂၆။ ဗြဟ္မဏဝဂ်

## ၁၅၁။ ပသာဒဗဟုလ ဗြဟ္မဏဝတ္ထု ကြည်ညိုမှုများသောပုဏ္ဏားအကြောင်း

သာဝတ္ထိမြို့၌ ပုဏ္ဏားတစ်ယောက်သည် မြတ်စွာဘုရား၏ ဟောကြားအပ်သော တရားတော်ကို ကြားနာရ၍ ကြည်ညိုစိတ်ရှိပြီး မိမိအိမ်သို့ တစ်ကျိပ်ခြောက်ပါးသောရဟန်းတို့အား နိစ္စဘတ် အမြဲလှူသောဆွမ်းကို ဝတ်တည်ထားကာ ရဟန်းတို့ကြွလာရာအချိန်၌ ရဟန်းတို့၏သပိတ်ကိုယူ၍-

အို ရဟန္တာအရှင်မြတ်တို့ ကြွတော်မူကြပါ။

အို ရဟန္တာအရှင်မြတ်တို့ ထိုင်တော်မူကြပါ ဟူသောအမျိုးမျိုးသောစကားကိုပြောဆိုစဉ် ရဟန္တာ ဟူသော အပြောအဆိုနှင့် စပ်ယှဉ်သောစကားကိုသာ ပြောဆို၏။

ထိုရဟန်းတို့တွင် ပုထုဇဉ်ရဟန်းတို့သည် ဤပုဏ္ဏားသည် ငါတို့၌ရဟန္တာဟု မှတ်ထင်နေသည်ဟု သိကြကုန်၏။

ရဟန္တာရဟန်းတို့သည်-

ဤပုဏ္ဏားသည် ငါတို့၏ ရဟန္တာဖြစ်ကြောင်းကို သိသူဖြစ်သည်ဟူသော စိတ်ဖြစ်ကုန်၏။

ဤသို့လျှင် ထိုရဟန်းအားလုံးတို့သည် ငါတို့သည်သိက္ခာပုဒ်နှင့် ငြိစွန်းလေသလောဟု ကုက္ကုစ္စဖြစ်ကုန်၍ ထိုပုဏ္ဏား၏အိမ်သို့ ဆွမ်းခံမကြွကြလေကုန်။

ပုဏ္ဏားကြီးသည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်လျက် အရှင်မြတ်တို့သည် အဘယ်အကြောင်း ကြောင့် ငါ့အိမ်သို့ မကြွကြသနည်းဟု ကျောင်းသို့သွား၍ မြတ်စွာဘုရားကိုရှိခိုးပြီး ထိုအကြောင်းကို လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ရဟန်းတို့ကိုမိန့်ခေါ်တော်မူပြီး- ရဟန်းတို့ ဤပုဏ္ဏားအိမ်သို့ သင်တို့ မသွားခြင်းသည် အဘယ်အကြောင်းရှိသနည်းဟု မေးတော်မူသဖြင့် ထိုရဟန်းတို့သည် ထိုအကြောင်း ကိုလျှောက်ထားအပ်လေသော် ရဟန်းတို့ သင်တို့သည်ပုဏ္ဏား၏ ရဟန္တာဟု ခေါ်ဝေါ်ပြောဆိုမှုကို သာယာကြကုန်သလောဟု မိန့်တော်မူ၏။

မြတ်စွာဘုရား တပည့်တော်တို့ သာယာမှုမရှိကြပါဟု လျှောက်ထားကြသည်။

သာယာမှုမရှိလေသော် ရဟန္တာဟု ခေါ်ဝေါ်ပြောဆိုအပ်သောစကားသည် လူဒါယကာတို့၏ ပသာဒဘည - ကြည်ညိုသဖြင့် ပြောဆိုအပ်သောစကားဖြစ်သည်။ ရဟန်းတို့ကြည်ညိုသဖြင့် ပြောဆိုခံ ရခြင်း၌ အာပတ်သင့်ခြင်းမရှိ၊ စင်စစ်သော်ကား ပုဏ္ဏား၏ရဟန္တာတို့၌ လွန်ကဲသောမြတ်နိုးခြင်းရှိ၏။ ထို့ကြောင့် သင်ချစ်သားတို့သည်လည်း တဏှာရေအလျင်ကိုဖြတ်၍ အရဟတ္တဖိုလ်သို့သာ ရောက်သင့် လှပေသည်ဟု မိန့်တော်မူကာ တရားဟောတော်မူသော် ဤဂါထာကိုဟောတော်မူ၏။

ဆိန္ဒ သောတံ ပရက္ကမ္မ၊ ကာမေပနုဒ ဗြာဟ္မဏ။
သင်္ခါရာနံ ခယံဉတွာ၊ အကတညူသိ ဗြာဟ္မဏ။

ဗြာဟ္မဏ- ကိလေသာကို အပပြုလိုသူ၊ သောတံ- တဏှာတည်းဟူသောအလျင်ကို၊ ပရက္ကမ္မ- ဉာဏ်နှင့်ယှဉ်သောဝီရိယဖြင့် လုံ့လကြိုးကုတ်အားထုတ်၍၊ ဆိန္ဒ- ဖြတ်လေလော၊ ကာမေ- ဝတ္ထုကာမ ကိလေသာကာမတို့ကို၊ ပနုဒ- ပယ်နှုတ်လေလော၊

ဗြာဟ္မဏ- အာသဝေါကုန်ခမ်း ရဟန္တာဖြစ်လိုသူ၊ သင်္ခါရာနံ- ခန္ဓာငါးပါးသင်္ခါရတရားတို့၏၊ ခယံ-ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်ကုန်ခမ်းခြင်းကို၊ ဉတွာ- သိ၍၊ အကတညူ- ရွှေ ငွေ စသည်တို့တွင် တစ်စုံတစ်ခုဖြင့် မပြုအပ်သောနိဗ္ဗာန်ကိုသိသူသည်၊ အသိ- ဖြစ်ပေလော့။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ပသာဒဗဟုလ ဗြာဟ္မဏဝတ္ထု ပြီး၏။**

# ၁၅၂။ သမ္ဗဟုလဘိက္ခုဝတ္ထု
# များစွာသောရဟန်းတို့အကြောင်း

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ အရပ်မျက်နှာ၌ နေကြသောရဟန်းသုံးကျိပ်တို့သည် ကြွလာကြကာ မြတ်စွာဘုရားကိုရှိခိုးပြီး ထိုင်နေကြကုန်၏။ သာရိပုတ္တထေရ်သည် ထိုရဟန်းတို့၏ အရဟတ္တဖိုလ်ရကြောင်း အားကောင်းသောပါရမီကို မြင်တော်မူ၍ မြတ်စွာဘုရားထံချဉ်းကပ်ပြီး ရပ်တော်မူလျက် ဤအမေးပြဿနာကိုမေးတော်မူ၏။

မြတ်စွာဘုရား နှစ်ပါးသောတရားတို့ဟု ဆိုအပ်ပါကုန်၏။

နှစ်ပါးသောတရားတို့ကား အဘယ်တရားတို့ပါနည်း။

ထိုအခါ သာရိပုတ္တထေရ်ကို မြတ်စွာဘုရားသည်

အို - သာရိပုတ္တ သမထနှင့် ဝိပဿနာတို့ကို နှစ်ပါးသောတရားတို့ဟု ဆိုအပ်ကုန်၏ဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

ယဒါ ဒွယေသု ဓမ္မေသု၊ ပါရဂူ ဟောတိ ဗြာဟ္မဏော။
အထဿ သဗ္ဗေ သံယောဂါ၊ အတ္ထံ ဂစ္ဆန္တိ ဇာနတော။

ဗြာဟ္မဏော- ရဟန္တာပုဂ္ဂိုလ်သည်၊ ယဒါ- အကြင်အခါ၌၊ ဒွယေသု- သမထဝိပဿနာအားဖြင့် နှစ်ပါးအပြားရှိကုန်သော၊ ဓမ္မေသု- တရားတို့၌၊ ပါရဂူ- အဘိညာပါရဂူ စသည်တို့၏ အစွမ်းဖြင့် တစ်ဖက်ကမ်းသို့ ရောက်သည်၊ ဟောတိ- ဖြစ်၏။

အထ- ထိုအခါ၌၊ သဗ္ဗေ- ခပ်သိမ်းကုန်သော၊ သံယောဂါ ကာမယောဂ- အစရှိသည်တို့သည်၊ သံယောဂါ- ဝဋ်ဆင်းရဲ၌ ယှဉ်ခြင်းငှာစွမ်းနိုင်ကုန်၏။ (ဓဝံ- ဤသို့) ဇာနတော- ဇာနန္တဿ- သိသော အဿ- ထိုရဟန္တာ၏၊ သဗ္ဗေ- ခပ်သိမ်းကုန်သော၊ သံယောဂါ- ကာမယောဂ အစရှိသော သံယောဂ တို့သည်၊ အတ္တံ- ကုန်ဆုံးခြင်းသို့၊ ဂစ္ဆန္တိ- ရောက်ကုန်၏။

ဒေသနာတော်အဆုံး၌ ရဟန်းသုံးကျိပ်တို့သည် အရဟတ္တဖိုလ်၌ တည်ကြကုန်၏။

**သမ္ဗဟုလဘိက္ခုဝတ္ထု ပြီး၏။**

## ၁၅၃။ မာရဝတ္ထု
## မာရ်နတ်အကြောင်း

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့တွင် မာရ်နတ်သည် မထင်ရှားသော ယောကျ်ားရောင်ဆောင်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးမေးလေ၏။

အရှင်ဘုရား ပါရံ ပါရံ- တစ်ဖက်ကမ်း တစ်ဖက်ကမ်းဟူ၍ ခေါ်ဆိုအပ်ပါ၏။

ထိုတစ်ဖက်ကမ်းမည်သည် အဘယ်ပါနည်း။

မြတ်စွာဘုရားသည် ဤသူသည်မာရ်နတ်တည်းဟု သိတော်မူ၍

ဟယ်- မာရ်နတ်ယုတ်၊ သင့်အား တစ်ဖက်ကမ်းဖြင့် အဘယ်ပြုအံ့နည်း၊ အဘယ်အကျိုးရှိအံ့နည်း။

မှန်၏။ ထိုတစ်ဖက်ကမ်းကို ရာဂကင်းကွာ ရဟန္တာတို့သည် ရောက်အပ်၏ဟုမိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ယဿ ပါရံ အပါရံဝါ၊ ပါရာ ပါရံ နဝိဇ္ဇတိ။
ဝီတဒ္ဒရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယဿ- အကြင်ပုဂ္ဂိုလ်အား၊ ပါရံဝါ- အဇ္ဈတ္တိက အာယတန ခြောက်ပါးဟုဆိုအပ်သော ဤဘက်ကမ်းသည်လည်းကောင်း၊ အပါရံဝါ- ဗာဟိရအာယတန ခြောက်ပါးဟုဆိုအပ်သော ဟိုဘက်ကမ်းသည်လည်းကောင်း၊ ပါရာ ပါရံဝါ- ထိုနှစ်မျိုးစုံသည်လည်းကောင်း၊ နဝိဇ္ဇတိ- ထိုအာယတန အားလုံးကိုငါ ငါ၏ဥစ္စာဟု စွဲလန်းခြင်းမရှိ။

ဝီတဒ္ဒရံ- ကိလေသာပူပန်ခြင်းမှကင်းသော၊ ဝိသံယုတ္တံ- ကိလေသာအားလုံးနှင့် မကပ်ယှဉ်သော၊ တံ ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- မကောင်းမှုကိုပယ်ပြီးသော ရဟန္တာဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောလူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**မာရဝတ္ထု ပြီး၏။**

## ၁၅၄။ အညတရ ဗြာဟ္မဏဝတ္ထု
## မထင်ရှားသောပုဏ္ဏားတစ်ယောက်အကြောင်း

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသောပုဏ္ဏား တစ်ယောက်သည် (အကြံဖြစ်လေ၏)။

မြတ်စွာဘုရားသည် မိမိ၏တပည့်သာဝကတို့ကို ဗြာဟ္မဏဟု ခေါ်တော်မူ၏။

ငါသည်လည်း အမျိုးအနွယ်အားဖြင့် ဗြာဟ္မဏဖြစ်၏။ ငါ့ကိုလည်း ဗြာဟ္မဏ ဟုခေါ်ရန်သင့်လျော် လေမည်လောဟု အကြံဖြစ်၏။

ထိုပုဏ္ဏားသည် မြတ်စွာဘုရားထံချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်လေ၏။

မြတ်စွာဘုရားသည် ငါဘုရားသည် အမျိုးအနွယ်အားဖြင့် ဗြာဟ္မဏဟု မပြောဆို၊ မြတ်သော အကျိုးဖြစ်သော အရဟတ္တဖိုလ်ကိုရရောက်သူကိုသာ ဗြာဟ္မဏဟု ပြောဆို၏ဟုမိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ဈာယိံ ဝိရဇ မာသီနံ၊ ကတကိစ္စ မနာသဝံ။
ဥတ္တမတ္ထ မနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဈာယိံ- အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန် ဤနှစ်တန်တို့ဖြင့် အဖန်ဖန်ရှုလေ့ရှိသော၊ ဝိရဇံ- ကာမဟူသော မြူမှုန်ကင်းသော၊ အာသီနံ- တော၌တစ်ပါးတည်းနေလေ့ရှိသော၊ ကတကိစ္စံ- ပြုအပ်ပြီးသော တစ်ဆယ့်ခြောက်ပါးသော မဂ်ကိစ္စရှိသော၊ အနာသဝံ- အာသာဝေါတရားလေးပါးမရှိသော၊ ဥတ္တမတ္ထံ- မြတ်သောအကျိုးဖြစ်သော၊ အရဟတ္တဖိုလ်သို့၊ အနုပ္ပတ္တံ- အစဉ်အားဖြင့်ရောက်သော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ရဟန္တာဟူ၍၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**အညတရ ဗြာဟ္မဏဝတ္ထု ပြီး၏။**

## ၁၅၅။ အာနန္ဒတ္ထေရဝတ္ထု
## အာနန္ဒာထေရ်အကြောင်း

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် မိဂါရသူဌေး၏ မိခင်ဝိသာခါ၏ ပြာသာဒ်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ပသေနဒိ ကောသလမင်းသည် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ မင်းဝတ်တန်ဆာအစုံ တန်ဆာဆင်လျက် နံ့သာပန်းအစရှိသည်တို့ကိုယူ၍ ကျောင်းသို့သွားလေ၏။ ကျောင်းသို့ရောက်ရာထိုခဏ၌ ကာဠုဒါယီထေရ်သည်ဈာန်ဝင်စား၍ ပရိတ်သတ်အစွန်၌ထိုင်နေ၏။

အထူးအားဖြင့် ထိုထေရ်၏ ကာဠုဒါယီဟူသော အမည်သည် အမည်မျှသာဖြစ်၏။ ထေရ်၏ ကိုယ်တော်သည် ရွှေအဆင်းနှင့်တူသောအဆင်းရှိ၏။

ထိုခဏ၌ အရှေ့အရပ်မှလမင်းသည်ထွက်ပေါ်လာ၏။ အနောက်အရပ်၌ နေမင်းသည် ဝင်လေ၏။

အာနန္ဒာထေရ်သည် ဝင်လေသောနေမင်း၏အရောင်နှင့် ထွက်ပေါ်လာသော လမင်း၏ အရောင်ကိုကြည့်လျက် ကောသလမင်း၏ကိုယ်အရောင် ကာဠုဒါယီထေရ်၏ကိုယ်အရောင်နှင့် မြတ်စွာဘုရား၏ ကိုယ်အရောင်တော်ကို ကြည့်လေ၏။ ထိုသို့ကြည့်ရာ၌ အရောင်အားလုံးတို့ကို ကျော်လွန်၍ မြတ်စွာဘုရားသည်သာ တင့်တယ်တော်မူသည်။

အာနန္ဒာထေရ်သည် မြတ်စွာဘုရားကိုရှိခိုး၍ မြတ်စွာဘုရား ယနေ့ယခု တပည့်တော်သည် ဤအရောင်တို့ကိုကြည့်နေစဉ် အရှင်ဘုရားတို့၏အရောင်ကိုသာ နှစ်သက်အပ်ပါ၏။

မှန်ပါသည်။ အရှင်ဘုရားတို့၏ကိုယ်တော်သည် အရောင်အားလုံးတို့ကို ကျော်လွန်၍ တင့်တယ်ပါပေသည်ဟု လျှောက်ထား၏။

ထိုသို့ လျှောက်ထားသောအခါ အာနန္ဒာထေရ်ကို မြတ်စွာဘုရားသည်- အို အာနန္ဒာ နေမင်းဆိုသည်မှာ နေ့အခါ၌တင့်တယ်သည်၊ လမင်းသည်ညအခါ၌တင့်တယ်သည်၊ မင်းသည် မင်းဝတ်တန်ဆာဆင်ထားအပ်ရာအချိန်၌သာ တင့်တယ်သည်၊ ရဟန္တာပုဂ္ဂိုလ်သည် အပေါင်းအဖော်ကို ပယ်ခွာ၍ သမာပတ် - အတွင်း၌သာ တင့်တယ်သည်၊ ဘုရားရှင်တို့သည်ကား နေ့အချိန်၌လည်းကောင်း၊ ညအချိန်၌လည်းကောင်း၊ ငါးမျိုးသောတန်ခိုးဖြင့် တင့်တယ်တော်မူကြသည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

အာဒိစ္စော- နေမင်းသည်၊ ဒိဝါ- နေ့အချိန်၌၊ တပတိ- ထွန်းလင်းတောက်ပ၏။ စန္ဒိမာ- လမင်းသည်၊ ရတ္တိံ- ညဉ့်အချိန်၌၊ အာဘာတိ- ထွန်းလင်းတောက်ပ၏။

ခတ္တိယော- မင်းသည်။ သန္နဒ္ဓေါ- မင်းဝတ်တန်ဆာအားလုံးတို့ဖြင့် တန်ဆာဆင်အပ်သည်။

(သမာနော- ဖြစ်လတ်သော်) တပတိ- ထွန်းလင်းတောက်ပ၏။ ဗြာဟ္မဏော- ရဟန္တာသည်၊ ဈာယီ- ဈာန်ဝင်စားသည် (သမာနော- ဖြစ်လတ်သော်)တပတိ- ထွန်းလင်းတောက်ပ၏။

အထ- ထိုမှတစ်ပါး၊ ဗုဒ္ဓေါ- မြတ်စွာဘုရားသည်၊ သဗ္ဗမဟောရတ္တံ- အလုံးစုံသော နေ့ညဉ့်အချိန်ပတ်လုံး၊ တေဇသာ- ငါးမျိုးသောတန်ခိုးဖြင့်၊ တပတိ- ထွန်းလင်းတောက်ပ တင့်တယ်တော်မူပါပေ၏။

တန်ခိုးငါးမျိုး

၁။ သီလတန်ခိုး

၂။ ဂုဏ်တန်ခိုး

၃။ ပညာတန်ခိုး

၄။ ကောင်းမှုတန်ခိုး

၅။ ဘုရားတန်ခိုး

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

အာနန္ဒာဝတ္ထု ပြီး၏။

## ၁၅၆။ အညတရဗြာဟ္မဏ ပဗ္ဗဇိတဝတ္ထု မထင်ရှားသော ပုဏ္ဏားရဟန်းအကြောင်း

မြတ်စွာဘုရားသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏား တစ်ယောက်သည် ဗုဒ္ဓသာသနာတော်မှ ပြင်ပဖြစ်သောရဟန်းပြုနည်းဖြင့် ရဟန်းပြုနေပြီး -

ရဟန်းဂေါတမသည် မိမိ၏တပည့်သာဝကတို့ကို ပဗ္ဗဇိတဟု ပြောဆို၏။ ငါသည်လည်း ပဗ္ဗဇိတပင်ဖြစ်၏။ ငါ့ကိုလည်း စင်စစ်ပဗ္ဗဇိတဟု ပြောဆိုသင့်သည်ဟု ကြံဆ၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ထိုအကြောင်းကို မေးလျှောက်လေ၏။

မြတ်စွာဘုရားသည် ငါဘုရားသည်ဤမျှလောက်ဖြင့် ပဗ္ဗဇိတဟု ပြောဆိုသည်မဟုတ်၊ အဟုတ် သော်ကား ကိလေသာအညစ်အကြေးတို့ကို နှင်ထုတ်တတ်သူဖြစ်သောကြောင့် ပဗ္ဗဇိတမည်သူဖြစ်၏ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ဗာဟိတပါပေါတိ ဗြာဟ္မဏော။
သမစရိယာ သမဏောတိ ဝုစ္စတိ။
ပဗ္ဗာဇယ မတ္တနော မလံ။
တသ္မာ ပဗ္ဗဇိတော ဝုစ္စတိ။

ဗာဟိတပါပေါ- အပပြုအပ်ပြီးသော မကောင်းမှုရှိ၏။ ဣတိတသ္မာ ထို့ကြောင့်၊ ဗြာဟ္မဏော- ဗြာဟ္မဏ- ဟု၊ ဝုစ္စတိ- ဆိုအပ်၏။

သမစရိယာ- အကုသိုလ်အားလုံးကို ငြိမ်းစေ၍ကျင့်ခြင်းကြောင့်၊ (အကုသိုလ်အားလုံးကို ငြိမ်းအောင် ကျင့်ခြင်းကြောင့်) သမဏောတိ- သမဏဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ အတ္တနော- မိမိ၏၊ မလံ- ရာဂအစရှိသော အညစ်အကြေးကို၊ ပဗ္ဗာဇယံ - ပဗ္ဗာဇယန္တော- နှင်ထုတ်ပယ်ဖျက်လျက်၊ စရတိ- ကျင့်၏။ တသ္မာ- ထို့ကြောင့်၊ သောပိ- ထိုပုဂ္ဂိုလ်ကိုလည်း၊ ပဗ္ဗဇိတောတိ- ပဗ္ဗဇိတ- ဟူ၍၊ ဝုစ္စတိ- ခေါ်ဆိုအပ်၏။

ဒေသနာတော်အဆုံး၌ထိုပုဏ္ဏားရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ရဟန်းရှင်လူရောက်လာသူအားလုံးတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**အညတရဗြာဟ္မဏ ပဗ္ဗဇိတဝတ္ထု ပြီး၏။**

# ၁၅၇။ သာရိပုတ္တာဝတ္ထုရဝတ္ထု
# သာရိပုတ္တာထေရ်အကြောင်း

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်ခုသောအရပ်၌ များစွာသော လူတို့သည်။ (ပြောဆိုနေကြသည်)

ငါတို့၏အရှင် သာရိပုတ္တာထေရ်သည် အံ့ဩလောက်ပါပေ၏။ ခန္တီဗလ- သည်းခံခြင်းစွမ်းအားနှင့် ပြည့်စုံတော်မူပါပေ၏။ ဆဲရေးသူတို့၌လည်းကောင်း၊ ပုတ်ခတ်သူတို့၌လည်းကောင်း၊ အမျက်ထွက်ခြင်းမျှ လည်း မရှိဟု (ရှိသူမဟုတ်ဟု) သာ ရိပုတ္တာထေရ်၏ဂုဏ်တို့ကို ပြောဆိုနေကြသည်။

ထိုအခါ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတစ်ယောက်သည် အမျက်မထွက်သူသည် အဘယ်သူနည်းဟု မေးလေ၏။

ငါတို့၏ သာရိပုတ္တာထေရ်တည်းဟု ပြောဆိုကြသည်။

ထိုသာရိပုတ္တာထေရ်ကို အမျက်ထွက်စေနိုင်သူသည် ရှိလိမ့်မည်မဟုတ်လော၊ ဟု ပုဏ္ဏားက ပြော၏။

အို- ပုဏ္ဏား အမျက်ထွက်စေနိုင်သော အကြောင်းမရှိဟု လူတို့က ပြန်ပြောကြသည်။

အကြောင်းမရှိဟုဆိုလျှင် ငါသည်ထိုသာရိပုတ္တာကို အမျက်ထွက်စေမည်။

အို ပုဏ္ဏား သင်စွမ်းနိုင်လျှင် အမျက်ထွက်အောင်ပြုပေတော့ဟု လူတို့ကပြောကြပြန်သည်။

ပုဏ္ဏားသည် သင်တို့ပြောသည် ဖြစ်စေဦးတော့၊ ထိုထေရ်အား ပြုထိုက်သည်ကို သိရတော့မည်ဟု ကြံစည်ပြီးသာရိပုတ္တာထေရ် ဆွမ်းခံဝင်နေသည်ကိုမြင်တွေ့၍ သာရိပုတ္တာထေရ်၏ နောက်အဖို့ဖြင့်သွား၍ ကျောအလယ်၌ လက်ဖြင့် ပြင်းထန်စွာ ပုတ်ခတ်လေ၏။ သာရိပုတ္တာထေရ်သည် ဤကားအဘယ်နည်းဟု (ဘာပါလိမ့်ဟု) လှည့်မကြည့်ဘဲသာ ကြွသွားတော်မူသည်။ ပုဏ္ဏား၏ တစ်ကိုယ်လုံး၌ ပူလောင်ခြင်း ဖြစ်လေ၏။

ပုဏ္ဏားသည် အရှင်သာရိပုတ္တာသည် အံ့ဩလောက်သောဂုဏ်နှင့် ပြည့်စုံပါပေ၏ဟု အသိစိတ် ပေါ်ပြီး သာရိပုတ္တာထေရ်၏ ခြေရင်း၌ဝပ်၍ အရှင်ဘုရား တပည့်တော်အား သည်းခံတော်မူပါဟု ဆိုသဖြင့် ဤကား အဘယ်နည်းဟု မိန့်တော်မူအပ်လေသော်- တပည့်တော်သည်စုံစမ်းလို၍ အရှင်ဘုရားတို့ကို ရိုက်ပုတ်မိပါသည်ဟု လျှောက်ထားလေ၏။

ဖြစ်စေတော့ သင့်အားငါသည်းခံ၏။

အရှင်ဘုရားတပည့်တော်အား သည်းခံတော်မူပါလျှင် တပည့်တော်၏အိမ်၌သာထိုင်၍ ဆွမ်းကို ခံယူတော်မူကြပါဟု လျှောက်ထားကာ သာရိပုတ္တာထေရ်၏ သပိတ်ကိုကိုင်ယူလေပြီ။ သာရိပုတ္တာထေရ် သည်လည်း သပိတ်ကိုပေးလေ၏။

ပုဏ္ဏားသည် သာရိပုတ္တာထေရ်ကို အိမ်သို့ပင့်ဆောင်၍ ဆွမ်းဖြင့်ဆက်ကပ်ပြုစုလေ၏။

လူတို့သည် အမျက်ထွက်ကြပြီး ဤပုဏ္ဏားသည် ငါတို့၏အပြစ်မရှိသော အရှင်သာရိပုတ္တာထေရ်

ကို ရိုက်ပုတ်အပ်၏။ ထိုပုဏ္ဏားအား ဒဏ်မှလွတ်မြောက်ခြင်းမရှိ၊ ဤနေရာ၌ပင် ပုဏ္ဏားကိုသတ်ကြစို့ဟု တိုင်ပင်ကြပြီး ခဲတုတ်စသည်တို့ကို ကိုင်ဆောင်ကြကာ ပုဏ္ဏား၏အိမ်တံခါးဝ၌ ရပ်နေကြကုန်ပြီ။

သာရိပုတ္တထေရ်သည် နေရာမှထ၍ ကြွသွားလေသော် ပုဏ္ဏား၏လက်၌ သပိတ်ကိုပေးထားတော်မူပြီ။ လူတို့သည် ပုဏ္ဏားကိုသာရိပုတ္တထေရ်နှင့် အတူသွားနေသည်ကိုမြင်ကြ၍

အရှင်ဘုရား အရှင်ဘုရားတို့၏ သပိတ်ကိုယူတော်မူ၍ ပုဏ္ဏားကိုနောက်ဆုတ်ပြန်ပါစေဘုရားဟု လျှောက်ထားကြသည်။

ဥပါသကာတို့ အဘယ်ကြောင့် ဤသို့လျှောက်ထားကြသနည်း။

ပုဏ္ဏားသည် အရှင်ဘုရားတို့ကို ရိုက်ပုတ်အပ်ပါသည်။ တပည့်တော်တို့သည် ထိုပုဏ္ဏား၌ ပြုထိုက်သည်ကို ပြုကြပါမည်။

အသို့နည်း(ဘယ်လိုလဲ) ဤပုဏ္ဏားသည် သင်တို့ကိုရိုက်ပုတ်အပ်ကုန်သလော၊ သို့မဟုတ် ငါ့ကို ရိုက်ပုတ်အပ်သလော၊

အရှင်ဘုရား အရှင်ဘုရားတို့ကို ရိုက်ပုတ်အပ်ပါကုန်၏။

ဤပုဏ္ဏားသည် ငါ့ကိုရိုက်ပုတ်ပြီး သည်းခံစေပြီ (တောင်းပန်ခွင့်လွှတ်ပြီးပြီ) သင်တို့ သွားကြကုန်လောဟု လူတို့ကိုပြန်လွှတ်ပြီး ပုဏ္ဏားကိုပြန်စေ၍ သာရိပုတ္တထေရ်သည် ဇေတဝန်ကျောင်းသို့သာ ကြွတော်မူလေ၏။

ရဟန်းတို့သည် ဤသို့ကဲ့ရဲ့ကြကုန်၏။

ဤအကြောင်းသည် အဘယ်မည်သော အကြောင်းနည်း။ သာရိပုတ္တထေရ်သည် မိမိကိုရိုက်ပုတ်သော ပုဏ္ဏား၏အိမ်၌သာထိုင်နေပြီး ဆွမ်းကိုယူ၍ပြန်ကြွလာပြီ။ ထိုပုဏ္ဏားသည် သာရိပုတ္တထေရ်ကို ရိုက်ပုတ်ပြီးချိန်မှစ၍ ယခုအခါ အဘယ်ရဟန်းအား ရှက်ကြောက်တော့မည်နည်း။ သာရိပုတ္တထေရ်မှ ကျန်သောရဟန်းတို့ကို ရိုက်ပုတ်လျက်သွားလာနေမည်သာဖြစ်တော့သည်။

မြတ်စွာဘုရားသည် ကြွလာတော်မူပြီး ရဟန်းတို့ယခုအချိန်၌ သင်တို့သည် အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူသဖြင့် ဤမည်သောစကားဖြင့် စုဝေးနေကြပါသည်ဟု လျှောက်ထားအပ်လေသော် -

ရဟန်းတို့ ဗြာဟ္မဏမည်သော ရဟန္တာကို ရိုက်ပုတ်သော ဗြာဟ္မဏမည်သော ရဟန္တာမည်သည်မရှိပြီ။ လူဗြာဟ္မဏမည်သော ပုဏ္ဏားသည် ရဟန်းဗြာဟ္မဏမည်သော ရဟန္တာကို ရိုက်ပုတ်အပ်သည်ဖြစ်လိမ့်မည်။ ဤအမျက်ဒေါသမည်သည် အနာဂါမိမဂ်သည် အကြွင်းမဲ့ပယ်သတ်အပ်သည်၏ အဖြစ်သို့ရောက်လေသည်ဟု မိန့်တော်မူကာ တရားဟောတော်မူလတ်သော် ဤဂါထာတို့ကို ဟောတော်မူ၏။

၁။ နဗြာဟ္မဏဿ ပဟရေယျ၊ နာဿမုဉ္စေထ ဗြာဟ္မဏော။
ဓိ ဗြာဟ္မဏဿ ဟန္တာရံ၊ တတော ဓိ ယဿ မုဉ္စတိ။

၂။ နပြာဟ္မဏဿေ တဒကိဉ္စိ သေယျော။
ယဒါ နိသေဓော မနသော ပိယေဟိ။
ယတော ယတော ဟိံ သမနေ‌ာ နိဝတ္တတိ။
တတော တ တော သမ္မတိမေဝ ဒုက္ခံ။

၁။ ဗြာဟ္မဏဿ- ရဟန္တာအား၊ နပဟရေယျ- မရိုက်ပုတ်ရာ၊ ဗြာဟ္မဏော- ရိုက်ပုတ်ခံရသော ရဟန္တာသည်၊ အဿ- ရိုက်ပုတ်သောသူအား၊ ဝါ- ရိုက်ပုတ်သောသူ၌၊ နမုဥ္စေထ- ရန်တုံ့ကိုမလွှတ်ရာ၊ ဝါ- အမျက်မထွက်ရာ၊ ဗြာဟ္မဏဿ- ရဟန္တာအား၊ ဟန္တာရံ- ရိုက်ပုတ်သူကို၊ (အဟံ-ငါဘုရားသည်) ဓိဂရဟာနိ- ကဲ့ရဲ့၏၊ ယော- အကြင်သူသည်၊ ယဿ- အကြင်သူ၏၊ (ဥပရိ- အထက်၌ ၊ ဝေရံ- ရန်ကို) မုဥ္စတိ-လွှတ်၏။ (ပြန်၍ အမျက်ထွက်သည်ဟူလို) တံ-ထို ရန်ကိုလွှတ်သောသူကို- ဝါ-ပြန်၍ အမျက်ထွက်သောထိုသူကို၊ တတော- ရိုက်ပုတ်သောထိုသူထက်၊ (အဟံ- ငါဘုရားသည်) ဓိ-ကဲ့ရဲ့၏။
၂။ ယဒါ- အကြင်အခါ၌၊ အပိယေဟိ- အမျက်ဒေါသတို့မှ၊ မနသော- မိမိစိတ်ကို၊ နိသေဓော- တားမြစ်ခြင်းသည် (ဟောတိ- ဖြစ်၏)၊ ဧတံ- ဤသို့တားမြစ်ခြင်းသည်၊ ဗြာဟ္မဏဿ- ပုဂ္ဂိုလ်မြတ်၏၊ နကိဉ္စိသေယျော - အနည်းငယ်မြတ်သည်မဟုတ်၊ အလွန်မြတ်သာတည်း။

ယတော ယတော- အကြင်အကြင် အာရုံဝတ္ထုမှ၊ ဟိံသမနော-သတ်ပုတ်ညှဉ်းဆဲလိုသော စိတ်သည်၊ နိဝတ္တတိ- ဆုတ်နစ်လေ၏။

တတော တတော- ထိုထိုအာရုံဝတ္ထုမှ၊ ဒုက္ခံ- ဆင်းရဲသည်၊ သမ္မတိဧဝ- ငြိမ်းစဲလေတော့သည် သာတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည်သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**သာရိပုတ္တတ္ထေရဝတ္ထု ပြီး၏။**

## ၁၅၈။ သာရိပုတ္တတ္ထေရဝတ္ထု
## သာရိပုတ္တထေရ်အကြောင်း

သာရိပုတ္တထေရ်သည် ရှင်အဿဇိထေရ်ထံ၌ တရားကိုကြားနာ၍ သောတာပတ္တိဖိုလ်သို့ ရောက်ပြီးချိန်မှစ၍ ရှင်အဿဇိထေရ်ရှိရာ အရပ်ကိုလက်အုပ်ချီရှိခိုး၍ ဦးခေါင်းပြုကျိန်းတော်မူ၏။

ရဟန်းတို့သည် သာရိပုတ္တသည်မိစ္ဆာဒိဋ္ဌိဖြစ်၏။ ယနေ့တိုင်အောင်အရပ်မျက်နှာတို့ကို ရှိခိုးလျက် သွားလာ နေထိုင်၏ဟု ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် သာရိပုတ္တထေရ်ကိုခေါ်စေ၍

သာရိပုတ္တ- သင်သည်အရပ်မျက်နှာတို့ကို ရှိခိုးလျက်သွားလာနေထိုင်သည်ဟု ကြားရသော စကားသည် အမှန်ပင်ဖြစ်သလောဟု မေးတော်မူလေလျှင်

မြတ်စွာဘုရား တပည့်တော်၏အရပ်မျက်နှာတို့ကို ရှိခိုးသည် ရှိမခိုးသည်ကို အရှင်ဘုရားတို့သာ သိတော်မူကြပါသည်ဟု လျှောက်ထားအပ်လေသော်

ရဟန်းတို့ သာရိပုတ္တသည် အရပ်မျက်နှာတို့ကို ရှိခိုးသူမဟုတ်၊ အဿဇိထေရ်ထံမှ တရားကို ကြားနာ၍ သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့ရသောကြောင့် မိမိ၏ဆရာကို ရှိခိုးသူသာဖြစ်၏။

ရဟန်းသည်အကြင်ဆရာကို အမှီပြု၍ တရားကိုသိမြင်ရ၏။ ထိုရဟန်းသည် ထိုဆရာကို ရိုသေစွာ ရှိခိုးထိုက်သည်သာဖြစ်၏။ ဥပမာအားဖြင့် မီးပူဇော်သောပုဏ္ဏားသည် မီးကိုရိုသေစွာ ရှိခိုးအပ်သကဲ့သို့တည်းဟု မိန့်တော်မူကာ တရားဟောတော်မူလျှင် ဤဂါထာကိုဟောတော်မူ၏။

ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော

ယမှာ- အကြင်ပုဂ္ဂိုလ်ထံမှ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ- မြတ်စွာဘုရားဟောကြားအပ်သော၊ ဓမ္မံ- မဂ်ဖိုလ်တရားကို၊ ဝိဇာနေယျ- မှန်စွာထင်ထင်သိမြင်ရာ၏။

တံ- တရားသိမြင်ခဲ့ရာ ဆရာခေါ်ဆို ထိုပုဂ္ဂိုလ်ကို၊ သက္ကစ္စံ- ရိုသေစွာ၊ နမဿေယျ- ရှိခိုးရာ၏။ ကိမိဝ - ဥပမာဆိုဘယ်လိုနည်းဟူမူ၊ ဗြာဟ္မဏော- မီးပူဇော်သော ပုဏ္ဏားသည်၊ အဂ္ဂိဟုတ္တံ- ပူဇော်အပ်သောမီးကို၊ သက္ကစ္စံ- ကောင်းစွာလှည့်၍သွားခြင်း၊ လက်အုပ်ချီခြင်းစသည်တို့ဖြင့် ရိုသေစွာ၊ နမဿတိဣဝ- ရှိခိုးသကဲ့သို့တည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**သာရိပုတ္တတ္ထေရဝတ္ထု ပြီး၏။**

# ၁၅၉။ ဇဋိလ ဗြာဟ္မဏဝတ္ထု
## ဇဋိလပုဏ္ဏားအကြောင်း

မြတ်စွာဘုရားသာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဇဋိလပုဏ္ဏားသည်- ငါသည် အမိဘက်မှလည်းကောင်း၊ အဖဘက်မှလည်းကောင်း၊ ကောင်းစွာဖွားမြင်သူဖြစ်၏။ ပုဏ္ဏားမျိုး၌ ဖြစ်သူဖြစ်၏။ ရဟန်းဂေါတမသည် သူ၏တပည့်သာဝကတို့ကို ဗြာဟ္မဏ- ဟု ပြောဆိုခဲ့လျှင် ငါ့ကိုလည်း ဗြာဟ္မဏ-ဟု စင်စစ်ပြောဆိုသင့်၏ဟု ယူဆပြီးမြတ်စွာဘုရားထံသွား၍ ထိုအကြောင်းကို မေးလျှောက်လေ၏။

ထိုအခါ ထိုပုဏ္ဏားကိုမြတ်စွာဘုရားသည်- အိုပုဏ္ဏား ငါဘုရားသည်ဆံကျစ်ရှိကာမျှဖြင့် ဗြာဟ္မဏ - ဟုမပြောဆို၊ အမျိုးအနွယ်မျှဖြင့် ဗြာဟ္မဏ- ဟုမပြောဆို။

စင်စစ်သော်ကား သစ္စာလေးပါးကို ထိုးထွင်းသိမြင်သူကိုသာ ငါဘုရားသည် ဗြာဟ္မဏ- ဟု ပြောဆိုသည်ဟု မိန့်တော်မူကာ တရားဟောတော်မူလို၍ ဤဂါထာကိုဟောတော်မူသည်။

> နဇဋာဟိ န ဂေါတ္တေန၊ န ဇစ္စာ ဟောတိ ဗြာဟ္မဏော။
> ယမှိ သစ္စဉ္စ ဓမ္မောစ၊ သောသုစိ သောစ ဗြာဟ္မဏော။

ဗြာဟ္မဏ- အိုပုဏ္ဏား၊ ဇဋာဟိ- ဆံကျစ်တို့ဖြင့်၊ ဝါ- ဆံကျစ်တို့ကြောင့်၊ ဗြာဟ္မဏော- ဗြာဟ္မဏ- သည်၊ န- မဟုတ်၊ ဂေါတ္တေန- အနွယ်ဖြင့်၊ ဝါ- အနွယ်ကြောင့်၊ ဗြာဟ္မဏော- ဗြာဟ္မဏသည်၊ န- မဟုတ်၊ ဇစ္စာ- အမျိုးဖြင့်၊ ဝါ- အမျိုးကြောင့်၊ ဗြာဟ္မဏော- ဗြာဟ္မဏသည်၊ နဟောတိ- မဟုတ်။

ယမှိ- အကြင်ပုဂ္ဂိုလ်၌၊ သစ္စဉ္စ- သစ္စာလေးပါးတို့ကို တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ထိုးထွင်းသိမြင်သော အသိဉာဏ်သည်လည်းကောင်း၊ ဓမ္မောစ- လောကုတ္တရာ တရားကိုးပါးသည် လည်းကောင်း၊ (အတ္ထိ- ရှိ၏)၊ သော- ထိုပုဂ္ဂိုလ်သည်၊ သုစိ- စင်ကြယ်သူဖြစ်၏။ သော- ထိုပုဂ္ဂိုလ်သည်၊ ဗြာဟ္မဏောစ- ကိလေသာကင်းကွာရဟန္တာဟု သညာအလှဗြာဟ္မဏလည်းဖြစ်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ဇဋိလ ဗြာဟ္မဏဝတ္ထု ပြီး၏။

## ၁၆၀။ ကုဟာက ဗြာဟ္မဏဝတ္ထု ပလ္လွားတတ်သောအံ့ဖွယ်ကိုဖြစ်စေတတ်သော ပုဏ္ဏားအကြောင်း

ပလ္လွားတတ်သော- ဝါ အံ့ဖွယ်ကိုဖြစ်စေတတ်သောကြောင့် ကုဟာကအမည်ရှိသော ပုဏ္ဏားသည် ဝေသာလီမြို့ တံခါးအနီး၌ ရေစတက်ပင်တစ်ပင်ထက်သို့တက်၍ ခြေနှစ်ဖက်တို့ဖြင့် သစ်ကိုင်းကိုချိပ်ယူ၍ ဦးခေါင်းစောက်ထိုးတွဲလျားဆွဲလျက် ငါ့အား အညို အဝါ အရောင်နှစ်မျိုးရောသဖြင့် ကြောင်ကြားသော အဆင်းရှိသော နွားတစ်ရာကိုပေးကြလော၊ အသပြာတို့ကိုပေးကြလော၊ အလုပ်အကျွေးမိန်းမတို့ကို ပေးကြလော၊ မပေးခဲ့လျှင် ဤသစ်ပင်ပေါ်မှ ကျသေလျက်ဝေသာလီမြို့ကို မြို့မဟုတ်အောင်ပြု မည်ဟုပြော၏။

မြတ်စွာဘုရား ရဟန်းသံဃာခြံရံလျက် ဝေသာလီမြို့တွင်းသို့ ဝင်ကြွရာအချိန်၌ ရဟန်းတို့သည် ထိုပုဏ္ဏားကိုမြင်ကြပြီး မြို့မှထွက်ရာအချိန်၌လည်း ရှေးနည်းအတိုင်းတွဲလျားဆွဲနေသော ထိုပုဏ္ဏားကို မြင်ကြကုန်၏။

မြို့သူမြို့သားတို့လည်း ဤပုဏ္ဏားသည်နံနက်စောစောအချိန်မှစ၍ ဤသို့တွဲလျားဆွဲလျက် သစ်ပင်ပေါ်မှ ကျ၍သေခဲ့သော် ဝေသာလီမြို့ကို မြို့မဟုတ်အောင် ပြုလေရာ၏ဟု စဉ်းစားကြကာ မြို့ပျက်စီးမည်ကို ကြောက်ကြကုန်၍ ပုဏ္ဏားတောင်းအပ်သော ပစ္စည်းအားလုံးကိုပေးကြမည်ဟု ဝန်ခံကြ ပြီး ပေးကြကုန်၏။

ကုဟာကပုဏ္ဏားသည် သစ်ပင်ထက်မှဆင်းကာ ပေးအပ်သောပစ္စည်းအားလုံးကို ယူ၍ သွားလေ၏။

ရဟန်းတို့သည် ကျောင်းဥပစာ၌ နွားကဲ့သို့ မြည်တွန်၍သွားသောထိုပုဏ္ဏားကို မှတ်မိကြ၍ အို ပုဏ္ဏားသင်သည် တောင်းအပ်သမျှ ပစ္စည်းကို ရအပ်သလောဟုမေးကြ၍ ဟုတ်ပါ၏၊ ကျွန်ုပ်တောင်း အပ်သမျှ ပစ္စည်းကိုရပါ၏ဟု ပြောဆိုအပ်သော စကားကိုကြားကြလေသော် ကျောင်းတွင်းသို့သွားကြပြီး ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ထိုပုဏ္ဏားသည် ယခုအခါ၌သာ အံ့ဖွယ်ကိုပြု၍ ခိုးတတ်သူ မဟုတ်သေး၊ ရှေးအခါ၌လည်း အံ့ဖွယ်ကိုပြု၍ခိုးတတ်သူသာဖြစ်ခဲ့ပြီ။

သို့သော်လည်း ယခုအခါ၌ ထိုပုဏ္ဏားသည် အသိဉာဏ်မဲ့သောသူ လူကိုလှည့်စားနိုင်၏။ ထိုအခါ၌ကား အသိဉာဏ်ရှိသူ ပဏ္ဍိလူတို့ကိုလှည့်စားရန် မတတ်နိုင်ခဲ့ပြီဟု မိန့်တော်မူကာ ရဟန်းတို့ သည်လျှောက်ထား တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်လေပြီ။

လွန်လေပြီးသောအခါ၌ ကာသိတိုင်းရွာတစ်ရွာကို အမှီပြု၍ ရသေ့စဉ်းလဲ တစ်ယောက်နေထိုင် လေ၏။ ထိုရသေ့စဉ်းလဲကို အိမ်တစ်အိမ်သည် ကျွေးမွေးစောင့်ရှောက်၏။ နံနက်အချိန်၌ ဖြစ်ပေါ် လာသော ခဲဖွယ်စားဖွယ်မှ မိမိ၏သားသမီးတို့အား ပေးသကဲ့သို့ ရသေ့စဉ်းလဲအားလည်း အစုတစ်စုကို ပေး၏။ ညနေချိန်၌ ဖြစ်ပေါ်သော အစုတစ်စုကိုချန်ထားပြီး နောက်နေ့၌ပေး၏။ ထိုသို့နေစဉ် နေ့တစ်

နေ့၌ ညနေချိန်တွင် ဖွတ်သားကိုရ၍ ကောင်းစွာချက်ပြီး ထိုဖွတ်သားမှ အစုတစ်စုကိုချန်ထားကာ နောက်နေ့၌ ထိုရသေ့အား ပေးကြလေ၏။

ရသေ့သည် အသားကိုစားပြီး၍သာ ရသာတဏှာဖြင့်ဖွဲ့အပ်သည်ဖြစ်၍ ဤအသားကား အဘယ်အသား နည်းဟုမေး၍ ဖွတ်သားဟုကြားသိရသော် ဆွမ်းခံလှည့်ပြီး ထောပတ်နို့ဆမ်း ငရုတ်သီး အစရှိသော ပစ္စည်းတို့ကို ယူခဲ့ပြီး သစ်ရွက်မိုးဇရပ်သို့ သွားကာတစ်နေရာ၌ ထားလေ၏။ သစ်ရွက်မိုးဇရပ်၏ မနီးမဝေးတောင်ဘို့တစ်ခု၌ ဖွတ်မင်းသည်နေလေ၏။ ထိုဖွတ်မင်းသည် ရံဖန်ရံခါ ရသေ့ကိုဖူးမြင်ရန် လာတတ်၏။ ထိုနေ့မှာကား ရသေ့သည် ဖွတ်မင်းကို သတ်မည်ဟူသောအကြံဖြင့် တုတ်ကိုဖုံးကွယ်၍ ထိုတောင်ဘို့အနီးအရပ်၌ အိပ်ချင်ယောင်ဆောင်နေလေ၏။

ဖွတ်မင်းသည် တောင်ဘို့မှထွက်၍ ရသေ့ထံလာစဉ်မှာပင် အခြင်းအရာကို (အခြေအနေကို) မှတ်သားပြီး ယနေ့ဆရာ၏ အခြင်းအရာ(အခြေအနေကို) ငါမနှစ်သက်ဟူသောစိတ်ဖြင့် ရောက်လာရာ ထိုအရပ်မှပင် ဆုတ်သွားလေ၏။ ရသေ့သည်ဖွတ်မင်း၏ ဆုတ်သွားကြောင်းကိုသိ၍ ဖွတ်မင်းသေစေရန် ဖွတ်မင်းထံ တုတ်ကိုပစ်လိုက်ပြီ တုတ်သည်လွဲချော်သွားလေ၏။ ဖွတ်မင်းသည်လည်း တောင်ဘို့တွင်း သို့ဝင်ပြီး တောင်ဘို့တွင်းမှ ဦးခေါင်းကိုထုတ်၍ လာခဲ့ရာလမ်းကိုလှမ်းကြည့်လျက် ရသေ့ကိုပြောဆို၏။

၁။ သမဏံ တံ မညမာနော၊ ဥပဂစ္ဆိ မသညတံ။
သောမံ ဒ ဏ္ဍေန ပါဟာသိ၊ ယထာ အသမဏော တထာ။

၂။ ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာ။
အဗ္ဘန္တရံ တေ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။

ဘောတာပသ- အိုရသေ့၊ အသညတံ- စောင့်စည်းခြင်းမရှိသော၊ တံ- သင့်ကို၊ သမဏံ- ကိလေသာငြိမ်းသူဟု၊ မညမာနော- မှတ်ထင်သည်ဖြစ်၍၊ ဥပဂစ္ဆိ - သင့်အနီးသို့ ငါလာပြီ။

သော (တွံ) ထိုသင်သည်၊ ယထာ- အကြင်သို့သောအခြင်းအရာအားဖြင့်၊ အသမဏော- ကိလေသာငြိမ်းသူမဟုတ်၊ တထာ - ထိုသို့သောအခြင်းအရာအားဖြင့်၊ မံ - ငါ့ကို၊ ဒဏ္ဍေန - တုတ်ဖြင့်၊ ပါဟာသိ - ပစ်ခတ်ပြီ။

ဒုမ္မေဓ- ပညာမဲ့ပေ့အိုရသေ့၊ တေ- သင့်အား၊ ဇဋာဟိ- ဆံကျစ်တို့ဖြင့်၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း၊ တေ- သင့်အား၊ အဇိနသာဋိယာ- ခွာနှင့်တကွသော သစ်နက်ရေဖြင့်၊ ကိံ- အဘယ်အကျိုး ရှိအံ့နည်း။

တေ - သင်၏၊ အဗ္ဘန္တရံ - ကိုယ်တွင်းသည်၊ ဂဟနံ - ကိလေသာတောအတိဖြစ်၏။ ဗာဟိရံ- အပသန္တာန်သည်ကား၊ ပရိမဇ္ဇသိ - ပြေပြစ်၏။

ထိုအခါ ဖွတ်မင်းကို ရသေ့သည် မိမိပစ္စည်းဖြင့် ဖြားယောင်းလို၍ ဤသို့ဆို၏။

ဧဟိ ဂေါဓ နိဝတ္တဿု၊ ဘုဉ္စဿာလီ နမောဒနံ။
တေလံ လောဏဉ္စ မေအတ္ထိ၊ ပဟူတံ မယှ ပိပ္ဖလိ။

ဂေါဓ- အို ဖွတ်၊ ဧဟိ- လာခဲ့လော၊ နိဝတ္တဿု- ပြန်လှည့်ခဲ့လော၊ သာလီနံဩဒနံ- သလေးထမင်းကို၊ ဘုဉ္စ- စားလှည့်လော၊ မေ- ငါ့အား၊ တေလံ- ဆီသည်လည်းကောင်း၊ လောဏဉ္စ- ဆားသည်လည်းကောင်း၊ အတ္ထိ- ရှိ၏။ မယှံ- ငါ၏၊ ပိပ္ဖလိ- ပိတ်ခြင်းသီးသည်၊ ပဟူတံ- များ၏။

ဖွတ်မင်းသည် ထိုစကားကိုကြား၍ သင်ရသေ့စဉ်းလဲ ဘယ်လိုပဲပြောပြော ငါထွက်ပြေးလို့ သူသာဖြစ်တော့သည်ဟု ပြောဆိုကာ ဤဂါထာကိုဆိုလေ၏။

ဧသ ဘိယျော ပဝေက္ခာမိ၊ ဝမ္မိကံ သတပေါရိသံ။
တေလံလောဏဉ္စ ကိတ္တေသိ၊ အဟိတံ မယှပိပ္ဖလိ။

ဘောတာပသ- အိုရသေ့၊ တွံ- သင်သည်၊ တေလံစ- ဆီကိုလည်းကောင်း၊ လောဏဉ္စ- ဆားကိုလည်းကောင်း၊ ကိတ္တေသိ- ပြောဆို၏။ ဧသ- ဧသော- အဟံ- ဤငါသည်၊ သတပေါရိသံ - အသူတစ်ရာနက်သော၊ ဝမ္မိကံ- တောင်ဘို့တွင်းသို့၊ ပဝေက္ခာမိ- ဝင်ပြေးအံ့၊ (တဝ- သင်၏) ပိပ္ဖလိ- ပိတ်ခြင်းသည်၊ မယှံ- ငါ၏၊ ဝါ- ငါ့အား၊ အဟိတံ- အစီးအပွားမဟုတ်ပါ၊ ဝါ- မလျောက်ပတ်၊

ဖွတ်မင်းသည် ဤသို့ပြောဆိုပြီး ငါသည်ဤမျှလောက်သော ကာလပတ်လုံး သင်ရသေ့၌၊ သမဏ- ဟူသော အမှတ်သညာကိုပြုခဲ့ဘူးပြီ၊ ယခုအခါ၌ကား သင်ရသေ့သည် ငါ့ကိုပုတ်ခတ်လိုသဖြင့် တုတ်ကိုပစ်လွှင့်အပ်၏။ ပစ်လွှတ်အပ်ရာအချိန်၌သာ သင်၏သာမဏမဟုတ်သော သဘောဖြစ်ခဲ့ပြီ၊ သင်ကဲ့သို့ ပညာမဲ့သောပုဂ္ဂိုလ်အား ဆံကျစ်တို့ဖြင့် အဘယ်အကျိုးရှိမည်နည်း၊ ခွာနှင့်တကွသော သစ်နက်ရေဖြင့် အဘယ်အကျိုးရှိမည်နည်း။ သင်၏ကိုယ်အတွင်းသည် ကိလေသာတောချုံအတိဖြစ်၏။ စင်စစ်သော်ကား သင်၏ကိုယ်ပြင်ပသည်သာ ပြေပြစ်၏ဟုဆိုလေ၏။

မြတ်စွာဘုရားသည် ဤအတိတ်ကိုဆောင်တော်မူ၍ ထိုအချိန်အခါ၌ ဤကုဟကပုဏ္ဏားသည် ရသေ့ဖြစ်ခဲ့ပြီ၊ ဖွတ်မင်းသည်ကား ငါဘုရားဖြစ်ခဲ့ပြီဟု မိန့်တော်မူကာ ဇာတ်ကိုပေါင်းပြတော်မူပြီး ထိုအချိန်အခါ၌ ပညာရှိဖွတ်မင်းသည် ရသေ့စဉ်းလဲကို နှိပ်ဆိုအပ်သောအကြောင်းကို ပြလိုတော်မူ၍ ဤဂါထာကိုဟောတော်မူ၏။

ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာ။
အဗ္ဘန္တရံ တေ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။

ဒုမ္မေဓ- ပညာမဲ့ပေ့ ရှင်ရသေ့၊ တေ- သင့်အား၊ ဇဋာဟိ- ဆံကျစ်တို့ဖြင့်၊ ကိံ- အဘယ်အကျိုးရှိမည်နည်း၊ တေ- သင့်အား၊ အဇိနသာဋိယာ- ခွာနှင့်တကွ ဝတ်ထားအပ်သော သစ်နက်ရေအဝတ်ဖြင့်၊ ကိံ- အဘယ်အကျိုး ရှိမည်နည်း။

တေ- သင်၏၊ အဗ္ဘန္တရံ- ကိုယ်အတွင်းသည်၊ ဂဟနံ- ရာဂ- အစရှိသော ကိလေသာတောအတိဖြစ်၏။ တေ- သင်၏၊ ဗာဟိရံ- ကိုယ်ပြင်ပသည်၊ ဝါ- ပြင်ပဖြစ်သောကိုယ်သည်၊ ပရိမဇ္ဇသိ- ဆင်ချေးတုံး၊ မြင်းချေးတုံးကဲ့သို့ ပြေပြစ်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ကုဟာက ဗြာဟ္မဏဝတ္ထု ပြီး၏။

## ၁၆၁။ ကေဗြာဟ္မဏဝတ္ထု
## ပုဏ္ဏားတစ်ယောက်အကြောင်း

မြတ်စွာဘုရားသာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏားတစ်ယောက်သည် -

ရဟန်းဂေါတမသည် သူ၏တပည့်သာဝကတို့ကို ဗြာဟ္မဏ- ဟုပြောဆို၏။ ငါသည်လည်း ဗြာဟ္မဏ ပုဏ္ဏားမျိုး၌ဖြစ်သူဖြစ်၏။ ငါ့ကိုလည်း ဗြာဟ္မဏ - ဟုပြောဆိုသင့်သလောဟု ကြံစည်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ထိုအကြောင်းကိုမေးလေ၏။

ထိုအခါ ထိုပုဏ္ဏားကို မြတ်စွာဘုရားသည် အိုပုဏ္ဏား ငါဘုရားသည် ပုဏ္ဏားမျိုး၌ ဖြစ်ခါမျှဖြင့် ဗြာဟ္မဏဟု မပြောဆို၊ အကြင်သူသည်ကား ရာဂ- စသည်တို့ဖြင့်ကြောင့်ကြခြင်းမရှိ၊ ဥပါဒါန်တို့ဖြင့် စွဲလမ်းခြင်းမရှိ၊ ထိုသူကို ငါဘုရားသည် ဗြာဟ္မဏ - ဟု ပြောဆို၏ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

နစာဟံ ဗြာဟ္မဏံ ဗြူမိ၊ ယောနိဇံ မတ္တိသမ္ဘဝံ။

ဘောဝါဒိ နာမသော ဟောတိ၊ သစေ ဟောတိ သကိဉ္စနော။

အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဘောဗြာဟ္မဏ- အိုပုဏ္ဏား၊ ယောနိဇံ- ပုဏ္ဏားမျိုး၌ဖြစ်သော၊ မတ္တိသမ္ဘဝံ- မိခင်၏ ဥစ္စာဖြစ်သော ဝမ်းတိုက်၌ ဖြစ်သောသူကို၊ အဟံ- ငါဘုရားသည်။ ဗြာဟ္မဏံ- ဗြာဟ္မဏ- ဟု၊ နစဗြူမိ- မဆိုသည်သာတည်း။

ယော- အကြင်သူသည်၊ သကိဉ္စနော- ရာဂအစရှိသောကြောင့်ကြခြင်းတို့ဖြင့် ကြောင့်ကြခြင်းရှိသူသည်၊ သစေဟောတိ- အကယ်၍ဖြစ်အံ့၊ ဧဝံသတိ- ဤသို့ဖြစ်ခဲ့သော်၊ သော - ထိုသူသည်၊ ဘောဝါဒိနာမ - ဘော - ဘောဟု ဆိုလေ့ရှိသူ ပုဏ္ဏားမည်သည်၊ ဟောတိ- ဖြစ်၏။

အကိဉ္စနံ- ရာဂအစရှိတို့ဖြင့် ကြောင့်ကြခြင်းမရှိသော၊ အနာဒါနံ- ဥပါဒါန်တို့ဖြင့် စွဲလမ်းခြင်းမရှိသော၊ တံ- ထိုသူကို၊ ဗြာဟ္မဏံ- ကိလေသာကင်းကွာ ရဟန္တာဟု သညာအလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ပြောဆို၏။

ဒေသနာတော်အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌တည်လေပြီ။ ရောက်ရှိလာသူ ရဟန်းရှင်လူတို့၏ အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်ခဲ့လေပြီ။

**ကေဗြာဟ္မဏဝတ္ထု ပြီး၏။**

## ၁၆၂။ ဥဂ္ဂသေနသေဋ္ဌိပုတ္တဝတ္ထု
## ဥဂ္ဂသေန သူဌေးသားအကြောင်း

(ဥဂ္ဂသေနသူဌေးသားအကြောင်းကို ရေးခဲ့ပြီးပါပြီ)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတော်တို့သည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားကြ၏။

မြတ်စွာဘုရား ဥဂ္ဂသေနရဟန်းသည် ငါမကြောက်ပါဟု ပြောဆိုပါသည်၊ သူသည် မဟုတ်မမှန်သော စကားဖြင့် အရဟတ္တဖိုလ်ကိုပြောဆိုသည်ထင်ပါ၏ဟု လျှောက်ထားအပ်လေသော် -

ရဟန်းတို့ ငါဘုရား၏ သားတော်နှင့်တူကုန်သော သံယောဇဉ်ကို ဖြတ်ပြီးသူတို့သည် မကြောက်သူတို့သာ ဖြစ်ကုန်၏ဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

သဗ္ဗသံယောဇနံ ဆေတွာ၊ ယော ဝေ န ပရိတဿတိ။
သင်္ဂါတိဂံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ သဗ္ဗသံယောဇနံ- သံယောဇဉ်တရားဆယ်ပါးလုံးကို၊ ဆေတွာ- ဖြတ်ပြီး၍၊ နပရိတဿတိ- တဏှာဖြင့်မကြောက်လန့်၊ သင်္ဂါတိဂံ- ရာဂဖြင့်ကပ်ငြိခြင်းအစရှိသည်ကို လွန်မြောက်ပြီးသော၊ ဝိသံယုတ္တံ- ယောဂလေးပါးတို့နှင့်မကပ်ယှဉ်သော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာကင်းကွာရဟန္တာဟု သညာအလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ပြောဆို၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ဥဂ္ဂသေနသေဋ္ဌိပုတ္တဝတ္ထု ပြီး၏။

## ၁၆၃။ ဒွေဗြာဟ္မဏဝတ္ထု
## ပုဏ္ဏားနှစ်ယောက်တို့အကြောင်း

မြတ်စွာဘုရား သာဝတ္ထိပြည်မွန်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏားနှစ်ယောက်တို့တွင် တစ်ယောက်သောပုဏ္ဏား၏ နွားသည်စူဠရောဟိတအမည်ရှိ၏၊ တစ်ယောက်သောပုဏ္ဏား၏ နွားသည် မဟာရောဟိတအမည်ရှိ၏။

ထိုပုဏ္ဏားတို့သည် တစ်ခုသောနေ့၌ သင်၏နွားသည် အားမကောင်း ငါ၏နွားသည် အားကောင်းသည်ဟု အပြန်အလှန်ငြင်းခုန်ကြပြီး ငါတို့အားငြင်းခုန်ခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း၊ မောင်းနှင်၍ ကြည့်မှသိကြမည်ဟု သဘောတူကြကာ အစိရဝတီ မြစ်ကမ်းအနီး၌ လှည်းကိုသဲဖြင့်ပြည့်စေပြီး နွားတို့ကို တပ်ဆင်ကြကုန်၏။ ထိုခဏ၌ ရဟန်းတို့သည်လည်း ရေချိုးရန် ထိုအရပ်၌သွားကြကုန်၏။ ပုဏ္ဏားတို့သည် နွားတို့ကိုမောင်းနှင်ကုန်၏။ လှည်းသည်မတုန်မလှုပ်တည်ရှိလေ၏။ လှည်းဦးပွတ်သားရေနှင့် တုပ်ချည်အပ်သော သားရေကြိုးတို့သည် ပြတ်လေကုန်၏။ ရဟန်းတို့သည် တွေ့မြင်ကြ၍ ကျောင်းသို့သွား၍ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ထိုလှည်းဦးပွတ်သားရေကြိုး၊ တုပ်ချည်ကြောင်းဖြစ်သော သားရေကြိုးတို့သည် ပြင်ပ၌ဖြစ်ကုန်၏။ အမှတ်မထင် အကြင်သူသည် ထိုသားရေကြိုးတို့ကို ဖြတ်နိုင်သည် သာဖြစ်၏။ ရဟန်းသည်ကား ကိုယ်တွင်း၌ဖြစ်သော အမျက်ဒေါသတည်းဟူသော လှည်းဦးပွတ်ကြိုးနှင့် တဏှာတည်းဟူသော တုပ်ချည်ကြောင်းကြိုးတို့ကို ပြတ်အောင်ဖြတ်သင့်သည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ဆေတွာ နဒ္ဓိံ ဝရတ္တဉ္စ၊ သန္ဒာနံ သဟနုက္ကမံ။
ဥက္ခိတ္တ ပလိယံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

နဒ္ဓိံစ- အမျက်ဒေါသသည်တည်းဟူသော လှည်းဦးပွတ်ကြိုးကိုလည်းကောင်း၊ ဝရတ္တဉ္စ- တဏှာတည်းဟူသော တုပ်ချည်ကြောင်းကြိုးကိုလည်းကောင်း၊ သဟနုက္ကမံ- အနုသယနှင့်တကွဖြစ်သော၊ သန္ဒာနံစ- ခြောက်ဆယ်နှစ်ပါးသောမိစ္ဆာဒိဋ္ဌိတည်းဟူသော ကြိုးကိုလည်းကောင်း၊ (ဆိန္ဒိတွာ- ဖြတ်၍) ဌိတံ- တည်နေသော၊ ဥက္ခိတ္တပလိယံ- ပယ်နှုတ်အပ်ပြီးသော အဝိဇ္ဇာတည်းဟူသော တံခါးကျည်ရှိသော၊ ဗုဒ္ဓံ- သစ္စာလေးပါးတရားကို သိပြီးသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာကင်းကွာ ရဟန္တာဟု သညာအလှ ဗြာဟ္မဏ- ဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းငါးပါးတို့သည် အရဟတ္တဖိုလ်၌ တည်ကြကုန်ပြီ။ ရောက်လာသူ ရဟန်းရှင်လူတို့၏လည်း အကျိုးရှိသောဓမ္မဒေသနာတော်ဖြစ်ခဲ့လေပြီ။

**ဒွေဗြာဟ္မဏဝတ္ထု ပြီး၏။**

## ၁၆၄။ အင်္ဂုတ္တရအဋ္ဌကထာဝတ္ထု
## ဆဲတတ်သော ဘာရဒွါဇ ပုဏ္ဏားအကြောင်း

မြတ်စွာဘုရားသာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဲတတ်သော ဘာရဒွါဇ၏ အစ်ကိုဖြစ်သူဘာရဒွါဇ၏ ပုဏ္ဏေးမသည် ဓနဥ္စာနီ- အမည်ရှိ၏။ သောတာပန်ဖြစ်၏။ ဓနဥ္စာနီသည် နှာချေသော်လည်းကောင်း၊ ချောင်းဆိုးသော်လည်းကောင်း၊ ချော်လဲ့သော်လည်းကောင်း-

နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿဟူသော ဤဝမ်းမြောက်ကြောင်း ဥဒါန်း ပါဠိကို ရွတ်ဆိုကျူးရင့်လေ၏။

ဓနဥ္စာနီသည် တစ်နေ့သ၌ ပုဏ္ဏားတို့အား ထမင်းကျွေးမွေးပွဲ၌ ချော်လဲ့၍ ဖော်ပြပါဥဒါန်းပါဠိကို ကျယ်စွာသောအသံဖြင့် ရွတ်ဆိုကျူးရင့်လေ၏။ ပုဏ္ဏားသည်အမျက်ထွက်၍- ဤသူယုတ်မသည် နေရာတိုင်း၌ ချော်လဲ့ခဲ့သော် ထိုရဟန်းဦးပြည်း၏

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿဟူသော ဂုဏ်ကိုသာရွတ်ဆိုသည်ဟု ပြောဆို ကာ- သူယုတ်မ ယခုအခါ ငါသွားပြီး သင်၏ဆရာဖြစ်သော ထိုမြတ်စွာဘုရားအား အပြစ်တင် စကားကို ပြောဆိုပေအံ့ဟု ပြောပေ၏။ ထိုအခါ ဓနဥ္စာနီသည် ထိုပုဏ္ဏားကို- အို ပုဏ္ဏားသွားပါ။ အကြင်သူသည် ရွှေဘုန်းတော်သခင် ထိုဘုရားရှင်အား အယူဝါဒကို တင်ပြရာ၏။ (အပြစ်တင်စကား ပြောဆိုရာ၏) ထိုသူကို ငါမမြင်မိပါ။ စင်စစ်သော်ကား သင်သွား၍ ထိုမြတ်စွာဘုရားကို အမေး ပြဿနာကို မေးပါလေလောဟု ပြောဆို၏။

ထိုပုဏ္ဏားသည် မြတ်စွာဘုရားထံသွားရောက်၍ ရှိမခိုးဘဲသာတစ်နေရာ၌ရပ်လျက် ပြဿနာကို မေးလို၍ ဤဂါထာကို ဆိုလေ၏။

ကိံသု ဆေတွာ သုခံ သေတိ၊ ကိံသု ဆေတွာ နသောစတိ။
ကဿဿု ဧက ဓမ္မဿ၊ ဝဓံ ရောစေသိ ဂေါတမ။

ဂေါတမ- အိုအရှင် ဂေါတမ၊ ကိံသု- အဘယ်ကို၊ ဆေတွာ- ဖြတ်၍၊ ဝါ- ဖြတ်ခဲ့သော်၊ သုခံ- ချမ်းသာစွာ၊ သေတိ- အိပ်ရ နေရသနည်း။ ကိံသု- အဘယ်ကို၊ ဆေတွာ- ဖြတ်၍၊ ဝါ- ဖြတ်ခဲ့သော်၊ နသောစတိ- မစိုးရိမ် မပူပန်ရသနည်း။

ကဿ- အဘယ်မည်သော၊ ဧကဓမ္မဿ- တစ်ခုသောတရားကို၊ ဝဓံ- သတ်ဖြတ်ခြင်းကို၊ ရောစေသိ- ကြိုက်နှစ်သက်သနည်း။

ထိုသို့မေးသောအခါ ထိုပုဏ္ဏား၏ အမေးပြဿနာကို ဖြေတော်မူသောမြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏။

ကောစံ ဆေတွာ သုခံ သေတိ၊ ကောစံ ဆေတွာ နသောစတိ။
ကောဿေ ဝိသမူလဿ၊ မဓုရဂ္ဂဿ ဗြာဟ္မဏ။
ဝဓံ အရိယာ ပသံသန္တိ၊ တံဟိ ဆေတွာ နသောစတိ။

ဗြာဟ္မဏ- အိုပုဏ္ဏား၊ ကောဓံ- အမျက်ဒေါသကို၊ ဆေတွာ- ဖြတ်၍၊ ဝါ- ဖြတ်ခဲ့သော်၊ သုခံ- ချမ်းသာစွာ၊ သေတိ- အိပ်ရ နေရ၏။ ကောဓံ- အမျက်ဒေါသကို၊ ဆေတွာ- ဖြတ်၍၊ ဝါ- ဖြတ်ခဲ့သော်၊ နသောစတိ- မစိုးရိမ် မပူပန်ရ။

မဓုရဂ္ဂဿ- ချိုမြိန်သော အညွန့်အဖျားရှိသော၊ ဝိသမူလဿ- အဆိပ်ဟူသောအမြစ်ရှိသော၊ ကောဓဿ- အမျက်ဒေါသကို၊ ဝဓံ- သတ်ခြင်းကို၊ အရိယာ- အရိယာအပေါင်းသူတော်ကောင်းတို့သည်၊ ပသံသန္တိ- ချီးမွမ်းကြကုန်၏။ ဟိ- မှန်၏။ တံ- ထိုအမျက်ဒေါသကို၊ ဆေတွာ- ဖြတ်၍၊ ဝါ- ဖြတ်ခဲ့သော်၊ နသောစတိ- မစိုးရိမ်မပူပန်ရတော့ပေ။

ထိုပုဏ္ဏားသည် မြတ်စွာဘုရား၌ ကြည်ညို၍ ရဟန်းပြုပြီး အရဟတ္တဖိုလ်သို့ရောက်လေပြီ။

ထိုအချိန်မှ နောက်၌ ထိုပုဏ္ဏား၏ညီဖြစ်သော အက္ကောသကဘာရဒွါဇပုဏ္ဏားသည် ငါ၏အစ်ကို ရဟန်းပြုသတဲ့ဟု ကြား၍အမျက်ထွက်လျက် မြတ်စွာဘုရားထံလာရောက်၍ မြတ်စွာဘုရားကို ကြမ်းကြုတ်သော သူယုတ်တို့စကားဖြင့် ဆဲရေးလေ၏။ ထိုပုဏ္ဏားသည်လည်း မြတ်စွာဘုရားက ဧည့်သည်တို့အား ခဲဖွယ်စသည်ကို ပေးကမ်းသော ဥပမာဖြင့် သိစေအပ်သည်ဖြစ်၍ မြတ်စွာဘုရား၌ ကြည်ညို၍ရဟန်းပြုပြီး အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုမှ တစ်ခြားဖြစ်ကုန်သော ထိုပုဏ္ဏား၏သုန္ဒရိကဘာရဒွါဇနှင့် ဘိလင်္ဂိက ဘာရဒွါဇ ပုဏ္ဏားညီနောင် နှစ်ယောက်တို့သည် မြတ်စွာဘုရားကိုဆဲရေးသူများဖြစ်လျက်သာ မြတ်စွာဘုရားသည် ဆုံးမအပ်ကုန်သည်ဖြစ်၍ ရဟန်းပြုပြီး အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ထိုအခါ တစ်နေ့သ၌ ဓမ္မသဘင်ဝယ်စကားပြောဆိုကြကုန်၏။

ငါ့ရှင်တို့ ဘုရားရှင်တို့၏ ဂုဏ်တော်ကျေးဇူးတော်တို့သည် စင်စစ်အံ့ဩဖွယ် ရှိပါပေကုန်၏။ မြတ်စွာဘုရားသည် မိမိကိုဆဲရေးကြသော ပုဏ္ဏားညီနောင်လေးယောက်တို့အား စကားတစ်ခွန်းကိုမျှ မပြောဆိုဘဲ ထိုပုဏ္ဏားတို့၏ တည်ရာသာဖြစ်တော်မူပြီ။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ ယခုအချိန်၌ အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စုဝေးနေပါသည်ဟု လျှောက်ထားအပ်လေသော်

ရဟန်းတို့ ငါဘုရားသည် မိမိ၏သည်းခံမှု ခန္တီစွမ်းအားနှင့် ပြည့်စုံတော်မူသောကြောင့် အမျက်ထွက်သူတို့၌ အမျက်မထွက်သူဖြစ်၍ လူအပေါင်း၏ ထောက်တည်ရာဖြစ်ပါ၏ဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

အက္ကောသံ ဝဓဗန္ဓဉ္စ၊ အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တီ ဗလံ ဗလာနီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ အင်္ဂုဿံစ- ဆဲရေးခြင်းကိုလည်းကောင်း၊ ဝဓဗန္ဓဥ္စ - လက်စသည်တို့ဖြင့် ပုတ်ခတ်ခြင်း၊ သံခြေကျင်း အနှောင်အဖွဲ့ စသည်တို့ဖြင့် နှောင်ဖွဲ့ခြင်းကိုလည်းကောင်း၊ အဒုဋ္ဌော- အမျက်မထွက်သည်ဖြစ်၍၊ တိတိက္ခတိ- သည်းခံ၏။ ခန္တိဗလံ- သည်းခံခြင်းအားနှင့်ပြည့်စုံသော၊ ဗလာနီကံ- အဖန်ဖန်သည်းခံခြင်းကြောင့်၊ စစ်သည်သဖွယ်ဖြစ်သော ခန္တီအားနှင့်ပြည့်စုံသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခမ်းကွာ ရဟန္တာဟု သညာအလှ ဗြာဟ္မဏ- ဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်ပြီ။

**အင်္ဂုတ္တရကဘာသာဋီကာေစတ္တုတ္တ ပြီး၏။**

## ၁၆၅ ။ သာရိပုတ္တတ္ထေရဝတ္ထု
## သာရိပုတ္တထေရ်အကြောင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာရိပုတ္တထေရ်သည် တပည့်ရဟန်းငါးရာတို့နှင့်အတူ ဆွမ်းခံကြွတော်မူလေသော်- မိမိ၏ဖွားရာဇာတိ၊ နာဠကရွာမယ်တော်သာရီ ပုဏ္ဏေးမကြီး၏ အိမ်တံခါးဝသို့ ရောက်တော်မူလေပြီ။

ထိုအခါ သာရိပုတ္တထေရ်ကို မယ်တော်ပုဏ္ဏေးမကြီးသည်နေရာ၌ ထိုင်နေစေပြီး ဆွမ်းကျွေးပြုစုလျက် ဆဲရေးစကားပြောကြားလေ၏။

အို- စားကြွင်းစားသာရိပုတ္တ၊ သင်သည်စားကျန်ပုန်းရည် ဟင်းကိုမရ၍ သူတစ်ပါးအိမ်၌ ယောက်ချိုပြားဖြင့် မွှေနှောက်အပ်သော ပုန်းရည်ကို စားသုံးရန် ကုဋေလေးဆယ်ဥစ္စာစွန့်ပစ်၍ ရဟန်းပြုသူဖြစ်၏။ ငါတို့သည် သင်ဖျက်ဆီးခံရသူများဖြစ်၏။ ယခု စားပေတော့။

တပည့်ရဟန်းတို့အားလုံးလည်း ဆွမ်းကိုပေးလှူစဉ် သင်တို့သည် ငါ့သား သာရိပုတ္တကို သင်တို့၏ အလုပ်အကျွေးငယ်အဖြစ် ပြုထားအပ်ပြီ။ ယခု စားကြပေတော့ဟု ပြောဆို၏။

သာရိပုတ္တထေရ်သည် ဆွမ်းကိုခံယူ၍ ကျောင်းသို့သာကြွတော်မူလေ၏။

ထိုအခါ အရှင်ရာဟုလာသည် မြတ်စွာဘုရားကို ဆွမ်းဖြင့် ဖိတ်မန်ပန်ကြားတော်မူ၏။

ထိုအခါ အရှင်ရာဟုလာကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။

အို- ရာဟုလာ, သင်သည် အဘယ်အရပ်၌ ဆွမ်းခံသွားခဲ့သနည်း။

မြတ်စွာဘုရား- အဖွားသာရီ၏ နာဠကရွာသို့ သွားခဲ့ပါသည်ဘုရား။

အဖွားသာရီသည် သင်၏ဥပဇ္ဈာယ်ဆရာကို အဘယ်ကိုပြောဆိုအပ်သနည်း။

မြတ်စွာဘုရား အဖွားသာရီသည် တပည့်တော်၏ဥပဇ္ဈာယ်ကိုဆဲပါသည်ဘုရား။

ဘယ်လိုပြော၍ ဆဲသနည်း။

မြတ်စွာဘုရား ဤစကားကိုပြော၍ဆဲပါသည်ဘုရား။

သင်၏ဥပဇ္ဈာယ်က ဘယ်စကားကိုပြန်ပြောသနည်း။

မြတ်စွာဘုရားစကားတစ်ခွန်းကိုမျှ ပြန်မပြောပါ ဟု လျှောက်ထားလေ၏။

ရဟန်းတို့သည် ထိုစကားကိုကြားကြ၍ ဓမ္မသဘင်၌ စကားပြောဆိုကြကုန်၏။

ငါ့ရှင်တို့ သာရိပုတ္တထေရ်၏ ဂုဏ်ကျေးဇူးတို့သည် စင်စစ်အံ့ဩဖွယ်ရှိပါပေကုန်၏။ သာရိပုတ္တထေရ်၏ ဤသို့ဆဲရေးသော မယ်တော်သာရီ၌ အမျက်ထွက်ခြင်းမျှသည်လည်း မဖြစ်ခဲ့လေပြီ။

မြတ်စွာဘုရား ကြွလာတော်မူ၍ မေးတော်မူသဖြင့် ရဟန်းတို့က အကြောင်းကိုလျှောက်ထားအပ်လေသော် -

ရဟန်းတို့ ရဟန္တာတို့မည်သည် အမျက်မထွက်သူတို့သာ ဖြစ်ကုန်၏ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏

အက္ကောဓနံ ဝတဝန္တံ၊ သီလဝန္တံ အနုဿဒံ။
ဒန္တံ အန္တိမသရီရံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

အက္ကောဓနံ- ဒေါသကိုဖက် အမျက်မထွက်သော၊ ဝတဝန္တံ- ဓုတင် အကျင့်နှင့် ပြည့်စုံသော၊ သီလဝန္တံ- စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသော၊ အနုဿဒံ- များစွာနည်းပါး တဏှာတရားလည်းမရှိသော၊ ဒန္တံ- ဣန္ဒြေခြောက်ပါးကို ဆုံးမသဖြင့် ယဉ်ကျေးပြီးသော၊ အန္တိမသရီရံ- အဆုံးစွန်ဘဝ၌တည်သော အတ္တဘော (ကိုယ်) ရှိသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဟု သညာအလှ ဗြာဟ္မဏဟု အဟံ- ငါဘုရားသည်၊ ဝဒါမိ- ပြော-ဆိုပါသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**သာရိပုတ္တတ္ထေရဝတ္ထု ပြီး၏။**

## ၁၆၆။ အညတရဗြာဟ္မဏဝတ္ထု
## မထင်ရှားသောပုဏ္ဏားတစ်ယောက်အကြောင်း

မြတ်စွာဘုရား သာဝတ္ထိပြည်မှ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏား တစ်ယောက်၏ ကျွန်တစ်ယောက်သည် သိက္ခာပုဒ်ကို မပညတ်မီထွက်ပြေး၍ ရဟန်းပြုပြီး အရဟတ္တဖိုလ် သို့ ရောက်လေ၏။

ပုဏ္ဏားသည် ကျွန်ဖြစ်သူထိုလူကို ရှာဖွေကြည့်ရှုသော်မမြင်၍ တစ်နေ့သ၌ မြတ်စွာဘုရားနှင့် အတူ ဆွမ်းခံဝင်လာသည်ကို တံခါးအကြား၌မြင်တွေ့ပြီး သင်္ကန်းကို မြဲမြံစွာဆွဲကိုင်လေ၏။

မြတ်စွာဘုရားသည် ပြန်လှည့်တော်မူပြီး ပုဏ္ဏားအဘယ်ကြောင့် ဤသို့ပြုသနည်းဟု မေးတော်မူ၏။

အရှင်ဂေါတမ ဤရဟန်းသည် ကျုပ်၏ကျွန်ဖြစ်သည်ဟု ပြော၏။

အို- ပုဏ္ဏား ဤရဟန်းသည်ချပြီးသော ဝန်ရှိသူတည်းဟု မိန့်တော်မူ၏။

ပန္နဘာရော - ချပြီးသောဝန်ရှိသူဟု မြတ်စွာဘုရားက မိန့်တော်မူအပ်သော်- ပုဏ္ဏားသည် ရဟန္တာဟု မှတ်မိလေ၏။ ထို့ကြောင့် ပုဏ္ဏားသည် နောက်ထပ်- အိုအရှင်ဂေါတမ ပန္နဘာရ- အမှန်ပင်ဖြစ်သလောဟု လျှောက်ထားအပ်သော်- မြတ်စွာဘုရားသည် အို ပုဏ္ဏား- ဟုတ်၏၊ ပန္နဘာရ- အမှန်ပင်ဖြစ်၏ဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

ယော ဒုက္ခဿ ပဇာနာတိ၊ ဣဓေဝ ခယမတ္တနော။
ပန္နဘာရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ ဣဓေဝ- ယခုကြုံရ ဤဘဝ၌ပင်၊ အတ္တနော- မိမိ၏၊ ဒုက္ခဿ- ခန္ဓာကိုယ်ဟု ဆင်းရဲအစု၏၊ ခယံ- ကုန်ရာအမှန်မြတ် နိဗ္ဗာန်ကို၊ ပဇာနာတိ- .အရဟတ္တမဂ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် အမှန်သိ၏။ ပန္နဘာရံ- ချအပ်ပြီးသောခန္ဓာဝန်ရှိသော၊ ဝိသံယုတ္တံ- ယောဂ လေးပါးတို့နှင့်မယှဉ် ကိလေသာ အားလုံးတို့မှကင်းစင်သော၊ တံ- ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏံ- ကိလေသာ ခန်းကွာ ရဟန္တာဟု သညာအလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ပြောဆိုပေ၏။

ဒေသနာတော်အဆုံး၌ မထင်မရှား ထိုပုဏ္ဏားသည်သောတာပတ္တိဖိုလ်၌ တည်လေပြီ။ ရောက်လာ ကြသူ ရဟန်းရှင်လူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**အညတရဗြာဟ္မဏဝတ္ထု ပြီး၏။**

## ၁၆၇။ ပဋ္ဌာရဝါသီတိဿထေရဝတ္ထု
## တောင်လိုဏ်ဝမ်းနေတိဿထေရ်အကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တိဿထေရ်သည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကိုတောင်းယူ၍ တောသို့ဝင်ပြီးသော်- သပ္ပါယ ဖြစ်မည့် ကျောင်းနေရာကို ရှာဖွေကြည့်ရှုစဉ် တစ်ခုသောလိုဏ်ဝမ်းသို့ရောက်လေ၏။ ရောက်ရာ ခဏ၌ပင် တိဿထေရ်၏ စိတ်သည် တည်ကြည်မှုကိုရလေ၏။

တိဿထေရ်သည် ငါဤနေရာ၌နေရသော် ရဟန်းကိစ္စပြီးဆုံးစေရန် စွမ်းနိုင်လိမ့်မည်ဟု စိတ်ကူးလေ၏။

လိုဏ်ဝမ်း၌ အုပ်စိုးစောင့်ရှောက်နေသော နတ်သည် သီလရှိသော ရဟန်းသည်ရောက်လာ၏၊ ဤရဟန်းနှင့်အတူ တစ်နေရာတည်း၌နေခြင်းငှာ ဆင်းရဲ၏။ သို့သော်လည်း ဤရဟန်းသည် ဤနေရာ၌ တစ်ညဥ့်သာနေပြီး ပြန်သွားပေလိမ့်မည်အထင်ဖြင့် သားတို့ကိုခေါ်၍ လိုဏ်ဝမ်းမှထွက်သွားလေ၏။

တိဿထေရ်သည် နောက်တစ်ရက်၌ နံနက်စောစောဆွမ်းခံရွာသို့ ဆွမ်းခံဝင်လေ၏။ ထိုအခါ တိဿထေရ်ကို ဥပါသိကာတစ်ယောက်သည် မြင်လျှင်မြင်ခြင်း သားကဲ့သို့ချစ်ခင်ခြင်းကိုရ၍ အိမ်၌ ထိုင်စေကာ ဆွမ်းကပ်ပြီး သူ့ကိုအမှီပြု၍ သုံးလပတ်လုံးသီတင်းသုံးနေရန် တောင်းပန်လေ၏။ တိဿ ထေရ်လည်း ငါသည်ဤဥပါသိကာကို အမှီပြု၍ ဘဝမှ ထွက်မြောက်မှုကို ပြုနိုင်ကောင်းတန်၏ဟု လက်ခံ၍ ထိုလိုဏ်ဝမ်းသို့သာ ပြန်ကြွလေ၏။

နတ်သည် တိဿထေရ်ပြန်ကြွလာသည်ကိုမြင်၍ အချွတ်ဧကန် ဒကာတစ်ယောက်ယောက် သည် ပင့်ဖိတ်အပ်သည်ဖြစ်လိမ့်မည်၊ နက်ဖြန်သော်လည်းကောင်း၊ သဘက်သော်လည်းကောင်း၊ ထွက်သွားလိမ့်မည်ဟု မျှော်မှန်းထားလေ၏။ ဤသို့လျှင် လခွဲမျှအချိန်ကျော်လွန်လေသော် ဤရဟန်း သည် ဤလိုဏ်ဝမ်း၌သာ ဝါ လပတ်လုံးနေလိမ့်မည်ထင်၏။ သီလရှိသူနှင့်အတူ တစ်နေရာတည်း၌ သားတို့နှင့်အတူ နေနိုင်ရန်ခဲယဉ်း၏။ ဤရဟန်းကိုလည်း ထွက်သွားပါဟုပြောဆိုရန် မတတ်နိုင်၊ ဤရဟန်း၏ သီလ၌ချွတ်ယွင်းချက် ရှိလေသလောဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုလေသော် သိမ်တံစောင်း အတွင်း ရဟန်းဖြစ်ချိန်မှစ၍ တိဿထေရ်၏သီလ၌ ချွတ်ယွင်းချက်ကို မမြင်မတွေ့သဖြင့် ဤရဟန်း၏ သီလသည် ထက်ဝန်းကျင်စင်ကြယ်၏။ တစ်စုံတစ်ခုကိုပြု၍သာ ထိုရဟန်း၏ ကျော်ဇောမဲ့ကို ဖြစ်စေအံ့ဟု ကြံ၍ တိဿထေရ်၏ အလုပ်အကျွေးအိမ်၌ ဥပါသိကာ၏ သားကြီး၏ ကိုယ်၌ ဝင်ကပ်ပြီး လည်ပင်းကို နောက်ပြန်လှည့်စေ၏။ သားကြီး၏ မျက်လုံးတို့သည် ပြူးထွက်ကုန်၏။ ခံတွင်းမှ တံတွေးသည် စီးကျနေ၏။ ဥပါသိကာသည် သားကြီးကိုမြင်၍ ဤအကြောင်းကား အဘယ်နည်းဟု မြည်တမ်းလေ၏။

ထိုအခါ ဥပါသိကာကိုနတ်သည် ကိုယ်ထင်ရှားမပြဘဲ ဤသို့ပြောဆို၏။

ငါသည် ဤသူကို ဖမ်းစားအပ်၏၊ (ဖမ်းစားထား၏) ပူဇော်မှုကိုပြုခြင်းဖြင့်လည်း (ဗလိနတ်စာ ပေးခြင်းဖြင့်လည်း)ငါ့အား အလိုမရှိ၊ သင်တို့၏ ကုလူပကထေရ်ကို နွယ်ချိုကိုတောင်း၍ ထိုနွယ်ချိုဖြင့်

ဆီချက်ပြီး ဤသူအား နှာနှပ်ပေးကြလော၊ ဤသို့ပေးလျှင် ငါသည် ဤသူကိုလွှတ်ပေးမည်ဟုပြော၏။

ဤသူသည် ပျက်စီးမူလည်း ပျက်စီးစေ၊ သေမူလည်း သေစေ၊ ငါသည် အရှင်မြတ်ကို နွယ်ချို မတောင်းနိုင်ဟု ပြန်ပြော၏။ နွယ်ချိုကိုမတောင်းနိုင်ခဲ့လျှင် ဤသူ၏ နှာခေါင်း၌ ရှိန်းခိုမှုန့်ကို ထည့်ပေးရန် လျှောက်ထားကြဟု ပြောပြန်၏။ ဤစကားကိုလည်း လျှောက်ထားရန် မတတ်နိုင်ကြပါ။

ထိုသို့ မတတ်နိုင်လျှင် ထိုရဟန်း၏ ခြေဆေးရေကိုယူ၍ ဤသူ၏ဦးခေါင်း၌ လောင်းပေး လိုက်ကြဟု ပြော၏။

ဥပါသိကာသည် ဤအရာကိုပြုခြင်းငှာတတ်နိုင်၏ဟု ပြောဆိုကာ ဆွမ်းခံချိန်၌ ကြွလာသော တိဿထေရ်ကို သီတင်းသုံးစေ၍ ယာဂုခဲဖွယ်ကို ကပ်လှူ၍ ဆွမ်းမစားမီ ကြားအချိန်၌ ထိုင်နေသော တိဿထေရ်၏ ခြေတို့ကို ဆေးကြော၍ရေကိုယူပြီး

အရှင်ဘုရား ဤရေကိုသူငယ်၏ဦးခေါင်း၌ သွန်းလောင်းပေးကြပါမည်ဟု ပန်ကြား၍ သွန်းလောင်းပေးလိုလျှင် သွန်းလောင်းပေးလိုက်ကြဟု မိန့်အပ်သော် သွန်းလောင်းပေးလေ၏။

ထိုနတ်သည် ထိုခဏ၌ပင် ထိုသူငယ်ကိုလွှတ်၍ သွားရောက်ပြီး လိုဏ်ဝမ်းဝ၌ တည်နေလေ၏။

အရှင်တိဿထေရ်သည်လည်း ဆွမ်းကိစ္စအဆုံး၌ နေရာမှထ၍ မစွန့်လွှတ်အပ်သော ကမ္မဋ္ဌာန်း ရှိသည်၏ အဖြစ်ကြောင့် ခန္ဓာကိုယ်၌ သုံးဆယ့်နှစ်မျိုးသော အခြင်းအရာကို (သုံးဆယ့်နှစ်ကောဋ္ဌာသကို) စိတ်ဖြင့် ရွတ်ဆိုလျက်သာ အိမ်မှထွက်ခွာသွားလေ၏။ ထို့နောက် တိဿထေရ်ကို လိုဏ်ဝသို့ ရောက်သွားချိန်၌ ထိုနတ်သည်

အို ဆေးဆရာကြီး ဤလိုဏ်တွင်း၌ မဝင်ပါနှင့်ဟု ပြောလေ၏။

တဿထေရ်သည် ထိုလိုဏ်ဝ၌ ရပ်တော်မူ၍ သင်ဘယ်သူနည်း ဟုမေးလေ၏။

ကျုပ်သည် ဤလိုဏ်တွင်း၌ အုပ်စိုးနေထိုင်သော နတ်ဖြစ်သည်ဟု ပြောလေ၏။

တိဿထေရ်သည်

ငါသည်ဆေးကုမှုကို ပြုရာအရပ်ရှိလေသလောဟု သိမ်တံစောင်းအတွင်း ရဟန်းခံချိန်မှ (ရဟန်းဖြစ်ရာ သိမ်တံစောင်းမှ) စ၍ စဉ်းစားကြည့်ရှုလေသော်၊ မိမိ၏သီလ၌ မဲ့မျှလောက်သော အပြစ် ကိုသော်လည်းကောင်း၊ ကိုယ်၌စာအမတ်မျှလောက်သော အပြစ်ကိုသော်လည်းကောင်း

(တိလမတ္တမ္ပိကာဠံဟု အချို့စာရှိ၏၊ ထိုစာအလိုနှမ်းစေ့မျှလောက်သော အမဲကွက်အပြစ်ကို လည်းဟု ပြန်ဆိုပါ။)

မမြင်သောကြောင့် ငါသည်ငါဆေးကုမှု ပြုရာအရပ်ကိုမမြင်မိ၊ ဤနတ်သည် အဘယ်ကြောင့် ငါ့ကို ဤသို့ပြောသနည်းဟု မေးတော်မူ၏။

သင်ဆေးကုမှုပြုရာအရပ်ကို မမြင်မိလေသလော၊

ငါမမြင်သည်မှန်၏။

သင့်အား ကျုပ်ပြောပြရမည်လော။

ကောင်းပြီ၊ ပြောပြပါ။

သင်၏အဝေး၌ ပြုအပ်သော ဆေးကုမှုကို ထားလိုက်ဦး၊ ယနေ့ပင်သင်သည် ဘီလူးဖမ်းဆီး

အပ်သော အလုပ်အကျွေးမိန်းမ၏ သား၏ဦးခေါင်း၌ သင့်ခြေဆေးရေကို သွန်းလောင်းသလော၊ မသွန်းလောင်းသလော၊

သွန်းလောင်းသည် မှန်၏။

သင်သည် ရေသွန်းလောင်း၍ ထိုဆေးကုမှုကို မမြင်လေသလော။

သင်နတ်သည် ထိုရေသွန်းလောင်းမှုကိုရည်ရွယ်၍ ငါ့ကိုဆေးဆရာကြီးဟု ပြောဆိုလေသလော၊

ဟုတ်ပါ၏၊ ထိုရေသွန်းလောင်းမှုကို ရည်ရွယ်၍ ဆေးဆရာကြီးဟု ပြောပါသည်ဟု နတ်က လျှောက်ထားလေ၏။

တိဿထေရ်သည် ဤသို့ကြံသိလေ၏။ ငါသည်ကောင်းစွာဆောက်တည်ကျင့်သုံး၍ နေသော၊ ဝါ- ကောင်းစွာထားအပ်သော ငါ၏ကိုယ်သည် စင်စစ်အံ့ဩဖွယ်ရှိ၏။ ငါသည် သာသနာတော်အား လျော်ကန်သော အကျင့်ကို စင်စစ်ကျင့်အပ်ပြီ။ နတ်သည်လည်းငါ၏ စတုပါရိသုဒ္ဓိသီလ၌ မှဲ့မျှလောက်သော အပြစ်ကိုသော်လည်းကောင်း၊ ကိုယ်၌စာအမှတ်မျှလောက်သော အပြစ်ကိုသော်လည်းကောင်း၊ (နှမ်းစေ့မျှလောက်သော အပြစ်ကိုသော်လည်းကောင်း) မမြင်ပါဘဲ သူငယ်၏ ဦးခေါင်း၌ သွန်းလောင်းအပ်သော ခြေဆေးရေမျှကို မြင်ရလေပြီ။

ဤသို့ကြံသိပြီးနောက် တိဿထေရ်အား သီလကို အကြောင်းပြု၍ အားကောင်းသော ပီတိဖြစ်လေ၏။

တိဿထေရ်သည် ထိုပီတိကိုခွါ၍ ခြေကြွခြင်းကိုသော်လည်း မပြုမူ၍ ရပ်နေရာထိုအရပ်၌သာ အရဟတ္တဖိုလ်သို့ရောက်ပြီး အိုနတ် ငါသို့သော သီလစင်ကြယ်သော ရဟန်းကိုဖျက်ဆီး၍သင်သည် ဤတောအုပ်၌ မနေပါနှင့် သင်သာ ဤတောအုပ်မှ ထွက်ခွာသွားပေတော့ဟု နတ်ကိုဆုံးလို၍ ဤဥဒါန်း ဂါထာကို ကျူးရင့်တော်မူပြီ။

ဝိသုဒ္ဓေါ ဝတ မေ ဝါသော၊ နိမ္မလံ မံ တပဿိနံ။
မာ တွံ ဝိသုဒ္ဓံ ဒူသေသိ၊ နိက္ခမ ပဝနာ တုဝံ။

ဒေဝတေ- အိုနတ်၊ မေ- ငါ၏၊ ဝါသော- နေထိုင်ခြင်းသည်၊ ဝတ- စင်စစ်၊ ဝိသုဒ္ဓေါ- စင်ကြယ်၏၊ တွံ- သင်နတ်သည်၊ နိမ္မလံ- အညစ်အကြေးကင်းသော၊ တပဿိနံ- ခြိုးခြံသော အကျင့်ရှိသော၊ ဝိသုဒ္ဓံ- စင်ကြယ်သော၊ မံ- ငါ့ကို၊ မာဒူသေသိ- မဖျက်ဆီးနှင့်၊ တုဝံ- သင်နတ်သည်၊ ပဝနာ- ဤတောမှ၊ နိက္ခမ- ထွက်သွားလေတော့။

တိဿထေရ်သည် ထိုတောအုပ်လိုဏ်အတွင်း၌သာ သုံးလပတ်လုံးနေ၍ ဝါကျွတ်ပြီးသော် မြတ်စွာဘုရားထံသွား၍ -

ရဟန်းတို့သည် ငါ့ရှင်အသို့နည်း၊ သင်သည်ရဟန်းကိစ္စကို အပြီးအဆုံးသို့ ရောက်စေအပ်ပြီ လောဟု မေးအပ်လေသော် ထိုလိုဏ်၌ ဝါကပ်သည်မှစ၍ အလုံးစုံသော ဖြစ်ခဲ့ပုံထိုအကြောင်းကို ရဟန်းတို့အား ပြောကြား၍ -

ငါ့ရှင် နတ်က ဆေးဆရာကြီးဟု ပြောဆိုအပ်သော် သင်အမျက်မထွက်သလောဟု မေးအပ်သော်- အမျက်မထွက်ခဲ့ပြီဟု ပြောလေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား- အရှင်ဘုရား ဤရဟန်းသည် အရဟတ္တဖိုလ်ကို ပြောဆိုပါသည်။ လိုဏ်စောင့်နတ်က ဤမည်သောစကားကို ပြောဆိုအပ်သော်လည်း အမျက်မထွက်ပါဟု ပြောဆို၏ဟု လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကိုကြားတော်မူ၍

ရဟန်းတို့ ငါဘုရား၏ သားတော်သည် အမျက်မထွက်သူသာဖြစ်၏။ ဤသားတော်အား လူတို့နှင့်လည်းကောင်း၊ ရဟန်းတို့နှင့်လည်းကောင်း၊ စပ်ယှဉ်ရောနှောခြင်းမည်သည်မရှိလေပြီ။ ဤသားတော်သည် စပ်ယှဉ်ရောနှောခြင်းမရှိ၊ အလိုနည်း၏၊ ရောင့်ရဲလွယ်၏ဟု မိန့်တော်မူကား တရားဟောလိုတော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

အသံ သဋ္ဌံ ဂဟဋ္ဌေဟိ၊ အနာဂါရေဟိ စဘယံ။
အနောကသာရိ မပ္ပိစ္ဆံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဂဟဋ္ဌေဟိစ- လူတို့နှင့်လည်းကောင်း၊ အနာဂါရေဟိစ- ရဟန်းတို့နှင့်လည်းကောင်း၊ ဥဘယံ- ဥဘယေဟိ- နှစ်မျိုးတို့နှင့်၊ အသံသဋ္ဌံ- ရောနှောခြင်းမရှိသော၊ အနောကသာရိံ- တွယ်တာမှုကင်းလျက် ကျင့်သုံးသော၊ အပ္ပိစ္ဆံ- အလိုနည်းသော၊ တံ- ထိုသူကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဟု သညာအလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်ပြီ။

**ပဗ္ဘာရဝါသီတိဿတ္ထေရဝတ္ထု ပြီး၏**

## ၁၆၈။ အညတရဘိက္ခုဝတ္ထု
## မထင်ရှားသောရဟန်းတစ်ပါးအကြောင်း

မြတ်စွာဘုရား သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကို တောင်းယူ၍ တော၌သီတင်းသုံးလျက် တရားအားထုတ်လေသော် အရဟတ္တဖိုလ်သို့ရောက်၍ ရရှိအပ်သောဂုဏ်ကို မြတ်စွာဘုရားအား လျှောက်ထားမည်ကြံစည်ပြီး တောအရပ်မှ ထွက်ခွာလာလေ၏။

ထိုအခါ ရွာတစ်ရွာ၌ မိန်းမတစ်ယောက်သည် လင်ယောကျ်ားနှင့်ရန်ဖြစ်၍ ယောကျ်ားဖြစ်သူ အိမ်ပြင်ပသို့ ထွက်သွားစဉ် မိဘအိမ်ပြန်သွားမည်အကြံဖြင့် ခရီးသွားနေစဉ် လမ်းခရီးအလယ်၌ မြတ်စွာဘုရားထံသွားနေသော ထိုရဟန်းကိုမြင်၍ ဤထေရ်ရဟန်းကို အမှီပြု၍ ငါသွားမည်အကြံဖြင့် ထေရ်ရဟန်း၏ နောက်မှနောက်မှ အစဉ်လိုက်လေ၏။ ထေရ်ရဟန်းသည်ကား ထိုမိန်းမကို မမြင်ပါချေ။ ထိုအခါ ထိုမိန်းမ၏ကာမပိုင်ယောကျ်ားသည် အိမ်သို့ပြန်လာသော် ထိုမိန်းမကိုမမြင်၍ မိဘအိမ်ပြန်သွားသည် ဖြစ်လိမ့်မည်ဟု ဆင်ခြင်၍ အစဉ်လိုက်လေသော် ထိုမိန်းမကိုမြင်တွေ့ပြီး ဤမိန်းမတစ်ယောက်တည်း ဤတောအုပ်ကို သွားဝံ့မည်မဟုတ်၊ အဘယ်သူကိုအမှီပြု၍ သွားသနည်းဟု လှမ်းမျှော်ကြည့်လေသော် ထေရ်ရဟန်းကိုမြင် ဤရဟန်းသည် ဤမိန်းမကို ခေါ်ယူ၍ ထွက်သွားသည်ဖြစ်လိမ့်မည်ဟု ကြံစည်၍ ထေရ်ရဟန်းကိုခြိမ်းခြောက်လေ၏။

ထိုအခါ ထိုယောကျ်ားကို ထိုမိန်းမသည် ဤအရှင်ကောင်းသည် ကျွန်မကို မမြင်သည်သာမဟုတ်၊ စကားလည်းမပြောပါ၊ အရှင်ကောင်းကို အနီးငယ်သောစကားကိုမျှ မပြောပါနှင့်ဟု ပြောဆို၏။

ထိုယောကျ်ားသည် သင်သည် အဘယ့်ကြောင့် မိမိကိုယူ၍သွားသူကို ငါ့အားမပြောသနည်း၊ သင့်အားသာသင့်လျော်သည်ကို ဤရဟန်းအား ငါပြုမည်ဟု ပြောဆိုကာ ဒေါသထွက်ပြီး မိန်းမ၌ထားသော ရန်ငြိုးဖြင့် ထေရ်ရဟန်းကို ထိုးကြိတ်ရိုက်နှက်ပြီး မိန်းမကိုခေါ်၍ ပြန်လှည့်သွားလေ၏။ ထေရ်ရဟန်း၏ တစ်ကိုယ်လုံး အဖုထလေ၏။ ထိုမှနောက် ထိုရဟန်းကျောင်းသို့ရောက်ရာအချိန်၌ ရဟန်းတို့သည် ထိုရဟန်း၏ ကိုယ်ကို ပွတ်သတ်ကြည့်ကြသော် အဖုအလုံးတို့ကို မြင်တွေ့ကြ၍ ဤသည်ကား အဘယ်အကြောင်းရှိသနည်းဟု မေးကြကုန်၏။ ထိုရဟန်းသည် ထိုရဟန်းတို့အား ထိုအကြောင်းကို ပြောကြားလေ၏။

ထိုအခါ ထိုရဟန်းကို ရဟန်းတို့သည် ငါ့ရှင် ထိုယောကျ်ားသည် အဖုအလုံးထလောက်အောင် ထိုးကြိတ်ရိုက်နှက်စဉ် သင်သည်အဘယ်စကားကိုပြောသနည်း။ သင့်အား အမျက်ဒေါသသော်လည်း ဖြစ်သလောဟု မေးကြကုန်၏။

ငါ့ရှင်တို့ ငါ့အား အမျက်ဒေါသမဖြစ်ခဲ့ပြီဟု ပြောဆိုအပ်သော် မြတ်စွာဘုရားထံသွားကြကာ ထိုအကြောင်းကိုလျှောက်ထားပြီး မြတ်စွာဘုရား ဤရဟန်းသည် သင့်အားအမျက်ဒေါသဖြစ်သလောဟု ပြောဆိုအပ်သော် ငါ့ရှင်တို့ ငါ့အားအမျက်ဒေါသ မဖြစ်ပါဟု မဟုတ်မမှန်သော စကားကိုပြောဆိုပြီး

အရဟတ္တဖိုလ်ကို ပြောဆိုပါသည်ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကိုကြားတော်မူ၍

ရဟန်းတို့ ရဟန္တာတို့မည်သည် ချထားအပ်ပြီးသောဒဏ် ( ညှဉ်းဆဲနှိပ်စက်ကြောင်း ဝတ္ထုပစ္စည်း) ရှိကုန်၏။ ထိုရဟန္တာတို့သည် ထိုးကြိတ်ရိုက်နှက်ပုတ်ခတ်သူတို့၌လည်း အမျက်ထွက်ခြင်းကို မပြုကြသည်သာဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

နိဓာယ ဒဏ္ဍံ ဘူတေသု၊ တသေသု ထာဝရေသုစ၊
ယော နဟန္တိ နဃာတေတိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ တသေသုစ- တဏှာဟူသောထိတ်လန့်ခြင်းဖြင့် ထိတ်လန့်သည်လည်း ဖြစ်ကုန်သော၊ ထာဝရေသုစ- တဏှာမရှိသဖြင့် တည်တံ့ခိုင်ခန့်သည်လည်းဖြစ်ကုန်သော၊ ဘူတေသု - သတ္တဝါတို့၌၊ ဒဏ္ဍံ- ညှဉ်းဆဲကြောင်းဝတ္ထုကို၊ နိဓာယ- ဒေါသကင်းသည်၏အဖြစ်ဖြင့် ချထား၍၊ နဟန္တိ- ကိုယ်တိုင်လည်း မညှဉ်းဆဲမသတ်ဖြတ်၊ နဃာတေတိ- သူတစ်ပါးကိုလည်း ညှဉ်းဆဲသတ်ဖြတ်စေသူမဟုတ်၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဟု သညာအလှ ဗြာဟ္မဏဟု အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူပါပေသည်။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**အညတရဘိက္ခုဝတ္ထု ပြီး၏။**

# ၁၆၉။ သာမဏေရာန်ဝတ္ထု
# သာမဏေလေးပါးတို့အကြောင်း

မြတ်စွာဘုရား သာဝတ္ထိပြည်မွန်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏေးမ တစ်ယောက်သည် ရဟန်းလေးပါးစာ ဥဒ္ဒေသဘတ်ကို (ရည်ညွှန်း၍ လှူအပ်သောဆွမ်းကို) စီစဉ်ပြီး အိမ်ရှင်ယောကျာ်း ပုဏ္ဏားကို ကျောင်းသို့သွား၍ အသက်သိက္ခာကြီးရင့်အိုမင်းသော ဗြာဟ္မဏလေးပါး တို့ကို ညွှန်းပြစေ၍ ပင့်ဆောင်ခဲ့ပါဟု ပြောဆိုစေလွှတ်လိုက်၏။

ပုဏ္ဏားသည် ကျောင်းသို့သွား၍ တပည့်တော်အား ဗြာဟ္မဏလေးပါးတို့ကို ညွှန်ပြပေး တော်မူကြပါဟု လျှောက်ထားလေ၏။

သံကိစ္စသာမဏေ၊ ပဏ္ဍိတသာမဏေ၊ သောပါကသာမဏေ ရေဝတသာမဏေ အားဖြင့် ခုနစ်နှစ် အရွယ် ရဟန္တာသာမဏေလေးပါးတို့သည် ထိုပုဏ္ဏား၏ ဆွမ်းကိုခံယူရန် အလှည့်ရောက်ကုန်၏။

ပုဏ္ဏေးမသည် မြတ်သောသူတို့အားသာထိုက်သောနေရာတို့ကိုခင်း၍ နေစဉ်သာမဏေတို့ကို မြင်၍သာ အမျက်ထွက်သည်ဖြစ်၍ မီးဖို၌တည်သော ခုံလောက်၌ထည့်ထားအပ်သောဆားကဲ့သို့ တဖျစ်ဖျစ် တတောက်တောက် ပြောဆိုလျက် သင်သည်ကျောင်းသို့သွား၍ မိမိ၏မြေးမျှ မပြောလောက် ကုန်သော သူငယ်လေးဦးတို့ကိုခေါ်၍ လာခဲ့သည်ဟု ပြောဆိုပြီးသာမဏေတို့အား ထိုမြတ်သော နေရာတို့၌ ထိုင်ခွင့်မပေးဘဲ နိမ့်သောအင်းပျဉ်တို့ကိုခင်း၍ ဤနေရာတို့၌ ထိုင်ကြပါဟု ပြောဆိုပြီး အိုပုဏ္ဏားသွားပါဦး၊ အသက်သိက္ခာ ကြီးရင့်ကုန်သော ဗြာဟ္မဏတို့ကို ကြည့်ရှု၍ ပင့်ခဲ့ပါဟု ပြောဆိုပြန်၏။

ပုဏ္ဏားသည် ကျောင်းသို့သွား၍ သာရိပုတ္တထေရ်ကိုမြင်တွေ့သဖြင့် ကြွတော်မူပါ၊ တပည့်တော်တို့အိမ်သို့ သွားကြပါမည်ဟု ပင့်ဆောင်လေ၏။

သာရိပုတ္တထေရ်သည် ပုဏ္ဏားအိမ်သို့ ကြွလာ၍သာမဏေတို့ကိုမြင်လျှင် ဤဗြာဟ္မဏတို့သည် ဆွမ်းကို ရအပ်ပြီလောဟု မေးလေလျှင် မရအပ်ပါဟု လျှောက်ထားအပ်လေသော် လေးပါးအတွက်သာ ဆွမ်းစီစဉ်ထားကြောင်းကို သိတော်မူ၍ ငါ့သပိတ်ကို ယူခဲ့ဟု မိန့်တော်မူပြီး သပိတ်ကိုကိုင်ယူ၍ ပုဏ္ဏား အိမ်မှ ထွက်ခွာကြွသွားလေ၏။

ပုဏ္ဏေးမသည်လည်း ဤဗြာဟ္မဏသည်ဘာကိုပြောသနည်းဟုမေး၍ ထိုင်နေကြသော ဤဗြာဟ္မဏတို့အား ဆွမ်းကိုရသင့်သည်။ ငါ့သပိတ်ကိုယူခဲ့ဟု ပြောပြီးသူ၏သပိတ်ကိုယူ၍သွားလေပြီ။ ဘုဉ်းပေးလိုသူ ဖြစ်လိမ့်မည်မဟုတ်၊ လျင်မြန်စွာသွား၍ အခြားဗြာဟ္မဏကို ကြည့်ရှု၍ ပင့်ခဲ့ပါဟု ပြောဆို စေခိုင်းပြန်၏။

ပုဏ္ဏားသည် ကျောင်းသို့သွား၍ မဟာမောဂ္ဂလာန်ထေရ်ကို မြင်တွေ့သဖြင့် ရှေးနည်းအတူ လျှောက်ထားပြီး ပင့်ဆောင်ခဲ့လေ၏။ မဟာမောဂ္ဂလာန်ထေရ်သည်လည်း သာမဏေတို့ကို မြင်သဖြင့် သာရိပုတ္တထေရ် မိန့်သကဲ့သို့ မိန့်တော်မူကာ သပိတ်ကိုကိုင်ယူပြီး အိမ်မှထွက်ခွာကြွသွားတော်မူပြီ။

ထိုအခါ ပုဏ္ဏားကို ပုဏ္ဏေးမသည် ဤဗြာဟ္မဏတို့သည် ဆွမ်းစားလိုသူများမဟုတ်ကြ၊ ဗြာဟ္မဏ

ဟု ပြောဆိုရာအရပ်သို့ သွား၍အသက်သိက္ခာကြီးရင့်သော ပြာဟ္မဏတစ်ဦးကို ပင့်ဆောင်ခဲ့ပါဟု ပြောဆို စေလွှတ်ပြန်၏။

သာမဏေလေးပါးတို့သည် နံနက်စောစော အချိန်မှစ၍ ဘုဉ်းပေးဖွယ်တစ်စုံတစ်ရာကို မရကြ၍ ဆာလောင်မှုသည် နှိပ်စက်အပ်ကုန်လျက် ထိုင်နေကြကုန်၏။

ထိုအခါ ထိုသာမဏေတို့၏ ဂုဏ်အရှိန်ကြောင့် သိကြားမင်း၏ နေရာသည်ပူနွေးသော အခြင်းအရာကို ပြလေ၏။ သိကြားမင်းသည် ဆင်ခြင်ကြည့်လတ်သော် နံနက်စောစောအချိန်မှစ၍ ထိုင်နေကြသော ထိုသာမဏေတို့၏ ပင်ပန်းသော သဘောကိုသိ၍ငါသည် ထိုအရပ်သို့သွားသင့်သည်ဟု ကြံစည်ပြီး အိုမင်းကြီးရင့်သော ပြာဟ္မဏဖြစ်ပြီး ပြာဟ္မဏဟုပြောဆိုရာထိုအရပ်၌ ပြာဟ္မဏတို့၏ မြတ်သောနေရာ၌ ထိုင်နေလေ၏။ ပုဏ္ဏားသည် ကြီးရင့်အိုမင်းသော ထိုပြာဟ္မဏကိုမြင်လျှင် ယခုအခါ ငါ၏ ပုဏ္ဏေးမသည် နှစ်သက်ဝမ်းသာဖြစ်လိမ့်မည်ဟု သိပြီးကြွတော်မူပါ၊ တပည့်အိမ်သို့သွားကြပါမည်ဟု ပင့်လျှောက်ပြီး ထိုပြာဟ္မဏကိုခေါ်၍ အိမ်သို့ပြန်သွားလေ၏။

ပုဏ္ဏေးမသည် ထိုပြာဟ္မဏကိုမြင်၍သာ နှစ်သက်ဝမ်းသာသောစိတ်ရှိရကား နေရာနှစ်ခုတို့၌ ခင်းထားသောအခင်းကို နေရာတစ်ခုတည်း၌သာခင်း၍ အရှင်မြတ် ဤနေရာ၌ထိုင်တော်မူပါဟု ပြောဆို၏။

သိကြားမင်းသည် အိမ်တွင်းသို့ဝင်၍ သာမဏေလေးပါးတို့ကို ငါးမျိုးသောတည်ရာဖြင့် ရှိခိုး၍ သာမဏေတို့၏ နေရာအစွန်းဖြစ်သော မြေပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလေ၏။

ထိုအခါ ပုဏ္ဏေးမသည် ထိုင်နေသောသိကြားမင်းကိုမြင်၍ ပုဏ္ဏားကိုပြောဆိုလေ၏။

သင်ပုဏ္ဏားပင့်ခဲ့သော ပြာဟ္မဏသည် အံ့သြဖွယ်ရှိပါပေ၏။ ဤအရူးကိုလည်း ခေါ်ယူ၍လာခဲ့ပြီ။ မိမိ၏ မြေးမျှလောက်သူတို့ကို ရှိခိုးနေ၏။ ဤအရူးဖြင့် ဘာအကျိုးရှိမည်နည်း၊ အရူးကိုဆွဲထုတ်ပါဟု ပြောလေ၏။ ပုဏ္ဏားသည်သိကြားမင်း၏ ပုခုံး၌လည်းကောင်း၊ လက်၌လည်းကောင်း၊ ဂျိုင်း၌လည်း ကောင်း၊ ကိုင်၍ဆွဲထုတ်လေသော် နေရာမှထခြင်းငှာလည်း အလိုမရှိလေ၊

(ထအောင်မတတ်နိုင်ဟု ဆိုလိုသည်)

ထိုအခါ ပုဏ္ဏားကို ပုဏ္ဏေးမသည် အို. . ပုဏ္ဏားလာလေ့ သင်သည် လက်တစ်ဖက်ကိုကိုင်ပါ၊ ကျမသည် လက်တစ်ဖက်၌ ကိုင်မည်ဟု ပြောဆိုကာ ပုဏ္ဏားလင်မယားနှစ်ယောက်တို့သည် သိကြားမင်း၏ လက်နှစ်ဖက်တို့၌ကိုင်၍ ကျော၌ထောင်းထုရိုက်ပုတ်ကြလျက် အိမ်တံခါးပြင်ပ၌ ထားကြကုန်၏။

သိကြားမင်းသည်လည်း ထိုင်မြဲနေရာ၌သာ ထိုင်လျက်လက်ကိုပြန်လှည့်လေ၏။ ပုဏ္ဏား လင်မယားတို့သည် နောက်ဆုတ်ခဲ့ပြီး ထိုင်နေသည်သာဖြစ်သော ထိုသိကြားမင်းပြာဟ္မဏကို မြင်ကြ၍ သော် ကြောက်မက်ဖွယ်သောအသံဖြင့် ငိုယိုမြည်တမ်းကြကာ လွှတ်လိုက်လေကုန်၏။ ထိုခဏ၌ သိကြားမင်းသည် မိမိသိကြားဖြစ်ကြောင်းကို အသိပေးလေ၏။ ထိုအခါ သာမဏေလေးပါးနှင့် သိကြားတို့အား ဆွမ်းအာဟာရကို ပေးလှူကြကုန်၏။ သာမဏေလေးပါးနှင့် သိကြားပုဂ္ဂိုလ်ငါးဦးတို့သည် အာဟာရကိုယူ၍ တစ်ဦးသည် အိမ်၏အထွက်ချက်ဝန်းကို ဖောက်ထွင်း၍ ထွက်သွားလေ၏။ တစ်ဦး သော သာမဏေသည် အမိုး၏ရှေ့အဖို့ကို ဖောက်ထွင်း၍ ထွက်သွားလေ၏။ တစ်ဦးသောသာမဏေ

သည် အိမ်မိုး၏နောက်အဖို့ကို ဖောက်ထွင်း၍ ထွက်သွားလေ၏။ တစ်ဦးသောသာမဏေသည် မြေ၌ ငုတ်လျှိုး၍ ထွက်သွားလေ၏။ သိကြားမင်းသည်လည်း နေရာတစ်ခုဖြင့် ထွက်သွားလေ၏။ ဤသို့လျှင် နေရာငါးမျိုးသောအရပ်ဖြင့် ထွက်သွားကြကုန်၏။ ထိုအချိန်မှစ၍ ထိုပုဏ္ဏားဇနီးမောင်နှံတို့၏ အိမ်သည် ငါးပေါက်အိမ်အမည်ရှိသတတ်။

သာမဏေတို့သည် ကျောင်းသို့ရောက်လာကြသောအခါ ရဟန်းတို့သည် ငါ့ရှင်သာမဏေတို့ အဘယ်သို့ ရှုမြင်ခဲ့ရသနည်းဟု မေးကြကုန်၏။

အရှင်ဘုရားတို့ တပည့်တော်တို့ကို မေးတော်မမူကြပါနှင့်၊ တပည့်တော်တို့ကို မြင်သောအချိန်မှစ၍ ပုဏ္ဏေားမကြီးသည် အမျက်ဒေါသနှိပ်စက်ဖိစီးခံရသူဖြစ်၍၊ ခင်းထားသောနေရာတို့၌ တပည့်တော်တို့အား ထိုင်ခွင့်မပေးဘဲ အလွန်လျင်မြန်စွာ အသက်ကြီးရင့်သော ဗြာဟ္မဏကို ပင့်ဆောင်ပါချေဟု ပြောပါသည်။

တပည့်တော်တို့၏ ဥပဇ္ဈာယ်ထေရ်ကြွလာ၍ တပည့်တော်တို့ကို မြင်လျှင်ထိုင်နေသူ ဤဗြာဟ္မဏတို့အား ရသင့်သည်ဟု သပိတ်ကို ပြန်ယူပြီးထွက်ကြွတော်မူပါသည်။ အခြားအသက်ကြီးရင့်သူ ဗြာဟ္မဏကို ပင့်ဆောင်ပါချေဦးဟု ပြောဆိုအပ်ပြန်သော် အိမ်ရှင်ပုဏ္ဏားသည် မဟာမောဂ္ဂလာန်ထေရ်ကို ပင့်ဆောင်ခဲ့လေပြီ။ မဟာမောဂ္ဂလာန်ထေရ်လည်း တပည့်တော်တို့ကိုမြင်လျှင် ဥပဇ္ဈာယ်ထေရ် မိန့်သကဲ့သို့ မိန့်တော်မူပြီး ပြန်ကြွသွားပါသည်။

ထို့နောက် ပုဏ္ဏေားမကြီးသည် ဤဗြာဟ္မဏတို့သည် သုံးဆောင်လိုသူများမဟုတ်ကြ၊ သွားပါချေဦး၊ ဗြာဟ္မဏဟု ပြောဆိုရာအရပ်မှ အသက်ကြီးရင့်သော ဗြာဟ္မဏတစ်ဦးကို ပင့်ဆောင်ပါဦးဟု ပုဏ္ဏားကြီးကို စေလွှတ်ပြန်ပြီ၊ ပုဏ္ဏားကြီးသည် ထိုအရပ်၌သွား၍ ဗြာဟ္မဏအသွင်ဖြင့်လာသော သိကြားမင်းကို ပင့်ဆောင်ခဲ့လေပြီ။ ထိုသိကြားမင်းရောက်လာပြီးချိန်၌ တပည့်တော်တို့အား ဆွမ်းအာဟာရကို ကပ်လှူကြကုန်ပြီဟု လျှောက်ထားကြကုန်၏။

သင်သာမဏေတို့သည် ဤသို့ပြုကြသူထိုပုဏ္ဏားဇနီးမောင်နှံတို့အား အမျက်မထွက်ကြပြီ လောဟု ရဟန်းများကမေးကြသည်။ အမျက်မထွက်ကြပါဟု သာမဏေတို့က ဖြေဆိုကြသည်။

ရဟန်းတို့သည် ထိုစကားကိုကြားကြ၍ မြတ်စွာဘုရား ဤသာမဏေတို့သည် အမျက်မထွက်ကြပါဟု မဟုတ်မမှန်သောစကားကို ပြောဆိုကြကာ အရဟတ္တဖိုလ်ကို ဝန်ခံပြောဆိုကြပါသည်ဟု မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ရဟန္တာတို့မည်သည် ဆန့်ကျင်သူတို့၌သော်လည်း မဆန့်ကျင်ကြသည်သာဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

အဝိရုဒ္ဓံ ဝိရုဒ္ဓေသု၊ အတ္တဒဏ္ဍေသု နိဗ္ဗုတံ။
သာဒါနေသု အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဝိရုဠှသု- ရန်ငြိုးဖွဲ့ခြင်းဖြင့် ဆန့်ကျင်ကြသူလောကီလူတို့၌၊ အဝိရုဒ္ဓံ- ရန်ငြိုးကင်းစင်မဆန့်ကျင်သော၊ အတ္တဒဏ္ဍေသု - ညှဉ်းဆဲနိုင်ကြောင်းလက်နက်ကောင်းကိုင်သူ လူတို့၌၊ နိဗ္ဗုတံ- လက်နက်ချပေးငြိမ်းအေးလေသော၊ သာဒါနေသု- ခန္ဓာငါးပါးတို့ကို ငါ ငါ့ဥစ္စာဟု စွဲလမ်းကြသူ ရဟန်းရှင်လူတို့၌၊ အနာဒါနံ- ငါ ငါ့ဥစ္စာဟု စွဲလမ်းခြင်းမရှိသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဟု သညာအလှ ဗြာဟ္မဏ၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်ပြီ။

**သာမဏေရာနံဝတ္ထု ပြီး၏။**

# ၁၇၀။ မဟာပန္ထကတ္ထေရဝတ္ထု
# မဟာပန္ထကထေရ်အကြောင်း

မြတ်စွာဘုရားရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဟာပန္ထကထေရ်သည် လေးလတို့ဖြင့် တစ်ဂါထာကိုနှုတ်တက်ရအောင် လေ့လာမှုကို ပြုခြင်းငှာမစွမ်းနိုင်သော ညီဖြစ်သူစူဠပန္ထကကို

သင်သည်သာသနာတော်၌ ထိုက်တန်သူမဟုတ် လူ့စည်းစိမ်ချမ်းသာအသုံးအဆောင်ပစ္စည်းဥစ္စာမှလည်း ဆုတ်ယုတ်ပျက်စီးသူဖြစ်၏။ သင့်အား ဤကျောင်း၌နေခြင်းဖြင့် အကျိုးမရှိ၊ ဤကျောင်းမှ ထွက်သွားပေတော့ဟု ပြောဆိုကာ ကျောင်းမှနှင်ထုတ်၍ တံခါးပိတ်ထားလေ၏။

ရဟန်းတို့သည် ငါ့ရှင်တို့ မဟာပန္ထကထေရ်သည် ညီဖြစ်သူစူဠပန္ထကကို ကျောင်းမှနှင်ထုတ်မှုကို ပြုအပ်၏။ ရဟန္တာတို့အားလည်းဒေါသဖြစ်မည်ထင်၏ ဟုပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာ၍ မေးတော်မူသဖြင့် ရဟန်းတို့က အကြောင်းကို လျှောက်ထားအပ်လေသော် ရဟန်းတို့ ရဟန္တာတို့အား ရာဂအစရှိသောကိလေသာတို့မရှိလေကုန်၊ ငါဘုရား၏သားတော် မဟာပန္ထကသည် အကျိုးစီးပွားကို ရှေးရှုပြုခြင်းဖြင့်လည်းကောင်း၊ တရားတော်ကို ရှေးရှုပြုခြင်းဖြင့်လည်းကောင်း၊ ပြုအပ်ပေသည်ဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

ယဿ ရာဂေါစ ဒေါသောစ၊ မာနော မက္ခောစ ပါတိတော။
သာသပေါရိဝ အာရဂ္ဂါ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

သာသပေါ- မုံညင်းစေ့သည်၊ အာရဂ္ဂါ- ထောင်၍ထားအပ်သော ပွတ်ထိုးသော စောက်အသွားပေါ်မှ၊ ပတတိက္ကံ- တည်မနေနိုင်လျှောကျလေသကဲ့သို့၊ ယဿယေန- အကြင်ပုဂ္ဂိုလ်သည်၊ ရာဂေါစ- ရာဂကိုလည်းကောင်း၊ ဒေါသောစ- ဒေါသကိုလည်းကောင်း၊ မာနောစ- မာနကိုလည်းကောင်း၊ မက္ခောစ- သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သောမက္ခကိုလည်းကောင်း၊ ပါတိကော- ကျစေအပ်၏။ (စိတ်၌မတည်ဟုဆိုလိုသည်) တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာရဟန္တာဟု သညာလှလှဗြာဟ္မဏ၊ အဟံ-ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

မဟာပန္ထကတ္ထေရဝတ္ထု ပြီး၏။

## ၁၇၁။ ပိလိန္ဒဝစ္ဆတ္ထေရဝတ္ထု
## ပိလိန္ဒဝစ္ဆထေရ်အကြောင်း

ပိလိန္ဒဝစ္ဆထေရ်သည် ဟေ့- သူယုတ်လာခဲ့၊ ဟေ့- သူယုတ်သွားတော့ အစရှိသော စကားတို့ကို ပြောဆိုလျက် လူတို့ကိုလည်းကောင်း၊ ရဟန်းသာမဏေတို့ကိုလည်းကောင်း၊ ဝသလိဝါဒဖြင့်(သူယုတ်ဟု ခေါ်ဝေါ် ပြောဆိုခြင်းဖြင့်သာ) ခေါ်ဝေါ်ပြောဆို၏။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား အရှင်ပိလိန္ဒဝစ္ဆသည် ရဟန်းတို့ကို ဝသလိဝါဒဖြင့် ခေါ်ဝေါ် ပြောဆိုပါသည်ဟု မြတ်စွာဘုရားအားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ပိလိန္ဒဝစ္ဆထေရ်ကိုခေါ်၍ မေးတော်မူရာ ဟုတ်မှန်ကြောင်း လျှောက်ထားအပ်လေသော် မြတ်စွာဘုရားသည် ပိလိန္ဒဝစ္ဆထေရ်၏ ရှေးဘဝ၌နေခဲ့ဘူး ဖြစ်ခဲ့ဘူးသောခန္ဓာအစဉ်ကို နှလုံးသွင်းဆင်ခြင်တော်မူ၍ ရဟန်းတို့ပိလိန္ဒဝစ္ဆသည် ဒေါသဖြင့် ပြစ်တင်မောင်းမဲလို၍ ရဟန်းတို့ကို ဝသလိဝါဒဖြင့် ပြောဆိုသည်မဟုတ်၊

ရဟန်းတို့ ပိလိန္ဒဝစ္ဆရဟန်း၏ အခြားအမျိုးတို့နှင့် ရောပြွမ်းခြင်းမရှိ၊ ဗြာဟ္မဏမျိုး၌ ဖြစ်ခဲ့သော ဘဝတို့သည် ငါးရာတို့ဖြစ်ကုန်၏။ ပိလိန္ဒဝစ္ဆသည် ထိုဗြာဟ္မဏမျိုး၏ ဝသလိဝါဒကို ရှည်စွာသော နေ့ညဥ့်ပတ်လုံး လေ့လာခဲ့သူ ဖြစ်၏။ ရဟန္တာအား ခက်ထန်ကြမ်းကြုတ်သော စကားသူတစ်ပါးတို့ကို ထိခိုက်ပြောဆိုသောစကားမရှိချေ၊ မှန်၏။ ငါ၏သားတော်သည် ရှေးအလေ့အကျက်၏ အစွမ်းဖြင့် ဤသို့ပြောဆိုသည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

အကက္ကသံ ဝိညာပနိံ၊ ဂိရံ သစ္စ မုဒီရယေ။

ယာယ နာဘိသဇေ ကဉ္စိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယာယ- အကြင်စကားဖြင့်၊ ကဉ္စိ- တစ်စုံတစ်ယောက်သောသူကို၊ နာဘိသဇေ- အမျက်ထွက်စေခြင်း အားဖြင့် မကပ်ငြိစေရာ၊ အကက္ကသံ- မကြမ်းတမ်းသော၊ ဝိညာပနိံ- အနက်အဓိပ္ပာယ်ကို သိလွယ်စေသော၊ သစ္စံ- မှန်ကန်သော၊ တံ ဂိရံ- ထိုစကားကို၊ ဥဒီရယေ- ပြောဆိုရာ၏။ တံ- ထိုသို့ စကားကိုပြောဆိုသော ထိုသူကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဟု သညာလှလှ ဗြာဟ္မဏဟု၊ အဟံ - ငါဘုရားသည်၊ ဗြူမိ- ဟောတော် မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ပိလိန္ဒဝစ္ဆတ္ထေရဝတ္ထု ပြီး၏။**

## ၁၇၂။ အညတရဇွေဆရဝတ္ထု
## မထင်ရှားသောထေရ်တစ်ပါးအကြောင်း

မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိစ္ဆာဒိဋ္ဌိပုဏ္ဏားတစ်ယောက်သည် အဝတ်၌ သူ၏ကိုယ်နံ့စွဲနေမည်ကိုကြောက်သဖြင့် အပေါ်ရုံအဝတ်ကို ဖယ်ခွာ၍ တစ်နေရာ၌ထားပြီး အိမ်ဝင်တံခါးသို့ရှေးရှုထိုင်နေ၏။

ထိုအခါ ရဟန္တာတစ်ပါးသည် ဆွမ်းကိစ္စကိုပြုပြီး ကျောင်းသို့သွားစဉ် ထိုအဝတ်ကိုမြင်၍ ဤအရပ်ဤအရပ်မှ (ဟိုဟိုဒီဒီ အရပ်မျက်နှာကို) ကြည့်ရှု၍ လူတစ်ယောက်ကိုမျှ မမြင်သည်ဖြစ်၍ ဤအဝတ်သည် ပိုင်ရှင်မရှိသောအဝတ်အထည်ဟု ယူဆကာ ပံ့သကူဟု အဓိဋ္ဌာန်၍ ယူလေ၏။ ထိုအခါ ထိုရဟန္တာကို ပုဏ္ဏားသည် မြင်၍ ဆဲဆိုလျက်အနီးသို့ချဉ်းကပ်ပြီး

ဟယ်- ဦးပြည်းရဟန်း, ငါ့အဝတ်ကိုသင်ယူသည်၊

အို. . ပုဏ္ဏား ဤအဝတ်သည် သင်၏အဝတ်လော၊

အို. . သမဏ ဟုတ်၏ ငါ၏ အဝတ်၊

အို. . ပုဏ္ဏား ငါသည်လူတစ်ယောက်ကိုမျှ မမြင်၍ ပံ့သကူ အမှတ်ဖြင့်ယူအပ်၏။ ဤအဝတ်ကိုယူလောဟု ပြောကာပုဏ္ဏားအား အဝတ်ကိုပြန်ပေးပြီး ကျောင်းသို့သွား၍ ရဟန်းတို့အားထိုအကြောင်းကို ပြောလေ၏။ ထိုအခါ ထိုရဟန်း၏စကားကိုကြားကြ၍ ရဟန်းတို့သည် ထိုရဟန်းနှင့်အတူ ပျက်ရယ်ပြောင်လှောင်မှုကို ပြုလိုကြ၍ ငါ့ရှင် အသို့နည်း၊ အဝတ်သည်ရှည်သလော၊ တိုသလော၊ ထူထဲကြမ်းတမ်းသလော၊ ပါးလှပ်သိမ်မွေ့သလောဟု မေးကြကုန်၏။

ငါ့ရှင်တို့ အဝတ်သည်ရှည်သည်မူလည်းဖြစ်စေ၊ တိုသည်မူလည်းဖြစ်စေ၊ ထူထဲကြမ်းတမ်းသည်မူလည်းဖြစ်စေ၊ ပါးလှပ်သိမ်မွေ့သည်မူလည်းဖြစ်စေ၊ ငါ့အား ထိုအဝတ်၌ တွယ်တာသာယာမှုမရှိ၊ ထိုအဝတ်ကို ပံ့သကူအမှတ်ဖြင့် ယူဘူးပြီဟု ပြောလေ၏။

ရဟန်းတို့သည် ထိုစကားကိုကြားကြ၍

မြတ်စွာဘုရား- ဤရဟန်းသည် မဟုတ်မမှန်သောစကားကိုပြောဆိုကာ အရဟတ္တဖိုလ်ကို ပြောကြားပါသည်ဟု မြတ်စွာဘုရားအား လျှောက်ထားကြလေ၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ဤရဟန်းသည် ဟုတ်မှန်သောစကားကို ပြောဆို၏။ ရဟန္တာတို့မည်သည် သူတစ်ပါးတို့၏ဥစ္စာကိုမယူကြဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

ယောဓ ဒီဃံဝ ရဿံဝ၊ အဏုံ ထူလံ သုဘာသုဘံ။
လောကေ အဒိန္နံ နာဒိယတိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဣဓလောကေ- ဤလူလောက၌၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ ဒီဃံဝ- ရှည်သောအဝတ်

အထည်စသည် တို့ကိုလည်းကောင်း၊ ရဿံဝါ- တိုသောအဝတ်အထည်စသည်တို့ကိုလည်းကောင်း၊ အဏုံဝါ- သေးငယ်သော ပတ္တမြားပုလဲစသည်ကိုလည်းကောင်း၊ ထူလံဝါ- ကြီးသောပတ္တမြား ပုလဲစသည်ကိုလည်းကောင်း၊ သုဘံဝါ- အဖိုးထိုက်တန်သဖြင့်တင့်တယ်သည်လည်းဖြစ်သော၊ အသုဘံဝါ- အဖိုးနည်းသဖြင့် မတင့်တယ်သည်လည်း ဖြစ်သော၊ အဒိန္နံ- မပေးအပ်သောသူတစ်ပါးပစ္စည်းကို၊ နာဒိယတိ- မယူ၊ တံ- ထို ပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာရဟန္တာဟု သညာလှလှဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**အညတရထေရဝတ္ထု ပြီး၏။**

## ၁၇၃။ သာရိပုတ္တတ္ထေရဝတ္ထု
## သာရိပုတ္တထေရ် အကြောင်း

မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာရိပုတ္တထေရ်သည် ရဟန်းငါးရာခြံရံလျက် ဇနပုဒ်၌ ကျောင်းတစ်ကျောင်းသို့သွား၍ ဝါကပ်တော်မူ၏။ လူတို့သည် သာရိပုတ္တထေရ်ကိုမြင်လျှင် များစွာသောဝါဆိုသင်္ကန်းကို လှူဒါန်းရန် လျှောက်ထားဝန်ခံကြကုန်၏။

သာရိပုတ္တထေရ်သည် ပဝါရဏာပြုပြီးသော် ဝါဆိုသင်္ကန်းအားလုံးကပ်လှူရန် မရောက်မီမှာပင် မြတ်စွာဘုရားထံသွားလို၍ ရဟန်းတို့ကို အမှာစကားမိန့်ကြားတော်မူသည်။

ရဟန်းငယ်တို့အားလည်းကောင်း၊ သာမဏေတို့အားလည်းကောင်း၊ လူတို့သည် ဝါဆိုသင်္ကန်းကို ရှေးရှုဆောင်အပ်သော်၊ ယူ၍ပို့ကြစေကုန်လော့ သို့မဟုတ် ယူထားပြီးသတင်းပို့ကြစေကုန်လော့ဟု မိန့်တော်မူ၏။ ဤသို့မိန့်မှာပြီး မြတ်စွာဘုရားထံကြွသွားတော်မူသည်။

ရဟန်းတို့သည် စကားပြောဆိုကြကုန်၏။

ယနေ့တိုင်အောင်လည်း သာရိပုတ္တထေရ်အား သာယာမှုတဏှာရှိ၏ဟု သာထင်၏။

ထိုစကားမှန်၏၊ လူတို့သည်ဝါဆိုသင်္ကန်းကိုပေးလှူအပ်သော်- မိမိ၏အတူနေတပည့်တို့အား၊ ဝါဆိုသင်္ကန်းကိုသူ၏ထံပို့ကြစေ သို့မဟုတ် ခံယူထားပြီး သတင်းကောင်းကိုပို့ကြစေဟု ရဟန်းတို့အား မှာထားပြောဆို၍ ကြွလာတော်မူ၏ဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ မေးတော်မူသဖြင့် ရဟန်းတို့က အကြောင်းကို လျှောက်ထားအပ် လေသော် ရဟန်းတို့ ငါ့သားတော်သာရိပုတ္တအား တပ်မက်သာယာတဏှာမရှိ၊ လူတို့၏ ကောင်းမှုကုသိုလ်မှ လည်းကောင်း၊ ရဟန်းငယ်သာမဏေတို့၏တရားသဖြင့် ရအပ်သော လာဘ်မှလည်းကောင်း၊ ဆုတ်ယုတ်မှု မဖြစ်ပါစေနှင့်ဟူသော အကြံဖြင့် ပြောဆိုအပ်သည်ဟု မိန့်တော်မူကာ ဤဂါထာကိုဟောတော်မူ၏။

အာသာ ယဿနဝိဇ္ဇန္တိ၊ အသ္မိံ လောကေ ပရမှိစ၊
နိရာသာသံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယဿ- အကြင်ပုဂ္ဂိုလ်အား၊ အသ္မိံလောကေစ- ဤလောက၌လည်းကောင်း၊ ပရမှိစ- တစ်ပါးလောက၌လည်းကောင်း၊ အာသာ- လိုလားသာယာတဏှာတို့သည်၊ နဝိဇ္ဇန္တိ- မရှိကုန်၊

နိရာသာသံ- လိုလားသာယာတဏှာမရှိသော၊ ဝိသံယုတ္တံ- ကိလေသာအားလုံးတို့မှ ကင်းကွာသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဟု သညာလှလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်ပြီ။

**သာရိပုတ္တတ္ထေရဝတ္ထု ပြီး၏။**

## ၁၇၄။ မဟာမောဂ္ဂလာနတ္ထေရဝတ္ထု
## မဟာမောဂ္ဂလာန်ထေရ်အကြောင်း

ဝတ္ထုသည် သာရိပုတ္တထေရ်ဝတ္ထုနှင့်တူ၏။ ဤဝတ္ထုကား- မြတ်စွာဘုရားသည် မဟာမောဂ္ဂလာန်ထေရ်၏ တဏှာမရှိသူအဖြစ်ကို မိန့်တော်မူပြီး ဤဂါထာကိုဟောတော်မူ၏။

ယဿာ လယာ နဝိဇ္ဇန္တိ၊ အညာယ အကထံ ကထီ၊
အမတောဂဓ မနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဘိက္ခဝေ- ရဟန်းတို့၊ ယဿ- အကြင်ပုဂ္ဂိုလ်အား၊ အာလယာ- သာယာတွယ်တာ တဏှာတို့သည်၊ နဝိဇ္ဇန္တိ- မရှိကုန်၊ အညာယ- ရှစ်မျိုးသောဝတ္ထုတို့ကို အမှန်အတိုင်းသိမြင်၍၊ အကထံကထီ- သို့လော၊ သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာမရှိ၊ အမတောဂဓံ- အမြိုက်နိဗ္ဗာန်၌ သက်ဝင်ခြင်းသို့ အနုပ္ပတ္တံ- မကွယ်မထောင့် ဖြောင့်ဖြောင့်ရောက်သော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာရဟန္တာဟု သညာလှလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

**မဟာမောဂ္ဂလာနတ္ထေရဝတ္ထု ပြီး၏။**

## ၁၇၅။ ရေဝတတ္ထေရဝတ္ထု
## ရေဝတထေရ်အကြောင်း

ရေဝတထေရ် အကြောင်းကို အမျိုးသားဆိုင်ရာ ဓမ္မပဒဝတ္ထုများ ပထမတွဲ ရှားတောနေ ရေဝတထေရ်ဝတ္ထု၌ ကြည့်ပါ။

ထိုဝတ္ထု၌ နောက်ထပ်တစ်ဖန် တစ်နေ့သ၌ ရဟန်းတို့သည် . . သာမဏေရေဝတ၏ ရအပ်သော ပစ္စည်းလာဘ်သည် အံ့ဩဖွယ်ရှိပါပေ၏။ ကောင်းမှုကုသိုလ်သည် အံ့ဩဖွယ်ရှိပါပေ၏။ ယင်းရေဝတ တစ်ပါးတည်းသာ ရဟန်းငါးရာတို့အတွက် စုလစ်မွန်ချွန် အထွဋ်တတ်သော ကျောင်းငါးရာကို ပြုအပ် ကုန်၏ဟု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူ၍- မေးတော်မူသဖြင့် ရဟန်းတို့က အကြောင်းကို လျှောက်ထားအပ်လေသော်- ရဟန်းတို့ ငါ၏သားတော်အား ကောင်းမှုလည်းမရှိ၊ မကောင်းမှုလည်းမရှိ၊ ငါ၏ သားတော်သည် ကောင်းမှု မကောင်းမှုနှစ်မျိုးစုံကို ပယ်အပ်ပြီဟု မိန့်တော် မူကာ ဤဂါထာကိုဟောတော်မူ၏။

ယောဓ ပုညဉ္စ ပါပဉ္စ၊ ဥဘော သင်္ဂံ မုပစ္စဂါ။
အသောကံ ဝိရဇံ သုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဘိက္ခဝေ- ရဟန်းတို့၊ ဣဓ- ဤလောက၌၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ ပုညဉ္စ- ကောင်းမှုကို လည်းကောင်း၊ ပါပဉ္စ- မကောင်းမှုကိုလည်းကောင်း၊ ဥဘော- နှစ်မျိုးလုံးကို၊ (ဆဋ္ဋေတွာ- စွန့်ပစ်၍)၊ သင်္ဂံ- ရာဂအစရှိသော ကပ်ငြိမှုကို၊ ဥပစ္စဂါ- လွန်မြောက်ပြီ။

အသောကံ- ဝဋ်လျှောင်အရင်းအမြစ်ရှိသော၊ စိုးရိမ်မှုသောကမရှိသော၊ ဝိရဇံ- ရာဂ အစရှိသော မြူကင်းသော၊ သုဒ္ဓံ- ကိလေသာကင်းသဖြင့် စင်ကြယ်သော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာ ခန်းကွာ ရဟန္တာဟု သညာလှလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ရေဝတတ္ထေရဝတ္ထု ပြီး၏။

## ၁၇၆။ စန္ဒာဘာတွေ့ရဝတ္ထု
## စန္ဒာဘာထေရ်အကြောင်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့နေ ကုန်သည်တစ်ယောက်သည် တိုင်းပြည်မြို့နယ် အစွန်အဖျား အရပ်သို့သွား၍ စန္ဒကူးနံ့သာသစ်သားကို ဆောင်ယူမည်အကြံဖြင့် အဝတ်အထည် အဆင်တန်ဆာများစွာတို့ကို ယူဆောင်၍ လှည်းငါးရာတို့ဖြင့် တိုင်းပြည်မြို့နယ် အစွန်အဖျား အရပ်သို့သွား၍ ရွာတံခါးအနီး၌ နေစရာနေရာကို ယူပြီး တောအုပ်အတွင်း၌ နွားကျောင်းသားတို့ကို ဤရွာ၌ တောင်ခြေ၌အလုပ်လုပ်သူ လူတစ်ဦးတစ်ယောက်ရှိ သလောဟု မေးလေ၏။

ဩော်- ရှိပါ၏၊

ထိုသူ၏ အမည်အဘယ်နည်း၊

ဤအမည်ရှိပါသည်၊

ထိုသူ၏ ဇနီး၏အမည် သားသမီးတို့၏အမည်ကား အဘယ်နည်း၊

ဤအမည်၊ ဤအမည်ပါ၊

ထိုသူ၏အိမ်၊ အဘယ်အရပ်၌ရှိသနည်း၊

ဤမည်သော အရပ်၌ရှိပါသည်ဟု နွားကျောင်းသားတို့က ပြောကြသည်။

ထိုကုန်သည်သည် နွားကျောင်းသားတို့ ပြောပေးလိုက်သော အမည်ဖြင့် ချမ်းသာကြောင်း ဖြစ်သော လှည်းယာဉ်၌ထိုင်၍ တောခြေ၌ အလုပ်လုပ်သူ၏ အိမ်ဝင်းတံခါးသို့သွားပြီး ယာဉ်ပေါ်မှ သက်ဆင်း၍ အိမ်တွင်းသို့ဝင်ကာ ဤအမည်ရှိသူရေဟု- အိမ်ရှင်မိန်းမကို ခေါ်လေ၏။

အိမ်ရှင်မိန်းမသည် ငါတို့၏ဆွေမျိုးတစ်ယောက်ဖြစ်လိမ့်မည်အထင်ဖြင့် လျင်မြန်စွာလာ၍ နေရာ ခင်းပေးလေ၏။

ကုန်သည်သည် ထိုနေရာ၌ထိုင်၍ နာမည်ကိုပြောပြီး ကျုပ်မိတ်ဆွေ အဘယ်မှာနည်းဟု မေး၏။

အရှင်- တောအရပ်သို့သွားနေပါသည်ဟု ပြော၏။

ဤအမည်ရှိသော ငါ၏သား- ဤအမည်ရှိသော ငါ၏သမီး- အဘယ်မှာနည်းဟု မိသားစု အားလုံးတို့၏ အမည်ကိုပြောကြားလျက်သာမေးပြီး ဤအဝတ်အဆင်တန်ဆာတို့ကို သားနှင့်သမီးတို့ အားပေးပါ။ ကျုပ်၏ မိတ်ဆွေတောအရပ်မှ ပြန်လာသောအခါ ဤအဝတ်အထည် အဆင်တန်ဆာ ကိုပေးပါဟု ပြောကာပေးလေ၏။

အိမ်ရှင်မိန်းမသည် ထိုကုန်သည်အား မွန်မြတ်သောဧည့်ခံမှုကိုပြု၍ အိမ်ရှင်ယောကျ်ား ပြန်လာသောအခါ

အို- အိမ်ရှင်၊ ဤဧည့်သည်ယောကျ်ားသည် အိမ်ရောက်လာချိန်မှစ၍ မိသားစုအားလုံးတို့၏ အမည်ကိုပြောပြီး ဤအဝတ်အထည်- ဤအဆင်တန်ဆာကို ပေးအပ်ပါသည်ဟု ပြောပြ၏။ အိမ်ရှင် ယောကျ်ားသည်လည်း ဧည့်သည်အားပြုသင့်သော ဧည့်ခံမှုကိုပြုလေ၏။

ထို့နောက် အိမ်ရှင်ယောက်ျားကို ညချမ်းအချိန်အိပ်ရာ၌ ထိုင်လျက်မေးလေ၏။

အို- မိတ်ဆွေ၊ တောင်ခြေအရပ်၌ လှည့်လည်နေသော သင်သည် အဘယ်အရာကို များများစားစား မြင်ဖူးပါသနည်း။

အခြားပစ္စည်းကို ကျုပ်မမြင်မိပါ၊ နီသော အခက်ရှိသောသစ်ပင်များစွာကို ကျုပ်မြင်ဖူးပါသည်။

မိတ်ဆွေပြောသည့် သစ်ပင်တွေများပါသလား၊ ဟုတ်ပါတယ် များပါတယ်ဟု ပြောဆို၏။

ထိုသို့ဖြစ်လျှင် ထိုသစ်ပင်တို့ကို ကျုပ်တို့အားပြပေးပါဟု ပြောဆိုပြီး အိမ်ရှင်ယောက်ျားနှင့်အတူ တောင်ခြေသို့သွား၍ စန္ဒကူးနီသစ်ပင်တို့ကိုဖြတ်၍ လှည်းငါးရာတို့ကိုပြည့်စေပြီး ပြန်လာသော် အိမ်ရှင်ယောက်ျားကို ပြော၏။

မိတ်ဆွေ ဗာရာဏသီမြို့ ဤမည်သောအရပ်၌ ကျုပ်အိမ်ရှိပါသည်။ ရံဖန်ရံခါ ကျုပ်ထံလာခဲ့ပါ၊ အခြားလက်ဆောင်ပစ္စည်းဖြင့် ကျုပ်အလိုမရှိ နီးမြန်းသောသစ်ခက်ရှိသော သစ်သားတို့ကို သာယူခဲ့ပါဟု ပြောထားလေ၏။ အိမ်ရှင်ယောက်ျားသည် ကောင်းပါပြီဟု ပြောလိုက်ပြီး ရံဖန်ရံခါကုန်သည်ထံသို့သွားစဉ် စန္ဒကူးအနီကိုသာ ယူသွားလေ၏။ ကုန်သည်လည်း တောနေအိမ်ရှင်ယောက်ျားအား ဥစ္စာများစွာ ပေးလေ၏။

ထိုအချိန်မှ နောက်ဖြစ်သော အချိန်၌ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုလေသော် ရွှေစေတီကို တည်ထားစဉ် တောနေယောက်ျားသည် များစွာသောစန္ဒကူးကိုယူ၍ ဗာရာဏသီမြို့သို့သွားလေ၏။

ထိုအခါ တောနေယောက်ျားကို မြို့နေမိတ်ဆွေကုန်သည်သည် များစွာသောစန္ဒကူးကို သွေးစေပြီး ခွက်၌ပြည့်စေကာ-

အိုမိတ်ဆွေ၊ လာပါ၊ ထမင်းချက်နေတုန်း စေတီတည်ရာအရပ်သို့သွားပြီး ပြန်လာကြစို့ဟု ပြောကာ တောနေယောက်ျားကိုခေါ်၍ စေတီတည်ရာအရပ်၌သွားပြီး စန္ဒကူးဖြင့် ပူဇော်လေ၏။ မြို့နေကုန်သည်၏ တောနေမိတ်ဆွေသည်လည်း စေတီ၏တိုက်၌ စန္ဒကူးဖြင့် လဝန်းအရေးအသားကို ပြုလေ၏။ တောနေ ထိုယောက်ျား၏ ရှေး၌ပြုအပ်သော ကောင်းမှုကံသည် ဤမျှသာဖြစ်၏။

ထိုယောက်ျားသည် ထိုဘဝမှစုတေခဲ့သော် နတ်ပြည်၌ဖြစ်၍ ဘုရားတစ်ဆူပွင့်ချိန်အကြား ကာလပတ်လုံးနတ်ပြည်၌ အချိန်ကိုကုန်စေ၍ ယခုဂေါတမမြတ်စွာဘုရားပွင့်တော်မူရာအချိန်၌ ရာဇဂြိုဟ်မြို့တွင် ဗြာဟ္မဏမဟာသာလ အမျိုး၌ဖြစ်လေ၏။ ထိုသူ၏ချက်ဝန်းမှ လဝန်းနှင့်တူသော အရောင်သည် ပေါ်ထွက်နေ၏။ ထို့ကြောင့် ထိုသူ၏စန္ဒာဘဟူ၍သာ အမည်ကိုမှည့်ခေါ်ကြကုန်၏။

ဤသည်ကား ထိုစန္ဒာဘ၏ ကဿပမြတ်စွာဘုရားစေတီ၌ လဝန်းကိုပြုလုပ်လှူဒါန်းရခြင်း၏ အကျိုးဆက်တည်း။

ပုဏ္ဏားတို့သည်- - ငါတို့သည် ဤလူကိုယူဆောင်၍ လောကကိုဖြားယောင်းလှည့်စား၍ စားသောက်ခြင်းငှာ တတ်နိုင်ကုန်၏ဟု ကြံစည်ကြပြီး စန္ဒာဘကို ခရီးသွားလာကြောင်းယာဉ်၌ ထိုင်စေ၍-

အကြင်သူသည် ဤသူ၏ကိုယ်ကို လက်ဖြင့်ပွတ်သတ်၏။ ထိုသူသည် ဤသို့သဘောရှိသော အစိုးရခြင်းနှင့်စီးပွားဥစ္စာ ပြည့်စုံချမ်းသာခြင်းကိုရ၏ဟု ကြေညာ၍ လှည့်လည်သွားနေကြကုန်၏။

ငွေတစ်ရာကိုသော်လည်းကောင်း၊ တစ်ထောင်ကိုသော်လည်းကောင်း၊ ပေးသူတို့သာ ထိုသူ၏ ကိုယ်ကိုလက်ဖြင့် တို့ထိခွင့်ကို ရကြကုန်၏။

ထိုပုဏ္ဏားတို့သည် ဤသို့မြို့ရွာအစဉ်အလိုက် လှည့်လည်နေကြစဉ် သာဝတ္ထိမြို့သို့ ရောက်ကြပြီး မြို့နှင့် ဇေတဝန်ကျောင်းတော်အကြားအရပ်၌ နေရာယူကြကုန်ပြီ။

သာဝတ္ထိမြို့၌လည်း ငါးကုဋေမျှကုန်သော အရိယာဖြစ်သော ဘုရား၏တပည့်တို့သည် နံနက်ပိုင်း အချိန်၌ အလှူကိုပေးလှူကြ၍ ထမင်းစားပြီးမှ နောက်အချိန်၌ နံ့သာပန်း အဝတ်အထည် ဆေးပစ္စည်း စသည်တို့ကို ကိုင်ယူကြကာ တရားနာရန်သွားကြကုန်၏။

ပုဏ္ဏားတို့သည် ထိုအရိယာဖြစ်သော လူတို့ကိုမြင်ကြ၍ အဘယ်အရပ်၌သွားကြမည်နည်းဟု မေးကြကုန်၏။ မြတ်စွာဘုရားထံ တရားနာရန်သွားကြမည်ဟု ပြောကြသည်။

လာကြပါ- ထိုအရပ်၌သွား၍ ဘာကိုပြုမည်နည်း၊ ငါတို့၏စန္ဒာဘပုဏ္ဏား၏ တန်ခိုးအာနုဘော် နှင့်တူသော တန်ခိုးအာနုဘော်မရှိပြီ၊ မှန်၏။ စန္ဒာဘ၏ ကိုယ်ကို တို့ထိသူတို့သည် ဤမည်သောဥစ္စာကို ရကြသည်၊ လာကြပါ၊ စန္ဒာဘကိုကြည့်ကြပါဟု ဖိတ်ခေါ်ကြသည်။

သင်တို့စန္ဒာဘ၏ တန်ခိုးအာနုဘော်ကား၊ အဘယ်နည်း၊ ငါတို့၏မြတ်စွာဘုရားသည်သာ ကြီးမားသော တန်ခိုးအာနုဘော်ရှိ၏ဟု ပြောကြားသည်။

ထိုလူတို့သည် အချင်းချင်းမိမိတို့အလိုဆန္ဒကို သိနားလည်စေရန် မတတ်နိုင်ကြ၍ ကျောင်းသို့ သွားပြီး စန္ဒာဘ၏ တန်ခိုးအာနုဘော်ကိုလည်းကောင်း၊ ငါတို့မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကို သော်လည်းကောင်း၊ သိကြကုန်အံ့ဟု စန္ဒာဘကိုခေါ်၍ ဇေတဝန်ကျောင်းတော်သို့ သွားကြကုန်၏။

မြတ်စွာဘုရားသည် စန္ဒာဘပုဏ္ဏားမိမိထံ ချဉ်းကပ်စဉ်မှာပင် လရောင်ကွယ်ပျောက် အောင်ပြု တော်မူပြီ၊

စန္ဒာဘသည် မြတ်စွာဘုရားအနီး၌ မီးသွေးထည့်ထားရာခြင်းထဲ၌ ကျီးငှက်နှင့်တူသူဖြစ်လေ၏။ ထိုအခါ ပုဏ္ဏားတို့သည် စန္ဒာဘကို တစ်နေရာသို့ ခေါ်ဆောင်ကြကုန်၏။ စန္ဒာဘ၏ အရောင်သည် ပကတိအတိုင်း ထွက်နေလေ၏။ တစ်ဖန် မြတ်စွာဘုရားအနီးသို့ ခေါ်ဆောင်ကြပြန်၏။ အရောင်သည် ရှေးနည်းအတူ ပျောက်ကွယ်လေ၏။ ဤသို့သုံးကြိမ်သွား၍ အရောင်ပျောက်ကွယ်သည်ကို မြင်လေ သော်- ဤအရှင်သည် အရောင်ပျောက်ကွယ်စေနိုင်သော မန္တာန်ကို သိမြင်၏ဟု စဉ်းစားလေ၏။

စန္ဒာဘသည် မြတ်စွာဘုရားကိုမေးလေ၏။

အရောင် ပျောက်ကွယ်စေနိုင်သောမန္တာန်ကို သိပါသလား။

ဩော်- သိပါ၏။

သိလျှင် ကျွန်ုပ်အားပေးပါ၊

ရဟန်းမဟုတ်သူအား မပေးနိုင်ဟု မိန့်တော်မူ၏။

စန္ဒာဘသည် ပုဏ္ဏားတို့ကိုပြော၏၊ အရောင်ပျောက်စေနိုင်သော ထိုမန္တာန်ကိုရရှိခဲ့သော်- ငါသည် ဇမ္ဗူဒိပ်တစ်ခုလုံး၌ ကြီးမြတ်သူဖြစ်လိမ့်မည်။ သင်တို့သည် စခန်းချရာ ဤနေရာ၌သာ နေကြဦး၊ ငါသည် ရဟန်းပြု၍ နှစ်ရက် သုံးရက်ဖြင့်သာ မန္တာန်ကိုသင်ယူမည်ဟု ပြော၏။

စန္ဒာဘသည် မြတ်စွာဘုရားကို ရဟန်းအဖြစ်ကိုတောင်းဆို၍ ရဟန်းပြုလေပြီ။ မြတ်စွာဘုရားသည် စန္ဒာဘအား သုံးဆယ့်နှစ်ကောဋ္ဌာသကို ဟောကြားတော်မူသည်။ စန္ဒာဘသည် ဤသုံးဆယ့်နှစ်ကောဋ္ဌာသကား မျှော်လင့်ချက်ဘယ်သို့ရှိသနည်းဟု မေးလေ၏။

မန္တာန်၏ ရှေးဦးစွာပြုရမည့် ဤပရိကံကို ရွတ်ဆိုသင့်၏ဟု မိန့်တော်မူ၏။

ပုဏ္ဏားတို့လည်း အကြားအကြားအချိန်၌ လာကြပြီး သင်သည် မန္တာန်ကိုသင်ပြီးပြီလောဟု မေးကြသည်။ မသင်ရသေးဟု ပြန်ပြော၏။ စန္ဒာဘသည် နှစ်ရက်သုံးရက်ဖြင့်သာ အရဟတ္တဖိုလ်သို့ ရောက်ပြီ၊ ပုဏ္ဏားတို့သည် လာ၍မေးအပ်သောအခါ သင်တို့ပြန်သွားကြ၊ ယခုအခါ ငါသည် ပြန်မလာကြောင်းဖြစ်သော တရားရှိသူ ဖြစ်ခဲ့ပြီဟု ပြောလေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား---မြတ်စွာဘုရား ဤရဟန်းသည် မဟုတ်မမှန်သော စကားကို ပြောပြီး အရဟတ္တဖိုလ်ကို ပြောကြားပါသည်ဟု (ထင်ရှားပြုပါသည်ဟု) လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည်--

ရဟန်းတို့ယခုအခါ ငါဘုရား၏သားတော်စန္ဒာဘသည် ကုန်ပြီးသော အာသဝေါရှိသူဖြစ်၏။ ဤစန္ဒာဘသည် ဟုတ်မှန်သောစကားကိုသာ ပြောဆိုပေ၏ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

စန္ဒံဝ ဝိမလံ သုဒ္ဓံ၊ ဝိပ္ပသန္န မနာ ဝိလံ။
နန္ဒီ ဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဝိမလံ- ဆီးနှင်းမြူတိမ် သူရိန်အခိုး ညစ်မျိုးငါးအင် စင်ကြယ်သော၊ စန္ဒံဝ- လကိုကဲ့သို့၊ သုဒ္ဓံ- ကိလေသာ ကင်းစင်သော၊ ဝိပ္ပသန္နံ- ကြည်လင်သောစိတ်ရှိသော၊ အနာဝိလံ- ကိလေသာဟူသော နောက်ကျိခြင်းကင်းသော၊ နန္ဒီဘဝ ပရိက္ခီဏံ- ဘဝသုံးပါး၌ တပ်မက်တွယ်တာတဏှာကုန်ပြီးသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဟု သညာလှလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**စန္ဒာဘထေရုပ္ပတ္တိ ပြီး၏။**

## ၁၇၇။ သီဝလိတ္ထေရဝတ္ထု
## သီဝလိထေရ်အကြောင်း၊

မြတ်စွာဘုရားသည် ကုဏ္ဍကောလိယ မြို့ကိုအမှီပြု၍ ကုဏ္ဍဓာန အမည်ရှိသောတော၌ (ငှက်တော်တို့၏ ပျော်မွေ့ရာတော၌) သီတင်းသုံးနေတော်မူစဉ် တစ်ခုသောအချိန်၌ ကောလိယ၏သမီး သုပ္ပဝါသာသည် ခုနစ်နှစ်တို့ပတ်လုံး ကိုယ်ဝန်ဆောင်၍ ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် တွေဝေသည်ဖြစ်၍ ထက်ကုန် စပ်ကုန်သော ဆင်းရဲဝေဒနာတို့သည် တွေ့ထိအပ်ရကား

သမ္မာ သမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ-

ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ၊ ပဟာနာယ ဓမ္မံဒေသေတိ

ဤလိုဆင်းရဲမျိုးကို ပယ်ဖျောက်နိုင်ရန် တရားဟောတော်မူသော မြတ်စွာဘုရားသည် မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် ဆရာမဆို မိမိအလိုလိုကိုယ်တော်တိုင်သာ သစ္စာလေးပါးကို ထိုးထွင်း သိတော်မူပါပေစွတကား၊

သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝက သံဃော

ယောဣမဿ ဧဝရူပဿ ဒုက္ခဿ၊ ပဟာနာယ ပဋိပန္နော၊

ဤလိုဆင်းရဲမျိုးကို ပယ်ဖျောက်နိုင်ရန် ကျင့်ကြံတော်မူသော ထိုမြတ်စွာဘုရား၏ တပည့်သံဃာသည် ကောင်းစွာကျင့်ကြံတော်မူပါပေစွတကား၊

သုသုခံ ဝတ တံနိဗ္ဗာနံ ယတ္ထိဒံ ဧဝရူပံ ဒုက္ခံ နသံဝိဇ္ဇတိ၊

ဤလိုဆင်းရဲမျိုးမရှိမူ၊ ထိုနိဗ္ဗာန်သည် ချမ်းသာတကာတို့ထက် ချမ်းသာပါလေစွတကား၊

ဤသုံးမျိုးသော စိတ်ကူးအကြံအစည်တို့ဖြင့် ထိုဆင်းရဲကို သည်းခံဖြေဖျောက်လျက် အရှင်လင်ယောကျ်ားကို မြတ်စွာဘုရားထံစေလွှတ်၍- အရှင်လင်ယောကျ်ားသည် ဇနီးသုပ္ပဝါသာ၏စကားဖြင့် မြတ်စွာဘုရားအား ရှိခိုးခြင်းကို လျှောက်ထားအပ်လေသော်-

သုခိနီ ဟောတု သုပ္ပဝါသာ ကောလိယဓီတာ အရောဂါ

အရောဂံ ပုတ္တံ ဝိဇာယတု

ကောလိယ၏သမီး သုပ္ပဝါသာသည် ကိုယ်စိတ်နှစ်ဖြာချမ်းသာသူ ဖြစ်ပါစေ၊ အနာရောဂါ မရှိသူဖြစ်၍ အနာရောဂါမရှိသောသားကို ဖွားမြင်နိုင်ပါစေ၊

ဤသို့ မြတ်စွာဘုရားသည် မိန့်တော်မူအပ်သောခဏမှာပင် ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ အနာရောဂါ ကင်းစင်ကွာလျက် အနာရောဂါမရှိသောသားကို ဖွားမြင်ပြီးသော်- ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူလေ၏။ သုပ္ပဝါသာ၏သားလည်း ဖွားမြင်ရာနေ့မှစ၍ ရေစစ်ကိုကိုင်၍ သံဃာအားရေကိုစစ်၍ ပေးလှူလေ၏။ ထိုသားသည် နောက်အဖို့ ဖြစ်သော အချိန်၌ အိမ်ရာ တည်ထောင်လူ့ဘောင်မှထွက်၍ ရဟန်းပြုပြီး အရဟတ္တဖိုလ်သို့ ရောက်လေပြီ။

ထိုအချိန်မှနောက်ဖြစ်သော နေ့တစ်နေ့၌ ရဟန်းတို့သည် ဓမ္မသဘင်၌ စကားပြောဆိုကြပြီ၊

ငါ့ရှင်တို့ ကြည့်ကြကုန်လော၊ အရဟတ္တဖိုလ်၏ တည်ရာအကြောင်းပါရမီကောင်းနှင့် ပြည့်စုံသော ဤလိုရဟန်းသည် ဤမျှလောက်ကာလပတ်လုံး အမိဝမ်းတွင်း၌ ဆင်းရဲခံခဲ့ပြီ၊ အခြားသူတို့မှာမူ ဆိုဖွယ်မရှိတော့ပေ၊ ဤသီဝလိရဟန်းသည် များစွာသောဆင်းရဲကို ကူးမြောက်ခဲ့လေပြီဟု ပြောဆိုကြပြီ။

မြတ်စွာဘုရားကြွလာတော်မူ၍ မေးတော်မူသဖြင့် ရဟန်းတို့က အကြောင်းကို လျှောက်ထားအပ်လေသော် -

ရဟန်းတို့- ဩော်- ဟုတ်ပေ၏။ ငါဘုရား၏သားတော်သည် ဤမျှလောက်သော ဆင်းရဲမှ လွတ်ခဲ့ပြီး ယခုအချိန်၌နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေလေ၏ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ယော မံ ပလိပထံ ဒုဂ္ဂံ၊ သံသာရံ မောဟမစ္စဂါ။
တိဏ္ဏော ပါရင်္ဂတော ဈာယီ၊ အနေဇော အကထံကထီ၊
အနုပါဒါယ နိဗ္ဗုတော၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယောဘိက္ခု- အကြင်ရဟန်းသည်၊ ဣမံ- ပလိပထံစ၊ ရာဂတည်းဟူသော ဤဘေးရန်ကို လည်းကောင်း၊ ဣမံဒုဂ္ဂံစ- ကိလေသာတည်းဟူသော ဤခရီးခဲကိုလည်းကောင်း၊ ဣမံမောဟံစ- သစ္စာလေးပါးကို မသိနိုင်သော၊ ဤမောဟကိုလည်းကောင်း၊ အစ္စဂါ- လွန်မြောက်လေပြီ၊

တိဏ္ဏော- ဩဃလေးပါးကို ကူးမြောက်ပြီးသည် (ဟုတွာ- ဖြစ်၍) ပါရင်္ဂတော- နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ရောက်လေပြီ၊ ဈာယီ- နှစ်မျိုးသောဈာန်ဖြင့် ရှုလေ့ရှိ၏၊ အနေဇော- ဧဇာမည်သော တဏှာမရှိ၊ အကထံကထီ- သို့လောသို့လော တွေးတောခြင်းမရှိ၊

အနုပါဒါယ- ဥပါဒါန်တို့ဖြင့် မစွဲလမ်းမူ၍၊ နိဗ္ဗုတော- ကိလေသနိဗ္ဗာန်ဖြင့် ငြိမ်းလေပြီ၊ တံ- ထိုရဟန်းကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဟု သညာလှလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

သီဝလိတ္ထေရဝတ္ထု ပြီး၏။

## ၁၇၈။ သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု
## သုန္ဒရသမုဒ္ဒထေရ်အကြောင်း

သာဝတ္ထိပြည်၌ အမျိုးသားတစ်ယောက်သည် သုန္ဒရသမုဒ္ဒသတို့သား အမည်ရှိ၏။ သူသည် ကုဋေလေးဆယ်ကြွယ်ဝသော အမျိုးကြီး၌ ဖွားမြင်သူဖြစ်၏။

သူသည် တစ်နေ့သ၌ ထမင်းစားပြီးနောက် နံ့သာပန်းစသည်ကိုကိုင်လျက် တရားနာရန် ဇေတဝန်ကျောင်းတော်သို့သွားနေသော လူအပေါင်းကိုမြင်၍ အဘယ်ကိုသွားကြမည်နည်းဟု မေးသဖြင့် မြတ်စွာဘုရားထံ တရားနာရန်သွားကြမည်ဟု ပြောဆိုအပ်သော် ကျုပ်လည်းလိုက်ပါမည်ဟု ဆိုကာ လူအပေါင်းနှင့်အတူ ဇေတဝန်ကျောင်းသို့သွား၍ ပရိသတ်အစွန်၌ ထိုင်နေလေ၏။

မြတ်စွာဘုရားသည် သုန္ဒရသတို့သား၏ အတွင်းစိတ်ခံကို မြင်သိတော်မူ၍ ရှေ့နောက်အစဉ်ဖြစ်သော တရားစကားကို ဟောပြတော်မူသည်။

သုန္ဒရသတို့သားသည် အိမ်ကိုအုပ်စိုးနေထိုင်သူသည် ပွတ်သစ်စကရုသင်းကဲ့သို့ ဖြူဖွေးစင်ကြယ်သော အကျင့်မြတ်ကိုကျင့်ရန်မတတ်နိုင်ဟု စဉ်းစား၍ မြတ်စွာဘုရား၏ တရားစကားတော်ကို မှီရာအကြောင်းပြု၍ ရှင်သာမဏေဖြစ်ခြင်းငှာ လုံ့လဉဿာဟ ဖြစ်ပေါ်လာပြီး တရားနာပရိသတ် ထွက်ခွာသွားလတ်သော် မြတ်စွာဘုရားကို ရှင်အဖြစ်တောင်းဆိုသဖြင့် မြတ်စွာဘုရား၏ မိဘတို့သည် ရှင်သာမဏေ ရဟန်းပြုရန်ခွင့်မပြုအပ်သူကို ဘုရားရှင်တို့သည် ရှင်ရဟန်းပြုမပေးကြဟူသော စကားကိုကြား၍ (နားထောင်၍) အိမ်သို့သွားပြီး ရဋ္ဌပါလ အမျိုးကောင်းသားစသည်တို့ကဲ့သို့ ကြီးမားသော ဝီရိယဖြင့် အမိအဖတို့ကို ခွင့်ပြုစေပြီး မြတ်စွာဘုရားထံတော်၌ ရှင်သာမဏေပြု၍ ရဟန်းအဖြစ်ရအပ်ပြီးသော် ငါ့အားဤသာဝတ္ထိမြို့၌ နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု သာဝတ္ထိမြို့မှ ထွက်ခဲ့ပြီး ရာဇဂြိုဟ်မြို့သို့သွား၍ ဆွမ်းခံလှည့်လျက် ဆွမ်းဘုဉ်းပေးနေထိုင်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေ၏။ ထိုမှနောက်နေ့တစ်နေ့၌ သာဝတ္ထိမြို့ရှိ သုန္ဒရရဟန်း၏ မိဘတို့သည် တစ်ခုသောပွဲလမ်းသဘင် ရက်၌ မြတ်သောကျက်သရေတင့်တယ်မှုဖြင့် ပျော်မြူးနေကြသော သုန္ဒရရဟန်း၏ မိတ်ဆွေသတို့သားတို့ကို မြင်ကြ၍ ငါတို့သား၏ ဤရခဲမှုသည်ဖြစ်ခဲ့လေပြီဟု တမ်းတငိုကြွေးကြကုန်၏။

ထိုခဏ၌ ပြည့်တန်ဆာမတစ်ယောက်သည် ထိုအိမ်သို့သွား၍ သုန္ဒရရဟန်း၏ မယ်တော်ကို ငိုကြွေးလျက်ထိုင်နေသည်ကိုမြင်၍-

မိခင်- အဘယ်အကြောင်းကြောင့် ငိုပါသနည်းဟု မေး၏၊

ငါ့သားကို အောက်မေ့ပြီးငို၏၊

မိခင်- မိခင်၏သားသည် အဘယ်မှာနည်း၊

ရဟန်းတို့၌ ရဟန်းပြုနေသည်၊

လူထွက်စေရန် မသင့်သလော၊

သင့်တော့သင့်ပါ၏၊ သို့သော်လည်း ငါ့သားက လူမထွက်လို ဤသာဝတ္ထိမြို့မှထွက်ခွာပြီး

ရာဇဂြိုဟ်မြို့သို့ သွားနေသည်။

အကယ်၍ ကျွန်မက သူ့ကိုလူထွက်အောင်ပြုပေးလျှင် ကျွန်မ၏ အဘယ်အကျိုးကို ပြုပေးကြမည်နည်း။

သင့်အား ဤအိမ်၏ ဥစ္စာရှင်အဖြစ်ကို ပြုပေးကြမည်၊

ထိုသို့ ပြုပေးမည်ဖြစ်လျှင် ကျွန်မအား ခရီးရိက္ခာကို ပေးကြပါဟု ပြောဆို၍ ပြည့်တန်ဆာမသည် ခရီးရိက္ခာကိုယူပြီး အခြံအရံများစွာဖြင့် ရာဇဂြိုဟ်မြို့သို့သွား၍ သုန္ဒရရဟန်း၏ ဆွမ်းခံလှည့်ရာလမ်းကို စုံစမ်း မှတ်သားကာ ထိုလမ်း၌ နေရာအိမ်တစ်အိမ်ကိုယူထားပြီး နံနက်စောစော၌ပင် မွန်မြတ်သော အာဟာရကို စီရင်၍ သုန္ဒရထေရ်ဆွမ်းခံဝင်လာချိန်၌ ဆွမ်းကိုလောင်းလှူ၍ နှစ်ရက်သုံးရက်ကျော်လွန်သောအခါ- အရှင်ဘုရား ဤအိမ်၌သာထိုင်၍ဆွမ်းကိစ္စကို ပြုတော်မူပါဟု လျှောက်ထားပြီး သပိတ်ကို ယူလေ၏။ သုန္ဒရထေရ်သည် သပိတ်ကိုပေးလိုက်ပြီး ထိုအချိန်မှနောက် သုန္ဒရထေရ်ကို မွန်မြတ်သော အာဟာရဖြင့် ဆက်ကပ်ကျွေးမွေးပြုစု၍-

အရှင်ဘုရား ဤအိမ်၌သာ ဆွမ်းအတွက်ကျွင့်သုံးရန်ချမ်းသာပါ၏ဟု လျှောက်ထားပြီး နှစ်ရက်သုံးရက်တိုင်အောင် အိမ်ဦးခန်းဆင်ဝင်၌ ထိုင်စေပြီး ဆွမ်းကပ်၍ သူငယ်တို့ကို မုန့်တို့ဖြင့် ပေးကမ်းချီးမြောက်၍ -

မင်းတို့လာကြ၊ သုန္ဒရထေရ် ကြွလာချိန်၌ ငါကတားမြစ်ပိတ်ပင်သော်လည်း ဆင်ဝင်ခန်းအနီး၌လာ၍ မြူမှုံထအောင်လုပ်ပေးကြဟု ပြောထား၏။ သူငယ်တို့သည် နောက်တစ်ရက်၌ သုန္ဒရထေရ် ဆွမ်းစားချိန်တွင် ထိုပြည့်တန်ဆာမသည် တားမြစ်ပိတ်ပင်အပ်သော်လည်း မြူမှုံကိုထအောင်ပြုကုန်၏။

နောက်တစ်ရက်၌ အရှင်ဘုရားသူငယ်တို့သည် တားမြစ်ပိတ်ပင်အပ်သော်လည်း တပည့်တော်မစကားကို နားမထောင်ဘဲ ဤအိမ်ဦးဆင်ဝင်ခန်း၌ မြူမှုံကိုထစေကြသည်။ အိမ်တွင်း၌ထိုင်တော်မူပါဟု လျှောက်ထားကာ အိမ်တွင်း၌ထိုင်စေပြီး နှစ်ရက်သုံးရက်ဆွမ်းကပ်လေ၏။

နောက်ထပ်တစ်ဖန် သူငယ်တို့ကို ပေးကမ်းချီးမြောက်၍ မင်းတို့က ငါတားမြစ်ပိတ်ပင်အပ်သော်လည်း သုန္ဒရထေရ်ဆွမ်းဘုဉ်းပေးနေချိန်၌ ကျယ်လောင်သောအသံကို ပြုပေးကြဟု ပြောထား၏။ သူငယ်တို့သည် ပြောသည့်အတိုင်းပြုကြကုန်၏။ နောက်တစ်ရက်၌ ပြည့်တန်ဆာမသည် အရှင်ဘုရားဤနေရာ၌ အလွန်ကျယ်သောအသံဖြစ်ပါသည်။ (ဆူညံနေပါသည်) သူငယ်တို့သည် တပည့်မတားမြစ်အပ်သော်လည်း တပည့်မစကားကိုမနာယူကြပါ၊ ပြာသာဒ်ပေါ်၌သာ ထိုင်တော်မူပါဟု လျှောက်ထားလေလျှင် သုန္ဒရထေရ်သည် သည်းခံအပ်လေသော် သုန္ဒရထေရ်ကို ရှေ့သွားပြု၍ ပြာသာဒ်ပေါ်သို့တက်စဉ် တံခါးတို့ကို ပိတ်၍သာ ပြာသာဒ်ပေါ်သို့ တက်လေ၏။

သုန္ဒရထေရ်သည် အိမ်စဉ်လှည့်၍ ဆွမ်းခံဘုဉ်းပေးခြင်းဟူသော မြတ်သောသပဒါန အကျင့်ရှိသူဖြစ်ပါသော်လည်း၊ အရသာ၌ တပ်မက်သောတဏှာသည် ဖွဲ့ချည်အပ်သည်ဖြစ်၍ ပြည့်တန်ဆာမ၏ စကားဖြင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ပေါ်သို့တက်လေပြီ။

ပြည့်တန်ဆာမသည် သုန္ဒရထေရ်ကို ထိုင်နေစေပြီး- မိတ်ဆွေ ပုဏ္ဏမုခ (မျက်နှာဝိုင်းပြည့်ရှိသူ) ဇင်စစ်သော်ကား မိန်းမသည် မာယာလေးဆယ်ဖြင့် ယောကျ်ားကိုဖြားယောင်းလှည့်ဆယ်လွန်ကျူး၍

ပြောဆို၏။

၁။ ကိုယ်ကိုဆန့်၏၊
၂။ ကိုယ်ကိုညွတ်၏၊
၃။ ကိုယ်ကိုစမွယ်၏၊
၄။ ရှက်ဟန်ဆောင်၏၊
၅။ လက်သည်းတစ်ခုဖြင့် လက်သည်းတစ်ခုကိုခြစ်နေ၏၊
၆။ ခြေတစ်ဖက်ဖြင့် ခြေတစ်ဖက်ကိုနင်းနေ၏၊
၇။ ဒုတ်ဖြင့် မြေကြီးကိုခြစ်နေ၏၊
၈။ သူငယ်ကို မြှောက်ပင့်၏၊
၉။ သူငယ်ကို မြှောက်ပင့်စေ၏၊
၁၀။ သူငယ်ကို ပွေ့ချီ၏၊
၁၁။ သူငယ်ကို ကစားကျီစယ်၏၊
၁၂။ သူငယ်ကို ကစားကျီစယ်စေ၏၊
၁၃။ သူငယ်ကိုနမ်းရှုတ်၏၊
၁၄။ သူငယ်ကိုနမ်းရှုတ်စေ၏၊
၁၅။ သူငယ်ကို မိမိခံတွင်းဖြင့်စုတ်၏၊
၁၆။ သူငယ်ကို ခံတွင်းဖြင့်စုတ်စေ၏၊
၁၇။ သူငယ်ကို မိမိကတစ်စုံတစ်ခုပေး၏၊
၁၈။ သူငယ်ထံမှ တစ်စုံတစ်ခုကိုတောင်း၏၊
၁၉။ သူငယ်ပြုသည်ကို အတုလိုက်၍ပြု၏၊
၂၀။ အသံကျယ်စွာစကားဆို၏၊
၂၁။ အသံကိုနိမ့်၍ ဖြည်းညှင်းသာယာစကားဆို၏၊
၂၂။ ကခြင်း သီချင်းဆိုခြင်း တီးမှုတ်ခြင်း ငိုကြွေးခြင်း စမွယ်ခြင်း၊ တန်ဆာဆင်ခြင်းဖြင့် ထင်ထင်ရှားရှားပြောဆို၏၊
၂၃။ ကခြင်း သီချင်းဆိုခြင်း တီးမှုတ်ခြင်း ငိုကြွေးခြင်း၊ စမွယ်ခြင်း၊ တန်ဆာဆင်ခြင်းဖြင့် လျှို့ဝှက်၍ ဆို၏၊
၂၄။ ပြင်းထန်စွာရယ်၏၊
၂၅။ စောင်းငဲ့၍ကြည့်၏၊
၂၆။ ခါးကိုလှုပ်၏၊
၂၇။ လျှို့ဝှက်အပ်သော အင်္ဂါကိုလှုပ်၏၊
၂၈။ ပေါင်ကို ဖွင့်ပြ၏၊
၂၉။ ပေါင်ကို ဖုံးပြ၏၊

၃၀။ သားမြတ်ကို ပြ၏၊
၃၁။ လက်ကတီးကို (ဂျိုင်းကို) ပြ၏၊
၃၂။ ချက်ကို ပြ၏၊
၃၃။ မျက်စိကို မှိတ်၏၊
၃၄။ မျက်မှောင်ကို ပင့်ချီ၏၊
၃၅။ နှုတ်ခမ်းကို ကိုက်၏၊
၃၆။ လျှာကို ထုတ်၏၊
၃၇။ အဝတ်ကို ကျွတ်ရောင်ဆောင်၍ ချွတ်၏၊
၃၈။ အဝတ်ကို ပြင်၍ဝတ်၏၊
၃၉။ ဆံပင်ကို ဖြေဖြန့်၏၊
၄၀။ ဆံပင်ကို ထုံးဖွဲ့၏၊

ဤသို့လာသော မိန်းမအမူအရာ မိန်းမ၏စမွယ် (မြူဆွယ်) မှုကိုပြ၍ သုန္ဒရထေရ်၏ ရှေ့၌ရပ်လျက် ဤဂါထာကိုဆိုလေ၏။

အလတ္တကကတာ ပါဒါ၊ ပါဒုကာရုယှ ဝေသိယာ။
တုဝမ္ပိ ဒဟရော မမ၊ အဟမ္ပိ ဒဟရာ တဝ။
ဥဘောပိ ပဗ္ဗဇိဿာမ၊ ဇိဏ္ဏာ ဒဏ္ဍပရာယဏာ။

အလတ္တကကတာပါဒါ- ချိတ်ရေဖြင့် ဆိုးအပ်သောခြေရှိသော၊ ဝေသိယာ- ပြည့်တန်ဆာမသည်၊ ပါဒုကံ- ခြေနင်းပေါ်သို့၊ အာရုယှ- တက်၍၊

ဘောသမဏ- အို. . ရဟန်း၊ တုဝမ္ပိ- သင်သည်လည်း၊ ဒဟရော- ငယ်ရွယ်ပါသေး၏၊ မမ- ကျွန်မ၏၊ အနုစ္ဆဝိကော- လင်ဖြစ်ရန်လျောက်ပတ်ပါ၏၊ အဟမ္ပိ- ကျွန်မသည်လည်း၊ ဒဟရာ- ငယ်ရွယ်ပါသေး၏၊ တဝ- သင်၏၊ အနုစ္ဆဝိကာ- မယားဖြစ်ရန်သင့်လျော်ပါ၏။

ဥဘောပိ- နှစ်ဦးလုံးတို့သည်လည်း၊ ဇိဏ္ဏာ- အိုမင်းကုန်သည်၊ ဒဏ္ဍပရာယဏာ- တောင်ဝှေးလျှင် မှီခိုရာရှိသူတို့သည်၊ သမာနာ- ဖြစ်ကုန်လတ်သော်၊ ပဗ္ဗဇိဿာမ- ရဟန်းပြုကြပါကုန်အံ့၊ (ရဟန်းပြုကြပါစို့)

ငါသည် မစူးစမ်း မဆင်ခြင်ဘဲ ပြုအပ်သော အမှုသည်အံ့ဩလောက်အောင် ဝန်လေးပေစွ တကားဟု သုန္ဒရထေရ်၏ ကြီးစွာသောသံဝေဂ (ထိတ်လန့်မှု) ဖြစ်လေပြီ။

ထိုခဏ၌ မြတ်စွာဘုရားသခင်သည် လေးဆယ့်ငါးယူဇနာထက်၌ရှိသော ဇေတဝန်ကျောင်းတော်၌ ထိုင်နေတော်မူလျက်သာ ထိုအကြောင်းကို မြင်တော်မူ၍ ပြုံးတော်မူလေပြီ။

အာနန္ဒာထေရ်သည် မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ မူလအကြောင်း အယောက်အပံ့ အကြောင်းကား အဘယ်ပါနည်းဟု မြတ်စွာဘုရားကို မေးလျှောက်လေ၏။

အို. . . အာနန္ဒာ ရာဇဂြိုဟ်မြို့တွင် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အပေါ်ဆုံးအထပ်၌ သုန္ဒရသမုဒ္ဒရဟန်းနှင့် ပြည့်တန်ဆာမတို့၏ တိုက်ပွဲဖြစ်နေ၏။

အရှင်ဘုရား မည်သူအား အောင်နိုင်ခြင်း၊ မည်သူအားရှုံးနိမ့်ခြင်း ဖြစ်ပါမည်နည်းဘုရားဟု မေးလျှောက်၏။

မြတ်စွာဘုရားသည် အာနန္ဒာ သုန္ဒရသမုဒ္ဒရဟန်း၏ အောင်နိုင်ခြင်း ပြည့်တန်ဆာမ၏ ရှုံးနိမ့်ခြင်း ဖြစ်လိမ့်မည်ဟု သုန္ဒရထေရ်၏ အောင်နိုင်ခြင်းကို ထင်ရှားပြလိုတော်မူ၍ ဇေတဝန်ကျောင်းတော်၌ ထိုင်နေတော်မူလျက်သာ အရောင်အလင်းကို ဖြန့်၍-

ရဟန်း ဝတ္ထုကာမ ကိလေသာကာမ နှစ်မျိုးလုံးကို ငဲ့ကွက်မှုမထားစွန့်ပစ်ပါလေလောဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ယောဓ ကာမေ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ၊
ကာမ ဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏ။

ဣဓ- ဤလောက၌၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ ကာမေ- ဝတ္ထုကာမ ကိလေသာကာမတို့ကို၊ ပဟန္တွာန- ပယ်စွန့်၍၊ အနာဂါရော- အိမ်ရာထောင်သူမဟုတ်သည် ( ဟုတွာ- ဖြစ်၍) ပရိဗ္ဗဇေ- ကျင့်ကြံအားထုတ်လေ၏။ ဝါ- ရဟန်းပြုလေ၏။

ကာမဘဝပရိက္ခီဏံ- ကာမကုန်ပြီး ဘဝကုန်ပြီးသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဟု သညာလှလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ သုန္ဒရသမုဒ္ဒထေရ်သည် အရဟတ္တဖိုလ်သို့ရောက်၍ တန်ခိုးအစွမ်းဖြင့် ကောင်းကင်သို့ ပြန်တက်ကာအိမ်အမိုး ချက်ဝန်းကိုထွင်းဖောက်ခဲ့ပြီး မြတ်စွာဘုရား၏ ကိုယ်တော်ကို ချီးမွမ်းလျက်သာ ကြွလာ၍ မြတ်စွာဘုရားကို ရှိခိုးလေပြီ။

ဓမ္မသဘင်၌လည်း ရဟန်းတို့သည်

ငါ့ရှင်တို့ လျှာဖြင့်သိအပ်သော အရသာကိုမှီရာ အကြောင်းပြု၍ သုန္ဒရသမုဒ္ဒထေရ်သည် စိတ်ကို ဖျက်ဆီးလေပြီ၊ မြတ်စွာဘုရားသည်ကား သုန္ဒရသမုဒ္ဒထေရ်၏ မှီခိုရာဖြစ်လေပြီဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူ၍- ရဟန်းတို့ ယခုအခါ၌သာမဟုတ်သေး ရှေးအခါ၌လည်း ငါဘုရားသည်ရသာတဏှာဖြင့် ဖွဲ့ချည်အပ်သောစိတ်ရှိသော ဤသုန္ဒရသမုဒ္ဒ၏ မှီခိုရာဖြစ်ခဲ့ပြီဟု မိန့်တော်မူကာ ရဟန်းတို့သည် လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ ထိုအကြောင်းကို ထင်ရှားပြခြင်းငှာ အတိတ်ကို ဆောင်တော်မူ၍-

နကိရတ္ထိ ရသေဟိ ပါပိယော၊
အာဝါသေဟိ ဝါ သန္ထဝေဟိဝါ။
ဝါတမိဂံ ဂဟန နိဿိတံ၊
ဝသမာနေသိ ရသေဟိ သဥ္စယော။

ရသေဟိ- ဇိဝှါဝိညာဉ်ဖြင့် သိအပ်သောချိုချဉ်အစရှိသော အရသာ၌ တပ်မက်သောတဏှာထက်၊ ပါပိယော- ယုတ်မာသောတရားသည်။ နအတ္ထိကိရ- မရှိသတတ်၊ ရသတဏှာ- ရသာတဏှာသည်၊ အာဝါသေဟိဝါ- အိမ်ကျောင်းအိပ်ရာ နေရာတို့၌ တပ်မက်သော တဏှာတို့ထက်လည်းကောင်း၊ သန္ထဝေဟိဝါ- မိတ်ဆွေအပေါင်းအဖော်တို့၌ တပ်မက်သောတဏှာတို့ထက်လည်းကောင်း၊ ပါပတရာ- သာလွန်ယုတ်မာ၏၊ ဂဟာနနိဿိတံ- တောချုံကိုမှီ၍နေသော၊ ဝါတမိဂံ- ဝါတမိဂသမင်ကို၊ သဥ္စယော- သဥ္စယအမည်ရှိသော ဥယျာဉ်မှူးသည်၊ ရသေဟိ- အရသာတို့ဖြင့်၊ ဝသံ- မိမိအလိုသို့၊ အာနေသိ- ဆောင်ယူလေပြီ။

ဟူသော ဧကကနိပါတ်၌ ဤဝါတမိဂကို အကျယ်ဟောတော်မူပြီး သုဇန္ဒရသမုဒ္ဒရဟာန်းသည် ထိုအချိန်၌ ဝါတမိဂသမင်ဖြစ်ခဲ့ပြီ၊ ဤဂါထာကို ရွတ်ဆို၍ ထိုဝါတမိဂသမင်ကို ညွတ်ကွင်းမှ လွတ်ကင်းစေသော မင်း၏ အမတ်ကြီးသည် ငါဘုရားပင်တည်းဟု ဇာတ်ကိုပေါင်းတော်မူလေပြီ။

သုဇန္ဒရသမုဒ္ဒဇာတ္တေတ္ထူ ပြီး၏။

## ၁၃၉။ ဓင်္ဂိလတ္ထေရဝတ္ထု
## ဓင်္ဂိလထေရ်အကြောင်း
(ဇောတိက သူဌေးအကြောင်းပထမပိုင်းပါ၏)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူကြွယ်ညီနောင်နှစ်ဦးတို့သည် ကြံခင်းကြီးကို စိုက်ပျိုးထားကြသည်။ တစ်နေ့သ၌ ညီသူကြွယ်သည် ကြံခင်းသို့သွား၍ ကြံတစ်ချောင်းကို အစ်ကိုအားပေးမည်။ ကြံတစ်ချောင်းသည် ငါ့အတွက်ဖြစ်လိမ့်မည်ဟု ကြံနှစ်ချောင်းတို့ကိုဖြတ်၍ ကြံရည်ထွက်မသွားစေရန် ကြံချောင်း၏ ပြတ်နေရာအရပ်၌ နွယ်ဖြင့်တုပ်ချီ၍ ယူခဲ့လေ၏။

ထိုအချိန်အခါ၌ ကြံတို့ကို ယန္တရားဖြင့်ညစ်ခြင်းကိစ္စ မရှိသတတ်၊ အဖျား၌သော်လည်းကောင်း၊ အရင်း၌သော်လည်းကောင်းဖြတ်၍ ထောင်လိုက်သောအခါ ရေစစ်မှ ရေကျလာသကဲ့သို့အလိုလိုသာ ကြံရည်ထွက်လာလေ၏။

ညီသူကြွယ်၏ ကြံခင်းမှ ကြံချောင်းတို့ကိုယူ၍ ပြန်လာစဉ် ဂန္ဓမာဒနတောင်၌ ပစ္စေကဗုဒ္ဓါသည် နိရောဓသမာပတ်မှထ၍ ယနေ့ ငါသည် အဘယ်သူအားချီးမြှောက်ရမည်နည်းဟု စူးစမ်းဆင်ခြင်လတ်သော်- ညီသူကြွယ်ငယ်ကို မိမိ၏ ဉာဏ်ကွန်ယက်၌ ဝင်လာသည်ကိုမြင်၍ထိုသူကြွယ်၏ ပြန်လည်ချီးမြှောက်ခြင်းကို ပြုစွမ်းနိုင်သည်ကိုလည်းသိ၍ သပိတ်သင်္ကန်းကိုယူကာ တန်ခိုးဖြင့် ကြွလာပြီး ထိုသူကြွယ်၏ရှေ့၌ ရပ်နေလေ၏။

သူကြွယ်သည် ပစ္စေကဗုဒ္ဓါကိုမြင်လျှင်ပင် ကြည်ညိုစိတ်ရှိသူဖြစ်၍ အပေါ်ရုံအဝတ်ကို မြင့်စွာသော မြေပေါ်၌ ဖြန့်ခင်း၍- အရှင်ဘုရား ဤနေရာ၌ ထိုင်နေတော်မူပါဟု ပစ္စေကဗုဒ္ဓါကိုထိုင်စေပြီး သပိတ်ကို တပည့်တော်အနီးသို့ ညွတ်ပေးတော်မူပါဟု လျှောက်ထားကာ ကြံချောင်း၌တုပ်ချည်ထားရာ နေရာကိုဖြေ၍ သပိတ်အထက်၌ ထောင်ထားလေ၏။ ကြံရည်သည် ကြံချောင်းအတွင်းမှ အောက်သို့ ကျဆင်း၍ သပိတ်ကို ပြည့်စေ၏။ ပစ္စေကဗုဒ္ဓါသည် ထိုကြံရည်ကိုသောက်လေသော်- - အရှင်မြတ်သည် ငါ၏ ကြံရည်ကို သောက်တော်မူအပ်၏။ သြော်- ကောင်းပါပေစွ၊ ငါ၏ အစ်ကိုသည် ကြံချောင်းတန်ဖိုးကို ပေးစေလိုလျှင် တန်ဖိုးကိုပေးမည်။ ကုသိုလ်အဖို့ကို ပေးစေလိုလျှင် ကုသိုလ်အဖို့ကို ပေးမည်ဟု စိတ်ကူး၍-

အရှင်ဘုရား သပိတ်တော်ကို တပည့်တော်၏ အနီးသို့ညွတ်ပေးပါဟု လျှောက်ထားကာ နှစ်ခုမြောက် ကြံချောင်းကိုလည်း တုပ်ချည်ထားရာနေရာကိုဖြေ၍ ကြံရည်ကို ကပ်လှူလေ၏။ ငါ၏ အစ်ကိုသည် ကြံခင်းမှ အခြားသောကြံချောင်းကို ယူဆောင်၍ စားလိမ့်မည်ဟူသော ဤမျှလောက်သော လှည့်စားလိုသော စိတ်သည်သော်လည်း ထိုသူကြွယ်အား မဖြစ်ပါချေ။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ကြံရည်ကိုသောက်ပြီးဖြစ်၍ နောက်ထပ်လှူသော ထိုကြံရည်ကို အခြားသောပစ္စေကဗုဒ္ဓါတို့နှင့်လည်း အတူခွဲဝေပေးလှူမည်ဖြစ်၍ ကိုင်ယူ၍သာ ထိုင်နေတော်မူသည်။

ထိုသူကြွယ်သည် ထိုတန်ခိုးပြာဋိဟာကို ပစ္စေကဗုဒ္ဓါ၏ အခြင်းအရာ (အခြေအနေကို) သိ၍ ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးပြီး- အရှင်မြတ်ဘုရား တပည့်တော်သည် အကြင်မွန်မြတ်သော အရသာကို

ပေးလှူအပ်ပါပြီ။ ဤကုသိုလ်ကောင်းမှု၏ အကျိုးဆက်ဖြင့် နတ်ပြည် လူပြည်တို့၌ စည်းစိမ်ချမ်းသာကို ခံ[illegible]း၍ အဆုံးဘဝ နောင်ကာလ၌ အရှင်မြတ်တို့သည် ရအပ်ရောက်အပ်သောတရားကိုသာရ, ရ[illegible]ရာက်ရပါလို၏ဟု ဆုတောင်းလေ၏။ ပစ္စေကဗုဒ္ဓါလည်း သူကြွယ်အား၊ ဧဝံဟောတု- သင်ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေဟု မိန့်တော်မူကာ၊ ဣစ္ဆိတံ ပတ္ထိတံ တုယှံ- အစရှိသော နှစ်ဂါထာတို့ဖြင့် အနုမောဒနာပြုပြီး သူကြွယ်မြင်စေရန် အဓိဋ္ဌာန်၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင် သို့ကြွတော်မူ၍ ပစ္စေကဗုဒ္ဓါ ငါးရာတို့အား ထိုကြဲရည်ကို ပေးလှူလေ၏။

ထိုသူကြွယ်သည် ထိုတန်ခိုးပြာဋိဟာကို ကြည့်ရှုပြီး အစ်ကိုထံသို့သွားရောက်၍ အစ်ကိုက ဘယ်ကို သွားနေသနည်းဟု မေးအပ်လေသော်- ကြံခင်းကို ကြည့်ရှုရန်သွားပါသည်ဟု ပြော၏။

ကြံခင်းကိုသွားသော သင်လိုလူဖြင့် ဘာအကျိုးရှိမည်နည်း၊ ကြံချောင်းတစ်ချောင်းကိုသော်လည်းကောင်း၊ နှစ်ချောင်းကိုသော်လည်းကောင်း ယူ၍ ပြန်လာသင့်သည်မဟုတ်လောဟု အစ်ကိုက ပြောဆိုအပ်သော် - အစ်ကိုခင်ဗျား, ဟုတ်ပါသည်၊ ကြံချောင်းနှစ်ချောင်းကို ယူခဲ့ပါသည်၊ ပစ္စေကဗုဒ္ဓါ တစ်ဆူကိုဖူးတွေ့ရ၍ ကျွန်တော်၏ ကြံချောင်းမှကြံရည်ကို ပေးလှူပြီး တန်ဖိုးကိုသော်လည်းကောင်း၊ ကောင်းမှုအဖို့ကိုသော်လည်းကောင်း၊ ပေးမည်ဟုကြံရွယ်ပြီး အစ်ကိုတို့၏ ကြံချောင်းမှလည်း ကြံရည်ကို ကျွန်တော်ပေးလှူအပ်ပြီ၊ အသို့နည်း ကျွန်တော်ပေးလှူခဲ့သောထိုကြံချောင်း၏ တန်ဖိုးကို ယူမည်လော၊ သို့မဟုတ် ကုသိုလ်အဖို့ကို ယူမည်လောဟု ပြော၏။

ပစ္စေကဗုဒ္ဓါသည် ဘာကိုပြုအပ်သနည်း၊ (မေး)

ကျွန်တော်၏ ကြံချောင်းမှ ကြံရည်ကိုသုံးဆောင်ပြီး အစ်ကိုတို့၏ ကြံချောင်းမှကြံရည်ကိုယူ၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူ၍ ပစ္စေကဗုဒ္ဓါငါးရာတို့အား ပေးလှူပါပြီဟု ပြောဆို၏။

အစ်ကိုဖြစ်သူသည် ညီဖြစ်သူပြောနေစဉ်မှာပင် အကြားမလပ်ပီတိဖြင့် တွေ့ထိအပ်သော ကိုယ်ရှိသူဖြစ်၍ ငါ့အား ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သိအပ်သောတရားကိုသာ ရသိသူဖြစ်လေရာ၏ဟု ဆုတောင်းလေ၏။

ဤသို့လျှင် ညီဖြစ်သူသည် လူစည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာ၊ နိဗ္ဗာန်စည်းစိမ်ချမ်းသာ-ဟူသော ချမ်းသာသုံးပါးကို တောင်းဆိုအပ်၏။ အစ်ကိုဖြစ်သူသည်ကား တစ်ပုဒ်တည်းဖြင့်သာ အရဟတ္တဖိုလ်ကို တောင်းဆိုအပ်လေ၏။ ဤသည်ကား ထိုသူကြွယ်ညီနောင်တို့၏ ရှေး၌ ပြုအပ်သော ကောင်းမှုကံပေတည်း။

ထိုသူတို့သည် အသက်ထက်ဆုံးလူပြည်၌ တည်ကြပြီး လူဘဝမှစုတေကြသော်- နတ်ပြည်၌ ဖြစ်၍ ဘုရားတစ်ဆူအကြားကာလကို ကုန်စေကြကုန်ပြီ။

ထိုသူတို့၏ နတ်ပြည်၌တည်ရှိနေချိန်မှာပင် ဝိပဿီမြတ်စွာဘုရားသည် လောကသုံးပါး၌ ဖြစ်ပွင့်တော်မူပြီ။

ထိုသူတို့လည်း နတ်ပြည်မှ စုတေကြပြီး ဗန္ဓုမတီမြို့တော်ဝယ် အမျိုးအိမ်တစ်အိမ်၌ ယခင်ကကြီးသူသည် အကြီးသာဖြစ်၍ ငယ်သူသည်အငယ်သာဖြစ်၍ ပဋိသန္ဓေယူကြကုန်၏။

ထိုသူတို့တွင် ကြီးသူ၏သေန- ဟူသောအမည်၊ ငယ်သူ၏ အပရာဇိတ- ဟူသောအမည်ကို မှည့်ကြကုန်၏။

ထိုသူတို့သည် အရွယ်ရောက်လာချိန်၌ ပစ္စည်းဥစ္စာကိုဖြစ်တည်စေကာ နေကြလေကုန်သော်-

လောက၌ ဘုရားရတနာ ဖြစ်ပေါ်ပြီ၊ တရားရတနာ ဖြစ်ပေါ်ပြီ၊ သံဃာရတနာဖြစ်ပေါ်ပြီ၊ အလှူဝတ္ထုတို့ကို ပေးလှူကြပါ၊ ကောင်းမှုတို့ကို ပြုကြပါ၊ ယနေ့ လဆန်း ၈-ရက်၊ လဆုတ် ၈-ရက် နေ့ဖြစ်သည်၊ ယနေ့ လဆန်း ၁၄-ရက်၊ လဆုတ် ၁၄-ရက်နေ့ဖြစ်သည်၊ ယနေ့ လဆန်း ၁၅-ရက်၊ လဆုတ် ၁၅-ရက်နေ့ဖြစ်သည်။ ဥပုသ်စောင့်ကြပါ၊ တရားနာကြပါဟု ကြွေးကြော်သော ဓမ္မဃောသက ပုဂ္ဂိုလ်၏ (နိဗ္ဗာန်ဆော်၏) ဗန္ဓုမတိမြို့ပေါ်၌ ကြွေးကြော်သံကို ကြားကြ၍ များစွာသောလူသည် ထမင်းမစားမီ နံနက်ချိန်၌ အလှူဝတ္ထုကို ပေးလှူ၍ထမင်းစားပြီးညနေချိန်၌ တရားနာရန် သွားနေသည်ကိုမြင်၍ သေနသူကြွယ်သည်၊ အဘယ်အရပ်၌သွားကြပါသနည်း ဟုမေးသဖြင့် မြတ်စွာဘုရားထံ တရားနာရန်သွားကြသည်ဟု ပြောအပ်သော်- ကျွန်တော်လည်း သွားပါမည်ဟု ပြောဆိုကာ- ထိုလူတို့နှင့် အတူသာ မြတ်စွာဘုရားထံသွား၍ ပရိသတ်အစွန်၌ ထိုင်နေလေ၏။

မြတ်စွာဘုရားသည် သေန- သူကြွယ်၏ အတွင်းစာတ်ခံကို မြင်သိတော်မူ၍ ရှေ့နောက်အစဉ်ရှိသော တရားစကားကို ပြောကြားတော်မူ၏။

သေနသူကြွယ်သည် မြတ်စွာဘုရား၏ တရားတော်ကိုကြားနာ၍ ရှင်သာမဏေပြုရန် အားထုတ်မှု ဆန္ဒဥဿာဟရှိပြီး မြတ်စွာဘုရားကို ရှင်အဖြစ်တောင်းဆိုလေ၏။ ထိုအခါ သေနသူကြွယ်ကို မြတ်စွာဘုရားသည် သင့်အား အသိပေးပန်ကြားထိုက်သော ဆွေမျိုးများရှိပါသလားဟု မေးတော်မူ၏။

မြတ်စွာဘုရား ရှိပါသည်ဘုရား၊

ရှိလျှင် ပန်ကြားပြီး ပြန်လာခဲ့ဟု မိန့်တော်မူ၏။

သေနသူကြွယ်သည် ညီဖြစ်သူ အပရာဇိတထံ သွား၍ ဤအိမ်၌ ရှိသမျှဥစ္စာအနှစ်အားလုံးသည် သင့်ဥစ္စာဖြစ်စေလော့ဟု ပြောလေ၏။

အို . . အရှင်၊ အရှင်တို့က ဘာကိုပြုပါမည်နည်း၊

ငါသည် မြတ်စွာဘုရားထံ၌ ရဟန်းပြုတော့မည်၊

အို . . အရှင်၊ ဘယ့်လိုပြောလိုက်ပါသနည်း၊ ကျွန်တော်သည် မိခင်ကွယ်လွန်သောအခါ မိခင်ကို ရသကဲ့သို့ ဖခင်ကွယ်လွန်သောအခါ ဖခင်ကိုရသကဲ့သို့ အရှင်တို့ကိုရခဲ့ပါပြီ။ ဤအိမ်သည် ပစ္စည်းဥစ္စာပေါများသော အိမ်ဖြစ်ပါ၏။ အိမ်၌တည်နေသဖြင့်သာ ကောင်းမှုတို့ကို ပြုနိုင်ပါသည်၊ ဤသို့ မပြုကြပါနှင့်၊

ငါသည် မြတ်စွာဘုရားထံတော်၌ တရားတော်ကို ကြားနာအပ်ပြီ၊ ထိုတရားတော်ကို အိမ်အလယ်၌နေသဖြင့် ဖြည့်ကျင့်ရန်မတတ်နိုင်၊ ငါရဟန်းပြုမည်သာဖြစ်၏။ သင်နေရစ်ပေတော့ဟု ပြောလေ၏။

သေနသူကြွယ်သည် ဤသို့ပြောဆိုကာ ညီအပရာဇိတကို နေရစ်စေပြီး မြတ်စွာဘုရားထံ၌ သာမဏေပြု၍ ရဟန်းအဖြစ်ရအပ်ပြီးသော် အချိန်မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်လေပြီ။

ညီဖြစ်သူ အပရာဇိတလည်း အစ်ကိုဖြစ်သူ သေနရဟန်းတော်အား ရဟန်းတို့အား ပူဇော်မှုကိုပြုမည်ဟု ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကိုပေးလှူ၍ အစ်ကိုဖြစ်သူ

သေနရဟန်းတော်ကို ရှိခိုး၍ လျှောက်ထားလေ၏။

အရှင်ဘုရား အရှင်ဘုရားတို့သည် မိမိ၏ဘဝ ထွက်မြောက်မှုကို ပြုအပ်ပါပြီ၊ တပည့်တော်သည်ကား ငါးပါးသော ကာမဂုဏ်တို့ဖြင့် တုပ်ချည်ထားအပ်သူဖြစ်၍ အိမ်မှထွက်ပြီးရဟန်းပြုခြင်းငှာ မတတ်နိုင်ပါ။ တပည့်တော်အား အိမ်၌တည်နေလျက်သာ သင့်လျော်ကောင်းမြတ်သော ကောင်းမှုကို မိန့်ကြားတော်မူပါဟု လျှောက်ထားလေ၏။

ထိုအခါ အပရာဇိတသူကြွယ်ကို သေနထေရ်သည်- အို. . ပညာရှိ ကောင်းပေစွ၊ ကောင်းပေစွ၊ မြတ်စွာဘုရား၏ ဂန္ဓကုဋိကို ပြုပေတော့ဟု မိန့်လေ၏။

အပရာဇိတသူကြွယ်သည် ကောင်းပါပြီဘုရားဟု ဝန်ခံခဲ့ပြီး၊ အမျိုးမျိုးသောသစ်သားတို့ကို ဆောင်ယူစေကာ တိုင်အစရှိတို့၏ အကျိုးငှာ ရွှေစေ၍ ရွှေဖြင့်စီခြယ်အပ်သော တိုင်တစ်လုံး၊ ငွေဖြင့်စီခြယ်အပ်သော တိုင်တစ်လုံး အစရှိသည်ဖြင့် တိုင်အားလုံးကို ရတနာခုနစ်ပါးဖြင့် စီခြယ်အပ်သည်ကို ပြုစေ၍ ထိုတိုင်တို့ဖြင့် ဂန္ဓကုဋိကို ဆောက်လုပ်စေ၍ ရတနာခုနစ်ပါးဖြင့် စီခြယ်အပ်သည်သာဖြစ်သော အုတ်အမိုးတို့ဖြင့် မိုးစေ၏။

ဂန္ဓကုဋိကို ဆောက်လုပ်နေစဉ်မှာပင် အပရာဇိတသူကြွယ်ကို မိမိနှင့်နာမည်တူ အပရာဇိတပင် အမည်ရှိသော တူဖြစ်သူသည် အနီးသို့ချဉ်းကပ်၍- ဦးရီး ကျွန်တော်သည် ကောင်းမှုပြုလုပ်ပါမည်၊ ကျွန်တော်အားလည်း ပြုစရာကောင်းမှုအဖို့အစုကိုပေးပါဟု ပြော၏။

တူမောင်- ငါမပေးနိုင်၊ အခြားသူတို့နှင့် ဆက်ဆံမှုမရှိသော ကောင်းမှုကို ပြုမည်ဟု ပြန်ပြော၏။

တူဖြစ်သူ အပရာဇိတသည် အကြိမ်များစွာတောင်းဆိုသော်လည်း ပြုလုပ်စရာကောင်းမှုအဖို့ အစုကို မရသူဖြစ်၍ ဂန္ဓကုဋီ၏ရှေ့၌ ကုဥ္ဇရသာလာကို (ဆင်ဝင်ခန်းပါသောဇရပ်ကို) ရသင့်သည်ဟု ကြံစည်၍ ရတနာခုနစ်ပါးဖြင့်ပြီးသော ကုဥ္ဇရသာလာကို ဆောက်လုပ်စေ၏။ ထိုတူဖြစ်သူ အပရာဇိတ သူကြွယ်သည် ဤဂေါတမမြတ်စွာဘုရား ပွင့်တော်မူရာအချိန်၌ မေဏ္ဍကသူဌေးဖြစ်လာလေ၏။

မြတ်စွာဘုရားသီတင်းသုံးရာ ဂန္ဓကုဋိတိုက်တော်၌ ရတနာခုနစ်ပါးတို့ဖြင့် ပြီးကုန်သော မြတ်သော လေသာပြတင်းပေါက် သုံးပေါက်ရှိလေ၏။ ထိုလေသာပြတင်းတို့၏ ရှေ့တည့်တည့်အရပ်၌ ရေကန်၏ အောက်ဖြစ်သော အရပ်၌ အင်္ဂတေတို့ဖြင့် အပြေအပြစ်ပြုထားအပ်သော ရေကန်သုံးခုတို့ကို ပြုစေ၍ နံ့သာလေးမျိုးတို့ဖြင့် ထုံအပ်သောရေဖြင့် ပြည့်စေ၍ အပရာဇိတသူကြွယ်သည် ဂန္ဓကုဋိတိုက်တွင်း၌ မြတ်စွာဘုရားထိုင်နေချိန်တွင် လေအဟုန်ဖြင့် လွင့်တက်ကုန်သော ဝတ်မှုန်လုံးတို့ဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်ကို ကြဲဖြန့်စေခြင်းငှာ အဆင်းငါးမျိုးရှိသော ပန်းတို့ကိုစိုက်ပျိုးစေ၏။ ဂန္ဓကုဋိအထွဋ်၏ အခံဖြစ်သော ကြာခွက်သည် ရွှေနီဖလံဖြင့် ပြီး၏။ အထွဋ်ဖြစ်သောထီးသည် သန္တာဖြင့်ပြီး၏၊ အောက်ဖြစ်သောအမိုး၌ မိုးသောအုတ်သည် ပတ္တမြားဖြင့်ပြီး၏၊ ဤသို့လျှင် ထိုဂန္ဓကုဋိတိုက်တော်သည် ကနေသော ဥဒေါင်းကဲ့သို့ တင့်တယ်စွာတည်နေ၏။

ရတနာခုနစ်ပါးတို့တွင် ထုခွဲထိုက်သောရတနာကို ထုခွဲ၍ မထုခွဲထိုက်သော ရတနာကို မူလ အတိုင်း သာယူ၍ ပုဆစ်ဒူးဝန်းမျှသော အပိုင်းအခြားဖြင့် ဂန္ဓကုဋိတိုက်တော်ကို ထက်ဝန်းကျင်ချခင်း၍ ပရိဝုဏ်ကို ပြည့်စေ၏။

ဤသို့ ဂန္ဓကုဋိတိုက်တော်ကို ပြီးစီးစေပြီး အပရာဇိတသူကြွယ်သည် နောင်တော်သေနထေရ်ထံ ချဉ်းကပ်၍- - အရှင်ဘုရား ဂန္ဓကုဋိတိုက်တော်ပြီးစီးပြည့်စုံပါပြီ၊ ဂန္ဓကုဋိတိုက်တော်ကို နေထိုင်သုံးစွဲခြင်းကို တပည့်တော်မျှော်လင့်တောင့်တပါသည်။ သုံးဆောင်ခြင်းဖြင့် ကြီးမားသော ကုသိုလ်ဖြစ်ပါသတဲ့ဟု လျှောက်ထားလေ၏။ နောင်တော်သေနထေရ်သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍- မြတ်စွာဘုရား အရှင်ဘုရားတို့၏ ဤသူကြွယ်အပရာဇိတသည် ဂန္ဓကုဋိတိုက်တော်ကို ဆောက်လုပ်အပ်ပါပြီ၊ ယခုအခါ သီတင်းသုံးခြင်းဖြင့် သုံးစွဲခြင်းကို မျှော်လင့်တောင့်တပါသည်ဘုရားဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် နေရာမှ ထတော်မူကာ ဂန္ဓကုဋိတိုက်တော်သို့ ရှေ့ရှုကြွတော်မူ၍ ဂန္ဓကုဋိတိုက်တော်ကို ဝန်းရံကာ ထက်ဝန်းကျင် ချခင်းထားအပ်သော ရတနာအစုကို ကြည့်တော်မူလျက် တံခါးမုခ်၌ ရပ်နေတော်မူသည်။ ထိုအခါ မြတ်စွာဘုရားကို သူကြွယ်သည်- မြတ်စွာဘုရား ကြွဝင်တော်မူပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် တံခါးမုခ်၌သာရပ်တော်မူ၍ သုံးကြိမ်မြောက်လျှောက်ထားလေသော် သူကြွယ်၏ နောင်တော် သေနထေရ်ကိုကြည့်တော်မူ၏။ သေနထေရ်သည် ကြည့်အပ်သော အခြင်းအရာဖြင့်သာ (ကြည့်တော်မူခြင်းဖြင့်သာ) သိတော်မူ၍ ညီဖြစ်သူ အပရာဇိတကို - ညီမောင်- - လာဦး၊ တပည့်တော်၏သာ စောင့်ရှောက်မှုဖြစ်ပါလိမ့်မည်၊ အရှင်ဘုရားတို့သည် ချမ်းသာသလို သီတင်းသုံးတော်မူကြပါဟု မြတ်စွာဘုရားကို လျှောက်ထားလေလော့ဟု မိန့်တော်မူ၏။

အပရာဇိတ- သူကြွယ်သည် သေနထေရ်၏စကားကို ကြားနာ၍ မြတ်စွာဘုရားကို ငါးမျိုးသော တည်ခြင်းဖြင့် ရှိခိုးပြီး- မြတ်စွာဘုရား လူတို့သည် သစ်ပင်ရင်း၌ ဝင်ရောက်နေပြီး ငဲ့ကွက်မှုမထား ထွက်ခွာသွားကြသကဲ့သို့လည်းကောင်း၊ မြစ်ကိုကူးမြောက်ပြီးသော် လှေကိုငဲ့ကွက်မှုမထား စွန့်ပစ်သွားကြသကဲ့သို့ လည်းကောင်း၊ ဤအတူ ငဲ့ကွက်မှုထားတော်မမူကြဘဲ၊ အရှင်ဘုရားတို့ သီတင်းသုံးနေတော်မူကြပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အဘယ်အကျိုးငှာ ဂန္ဓကုဋိတံခါးမုခ်၌ ရပ်နေတော်မူပါသနည်း။ (အမေး)

မြတ်စွာဘုရား၏ ဤအကြံအစည်တော်ဖြစ်သတတ်၊

ဘုရားရှင်တို့၏ အထံသို့ နံနက်ပိုင်းအချိန်၌လည်းကောင်း၊ ညနေပိုင်းအချိန်၌လည်းကောင်း၊ များစွာသော လူတို့လာကြသည်။ ထိုလူတို့သည် ရတနာတို့ကိုယူ၍ ကျောင်းဝင်းမှထွက်သွားကြသော် ငါတို့တားမြစ်ရန် မတတ်နိုင်၊

ပရိဝုဏ်အတွင်း၌ ရောပြွမ်းတည်ရှိနေကုန်သော ဤမျှသောရတနာတို့ကို ကိုယ်တော်၏ အလုပ်အကျွေးဖြစ်သူသည် ယူဆောင်သွားသော်လည်း မတားမြစ်ပါလားဟူ၍ (တားမြစ်ဖော်မရဟု) သူကြွယ်သည် ငါဘုရား၌ ရန်ငြိုးပြုခဲ့သော်- အပယ်လားသူ ဖြစ်လေရာ၏ဟူသော ဤအကြောင်းကြောင့် တံခါးမုခ်၌ ရပ်နေတော်မူပြီ။

သူကြွယ်သည် မြတ်စွာဘုရား တပည့်တော်၏သာ စောင့်ရှောက်မှုဖြစ်ပါလိမ့်မည်။ အရှင်ဘုရားတို့ သီတင်းသုံးတော်မူကြပါဟု လျှောက်ထားအပ်လေသော်- ဂန္ဓကုဋိတိုက်တော်တွင်းသို့ ဝင်တော်မူလေပြီ။

ကျောင်းဒါယကာ သူကြွယ်သည် ဂန္ဓကုဋိထက်ဝန်းကျင်၌ အစောင့်အရှောက်ကိုထား၍-

အမောင်တို့ ခါးပိုက်ဖြင့်သော်လည်းကောင်း၊ ခြင်းတောင်းလွယ်အိတ်တို့ဖြင့်သော်လည်းကောင်း၊ ရတနာတို့ကိုယူသွားသူတို့ကို တားမြစ်ကြ၊ လက်ဖြင့်ယူ၍သွားသူတို့ကို မတားမြစ်ကြနှင့်ဟု အမှာစကားပြောထား၏။

ဗန္ဓုမတီမြို့တွင်း၌လည်း- - တိုက်ဒါယကာဖြစ်သူ ကျွန်ုပ်သည် ဂန္ဓကုဋိတိုက်ပရိဝုဏ်၌ ရတနာခုနစ်ပါးတို့ကို ဖြန့်ကြဲထားအပ်ကုန်ပြီ။ (ဖြန့်ကြဲထားအပ်သော ခုနစ်မျိုးသော ရတနာတို့ ရှိနေပါကုန်ပြီ) မြတ်စွာဘုရားထံတော်၌ တရားနာပြီး ပြန်သွားသူလူဆင်းရဲတို့သည် လက်နှစ်ဖက်၌ ပြည့်အောင်ယူကြကုန်၊ ချမ်းသာသူတို့လည်း လက်တစ်ဖက်ဖြင့် ယူကြစေကုန်ဟု ပြောကြားထားစေ၏။

ကျောင်းဒါယကာဖြစ်သူ ထိုသူကြွယ်၏ ဤစိတ်အကြံအစည်ဖြစ်သတတ်။

သဒ္ဓါတရားရှိသူတို့သည် စောစောစီးစီး တရားနာလိုကြ၍သွားကြမည်သာ၊ သဒ္ဓါတရားမရှိသူတို့လည်း ဥစ္စာကိုလိုချင်မှုဖြင့် ကျောင်းသို့သွား၍ တရားနာကြသော် ဆင်းရဲမှုလွတ်ပေလိမ့်မည်။ ဤသို့ အကြံအစည် ဖြစ်သတတ်။ ထို့ကြောင့် လူတို့ကို ချီးမြှောက်ခြင်းငှာ မြို့တွင်း၌ ဤသို့ ပြောကြားစေခြင်းဖြစ်၏။

များစွာသောလူသည် ကျောင်းဒါယကာသူကြွယ်ပြောဆိုအပ်သည့်အတိုင်းသာ ရတနာတို့ကို ယူလေပြီ၊ တစ်ကြိမ်ဖြန့်ကြဲခင်းထားအပ်သော ရတနာတို့ကုန်သွားကုန်သော်- သုံးကြိမ်တိုင်အောင် ပုဆစ်ဒူးဝန်းမျှသော အပိုင်းအခြားဖြင့် ဖြန့်ကြဲခင်းထားစေသည်သာဖြစ်၏။

မြတ်စွာဘုရား၏ ခြေတော်ရင်း၌မူ သခွားသီးမျှရှိသော အဖိုးများစွာထိုက်သော ပတ္တမြားရတနာကို ထားလေ၏။

မြတ်စွာဘုရားကိုယ်တော်မှ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ရောင်ခြည်တော်နှင့်အတူ ပတ္တမြားအရောင်ကို ကြည့်သူတို့၏ အားရရောင့်ရဲခြင်းဖြစ်မည်မဟုတ်၊ ဤသည်ကား တိုက်ဒကာသူကြွယ်၏ အကြံအစည်ဖြစ်သည်၊ ထို့ကြောင့် ဤသို့ပြုထားပြီး များစွာသောလူသည်လည်း၊ မရောင့်ရဲနိုင်ဘဲသာ ကြည့်ရှုဖူးမြင်လေ၏။

ထိုသို့ထားပြီးနောက် တစ်ခုသောနေ့၌ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတစ်ယောက်သည်- - မြတ်စွာဘုရားခြေတော်ရင်း၌ အဖိုးများစွာထိုက်သော ပတ္တမြားရတနာကို ထားသတဲ့၊ ထိုပတ္တမြားကို ငါခိုးမည်ဟူသော အကြံဖြင့် ကျောင်းသို့သွား၍ မြတ်စွာဘုရားကို ဖူးမြင်လာသူများစွာ၏ အကြားဖြင့်ဝင်လေ၏။ သူကြွယ်သည် ထိုပုဏ္ဏား၏ဝင်သော အမူအရာဖြင့်ပင် ပတ္တမြားကိုယူလိုသူတည်းဟု မှတ်သားထားပြီး မယူပါမူ ကောင်းလေစွဟူသော စိတ်အကြံဖြစ်လေ၏။ ပုဏ္ဏားသည်လည်း မြတ်စွာဘုရားကို ဖူးလိုသကဲ့သို့ ခြေတော်ရင်း၌ လက်ကိုအနီးကပ်ညွတ်စေ၍ ပတ္တမြားကိုယူပြီး ခါးပိုက်၌ထား၍ ထွက်သွားလေ၏။

သူကြွယ်သည် ထိုပုဏ္ဏား၌စိတ်ကို ကြည်သာစေရန်မတတ်နိုင်၊ (စိတ်မကြည်နိုင်) သူကြွယ်သည် တရားဒေသနာတော်အဆုံး၌ မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျှောက်ထားလေ၏။

မြတ်စွာဘုရား တပည့်တော်သည် သုံးကြိမ်တိုင်အောင် ဂန္ဓကုဋိတိုက်တော်ကိုဝန်းရံ၍ ပုဆစ်ဒူးဂန်းမျှသော အပိုင်းအခြားဖြင့် ရတနာခုနစ်ပါးတို့ကို ကြဲဖြန့်ခင်းထားအပ်ပါကုန်ပြီ၊ ထိုရတနာတို့ကို ယူသူတို့၌

တပည့်တော်၏ အမျက်ဒေါသ အာဃာတမည်သည် မဖြစ်ဖူးပါ၊ စိတ်သည် အလွန့်အလွန်ကြည်လင်သည်သာဖြစ်ပါသည်။ ယနေ့မှာမူ ဤပုဏ္ဏားသည် ပတ္တမြားကိုမယူပါမူ ကောင်းလေစွဟု စိတ်ကူးထားပြီး ထိုပုဏ္ဏား ပတ္တမြားကို ယူ၍သွားလေသော် စိတ်ကိုကြည်လင်စေရန် မစွမ်းနိုင်ပါဘုရားဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် သူကြွယ်၏စကားကို ကြားတော်မူ၍ ဥပါသကာ မိမိပစ္စည်းကို သူတစ်ပါးတို့ မယူဆောင်အပ်သည်ကို (မယူနိုင်အောင်) ပြုခြင်းငှာ စွမ်းနိုင်သည်မဟုတ်လောဟု မိန့်တော်မူကာ မယူနိုင်အောင်ပြုနည်းကို ပေးတော်မူပြီ။

သူကြွယ်သည်မြတ်စွာဘုရားပေးတော်မူအပ်သော နည်း၌တည်၍ မြတ်စွာဘုရားကို ရှိခိုးပြီး-

ယနေ့ကိုအစပြု၍ တပည့်တော်၏ပစ္စည်းကို မိစ္ဆာချည်မျှင်မျှကိုသော်လည်း တပည့်တော်ကို လွှမ်းမိုးနှိပ်စက်၍ အရာမကများစွာလည်း ဖြစ်ကုန်သောမင်းတို့သည်လည်းကောင်း၊ ခိုးသူဓါးပြတို့သည်လည်းကောင်း၊ ယူခြင်းငှာ စွမ်းနိုင်သူများ မဖြစ်စေကုန်သတည်း။ မီးသည်သော်လည်း တပည့်တော်၏ ပစ္စည်းဥစ္စာကို မလောင်ကျွမ်းပါစေသတည်း၊ ရေသည်သော်လည်း မမျောနိုင်ပါစေသတည်းဟု ဆုတောင်းမှုကို ပြုလေပြီ။

မြတ်စွာဘုရားသည် သူကြွယ်အားတောင်းအပ်သောဆုအတိုင်း ဖြစ်စေသတည်းဟု အနုမောဒနာ ပြုတော်မူသည်။

သူကြွယ်သည် ဂန္ဓကုဋိပူဇော်ပွဲကိုပြုစဉ် ရဟန်းခြောက်သန်း ရှစ်သိန်းတို့အား ကျောင်းတွင်း၌သာ ကိုးလပတ်လုံး အလှူကြီးကိုပေးလှူ၍ အလှူပွဲ၏အဆုံး၌ ရဟန်းအားလုံးတို့အား တိစီဝရိတ် (သက်န်းသုံးထည်စီကို) ပေးလှူလေ၏။ သံဃနဝက (အငယ်ဆုံးသံဃာ)၏ သင်္ကန်းလျာအဝတ်သည် အဖိုး တစ်သိန်းထိုက်လေ၏။

ထိုသူကြွယ်သည် ဤသို့လျှင် အသက်ထက်ဆုံးကောင်းမှုတို့ကိုပြု၍ ထိုဘဝမှစုတေသော် နတ်ပြည်၌ဖြစ်၍ ဤမျှလောက်သောကာလပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ တပြောင်းပြန်ပြန်ကျင်လည်၍ ဤဂေါတမဘုရား ပွင့်တော်မူရာအချိန်၌ ရာဇဂြိုဟ်မြို့ဝယ် သူဌေးတစ်ဦးအိမ်၌ ပဋိသန္ဓေယူ၍ ကိုးလခွဲပတ်လုံး အမိဝမ်းတွင်း၌ နေလေသည်။ ထိုသူငယ်ဖွားမြင်ရာနေ့တွင် တစ်မြို့လုံး၌ရှိသော လက်နက်အားလုံးတို့သည် အရောင်တို့ဖြင့် တောက်ပကုန်၏။ လူအားလုံးတို့၏ ကိုယ်၌ဝတ်ဆင်ထားအပ်ကုန်သော ပုတီး,နားဋ္ဌောင်း, လက်ကောက်, ခြေကျင်း, ဘယက် အစရှိသော အဆင်တန်ဆာတို့သည်လည်း မီးအလျှံတို့ကဲ့သို့ အရောင်ကိုလွှတ်ကုန်၏။ ရာဇဂြိုဟ်မြို့သည် တစ်ခဲနက် အရောင်တလက် လက်တောက်ပြောင်နေလေ၏။ သူဌေးလည်း နံနက်စောစော အချိန်၌သာ မင်းအား ခစားရာအရပ်သို့ သွားလေ၏။ ထိုအခါ သူဌေးကိုမင်းသည်- ယနေ့လက်နက်အားလုံး အရောင်ထွက်ကုန်၏။ တစ်မြို့လုံးသည် တစ်ခဲနက်အရောင်ထွက်၏။ ဤသို့ဖြစ်ရာ၌ အကြောင်းကိုသိလောဟု မေး၏။

အရှင်မင်းကြီး သိပါ၏၊

အို- သူဌေး အဘယ်အကြောင်းနည်း၊

ကျွန်တော်မျိုး၏နေအိမ်၌ အရှင်မင်းကြီးတို့၏ ကျွန်ဖြစ်သူဖွားမြင်ပါသည်။ သူ၏ကောင်းမှုတန်ဖိုးကြောင့် တစ်ခဲနက်အရောင်တောက်ပြောင်ပါသည်။

အသို့နည်း၊ ခိုးသူဖြစ်မည်လော၊

အရှင်မင်းကြီး ခိုးသူဖြစ်နိုင်သောအကြောင်းမရှိပါ၊ ကောင်းမှုရှိသူ ဆုတောင်းပြုခဲ့သူသာဖြစ်ပါသည်။

ထိုသို့ဖြစ်လျှင် ထိုသူကို ကောင်းစွာမွေးမြူသင့်၏။ ဤအသပြာသည် ထိုသူ၏ နို့ဖိုးဖြစ်စေလော့ဟု ဆိုကာ နေ့စဉ်နေ့တိုင်း အသပြာတစ်ထောင်ကိုပေးလေ၏။ ထိုမှနောက် ထိုသူကို နာမည်မှည့်ရာနေ့၌ တစ်မြို့လုံး တစ်ပြိုင်နက် အရောင်တလက်လက် ပေါ်ထွက်သည်ဖြစ်သောကြောင့် ဇောတိကဟူ၍သာ အမည်ကိုမှည့်ကြကုန်၏။

ထိုမှနောက် ဇောတိက သတို့သား အရွယ်ရောက်လာချိန်၌ အိမ်ဆောက်ရန် မြေအပြင်ကို ရှင်းလင်းကြစဉ် သိကြားမင်း၏နေရာသည် ပူနွေးသောအခြင်းအရာကိုပြလေ၏။ သိကြားမင်းသည် ဤအခြင်းအရာသည် အဘယ်အကြောင်းရှိသနည်းဟု ဆင်ခြင်လတ်သော် ဇောတိက၏အိမ်နေရာကို ယူနေကြသည်ဟု မြင်သိ၍ ဇောတိကသည် ထိုသူတို့ဆောက်လုပ်အပ်သော အိမ်၌နေမည်မဟုတ်၊ ငါလည်းထိုအရပ်၌ သွားသင့်သည်ဟုကြံ၍ လက်သမားအသွင်ဖြင့် ထိုအရပ်၌သွား၍ ဘာကိုပြုကြသနည်းဟု ပြော၏။

ဇောတိက၏ အိမ်နေရာကိုယူကြပါသည်။

ရှောင်ရှားကြကုန်လော၊ ဇောတိကသည် သင်တို့ဆောက်လုပ်အပ်သော အိမ်၌နေမည်မဟုတ်ဟု ပြောဆိုပြီး တစ်ဆယ့်ခြောက်ပယ်မျှ ကျယ်ဝန်းသော မြေအရပ်ကိုကြည့်လေ၏။ ထိုအရပ်သည် ထိုကြည့်စဉ်ခဏ၌ပင် ကသိုဏ်းဝန်းကဲ့သို့ အညီအမျှဖြစ်လေ၏။

ထို့နောက်တစ်ဖန် ဤအရပ်၌ မြေကြီးကိုခွဲ၍ ရတနာခုနစ်ပါးဖြင့် ပြီးကုန်သော တံတိုင်းခုနစ်ထပ်တို့သည် ထွက်ပေါ်စေကုန်သတည်းဟု ကြံစည်၍ ကြည့်လေပြီ။ ရတနာခုနစ်ပါးဖြင့် ပြီးသောတံတိုင်းတို့သည် မြေမှ ထွက်ပေါ်ကုန်၏။ ထို့နောက် ထိုတံတိုင်းတို့၏ ထက်ဝန်းကျင်အဆုံး၌ ပဒေသာပင်တို့သည် ထွက်ပေါ် စေကုန်သတည်းဟု ကြံစည်၍ ကြည့်လေပြီ။ ကြံစည်အပ်သည့်အတိုင်း ပဒေသာပင်တို့သည် ထွက်ပေါ်ကုန်၏။ ပြာသာဒ်၏ ထောင့်လေးထောင့်တို့၌ ရွှေအိုးကြီးလေးလုံးတို့သည် ထွက်ပေါ်စေကုန်သတည်းဟု ကြံစည်၍ ကြည့်လေပြီ၊ အားလုံးကြံစည်တိုင်းဖြစ်လေ၏။

ရွှေအိုးကြီးလေးလုံးတို့တွင် တစ်လုံးသည်တစ်ယူဇနာရှိ၏၊ တစ်လုံးသည် သုံးဂါဝုတ်ရှိ၏၊ တစ်လုံးသည် ယူဇနာခွဲရှိ၏၊ တစ်လုံးသည် တစ်ဂါဝုတ်ပမာဏရှိ၏။

အထူးသော်ကား- ဘုရားအလောင်း၏ ဘုန်းကံကြောင့်ဖြစ်သော ရွှေအိုးတို့၏ မျက်နှာဝတစ်ခုပမာဏရှိလေ၏။ အောက်အဖို့၌ မြေကြီးအဆုံးရှိကုန်သည်သာ ဖြစ်ကုန်၏။ ဇောတိက၏ ဘုန်းကံကြောင့်ဖြစ်သော ရွှေအိုးတို့၏ မျက်နှာဝပမာဏကို အဋ္ဌကထာတို့၌ မပြောဆိုအပ်၊ အားလုံးသော ရွှေအိုးတို့သည် ဖြတ်ထားအပ်သော မျက်နှာဝရှိသော ထန်းသီးကဲ့သို့ ရွှေဖြင့် ပြည့်ကုန်သည်ဖြစ်၍သာ ထွက်ပေါ်ကုန်၏။ ပြာသာဒ်၏ ထောင့်လေးထောင့်တို့၌ နုပျိုသောထန်းပင်တို့၏ ပမာဏရှိကုန်သော

ရွှေကြာပင်လေးပင်တို့ ဖြစ်ပေါ်နေကုန်၏။ ထိုကြာပင်တို့၏ အရွက်တို့သည် ပတ္တမြားဖြင့် ပြီးကုန်၏၊ ပင်စည်တို့သည် ရွှေဖြင့် ပြီးကုန်၏၊ ထိုကြာပင်တို့သည် ရှေးကုသိုလ်ကံကို ဖော်ပြခြင်းအကျိုးငှာ ဖြစ်ပေါ်ကုန်သတတ်။

တံခါးမုခ်ခုနစ်ခုတို့၌ ဘီလူးခုနစ်ကောင်တို့သည် အစောင့်အရှောက်ကို ယူကြကုန်၏။

ပထမ တံခါးမုခ်၌ ယမကောဠိအမည်ရှိသော ဘီလူးသည် သူ၏အခြံအရံ ဘီလူးတစ်ထောင်နှင့် အတူ အစောင့်အရှောက်ကို ယူလေ၏။

ဒုတိယ တံခါးမုခ်၌ ဥပ္ပလ အမည်ရှိသောဘီလူးသည် သူ၏အခြံအရံ ဘီလူးနှစ်ထောင်တို့နှင့် အတူ အစောင့်အရှောက်ကိုယူ၏။

တတိယ တံခါးမုခ်၌ ဝဇိရ အမည်ရှိသောဘီလူးသည် သူ၏အခြံအရံ ဘီလူးသုံးထောင်တို့နှင့် အတူ အစောင့်အရှောက်ကိုယူ၏။

စတုတ္ထ တံခါးမုခ်၌ ဝဇိရဗာဟု အမည်ရှိသောဘီလူးသည် သူ၏အခြံအရံ ဘီလူးလေးထောင် တို့နှင့်အတူ အစောင့်အရှောက်ကိုယူ၏။

ပဉ္စမ တံခါးမုခ်၌ သတကန္ဒ အမည်ရှိသောဘီလူးသည် သူ၏အခြံအရံ ဘီလူးငါးထောင်တို့နှင့် အတူ အစောင့်အရှောက်ကို ယူ၏။

ခြောက်ခုမြောက် တံခါးမုခ်၌ ကဋတ္ထ အမည်ရှိသောဘီလူးသည် သူ၏အခြံအရံ ဘီလူးခြောက် ထောင် တို့နှင့်အတူ အစောင့်အရှောက်ကိုယူ၏။

ခုနစ်မြောက် တံခါး၌ ဒိသာမုခ အမည်ရှိသောဘီလူးသည် သူ၏အခြံအရံ ဘီလူးခုနစ်ထောင် တို့နှင့်အတူ အစောင့်အရှောက်ကိုယူ၏။

ဤသို့လျှင် ပြာသာဒ်၏အတွင်း၌လည်းကောင်း၊ အပြင်၌လည်းကောင်း အစောင့်အရှောက် စွဲမြဲစွာ ဖြစ်လေ၏။

ဇောတိက၏ ရတနာခုနစ်ပါးဖြင့်ပြီးသော ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ် မြေမှထွက်ပေါ်သတဲ့။ တံတိုင်းခုနစ်ထပ် တံခါးမုခ်ခုနစ်ခု ရွှေအိုးကြီးလေးလုံးတို့ မြေမှထွက်ပေါ်သတဲ့ဟု ကြား၍ ဗိမ္ဗိသာရမင်း သည် သူဌေးအဆောင်အယောင်ထီးကို ပို့လိုက်ပြီ၊ ထိုသူသည် ဇောတိက သူဌေးမည်လေ၏။

ဇောတိက သူဌေးနှင့်အတူ ကုသိုလ်ကောင်းမှုပြုခဲ့သူ အမျိုးသမီးသည် မြောက်ကျွန်း၌ဖြစ်နေ၏။ ထိုအခါ ထိုအမျိုးသမီးကို နတ်တို့သည် မြောက်ကျွန်းမှခေါ်ဆောင်၍ ကျက်သရေရှိသော တိုက်ခန်း၌ နေစေကုန်၏။ ထိုအမျိုးသမီး သူဌေးကတော်သည် မြောက်ကျွန်းမှ လာခဲ့သော် ဆန်တစ်ကွမ်းစားနှင့် ဇောတိပါသာဏ အမည်ရှိသော ပတ္တမြားကျောက်သုံးလုံးတို့ကို ယူခဲ့သည်။ ထိုသူဌေးနှင့် သူဌေး ကတော်တို့၏ အသက်ထက်ဆုံး ထိုဆန်တစ်ကွမ်းစား၏သာ ထမင်းအတွက်ဖြစ်လေ၏။ ထိုသူဌေးနှင့် သူဌေးကတော်တို့သည် အကယ်၍ လှည်းအစီးတစ်ရာကိုသော်လည်း ဆန်တို့ဖြင့် ပြည့်စေလိုကုန် သည်ဖြစ်အံ့၊ ထိုဆန်တစ်ကွမ်းစားသည် တစ်ကွမ်းစားသာ ဖြစ်၍တည်နေ၏။ ထမင်းချက်ရာအခါ၌ ဆန်တို့ကို ထမင်းအိုး၌ထည့်ပြီး ထိုဇောတိပါသာဏ ပတ္တမြားကျောက်တို့၏ အထက်၌ထားလေ၏။ ကျောက်တို့သည် ထားရာခဏ၌သာ အလျှံတောက်ကုန်၍ ထမင်းကျက်ခါမျှဖြစ်သော် ငြိမ်းသွားကုန်၏။

ပြီးသွားသော ထိုအမှတ်သညာဖြင့်သာ ထမင်းကျက်ပြီဖြစ်ကြောင်း သိကြသည်။ ဟင်းလျာ စသည်ချက်ရာအခါ၌လည်း ဤနည်းသာတည်း။

ဤသို့လျှင် ထိုသူဌေးဇနီးမောင်နှံတို့သည် ဇောတိပါသာဏ ကျောက်တို့ဖြင့် အာဟာရကို ချက်အပ်၏။ ပတ္တမြားအရောင်ဖြင့်သာ နေကြသည်။ ပကတိ မီး၏လည်းကောင်း၊ (ထင်းမီး၏လည်းကောင်း) ဆီမီး၏လည်းကောင်း အရောင်အလင်းကို မသိသူတို့သာ ဖြစ်ကုန်၏။

ဇောတိက၏ စည်းစိမ်သည် ဤသို့သဘော ရှိသတတ်ဟု ဇမ္ဗူဒိပ်တစ်ခုလုံး၌ ကျော်ကြားလေ၏။ များစွာသော လူသည် လှည်းယာဉ်စသည်တို့ကို မောင်းနှင်၍ ကြည့်ရှုရန်လာခဲ့၏။

ဇောတိကသူဌေးသည် လာတိုင်းလာတိုင်းသောလူတို့၏ မြောက်ကျွန်းမှ ဆန်တို့၏ထမင်းကို ချက်စေ၍ ပေးစေပြီ၊ ပဒေသာပင်တို့မှ အဝတ်တို့ကို ယူကြကုန်လော့၊ တန်ဆာတို့ကို ယူကြကုန်လော့ဟု ခိုင်းစေ၏။ တစ်ဂါဝုတ်ရှိသောရွှေအိုး၏ မျက်နှာကိုဖွင့်စေ၍ မျှတရုံမျှဖြစ်သောဥစ္စာကို ယူကြကုန်လောဟု ခိုင်းစေ၏။

ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ နေကြသူတို့ ဥစ္စာကိုယူ၍သွားကြလေသော်- ရွှေအိုး၏ လက်တသစ်မျှသော်လည်း ယုတ်လျော့နေသည် မဖြစ်ပါချေ။ ဤသို့ ဖြစ်ရခြင်းသည် ဇောတိက၏-

ဂန္ဓကုဋိ ပရိဝုဏ်၌ သဲအဖြစ်ပြု၍ ဖြန့်ကြခင်းထားအပ်သော ရတနာတို့၏ အကျိုးဆက်ဖြစ်သတတ်။

ဤသို့လျှင် များစွာသောလူသည် အဝတ်အဆင်တန်ဆာတို့ကိုလည်းကောင်း၊ ကျောက်မျက်ရတနာ ဥစ္စာကိုလည်းကောင်း၊ အလိုရှိသလောက်ယူ၍သွားလေသော်- ဗိမ္ဗိသာရမင်းသည် ဇောတိကသူဌေး၏ ပြာသာဒ်ကို ကြည့်ရှုလိုသော်လည်း များစွာသောလူလာလေသော် ကြည့်ရှုခွင့်ကို မရနိုင်လေပြီ၊ နောက်အဖို့ဖြစ်သောအချိန်၌ အဝတ်အဆင်တန်ဆာ အလိုရှိသလောက်ယူ၍ သွားပြီးဖြစ်သောကြောင့် သွားမည့်လူတို့ နည်းပါးလေကုန်သော်- ဗိမ္ဗိသာရမင်းသည် ဇောတိကသူဌေး၏ ဖခင်ကို- - သင့်သား၏ ပြာသာဒ်ကိုငါတို့ ကြည့်လိုကြသည်ဟု ပြော၏။ ဇောတိက၏ ဖခင်သည် အရှင်မင်းကြီး ကောင်းပါပြီဟု ပြောဆိုကာသွား၍ သားဇောတိကအား- - ချစ်သား ဗိမ္ဗိသာရမင်းသည် သင့်ပြာသာဒ်ကို ကြည့်လိုသတဲ့ဟု ပြောလေ၏။

ဖခင်၊ ကောင်းပါ၏၊ ကြည့်ရှုရန် ကြွလာပါစေ- ဟု ပြန်ပြော၏။

ဗိမ္ဗိသာရမင်းသည် များစွာသောအခြံအရံဖြင့် ထိုအရပ်၌သွားလေ၏။ ရှေးဦးစွာသောတံခါးမုခ်၌ တံမြက်လှည်း၍ အမှိုက်စွန့်ပစ်သူ ကျွန်မသည် ဗိမ္ဗိသာရမင်းအား သူ၏လက်ကိုဆန့်ပေးလေ၏။ ဗိမ္ဗိသာရမင်းသည် သူဌေးကတော်ဟူသောအမှတ်ဖြင့် ရှက်နိုးရကား ထိုကျွန်မ၏ လက်မောင်း၌ သူ၏လက်ကို မထားရဲပါလေ။

ဤအတူ ကျန်တံခါးမုခ်တို့၌လည်း ကျွန်မတို့ကို သူဌေးကတော်တွေဟု မှတ်ထင်လျက် ထိုကျွန်မတို့၏ လက်မောင်း၌ သူ၏လက်ကိုထားမပေးပါလေ။

ဇောတိကသူဌေးသည် လာ၍ မင်းကြီးကို ခရီးဦးကြိုဆိုရှိခိုးကာ နောက်မှနေပြီး- အရှင်မင်းမြတ် ရှေ့မှ ကြွတော်မူပါဟု ပြော၏၊ ပတ္တမြားကျောက်ခင်းထားသော မြေကြီးသည် ဗိမ္ဗိသာရမင်းအား

အသူတစ်ရာနက်သော ချောက်ကဲ့သို့ဖြစ်၍ တည်ရှိလေပြီ။ ဗိမ္ဗိသာရမင်းသည် ဤဇောတိကသည် ငါ့ကိုဖမ်းယူရန် တွင်းတူးထားအပ်သည် ဟု ထင်မှတ်သည်ဖြစ်၍ ခြေကိုချရန်မရဲလေပြီ။

ဇောတိကသူဌေးသည် အရှင်မင်းကြီး ဤနေရာသည် တွင်းမဟုတ်ပါ။ ကျွန်တော်မျိုး၏ နောက်မှ ကြွတော်မူပါဟု ပြော၍ မင်းကြီး၏ရှေ့မှ သွားလေ၏။ ဗိမ္ဗိသာရမင်းသည် ဇောတိကသူဌေး ခြေနင်းသွားရာအခါ၌ မြေကြီးကိုနင်း၍ အောက်အပြင်မှစ၍ ပြာသာဒ်ကိုကြည့်လျက် လှည့်လည်သွားလေ၏။

ထိုအခါ အဇာတသတ်မင်းသားလည်း ခမည်းတော် ဗိမ္ဗိသာရမင်း၏လက်ညှိုးကိုကိုင်၍ လှည့်လည်နေစဉ် ဤသို့ အကြံဖြစ်လေ၏။

ငါ၏ခမည်းတော်သည် အံ့ဩလောက်အောင် မိုက်ကန်းပါပေ၏၊ သူကြွယ်ဖြစ်သူသည် ရတနာ ခုနစ်ပါးဖြင့် ပြီးသော ပြာသာဒ်၌နေစဉ် ဤခမည်းတော်သည် မင်းဖြစ်ပါလျက် သစ်သားနန်းတော်၌ နေရ၏။ ငါသည် ယခုအချိန်မင်းဖြစ်ခဲ့သော် ဤဇောတိကအား ဤပြာသာဒ်၌ နေခွင့်ပေးမည်မဟုတ်ဟု အကြံဖြစ်လေ၏။

ဗိမ္ဗိသာရမင်း၏လည်း ပြာသာဒ်၏ အထက်အပြင်တို့ကို တက်ကြည့်နေစဉ်မှာပင် နံနက်စာ ပွဲတော်တည်ချိန် ဖြစ်လာလေ၏။

ဗိမ္ဗိသာရမင်းသည် ဇောတိကသူဌေးကိုခေါ်၍- - သူဌေးကြီး ဤပြာသာဒ်၌သာ နံနက်စာ ပွဲတော်တည်ကြမည်ဟု ပြော၏။

အရှင်မင်းကြီး ကျွန်တော်မျိုးသိပါ၏၊ အရှင်မင်းကြီးအတွက် အာဟာရကို စီစဉ်ပြီးပါပြီဟု ပြော၏။

ဗိမ္ဗိသာရမင်းသည် နံ့သာရေအိုးတစ်ဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုး၍ ရတနာတို့ဖြင့်ပြီးသော သူဌေး၏နေရာ မဏ္ဍပ်၌ ခင်းထားအပ်သော ထိုသူဌေး၏သာ ထိုင်စရာပလ္လင်၌ ထိုင်နေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းအား လက်ဆေးရေကိုပေး၍ အဖိုးတစ်သိန်းထိုက်သော ရွှေခွက်၌ ပျော့ပျော့ရှိသော နို့ယနာကိုထည့်၍ ရှေ့၌ချထားကုန်၏။ ဗိမ္ဗိသာရမင်းသည် စားဖွယ်ဘောဇဉ်ဟူသော အမှတ်ဖြင့် စားတော်ခေါ်ရန် အားထုတ်လေပြီ။ (စားတော်ခေါ်မည်ပြုလေပြီ) သူဌေးသည်- အရှင်မင်းကြီး ဤအရာသည် စားဖွယ်ဘောဇဉ် မဟုတ်ပါ၊ ပျော့ပျော့ရှိသော နို့ယနာ ဖြစ်ပါ၏ဟု တင်လျှောက်ပြီး အခြားသောရွှေခွက်၌ စားဖွယ်ဘောဇဉ်ကို ထည့်၍ ရှေ့ဖြစ်သောရွှေခွက်၌ ထားကြကုန်၏။ ထိုရွှေခွက်မှ တက်လာသောအငွေ့ဖြင့် ထိုစားဖွယ်ဘောဇဉ်ကို စားခြင်းငှာ ချမ်းသာစွာဖြစ်သတတ်၊ ဗိမ္ဗိသာရမင်းကြီးသည် ချိုမြိန်ကောင်းမွန်သော ဘောဇဉ်ကိုစားလျက် အတိုင်းအတာကိုမသိဖြစ်နေ၏။ ထိုအခါ မင်းကြီးကို သူဌေးသည် ရှိခိုး၍ လက်အုပ်ချီပြီး အရှင်မင်းကြီး တော်လောက်ပါပြီ၊ ရပ်တော်မူပါ၊ ဤမျှကိုသာစားတော်ခေါ်သည် ဖြစ်ပါသည်။ ဤမျှထက်အလွန်စားသော် အစာကို ကျေစေရန် တတ်နိုင်မည်မဟုတ်ပါဟု တင်လျှောက်၏။

ထိုအခါ ဇောတိကသူဌေးကို ဗိမ္ဗိသာရမင်းသည် အို- သူကြွယ်၊ အဘယ်ကြောင့် သင်၏ ထမင်းကို အလေးအမြတ်ပြု၍ ပြောရသနည်းဟု မေး၏။

အရှင်မင်းကြီး အလေးအမြတ်ပြုခြင်းမရှိပါ၊ မှန်ပါသည်၊ အရှင်မင်းကြီးတို့၏ ဗိုလ်ပါ ပရိသတ် အားလုံးအတွက်လည်း ဤထမင်းသည်သာ ထမင်းဖြစ်ပါ၏။ ဤဟင်းသည်သာ ဟင်းဖြစ်ပါ၏။

စင်စစ်သော်ကား ကျွန်တော်မျိုးသည် ကျော်ဇောမဲ့ဖြစ်မည်မှ ကြောက်ပါ၏။

အဘယ်အကြောင်းကြောင့်နည်း၊

အကယ်၍ အရှင်မင်းကြီးအား ကိုယ်၌ထိုင်းမှိုင်းလေးလံခြင်းမျှဖြစ်ခဲ့သော် မင်းကြီးသည် မနေ့က ဇောတိက သူဌေးအိမ်၌ စားတော်ခေါ် ခဲ့၏၊ ဇောတိကသူဌေးသည် တစ်စုံတစ်ခုပြုလိမ့်မည်ဖြစ်၏ဟု ပြောဆိုခြင်းမှ ကျွန်တော်မျိုးကြောက်ပါသည်အရှင်မင်းကြီး။

ထိုသို့ကြောက်သည်ဖြစ်လျှင် စားတော်ပွဲကိုဖယ်လိုက်တော့၊ ရေကိုယူခဲ့ဟု မိန့်လေ၏။ ဗိမ္ဗိသာရ မင်းကြီး၏ စားတော်ခေါ်ခြင်းကိစ္စ ပြီးဆုံးလေသော်- မင်း၏အခြံအရံအားလုံးသည် မင်းကြီးသုံးဆောင်သော ထမင်းနှင့်အတူဖြစ်သော ထမင်းကိုသာ သုံးဆောင်လေပြီ။

ဗိမ္ဗိသာရမင်းကြီးသည် ချမ်းသာကြောင်းဖြစ်သော စကားဖြင့် နေထိုင်ကာ သူဌေးကိုခေါ်၍ ဤအိမ်၌ သူဌေးကတော် မရှိသလောဟု မေး၏။

အရှင်မင်းကြီး ရှိပါသည်။

သူဌေးကတော် အဘယ်မှာနည်း။

အရှင်မင်းကြီး ကျက်သရေရှိသော တိုက်ခန်း၌နေပါသည်။ အရှင်မင်းကြီး ကြွလာကြောင်းကို သိသူမဟုတ်ပါဟု တင်လျှောက်၏။

မှန်ပေသည်။ နံနက်စောစောကပင် ဗိမ္ဗိသာရမင်းကြီးသည် အခြံအရံနှင့်အတူ လာခဲ့သော်လည်း သူဌေးကတော်သည် မင်းကြီးလာကြောင်းကို မသိသူသာဖြစ်၏။ ထို့ကြောင့် ဇောတိကသူဌေးသည် မင်းကြီးသည် ငါ၏ဇနီးကိုကြည့်လိုသည်ဟု သိပြီး ဇနီးထံသွား၍

မင်းကြီးရောက်နေသည်၊ သင့်အဖို့ မင်းကြီးကို ဖူးမြင်ရန်မသင့်သလောဟု ပြော၏။

သူဌေးကတော်သည် အိပ်လျက်သာ - အို အိမ့်ရှင် ဤမင်းမည်သူသည် ဘယ်သူပါနည်းဟု ပြောလေသော်- ငါတို့၏အစိုးရသူသည် မင်းမည်၏ဟု ပြောဆိုအပ်သော်- နှလုံးမသာယာမှုကို ခံစားလျက် အစိုးရသူရှိသော ငါတို့သည် ကောင်းမှုကံတို့ကို မကောင်းသဖြင့် ပြုအပ်ကုန်စွတကား၊ ငါတို့သည် သဒ္ဓါတရားမရှိသဖြင့် ကောင်းမှုကံတို့ကို ပြုခဲ့သောကြောင့် စည်းစိမ်ချမ်းသာသူအဖြစ် ရောက်ခဲ့သော်လည်း တစ်ခြားသူ၏ အုပ်စိုးရာ အရပ်၌ ဖြစ်ကြရကုန်ပြီ၊ မချွတ်ဧကန် ငါတို့သည် မယုံကြည်ကြဘဲ လှူဖွယ်ဝတ္ထုကို ပေးလှူအပ်ပြီဖြစ်လိမ့်မည်၊ ယခု ဤသို့ ကြုံရခြင်းသည် ထိုသို့သောကောင်းမှုကံ၏ အကျိုးတည်းဟုပြောဆိုကာ- အို အိမ်ရှင် ယခုကျွန်မ ဘာလုပ်ရမည်နည်းဟု ပြော၏။

ထန်းရွက်ရပ်ဝန်းကိုယူ၍ မင်းကြီးထံလာပြီး မင်းကြီးကိုယက်ခတ်ပေးပါဟု ပြော၏။ သူဌေးကတော်သည် ထန်းရွက်ရပ်ဝန်းကိုယူ၍ မင်းကြီးထံလာပြီး မင်းကြီးကိုယက်ခတ်ပေးနေစဉ် မင်းကြီး၏ ခေါင်းပေါင်းမှ အနံ့ကို ဆောင်သောလေသည် မျက်စိတို့ကို တိုးဝှေ့မိလေ၏။ ထိုအခါ သူဌေးကတော်၏ မျက်လုံးမှ မျက်ရည်တို့သည် စီးကျကုန်၏၊ မင်းကြီးသည် မျက်ရည်စီးကျနေသော သူဌေးကတော်ကိုမြင်၍-

အိုသူဌေးကြီး မာတုဂါမဟူသည် အသိဉာဏ်နည်းပါးသူဖြစ်၏။ မင်းကြီးသည် ငါ့အရှင်သခင်၏ စည်းစိမ်ကို သိမ်းယူလေရာ၏ဟု သိမ်းယူမည့်ဘေးမှ ကြောက်သဖြင့် ငိုနေသည်ထင်၏။ သူဌေးကတော် ကို သက်သာရာ ရပါစေလော့ (နှစ်သိမ့်လိုက်ပါ) သင်၏စည်းစိမ်ဖြင့် ငါမင်းအား အလိုမရှိဟု

ဇောတိကသူဌေးကို မိန့်ဆိုလေ၏။

အရှင်မင်းကြီး ဤသူဌေးကတော်သည် ငိုနေသည်မဟုတ်၊

ငိုနေသူမဟုတ်လျှင် အဘယ်ကြောင့် မျက်ရည်ထွက်နေသနည်း။

အရှင်မင်းကြီးတို့၏ ဦးရစ်ခေါင်းပေါင်းအနံ့ကြောင့် သူဌေးကတော်၏ မျက်ရည်တို့ ပေါ်ထွက်ပါကုန်ပြီ၊

မှန်ပါသည်၊ ဤသူဌေးကတော်သည် ဆီမီးအရောင်ကိုလည်းကောင်း၊ ပကတိ မီးအရောင်ကိုလည်းကောင်း၊ မမြင်မကြည့်ရဘဲ ပတ္တမြားအရောင်ဖြင့်သာ စားလည်းစားပါ၏၊ ထိုင်လည်းထိုင်ပါ၏၊ အိပ်လည်းအိပ်ပါ၏၊ အရှင်မင်းကြီးသည်ကား- ဆီမီးအရောင်ဖြင့် နေသူဖြစ်ပါလိမ့်မည်။

သူဌေးကြီး သင်ပြောသည့်စကား မှန်ပေသည်၊

အရှင်မင်းကြီး ဆီမီးရောင်ဖြင့် မြင်ရသူဖြစ်လျှင် ယနေ့မှစ၍ ပတ္တမြားအရောင်ဖြင့် နေတော်မူပါဟု ပြောဆိုကာ ဇောတိကသူဌေးသည် ကြီးစွာသောသခွားသီးလောက်ရှိသော အဖိုးများစွာထိုက်သော ပတ္တမြားရတနာကို ဆက်သလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် ဇောတိကသူဌေးကို ကြည့်ရှုပြီး- - ဇောတိကသူဌေး၏ စည်းစိမ်သည် ကြီးကျယ်ပါပေစွဟု ပြောဆိုကာ နန်းတော်သို့ ပြန်ကြွသွားလေပြီ။

ဤသည်ကား- ရှေးဦးစွာ ဇောတိကသူဌေး၏ ဖြစ်လာပုံအကြောင်းတည်း။

ယခုအခါ ဇဋိလသူဌေး၏ ဖြစ်ပေါ်လာပုံအကြောင်းကို သိထိုက်၏။

ဗာရာဏသီပြည်၌ သူဌေးသမီးတစ်ယောက်သည် ရုပ်ရည်အဆင်းလှပ တင့်တယ်ချောမောသူဖြစ်၏။ သူ့ကို ၁၅-နှစ်၊ ၁၆-နှစ်အရွယ်၌ စောင့်ရှောက်ရန် ကျွန်မတစ်ယောက်ကိုပေးထားပြီး ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အပေါ်ဆုံးအထပ် ကျက်သရေတိုက်ခန်း၌ နေစေကြသည်။

တစ်နေ့သ၌ လေသာပြတင်းကိုဖွင့်၍ ပြင်ပသို့ကြည့်နေသော ထိုသူဌေးသမီးကို ကောင်းကင်ဖြင့်သွားနေသော ဝိဇ္ဇာဓိုရ်တစ်ဦးသည်မြင်၍ ချစ်ခင်နှစ်သက်ခြင်းဖြစ်ပေါ်လာပြီး လေသာပြတင်းပေါက်ဖြင့်ဝင်၍ သူဌေးသမီးနှင့်အတူ ပေါင်းဖော်မှုကိုပြုလေ၏။ သူဌေးသမီးသည် ဝိဇ္ဇာဓိုရ်နှင့် သံဝါသကိုအစွဲပြု၍ မကြာမီပင် ကိုယ်ဝန်ရလေ၏။ ထိုအခါ ကျွန်မသည် သူဌေးသမီးကိုမြင်၍- - သခင်မ ဤနေရာသည် အဘယ်နည်းဟု (ဒါကဘာလဲဟု) ပြောဆိုသော်- ဖြစ်စေတော့ မည်သူ့အားမျှ မပြောနှင့်ဟု သူဌေးသမီးက ပြောထားသည်ဖြစ်၍ ကြောက်ရသူဖြစ်သဖြင့် တိတ်တိတ်နေလေ၏။

သူဌေးသမီးသည် ဆယ်လလွန်သောအခါ သားကိုဖွားမြင်၍ အိုးသစ်တစ်လုံးကိုယူစေပြီး အိုးသစ်၌ သူငယ်ကိုသိပ်ထားကာ အိုးကိုပိတ်၍ အိုးပေါ်၌ ပန်းကုံးတို့ကိုတင်ထားပြီး ဤအိုးကို ဦးခေါင်းဖြင့်ရွက်၍ ဂင်္ဂါမြစ်၌ မျှောပစ်ချေတော့၊ ဤသည်ကား အဘယ်နည်းဟုလည်း (ဒါကဘာလဲဟု) မေးအပ်သော်- ကျွန်မ၏ သခင်မ၏ ပူဇော်မှုပါဟု ပြောဆိုလေဟု မှာထားပြီး ကျွန်မကို ခိုင်းစေလေ၏၊ ကျွန်မသည် သူဌေးသမီးပြောသည့်အတိုင်း ပြုလေပြီ။

ဂင်္ဂါမြစ်၏ အောက်ပိုင်းဖြစ်သောအရပ်၌လည်း မိန်းမနှစ်ယောက်ရေချိုးနေစဉ် ရေသည်ဆောင်ယူ

အပ်သော (ရေ၌မျောလာသော) ထိုအိုးကိုမြင်၍ မိန်းမတစ်ယောက်သည် ထိုအိုးသည် ငါ့အိုးဟုပြော၏။ မိန်းမတစ်ယောက်သည် အိုးအတွင်း၌ပါရှိသော ပစ္စည်းသည် ငါ့ဥစ္စာဟုပြော၍ အနီးသို့ အိုးရောက်လာသော် ထိုအိုးကို ယူ၍ ကုန်းပေါ်၌ထား၍ဖွင့်လိုက်သော် သူငယ်ကိုမြင်၍ မိန်းမတစ်ယောက်သည် ငါ့အိုးဟု ပြောခဲ့သည့်အတွက် သူငယ်သည် ငါ၏သာဥစ္စာဖြစ်သည်ဟု ပြော၏။

မိန်းမတစ်ယောက်သည် အိုးအတွင်းရှိပစ္စည်းသည် ငါ၏သာ ဥစ္စာဖြစ်စေဟု ပြောခဲ့သည့်အတွက် သူငယ်သည် ငါ၏ဥစ္စာဖြစ်သည်ဟု ပြော၏။

ထိုမိန်းမတို့သည် ငြင်းခုံကြကာ တရားရေး႒ာနသို့သွား၍ ထိုအကြောင်းကို ပြောဆိုကြသော် အမတ်ကြီးတို့သည် ဆုံးဖြတ်ရန်မတတ်နိုင်ကြလေသော် မင်း၏အထံသို့ သွားကြကုန်၏။ မင်းသည် ထိုမိန်းမတို့၏ စကားကိုနားထောင်၍- - သင်သည် သူငယ်ကိုယူစေ၊ သင်သည် အိုးကိုယူစေဟု မိန့်လေ၏။

သူငယ်ကိုရသောအမျိုးသမီးသည် မဟာကစ္စာနထေရ်၏ အလုပ်အကျွေးဖြစ်သည်။ ထို့ကြောင့် ထိုအမျိုးသမီးသည် ဤသူငယ်ကို မဟာကစ္စာနထေရ်ထံ၌ ရှင်သာမဏေပြုစေမည်ဟူသော အကြံဖြင့် သူငယ်ကိုကျွေးမွေးစောင့်ရှောက်လေ၏။

ထိုသူငယ်၏ ဖွားမြင်ရာနေ့၌ ကိုယ်ဝန်အညစ်အကြေးကို ရေဆေး၍ ဖယ်ရှားသုတ်သင်အပ်သဖြင့် ဆံပင်တို့သည်တွန့်လိပ်ကုန်သည်ဖြစ်၍ တည်နေကုန်၏။ ထို့ကြောင့် ထိုသူငယ်၏အမည်ကို ဇဋိလ-ဟူ၍သာ မှည့်ခေါ်ကြကုန်၏။

ထိုသူငယ်၏ခြေဖြင့်သွားလာနိုင်ရန် အချိန်၌ မဟာကစ္စာနထေရ်သည် ထိုအိမ်သို့ ဆွမ်းခံဝင်လေ၏။

ဥပါသိကာမသည် မဟာကစ္စာနထေရ်ကို ထိုင်စေ၍ အာဟာရကို ကပ်လှူလေ၏။

မဟာကစ္စာနထေရ်သည် သူငယ်ကိုမြင်၍ အို ဥပါသိကာ အသို့နည်း။ (ဘယ်လိုလဲ) သူငယ်ကို ရအပ် သလောဟု မေး၏။

အရှင်ဘုရား ရအပ်သည်မှန်ပါ၏။ တပည့်မတော်သည် ဤသူငယ်ကို အရှင်ဘုရားတို့ထံ၌ ရှင်သာမဏေပြုစေမည်ဟု ရည်ရွယ်၍ ကျွေးမွေးပြုစုခဲ့ပါပြီ။ သူငယ်ကို ရှင်သာမဏေပြုပေးတော်မူပါဟု အပ်နှံလေ၏။ မဟာကစ္စာနထေရ်သည် ကောင်းပြီဟု သူငယ်ကိုခေါ်၍ ကြွသွားလေသော်-

ဤသူငယ်၏ လူဘဝစည်းစိမ်ကို ခံစားရန်ကောင်းမှုကံ ရှိလေသလောဟု အဘိညာဏ်ဖြင့် ကြည့်ရှုလတ်သော် ဘုန်းကြီးသောသတ္တဝါဖြစ်သည်။ ကြီးကျယ်သော လူစည်းစိမ်ကို ခံစားလိမ့်မည်။ ဤသတ္တဝါသည် ငယ်သေးသည်၊ သူ၏အဘိညာဏ်သည်လည်း မရင့်ကျက်သေးဟု သိတော်မူသဖြင့် သူငယ်ကိုခေါ်၍ တက္ကသိုလ်ပြည်၌ အလုပ်အကျွေးတစ်ဦး၏ အိမ်သို့ ကြွသွားလေ၏။

အလုပ်အကျွေးဒါယကာသည် မဟာကစ္စာနထေရ်ကိုရှိခိုး၍ရပ်လျက် ထိုသူငယ်ကိုမြင်လျှင်-

အရှင်ဘုရား- အရှင်ဘုရားတို့သည် သူငယ်ကို ရအပ်ပါသလောဟု မေးလျှောက်၏။

ဥပါသကာ ရအပ်သည်မှန်၏၊ ရှင်သာမဏေပြုလိမ့်မည်။ ငယ်သေးသည် သင့်ထံ၌သာ ဖြစ်စေလောဟု မိန့်၏။

ထိုဒါယကာသည် အရှင်ဘုရားကောင်းပါပြီဟု ဝန်ခံလျှောက်ထားပြီး ထိုသူငယ်ကို သားအရာ၌ ထား၍ ကျွေးမွေးစောင့်ရှောက်လေပြီ။

အထူးတော်ကား- ထိုဥပါသကာ၏ အိမ်၌တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး ရောင်းရန်ပစ္စည်းဘဏ္ဍာသည် မရောင်းရသဖြင့် များနေ၏။ ထိုဥပါသကာသည် ရွာတစ်ရွာသို့သွားမည်ဖြစ်၍ ထိုပစ္စည်းဘဏ္ဍာအားလုံးကို ဈေးဆိုင်သို့ယူဆောင်၍ သူငယ်ကိုဈေးဆိုင်၌ထိုင်နေစေပြီး ထိုထိုပစ္စည်းဘဏ္ဍာ၏ အဖိုးကိုပြောပြ၍ ဤပစ္စည်းကို ဤမျှလောက် ဤပစ္စည်းကို ဤမျှလောက် ဥစ္စာကိုယူ၍ပေးလေဟု မှာထားခဲ့ပြီး ထွက်ခွာသွားလေ၏။

ထိုနေ့၌ မြို့စောင့်နတ်တို့သည် အယုတ်ဆုံးအားဖြင့် ငြုပ်သီးစမှုန့်နက်မျှဖြင့်လည်း အလိုရှိသူတို့ကို ထိုဇဋိလသူငယ်၏ ဈေးဆိုင်သို့သာ မျက်နှာမူလျက် သွားကြစေကုန်၏။ ထိုဇဋိလသူငယ်သည် တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး အရောင်းထိုင်းသဖြင့် စုပုံနေသော ပစ္စည်းဘဏ္ဍာကို တစ်ရက်တည်းဖြင့်သာ ရောင်းလိုက်လေ၏။ သူကြွယ်သည် ပြန်လာ၍ ဈေးဆိုင်၌ ပစ္စည်းတစ်စုံတစ်ခုကို မမြင်သဖြင့်- ချစ်သား သင်သည် အရောင်းပစ္စည်း ဘဏ္ဍာအားလုံးကို ဖျက်ဆီးပစ်အပ်၏ဟု ဆိုလေ၏။

ဖခင် ကျွန်တော်မဖျက်ဆီးပါ၊ အရောင်းပစ္စည်းဘဏ္ဍာအားလုံးကို ဖခင်တို့မှာထားသည့်အတိုင်းသာ ရောင်းလိုက်ပါသည်။ ဤအသပြာသည် ဤမည်သောပစ္စည်း၏ တန်ဖိုးဖြစ်ပါသည်။ ဤအသပြာသည် ဤမည်သောပစ္စည်း၏ တန်ဖိုးဖြစ်ပါသည်ဟုပြောပြလေ၏။

သူကြွယ်သည် စိတ်ကြည်လင်လှ၍ ဤယောကျ်ားသည် တန်ဖိုးမဖြတ်နိုင်အောင် တန်ဖိုးထိုက်တန်သူ ဖြစ်၏။ တစ်နေရာတစ်ဌာန၌ အသက်မွေးနိုင်သူဖြစ်၏ဟု ယူဆပြီး မိမိအိမ်၌ အရွယ်ရောက်နေသူသမီးကို ဇဋိလအားပေး၍ ဇဋိလအဖို့ အိမ်ဆောက်ကြဟု အလုပ်သမားတို့ကိုခိုင်းစေ၍ အိမ်ဆောက်ပြီးလတ်သော်- သွားကြသင်တို့ မိမိအိမ်၌ နေကြဟု ပြောလေ၏။ ထိုအခါ ဇဋိလ၏ အိမ်သို့ဝင်ရာအချိန်၌ ခြေတစ်ဖက်ဖြင့် တံခါးခုံ၌နင်းကာမျှဖြစ်လတ်သော် အိမ်၏အနောက်ဖြစ်သော မြေအဖို့၌အတောင်ရှစ်ဆယ်ရှိသော ရွှေတောင်သည် ပေါ်ထွက်လေ၏။ ဘုရင်မင်းမြတ်သည် ဇဋိလသတို့သား၏အိမ်၌ မြေကြီးကိုခွဲ၍ ရွှေတောင်ပေါက်သတဲ့ဟု ကြားရသော်သာ, ဇဋိလသတို့သားထံ သူဌေးအဆောင်အယောင် ထီးကိုပို့စေ၏။ ဇဋိလသတို့သားသည် ဇဋိလသူဌေးအမည်ရှိလေ၏။ ဇဋိလသူဌေး၏ သားတို့သည် သုံးယောက်ဖြစ်လေ၏။

ဇဋိလသူဌေးသည် သားသုံးယောက်တို့ အရွယ်ရောက်လာချိန်၌ ရဟန်းပြုလိုစိတ် ဖြစ်ပေါ်လာ၍ ငါတို့နှင့်တူမျှသောစည်းစိမ်ရှိသူ သူဌေးမျိုးရှိခဲ့သော် (မင်းတို့က) ရဟန်းပြုခွင့်ကို ပေးကြလိမ့်မည်၊ မရှိခဲ့သော် ပေးကြမည်မဟုတ်၊ ဇမ္ဗူဒိပ်၌ ငါတို့နှင့် တူညီသောစည်းစိမ်ဥစ္စာရှိသူအမျိုး ရှိလေသလောဟု စုံစမ်းရန် ရွှေအုတ် ရွှေနှင်တံ ရွှေခြေနင်း တို့ကိုပြုလုပ်စေ၍ တမန်ယောကျ်ားတို့၏လက်၌ ပေးပြီး- - သင်တို့သွားကြ၊ ဤပစ္စည်းတို့ကို ယူ၍ တစ်စုံတစ်ခုကို ကြည့်ကြကုန်သကဲ့သို့ ဇမ္ဗူဒိပ်အပြင်၌လှည့်လည်၍ ငါတို့နှင့်တူမျှသော စည်းစိမ်ဥစ္စာရှိသော သူဌေးမျိုးရှိ၊ မရှိ သိအောင်စုံစမ်း၍ ပြန်လာခဲ့ကြဟု မှာထားစေလွှတ်လိုက်လေ၏။

ထိုတမန် ယောကျ်ားတို့သည် ဒေသစာရီလှည့်လည်ကြစဉ် ဘဒ္ဒိယမြို့သို့ ရောက်ကြကုန်၏။

ထိုအခါ မေဏ္ဍကသူဌေးသည် ထိုတမန်ယောကျ်ားတို့ကိုမြင်၍- အမောင်တို့ ဘာကိုပြုကြကုန်လျက် လှည့်လည်ကြသနည်းဟု မေး၍ တစ်ခုကိုကြည့်ရှုကြကာ လှည့်လည်ပါကုန်၏ဟု ပြောဆိုအပ်သော်- ဤသူတို့၏ ဤပစ္စည်းတို့ကို ကိုင်၍တစ်စုံတစ်ခုတို့ကို ကြည့်ရှုရန် လှည့်လည်မှုကိစ္စမရှိ၊ တိုင်းနိုင်ငံကို စုံစမ်းလိုကြ၍လှည့်လည်သူများ ဖြစ်ကြသည်ဟု သိ၍- အမောင်တို့ ငါတို့၏အနောက်ဘက်ဖြစ်သော အိမ်ကိုဝင်၍ ကြည့်ကြဟု ပြော၏။ တမန်ယောကျ်ားတို့သည် ထိုအိမ်၏အနောက်ဘက် ရှစ်ပယ်မျှလောက်သောအရပ်၌ ဆင်ပမာဏ, မြင်းပမာဏ, နွားလားဥသဘ ပမာဏရှိကုန်သော ကျောခြင်းကျောကပ်၍ မြေကြီးကိုခွဲပြီး ထွက်ပေါ်နေကုန်သော အောက်ဖြစ်သော မေဏ္ဍကသူဌေးဝတ္ထု၌ ပြဆိုအပ်ခဲ့သော အပြားရှိကုန်သော ရွှေဆိတ်ရုပ်တို့ကိုမြင်၍ ထိုရွှေဆိတ်ရုပ်တို့၏ အကြားအကြားမှ လှည့်လည်၍ ထွက်ခဲ့ကြကုန်၏။ ထိုအခါ ထိုတမန်ယောကျ်ားတို့ကို မေဏ္ဍကသူဌေးသည် အမောင်တို့ သင်တို့ကြည့်လိုသောအရာကို မြင်အပ်ပြီလောဟု မေး၍- အရှင်, မြင်ကြပါပြီဟု ပြန်ပြောအပ်သော်- မြင်ကြလျှင်သွားကြတော့ဟု ပြော၍ပြန်လွှတ်လိုက်လေ၏။ တမန်ယောကျ်ားတို့သည် ထိုအရပ်မှ ပြန်သွားကြကာ မိမိတို့သူဌေး ဇဋိလသည်-

အမောင်တို့ အသို့နည်း၊ သင်တို့သည် ငါတို့နှင့်တူညီသော ပစ္စည်းဥစ္စာရှိသူ သူဌေးမျိုးကို တွေ့မြင်အပ်ခဲ့သလောဟု မေးအပ်လေသော်- သခင်- သခင်တို့၏ ပစ္စည်းဥစ္စာသည် အဘယ်မျှရှိသနည်း၊ ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေး၏ စည်းစိမ်ဥစ္စာသည် ဤသို့သဘောရှိ၏ဟု အကြောင်းစုံကို ပြောဆိုကြကုန်၏။

ထိုစကားကိုကြား၍ ဇဋိလသူဌေးသည် နှစ်သက်ဝမ်းသာပြီး ရှေးဦးစွာသူဌေးမျိုးတစ်မျိုးကို ရအပ်ပြီ၊ နောက်ထပ်လည်း ရှိလေဦးမည်လောဟု စဉ်းစားပြီး အဖိုးတစ်သိန်းထိုက်တန်သော- ကမ္ဗလာအထည်ကိုပေး၍ အမောင်တို့ သွားကြဦး၊ အခြားသူဌေးမျိုးကိုလည်း စုံစမ်းကြဦးဟု ပြောဆို စေလွှတ်လိုက်ပြန်သည်။

တမန်ယောကျ်ားတို့သည် ရာဇဂြိုဟ်ပြည်သို့သွား၍ ဇောတိက သူဌေးအိမ်မှ မနီးမဝေးအရပ်၌ ထင်းကိုပုံ၍ မီးရှို့နေကြသည်။ လူတို့က အဘယ်ကြောင့် ဤသို့ပြုသနည်းဟု မေးသောအခါ၌လည်း တန်ဖိုးများစွာ ထိုက်တန်သော ကမ္ဗလာတစ်ထည်ကို ရောင်းကြသော ကျွန်ုပ်တို့၏ ကမ္ဗလာအထည်ကို ဝယ်သူမရှိပါ၊ ယူဆောင်၍ လှည့်လည်ကြသော်လည်း ခိုးသူတို့မှ ကြောက်ကြပါသည်။ ထို့ကြောင့် ထိုကမ္ဗလာအထည်ကို မီးရှို့ပစ်ပြီး ပြန်ကြပါမည်ဟု ပြောဆိုကြသည်။

ထိုအချိန်တွင် ထိုတမန်ယောကျ်ားတို့ကို ဇောတိကသူဌေးမြင်၍ ဤသူတို့သည် ဘာကိုပြုကြသနည်းဟု မေးသဖြင့် ထိုအကြောင်းကိုကြားသိ၍ အခေါ်လွှတ်ပြီး သင်တို့၏ ကမ္ဗလာအထည်သည် အဘယ်မျှ တန်ဖိုးထိုက်သနည်းဟု မေး၏။ တန်ဖိုးတစ်သိန်းထိုက်တန်ပါသည်ဟု ပြောဆိုအပ်သော် တစ်သိန်းပေး၍ တံခါးမုခ်ကို တံမြက်လှည်း၍ အမှိုက်စွန့်ပစ်သော ကျွန်မအား ပေးလိုက်ကြပါဟုပြောပြီး ထိုတမန်တို့၏ လက်၌သာထား၍ပို့စေ၏။ ထိုကျွန်မသည် ကမ္ဗလာအဝတ်ကိုကိုင်၍ ငိုယိုလျက် သခင်ဇောတိကသူဌေးထံလာ၍ အို- သခင်၊ အသို့ပါနည်း၊ ကျွန်မကို အပြစ်ရှိလျှင် ရိုက်နှက်ပုတ်ခတ်ရန် မသင့်ပါသလော၊ အဘယ့်ကြောင့် ကျွန်မထံ ဤသို့ ထူထဲသော ကမ္ဗလာအဝတ်ကို ပို့လိုက်ကြပါသနည်း၊

ကျွန်မသည် အဘယ်သို့ ဤကမ္ဗလာအဝတ်ကို ဝတ်ရပါမည်နည်း၊ ရုံရပါမည်နည်းဟု မေး၏။

ငါသည် ဝတ်ရုံဖို့ သင့်ထံပို့လိုက်သည်မဟုတ်၊ ဤကမ္ဗလာအထည်ကို ရစ်ပတ်၍ (ခေါက်ထုံး၍) သင်၏ အိပ်ရာခြေရင်းအနီးထားပြီး အိပ်ရာဝင်ချိန်၌ နံ့သာရေဖြင့် ဆေးအပ်သော သင်၏ခြေတို့ကို သုတ်ရန်သင့်ထံ ပို့လိုက်သည်။ အသို့နည်း ဤသို့လည်း (ခြေသုတ်ရန်ကိုလည်း) ပြုရန်မစွမ်းနိုင်သလော၊ ဟုမေး၏။ ကျွန်မသည် ခြေသုတ်ခြင်းကိုမူ ပြုနိုင်ပါ၏ဟုပြောကာ ယူ၍သွားလေ၏။

တမန်ယောကျ်ားတို့သည် ထိုအကြောင်းကိုမြင်သိ၍ မိမိ၏သူဌေးထံသွားကြပြီး- - အမောင်တို့ အသို့နည်း၊ သင်တို့သည် သူဌေးမျိုးကို မြင်တွေ့အပ်သလောဟု ဆိုအပ်လေသော်- အရှင်သခင် အရှင်တို့၏ စည်းစိမ်ဥစ္စာသည် ဘယ်မှာရှိသည်မည်အံ့နည်း။ ရာဇဂြိုဟ်မြို့၌ ဇောတိကသူဌေး၏ စည်းစိမ်ဥစ္စာသည် ဤသို့သဘောရှိ၏ဟု အိမ်၌စည်းစိမ်အားလုံးကို ပြောဆို၍ ထိုအကြောင်းကို ပြောကြားကြကုန်၏။

ဇဋိလသူဌေးသည် ထိုစကားကိုကြား၍ နှစ်သက်ဝမ်းသာစိတ်ရှိပြီး ယခုအခါ ရဟန်းပြုခွင့်ကို ငါရတော့မည်ဟု အောက်မေ့ပြီး မင်း၏အထံသို့သွား၍- အရှင်မင်းကြီး ကျွန်တော်ရဟန်းပြုလိုပါ၏ ဟု တင်လျှောက်၏။ သူဌေးကြီးကောင်းလှပေ၏၊ ရဟန်းပြုပေတော့ဟု မိန့်၏။

ဇဋိလသူဌေးသည် အိမ်သို့သွား၍ သားတို့ကိုခေါ်ပြီး ရွှေရိုးတပ်သော စိန်ပေါက်ချွန်းကို သားကြီး၏ လက်၌ပေးထားပြီး ချစ်သားအိမ်၏အနောက်၌ ရွှေတောင်မှ ရွှေစိုင်ခဲကိုပေါက် ထုတ်ယူလောဟု ခိုင်းလေ၏။

သားအကြီးဖြစ်သူသည် ပေါက်ချွန်းကိုယူသွားပြီး ရွှေတောင်ကိုပေါက်လေ၏။ ကျောက်ဖျာ၌ ပေါက်အပ်ရာ အခါကဲ့သို့ ဖြစ်လေ၏။

သားအကြီး၏လက်မှ ပေါက်ချွန်းကိုယူ၍ သားအလတ်၏လက်၌ပေးပြီး ပေါက်ယူရန် စေလွှတ်ပြန်၏။ သားအလတ်၏လည်း ရွှေတောင်ကို ပေါက်ဖြိုစဉ် ကျောက်ဖျာ၌ပေါက်အပ်ရာအခါ ကဲ့သို့ဖြစ်လေ၏။ ထိုအခါ ပေါက်ချွန်းကို သားအငယ်လက်၌ပေး၍ ပေါက်ယူရန်စေလွှတ်ပြန်၏။ သားအငယ်သည် ပေါက်ချွန်းကိုကိုင်၍ ပေါက်လိုက်စဉ် ထောင်းထု၍ စုပုံထားအပ်သောမြေ၌ ပေါက်အပ်ရာအခါကဲ့သို့ ဖြစ်လေ၏။ ထိုအခါ သားအငယ်ကို ဇဋိလသူဌေးသည် ချစ်သားလာခဲ့တော့ ဤမျှ လောက်သော ရွှေဖြင့်တော်လောက်ပြီဟု ပြောဆိုပြီး သားအကြီးနှင့် သားအလတ်တို့ကိုခေါ်၍ ဤရွှေတောင်သည် သင်တို့အတွက်ဖြစ်ပေါ်လာသည်မဟုတ်၊ ငါနှင့် ငါ့သားငယ်အတွက် ဖြစ်ပေါ်လာသည်၊ ဤသားငယ်နှင့်အတူ တစ်လုံးတစ်စည်းတည်းနေကြ၍ သုံးစွဲကြပေတော့ဟု ပြောလေ၏။

ထိုရွှေတောင်သည် အဘယ့်ကြောင့် ဇဋိလသူဌေးနှင့် သားအငယ်တို့အတွက်သာ ဖြစ်ပေါ်လာ သနည်း။

အဘယ့်ကြောင့် ဇဋိလသည် ဖွားမြင်ပြီးချိန်၌ ဂင်္ဂါမြစ်ရေ၌ ကျစေအပ်၊ ချအပ်၊ မျောအပ်လေ သနည်း။ (ဤကားအမေး)

မိမိတို့ ပြုအပ်ခဲ့သော ကံကြောင့်သာတည်း။ (ဤကားအဖြေ)

ကဿပမြတ်စွာဘုရား၏ စေတီကိုတည်လတ်သော် ရဟန္တာတစ်ပါးသည် စေတီတည်ထားရာသို့ သွား၍ ကြည့်ရှုပြီး- ပန်းရံဆရာတို့၏စေတီ၏ မြောက်ဘက်မျက်နှာကိုအဘယ်ကြောင့် အုတ်မတက်သေး

သနည်းဟု မေး၏။ ရွှေမလောက်သောကြောင့် မစီမတက်သေးပါဟု လျှောက်ထားကြသည်။

ငါသည် ရွာတွင်းသို့ဝင်၍ ဆောက်တည်စေဦးအံ့။ (အသိပေးဦးမည်။)

သင်တို့သည် ရှိသေစွာစေတီတည်ထားမှုကို ပြုကြလောဟု မိန့်တော်မူ၏။ ရဟန္တာအရှင်မြတ်သည် ဤသို့မိန့်မှာပြီး မြို့တွင်းသို့ဝင်၍- အမိတို့ အမောင်တို့ သင်တို့၏ စေတီမျက်နှာတစ်ဖက်၌ ရွှေမလောက်သေး၊ ရွှေကိုသိကြကုန်လောဟု လူအပေါင်းကို ဆောက်တည်စေလျက် (အသိပေးလျက်) ရွှေပန်းတိမ်ဆရာအိမ်သို့ ကြွသွားလေပြီ။ ရွှေပန်းတိမ်ဆရာလည်း ထိုခဏမှာပင် မယားနှင့် ရန်ဖြစ်လျက်ထိုင်နေ၏။ ထိုအခါ ထိုပန်းတိမ်ဆရာကို ရဟန္တာထေရ်သည် - စေတီတော်၌ သင်တို့တာဝန်ယူထားအပ်သော မျက်နှာ၏ ရွှေသည် မလောက်သေး၊ ထိုရွှေကို ပြုသင့်၏ဟု မိန့်တော်မူ၏။

ပန်းတိမ်ဆရာသည် မယားနှင့်စိတ်ဆိုးသဖြင့်- အရှင်ဘုရား၏ ဆရာဘုရားကို ရေ၌ပစ်ချ၍ သွားပေတော့ဟု လျှောက်ထားလေ၏။ ထိုအခါ ပန်းတိမ်ဆရာကို ဇနီးဖြစ်သူက ပြော၏။

သင်သည် အလွန်ကြမ်းကြုတ်သောအမှုကိုပြုအပ်၏။ သင်သည် ငါ့အား အမျက်ထွက်သဖြင့် (ငါ့ကို စိတ်ဆိုးလျှင်) ငါ့ကိုသာ ဆဲလိုကဆဲ ရိုက်လိုက ရိုက်သင့်သည်။ အဘယ်ကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်ကုန်သောဘုရားတို့၌- တစ်နည်း- အတိတ် အနာဂတ် ပစ္စုပ္ပန် တရားတို့ကို သိတော်မူကုန်သော သဗ္ဗညူဘုရား တို့၌ ရန်ပြုရသနည်းဟု ပြော၏။

ရွှေပန်းတိမ်ဆရာသည် ထိုခဏ၌ပင် ထိတ်လန့်ခြင်းသို့ရောက်ပြီး- အရှင်ဘုရား တပည့်တော်အား သည်းခံခွင့်လွှတ်တော်မူကြပါဟု လျှောက်ထားပြီး ရဟန္တာထေရ်၏ ခြေရင်း၌ ဝပ်နေလေ၏။

အမောင်- သင်သည် ငါ့ကို စကားတစ်လုံးတစ်လေမျှ ပြောဆိုအပ်သည်မဟုတ်၊ မြတ်စွာဘုရားကို တောင်းပန်ပါလော၊

· အရှင်ဘုရား၊ ဘာကိုပြု၍ တောင်းပန်ရပါမည်နည်း။

အိုးသုံးအိုးတို့ကို ရွှေပန်းတို့ဖြင့်စိုက်၍ ဓာတ်တော်တိုက်အတွင်း၌ထည့်၍ စိုသောအဝတ်အထည် စိုသော ဆံပင်ရှိသူဖြစ်၍ ကန်တော့တောင်းပန်ပါလေ အမောင်ဟု မိန့်တော်မူ၏။

ရွှေပန်းတိမ်ဆရာသည် အရှင်ဘုရား ကောင်းပါပြီဟု လျှောက်ထား၍ ရွှေပန်းတို့ကို ပြုလုပ်စဉ် သား သုံးယောက်တို့တွင် သားအကြီးကိုခေါ်၍- - ချစ်သားလာခဲ့၊ မြတ်စွာဘုရားကို ရန်ပြုသောစကားဖြင့် ဖေဖေ ပြောမိပြီ၊ ထို့ကြောင့် ဤပန်းတို့ကိုပြုလုပ်၍ ဓာတ်တော်တိုက်၌ထည့်ပြီး ကန်တော့တောင်းပန်မည်၊ ချစ်သားလည်း ဖေဖေ၏ အလုပ်ဖော်စစ်စစ် ဖြစ်ပါစေဟု ပြော၏။

သားအကြီးသည် ဖေဖေ့ကို ကျွန်တော်က ရန်ပြုစကားကို ပြောဆိုစေသည်မဟုတ်ပါ၊ ဖေဖေပြုပါတော့ဟု ပြောပြီး ပြုခြင်းငှာ အလိုမရှိ၊

သားလတ်ကိုခေါ်၍ ထို့အတူသာပြော၏။ သားအလတ်လည်း ထို့အတူသာပြောပြီး ပြုခြင်းငှာ အလိုမရှိ၊

သားအငယ်ကိုခေါ်၍ ထို့အတူပြော၏။ သားအငယ်သည် အဖ၏ ဖြစ်ပေါ်လာသော အလုပ်ကိစ္စ မည်သည် သား၏တာဝန်ပါဟု ပြောပြီး- ဖခင်၏ အလုပ်တူအပေါင်းဖော်ဖြစ်၍ ပန်းတို့ကို ပြုလေပြီ။ ရွှေပန်းတိမ်သည်ဆရာသည် တစ်ထွာပမာဏရှိကုန်သော ပန်းတို့ဖြင့် အိုးသုံးအိုးတို့ကို ပြီးစေပြီး

ခါတ်တော်တိုက် အတွင်း၌ထည့်၍ စိုသောအဝတ်အထည် စိုသောဆံပင်ရှိလျက် မြတ်စွာဘုရားကို ကန်တော့တောင်းပန်လေပြီ။

ဤအကြောင်းကံကြောင့် ဇဋိလသည် ခုနစ်ကြိမ်ဖွားမြင်ပြီးချိန်၌ ရေ၌ကျခြင်းကိုရလေပြီ။ ဤအတ္တဘောသည် (ဤခန္ဓာကိုယ်သည်) ဇဋိလ၏ ဘဝအဆုံး၌ (အဆုံးဖြစ်သောဘဝ၌) ဖြစ်တည်သော အတ္တဘောဖြစ်သည်။ ဤအတ္တဘော၌လည်း ထိုမကောင်းမှုကံကိုသာ အကျိုးဆက်ဖြင့် ရေ၌ကျစေအပ်၏။ ဇဋိလ၏ ရွှေပန်းတို့ကို ပြုလုပ်ချိန်၌ အပေါင်းအဖော်မဖြစ်လိုသော သားအကြီး သားအလတ် ညီနောင်နှစ်ယောက်တို့၏ ထိုမပြုလိုသော အကြောင်းကြောင့် ရွှေတောင်ဖြစ်ပေါ်လာသည်မဟုတ်။ ဇဋိလနှင့် သားအငယ်တို့၏ ရွှေပန်းတို့ကို အတူတကွ တပေါင်းတည်းပြုအပ်သည်၏ အဖြစ်ကြောင့် ရွှေတောင်ဖြစ်ပေါ်လာချေသည်။

ဤသို့လျှင် ဇဋိလသူဌေးသည် သားတို့ကိုဆုံးမပြီး မြတ်စွာဘုရားထံတော်၌ ရဟန်းပြု၍ နှစ်ရက် သုံးရက်ဖြင့်သာ အရဟတ္တဖိုလ်သို့ရောက်လေပြီ။

မြတ်စွာဘုရားသည် တစ်ပါးသောအခါ၌ ရဟန်းငါးရာတို့နှင့်အတူ ဆွမ်းခံကြွတော်မူစဉ် ဇဋိလထေရ်၏ သားတို့အိမ်ဝသို့ ကြွတော်မူပြီ သားတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား လခွဲပတ်လုံး ဆွမ်းအလှူကို ပေးလှူကြကုန်၏။

ရဟန်းတို့သည် ဓမ္မသဘင်၌- - ငါ့ရှင်ဇဋိလ၊ ယနေ့လည်း သင်၏ အတောင်ရှစ်ဆယ်ရှိသော ရွှေတောင်၌လည်းကောင်း၊ သားတို့၌လည်းကောင်း တပ်မက်သာယာတဏှာ ရှိလေသလောဟု ပြောဆိုကြကုန်၏။

ငါ့ရှင်တို့ ငါ့အား ထိုရွှေတောင်နှင့် သားတို့၌ တပ်မက်သာယာ တဏှာသည်လည်းကောင်း၊ ထောင်လွှားတက်ကြွ မာန်မာနသည်လည်းကောင်း မရှိပါဟုပြောလေ၏။

ရဟန်းတို့သည် ဤဇဋိလထေရ်သည် မဟုတ်မမှန်သော စကားကိုပြော၍ အရဟတ္တဖိုလ်ကို ပြောကြားသည်ဟု ဆိုကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏စကားကို ကြားတော်မူ၍- ရဟန်းတို့ ငါ၏သားတော် ဇဋိလအား ထိုရွှေတောင်နှင့် သားတို့၌ တပ်မက်သာယာ တဏှာသည်လည်းကောင်း၊ ထောင်လွှား တက်ကြွ မာန်မာနသည်လည်းကောင်း၊ မရှိပါလေဟု မိန့်တော်မူကာ တရားဟောလိုတော်မူသော မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏။

ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

က္ကဓ- ဤလောက၌၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ တဏှံ- ခြောက်ဒွါရ၌ဖြစ်သော တဏှာမာနကို၊ ပဟန္တွာန- ပယ်စွန့်၍၊ အနာဂါရော- အိမ်၌နေသူမဟုတ်သည် (ဟုတွာ- ဖြစ်၍) ပရိဗ္ဗဇေ- ရဟန်းပြုလေ၏။

တဏှာဘဝ ပရိက္ခီဏံ- တဏှာဘဝကုန်ပြီးသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဖြစ်သော သညာလုလ္ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ဇာနိုလဗ္ဗေရဝတ္ထု ပြီး၏။**

## ၁၈၀။ ဇောတိကတ္ထေရဝတ္ထု
## ဇောတိကထေရ်အကြောင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဇာတသတ် သတို့သားသည် ဒေဝဒတ်နှင့် သဘောတူ တပေါင်းတည်းဖြစ်ပြီး ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်၍ မင်းအဖြစ်၌ တည်နေပြီးသော် ဇောတိကသူဌေး၏ ကြီးကျယ်သော ပြာသာဒ်ကို သိမ်းယူမည်အကြံဖြင့် စစ်ဆင်လျက် ထွက်လာသော် ပတ္တမြားတံတိုင်း၌ အခြံအရံနှင့်အတူ မိမိအရိပ်ကိုမြင်၍ ဇောတိကသူဌေးသည် စစ်ဆင်ပြီး ဗိုလ်ပါအပေါင်းကိုခေါ်၍ ထွက်လာသည်ဟု မှတ်ထင်ပြီး အနီးသို့ မကပ်ဝံ့ပါချေ။

ဇောတိကသူဌေးလည်း ထိုနေ့၌ ဥပုသ်သီတင်းဆောက်တည်၍ နံနက်စောစောကပင် နံနက်စာစားပြီး ဘုရားကျောင်းတော်သို့ သွား၍ တရားနာလျက်ထိုင်နေသည်။

ဇောတိကသူဌေး၏ ပြာသာဒ် ပထမတံခါးမုခ်၌ စောင့်ရှောက်နေသော ယမကောလိ အမည်ရှိ နတ်ဘီလူးသည် ချီတက်လာသောအဇာတသတ်မင်းကို မြင်လေသော် အဘယ်အရပ်၌ သွားမည်နည်းဟု ကြိမ်းဝါးလျက် အခြံအရံနှင့်အတူ အဇာတသတ်မင်းကို ဖျက်ဆီး၍ တူရူအရပ်ထောင့်အရပ်တို့၌ ထွက်ပြေးသူတို့နောက်သို့ အစဉ်လိုက်လေ၏။ အဇာတသတ်မင်းသည် ဘုရားကျောင်းတော်သို့ သာသွားလေပြီ။

ထိုအခါ အဇာတသတ်မင်းကို ဇောတိကသူဌေးမြင်လျှင် အရှင်မင်းကြီး ဘယ်ကကြွလာပါ သနည်းဟု ပြောပြီးနေရာမှထ၍ ရပ်နေလေ၏။

အို- သူဌေး အသို့နည်း သင်သည် သင့်အခြံအရံယောကျ်ားတို့ကို ငါနှင့်အတူ စစ်ထိုးကြဟု ခိုင်းစေထားပြီး ဤကျောင်းတော်၌ တရားနာယူသူကဲ့သို့ ထိုင်နေသလောဟု မေး၏။

အသို့ပါနည်း၊ အရှင်မင်းကြီးသည် ကျုပ်အိမ်ကို သိမ်းယူရန်သွားခဲ့ပါသလော။

ဟုတ်၏၊ ငါသွားခဲ့သည်၊

အရှင်မင်းကြီး၊ ကျုပ်ကအလိုမရှိခဲ့သော် (ကျုပ်မပေးလိုသော်) ကျုပ်၏အိမ်ကို မင်းအထောင် ကသော်လည်း သိမ်းယူရန် မတတ်နိုင်ပါဟု ပြော၏။

အဇာတသတ်မင်းသည်၊ အသို့နည်း သင်သူဌေးသည် မင်းပင်ဖြစ်သလောဟု ပြောလျက် ဒေါသထွက် လေပြီ။

အရှင်မင်းကြီး၊ ကျုပ်မင်းမဟုတ်ပါ၊ မင်းမဟုတ်သော်လည်း ကျုပ်မပေးလိုခဲ့သော်- ကျုပ်၏ဥစ္စာကို မိစ္ဆာချည်မျှင်ကိုသော်လည်း မင်းတို့သည်လည်းကောင်း လူဆိုးတို့သည်လည်းကောင်း တိုက်ခိုက်သိမ်း ယူရန် မတတ်နိုင်ပါ။

အသို့နည်း၊ ငါမင်းသည် သင်သူဌေး၏ နှစ်သက်လိုလားမှုဖြင့် သိမ်းယူမည်။

အရှင်မင်းကြီး သိမ်းယူမည်ဖြစ်လျှင် ကျုပ်၏လက်ဆယ်ချောင်း၌ လက်စွပ်နှစ်ဆယ်ရှိပါသည်။

ကျုပ်သည် ဤလက်စွပ်တို့ကို အရှင်မင်းကြီးတို့အားမပေးပါ၊ အကယ်၍ စွမ်းနိုင်ခဲ့သော် ယူပါလောဟု ပြောလေ၏။

အဇာတသတ်မင်းသည် မြေပေါ်၌ စောင့်ကြောင့်ထိုင်၍ ခုန်ပျံခဲ့သော် ဆယ့်ရှစ်တောင်မြင့်သောအရပ် တိုင်အောင် ခုန်ပျံတက်နိုင်၏- ရပ်၍ခုန်ပျံခဲ့သော် အတောင်ရှစ်ဆယ်မြင့်သော အရပ်တိုင်အောင် ခုန်ပျံတက်နိုင်၏။ ဤမျှလောက် အားကောင်းသူဖြစ်သော်လည်း လက်စွပ်တစ်ကွင်းကိုသော်လည်း ဆွဲချွတ်ယူရန် မတတ်နိုင်ပါချေ။

ထိုအခါ အဇာတသတ်မင်းကို ဇောတိကသူဌေးသည် အရှင်မင်းကြီး ဝတ်လဲတော်ကို ဖြန့်ခင်းလိုက်ပါဟုပြောပြီး လက်ချောင်းတို့ကို အောက်သို့ဖြောင့်ဖြောင့်ပြုလိုက်လေပြီ။ အကွင်းနှစ်ဆယ်သော လက်စွပ်တို့သည် လက်ချောင်းတို့မှ ကျွတ်ထွက်၍ ကျလေကုန်ပြီ။

ထိုအခါ အဇာတသတ်မင်းကို ဇောတိကသူဌေးသည် အရှင်မင်းကြီး ဤသို့ပင် ကျုပ်၏ပစ္စည်းကို ကျုပ်မပေးလိုသော် မည်သူမျှယူရန် မတတ်နိုင်ပါဟု ပြောဆိုပြီး အဇာတသတ်မင်း၏ ပြုမူပုံ၌ သံဝေဂဖြစ်ပြီး- အရှင်မင်းကြီး ကျုပ်အား ရဟန်းပြုခွင့် ပေးတော်မူပါဟု ပြောလေ၏။

အဇာတသတ်မင်းသည် ဤလူရဟန်းပြုသွားသော် သူ၏ပြာသာဒ်ကို လွယ်လွယ်ကူကူ ငါသိမ်းယူရတော့ဟု ကြံမိပြီး စကားတစ်ခွန်းတည်းဖြင့်သာ- သင်ရဟန်းပြုတော့ဟု ပြောလေ၏။

ဇောတိကသူဌေးသည် မြတ်စွာဘုရားထံ၌ ရဟန်းပြု၍ အချိန်မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ရောက်၍ ဇောတိကထေရ်အမည်ရှိလေ၏။

ဇောတိကထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်ရာခဏ၌ကာ စည်းစိမ်အားလုံးသည် ပျောက်ကွယ်သွားလေပြီ။ ဇောတိကသူဌေး၏ သတုလကာယီ အမည်ရှိသော သူဌေးကတော်ကိုလည်း နတ်တို့သည် မြောက်ကျွန်းသို့သာ ပို့ဆောင်ကြကုန်ပြီ။

ထိုအချိန်မှ နောက်ဖြစ်သော နေ့တစ်နေ့၌ ရဟန်းတို့သည် ဇောတိကထေရ်ကိုခေါ်၍- ငါ့ရှင်ဇောတိက သင်၏ ထိုပြာသာဒ်၌လည်းကောင်း၊ ထိုမိန်းမ၌လည်းကောင်း၊ တပ်မက်တွယ်တာ တဏှာရှိ သေးသလောဟု မေးကြ၍- အရှင်ဘုရားတို့ မရှိပါဟု ဖြန့်လျှောက်အပ်သော်- မြတ်စွာဘုရား ဤဇောတိကသည် မဟုတ်မမှန်သော စကားကိုပြောပြီး အရဟတ္တဖိုလ်ကို ပြောဆိုပါသည်ဟု မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည်- ရဟန်းတို့ ငါ၏သားတော် ဇောတိက၏ ထိုပြာသာဒ် ထိုအမျိုးသမီး၌ တပ်မက်တွယ်တာ တဏှာမရှိတော့သည်သာဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူသည်။

ယောဓ တဏှံ ပဟန္တာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာ ဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဣဓ- ဤလောက၌၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ တဏှံ- ခြောက်ဒွါရ၌ ဖြစ်ပေါ်လာသော

တဏှာမာနကို၊ ပဟန္တွာန- ပယ်စွန့်၍၊ အနာဂါရော- အိမ်၌နေခြင်းဖြင့်၊ အလိုမရှိ သူသည်၊ (ဟုတွာ- ဖြစ်၍) ပရိဗ္ဗဇေ- ရဟန်းပြုလေ၏။

တဏှာဘဝ ပရိက္ခီဏံ- တဏှာဘဝ ကုန်ပြီးသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ- ကိလေသာခန်းကွာ ရဟန္တာဖြစ်သော သညာလှလှ ဗြာဟ္မဏဟု၊ အဟံ- ငါဘုရားသည်၊ ဗြူမိ- ဟောတော်၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပန်စသည်ဖြစ်ကြကုန်ပြီ။

**ဇောတိကတ္ထေရဝတ္ထု ပြီး၏။**

## ၁၈၁။ နန္ဒပုတ္တကတ္ထေရဝတ္ထု
## ကချေသည် သားထေရ်တစ်ပါးအကြောင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကချေသည် သားတစ်ယောက်သည် တစ်မျိုးသော ကစားကပြမှုကို ကစားကပြလျက် လှည့်လည်သွားလာနေစဉ် မြတ်စွာဘုရား၏ တရားစကားကို ကြားနာရ၍ ရဟန်းပြုပြီး အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုနန္ဒပုတ္တကထေရ်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာနှင့်အတူ ဆွမ်းခံဝင်လေသော် - ရဟန်းတို့သည် ကချေသည် သားတစ်ယောက်ကစားကပြသည်ကို မြင်၍ ငါ့ရှင် ဤကချေသည်သားသည် သင်ကစားက ပြအပ်သမျှကို ကစားကပြ၏။ သင့်အား ဤကစားပြခြင်း၌ ချစ်ခင်လိုလားမှု ရှိသလောဟု မေး၍ မရှိပါဟု ပြန်ပြောအပ်သော် မြတ်စွာဘုရား ဤရဟန်းသည် မဟုတ်မမှန်သောစကားကို ပြောဆိုကာ အရဟတ္တဖိုလ်ကို ပြောကြားပါသည်ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကိုကြားတော်မူ၍ ရဟန်းတို့ ငါဘုရား၏ သားတော်သည် အလုံးစုံသော ယောဂတို့ကို လွန်လေပြီဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ဟိတွာ မာနုသကံ ယောဂံ၊ ဒိဗ္ဗံ ယောဂံ ဥပစ္စဂါ။
သဗ္ဗယောဂ ဝိသံယုတ္တံ၊ တံ မဟံ ဗြူမိ ဗြာဟ္မဏံ။

ယော - အကြင်ပုဂ္ဂိုလ်သည်၊ မာနုသကံ - လူပြည်၌ ဖြစ်သော ယောဂံ - အသက်ကိုလည်းကောင်း၊ ကာမဂုဏ်ငါးပါးကိုလည်းကောင်း၊ သာယာအားထုတ်မှုကို၊ ဟိတွာ - ပယ်စွန့်၍၊ ဒိဗ္ဗံ - နတ်ပြည်၌ဖြစ်သော၊ ယောဂံ - အသက်ကိုလည်းကောင်း၊ ကာမဂုဏ်ငါးပါးကိုလည်းကောင်း၊ သာယာအားထုတ်မှုကို၊ ဥပစ္စဂါ - လွန်မြောက်လေပြီ။

သဗ္ဗယောဂဝိသံယုတ္တံ - ယောဂလေးပါးလုံးနှင့် မစပ်ယှဉ်သော၊ တံ - ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ - ကိလေသာ ခန်းကွာ ရဟန္တာဖြစ်သော သညာလှလှ ဗြာဟ္မဏဟု၊ အဟံ -ငါဘုရားသည်၊ ဗြူမိ - ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

နန္ဒပုတ္တကတ္ထေရဝတ္ထု ပြီး၏။

## ၁၈၂။ နန္ဒပုတ္တကထေ္တရဝတ္ထု
## ကချေသည် သားထေရ်တစ်ပါးအကြောင်း

ဤဝတ္ထုသည် ရှေ့ဖြစ်သော ဝတ္ထုနှင့်တူ၏။

အထူးအားဖြင့် ဤဝတ္ထု၌ မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရား၏ သားတော် နန္ဒပုတ္တသည် မွေ့လျော်မှုကိုလည်းကောင်း ပျင်းရိငြီးငွေ့မှုကိုလည်းကောင်း ပယ်စွန့်၍ တည်နေသူဖြစ်သည်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ဟိတွာ ရတိံစ အရတိံစ၊ သီတိဘူတံ နိရူပဓိံ
သဗ္ဗလောကာဘိဘုံ ဝီရံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ၊

ရတိံစ - ကာမဂုဏ်ငါးပါး၌ မွေ့လျော်ခြင်းကိုလည်းကောင်း၊ အရတိံစ - တော၌နေခြင်း၌ ဆန့်ကျင် ငြီးငွေ့ခြင်းကိုလည်းကောင်း၊ ဟိတွာ - ပယ်စွန့်၍၊ သီတိဘူတံ - ကိလေသာဟူ အပူခပ် သိမ်းငြိမ်းပြီးဖြစ်သော၊ နိရူပဓိံ - ဉပဓိလေးပါးကင်းသဖြင့် ညစ်ညူးခြင်းမရှိသော၊ သဗ္ဗလောကာဘိဘုံ - ခန္ဓာအစရှိသော လောကအားလုံးကို လွှမ်းမိုး၍ တည်သော၊ ဝီရံ - ဝီရိယရှိသော၊ တံ - ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ ကိလေသာခန်းကွာ ရဟန္တာဖြစ်သော သညာလှလှဗြာဟ္မဏဟု အဟံ - ငါဘုရားသည်၊ ဗြူမိ - ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

နန္ဒပုတ္တကထေ္တရဝတ္ထု ပြီး၏။

## ၁၈၃။ ဝင်္ဂီသတ္ထေရဝတ္ထု
## ဝင်္ဂီသထေရ်အကြောင်း

ရာဇဂြိုဟ်မြို့၌ ဝင်္ဂီသအမည်ရှိသော ပုဏ္ဏားတစ်ယောက်ရှိ၏။ သူသည် သေပြီးသူတို့၏ ဦးခေါင်းကို ခေါက်၍ ဤဦးခေါင်းသည် ငရဲ၌ဖြစ်သူ၏ ဦးခေါင်းတည်း။ ဤဦးခေါင်းသည် တိရစ္ဆာန်မျိုး၌ ဖြစ်သောဦးခေါင်းတည်း။ ဤဦးခေါင်းသည် ပြိတ္တာဘုံ၌ဖြစ်သူ၏ ဦးခေါင်းတည်း။ ဤဦးခေါင်းသည် လူ့ပြည်၌ ဖြစ်သူ ဦးခေါင်းတည်း။ ဤဦးခေါင်းသည် နတ်ပြည်ဗြဟ္မာ့ပြည်၌ ဖြစ်သူ၏ ဦးခေါင်းတည်းဟု သိ၏။

ပုဏ္ဏားတို့သည် ဤလူကို အမှီပြု၍ လူလောကကို လှည့်စားဖြားယောင်း ခံစားခြင်းငှာ တတ်နိုင်၏ဟု အကြံရကြပြီး ဝင်္ဂီသကို နီမြန်းသော အဆင်းရှိသော အဝတ်နှစ်ထည်ကို ဝတ်ဆင်စေပြီး ခေါ်၍ ဇနပုဒ်သို့ သွားကြကာ လူတို့ကို ပြောဆိုကြသည်။

ဝင်္ဂီသအမည်ရှိသော ဤပုဏ္ဏားသည် သေပြီးသူတို့၏ ဦးခေါင်းကို ခေါက်၍ ဖြစ်ရာဘဝဘုံဌာနကို သိသူ ဖြစ်၏။ မိမိဆွေမျိုးတို့ ဖြစ်ရာဘဝဘုံဌာနကို မေးကြပါဟု ပြောဆိုကြသည်။

လူတို့သည် ပစ္စည်းအင်အားဥစ္စာအားလျော်စွာ ဆယ်အသပြာတို့ကိုလည်းကောင်း၊ အသပြာ နှစ်ဆယ်ကိုသော်လည်းကောင်း၊ အသပြာတစ်ရာကိုသော်လည်းကောင်းပေး၍ ဆွေမျိုးတို့၏ဖြစ်ရာ ဘဝဘုံဌာနကို မေးကြကုန်၏။

ပုဏ္ဏားတို့သည် ခရီးအားဖြင့် သာဝတ္ထိမြို့သို့ ရောက်၍ ဇေတဝန်ကျောင်းအနီး၌ နေရာယူ ထားကြကုန်၏။

ထိုပုဏ္ဏားတို့သည် နံနက်စာစားကြပြီးသော် များစွာသောလူကို လက်၌ နံ့သာပန်းစသည်ရှိလျက် တရားနာရန် သွားနေသည်ကို မြင်ကြ၍ အဘယ်အရပ်သို့ သွားကြမည်နည်းဟု မေးကြသဖြင့် ကျောင်းသို့တရားနာရန် သွားကြမည်ဟု ဖြေဆိုအပ်သော် ထိုအရပ်၌သွား၍ ဘာကိုပြုကြမည်နည်း။ ငါတို့ဝင်္ဂီသပုဏ္ဏားနှင့်တူသူမရှိ သေပြီး သူတို့၏ ဦးခေါင်းကိုခေါက်၍ ဖြစ်ရာဘဝဘုံဌာနကို သိသူဖြစ်၏။ ဆွေမျိုးတို့၏ဖြစ်ရာ ဘဝဌာနကို မေးကြပါဟု ပြောကြကုန်၏။ ကျောင်းသို့သွားသူ ထိုလူတို့သည် ဝင်္ဂီသသည် ဘာကိုသိသနည်း။ ငါတို့၏ မြတ်စွာဘုရားနှင့် အသိခြင်းတူသူမည်သည်မရှိဟုပြောကြ၍ ပုဏ္ဏားတို့ကလည်း ဝင်္ဂီသနှင့်တူသူမရှိဟု ပြန်ပြောသော် ငြင်းခုံစကားတိုးပွား၍ . . . လာကြ ယခုသင်တို့ ဝင်္ဂီသ၏သိသူအဖြစ်ကိုလည်းကောင်း၊ ငါတို့ မြတ်စွာ ဘုရား၏ သိသူအဖြစ်ကိုလည်းကောင်း၊ သိကြရ ပေတော့မည်ဟု ပြောဆိုကြပြီး ထိုပုဏ္ဏားတို့ကို ခေါ်၍ ကျောင်းသို့သွားကြကုန်၏။

မြတ်စွာဘုရားသည် ပုဏ္ဏားတို့၏ လာသည်၏အဖြစ်ကိုသိတော်မူ၍ ငရဲတိရစ္ဆာန် လူပြည် နတ်ပြည် ဤလေးဌာနတို့၌ ဖြစ်သူတို့၏ ဦးခေါင်းလေးခု ရဟန္တာ၏ ဦးခေါင်းအားဖြင့် ဦးခေါင်းငါးခုတို့ကို ယူစေပြီး အစဉ်အတိုင်းထား၍ ပုဏ္ဏားတို့ ရောက်လာသောအခါ ဝင်္ဂီသကို မေးတော်မူပြီ။

သင်သည် ဦးခေါင်းကို ခေါက်၍ သေပြီးတို့၏ ဖြစ်ရာဘဝဘုံဌာနကို သိသလော။

ဟုတ်ပါ၏။ သိပါသည်။

ဤဦးခေါင်းသည် အဘယ်သူ၏ ဦးခေါင်းနည်း ဟု မေးတော်မူ၏။

ဝင်္ဂီသသည် ထိုဦးခေါင်းကို ခေါက်၍ ငရဲ၌ ဖြစ်သူ၏ ဦးခေါင်းပါဟု လျှောက်၏။

ထိုအခါ ဝင်္ဂီသအား မြတ်စွာဘုရားသည် သာဓု သာဓုဟု ကောင်းချီးပေး၍ ဤဦးခေါင်းမှ တစ်ခြားဖြစ်သော ဦးခေါင်းသုံးခုတို့ကိုလည်း မေးတော်မူ၍ ဝင်္ဂီသသည် မချွတ်မယွင်း တိတိကျကျ ဖြေတိုင်းဖြေတိုင်းသော ခဏ၌ ရှေးနည်းတူ ဝင်္ဂီသအားကောင်းချီးပေးကာ ငါးခုမြောက်ဖြစ်သော ဦးခေါင်းကိုပြ၍ ဤဦးခေါင်းသည် အဘယ်သူ၏ ဦးခေါင်းနည်းဟု မေးတော်မူ၏။

ဝင်္ဂီသသည် ထိုဦးခေါင်းကိုလည်း ခေါက်၍ ဖြစ်ရာဘဝဘုံဌာနကို မသိပါချေ။

ထိုအခါ ဝင်္ဂီသကို မြတ်စွာဘုရားသည်

ဝင်္ဂီသ၊ အသို့နည်း မသိသလောဟု မိန့်၍ ဟုတ်ပါ၏။

မသိပါဟု လျှောက်ထားအပ်သော် ငါဘုရားသိ၏ဟု မိန့်တော်မူ၏။

ထိုအခါ ဝင်္ဂီသသည် မြတ်စွာဘုရားကို ဤမန္တာန်ကို ပေးတော်မူပါဟု တောင်းဆိုလေ၏။

ရဟန်းမဟုတ်သူအား ပေးခြင်းငှာ မတတ်ကောင်းဟု မိန့်တော်မူ၏။

ဝင်္ဂီသသည် ဤမန္တာန်ကိုသင်ယူအပ်သော် ဇမ္ဗူဒိပ်တစ်ခုလုံး၌ ငါသည် အကြီးဆုံးပုဂ္ဂိုလ် ဖြစ်လိမ့်မည်ဟု စဉ်းစားပြီး ထိုပုဏ္ဏားတို့ကို သင်တို့သည် စခန်းချရာ ထိုနေရာ၌သာ နှစ်ရက်သုံးရက် နေကြပါ၊ ငါရဟန်းပြုဦးမည်ဟု ပြောဆိုစေလွှတ်လိုက်ပြီး မြတ်စွာဘုရားထံတော်၌ သာမဏေပြု၍ ရဟန်းအဖြစ်ကို ရအပ်သည်ဖြစ်၍ ဝင်္ဂီသထေရ်အမည်ရှိလေ၏။

ထိုအခါ ဝင်္ဂီသထေရ်အား မြတ်စွာဘုရားသည် သုံးဆယ်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းကို ပေးတော်၍ မန္တာန်၏ ပရိကံကို (စစဦးပြုလုပ်မှုကို) ရွတ်ဆိုလော့ဟု မိန့်တော်မူ၏။

ဝင်္ဂီသသည် ထိုကမ္မဋ္ဌာန်းကို ရွတ်ဆိုနေစဉ် အကြားအကြားအချိန် (ရံဖန်ရံခါ) ပုဏ္ဏားတို့သည် သင်သည် မန္တာန်ကို သင်ယူအပ်ပြီးပြီလောဟု မေးမြန်းအပ်သော်

ဆိုင်းငံ့နေကြပါဦး သင်ယူပါ၏ဟု ပြောပြီး နှစ်ရက်သုံးရက်ဖြင့်သာ ရဟန္တာအဖြစ်သို့ ရောက်၍ နောက်ထပ်တစ်ဖန်၊ ပုဏ္ဏားတို့က မေးအပ်လေသော် ဒါယကာတို့ ယခုအခါ ငါသည်သွားခြင်းငှာ မထိုက်သူဖြစ်၏ဟု ပြောလေ၏။ ရဟန်းတို့သည် ထိုစကားကို ကြားကြရ၍ မြတ်စွာဘုရား ဤဝင်္ဂီသ ရဟန်းသည် မဟုတ်မမှန်ဘဲ အရဟတ္တဖိုလ်ကို ပြောကြားပါသည်ဟု မြတ်စွာဘုရားအား လျှောက်ထား ကြကုန်၏

မြတ်စွာဘုရားသည် ရဟန်းတို့ မပြောကြနှင့်၊

ရဟန်းတို့ ယခုအခါ ငါ၏သားတော် ဝင်္ဂီသသည် စုတေခြင်း ဘဝအသစ်ဖြစ်ခြင်း၌ သိကျွမ်း လိမ္မာသူဖြစ်၏ဟု မိန့်တော်မူကာ ဤဂါထာတို့ကို ဟောတော်မူပြီ။

စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိဉ္စ သဗ္ဗသော။

အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယဿ ဂတိံ န ဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗ မာနုသာ။
ခီဏာသဝံ အရဟန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယော - အကြင်ပုဂ္ဂိုလ်သည်၊ သတ္တာနံ - သတ္တဝါတို့၏ စုတိံစ - ရွေ့လျော ကွယ်လွန်ခြင်းကိုလည်းကောင်း၊ ဥပပတ္တိဉ္စ - ဘဝအသစ်၌ ဖြစ်မှု ဥပပတ်ကိုလည်းကောင်း၊ သဗ္ဗသော၊ အလုံးစုံကို၊ ဝေဒိ - သိလေပြီ။ အသတ္တံ - ဘဝ၌ ကပ်ငြိမှုမရှိသော၊ သုဂတံ - ကောင်းသော အကျင့်ရှိသော၊ ဗုဒ္ဓံ - သစ္စာလေးပါးကို သိသော၊ တံ - ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ - ကိလေသာခန်းကွာ ရဟန္တာဖြစ်သော သညာလှလှ ဗြာဟ္မဏဟု၊ အဟံ - ငါဘုရားသည်၊ ဗြူမိ - ဟောတော်မူ၏။

ဒေဝါ - နတ်တို့သည်၊ ဝါ ဂန္ဓဗ္ဗနှင့် လူတို့သည် ယဿ - အကြင်ပုဂ္ဂိုလ်၏။ ဂတိံ - လားရောက်ရာ ဘဝဂတိကို၊ န ဇာနန္တိ - မသိကြကုန်၊ ခီဏာသဝံ - အာသဝေါတရားလေးပါးတို့ ကုန်ပြီးသော အရဟန္တံ - ကိလေသာတို့မှ ဝေးကွာသော၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ ကိလေသာခန်းကွာရဟန္တာဖြစ်သော သညာလှလှ ဗြာဟ္မဏဟု အဟံ ငါဘုရားသည်၊ ဗြူမိ - ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

**ဝင်္ဂီသတ္တေရဝတ္ထု ပြီး၏။**

## ၁၈၄။ အင်္ဂုလိမာလတ္ထေရဝတ္ထု
## အင်္ဂုလိမာလထေရ်အကြောင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီးနှင့် မလ္လိကာ မိဖုရားတို့၏ အသဒိသဒါနပွဲကြီး ပြီးလတ်သော် ရဟန်းတို့သည် အင်္ဂုလိမာလထေရ်ကို -

ငါ့ရှင် အင်္ဂုလိမာလ သင့်ကို ထီးမိုး၍နေသော၊ ကြမ်းကြုတ်သောဆင်ကို မြင်သော် သင်မကြောက်သလောဟု မေးကြကုန်၏။

ငါ့ရှင်တို့ မကြောက်ပါဟု ပြော၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား အင်္ဂုလိမာလသည် အရဟတ္တဖိုလ်ကို ပြောကြားပါသည်ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရား၏ သားတော်အင်္ဂုလိမာလသည် ကြောက်သူမဟုတ်။ မှန်ပေ၏။ ခီဏာသဝဥသဘတို့၏ အတွင်း၌ ငါဘုရား၏ သားတော်အင်္ဂုလိမာလနှင့် တူကုန်သောကြီးမြတ်သော ဥသဘဖြစ်ကုန်သော ရဟန်းတို့သည် မကြောက်ကြလေကုန်ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။

ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာ ဝိနံ။

အနေဇံ နှာတကံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဥသဘံ - မကြောက်မရွံ့သည် တုန်လှုပ်ခြင်းမရှိသည် ဖြစ်၍ ဥသဘနှင့်တူသော၊ ပဝရံ - မြတ်သော၊ ဝီရံ - လုံ့လဝီရိယရှိသော၊ မဟေသိံ - မြတ်သောသီလအစုအစရှိသည်ကို ရှာမှီးပြီးသော၊ ဝိဇိတာဝိနံ - မာရ်သုံးပါး ကိုအောင် ပြီးသော၊ အနေဇံ - တဏှာကင်းသော၊ နှာတကံ - ကိလေသာကို ဆေးကြောပြီးသော ဗုဒ္ဓံ -သစ္စာ လေးပါးကိုသိသော၊ တံ - ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏံ - ကိလေသာခန်းကွာ ရဟန္တာဖြစ်သော သညာလှလှ ဗြာဟ္မဏဟု အဟံ -ငါဘုရားသည်၊ ဗြူမိ - ဟောတော်မူ၏။

**အင်္ဂုလိမာလတ္ထေရဝတ္ထု ပြီး၏။**

## ၁၈၅။ ဒေဝဟိတဗြာဟ္မဏဝတ္ထု
## ဒေဝဟိတပုဏ္ဏားအကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ခုသော အချိန်၌ မြတ်စွာဘုရားသည် လေနာရောဂါသည် နှိပ်စက်အပ်သည်ဖြစ်၍ (လေနာရောဂါဖြင့် မကျန်းမာသည်ဖြစ်၍) ဥပဝါဏထေရ်ကို ရေနွေးရရှိရန် အလို့ငှာ ဒေဝဟိတပုဏ္ဏားထံသို့ စေလွှတ်တော်မူသည်။

ဥပဝါဏထေရ် ပုဏ္ဏားထံသွား၍ မြတ်စွာဘုရားမကျန်းမာကြောင်းကိုပြောပြီး ရေနွေးကို တောင်းလေ၏။

ပုဏ္ဏားသည် ထိုစကားကိုကြား၍ နှစ်သက်ဝမ်းမြောက်သော စိတ်ရှိလျက် ငါ့ထံသို့ မြတ်စွာဘုရားသည် ရေနွေးရရန် အလို့ငှာတပည့်သာဝကကို စေလွှတ်လိုက်ခြင်းသည် ငါ့အဖို့အရတော်ပါပေစွဟု အားရကျေနပ်လျက် ရေနွေးအိုး ထမ်းပိုးကို ယောကျ်ားတစ်ယောက်ကို ယူစေ၍ တင်းလဲထုပ်တစ်ထုပ်ကိုလည်း ဥပဝါဏထေရ်အား ကပ်လှူလိုက်လေ၏။

ဥပဝါဏထေရ်သည် တင်းလဲထုပ်ကိုယူစေ၍ ကျောင်းသို့သွားရောက်ပြီး မြတ်စွာဘုရားကို ရေနွေးဖြင့် ရေသပ်ပယ်ပေးကာ ရေနွေးဖြင့် တင်းလဲကို မွှေနှောက်၍(ဖျော်၍) မြတ်စွာဘုရားအား ကပ်လှူလေ၏။ ထိုခဏ၌ပင် မြတ်စွာဘုရား၏ ထိုလေနာရောဂါသည် ငြိမ်းလေပြီ။

ဒေဝဟိတပုဏ္ဏားသည် အဘယ်ပုဂ္ဂိုလ်အား လှူဖွယ်ပစ္စည်းကိုပေးလှူအပ်သော်ကြီးမြတ်သော အကျိုးရှိလေသနည်း။ မြတ်စွာဘုရားကို မေးလျှောက်မည်ဟု ကြံစည်၍ မြတ်စွာဘုရားထံသွားရောက်ပြီး ထိုအကြောင်းကို မေးလျှောက်လိုသဖြင့် ဤဂါထာကို ရွတ်ဆိုလျှောက်ထားလေ၏။

ကတ္ထ ဒဇ္ဇာ ဒေယျဓမ္မံ၊ ကတ္ထ ဒိန္နံ မဟပ္ဖလံ။
ကထံဟိ ယဇမာနဿ၊ ကထံ ဣဇ္ဈတိ ဒက္ခိဏာ။

ဘဂဝါ- ဘုန်းတော်ကြီးမားရှင်တော်မြတ်ဘုရား၊ ကတ္ထ - အဘယ်ပုဂ္ဂိုလ်၌၊ ဒေယျဓမ္မံ - လှူဖွယ်ဝတ္ထုကို၊ ဒဇ္ဇာ - ပေးလှူလေရာသနည်း၊ ကတ္ထ - အဘယ်ပုဂ္ဂိုလ်၌၊ ဒိန္နံ - လှူဒါန်းအပ်သော ဒါနသည် မဟပ္ဖလံ - ကြီးမြတ်သော အကျိုးရှိပါသနည်း။

ကထံဟိ - အဘယ်သို့လျှင်၊ ယဇမာနဿ - ပူဇော်သူ၏၊ ဒက္ခိဏာ - အလှူဒါနသည်၊ ကထံ - အဘယ်သို့၊ ဣဇ္ဈတိ - အလိုသီးသီးပြီးစီးပါသနည်း။

ထိုအခါ ထိုပုဏ္ဏားအား မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဗြာဟ္မဏအား လှူဒါန်းရသော ဒါနသည် ကြီးမြတ်သော အကျိုးရှိ၏ဟု မိန့်တော်မူလို၍ ဗြာဟ္မဏကို ထင်ရှားပြလိုတော်မူသော မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏။

ပုဗ္ဗေ နိဝါသံ ယောဝေဒိ၊ သဂ္ဂါ ပါယဉ္စ ပဿတိ။
အထော ဇာတိက္ခယံ ပတ္တော၊ အဘိညာဝေါသိတော မုနိ၊
သဗ္ဗဝေါသိတဝေါ သာနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယော - အကြင်ပုဂ္ဂိုလ်သည်၊ ပုဗ္ဗေနိဝါသံ - ရှေး၌နေခဲ့ဖူးသော ခန္ဓာအစဉ်ကို၊ ဝေဒိ - သိလေပြီ၊ သဂ္ဂါ ပါယဉ္စ - နတ်ပြည်ခြောက်ထပ် ဗြဟ္မာပြည်နှစ်ဆယ်နှင့် အပါယ်လေးဘုံကိုလည်း၊ ပဿတိ - ဒိဗ္ဗစက္ခုဖြင့် မြင်သိ၏။

အထော- ထိုမှတပါး၊ ဇာတိက္ခယံ - ဇာတိ၏ကုန်ရာ အရဟတ္တဖိုလ်သို့၊ ပတ္တော - ရောက်လေပြီ။ အဘိညာဝေါသိတော- အထူးသိ၍ နိဗ္ဗာန်သို့ ရောက်ပြီ။ တစ်နည်း ကျင့်သုံးအပ်သောတရားတို့၏ အဆုံးသို့ရောက်ပြီ။ မုနိ - အရဟတ္တမဂ်ဉာဏ်ပညာဖြင့် ရဟန်းအဖြစ်သို့ ရောက်ပြီ။

သဗ္ဗဝေါသိတ ဝေါသာနံ - အလုံးစုံသော ကိလေသာတို့၏ အဆုံးဖြစ်သော အရဟတ္တမဂ်ဉာဏ် တည်းဟူသော မြတ်သောနေထိုင်ခြင်းကို နေထိုင်ပြီးသော တံ ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ - ကိလေသာခန်းကွာ ရဟန္တာဖြစ်သော သညာလှလှ ဗြာဟ္မဏဟု အဟံ - ငါဘုရားသည်၊ ဗြူမိ - ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းရှင်လူများစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်ပြီ။

ဒေဝဟိတပုဏ္ဏားသည်လည်း ကြည်ညိုသော စိတ်ရှိရကား သရဏံမည်သော ဘုရား၊ တရား၊ သံဃာတို့၌ ကိုးကွယ်သူအဖြစ်ဖြင့် ရပ်တည်၍ ဥပါသကာအဖြစ်ကို သိစေလေပြီ၊ လျှောက်ထားလေပြီ။

**ဒေဝဟိတဗြာဟ္မဏဝတ္ထု ပြီး၏။**

# ကျမ်းပြီးနိဂုံး

၁။ နာဂရေရတနသိယေ်၊ ဗုဒ္ဓက်ုနာသုမာပိတေ။
ရိပုခန္ဓေ၀သန္တေန၊ ဝိမလာဒိကလင္ကိနာ။

၂။ သဏှာသခိလဘာသာနံ၊ ပုရိသာန မနုဂ္ဂဟာ။
ကက္ခဋ္ဌာနံဒမနာယ၊ ရစိတံ၀တ္ထုယံ သုဘံ။

၃။ ဝတ္ထုသဗ္ဗံပုမယုတ္တံ၊ သမတ္တံ ဗုဒ္ဓဒေသိတံ။
ပဿန္တာနံ သုဏန္တာနံ၊ ပီတိပါမောဇ္ဇဝဍ္ဎနံ။

၄။ ဒွိသဟဿေသတပ္ပဉ္စေ၊ အဋ္ဌစတ္တာလီသ၀ဿကေ။
ဆသဋ္ဌိယံတိသတေစ၊ သဟဿေကောဇဝဿကေ။
ပေါဋ္ဌပါဒမာသဇုဏှေ၊ စတုဒ္ဒသေသုနိဋ္ဌိတံ။

၅။ ယေသံအတ္ထိသုဂန္ဓာနံ၊ သုဒဿနေ သုဝါသနာ။
ဣမံဂန္ထံသုပဿန္တု၊ ဝဍ္ဎန္တုပီတိ မောဒနံ။

၆။ ရစယန္တေန ဝတ္ထုန္နိ၊ ယံပုညံ ပစိတံမယာ။
ဘာဂံဒဒါမိလဘန္တု၊ အာစေရာစပိတာဒယောတိ။

၁။ ဗုဒ္ဓက်ုနာ-တိုင်းရေးပြည်ရေး၊ အကြပ်ဘေးကြောင့်၊ မအေးနိုင်ငြား၊ လူအများ၏(အလောင်းဘုရား ကယ်တော်မူပါ) စကားကိုစွဲ၊ ဖြိုရန်ခဲသည့်၊ တိုက်ပွဲများမြောင် ဆင့်ဆင့်အောင်ငြား၊ အလောင်းဘုရား သည် သုမာပိတေ-စဉ်လာသက်ဆင်း၊ မြန်မာမင်းတို့ ဖန်ဆင်းစံပျော်၊ နန်းတော်မြို့ရိုး၊ ပြအိုးကျုံးတော်၊ စသော်တန်တန်၊ ထီးဟန်နန်းဟန် စီမံဆောင်ဆောင်၊ တည်ထောင်ဖန်ဆင်းအပ်သော၊ ရတနသိယေ်- လောကီလောကုတ္တရာ၊ ရတနာတို့၊ စုံစွာစုဝေး၊ အကြောင်းရွေး၍ ဘုန်းရေးရှိန်ပြ၊ ရတနာသိယ်အမည်ရှိသော၊ နဂရေ-ရန်ကြီးအောင် ကုန်းဘောင်မုဆိုးဖို၊ ရွှေဘို၊ ယည့်ဆိုကြည်စွ၊ ငါးမည်ရမြို့တော်၌၊ ရိပုခန္ဓေ-တွင်းရန်ပြင်ရန် ဉ်နှစ်တန်ကို ဇေကန်ခွင်းတတ်ယင်းဂျူပွတ်ကြောင့်၊ န္တတ္ထမည်ဆန်း၊ တိုက်ပုခန်း၌ ၀သန္တေန-ခုရနှစ်ဖြာ ကြိုးပမ်းကာဖြင့်၊ လေးဖြာဏ္ဍရိယာ- မျှစွာရှင်ပြုံး သီတင်းသုံးတော်မူသော၊ ဝိမလာဒိကလင္ကိနာ(ဘဒ္ဒန္တဝိမလာဘိဝံသ-အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ ဒီဃနိကာယပါဠိ ပါရဂူဘွဲ့ ယူပန်ဆင်ငါအရှင်သည် -

၂။ သဏှာ-သဏှာနံ-ပုရိသိန္ဓြေ၊ မပျက်လေအောင်၊ အနေငြိမ်ပေ့ ဒါိမ်မွေ့ကြုကုန်သော၊ သခိလဘာသာနံ-ယောကျ်ားပီသ၊ ကိုယ်မနဖြင့်၊ ခါဒဘာသ၊ နှစ်၀ကျစ်လျစ်၊ ပြေပြစ်စကား၊ ပြော ကြားတတ်ကုန်သော၊ ပုရိသာနံ-မာတာပိတုနံ ဟဒယံပုရေတီတိပုရိသောအရ ခေါ်ကြယောကျ်ား

အမျိုးသားတို့အား၊ အနုဂ္ဂဟာ-အနုဂ္ဂဟာယ-ကိုယ်ရောစိတ်ပါ၊ နှစ်မျိုးမှာပင် ချမ်းသာစုံလောက်၊ ချီးမြှောက်ဖို့ရာ၊ ကက္ခဠာနံ-ကိုယ်ကြမ်းနှုတ်ကြမ်း စိတ်ပါကြမ်းသည့်၊ အကြမ်းမောက်ကြွား၊ ယောက်ျားတို့ကို ဒမနာယ -ဤစာကိုဖတ်၊ အကြမ်းရပ်၍ နူးနပ်စေခြင်းငှါ၊ သုဘံ-စိတ်ကူးယဉ်ယဉ်၊ ဖတ်ချင်စဖွယ်၊ ရေးစီခြယ်သဖြင့် တင့်တယ်သော ယံဝတ္ထု-အကြင်ဝတ္ထုကို၊ ရစိတံ-နှယဉ်စကားစီစဉ်ထားကာ ရေးသားအပ်ပေပြီ။

(အပေါင်းကို ငဲ့၍ ဧကဝုစ်စီသည်၊ အစိတ်ကိုငဲ့မူ-သုဘံ-သုဘာနိ-တင့်တယ်ကုန်သော၊ ယံဝတ္ထု-ယာနိဝတ္ထုနိ-အကြင်ဝတ္ထုတို့ကို ရစိတံ-ရစိတာနိ-ရေးသားအပ်ကုန်ပြီ။ ဤသို့ဗဟုဝုစ်ပြင်)

၃။ ပဿန္တာနံ-သိချင်လိုချင်တတ်ချင် မိမိရှုကြည့်သူတို့၏၊ သုဏန္တာနံ-ဖတ်သံ၊ ဟောသံ၊ ပြောသံခါခါ၊ ကြားနာသူတို့၏ ပီတိပါမောဇ္ဇဝဍ္ဎနံ-နှစ်သက်မှုနှင့် ဝမ်းမြောက်မှုနှစ်ပါး၊ ထိုတရားကို၊ တိုးပွားစေတတ်သော ဗုဒ္ဓဒေသိတံ-ရှင်တော်ဗုဒ္ဓ၊ နှုတ်တော်ဟလျက်၊ ဟောပြအပ်သော ပုမယုတ္တံ-ရတနာသုံးပါး၊ ဂုဏ်မျိုးစုံ၌ အာရုံတိုးပွားအမျိုးသားတို့နှင့်ဆိုင်သော၊ သဗ္ဗံ-သဗ္ဗံဝ-ဓမ္မပဒအဋ္ဌကထာ၌ပါဝင်လာသမျှဝတ္ထုထဲမှ ဆွဲစုရုံးပုံ အားလုံးစုံသာဖြစ်သော တံဝတ္ထု-အမျိုးသားကသာ ဇာတ်လမ်းကိုဖော်၊ လိုရင်းပေါ်အောင်၊ ခေါ်ဆောင်ပြုပြောသဖြင့်၊ အမျိုးသားတို့နှင့် အများဆုံးသာ သက်ဆိုင်ရာရာ၊ ကြောင်းဖြာဖြာဟု ခြင်းရာအစု၊ ထိုဝတ္ထုသည် သမတ္တံ-သီးသီးဖုံဖုံပြီးစီးပြည့်စုံပြီ။ (ယခင်နည်း ဧကဝုစ်)

၄။ (ဇိနစက္ကေ) မြတ်စွာဘုရားတည်ထောင်ထားသည့် သုံးပါးသိက္ခာ၊ သာသနာစစ်၊ တည်ရာနှစ်ဖြစ်သော၊ ဒွိသဟဿေ၊ နှစ်ထောင်၌၊ သတပ္ပဉ္စေ-ရာငါးခု၌၊ ဝါ-ငါးရာ၌၊ အဋ္ဌစတ္တာလီသဝဿကေ-လေးဆယ်ရှစ်နှစ်၌ (ဒွိသဟဿေသတပ္ပဉ္စေ အဋ္ဌစတ္တာလီသဝဿကေ-နှစ်ထောင်ငါးရာလေးဆယ်ရှစ်နှစ်၌) ဆသင္ဂိယံစ-ခြောက်ဆယ်ခြောက်နှစ်လည်းဖြစ်သော၊ တိသတေစ-သုံးရာလည်းဖြစ်သော၊ သဟဿေစ-တစ်ထောင်လည်းဖြစ်သော၊ ကောဇဝဿကေ-ကောဇာနှစ်၌(ဆသင္ဂိယံ တိသတေစ သဟဿေကောဇဝဿကေ-ကောဇာသက္ကရာဇ်တစ်ထောင်သုံးရာ ခြောက်ဆယ်ခြောက်ခုနှစ်၌) ဖောဋ္ဌပါဒမာသဇုဏှေ-တော်သလင်းလဆန်း၌၊ စတုဒ္ဒသေ-တစ်ဆယ့်လေးရက်(တနင်္လာနေ့)၌၊ သုနိဋ္ဌိတံ-အားလပ်ချိန်ဟု၊ အချိန်စု၌၊ ရေးပြုစာလုံး၊ ကမွတ်ဖုံး၍ ပြီးဆုံးခဲ့လေပြီ။

၅။ ယေသံ-လူ့ရွာဘဝ၊ ကြုံတွေ့ရဆဲ၊ သာသနာလဲ၊ ကြုံရဆဲခါ၊ အားခဲလို့သာ ကောင်းရာကျိုးစား အကြင်အမျိုးသားတို့အား၊ သုဂန္ထာဇနံ-စိတ်ကူးသက်သက်မဟုတ်၊ ကျမ်းမှထုတ်၍၊ ဟုတ်မှန်ရာကို၊ ကောင်းစွာကမ်းလာ၊ ကျမ်းစာတို့ကို သုဒဿနေ-ကြောင်းရှာမိမိ၊ ကောင်းရာသိအောင်၊ ရှုကြည့်ခြင်း၌၊ သုဝါသနာ-ကောင်းရာဖွေရှာ၊ အဇ္ဈာသယဝါသနာသည်၊ အတ္ထိ-အမြဲတစေရှိနေလေ၏။ တေ-သာသနာ့အမွေ၊ သုတတွေကို၊ ရှာဖွေကြိုးစား၊ ထိုအမျိုးသားတို့သည်၊ ဣမံဂန္ထံအဓိကအချက်၊ ပဓာနဖက်၊ အမျိုးသားအတွက် ရည်ရွယ်ချက်ဖြင့် ပေါ်ထွက်လန်းဖြာ၊ ဤကျမ်းစာကို သုပဿန္တု-မကောင်းရာကိုပစ်မည်၊ ကောင်းရာကိုချစ်မည်ဟု ရစ်သီသည့်စိတ်ထားဖြင့်၊ မအိပ်မနား၊ များများသိမှု-ကြည့်ရှုကြစေကုန်သတည်း။ ပီတိမောဒနံ-ထိတ်စရာ၊ လန့်စရာ၊ ကြောက်စရာ၊ အံ့သြစရာ၊ မောစရာ၊ ဝမ်းနည်းစရာ၊ ဝမ်းသာစရာ၊ နှစ်သက်စရာ၊ အဖြစ်ဆန်းပါဟု နှစ်သက်ဝမ်းသာမှုကို၊ ဝဍ္ဎေန္တု-စိတ်အေးအေးဖြင့် တရေးရေးဘွေးကာ၊ နွေးထွေးခါခါ-တိုးပွားကြပါစေကုန်သတည်း။

၆။ ဝတ္ထုနှိ-ဓမ္မပဒအဋ္ဌကထာ၊ ထုတ်ခါဖော်ပြ၊ ပဉ္စမိက၊ တိသတဟု၊ ဖြစ်ကြောင်းစုစု ဝတ္ထုတို့ကို၊ ရစယန္တေန-အမျိုးသမီးဆိုင်ရာ၊ အမျိုးသားဆိုင်ရာ ခွဲခြားကာဖြင့် ကောင်းစွာတီထွင် ရေးသားစီရင်သော၊ မဟာ-ဘဒ္ဒန္တဝိမလဘိဝံသ၊ ဘွဲ့ရမည်တွင် ငါအရှင်သည်၊ ယံပုည်-သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ တိဟိတ်ဥက္ကဋ္ဌ၊ မဟာကုသိုလ်ကို၊ ပစိတ်ံ - ကရုဏာပညာ၊ နှစ်ဖြာကြီးမှူး၊ ဆည်းပူးအပ်ပါပြီ၊ တဿပုညဿ-မဟာကုသလထိုပုည၏ ဘာဂံ-တစ်တို့တစ်တို့၊ ခွဲဖြာစိုစို့မြတ်အဖို့ကို၊ ဒဒါမိ-သတ္တဝါထွေထွေများဝေနေအား၊ ရစေရစေ ပေးဝေပါ၏၊ အာစေရာစ-အထူးကိုထည့်၊ တနပဲ့ပြင်၊ သွန်သင်ပေတတ်၊ ဆရာမြတ်တို့သည်လည်းကောင်း၊ ပိတာဒယောစ ကျေးဇူးကြီးမား နှစ်ပါးမိဖ၊ အာဒိစ၍ များစွပွားတိုး၊ ဆွေမျိုးတို့သည်လည်းကောင်း၊ လဘန္တု တစ်ဆင့်တစ်ဆင့်၊ သတင်းလွင့်၍ မလင့်ပုံသေ၊ ရကြစေကုန်သတည်း။

ဘဒ္ဒန္တဝိမလာဘိဝံသ
၁၃၆၇-ခုနှစ်၊
တော်သလင်းလပြည့်ကျော် (၉) ရက်၊
တနင်္လာနေ့

သာသနာ-၂၅၄၉၊ ကောဇာ-၁၃၆၇၊ ခရစ်-၂၀၀၆



ပေါ့လျော့ပျင်းရိ၊ ဉာဏ်ဝီရိဖြင့်၊ သတိကင်းကွာ၊ နှစ်တစ်ရာမျှ၊
ရှည်လာအသက်၊ ထိုသူထက်ကား၊ ကပ်လျက်နှစ်ဖြာ၊
လက္ခဏာနှင့်၊ အာရမ္မဏာ၊ ဈာန်ကိုရရန်၊ နေ့ညမှန်မှန်၊
ဇွဲသန်သန်ဖြင့်၊ နိယာမ်အားထု၊ ထိုသည့်လူ၏၊ ရှည်မှုအသက်၊
တစ်မနက်က၊ စဉ်ဆက်မှတ်ကြ၊ လွန်မြတ်စွတည်း။

(ဓမ္မပဒပါဠိသဟဿဝဂ်၊ သပ္ပဒါသထေရ်ဝတ္ထု)